
www.burmeseclassic.com

# မြဝတီ

မဂ္ဂဇင်း

အမှတ်-၂၁၈ ၂၀၁၄-ခုနှစ်၊ မတ်လ



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com







ဗဒ္ဒန္တဆရာတော်ဘုရားကြီး၏ လုံးဝန်းနေသော ဆံတော်နှင့် သွားတော်လေးဆူ



www.burmeseclassic.com

www.burmeseclassic.com



ပခုက္ကူဩရာတော်ဘုရားကြီး၏ သီးတော်ပိုင်း၊ ခြေတော်ပိုင်းမှ
ကြွင်းကျန်ရစ်သော ဓာတ်တော်မွေတော်များ







www.burmeseclassic.com

www.burmeseclassic.com







ပဒုဿာဆရာတော်ဘုရားကြီး၏ ဦးခေါင်းတော်ပိုင်း၊ ရင်ညွန့်တော်ပိုင်း ကိုယ်တော်အနှံ့မှ ဖြွင်းကျန်ရစ်သော အထူးခြားဆုံး ဓာတ်တော်မွေတော်များ



www.burmeseclassic.com

www.burmeseclassic.com



ပခုက္ကူဆရာတော်ဘုရားကြီး၏ အထူးခြားဆုံး ဓာတ်တော်မွေတော်များ







www.burmeseclassic.com

www.burmeseclassic.com

## သစ္စာသိဒ္ဓိဂါထာတော်ကြီး

ဗုဒ္ဓ ဂုဏော အနန္တော၊ ဓမ္မ ဂုဏော အနန္တော၊ သံဃ ဂုဏော အနန္တော၊
မာတာပိတု ဂုဏော အနန္တော၊ အာစရိယ ဂုဏော အနန္တော၊

ဗုဒ္ဓေါ မေ သရဏံ အညံ နတ္ထိ၊ ဓမ္မော မေ သရဏံ အညံ နတ္ထိ၊
သံဃော မေ သရဏံ အညံ နတ္ထိ။

ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိ၊

ဧသော ဥတ္တိ သဗ္ဗ သတ္တနုရာယော သဗ္ဗ ရောဂနုရာယော
သဗ္ဗ ဒုဗ္ဘိက္ခနုရာယော ဂန္ထအမှုမှ ပြကာသေ့ တိဋ္ဌာဟိ။

အထက်ပါ ဂါထာတော်ကြီးကို "အားလုံးပြီးရာ အောင်ဂါထာ" ဟူ၍လည်းခေါ်ကြသည်။ ယုံယုံကြည်ကြည် ရွတ်ဖတ်သူတိုင်း အသက်ရှည်မည်။ ဘေးအန္တရာယ်ကင်းမည်။ လာဘ်လာဘ ပေါများမည်။ ဘုန်းကံကြီးမည်။ ထူးနတ်၊ ပြိတ္တာ အပေါင်း၏ ချစ်ခင်နှစ်လိုခြင်းခံရမည်။ ကပ်ကြီးသုံးပါးမှ ချမ်းသာ လွတ်ကင်းမည်။

## စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

- ပြည်ထောင်စု၏ မည်သည့်နေရာတွင် နေထိုင်သည်ဖြစ်စေ မိမိမြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမှုမြဲသွားကြရန် အလွန်အရေးကြီးသည်။
- ပြည်ထောင်စု စိတ်ဓာတ်သာလျှင် တိုင်းရင်းသားအားလုံး သာတူညီတူ ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ဖြစ်သည်။

## ပြည်သူ့သဘောထား

- တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ ဝိုင်းဝန်းဖယ်ရှား။

## နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်မှု ခိုင်မာရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ပေါ်ပေါက်ရေး
- ပေါ်ပေါက်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး

## လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ထက်သန်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

BURMESE CLASSIC

ကုမုဒြာကြာပန်းသည်
လရောင်ဆမ်းမှ ပွင့်လန်းရဘိသကဲ့သို့
လပြည့်ဝန်းဟူသော မဂ္ဂဇင်းဖြင့်
ချစ်စွာသော စာဖတ်ပရိသတ်များ၏
အသိဉာဏ်အလင်းတန်းကို
ပွင့်လန်းလင်းလက်စေရမည်ဟု
မေတ္တာရည်သန်လျက် . . .

လပြည့်ဝန်း မဂ္ဂဇင်း

အမှတ် (၂၁၈)၊ ၂၀၁၄ ခုနှစ်၊

www.burmeseclassic.com

www.burmeseclassic.com



# မာတိကာ



| စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| ၁။ | ဥမင်သုံးဆယ်နှင့် ပုညရှင်စေတီထူး ဖူးခွင့်ကြုံပြီ …… မင်းဂုဏ် | ၅ |
| ၂။ | ဖွားပွင့်ဟောစံရာ ဗုဒ္ဓဂယာ ……… အရှင်သာသန(ကျိုက်လတ်) | ၁၇ |
| ၃။ | ဝိမာနလာဂုတ္တိလ ……………… ဆင်ဖြူကျွန်းအောင်သိန်း | ၂၄ |
| ၄။ | ကောင်းကျိုးရအောင် ကောင်းအောင်နေပါ… ရွှေမန်းကျည်းလှကျော် | ၂၈ |
| ၅။ | ဆရာဆိုတာ ဆရာပါပဲ …………… သာစည်အောင်တင် | ၃၀ |
| ၆။ | ဘန်ကောက်မှ ကမ္ဘာသုံးခု …………… ဉာဏ်ပွင့်(စက်မှု) | ၃၃ |
| ၇။ | ဆုတောင်းပြည့် မဟာမြတ်မုနိရုပ်ရှင်တော်မြတ်ကြီး . တက္ကသိုလ်မျိုး | ၄၉ |
| ၈။ | မိုးကုတ်ဆရာတော်ဘုရားကြီး၏ | |
| | ကိုယ့်ခန္ဓာကိုယ် သုံးသပ်ပုံတရားတော် ………… ဓမ္မဒါန | ၆၅ |
| ၉။ | တစ်နှစ်တစ်ခါ ဖူးကြပါစို့ | |
| | ဆံတော်ရှင် ကျိုက်ထီးရိုးစေတီမြတ်ဆီသို့ ………. ပင်းခန့် | ၇၂ |
| ၁၀။ | မကွေးဆရာတော်ဘုရားကြီး | |
| | ဦးကုမာရ၏မွေးရပ်မြေ ………… မောင်နန္ဒ(အထက်မင်းလှ) | ၈၅ |
| ၁၁။ | ဘာသာတရားဟူသည် …………… ဆန်းဝင်း(အောင်မြေ) | ၈၉ |
| ၁၂။ | ရသေ့ကြီးဦးခန္တီ ……………… မောင်လွမ်းနွယ်(အောင်လံ) | ၉၁ |
| ၁၃။ | အချစ်ကခေပေမယ့် အနှစ်ကျွန်စေရမယ် ……. အရှင်ဆန္ဒာဓိက | ၉၄ |
| ၁၄။ | လောကရန်အောင် ရုပ်ပွားတော်မြတ်၏ | |
| | တန်ခိုးတော်နှင့် အစောင့်အရှောက်ပုဂ္ဂိုလ်များ … ဇော်ဝင်း(ဒီပဲယင်း) | ၁၀၀ |
| ၁၅။ | မကျန်းမမာ ဖြစ်လာရင်.. ဒေါက်တာအရှင်ပညိဿရ [Ph.D (India)] | ၁၀၅ |
| ၁၆။ | ဘုရားပေးတဲ့ ကာယသိဒ္ဓိဆေး ……. မောင်ဉာဏ်လင်း(တောင်ကုတ်) | ၁၁၀ |
| ၁၇။ | ငြိမ်းကျော်နှင့် သူ၏ကဗျာတစ်ပုဒ် ………… မောင်သာယာ | ၁၁၄ |
| ၁၈။ | သုံးကျောင်းပြောင်းသော ရှင် | |
| | သုံးလင်ပြောင်းသော မိန်းမ ………… မာန်ငြိမ်းအေး(ဒလ) | ၁၁၈ |
| ၁၉။ | အမေကိုး …………………… သုဝဏ္ဏကျော်စိန် | ၁၂၅ |
| ၂၀။ | စိမ့်စမ်းရင်ထဲ အချစ်ရှိတယ် ……. အောင်ပန်းချောင်းသား(ရေစကြို) | ၁၃၀ |
| ၂၁။ | ချစ်စရာခရီးစဉ် (၅) ………… ဦးညွှန့်လှိုင်(ကြို့ပင်ကောက်) | ၁၃၅ |
| ၂၂။ | နိုးထလာသော အချစ်ဝိညာဉ် ………… ရေကျော်စိုးအောင် | ၁၄၀ |
| ၂၃။ | နွေကဗျာ အိပ်မက်ကမ္ဘာထဲက | |
| | ဘော်ငွေရောင် ပုလဲပန်းများ ……… ကိုကြီးစော(သာပေါင်း) | ၁၄၂ |
| ၂၄။ | နတ်ပြည်သွား ဗီဇာ …………… အရှင်မုနိတ(ဓမ္မာစရိယ) | ၁၅၀ |
| ၂၅။ | ဆရာဝန်တစ်ဦးရဲ့ သမီးဖြစ်ချင်တယ် ……… တက္ကသိုလ်ရွှေဆင် | ၁၅၄ |
| ၂၆။ | လင့်စင်ပေါ်က ကျွား …………… သန်းထွန်း(ဂျေဂျေ) | ၁၆၀ |



www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၂၇။ | လရောင်၌ ချိတ်ဆွဲတွဲလဲခိုနေသော သမုဒယ ...... နေမင်းနေ | ၁၆၆ |
| ၂၈။ | လမ်းဆုံအလွန်မှာ လမ်းခွဲခဲ့သူ ...... အောင်သာကျော် | ၁၈၁ |
| ၂၉။ | ရှေ့နေလိုပါသည် ...... ကိုမောင်စံသိန်း(ဗိုလ်ချုပ်ရွာ) | ၁၈၅ |
| ၃၀။ | ဗိုလ်ချုပ်အောင်ဆန်းနှင့် ချင်းဗိုလ်ကြီးတိုက်ချွန်း ...... ယောနကဘိုးထောင်(အမျိုးသားစာပေဆု) | ၁၈၉ |
| ၃၁။ | ဆာဒူးကြီးဘာဘာနှင့် သေမင်းပုရပိုက် ...... ရိရိငွေး | ၁၉၆ |
| ၃၂။ | နေ့ရက်တို့ လွန်စေသော် ...... ရဲမြတ်တင် | ၂၀၂ |
| ၃၃။ | နှစ်ကျော့ပြန် ဘိုကျား ...... မောင်လှသစ် | ၂၁၆ |
| ၃၄။ | ဆရာကြီး သခင်ဘသောင်း (သို့မဟုတ်) တို့ဗမာ သူရဲကောင်း ...... ထွန်းလင်းသူ | ၂၂၀ |
| ၃၅။ | တစ်ခါတုန်းက မြို့မန္တလေးအရေးတော်ပုံ ...... ဥက္ကလာဝင်းကျော် | ၂၂၅ |
| ၃၆။ | လူတွေကို ချကျွေးပဲ့ ရောမမြို့က လူသတ်ကွင်းကြီး ...... ကိုအေးမြင့်(မဟာဝိဇ္ဇာ၊ရှေး-သု) | ၂၃၁ |
| ၃၇။ | တိုက်ဆိုင်မှုလော ...... ထီလာကျော် | ၂၄၃ |
| ၃၈။ | ရေခဲဖုံးလွှမ်းသော သုခဘုံ ...... တော်မြင့်(ငှက်ဖျား) | ၂၄၅ |
| ၃၉။ | အာကာသမြှိမ်းခြောက်မှု အန္တရာယ် ...... လှမိုး(ပညာရေး) | ၂၅၅ |
| ၄၀။ | မီးဘေးကင်းဝေး ရွက်ဆိုပေး ...... နတ်မောက်လှမြင့်သစ် | ၂၅၉ |
| ၄၁။ | သုတစုံပြာ ဤကမ္ဘာ ...... ဖိုးရွှေလမင်း | ၂၆၀ |
| ၄၂။ | မလေးရှားက လျှောင်းကော်မှုရုပ်ပုံ၊ မြင်းကျားပေါ်က မြင်းကျား၊ ခမ်းနားသည့် ဂီတပွဲတော်နှင့် ထူးခြားသည့် တင်ဆက်မှု၊ မက္ကစီကိုနိုင်ငံက မီးတောင်ပေါက်ကွဲမှု ...... မောင်ကောင်းယဉ် | ၂၆၆ |
| ၄၃။ | ခဖိုးဆေးသောက်ကြမလား ...... ကိုမျိုးတင့်(မန်း-စက်မှုသိပ္ပံ) | ၂၆၈ |
| ၄၄။ | ရင်ကျပ်ရောဂါ ပျောက်နည်း၊ အသက်တစ်ရာကျော် အဘိုး၏ဆေးနည်းကောင်း ...... ဆရာကြီးဦးအောင်မြိုင် | ၂၆၉ |
| ၄၅။ | သိမှတ်ဖွယ်ရာ တိုင်းရင်းဆေးအသုံးဝင်ပုံများ ...... နေဂျူလိုင်ဝမ်း | ၂၇၀ |
| ၄၆။ | ဆေးဖက်ဝင် ဧကရာဇ်ပင်၏ဂုဏ်သတ္တိများ ...... သမုဒယ | ၂၇၂ |
| ၄၇။ | ဒိန်ချဉ်ချိုမွှေး အဓိပ္ပါယ်လေး ...... သက်နှင်းအေး | ၂၇၄ |
| ၄၈။ | အင်းဆက်မျိုးရင်းဝင် အဆိပ်ရှိသတ္တဝါများ၊ ပထုအဆိပ်ဖြေနည်းများ ...... ဦးမင်းဇင်(ရွှေနဝင်း) | ၂၇၆ |
| ၄၉။ | ဆောက်ပါဝေပျောက်ရာ ဆေးနည်းဖြာဖြာ ...... သုနန္ဒာစိုး(ရွှေရင်အေး) | ၂၇၉ |







www.burmeseclassic.com

www.burmeseclassic.com

## မာတိကာ


| စဉ် | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| ၅၀။ | ယောက္ခမ စစ်ဆင်ရေး | ကိုရွှေတောသား | ၂၈၂ |
| ၅၁။ | ခင့်အဖြစ်က ဒီလိုပါ | ဟန်သီရင် | ၂၈၆ |
| ၅၂။ | ငှက်မသိတော့ | ရန်ဘော်ဦး(စေတုတ္တရာ) | ၂၈၈ |
| ၅၃။ | ဒကာလန်အဖွဲ့နှင့် နွားရှမ်းငွေအရှုပ် | မောင်ထက်ရှား(ပြည်) | ၂၉၁ |
| ၅၄။ | ယောကျ်ားဆု ပန်ခြင်းအကြောင်း | ရွှောင် | ၂၉၄ |
| ၅၅။ | ကာတွန်းကဏ္ဍ | ကလောင်စုံ | ၂၉၆ |
| ၅၆။ | ပြုံးရယ်ရယ်ဟား ဟာသများ | စောနိုင်ထူး | ၃၀၀ |
| ၅၇။ | လောကီအကျိုးစီးပွား တိုးတက်စေရန် သစ်ပင်စိုက်ပျိုးနည်း | ဆရာဝေယံဦး | ၃၀၄ |
| ၅၈။ | ဒက္ခိဏသာခါ ကိုးကွယ်ရာဝယ် | မင်္ဂလာဦးရွှေအိုး | ၃၀၆ |
| ၅၉။ | သုံးတန်ပေါ်နိစ် ဟောကိန်းများ | ညွှန့်လွင်(စက်မှု) | ၃၀၈ |
| ၆၀။ | အကြွေးငွေတွေ ပြန်ရစေ ဓာတ်ယတြာချေ | အောင်ကောင်းမြ(သာကေတ) | ၃၁၈ |
| ၆၁။ | ဂမ္ဘီရဆန်သော ခရမ်းစွဲကျောက် | အောင်ဘုန်းမြင့်(ကချင်မြေ) | ၃၂၀ |
| ၆၂။ | စာမေးပွဲအောင်ဂါထာ | အောင်ဘုန်းမြင့်(ကချင်မြေ) | ၃၂၂ |
| ၆၃။ | ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ၁၃၇၆ ခုနှစ် အခြေအနေ | အောင်ကြည်သန်း(တောင်တော်သီ) | ၃၂၃ |
| ၆၄။ | အခုတော့ အိမ်ငှားရသွားပြီ မဟုတ်လား | နတ်မျက်စိဆရာအောင်စိုး | ၃၂၆ |
| ၆၅။ | စွယ်စုံလက္ခဏာအဘိဓာန်ကျမ်း A to Z | ဆရာဦးခန့်ကျော် | ၃၂၈ |
| ၆၆။ | အလှမွေးငါးကို အဆောင်ယတြာအဖြစ် မွေးမြူနည်း | ဆရာကြီးဦးအောင်မြိုင် | ၃၃၅ |
| ၆၇။ | ၂၀၁၄ ခုနှစ်၊ မတ်လ ခုနစ်ရက်သားသမီးများအတွက် ဟောစာတမ်းနှင့် ယတြာ | ဦးညွှန့်လှိုင်(ကြို့ပင်ကောက်) | ၃၃၇ |
| ၆၈။ | ၂၀၁၄ ခုနှစ်၊ ရာသီခွင်နှင့် မတ်လ ဟောကိန်းများ | ဆရာဦးခန့်ကျော် | ၃၄၀ |


○


**နာယက**
ဆင်ဖြူကျွန်းအောင်သိန်း
မင်းဂုဏ်

**အကြံပေး**
ဦးစိုးပိုင်
ဒေါ်ခင်ငြိမ်း

**စီစဉ်သူ**
ညက်ပွင့် (စက်မှု)

**တာဝန်ခံအယ်ဒီတာ**
မောင်သာယာ

**အယ်ဒီတာအဖွဲ့**
မောင်မောင်မြတ်၊ ခင်သက်နိုင်

**မျက်နှာဖုံးဒီဇိုင်း**
ကျော်မင်းမောင်

**ကွန်ပျူတာ**
လပြည့်ဝန်းအဖွဲ့

**ပန်းချီပညာရှင်များ**
ဆန်းထွန်း၊ ဆွေမြင့်၊ လှသစ်အောင်၊ ဖိုးအောင်၊ စိုးမြင့်လေး၊ အောင်နိုင်လတ်၊ ရဲရင့်နိုင်၊

**အတွင်းပလင်**
ကိုဦး

**မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်**
မာကျူရီအော့ဖ်ဆက်၊ ဦးစွန့်ကော်ယူ (၀၅၅၅၇)၊
အမှတ်(၄၉)၊ ရေကျော်လမ်း၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

**ထုတ်ဝေသူ**
ဒေါ်ခင်ငြိမ်း [မှတ်ပုံတင်အမှတ်-၀၄၃၄၅]
အမှတ်-၄၄၊ ၅၅-လမ်း၊ (၂)ရပ်ကွက်၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်တိုင်း။

**မဂ္ဂဇင်းတိုက်နှင့်ဖြန့်ချိရေး**
တိုက်အမှတ် (၇၂၄)၊ အခန်း ၁၈ (ပထပ်)
(၁၇ × ၁၈ လမ်း)ကြား၊ မဟာဗန္ဓုလလမ်း၊
လသာမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၂၅၀၆၆၈

**ကြော်ငြာနှင့်ဖြန့်ချိရေး**
နန္ဒာအောင် (၀၉-၃၁၀၆၆၀၇၄)

**အထွေထွေ**
အောင်ဝင်းသန့်၊ အောင်အောင်

**မန္တလေး**
ထွန်းဦးစာပေ

**အုပ်ရေ**
၁၀၀၀

**စောင်းဈေး**
၂၂၀ ကျပ်


www.burmeseclassic.com

www.burmeseclassic.com




# ကျေးဇူးတော်ရှင် ပခုက္ကူ ဆရာတော်ဘုရားကြီး၏ အစုဇော်ဇာနီတော့ခံ တတ်တော် ဓမ္မတော်များ

## တတ္တသိုလ်တင်တန်ဇော်

BURMESE CLASSIC .com

"တရားကို နာရုံလေး နာမနေကြနဲ့၊ နာရုံလေး နာရင် ကြားရုံလေး ကြားမှာပေါ့။

တရားကို ပျော့ပျော့ကြီး လုပ်မနေကြနဲ့၊ ဒီတစ်ဘဝတည်းနဲ့ အလွတ်တွယ်ရတယ်"

ဓမ္မအားမာန်တွေ ရွှန်းလက်ကာ တောက်ပနေတဲ့ ဩဝါဒတရားတော်ဖြစ်ပါတယ်။ ဩဝါဒပေးတော်မူတဲ့ ဆရာတော် အရှင်သူမြတ်က "ကျေးဇူးတော်ရှင် ဓမ္မာနုပဿနာ ပခုက္ကူဆရာတော်ဘုရားကြီး ဘဒ္ဒန္တကုဏ္ဍောဘာသမထေရ်မြတ် (အနိစ္စဆရာတော်) ဖြစ်တော်မူပါတယ်။ ကျေးဇူးတော်ရှင် ဆရာတော်ဘုရားကြီးဟာ တပည့် ဒကာ၊ ဒကာမ ပရိသတ်အပေါင်းသူတော်ကောင်းတို့ကို သစ္စာယဒိဋ္ဌိပြုတ်ပြီး အပါယ်တံခါးပိတ်နိုင်တဲ့ သောတာပန်အရိယာ ဖြစ်ရုံသာမက အနုပါဒိသေသ နိဗ္ဗာန်ရောက်အောင် ဒီခန္ဓာနောက်ဆုံးထားပြီး ကြိုးစားကျင့်ကြံ အားထုတ်ကြဖို့ မပြတ်တမ်း ဆိုဆုံးမတွန်းတော်မူလေ့ရှိပါတယ်။

ကျေးဇူးတော်ရှင် ဆရာတော်ဘုရားကြီးဟာ ဒွါရခြောက်ပေါက်မှ မြင်တိုင်း၊ ကြားတိုင်း၊ စားတိုင်း. . စတဲ့ တရားတွေကို တရားသဘောမျှသာပဲလို့ ရှုသိနိုင်ကြစေဖို့ရာ အခုလို သံပေါက်လင်္ကာတွေ စီကုံးပြီးတော့လည်း ဆုံးမတော်မူလေ့ရှိပါတယ်။

* မျက်စိကမြင် သံယောဇဉ် ဉာဏ်တွင်သိ၍ ပယ်ရမည်။
* နားကကြားလျှင် သံယောဇဉ် ဉာဏ်တွင်သိ၍ ပယ်ရမည်။
* နှာခေါင်းကနံလျှင် သံယောဇဉ် ဉာဏ်တွင်သိ၍ ပယ်ရမည်။
* လျှာက စားလျှင် သံယောဇဉ် ဉာဏ်တွင်သိ၍ ပယ်ရမည်။
* ကိုယ်ကသိလျှင် သံယောဇဉ် ဉာဏ်တွင်သိ၍ ပယ်ရမည်။
* မနောကကြံလျှင် သံယောဇဉ် ဉာဏ်တွင်သိ၍ ပယ်ရမည်။

ကျေးဇူးတော်ရှင် ဆရာတော်ဘုရားကြီးရဲ့ သံပေါက်လင်္ကာတွေဟာ ရွတ်ဆိုကျက်မှတ်ရာမှာ လွယ်ကူရှင်းလင်းပြီးတော့ အဓိပ္ပာယ်သဘောတရားကို မြင်လွယ် သိလွယ်စေပါတယ်။

အဲဒီလို ကျေးဇူးတော်ရှင် ဆရာတော်ဘုရားကြီးရဲ့ သံပေါက်လင်္ကာတွေကို စုပေါင်းပြီး စာအုပ်အဖြစ် ရိုက်နှိပ်ထားပါတယ်။ နိုင်ငံကျော် အဆိုတော် စည်သူ ဒေါ်တင်တင်မြကလည်း ရွတ်ဖတ်ပူဇော်ကာ အသံသွင်းထားပါတယ်။ အလွန်မှ ဓမ္မရသပြည့်ဝပြီး ကျက်သရေ မင်္ဂလာ ရှိလှပါတယ်။

ကျေးဇူးတော်ရှင် ဓမ္မာနုပဿနာ ပခုက္ကူ ဆရာတော်ဘုရားကြီး ဘဒ္ဒန္တကုဏ္ဍောဘာသ မထေရ်မြတ်(အနိစ္စဆရာတော်) ဟောကြားတော်မူခဲ့တဲ့ တရားတွေကလည်း 'လုပ်ချင်တာဟာ အဝိဇ္ဇာ၊ လုပ်တာသင်္ခါရမှတ် တရားတော်'၊ 'ခန္ဓာကို ငါ မကပ်နဲ့ တရားတော်'၊ 'ချိန်ခွင်လျှာထွက် မောလျက်သေ တရားတော်'၊ 'မျက်စိကမြင်ဘိ သမ္မာဒိဋ္ဌိ လွတ်၏ ကိလေသာ တရားတော်'၊ 'ရုပ်ပျောက်သွားသော တရားတော်'၊ 'သမ္မာဒိဋ္ဌိ စိတ်ဖြူ တရားတော်'၊ 'မှိုဝဲအပ်သော တရားနှင့်

www.burmeseclassic.com



မဟာကူဆရာတော်ဘုရားကြီး၏ ကြွင်းကျန်ရစ်သော
ဓာတ်တော်မွေတော်များကို ဖူးတွေ့ရစဉ်

မမှိုင်အပ်သော တရားတော်'၊ 'မကြောက်တရားတော်'၊ 'မာနကင်းသော တရားတော်'၊ 'မြင်ရင် စိတ်ဆိုးတာ ဘယ်သူလဲ တရားတော်'၊ 'သည်းခံနိုင်ခြင်း နိဗ္ဗာန်တရားတော်' စတဲ့ တရားအပုဒ်ပေါင်း မြောက်မြားစွာ ရှိတော်မူပါတယ်။

ကျေးဇူးတော်ရှင် ဆရာတော်ဘုရားကြီးရဲ့ အထူးဝိသေသပြုတော်မူတဲ့ 'ဓမ္မာနုပဿနာ' အဓိပ္ပာယ်ကိုလည်း ဆရာတော်ဘုရားကြီး ကိုယ်တော်တိုင် (၇. ၇. ၂၀၀၂) ရန်ကုန်မြို့တော်စည်ပင် ဓမ္မာရုံမှာ ဟောကြားတော်မူတဲ့ 'နီဝရဏဖယ်ရှင်း နိဗ္ဗာန်လင်း' တရားတော်မှာ အခုလို ရှင်းလင်းတော်မူခဲ့ပါတယ်။

"ဓမ္မာနုပဿနာဆိုတာ တကယ်ရှိတဲ့ ဓမ္မသဘာဝတွေကို ဓမ္မအတိုင်း သိသိပေးနေတဲ့ဉာဏ်ကိုခေါ်တယ်။

ပညတ် မဖက် သက်သက်သော ပရမတ်တရားကို တိုက်ရိုက်ရှုတာ ဓမ္မာနုပဿနာပဲ၊ ပညတ်၊ ပရမတ်ကို အထူးခွဲခြားသိရတယ်၊ ပရမတ်ဉာဏ်နဲ့ ကြာကြာနေနိုင်အောင် အလေ့အကျင့် လုပ်ပေးရတယ်။

**ဓမ္မာနုပဿနာ** ဆိုတာ **ဉာဏ်**၊ **ဓမ္မာနုပဿီ** ဆိုတာ **ပုဂ္ဂိုလ်**၊ **ဓမ္မေသု ဓမ္မာ နုပဿီ ဝိဟရတိ** ဆိုတာ **ဓမ္မနဲ့ နေသော ပုဂ္ဂိုလ်**"

အဲဒီလို ဓမ္မာနုပဿနာနဲ့ ပတ်သက်ပြီး ရှင်းလင်းမိန့်ကြားတော်မူခဲ့ပါတယ်။ ပညတ်မရောက်အောင် ဘယ်လို သတိပြုနေရမလဲ ဆိုတာနဲ့ ပတ်သက်ပြီးတော့လည်း အခုလို မိန့်ကြားတော်မူပါသေးတယ်။

"ပညတ်မရောက်အောင် ဘယ်လို သတိပြု နေရမလဲ ဆိုရင် နာမသဏ္ဌာန်မရောက်ရန် သတိပြုနေရမယ်၊ နာမသဏ္ဌာန် ရောက်မယ်ကြံရင် သတိသာပြုလိုက်၊ အဝိဇ္ဇာ မမြင်တော့ဘဲ ဉာဏ်ဖြစ်သွားလို့ ဉာဏ်ဥဒပါဒိ ဖြစ်တာပေါ့၊ ဉာဏ်ဥဒပါဒိဖြစ်တာ များလာရင် မဂ်ဉာဏ်ကြီးက မလွဲတော့ပါဘူး"

ကျေးဇူးတော်ရှင် ဆရာတော်ဘုရားကြီး ဟောကြားတော်မူတဲ့ 'ရာဂစသည့် ဆယ့်တစ်မီးငြိမ်းပြီး ထိုနိဗ္ဗာန်တရားတော်' ထဲမှာ 'သစ္စတ္တပရိယောဒပန်'ရဲ့အနှစ်သာရကို အခုလိုထည့်သွင်းဟောကြားတော်မူခဲ့ပါတယ်။

"ဖြစ်၊ မဖြစ် ပရမတ္ထအစစ်၊ အဲဒါ ဖြစ်တာနဲ့ မဖြစ်တာဟာ ပရမတ္ထရောက်သွားရမယ်၊ လူတွေ ဘာတွေမရောက်နဲ့၊ ပရမတ္ထ ရောက်သွားရင် တရားရသွားတယ်၊ သဘာဝသစ္စာခေါ်တယ်၊ ပြီးမှ အရိယသစ္စာ၊ အရိယာရဲ့အဖြစ်ကို ပြုတတ်သောကြောင့် အရိယသစ္စာ။

"အရိယသစ္စာ ဘယ်လိုဖြစ်တာတုံး ဘုရား" ဆိုတော့မှ စိတ်ဖြူစင်တာ၊ စိတ်ဖြူစင်တာကို ခေါ်တယ်၊ သစ္စတ္တပရိယောဒပန် ဆိုတာ အရိယသစ္စာ ခေါ်တယ်"

အခု ဟောကြားတော်မူခဲ့တဲ့ 'သစ္စတ္တ ပရိယောဒပန်' ဆိုတာ ဘုရားရှင်တိုင်း ဟောကြားတော်မူတဲ့ ဩဝါဒတော်သုံးချက်ထဲက နောက်ဆုံးအချက်ဖြစ်ပါတယ်။ 'မကောင်းမှုရှောင်၊ ကောင်းမှုဆောင်၊ ဖြူအောင်စိတ်ကိုထား' ဆိုတဲ့ သုံးချက်ထဲက နောက်ဆုံး အချက်ပါ။ အခုလို ကျေးဇူးတော်ရှင် ဆရာတော်ဘုရားကြီး ဟောကြားတော်မူသွားတဲ့ တရားဟာ အဲဒီ နောက်ဆုံးပိတ် အိတ်နဲ့လွယ်ရမယ့် 'ဖြူအောင်စိတ်ကိုထား' ဆိုတဲ့ အချက်ကို ထင်လင်း မြင်သာအောင် မီးမောင်းထိုးပြသွားတာ ဖြစ်ပါတယ်။ ဓမ္မနယ်ပယ်ထဲမှာ အင်မတန်တန်ဖိုးကြီးတဲ့ ဓမ္မအသိတစ်ရပ်ပါ။

ကျေးဇူးတော်ရှင် ဓမ္မာနုပဿနာ ပခုက္ကူ ဆရာတော်ဘုရားကြီး ဘဒ္ဒန္တကန္တောဘာသမထေရ်မြတ်(အနီစွဆရာတော်)ရဲ့ တရားတော်တွေကို ပန်းနှယ်သီကုံးပြီး ပူဇော်ရမယ်ဆိုရင် ကုန်ဆုံးပြည့်စုံနိုင်ဖွယ် မရှိပါဘူး။

တကယ်တော့ အခုလို ရွေးသီပူဇော်ရတာလည်း ကျေးဇူးတော်ရှင် ဆရာတော်ဘုရားရဲ့ သီလဂုဏ်၊ သမာဓိဂုဏ်၊ပညာဂုဏ်တွေကို အာရုံပြု ကြည်ညိုရင်း တရေးရေး အောက်မေ့ပူဇော်နေတာပဲ ဖြစ်ပါတယ်။

ကျေးဇူးတော်ရှင် ဓမ္မာနုပဿနာ ပခုက္ကူ ဆရာတော်ဘုရားကြီး ဘဒ္ဒန္တကန္တောဘာသမထေရ်မြတ်(အနီစွဆရာတော်)ဟာ ၁. ၁၂. ၂၀၁၃ တနင်္ဂနွေနေ့ ည ၁၁ နာရီ ၄၀ မိနစ်မှာ ခန္ဓာဝန်ငြိမ်းတော်မူခဲ့ပြီး ဖြစ်တယ်။ ကျေးဇူးတော်ရှင် ဆရာတော်ဘုရားကြီးဟာ သက်တော် (၉၂)နှစ်၊ ဝါတော် (၇၂) ဝါ ရှိတော်မူပါပြီ။ ဇဟန်းမြို့နယ်၊ ငွေဝတ်မှုန်၊ အနောက်ကြား(၁)ရပ်ကွက်၊ အမှတ်(၇၁/



www.burmeseclassic.com

www.burmeseclassic.com

စီ)၊ ရွှေတောင်ကြားရိပ်သာလမ်း၊ ရွှေဂန္ထဝင် ယာယီစံကျောင်းတော်မှာ ခန္ဓာဝန် ငြိမ်းတော်မူခဲ့တာပါ။

ကျေးဇူးတော်ရှင် ဆရာတော်ဘုရားကြီးရဲ့ ခန္ဓာဝန်ငြိမ်းတော်မူတဲ့ သတင်းရယ်၊ အန္တိမ အဂ္ဂိစျာပန ကျင်းပမယ့် အစီအစဉ်သတင်းရယ်ကို တွေ့မြင်သိရှိနေရပေမယ့် သွားရောက်ကြည်ညိုရမယ့်အရေး အခြေအနေမပေးခဲ့ပါဘူး။ ကျေးဇူးတော်ရှင် ဆရာတော်ဘုရားရဲ့ အန္တိမ အဂ္ဂိစျာပန အစီအစဉ်တွေကို ၉. ၁၂. ၂၀၁၃၊ တနင်္လာနေ့၊ ညနေ ၄ နာရီမှာ ရေဝေးလောင်တိုက်တော်မှာ ပူဇော်ကျင်းပခဲ့ပါတယ်။

အဲဒီ နောက်ပိုင်း သတင်းစာအချို့နဲ့ ဂျာနယ်အချို့မှာ "ပခုက္ကူဆရာတော်ကြီး၏ အန္တိမ အဂ္ဂိစျာပနတွင် ဓာတ်တော်မွေတော်များကြွင်းကျန်" ဆိုတဲ့ သတင်းတွေ ဖော်ပြပါရှိလာတာကို မှတ်ရသိရှိရပါတယ်။

၂၀၁၄ ခုနှစ်၊ ဇန်နဝါရီ ၇ ရက်၊ အင်္ဂါနေ့မှာ လပြည့်ဝန်းမဂ္ဂဇင်း စီစဉ်သူ ညဏ်ပွင့်(စက်မှု)ရဲ့ နှီးဆော်တိုက်တွန်းချက်အရ မိမိရယ်၊ ကိုမောင်မောင်မြတ်ရယ်၊ နန္ဒာအောင်ရယ်၊ ညဏ်ပွင့်(စက်မှု)ရဲ့ ကားလေးနဲ့ ရွှေဂန္ထဝင် ယာယီစံကျောင်းတော်ကို ရောက်ခဲ့ကြပါတယ်။

ရွှေဂန္ထဝင် ယာယီ စံကျောင်းတော်ရဲ့ အပေါ်ဆုံးအထပ်မှာ ကျေးဇူးတော်ရှင် ဆရာတော်ဘုရားကြီးရဲ့ ကြွင်းကျန်ရစ်တဲ့ ဓာတ်တော်၊ မွေတော်တွေကို ကြည်ညိုဖွယ်ရာ ဖူးတွေ့ရပါတယ်။ ကြုတ်တော်အတွင်းမှာ ပူဇော်ထားတဲ့ သွားတော်ဓာတ်ကိုလည်း ဖူးတွေ့ရပါတယ်။ ဆရာတော်ဘုရားကြီး သက်တော်ထင်ရှား ရှိတော်မူစဉ် ရိတ်ပယ်တော်မူခဲ့တဲ့ ဆံတော်တချို့ကို ကြုတ်တော်အတွင်း ရေထဲမှာ လုံးဝန်းနေတာကိုလည်း ဖူးတွေ့ရပါတယ်။ သွားတော်ဓာတ်ဟာ လေးဆူဖြစ်ပြီးတော့ အံတော်ဓာတ်ဟာ နှစ်ခုဖြစ်နေပါတယ်။ (တချို့ကတော့ နှစ်ခုလို့ မပြောပါဘူး၊ အံပွားလို့ ပြောပါတယ်။)

အခုလို ထူးထူးခြားခြား ဖြစ်ရပ်တွေနဲ့အတူ ခန္ဓာဝန်ချသွားတော်မူတဲ့ ကျေးဇူးတော်ရှင် ဓမ္မာနုပဿနာ ပခုက္ကူဆရာတော်ဘုရားကြီး ဘဒ္ဒန္တ ဣန္ဒောဘာသ မဟာထေရ် (အနိစ္စဆရာတော်) အလောင်းအလျာ သားလှ ရတနာကို ၁၂၈၄ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၄ ရက် (ခရစ်နှစ် ၁၉၂၂ ခုနှစ်၊ ဒီဇင်ဘာလ ၁၇ ရက်) တနင်္ဂနွေနေ့ ညနေ ၄ နာရီအချိန်တော်မင်္ဂလာမှာ မီးရှူးသန့်စင်ကာ ဖွားမြင်တော်မူခဲ့ပါတယ်။

ခမည်းတော် ဦးတာ၊ မယ်တော် ဒေါ်ရွှေကြဲ ဖြစ်ပါတယ်။ မကွေးတိုင်း (ယခုမကွေးတိုင်းဒေသကြီး) ပခုက္ကူမြို့နယ်၊ လယ်ယာရွာ ဇာတိ ဖြစ်တော်မူပြီး ညီအစ်ကို မောင်နှမ ငါးဦး ရှိပါတယ်။ (၁)ဒေါ်အိမ်မြင့်၊ (၂)ဒေါ်အိမ်တင့်၊ (၃)ဦးကြီးမောင်၊ (၄) ဦးကြီးမြင့် (ဆရာတော်ဘုရားကြီး)၊ (၅) ဒေါ်ခင်ထွေး တို့ဖြစ်ပါတယ်။ သက်တော် (၅) နှစ်၊ (၁၃) နှစ်တို့မှာ ရွာမှ တောင်ပေါ်ကျောင်းတွင်လည်းကောင်း၊ အသက် (၁၇)နှစ်တွင် ထနောင်းကုန်းကျောင်းတွင်လည်းကောင်း ကိုရင်ဘဝ ရောက်ရှိခဲ့ပါတယ်။

သာသနာတော်နှစ် ၂၄၈၅ ခုနှစ်၊ ကောဇာနှစ် ၁၃၀၃ ခုနှစ်၊ တပေါင်းလဆုတ် ၂ ရက်၊ ဝ၀း၂၀ နာရီ ၁၀ မိနစ်၊ အချိန် ၂ ခ၀း ၁ ဗီလာတွင် မကွေးတိုင်း ပခုက္ကူမြို့နယ်၊ ထနောင်းကုန်းရွာ၊ ထနောင်းကုန်းတောင်ကျောင်း ခဏ္ဍသိမ်တော်မှာ မြင့်မြတ်တဲ့ ရဟန်းဘဝ ရောက်ရှိတော်မူခဲ့ပါတယ်။

(၀၀း၂၀ နာရီ ၁၀ မိနစ် စတဲ့ အချိန်ကို အဆောက်အအုံ မူရင်းအတိုင်း ဖော်ပြလိုက်ပါတယ်။)

ဥပဇ္ဈာယ်ဆရာတော် ဦးဣန္ဒက (မကွေးတိုင်း ပခုက္ကူမြို့၊ ခံတောရွာ၊ ပြာသာဒ်ကျောင်း) ဖြစ်တော်မူပါတယ်။ ရဟန်းဒါယိကာမများမှာ ဒေါ်ချင်းနှင့် သမီး ဒေါ်သန်းရင် (မကွေးတိုင်း၊ ပခုက္ကူမြို့၊ ထနောင်းကုန်းရွာ) ဖြစ်ပါတယ်။

မကွေးတိုင်း ပခုက္ကူမြို့ မဟာဝိသုတာရာမတိုက်သုဝဏ္ဏဝတီကျောင်းမှာ ပညာသင်ယူခဲ့ပါတယ်။ မူလဓမ္မာစရိယဘွဲ့ ရရှိတော်မူပါတယ်။

သက်တော်နှစ်ဆယ်မှာ ပဉ္စင်းတက်ခဲ့ပြီးနောက် ပြည်မြို့၊ အဲဒီကမှ တစ်ဆင့် ဒုတိယကမ္ဘာစစ်တွင်း (၁၉၄၂-၁၉၄၅) ပုဝံ-ညောင်ဦး ကျွန်းစစ်မင်းဥမင်မှာ တစ်ဝါဆိုပြီး တရားအားထုတ်



ဆရာတော်ကြီး ကျိန်းစက်တော်မူခဲ့သော ခုတင်



ဆရာတော်ကြီး သီတင်းသုံးထိုင်တော်မူခဲ့သော ထိုင်ခုံ



www.burmeseclassic.com

www.burmeseclassic.com

တော်မူပါတယ်။ စလင်းမြို့ (ကန်ချောင်) မှာလည်း ခြောက်လတိုင် တရားအား ထုတ်တော်မူပါတယ်။

အဲဒီနောက် မင်းဘူး၊ ခဲ့ရွှေစက်တော်ကို ကြွရောက်တော်မူပြီးနောက် ပခုက္ကူမြို့ မဟာဝိသုတာရာမတိုက်ကို ပြန်ကြွလာပြီး စာဝါလိုက်ရင်း ရိပ်သာမှာ တရားအားထုတ်တော်မူပါတယ်။ ၁၃၁၁ ခုနှစ်မှာ မဟာစည်ရိပ်သာ ပေါ်ပေါက်နေပြီ ဖြစ်ပါတယ်။

ပခုက္ကူ မဟာဝိသုတာရာမတိုက်မှာ သုံးနှစ်လောက် စာဝါလိုက်ပြီးတဲ့နောက် မွေးလေးတိုင်း အမရပူရမြို့ မဲကျွန်းအောင်စံထား ကျောင်းတိုက်ရဲ့ မြောက်ဘက်မှာရှိတဲ့ တူးမောင်းစာသင်တိုက်မှာ တစ်နှစ်ခန့် စာဝါလိုက်တော်မူပါတယ်။

ဒီနေရာမှာ တစ်ခုပြောပြချင်ပါတယ်။ ကျေးဇူးတော်ရှင် ဆရာတော်ဘုရားကြီးရဲ့ မယ်တော် ဒေါ်ရွှေကြံဟာ ဆရာတော်ဘုရားကြီးအလောင်းအလျာ ပဋိသန္ဓေဆောင်ခါနီးမှာ ဆင်ဖြူတော်တစ်စီး အိမ်ထဲဝင်လာတယ်လို့ အိပ်မက်မြင်မက်တော်မူပါတယ်။ အဲဒီအခါမှာ စာဆို အကျော်အမော် မောင်းထောင်ဦးကျော်လှက "ဆင်ဖြူတော်ကို မြင်မက်ပါက ထူးပါမည့် သားတော်ပါတကား" လို့ စာစပ်သီကုံးတော်မူပါတယ်။

နောက်တစ်ချက်ကတော့ ဆရာတော်ဘုရားရဲ့ မယ်တော် ဒေါ်ရွှေကြံဟာ မန်လည်ဆရာတော်ဘုရားကြီးရဲ့ မဃဒေဝလင်္ကာတွေ၊ ထွင့်ခေါင် ဆရာတော်ဘုရားကြီးရဲ့ သံပေါက် လင်္ကာတွေကို အာဂုံဆောင်ထားနိုင်တဲ့ ဉာဏ်ပညာကြီးသူ သူတော်ကောင်း အမျိုးသမီးကြီးတစ်ဦး ဖြစ်ပါတယ်။

မယ်တော်ကြီး ဒေါ်ရွှေကြံဟာ အဲဒီလင်္ကာတွေ နှုတ်တက်ရွရွ ရွတ်ဆိုလေ့ရှိတဲ့အတွက် ဆရာတော်ဘုရားကြီးဟာ မဃဒေဝလင်္ကာတွေ၊ ထွင့်ခေါင် သံပေါက်လင်္ကာတွေကို ငယ်စဉ်ဘဝကပင် နားရည်ဝတော်မူခဲ့ရပါတယ်။

ဒါကြောင့်လည်း ကျေးဇူးတော်ရှင် ဆရာတော်ဘုရားကြီးဟာ 'အနိစ္စကောင်၊ ဒုက္ခကောင် ထင်အောင် နှလုံးသွင်း။ အနိစ္စတုံး၊ ဒုက္ခတုံး လုံးလုံးမှတ်ကြမင်း'. . စတဲ့ ထွင့်ခေါင်ဆရာတော်ဘုရားကြီးရဲ့ သံပေါက်လင်္ကာတွေကို မကြာမကြာ အခါအားလျော်စွာရွတ်ဆိုပြပြီး တပည့်ဒကာ၊ ဒကာမတွေကို ဆုံးမတော်မူလေ့ရှိပါတယ်။

ဆရာတော်ဘုရားကြီးရဲ့ သက်တော် (၂၅)နှစ်အရွယ်မှာ ခမည်းတော်ဦးတာ (၈၀ နှစ်) ကွယ်လွန်ပြီး ဆရာတော်ဘုရားကြီးသက်တော်(၃၀)လောက်မှာ မယ်တော် ဒေါ်ရွှေကြံ (၆၅)နှစ် ကွယ်လွန်ခဲ့ပါတယ်။

ဆရာတော်ဘုရားကြီး သက်တော် (၂၀)မှာ တစ်ကြိမ်၊ သ ၁တော် (၃၃) မှာ တစ်ကြိမ် ရန်ကုန်မြို့ ရောက်ရှိတော်မူပြီး ၁၃၁၉ ခုနှစ်၊ ဝါဆို ပဆန်း ၃ ရက် (ခရစ်နှစ် ၁၉၅၇ ခုနှ ဇွန်လ ၂၉ ရက်) စနေနေ့မှာ ရန်ကုန်တိုင်း (ယခု ရန်ကုန်တိုင်းဒေသကြီး)၊ ဗဟန်းမြို့နယ် တေဇိန္ဒာရာမကျောင်းမှာစတင်သီတင်းသုံးတော်မူတယ်။ နံနက်အရုဏ်မှာ ဓမ္မာနုပဿနာ တရားတော်များကို နေ့စဉ် ဟောကြားတော်မူပါတယ်။

၁၃၇၃ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၉ ရက် (ခရစ်နှစ် ၂၀၁၁ ခုနှစ်၊ နိုဝင်ဘာလ ၁၉ ရက်)မှာ ရွှေဂန္ထဝင် ယာယီ စံကျောင်းတော်ကြီး၊ အမှတ် - ၇၁/ဗီ၊ ရွှေတောင်ကြားရိပ်သာလမ်း၊ ငွေဝတ်မှုန်၊ ရွှေတောင်ကြား (၁)ရပ်ကွက်၊ ရန်ကုန်တိုင်းဒေသကြီးကို ပြောင်းရွှေ့သီတင်းသုံးတော်မူပါတယ်။ နံနက်အံရုဏ်နဲ့ ညနေ ၅ နာရီမှာ ဓမ္မာနုပဿနာ တရားတော်များကို နေ့စဉ် ဟောကြားတော်မူပါတယ်။


မြန်မာနိုင်ငံ ရပ်ဝေး ရပ်နီးနဲ့ နိုင်ငံခြား တိုင်းပြည်များမှ လာရောက်ဖူးမြော်သူများကို ကန့်သတ်ချိန် မရှိ အဖူးမြော်အပူဇော်ခံပြီး တရားရေအေး တိုက်ကျွေးတော်မူပါတယ်။

အခုတော့ ကျေးဇူးတော်ရှင် ဆရာတော်ဘုရားကြီးဟာ ခန္ဓာဝန် ငြိမ်းတော်မူခဲ့ပါပြီ။

တပည့်ဒကာ၊ ဒကာမအပေါင်း သူတော်ကောင်းတို့ အတွက် ဓာတ်တော်၊ မွေတော်များ ဖူးမြော်ခွင့်တော့ ပေးတော်မူခဲ့ပါတယ်။

"ရာကုဋေ ရှာဖွေပနှောက် သဒ္ဓါပေါက်က တစ်ယောက်ရဲရဲ ရနိုင်ခဲသည်'. . . ဆိုတဲ့ ပညာရှိသူတော်ကောင်းတို့ရဲ့ဆုံးမစကား ဦးထိပ်ပန်ဆင်ပြီးကျေးဇူးတော်ရှင် ဆရာတော်ဘုရားကြီးရဲ့ သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်တို့ကို ရှိခိုးပူဇော် ဖူးမြော်ကန်တော့ခွင့် ရကြပါစေလို့ ဆန္ဒပြုပူဇော်လိုက်ရပါတယ်။


❒ **တက္ကသိုလ်တင်ဟန်ကျော်**




ရွှေဂန္ထဝင် ယာယီစံကျောင်း

www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



ရင်ပြင်တော်ပေါ်မှ တွေ့ရသည့် ရွှတ်ပျံ့သာမောဖွယ်မြင်ကွင်း



ရင်ပြင်တော်တွင် အလှဆင်ကျောက်ပြားများ ခင်းထားပုံ

(ယခင်လမှအဆက်)

၁၃၁၈ ခုနှစ်တွင် လှုပ်ခတ်ခဲ့သည့် ငလျင်ဒဏ်ကြောင့် တောင်ရိုးတစ်လျှောက်ရှိ စေတီတော် အများအပြားပျက်စီးယိုယွင်းခဲ့ကြသဖြင့် ၁၃၁၉ ခုနှစ်မှစတင်ကာ ပြန်လည်ပြုပြင်ခဲ့ရာ တောင်ဘက်အာရုံခံ သံပြာသာဒ်ကြီးကိုလည်း ပြုပြင်မွမ်းမံခဲ့ပြီး ဆေးသုတ်ခြယ်သကာ ထီးညွန့်စိုက်လျက် မီးနီလျှပ်စစ်မီးများဖြင့် လှူဒါန်းပူဇော်ခဲ့ကြောင်း သိရသည်။ အာရုံခံတန်ဆောင်းအတွင်း၌လည်း ကျောက်ပြားများ ခင်းခဲ့သည်ဟု ဆိုသည်။



တောင်ဘက်အာရုံခံတန်ဆောင်းတော်ကြီး အတွင်းရှိ ရုပ်ပွားတော်သုံးဆူ

ယခုအခါ ထိုအာရုံခံ တန်ဆောင်းကြီးမှာလည်း သန့်ရှင်းသပ်ရပ်လျက်ရှိကာ တန်ဆောင်းအတွင်း၌ ဘုမိဖဿမုဒြာကျောက်ဆင်းတုရုပ်ပွားတော်သုံးဆူ စံပယ်တော်မူလျက် ရှိသည်ကို ဖူးတွေ့ရသည်။ ထိုရုပ်ပွားတော်သုံးဆူအနက် အလယ်တွင်စံပယ်တော်မူလျက်ရှိသော ရုပ်ပွားတော်မှာ ပုညအမတ်ကြီးအား သက်တော်ရှည်ဘွဲ့ ပေးသည့် အထိမ်းအမှတ်အဖြစ် တည်ထားသော သက်တော်ရှည်ဘုရား ရုပ်ပွားတော်မြတ်ဖြစ်ကြောင်း သိရသည်။

ဤရုပ်ပွားတော်မြတ်နှင့် ဆက်စပ်ကာ ပုညရှင် စေတီတော်မြတ် တည်ထားဖြစ်ခဲ့ပုံ အရင်းအမြစ်ကို ဆန်းစစ်လေ့လာရာတွင် . . .

တောင်ဖီလာဆရာတော် စီရင်ရေးသားခဲ့သော စစ်ကိုင်းတောင်ညွှန်းကျမ်းအရ ဤပုညရှင်တောင်တော်သည် ကကုသန်ဘုရားရှင် လက်ထက်တော်၌ သေလာပဗ္ဗတောင်၊ ကောဏာဂုံဘုရားရှင်လက်ထက်တော်၌ ဝဂ်စာရတောင်၊ ကဿပဘုရားရှင် လက်ထက်တော်၌ ခမ္ဗိကတောင်၊ ဂေါတမဘုရားရှင် လက်ထက်တော်၌ နာဂဒတ္တရဟန္တာမထေရ် သီတင်းသုံးတော်မူခဲ့သဖြင့် နာဂဒတ္တတောင်ဟု ခေါ်တွင်ခဲ့ပြီး ထိုတောင်သည် ဖားနှင့်သဏ္ဌာန်တူသဖြင့် ဖားဦးတောင်၊ ငဖားတောင်ဟုလည်း ခေါ်တွင်ခဲ့သည်။ နောင်တွင် ပုညအမတ်တည်ခဲ့သည့် စေတီတော်ကို အစွဲပြုကာ ပုညရှင်တောင်ဟု ခေါ်တွင်ခဲ့သည်။ သို့ဖြစ်၍ ပုညရှင်တောင်သည် ဤဘဒ္ဒကမ္ဘာနှင့်အတူ ကမ္ဘာဦးအခါကာလကပင် လက်မွန်မဆွ ရှိနှင့်ပြီးဖြစ်သော အဓိကရတောင်ထူးတောင်မြတ်ဟု ဆိုရပေမည်။

စစ်ကိုင်းတောင်ကြီးနှင့် တကွ ပုညရှင်တောင်တော်တွင် ပုညရှင်စေတီတော်ဖြစ်ပေါ်လာမည့်အကြောင်းဘုရားရှင် ဗျာဒိတ်ထားတော်မူခြင်းနှင့် ပတ်သက်၍ စစ်ကိုင်းသမိုင်းပေမူအရ သုံးလောကထွတ်ထား သဗ္ဗညုဘုရားရှင်သည် ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းတော်၌ တတိယမြောက် ဝါကပ်တော်မူစဉ် ကျွတ်ထိုက်သော သတ္တဝါဝေနေယျတို့အား ရွှေဉာဏ်တော် ကျွဲရက်ဖြန့်ကြက်ကြည့်ရှုတော်မူခဲ့သော သုနာပရန္တတိုင်း စစ်ကိုင်းအရပ်၌ ရှိုင်းပျတွေ



www.burmeseclassic.com

www.burmeseclassic.com

ဝေရှိနေကုန်သော ဘီလူး ကိုးဆယ့်ကိုးယောက်တို့ကို တွေ့မြင်တော်မူခဲ့သည်။


သို့ဖြစ်၍ ဘုရားရှင်သည် ထိုအရပ်သို့ ညီတော်အာနန္ဒာနှင့်အတူ ကြွရောက်တော်မူခဲ့ရာ ဇေတဘီလူး အမှူးပြုသော ဘီလူး ကိုးဆယ့်ကိုးယောက်တို့သည် ဘုရားရှင်အား သားပြွမ်းဆွမ်းဖြင့် လုပ်ကျွေးခဲ့ပြီး တရားတော်ကို နာကြားခဲ့ကြရာမှ သောတာပန်တည်ခဲ့ကြလေသည်။

ထိုဘီလူး ကိုးဆယ့်ကိုးယောက်တို့ သောတာပန်တည်ခဲ့ကြရာ အရပ်မှ အရှေ့ဘက်ရှိ ဧရာဝတီ မြစ်ဆိပ်သို့ ဘုရားရှင် ကြွမြန်းတော်မူကာ ရေသပ္ပာယ်တော်မူခဲ့သည်။ ထိုဆိပ်ကို ချိုးတော်ဆိပ်ဟု ခေါ်တွင်ပြီး ထိုမြစ်ဆိပ်တောင်ထိပ်၌ ဘုရားရှင် ရပ်တော်မူခဲ့သဖြင့် ဖဝါးတောင်ဟု ခေါ်တွင်ကာ ယခု လေးကျွန်းချမ်းသာဘုရားကြီး တည်ရာဟု ဆိုသည်။

ဘုရားရှင်သည် ရေသပ္ပာယ်တော်မူပြီးနောက် ရေသနုပ်တော်ကို ဘီလူးတို့အား ပေးသနားတော်မူကာ နောင်အခါ၌ ဤရေသနုပ်တော်ကို ဌာပနာ၍ စေတီဘုရား တည်ထားကိုး




သက်တော်ရှည်ဘုရား ရုပ်ပွားတော်မြတ်



လက်ယာဘက်မှ ရုပ်ပွားတော်



လက်ဝဲဘက်မှ ရုပ်ပွားတော်



www.burmeseclassic.com

www.burmeseclassic.com




ရင်ပြင်တော် တောင်ဘက်ခြမ်းရှိ စေတီငယ်များ



တောင်ဖီလာပုဏ္ဏိုသည်ကျောင်တို့ယက်ယက် အမောက်မှဓာတ်တော်ကွန်မြူးခဲ့သော သမိုင်းဝင်ခြင်္သေ့


ကွယ်ရန် မိန့်မှာတော်မူခဲ့သည်။ ထိုမိန့်မှာချက်နှင့်အညီ ဇေတာဘီလူး အမှူးပြုသော ဘီလူးများ တည်ထားကိုးကွယ်သည့် စေတီတော်ကို ဝတ်ရုံတော်ဘုရားဟု သမုတ်လေသည်။ ဇေတာဘီလူး ဝန်ခံ၍ တည်ခဲ့သောကြောင့် နောင်တွင် **ဇေတဝန်ဘုရား**ဟု ခေါ်တွင်ပြီး ထိုဘုရားအနီးတွင်တည်ထားသောကျောင်းကိုလည်း ဇေတဝန်ကျောင်းဟု ခေါ်တွင်ခဲ့သည်။

ထိုမှတစ်ဖန် တောင်အရပ်သို့ ကြည့်တော်မူရာတွင် ဇောင်ချမ်းပင်ကြီး အနီးအပါးမှ စီးသွားသဖြင့် ဇချမ်းချောင်းဟုတွင်သော နေရာအနီးတွင်ရှိ စစ်ပင်ကြီးတစ်ပင်၌ ဖျိုင်းဖြူအများ နားနေကြသဖြင့် စစ်ပင်ကိုင်းနေသည်ကို အစွဲပြု၍ စစ်ကိုင်းဟုတွင်မည့် ဤသုနာပရန္တတိုင်း (စစ်ကိုင်း) ၌ နောင်သောအခါ သာသနာတော် ပြန့်ပွားစည်ပင်လတ္တံ့သည်ကို အနာဂတံသဉာဏ်တော်ဖြင့် မြင်တော်မူကြောင်း ညီတော်အာနန္ဒာအား ဗျာဒိတ်စကား မြွက်ကြားတော်မူ



www.burmeseclassic.com

www.burmeseclassic.com



တစ်မူထူးခြားသည့် စေတီတော် သပိတ်မှောက်ပန်းဆွဲနှင့် ဘီလူးပန်းကိုက်

ခဲ့သည်။ ထိုမှဆက်၍ ဘုရားရှင်သည် အနောက် ငဖားတောင်သို့ ကြွတော်မူကာ "အာနန္ဒာ၊ ဤငဖားတောင်ကားရှေးအခါ ငါဘုရားအလောင်းတော် ယုန်မင်းဖြစ်တော်မူခဲ့စဉ်က ကျင်လည်ခဲ့ဖူးသောအရပ် ဖြစ်သည်၊ နောင်သောအခါ ဤတောင်ထိပ်၌ ငါ၏ မျက်ကွင်းတော်ခါတ်ကို ဌာပနာသွင်းထား၍ စေတီကြီးစွာတည်ကာ လူနတ်တို့၏ ကိုးကွယ်ရာဖြစ်လိမ့်မည်" ဟု ဗျာဒိတ်တော် ထားတော်မူခဲ့သည်။

သို့ဖြစ်၍ မြောက်ဘက်အာရုံခံတန်ဆောင်းအတွင်းမှ ယုန်မင်းရုပ်တုနှင့် အရှေ့ဘက်အာရုံခံတန်ဆောင်းအတွင်းမှ ရွှေဖားရုပ်တုတို့မှာ ပုညရှင်တောင်တော်၏ သမိုင်းတစ်စကို လှစ်ဟပြနေသကဲ့သို့ပင် ရှိချေတော့သည်။

ပုညရှင်စေတီတော် ပေါ်ထွန်းလာခြင်းနှင့် ပတ်သက်၍ စာရေးသူတော်ရှုလေ့လာ မှတ်သားမိသည်များကို ပေါင်းစည်းကာ ခြုံငုံ၍ ရေးသားဖော်ပြ




အရှေ့ဘက်အာရုံခံတန်ဆောင်းအတွင်း၌ တွေ့ရသည့် သမိုင်းဝင်ရွှေဖားရုပ်တု

ရလျှင် ဝိဇယပူရမြို့တည် တစ်စီးရှင် သီဟသူမင်းတရားအား ပျက်စီးယိုယွင်းစေလိုသဖြင့် သမုဒ္ဒရာခြားသော တိုင်းတစ်ပါးနိုင်ငံ (သီဟိုဠ်ကျွန်း)မှ ကျည်းပုဏ္ဏား၊ ကျည်းကုလားတို့က မွေတော်ခုနစ်ဆူကို ရှစ်မြောင့်ကွမ်းခွက်တွင် လျှို့ဝှက်မြှုပ်နှံကာ ရွှေမယ်န (ရွှေသံမှို) ခုနစ်ချက် "သတ်" ဟူသော အက္ခရာ ရေးထိုးလျက် ကောင်းစွာပြုလုပ်ပြီး ပို့ဆက်လာခဲ့သည်။

တစ်စီးရှင် သီဟသူသည် ထိုကွမ်းခွက်တွင် ကွမ်းပြင်၍ အမှတ်မဲ့

www.burmeseclassic.com

www.burmeseclassic.com




မြောက်ဘက်အာရုံခံတန်ဆောင်းအတွင်း၌ ဖူးတွေ့ရသည့်
အလောင်းတော်ယုန်မင်းကြီးရုပ်တု

စားတော်ခေါ်ရာ ထိုနေ့၌ပင် ယားယံသောရောဂါ စွဲကပ်ခြင်း ခံခဲ့ရသည်။ သို့နှင့်လည်း သတိမထားမိသေးဘဲ ထပ်မံသုံးဆောင်ပြန်ရာ ယားယံသော ဝေဒနာမှာ ပိုမိုပြင်းထန်လာသဖြင့် ထိုကွမ်းခွက်တော်အပေါ် သင်္ကာမကင်းသောစိတ် ဖြစ်ပေါ်လာခဲ့သည်။

သို့ဖြစ်၍ ပန်းထိမ် ငစိန်သင်ကို ခေါ်တော်မူပြီးလျှင် ရတနာကွမ်းခွက်တော်ကို အပ်၍ ဖျက်စေရာ မွေတော်ငါးဆူသာရသည်။ ကျန်နှစ်ဆူမှာ တူတွင်တစ်ဆူ၊ ပေတွင်တစ်ဆူဝင်၍ ကိန်းဝပ်တော်မူသည်ဟု ဆိုသည်။

ပန်းထိမ် ငစိန်သင်လည်း မွေတော်ငါးဆူ၊ ရွှေမယ်န ခုနစ်ခု "သတ်" ဟူသော အက္ခရာတို့ကို ဆောင်ကာ တစ်စီးရှင်သီဟသူအား ဆက်သလေသည်။ထိုအခါ တစ်စီးရှင်သီဟသူမင်းက ရွှေမယ်နခုနစ်ချောင်းလည်း ပါသည်၊ သတ်ဟူသော အက္ခရာဂဏန်းလည်းပါသည်၊ မွေတော် ခုနစ်ဆူဖြစ်ရမည်ကို နှစ်ဆူပျောက်ရာသလောဟူ၍ ငစိန်သင်အား ဖမ်းဆီးစေရာ ငစိန်သင်လည်း တူနှင့်ပေကို ထမ်းလျက် သန်လျက်ခုံ ကျွန်းသို့ ထွက်ပြေးလေသည်။ ညဥ့်သန်းခေါင် ရောက်မှပင် ကမ်းနားသို့ ရောက်ခဲ့ရာ ထိုစဉ် မြစ်ညာမှ လှေငယ်တစ်စင်းလှော် ခတ်လာသည်ကို မြင်သဖြင့် စစ်ကိုင်းဘက်သို့ ကူးလျှင် လိုက်ပါလိုကြောင်း တောင်းပန်ခဲ့သည်။ လှေငယ်ရှင်က တက်ခဲ့တော့ဟုဆိုကာ လိုက်ပို့သဖြင့် စစ်ကိုင်းဘက်သို့ ရောက်ရှိခဲ့ပြီး နံနက် မိုးသောက်သည်နှင့် ငစိန်သင်လည်း ပုညအမတ်အိမ်သို့ သွားရောက်ခဲ့သည်။

ဤသို့ဖြင့် ပန်းထိမ် ငစိန်သင်သည် ပင်းယမြို့တွင် နေထိုင်စဉ်က သိဟောင်းကျွမ်းဟောင်းဖြစ်ခဲ့ဖူးသော ပုညအမတ်အိမ်တွင်တည်းခိုနေစဉ် တစ်ညဉ့်သောအခါ မွေတော်ဓာတ်နှစ်ဆူသည် တူနှင့်ပေမှ ထွက်၍ ဖလားလုံးခန့်မျှ ပမာဏဖြင့် တဝင်းဝင်းတလက်လက် ရောင်ခြည်တော်ကွန့်မြူး စံပယ်လျက် ရှိသည်ကို ပုညအမတ် ရှုမြင်ဖူးတွေ့လိုက်ရသဖြင့် ဓာတ်တော်မွေတော်မှန်း သိရှိလိုက်လေသည်။

ဓာတ်တော်မွေတော်များကို ဖူးတွေ့လိုက်ရသဖြင့် ပီတိသောမနဿ ပွားလျက်ရှိသော ပုညအမတ်သည် နံနက်မိုးသောက်သည်နှင့် ငစိန်သင်ကို ခေါ်ပြီးလျှင် "မောင်တွင်ပါသော မွေတော်နှစ်ဆူကို ကိုးကွယ်ပါမည်" ဟုဆိုကာ များစွာသော ဆုလာဘ်တို့ကို ပေးအပ်လေသည်။

ထိုအခါ ငစိန်သင်က . . .

"ကျွန်တော့်တွင် မွေတော်မပါပါ။ တူနှင့်ပေသာ ပါပါသည်၊ မွေတော်နှစ်ဆူ အမှုကြောင့်ပင် ပင်းယမင်းက ဒြိမ်းခြောက်၍ ပြေးခဲ့ရပါသည်"ဟု ဆိုလေသည်။ ပုညအမတ်လည်း ထိုစကားကို မယုံသဖြင့် ငစိန်သင်အပေါ် မကြည်မသာရှိလေလျှင် ငစိန်သင်က . . .

"ကျွန်တော့်ထံတွင် အမှန်တကယ်ပင် မွေတော်နှစ်ဆူ မပါပါ၊ အကယ်၍ပါခဲ့ပါလျှင် ကျွန်တော် ခွင့်ပြုပါသည်၊ ကိုးကွယ်ပါတော့၊ အပ်ပါတော့သည်" ဟုဆိုသည်။

ပုညအမတ်လည်း ညဥ့်ရောက်သောအခါ အိမ်ဦးတွင် ညောင်စောင်းမွေ့ရာခင်းကာ ပိတာန်ကြက်ပြီးသော် ဆီမီး၊ ပန်း၊ ပေါက်ပေါက်တို့ဖြင့် ပူဇော်ပြီးလျှင် ဤရတနာတန်ဆောင်းတွင် ကိန်းဝပ်တော်မူပါဟု တောင်းပန်လေသည်။ ဤကဲ့သို့ ပုညအမတ်အိမ်၌နေ



www.burmeseclassic.com


www.burmeseclassic.com
စစ်ကိုင်းတောင်
ဦးပုညရှင် လက်ဖွားရှင်ရုပ်ပွားတော်
၁၁
www.burmeseclassic.com

www.burmeseclassic.com

ပြု၍ တောင်းပန်သည်တွင် မွေတော်နှစ်ဆူသည် တူနှင့်ပေမှ ထွက်ကာ ဝင်းလက်သော ရောင်ခြည်တော်ဖြင့် စံပယ်တော်မူရာ ပုညအမတ်လည်း ရတနာပန်းတောင်းကို ခေါင်းထက်ရွက်၍ ရတနာပန်းတောင်းအတွင်း၌ ကိန်းဝပ်စံပယ်တော်မူပါရန် တောင်းပန်လေသည်။ ဤတွင် မွေတော်မြတ်နှစ်ဆူလည်း ရတနာပန်းတောင်းသို့သက်၍ ကိန်းဝပ်တော်မူသဖြင့်ပုညအမတ်လည်း မွေတော်နှစ်ဆူကို ပတ္တမြားကြုတ်တွင် ကောင်းစွာထည့်လျက် အိမ်ဦးတွင် ကိုးကွယ်ထားလေသည်။

ထိုကဲ့သို့ မိမိ၏အိမ်ဦးတွင် မွေတော်ဓာတ်မြတ်နှစ်ဆူကို ကာလအတန်ကြာကိုးကွယ်ပြီးသည်တွင် ပုညအမတ်သည် မိမိချည်းသာ ကိုးကွယ်သည်ထက် လူနတ်ဗြဟ္မာတို့ ကိုးကွယ်ရာ ဖြစ်ပါစေဟုကြံလျက် မွေတော်မြတ်နှစ်ဆူကို ပတ္တမြားကြုတ်နှင့်တကွ ရွှေလင်ပန်းထက်၌တင်၍ သင်ပုတ်ပြင်ပြီးလျှင် ဆီမီးတန်ဆောင် ပန်းပေါက်ပေါက်တို့ဖြင့် ထက်ဝန်းကျင် ပူဇော်သကာပြုပြီး " ရှင်တော်ဘုရား လူနတ် ဗြဟ္မာ ရဟန်းသံဃာတို့ ပူဇော်သကာ ပြုအံ့သော အရပ်တွင် သင်ပုတ်တင်အံ့၊ ရွှေလင်ပန်းနှင့်တကွ တည်မိစေသော" ဟု သစ္စာအဓိဋ္ဌာန် ပြုလေသည်။

ထို့နောက် ခြေမြန်ကုလား တစ်ယောက်ကိုခေါ်၍ ခေါင်းထက်တွင် ရွှေလင်ပန်းတင် ရွက်စေပြီးလျှင် "အမောင်တောင်ဖီလာလေးကျွန်းဆီမီး တောင်ကတက်၍ တောင်ထိပ်တစ်ပြင်တွင် တင်ချင်စိတ်ရှိသည့်အရပ်၌ ဤရွှေလင်ပန်းနှင့် သင်ပုတ်ကို မသွန်ဘဲ ထားခဲ့တော့" ဟု မှာကြားကာ စေလွှတ်လိုက်လေသည်။

ခြေမြန်ကုလားလည်း ပုညအမတ် မှာကြားသည့်အတိုင်း တောင်ဖီလာလေးကျွန်းဆီမီးတောင်မှတက်ကာ တောင်ရိုးတောင်စဉ်အတိုင်း လျှောက်၍ သွားသော် မည်သည့်ဌာနတွင်မှ မတင်လို။ ယခု ပုညရှင်စေတီတော်မြတ်တည်ရာ ငဖားတောင်ထိပ်သို့ ရောက်သည်တွင်မှ သီရိဓမ္မာသောက စေတီဟောင်းနှင့် ပတူးသယ်ရာဇာ တည်ထားသော စေတီတို့ကြားတွင် ရွှေလင်ပန်းကို တင်ထားပြီး ပြန်လာခဲ့လေသည်။

ခြေမြန်ကုလား ပြန်ရောက်လာသည်တွင် ပုညအမတ်က မေးမြန်းရာ ရွှေလင်ပန်းထားခဲ့သည့်နေရာကို ပြောကြားရာ၌ ထိုတောင်တွင် ရေကန်လည်း ရှိပြီး ကျောက်ငဖားရုပ်လည်း ရှိသည်ဟု ဆိုသည်။ ပုညအမတ်လည်း ထိုနေရာသို့ သွားရောက်ကြည့်ရှုရာ သင်ပုတ်တော်နှင့်တကွ မွေတော်မြတ်နှစ်ဆူ ကိန်းဝပ်ရာ ပတ္တမြားကြုတ်ကို ဥဗျိုင်းများရံကာ ဥဗျိုင်းများကို စာများရံပြီး စာငှက်များကို ကျီးအပေါင်းရံလျက်နေသည်ကို တွေ့ရလေသည်။

ထိုအံ့ဖွယ်သရဲ ထူးကဲသော အမြင်ကို ပုညအမတ် မြင်တွေ့၍ နိမိတ်ဖတ်သည်မှာ ဥဗျိုင်းရံသည့်နိမိတ်အရ မွေရှင်တော်ကို စေတီတည်၍ ဌာပနာအရပ် ထက်ဝန်းကျင်မှ လူနတ်တို့သည် အပေါင်းအစည်း ပြုလုပ်အုပ်ချုပ်၍ ဖြူစင်စွာသော သဒ္ဓါစိတ်ဖြင့် အလှူကောင်းမှုပြုလုပ်သည် များလတ်မည့် အကြောင်းတည်း။ ဥဗျိုင်းကို စာရံသည့် အလိုကား ငါ၏ကောင်းမှုကို လူသူတကာတို့ ထက်ဝန်းကျင်ရံ၍ စေတီပုထိုးတည်လတ်မည့်အကြောင်းတည်း။ စာငှက်ကို ကျီးရံသည့်အလိုကား ငါ၏ကောင်းမှုနှင့်တကွ စေတီပုထိုးများကို အရိုင်းတို့ ဖျက်လတ်မည့်အကြောင်းတည်း။

ကျောက်ငဖားရုပ်ရှိသည့်အလိုကား ဤတောင်သည် ငဖားတောင်ဟု တွင်လတ်မည့် အကြောင်းတည်း။ ရေကန်ရှိသည့်အလိုကား သူတော်တကာတို့ သူတော်ကောင်းတရားဖြင့်မွေ့လျော်ရာဖြစ်လတ္တံ့သော အကြောင်းတည်း။

ဤသို့ နိမိတ်ဖတ်ပြီးသော် သီရိဓမ္မာသောကစေတီတော်နှင့် ပတူးသယ်ရာဇာကောင်းမှုစေတီတော် နှစ်ဆူကိုင်ပြီးလျှင် စေတီတည်လေသည်။ နတ်တို့ကူညီစောင့်ရှောက်၍တည်သောကြောင့် နေ့ချင်းပြီး တည်နိုင်ခဲ့သည်ဟုဆိုသည်။

ဤကဲ့သို့ ပုညအမတ်နှင့် ပန်းထိမ်ငစိန်သင်တို့ နတ်တို့၏ အကူအညီဖြင့် ပုညရှင်စေတီတော်ကို နေ့ချင်းပြီး အဆောတလျင် တည်ထားခဲ့ကြသဖြင့် အသခ်ယာစောယွမ်းမင်းသည် ငါ့ကို မလျှောက်တင်ဘဲစေတီတည်ရသလော ဟု မင်းမာန်ဖြင့် အမျက်တော်ရှကာ ပုညအမတ်နှင့် ပန်းထိမ်ငစိန်သင်တို့ကို မြို့တော်၏ အရှေ့မြောက်ယွန်း (ရွှေကြာအင်း)တွင် ရေစိမ်၍ သတ်စေလေသည်။

သို့ရာတွင် ပုညအမတ်ကြီးသည် ရတနာမြတ်သုံးပါး ဂုဏ်တော်ကို သောတာပန်တို့၏ ယုံကြည်ခြင်းမျိုးဖြင့် မမိုတ်မသုန် ယုံကြည်သက်ဝင်မှုရှိခြင်း၊ မိမိ၏ အိမ်တွင် ကိန်းဝပ်တော်မူကာ မပြတ်ကိုးကွယ်ဆည်းကပ်အပ်သော မွေတော်မြတ်နှစ်ဆူ၏ တန်ခိုးတော် အစောင့်အရှောက်ရှိခြင်း၊ စိတ်ထားဖြူစင် ယဉ်ကျေးသဖြင့် နှစ်လိုဖွယ်ရာ ပူဇော်အပ်ပူဇော်ထိုက်သောကောင်းမှုရှိခြင်းတည်းဟူသောအနက်အဓိပ္ပာယ်များကိုဆောင်သည့် "ပုည"ဟူသော အမည် ပညတ်ရှင်ဖြစ်သည့်အားလျော်စွာ ဘုန်းရှင် ကံရှင်ဖြစ်ခြင်းတို့ကြောင့် အသခ်ယာစောယွမ်းမင်းက မင်းမာန်တက်ကာ ရေစိမ်၍ ကွပ်မျက်သော်ငြားလည်း ပုည အမတ်ကြီးနှင့် ငစိန်သင်တို့ ရေပင်မစိုစွတ်သဖြင့်ရေမမွန်းဘဲ ပတ်ဝန်းကျင်တွင်သာ ရေဝှမ်း၍ နေလေသည်။

သို့ဖြစ်၍ ထိုအရပ်ကို ယခုတိုင် ရေဝှမ်းဟူ၍လည်းကောင်း၊ ရေဝှန်းဟူ၍ လည်းကောင်း ခေါ်စမှတ်ပြုကြသည်။ ထိုရေဝှန်းအရပ်သည် ရှေးစစ်ကိုင်းမြို့ဟောင်း၏ အရှေ့မြောက်ယွန်း ယခုအခါ မင်းစံရပ်အနောက်ပိုင်း ထုံးဖိုနှင့်သာစည်အကူး လမ်းမကြီး၏ အနောက်ဘက်ကပ်လျက်တွင် တိမ်ကောနေသော



www.burmeseclassic.com

www.burmeseclassic.com

အင်းတစ်ခုအဖြစ်ဖြင့် တည်ရှိနေသည်ဟုဆိုသည်။

ဤကဲ့သို့ အံ့ဩဘနန်း ဆန်းကြယ်လှစွာသော မြင်ကွင်းကို အသခ်ယာစောယွမ်းမင်း မြင်တွေ့လိုက်ရသဖြင့် အမြင်မှန်ရကာ ပုညအမတ်နှင့် ပန်းထိမ်ငစိန်သင်တို့အား ရာဇဝတ်ဘေးမှ ကင်းလွတ်ခွင့် ပေးတော်မူလိုက်လေသည်။

ထို့နောက် အသခ်ယာစောယွမ်းမင်းသည် ခမည်းတော် ပင်းယတစ်စီးရှင်သီဟသူထံ လျှောက်ထားကာ ပုညအမတ်၊ ပန်းထိမ်ငစိန်သင်တို့နှင့် ညှိနှိုင်းတိုင်ပင်ပြီးလျှင် သာသနာတော် ၁၈၆၆ ခုနှစ်၊ ကောဇာသက္ကရာဇ် ၆၈၄ ခုနှစ် တန်ဆောင်မုန်းလပြည့်နေ့တွင် ပုညရှင်စေတီတော်ကို အုတ်ရိုးအင်္ဂတေဖြင့် အပြီးတည်ဆောက်ပြီးလျှင် ဆွဲလုံးပြည့်ရွှေထည့်၍ ရွှေထီးအထွတ် တင်လှူတော်မူလေသည်။

ထိုအခါ ဖဝါးဦး(ပုညရှင်)တောင်စောင့်နတ်ကြီးနှင့်တကွ ချောက်မ (ရှင်မြွှင်လှ)တောင်စောင့်နတ်ကြီး၊ သရက္ခန်တောင်စောင့်နတ်ကြီး စသော ဝဿဝလာဟကနဲဒကွယတ် ကိုးယောက်၊ သိကြား ကမ္ဘာ ခုနစ်ဆယ့်ခုနစ်၊ တေဇ ... အမှူးပြုသော သောတာပန် ကိုးဆယ့်ကိုးယောက်တို့သည်ခြွေရံ၍ သာခု ခေါ်ကြသည်ဟု ဆိုသည်။

ပုညအမတ်ကြီး စတင်တည်ခဲ့သဖြင့် "ပုညစေတီ" ဟု ခေါ်တွင်ခဲ့ကြသော်လည်း နောင်တွင် "ပုညရင်"ဟူ၍ လည်းကောင်း၊ "ပုညရှင်" ဟူ၍လည်းကောင်း ပြောင်းလဲခေါ်ဝေါ်ခဲ့ကြသည်။ တောင်စောင့်နတ်တို့ ဆွမ်းဦးကပ်ရာ ဖြစ်သည်လည်းကောင်း၊ ဝါစဉ်ဘုရားပွဲတော်တွင်လည်း ဆွမ်းတော်ဦးကပ်ရာဖြစ်၍ လည်းကောင်း "ဆွမ်းဦးပုညရှင်" ဟူ၍ ခေါ်ကြသည်ဟု ဆိုသည်။

ပုညရှင်စေတီတော်ကို တည်ရာ ... သိရှိမှုသောကမင်း တည်ခဲ့သည့် စေတီနှင့် ပတ္တးသယ်ရာဇာ ကောင်းမှုစေတီတော် နှစ်ဆူကို ရှိရင်းအတိုင်း အခြေမပျက်ထားကာ အပေါ်မှငုံ၍ စေတီကြီးတည်ခဲ့သဖြင့် ရှေးဟောင်းစေတီနှစ်ဆူတွင် သီးခြားရှိရင်းစွဲ ဓာတ်တော်မွေတော်များ ရှိမြဲရှိနေမည်ဖြစ်သည်။ သို့ဖြစ်၍ ဘုရားရှင်ဗျာဒိတ်တော်ထားခဲ့သည့် မျက်ကွင်းတော်ဓာတ်မှာ ထိုစေတီတစ်ဆူဆူတွင် ရှိနိုင်ပြီဟု မှန်းဆနိုင်သည်။ တူနှင့်ပေတွင် ကိန်းဝပ်တော်မူခဲ့သည့် မွေတော်ဓာတ် နှစ်ဆူမှာမူ မျက်ကွင်းတော်ဓာတ် မဖြစ်နိုင်ဟု သုတေသီတို့က ယူဆကြသည်။

နောက်ပိုင်း အင်းဝခေတ် မိုးညှင်းမင်းတရား လက်ထက်တွင်လည်း သီဟိုဠ်ကျွန်းမှ ရရှိသည့် မွေတော်နှစ်ဆူကို ပုညရှင်စေတီတော်တွင် ဌာပနာခဲ့သည်ဟု သိရသည်။ မည်သို့ပင်ဆိုစေ ပုညရှင်စေတီတော်တွင် ခေတ်အဆက်ဆက်က ဌာပနာထားခဲ့သော ဓာတ်တော် မွေတော်များ ကိန်းဝပ်စံပယ်တော်မူလျက်ရှိသည်မှာ ယုံမှားသံသယဖြစ်ဖွယ် မရှိပေ။

သက္ကရာဇ် ၁၀၀၁ ခုနှစ် သာလွန်မင်းတရား လက်ထက်တွင် ပုညရှင်စေတီတော် အရှေ့တောင်မြောက်အရပ်ရှိ မြေသို့အမောက်မှ ရောင်ဝါတော်ကွန့်မြူးသည်ကို ရဟန်းရှင်လူ ပြည်သူအများ ဖူးမြော်နေသည်ဟုသော မှတ်တမ်းမှာ ပုညရှင်စေတီတော်တွင် ဓာတ်တော် မွေတော်များ ကိန်းဝပ်စံပယ်လျက်ရှိသည်ကို သက်သေပြလျက်ရှိပေသည်။




ပန်းထိမ် ငစိန်သင်၊ ပုညအမတ်ကြီးနှင့် အသခ်ယာစောယွမ်းမင်းရုပ်တုများ



www.burmeseclassic.com

www.burmeseclassic.com



ဧရာဝတီမြစ်အတွင်းမှ ဖူးတွေ့ရသည့် စစ်ကိုင်းတောင်တော်

ဆွမ်းဦးပုညရှင် စေတီတော်မြတ်ကြီးတွင် အံ့ဖွယ်တော် (၁၄)ပါးရှိသည်ဟုဆိုသည်။ ယင်းတို့မှာ . . .

(၁) ဘုရားပွဲတော်ကျင်းပတိုင်း လာရောက်ကြသူ ပရိသတ် မည်မျှပင် များပြားသော်လည်း စေတီတော်ရင်ပြင်သည် အမြဲဝင်ဆံ့ကျယ်ဝန်းနေခြင်း။

(၂) စစ်ကိုင်းတောင်ရိုး ဝါတွင်းဘုရားစဉ် ၁၄ ပွဲတွင် ဝါဆိုလပြည့်နေ့၌ ဆွမ်းဦးပုညရှင် စေတီတော်ပွဲကို ထိပ်ဆုံးမှ ဆွမ်းဦးကပ်စတင်ဆင်ယင် ပြုလုပ်ကြ၏။ ထိုသို့ ရှေ့ဆုံးမှမစဘဲ နောက်ဆုံးထား၍ ကျင်းပမိလျှင် ဥပါသကာ၊ ဥပါသိကာများ သွေးထွက်သံယိုဖြစ်ခြင်း၊ ဝမ်းသွား ဝမ်းပျက်၊ ဖျားနာပျက်စီး ဒုက္ခရောက်တတ်ခြင်း။

(၃) စစ်ကိုင်းတောင်ရိုး တစ်ဝိုက်၌ မိုးရာသီအစတွင်ဖြစ်စေ၊ အခါမဲ့မိုး ရွာသွန်းခါနီးတွင်ဖြစ်စေ ပုညရှင်စေတီတော် အောက်အတွင်းမှ ကျောက်ငဖားအော်သံကို လိုက်ထ၍ အမြဲကြားရ၏။

(၄) ဆွမ်းဦးပုညရှင် စေတီဘုရား၊ ကျောင်းကန်၊ တန်ဆောင်း၊ ဇရပ်စသည်များအတွက် ရည်စူး၍ လှူဒါန်းရန် အဓိဋ္ဌာန်ပြု ငွေစုသောအခါ မမျှော်လင့်သောနေရာမှ ငွေကြေးဝင်လာခြင်း၊ လှူဒါန်းပြီးစီးသွားသော် ထိုကုန်ငွေများ တစ်ဖန်ပြန်၍ ဝင်လာတတ်ခြင်း။

(၅) မြေငလျင် လှုပ်ခါနီးတွင်ဖြစ်စေ၊ ဘုရားပြိုပျက်ခါနီးတွင်ဖြစ်စေ၊ ကျောင်းကန် တန်ဆောင်း ဇရပ်များ မီးသင့်ခါနီးတွင်ဖြစ်စေ သုံးညတိုင်တိုင် ကျီးပြိုခြင်း၊ ကျီးပြိုပြီး နောက်နေ့နံနက်တွင် ကျီးများက ထူးကဲစွာ စေတီတော်ဆူလုံးပြည့် လာရောက်နားခိုသဖြင့် မည်းနက်သွားသည်အထိရှိနေခြင်း။

(၆) လပြည့်ပြီး အရုဏ်တက်သည်နှင့် လူထက် နတ်များ ဆွမ်းဦးကပ်လှူပြီး ဖြစ်နေလေ့ရှိခြင်း၊ ဆွမ်းဦးကပ်ပြီးသည်နှင့် သိုက်မောင်းထုသံ ကိုးချက်တိတိကြားရခြင်း။

(၇) မင်းပြစ်မင်းဒဏ် သင့်သူများ နတ်သီလတည်ဆောက်၍ ပုညရှင်စေတီတွင် အဓိဋ္ဌာန်ကိုးရက်ဝင်လျှင် မင်းပြစ်မင်းဒဏ်မသင့်ခြင်း။

(၈) သဘော်သားများ ပင်လယ်ရပ်ခြားရေကြောင်းအမှုထမ်းမသွားမီ သွားရောက်ဖူးမြော် ရှိခိုးပူဇော်သော် ဥပဒ္ဒွေဒကကံမှ လွတ်ကင်းခြင်း။

(၉) မင်းမှုထမ်းများ လပြည့်ကျော် ၃ ရက် အရုဏ်တက် ဆွမ်း၊ ပန်း၊ ရေချမ်း၊ ဆီမီးတို့ဖြင့် မွေးနေ့မွေးနံမှ ဆက်ကပ်လှူဒါန်းလာလျှင် မင်းချီးမြှင့်မြောက်စားခံရခြင်း၊ ရာထူးဌာနန္တရ တိုးတက်မြင့်မားလာခြင်း၊ မင်းမျက်သင့်သည့်တိုင် မင်းမာန်ပြေ၍ ပြန်လည်မြှောက်စားခံရခြင်း။



www.burmeseclassic.com

www.burmeseclassic.com

(၁၀) ဘုရားရှင် ကိုယ်တော်မြတ်၏ မျက်ကွင်းတော်ဓာတ် တန်ခိုးတေဇော် အာနုဘော်တော်ကြောင့် ရက်ရှည်ဥပုသ်ဝင်လာလျှင် မနောအမြင် မနောအသိရခြင်း၊ စက္ခုအမြင် စက္ခုအသိ ထူးကဲလာခြင်း။

(၁၁) တိုင်းပြည်မြို့ရွာပျက်ခြင်း၊ လူမျိုးဘာသာ သာသနာ ဘေးဒုက္ခ အန္တရာယ်ကြုံခြင်း၊ မင်းပြောင်းမင်းလွှဲဖြစ်ခြင်း၊ ခေတ်ပြောင်းခေတ်လွှဲဖြစ်ခြင်း စသောကိစ္စများ ပေါ်ပေါက်သော် ကြိုတင်၍ ဆွမ်းဦးပုညရှင်စေတီတော်မှ နီရဲညိုမောင်းသော ရောင်ခြည်တော်ကွန့်မြူး ပြာဋိဟာထူး၍ ပြသခြင်း။

|ပင်းယနှင့် စစ်ကိုင်း ပျက်ခါနီးတွင် တစ်ကြိမ်၊ ရှမ်းသိုဟန်ဘွားလက်ထက် သာသနာပျက်စီးခါနီးတွင် တစ်ကြိမ်၊ ဂျပန်ခေတ်ပျက်ခါနီးတွင် တစ်ကြိမ် ထိုကဲ့သို့ တန်ခိုးပြာဋိဟာပြဖူးသည်။|

(၁၂) မင်းသက်ကုန်ခါနီး၌ဖြစ်စေ၊ မင်းဆက်ပြတ်ခါနီး၌ဖြစ်စေ တိုင်းပြည်အုပ်ချုပ် မင်းလုပ်လိုသောသူသည် ဆွမ်းဦးပုညရှင်စေတီတော်ကြီးရှိ တနင်္ဂနွေဂြိုဟ်တိုင်မှစ၍ ဂြိုဟ်ကြီးရှစ်ခွင် အစဉ်အတိုင်း ဆွမ်း၊ ပန်း၊ ရေချမ်းတင်၍ အဓိဋ္ဌာန်ဝင်ကာ တနင်္ဂနွေဂြိုဟ်တိုင်တွင် မွန်းမတည့်မီ ပြန်ဝင်ရခြင်းဖြင့် ပြန်လည်၍ အောင်လံထူရွှေထီးကိုင်နိုင်ခြင်း။

(၁၃) ထူးခြားသော ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်၊ သံဃာထူး သံဃာမြတ်များ စခန်းဝင်ပြီးမြောက်ခါနီး၌ ကျောက်ဖေားကိုးချက် အော်သံကြား၍ သိုက်မောင်းထုသံ ကိုးချက် ကြားရပြီးနောက် အခါမဲ့ မိုးကြီးရွာခြင်း။

(၁၄) စစ်ကိုင်းတောင်ရိုး ဖေားတောင်



အနောက်ဘက် အာရုံခံတန်ဆောင်းအတွင်းမှ ကြေးဆင်းတုရုပ်ပွားတော်



ကြေးဆင်းတုရုပ်ပွားတော်၏ မျက်နှာတော်အား ကြည်ညိုဖွယ် ဖူးတွေ့ရပုံ

မှ ပညာရှင်၊ သိဒ္ဓိရှင် သာသနာပြုပုဂ္ဂိုလ်များ သမထစခန်းအောင်မြင် ထွက်ရာလမ်းစဉ်ပြီးမြောက်၍ ခရီးပေါက်သော အခါလည်းကောင်း၊ ဝိပဿနာပြီးမြောက် မဂ်ခေမာလမ်း ကြွလှမ်း သွားရောက်သောအခါလည်းကောင်း ဖြူဖွေးတောက်ပသည့် ရောင်ခြည်တော်ကွန့်မြူး တန်ခိုးတော် ထူးခြားစွာ ထီးတော်မှ ပြသခြင်း စသည်တို့ဖြစ်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com




နဂါးရုံရုပ်ပွားတော်

အနောက်ဘက် အာရုံခံတန်ဆောင်းအတွင်းသို့ ရောက်သည်တွင် ကြေးဆင်းတုရုပ်ပွားတော်တစ်ဆူ စံပယ်တော်မူလျက်ရှိသည်ကို ကြည်ညိုဖွယ်ရာ ဖူးတွေ့ရသည်။

ထို အနောက်မျက်နှာ အာရုံခံတိုက်ကြီးကို ၁၂၈၉ ခုနှစ်တွင် ဆောက်လုပ်ပြီးစီးခဲ့ပြီး တစ်ဦးတည်း အလှူရှင်မှာ မန္တလေးမြို့ ဝါးတန်း သူဌေးကြီးဦးကျော် + ဇနီးဒေါ်စန်းရှင် တို့၏ မွေးသဖခင်ဘုရားဒါယကာ ဦးစာ ဖြစ်ကြောင်း သိရသည်။

ထိုနှစ်တွင်ပင် ထိုအာရုံခံတန်ဆောင်းအတွင်း၌ ထားရှိကိုးကွယ်ရန် ကြေးဆင်းတုတော်ကြီးကို သွန်းလုပ်အောင်မြင်ခဲ့သည်ဟု ဆိုသည်။ ထိုအနောက်ဘက် အာရုံခံတန်ဆောင်းအနီးတွင် နဂါးရုံရုပ်ပွားတော်တစ်ဆူကို ဖူးတွေ့ခဲ့ရပြီး သက္ကရာဇ် ၁၂၈၉ ခုနှစ်တွင် တည်ထားခဲ့သည် ထိုရုပ်ပွားတော်မှာ ဆုတောင်းပြည့် ရုပ်ပွားတော်တစ်ဆူဖြစ်ကြောင်း သိရသည်။

သက္ကရာဇ် ၆၈၄ ခုနှစ် စစ်ကိုင်းအသင်္ခယာစောယွမ်းမင်းလက်ထက်မှ ၁၃၂၂ ခုနှစ်အထိ ဆွမ်းဦးပုညရှင်စေတီတော်မြတ်ကြီးအား ခြောက်ကြိမ်တိုင်ဆူလုံးပြည့် ရွှေသက်န်းကပ်လှူခဲ့ပြီးနောက် ၁၃၂၉ ခုနှစ် သီတင်းကျွတ်လမှ ၁၃၃၀ ပြည့်နှစ် တပေါင်းလအထိ တစ်နှစ်ခွဲကာလအတွင်း အများပြည်သူကောင်းမှုဖြင့် စေတီတော်မြတ်ကြီးအား စုစုပေါင်းငွေ ၂၅၈၅၄ ကျပ် ၅၀ ပြား အကုန်အကျခံကာ ရောင်စုံဖန်မှန်တို့ဖြင့် မွမ်းမံလှူဒါန်း ပူဇော်ခဲ့သည်။

နောက်ပိုင်း နိုင်ငံတော်အစိုးရအဆက်ဆက်လက်ထက်များတွင်လည်း ဂေါပကအဆက်ဆက်တို့က နိုင်ငံတော်၏ပံ့ပိုးမှု၊ ဩဝါဒါစရိယဆရာတော်ကြီးများ၏ ဦးဆောင်လမ်းညွှန်မှု၊ စေတနာရှင်များ၏ကုသိုလ်ပါဝင်လှူဒါန်းမှုများအားအကြောင်းခံကာ ကြိုးပမ်းဆောင်ရွက်ခဲ့ကြသဖြင့် ဆွမ်းဦးပုညရှင်စေတီတော်ကြီးမှာ ယခုကဲ့သို့ ကြည်ညိုဖွယ်ရာ တင့်တယ်သပ္ပာယ်စွာ စံပယ်တော်မူလျက်ရှိသည်ကို နှလုံးစိတ်ဝမ်း ချမ်းမြေ့ဖွယ်ရာ ဘုရားဖူးများ ဖူးတွေ့နေရခြင်းပင် ဖြစ်သည်။

ဤကဲ့သို့ ဆွမ်းဦးပုညရှင်စေတီတော်ကြီး အဓွန့်ရှည်ကြာစွာ တင့်တယ်သပ္ပာယ် ကြည်ညိုဖွယ်ရာ စံပယ်တော်မူနိုင်ရန် သဒ္ဓါကြည်လင် စေတနာရှင်များ၏ ကုသိုလ်ပါဝင် လှူဒါန်းမှုမှာ အထူးပင် လိုအပ်ပါသဖြင့် စာရှုသူများလည်း ဆွမ်းဦးပုညရှင် စေတီတော်သို့ တစ်ခါတစ်ခေါက် အရောက်သွားကာ ဖူးမြော်ရင်း ကုသိုလ်ပါဝင် လှူဒါန်းနိုင်ကြပါကြောင်း နတ်လမ်းညွှန် ရေးသားလိုက်ရပေသည်။

❒ မင်းဂုဏ်

**စာကိုး**

- စစ်ကိုင်းတောင်ရိုး ဆွမ်းဦး ပုညရှင် စေတီဘုရား သမိုင်းရွှေကိုင်းသား။
- ကိုယ်တိုင် သွားရောက်ဖူးမြော် လေ့လာတွေ့ရှိချက်များ။



www.burmeseclassic.com

www.burmeseclassic.com



ဖွားတော်မူရာ လုမ္ဗိနီ (နီပေါ)



ပွင့်တော်မူရာ ဗုဒ္ဓဂယာ (အိန္ဒိယ)



ဟောတော်မူရာ မိဂဒါဝုန် (ဗာရာဏသီ)



စံတော်မူရာ ကုသိနာရုံ


# ဖွားပွင့်ဟောစံရာ ဗုဒ္ဓဂယာ

အရှင်သာသန(ကျိုက်လ

"ဖွား ပွင့် ဟော စံ" ဆိုတဲ့ အက္ခရာလေးလုံး တစ်လုံးစီရဲ့ အဓိပ္ပာယ်မှာ "ဖွား" အက္ခရာက ဘုရားရှင် ဖွားတော်မူတာ၊ "ပွင့်" အက္ခရာက ဘုရားရှင် ပွင့်တော်မူတာ၊ "ဟော" အက္ခရာက ဘုရားရှင် ပဉ္စဝဂ္ဂီငါးဦးကို ဓမ္မစကြာတရား ဟောတော်မူတာ၊ "စံ" အက္ခရာက ဘုရားရှင် ပရိနိဗ္ဗာန် စံတော်မူတာပါ။ အဲဒီ ဖွားပွင့်ဟောစံ လေးဌာနကို သံဝေဇနီယ လေးဌာနလို့လည်း ခေါ်ပါတယ်။

"ပွင့်၊ ဟော၊ မြဲနေ၊ ဆင်းနတ်ပြည်" ဆိုတဲ့ နေရာဌာနကိုတော့ အဝိဇဟိတလို့ ခေါ်ပါတယ်။ မမွေအပ် မမွေကောင်းတဲ့ အရပ်လေးဌာနပါ။

"ပွင့်" ရဲ့ အဓိပ္ပာယ်က ဘုရားရှင် ပွင့်တော်မူရာအရပ်၊ "ဟော" ရဲ့ အဓိပ္ပာယ်က ပဉ္စဝဂ္ဂီငါးဦးတို့အား ဦးစွာ ဓမ္မစကြာတရား ဟောတော်မူရာနေရာ၊ "မြဲနေ" ရဲ့ အဓိပ္ပာယ်က ဘုရားရှင် ၄၅ ဝါတိုင် ဝါဆိုတော်မူတဲ့အခါ ၂၅ ဝါတိုင်တိုင်



ဘုရားရှင် ပွင့်တော်မူရာ မဟာဗောဓိပင်



ဂယာမြို့ရှိ အရှင်ဒေါက်တာနန္ဒဝံသထံ စာရေး[illegible]ဝတ္ထုဆက်ကပ်နေစဉ်

www.burmeseclassic.com

www.burmeseclassic.com



ကုသိနာရုံ တန်ဆောင်းတော်ကြီး

မင်းကြီးနဲ့ မှူးမတ်ဆွေမျိုး ပြည်သူ ပြည်သားတွေက ဆီမီး၊ ပန်း၊ နံ့သာများနဲ့ တပျော်တပါး အားရဝမ်းသာ ကြိုဆိုခဲ့ကြပါတယ်။ ယင်းကိုအစွဲပြုပြီး သီတင်းကျွတ်လရောက်လေတိုင်း သီတင်းကျွတ်လပြည့်နေ့မှာ မီးထွန်းပွဲတော်ကို တောရော မြို့ပါမကျန် စည်စည်ကားကား ကျင်းပနေကြပါတယ်။ ဒါဟာ မြန်မာ့ရိုးရာ၊ မြန်မာ့ဓလေ့၊ မြန်မာ့ယဉ်ကျေးမှုကို ဖော်ဆောင်နေတာပဲ ဖြစ်ပါတယ်။

ထက်ကောင်းကင်မှာ လမင်းကြီးထွန်းလင်းတောက်ပတဲ့ ညတွေ

ငါးအများဆုံး သီတင်းသုံးတော်မူတဲ့ ဇေတဝန်ကျောင်းတော်ရာ နေရာအရပ် "ဆင်းနတ်ပြည်" ရဲ့ အဓိပ္ပာယ်က ဘုရားရှင် တာဝတိံသာနတ်ပြည်ကနေ ဗြဟ္မာ သိကြား နတ်တွေ အခြံအရံနဲ့ ပတ္တမြားစောင်းတန်း ရွှေစောင်းတန်း ငွေစောင်းတန်းမှ ဗျာန်နဲ့ဆင်းကြွတော်မူတဲ့ သက်သနဂိုရ်နေရာအရပ် လေးပါးတို့ကို မမေ့အပ် မမေ့ကောင်းဘူးလို့ အဓိပ္ပာယ်ရပါတယ်။

ဘုရားရှင်ဟာ ဗြဟ္မာ သိကြား နတ်တွေ အခြံအရံနဲ့ သီတင်းကျွတ်လပြည့်နေ့ည ၂ နာရီမှ ၃ နာရီအချိန်အတွင်းမှာ ဆင်းကြွတော်မူပါတယ်။ ဘုရားရှင်ကို ဖခမည်းတော် သုဒ္ဓေါဒန



ဝေသာလီမှ ဓာတ်တော်တိုက်



ချောက်ကန္တီစေတီ

ထဲမှာ လပြည့်ကျော် ၁ ရက်နေ့ဟာ အတောက်ပဆုံး အလင်းဆုံး ညတစ်ညပါ။ ဒါတင်မက လမင်းကြီးရဲ့ ပုံရိပ်သဏ္ဌာန်ဟာလည်း လပြည့်ညထက် ပိုပြီးဝိုင်းစက်နေပါတယ်။

အိန္ဒိယနိုင်ငံ ဗုဒ္ဓဂယာမြို့သို့ စာရေးသူ ဘုရားဖူးအဖွဲ့ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ(၁. ၁၂. ၂၀၁၃) တနင်္ဂနွေနေ့ နံနက် ၁၁ နာရီအချိန်မှာ စတင်ထွက်ခွာလာပြီး အိန္ဒိယလေဆိပ်ကို နေ့လယ် ၁ နာရီ ၁၅ မိနစ်အချိန်မှာ ရာသီဥတုကလည်းသာသာယာယာ ဘေးမသီရန်မခ အန္တရာယ်ကင်းရှင်းစွာနဲ့ ရောက်ရှိခဲ့ကြပါတယ်။



www.burmeseclassic.com

www.burmeseclassic.com




ဘုရားအဆူဆူ ပွင့်တော်မူရာ ဗုဒ္ဓဂယာရှိ မဟာဗောဓိစေတီကြီး



ဝေသာလီမှ ဓာတ်တော်တိုက်



လုမ္ဗိနီသာမော အင်ကြင်းတော



သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်ရာ

အဲဒီအချိန် အိန္ဒိယစံတော်ချိန်မှာ နေ့လယ် ၁၂ နာရီ ၁၅ မိနစ်အချိန်ပဲ ရှိပါသေးတယ်။ အိန္ဒိယနိုင်ငံဟာ စာရေးသူတို့ မြန်မာနိုင်ငံထက် ၁ နာရီ တိတိ နောက်ကျနေတာမို့ နေဝင်ချိန်ဟာ စာရေးသူတို့နိုင်ငံထက် တစ်နာရီနောက်ကျပြီးမှ နေဝင်ပါတယ်။

စာရေးသူဟာ ဘာသာရေးကျွမ်းများမှာ (က) ကျိုက်လတ်သန်းထိုက်(LL.B) (ခ) အရှင်သာသန ဆိုတဲ့ ကလောင်အမည်နှစ်မျိုးနဲ့ ရေးသားနေသူပါ။ အိန္ဒိယနိုင်ငံရှိ ဗုဒ္ဓဂယာသို့ စာရေးသူ ဘုရားဖူး ထွက်လာခြင်းမှာ အကြောင်းနှစ်ချက် ရှိပါတယ်။ ပထမတစ်ချက်က စာရေးသူတို့ ထေရဝါဒ ဗုဒ္ဓဘာသာဝင်တွေ အမြတ်တနိုး လေးစားကြည်ညိုရပြီး ဆရာတစ်ဆူ အားကိုးအားထားပြုကြရတဲ့ မြတ်စွာဘုရားရှင်ဖွားတော်မူရာ၊ ပွင့်တော်မူရာ၊ ဓမ္မစကြာဟောကြားထူး ဟောတော်မူရာ၊ ပရိနိဗ္ဗာန်စံတော်မူရာအရပ်တွေဖြစ်တဲ့ သံဝေဇနီယ ခေါ် သံဝေဂယူစရာ လေးဌာနတွေ ကိန်းအောင်းတည်ရှိနေတာရယ်၊

ဒုတိယတစ်ချက်က ဘုရားရှင်နဲ့ ဆက်နွယ်နေတဲ့ မမေ့အပ် မမေ့ကောင်းတဲ့ အရပ်လေးဌာနဖြစ်တဲ့ အဝိဇဟိတဌာနတွေ ကိန်းအောင်းတည်ရှိနေတာတွေကို မျက်မြင်ကိုယ်တွေ့ လေ့လာစူးစမ်းချင်တဲ့ ဆန္ဒ သဒ္ဓါစိတ်တွေ ပြင်းပြနေတာမို့ စာရေးသူဟာ မဇ္ဈိမအလင်း ဗုဒ္ဓဂယာဘုရားဖူးပို့ဆောင်ရေးအဖွဲ့နဲ့ ဆက်သွယ်ပြီး ဘုရားဖူးထွက်လာရခြင်း ဖြစ်ပါတယ်။

မြန်မာနိုင်ငံမှ အိန္ဒိယနိုင်ငံကို ရောက်တဲ့အထိ စာရေးသူဟာ လူဝတ်ကြောင်နဲ့ပါ။ ဂယာမြို့ မြန်မာဘုန်းတော်ကြီးကျောင်းဖြစ်တဲ့ မဇ္ဈိမသုခ ဖောင်ဒေးရှင်းကျောင်းကို စာရေးသူတို့အဖွဲ့ ၁. ၁၂. ၂၀၁၃နေ့ ညနေ ၃ နာရီ အချိန်မှာရောက်ပြီး အဲဒီကျောင်းမှာပဲ တစ်ညအိပ်တည်းခိုရန် ဦးသိန်းဝင်းထွဋ် အစီအစဉ်အရသဘောတူခဲ့ကြပါတယ်။

စာရေးသူရဲ့ဆန္ဒ တောင်းပန်လျှောက်ထားချက်အရ အဆိုပါတိုက်ကျောင်းကြီးရဲ့ ဦးစီးပဓာန နာယကဆရာတော်ဖြစ်တဲ့ ဒေါက်တာအရှင်နန္ဒဝံသ အရှင်သူမြတ်မှ ဥပဇ္ဈာယ်အဖြစ်ချီးမြှောက်ပေးတော်မူပါတယ်။


ယင်းနောက် သာသနဝိသောဓနီ ခဏ္ဍသိမ်တော်ကြီးမှာ ဥပဇ္ဈာယ်ဆရာ ဘဒ္ဒန္တကောဏ္ဍည၊ အနုသာသက ကမ္မဝါဆရာ ဘဒ္ဒန္တကောဏ္ဍည၊ ကာရကဆရာတော်အပါအဝင်သံဃာတော် ၁၁ ပါးတို့မှ စာရေးသူကို ရဟန်းဘောင်သို့ သွတ်သွင်းချီးမြှောက်တော်မူကြပါတယ်။

မှတ်ချက် - ဘုရားရှင် ပွင့်တော်မူရာ ဗုဒ္ဓဂယာနေရာဒေသမှာ ရဟန်းခံမည်ဆိုပါက ဥပဇ္ဈာယ်ဆရာ အနုသာသက၊ ကမ္မဝါဆရာ၊ ကာရကဆရာ၊ သံဃာတော်များ၏ အရေအတွက်ဟာ မြန်မာနိုင်ငံမှာ ရဟန်းခံသလို လေးငါးပါးနဲ့ မလုံလောက်ပါ။ မရနိုင်ပါ။




www.burmeseclassic.com


www.burmeseclassic.com




အနည်းဆုံး သံဃာတော် ၁၀ ပါးပြည့်စုံမှသာလျှင် ရှင်သာမဏေကို ရဟန်းအဖြစ်သို့ ချီးမြှောက်လေ့ရှိတာဟာ ဘုရားရှင် လက်ထက်တော်မှပင်ဖြစ်ကြောင်း လေ့လာမှတ်သားရပါတယ်။

ဘုရားရှင်ပွင့်တော်မူတဲ့ မဟာဗောဓိပင် စေတီတော်မြတ်ကြီးရဲ့ ပတ်ဝန်းကျင်မလှမ်းမကမ်း နေရာတွေမှာ မဏ္ဍပ် ၁၀ ခု ဆောက်လုပ်ထားတာကို မြင်တွေ့ရပါတယ်။ ပိဋကသုံးပုံရွတ်ဆိုပူဇော်နိုင်ရန် နိုင်ငံပေါင်း ကိုးနိုင်ငံန






www.burmeseclassic.com



ဘုရားရှင်၏ဓာတ်တော်ထားရာနေရာ ဓာတ်တော်တိုက်



ဘုရားရှင်၏နောက်ဆုံးမျိုးဆက် ဂေါ်တမဖွား သာကီဝင်မျိုးနွယ်

အပြည်ပြည်ဆိုင်ရာအဖွဲ့ (International group)တစ်ဖွဲ့၊ စုစုပေါင်း ဆယ်ဖွဲ့ ရွတ်ဆိုပူဇော်နိုင်ရန် ဆောက်လုပ်ထားကြောင်း သိရှိလေ့လာခွင့် ရခဲ့ပါတယ်။

မဟာဗောဓိပင် စေတီတော်မြတ်ကြီးရဲ့ ပတ်ဝန်းကျင်မှာ နိုင်ငံတကာ ပိဋကတ်သုံးပုံ ရွတ်ဆိုပူဇော်ပွဲကို ၂၀၀၅ ခုနှစ်မှာ စတင်ကျင်းပလာတာဖြစ်လို့ ယခု ၂၀၁၃ ခုနှစ်ဟာ ကိုးကြိမ်မြောက်ဖြစ်ပါတယ်။ နှစ်စဉ် ဒီဇင်ဘာ ၂ ရက်နေ့မှ ၁၂ ရက်နေ့အထိ ၁၁ ရက်တိတိ ရွတ်ဖတ်သရဇ္ဈာယ်ခဲ့ကြတာပါ။

ဗုဒ္ဓဂယာ မဟာဗောဓိစေတီတော်မြတ်ကြီးမှာ ပိဋကတ်သုံးပုံ ရွတ်ဆိုပူဇော်ပွဲကို ၂၀၀၅ ခုနှစ်မှာ သီရိလင်္ကာနိုင်ငံက စတင်တာဝန်ယူ ကျင်းပခဲ့တာပါ။ တစ်ဖန် ၂၀၀၅၊ ၂၀၀၆၊ ၂၀၀၇ ခုနှစ်အထိ သုံးနှစ်ဆက်တိုက် တာဝန်ယူကျင်းပခဲ့ပါတယ်။

၂၀၀၈ ခုနှစ်နဲ့ ၂၀၀၉ ခုနှစ် နှစ်ကြိမ်ဆက်တိုက်ကိုတော့ ထိုင်းနိုင်ငံမှ တာဝန်ယူ ကျင်းပခဲ့ပါတယ်။ ၂၀၁၀ ခုနှစ်နဲ့ ၂၀၁၁ ခုနှစ် နှစ်ကြိမ်ဆက်တိုက်ကိုတော့ လာအိုနိုင်ငံနဲ့ ဘင်္ဂလားဒေ့ရှ်နိုင်ငံ နှစ်နိုင်ငံ ပူးပေါင်းတာဝန်ယူကျင်းပခဲ့ပါတယ်။ ၂၀၁၂ ခုနှစ်နဲ့ ၂၀၁၃ ခုနှစ် နှစ်နှစ်ဆက်တိုက် နှစ်ကြိမ်ကိုတော့ မြန်မာနိုင်ငံမှ တာဝန်ယူကျင်းပခဲ့တာပါ။

ပိဋကတ်သုံးပုံး ရွတ်ဆိုပွဲကြီးမှာ ပါဝင်ခဲ့တဲ့ ကိုးနိုင်ငံကတော့ မြန်မာ၊ ထိုင်း၊ ကမ္ဘောဒီးယား၊ လာအို၊ သီရိလင်္ကာ၊ ဗီယက်နမ်၊ ဘင်္ဂလားဒေ့ရှ်၊ အိန္ဒိယ၊ နီပေါနိုင်ငံတို့ပဲ ဖြစ်ပါတယ်။ အုပ်စုတစ်စုအနေနဲ့ကတော့ အပြည်ပြည်ဆိုင်ရာအုပ်စုအဖွဲ့ (International group)ပါ။ စုစုပေါင်းနိုင်ငံပေါင်းက ကိုးနိုင်ငံ၊ အပြည်ပြည်ဆိုင်ရာအဖွဲ့ အုပ်စုက တစ်စု ပါဝင်ရွတ်ဆိုခဲ့ကြပါတယ်။

အဆိုပါ ရွတ်ဆိုပွဲကို လာရောက်ကြည်ညိုကြတဲ့ အပြည်ပြည်ဆိုင်ရာနဲ့ အနယ်နယ် အရပ်ရပ်မှ လူမျိုးမရွေး ဘာသာမရွေး ကျားမ မရွေး အလွှာပေါင်းစုံမှ လူပေါင်းစုံဟာ မဟာဗောဓိစေတီတော်မြတ်ကြီးရဲ့ ဝန်းကျင်မှာ ကြက်ပျံမကျ လွန်စွာမှစည်ကားနေပါတယ်။

စာရေးသူတို့ ဘုရားဖူးအဖွဲ့က ရှစ်ယောက်၊ မဇ္ဈိမအလင်းဘုရားဖူး ပို့ဆောင်ရေးမှ မန်နေဂျာ ဦးသိန်းဝင်းထွန်းနဲ့ တူတော်မောင် ကိုဟန်လင်းနိုင်၊ ၎င်းပြင် ဘာသာရေးဆိုင်ရာ ဘာသန္တရဗဟုသုတအနေနဲ့ ရောက်လေရာ နေရာဒေသတွေမှာ ရှင်းလင်းပြောကြားရန်အတွက် အဆိုပါ မဇ္ဈိမသုခဖောင်ဒေးရှင်းကျောင်းမှ ဦးဇင်း ဦးကေလာသမှလည်း စာရေးသူတို့အတူ လိုက်ပါလာခဲ့ပါတယ်။ အားလုံးပေါင်း ၁၁ ယောက်ပါ။

စာရေးသူတို့ဟာ ခေတ္တ တစ်ညတည်းခိုရာ မဇ္ဈိမသုခဖောင်ဒေးရှင်းကျောင်းမှ ၂.၁၂.၁၃ ရက် တနင်္လာနေ့၊ နံနက် ၇ နာရီအချိန်မှာ ဘုရားဖူးစတင်ထွက်ခဲ့ကြပါတယ်။ ရှေးဦးစွာ ဘုရားရှင်ပွင့်တော်မူရာ နေရာကို သွားရောက်ခဲ့ကြပါတယ်။

ဘုရား အလောင်းတော်ကို မဟာသက္ကရာဇ် ၆၈ ခုနှစ်၊ ကဆုန်လပြည့် သောကြာနေ့မှာ ကပိလဝတ်ပြည်နဲ့ ဒေဝဒဟပြည်ကြားမှာရှိတဲ့ လုမ္ဗိနီအင်ကြင်းတောမှာ မယ်တော်မာယာဝမ်းကြာတိုက်မှ ဖွားမြင်ပါတယ်။

အလောင်းတော်ဟာ မယ်တော်မာယာရဲ့ ဝမ်းကြာတိုက်မှ ဖွားမြင်တော်မူပြီးနောက် မြေပြင်ပေါ်မှာ ခြေခုနစ်လှမ်းလှမ်းပြီး ယာလက်ကိုမြှောက်တော်မူကာ လက်ညှိုးတော်ကိုထောင်လျက် ဒီလောကမှာ (က) ငါသာအကြီးကျယ်ဆုံး (ခ) ငါသာအသာဆုံး (ဂ) ငါသာအမြတ်ဆုံးလို့ စကားကြီး သုံးခွန်းကို ရဲရဲဝံ့ဝံ့ ဟစ်ကြွေးတော်မူပါတယ်။

အလောင်းတော်ဟာ သတ္တဝါတွေရဲ့ အကျိုးစီးပွား ဆန္ဒတွေကို ပြည့်ဝစေတတ်လို့ သိဒ္ဓတ္ထလို့ အမည်တွင်ပါတယ်။ အလောင်းတော်ဟာ သာကီဝင်မင်းမျိုး ဂေါတမနွယ်ဖွားဖြစ်ပါတယ်။





www.burmeseclassic.com

www.burmeseclassic.com



ဘုရားရှင်၏ဂုဏ်တော် ကိုးပါးနှင့် မဟာသတိပဋ္ဌာနသုတ်တော်ကြီးကို ရွတ်ဖတ်သရဇ္ဈာယ်နေကြပုံ

ယင်းနောက် စာရေးသူတို့အဖွဲ့ဟာ ဘုရားရှင်ပွင့်တော်မူတဲ့ နေရာဌာနကို သွားရောက်ခဲ့ကြပါတယ်။

ဘုရား အလောင်းတော်ဟာ (၁၆)နှစ်သား အရွယ်တော်မှာ ယသောဓရာမင်းသမီးနဲ့ထိမ်းမြား၊ မင်းစည်းစိမ်ကို (၁၃)နှစ် ခံစား၊ (၂၉)နှစ်သားအရွယ်မှာ သူအို၊ သူနာ၊ သူသေ၊ ရဟန်း ဆိုတဲ့ နိမိတ်ကြီးလေးပါးကို မြင်ပြီး မဟာသက္ကရာဇ် ၉၇ ခုနှစ် ဝါဆိုလပြည့် တနင်္လာနေ့မှာ တောထွက်ပြီး ရဟန်းပြုခဲ့ပါတယ်။

ဘုရား အလောင်းတော်ဟာ သာမန်လူသားတို့ ကျင့်နိုင်ခဲတဲ့ အကျင့်မြတ်ဖြစ်တဲ့ ဒုက္ကရစရိယာအကျင့်ကို ရဟန်းအဖြစ်နဲ့ ဥရုဝေလတောမှာ (၆) နှစ်ပတ်လုံးကျင့်၊ ကိုယ်ခန္ဓာချို့ယွင်းလာ၊ ခန္ဓာကိုယ်အင်အားမရှိရင် တရားမကျင့်နိုင်၊ တရားမရနိုင်တာကို ဆင်ခြင်မိတော့ မဇ္ဈိမပဋိပဒါလို့ခေါ်တဲ့ အလယ်အလတ်လမ်းစဉ်ကို ကျင့်သုံးပြီး တရားအားထုတ်ခဲ့ပါတယ်။

သားဆုပန်တဲ့ သုဇာတာ သူဌေးသမီးမှ သေနာနိဂုံးရွာအနီးမှာ ကပ်လှူခဲ့တဲ့ နို့ဃနာဆွမ်းကို အဇပါလညောင်ပင်ရင်းမှာ ၄၉ လုတ် ဘုဉ်းပေးတော်မူပြီးနောက် မဟာဗောဓိပင်သို့ ကြွတော်မူခဲ့ပါတယ်။ အလောင်းတော်ဟာ မြက်ထမ်းသမား သောတ္ထိယ လှူဒါန်းတဲ့ မြက်ရှစ်ဆုပ်ကို မဟာဗောဓိညောင်ပင်ရင်းမှာ ကြဲဖြန့်လိုက်တဲ့အခါ အပရာဇိတပလ္လင်ကြီး ပေါ်လာပါတယ်။

ယင်းနေ့ နေမဝင်မီ ဒေဝပုတ္တမာရ်(မာရ်နတ်ရန်)ကို အောင်မြင်တော်မူပြီး ညဉ့်ဦးယံအချိန်မှာ မိမိနှင့် သူတစ်ပါးတို့ရဲ့ ရှေးရှေးကဘဝများကို မြင်နိုင်စွမ်းတဲ့ ပုဗ္ဗေနိဝါသာနုဿတိဉာဏ်တော်ကိုလည်းကောင်း၊ သန်းခေါင်ယံ ခေါ် ညဉ့်လယ်ယံ၌ အကြီးအသေးမဟူ နတ်တို့ရဲ့ မျက်စိပမာ ထိုးဖောက်မြင်နိုင်စွမ်းတဲ့ဒိဗ္ဗစက္ခုဉာဏ်တော်ကိုလည်းကောင်း၊ မိုးသောက်ယံ ခေါ် အရုဏ်တက်ချိန်မှာ သစ္စာတရား (သစ္စာလေးပါး)ကို သိမြင်တော်မူကာ ကိလေသာ အလုံးစုံကို ကုန်ခန်းတဲ့ အာသဝက္ခယဉာဏ်တော်ကိုလည်းကောင်း ရတော်မူပါတယ်။

အဲဒီလို အရဟတ္တမဂ်ဉာဏ်ကို ရတော်မူတာကြောင့် သဗ္ဗညုတဉာဏ် ခေါ် အလုံးစုံကို အကုန်သိမြင်နိုင်တဲ့ ဉာဏ်တော်ကို ရတော်မူပါတယ်။

အလောင်းတော်ဟာ အသက် (၃၅) နှစ်အရွယ် မဟာသက္ကရာဇ် ၁၀၃ ခုနှစ် ကဆုန်လပြည့် ဗုဒ္ဓဟူးနေ့ မိုးသောက်ယံအချိန်မှာ လောကသုံးပါးတွင် အတုမရှိတဲ့ သဗ္ဗညုဘုရားအဖြစ်ကို ရောက်ရှိတော်မူပါတယ်။

ယင်းနောက် စာရေးသူတို့ ဘုရားဖူးအဖွဲ့ဟာ ဘုရားရှင် ဓမ္မစကြာတရားထူး ဟောတော်မူတဲ့ ဗာရာဏသီမြို့ရှိ ဣသိပတန မိဂဒါဝုန်တောကိုသွားရောက်ခဲ့ကြပါတယ်။

ဘုရားရှင်ဟာ ကောဏ္ဍည အစရှိတဲ့ ပဉ္စဝဂ္ဂီငါးဦးအား ဓမ္မစကြာတရားကို ဦးဦးဖျားဖျား ဟောတော်မူခဲ့ပါတယ်။ ပဉ္စဝဂ္ဂီငါးဦးဟာ ဓမ္မစကြာတရားကို နာယူအပြီးမှာ ရုပ်နာမ်ကို အနိစ္စ၊ ဒုက္ခ၊ အနတ္တလို့ မြင်သွားပြီး ငါးဦးစလုံး သောတာပန်တွေဖြစ်သွားကြပါတယ်။ ယခင်က ဘုရားရတနာ၊ တရားရတနာဆိုတဲ့ ရတနာနှစ်ပါးသာ ရှိခဲ့ရာမှ ယခုအခါ သံဃာရတနာ ပေါ်လာပါတယ်။ ဘုရားရှင်၏ သာသနာတော်တွင် အရှင်ကောဏ္ဍညဟာ ပထမဦးဆုံးသော ရဟန်းသံဃာဖြစ်ပါတယ်။

အရှင်ကောဏ္ဍညက ဝါဆိုလပြည့်နေ့မှာ၊ အရှင်ဝပ္ပက ဝါဆိုလပြည့်ကျော် ၁ ရက်နေ့မှာ၊ အရှင်ဘဒ္ဒိယက ဝါဆိုလပြည့်ကျော် ၂ ရက်နေ့မှာ၊ အရှင်မဟာနာမ်က ဝါဆိုလပြည့်ကျော် ၃ ရက်နေ့မှာ၊ အရှင်အဿဇိက ဝါဆိုလပြည့်ကျော် ၄ ရက်နေ့မှာ ဘုရားရှင် ဟောကြားတော်မူတဲ့ အနတ္တလက္ခဏသုတ် နာကြားအပြီးမှာ အသီးသီး ရဟန္တာတွေ ဖြစ်သွားကြပါတယ်။

ယင်းနောက် စာရေးသူတို့ဘုရားဖူးအဖွဲ့ဟာ ဘုရားရှင် ပရိနိဗ္ဗာန်သို့ ဝင်စံတော်မူတဲ့ ကုသိနာရုံပြည် မလ္လာမင်းတို့ရဲ့ ဥယျာဉ်ကို သွားရောက်ခဲ့ကြပါတယ်။

ဘုရားရှင်ဟာ (၄၅)နှစ်တာ ကာလပတ်လုံး သတ္တဝါတွေရဲ့ အကျိုးစီးပွားကို မနားမနေ ဆောင်ရွက်တော်မူခဲ့တာကြောင့် ဘုရားရှင်ဟာ သက်တော် (၈၀) ဝါတော် (၄၅)ဝါ ရရှိချိန်မှာ မဟာသက္ကရာဇ် ၁၄၈ ခုနှစ် ကဆုန်လပြည့် အင်္ဂါနေ့မှာ ကုသိနာရုံပြည် မလ္လာမင်းတို့ ဥယျာဉ်မှာ ပရိနိဗ္ဗာန် ဝင်စံတော်မူခဲ့ပါတယ်။

လပြည့်ဝန်းမဂ္ဂဇင်း (မတ်လ၊ ၂၀၁၄)



www.burmeseclassic.com

www.burmeseclassic.com

အဲဒီ ဘုရားရှင် ဖွားတော်မူရာဌာန၊ ပွင့်တော်မူရာဌာန၊ ဓမ္မစကြာ တရားဟောကြားတော်မူရာဌာန၊ ပရိနိဗ္ဗာန်သို့ ဝင်စံတော်မူတဲ့ လေးဌာနဟာ သံဝေဇနိယ ခေါ် သံဝေဂယူစရာ လေးဌာနပဲ ဖြစ်ပါတယ်။

ယင်းနောက် ဘုရားရှင်ဟာ ၄၅ ဝါတော်အနက် ၂၅ နှစ် ဝါဆိုတော်မူခဲ့တဲ့ သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်ရာဌာနနဲ့ ဘုရားရှင် တာဝတိံသာနတ်ပြည်မှ လူ့ပြည်ဖြစ်တဲ့ သင်္ကဿနဂိုရ်ကို ဆင်းခဲ့တဲ့ နေရာဌာနတို့ဟာ အဝိဇဟိတလို့ခေါ်တဲ့ မမေ့အပ် မမေ့ကောင်းတဲ့ နေရာဌာနတွေပဲ ဖြစ်ပါတယ်။

ယင်းနောက် စာရေးသူတို့ဘုရားဖူးအဖွဲ့ဟာ ဥရုဝေလတော ဂိဇ္ဈကုဋ်တောင်ပေါ်မှာရှိတဲ့ ဘုရားရှင် ဒုက္ကရစရိယာကျင့်တော်မူရာ နေရာ၊ ဘုရားရှင်အား သုဇာတာ သူဌေးသမီးမှ နို့ဃနာဆွမ်း ကပ်လှူတဲ့နေရာ၊ ဘုရားရှင် နို့ဃနာဆွမ်းကို ၄၉ လုတ် ဘုဉ်းပေးတော်မူပြီးနောက် ရွှေခွက်အား နေရဉ္ဇရာမြစ်အတွင်းသို့ အဓိဋ္ဌာန်ဖြင့် မျှောခဲ့တဲ့နေရာ၊ ရာဇဂြိုဟ်မြို့မှာရှိတဲ့ ဗိမ္ဗိသာရမင်းကြီးအား အကျဉ်းချထားသည့်နေရာ၊ အလှမာန်တက်နေတဲ့ ခေမာမိဖုရားကို ဘုရားရှင်မှ အလှမာန်ကို ချွတ်တဲ့နေရာ၊ ဝေသာလီမြို့မှာရှိတဲ့ ခတ်တော်တိုက်ရှိတဲ့နေရာ၊ အင်္ဂါရစေတီတော်နေရာ၊ ဘုရားရှင်အား ညီတော်အာနန္ဒာမှ ရေကြည်တော်ဆက်ကပ်တဲ့နေရာ၊ မဟာပရိနိဗ္ဗာန်စေတီတော်နေရာ၊ သုဒ္ဓေါဒနမင်းကြီးရဲ့ နန်းတော်နေရာ၊ နိဂြောဓာရုံကျောင်းတော်နေရာ၊ လှည်းသား ငါးရာ လှည်းဘီးကျွံတဲ့နေရာ၊ ဘုရားအလောင်းတော်မှ ခြေခုနစ်လှမ်း လှမ်းကာ စကားကြီးသုံးခွန်း ပြောခဲ့တဲ့နေရာ၊အင်္ဂုလိမာလစေတီတော်နေရာ၊ အနာထပိဏ်သူဌေး ဆောက်လုပ် လှူဒါန်းခဲ့တဲ့ ကပိလဝတ်ပြည် ဇေတဝန်ကျောင်းတော်ရာနေရာ၊ ဘုရားရှင် မဟာသတိပဋ္ဌာနသုတ်ကို ဟောတော်မူတဲ့နေရာ၊ ချောက်စေတီ တည်ထား ကိုးကွယ်ခဲ့တဲ့နေရာ၊ ဘုရားရှင်အား ပဉ္စဝဂ္ဂီငါးဦးမှ ခရီးဦးကြိုပြုတဲ့နေရာ၊ ဓမ္မစကြာတရား ဟောတော်မူတဲ့နေရာ၊ ဆရာကြီးဦးဂိုအင်ကာဆောက်လုပ်တဲ့ ဘာသာပေါင်းစုံ ချစ်ကြည်ရေးဆုတောင်းဝတ်ပြုရာဌာန အဆောက်အအုံကြီးနေရာ၊ နီပေါနိုင်ငံရှိ ကမ္ဘာ့အံ့ဖွယ် ခံတပ်ကြီးတည်ရှိရာ နေရာ၊ မိဖုရားအလောင်းထားတဲ့ ကမ္ဘာ့အံ့ဖွယ် ဂူကြီးတည်ရှိရာနေရာ၊ ဗုဒ္ဓဂယာမှာရှိတဲ့ ကမ္ဘာ့အံ့ဖွယ်၊ ကမ္ဘာတွင် ဒုတိယညာဏ်တော် အမြင့်ဆုံး ကမာကုရ ဂျပန်ဘုရားကြီး တည်ရှိရာနေရာ၊ ထိုင်းဘုရားပါမကျန် လေ့လာဖူးမြော်ခဲ့ကြပါတယ်။



ကုရုတိုင်းရှိ ဘုရားရှင် မဟာသတိပဋ္ဌာန်တရား ဟောတော်မူရာနေရာ

ဘုရားဖူးခရီးစဉ် အကွာအဝေးကတော့ ဗုဒ္ဓဂယာမှ ဗာရာဏသီသို့ ၁၅၇ မိုင် (၂၁၅ ကီလိုမီတာ)၊ ဗာရာဏသီမှ မိဂဒါဝုန်သို့ ၈ မိုင် (၁၃ ကီလိုမီတာ)၊ မိဂဒါဝုန်မှ သာဝတ္ထိသို့ ၂၁၇ မိုင် (၃၇၇ ကီလိုမီတာ)၊ သာဝတ္ထိမှ လုမ္ဗိနီသို့ ၁၃၉ မိုင် (၂၂၂ ကီလိုမီတာ) လုမ္ဗိနီမှ ကုသိနာရုံသို့ ၈၇ မိုင် (၁၃၉ ကီလိုမီတာ)၊ ကုသိနာရုံမှ ပတ္တနားသို့ ၁၄၆ မိုင် (၂၃၃ ကီလိုမီတာ)၊ ပတ္တနားမှ ရာဇဂြိုဟ်သို့ ၆၂ မိုင် (၉၉ ကီလိုမီတာ)၊ ရာဇဂြိုဟ်မှ ဗုဒ္ဓဂယာသို့ ၆၀ မိုင် (၉၆ ကီလိုမီတာ) စုစုပေါင်း အကွာအဝေး ၈၇၆ မိုင်ဖြစ်ပြီး ကီလိုမီတာမှာ ၁၄၃၀ အသီးသီး ကွာဝေးကြပါတယ်။

နီပေါနိုင်ငံ ကပိလဝတ်ပြည်မှာ ဘုရားရှင်ရဲ့ နောက်ဆုံးအမျိုးအနွယ်ဖြစ်တဲ့ ဘုန်းတော်ကြီးတစ်ပါးကိုလည်း ဖူးတွေ့ခဲ့ရပါတယ်။ ဘွဲ့တော်အမည်က BHIKKHU SURYA MANGAL ဖြစ်ပြီး သက်တော် (၈၆)နှစ်၊ ဝါတော်က (၂၀)ပါ။

အသက် (၆၆)နှစ်ကျမှ ရဟန်းဝတ်တဲ့ လူပျိုကြီးပါ။ အဆိုပါဘုန်းကြီးမှာ အိမ်ထောင်ရှိမယ်ဆိုရင် ဘုရားရှင်ရဲ့အမျိုးအနွယ်ဟာ ကျန်ရှိနေဦးမှာပေါ့။ နီပေါနိုင်ငံ ကပိလဝတ်ပြည် အဝေးပြေးလမ်းမကြီးဘေး နှစ်ထပ်တိုက်ကျောင်းမှာ တစ်ပါးတည်း သီတင်းသုံးနေတော်မူပါတယ်။ ကျန်းမာရေးကောင်းပြီး ဝဖြိုးကာ အသားအရေဟာလည်း စိုစိုပြည်ပြည်နဲ့မို့ ကြည်ညိုဖွယ်ရာ ဘုန်းတော်ကြီးတစ်ပါးကိုလည်း မထင်မှတ်ဘဲဖူးခွင့် လှူခွင့် ရရှိခဲ့ပါသေးတယ်။

စာရေးသူတို့ ဘုရားဖူးအဖွဲ့ဟာ (၁၅. ၁၂. ၂၀၁၃)ရက်နေ့ နေ့လယ် ၁၂ နာရီခွဲအချိန်မှာ အိန္ဒိယနိုင်ငံလေဆိပ်မှ ရန်ကုန်သို့ နေ့လယ် ၂ နာရီခွဲအချိန်မှာ ပြန်လည်ရောက်ရှိခဲ့ကြပါတယ်။

❐ အရှင်သာသန(ကျိုက်လတ်)



www.burmeseclassic.com

www.burmeseclassic.com

# ဝိမာနလာဂုတ္တိလ

ဆင်ဖြူကျွန်းအောင်သိန်း



လပြည့်ဝန်းမဂ္ဂဇင်း (မ[illegible]လ ၂၀၁၄)

www.burmeseclassic.com

www.burmeseclassic.com

ဂုတ္တိလဇာတ်သည် ၅၅၀ နိပါတ်တော်များ ဒုကနိပါတ်အမှတ်စဉ် ၉၃ ၌ ပါရှိသည်။ ဘုရားလောင်းစောင်းဆရာ ဂုတ္တိလထံတွင် မုသိလအမည်ရှိသော တပည့်က စောင်းပညာ သင်ယူကာ တတ်မြောက်ပြီးနောက် ပြဟ္မဒတ်မင်းထံ ဝင်ရောက်အရေးဆိုသည်။ ဆရာနှင့် တန်းတူ လခရိက္ခာ ပေးရမည်ဟူ၏။

ပြဟ္မဒတ်မင်းက ဆရာနှင့် တပည့်ကို စောင်းတီးအပြိုင်ခိုင်းရာ ဂုတ္တိလဘက်မှ သိကြားမင်းက ဝင်ရောက် ကူညီသည်။ စောင်းကြိုးတွေကို ဖြတ်ပစ်ပြီး ဂုတ္တိလ၏စောင်းက အသံထွက်သည်။ မုသိလက တစ်ချောင်းဖြတ်ရုံဖြင့် ဒုက္ခတွေ့ပြီး ရှုံးသွား၏။

သို့သော် မန္တလေးမြို့ ဝိဇိတာရုံ ကျောင်းတိုက်၏ နာယကချုပ်ဖြစ်တော်မူသော ဘဒ္ဒန္တဝါသနထေရ် မြန်မာပြန်သော ဝိမာနဝတ္ထုပါ ဂုတ္တိလ စောင်းဆရာဝတ္ထုနှင့်ကား ကွဲလွဲနေသည်။ ကွဲပွဲမှာ ဤသို့ ဖြစ်ပေ၏။

မြတ်စွာဘုရား၏ လက်ဝဲတော် ချီးမြှင့်တော်မူသော ရှင်မဟာမောဂ္ဂလ္လာန် မထေရ်မြတ်ကြီးသည် နတ်ပြည်သို့ကြွတော်မူရာ နတ်သမီးတစ်ထောင်စီအခြံအရံရှိသော နတ်သမီး ၃၆ ယောက်ကို တွေ့သဖြင့် အဘိဏှာန္တေန ဝဏ္ဏေန် အစရှိသည့် သုံးဂါထာတို့ဖြင့် အစဉ်အတိုင်း မေးမြန်းတော်မူသည်တွင် နတ်သမီးများက ဝတ္ထုတ္တမဒါယိကာ နာရီ အစရှိသော ဝိထာများဖြင့် ပြန်လည်လျှောက်ထားကြ၏။

မထေရ်မြတ်ကြီးသည် ဝေဠုဝန်ကျောင်းတော်သို့ ပြန်ရောက်လျှင် ထိုအကြောင်းကိုမြတ်စွာဘုရားသို့လျှောက်ထား၏။ မြတ်စွာဘုရားကလည်း ထိုနတ်သမီးများသည် ငါ့မေးစဉ်ကလည်း ထိုသို့ပင် ဖြေကြားကြသည်ဟု မိန့်တော်မူ၏။ ထိုအခါ တရားနာပရိသတ်က ထိုနတ်သမီးများအကြောင်း ဟောကြားပေးပါရန် လျှောက်ထားကြသဖြင့် မြတ်စွာဘုရား ဟောကြားတော်မူ၏။

တိမ္ဗရုနတ်မင်း၊ နာရဒရသေ့တို့ကဲ့သို့ အနယ်နယ်အရပ်ရပ်၌ ပျံ့နှံ့ကျော်ကြား ထင်ရှားသော စောင်းဆရာ ဂုတ္တိလထံသို့ ဥဇ္ဇေနီပြည်သား စောင်းသမား မုသိခသည် ချဉ်းကပ်ကာ စောင်းအတတ် သင်ပေးရန် တောင်းပန်ရာ ဂုတ္တိလက ငြင်းပယ်သည်။

စောင်းဆရာ ဂုတ္တိလသည် လက္ခဏာပညာလည်း ကျွမ်းကျင်သည်။ ထို့ကြောင့် "ဤယောက်ျားက မညီညွတ်သော စိတ်အလို ရှိသူဖြစ်၍ ရန့်ရင်းကြမ်းတမ်း ကျေးဇူးကန်းသူ ဖြစ်လတ္တံ့၊ မချီးမြှောက်အပ်၊ မချီးမြှောက်ထိုက်" ဟု သိသဖြင့် ငြင်းပယ်ခြင်းဖြစ်၏။

သို့ရာတွင် စောင်းသမား မုသိလသည် ဂုတ္တိလ၏ မျက်မမြင် မိဘနှစ်ပါးကို ပြေးကပ်သည်။ လုပ်ကျွေးခစားပြီး သနားအောင် ပြောသည်။ ထိုအခါ မျက်မမြင်မိဘနှစ်ပါးက သားကိုခေါ်၍ မုသိလကို ပညာသင်ပေးရန် အခါခါ အထပ်ထပ် ပြောကြသည်။ ဂုတ္တိလမှာ မိဘစကားကို မပယ်ရှားနိုင်ဘဲ မုသိလကို စောင်းပညာ သင်ပေးရတော့သည်။

ဂုတ္တိလသည် မိဘစကားကြောင့် သင်ပေးရသောအခါတွင်ကား စိတ်ရင်းစေတနာကောင်းဖြင့် ဆရာစားမချန်ဘဲ သင်ပေးသည်။ မုသိလမှာ စောင်းပညာ အခြေခံရှိသည်။ ကြိုးစားသည်။ ထို့ကြောင့် လျင်မြန်စွာတတ်မြောက်သည်။ သို့ဖြင့် တစ်နေ့သောအခါတွင် မုသိလသည် ဆရာထံ ချဉ်းကပ်ပြီး တောင်းပန်သည်။

"ဆရာ ဘုရင်မင်းမြတ်ရဲ့ ရွှေတော်မှာ ပညာစွမ်းပြလိုတဲ့အတွက် ကျွန်တော့်ကို နန်းတော်ထဲ ခေါ်သွားပါ ဆရာ"

ထိုအခါ ဆရာဂုတ္တိလသည် . .

"ဤမုသိလသည်ကား ငါ့ထံ၌ စောင်းအတတ်ပညာ သင်ယူသော ငါ့တပည့် ဖြစ်သည်၊ ထောက်တည်ရာ အားကိုးရာ ရပါစေတော့" ဟူသည့် စေတနာ ဖြစ်ပေါ်လာသဖြင့် မုသိလကို ဘုရင့်ရွှေတော်သို့ ခေါ်ဆောင်သွား၏။

"အရှင်မင်းမြတ် ကျွန်တော်မျိုးရဲ့ လက်ထွက် တပည့်ရဲ့ စောင်းသံကို နားဆင်ကြည့်တော်မူပါ"

စောင်းဆရာ ဂုတ္တိလသည် တပည့်ကို ယုံကြည်စိတ်ချစွာဖြင့် ဘုရင်မင်းမြတ်ထံ အပ်နှံထားခဲ့ပြီး အိမ်သို့ပြန်လာ၏။

တပည့်မုသိလလည်း ဘုရင်မင်းမြတ်ရွှေတော်တွင် ဆရာသင်ကြားထားသမျှကို တီးခတ်ပြသရာ ဘုရင်မင်းမြတ် သဘောတော်ကျသည်။

"မောင်မင်း. . . ငါ့ထံမှာ ခစားပေတော့၊ လစာရိက္ခာအဖြစ် ဂုတ္တိလရဲ့ ထက်ဝက် ပေးသနားမယ်"

"ကျွန်တော်မျိုးဟာ ဆရာလောက် တတ်တဲ့အတွက် ဆရာနဲ့တန်းတူ ပေးပါ ဘုရား"

"မောင်မင်း ဆရာမှာ ကြီးမားတဲ့ ဂုဏ်ထူးဝိသေသရှိတယ်၊ ဒါကြောင့် မောင်မင်းရဲ့နှစ်ဆ ပေးတာဖြစ်တယ်"

ကျေးဇူးကန်းတတ်သူ အဖြစ်ဆရာဂုတ္တိလမြင်ထားသည်မှာ မှန်ချေပြီ။

သူသည် . . .

"ကျွန်တော်မျိုးနဲ့ ဆရာဂုတ္တိလကို ယှဉ်ပြီးကြည့်ပါဘုရား" ဟု တင်လျှောက်ပြီး နန်းတော်မှ ထွက်ခဲ့၏။

"အို လူအပေါင်းတို့. . . ယနေ့၌ ခုနစ်ရက်မြောက်သောနေ့တွင် ပြဟ္မဒတ်မင်း၏ ရွှေတော်၌ ဆရာဂုတ္တိလနှင့် အကျွန်ုပ်တို့ စောင်းအတတ်ပညာကို ပြသကြပါမယ်၊ ကြည့်ရှုနားဆင်လိုသူများ မင်းရင်ပြင်ကို လာခဲ့ကြပါ"

မုသိလ ထိုသို့ လျှောက်ပြီးအော်ဟစ်သောအသံကို ဂုတ္တိလ ကြားသောအခါ ဤသို့ စဉ်းစား၏။





www.burmeseclassic.com

www.burmeseclassic.com

"မုသိလဟာ ပျိုမျစ်ငယ်ရွယ် သလောက် ငါဟာ အရွယ်ရင့်ရော်ပြီး အားခွန်ဆုတ်ယုတ်နေပြီ၊ ဒီတပည့်ကို ရှုံးရတာထက် သေတာကမှ ကောင်းဦး မယ်"

ဂုတ္တိလသည် တောထဲသို့ဝင်ပြီး ကြိုးဆွဲချသေရန် ကြိုးစား၏။ သို့ရာတွင် မသေရဲသဖြင့် အိမ်သို့ ပြန်လာပြီးမှ သေတာပဲ ကောင်းပါတယ်ဟု စိတ်ကူး ရပြန်၏။ သတ်သေရန် တောထဲသို့ တစ်ဖန်ဝင်၏။ မသေရဲသဖြင့် ပြန်လာ ပြီးမှ တောထဲသို့ တစ်ဖန်ဝင်၏။

ဤသို့ဖြင့် ဆရာဂုတ္တိလ သွား ချည်ပြန်လှည့် လုပ်သောကြောင့် မြက် ပင်တွေ ကျွတ်ကာ လမ်းဖုန်ဖုန်ထနေ၏။ ထိုအခါတွင်မှ နတ်တို့သေဋ္ဌနင်း သိကြား မင်းသည် ရောက်ရှိလာပြီး ကိုယ်ထင်ပြ လျက် မေးမြန်းလေသည်။

ဂုတ္တိလက အားငယ်စွာ ပြောပြ လျှင် သိကြားမင်းက ဤသို့ အားပေး စကားပြော၏။

"ကျွန်တော့်လို တပည့်ရှိတဲ့ အတွက် ဆရာ မရှုံးရဘူး၊ မုသိလ ရှုံးရ မယ်၊ စိတ်အေးလက်အေးနဲ့ ဆရာပြန် သွားပြီး စောင်းတီးလှည့်ပါ"

သိကြားမင်းက အားပေးသော ကြောင့် ဂုတ္တိလသည် ခုနစ်ရက်မြောက် နေ့တွင် မင်းရင်ပြင်ရှိ မဏ္ဍပ်သို့ လာခဲ့ ၏။ ထိုပွဲသို့ သိကြားမင်းလာသော်ငြား ဂုတ္တိလတစ်ဦးတည်းသာ မြင်ရ၏။

စောင်းတီး ပြိုင်ကြပြီ။ ဂုတ္တိလ တစ်ကျော့၊ မုသိလတစ်ကျော့ တီးကြ ၏။ ပရိသတ်၏နားထဲတွင် နှစ်ယောက် လုံး ကောင်းနေကြ၏။ သိကြားမင်းက ဂုတ္တိလကို စောင်းကြိုးတစ်ချောင်းဖြတ် ပြီး အတီးခိုင်း၏။ မုသိလ ကောင်းစွာ မလိုက်နိုင်။

ဂုတ္တိလမှာ စောင်းကြိုး ခုနစ် ချောင်းဖြတ်ပစ်ငြားစောင်းသံမပျက်ချေ။ ဤသို့ဖြင့် မုသိလမှာ ခေါင်းငိုက်စိုက်ကျ လျက် ရှုံးသွားလေတော့သည်။ သိကြား မင်းလည်း ဆရာဂုတ္တိလကို ဝမ်းမြောက် ဝမ်းသာ စကားများပြောပြီး နတ်ပြည် သို့ ပြန်သွားလေ၏။

"အရှင်သိကြားမင်း၊ ဘယ်သွား နေတာလဲ ဘုရား"

"အလောင်းတော်ဂုတ္တိလ စောင်း ဆရာကို သွားပြီးစောင့်ရှောက်ခဲ့ရတယ်"

နတ်သမီးများက ဝန်းရံမေးမြန်း သဖြင့် သိကြားမင်းက ပြန်လည်ဖြေ ကြား၏။

"အဲဒီစောင်းဆရာကို မြင်ချင်ပါ တယ် ဘုရား"

"သူ့လက်သံကိုလဲ ကြားပါရစေ ဘုရား"

သို့ဖြစ်သောကြောင့် သိကြားမင်း မှာ ရထားမောင်းသောနတ်သားကို ခေါ် ယူရ၏။

"အချင်းမာတလိ၊ စောင်းဆရာ ဂုတ္တိလကို သွားရောက်ခေါ်ဆောင်ချေ၊ ငါက အခေါ်လွှတ်တယ်ပြော"

ဤသို့ဖြင့် စောင်းဆရာဂုတ္တိလ သည် မသေသေးဘဲနတ်ပြည်သို့ရောက် သော လူသားတစ်ယောက် ဖြစ်လာ၏။

စောင်းဆရာဂုတ္တိလသည် နတ် သမီးများ ဝိုင်းအုံကြည့်သည်ကို မရှောင် လွှဲနိုင်။

သို့ရာတွင် စောင်းတီးပြရန်မူ အလွယ်တကူ မလိုက်လျောပေ။

"အရှင်သိကြားမင်း ကျုပ်ဟာ အခကြေးငွေယူပြီး စောင်းတီးစားသူဖြစ် တဲ့အတွက် အလကားတီးမပြနိုင်ပါဘူး"

"အရှင် ဂုတ္တိလ၊ ဘယ်လို အဖိုး အခယူချင်ပါသတုံး"

"အို . . သိကြားမင်း၊ ကျုပ်ဟာ တခြားအဖိုးအခကို မလိုချင်ပါဘူး၊ နတ် သမီးတစ်ပါးစီဟာ မိမိတို့ပြုခဲ့တဲ့ကုသိုလ် ကောင်းမှု အဖို့ဘာဂကို ပြောပြတာဟာ အဖိုးအခပါပဲ"

ဤသို့ဖြင့် သိကြားမင်း၏ အလုပ် အကျွေး နတ်သမီးခုနစ်ယောက်သည် အရှင်မဟာမောဂ္ဂလ္လာန် မေးမြန်းသော အခါတွင် ဖြေကြားမည့်အဖြေကို ဂုတ္တိ လစောင်းဆရာသို့ ဖြေကြားခဲ့ကြ၏။

ထိုနတ်သမီးများ၏ ကဿပ မြတ်စွာဘုရား ရှင်လက်ထက်တော်၌ ပြုခဲ့သော ကုသိုလ်ကောင်းမှုများမှာ အောက်ပါအတိုင်း ဖြစ်ပေ၏။

(၁) ကဿပမြတ်စွာဘုရား၏ တပည့် ရဟန်းတော်တစ်ပါးကို အလွန် ကောင်းမြတ်သော အဝတ်ကို ရွေးချယ်၍ ပေးလှူခဲ့ဖူးသူ။
(၂) အလွန်ကောင်းမြတ်သော မြတ် လေးပန်းကို ပေးလှူခဲ့ဖူးသူ။
(၃) ကဿပမြတ်စွာဘုရား၏ တပည့် ရဟန်းတော်တစ်ပါးသို့ အလွန် ကောင်းမြတ်သော စန္ဒကူးနံ့သာ ကို ပေးလှူခဲ့ဖူးသူ။
(၄) အလွန်ကောင်းမြတ် ချိုမြိန် သော သစ်သီးတို့ကို ပေးလှူခဲ့ဖူး သူ။
(၅) ကြံရည်ကို ပေးလှူခဲ့ဖူးသူ။
(၆) ကဿပမြတ်စွာဘုရားရှင် ပရိ နိဗ္ဗာန်စံလွန်အပြီးတွင် တည် ထားသော ဥဒိဿစေတီတော်၌ လက်ငါးချောင်းရာ နံ့သာဖြင့် ပူဇော်ခဲ့သူ။
(၇) အင်္ဂါရှစ်ဖြာဖြင့် ပြည့်စုံသော ဥပုသ်သီလကို စောင့်သုံးဖူးသူ။
(၈) ဆွမ်းဘုဉ်းပေးနေသော ရဟန်း တော် တစ်ပါးသို့ သုံးဆောင် တော် ရေနှင့် သောက်တော်ရေ ဆက်ကပ်လှူဒါန်းခဲ့သူ။
(၉) အမျက်ဒေါသ ခြောင်းခြောင်း ထနေသော ယောက္ခမများ (ယောက်ျားသူနှင့် မိန်းမသူ) တို့ ကို အမျက်ဒေါသ ကင်းရှင်းစွာ ဖြင့် လုပ်ကျွေးပြုစုခဲ့သူ။
(၁၀) သူတစ်ပါး၏ အမှုကြီးငယ်ကို ပျင်းရိမှုကင်းစွာ ဆောင်ရွက်ပေး ခဲ့ဖူးသူ။
(၁၁) ဆွမ်းခံရဟန်းတော်တစ်ပါးသို့ နို့ရည်နှင့် ရောမွှမ်းသောဆွမ်းကို ပေးလှူခဲ့ဖူးသူ။
(၁၂) ကဿပမြတ်စွာဘုရား၏ ၌ လက်ထက်တော်တွင် ရဟန်း



www.burmeseclassic.com

www.burmeseclassic.com

တစ်ပါးသို့ သကာတင်လဲ ပေးလှူခဲ့သူ။

(၁၃) ဆွမ်းအလို့ငှာ လှည့်လည်လာသော ရဟန်းတော်တစ်ပါးသို့ ကြံပိုင်းဖြတ်ကို ပေးလှူဖူးသူ။

(၁၄) ရဟန်းတော်တစ်ပါးသို့ တည်သီးကို ပေးလှူဖူးသူ။

(၁၅) သခွားငဆစ်သီးကို ပေးလှူခဲ့သူ။

(၁၆) သခွားငကြောင်သီးကို ပေးလှူခဲ့သူ။

(၁၇) ကြိမ်သီး(ဖရုံသီး) ပေးလှူဖူးသူ။

(၁၈) ဖက်သက်တရော်သီးကို ပေးလှူဖူးသူ။

(၁၉) ကဿပမြတ်စွာဘုရား၏ လက်ထက်တော်တွင် ရဟန်းတော်များသို့ မီးမယ်ဖျူ (မီးအိုးတင်း) ကို ပေးလှူခဲ့သူ။

(၂၀) ဟင်းရွက်တစ်ဆုပ် ပေးလှူခဲ့သူ။

(၂၁) လက်တစ်ဆုပ်မျှသော ပန်းဆုပ်ကို ပေးလှူခဲ့သူ။

(၂၂) အမြစ်ခဲဖွယ် (သစ်မြစ်စည်းတစ်စည်း)ကို ပေးလှူဖူးသူ။

(၂၃) တမာရွက် တစ်ဆုပ်မျှ ပေးလှူခဲ့ဖူးသူ။

(၂၄) ပအုန်းရည်ကို ပေးလှူခဲ့ဖူးသူ။

(၂၅) ကဿပမြတ်စွာဘုရား၏ ရှေ့လက်ထက်တော်တွင် ရဟန်းတော်များသို့ နှမ်းဆီထွေး (နှမ်းမှုန့်ညက်)ကို ပေးလှူခဲ့ဖူးသူ။

(၂၆) ရဟန်းတော်တစ်ပါးသို့ ခါးပန်းကြိုး ပေးလှူခဲ့ဖူးသူ။

(၂၇) ပန်းဖွဲ့ကို ပေးလှူခဲ့သူ။

(၂၈) အာယောဂပဋ္ဋိကို ပေးလှူခဲ့ဖူးသူ။

(၂၉) ယပ်ကို ပေးလှူခဲ့ဖူးသူ။

(၃၀) ထန်းရွက်ယပ်ကို ပေးလှူခဲ့ဖူးသူ။

(၃၁) ဥဒေါင်းမြီးစည်း (ခြင်နှင့်ယပ်)ကို ပေးလှူခဲ့ဖူးသူ။

(၃၂) ကဿပမြတ်စွာဘုရား၏ ရှေ့လက်ထက်တော်တွင် ရဟန်းတစ်ပါးသို့ ထီးပေးလှူခဲ့ဖူးသူ။

(၃၃) ခိနပ် ပေးလှူဖူးသူ။

(၃၄) မုန့်ကို ပေးလှူဖူးသူ။

(၃၅) ကတွတ်မုန့်ကို ပေးလှူခဲ့ဖူးသူ။

(၃၆) သကာခဲကို ပေးလှူခဲ့ဖူးသူ။

ထို သုံးကျိပ်ခြောက်ယောက်သော အမျိုးသမီးတို့သည် ကဿပမြတ်စွာဘုရား၏ သာသနာတော်၌ အသီးသီး ထိုထိုဆိုအပ်ခဲ့ပြီးသော ကောင်းမှုများကို ပြုလုပ်ခဲ့ကြသောကြောင့် ယခုအခါ တာဝတိံသာနတ်ပြည်ဝယ် အသီးအသီး နတ်သမီးတစ်ထောင်စီ ခြံရံကြကုန်လျက် ကြီးကျယ်ကောင်းမြတ်လှစွာသော နတ်တို့၏တန်ခိုး အာနုဘော်ဖြင့် တင့်တယ်သပ္ပာယ်စွာ နတ်တို့၏အရှင်၊ နတ်တို့၏သေဌ်နင်း သိကြားမင်း၏ အလုပ်အကျွေး နတ်သမီးဘဝသို့ရောက်နေကြစဉ် စောင်းဆရာ ဂုတ္တိလက စောင်းတီးခအဖြစ် မေးအပ်သည်ဖြစ်၍ မိမိ၏ ပြုအပ်ခဲ့ပြီးသော ကောင်းမှုတို့ကို အစဉ်အတိုင်း ဖြေဆိုကြဖူးလေပြီ။

မြတ်စွာဘုရား၏ လက်ဝဲတော်ရံ အဂ္ဂသာဝက အရှင်မြတ်ကြီးသည် နတ်ပြည်ခြောက်ထပ်သို့ ဒေသစာရီ ကြွချီတော်မူသောအခါ ထိုနတ်သမီး သုံးကျိပ်ခြောက်ယောက်တို့ကို မြင်တော်မူသောအခါ မေးတော်မူသည်။

ထိုအခါတွင်လည်း နတ်သမီးများသည် စောင်းဆရာ ဂုတ္တိလကို ဖြေသကဲ့သို့ပင် ဖြေကြားကြ၏။ ဂုတ္တိလ စောင်းဆရာသို့ ပြောကြားသောအချက်များမှာ လေထဲတွင် ပျောက်သွား၏။ အရှင်မြတ်ကြီးသို့ ပြောသောစကားများကား အဖိုးတန်လှသည်။

အကြောင်းမူ အရှင်မြတ်ကြီးက မြတ်စွာဘုရားထံ လျှောက်ကြားသောအခါ ရှင်တော်မြတ်ဘုရားက ပရိသတ်သို့ အရင်းအတိုင်း ပြန်လည်ဟောပြတော်မူသောကြောင့်ပေတည်း။

❒ ဆင်ဖြူကျွန်းအောင်သိန်း

ကျမ်းကိုး

ဣတ္ထိဝိမာန၊ ပါရိဆ္ဆတ္တဝဂ်၊ ဂုတ္တိလဝတ္ထုမှ။

**စာမူများ ပေးပို့နိုင်ပါသည်**

စာပေဝါသနာရှင်များ မိမိ၏စာမူကို မိတ္တူကော်ပီထား၍ လပြည့်ဝန်းမဂ္ဂဇင်းတိုက်သို့ ဆက်သွယ်ပေးပို့နိုင်ပါသည်။ မရွေးချယ်သော စာမူများကို ပြန်လည်ပေးပို့မည်မဟုတ်ပါ။

တခြားမဂ္ဂဇင်းတိုက်များသို့ တစ်ပြိုင်တည်း ပေးပို့ခြင်းမျိုး မပြုလုပ်ကြပါရန် မေတ္တာရပ်ခံပါသည်။

ရှေးဟောင်းဘုရားသမိုင်းကြောင်းများ၊ ဘာသာရေး ဆောင်းပါးများ၊ ဇာတ်ဝတ္ထုများ၊ မှဆိုးဝတ္ထုများ၊ ရသဝတ္ထုများ၊ ဟာသများ၊ အရှေ့တိုင်းအနောက်တိုင်း ဆေးပညာရပ်များ၊ ထူးခြားဆန်းကြယ်သောဖြစ်ရပ်များ စသည်ဖြင့် ပေးပို့နိုင်ပါသည်။

■ ■ ■ ■ ■ ■ ■ ■ ■ ■ ■ ■ ■ ■ ■ ■

နီးပွားရေးလုပ်ငန်းရှင်များ

မိမိလုပ်ငန်း

ပို့မို့တိုးတက်

အောင်မြင်စေရန်

လပြည့်ဝန်းမဂ္ဂဇင်းတွင်

ကြော်ငြာများ

ထည့်သွင်းနိုင်ပါသည်။

■ ■ ■ ■ ■ ■ ■ ■ ■ ■ ■ ■ ■ ■ ■ ■

အဖြူအမည်း

တစ်မျက်နှာ

ကျပ်တစ်သောင်းငါးထောင်တိတိ

ဖြစ်ပါသည်။

အဖြူအမည်း

မျက်နှာဝက်

ကျပ်ခုနစ်ထောင့်ငါးရာတိတိ ဖြစ်ပါသည်။

**ဆက် သွယ် ရန်**

အယ်ဒီတာအဖွဲ့

လပြည့်ဝန်းမဂ္ဂဇင်း

တိုက်အမှတ် (၇၂၄)၊

အခန်း (၁၀) ပထပ်၊ မဟာဗန္ဓုလလမ်း

(၁၇×၁၀)လမ်းကြား၊

လသာမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း - ၂၅၀၆၆၀



www.burmeseclassic.com

www.burmeseclassic.com



# ကောင်းကျိုးရအောင် ကောင်းအောင်နေပါ

ရွှေမန်းကျည်းလှကျော်

ကုသိုလ်ကောင်းမှု ပြုခြင်းသည် ချမ်းသာသုခကို ဖြစ်စေတတ်၏။

အကုသိုလ်ပြုခြင်းသည် ဆင်းရဲဒုက္ခကို ဖြစ်စေတတ်၏။ ထို့ကြောင့် ကုသိုလ်ကောင်းမှုကို များများပြုပါ။ အကုသိုလ်ကိုတော့ တတ်နိုင်သမျှရှောင်ကြဉ်ပါဟု ရှေးပညာရှင်များက မိန့်ကြားတော်မူခဲ့ပါသည်။

ကုသိုလ်ကောင်းမှုက ဘာတွေလဲ၊ ချမ်းသာသုခက ဘာတွေလဲ၊ အကုသိုလ်က ဘာတွေလဲ၊ ဆင်းရဲဒုက္ခက ဘာတွေလဲလို့ ခွဲခြားပြီး သိဖို့လိုပါသည်။ ကုသိုလ်ကောင်းမှုဆိုတာကတော့အကျဉ်းချုပ်အားဖြင့် ဒါနကုသိုလ်၊သီလကုသိုလ်၊ ဘာဝနာကုသိုလ် သုံးပါးသာရှိပါသည်။ အသေးစိတ်အားဖြင့် ကုသိုလ်ကောင်းမှုဆိုတာ နေ့စဉ်မနေ့တိုင်း ဘုရားရှိခိုးခြင်း၊ ပုတီးစိပ်ခြင်း၊ ပရိတ်ရွတ်ခြင်း၊ မေတ္တာပို့ခြင်း၊ တရားထိုင်ခြင်း၊ ငါးပါးသီလကို လုံခြုံအောင် ထိန်းသိမ်းခြင်း၊ ဥပုသ်သီတင်းစောင့်တည်ခြင်း၊ မိမိတို့ တတ်စွမ်းသမျှ လှူဒါန်းခြင်း စသည်ဖြင့် ကုသိုလ်ကောင်းမှုတွေ များစွာရှိပါသည်။

ချမ်းသာ ဆိုတာကလည်း လူချမ်းသာ၊ နတ်ချမ်းသာ၊ နိဗ္ဗာန်ချမ်းသာဟူ၍ သုံးမျိုးသာရှိပါသည်။ အသေးစိတ်အားဖြင့် ဒါနကုသိုလ်၊ သီလကုသိုလ်၊ ဘာဝနာကုသိုလ် အားကောင်းတဲ့ပုဂ္ဂိုလ်များမှာ အသက်ရှည်ခြင်း၊ အဆင်းလှခြင်း၊ ချမ်းသာကြီးခြင်း၊ ခွန်အားကြီးခြင်း၊ ဉာဏ်ပညာကြီးခြင်း စသည့်ကောင်းကျိုးအမျိုးမျိုးကို ရရှိနိုင်ပါသည်။ ကုသိုလ်ကောင်းမှုပြုခြင်းသည် ချမ်းသာသုခအမျိုးမျိုးကို ရရှိနိုင်သလို အကုသိုလ်ကို ပြုလုပ်ခြင်းသည်လည်း ဆင်းရဲဒုက္ခအမျိုးမျိုးကို ရရှိနိုင်ပါသည်။

အကုသိုလ်က ဘာတွေလဲ၊ ဆင်းရဲဒုက္ခက ဘာတွေလဲ ဆိုတော့ အကုသိုလ်က ပါဏာတိပါတ - သူတစ်ပါးအသက်ကို သတ်ဖြတ်ခြင်း၊ အဒိန္နာဒါန - သူတစ်ပါးဥစ္စာကို ခိုးယူခြင်း၊ ကာမေသုမိစ္ဆာစာရ - သူတစ်ပါး



www.burmeseclassic.com

www.burmeseclassic.com

သားမယား သူတစ်ပါး လင်သားကို ပြစ်မှားခြင်းတည်း ဟူသော ကာယ ဒုစရိုက် သုံးပါး၊ မုသာဝါဒ - လိမ်ညာ၍ ပြောကြားခြင်း၊ ပိသုဏဝါစာ - တစ်ဦး နှင့်တစ်ဦး ကွဲပြားအောင်ကုန်းတိုက်ခြင်း၊ ဖရုသဝါစာ - ကြမ်းကြမ်းတမ်းတမ်း ရိုင်း ရိုင်းစိုင်းစိုင်း ပြောကြားခြင်း၊ သမ္ဖပ္ပလာပ - သိမ်ဖျင်းသောစကားကို ပြောကြား ခြင်းတည်း ဟူသော ဝစီဒုစရိုက် လေး ပါး၊ အဘိဇ္ဈာ - သူတစ်ပါး ကြီးပွား ချမ်းသာတာကို မနာလိုခြင်း၊ ဗျာပါဒ - သူတစ်ပါးပျက်စီးအောင်၊ ဒုက္ခရောက် အောင်ကြံစည်ခြင်း၊ မိစ္ဆာဒိဋ္ဌိ - မှားယွင်း သောအယူရှိခြင်းတည်း ဟူသော မနော ဒုစရိုက်သုံးပါး အားလုံး ဒုစရိုက်ဆယ်ပါး ဖြစ်ပါသည်။

ထိုဒုစရိုက်ဆယ်ပါး တစ်ပါးပါး ကို ပြုကျင့်သောသူသည် သေသော အခါမှာ ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူ ရကာယ် ဟူသော အပါယ်လေးပါးကို ကျရောက်ပါသည်။

အကယ်၍ ကံကောင်းထောက် မ၍ အပါယ်ငရဲမှ လွတ်ခဲ့သော်လည်း အကုသိုလ်ကံ များသောသူမှာ အသက် တိုခြင်း၊ အနာရောဂါများခြင်း၊ အဆင်း မလှခြင်း၊ ဆင်းရဲခြင်း၊ မွဲခြင်း ဟူသော မကောင်းကျိုးအမျိုးမျိုး ရရှိခံစားကြရ ပေသည်။

"အတ္တသမံ ပေမံ နတ္ထိ" အတ္တ သမံ - မိမိနှင့်တူသော၊ ပေမံ - ချစ်ခြင်း မည်သည်၊ နတ္ထိ - မရှိ၊ မိမိနှင့်တူသော ချစ်ခြင်းမည်သည်မရှိ ဟူ၍ လောက နီတိမှာ ပြဆိုထားပါသည်။ ဘယ်သူတွေ ဘယ်လောက်ပင် သူတစ်ပါးကို ချစ် တယ်ပြောသော်လည်း တကယ်တမ်းကျ တော့ မိမိကိုယ်သာ အချစ်ဆုံးဖြစ်ပေ သည်။ မိမိကိုယ်မိမိ တကယ်ချစ်လျှင် မကောင်းတဲ့ အကုသိုလ်ဒုစရိုက်တရား တွေ ရှောင်ပြီး ကောင်းတဲ့ကုသိုလ် သုစရိုက်တရားတွေ ပြုကျင့်ရမှာ ဖြစ်ပါ သည်။ မိမိကိုယ်ကို အချစ်ဆုံးဆိုပြီး မကောင်းတဲ့အကုသိုလ် ဒုစရိုက်တရား တွေ ပြုကျင့်နေမယ်ဆိုလျှင်တော့ မိမိ ကိုယ်ကို ချစ်ရာမရောက်ဘဲ နှစ်ရာ ရောက်လိမ့်မည်။ ထို့ကြောင့် ရှေးပညာ ရှင်များက . . .

မိမိကိုယ်ကိုယ် ချစ်တယ်ဆို
ကုသိုလ်ဒါနပြု၊
မိမိကိုယ်ကိုယ် ချစ်တယ်ဆို
ကုသိုလ်သီလပြု၊
မိမိကိုယ်ကိုယ် ချစ်တယ်ဆို
ကုသိုလ်ဘာဝနာပြု၊
ကုသိုလ်မဖြစ်၊ အကုသိုလ်ဖြစ်
ချစ်ရာမရောက်ပေ၊
ချစ်ရာရောက်အောင်
သတိဆောင်
မောင်တို့ မယ်တို့ ကျင့်ကြလေ။
ဟု မိန့်ဆိုတော်မူခဲ့ပါသည်။

မကောင်းတာကို လုပ်သဖြင့် မကောင်းကျိုးရရှိပုံကို သာဓကအားဖြင့် တင်ပြရလျှင် စာရေးသူတို့ရွာတွင် ဦးရှိန် မောင်ဆိုသော လူကြီးတစ်ယောက် ရှိပါ သည်။ သူ့မှာ သားနှစ်ယောက်နှင့် သမီး သုံးယောက်ရှိပြီး ဇနီးသည်ကတော့ မရှိ တော့ပါ။ သူသည် အရွယ်ကောင်းသည့် အချိန်ကစပြီး ယခုအသက် (၆၀)ကျော် အချိန်ရောက်အောင် အသောက်အစား၊ အပျော်အပါးနှင့်အချိန်ကုန်နေပြီး စီးပွား ရေးဘက်မှာ ကြိုးကြိုးစားစား လုပ်ကိုင် မှုမရှိသလို ဘာသာရေးဘက်တွင်လည်း လိုက်စားမှု နည်းပါးပါသည်။

သူသည် အသက်(၅၀)အရွယ် လောက်က ပြစ်မှုတစ်ခုကို ကျူးလွန်မိ သဖြင့် ထောင်ဆယ်နှစ် ကျခံခဲ့ရသည်။ ထောင်မှ ထွက်လာခါစကတော့ တရား ကျသလို၊ သံဝေဂရသလိုနှင့် ဘုရားသွား လိုက် ကျောင်းသွားလိုက်နှင့် အတော် ကို ဟုတ်နေပါသည်။ သို့သော်လည်း တစ်လလောက်ရှိသောအခါမှာ ခွေးမြီး ကောက် ကျည်တောက်စွပ် ဆိုသော စကားအတိုင်း ကျောင်းကန်ဘုရားကို မသွားတော့ဘဲ ယခင်ပုံစံအတိုင်းအရက် သောက်ခြင်း၊ မိန်းမပိုးခြင်းတို့ကို ပြုလုပ် ပါတော့သည်။

တစ်နေ့ ကျောင်းဝိုင်းထဲ ဘော ကွင်းထဲမှာ လူတစ်ယောက် မူးပြီးလဲနေ သည်ဟု စာရေးသူကြားရသဖြင့် သွား ကြည့်သောအခါ ဟိုပေါ်ဒီပေါ် အမြင် မတော်တာတွေ ပေါ်နေပြီး မူးပြီးလဲနေ သော ဦးရှိန်မောင်ကြီးကို တွေ့ရသည်။ စာရေးသူတို့ရွာတွင် စာတို့ ကဗျာတို့ ရေးတတ်တဲ့ ဘကြီးကျော်ဆိုသော လူ တစ်ယောက်ရှိပါသည်။ ဘကြီးကျော်က ဦးရှိန်မောင်ကြီးအကြောင်း ကြားသိရ သောအခါ အောက်ပါအတိုင်း ကဗျာ တစ်ပုဒ် ရေးပါတော့သည်။

ဦးရှိန်မောင် အရက်သောက်လို့
အရှက်အကြောက်တော့ မရှိပြီ
ကျောင်းဝိုင်းက ဘောကွင်းထဲမှာ
လဲလို့နေပြီ။
အသက်ကတော့ ကြီးပါပြီ
ဘုရားစေတီကိုတော့ သူမသွား
တရားကိုမရှာ အမှားကိုသာ
ထပ်ခါပြုတယ်
ကွယ် ဆိုးလှချေလား။

ဦးရှိန်မောင်သည် ဤကဲ့သို့ နေ့စဉ်နေ့တိုင်း မကောင်းသောအမှုတွေ ကို ပြုပြီးနေသဖြင့် ယခု ပစ္စုပ္ပန်ဘဝမှာ ပင် စီးပွားရေး ကျဆင်းလာခြင်း၊ ကျန်း မာရေးချို့တဲ့လာခြင်း၊ သားသမီးများမှ ရိုသေလေးစားမှု နည်းပါးလာခြင်း၊ ပတ် ဝန်းကျင်မှ အထင်အမြင်သေးမှုကို ခံရ ခြင်း၊ မွေးချင်းအပေါ်၊ ရပ်ရွာအပေါ်၌ ဩဇာအရှိန်အဝါ မရှိခြင်း စသော မကောင်းသောအကျိုးတွေကိုလက်တွေ့ ခံစားနေရပြီး တမလွန် ဘဝကျတော့ လည်း သုဂတိဘဝသို့ မရောက်ဘဲ ဒုဂ္ဂတိဘဝသို့ ရောက်ရှိမှာ သေချာလှပေ တော့သည်။ ထို့ကြောင့် စာရှုသူများ လည်း မကောင်းကျိုးတွေ မရရှိအောင်၊ ကောင်းကျိုးတွေရရှိအောင်ကောင်းသော အမှုတွေကိုသာ ပြုကြပါလို့ တိုက်တွန်း လိုက်ရပေသတည်း။

❒ ရွှေမန်းကျည်းလှကျော်



www.burmeseclassic.com

www.burmeseclassic.com



ပန်းချီဆွေမြင့်

သာစည်
[illegible]
# ဆရာခိုတာ ဆရာပါပဲ

(၁)

### ဘုရားအလောင်းတော်

ဘဝတစ်ခုမှာတော့ ဘုရားအလောင်းတော်ဟာ ဒွန်းစဏ္ဍားရွာကြီးတစ်ရွာမယ် ဒွန်းစဏ္ဍားမျိုးမှာ ဖြစ်ရလေတာပါ။ သို့သော်လည်းပဲ တတ်သိလိမ္မာ ပညာရှိပါလေတယ်။ အထူးကတော့ အခါမဲ့ အသီးကို သီးစေနိုင်တဲ့ မန္တန်အတတ်ကို တတ်ပါလေတယ်။ အဲဒီမန္တန်နဲ့ အခါမဲ့ သရက်သီးမှည့်တွေကို သီးစေလို့ သားမယားကို လုပ်ကိုင်ကျွေးမွေးလို့ နေတာပါ။

### ပုဏ္ဏားလုလင်တစ်ယောက်

တက္ကသိုလ်ပြည်က ပညာသင်ပြီး ပြန်အလာမယ် အခါမဟုတ်တဲ့အချိန်မှာ သရက်သီးမှည့်ကို ဆောင်လို့ ရောင်းချနေတာကို မြင်လိုက်ရတဲ့အခါမှာတော့ကာ. .

"အင်း ဒီလိုမျိုး သရက်သီးမှည့်ဟာဖြင့်ရင် မန္တန်ရဲ့ အာနုဘော်ကြောင့်သာ ဖြစ်ရမယ်"

"ဒီလူဆီက ဒီလောက် အဖိုးထိုက်တန်တဲ့ မန္တန်ကို ရအောင်ယူပြီး ကြီးပွားချမ်းသာအောင် လုပ်ရတော့မှာပဲလေ"

အဲသလိုမျိုး စိတ်ကူး အကြံအစည်နဲ့ စုံစမ်းလို့ သိရှိရလေတဲ့အခါ

www.burmeseclassic.com

မှာတော့ကာ ပုဏ္ဏားလုလင်ဟာ ဘုရားလောင်းနေထိုင်တဲ့ ဒွန်းစဏ္ဍားရွာကြီးကို သွားရောက်လို့ ဘုရားလောင်းရဲ့ အိမ်မှာ ဝတ်ကြီးဝတ်ငယ်တွေကို ပြုစုဆောင်ရွက်တော့တာပါ။

(၂)

တစ်နေ့

"ရှင်မရေ၊ ဒီလုလင်ဟာဖြင့်ရင် ငါ့ဆီက မန္တန်အတတ်ကို လိုချင်လို့ လာတာပဲကွယ့်၊ အဲ သို့သော်လဲပဲ မန္တန်အတတ်ဟာ ဒီလုလင်ဆီမယ် တည်မှာ မဟုတ်ပေဘူးကွယ့်၊ ဘာကြောင့်လဲ ဆိုတော့ကာ ဒီလုလင်ဟာ လူယုတ်မာဖြစ်တယ်ကွယ့်"

အဲသလိုမျိုး ဘုရားအလောင်းက ဇနီးဖြစ်တဲ့သူကို လုလင်ရဲ့ ကြန်အင်လက္ခဏာကို ကြည့်လို့ ပြောလိုက်တာ ဖြစ်ပါလေတယ်။

သို့သော်လည်းပဲ ပုဏ္ဏားလုလင်ကတော့ဖြင့်ရင် . . .

"ငါဟာ ဒီလူ့ဆီက မန္တန်ကို ရကိုရစေမယ်ကွ"

အဲသလိုမျိုး စိတ်ကူးအကြံနဲ့ အိမ်မှုကိစ္စတွေကို မောင်းထောင်း၊ ရေခပ်က စလို့မို့ မလစ်ဟင်းရလေအောင် အောက်ခြေသိမ်း တရစပ် အကုန်လုံး ထမ်းဆောင်ပါလေတော့တယ်။ ဒါ့အပြင် ဘုရားအလောင်းရဲ့ ဇနီးမယားသားဖွားတဲ့အခါမှာလည်းပဲ မရှုံမရှာ အလုံးစုံ အမှုကိစ္စတွေကို ပြုလုပ်ဆောင်ရွက်ပါလေတော့တယ်။ အဲဒီတော့ကာ ဘုရားလောင်းရဲ့ ဇနီးမယားက. . .

"အရှင် ဒီလုလင်ဟာ အမျိုးကောင်းနဲ့ ပြည့်စုံလှတဲ့သူ ဖြစ်ပါလျက်နဲ့ မန္တန်အတွက် ဒါလောက်တောင်မှပဲ အမှုကိစ္စတွေကို ပြုစုခဲ့ပါလေတယ်၊ အဲဒီ [illegible] မန္တန်ဟာ သူ့ဆီမှာ တည်တည်ဖြစ်စေ၊ မတည်တယ်ပဲ ဖြစ်စေ [illegible]ိုက်စေချင်ပါတယ်"

ဒီလိုမျိုး ပြောဆိုတဲ့အခါမှာတော့ကာ ဘုရားလောင်းဟာ. .

"အေးပါကွယ်၊ ဒါဖြင့်ရင်လဲ သင်ပေးလိုက်ရုံရှိတာပေါ့"

အဲသလို ပြောဆိုလို့ လုလင်ပုဏ္ဏားကို မန္တန်သင်ပေးလိုက်တော့တာပါ။ အဲဒီနောက် ဘုရားလောင်းက

"လုလင်ရေ မန္တန်ဟာဖြင့်ရင် အင်မတန်မှပဲ အဖိုးထိုက်တန်လှပေတယ်"

"ဒီမန္တန်ကို အမှီပြုလို့ သင့်မှာ လာဘ်ပူဇော်မှု အများအပြားရလိမ့်မယ်"

"ဒါကြောင့်မို့လို့ သင့်ကို ဘုရင်မင်းမြတ်က ဖြစ်စေ၊ မှူးမတ်တို့ကဖြစ်စေ သင့်ဆရာက ဘယ်သူတုံးလို့ မေးလို့ရှိရင် ကျွန်ုပ်ရဲ့ ဆရာဟာ ဒွန်းစဏ္ဍားပါ၊ ကျွန်ုပ်ရဲ့ ဆရာဒွန်းစဏ္ဍားဆီက သင်ခဲ့ရတာပါလို့ ပြောရမှာကို ရှက်ပြီးတော့မှ ကျွန်ုပ်ရဲ့ဆရာဟာ ပုဏ္ဏားပါ၊ သူကြွယ်ပါရယ်လို့ မပြောလေနဲ့ကွယ့်၊ အေး. . အဲသလို မဟုတ်မမှန် ပြောလိုက်တယ်ဆိုရင် မန္တန်ဟာ သင့်ဆီက ပျောက်ကွယ်သွားပြီးတော့မှ သင့်ကို အကျိုးယုတ်စေလိမ့်မယ်ကွယ့်နော်၊ မှတ်ထား"

အဲသလိုမျိုး ပြောဆို ဆုံးမလိုက်ပါလေတယ်။ လုလင်ဟာလည်းပဲ. . .

"ဆရာ့ကို မလျှို့ဝှက်ပါဘူး၊ အမှန်အတိုင်းပြောဆိုပါ့မယ် ဆရာ"

ဒီလိုပြောဆိုလို့ ဆရာကို ရှိခိုးကန်တော့ပြီးမှ ရွာက ထွက်ခွာသွားခဲ့ပါလေတော့တယ်။

(၃)

ပုဏ္ဏားလုလင်

ဗာရာဏသီပြည်ကို ရောက်တဲ့အခါမှာတော့ကာ မန္တန်ရဲ့အစွမ်းနဲ့ သရက်သီးမှည့်ကို ရောင်းချလို့မို့ စီးပွားဥစ္စာချမ်းသာကြွယ်ဝပါလေတော့တယ်။ အဲဒီအခါမယ် ဘုရင်မင်းမြတ်ရဲ့ ဥယျာဉ်စောင့်ဟာ ပုဏ္ဏားလုလင်ဆီက သရက်သီးမှည့်တွေကို ဝယ်လို့ ဘုရင်မင်းမြတ်ကို ဆက်သလေတဲ့အခါမှာတော့ကာ ဘုရင်ကြီးက ဘယ်လို ဘယ်ပုံ သရက်သီးမှည့်ရတဲ့အကြောင်း မေးတော်မူတဲ့အခါမယ် ဥယျာဉ်စောင့်ကလည်း အမှန်အတိုင်းပဲ ပြောဆိုလျှောက်ထားပါလေတော့တယ်။

ဒီလိုနဲ့ပဲ ပုဏ္ဏား လုလင်ဟာ ဘုရင်ကြီးထံမှောက်ကို ရောက်လို့ ဘုရင့်ရဲ့ လစာ၊ ရိက္ခာစားရတဲ့ မင်းမှုထမ်းဘဝကို ရောက်ခဲ့ရပါလေတော့တယ်။

ဒီလိုနဲ့ပဲ နောင်အခါမှာတော့ကာ ဘုရင်နဲ့ အကျွမ်းတဝင် ဖြစ်လာခဲ့ပြီးတဲ့နောက် တစ်ခါမှာတော့ ဘုရင်ကြီးက. . .

"အမောင်၊ အခါမဲ့မှာ သီးလို့ အဆင်း အနံ့ အရသာနဲ့ ပြည့်စုံတဲ့ သရက်သီးကို ဘယ်က ရလေသတုံး၊ နတ်နဂါးတွေကပဲ ပေးတာလား၊ မန္တန်အာနုဘော်ကြောင့် ဖြစ်တာလားကွယ့်"

အဲသလိုမျိုး မေးတဲ့အခါမယ် မန္တန်အာနုဘော်ကြောင့် ဖြစ်ရတဲ့ အကြောင်းကို လျှောက်ထားလေတဲ့အခါမယ် မန္တန်ရဲ့ အစွမ်းကို ကြည့်လိုတဲ့အကြောင်း ဘုရင်ကြီးက မိန့်ဆိုတဲ့အခါ ပုဏ္ဏားလုလင်ကလည်းပဲ. . .

"ကောင်းပါပြီ အရှင်မင်းကြီး၊ မန္တန်ရဲ့အာနုဘော်ကိုပြပါ့မယ် ဘုရား"

ဒီလိုမျိုးပဲ လျှောက်ထားပါလေတယ်။

ဒီလိုနဲ့ပဲ တစ်နေ့မှာတော့ဖြင့်ရင် ဘုရင်ကြီးဟာ ပုဏ္ဏားလုလင်နဲ့တကွ ဥယျာဉ်ကိုသွားရောက်ပြီးမှ မန္တန်ရဲ့ အစွမ်းသတ္တိကို ပြစမ်းပါလို့ ဆိုတဲ့အခါမှာ ပုဏ္ဏားလုလင်ဟာ ကောင်းပါပြီရယ်လို့ ဝန်ခံပြီး သရက်ပင်ဆီကို သွားပြီးတော့မှ ခုနစ်ဖဝါးအကွာက ရပ်လို့ မန္တန်ကိုရွတ်ပြီး ရေနဲ့ဖျန်းလိုက်တဲ့ ခဏမှာပဲ ရွက်ဟောင်းတွေကြွေ၊ ရွက်သစ်တွေဝေ၊ ဖူး ငုံ ပွင့် အသီးတွေသီးလို့ ချက်ချင်းပဲ ရင့်လို့ မှည့်လို့ အဆင်း အနံ့ အရသာနဲ့ ပြည့်စုံလေတဲ့ သရက်သီးတို့ဟာ မိုးရွာချသလိုမျိုး ကြွေလို့ ကြွေလို့ ကျကြပါလေတော့တယ်။



www.burmeseclassic.com

www.burmeseclassic.com

အဲဒီ အခါမှာတော့ကာ လူ အများတို့ဟာလည်းပဲ အဝတ်ပုဆိုးတွေကို မြှောက်ကြပြီးတော့မှ ဝမ်းမြောက်ဝမ်းသာ ကောင်းချီးသြဘာ ပေးကြတော့တာပါ။ ဘုရင်ကြီးဟာလည်းပဲ သရက်သီးကို မြိန်မြိန်ရှက်ရှက် စားသောက်ပြီးတော့မှ ဆုလာဘ် ဥစ္စာတွေကို ပေးကမ်းချီးမြှင့်ပြီးတဲ့နောက်

"အမောင်ရေ သင်ဟာ ဘယ်သူ့ဆီက ဒီလောက်အံ့ဖွယ်ကောင်းလှတဲ့ မန္တန်ကို သင်ယူခဲ့တာလဲ၊ သင့်ရဲ့ ဆရာက ဘယ်သူများပါလဲကွယ့်"

အဲသလိုမျိုး ဘုရင်မင်းကြီးက မေးမြန်းတော်မူပါလေတော့တယ်။

## (၄)

### ပုဏ္ဏားလုလင်

အဲဒီလို ဘုရင်ကြီးက အမေးတော်ရှိတယ်ဆိုရင်ပဲ စဉ်းစားလိုက်တာကတော့ဖြင့်ရင်. . .

"အင်း ကျွန်တော်မျိုးဟာ ဒွန်းစဏ္ဍားတစ်ဦးဆီက သင်ခဲ့တာပါ၊ ကျွန်တော်မျိုးရဲ့ ဆရာက ဒွန်းစဏ္ဍားပါ၊ အဲသလိုပြောလို့ကတော့ဖြင့်ရင် ငါ့မှာ ရှက်စရာကြီး ဖြစ်တော့မှာပဲ၊ ဒီမန္တန်ကိုလဲ ငါဟာ မေ့မှာမဟုတ်ပါလေဘူး"

အဲသလိုမျိုး စဉ်းစားစိတ်ကူးတွေးကြံပြီးလေတော့မှ လိမ်ညာပြီး မုသားဆိုလိုက်တာကတော့ဖြင့်ရင်. . .

"အရှင်မင်းကြီး ကျွန်တော်မျိုးဟာ တက္ကသိုလ်ပြည် ဒိသာပါမောက္ခဆရာကြီးထံက ဒီပညာကို သင်ခဲ့တာပါ၊ ကျွန်တော်မျိုးရဲ့ ဆရာဟာဖြင့်ရင် ဒိသာပါမောက္ခဆရာကြီးပါ ဘုရား"

အဲသလိုမျိုး လျှောက်တင်လိုက်တယ်ဆိုရင်ပဲ မန္တန်ဟာ ပျောက်ကွယ်သွားပါလေတော့တယ်။ နှုတ်တက်မရပါလေတော့ဘူး။ ဘုရင်ကြီးလည်း ဝမ်းမြောက်ဝမ်းသာစွာနဲ့ပဲ ပုဏ္ဏားလုလင်ကို ပါ ခေါ်ဆောင်ပြီး နန်းတော်ကို ပြန်ဝင်ပါလေတော့တယ်။

❖

## (၅)

ရက်အနည်းငယ်အကြာမယ်

ဘုရင်ကြီးဟာ သရက်သီးစားချင်တဲ့စိတ် ပေါ်လာလို့ ပုဏ္ဏားလုလင်ကို ခေါ်ပြီး ဥယျာဉ်ကိုဝင်လို့ သရက်သီးယူဖို့ရာ စေခိုင်းတဲ့အခါမယ်တော့ကာ လုလင်ဟာ သရက်ပင်ကို ကပ်လို့ မန္တန်ကို ရွတ်ဆိုမယ်လုပ်တဲ့အခါ မန္တန်ကို မရတော့ပါဘူး (မန္တန်ဟာ ကွယ်ပျောက်ပါလေပြီ) လုလင်ဟာ အရှက်ကြီးရှက်ပြီး ရပ်လို့သာနေတဲ့အခါမယ် ဘုရင်ကြီးက. . .

"အမောင်ရေ ဟိုအရင်အခါတုန်းက သရက်သီးမိုးရွာစေနိုင်ပါရက်နဲ့ အခုတော့ ဘာဖြစ်လို့များ သရက်သီး မရတာလဲကွယ့်"

အဲသလို မေးမြန်းတော်မူတဲ့ အခါမှာ လုလင်က. . .

"အရှင်မင်းကြီး နက္ခတ်နဲ့ မယှဉ်တာကြောင့် မရတာဖြစ်ပါတယ်ဘုရား"

အဲဒီလိုမျိုး လိမ်ညာမုသား ဆိုပြန်တဲ့အခါမှာ ဘုရင်ကြီးက. .

"အမောင် ဟိုအရင်အခါက နက္ခတ်နဲ့ယှဉ်မှ ရမယ်ရယ်လို့ မပြောလေဘဲ အခုမှ ဘာကြောင့် ပြောရတာတုံးကွယ့်၊ မှန်ရာကို လျှောက်တင်စမ်းဟဲ့"

အဲသလို မြွက်ဆိုလိုက်တဲ့အခါမှာတော့ကာ ပုဏ္ဏားလုလင်ဟာ မှန်ရာကို လျှောက်တင်ရပါလေတော့တယ်။ အဲဒီအခါကျတော့မှ ဘုရင်ကြီးက. .

"ဩော် အမောင် သင်ဟာ ယုတ်မာလှချေလားကွယ့် ဟေ၊ မန္တန်ရဲ့ အစွမ်းကို မကြည့်လေဘဲနဲ့ ဒီလိုမျိုး အံ့ဖွယ်ကောင်းတဲ့ မန္တန်ကိုရတယ်ဆိုရင် အမျိုးဆိုတာ ဘာတတ်နိုင်မှာလဲ၊ ဘာမှ မပြောပလောက်ပေဘူးဟဲ့"

ဘုရင်ကြီးဟာ ဒီလိုမျိုးဆိုလို့ ပြောလို့ ဒေါသဖြစ်ပြီး. . .

"ဟဲ့ မင်းချင်းတို့ ဒီလူယုတ်မာ လုလင်ကို လည်ကုပ်က ကိုင်ဆွဲလို့ နှင်ထုတ်လိုက်ကြဟဲ့"

ဒလိုမျိုး အမိန့်ထုတ်တဲ့အခါ မင်းချင်းမှူးမတ်တို့ကလည်းပဲ မင်းမိန့်အတိုင်း ပြုကြပြီး. . .

"အမောင် လူယုတ်မာရေ သင့်ဆရာကို တောင်းပန်ပြီး မန္တန်ရပြီဆိုရင် ပြန်လာခဲ့၊ မရရင်တော့ မလာခဲ့နဲ့တော့"

အဲသလို ပြောဆိုလိုက်တာပါ။

### လူယုတ်မာ ပုဏ္ဏားလုလင်

"အင်း ငါတော့ဖြင့်ရင် ဆရာ့ဆီကို သွားလို့ မန္တန်ကို တောင်းချေဦးမှပဲလေ"

အဲသလိုမျိုး စိတ်ကူးအကြံနဲ့ ဘုရားလောင်းဆီကိုသွားလို့ ငိုကာ ယိုကာ အကျိုးအကြောင်းပြောပြလို့ မန္တန်ကို တောင်းတဲ့အခါမှာတော့ကာ ဘုရားအလောင်းက. . .

"အမောင် ရှေးဦးမဆွကတည်းက ငါဟာ သင့်ကို မုသားမပြောဖို့ရာ မှာကြားလိုက်ပါလျက်နဲ့ သင်ဟာ မုသားပြောဆိုတာကိုးကွယ့်"

"သင့်ကို မန္တန်မပေးနိုင်ပေဘူး၊ ဒီအရပ်ကနေ အမြန်ထွက်သွားလိုက်ပါတော့"

အဲသလိုပြောဆိုလိုက်တဲ့ အခါမယ် လူယုတ်မာ ပုဏ္ဏားလုလင်ဟာ စိတ်ပျက်ပြီး တောထဲဝင်သွားပြီးတဲ့နောက် ကိုးကွယ်ရာမဲ့ဘဝနဲ့ အသေဆိုးနဲ့ သေရပါလေတော့တယ်။

**❒ သာစည်အောင်တင်**

စာကိုး

၁။ အမ္ဗဇာတ်



www.burmeseclassic.com

www.burmeseclassic.com




# ဘန်ကောက်မှ ကမ္ဘာသုံးခု

## ဉာဏ်ပွင့်(စက်မှု)

**(ယခင်လမှအဆက်)**

"မင်္ဂလာပါ ညီလေးရေ"

"မင်္ဂလာပါ"

"ဒီတစ်ခေါက် ကမ္ဘာသုံးခုအကြောင်း ပြောမယ်ဆို"

"ဟုတ်တယ်၊ Dream World, Underwater World နဲ့ Safari World ပဲ၊ ဘန်ကောက်မှာ အဲဒီကမ္ဘာသုံးခုက နာမည်ကြီးပဲ၊ ခရီးသွားအဖွဲ့တွေမှာ လူငယ်တွေအတွက် အဓိက ဆွဲဆောင်တဲ့အချက်က အဲဒီကမ္ဘာသုံးခုပဲ၊ လူငယ်တွေက စိတ်ဝင်စားပေမယ့် ကျွန်တော့်အမေကို Dream World ကို ဘယ်လိုမှ ခေါ်လို့မရဘူး၊ 'အဲဒီနေရာ ကလေးကစားကွင်းပဲ၊ ဘဲမလိုက်ဘူး' လို့ပဲ ငြင်းတယ်၊ ဒါကြောင့် ကျွန်တော်နဲ့ ညီမများတို့ပဲ သွားဖြစ်ကြတယ်"

"Guide ဧည့်လမ်းညွှန်နဲ့ သွားတာလား"

"မဟုတ်ဘူး၊ Guide ဧည့်လမ်းညွှန်နဲ့ ငါးရက်လောက် သွားပြီးတော့ သူတို့အကြောင်း တဖြည်းဖြည်းသိလာတယ်၊ Safari World တုန်းက ဝင်ခွင့် တစ်ယောက်ကို တစ်ထောင့် တစ်ရာလို့ရေးထားတယ်၊ ဒီတော့ ဧည့်လမ်းညွှန်က ကျွန်တော်တို့အဖွဲ့က လေးယောက် သူ့အတွက်ရယ်ဆိုတော့ ငါးထောင့် ငါးရာ တောင်းတယ်၊ ပြန်ရောက်ပြီး ညစာစားမှ စားသောက်ဆိုင်ပိုင်ရှင်က ဧည့်လမ်းညွှန်အတွက်ဆိုရင် ဝင်ကြေးမယူဘူး၊ ဧည့်လမ်းညွှန်နဲ့ လာတဲ့အတွက် Discount တစ်ယောက် ၇၀၀ ပဲပေးရမှာ၊ စုစုပေါင်းဆိုရင် နှစ်ထောင့်ရှစ်ရာပဲ ကုန်မယ် ပြောတယ်၊ ဒီတော့ ဧည့်လမ်းညွှန်က ဘတ်ငွေ နှစ်ထောင့် ခုနစ်ရာ ကြားထဲက ယူသွားတဲ့သဘောပဲ။

သူ့အတွက် တစ်ရက်ငှားခ Guide Fees လဲ ဈေးကြီး ပေးငှားရသေးတယ်၊ ဒီလိုမျိုးလဲ လုပ်တယ်ဆိုတော့ Dream World ကျတော့ မငှားချင်တော့ဘူး၊ ကိုယ့်ဘာသာကိုယ် စားသောက်ဆိုင် ပိုင်ရှင်ကတစ်ဆင့် ဧည့်ကြိုတင်လက်မှတ်ဖြတ်လိုက်တော့ တစ်ယောက်ကို ဘတ်ငွေ ခုနစ်ရာပဲ ပေးရတယ်၊ ဧည့်လမ်းညွှန် တော်တော်များများက နေရာတကာမှာ ဒီလိုလုပ်နေတဲ့ သဘောပဲ။



www.burmeseclassic.com

www.burmeseclassic.com



Dream World ဝင်ဝင်ချင်း မြင်ကွင်းအလှ



အပန်းဖြေ ဝါးရုံတော

Underwater World သွားတုန်းကလဲ တစ်မျိုးခံရတယ်၊ တန်းစီရင် ဘယ်လောက်မှ မပေးရဘူး၊ ဧည့်လမ်းညွှန်က VIP အပေါက်က ထည့်လိုက်တော့ တော်တော်လေး ပေးလိုက်ရတယ်၊ ပြောပြပေ့ါဗျာ၊ တန်းစီရင် ပိုက်ဆံနည်းနည်းပဲ ပေးရမယ်၊ တန်းမစီဘဲ VIP အပေါက်ကဝင်ရင် တစ်ယောက်ကို ဘတ်ငွေ ဘယ်လောက်ပေးရမယ်လို့ သူပြောရင် ဆုံးဖြတ်တာက ဧည့်သည်သဘောပေ့ါ၊ ခုဟာက ခံလိုက်ရသလို ဖြစ်နေတယ်၊ Dream World ကျတော့ ဧည့်လမ်းညွှန် မခေါ်တော့ဘူး"

"တချို့ မြန်မာဧည့်လမ်းညွှန်တွေက ဒီထက်တောင် ဆိုးသေးတယ် ညီလေးရေ၊ သူတို့ ကော်မရှင် ဝေစုရတဲ့ ဆိုင်က ပစ္စည်းဝယ်ရင် မျက်နှာက ပြုံးနေတာပဲ၊ မရတဲ့ဆိုင် ဆိုရင် အဲဒီဆိုင်က ဘာဖြစ်တယ် ညာဖြစ်တယ်ဆိုပြီး မသွားအောင် ဖျက်ကြတယ်၊ ဧည့်လမ်းညွှန်အကုန်လုံးကို သိမ်းကျုံး ပြောတာ မဟုတ်ပါဘူး၊ ဒါတွေကို နိုင်ငံခြားသားက သိသွားခဲ့ရင်လဲ ညီလေးလိုပဲ ပြောမှာပဲ၊ နိုင်ငံလဲ သိက္ခာကျတယ် ဆိုတာ သူတို့ သဘောပေါက်သင့်တယ်၊ ဧည့်လမ်းညွှန်ရဲ့ ကျင့်ဝတ်ကို သေချာစောင့်ထိန်းသင့်တယ်၊ ဒီတော့ ညီလေးရေ စိတ်သာ လျှော့လိုက်"

"စိတ်တွေကလဲ တစ်ချိန်လုံး လျှော့နေရတာ တော်တော်လေးတောင် ပျော့စိနေပြီ၊ Customer ကိုလဲ Customer မို့လို့ စိတ်လျှော့ရတာ၊ ဝန်ထမ်းကိုလဲ ဝန်ထမ်းမို့လို့၊ အိမ်အကူကိုလဲ အိမ်အကူမို့ လျှော့နေရတယ်၊ ဒါတောင် သူတို့က တော်တော်လေး သည်းခံပြီး နေရတဲ့ပုံစံ လုပ်နေသေးတယ်၊ ဒါတွေက လူတွေစိတ်ထဲမှာ မကျေနပ်ချက်တွေ၊ အဆင်မပြေတာတွေ၊ ဝင်ငွေနည်းတာတွေ စုပေါင်းပြီး အကျိတ်အခဲတွေ ဖြစ်နေတော့ ဘာလုပ်လုပ် အဆင်အချောကြီး မဟုတ်ဘူးပေ့ါ၊ ဒါနဲ့ ကိုယ့်ဘာသာကိုယ် သွားကြည့်မယ်ဆိုပြီး အဲဒီဧည့်လမ်းညွှန်ကို ထပ်မငှားဖြစ်တော့ဘူး"



www.burmeseclassic.com

www.burmeseclassic.com




ပျော်ပျော်ပါးပါး စာရေးသူ

“အစ်ကိုလဲ ဒီလိုပါပဲ၊ ကဲ, Drean World အကြောင်း ပြောပါဦး”

“ဟုတ်ပါ့ဗျာ၊ ခံစားချက်တွေ ရင်ဖွင့်လိုက်မှ စိတ်ပေါ့သွားတယ်၊ ဒါကြောင့်လဲ စိတ်ပေါ့ပါးလန်းဆန်းအောင် Dream World သွားချင်တာ၊ Dream World ရောက်တာနဲ့ စိတ်ကြည်လင် လန်းဆန်းသွားတယ်၊ ပန်းပင်အလှ၊ အောက်ခံ ကြွပြားတွေအလှ၊ ရေပန်းအလှ၊ အရုပ်တွေအလှနဲ့ တက်ကြွနေတဲ့ လူတွေရဲ့ဟန်ပန်တွေနဲ့ ကမ္ဘာတစ်ခုကို ရောက်သွားသလိုပဲ၊ ရုပ်ရှင်ထဲက ကာတွန်းကားထဲ ရောက်သွားသလိုပဲ။

ကျွန်တော်လဲ ကိုယ့်ကိုယ်ကိုယ် လူငယ်တစ်ယောက် လို ခံစားပြီး လျှောက်သွားတာ၊ ကောင်းကင်ကြိုးရထားတွေ၊ သမီးရုပ်တွေ၊ ပန်းပွင့်အတုအကြီးကြီးတွေ၊ ပန်းတွေနဲ့ ထားတဲ့ လိပ်ပြာရုပ်တွေ၊ ရေကန်ကြီးရယ်၊ တောအုပ် ကြီးရယ်နဲ့ဆိုတော့ တကယ့် Dream World အိပ်မက်ကမ္ဘာ ပဲ”

“ဒါဆို ကိုယ်စိတ်ဝင်စားသွားပြီ၊ ဒါပေမဲ့ ကိုယ်သွား ရင် ကိုယ့်မိန်းမ ခေါ်သွားမှ ပိုပြီးပြည့်စုံမှာ”

“မိန်းကလေးတွေအတွက်ကတော့ ဓာတ်ပုံရိုက်လို့ ကောင်းတဲ့ နေရာတွေချည်းပဲ၊ သစ်ပင်ပုံစံ မော်တော်ကားပုံ ထိုင်ရင် လူက ကားစီးနေသလိုမျိုး ဝင်ထိုင်လိုက်ရုံပဲ၊ အသည်းပုံ လေးတွေနဲ့ဆို ဓာတ်ပုံရိုက်ရင် သိပ်ကောင်းပေါ့၊ ကျွန်တော်



ပန်းများနှင့် အလှဆင်ထားသော ကားလေး

က တစ်ရက်လုံးနေပြီး ဓာတ်ပုံအေးအေးဆေးဆေး ရိုက်ချင်တာ၊ ခုတော့ အပြေးအလွှား မနည်းရိုက်ရတယ်။

ခြံဝင်းကြီးက အကျယ်ကြီးဆိုပေမယ့် အရှည်လိုက် ကျယ်တာ၊ လမ်းလျှောက်ရတာ ညောင်းရင် ထိုင်ဖို့ ထိုင်ခုံတွေ နေရာတကာပဲ၊ ဝါးပင်တွေနဲ့ မိုးထားတဲ့ လမ်းဆိုရင် အရိပ် ရပြီး အမောပြေတယ်၊ ရေမှုန်မှုတ်တဲ့ ပန်ကာတွေ တပ်ထား တော့ အပူရှိန်လဲ လျှော့စေတယ်။

သစ်ပင်လေးတွေကို ဆင်ပုံဖော်ထားတာ တော်တော် လှတယ်၊ အစွယ်တွေကျတော့ အစွယ်အဖြူလေးတွေ တပ် ထားတယ်၊ ဆင်သစ်ပင်ပေါ်မှာ မျောက်ကလေးတွေ ခိုနေ



www.burmeseclassic.com

www.burmeseclassic.com

ကြတာ၊ ဓာတ်ပုံရိုက်ခဲ့ချင်ပေမယ့် မရိုက်လိုက်ရဘူး၊ Dream World သွားရင် အကျီ နှစ်စုံ သုံးစုံ ထည့်သွားရင် ပိုကောင်းမယ်၊ ချွေးထွက်လဲ လဲလို့ရတယ်၊ ဓာတ်ပုံကိုလဲ စတိုင်လ်မျိုးစုံ ရိုက်လို့ရတယ်"

"ငါ့ညီက ဓာတ်ပုံဝါသနာ တော်တော်ကြီးတာကိုး"

"ဝါသနာရှင်အဆင့်ပါ၊ စူပါမင်းကိုယ်လုံးနဲ့ ရိုက်ထားတဲ့ ကျွန်တော့်ပုံတောင် Facebook တင်ထားတယ်၊ လူဆိုးတွေကို ဖမ်းနေတဲ့ စတိုင်လ်ပေါ့၊ World Disney လို အိမ်သေးသေးလေးတွေလဲ ရှိတယ်၊ ကာတွန်းကားထဲ ရောက်နေသလိုပေါ့၊ အဲဒီနေရာ ရောက်တော့လဲ ကိုယ့်ကိုယ်ကိုယ် ပြန်ငယ်သွားသလိုပဲ၊ တစ်ခါတလေလဲ ဆယ်ကျော်သက်တွေနဲ့ ပေါင်းရတာ လန်းဆန်းတယ်၊ တက်ကြွတယ်"


"အစ်ကိုက ကောင်မလေးတွေနဲ့ ပိုပြီးပေါင်းချင်တာ"

"ဒါတော့ အစ်ကို့မိန်းမ ပါမစ်ခွင့်ပြုပေးမယ် မထင်ဘူး၊ ကျွန်တော့်သူငယ်ချင်း မိန်းမဆိုရင် Facebook ပေါ်မှာတောင် မိန်းကလေးတွေ တင်ထားတဲ့ အကြောင်းအရာဆိုရင် Like လုပ်လို့ မရဘူး၊ Comment ပေးလို့မရဘူး၊ ကျွန်တော့်သူငယ်ချင်းက သင်္ဘောသားပါ၊ သင်္ဘောပေါ်မှာဆိုတော့ ပျင်းတာနဲ့ Facebook သူငယ်ချင်းတွေဖွဲ့တာ၊ မိန်းကလေးနဲ့ဖွဲ့ရင် ရန်ကုန်ကနေ ပြဿနာရှာတယ်၊ လင်မယားချင်း ကွဲမယ် ပြမယ် အဆင့်တောင် ရောက်ကုန်တယ်"

"အစ်ကို့အမြင်ကတော့ ယောကျ်ားတွေ အရက်သောက်၊ KTV သွား၊ အနှိပ်ခန်းတွေ သွားတာကလဲ အိမ်က မဟေသီတွေ လိုအပ်တာတွေပါတယ်၊ အားလုံးကို သိမ်းကျုံးပြောတာ မဟုတ်ပါဘူး၊ ဟင်းချက်တာကလဲ ဒီလက်ရာချည်းပဲ၊ ထပ်ပြီး မလေ့လာဘူး၊ အချို့က ကိုယ်တိုင်ဝင်မလုပ်ဘဲ အိမ်ဖော်ကိုပဲ ခိုင်းတယ်၊ အချို့မိန်းမတွေကျတော့ ကိုရီးယားကားချည်းပဲ ကြည့်နေတယ်၊ ယောကျ်ားက ဒီလိုပုံစံလေး ကြိုက်တယ်၊ ဒီလိုပြင်ဆင်ပေးစေချင်တယ်၊ သူတို့က ဟိုလိုပုံစံ ကြိုက်တယ်၊ ဟိုလိုနေတယ်၊ ဒါကြောင့် ကိုယ်တောင် သတိပေးထားတယ်၊ ငါ့ကို ဂရုမစိုက်ရင် နောက်တစ်ယောက် ယူမှာလို့"




အသည်းတအေးအေးနှင့် Hurricane ဒန်း စီးနေကြသူများ



Viking လှေ စီးနေကြသူများ



သရဲအိမ်







www.burmeseclassic.com

www.burmeseclassic.com



Superman အလား စာရေးသူ



ရေကန်ဘေး အပန်းဖြေနေကြသူများ


"မယုံပေါင်ဗျာ၊ မယက ခေါင်းဆောင်တာများ တဲ့. . . ဆက်ပြောမယ်၊ Dream World အကြောင်းနော်၊ ညီမနန္ဒာကတော့ Dream World မှာ အကြိုက်ပဲ၊ Hurricane ဒန်းကြီးကလဲ ကြောက်စရာကြီး၊ လူအယောက် ၄၀ ထိုင်စီးရတာ၊ ထိုင်လျက် အမြင့်ကြီးလွှဲပြီး ဇောက်ထိုးမိုးမျှော်လုပ်လိုက်တာ၊ ခြေထောက်က ကောင်းကင်ပေါ်မှာ၊ ခေါင်းက အောက်မှာဆိုတော့ ဆံပင်တွေက ဝဲနေတာပဲ၊ အမြင့်ကြီးကို လွှဲပြီး မ,တင်သွားတော့ ဘယ်လိုနေကြမလဲ မသိဘူး၊ ကြည့်တာနဲ့တောင် အီစလံဝေနေပြီ၊ အော်လိုက်ကြတာ ဆူညံနေတာပဲ၊ လူငယ်တွေဆိုတော့ အသည်းထိတ်စရာကိုပဲ ပျော်နေကြတဲ့သဘောပေါ့။

Hurricane ကြည့်ပြီး ဈေးတန်းကို သွားတယ်၊ အဝတ်အစား အရောင်းဆိုင်တွေ၊ အမှတ်တရ ပစ္စည်းအရောင်းဆိုင်တွေနဲ့ စားသောက်ဆိုင်အစုံပဲ၊ မျက်နှာဖုံး အရောင်းဆိုင်ဆိုရင် သရဲမျက်နှာ၊ တိရစ္ဆာန်မျက်နှာ အစုံရှိတယ်၊ မြန်မာတွေလဲ အများကြီး တွေ့ရတယ်၊ ကျွန်တော်တို့ မြန်မာစကားကပဲ ထင်ရှားလို့လား၊ ဒါမှမဟုတ် ကိုယ့်စကားမို့လား မသိဘူး၊ လူအုပ်ထဲ ဆူညံနေရင်တောင် မြန်မာစကားကို ထင်းခနဲကြားရတယ်။

ထမင်းပေါင်းဆိုင်ဆိုရင် ခင်းကျင်းထားတာ စားချင့်စဖွယ်ပဲ၊ ထမင်းဖြူဖြူလေးပေါ် ကြက်ဥရယ်၊ ဝက်သားပါးပါးလေးတွေ လှီးပြီး တင်ထားတာ၊ စားမယ်ဆိုတာနဲ့ ကော်ရည်ဆမ်းလိုက်ရုံပဲ၊ တစ်နေ့လုံး လည်မယ့်သူတွေအတွက်တော့ တစ်ခုပြီးတစ်ခု စားပေါ့"

"တော်တော် အတွေးအခေါ် ကောင်းတာပဲ၊ Dream World ရဲ့ သမိုင်းကြောင်းကကော"

"၁၉၇၄ မှာ John Long Hurst ဆိုသူက မြေဧက ၈၅ ဟက်တာ ဝယ်ခဲ့တယ်၊ ၁၉၈၁ မှာ ၃၀ ဟက်တာကို Dream World စဖွင့်ခဲ့တယ်၊ လုပ်ငန်းတိုးချဲ့ရင်း မြေတွေတိုးတိုးပြီး ထပ်ထပ်ဝယ်ခဲ့တာ၊ ၁၀၀ ဟက်တာ ကျော်နေပြီ၊



Dream World သာမောဖွယ် ရေကန်အလှ



တပျော်တပါး အာကာသယာဉ် စီးကြသူများ

www.burmeseclassic.com

www.burmeseclassic.com












Dream World ထဲမှာ စားကြမလား သောက်ကြမလား

မြေကေအကုန်လုံးကို Dream World ဖွင့်ထားတာ မဟုတ်ဘူး၊ မြေအလွတ်တွေ အများကြီးကျန်သေးတယ်၊ ခုဆိုရင်တော့ သက်တမ်း ၂၅ နှစ် ကျော်သွားပြီပေါ့၊ အပန်းဖြေဖို့ တစ်ခုတည်း မဟုတ်ဘူး၊ စီးပွားရေးလုပ်ငန်းရှင်တွေ နှီးနှောဖလှယ်ပွဲတွေလဲ လုပ်တယ်။

Dream World ရဲ့ လုပ်ဆောင်ချက်တွေကို ပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်တဲ့ အဖွဲ့ကလဲ အသိအမှတ်ပြုတယ်၊ ကမ္ဘာလှည့်ခရီးသွားတွေကတစ်ဆင့် နိုင်ငံဝင်ငွေကိုလဲ တိုးစေတယ်၊ ထိုင်းနိုင်ငံ ရိုးရာယဉ်ကျေးမှုကိုလဲ ကမ္ဘာကို ပေါ်စေတယ်၊ ပရဟိတလုပ်ငန်းတွေအတွက်လဲ အထောက်အကူပြုစေတယ်၊ စဖွင့်တုန်းက ဝန်ထမ်း ၂၀၀ လောက်ပဲရှိတယ်၊ စနစ်ကောင်းတယ်၊ ဦးတည်ချက်ကောင်းတော့ အောင်မြင်တယ်”

“အစ်ကိုတို့ မြန်မာနိုင်ငံမှာလဲ မြေကေပေါင်း များစွာပိုင်တဲ့ သူဌေးကြီးတွေ ရှိတာပဲ၊ ဆယ်ပုံ တစ်ပုံကို တိုင်းပြည်အတွက် အများပြည်သူအတွက် အကျိုးရှိအောင် လုပ်ပေးတာနဲ့တင် အဲဒီ Dream World လောက်တော့ ယှဉ်နိုင်မှာပါ။ ဆက်ပြောပါဦး ညီလေး”

“Dream World သူဌေးကြီး John Long Hurst ဆိုသူက အရင်တုန်းက ထရပ်ကား မောင်းတဲ့သူပဲ၊ နောက် ကားပြင်လုပ်ငန်း၊ မြက်ရိတ်စက် ရောင်းတဲ့လုပ်ငန်းကနေ သင်္ဘောဆောက်တဲ့ လုပ်ငန်းအထိ တိုးတက်အောင်မြင်လာတာ၊ စီးပွားရေး အရမ်းကောင်းတာနဲ့ Coomera ဒေသမှာ မြေကေ ၈၅ ဟက်တာ ဝယ်ခဲ့တယ်၊ မြေထွန်စက်တစ်လုံးနဲ့ တစ်နေ့ ၁၂ နာရီကြာ မြေကွက်ကို ပြုပြင်ခဲ့တာ။

Dream World လုပ်ဖို့ ပရိဘောဂ ရောင်းဝယ်ရေး သူဌေးကြီးတစ်ယောက်နဲ့ ပူးပေါင်းပြီး ပုံဖော်ခဲ့တယ်၊ Disney Land နဲ့ World Disney ပုံဖော်သူတွေကို ငှားပြီး Dream World ကို ဖန်တီးတဲ့တာ၊ ဒီလောက် အောင်မြင်လာတဲ့ လုပ်ငန်းကြီးကို ၁၉၉၆ မှာ စင်ကာပူနိုင်ငံသား စီးပွားရေးသမား P.L.KUA ကို ရောင်းခဲ့ရတယ်”

www.burmeseclassic.com

www.burmeseclassic.com



World Disney ကာတွန်းကားထဲ ရောက်နေသည့်အလား

"အောင်မြင်လာတော့ ငွေအရင်းအနှီးများတဲ့သူက သိမ်းတဲ့သဘောပေါ့နော်"


"အကြောင်းအချက်တွေကတော့ အများကြီးရှိမှာပေါ့၊ ကျွန်တော်တို့နိုင်ငံလဲ ဒီမိုကရေစီ လမ်းကြောင်းပေါ် လျှောက်နေပြီဆိုရင် လုပ်ငန်းကြီးတွေ ခြယ်လှယ်တဲ့ကိစ္စတွေကို နိုင်ငံတော်က ကာကွယ်ပေးဖို့ လိုတယ်၊ လုပ်ငန်း အသေးကနေ လုပ်ငန်းအလတ်၊ လုပ်ငန်း အလတ်ကနေ လုပ်ငန်းကြီးဖြစ်ဖို့ နိုင်ငံတော်ကနေ ကူညီထောက်ခံပေးမှ မြန်မြန်ဖြစ်မှာပေါ့၊ ဒီမိုကရေစီဆိုပြီး ဈေးကွက်စီးပွားရေးစနစ် ခေါင်းစဉ်တပ်ပြီး ငွေရှင်ကြေးရှင်တွေကပဲ ဈေးကွက်ကိုထိန်းချုပ်နေရင် လုပ်ငန်းအလတ်ကနေ လုပ်ငန်းအသေးဖြစ်ပြီး လုပ်ငန်းအသေးတွေဆိုရင် တဖြည်းဖြည်းပျောက်သွားလိမ့်မယ်။

လိုအပ်တာတွေ တင်ပြပါဆိုလို့ တင်ပြပေမယ့် ဒါတွေက ဥပဒေနဲ့မညီညွတ်ဘူး၊ ဟိုဟာတွေကို တင်ပြပေးမယ်ဆိုပြီး နောက်ဆုံးတော့ ဒိုရင်းက ဒိုရင်းပဲဆိုရင် အဆင်မပြေဘူး၊ တစ်သက်လုံး နားလည်မှုတွေနဲ့ အလုပ်လုပ်လာပြီးမှ ခုမှ ဒါတွေဟာ အကျုံးမဝင်ဘူး၊ စည်းနဲ့ဘောင်နဲ့ပဲ လုပ်တော့မယ်ဆိုတော့လဲ အဆင်ပြေသင့်သလောက် ပြေမှာမဟုတ်ဘူး၊ ပြောင်းလဲသင့်ပေမယ့် အလျှင်စလို အလောတကြီးလုပ်ရင် ပိုဆိုးရွားလိမ့်မယ်။

သေသေချာချာ အစီအစဉ်ဆွဲ၊ လုပ်ငန်းကြီး,လတ်,သေး အသည်းခွဲ့ သဘောထားယူပြီးမှ လုပ်ရင် အောင်မြင်မှာပါ၊



မြူးမြူးကြွကြွ လန်းလန်းဆန်းဆန်း ဆော့ကစားနေကြသူများ



www.burmeseclassic.com

www.burmeseclassic.com



Tornado မုန်တိုင်းအတွင်း ပျော်နေကြသူများ





လုပ်ငန်းကြီးတွေနဲ့ပဲ တိုင်ပင်ပြီးလုပ်ဆောင်ရင် အောင်မြင်သင့်သလောက် အောင်မြင်မှာ မဟုတ်ဘူး၊ နိုင်ငံတကာမှာ ဒီလိုရလဒ်တွေ အများကြီးရှိနေပြီပဲ။

အောင်မြင်နေပြီးသား Dream World ကို သူဌေးတစ်ယောက်က ဆက်လုပ်တော့ ပိုပြီးအောင်မြင်တာပေါ့၊ အထပ်မြင့်မျှော်စင်တွေ၊ ရှားပါးတိရစ္ဆာန်တွေ၊ ပထမ ကမ္ဘာစစ်က ရှားပါးကျောက်မီးသွေး မီးရထားတွေအစ ရုပ်မြင်သံကြားအစီအစဉ်တွေနဲ့ ချိတ်ဆက်လုပ်ဆောင်လိုက်တော့ ကမ္ဘာသိ Dream World ဖြစ်လာတာပေါ့"

"အဲဒီလုပ်ငန်းမှာလဲ စိတ်ဝင်စားတဲ့ သမိုင်းကြောင်းရှိတာကိုး၊ နောက် ဘာတွေ တွေ့သေးလဲ"

"Vikings ဒန်းလှေကြီး တွေ့တယ်၊ တော်တော်များများ စီးကြပါတယ်၊ ကျွန်တော်တော့ စိတ်မဝင်စားဘူး၊ ဒန်းစီးသလိုပဲ ခံစားရမှာပါ၊ လှေကြီးပုံစံ လုပ်ထားလို့ တစ်မျိုးဆန်းနေတာ၊ ကျွန်တော် စိတ်ဝင်စားတာက ဘောကွင်းလှေစီးတာပဲ၊ နှစ်ယောက်တစ်တွဲ ဘောကွင်းလှေစီးပြီး ရေကန်ကြီးထဲမှာ လိုက်ကြည့်နေရုံပဲ၊ အမိုးမပါတော့ နေရိပ်မှ စီးလို့ကောင်းမှာ၊ စီးနေတဲ့သူတွေကြည့်ရတာ နင်းရပုံ မပေါ်ဘူး၊ သက်သောင့်သက်သာနဲ့ ပျော်နေပုံပဲ။

Roller Coaster ကတော့ ထုံးစံအတိုင်း အသည်းထိတ်စရာပဲ၊ စီးနေတဲ့သူတွေ အော်ဟစ်နေတာ ဆူညံနေတာပဲ၊ လေထဲမှာ ခြေထောက်တန်းလန်းဆိုတော့ အသည်းထိတ်မှာပေါ့၊ Roller Coaster စီးတာကြည့်ရင်း စင်ကာပူတုန်းက စီးတာကို သတိရမိတယ်၊ ကျွန်တော့်နောက်မှာ အတွဲတစ်တွဲစီးတယ်၊ သူတို့လဲ မြန်မာပဲ၊ မစီးခင်က ယောက်ျားလေးက သူ့ကောင်မလေးကို နှစ်သိမ့်နေတာ၊ တကယ်လဲစီးရော ကောင်လေးက အော်လိုက်တာ၊ အကြောက်ဆုံးအချိန်မှာ ဓာတ်ပုံရိုက်တဲ့စနစ် ရှိတယ်၊ ဆင်းတာနဲ့ ဓာတ်ပုံတွေက ထွက်နေပြီ၊ ရွေးချင်ရွေး မရွေးချင်လဲ ရတယ်၊ ဓာတ်ပုံလဲထွက်ရော ကောင်လေးမျက်နှာက ကြောက်လို့ ရုပ်ပျက်ဆင်းပျက်ဖြစ်နေတာ၊ ကောင်မလေးက အမှတ်တရ ရွေးချင်တယ်၊ ကောင်လေးက မရွေးချင်ဘူး၊ စကားများနေကြတာ၊ ကျွန်တော် ကြားဝင်ပြီး ဖျောင်းဖျပေးခဲ့ရသေးတယ်။

နောက် ဆက်သွားတော့ ကစားနည်း အသေးစားတွေကို တွေ့တယ်၊ ဘောလုံးပစ်တာ၊ ဘောလုံးလှိမ့်တာ၊ သားရေကွင်းပစ်၊ တိုက်ကားမောင်း၊ အစုံပဲ၊ နိုင်ရင် အရုပ်တွေရတယ်၊ ဘောလုံးလှိမ့်တာ လူတစ်ယောက်က တော်တော်ကျွမ်းတယ်၊ အရုပ်တွေ အများကြီးရတယ်၊ ဆိုင်ရှင်လဲ မျက်နှာပျက်နေပြီ၊ သူတို့လဲ ခံရတဲ့အခါလဲ ရှိဦးမှ။

နောက်တော့ သရဲအိမ်ကြီးတွေ့တယ်၊ လင်းနို့တွေရော၊ သွေးစုပ်ဖုတ်ကောင် အရုပ်တွေရော၊ ကျွန်တော်ရော ညီမနန္ဒာတို့ပါ ဒီနေရာတော့ စိတ်မဝင်စားကြဘူး ရေလှော



www.burmeseclassic.com

www.burmeseclassic.com



တစ်မှုထူးခြား ပန်းအလှ ဆင်ပုံစံ





ရေကန်နံဘေးက Roller Coaster



လျှောစီးကြီး တွေ့တယ်၊ မိုးကာဝတ်ထားကြပေမယ့် စီးတဲ့လူ အကုန် ရွှဲတာပဲ၊ အမြင့်ကြီးက အရှိန်နဲ့ ဆင်းတာဆိုတော့ အနီးကပ်ကြည့်တဲ့လူတောင် ရွှဲတယ်၊ Super Splash လို့ ခေါ်တယ်၊ ပန်းကန်ပြားပုံလို အဝိုင်းပတ်စီးတာတွေလဲ တွေ့ရတယ်၊ ဒီလောက်ကတော့ ရန်ကုန် တိရစ္ဆာန်ဥယျာဉ်ထဲမှာတောင်ရှိတယ်၊ လူတွေကတော့ ကြိတ်ကြိတ်တိုးပဲ၊ ရန်ကုန်လိုပဲ ယောကျ်ားတွေက ဘောင်းဘီရှည်၊ မိန်းမတွေက အတိုပဲ၊ အသက်ခြောက်ဆယ်လောက်ရှိလဲ အမျိုးသမီးကြီးတွေကလဲ ဟော့ရှော့ပဲ။

ဆန်ကောထဲ ထည့်လှိမ့်သလို အဝိုင်းကြီးထဲမှာ လူအယောက်သုံးဆယ်လောက် ထိုင်ခိုင်းပြီး နာရီလက်တံအတိုင်း လှည့်လိုက်၊ ပြောင်းပြန်လှည့်လိုက် အဲဒီကစားနည်းကတော့ လက်လန်တယ်၊ စီးတဲ့သူတွေက စစချင်းတော့ ဟေးခနဲ ဟေးခနဲ နဲ့ပေါ့၊ နောက်ကျတော့ ခေါင်းမူးပြီး အသံတောင် မထွက်နိုင်တော့ဘူး၊ တော်တော်လေး သနားဖို့ကောင်းတယ်၊ စားပြီးသားဆို အကုန်ပြန်ထွက်မှာပဲ၊ ကိုယ့်ဒုက္ခ ကိုယ်ရှာတယ် ဆိုတာ ဒါမျိုးပဲ"

"ဒုက္ခတွေက များနေတဲ့အထဲ လူငယ်ဆိုတော့ ဒီလိုပဲလေ၊ အစ်ကိုတို့ငယ်ငယ်တုန်းကလဲ ဒီလိုပါပဲ၊ ကဲ, ဆက်ပါဦး"

"ကျွန်တော်တို့ Mono Rail စီးဖို့ တန်းစီသေးတယ်၊ ကောင်းကင်ရထားပဲ၊ ဖြည်းဖြည်းမောင်းတော့ အဆင်ပြေတယ်၊ ရှေ့မှာက လူအယောက် ၁၅၀ လောက်ရှိတယ်၊ ရထားတစ်ခု သယ်မှ ၅၀ လောက်ဆိုတော့ မစောင့်နိုင်ဘဲ ခဏပဲ တန်းစီပြီး ပြန်ထွက်လာတယ်။

4D ရုပ်ရှင်တော့ ကြည့်ဖြစ်တယ်၊ ကျွန်တော်လဲ ကြည့်ချင်တာရယ်၊ ညီမ နန္ဒာကိုလဲ ပြချင်တာပါတယ်၊ 4D ဖန်တီးချက်တွေကလဲ တမျှအဆင့်မီပဲ၊ သိပ္ပံပညာရှင်ကြီးက အပြင်ခဏသွားတုန်း နမော်နမဲ့တပည့်ကို ခုတ်ခွဲခန်းအပ်ခဲ့တာ ကနေဇာတ်လမ်းစတာ၊ ခုတ်ခွဲပစ္စည်းတွေမှောက်ပြီး တိရစ္ဆာန်တွေ ထိမိရာက ခြင်၊ ယင်၊ ပိုးမွှားတွေ အဆပေါင်းများစွာကြီးလာတာ၊ အကောင်တွေကို နှိမ်နင်းရာက အကောင်တွေက ကိုယ့်ဆီကို ပျံလာသလိုပဲ၊ ဘေးက ကလေးဆိုရင် သူ့ဆီပျံလာတဲ့အကောင်တွေကို လက်နဲ့ယောင်ယောင်ပြီး ဖယ်နေတာ၊ 4D ကြည့်လိုက်ရတော့ နည်းနည်းတော့ ကျေနပ်သွားတယ်၊ ဟိုဟာတန်းစီလဲ အကြာကြီးစောင့်ရ ဒီဟာဆိုလဲ မစီးရနဲ့၊ လျှောက်ရတာ ညောင်းနေပြီ။

Flying Carpet စီးတဲ့လူတွေဆိုလဲ မလွယ်ဘူး၊ ချာလပတ်လည် လှည့်နေတာ၊ မြေမျှတဲ့ ပုံစံ ခုတ်ပုံရိုက်ခံတဲ့ လူတွေကလဲ ရှိသေးတယ်။


စင်ကာပူနိုင်ငံထက် သာတာတစ်ခုက Tornado စီးတာပဲ၊ စင်ကာပူ ဆန်တိုဆာကျွန်းက University Studio တုန်းက အဲဒါမရှိဘူး၊ တော်တော်ကြောက်ဖို့ကောင်းတဲ့ ကစား




www.burmeseclassic.com

www.burmeseclassic.com










ပျော်ပြေမှု များစွာဖြင့် ပျော်ရွှင်စရာ Dream World

နည်းပဲ၊ အဝိုင်းကြီးထဲမှာ ထိုင်ခုံနှစ်ဆယ်လောက် စီးလို့ရတယ်၊ အဝိုင်းကြီးက ရှေ့နောက်လဲ လွှဲသေးတယ်၊ သူ့ဘာသာလဲ လည်နေသေးတယ်၊ လွှဲရင်း လွှဲရင်း မြင့်လာတာ၊ လေဆင်နှာမောင်းမှန်တိုင်းထဲ ပါသွားသလို ခံစားရအောင် လုပ်တာ၊ နောက်ဆုံး ဘယ်လောက်ထိ မြင့်သွားသလဲဆိုတော့ ၁၅ ထပ်တိုက်လောက် မြင့်သွားတာ၊ လေဟာနယ်ထဲ ပစ်လိုက်သလို ခံစားရမှာ၊ အချို့ဆို ကြောက်လွန်းလို့ လက်တုံးလေးကိုဖက်ပြီးတော့ အော်လိုက်ကြတာ၊ မစီးဘဲ အောက်ကနေတဲ့လူကလဲ လိုက်အော်နေကြတယ်၊ Dream World ရောက်ရင်တော့ Tornado ကတော့ အသည်းထိတ်စရာ အကောင်းဆုံးပဲ၊ အသည်းအေးမှ ကြိုက်တာဆိုရင် အဲဒါသာစီး"

"ဒါကြောင့် Tornado လို့ အမည်ပေးထားတာကိုး၊ မုန်တိုင်းပေါ့"

"ဒီနောက် ကျွန်တော်တို့ ပြန်ခဲ့တယ်၊ အပြန်လမ်းမှာ ပျော်ပွဲရွှင်ပွဲတွေ အများကြီးပဲ၊ အဲဒီရောက်မှ ကိုယ်တိုင်ခံစားကြည့်တော့၊ အပြန်လမ်းမှာ ဟာသတစ်ခုက ကစားနည်းတစ်မျိုးပဲ၊ အောက်ဘက်မှာ ရေကန်၊ အပေါ်မှာ ရေကူးဝတ်စုံနဲ့ ကောင်မလေး တစ်ယောက်က မောင်းတံလေးပေါ်မှာထိုင်ပြီး ကုလားနှစ်ယောက်ကို ကန့်ကလျ စနေတာ။

အဲဒီကုလားနှစ်ယောက်ကလဲ ကောင်မလေးခေါင်းပေါ်က အကွက်လေးထိအောင် ဘောလုံးနဲ့ သဲကြီးမဲကြီး ပေါက်နေတာ၊ အဲဒီအကွက်လေး ထိသွားရင် မောင်းတံက ပြုတ်ကျပြီး ကောင်မလေးက ရေကန်ထဲ ပြုတ်ကျမှာ၊ ကောင်မလေးက နောက်လိုက်၊ ကုလားလေးတွေက ပေါက်လိုက်နဲ့



www.burmeseclassic.com

www.burmeseclassic.com



ရေကန်ထဲမှာ အပူဒဏ်ကို အန်တုကာ ဘောကွင်းစီးနေကြသူများ



မိုးကာလေးများဝတ်၍ ရေစီးကြောင်းအတိုင်း စီးမျှောနေဟန်



သူတို့ ပိုက်ဆံတော်တော်ကုန်သွားပုံပဲ၊ ကျွန်တော်တို့ ပြန်လာတဲ့အထိ အဲဒီ အကွက်ကလေးကို မထိသေးဘူး။

စားသောက်ဆိုင်တွေလဲ အများကြီးပဲ၊ ကျွန်တော်တို့ ညနေစောင်းလာတော့ မမှောင်ခင်ပြန်ရတာ၊ မုန့်တွေပဲ ဝယ်ဖြစ်ခဲ့တယ်၊ အပြန် တစ်နာရီလောက် ကားစီးရဦးမှာ"

"နေရာက တော်တော်ဝေးဝေးမှာ ရှိတာကိုး၊ နောက်နေ့တော့ ဘယ်သွားသေးလဲ"

"နောက်နေ့တော့ Shopping ပေါ့ဗျာ၊ ကျွန်တော်က Shopping သိပ်စိတ်မဝင်စားပေမယ့် လေ့လာချင်တာနဲ့ ထွက်ဖြစ်တယ်၊ မြို့လယ်ကောင်က ပက်တိုနမ်ရပ်ကွက်ကိုသွားတာ၊ ကားတွေ၊ ဆိုင်ကယ်တွေက ကျပ်ပိတ်သိပ်နေတာပဲ၊ ရန်ကုန်မှာလဲ ကားတွေ ကျပ်လာတော့ သိပ်မဆန်းပါဘူး၊ အဲဒီရပ်ကွက်က မြန်မာနိုင်ငံက ကုန်သည်တွေ အများဆုံးလာတဲ့ရပ်ကွက်ပဲ၊ အဝတ်အထည်၊ အလှကုန်၊ တိုလီမိုလီအကုန်လုံး လက်လီလက်ကား ရတယ်၊ မြန်မာနိုင်ငံက ကုန်သည်တွေ ချည်း တည်းတာတောင် အဲဒီရပ်ကွက်နားက ဟိုတယ်တွေမှာ တည်းတာ၊ ရှုပ်ယှက်ခတ်နေတာပဲ။

ဝင်လိုက်တာနဲ့ တွေ့တာက အဝတ်တန်းပဲ၊ ယိုးဒယား ထိုင်းဟတ်တွေက ဆယ်ထည်ဈေးရောင်းတာ၊ အမေက သူ့မြေးလေးအတွက် ကျောပိုးအိတ်ဝယ်ခိုင်းလို့ ဝယ်ရသေးတယ်၊ များပါတယ်၊ ရန်ကုန်ဈေးရဲ့ တစ်ဝက်လောက်ပဲရှိတယ်၊ ဆိုင်တွေက တန်းစီနေတာပဲ၊ Grand Diamond Plaza

www.burmeseclassic.com

www.burmeseclassic.com

ကြီးမှာလဲ ဈေးဝယ်လို့ကောင်းတယ်၊ ပတိုနမ်ဈေးနဲ့ဆို မျက်စောင်းထိုးပဲ၊ ကားရှုပ်လို့ ခုံးကျော်တံတားကနေ သွားရတယ်"

"ညီလေးတို့က ဘယ်ဈေးအရင်သွားလဲ"

"ပတိုနမ်ရပ်ကွက်ဘက် အရင်သွားတယ်၊ Pratunam, ဈေးကြီးနှင့် Paladium, Platinum Shopping Mall ကြီး နှစ်ခုရှိတယ်၊ Platinum Shopping Mall ကို အရင်ဝင်လိုက်တယ်၊ စားသောက်ဆိုင် တော်တော်များများက အဲဒီမှာ ရှိတယ်၊ ကောက်ညှင်းပေါင်း၊ ဆီထမင်း၊ သာကူ၊ ဖက်ထုပ်၊ ကော်ပြန့်၊ ထမင်းကြော်၊ ခေါက်ဆွဲပြုတ်၊ ကြက်ကြော်တွေ အစုံရှိတယ်၊ ဒါပေမဲ့ သူတို့ ထိုင်းအစားအသောက် အရသာက မြန်မာပါးစပ်နဲ့ ခံတွင်းမတွေ့ဘူး၊ ငါးမျိုးမှာ သုံးမျိုးပဲ စားကောင်းတယ်၊ ဟင်းတွေက အစပ်များပြီး မုန့်တွေက ချိုရဲကြီးတွေ"

"သူတို့က ထမင်းပဲ စားကြတာလား"

"ဟုတ်တယ်၊ ထိုင်းတွေက ထမင်းပဲစားတယ်၊ ကောက်ညှင်းဆန်၊ ပေါ်ဆန်းမွှေးဆန် သုံးတယ်၊ စားပြီး အဝတ်အစားတန်းသွားတယ်၊ လက်ဆောင်ပေးဖို့ တီရှပ် ၁၅ ထည်လောက် ဝယ်လိုက်တယ်၊ ဈေးပေါတယ်၊ အသားကောင်းတယ်၊ အဝတ်ဆိုင်၊ အလှကုန်ဆိုင်တွေက အများဆုံးပဲ၊ ရွှေခြည်ထိုးဆိုင်တွေ၊ ထိုင်းရိုးရာဝတ်စုံဆိုင်တွေလဲ တွေ့တယ်၊ အမှတ်တရသော့ချိတ်တွေကတော့ လက်ဆောင်ပေးဖို့ မဝယ်မဖြစ် ပစ္စည်းဆို





ပျော်ရွှင်မှုများစွာနှင့် Dream World











www.burmeseclassic.com

www.burmeseclassic.com



နာရီလက်တံအတည့် ပြောင်းပြန်လည်သည့် Flying Carpet







တော့ ဝယ်ဖြစ်သေးတယ်၊ ပန်းချီ၊ ပန်းပု၊ ဝါးအလှပစ္စည်းဆိုင် လက်ရာတွေကလဲ မြန်မာလက်ရာတွေပါပဲ၊ ဖန်ထည်၊ ကြွေထည်ပစ္စည်းတွေက ရန်ကုန်ထက် ပိုလှတယ်၊ အမှတ်တရ Fancy ပစ္စည်းဆိုင်တစ်ခုက အဖြူအမည်း ပစ္စည်းပဲတင်တယ်၊ ဈေးက ထင်တာထက် ပေါတော့ လူတော်တော်ဝင်တယ်။

အဲဒီဈေးပြီးတာနဲ့ ပက်တိုနမ်ဈေးဘက် သွားတယ်၊ ဒီဈေးကတော့ လက်လီလက်ကား ဈေးပဲ၊ မြန်မာနိုင်ငံက ကုန်သည်တွေ အများဆုံး ဝယ်တဲ့ဈေးပဲ၊ ရန်ကုန်ဈေး တစ်ဝက်လောက်ကို ကွာတယ်၊ ဈေးကြီးကလဲ ရွှေဟောင်းဈေးကြီးပါ၊ သိပ်မကောင်းပါဘူး၊ ပစ္စည်းတွေကလဲ အလယ်အလတ်စား အများဆုံးရှိတယ်၊ ဂါဝန်၊ စကတ်၊ ဘောင်းဘီတို၊ ဘောင်းဘီရှည် ဒီဇိုင်းမျိုးစုံရှိတယ်၊ အရုပ်တွေမှာ ဝတ်ပြထားတာဆိုတော့ ဒီဇိုင်းက ပေါ်လွင်နေတယ်၊ ကျွန်တော်တို့ စာအုပ်တိုက်က ဝန်ထမ်းအငယ်ဆုံးလေး ရွှေရည်ဆိုရင် ဈေးထဲက တော်တော်ပြန်ခေါ်ထုတ်ရလိမ့်မယ်၊ ဆယ်ကျော်သက်အကြိုက် ဒီဇိုင်းမျိုးစုံရှိတယ်၊ ကျွန်တော်တောင် ဘောင်းဘီရှည်နှစ်ထည် ဝယ်ခဲ့သေးတယ်၊ ဆိုဒ်ကြီးလဲ ရတယ်၊ ဈေးလဲ တော်တယ်၊ ဒါပေမဲ့ ထိုင်းလူမျိုးက ပိန်ပိန်ပါးပါးတွေများတော့ ဆိုဒ်ကြီးရှားတယ်။



Dream World အတွင်း လှုပ်လှုပ်ရှားရှားလေ့လာနေသူများ




www.burmeseclassic.com

www.burmeseclassic.com






ပက်တိုနမ်ရပ်ကွက်အတွင်းရှိ Pratunam ဈေးကြီးအတွင်း ဝယ်ချင်စရာများ











Grand Diamond Plaza ရှိ စားသောက်ဆိုင်များ

အဲဒီဈေးရဲ့ ဘယ်ဘက်မှာက City Complex Shopping Mall ကြီးရှိတယ်၊ မသွားနိုင်တော့ဘူး၊ ခြေထောက်က တော်တော်ညောင်းနေပြီ၊ ညီမနန္ဒာနဲ့ လမ်းညွှန်ကောင်မလေးကတော့ ညောင်းရကောင်းမှန်းတောင် သိပုံမပေါ်ကြဘူး၊ ဝယ်ထားတာကလဲ အိတ်ကြီးတစ်လုံး ပြည့်နေပြီ၊ သူတို့နှစ်ယောက် တစ်ယောက်တစ်ဖက်ဆွဲပြီး သွားရတယ်၊ ဒါတောင် ဟိုဟာမဝယ်လိုက်ရလို့၊ ဒီဟာမဝယ်လိုက်ရလို့ ဖြစ်နေသေးတယ်"

"Shopping ဆိုတော့ မိန်းကလေးအများစု အကြိုက်ပဲကိုး"



www.burmeseclassic.com

www.burmeseclassic.com



Platinum Shopping Mall





ဘန်ကောက်မြို့ရှိ အကောင်းဆုံး Shopping Mall Siam Paragon











"ကျွန်တော်ကတော့ ညောင်းနေတော့ အအေးဆိုင်မှာ နေခဲ့တယ်၊ Shopping ပြီးမှ သူတို့ ပြန်လာခေါ်ကြတယ်၊ ဒီလိုနဲ့ပဲ အထုပ်ကြီး အထုပ်ငယ်နဲ့ ပြန်ခဲ့ကြတာ၊ မပြန်လို့လဲ ရတော့ဘူး၊ ပက်တိုနမ်ဈေးက ညနေ ၅ နာရီ လောက် ပိတ်တာ၊ Shopping Mall တွေကတော့ ညဘက်ထိ ဖွင့်တယ်"

"ညီလေးတို့ Shopping Mall ကြီးတစ်ခု သွားသေးတယ်ဆို၊ အဲဒါလား"

"မဟုတ်ဘူး၊ အဲဒီ Shopping Mall က Siam Paragon ပဲ၊ ကျွန်တော်တို့ ရောက်ခဲ့တဲ့အထဲမှာ အကောင်းဆုံးပဲ၊ ကျွန်တော် ခုနက ပြောတဲ့ ပတိုနမ်ဈေးကြီးနဲ့ဆို နာရီဝက်လောက်ကို လမ်းလျှောက်ရမှာ၊ Siam Paragon ကိုတော့ ကျွန်တော့်အမေနဲ့ သပ်သပ်သွားကြတာ။

www.burmeseclassic.com

www.burmeseclassic.com



ဘန်ကောက်မြို့ရှိ အကောင်းဆုံး Shopping Mall Siam Paragon ညမြင်ကွင်းအလှ





အဲဒီနေရာမှာလဲ Shopping Mall ကြီး သုံးလေးခုကို ဆက်ထားတာ။ အဲဒီထဲမှာ Siam Paragon က အကောင်းဆုံးပဲ၊ Branded ပစ္စည်းတွေချည်းပဲ၊ မိန်းကလေးလက်ဆွဲအိတ်ဆိုင်တွေကတော့ အများကြီးပဲ၊ ပစ္စည်းတွေက သိန်းဂဏန်းပဲ၊ ဖိနပ်ဆိုင်တွေကလဲ ဈေးကြီး ဖိနပ်တွေပဲ၊ အမေ ပါနေလို့ ကြည့်ချင်ပေမယ့် စိတ်ကြိုက် မကြည့်ခဲ့ရဘူး။

Siam Paragon က ကြီးပေမယ့် အထပ်အမြင့်ကြီးတော့ မဟုတ်ဘူး၊ ခြောက်ထပ်လောက်ပဲ ရှိမယ်၊ အပြင်အဆင်က ဆန်းသလို ပစ္စည်းတွေကလဲ အလန်းလွန် အလွန်လန်းပဲ၊ ကျွန်တော် အကြိုက်ဆုံးက ရေမွှေးကောင်တာပဲ၊ ရေမွှေး မျိုးစုံရှိတယ်၊ ကျွန်တော်ကတော့ ကျွန်တော့်အကြိုက် Chanel တံဆိပ်ပဲ ကြည့်ဖြစ်တယ်။

သူတို့ဆီက ကောင်တာမှာ ပုလင်း အသေး၊ အလတ်၊ အကြီး ရှိတယ်၊ ရေမွှေးတစ်လုံး ဝယ်ဖြစ်တယ်၊ ရန်ကုန်မှာကြည့်တုန်းက တစ်သိန်းခွဲဝန်းကျင်လောက် ရှိတယ်၊ ထိုင်းမှာက တစ်သိန်းစွန်းစွန်းပဲ ရှိတယ်၊ အဲဒီ Shopping Mall မှာ တစ်ခုအဆင်မပြေတာက ဒေါ်လာကနေ ဘတ်လဲပေးပြီး ပိုတဲ့ဘတ်ကို ဒေါ်လာ ပြန်မလဲပေးဘူး၊ အဲဒီ Shopping Mall ကတော့ ခပ်ရင့်ရင့်ပဲ။

မြေညီထပ်မှာကတော့ ဒီက City Mart လိုမျိုး ဆိုင်ကြီးပဲ၊ မီးဖိုချောင်သုံးပစ္စည်းနဲ့ အသားငါး၊ ကုန်ခြောက်တွေ ရှိတယ်၊ အခင်းအကျင်းက တော်တော်လေးကောင်းတယ်၊ မြေအောက်ထဲ ဆင်းရင်တော့ Under Water World ပဲ"

"ကြံကြံဖန်ဖန် မြေအောက်မှာ ဆောက်ထားတာကိုး"

"ဟုတ်တယ်၊ Under Water World ကိုတော့ နောက်တစ်ခေါက်မှ ပြောမယ်နော်"

(ဆက်ရန်)

❒ ဉာဏ်နှင်း(စက်မှု)




www.burmeseclassic.com

www.burmeseclassic.com


မြတ်စွာဘုရား သက်တော်ထင်ရှား ရှိစဉ်
သွန်းလောင်းတော်မူပြီး ရင်ငွေ့လှုံတော်မူခဲ့သော

# ဆုတောင်းပြည့် မဟာမြတ်မုနိရုပ်ရှင်တော်မြတ်ကြီး

**တက္ကသိုလ်မျိုး**



မဟာမြတ်မုနိ မြတ်စွာဘုရားကြီး မျက်နှာကြက်ရှိ စိန်ဖူးတော်



ဂန္ဓကုဋိတိုက်အား အနီးကပ်တွေ့ရပုံ

ပုဂံ၌ ၂၃၊ ၁၁၊ ၂၀၁၃ မှ ၂၅၊ ၁၁၊ ၂၀၁၃ ရက်နေ့အထိ သုံးညအိပ်၊ သုံးရက်ခရီးဆန့်၍ ပုဂံဘုရား အတော်ပင် ...လင်လင် ဖူးမြော်ပြီးနောက် နေရပ် ရန်ကုန်သို့ပြန်ရန် စီစဉ်...ည်၊ မန္တလေးမြို့သို့ ရောက်နေသည့် သားယော်မောင်ဝေ...က်ထံ ဖုန်းဆက်၍ ရန်ကုန်ပြန်မည့်အကြောင်း ပြောရာ ...ယ်က "အဖေတို့ မန္တလေးကို လာဦးမယ် မဟုတ်လား၊ ...န်ရောက်ပြီးမှ ပြန်လာရင် ခရီးဝေးတာပေါ့၊ ပုဂံကနေ ...ကိုလာပြီး အဖေတို့ လုပ်စရာကိစ္စတွေ လုပ်ရင် နောက် ...ခေါက် လာစရာမလိုတော့ဘူးပေါ့ ခရီးလဲ တိုသွားတာ ..."

သားယော် အကြံပေးစကားကြောင့် စာရေးသူတို့ ဇနီး...် ရန်ကုန်ပြန်မည့် အစီအစဉ်ကိုပြောင်း၍ ပုဂံမှ မန္တလေး...ည့် လက်မှတ်ကို ဝယ်လိုက်ပြီး ၂၆၊ ၁၁၊ ၂၀၁၃ ရက်နေ့ နံနက် ၈ နာရီ၌ ဘည်းခိုရာ ၄၁၅ တပ်ရှေ့မှ ကားဖြောင့်စီး၍ မန္တလေးသို့ ခရီး စတင်ခဲ့သည်၊ ရန်ကုန်မှ ခရီးဖော်အတူထွက်လာသည့် ညီမဖြစ်သူ ဒေါက်တာဒေါ်မမကေ စာရေးသူတို့အား နှုတ်ဆက်ရင်း ပုဂံ၌ ကျန်ခဲ့သည်၊

ခေတ်စနစ်တို့၏ တိုးတက်ပြောင်းလဲမှုကြောင့် ခရီးလမ်းပန်း ချောမွေ့ကောင်းမွန်လာသလို ပို့ဆောင်ရေးစနစ်တိုးတက်မှုကြောင့်လည်း အဲယားကွန်းခေတ်မီလေအိတ်ကားကြီးများနှင့် ခရီးသွားရခြင်းကြောင့် မပင်မပန်း သက်သက်သာသာဖြင့် လိုရာခရီးသို့ အရောက်သွားနိုင်ခဲ့သည်။ စာရေးသူတို့လို အသက်အရွယ် ကြီးသူများအဖို့ ခရီးပန်းခြင်း၊ ကိုယ်လက်နာကျင်ခြင်း မရှိခြင်းကြောင့် ခရီးမိုင်ရှည်သော်လည်း နေအိမ်အတွင်း ထိုင်နေရသလို ခရီးသွားရခြင်းကြောင့်လည်း မည်သည့်ဝေဒနာမှ မခံစားရဘဲ လိုရာခရီးသို့ ရောက်ခဲ့ရသည်။





www.burmeseclassic.com

www.burmeseclassic.com



မဟာမြတ်မုနိရုပ်ရှင်တော်မြတ်ကြီးအား ကြည်ညိုဖွယ်ဖူးမြင်ရပုံ



www.burmeseclassic.com

www.burmeseclassic.com



မဟာမြတ်မုနိဘုရားကြီး၏မျက်နှာတော်အား
အနီးကပ်ဖူးမြော်ရပုံ



မဟာမြတ်မုနိဘုရားကြီး၏ဂန္ဓကုဋိတိုက်အား
အရှေ့ဘက်မှ မြင်တွေ့ရပုံ

စာရေးသူသည် ယခုနှစ်အတွင်း မန္တလေးသို့ လေးကြိမ်မြောက် ခရီးထွက်ခဲ့ခြင်း ဖြစ်သည်။ စာရေးသူ၏ဇနီး ဒေါက်တာညွှန့်ညွှန့်ရီသည် ဖေဖော်ဝါရီလအတွင်း အလောင်းတော်ကဿပ ဘုရားဖူးခရီး ထွက်စဉ်က တစ်ခေါက်ရောက်ခဲ့သည်။ ထိုစဉ်က စာရေးသူတို့အား ပို့ဆောင်ပေးသည့် ဘုရားဖူးပို့ဆောင်ရေး ကုမ္ပဏီ၏ ညံ့ဖျင်းမှုကြောင့် မန္တလေးဘုရားများ ပို့ဆောင်ပေးမည့် အစီအစဉ် ပျက်ခဲ့ရပြီး မဟာမြတ်မုနိဘုရားကြီးပင် ဖူးခွင့်မရခဲ့ပေ။ မန္တလေးသို့ ည ၉ နာရီလောက်မှရောက်ပြီး ကိုယ့်စရိတ်ဖြင့် ညစာထမင်းကို ဝယ်စားခဲ့ပြီး မန္တလေးမြို့ကို ညမှောင်မှောင် လရောင် မလင်းတလင်း အလင်းတလဲ့ကြားမှ နှုတ်ဆက်၍ ထွက်ခွာလာခဲ့ရသည်။

ဇနီးဖြစ်သူ ဒေါက်တာညွှန့်ညွှန့်ရီမှာလည်း မဟာမြတ်မုနိဘုရားကြီးလည်း မဖူးရ၊ မန္တလေးတောင်ပေါ်တက်၍ ရွှေစာတိုက်ပေးဘုရားကြီးလည်း မဖူးရ၊ ဦးပိန်တံတားပေါ်လည်း မရောက်ခဲ့ရဘဲ ရန်ကုန်သို့ပြန်ခဲ့ရသည်။ အလောင်းတော်ကဿပ ဘုရားဖူးခရီးစဉ်အား တစ်ယောက် ကိုးသောင်းကျပ်ပေး၍ မိသားစုသုံးယောက် လိုက်ပါခဲ့ရာ ကြေညာထားသည့် ဘုရားအတော်များများကို မဖူးရဘဲ ပြန်ခဲ့ရသည်။ စာရေးသူတို့ လိုက်ပါခဲ့သော ဘုရားဖူးအဖွဲ့အစည်းမှာ "အမည်တစ်လုံး" တည်းရှိသော အဖွဲ့ပင်ဖြစ်သည်။ ဘုရားဖူး သွားကြမည့် သူတော်စင်အပေါင်းတို့ အထူးသတိထား၍ ဘုရားဖူးထွက်ကြရန် သတိပေးရခြင်းပင် ဖြစ်သည်။ စာရေးသူသည် အလောင်းတော်ကဿပ ဘုရားဖူး ခရီးစဉ်နောက်ပိုင်း မန္တလေးသို့ နှစ်ခေါက်ရောက်ခဲ့သည်။ နေ့ချင်းပြန်ခရီးများ ဖြစ်၍ ရွှေနန်းတော်ကျောင်း၊ အတုမရှိ ကျောင်းတော်၊ မဟာလောကမာရဇိန်ဘုရားသို့သာ ရသည့် အချိန်အတွင်း သွားရောက်နိုင်ခဲ့ပြီး ညနေထွက်မည့် အမြန်ယာဉ်စီးရန်ကားဂိတ်သို့ အရောက်ပြန်ခဲ့ရသည်။


စာရေးသူတို့ မိသားစုသည် ပုဇွန်တောင်မြို့နယ်၊ အနော်ရထာလမ်း၊ အနော်ရထာအိမ်ရာ၌ ဟိုင်းမင်းသက်နှ်းဆိုင် ဖွင့်လှစ်ထားရာ လာမည့်ကျောင်းပိတ်ရက် နွေရာသီ ရှင်ပြုပွဲများ၌ ငှားရမ်းရန် ရှင်လောင်းအဝတ်အစားများ၊ ဦးသျှောင်စလွယ်များ ဝယ်ယူရန် မန္တလေးသို့ တစ်ခေါက်သွားရန် စီစဉ်ထားခဲ့သည်။ ပုဂံမှပြန်ရောက်ပြီး မန္တလေးခရီးထွက်ရန် စီစဉ်ထားသည်။

မူလစီစဉ်ထားစဉ်ကပင် ဇနီးဖြစ်သူ လိုက်ပါရန်နှင့် သူမ အဓိဋ္ဌာန်ဝင်လိုသည့် မန္တလေးမြို့ရှိ ရွှေကျီးမြင်ဘုရား၊ မဟာမြတ်မုနိဘုရားကြီး၊ ချမ်းသာကြီးဘုရားများကို ဖူးမြော်သွားရောက်ရန် ဖြစ်သည်။ ယခု ပုဂံခရီးစဉ်သည် မမျှော်လင့်ဘဲ ဖြစ်ပေါ်ခဲ့ရာမှ သားငယ်၏ အကြံပေးချက်အရ ပုဂံမှ မန္တလေးသို့ ခရီးစဉ်ဆက်ခဲ့ခြင်း ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



မဟာမုနိ ပိဋကတ်တိုက်တော်ကြီး



ဓမ္မသာလာ သမိုင်းပန်းချီပြတိုက်

စာရေးသူတို့ မော်တော်ယာဉ် ဝမ်းတွင်းမြို့၌ ခေတ္တရပ်နားပြီး နံနက်စာ ထမင်းစားကြသည်။ ပုဂံ-မန္တလေး အမြန်ယာဉ်သည် ပုဂံမှ ထွက်လာစဉ်က ခရီးသည် နှစ်ဆယ်ခန့်သာ ပါလာခဲ့ပြီး ကျောက်ပန်းတောင်းမြို့မှစ၍ လမ်းခရီးတစ်လျှောက်၌ ခရီးသည်များကို အကြိမ်ကြိမ်ရပ်၍ တင်ဆောင်ခဲ့ရာ မိတ္ထီလာမြို့မရောက်မီ ခရီးသည်အပြည့် ဖြစ်လာသည်။ ထမင်းဝင်စားသည့် ဝမ်းတွင်းမြို့၌ ခရီးသည် ဆက်တင်ရာ ထိုင်ခုံပြည့်ရုံသာမက အလယ်ခုံများပင် ပြည့်လေသည်။

ကျောက်ဆည်မြို့ ရောက်သောအခါ မတ်တတ်ရပ်လိုက်ပါလာသော ခရီးသည်များပင် ပါလာတော့သည်။ ထိုသို့ လမ်းခရီးတစ်လျှောက် ခရီးသည် အတင်အချ လုပ်ခဲ့၍ မန္တလေးသို့ ရောက်ရမည့်အချိန်၌ ကျောက်ဆည်မြို့ပင် မရောက်သေး၍ မန္တလေးကားဂိတ်၌ လာကြိုနေသော သားငယ်နှင့် သူ၏မိတ်ဆွေသူငယ်ချင်း နန်းဟွမ်ခမ်းတို့က ဖုန်းဆက်၍ မေးရလေတော့သည်။ စာရေးသူလည်း ကျောက်ဆည်ရောက်ခါနီးပြီဖြစ်ကြောင်း ပြန်ဖြေရုံမှတစ်ပါး ပြောစရာမရှိတော့ပေ။ မန္တလေးရောက်ရမည့်အချိန်ထက် အတော်ပင်နောက်ကျပြီးမှ မန္တလေး အဝေးပြေးဂိတ်သို့ ရောက်လေတော့သည်။

❁

သားဖြစ်သူက မန္တလေးမြို့ Swan Hotel ၌ အခန်းငှားပေး၍ သက်သက်သာသာ တည်းခိုခဲ့ရသည်။ ၂၇. ၁၁.



မဟာမြတ်မုနိ စည်တော်စင်

၂၀၁၃ ရက်နေ့ (အမျိုးသားနေ့) နံနက် ၇ နာရီတွင် သားနှင့်သူ၏သူငယ်ချင်း နန်းဟွမ်ခမ်းတို့က တည်းခိုရာဟိုတယ်သို့ လာရောက်ခေါ်ဆောင်ခဲ့သည်။ စာရေးသူတို့က ဟိုတယ်မှ ကျွေးသော နံနက်စာကို စားသုံးပြီးဖြစ်၍ သမီးနန်းဟွမ်ခမ်း မောင်းနှင်ခေါ်ဆောင်သည့် မတ်တူးကားလေးနှင့် ပထမဦးစွာ မဟာမြတ်မုနိ ဘုရားကြီးသို့ စတင်ဝင်ရောက် ဖူးမြော်လေသည်။

စာရေးသူသည် မဟာမြတ်မုနိ ဘုရားကြီးအား အသက် (၁၇)နှစ်သားအရွယ်မှစ၍ ဖခင်ကြီးဦးကျင်စွမ်း (ကျားသက်န်းတိုက်) ပို့ဆောင်ပေး၍ ပထမဦးဆုံး ဖူးမြော်ခွင့်ရခဲ့သည်။ ခုနှစ်အတိအကျ ဖော်ပြရသော် ၁၉၅၉ ခုနှစ် (လွန်ခဲ့သော ၅၃ နှစ်ကျော်ကာလ)ကဖြစ်၍ မဟာမြတ်မုနိဘုရားကြီးသို့ ရောက်ခဲ့ဖူးသည်ကိုသာ မှတ်မိတော့သည်။ တခြားအကြောင်းအရာများကိုတော့ မမှတ်မိတော့ပေ။

စာရေးသူသည် မဟာမြတ်မုနိဘုရားကြီးအား ဖူးမြော်ပြီးနောက် လွန်စွာကြည်ညိုလွန်း၍ ငယ်စဉ်ကပင် ပြက္ခဒိန်တစ်ခု၏ မျက်နှာဖုံး၌ ဖော်ပြထားသည့် မဟာမြတ်မုနိရုပ်ရှင်တော်မြတ်ကြီး၏ ပုံတော်အား မှန်ဘောင်သွင်းပြီး အိပ်ရာခုတင် ခေါင်းရင်း၌ ချိတ်ဆွဲထားခဲ့သည်မှာ စာရေးသူ အိမ်ထောင်ကျသည့် အသက်(၂၉)နှစ်အရွယ်အထိပင် ဖြစ်သည်။

စာရေးသူ အမှတ်ရနေမိသည်မှာ ခုတင်ခေါင်းရင်း၌ မဟာမြတ်မုနိဘုရားကြီး ပုံတော်နှင့်အတူ အင်းလေးဖောင်



www.burmeseclassic.com

www.burmeseclassic.com

တော်ဦးရုပ်ပွားတော် ငါးဆူ၏ ဓာတ်ပုံငယ်ကိုလည်း မှန်ဘောင်သွင်း၍ ချိတ်ဆွဲပူဇော်ထားခဲ့သည်။ ညစဉ်ညတိုင်း အိပ်ရာမဝင်မီ ဦးချကန်တော့ပြီးမှ အိပ်သည်။ ထို့ကြောင့်လည်း စာရေးသူ၏ ဘဝသည် မိမိလိုလားသော ဆန္ဒနှင့် အနီးစပ်ဆုံး ဖြစ်ခဲ့ရသည်။

မန္တလေးမြို့သို့ တက္ကသိုလ်ဝင်တန်း တက်နေစဉ်၌လည်းကောင်း၊ တက္ကသိုလ်ကျောင်းသားဘဝ၌လည်းကောင်း၊ တက္ကသိုလ်ဆရာ ကျူတာပေါက်စဘဝ၌လည်းကောင်း မိဘ၏ပရိက္ခရာလုပ်ငန်းနှင့် ပတ်သက်၍ မကြာခဏ ရောက်ခဲ့ဖူးသည်။ မန္တလေးသို့ ရောက်တိုင်းလည်း မဟာမြတ်မုနိဘုရားကြီးကို ဦးစွာဝင်ရောက်ဖူးမြော်ခြင်း၊ ရွှေသင်္ကန်း ကပ်လှူခြင်းများကို ဝတ္တရားမပျက် ကောင်းမှုပြုလုပ်ပြီးမှ တခြားလုပ်ငန်းများကို လုပ်ကိုင်ခဲ့သည်။ ထိုကုသိုလ်ကောင်းမှုကြောင့် စာရေးသူ၏ ဘဝခရီးသည် အောင်မြင်မှုများနှင့်သာ ရင်ဆိုင်ခဲ့ရသည်။ အိမ်ထောင်ပြုပြီးနောက် လားရှိုးမြို့သို့ နိုင်ငံတာဝန် ထမ်းဆောင်ရန် ၁၉၇၅ ခုနှစ်၌ သွားရောက်ခဲ့ရသည်။ ထိုစဉ်က တက္ကသိုလ်ကျောင်းသားများသည် ဦးသန့်အရေးအခင်း၌ ဦးဆောင်၍ နိုင်ငံရေး လှုပ်ရှားခဲ့သလို ဆရာကြီး သခင်ကိုယ်တော်မှိုင်း ရာပြည့်အရေးတော်ပုံ၌လည်း ပါဝင်လှုပ်ရှားခဲ့ကြသည်။ ဖဆပလ အစိုးရအနေနှင့်လည်း တက္ကသိုလ်ကျောင်းသား လှုပ်ရှားမှုပေါ်တိုင်း တက္ကသိုလ်ကျောင်း



မဟာမုနိဘုရားကြီး ပင့်ဆောင်ရာ၌ ရခိုင်မှ ယူဆောင်လာသော ကြေးရုပ်ကြီး

များ ပိတ်သည့်အမိန့်ထုတ်ကာ ကျောင်းသားလှုပ်ရှားမှုကို လူစုခွဲတတ်ကြသည်။

ဤနည်းဖြင့် တက္ကသိုလ်ကျောင်းများ မကြာခဏ ပိတ်လိုက် ဖွင့်လိုက် လုပ်နေ၍ စာမေးပွဲများလည်း မကျင်းပနိုင်အောင် ဖြစ်ရသည်။ ထိုအခါ တက္ကသိုလ်စာမေးပွဲများကို ကျောင်းမဖွင့်ဘဲ ပြုလုပ်နိုင်ရန် မြို့နယ်များ၌ စာစစ်ဌာနဖွင့်၍ နှစ်ကြိမ်ခွဲပြီး ကျင်းပခဲ့ရသည်။ ပထမအကြိမ် ကျင်းပစဉ်က စာရေးသူသည် ပဲခူးတိုင်း အနောက်ဘက်ခြမ်းရှိ မိုးညိုမြို့၌လည်းကောင်း၊ ဒုတိယအကြိမ် တက္ကသိုလ်စာမေးပွဲကို ပဲခူးတိုင်း အရှေ့ခြမ်း ကျောက်ကြီးမြို့၌လည်းကောင်း ကျင်းပရာသို့ တက္ကသိုလ်ဆရာတစ်ဦးအနေဖြင့် သွားရောက်ကြီးကြပ် ကျင်းပပေးခဲ့ရသည်။

စာမေးပွဲများကို မြန်မာတစ်နိုင်ငံလုံးရှိ မြို့အသီးသီး၌ အောင်မြင်စွာ ကျင်းပပြီးနောက် တက္ကသိုလ်များ ပြန်လည်ဖွင့်လှစ်ရန် မဆလအစိုးရအနေနှင့် မဟာစီမံကိန်းတစ်ရပ် ရေးဆွဲ၍ ဆောင်ရွက်ခဲ့သည်။ ထိုစီမံကိန်းမှာ တက္ကသိုလ်အသီးသီး၌ ကျောင်းသားများ စုဝေးတက်ရောက်ခြင်းမှ လူစုခွဲရန် အကြံနှင့် ဒေသကောလိပ်များ သီးခြားဖွဲ့စည်း ဖွင့်လှစ်ရန် လုပ်ဆောင်ခဲ့သည်။

ဒေသကောလိပ်များတွင် တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုအောင်မြင်သော ကျောင်းသား ပထမနှစ်၊ ဒုတိယနှစ် သင်တန်းများ တက်ရောက်ပညာသင်ကြားစေပြီး ဒုတိယနှစ် အောင်မြင်သောအခါမှ ဆယ်တန်းအမှတ်စာရင်း၊ ပထမနှစ်၊ ဒုတိယနှစ် အမှတ်စာရင်းများနှင့် ပေါင်းပြီး မိမိတက်ရောက်လိုသော တက္ကသိုလ်အသီးသီးသို့ တက်ရောက်ခွင့်ရရန် လျှောက်ထားရမည် ဖြစ်သည်။

တက္ကသိုလ်ကြီးများတွင် ပထမနှစ်၊ ဒုတိယနှစ်အတန်းများမရှိတော့ဘဲ တတိယနှစ်မှ စတင်၍ ကျောင်းသားလက်ခံရန်ဖြစ်ရာ ကျောင်းသားအရေအတွက် လျော့နည်း၍ နိုင်ငံရေးလှုပ်ရှားမှု မပြုလုပ်နိုင်ရန် ဒေသကောလိပ် စီမံကိန်းကို ချမှတ်ဆောင်ရွက်ခြင်း ဖြစ်သည်။

စာရေးသူသည် ဒေသကောလိပ်များသို့ ပထမတန်းသားအဖြစ် ဝင်ခွင့်လျှောက်ထားနိုင်ရန် မြို့နယ်အလိုက် ဆယ်တန်းအောင်ထားသည့် ကျောင်းသားများ၏ အမှတ်စာရင်းများကို ဒေသကောလိပ် ကျောင်းဖွင့်အမီ လားရှိုးမြို့နှင့် နမ္မတူမြို့များသို့ သွားရောက်ပို့ဆောင်ရသော တာဝန်ဖြင့် လားရှိုးမြို့သို့ ရောက်ခဲ့ခြင်း ဖြစ်သည်။

မိမိတာဝန်အရ မြို့နယ်ပညာ ရေးမှူးတာဝန်ယူထားသည့် ကျောင်းအုပ်ဆရာကြီးများထံ အမှတ်စာရင်းနှင့် ဒေသကောလိပ်ဝင်ခွင့်လျှောက်လွှာများကို ပေးအပ်ပြီးနောက် တာဝန်ပြီးဆုံး၍ ရန်ကုန်သို့ တိုက်ရိုက်မပြန်ဘဲ မန္တလေးသို့ဝင်၍ မဟာမြတ်မုနိဘုရားကြီးအား ဝင်ရောက်ဖူးမြော်ရန် ဆုံးဖြတ်ခဲ့

www.burmeseclassic.com

www.burmeseclassic.com

သည်။ မန္တလေးမြို့သို့ လားရှိုးမှ မီးရထား စီး၍ ဆင်းလာခဲ့သည်။

ခုနှစ်ကား ၁၉၇၅ ခုနှစ် ဒီဇင်ဘာလ ဖြစ်သည်။ မန္တလေး ဆောင်းရာသီသည် ရှမ်းပြည်နယ်၊ လားရှိုးလောက် မအေးသော်လည်း ရန်ကုန်ထက် အအေးပိုလေသည်။ စာရေးသူသည် မိမိပူဇော်နေကျ မဟာမြတ်မုနိဘုရားကြီးထံမှောက်သို့ နံနက် ၁၀ နာရီကျော်၌ ရောက်ရှိခဲ့ပြီး ရွှေသင်္ကန်းဆက်ကပ်ပူဇော်ခြင်း၊ ပန်း ဆီမီးတို့ဖြင့် ပူဇော်ခြင်းများ ပြုလုပ်ပြီးနောက် မဟာမြတ်မုနိဘုရားကြီး ကိန်းဝပ်စံပယ်တော်မူရာ ဂန္ဓကုဋိတိုက်အတွင်း၌ နေရာယူပြီး ဂုဏ်တော်ကိုးပါး ပုတီးတစ်ပတ်၊ ရှင်အရဟံ ဂါထာတော် ၁၀၈ ခေါက် ပုတီးတစ်ပတ် အဓိဋ္ဌာန်ဝင်ပြီးနောက် ဂန္ဓကုဋိတိုက်မှ ထွက်ခဲ့ရာ အမျိုးသမီးများ ဘုရားဝတ်ပြုရာ နေရာအနီးမှဖြတ်၍ စောင်းတန်းအပြင်ထွက်ရန် လျှောက်လာစဉ်. . .

"မောင်မျိုးမြင့် ဘယ်တုံးက မန္တလေးရောက်တာလဲ၊ ဖေဖေ မေမေတို့ကော မပါဘူးလား"

စာရေးသူအား နှုတ်ဆက်စကားပြောသံကြား၍ လှည့်ကြည့်လိုက်ရာ မိဘများနှင့် ဆွေမျိုးသားချင်းပမာ ခင်မင်သည့် အန်တီဒေါ်ကြည် ဖြစ်နေသည်ကို တွေ့ရလေသည်။ မမျှော်လင့်ဘဲ အန်တီဒေါ်ကြည်ကို တွေ့ရ၍ ဝမ်းလည်းသာ၊ အံ့သြမှုလည်းဖြစ်ကာ . . .

"ကျွန်တော် မနေ့ကညက မန္တလေးကိုရောက်တာပါ။ အမေတို့ အဖေတို့ မပါပါဘူး၊ ကျွန်တော်တစ်ယောက်တည်းပါ၊ လားရှိုးမြို့ကို ဆယ်တန်းအမှတ်စာရင်းတွေ လာပို့ပြီး အခု မန္တလေးကို ဝင်တာပါ၊ မဟာမြတ်မုနိဘုရား ဖူးချင်လို့ပါ၊ အန်တီကော ဘယ်တုံးက မန္တလေးကိုရောက်တာလဲ"

အဒေါ်သားချင်းလို ဖြစ်နေ၍ အန်တီဒေါ်ကြည်အား လေးလေးစားစား ပြန်ဖြေပြီး မန္တလေးကို ဘယ်အချိန်က ရောက်သလဲဆိုသော မေးခွန်းကို ပြန်မေးမိသည်။

"အန်တီလဲ ဒီနေ့မနက် လေယာဉ်ပျံနဲ့ မန္တလေးကို လာတာ၊ ဒီနေ့ လပြည့်နေ့လေ၊ အန်တီ လပြည့်နေ့တိုင်း မဟာမြတ်မုနိကို ခုလိုပဲ ဆွမ်းတော်လာလာကပ်တာ၊ ဝတ္တရားမပျက်



ခြသေ့ခေါင်း



ခေါင်းသုံးလုံးနှင့် ဆင်ရုပ် (ဧရာဝဏ်ဟုခေါ်သည်)



ထိုင်းအခေါ် အမည်ရှိ ခြသေ့ရုပ်

www.burmeseclassic.com

www.burmeseclassic.com

လုပ်တဲ့ ကောင်းမှုပဲသား၊ အန်တီ ဒီနေ့ညနေ လေယာဉ်ပျံနဲ့ပဲ ပြန်မှာ"

စာရေးသူသည် အန်တီဒေါ်ကြည် ပြောသည်ကို နားထောင်ရင်း အန်တီဒေါ်ကြည်အနီး စင်မြင့်ပေါ်တွင် ဆွမ်း၊ ဆွမ်းဟင်း၊ သစ်သီးမျိုးစုံ တင်လှူထားသော ဆွမ်းတော်ကြီးပွဲကို မြင်ရလေသောအခါ စာရေးသူအနေဖြင့် တအံ့တသြဖြစ်ကာ သာဓုခေါ်နေမိသည်။

အန်တီဒေါ်ကြည်တို့ မိသားစုသည် စက်မှုလုပ်ငန်းကြီးတစ်ခုကို လုပ်ကိုင်လျက် မဆလခေတ်ကာလ ဆိုရှယ်လစ်စီးပွားရေးစနစ်အရ ပြည်သူပိုင်းသိမ်းခြင်း မခံရဘဲ စီးပွားတိုးတက်သည့်လုပ်ငန်းကြီး ဖြစ်ခဲ့သည်။ အန်တီတို့လုပ်ငန်းသည် ကုန်ထုတ်လုပ်ငန်းလည်းမဟုတ်၊ ဆန်စက် သင်္ဘောကြီးများနှင့် သက်ဆိုင်သော ပျက်စီးမှုများကို ပြုပြင်တီထွင်ပေးသော လုပ်ငန်းဖြစ်၍ အရင်းရှင်စီးပွားရေးစနစ်အဖြစ် သတ်မှတ်၍ မရဘဲ စီးပွားတိုးခဲ့ခြင်း ဖြစ်၏။ ခြံနှင့် တိုက်နှင့် ကားနှင့် တင့်တောင်းတင့်တယ် နေနိုင်သည်။ ထိုသို့ စီးပွားတက်၍ အနေှာင့်အယှက်ကင်းစွာ ရပ်တည်နေနိုင်ခြင်းသည် အန်တီ၏ လပြည့်နေ့တိုင်း မဟာမြတ်မုနိဘုရားအား ဆွမ်းတော်ဆက်ကပ်ခြင်း၏ အကျိုးတရားဟု စာရေးသူ မှတ်ယူမိခဲ့ပါသည်။ ထိုအချိန်မှစ၍ စာရေးသူသည် မန္တလေးမြို့ မဟာမြတ်မုနိ မြတ်စွာဘုရားအား လစဉ် ဆွမ်းလာကပ်လိုသော်လည်း ဝန်ထမ်းဘဝဖြစ်၍ မလာနိုင်။ ထိုသို့မလာနိုင်သော်လည်း စာရေးသူသည် မန္တလေးမြို့ရောက်တိုင်း ပထမဦးဆုံး မဟာမြတ်မုနိဘုရားကြီးအား ဦးစွာဝင်ရောက်ဖူးမြော်ခြင်း ရွှေသက်န်းကပ်ခြင်းကိုတော့ ဝတ္တရားမပျက် ကောင်းမှုပြုခဲ့သည်။ နောက်ပိုင်း တက္ကသိုလ်ဆရာဘဝမှ ချုပ်ငြိမ်းကာ ကျူရှင်ဆရာဘဝသို့ ရောက်သောအခါ ငွေကြေးအတော်အတင့် စုဆောင်းမိလာ၍ မန္တလေးမြို့ရှိ မဟာမြတ်မုနိဘုရားကြီးသို့ အန်တီဒေါ်ကြည်လို ဆွမ်း၊ ဆီမီး ကပ်လှူလိုသော်လည်း ငွေရေးကြေးရေးအရနှင့် အခြေအနေအရ မဆက်ကပ် မပူဇော်နိုင်ပေမယ့် မဟာမြတ်မုနိဘုရားကြီး၏ ကိုယ်ပွားညီတော် ဘုရားတစ်ဆူဖြစ်သည့် ဇလွန်ပြည်တော်ပြန်ဘုရားသို့ကား စာရေးသူမိသားစု တစ်နှစ်တစ်ကြိမ် သွားရောက်ဖူးမြော်ရင်း ဆွမ်း၊ ဆီမီးများ ပူဇော်နိုင်ခဲ့သည်။

ထိုကောင်းမှုကုသိုလ်များကြောင့် စာရေးသူအနေနှင့် စီးပွားဖြစ်ထွန်းခဲ့သည်။ အမွေမှ အနိုင်ရခဲ့သည်။ ထိုက်သင့်သော မိမွေ ဖမွေကို ခံစားရသည်။ အလှူဒါန ပြုနိုင်ခဲ့သည်။

ထိုကောင်းကျိုးချမ်းသာများကို မျက်မှောက် ခံစားရခြင်းသည်ကား မဟာမြတ်မုနိဘုရားကြီး၏ တန်ခိုးတော် အာနုဘော်တော်ကြောင့်ဟု ဆိုလျှင် မှားမည်မဟုတ်ပေ။

ယခုလည်း ပုဂံဘုရားစုံဖူးပြီးနောက် မန္တလေးသို့ ရောက်လေပြီ။ ဝတ္တရားမပျက် မဟာမြတ်မုနိဘုရားကြီးသို့



သစ္စာဒေဝနတ်နန်းရှိ ဘိုးဘိုးကြီးနတ်ရုပ်



သစ္စာဒေဝနတ်နန်း



www.burmeseclassic.com

www.burmeseclassic.com



ဂန္ဓကုဋိတိုက် ဘုံအဆင့်ဆင့်အား အနီးကပ်တွေ့ရပုံ



အမျိုးသမီးများ အာရုံပြုပူဇော်ရာ နေရာအားတွေ့ရပုံ

ဦးစွာဝင်ရောက် ဖူးမြော်ရလေပြီ။ အထူးသဖြင့် စာရေးသူ၏ ဇနီးဖြစ်သူ၌ လွန်စွာ ဆန္ဒပြင်းထန်နေသော . . .

(၁) မဟာမြတ်မုနိဘုရား

(၂) ချမ်းသာကြီးဘုရား

(၃) ရွှေကျီးမြင်ဘုရားတို့၌ အဓိဋ္ဌာန်ဝင် ပုတီးစိပ်လိုသော ဆန္ဒလည်း ပြည့်ဝပေတော့မည်။ ယခု ပထမဦးဆုံး မဟာမြတ်မုနိဘုရားကြီးသို့ စတင်ရောက်ခဲ့ရပေပြီ။

❁

မဟာမြတ်မုနိဘုရားကြီးသည် ရန်ကုန်မြို့၌ တည်ထားသော ရွှေတိဂုံစေတီတော်ကြီးကဲ့သို့ပင် အမြို့မြို့အနယ်နယ်မှ ဘုရားဖူးများဖြင့် တိုးမပေါက်အောင် စည်ကားလှသည်။



အာရုံခံတန်ဆောင်းရှိ ပန်းပုလက်ရာအား ရွှေရောင်ဝင်းဝါလျက် တွေ့ရပုံ


နိုင်ငံခြားဧည့်သည်များလည်း အများအပြား လာရောက်ကြည်ညိုကြသည်။ အိမ်နီးချင်း ထိုင်းနိုင်ငံ ဘုရားဖူးအများအပြားလည်း တွေ့ရသည်။ ထိုင်ဝမ်မှ တရုတ်ဗုဒ္ဓဘာသာဝင် သီလရှင်၊ ရဟန်းများလည်း တွေ့ရသည်။ အထူးသဖြင့် ဥရောပတိုက်သား ကမ္ဘာလှည့်ခရီးသွားများက ပိုများသည်။ မဟာမြတ်မုနိဘုရားကြီးအား ဓာတ်ပုံမှတ်တမ်း ရိုက်ကြသည်။ ဘုရားစောင်းတန်းရှိ ဈေးဆိုင်များ၌ ဒေသထွက် အနုပညာပစ္စည်းများဖြစ်သည့် ရွှေချည် ငွေချည်ထိုး ပန်းချီကားများ ဝယ်ကြသည်။ သစ်သားဖြင့် ထုလုပ်ထားသော ဗုဒ္ဓရုပ်ပွားဆင်းတုများကို ဈေးကြီးကြီးပေး၍ ဝယ်ကြသည်။ အထူးသဖြင့် မိုင်းကိုင်စက္ကူနှင့် ပြုလုပ်ထားသည့် မြန်မာ့အနုပညာလက်ရာ ဇီးကွက်ရုပ်၊ ဖိုးဝရုပ်၊ ပစ်တိုင်းထောင်ရုပ်များကိုလည်း အောက်ပြည် အောက်ရပ်မှ ဘုရားဖူးများက ဝယ်ကြသည်။

မဟာမြတ်မုနိဘုရားကြီး၏ အရှေ့ဘက်စောင်းတန်းကား စည်ကားလှ၏။ ဈေးဝယ်သူ ဘုရားဖူးများ၊ ဈေးရောင်းသူ မန်းသူများနှင့် စည်ကား၏။ ယခုခေတ်ကာလမှမဟုတ် လွန်ခဲ့သော နှစ်(၅၀)ကျော်ကာလ လွတ်လပ်ရေးရပြီးနောက်ကာလ ကိုလိုနီခေတ်ကာလကလည်း ယခုလိုပင် စည်ကားလှသည်။ ဘုရားကြီးစောင်းတန်းမှ ဈေးရောင်းသူများနှင့် ဈေးချို၌ ဈေးရောင်းသူ မန်းသူများ၏ ဈေးဝယ်သူအား မဝယ်ဝယ်အောင် အပြောချိုချိုနှင့် ဈေးရောင်းပုံကို စာရေးသူကိုယ်တွေ့ရော မိဘများ၏ ပြောစကားအရရော သိထား၍ မန်းမြို့ဘုရားကြီး ဈေးသည်နှင့် ဈေးချိုဈေးသည်တို့၏ ကျိန်တွယ်ဈေးရောင်းပုံ တွေးမိရင်း ပြုံးမိလေ၏။ ကျိန်တွယ်ပုံလေးက . . .

"မောင်ကြီးဆစ်တဲ့ဈေးက ကျွန်တော်တို့အတွက် ရှုံးပါတယ်၊ မောင်ကြီးနှမ ကျားကိုက်ပါစေရဲ့လို့ ကျိန်ပြီးလဲ ပြောရဲပါတယ်၊ နှစ်ဆယ်လောက် တိုးပေးပါ မောင်ကြီးရယ်"

မန်းသူလေး၏ ကျိန်တွယ်ပုံကို တွေးရင်း ပြုံးမိခြင်းဖြစ်၏။ သူကျိန်ပုံက ကျားက သူ့ကိုကိုက်မှာမဟုတ်၊ ဈေးဆစ်တဲ့သူရဲ့နှမကို ကိုက်မှာဖြစ်လို့ အတော်လည်ညာပါတဲ့ မန်းသူ

www.burmeseclassic.com



မဟာမြတ်မုနိရုပ်ရှင်တော်မြတ်ကို ပြည်ကြီးမှန်ဖောင်တော်ဖြင့် ပင့်ဆောင်လာပုံ



ပန်းချီကားများအနက် ဘုရားရှင် မဟာမုနိရုပ်ပွားတော်မြတ်အား ရင်ခွင်ခိုလှုံနေပုံ

လေးရယ်ဟုသာ စာရေးသူတွေးရင်း ပြုံးမိလေသည်။ ယခုခေတ်အခါ၌ကား ထိုသို့ကျိန်တွယ်မှုမျိုး မတွေ့မိတော့ပေ။ ရှေးခေတ်ဟောင်း အောက်မေ့ဖွယ်အဖြစ် ရေးလိုက်ရခြင်းဖြစ်၏။

အရှေ့ဘက် စောင်းတန်းသည် အစည်ကားဆုံးဖြစ်၏။ မြင်းလှည်း၊ ဆိုက်ကားတို့ နေရာ၌ မော်တော်ဆိုင်ကယ်များက နေရာဝင်ယူလိုက်၍ ကားနှင့် မော်တော်ဆိုင်ကယ်များကို မနည်းရှောင်ရှားကြရသည်။ အရှေ့ဘက်စောင်းတန်းမှ ဝင်ရောက်ခဲ့ရာ မဟာမြတ်မုနိဘုရားကြီး၏ ဂန္ဓကုဋိတိုက် အဝင်ဝသို့ တည့်တည့်ရောက်သည်။ ဂန္ဓကုဋိတိုက် အဝင်ဝ



ဂန္ဓကုဋိတိုက်အတွင်း ကိန်းဝပ်စံပယ်တော်မူနေသော မဟာမြတ်မုနိဘုရားကြီးအား ဖူးတွေ့ရပုံ




၁၂၅၈ ခုနှစ်တွင် ဘိုတော်ဘုရားအနောက်မြို့တိုက်တော်ကိုင်၍ ကင်းဝန်မင်းကြီးနှင့် အနောက်တိုင်းဗိသုကာများ လက်ရှိတိုက်တော် တည်ဆောက်နေပုံ

၌ အမျိုးသမီးများ ဘုရားဝတ်ပြုရာ သီးသန့်နေရာသို့ရောက်လေသည်။ အမျိုးသမီးများ ဝတ်ပြုဖူးမျှော်ရာဘေးမှပတ်၍ ဂန္ဓကုဋိတိုက်အဝင်သို့ ရောက်လေသည်။

ပလ္လင်ထက်၌ ရွှေတုံး ရွှေစိုင်များဖြင့် တန်ဆာဆင်ထားသော မဟာမြတ်မုနိ ရုပ်ရှင်တော်မြတ်ကြီးအား ရွှေသက်န်း ကပ်လှူပူဇော်နေကြသည့် ကုသိုလ်ရှင်များ၏အလယ်၌ သပ္ပာယ်ကြည်ညိုဖွယ် ဖူးတွေ့ရသည်။ စာရေးသူသည် ဝတ္တရားမပျက် ကုသိုလ်ပြုနိုင်ရန် အထူးဝယ်ယူလာသော ရွှေဆိုင်းမှ ရွှေပြားများနှင့် ကပ်လှူပူဇော်လေသည်။ နှစ်ပေါင်းများစွာ ရွှေသက်န်း ကပ်လှူပူဇော်ကြ၍ မဟာမြတ်မုနိဘုရားကြီး၏ ကိုယ်လုံးတော်တွင် ရွှေစိုင်ရွှေခဲများ အထွတ်လိုက်ကြွတက်နေလေသည်။ မျက်နှာတော်မှလွဲ၍ ဘုရားကြီး၏ ကိုယ်လုံးပြည့်မှာ ရွှေစိုင်ရွှေခဲများဖြင့် ဖောင်းကြွနေလေသည်။ မကိုဋ်တော်နှင့် ရင်ဘတ်တော်တို့၌ ရွှေပြားကြီးများ၊ ရွှေထည်ပစ္စည်းများ၊ ပတ္တမြား၊ ပုလဲ၊ ကျောက်စိမ်း၊ စိန်၊ မြ၊ နီလာစသည့် ကျောက်မျက်ရတနာများဖြင့် အရောင်တဖိတ်ဖိတ်တောက်လျှက် ရှိသည်။

မျက်နှာကြက်တော်၌ တပ်ဆင်ထားသော စိန်ဖူးတော်ထိပ်ရှိ စိန်ကြီးမှာ အရောင်ဝင်းလျှက် မျက်စိကျိန်းလောက်အောင် ပြောင်လျှက်ရှိသည်။ ဂန္ဓကုဋိတိုက်တစ်ခုလုံးမှာလည်း

www.burmeseclassic.com



မဟာမုနိဘုရားကြီး၌ လှူဒါန်းထားသော ကြီးမားသည့် ကြေးစည်ကြီး

နေရာကွက်လပ်မရှိအောင် ရွှေပိန်းချထား၍ မဟာမြတ်မုနိဘုရားကြီး၏ ပင်ကိုရွှေရောင်နှင့် ဂန္ဓကုဋိတိုက် ဘေးပတ်လည်မျက်နှာကြက် ရွှေရောင်တို့ကြောင့် ဂန္ဓကုဋိတိုက်တစ်ခုလုံး ဝင်းထိန်နေလေသည်။ မြတ်စွာဘုရားရှင်၏ ရင်ငွေ့လှုံ၍ သွန်းလောင်းထားသည့် မဟာမုနိဘုရားကြီးသည် ဗုဒ္ဓမြတ်စွာ ဘုရားရှင်အား သက်တော်ထင်ရှား ရှိသည့်အလား ဖူးမြော်ရ၍ ဝမ်းသာပီတိဖြစ်ရလေသည်။

စာရေးသူသည် ဘုရားကြီးအား ရွှေသင်္ကန်းကပ်လှူပြီးနောက် ဘုရားကြီးအား ဂန္ဓကုဋိတိုက်အတွင်း၌ နေရာယူပြီး အာရုံပြု ပူဇော်ကန်တော့၍ လောဘ၊ ဒေါသ၊ မောဟ ကင်းသောဆုကို တောင်းမိလေသည်။ အသက်အရွယ်အရ



ကြေးချိန်တစ်ရာရှိ ချမ်းအေးပြည့်မောင်းကြီးနှင့် စာရေးသူ

ဆုတောင်းမမှားစေရန် မိုးကုတ်ဆရာတော်ဘုရားကြီး၏ ဩဝါဒစကားကို အမှတ်ထား၍ နေမိသည်။

❋

စာရေးသူသည် မကြာသေးသော ကာလက မန္တလေးမြို့သို့ နှစ်ခေါက်ရောက်ခဲ့သည်။ အလုပ်ကိစ္စရှိနေ၍ မဟာမြတ်မုနိဘုရားကြီးအား ဦးတိုက်ကန်တော့ခဲ့သော်လည်း နေ့ချင်းပြန်ရမည်ဖြစ်၍ အချိန်မပေးနိုင်သောကြောင့် အမြန်ဖူးမြော်ပြီး ပြန်ခဲ့ရသည်။ ယခုရောက်ရှိသည်မှာ နှစ်ညအိပ်



ကြေးစည်ကြီးအားထမ်းထားသည့် နတ်သားနှစ်ပါးအနက် တစ်ပါးပုံ

ခရီးဖြစ်ပြီး ဇနီးသည်ကိုယ်တိုင် မဟာမြတ်မုနိဘုရားကြီးနှင့် ရွှေကျီးမြင်ဘုရားတို့ထံမှောက်၌ အဓိဋ္ဌာန်ဝင်ရန်ဖြစ်၍ မဟာမြတ်မုနိဘုရားကြီး၌ တစ်နာရီကျော်မျှ အချိန်ရသောကြောင့် အေးအေးဆေးဆေး ဖူးမြော်ရလေသည်။

စာရေးသူသည် မဟာမြတ်မုနိဘုရားကြီးနှင့် ပတ်သက်သော ဆောင်းပါးရေးသားခဲ့ဖူးသော်လည်း ယခုရောက်ရှိခိုက် ထပ်မံ၍ ဆောင်းပါးရေးသား ကုသိုလ်ယူနိုင်ရန် ဇနီးဖြစ်သူ အဓိဋ္ဌာန်ဝင်ချိန်တွင် ဓာတ်ပုံမှတ်တမ်းများကို စိတ်ကြိုက်ရိုက်ယူရန် ဘုရားကြီးရင်ပြင်တော်သို့ ထွက်ခဲ့သည်။ တန်ခိုးကြီးဘုရားတစ်ဆူ ဖြစ်၍လည်းကောင်း၊ ရှေးဟောင်းရုပ်ပွားတော်ကြီးတစ်ဆူ ဖြစ်၍လည်းကောင်း ဘုရားဖူးများနှင့် စည်ကားလှသည်။ ရင်ပြင်တော်အနှံ့ ဘုရားဖူးများနှင့်အတူ နိုင်ငံခြားသားများ( ) တွေ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com

ရင်ပြင်တော်၌ စည်တော်စင်ကို တွေ့ရခြင်းသည် ထူးခြားမှုတစ်ရပ်ပင် ဖြစ်သည်။ မဟာမြတ်မုနိဘုရားကြီး၏ တံခွန်တိုင်မှာလည်း မြင့်မားလှသည်။ အရှေ့ဘက်မုခ်အနား၌လည်း နာရီစင်ကြီးကို တွေ့ရသည်။ မဟာမြတ်မုနိဘုရားကြီး၏ ရင်ပြင်တော်မှာ ကျယ်ဝန်းလှသည်။ ကျယ်ဝန်းလှသော ရင်ပြင်တော်၌ သာသနိက အဆောက်အအုံတို့မှာလည်း ကြီးကျယ်ခမ်းနားလှသည်။ မဟာမုနိပိဋကတ်တိုက်တော်ကြီး၊ ဓမ္မသာလာ သမိုင်းပန်းချီ ပြတိုက်ကြီးတို့မှာ ကြီးကျယ်ခမ်းနားလှသော အဆောက်အအုံများ ဖြစ်သည်။ သမိုင်းပန်းချီပြတိုက်ကြီးအတွင်း၌ ကြီးမားလှသော ပန်းချီကားချပ်ကြီးများကို လက်ရာမြောက်စွာ တွေ့ရသည်။ နိပါတ်တော် ပန်းချီကျော်ညွှန့် ရေးဆွဲကြောင်းတွေ့ရသည်။

ခြိတ်ဆွဲထားသော ပန်းချီကားကြီးများမှာ ရခိုင်ဘုရင်စန္ဒသူရိယမင်းကြီး မဟာမြတ်မုနိဘုရားကြီး သွန်းလောင်းပုံ၊ မြတ်စွာဘုရားရှင် ရုပ်ရှင်တော်မြတ်ကြီးအား ရင်ငွေ့ခိုလှုံပုံမှစ၍ ဘိုးတော်ဘုရား၏ သားတော် အိမ်ရှေ့ဥပရာဇာ မဟာမြတ်မုနိဘုရားကြီးနှင့် ရွှေဘုံသာမုနိ၊ ဇလွန်ရောက် မာရ်အောင်မြင်မုနိ ရုပ်ပွားတော်များအား အနောက်ရိုးမကိုကျော်၍ ဧရာဝတီမြစ်ကြောင်းမှ အမရပူရမြို့တော်သို့ ပင့်ဆောင်ပုံ၊ အမရပူရ၌ ဘိုးတော်ဘုရားက ကြိုဆိုပုံနှင့် မဟာမြတ်မုနိဘုရားကြီး ယနေ့စံပယ်တော်မူသည့် ဂန္ဓကုဋိတိုက်တော်ကြီးကို တည်ဆောက်ပုံများကို ပန်းချီကားချပ်ကြီးပေါင်း များစွာနှင့် သရုပ်ဖော် ရေးဆွဲထားသည်ကို တွေ့ရသည်။

ပန်းချီကားချပ်ကြီးများသည် ပန်းချီသမိုင်းပြတိုက်ကြီး၏ လေးဖက်လေးတန်အပြည့် ခြိတ်ဆွဲထားသည်မှာ ဘုရားဖူးများအနေနှင့် ဤပြတိုက်ရှိ ပန်းချီကားကြီးများကို ကြည့်ရှုခြင်းအားဖြင့် မဟာမြတ်မုနိဘုရားကြီး၏ သမိုင်းဖြစ်စဉ်အပြည့်အစုံကို အချိန်အနည်းငယ်အတွင်း သိရှိနိုင်မည်ဖြစ်သည်။ စာရေးသူသည် ပန်းချီကားများ အားလုံးနီးပါးကို ဓာတ်ပုံရိုက်မှတ်တမ်းယူခဲ့သော်လည်း မဂ္ဂဇင်းစာမျက်နှာကို ငဲ့သောအားဖြင့် မဟာမြတ်မုနိရုပ်ရှင်တော်မြတ်ကြီးအား မြတ်စွာဘုရားရှင် ရင်ငွေ့ခိုလှုံပေးတော်မူပုံ၊ အိမ်ရှေ့မင်းသား ရခိုင်မှပင့်ဆောင်လာသော မဟာမြတ်မုနိ ရုပ်ပွားတော်မြတ်ကြီး အမရပူရရေဆိပ်သို့ အရောက်တွင် ဘိုးတော်ဘုရား နှမတ်ဗိုလ်ပါနှင့် ပြည်သူများ ရေထဲဆင်း၍ ကြိုဆိုနေပုံနှင့် ၁၂၅၈ ခုနှစ်၌ ဘိုးတော်ဘုရား တည်ဆောက်ခဲ့သော ဂန္ဓကုဋိတိုက်အား ငုံ၍ ကင်းဝန်မင်းကြီးနှင့် အနောက်တိုင်း ဗိသုကာများ ယနေ့တွေ့မြင်နေရသော ဂန္ဓကုဋိတိုက်ကြီး တည်ဆောက်နေပုံ စသည့်ပန်းချီကား သုံးချပ်အား ဖော်ပြလိုက်ရသည်။

မဟာမြတ်မုနိဘုရားကြီး၏ ဘုရားလှူကြီးများအနေနှင့် မြတ်စွာဘုရားရှင် ပွင့်တော်မူပြီးနောက် ဘီစီ ၂၃၀ မှ မျက်မှောက်ကာလအထိ ထုလုပ်ကိုးကွယ်ခဲ့သည့် ဗုဒ္ဓရုပ်ပွားတော်များ၏ ထုလုပ်ပုံ လက်ရာများကို ရာစုအလိုက် ပြသထားသည်မှာ အထူးပင် အကျိုးများလှသည်။ ဘုရားဖူးများအနေနှင့် ပျူခေတ်၊ ပုဂံခေတ်၊ အင်းဝခေတ်၊ တုန်းဘောင်ခေတ် စသည့် ခေတ်အလိုက် ထုလုပ်ကိုးကွယ်ခဲ့သော ဗုဒ္ဓရုပ်ပွားတော်အဆူဆူကို တစ်နေရာတည်း၌ ဖူးမြော်နိုင်၍ လွန်စွာအကျိုးများလှသည်။

စာရေးသူသည် ကြေးရုပ်ကြီးများထားရှိရာ အဆောက်အအုံအတွင်းသို့ ဝင်ရောက်လေသောအခါ ဘုရားဖူးများ ပြည့်နေ၍ ဓာတ်ပုံမှတ်တမ်း ရိုက်ယူရန် အတော်အချိန်စောင့်ရလေသည်။ အထူးသဖြင့် လက်နှစ်ဖက်ပြတ်နေသော ကြေးရုပ် နှစ်ရုပ်ရှေ့၌ ဒူးခေါင်းပွတ်နေသူ၊ ဗိုက်ပွတ်နေသူ၊ ချက်ပေါက်နှိုက်နေသူ၊ ရင်ခေါင်းပွတ်နေသူများနှင့် စည်ကားနေသည်။ အများယုံကြည်ထားသည်မှာ ဤကြေးရုပ်ကြီးများသည် အစွမ်းထက်သော နတ်ရုပ်များဖြစ်၍ မိမိကိုယ်၌ ဝေဒနာဖြစ်ပေါ်ရာ နေရာကိုလိုက်၍ ကြေးရုပ်ကြီးများ၏ ဒူး ဗိုက်၊ ရင်ခေါင်း၊ ဦးခေါင်း စသည့်နေရာများကို ပွတ်၍ ဆုတောင်းက ရောဂါပျောက်သည်ဟု ယုံကြည်၍ ဒူးပွတ်သူ၊ ဗိုက်ပွတ်သူ၊ ချက်နှိုက်သူ၊ ရင်ခေါင်းပွတ်သူများနှင့် စည်ကားလျက်ရှိသည်။

နှစ်ပေါင်းများစွာ ပွတ်သပ်ဆုတောင်းခဲ့၍ ဒူးနေရာ၊ ဗိုက်နေရာ၊ ရင်ခေါင်းနေရာတို့၌ ပြောင်လက်နေသည်ကို တွေ့ရသည်။ ချက်နေရာကား ပွတ်သပ်မှုများ၍ ပေါက်နေသလားပင် ထင်ရသည်။ လူရုပ်ပုံနှစ်ရုပ် ရှိသည့်အနက် တစ်ရုပ်မှာ ရှစ်ပေမြင့်ပြီး ကျန်တစ်ရုပ်မှာ ခုနစ်ပေရှိသည်။ ထိုကြေးရုပ်ကြီး နှစ်ရုပ်အား ယိုးဒယားအခေါ်အားဖြင့် "ထေဝရုပ်" ဟု အသံထွက်ပြီး မြန်မာတို့၏အသံနှင့် ဒေဝရုပ်ဟု အသံထွက်သည်။ နတ်ရုပ်ဟု ခေါ်ခြင်းဖြစ်သည်။

ထိုကြေးရုပ်ကြီးများကို ဘုရားဖူးအများစုက မဟာမြတ်မုနိဘုရားကြီးနှင့်အတူ ဘိုးတော်ဘုရား၏သားတော် အိမ်ရှေ့မင်းသား ယူဆောင်လာခြင်းဖြစ်၍ ရခိုင်ကြေးရုပ်များဟု ထင်ကြ၊ ပြောကြသည်။ အမှန်တကယ်မှာ ထိုကြေးရုပ်အားလုံးသည် ဘုရင့်နောင်မင်းတရားကြီး ဟံသာဝတီ၌စိုးစံစဉ် ယိုးဒယားကို သိမ်းယူစဉ်က ယိုးဒယားမှ ယူဆောင်လာခြင်းဖြစ်သည်။

ဘုရင့်နောင်မင်းတရားကြီး နတ်ရွာစံပြီးနောက် သားတော် နန္ဒဘုရင်လက်ထက်၌ စစ်အင်အား ကျဆင်းပြီးနောက် မြန်မာနိုင်ငံ ပြိုကွဲသောအခါ ၁၅၉၈ ခုနှစ်တွင် ဟံသာဝတီကို တောင်ငူမင်း မင်းရဲကျော်ထင်နှင့် ရခိုင်မင်း မင်းရာဇာကြီးတို့၏တပ်များ ဝိုင်းရံတိုက်ခိုက်ရာ ၁၅၉၉ ခုနှစ်၌ ဟံသာဝတီပျက်သည်။ ဘုရင့်နောင် ယိုးဒယားမှ ယူဆောင်လာသော ကြေးရုပ်ကြီးများကို တောင်ငူဘုရင်က သိမ်းယူခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com

ယိုးဒယားတပ်များသည် တောင်ငူဘုရင်ပါ ဟံသာဝတီ နန်းကျဘုရင် နန္ဒမင်းအား တောင်းရာ မရ၍ တောင်ငူကို ဝိုင်းဝန်းတိုက်ခိုက်သည်။ ၁၆၀၀.ပြည့်နှစ်၌ ယိုးဒယားတို့၏ ရိက္ခာလမ်းကြောင်းကို ရခိုင်မင်းရာဇာကြီးတပ်တို့က ဝိုင်းကူတိုက်ပေး၍ ယိုးဒယားဘုရင် ပြန်ရစ်တပ်များ ဆုတ်ခွာကြရသည်။ တောင်ငူဘုရင်သည် ရခိုင်ဘုရင်အား ကျေးဇူးတင်၍ ကြေးရုပ်ကြီးများကို ရခိုင်ဘုရင်ထံ ပေးအပ်လိုက်သည်။

ထိုအချိန်မှစ၍ ကြေးရုပ်ကြီးများသည် ရခိုင်သို့ ရောက်လေသည်။ ရခိုင်ရောက် ကြေးရုပ်များကို ဘိုးတော်မင်း၏ သားတော်က ရခိုင်မှ မဟာမြတ်မုနိ ဘုရားနှင့်အတူ ယူဆောင်လာ၍ ယနေ့ တွေ့နေရသော မန္တလေးမြို့ မဟာမြတ်မုနိဘုရားကြီး၏ ရင်ပြင်တော်၌ ရောက်ရှိနေခြင်း ဖြစ်၏။ ထို့ကြောင့် မြန်မာတို့က ထိုကြေးရုပ်ကြီးများကို ရခိုင်ကြေးရုပ်များဟု မှတ်ယူခဲ့ခြင်း ဖြစ်သည်။ ဤနေရာ၌ ကြေးရုပ်ကြီးနှစ်ရုပ်မှာ လက်နှစ်ဖက်ပြတ်လျက် ခါးကျိုးနေသည်ကို အကြောင်းပြု၍ အောက်ပါ ကောလာဟလ ပေါ်ခဲ့ဖူးသည်။ ကြေးရုပ်ကြီးများသည် မြန်မာပြည်သို့ ရောက်ပြီးနောက် မကြာခဏ ညဘက်တွင် ရခိုင်ပြန်ပို့ရန် အော်၍ ကြေးရုပ်များကို ရိုက်နှက်ရာမှ ကျိုးပဲ့ကုန်သည်ဟူသော ကောလာဟလပင်ဖြစ်သည်။

အမှန်မှာ ကြေးရုပ်ကြီးများသည် ရခိုင်မှယူဆောင်လာစဉ်က အကောင်းပကတိဖြစ်သော်လည်း မြန်မာပြည်သို့ ရောက်ပြီးနောက် မဟာမြတ်မုနိဘုရားကြီးအတွင်း မထားဘဲ ယခု အာနန္ဒာဘွဲ့တော်တွင်သော ဘုရား၏အင်္ဂါထောင့်ရှိ သိန္နီပြာသာဒ်ကြီးအတွင်း၌ ထားခဲ့သည်။ ထိုသိန္နီပြာသာဒ်သည် ကျွန်းသားဖြင့် တည်ဆောက်ထားသော အဆောက်အအုံဖြစ်၍ ကာလကြာသောအခါ မြေလျှောင်ဒဏ်ကြောင့် ပြိုကျလေသည်။ ပြာသာဒ်အတွင်းရှိ ကြေးရုပ်များလည်း သစ်သားထုပ်တန်း အမိုးတို့ ပိမှုကြောင့် ကျိုးပဲ့ကုန်လေသည်။ ယနေ့တွေ့မြင်နေရသည့် အတိုင်းပင် ဖြစ်တော့၏။ ထိုကျိုးပဲ့မှုကို ကောလာဟလ လွှင့်သူတို့က အထက်ပါအတိုင်း ပြောကြရာမှ လူအများက အထင်မှားခဲ့ကြသည်။

အမှန်မှာ ထိုကြေးရုပ်များသည် ယိုးဒယားကြေးရုပ်လည်း မဟုတ်ပေ။ ယိုးဒယားတို့ အင်အားကောင်းစဉ် ကမ္ဘောဒီးယားကို တိုက်ခိုက်စဉ်က ကမ္ဘောဒီးယားမှ သိမ်းယူခဲ့သော ကြေးရုပ်များဖြစ်ကြောင်း ယိုးဒယားမှတ်တမ်းများအရ သိရသည်။ ယိုးဒယား၌ နှစ်ပေါင်းများစွာ ကြေးရုပ်ကြီးများ ရောက်ရှိနေ၍ ယိုးဒယားအခေါ် အဆိုများဖြင့် ယိုးဒယားကြေးရုပ်များဟု လူအများထင်ကြရသည်။

လူပုံ ကြေးရုပ်များအပြင် ခေါင်းသုံးလုံးနှင့် ဆင်ကြေးရုပ်ကိုလည်း တွေ့ရသည်။ ထိုဆင်ကြေးရုပ်ကို “ဧရာဝဏ်” ဟုခေါ်သည်။ ယနေ့ ယိုးဒယားနိုင်ငံသုံး ငွေကြေးအချို့၌ ခေါင်းသုံးလုံးဆင်ပုံကို အလေးထား ဖော်ပြသည်ကိုလည်း တွေ့ရသည်။ ထိုဆင်ကြေးရုပ်ကို ဧရာဝဏ်ဟု ခေါ်သလို ယိုးဒယားအခေါ်အားဖြင့် “ချမ်းစပ်စင်”ဟုလည်းခေါ်ကြောင်း သိရသည်။

ကြေးခြင်္သေ့ရုပ် နှစ်ရုပ်အနက် တစ်ရုပ်မှာ အကောင်းပကတိအတိုင်းရှိသော်လည်း တစ်ရုပ်မှာ ဦးခေါင်းပြတ်နေသည်ကို တွေ့ရသည်။ ထိုခြင်္သေ့ရုပ်ကို ရာဂျာစီဟာဟု ယိုးဒယားလိုခေါ်ကြောင်း သိရသည်။

✿

စာရေးသူသည် ပိဋကတ်တိုက်၊ ပန်းချီသမိုင်းပြတိုက်၊ ကြေးရုပ်တိုက်တို့မှ ထွက်ခွာလာခဲ့ပြီးနောက် သစ္စာဒေဝ နတ်နန်းသို့ ဝင်ရောက်၍ သစ္စာဒေဝဘိုးဘိုးကြီးအား ဝင်ရောက်ပူဇော်ခဲ့သည်။ မန္တလေးဒေသခံများသည် ထိုနတ်နန်း၌ ပွဲတင်၍ ဆုတောင်းလေ့ရှိသည်။

စာရေးသူ ရင်ပြင်တော်ပေါ်၌ တစ်နာရီနီးပါး လှည့်လည်ကြည့်ရှုခြင်း၊ ဓာတ်ပုံမှတ်တမ်း ရိုက်ယူခြင်းများ ပြုလုပ်ပြီးနောက် ဇနီးဖြစ်သူ ဒေါက်တာညွှန့်ညွှန့်ရီ အမိဌာန်ပုတီးစိပ်ရာ မဟာမြတ်မုနိဘုရားကြီး၏ ဂန္ဓကုဋိတိုက် အနောက်ဘက်ရှိ အောင်မြေသို့ ပြန်ခဲ့သည်။

ဇနီးဖြစ်သူမှာ အမိဌာန် ပုတီးစိပ်၍ အမိဌာန်ဝင်နေဆဲဖြစ်သောကြောင့် စာရေးသူလည်း အောင်မြေအနီးထိုင်ကာ မဟာမြတ်မုနိဘုရားကြီးအား အာရုံပြုလျက် ထပ်မံဦးချကန်တော့မိသည်။

ဇနီးသည် အမိဌာန်ပုတီးစိပ်ခြင်း မပြီးမီ စာရေးသူလည်း အောင်မြေအနီးထိုင်ရင်း ဘုရားကြီးသမိုင်းကို ပြန်၍ တွေးတောနေမိသည်။

ရခိုင်မဟာမုနိဘုရားသမိုင်း၌ ရခိုင်တွင် စန္ဒသူရိယမင်းထီးနန်းစိုးစံစဉ် မြတ်စွာဘုရားရှင်သည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံး စံပယ်တော်မူချိန်ဖြစ်သည်။ ဘုရားရှင်နှင့် စန္ဒသူရိယမင်းတို့သည် ဘဝပေါင်းငါးဆက်၌ ကြုံတွေ့ခဲ့ဖူးပြီး ဘုရားအလောင်းတော်အား ပြုစုလုပ်ကျွေးခြင်း၊ ပါရမီဖြည့်ဆည်းပေးခြင်း၊ အလောင်းတော်အား ကြည်ညိုရင်းစွဲရှိ၍ အလောင်းတော်၏ကိုယ်ပွားရုပ်တုကို ကိုးကွယ်ခြင်းများကို ပြုလုပ်ခဲ့ဖူးသည်။

မြတ်စွာဘုရား ပွင့်တော်မူပြီးနောက် ရခိုင်ဘုရင် စန္ဒသူရိယမင်းသည် ရှေးဘဝရေစက်ကြောင့် ဘုရားရှင်အား ပင့်ဆောင်ဖူးမြော်လိုသော ဆန္ဒပြင်းပြခဲ့သည်။ ဇေတဝန်ကျောင်းတော်ရှိ မြတ်စွာဘုရားရှင်ကလည်း စန္ဒသူရိယမင်းကြီး၏ စိတ်ဆန္ဒကို ဘုရားရှင်၏ တန်ခိုးဗျာဒိတ်တော်အရ သိတော်မူသည်။ ထို့ကြောင့် အိန္ဒိယနိုင်ငံ သာဝတ္ထိပြည်ရှိ ဇေတဝန်ကျောင်းတော်မှ စန္ဒသူရိယမင်း စိုးစံအုပ်ချုပ်ရာ ဓညဝတီပြည်သို့ မြတ်စွာဘုရားရှင်သည် ဝိသကြုံနတ်သား





www.burmeseclassic.com

ဖန်ဆင်းအပ်သော ပြာသာဒ်ငါးရာတွင် ကိန်းဝပ်စံပယ်တော်မူလျက် မဟာသက္ကရာဇ် ၁၁၃ ခု ကဆုန်လပြည့် အင်္ဂါနေ့ နံနက် တစ်ချက်တီးကျော်အချိန်တွင် ကြွချီတော်မူသည်။

(ရခိုင်မဟာမုနိ ဘုရားသမိုင်း၌ ၁၂၃ ခု၊ ဘီစီ ၅၅၄ ဟုလည်းကောင်း၊ ရာဇဖြိုဟ်ပြည် ဝေဠုဝန်ကျောင်းဟုလည်းကောင်း ဖော်ပြထားသည်။)

မြတ်စွာဘုရားရှင်နှင့် နောက်ပါရဟန်းသံဃာတော် ၅၀၀ သည် ဓညဝတီမြို့၏ အနောက်မျက်နှာ ကစ္ဆပနဒီဖြစ် အရှေ့ဘက်ကမ်းထိပ် သေလာဂီရိ အမည်ရှိသော ကျောက်တောင်ထိပ်သို့ ရောက်တော်မူသည်။ ထိုတောင်ထိပ်၌ မြတ်စွာဘုရားရှင်သည် ဗျာဒိတ်တော်အသီးသီး ချမှတ်တော်မူရာ ကြီးစွာသော တော်လည်းခြင်း၊ ဥပါပျံခြင်း၊ သမုဒ္ဒရာလေးစင်း ဆူပွက်ခြင်း စသည့် အတိတ်နိမိတ်ကြီးများ ဖြစ်ပေါ်လာလေသည်။

ပညာရှိ မှူးမတ်များက ထိုအတိတ်နိမိတ်သည် မြတ်စွာဘုရားရှင် ကြွတော်မူလာကြောင်း ပြဆိုသော နိမိတ်ကြီးများဖြစ်ကြောင်း စန္ဒသူရိယမင်းကြီးအား လျှောက်တင်လေသည်။ သေလာဂီရိ ကျောက်တောင်တွင် ဘုရားရှင်ကြွရောက်တော်မူခြင်း အမှန်ပင်ဖြစ်ကြောင်း တင်လျှောက်ကြသည်။

စန္ဒသူရိယမင်းကြီးသည် နန်းတော်သို့ မြတ်စွာဘုရားရှင်ကြွလာမည်ကို စောင့်ဆိုင်းမနေတော့ဘဲ ဘုရားရှင် သီတင်းသုံးစံပယ်တော်မူရာ သေလာဂီရိ ကျောက်တောင်တော်သို့ နောက်ပါမှူးမတ်ဗိုလ်ပါ မိဖုရားအစုံအလင်တို့ သွား ရောက်[illegible]သည်။ ကျောက်တောင်သို့ရောက်လျှင် မြတ်စွာဘုရားရှင်၏ တစ်ရာ့ရှစ်ကွက် လင်းထိန်လက်နေသော ရွှေစက်တော်[illegible]အစုံကို ကြာငံပမာ ဦးထိပ်မှာလက်ချီ၍ အဥ္ဇလီပဏာမ[illegible]ဖြင့် ပါလာသမျှ ပန်းနံ့သာအစုံတို့ကို ပူဇော်ကြမြောက်[illegible]တော့လေသည်။

ထို့နောက် စန္ဒသူရိယမင်းသည် မြတ်စွာဘုရားရှင်[illegible] နန်းတော်သို့ ပင့်ဆောင်လေရာ မြတ်စွာဘုရားရှင်အနေ[illegible] ဝင့်ညာဉ်ပေးတော်မူသည်။ မြတ်စွာဘုရားရှင်သည် [illegible]ယာဉ်စကြာငါးရာနှင့် နန်းရင်ပြင်သို့ ကြွတော်မူလေ[illegible] စန္ဒသူရိယမင်းသည် ဘုရားရှင်နှင့် သံဃာတော်များ[illegible] ခုနစ်ရက်ပတ်လုံး အထူးထူးသော ဆွမ်း၊ ဆွမ်းဟင်း၊ [illegible]ယမကာတို့ဖြင့် လုပ်ကျွေးလှူဒါန်းသည်။ မြတ်စွာ[illegible]ရှင်ကလည်း ခုနစ်ရက်ပတ်လုံး တရားရေအေး တိုက်[illegible]တော်မူသည်။

မြတ်စွာဘုရားရှင် ပြန်လည်၍ မဇ္ဈိမဒေသသို့ ကြွ[illegible]ည့်အခါ၌ စန္ဒသူရိယမင်းကြီးသည် မြတ်စွာဘုရားရှင်[illegible] သဒ္ဓါကြည်ညိုစိတ် ပြင်းပြလွန်း၍ ဤသို့လျှောက်[illegible]သည်။

"ဘုရားရှင်ကိုယ်တော်မြတ်ကြီး ပြန်လည်၍ ဒေသစာရီ ကြွတော်မူလျှင် တပည့်တော်အနေဖြင့် ကိုးကွယ်ရာမရှိဖြစ်ပေတော့မည်၊ ထိုသို့ဖြစ်ပါသောကြောင့် တပည့်တော်နှင့် တကွ ပြည်သူအပေါင်းတို့ ကိုးကွယ်ရာဖြစ်အောင် ကိုယ်တော်မြတ်ကြီးကိုယ်စား ရုပ်ရှင်တော်တစ်ဆူ ထားစေလိုပါသည် ဘုရား" ဟု တောင်းပန်လျှောက်ထားလေသောအခါ မြတ်စွာဘုရားရှင်သည် သဗ္ဗညုတဉာဏ်တော်ဖြင့် ဆင်ခြင်တော်မူသောအခါ "ငါ၏ကိုယ်စား ရုပ်တုထားခဲ့သည်ရှိသော် ငါ ပရိနိဗ္ဗာန်စံဝင်ပြီးနောက် သာသနာငါးထောင်ပတ်လုံးကာလ လူနတ်ပြဟ္မာ သတ္တဝါအပေါင်းတို့ ချမ်းသာစီးပွားဖြစ်ကြကုန်လတ္တံ့"ဟူ၍ သိမြင်တော်မူပြီး စန္ဒသူရိယမင်းကြီး၏ လျှောက်ထားချက်ကို ဝန်ခံပဋိညာဉ်ပေးတော်မူသည်။

စန္ဒသူရိယမင်းကြီးလည်း ဝမ်းမြောက်ဝမ်းသာ ဖြစ်တော်မူလျက် ရတနာကိုးပါးတို့ကို ပြည်ထောင်အချင်းချင်း မင်းအပေါင်းတို့အား ကုသိုလ်ပါဝင်စေပြီး ကိုးကုဋေမျှလောက်သော ရတနာများဖြင့် မြတ်စွာဘုရားရှင်အား လျှောက်ထားလေသည်။

မြတ်စွာဘုရားရှင်လည်း သိကြားမင်းနှင့် ဝိသကြုံနတ်သားတို့ကို ခေါ်တော်မူ၍ . . .

"ငါဘုရားကိုယ်တော်နှင့် မယုတ်မလွန် အတိုင်းအတာပမာဏရှိသော ရုပ်တုတော်ကို ဤမျှသော ရတနာအစုဖြင့် ပြုလုပ်၍ပြီးလျှင်စေ" ဟု မိန့်မှာပြီး လက်တော်ဖြင့် ခုနစ်လက်ခုပ် ကျုံးပြီးသော် ရတနာရွှေငွေကို သိကြားမင်းအား အပ်နှင်းတော်မူသည်။ သိကြားမင်းနှင့် ဝိသကြုံနတ်သားတို့သည် ဓညဝတီမြို့၏ အရှေ့မြောက်ထောင့် အရပ်ရှိ သီရိမကုဋ အမည်ရှိ တောင်ထက်ဝယ် ကြီးစွာသော မဏ္ဍပ်ကနားများ ဆောက်ပြီး ပွဲလမ်းသဘင် စီရင်တော်မူသည်။

သိကြားမင်းသည် ဘုရားရှင်ထံမှ ခုနစ်လက်ခုပ် ပေးတော်မူသော ရတနာတို့ကို ရွှေပန်းတောင်း၌ထည့်၍ ရတနာဆင်ဖြူပေါ် တင်ပြီးလျှင် သီရိမကုဋတောင်ထိပ်ရှိ မဏ္ဍပ်သို့ ယူဆောင်လေသည်။ သိကြားမင်း ယူဆောင်လာသော ရတနာများအပြင် လူမင်းအပေါင်းတို့က ရတနာ ၁၅ တင်း၊ သိကြားနတ်မင်းတို့က ရတနာတင်းပေါင်း ၅၀၊ နှစ်ရပ်ပေါင်း ၆၅ တင်းသော ရတနာတို့ကို လူအပေါင်းတို့က ကျိုချက်စဉ် နတ်နဂါးတို့က မထင်မရှား အမြီးများဖြင့် လာရောက်မွှေပေးကြသလို ဝေပုလ္လတောင်ဝယ် သုံးကမ္ဘာအသက်ရှည်သော စုဠရဋ္ဌ နတ်မင်းကြီးကလည်း စောင့်ကြပ်ပေးလေသည်။

သီရိမကုဋတောင်ထိပ်ရှိ မဏ္ဍပ်အတွင်းဝယ် ၆၅ တင်းသော ရတနာတို့ကို ကျိုချက်ပြီးလျှင် ညအချိန်မှစ၍ နတ်များပါဝင်ကူညီ ဝိုင်းဝန်းသွန်းလောင်းသော်လည်း ဦးခေါင်းတော်မြတ် မစေ့စပ်ဘဲ သုံးကြိမ် သုံးခါ ထပ်ကာ ထပ်ကာ သွန်းလောင်းသော်လည်း ကွဲကွာလျက်သာရှိနေ၍ နံနက်မိုးလင်း

www.burmeseclassic.com

အလင်းရောက်သောအခါ မြတ်စွာဘုရားရှင်အား ပင့်ဆောင် လျှောက်ထားရာ မြတ်စွာဘုရားရှင်သည် . . .

"ဒါယကာအပေါင်း သင်မင်းကောင်းတို့ အကြောင်းကိစ္စ ဤလုံ့လကြောင့် စိုးနှောင့်ဗျာပါမရှိလင့်၊ ရတနာပလ္လင်ကိုသာလျှင် မြန်စွာပြီးအောင် လုပ်ဆောင်ကြလော့" ဟု မိန့်တော်မူသည်။

လူနတ်ဗြဟ္မာအပေါင်းသည် ရတနာရွှေပလ္လင်တော်ကို အလျင်အမြန် ပြီးစီးအောင် စီမံတည်ဆောက်ခဲ့သည်။ ရုပ်တုတော်သည် ပလ္လင်တော်ထက်သို့ အလိုလိုကြွ၍ ထိုင်တောင်မူလေသည်။ မြတ်စွာဘုရားရှင်သည် ရဟန္တာငါးရာ ခြံရံလျက် ကြွတော်မူပြီး ရုပ်တုတော်အနီး၌ ရပ်တန့်တော်မူသည်။ ရုပ်တုတော်မြတ်သည် အသက်ဝိညာဉ်ရှိတော်မူသည့်အလား နောင်တော်မြတ်စွာဘုရားအား ခရီးဦးကြိုဆိုမည့်ဟန် ထတော်မူမည့်ဟန် ပြတော်မူသည်။

မြတ်စွာဘုရားရှင်သည် ရုပ်တုတော်အား မထရန် တားမြစ်ပြီးလျှင် မစေ့ဘဲရှိသည့် ဦးခေါင်းတော်ကို ရင်ငွေ့တော် ခုနစ်ခါယူ၍ ထည့်တော်မူရာ ရုပ်တုတော်သည် အသက်ဝိညာဉ်ရှိသကဲ့သို့ ခေါင်းငုံ့၍နေ၏။ ဖန်ဆင်းတော်မူအပ်သော ရုပ်တုတော်သည် တစ်ဆံခြည်မျှ မချွတ်တူလေသည်။ ၁၁၃ ခုနှစ် ကဆုန်လပြည့်ကျော် ၁ ရက်နေ့ ကြာသပတေးနေ့တွင် လူတို့၏အတောင်နှင့် ဉာဏ်တော်ခုနစ်တောင်



ဘုရားကြီးအနောက်ဘက်၌ရှိသော ဆုတောင်းပြည့်အောင်မြေ

နှစ်မိုက်ထက်ဝယ်တော် (ခြောက်တောင်တစ်မိုက်ရှိ) တင်ပျဉ်ခွေပုံတော်ကို အောင်မြင်ပြီးမြောက်တော်မူသတည်း။

ရုပ်တုတော် သွန်းလောင်းတော်မူပြီး မြတ်စွာဘုရားရှင် ရင်ငွေ့ခိုလှုံတော်မူပြီးနောက် နတ်ဗြဟ္မာလူအပေါင်းတို့၏ မျက်စိတွင် ဘုရားနှစ်ဆူ တစ်ပြိုင်နက် ပွင့်တော်မူသကဲ့သို့ ထင်ကြကုန်လျက် အထူးကြည်ညိုကြကုန်၏။

ဘုရားရှင်သည် ရုပ်ပွားတော်မြတ်အား . . .

"ညီတော်၊ ငါသည် ရှေးဘုရားရှင်တို့နည်းတူ နောင်အခါ ပရိနိဗ္ဗာန်ပြုရလိမ့်မည်၊ ငါ့ညီတော်သာလျှင် ငါဘုရားဖန်ဆင်းတော်မူသကဲ့သို့ အထူးထူးသော တန်ခိုးပြာဋိဟာတို့ကို ပြတော်မူလျက် ငါထားတော်မူခဲ့သော သာသနာတော် ငါးထောင် မကုန်သမျှ အမြဲတည်လတ်၍ လူနတ်တို့အား ကယ်ဆယ်လော့"ဟု ဗျာဒိတ်စကား မိန့်ကြားတော်မူပြီး တဲကျောင်းမဏ္ဍပ်သို့ ပြန်ကြွတော်မူလေသည်။

ညီတော် မဟာမြတ်မုနိလည်း ပလ္လင်ပေါ်မှာ သက်ဝင်လှုပ်ရှားကာ ထတော်မူလေသည်။ ဘုရားရှင်အား . . .

"နောင်တော်ကြွရာ နောက်တော်ကမကွာ အတူလိုက်ချင်စွ" ဟု လျှောက်ထားသောအခါ မြတ်စွာဘုရားရှင်က. .

"မဟာမုနိမည်တွင် ငါ့ညီတော်လျှင် ငါ့နောက်တွင်၌ တူပင်မကွာမလိုက်သာတည့်၊ ဤမှာညီချစ် ပျော်တုံရစ်၍ စင်စစ်မမှား ငါကိုယ်စားလျှင် ညီပွားသက်ဝေ နေရစ်ပေ" ဟု မိန့်မှာလေရာ မဟာမုနိရုပ်ရှင်တော်မြတ်လည်း ဘုရားရှင် မိန့်ကြားမှုကို. နာခံ၍ နေရစ်ခဲ့လေသည်။

မဟာမြတ်မုနိဘုရားကြီးအား သွန်းလုပ်တော်မူရာ ရတနာအမြောက်အမြား ကြွင်းကျန်ရစ်ရာ စန္ဒသူရိယမင်းသည် မြတ်ဘုရားရှင်ထံ ခွင့်ပန်၍ ရုပ်ပွားဆင်းတုတော်သုံးဆူတို့ကိုလည်း ဗြဟ္မာ၊ သိကြား၊ ဝိသကြုံ စသော နတ်အပေါင်းတို့ ကူညီဝိုင်းဝန်း၍ သွန်းကြပြန်ရာ အောင်မြင်စွာ သွန်းလောင်းပြီးစီးခဲ့လေသည်။ ထို့ကြောင့် ပထမသွန်းလုပ်သော ဘုရားမှာ မဟာမြတ်မုနိ၊ ဒုတိယမှာ ရှင်ကျော်မုနိ၊ တတိယမှာ ရွှေဘုံသာမုနိ၊ စတုတ္ထမှာ မာရ်အောင်မြင်မုနိ မြတ်စွာဘုရားဟု ထင်ရှားခဲ့လေသည်။

မြတ်စွာဘုရားရှင် သက်တော်ထင်ရှားရှိတော်မူစဉ် ဓညဝတီပြည့်ရှင် စန္ဒသူရိယမင်းကြီး၏ တောင်းပန်လျှောက်ထားမှုကြောင့် ဘုရားရှင်၏ ခွင့်ပြုချက်ဖြင့် သွန်းလောင်းခြင်း မြတ်စွာဘုရားရှင်ကိုယ်တော်တိုင် ရင်ငွေ့လှုံတော်မူပြီး ဘုရားရှင်၏ ကိုယ်ပွား နောင်တော်ဘုရားအဖြစ် သတ်မှတ်ဗျာဒိတ်စကား ထားရှိခဲ့ခြင်းတို့ဖြင့် တည်ရှိတော်မူသော မဟာမြတ်မုနိ ဘုရားကြီးသည် တန်ခိုးတော်အနန္တ၊ ဉာဏ်တော်အနန္တနှင့်ပြည့်စုံသော ရုပ်ရှင်တော်မြတ်ကြီးတစ်ဆူအဖြစ် ယနေ့တိုင် ဗုဒ္ဓဘာသာဝင်တို့ ဆည်းကပ်ပူဇော် ဖူးမြော်ခြင်းကို ခံယူလျက် ရှိနေပေသည်။

လပြည့်ဝန်းမဂ္ဂဇင်း (မတ်၊ ၂၀၁၄)



www.burmeseclassic.com

www.burmeseclassic.com

ဓညဝတီ ရခိုင်ပြည်၌ [illegible] သီတင်းသုံးတော်မူသော မဟာမြတ်မုနိဘုရားကြီးသည် မြန်မာပြည်သို့ မည်သို့ ဒေသစာရီ ကြွချီတော်မူခဲ့သည်ကိုလည်း စာရေးသူ အတွေးနယ်ချဲ့မိသည်။

၁၇၈၂ ခုနှစ် ဖေဖော်ဝါရီ ၁၁ ရက်၌ နန်းတက်သော ဗဒုံမင်း (ဘိုးတော်ဘုရား)သည် ရခိုင်၌ သီတင်းသုံးစံပယ်တော်မူသော မဟာမြတ်မုနိဘုရားကြီးအား ဖူးမြော်လို၍ သားတော်အိမ်ရှေ့မင်း မဟာဥပရာဇာ (မောင်ပေါ်)ကို စစ်သေနာပတိချုပ်ခန့်၍ ရခိုင်ဓညဝတီကို သိမ်းယူရန် စေလွှတ်သည်။ ၁၇၈၅ ခုနှစ် ဇန်နဝါရီလ ၂ ရက်နေ့၌ မဟာဥပရာဇာ၏တပ်များ ရခိုင်ကို သိမ်းနိုင်ခဲ့သည်။ ဇန်နဝါရီ ၄ ရက်နေ့၌ မဟာမုနိဘုရားအား ပင့်ဆောင်ရန် မဟာမုနိဘုရားသို့သွားသည်။ ဇန်နဝါရီ ၂၀ ရက်နေ့၌ မြောက်ဦးမြို့ကို သိမ်းယူပြီး မဟာမုနိဘုရား ပင့်ဆောင်ရေး စတင်လေသည်။ နေမျိုးကျော်ထင်ဇေယျသူ (အိမ်ရှေ့မင်း၏အတွင်းဝန်)နှင့် သီရိဒေဝကျော်သူ (သစ်တောဝန်)တို့ ဦးဆောင်၍ လူအင်အား ၁၀၀၀၀ ဖြင့် မဟာမြတ်မုနိဘုရားကြီး ပင့်ဆောင်ရမည် ဖြစ်သည်။

အိမ်ရှေ့မင်းထံမှ အမိန့်အရ မဟာမုနိဘုရားကြီးအား ပင့်ဆောင်ရာ မဟာမုနိဘုရားကြီးသည် မကြွဘဲရှိနေသည်ကို တွေ့ရသည်။ ထိုသို့ဖြစ်နေစဉ် အိမ်ရှေ့ဥပရာဇာကိုယ်တိုင် စက်ခလုတ်မောင်းကြိုးတို့ကို ဆွဲမြှောက်ချီမှ မဟာမုနိနှင့် ရှင်ကျော်၊ ရွှေဘုံသာ၊ မာရ်အောင်မြင် ဟူသော မုနိဘုရားတို့ ပင့်ဆောင်ရာသို့ ကြွတော်မူကြသည်။ ထိုသို့ဖြစ်ရခြင်းနှင့် ပတ်သက်၍ မုနိသမိုင်းများ၌ ရှင်းလင်းချက်ဖော်ပြရာတွင် . .

စန္ဒသူရိယမင်းကြီးသည် မဟာမုနိကို သွန်းလုပ်ပြီးသည့်အခါ . . .

"ငါ၏ဆရာ မုနိဘဂဝါကို မည်သို့သောမင်းအပေါင်းမှ ပင့်ချီ၍မရစေသတည်း၊ နောင်သောအခါ ဘုန်းကံကြီးမားငါ့သားဖြစ်ချေသော် ငါသာလျှင် ပင့်ဆောင်ကိုးကွယ်ခြင်းငှာရပါစေသတည်း" ဟု ဆုတောင်းလျက် ဆုတောင်းစာရွှေပေချပ်ကို မဟာမုနိရွှေပလ္လင်အောက်တွင် ထားခဲ့ပေသည်။

အိမ်ရှေ့ဥပရာဇာသည် စန္ဒသူရိယမင်းကြီး ဝင်စားသူဖြစ်သည်ဟု ဆိုကြသည်။ စန္ဒသူရိယမင်းကြီး ဝင်စားသူဟု ဆိုနိုင်ရခြင်းမှာ အိမ်ရှေ့ဥပရာဇာ ငယ်စဉ်က မဟာမုနိရှိရာ အနောက်ဘက်သို့လှည့်၍ ငိုကြွေးခဲ့သောကြောင့် ဖြစ်သည်ဟု ဆိုကြသည်။ ထို့ကြောင့်လည်း စန္ဒသူရိယမင်းကြီး၏ ရွှေပေလွှာ ဆုတောင်းမှုအရ အိမ်ရှေ့ဥပရာဇာ ပင့်သောအခါ မဟာမုနိအပါအဝင် မုနိသုံးဆူသည် အလွယ်တကူ ကြွချီတော်မူလေသည်။

အိမ်ရှေ့ဥပရာဇာသည် ၁၇၈၅ ခုနှစ် ဇန်နဝါရီလ ၂၃ ရက် တနင်္ဂနွေနေ့တွင် မုနိလေးဆူကို ကုလားတန်မြစ်ကမ်းသို့ သယ်ဆောင်ရန် ရထားပေါ်တင်သည်။ ဇန်နဝါရီလ



မဟာမြတ်မုနိဘုရားကြီး၏ မြင့်မားလှသော တံခွန်တိုင်

၂၄ ရက်နေ့၌ မုနိလေးဆူကို ဖောင်တော်ပေါ်တင်၍ ကုလားတန်မြစ်အတိုင်း စုန်တော်မူသည်။ ဇန်နဝါရီ ၂၅ ရက်မှစ၍ အိမ်ရှေ့မင်း၏ တပ်တော်ကြီးသည် အမရပူရသို့ပြန်ရန် ခရီးစတင်ခဲ့လေသည်။ ဇန်နဝါရီလ ၃၀ ရက်နေ့၌ မုနိသုံးဆူ ပင့်ဆောင်လာသော ဖောင်တော်သည် တောင်ကုတ်သို့ ရောက်သည်။ မုနိသုံးဆူအား ဖောင်တော်ပေါ်မှ ချလေသည်။ မုနိသုံးဆူ ပင့်ဆောင်ရန် တာဝန်ပေးထားသော စစ်သည် ၁၀၀၀၀ အနက် ၅၀၀၀ အား ရိုးမဖြတ်ကျော်သည့် လမ်းရှင်းရန် ရှေ့ပြေးထွက်ခွာစေသည်။

၁၇၈၅ ခု ဖေဖော်ဝါရီ ၅ ရက်နေ့၌ ရခိုင်ရိုးမကိုဖြတ်၍ မုနိဘုရားများ ပင့်ဆောင်ရေးခရီး စတင်လေသည်။ အင်အား ၅၀၀၀ ရှိသော လမ်းရှင်းအဖွဲ့ ကြိုတင်လမ်းရှင်းထား၍ ခရီးလမ်း၌ ကြီးမားသော အခက်အခဲမကြုံရသော်လည်း လေးလံလှသော ရုပ်ပွားတော်များကို ခဲရာခဲဆစ် ပင့်ဆောင်တော်မူရသည်။ တောင်တက် တောင်ဆင်း ချုံနွယ်ပိတ်ပေါင်းများကြားမှ လူအင်အားထောင်ချီဖြင့် စက်ယန္တရားများ အသုံးပြု၍ ပင့်ဆောင်လာခဲ့ရာ မတ်လ ၃၀ ရက်နေ့၌ ကျီးပင်စခန်း၊ ချောင်းခွစခန်းကိုကျော်၍ ပန်းတောင်းမြို့သို့ ရောက်လေသည်။

ပန်းတောင်းမြို့၌ မုနိသုံးဆူအား ဖောင်ပေါ်သို့ ပင့်ဆောင်၍ ထိုနေ့၌ပင် ပြည်မြို့သို့ ပင့်ဆောင်လေသည်။ ပြည်



www.burmeseclassic.com

www.burmeseclassic.com

မြို့တစ်ဖက်ကမ်း ရွှေ[illegible]အရပ်၌ [illegible]သည်။ မုနိဘုရား ပင့်ဆောင်ရာတွင် နောက်မှလိုက်ပါလာသော ရခိုင်လူမျိုးတို့က မုနိတစ်ဆူထားခဲ့ရန် တောင်းပန်ကြလေသည်။

ထိုအခါ အိမ်ရှေ့မင်းသည် . . .

"ရုပ်ပွားတော်ကို မောင်မင်းများ ထိုင်းနိုင်ငံသို့ ပြန်လည်မပေးနိုင်၊ ဤအရပ်၌ ထားတော်မူခဲ့မည်၊ မောင်မင်းတို့နိုင်ငံမှလဲ လာရောက်ဖူးမြော်နိုင်မည်၊ ပတ်ဝန်းကျင်မှ လူအပေါင်းလဲ လာရောက်ဖူးမြော်နိုင်မည်" ဟု အမိန့်ချမှတ်၍ ရွှေဘုံသာမုနိ စခန်းချရာအရပ်၌ ရှိနှင့်ပြီးသော စေတီတော်ကြီး၌ ထားရစ်ခဲ့သည်။

အိမ်ရှေ့ဥပရာဇာ ဦးဆောင်သော တပ်တော်ကြီးသည် ဧပြီ ၇ ရက်နေ့တွင် ပြည်မြို့မှ ဆန်တက်ရာ ၁၇၈၅ ခုနှစ် ဧပြီလ ၅ ရက်နေ့တွင် စစ်ကိုင်းသို့ ရောက်လေသည်။ ဘိုးတော်ဘုရားနှင့် မှူးမတ်ဗိုလ်ပါ၊ မိဖုရားအပေါင်းနှင့် ပြည်သူတို့က ကြိုဆိုကြပြီး ဘိုးတော်ဘုရားသည် ဧရာဝတီမြစ်အတွင်းဆင်း၍ ကြိုဆိုတော်မူလေသည်။

၅. ၅. ၁၇၈၅ တွင် မဟာမုနိဘုရားကြီး အမရပူရဆိပ်ကမ်းသို့ ရောက်သည်။ ၈. ၆. ၁၇၈၅ ရက်နေ့၌ မဟာမြတ်မုနိရုပ်ရှင်တော်မြတ်အား တက်သေးအရပ် (ယခုပြာသာဒ်ဆိပ်) သို့ ပင့်ဆောင်တော်မူသည်။ ၁၇၈၅ ခု အောက်တိုဘာလ၌ ပြာသာဒ်တော်ကြီးပြီး၍ ဘိုးတော်ဘုရားသည် ရွှေပုစ္စနံ့ခွဲသက်န်းနှင့် ရွှေမျက်ပါး ရှစ်ပိဿာ ခြောက်ဆယ်ကျပ်သားနှင့် နဖူးသင်းကျစ်ဘွဲ့ ရစ် ရွှေချိန် ၁၄ ပိဿာ လှူဒါန်းလေသည်။

ဤနည်းဖြင့် မဟာမြတ်မုနိ ရုပ်ရှင်တော်မြတ်ကြီးသည် ဤနေရာ ဤဒေသ၌ ကိန်းဝပ်စံပယ်တော်မူခဲ့သည်။ သီပေါမင်းလက်ထက် (၁၈. ၁. ၈၆) ၌ မဟာမြတ်မုနိဘုရားကြီး ပြာသာဒ် မီးစွဲလောင်ခဲ့သည်။ သီပေါမင်း ပါတော်မူပြီးနောက် ၁၈၈၇ ခုနှစ်တွင် တောင်တော်သာသနာပိုင် ဆရာတော်ကြီး အမှူးရှိသော သုဓမ္မာဆရာတော်များနှင့် ကင်းဝန်မင်းကြီး အမှူးရှိသော ပုဂ္ဂိုလ်များက မဟာမုနိဘုရားကြီးနှင့် ပတ်သက်သော အုပ်ချုပ်မှုကိစ္စအဝဝကို တာဝန်ယူ ဆောင်ရွက်ခဲ့သည်။

ယနေ့ တွေ့မြင်နေရသော မဟာမုနိမြတ်စွာဘုရား သီတင်းသုံး စံပယ်တော်မူရာ ပြာသာဒ်ကြီးအား အနောက်တိုင်း ဗိသုကာပညာရှင်များနှင့် မြန်မာ ဗိသုကာ အနုပညာရှင်များ ပူပေါင်း၍ ပြန်လည်တည်ဆောက်ခဲ့သည်။ မဟာမြတ်မုနိဘုရားကြီး သီတင်းသုံးရာ ဂန္ဓကုဋိတိုက်မှာ ဘိုးတော်ဘုရား ကောင်းမှုတော်ဖြစ်ကြောင်းကိုလည်း စာရေးသူ ဆင်ခြင်မိလေသည်။ စာရေးသူသည် မဟာမုနိဘုရားကြီး၏ သမိုင်းဖြစ်တော်စဉ်များနှင့် ဓညဝတီရခိုင်ပြည်မှ မန္တလေးသို့ ပင့်ဆောင်ခဲ့ပုံများကို တွေးရင်း ငေးရင်း ကြည်နူးနေခဲ့ရာမှ . .

[illegible]ကို[illegible]အမိဌာန်ပုတီး စိပ်ပြီးပြီ၊ သွားကြစို့"

ဇနီးဖြစ်သူ၏ အသံကြားမှ အတွေးစိတ်ကူး ရပ်သွားကာ . . .

"ဒ‌နောက် ဘယ်ဘုရားမှာ အမိဌာန်ဝင်ဦးမှာလဲ" ဟု မေးလိုက်မိသည်။

"ချမ်းသာကြီး ဘုရား"

စာရေးသူသည် မန္တလေးရောက်နေသည့် သားငယ်မောင်ဝေမျိုးသက်၊ စာရေးသူတို့အား ကားမောင်း၍ လိုက်လံပို့ဆောင်ပေးသော သားသူငယ်ချင်း နန်းဟွန်ခမ်းတို့နှင့်အတူ ချမ်းသာကြီးဘုရား တည်ရှိရာသို့ ထွက်ခွာလာခဲ့ကြပေသည်။

❁

စာရေးသူအနေနှင့် ဆောင်းပါးအစ၌ ရေးသားသကဲ့သို့ မဟာမြတ်မုနိရုပ်ရှင်တော်မြတ်ကြီးအား အရွယ်ရောက်စ (၁၇)နှစ်သားအရွယ်မှ ယနေ့ အသက်(၇၀)ကျော်အရွယ်အထိ မန္တလေးရောက်တိုင်း ရွှေသင်္ကန်း ဆက်ကပ်လှူဒါန်းခြင်း၊ ပန်း၊ ဆီမီးတို့ဖြင့် ပူဇော်ခြင်းကို အစဉ်မပျက် လှူဒါန်းပူဇော်ခဲ့သည့် အကျိုးကြောင့်လည်းကောင်း၊ မိဘအိမ်၌ အသက်(၃၀) နီးပါးအရွယ်အထိ နေထိုင်စဉ် အိပ်ရာခေါင်းရင်း၌ မဟာမြတ်မုနိဘုရားပုံတော်နှင့် အင်လေးဖောင်တော်ဦး ရုပ်ပွားတော်ငါးဆူ၏ ပုံတော်များကို ညစဉ် ညတိုင်း ဦးခိုက်ပူဇော်ကန်တော့ခဲ့သော အကျိုးကြောင့်လည်းကောင်း၊ အိမ်ထောင်ကျပြီးချိန်မှစ၍ စီးပွားရေး၊ လူမှုရေး၊ အိမ်ထောင်ရေးနှင့် ပတ်သက်၍ စိတ်ချမ်းမြေ့စွာ မပူမပင် နေထိုင်လာခဲ့ရသည်။

ကုသိုလ် အလှူဒါန၊ သီလ၊ ဘာဝနာတရားများကိုလည်း နေ့စဉ်နေ့တိုင်း ကျင့်ကြံအားထုတ် ပြုလုပ်နိုင်ခဲ့ပေသည်။ ထိုအကျိုးကျေးဇူးများသည် မဟာမြတ်မုနိဘုရားကြီး၏ တန်ခိုးတော်ကြောင့် ခံစားရခြင်းဖြစ်ပေသည်ဟု စာရေးသူ မမှိတ်မသုန် ယုံကြည်နေမိပေတော့သည်။

### ❒ တက္ကသိုလ်မျိုး

မှီငြမ်း

၁။ မြန်မာရက်စဉ်သမိုင်း၊ ပထမတွဲ၊ သမိုင်းသုတေသနဌာန။
၂။ မဟာမုနိသမိုင်းသစ်၊ အသျှင်ပဏ္ဍိစ္စ။
၃။ မဟာမုနိဘုရားကြီး သမိုင်းအကျဉ်းနှင့် သိမှတ်ဖွယ်ရာအချက်များ၊ မဟာမုနိဂေါပကအဖွဲ့၊ မန္တလေး။
၄။ ရခိုင်မဟာမုနိဘုရားသမိုင်း၊ ၁၉၉၁၊ ထွန်းရွှေခိုင်။
၅။ ရွှေဘုံသာမုနိ စေတီသမိုင်း၊ ၂၀၀၂ မြဝင်း (ဒသန)။
၆။ ဇလွန်မာရ်အောင်မြင် မြတ်စွာဘုရားကြီး သမိုင်းအကျဉ်း၊ ၁၉၉၃၊ ဆရာဦးမောင်ရှင်။
၇။ ကိုယ်တိုင်သွားရောက်၍ အကြိမ်ကြိမ် ဖူးမြော်လေ့လာမှု။



www.burmeseclassic.com

www.burmeseclassic.com



## ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ဘုရား

အစရှုဇုရ်မြို့ ဇစ်သောက်ဇော်ဗော်ဇောင်း ဇဒွလေးမြို့

ဦးချေခ်ဒွေဇဇွာရဲ့၌ ဇောာကြားဒဲ့းဇဇော်ဇူဇေသာ

# ကိုယ့်ခန္ဓာကိုယ် ညွှန်းသင်ပုံတရားတော်

([illegible]ခင်လမှအဆက်)

အဲဒါ ခင်ဗျားတို့သည်ကားလို့ ဆိုလို့ရှိရင်ဖြစ်တဲ့ သစ္စာ [illegible]တဲ့အမိပ္ပာယ် ကိုယ့်အကြောင်း ကိုယ်ပေါ်နေတယ် (မှန် [illegible]ပါ)။ မပေါ်ကြဘူးလား (ပေါ်ပါတယ် ဘုရား)။ ကဲ. . . [illegible]တ်ကိုဖြင့် ဒကာ၊ ဒကာမတို့ ငိုဆိုတာက ဘာသစ္စာတုံး ([illegible]သစ္စာပါ ဘုရား)။

အဲ. . ဒုက္ခသစ္စာ၊ ဒုက္ခသစ္စာမှန်းသာ သိပေတော့၊ [illegible]ရလို့ ငိုတာပဲ (မှန်ပါ့ ဘုရား)။ ခန္ဓာတစ်ခု စွန့်ရလို့ ([illegible]ပါ ဘုရား)။ ခန္ဓာရလို့ (ငိုတာပါ ဘုရား)။ ခန္ဓာရလို့ [illegible] [illegible]တ်စောင်းထိုးလိုက်လို့၊ သူ့ မာန်မာနကြီးတဲ့ ပုဂ္ဂိုလ်မို့ [illegible]စောင်းထိုး မခံဖူးတဲ့ပုဂ္ဂိုလ် မျက်စောင်းထိုးလို့ ငိုလိုက် [illegible]ဆိုတော့လည်း ခန္ဓာကြောင့် ငိုတာပဲ (မှန်ပါ့)။ သဘော [illegible] (ကျပါပြီ)။

[illegible]ကောင်းပြီ၊ ဒါဖြင့် ဒကာ၊ ဒကာမတို့ ဒီခန္ဓာကြီးသည် [illegible] ဆိုလို့ရှိရင်ဖြင့် ဘယ်သူတည်ထောင်လိုက်ပါလိမ့်မတုံး [illegible] တည်ထောင်ပါတယ် ဘုရား)။ တဏှာကလည်း [illegible]ထောင်ချင်လို့ တည်ထောင်တာလား ဒကာ၊ ဒကာမတို့ [illegible]စရာ မရှိဘဲနဲ့ ဒီတဏှာက ပေါ်ပါ့လား (မပေါ်ပါ ဘုရား)။ ဒါဖြင့် သူက အာရုံ သူက အာရမ္မဏိက၊ ပဋ္ဌာန်းနည်းနဲ့ဆိုတော့ သူက ဘာပါလိမ့် (အာရုံပါ ဘုရား)။ သူက ဘာပါလိမ့် (အာရမ္မဏိကပါ ဘုရား)။ အဲ . . . အာရုံနဲ့ အာရမ္မဏိက ဖြစ်နေတော့ အာရုံကို ပြောင်းယူမှသာလျှင် ဦးခင်မောင်တော်တော့မယ် (မှန်ပါ့ ဘုရား)။ အာရုံပြောင်းယူမှ ဘာပါလိမ့် (တော်တော့မယ်)။ တော်တော့မယ်ဆိုတာ သဘောကျပလား (ကျပါပြီ)။ ကိုင်း. . . . အာရုံကို ပြောင်းယူရမယ်ဆိုတော့ ဒကာ၊ ဒကာမတွေက အာရုံကိုပြောင်းယူရမယ်လို့ ဆရာဘုန်းကြီးကပြောတော့ ချော်. . . ဆရာဘုန်းကြီးက ပြောင်းပေးမှာထင်ပါရဲ့။ ဒီလိုတော့ မယူကြပါနဲ့နော် (မှန်ပါ့ ဘုရား)။ ပင်ကိုကိုက ခင်ဗျားတို့က မျက်စိလည်နေလို့ ပြောင်းပေးရမှာ (မှန်လှပါ ဘုရား)။

ဆရာဘုန်းကြီးက ပြောင်းရမှာလား၊ ခင်ဗျားတို့က ဝိပ္ပလ္လာသ မှောက်မှားမှုကြောင့် ပြောင်းပေးရမှာလား (ဝိပ္ပလ္လာသ မှောက်မှားမှုကြောင့် ပြောင်းပေးရမှာပါ ဘုရား)။

အဲ. . . ဒါဖြင့် ဝိပ္ပလ္လာသလည်း ပယ်ပြီးသားပဲ မှတ်လိုက်တာပေါ့ (မှန်ပါ့ ဘုရား)။ သဘောကျပလား (ကျပါပြီ)။



www.burmeseclassic.com

www.burmeseclassic.com

ဘာတဲ့လဲ (ဝိပ္ပလ္လာသ ပယ်ပြီးသားပါ ဘုရား)။ ဝိပ္ပလ္လာသလည်း ဒကာ၊ ဒကာမတွေက ပယ်ပြီးသားလို့ ဒကာ၊ ဒကာမတွေက မှတ်လိုက်ပါတော့ (မှန်ပါ့)။ ရှင်းကြပလား (ရှင်းပါပြီ)။ ဘာကိုပယ်မလို့ပါလိမ့် (ဝိပ္ပလ္လာသ ပယ်မလို့ပါ)။ ဝိပ္ပလ္လာသဆိုတာ ဖောက်ပြန်နေတာနော် (မှန်ပါ့)။

ဒီတရားတွေဟာ၊ ဒကာ၊ ဒကာမတို့ ရုပ်နာမ်တွေဟာ နာမ်တရားကြည့်လိုက်လည်း ဖြစ်ပြီး ပျက်နေတာပဲ၊ ရုပ်တရားကြည့်လိုက်ရင်ကော (ဖြစ်ပြီး ပျက်နေတာပါပဲ)။ ဒါ မသာတွေမဟုတ်ဘူးလားဗျာ (မှန်ပါ့)။

မွေးလိုက်၊ သေလိုက်ဆိုတာ ဘာပါလိမ့် (မသာပါဘုရား)။ မသာတွေပဲဆိုတော့ မသေချာဘူးလား (သေချာပါတယ် ဘုရား)။ အဲဒါကလေးတွေကို ခင်ဗျားတို့က ခင်စရာကောင်းလိုက်တာ၊ မင်စရာကောင်းလိုက်တာလို့ ဖြစ်နေတော့ဒါ ခင်ဗျားတို့က ရူးတာလားတဲ့။ ဒီတရားတွေက ရှုရတာလားလို့မေးရင် ဘယ့်နှယ်ပြောကြမယ် (တပည့်တော်တို့က ရူးတာပါ ဘုရား)။ အဲဒါ ရူးတာ၊ ခင်ဗျားတို့၏ ဝိပ္ပလ္လာသ (မှန်ပါ့)။ ရှင်း ပလား (ရှင်းပါပြီ)။ အဲဒီ ဝိပ္ပလ္လာသက ယနေ့ ပြင်ပေးရမယ် (မှန်ပါ့ ဘုရား)။ ဒကာ၊ ဒကာတို့ ဘာပြင်ပေးရမယ် (ဝိပ္ပလ္လာသ ပြင်ပေးရပါမယ် ဘုရား)။

ဝိပ္ပလ္လာသ ပြင်ပေးရမယ်ဆိုတော့ ဒကာ၊ ဒကာမတို့ ဝိပ္ပလ္လာသ သုံးမျိုးနော်၊ သညာဝိပ္ပလ္လာသ၊ စိတ္တဝိပ္ပလ္လာသ၊ ဒိဋ္ဌိဝိပ္ပလ္လာသ၊ ဝိပ္ပလ္လာသ ဘယ်နှမျိုးပါလိမ့် (သုံးမျိုးပါ ဘုရား)။ သညာ (ဝိပ္ပလ္လာသပါ ဘုရား)။ စိတ္တ (ဝိပ္ပလ္လာသပါ ဘုရား)။ ဒိဋ္ဌိ (ဝိပ္ပလ္လာသပါ ဘုရား)။ (နှစ်ခေါက် ချပေးသည်။)

ဩော်. . . ခင်ဗျားတို့မှာ အရူးသုံးမျိုးရှိတယ် (မှန်ပါ့)။ ဒကာ၊ ဒကာမတွေ ဘာရှိနေသလဲ (အရူးသုံးမျိုး ရှိပါတယ် ဘုရား)။ အရူးသုံးချက်ကို ဒီဆရာဘုန်းကြီးနဲ့တကွ ဆရာသမားတွေကမှ မကုတော့ဘူးဆိုလို့ရှိရင်ဖြင့် ဒကာ၊ ဒကာမတို့ အရူးမသာသာ မှတ်ကြပေတော့ (မှန်ပါ့ ဘုရား)။ ဒီတော့ဘာမသာ ဆိုကြမလဲ (အရူးမသာပါ ဘုရား)။

ဒါဖြင့် ခင်ဗျားတို့ မသာတောင် ဂုဏ်ပျက်တော့မခံကြပါနဲ့။ အရူးတော့ ပျောက်အောင် လုပ်လိုက်ကြပါ (မှန်ပါ့ဘုရား)။ ရိပ်မိပလား (ရိပ်မိပါပြီ)။

ဒါကလေးမှ မရှင်းလို့ရှိရင် ဒီမသာ ဘာမသာခေါ်ကြမလဲ (အရူးမသာပါ ဘုရား)။ သေသွားတဲ့အခါကျတော့လေ (မှန်ပါ့)။ ဘာမသာချသလဲ (အရူးမသာပါ)။ အရူးမသာ လိုက်ပို့တော့ ကောင်းသေးရဲ့လား (မကောင်းပါ ဘုရား)။ ဒါ ဝိပ္ပလ္လာသ သုံးချက်နဲ့ သေသွားမယ်ဆိုရင် အရူးမသာဖြစ်ရတော့မယ် (မှန်ပါ့)။ ရှင်းပလား (ရှင်းပါပြီ)။

ကိုင်း. . . ဒါဖြင့် ဒါကလေးရှင်းပြီး ပေးပါဦးမယ်။ ဒီနေ့ ရုပ်နာမ်အပေါ်မှာ ခင်ဗျားတို့အမှားကြီးမှားပြီးသကာလနေတဲ့ အမှားချက်ကို ယနေ့ပြင်ပြီးသကာလ ပေးပါတော့မယ်ဆိုတာ သေသေချာချာ မှတ်မိပါနော် (မှန်ပါ့)။ ဟောဒါက ခင်ဗျားတို့ ရုပ်နာမ်ကလေး၊ ဒီရုပ်နာမ် ကလေးဟာ သားကလေးလို့ ခင်ဗျားတို့က မွေးဖွားတဲ့ ရုပ်နာမ်ကလေးကိုပင် ခင်ဗျားတို့ သားကလေးလို့ တကယ်ထင် လိုက်လို့ရှိရင်၊ တကယ့်သားပဲလို့ ထင်လိုက်လို့ရှိရင် ဒကာ၊ ဒကာမတို့ အမှတ်မှားဖြစ်တယ် (မှန်ပါ့ ဘုရား)။ မဖြစ်သေးဘူးလား (ဖြစ်ပါတယ် ဘုရား)။

သားကလေး တကယ့်သားကလေးဆိုရင် ဘယ့်နှယ်ဆိုကြမလဲ (အမှတ်မှားပါ ဘုရား)။ အဲဒါ သညာဝိပ္ပလ္လာသ (မှန်ပါ့)။ သဘောကျပလား (ကျပါပြီ)။

စိတ္တဝိပ္ပလ္လာသက ဒကာ၊ ဒကာမတို့ သားကလေးမို့ ခင်ရမှာပဲ ဆိုလို့ရှိရင် စိတ်က ဒုက္ခသစ္စာကို ခင်ပြီ (မှန်ပါ့)။ အသုဘကို (ခင်ပါပြီ)။ ခင်တော့ စိတ် ဘယ့်နှယ်ဖြေကြမလဲ၊ စိတ်ဖောက်ပြန်သွားတော့ စိတ္တဝိပ္ပလ္လာသ (မှန်ပါ့ ဘုရား)။

ဒါဖြင့် သားကလေးတုန်းကတော့ အမှတ်မှား (မှန်ပါ့)။ ခင်မှာဆိုတော့ အသိမှား (မှန်ပါ့)။ အားကိုးရမှာပဲဆိုတော့ အယူမှား (မှန်ပါ့)။ မြန်မာလိုပြန်ကြစို့ (မှန်ပါ့)။

ဒါဖြင့် အမှတ်မှား၊ အသိမှား၊ အယူမှား ဘယ်နှမှားပါလိမ့် (သုံးမှားပါ ဘုရား)။ ကဲ. . . ဘုန်းကြီးကပဲ ရွတ်ပါတယ်။ ဟောဒါကလေးဟာ ခင်ဗျားတို့သားကလေးလို့ ဆိုလို့ရှိရင် ဘယ့်နှယ်ခေါ်ကြမလဲ (အမှတ်မှားပါ ဘုရား)။

ဩော်. . . သားကလေးမို့ ခင်နေရတယ်ဆိုတော့ (အသိမှားပါ ဘုရား)။ အသိမှားဖြစ်သွားပြီ၊ အားကိုးရမှာပဲလို့ ယူလိုက်တော့ (အယူမှားပါ ဘုရား)။

ဩော်. . . ခက်ပြီကော၊ ခင်ဗျားတို့ အမှားဘယ်နှချက် ရှိပါလိမ့် (သုံးချက်ပါ ဘုရား)။ အမှားသုံးချက် ရှိနေပြီဆိုလို့ ရှိရင် ဒကာ၊ ဒကာမတို့ ခက်ကုန်ပြီ။

ဒါဖြင့် ဒီအမှားသုံးချက်ကို ကျော်လွန်ပြီးသကာလ မှန်ပြီးသကာလ သေသွားတဲ့ပုဂ္ဂိုလ်နဲ့ အားလုံး တရားတစ်ပွဲလုံးပဲ ဆုံးဖြတ်ချက်ချပါတော့။ ဒီအမှားသုံးချက်နဲ့ သေသွားတဲ့ပုဂ္ဂိုလ်သာ မှားလိမ့်မယ်ဆိုရင် လွဲပါ့မလား (မလွဲပါဘုရား)။

ဒီအမှားသည် ဝိပ္ပလ္လာသလို့ ဆိုသဖြင့် အရူးပဲမဟုတ်လား (မှန်ပါ့ ဘုရား)။ ဒါဖြင့် အရင် အမေတွေ၊ အဖေတွေ အလုံးစုံ အကုန် သေကုန်ကြပြီ။ ဒါတွေ ရှင်းလင်းပြီးသွားပါ သလား။ အရူးတန်းလန်းနဲ့ပဲ၊ အရူးမပြုတ်ဘဲနဲ့ပဲ၊ အရူးစိတ် မပျောက်ဘဲနဲ့ပဲ သေသွားကြသလားလို့မေးရင် ဘယ့်နှယ်ဖြေကြမလဲ (အရူးတန်းလန်းနဲ့ သေသွားကြပါတယ် ဘုရား)။

ဒါဖြင့် အဲဒီမသာကို ဘာမသာခေါ်ကြမလဲ (အရူးမသာပါ ဘုရား)။ နို့. . . ခင်ဗျားတို့ကကော ဘယ်လောက် ဖြစ်ချင်သတုံး (ဘယ်မသာမှ မဖြစ်ချင်ပါ ဘုရား)။

ဘယ်မသာမှလည်း မဖြစ်ချင်ဘူး၊ အရူး တော်တော်ကိုပါးသွားပြီ၊ တော်တော့်ကို နေရာကျသွားပြီ။ အကောင်း



www.burmeseclassic.com

www.burmeseclassic.com

သောလည်း မဖြစ်ပါရစေနဲ့၊ အရှူးမှာသောသည်း မဖြစ်ပါရစေနဲ့ ဆိုလို့ရှိရင် ပြီးအောင်လုပ်လိုက်ပါတော့ (မှန်ပါ့)။ ပြီးအောင် လုပ်လိုက်ပါတော့။

ကိုင်း. . . ဒကာ၊ ဒကာမတို့ ခင်ဗျားတို့အိမ်မှာ နေ့ စဉ်ဖြစ်နေတဲ့ အမှားဘုံးချက်နော် (မှန်ပါ့)။ ဒီရုပ်နာမ်ကလေး ဟာ မိမိရုပ်နာမ်ဖြစ်လို့ရှိရင်လည်း ဒါ မိမိယောက်ျားပဲ၊ ငါ့ ယောက်ျားပဲလို့ ထင်လိုက်လို့ရှိရင် ဘယ့်နှယ်ဆိုကြပါ့မလဲ (အမှတ်မှားပါ ဘုရား)။

အို့. . . ကိုယ့်ကိုယ်ကိုယ်မထင်ရင် ဘယ်သူထင်ရမှာ လဲ (အသိမှားပါ ဘုရား)။ ကိုယ့်ကိုယ်ကိုယ်ပဲ ကျုပ်က အားကိုး တယ် (အယူမှားပါ ဘုရား)။ ဟော ကိုယ့်ကိုယ်လည်း ဒီအတိုင်း ဟာတာပဲ (မှန်ပါ့)။ မလာဘူးလား (လာပါတယ် ဘုရား)။

ဒါဖြင့် ဒကာ၊ ဒကာမတို့ သမီးကလေးဆိုတော့ ဘယ့် နှယ်ဆိုကြမလဲ (အမှတ်မှားပါ ဘုရား)။ သမီးလေးမို့ ခင်နေ တာပေါ့ဆိုတော့ (အသိမှားပါ ဘုရား)။ သူ့ပဲ အားကိုးနေရ တယ် (အယူမှားပါ ဘုရား)။

ရှိကြသေးရဲ့လား၊ ခင်ဗျားတို့သန္တာန်မှာ ဒီသုံးချက် ရှိ နေ အကဲခတ်စမ်း (ရှိပါတယ် ဘုရား)။ ဒါဖြင့် ဒါသည် ဒကာ၊ ဒကာမတို့ အမှန်လား၊ အမှားလား (အမှားပါ ဘုရား)။ အမှား ဆိုတော့ ဝိပ္ပလ္လာသ ဖောက်ပြန်တာပေါ့ဗျာ (မှန်ပါ့)။

ဖောက်ပြန်မှားယွင်းထားသည် လောကကြီးမှာ ဘယ့် နှယ်ခေါ်ကြသလဲ အရူး (မှန်ပါ့)။ ဖောက်ပြန်တာ လောက ကြီးမှာ အရူးခေါ်ကြတယ် (မှန်ပါ့)။ သဘောကျပလား (ကျ ပါပြီ)။ သူက စိတ်မနှံ့ရှာဘူး၊ ဖောက်ပြန်နေရှာတယ် (မှန်ပါ့)။

ခင်ဗျားတို့ကော ဘယ့်နှယ်တုံး (ဖောက်ပြန်နေပါတယ် ဘုရား)။ စိတ်မနှံ့ဘူး၊ ဒီလိုဆိုရင် မပြီးဘူးလား၊ ရိပ်မိပလား (ရိပ်မိပါပြီ)။ စိတ်မနှံ့ဘူးဆိုတော့ ဘယ်လိုနိဂုံးချုပ်ကြမလဲ၊ ဖောက်ပြန်နေတယ်၊ သဘောပါပလား (ပါပါပြီ ဘုရား)။

မယုံရင် ငိုနေတဲ့ပုဂ္ဂိုလ် သွားကြည့်၊ သားကလေး ကြောင့် ငိုနေသလား၊ သမီးကလေးကြောင့် ငိုနေသလား၊ ကိုယ့်အတွက် ဝမ်းနည်းပြီး ငိုနေသလား၊ ကိုယ့်သား၊ လင် ယောက်ျားအတွက် ငိုနေသလားဆိုတာ သွားမေးကြည့်ရင် အရေးထဲကမလွတ်စေဘူး (မှန်ပါ့ ဘုရား)။ လွတ်ပါ့မလား (မလွတ်ပါ ဘုရား)။

ကြည့်စမ်း၊ မကြားကြဘူးလား ကျုပ်သမီးလေးဟာ သက်ရှိသေးတယ်၊ ဟော သမီးလေးက မလာဘူးလား (လာပါတယ် ဘုရား)။ သူ့ပဲ ကျုပ်ဟာ အင်မတန် ရွှေပေါ် ထားတာ ခင်တယ်၊ ဘာတဲ့တုံး (အသိမှားပါ ဘုရား)။ သူ့ပဲ အားကိုးလောက်တယ် (အယူမှားပါ ဘုရား)။

ဒကာ၊ ဒကာမတို့ ခင်ဗျားတို့ဟာက သားအပေါ်မှာ လည်း သုံးချက်၊ သမီးအပေါ်မှာကော (သုံးချက်ပါ ဘုရား)။ ယောက်ျားအပေါ်မှာကော (သုံးချက်ပါ ဘုရား)။ ကိုယ့်အပေါ် မှာကော (သုံးချက်ပါ ဘုရား)။ ခေတ်တိုင်းအပေါ် မှာကော (သုံး ချက်ပါ ဘုရား)။ ဟာ . . . ခင်ဗျားတို့ဟာ သုံးချက်ဝေါင်း မရေနိုင်ပါဘူး။ ဒါဖြင့် ရေနိုင်စရာကိုမရှိဘူး ခင်ဗျားတို့ဟာက (မှန်ပါ့)။ ရှူးထားတာက အကုန်ရှူးထားတာကိုး ဘယ်နေရာ အကောင်း ပါသေးသတုံး (မပါပါ ဘုရား)။ ဘယ်နေရာမှာ အကောင်းမပါတဲ့ အမိုက်ဟာ ရှင်းမနေဘူးလား (ရှင်းနေ ပါတယ် ဘုရား)။

ကိုင်း. . . ဒါဖြင့် ဒီအရူးတွေ မပျောက်လို့ရှိရင် တော် ပါ့မလား (မတော်ပါ ဘုရား)။ ကိုင်း. . . ဒါဖြင့် ဒကာ၊ ဒကာမ တို့ ဒီလိုလုပ်ကြပါစို့၊ ဒီဥစ္စာ သားကလေးလား၊ ရုပ်နာမ်လား၊ ခင်ရာမင်ရာလား အကဲခတ်လိုက်စမ်း (ရုပ်နာမ်ပါ ဘုရား)။

ရုပ်နာမ်ဆိုကတည်းက အမှတ်က မှန်သွားပြီ (မှန်ပါ့)။ နဂိုက ရုပ်နာမ်ပဲလို့ ရုပ်နာမ်ဆိုတော့ အမှတ်က မှန်သွားပြီ (မှန်ပါ့)။ ရုပ်နာမ်ဖြစ်ခဲ့လို့ရှိရင်ဖြင့် ဒကာ၊ ဒကာမတို့ သိတဲ့ အတိုင်းတဲ့ သုဘလား၊ အသုဘလား (အသုဘပါ ဘုရား)။ ဒါဖြင့် ခင်စရာဟုတ်သေးရဲ့လား (မဟုတ်ပါ ဘုရား)။ သဘော ကျပလား (ကျပါပြီ)။ ခင်စရာကော ရှိသေးရဲ့လား (မရှိပါ ဘုရား)။ ကဲ. . ဒါဖြင့် ရုပ်နာမ်သိတုန်းက သညာပြုတ်ခဲ့တယ် (မှန်ပါ့)။ အသုဘမှန်းသိတော့ ခင်တာပြုတ်ခဲ့တယ် (မှန်ပါ့)။ မပြုတ်သေးဘူးလား (ပြုတ်ပါတယ် ဘုရား)။ ဖြစ်ပျက်မြင်တဲ့ အခါကျတော့ အားကိုးရာပြုတ်တယ် (မှန်ပါ့)။ တစ်ခါတည်း ဒိဋ္ဌိပြုတ်တယ် သဘောကျပလား (ကျပါပြီ ဘုရား)။

သြော်. . . ဒါဖြင့် တို့ဆရာဘုန်းကြီးနဲ့ ဒီဒကာ၊ ဒကာမ တွေနဲ့ နေရာကျပြီ၊ ဒါ ရုပ်နာမ်လို့သိရင် သညာပြုတ်ပါတယ် (မှန်ပါ့ ဘုရား)။ ရှင်းပလား (ရှင်းပါပြီ)။ အသုဘလို့ သိနေရင် (ခင်တာ ပြုတ်ပါတယ်)။ ခင်တာ ပြုတ်ပြီတဲ့၊ ဖြစ်ပျက်မြင် တော့ အားကိုးသေးရဲ့လား (မကိုးပါ ဘုရား)။ အားကိုးပြုတ် သွားတယ်ဆိုတော့ ဒိဋ္ဌိပြုတ်သွားပြီ၊ မပြုတ်သေးဘူးလား (ပြုတ်ပါတယ် ဘုရား)။

ဒါဖြင့် ဒကာ၊ ဒကာမတို့ သညာလည်းပြုတ်၊ စိတ် ကော (ပြုတ်ပါတယ် ဘုရား)။ ဒိဋ္ဌိကော (ပြုတ်ပါတယ် ဘုရား)။ ဒါဖြင့် ဖြစ်ပျက်လုပ်မှ ခင်ဗျားတို့ အကုန်ပြုတ်မယ် (မှန်ပါ့ ဘုရား)။ ဒကာ၊ ဒကာမတို့ ဘယ်လိုဆုံးဖြတ်ချက် ချမလဲ (ဖြစ်ပျက်မြင်မှ အကုန်ပြုတ်ပါမယ် ဘုရား)။

ဒါဖြင့် ဖြစ်ပျက်မှ မမြင်ဖူးတဲ့ပုဂ္ဂိုလ်များသည် အရူး မသာသာ ဖြစ်မှာပဲ၊ လမ်းဆုံးရှာလိမ့်မယ် (မှန်ပါ့ ဘုရား)။ ရှင်တုန်းလည်း အရူးပဲ (မှန်ပါ့)။ သေတော့ကော (အရူးပါပဲ ဘုရား)။ သဘောကျပလား (ကျပါပြီ)။ ဦးခင်မောင်ရေ နေရာ ကျပလား (မှန်ပါ့ ဘုရား)။

တော်တော်ကလေး နေရာကျလာပြီ ဒကာ၊ ဒကာမ တို့၊ ယနေ့ တော်တော်နေရာကျလာပြီနော် (မှန်ပါ့)။ ကိုင်း . . . ဒါဖြင့် ဒကာ၊ ဒကာမတို့ ဒီအလုပ်ကို ရှင်းကြလင်းကြ





www.burmeseclassic.com

www.burmeseclassic.com

ပါစို့။ ဖြစ်ပျက်တစ်လုံး ပိုင်လို့ရှိရင် သညာလည်းပြုတ်တယ် (မှန်ပါ့)။ စိတ်ကော (ပြုတ်ပါတယ်)။ ဒါဖြင့် ဒကာ၊ ဒကာမ တို့ ဖြစ်ပျက်ပိုင်ဖို့ပဲ ကျုပ်တို့အရေးကြီးတယ် (မှန်ပါ့ ဘုရား)။

ခန္ဓာကြီး ကြည့်လိုက်လို့ရှိရင် ဖြစ်မှုနဲ့ ပျက်မှုတွင် ရှိတယ်ဆိုတာကို ပိုင်ပိုင်နိုင်နိုင်သိဖို့ အရေးကြီးတယ် (မှန်လှ ပါ ဘုရား)။ သဘောကျပလား (ကျပါပြီ ဘုရား)။

ကိုင်း. . . ဒါဖြင့် ခန္ဓာကြည့်ကြပါစို့ ဒကာ၊ ဒကာမတို့ ဒီအမှားသုံးချက်ပျောက်အောင် အမှန်ငါးချက်နဲ့ ကျုပ်တို့က ကြိုးစားပေးရမယ် (မှန်ပါ့ ဘုရား)။ အမှားသုံးချက်ပျောက် အောင် (အမှန်ငါးချက်နဲ့ ကြိုးစားရမယ်)။ အမှန်ငါးချက်ဆို တာ ဝိပဿနာမဂ်ကို ဆိုပါတယ် (မှန်ပါ့ ဘုရား)။

အမှားသုံးချက်ကို ဒကာ၊ ဒကာမတို့ပြုတ်အောင် ဘာနဲ့လိုက်ပါ့မယ် (အမှန်ငါးချက်နဲ့ လိုက်ရပါမယ်)။ အဲ. . အမှားသုံးချက်ကို အမှန်ငါးချက်နဲ့ ဖျက်လိုက်လို့ရှိရင်တဲ့ အားလုံး ဒကာ၊ ဒကာမတွေ ပျက်စီးသွားတာပါပဲ (မှန်ပါ့)။

တော်တော်နေရာကျလာပြီ ဒကာ၊ ဒကာမတို့ ကြိုး စားကြနော်၊ မလျှော့နဲ့ (မှန်ပါ့)။ ဒါဖြင့် ဒကာ၊ ဒကာမတို့ ဘုန်းကြီးက ပြောတယ်၊ ခင်ရာမင်ရာဆိုတာ ရုပ်နာမ်လို့ ပြော တယ်နော် (မှန်ပါ့)။

ကဲ. . . ရုပ်တွေ အသာထားလိုက်ပါတော့၊ နာမ်ပဲ ရှုကြပါစို့ဆိုတော့၊ ဒကာ၊ ဒကာမတို့ တစ်နေ့ကစိတ်ကို အရှု မခိုင်းဘူးလား (ခိုင်းပါတယ် ဘုရား)။ ဒကာ၊ ဒကာမတို့ ဘာ များ အရှုခိုင်းပါလိမ့် (စိတ်ကို အရှုခိုင်းပါတယ် ဘုရား)။ အေး . . . စိတ်ကို အရှုခိုင်းတယ်ဆိုတာ သေချာပလား (သေချာ ပါပြီ)။ စိတ်က ဘယ်သူ့စိတ် ရှုရမှာပါလိမ့် (ကိုယ့်စိတ်ကိုယ် ရှုရမှာပါဘုရား)။ ကိုယ့်စိတ်ကိုယ် ရှုရမယ်နော် (မှန်ပါ့)။ ကိုယ့် စိတ်ကိုယ် ရှုရမယ်ဆိုတာကော သဘောကျပလား (ကျပါပြီ ဘုရား)။ ဪ. . . သူများစိတ်ဆိုတာ လွဲလိမ့်မယ်နော် (မှန် ပါ့)။ သူများစိတ်ရှုရတာ လွဲသည်၊ မှန်သည် နှစ်မျိုးရှိပါတယ် (မှန်ပါ့)။ ကိုယ့်စိတ်ကိုယ်ရှုတော့ (မှန်ပါတယ် ဘုရား)။ မှန် တယ်ဆိုတာ သဘောကျပလား (ကျပါပြီ ဘုရား)။

ဒါဖြင့် ကိုယ့်သန္တာန် လောဘဖြစ်လည်းတဲ့။ လောဘ ကလေးဟာ ဖြစ်ပြီးပျက်သည်လို့ မဂ္ဂင်နဲ့လိုက်ပေး (မှန်ပါ့)။ ဒေါသဖြစ်ရင်ကော (ဖြစ်ပြီးပျက်ပါတယ်)။ ဖြစ်ပြီးပျက်သွား တာပဲလို့သာ ရှုပေး (မှန်ပါ့ ဘုရား)။ ဣဿာကလေးဖြစ်ရင် ကော (ဖြစ်ပြီး ပျက်သွားတာပါ ဘုရား)။ မစ္ဆရိယကလေး ဖြစ်ရင် ဝန်တိုတဲ့စိတ်ကလေး ပေါ်လာရင်ကော (ဖြစ်ပြီး ပျက် သွားတာပါ ဘုရား)။

ဒေါသကလေး ဖြစ်ရင်ကော (ဖြစ်ပြီးပျက်သွားတာပါ ဘုရား)။ သံသယကလေး ရှိလာရင်ကော (ဖြစ်ပြီး ပျက်တာ ပါဘုရား)။ အင်း. . . ဒါဖြင့် ကုသိုလ်ကလေးလုပ်တဲ့ စိတ် ကလေးကော (ဖြစ်ပြီး ပျက်တာပါ ဘုရား)။

ဖြစ်ပြီးပျက်တာပဲဆိုတော့ ဒကာ၊ ဒကာမတို့ သန္တာန် မှာ၊ ပုထုဇဉ်သန္တာန်မှာ ဖြစ်တဲ့စိတ် ပုထုဇဉ်ဉာဏ်နဲ့ ရှုပေါ့ဗျာ (မှန်ပါ့ ဘုရား)။ ရှုတတ်ပြီ မဟုတ်လား (ရှုတတ်ပါပြီ ဘုရား)။

ဒါဖြင့် ရှုပုံတော့ဖြင့် တစ်နေ့က စိတ်တစ်ဆယ့်သုံးခု ပြပြီးပါပြီ (မှန်ပါ့)။ အဲဒီတော့ ဒါကို တဖြိုင်ဖြိုင် ရှုပေးပါ နော် (မှန်ပါ့)။ လာတဲ့စိတ်ဆိုရင် ရှုနော် (မှန်ပါ့)။ ဘာမှမရှိရင် ရှုစိတ်နဲ့ ရှိုက်စိတ်ကို ရှုပေး (မှန်ပါ့)။

နို့မဟုတ် ကြားပေါက်လာရင် (ကြားပေါက်ရှုပေးရပါ မယ် ဘုရား)။ ကြားပေါက်စိတ်ရှု၊ ခင်ဗျားတို့သန္တာန်မှာ အရိယာစိတ် မလာပါဘူး (မှန်ပါ့ ဘုရား)။ သဘောကျပလား (ကျပါပြီ ဘုရား)။ ပုထုဇဉ်တွေမို့ ဘာစိတ်သာ လာမတုံး (ပုထုဇဉ်စိတ် လာပါမယ် ဘုရား)။

ပုထုဇဉ်မှာလည်း ဒိဋ္ဌိပုဂ္ဂိုလ်ဖြစ်ရင် ဒိဋ္ဌိစိတ် သာလာမယ် (မှန်ပါ့)။ ဒိဋ္ဌိပြင်စိတ် လာနိုင်ပါ့မလား (မလာနိုင် ပါ ဘုရား)။ မလာနိုင်တော့ ကိုယ့်လာတဲ့စိတ်သာ ကိုယ်ရှု (မှန်ပါ့ ဘုရား)။ သဘောကျပလား (ကျပါပြီ)။

ဝမ်းသာရင် ဝမ်းသာတဲ့စိတ်ကို (ဖြစ်ပျက်ရှုရပါမယ်)။ ဝမ်းနည်းရင် (ဝမ်းနည်းတဲ့စိတ်ကို ရှုရပါမယ်)။ ဥပေက္ခာထား ရင် (ဥပေက္ခာစိတ် ရှုရပါမယ်)။ ဥပေက္ခာစိတ်ကိုရှု ဒကာ၊ ဒကာမတို့ သဘောကျပလား (ကျပါပြီ)။

အဲဒီကဲ့သို့တဲ့ ကိုယ့်စိတ် ကိုယ်ရှုလို့ရှိရင်ဖြင့် ဒကာ၊ ဒကာမတို့ စိတ္တာနုပဿနာ ဖြစ်ပါတယ် (မှန်ပါ့ဘုရား)။ အဲဒီ တော့ကိုတဲ့ ဒါ တပည့်တော်တို့ ဘယ်လောက်ကြာကြာ ရှုရ မလဲလို့ ဒကာ၊ ဒကာမတွေ မေးဖို့မလိုဘူးလား (လိုပါတယ် ဘုရား)။

ကိုယ့်စိတ်ကို ဘုရားတပည့်တော်ဖြင့် လောဘကလေး လာလည်း နောက်ကနေပြီး မဂ္ဂင်ငါးပါးနဲ့ ရှုရပါတယ်။ ဒေါသ ကလေးလာလည်း မဂ္ဂင်ငါးပါးပဲ ရှုရပါတယ်။ မောဟလာ လည်း မဂ္ဂင်ငါးပါးနဲ့ ရှုရပါတယ်။ ရှုချင်တာသာ ရှုပေါ့ဗျာ (မှန်ပါ့)။ ရှုလိုက်တော့ လောဘ၊ ဒေါသ၊ မောဟလား၊ ဖြစ် ပျက်လား (ဖြစ်ပျက်ပါ ဘုရား)။ ရှုတာက ဘာဆိုကြမယ် (မဂ္ဂပါ ဘုရား)။ ဒါဖြင့် ဖြစ်ပျက်မဂ်လိုက်အောင်လုပ် (မှန်ပါ့ ဘုရား)။ ဖြစ်ပျက်မဂ်လိုက်အောင်လုပ် (မှန်ပါ့)။

ဒီကြားထဲမှာ ကိလေသာမဝင်အောင်လုပ်ပါ (မှန်ပါ့ ဘုရား)။

ကိလေသာမဝင်လို့ရှိရင် မနက်အားထုတ်ရင် ညနေ ရမယ် (မှန်ပါ့)။ ညနေအားထုတ်ရင် (မနက် ရပါမယ်)။ မနက် ရမယ်ဆိုတော့ ဒါ ကိုယ့်အတွက်မှာ ဝမ်းနည်းစရာ လိုသေး သလား (မလိုပါ ဘုရား)။ ဝမ်းနည်းစရာ ဘာမှမလိုပါဘူးတဲ့။

အဲဒီတော့ ဒီလို ဒကာ၊ ဒကာမတွေက ကိုယ့်စိတ်ကို ကိုယ်ကြည့်ပြီး သကာလ ဖြစ်ပျက်တွေကို မြင်ပါလိမ့်မယ် (မှန်ပါ့)။ မြင်တော့ ဘုန်းကြီးက ဒကာ၊ ဒကာမတွေကို အလုပ်

www.burmeseclassic.com

ပေးနေတဲ့ ဘုန်းကြီးဖြစ်နေတော့ ရှင်းရှင်းပဲပြောပါတယ်။ စိတ်ဟာ နှစ်စိတ် ဘယ်တော့မှ မပြိုင်ဘူး။ ဒါလည်း တစ်စိတ်၊ အပျက်ကလည်း တစ်စိတ်ပဲ၊ အရှုကလည်း (တစ်စိတ်ပါပဲ)။ ဘယ်တော့မှ သတ္တဝါသန္တာန် မပြိုင်ဘူးလို့ မှတ်ထားလိုက်ပါ (မှန်ပါ့ ဘုရား)။

ပြိုင်ပြီး ဘယ်တော့မှမဖြစ်ဘူး။ ဒီစိတ်ချုပ်ပြီးမှ ဟုတ်လား (မှန်ပါ့)။ အရှုခံစိတ်ချုပ်ပြီးမှ ရှုဉာဏ်စိတ် ပေါ်ပါတယ် (မှန်ပါ့ ဘုရား)။ အရှုခံစိတ် (ချုပ်ပြီးမှ ရှုဉာဏ်စိတ် ပေါ်ပါတယ် ဘုရား)။

ရှုဉာဏ်စိတ် ပေါ်တယ်ဆိုတော့ ဒကာ၊ ဒကာမတို့ ရှေ့တုန်းက အသက်ရှင်နေတာ ဒီစိတ်နဲ့ အသက်ရှင်နေတယ် (မှန်ပါ့)။ နောက် သူသေသွားတော့ ဘာစိတ်နဲ့ အသက်ရှင်သတဲ့ (ရှုဉာဏ်စိတ်နဲ့ အသက်ရှင်ပါတယ် ဘုရား)။ ရှုဉာဏ်နဲ့ အသက်မရှင်ရပေဘူးလား (ရှင်ရပါတယ် ဘုရား)။

ဒါဖြင့် ဧကစိတ္တသမာယုတာ = တစ်ခုသောစိတ်နဲ့ ဒကာ၊ ဒကာမတွေ အသက်ရှင်နေတာ (မှန်ပါ့ ဘုရား)။ စိတ်ဘယ်နှခုနဲ့ အသက်ရှင်နေသလဲ (တစ်ခုသောစိတ်နဲ့ အသက်ရှင်နေပါတယ်)။ အရှုခံနဲ့ အသက်ရှင်နေတုန်းကို ရှုဉာဏ်မပေါ်သေးဘူးလား (မပေါ်သေးပါ ဘုရား)။

သဘောကျပြီနော် (မှန်ပါ့)။ ဒါ ရှင်းရှင်းလင်းလင်း [illegible]ပါ ရှင်းရှင်းလင်းလင်း မှတ်ပါ။ ဒါ အလုပ်တရားမှာ [illegible] အရေးကြီးနေပြီ (မှန်ပါ့)။ ဒကာ၊ ဒကာမတွေ အပင် [illegible]ပြီး သကာလ၊ လူတွေ တိုးခွေ့ပြီးသကာလ တချို့ နေ [illegible]ရှိလို့ အပြင်ဘက်မှာ နေကြရတယ်။ ဒါကို လိုရင်းပေး [illegible]လို့ ဘုန်းကြီးကလည်း ဒါရှုလိုက်လို့ရှိရင် ဒီကြားထဲ ခုနက [illegible]တ လာသေးရဲ့လား (မလာပါ ဘုရား)။

တဏှာမလာခင် ဒိဋ္ဌိ (မလာပါ ဘုရား)။ ဒိဋ္ဌိမှ [illegible]နဲ့ အို၊ နာ၊ သေ ဘယ်နှယ်တုံး (မလာပါ ဘုရား)။ [illegible]လည်း ဝဋ်မကျွတ်သွားဘူးလား (သွားပါတယ် ဘုရား)။

အဲဒါကြောင့် ဒီအလုပ်တရားကို ကြပ်ကြပ်ဂရုစိုက် [illegible]င်ပါဆိုတာ တိုက်တွန်းရတယ် (မှန်လှပါ ဘုရား)။ [illegible] ကိုယ့်စိတ်ကိုယ်ရှု (မှန်ပါ့)။ လောဘစိတ်လာရင် (လော[illegible]ရှု)၊ လောဘစိတ်ကို မဂ်နဲ့ ဖြစ်ပျက်ရှု၊ ဒေါသစိတ်လာ[illegible]ဒေါသစိတ်ရှု)။ မောဟစိတ်လာရင် (မောဟစိတ်ရှု)။

ရှုရလိမ့်မယ်နော် (မှန်ပါ့)။ မမေ့အောင် ရှုပေး၊ ဘာမှ [illegible] ပေါ်ထွက်အောင် အားထုတ်တဲ့စိတ်ကို (ရှုရပါမယ်)။ [illegible] မြန်နိုင်တဲ့စိတ်ကို (ရှုရပါမယ် ဘုရား)။ ရှုရလိမ့်မယ် [illegible] ဒါကလေးနဲ့ ရှုရှုပေးနေတော့ ဖြစ်ပျက်မဂ်၊ ဖြစ်ပျက် [illegible]ကိုက်ပေဘူးလား (ကိုက်ပါတယ် ဘုရား)။

အဲဒီတော့ ဒကာ၊ ဒကာမတွေ မိလိန္ဒပဉှာ ပါဠိတော် [illegible]တလေးနဲ့ ဒကာ၊ ဒကာမတွေကို ပြောချင်ပါတယ်

မိလိန္ဒမင်းကြီးက ရှင်နာဂသိန်ကို မေးတယ်။ မိလိန္ဒမင်းကြီးဆိုတာက ဒကာ၊ ဒကာမတွေ ကြားဖူးတဲ့အတိုင်း ပညာရှိပေါ့ဗျာ (မှန်ပါ့ ဘုရား)။ ရှင်နာဂသိန်ကတော့ သူ့ထက် ပညာရှိတဲ့အပေါ်မှာ ရဟန္တာဖြစ်နေတယ် (မှန်ပါ့ ဘုရား)။

ရဟန္တာဆိုတာသည် ဝိပဿနာ ကိုယ်တိုင်ရှုပြီးလို့ မဂ်ဉာဏ် ဖိုလ်ဉာဏ် လေးဉာဏ်ရလို့ ရဟန္တာဖြစ်တယ်ဆိုတာလည်း ခင်ဗျားတို့ ဘာမှ သံသယရှိဖို့ မလိုပါဘူး၊ လိုသေးသလား (မလိုပါ ဘုရား)။

အဲဒီကိုယ်တိုင် နိဗ္ဗာန်မြင်တဲ့ ပုဂ္ဂိုလ်ကို ဒကာ၊ ဒကာမတို့ မေးလိုက်တယ်။ မိလိန္ဒမင်းကြီးက အရှင်ဘုရားကတော့ အရှင်ဘုရားကိုယ်တိုင် နိဗ္ဗာန်ရောက်ပြီးသားပုဂ္ဂိုလ် ဖြစ်ပါတယ်။ အဲဒီတော့ နိဗ္ဗာန် ကိုယ်တိုင် အာရုံပြုနိုင်တဲ့ပုဂ္ဂိုလ် ဖြစ်ပြီးသကာလနေတော့ တပည့်တော်များလည်း နိဗ္ဗာန် ရောက်ချင်တယ်။ ရောက်ချင်တော့ကို ဘယ်လိုရှုပြီးသကာလ ဘယ်လို နိဗ္ဗာန်ဘက် ကူးသွားတယ်ဆိုတဲ့ဥစ္စာ တပည့်တော် အရေးတကြီး သိချင်ပါတယ်။

ဒကာ၊ ဒကာမတို့ ဝိပဿနာ ရှုရင်းမတ္တနဲ့ နိဗ္ဗာန်ဘက် ဘယ်လိုကူးသွားတယ်ဆိုတာ သူသိချင်တယ်တဲ့ (မှန်ပါ့ ဘုရား)။ ရှင်းကြပလား (ရှင်းပါပြီ)။ ဝိပဿနာရှုရင်းမတ္တနဲ့ (နိဗ္ဗာန်ဘက် ကူးသွားတာ သိချင်ပါတယ် ဘုရား)။

နိဗ္ဗာန်ဘက် ကူးသွားတာ သူသိချင်ပါတယ်ဆိုတော့ ဒကာ၊ ဒကာမတို့ ဒီဟာကလေးဟာ အသေအချာ မှတ်ရမှာနော် (မှန်ပါ့ ဘုရား)။ လုပ်တဲ့ပုဂ္ဂိုလ်မှာ နိဗ္ဗာန်ရောက်တယ်ဆိုတာ သူများ မမေးပါနဲ့တော့၊ ကိုယ်ကိုယ်တိုင် နိဗ္ဗာန်ရောက်ပါလိမ့်မယ် (မှန်ပါ့)။ ရှုသာရှုပါ၊ ဖြစ်ပျက်သာ မိအောင်ရှုပါ (မှန်ပါ့)။ သဘောတျပလား (ကျပါပြီ)။

အဲဒီတော့ ရှင်နာဂသိန်က ဒကာကြီးတဲ့ "တဿတံ စိတ္တံ အပရာပရံ မနသိကာရောတော ဥပ္ပါဒံ အတိက္ကမိတွာ အနုပ္ပါဒံ ဩက္ကမတိ" ဖြစ်ပျက်မှုကို လွန်ပြီးသကာလ ဒကာကြီးတဲ့ မြန်မြန် ဒါလေးကို ဖြစ်ပျက် ဖြစ်ပျက်လို့ နှလုံးသွင်းလိုက်ပါ၊ ကိုယ့်စိတ်ကို၊ သဘောကျပလား (ကျပါပြီ)။ ကိုယ့်စိတ်ကို ဘာလုပ်ရမလဲ (ဖြစ်ပျက်ရှုရပါမယ် ဘုရား)။

ဖြစ်ပျက် ဖြစ်ပျက်လို့ ကိုယ့်မဂ်ကလေးနဲ့၊ ကိုယ့်ဉာဏ်ကလေးနဲ့ နှလုံးသွင်းနေပါတဲ့ သဘောကျပလား (မှန်ပါ့ ဘုရား)။ "တဿတံ စိတ္တံ အပရာပရံ မနသိကာရောတော" တဲ့၊ တဿ = ထိုဝိပဿနာရှုသောပုဂ္ဂိုလ်သည်၊ တံစိတ္တံ = ထိုဖြစ်သောစိတ်ကို၊ အပရာပရံ = မပြတ်၊ မနသိကာရောတော = နှလုံးသွင်းနေခဲ့လျှင်၊ ဖြစ်ပျက်သာ အမြဲနှလုံးသွင်းနေခဲ့လျှင် ဒကာ၊ ဒကာမတို့ မှတ်မိပလား (မှတ်မိပါပြီ)။ ဖြစ်ပျက်ဘာတုံး (အမြဲနှလုံးသွင်းနေခဲ့ပါလျှင်)။

အဲဒီတော့ ဥပ္ပါဒံ အတိက္ကမိတွာ = ဟောဒီဖြစ်ပျက်တွေ လွန်သွားပါလိမ့်မယ်တဲ့ (မှန်ပါ့)။ ဘာလွန်သွားမလဲ (ဖြစ်



www.burmeseclassic.com

www.burmeseclassic.com

ပျက်တွေ လွန်သွားပါမယ်)။ အနုပ္ပါဒ် သြတ္တမတိ = ဖြစ်ပျက်မရှိတဲ့ဘက် တစ်ခါတည်း ဟောဒီဉာဏ်က ဒကာ၊ ဒကာမတို့ မဂ္ဂင်ရှစ်ပါးပြည့်ပြီး ဝင်သွားတာပဲ (မှန်ပါ့)။ ဖြစ်ပျက်မရှိတဲ့ဘက် ပြေးဝင်သွားတယ် (မှန်ပါ့)။

ပထမ သူ ဖြစ်ပျက်လှည့်နေတယ် (မှန်ပါ့)။ ရှုဖန်များတော့ ဒီဖြစ်ပျက်ရှုတဲ့ ဉာဏ်တွေဟာ ဘယ်ဘက်လှည့်သွားသလဲ (ဖြစ်ပျက်မရှိတဲ့ဘက်ပါ ဘုရား)။ ဖြစ်ပျက်မရှိတဲ့ဘက် လှည့်သွားတယ် (မှန်ပါ့)။ သဘောကျပလား (ကျပါပြီ)။ ပထမ ဘယ်ဘက်လှည့်သတုံး (ဖြစ်ပျက်ဘက် လှည့်ပါတယ်)။ နောက် ရှုဖန်များလာတော့ (ဖြစ်ပျက်မရှိတဲ့ဘက် လှည့်ပါတယ်)။ ဖြစ်ပျက်မရှိတဲ့ဘက် သူလှည့်သွားတယ် (မှန်ပါ့)။ သဘောကျပလား (ကျပါပြီ)။ ဒါဖြင့် . . .

"တဿတံ စိတ္တံ အပရာပရံ မနသိကာရောကော ဥပ္ပါဒံ အတိက္ကမိတွာ အနုပ္ပါဒံ သြက္ကမတိ၊ ဧဝံ ခေါ မဟာရာဇ သမ္မာ ပဋိပန္နော နိဗ္ဗာနံ သစ္ဆိကရောတိ"

ဦးခင်မောင် ဖြစ်ပျက်တွေရှုရာကနေပြီး သကာလ တစ်ခါတည်း ရှုတဲ့ဉာဏ် ဖြစ်ပျက်မရှိတဲ့ဘက် သူ့ဟာသူ ပြောင်းသွားတယ် (မှန်ပါ့ ဘုရား)။ ပထမတော့ ဘယ်ဘက်လှည့်နေသတုံး (ဖြစ်ပျက်ဘက် လှည့်နေပါတယ်)။ ရင့်လာတော့ ဘယ့်နှယ်တဲ့ (ဖြစ်ပျက်မရှိတဲ့ဘက် ပြောင်းပါတယ် ဘုရား)။

ဖြစ်ပျက်မရှိတဲ့ဘက် ပြောင်းသွားတော့ အဲဒါ နိဗ္ဗာန်ကို မျက်မှောက်ပြုတယ်ဆိုတော့ ဒကာကြီး ဒါပဲ (မှန်ပါ့)။ ရိပ်မိပလား (ရိပ်မိပါပြီ)။ ပထမတော့ ဘယ်ဘက်လှည့်နေသလဲ (ဖြစ်ပျက်ဘက် လှည့်နေပါတယ်)။ ခင်ဗျားက ရှုတဲ့ဉာဏ်ကလေးကလေ (မှန်ပါ့)။

နောက်တော့ ရှုဖန်များရင်း ရှုဖန်များရင်းနဲ့ ဟောဒီ ဖြစ်ပျက်တွေ မတွေ့တော့ဘူး (မှန်ပါ့)။ ဖြစ်ပျက်မရှိတဲ့ဘက် ဉာဏ်ကလှည့်သွားတယ် (မှန်ပါ့ ဘုရား)။ ဖြစ်ပျက်မရှိတာက ဘာပါလိမ့် (နိဗ္ဗာန်ပါ ဘုရား)။

အဲဒီ နိဗ္ဗာန်ဘက်လှည့်သွားတယ် ဒကာကြီးရာတဲ့၊ နိဗ္ဗာန် သစ္ဆိကရောတိတဲ့။ နိဗ္ဗာန်ကို မျက်မှောက်ပြုတယ်ဆိုတာ ဒါပဲတဲ့။ ပထမ ဖြစ်ပျက်ဘက် လှည့်နေတယ်တဲ့။ နောက်ကျတော့ ရှုဖန်များလာတော့ ဖြစ်ပျက်တွေ အကုန်ချုပ်သွားပြီး ဖြစ်ပျက်မရှိတဲ့ဘက် ဒီဉာဏ်က လှည့်သွားတယ် (မှန်ပါ့ ဘုရား)။ ရိပ်မိပလား (ရိပ်မိပါပြီ)။

အဲဒါ "နိဗ္ဗာနံ သစ္ဆိကရောတိ" ဆိုတာ ဒကာကြီး ဒါပဲတဲ့ဆိုတော့ ဒကာ၊ ဒကာမတွေသိတဲ့အတိုင်း ဒီပုဂ္ဂိုလ်က သူ သွားပြီးသားလမ်းကို သူပြောတာနော် (မှန်ပါ့ ဘုရား)။ ရမ်းပြောတာလား၊ ကိုယ်တိုင်ရောက်ဖူးတာ ပြောတာလား (ကိုယ်တိုင်ရောက်ဖူးတာ ပြောတာပါ)။ ဒါဖြင့် ကျုပ်တို့က သံသယ ရှိဖို့ လိုသေးသလား (မလိုပါ ဘုရား)။

ဒါဖြင့် ကျုပ်တို့က ကိုယ့်စိတ်ကို ဖြစ်ပျက်ရှုသာနေ (မှန်ပါ့)။ သူ နိဗ္ဗာန်ရောက်ချင်တဲ့အခါကျတော့ ရှုတဲ့ဉာဏ် ရင့်ကျက်လာပြီး ဖြစ်ပျက်မမြင်တဲ့ဘက်ကို၊ ဖြစ်ပျက်မရှိတဲ့ ဘက်ကို ဒီဉာဏ်က လှည့်သွားလိမ့်မယ် (မှန်ပါ့ ဘုရား)။

လှည့်သွားတဲ့အခါကျတော့ ဖြစ်ပျက်မရှိတာက နိဗ္ဗာန် လှည့်သွားတဲ့ဉာဏ်က မဂ်ဉာဏ်၊ သေတာက တဏှာ (မှန်ပါ့ ဘုရား)။ တဏှာသေကတည်းက ခန္ဓာလုပ်နိုင်သေးရဲ့လား (မလုပ်နိုင်ပါ ဘုရား)။ ခန္ဓာမှမရှိဘဲနဲ့ အိုနာသေ ဒကာ ဒကာမတို့ (မရှိနိုင်ပါ ဘုရား)။ ရှင်းပြီနော် (ရှင်းပါပြီ)။

ဒါဖြင့် ဖြစ်ပျက်ချုပ်တာက ဘာတဲ့ (နိဗ္ဗာန်ပါ)။ မြင်တာက (မဂ်ဉာဏ်ပါ)။ သေတာက (တဏှာ)၊ သမုဒယ သေတာ (မှန်ပါ့)။

ခန္ဓာနဲ့တကွ ဒကာ၊ ဒကာမတို့ ဟိုဘက်ချုပ်တာက ခန္ဓာချုပ်ပြီးမှရတဲ့ အနုပါဒိသေသ နိဗ္ဗာန် (မှန်ပါ့)။ ဒီဘက် ကိုယ်တိုင်မြင်ရတာက ခန္ဓာရှိတုန်း မြင်ရတဲ့အတွက် သဉပါဒိသေသနိဗ္ဗာန် (မှန်ပါ့ ဘုရား)။ ရှင်းပလား (ရှင်းပါပြီ)။

မြင်ရတာက (သဉပါဒိသေသနိဗ္ဗာန်)။ နောက်မှရမယ့် နိဗ္ဗာန်က (အနုပါဒိသေသနိဗ္ဗာန်)။ အနုပါဒိသေသနိဗ္ဗာန် ... တော့ ဒကာ၊ ဒကာမတို့ ဒါပဲလုပ်ရုံပဲရှိတယ် (မှန်ပါ့)။ သဘော... ပါကြပလား (ပါပါပြီ)။ လုပ်တတ်ကြပလား (လုပ်တတ်ပါပြီ)။ ခင်ဗျားတို့ လုပ်တတ်ဖို့ရာက ဖြစ်ပျက်မြင်ဖို့ရာသာလုပ် (မှန်ပါ့)။ မိမိသန္တာန်မှာ ဘယ်စိတ်လာလာ ဖြစ်ပျက်သာရှုနေ (မှန်ပါ့)။

အဲဒါ ခင်ဗျားတို့အလုပ်၊ နိဗ္ဗာန်သွားဖို့ အလုပ်ကတော့ သူရင့်လာလို့ မဂ်က သူ့ဟာသူ နိဗ္ဗာန်ဘက် လှည့်သွားမှာပဲ (မှန်ပါ့)။ မလှည့်ပါနဲ့ဆိုလို့ ရရဲ့လား (မရပါ ဘုရား)။ ဒါဖြင့် ခင်ဗျားတို့အလုပ်က ဘာလုပ်ရမှာတုံး (ဖြစ်ပျက်ရှုရပါမယ်)။ ဖြစ်ပျက်ကို များများမြင်အောင် လုပ်ရမှာပဲ (မှန်ပါ့)။

ဒါဖြင့် များများမြင်တဲ့ဉာဏ်သည် ရင့်သွားရင် ဘယ်ဘက်လှည့်မတုံး (နိဗ္ဗာန်ဘက် လှည့်ပါမယ်)။ ဒါဖြင့် နိဗ္ဗာန်ဟာ အကြွေးလား ဒကာ၊ ဒကာမတို့ အခုရမှာလား (အခု ရမှာပါ ဘုရား)။ ဒါဖြင့် နိဗ္ဗာန်ရရပါလို၏လို့ ဆုတောင်းမနေနဲ့ ဒါများများရှုရင် သူ့ဟာသူ နိဗ္ဗာန်ပေါ်လာမယ် (မှန်ပါ့ ဘုရား)။ သဘောကျပလား (ကျပါပြီ)။ မပေါ်စရာ ရှိသေးရဲ့လား (မရှိ ပါ ဘုရား)။ ဒါ ဘယ်သူက ဟောတာတုံးဆိုတော့ ရဟန္တာ ရှင်နာဂသိန်က ဟောတာ (မှန်ပါ့ ဘုရား)။ ရိပ်မိပလား (ရိပ်မိပါပြီ)။ ဘုရားကိုယ်တိုင်က ဟောခဲ့လို့ ဒီရှင်နာဂသိန် ပေါ်ရစ်လိမ့်မယ်ဆိုတဲ့ဥစ္စာ ဦးခင်မောင် သေချာပြီးသားနော် (မှန်ပါ့ ဘုရား)။ ရှင်းပလား (ရှင်းပါပြီ ဘုရား)။

ကဲ . . . ယနေ့ ဒီတွင် တော်ကြဦးစို့။

သာဓု . . . သာဓု . . . သာဓု။


... မွေ့ ...

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



တစ်နှစ်တစ်ခါ ဖူးကြပါစို့

# ဆံတော်ရှင် ကျိုက်ထီးရိုး စေတီမြတ်ဆီသို့

မင်းခန့် ။ (ပူဇော်သည်)

www.burmeseclassic.com

www.burmeseclassic.com



## ကျိုက်ထီးရိုးဘုရားသမိုင်းအကျဉ်း

ဂေါတမဘုရားရှင် မပွင့်မီ နှစ်ပေါင်း (၅၀) ခန့်က ဇင်းကျိုက်တောင်အနီး ယနေ့ သထုံမြို့ပေါ် ထွန်းမည့် နေရာအနီး၌ သုဘိန္နနဂရ မြို့ကြီး တည်ရှိခဲ့သည်။ ထိုမြို့ကြီး၌ တိဿဓမ္မရာဇာ မင်းကြီးနှင့် မိဖုရားကြီး သီရိကပ္ပဒေဝီတို့မှ တိဿဓမ္မ မင်းသားနှင့် သားတော်ငယ် သီဟကုမ္မာရမင်းသားတို့ ဖွားမြင်ခဲ့သည်။

ထိုမင်းသားနှစ်ပါး အရွယ်ရောက်သော် ဘုရင်ကြီးမှ ပေးအပ်သော ထီးနန်းစည်းစိမ်တို့ကို စွန့်လွှတ်ပြီး ရသေ့ဝတ်ကာ တရားဓမ္မရှာရန် တောထွက်လာခဲ့ကြသည်။ နောင်တော်ဖြစ်သူ တိဿရသေ့သည် ဇင်းကျိုက်တောင်၊ ညီတော်ဖြစ်သူ သီဟရသေ့သည် ဇွဲကပင်တောင်၌ အသီးသီးနေထိုင်ခဲ့ကြသည်။

### ပထမအကြိမ် ဥနှစ်လုံးရရှိခြင်း

ထိုသို့နေထိုင်ရင်း တိဿရသေ့သည် ပထမဦးဆုံးအကြိမ် ဥနှစ်လုံး ရရှိခဲ့သည်။ ၎င်းဥများမှာ ဟိမဝန္တာတောမှ ဝိဇ္ဇာဓိုရ်လုလင်နှင့် ဘောဂဝတီနဂါးပြည်မှ နဂါးမတို့ စုံဖက်ရာမှ ရရှိလာခဲ့ခြင်း ဖြစ်သည်။

တိဿရသေ့သည် ဥတစ်လုံးကို ယူပြီး ကျန်တစ်လုံးအား ညီတော် သီဟရသေ့ကို ပေးအပ်ခဲ့သည်။

✿

သီဟရသေ့ လက်ခံရရှိသော ဥမှ သားယောကျ်ားလေးဖွားမြင်ပြီး ထိုကလေးငယ်သည် ကိုးနှစ်ကျော် ဆယ်နှစ်အရွယ်၌ ကျောက်ရောဂါဖြင့် ကွယ်လွန်ခဲ့သည်။

တိဿရသေ့မှ လက်ဝယ်ယူထားသော ဥတစ်လုံးမှ သားယောကျ်ားလေးဖွားမြင်ပြီး အဓိဋ္ဌာန်ဖြင့် လက်ညှိုးမှ နို့ရည်ထွက်စေကာ ကလေးငယ်ကို မွေးမြူခဲ့သည်။ ကြီးပြင်းလာသောအခါ သူရိယကုမ္မာမင်းသား ဖြစ်လာသည်။ နဂါးမနှင့် ဝိဇ္ဇာဓိုရ်တို့မှ ပေါက်ဖွားလာခြင်းကြောင့် နာဂဝိဇ္ဇာ ဟုလည်း နာမည်တစ်မျိုး ခေါ်တွင်ကြသေးသည်။

တိဿရသေ့ကြီးသည် သူရိယကုမ္မာအား မင်းသားတို့ တတ်အပ်သော အဋ္ဌာရသပညာရပ်များကို သင်ကြားပေးခဲ့သည်။ ဤသို့နေထိုင်ရင်း တိဿရသေ့ကြီးသည် ကျိုက်ထီးရိုးတောင်အနီးရှိ တောင်တစ်တောင်သို့ ပြောင်းရွှေ့လာခဲ့သည်။

ထိုတောင်သည် သောက်သုံးရေကြည်လင်၍ နေရာထိုင်ခင်းကလည်း အေးချမ်းသာယာပြီး တရားအားထုတ်ရန် သင့်လျော်လှသည်။

### မုဆိုးတောင်နှင့် ရသေ့တောင်ဟူ ခေါ်တွင်ပုံ

တိဿရသေ့ကြီး နေသော ထိုတောင်တွင် သားရဲတိရစ္ဆာန်များကို သတ်ဖြတ်သော မုဆိုးတစ်ဦး ကျင်လည်ကျက်စားခဲ့သည်။ ရသေ့ကြီးက မုဆိုးအား အကြိမ်ကြိမ်တရားဟောသော်လည်း မုဆိုးက နားမဝင်ခဲ့ချေ။

တစ်နေ့သောအခါဝယ် မုဆိုးကြီးသည် ဇီးရှိသော သမင်မလေးကို ပစ်ခတ်မိရာ သမင်မလေးသည် လွယ်ထားရသော ပဋိသန္ဓေမှ သမင်ကလေးကို ခက်ခက်ခဲခဲ မွေးမြူပြီး သနားစဖွယ် မျက်ရည်လေးဝဲကာ အသက်ပျောက်သွားခဲ့လေသည်။

ထိုမြင်ကွင်းကို ကြည့်ပြီး မုဆိုးကြီး အကျွတ်တရားရရှိသွားကာ လေးမြားတို့ကို စွန့်လွှတ်ပြီး ဘိုးသူတော်အသွင်ပြောင်းကာ တိဿရသေ့ကြီးထံ တပည့်ခံလေတော့သည်။ ထိုမုဆိုးကို အစွဲပြု၍ မုဆိုးတောင်ဟု အမည်သညာ မှည့်ခေါ်ကြလေသည်။

တိဿရသေ့ကြီး မုဆိုးတောင်၌ ရှိစဉ်အခိုက်ဝယ် ရသေ့ကြီး၏ ခြံဝါဒကို ခံယူဆည်းကပ်သော ရသေ့အပေါင်း



ဝိဇ္ဇာဓိုရ်နှင့် နဂါးမတို့ တွေ့ဆုံကြရတယ်



နဂါးမဥခဲ့သော ဥနှစ်လုံး

www.burmeseclassic.com

www.burmeseclassic.com

တို့သည် ကျိုက်ထီးရိုးတောင် အနောက်ဘက်ရှိ တောင်တန်းတို့၌ စုရုံးရောက်ရှိလာခဲ့ကြသည်။ နောင်အခါ ထိုတောင်တို့ကို ရသေ့တောင်ဟု ခေါ်ကြပြန်လေသည်။

## ပေန်းတင်ကို ကောက်ယူမွေးစားခြင်းနှင့် ဒုတိယအကြိမ် ဥနှစ်လုံးရရှိခြင်း

တိဿရသေ့ကြီးသည် မုဆိုးတောင်၌ နေထိုင်လာရင်း ကလေးတစ်ယောက် ကောက်ယူမွေးစားခြင်းနှင့် ဒုတိယအကြိမ် ဥနှစ်လုံးကို ရရန် အကြောင်းဖန်လာခဲ့လေသည်။

နဂါးပြည်မှ နာဂဝတီမည်သော နဂါးမသည် နဂါးမင်းသေလွန်သဖြင့် နဂါးပြည်မှ ထွက်လာကာ ကျိုက်ထီးရိုးတောင်မြောက်ဘက်ရှိ ကျောက်ထပ်ကြီးသို့ ရောက်ရှိခဲ့သည်။

ထိုနေရာ၌ ဖားမကြီးနှင့်တွေ့လေသည်။ ဖားနှင့်နဂါးသည် ရန်သူပင်ဖြစ်သော်ငြား အဆွေခင်ပွန်းဖွဲ့ကာ နေကြလေသည်။ ထိုမှအစပြု၍ ကျောက်ထပ်ကြီးဘုရား၊ ဖားဘုရား၊ နဂါးဘုရားများ တည်ထားခဲ့ကြလေသည်။ တစ်နေ့သောအခါ နဂါးမသည် ဖားမ၏လမ်းညွှန်ချက်အရ ကာမဂုဏ်ခံစားရန် ကျိုက်ထီးရိုးတောင်အနီးရှိ ကျီးကန်းဂူသို့ ရောက်ရှိလာသည်။

ကျီးကန်းဂူတွင် ဝိဇ္ဇာမိုရ်လုလင်သည် နေလေသည်။ ဝိဇ္ဇာမိုရ်လုလင်သည် တောတောင်အတွင်း၌ ဆေးပင်ဝါးပင်များရှာဖွေရင်း တိဿရသေ့ကြီးနှင့် တွေ့ဆုံခဲ့သည်မှ ရသေ့



ရသေ့ညီနောင်နှစ်ဦး ဥနှစ်လုံး ခွဲဝေယူနေကြစဉ်



ဥနှစ်လုံးမှ သားယောကျ်ားလေးများ ဖွားမြင်လာပုံ

ကြီး၏တရားစကားကို နာကြားလိုသဖြင့် ကျီးကန်းဂူတွင် သောင်တင်နေခြင်း ဖြစ်သည်။

နာဂဝတီ နဂါးမသည် ရုက္ခစိုးနတ်သမီးအသွင်ဆောင်၍ ဝိဇ္ဇာမိုရ်လုလင်နှင့် ပေါင်းဖက်လေသည်။ တိဿ ရသေ့ကြီးနှင့်လည်း တွေ့ကာ ဒါယကာ၊ ဒါယိကာမ အဖြစ် ခံယူလေသည်။ ကျီးကန်းဂူတွင်နေထိုင်ရင်း နာဂဝတီ နဂါးမတွင် ဥနှစ်လုံး ပဋိသန္ဓေတည်လေသည်။

တစ်ညသောအခါ နဂါးမသည် အိပ်မောကျစဉ် အခိုက်ဝယ် နဂါးမအသွင် ရုပ်သွင်ပေါ်လာလေတော့သည်။ ထိုအခါ ဝိဇ္ဇာမိုရ်လုလင်လည်း အဖြစ်မှန်သိကာ နဂါးမကို စိတ်နာကာ ကျီးကန်းဂူမှ ထွက်သွားလေတော့သည်။

နဂါးမလည်း ဥနှစ်လုံးကို ကျီးကန်းဂူတွင် ထားရစ်ခဲ့ကာ နဂါးပြည်သို့ ပြန်သွားလေသည်။

✿

တစ်နေ့သ၌ တိဿရသေ့ကြီးသည် တပည့် ဘိုးသူတော်နှင့်အတူ သစ်သီးသစ်ဖုများ ရှာဖွေရန် လုံးတင်တောင် (ကျိုက်ထီးရိုးတောင်)ပေါ်သို့ တက်အလာ ကျောက်ဖျာထက်ပေါ်၌ ကျောက်ပေါက်ဒဏ်ရာ ဗရပွနှင့်ကလေးငယ်တစ်ဦးကို ကောက်ယူမွေးစားကာ ပေန်းတင်ဟု ခေါ်တွင်လေသည်။

ရသေ့ကြီးသည် ကလေးမွေးစားရသည့်ကံ ပါလေသည်လား မသိ၊ နောက်တစ်ဖန် ဥနှစ်လုံးကို ရရန် မရှေးမနှောင်းပင် အကြောင်းက ဖန်လာပြန်သည်။

တိဿရသေ့ကြီးသည် မရောက်တာကြာပြီဖြစ်သော ဝိဇ္ဇာမိုရ်နှင့် နဂါးမတို့ရှိရာ ကျီးကန်းဂူသို့ ရောက်လေသော် ပိုင်ရှင်မဲ့ဥနှစ်လုံးကိုသာ တွေ့ရလေသည်။ ဝိဇ္ဇာမိုရ်နှင့် နဂါးမတို့ ထားရစ်ခဲ့သော ဥနှစ်လုံးပင် ဖြစ်သည်။

ရသေ့ကြီးသည် ရှေးနည်းအတိုင်း သူက ဥတစ်လုံးကိုယူ၍ ညီတော်ဖြစ်သူ သီဟရသေ့အား ဥတစ်လုံး ပေးပြန်လေသည်။ ဤသို့ဖြင့် ကာလအတန်ကြာသည့်အခါ ရသေ့ညီနောင်နှစ်ဦး အသီးသီး၏လက်ဝယ်ရရှိထားသော ဥနှစ်လုံးမှ အင်မတန် ချောမောလှပသော သမီးကညာလေးနှစ်ဦး ပေါက်ဖွားလာသည်။ ရုပ်ဆင်းအင်္ဂါမှာလည်း အမွှာညီအစ်မအလား လွန်စွာ တူညီသည်။

❖

သီဟရသေ့ကြီး၏ လက်ဝယ်ရှိ ဥမှပေါက်ဖွား သမီးတော်လေးကို ချစ်စနိုးဖြင့် *နာဂသူဇာ* ဟု အမည် မှည့်လေသည်။ သမီးတော်လေး အရွယ်ရောက်သည့် အခါ လွန်စွာ ချောမောလှပသဖြင့် အပေါင် ကျွဲခြံသူကြီးသည် သမီးရင်းအဖြစ် မွေးစားရန် တောင်းယူသဖြင့် သီဟရသေ့ကြီးက လက်လွှဲပေးလိုက်သည်။ အပေါင် ကျွဲခြံသူကြီးသည်လည်း သမီးတော်လေးကို ချစ်လွန်းသဖြင့် ဖူးဖူးမှုတ်ထားလေသည်။





www.burmeseclassic.com

www.burmeseclassic.com

အကြောင်းသင့်က ရသေ့ညီနောင်ထံသို့ သွားရောက်ကာ သမီးအကြောင်းကို နှုတ်မှ တဖွဖွ ပြောသည်။ နာဂသူဇာသည် မိဖုရားဖြစ်ထိုက်သော ကြွန်အင်လက္ခဏာများ ပါရှိခြင်း၊ အကျင့်သိက္ခာနှင့်ပြည့်စုံလျက် ပီယဝါစာ ချိုအေးသော စကားတို့ကိုသာ ဆိုလေ့ရှိခြင်း၊ မျက်နှာမြင် ချစ်ခင်ပါစေဟူသော အသွင်အပြင်ရှိသဖြင့် နောင်အခါဝယ် အဂ္ဂမဟေသီ မိဖုရားခေါင်ကြီးအဖြစ် ချီးမြှင့်ခြင်းခံရသည်။

✿

တိဿရသေ့ကြီးသည် သူရိယကုမ္မာ၊ ပေန်းတင်၊ ဥမ္မပေါက်ဖွား သမီးတော်လေးတို့ကိုပေါင်းစုကာ မွေးစားခဲ့လေရာ တစ်နေ့သောအခါတွင် ကျောင်းသခ်မ်းသို့ ကရင်စော်ကဲကြီး ဒိုးကော်လွတ်နှင့် ၎င်း၏ဇနီး နန်းကြာဟဲတို့ လှူဖွယ်ပစ္စည်းများဖြင့် ရောက်လာကြသည်။ ထိုအခါ ချိုပုတ်မှ ရသေ့ကြီးကောက်ယူမွေးစား ပေန်းတင်နှင့် ဥမ္မပေါက်ဖွား သမီးတော်လေးကို သားသမီးအရင်းအဖြစ် မွေးစားရန် တောင်းခံသည်။ ရသေ့ကြီးလည်း ကလေးငယ်များ၏နောင်ရေးကို ရှေးရှုလျက် ခွင့်ပြုခဲ့လေသည်။ ကရင်စော်ကဲကြီး လင်မယားသည်လည်း ကလေးငယ် နှစ်ယောက်ကို မြတ်မြတ်နိုးနိုး ရင်အုပ်မကွာ မွေးစားခဲ့သည်။

ဥမ္မပေါက်ဖွား သမီးတော်လေးကို ရွှေနန်းကျင် ဟု အမည်မှည့်ခေါ်သည်။ ရွှေနန်းကျင်သည် အရွယ်ရောက်လာသောအခါ မိန်းမမြတ်တို့၏ ဂုဏ်အင်္ဂါနှင့် ပြည့်စုံလှသဖြင့် တိဿရသေ့ကြီး ပြန်တောင်းမှာကို စိုးရိမ်သဖြင့် ရသေ့ကြီးနှင့်ပင် အဆက်အသွယ် မလုပ်တော့။ ဒီ့အပြင် လူသာမန်တို့နှင့် အကြောင်းပါသွားမှာလည်း စိုးရိမ်သဖြင့် ရွှေနန်းကျင်ကို ဝေးလံသော တောင်ယာတောတစ်ခုထဲတွင် ယုံကြည်စိတ်ချရသော လျှို့ဝှက်အစောင့်အရှောက်များဖြင့် ထားရှိသည်။

နောင်သောအခါ ရွှေနန်းကျင်သည် အဂ္ဂမဟေသီ မိဖုရားခေါင်ကြီးအဖြစ် ချီးမြှင့်ခြင်းခံရသည်။

(မှတ်ချက် - သူရိယကုမ္မာသည် မင်းအဖြစ်သို့ ရောက်သည့်အခါ ပထမဦးဆုံး သီဟရသေ့ကြီး၏လက်ဝယ်မှ နာဂသူဇာကို မိဖုရားခေါင်အဖြစ် တင်မြှောက်၍ နောက်ပိုင်း တိုက်ထီးရိုးစေတီ တည်ပြီးသည့်အခါ ရွှေနန်းကျင်ကိုလည်း မိဖုရားအဖြစ် မြှောက်စားခဲ့သည်။ ဆိုရလျှင် ညီအစ်မ နှစ်ဦးစလုံး မိဖုရားများ ဖြစ်ကြ၏။)

✿

"ဪ၊ ဒါဆို သားမြင်ခဲ့တဲ့ ရွှေနန်းကျင်ရဲ့ ဇာတ်လမ်းက ဒီလိုကိုး"

တစ်ချိန်လုံး ငြိမ်သက်စွာ နားထောင်ခဲ့သော တူတော်မောင်သည် ကျေနပ်အားရဟန်နှင့် စကားဆိုလာသည်။

ပတ်ဝန်းကျင်မှာ ဆောင်းရှုံးလေနုအေးလေးလေးကြောင့် ထိုင်ရသည်မှာလည်း အရသာရှိလှသည်။

"ကျိုက်ထီးရိုး သမိုင်းရဲ့ အစပဲရှိသေးတယ်"

"ဦး၊ တိဿရသေ့ကြီး ပထမအကြိမ် ဥနှစ်လုံး ရစဉ်တုန်းက တစ်လုံးက သူရိယကုမ္မာမင်းသား ဖြစ်တယ်၊ နောက်တစ်ဥ သီဟရသေ့လက်ထဲက ကလေးငယ် ကျောက်ရောဂါနဲ့ ဆယ့်နှစ်သားလောက်မှာ သေသွားတယ်၊ ဒီတော့ ဥတွေထဲမှာ တစ်လုံးက ဆုံးရှုံးသွားတဲ့ သဘောပေါ့နော်"

"မဆုံးရှုံးပါဘူး၊ အဲဒါက မြုပ်ကွက်ပဲ"

"ဘယ်လို သား မရှင်းဘူး"

"ဒီလိုသားရဲ့ . . .

✿

သီဟရသေ့လက်ထဲမှ ကျောက်ရောဂါဖြင့် ကွယ်လွန်သွားသော သားငယ်လေးသည် အနောက် မဇ္ဈိမဒေသရှိ မိတ္ထီလာပြည်ကြီးစွင် နေထိုင်သော သုံ့ကြွယ်လင်မယားထံ၌ ဝင်စားခဲ့သည်။ ထိုကလေးငယ်သည် ရှေးဘဝဟောင်းကို သိမြင်နိုင်သော ဇာတိဿရဉာဏ် ရရှိသဖြင့် ဘဝဟောင်းက သီဟရသေ့ကြီးကို မြင်ယောင်မိသည်။

ထိုသူဌေးသား ရှစ်နှစ်အရွယ်သို့ ရောက်သောအခါ မဟာသက္ကရာဇ် ၁၀၃ ခုနှစ်၌ ဂေါတမဘုရားရှင် ပွင့်တော်မူသည့် ကာလနှင့် ကြုံကြိုက်လေသည်။ ဂေါတမဘုရားရှင် ငါးဝါအရ၌ ဖခင်သူဌေးကြီး၏ ဆွမ်းပင့်ဖိတ်ချက်အရ မြတ်စွာဘုရားရှင်သည် အိမ်ဂေဟာသို့ ကြွမြန်းကာ ဆွမ်းဘုဉ်းပေးပြီး သကာလ ဆွမ်းအနုမောဒနာတရားများကို ဟောကြားလေသည်။ သို့ဖြင့် သူဌေးသားသည်လည်း တရားနာခွင့်ကြုံရကာ ပါရမီအခံရှိသဖြင့် သောတာပန်တည်သည်။

ဒို့နောက် ရှင်သာမဏေအဖြစ်ဖြင့် သာသနာ့ဘောင် ဝင်ကာ ဝိပဿနာတရားများကို အားထုတ်သဖြင့် အရွယ်ရောက်လာသည့်အခိုက်ဝယ် တရားထူးများရကာ ရဟန္တာအဖြစ်သို့ ရောက်ရှိတော်မူသည်။ သူဌေးသားတစ်ဖြစ်လဲ ဂဝမ္ပတိမထေရ် (ဂဝံပတိ မထေရ်)ဟု ထင်ရှားပြီး မြတ်စွာဘုရားရှင်၏ ရှစ်ကျိပ်သော တပည့်သာဝကတို့တွင် တစ်ပါး အပါအဝင် ဖြစ်လာသည်။ ဂဝမ္ပတိရဟန္တာမထေရ်မြတ်သည် မဇ္ဈိမဒေသ၌ သီတင်းသုံးနေစဉ် သုဘိန္နနဂရနေပြည်တော်၌ တိဿဓမ္မရာဇာ မင်းကြီးနှင့် မိဖုရား သီရိကမ္မာဒေဝီတို့သည် မဟာသက္ကရာဇ် ၁၁၀ ပြည့်နှစ်၌ နတ်ရွာစံ ကံကုန်တော်မူလေသည်။

✿

တိဿဓမ္မရာဇာမင်းကြီးနှင့် မိဖုရား သီရိကမ္မာဒေဝီတို့ နတ်ရွာစံလေသောအခါ မှူးမတ်များက တိဿရသေ့ကြီးထံ





www.burmeseclassic.com

www.burmeseclassic.com

တိုင်းပြည်အုပ်ချုပ် မင်းလုပ်ရန် [illegible] လျှောက်ထားကြသည်။ တိသရေသေ့ကြီးသည် ငြင်းပယ်ခဲ့သည်။ ဒီနောက် မှူးမတ်များသည် ညီတော်သီဟရသေ့ထံ လျှောက်ထားကြပြန်သော် ညီတော်ရသေ့ကလည်း နောင်တော် တိသရေသေ့ကြီးနည်းတူ ငြင်းပယ်ပြန်သည်။

နောက်ဆုံးတွင် မှူးမတ်များ ပြဿနာပြေလည်ရန် ရသေ့ညီနောင်တို့ ခေါင်းချင်းဆိုင်ကာ တိုင်ပင်ကြသည်။ အဖြေထွက်လာသည်က တိသရေသေ့ကြီး ပထမဦးဆုံး ဥမှ ပေါက်ဖွားလာသော နာဂဝိဇ္ဇာ (ခေါ်) သုရိယကုမ္မာကို **တိသ ဓမ္မ သီဟရာဇာ** မင်းအဖြစ် ဘိသိက်ခံယူစေ၍ သုဘိန္နနဂရ နေပြည်တော်အနီး သိကြားမင်း ညွှန်ပြသည့် သထုံပြည် တည်ရာအရပ်၌ မြို့သစ်တည်ကာ သုဝဏ္ဏဘူမိ နေပြည်တော်ဟု ခေါ်တွင်စေကာ မဟာသက္ကရာဇ် ၁၁၀ ပြည့်နှစ်တွင် ထီးနန်းဆက်ခံစေသည်။

တစ်ဆက်တည်းဆိုသလို အပေါင် ကျွဲခြံသူကြီး သမီး **နာဂသူဇာ** ကို အဂ္ဂမဟေသီ မိဖုရားအဖြစ် မြှောက်စားခဲ့၏။ ဤသို့ဖြင့် သူရိယကုမ္မာသည် ရသေ့ညီနောင်နှစ်ဦး၊ သိကြားမင်း၏ အကူအညီ ထောက်ပံ့မှုဖြင့် တိသဓမ္မသီဟရာဇာ မင်းအဖြစ်သို့ ရောက်ရှိပြီး တိုင်းပြည်အုပ်ချုပ် မင်းလုပ်ကာ စိုးစံတော်မူခဲ့လေသည်။

❖

"ရွှေနန်းကျောင်က အဲဒီ မိဖုရားလား ဦး"

"မဟုတ်ဘူး သားရဲ့"

တူတော်မောင်ဖြစ်သူက ရွှေနန်းကျောင်အကြောင်း ဖြတ်မေးသဖြင့် စာရေးသူက ရှင်းရပြန်သည်။ စာရေးသူလည်း ရှေ့စားပွဲတွင် ရှိသော လက်ဖက်သုပ်တစ်ဇွန်းခပ်စားလိုက်ပြီး ရေနွေးကြမ်းသောက်ရပြန်သည်။ ဇာတ်ကြောင်းစုံကို ပြောရသဖြင့် အခုမှ နည်းနည်း အမောပြေသွားသည်။

"အမြွာညီအစ်မနှစ်ယောက် မွေးတယ်လေ"

"အင်း၊ သား ရှင်းသွားအောင် မိဖုရားတွေအကြောင်း ဖြတ်ပြောလိုက်မယ်၊ တိသရေသေ့ကြီး ဆံတော်လက်ခံရပုံနဲ့ ကျိုက်ထီးရိုး ဘုရား တည်ပုံတွေကို နောက်မှ ဆက်ပြောမယ်၊ အခုတော့ ရွှေနန်းကျောင်အကြောင်း ဦး ဆက်ရှင်းပေးမယ်"

"သားလဲ ရွှေနန်းကျောင်အကြောင်း သိပ်သိချင်နေတယ်"

✿

နာဂသူဇာသည် မိဖုရားအရာ မြှောက်ခဲ့ပြီးနောက် တစ်ဆက်တည်းဆိုသလို ရွှေနန်းကျောင်သည်လည်း မိဖုရား အရာမြှောက်ရန် အကြောင်းဖန်လာခဲ့သည်။

ကျိုက်ထီးရိုးစေတီတော်ကြီး တည်ပြီးသည့် အခိုက် ဝယ် သိကြားမင်းက ရွှေနန်းကျောင်သည်လည်း မင်းကြီး၏ [illegible] စ်မ တော်စပ်ကြောင်း၊ သူတို့နှစ်ဦးစလုံးသည် ဝိဇ္ဇာဓိုရ်နှင့် နဂါးမတို့မှ ပေါက်ဖွားသည့် သမီးတော်များဖြစ်သဖြင့် ရွှေနန်းကျောင်သည်လည်း မိဖုရားကြီး ဖြစ်ထိုက်ကြောင်း သိကြားမင်းက ညွှန်ကြားပြောဆိုခဲ့သည်။

ဒီအတွက် မင်းကြီးသည်လည်း နောက်ပါ မှူးမတ် ဗိုလ်ပါတို့နှင့် မဲသနရွာအနီးရှိ ရွှေနန်းကျောင်ရှိရာ တောင်ယာ တောသို့ ရှေကြည်တော်သောက်သုံးရင်း ဆိုက်ရောက်ခဲ့သည်။ ရွှေနန်းကျောင်သည်လည်း ရှေ့ရောက်ပါရမီရှိသည့်အားလျော်စွာ မြင်မြင်ချင်းပင် ချစ်ခင်စုံမက်သဖြင့် မိခင်၊ ဖခင်တို့ထံ၌သာ တောင်းယူရန် တစ်ခွန်းတည်းသော စကားကို ဖွင့်ဆိုသည်။

မင်းကြီးလည်း ဖိုးကော်လွတ်နှင့် နန်းကြာဟဲ တို့အား တွေ့ဆုံစေလျက် သိကြားမင်း ညွှန်ကြားချက်များကို မိန့်ကြား တော်မူသည်။ ဒီနောက် ဖိုးကော်လွတ်နှင့် နန်းကြာဟဲတို့ ရှေ့မှောက်တွင်ပင် ရတနာပုံထက်သို့ တက်စေလျက် မိဖုရား အရာ၌ ဘိသိက်သွန်းပြီး ကျိုက်ထီးရိုးတောင်သို့ ဆောင်ကြဉ်း တော်မူခဲ့သည်။

ရွှေနန်းကျောင်အား မင်းကြီးက ခေါ်ဆောင်သွားစဉ် အခါ ကရင်လူမျိုးတို့ထုံးစံ ဟုန်းနတ်ကြီးအား ပူဇော်ပသခြင်း မပြုခဲ့သဖြင့် အငြိုးအတေးထားကာ ဟုန်းနတ်ကြီးက ရွှေနန်း ကျောင်အား တန်ခိုးတော်ဖြင့် ဖမ်းစားလိုက်သည်။

ရွှေနန်းကျောင် နေပြည်တော်သို့ ရောက်လေသောအခါ တစ်နေ့တခြား ရေနည်းငါးကဲ့သို့ အသားအရေများမှာ ခန်း ခြောက်ကာ ရုပ်ရည်မှာလည်း ပိန်လှီလာသည်။ မင်းကြီးသည် သမားတော်များကို ခေါ်ယူကုသစေသော်ငြားလည်း ရွှေနန်း ကျောင်၏ ဝေဒနာမှာ သက်သာပျောက်ကင်းခြင်း မရှိခဲ့ပေ။

နောက်ဆုံး နည်းလမ်းရှာကြရာတွင် အရှင်နှစ်ပါးတို့ မူလစုံဖက်တော်မူရာအရပ်၌ ဟုန်းနတ်ထုံးစံ အရ ကျနစွာ ပင့်ခေါ်၍ မိဖုရားတင်မြှောက်ပြသမှ သက်သာပျောက်ကင်း မည်ဖြစ်ကြောင်း ကရင်လူကြီးတို့က လျှောက်တင်ကြသဖြင့် မင်းကြီးသည် ချစ်ခင်မြတ်နိုးလှသော ရွှေနန်းကျောင်အား မူလ အရပ်သို့ ပြန်ခေါ်ရန် ခွင့်ပြုတော်မူလေသည်။

ဤသို့ ရှိနေစဉ်တွင် စော်ကဲကြီး ဖိုးကော်လွတ်၏ အစ်ကိုတော် ရသေ့ကြီးဖိုးခွေးဖြူကလည်း ရွှေနန်းကျောင်ကို ဘုရင်တော်ကောက်ကတည်းက မတွေ့သည်က တစ်ကြောင်း၊ ရိုးရာနတ်စားကြရန် ပျက်ကွက်သည်က တစ်ကြောင်း၊ ရွှေနန်း ကျောင်မှာ စွဲကပ်နေသည့် ရောဂါ ဝေဒနာအကြောင်းကိုလည်း ကြားသည်ကတစ်ကြောင်းကြောင့် မောင်ဖြစ်သူပေနန်းတင်ကို အခေါ်လွှတ်လိုက်သည်။

ပေနန်းတင် နန်းတော်တွင်း ဘုရင်ရှေ့မှောက် ရောက် သည်နှင့် ဘုရင်က ရွှေနန်းကျောင်ကို သူနှင့်အတူ ပြန်ရန် ခွင့်ပြု တော်မူလိုက်သဖြင့် ရွှေနန်းကျောင်မှာလည်း မိဖုရားအဆောင် အယောင်နှင့် မဟုတ်လေဘဲ (အတိတ်ဘဝက စီမံလာ၍



www.burmeseclassic.com

www.burmeseclassic.com





ကျိုက်ထီးရိုးစေတီတော်ကြီးနှင့် ရင်ပြင်တော် ညဘက်ရှုမြင်ကွင်း

ကူကြဲ့ရန် ဖန်လာသည်နှင့် အညီ) သာမန်ဆင်းရဲသမ အသွင်ဖြင့် ဖိုးကော်လွတ်၊ ငပန်းတင်တို့နှင့်အတူ သုဝဏ္ဏဘူမိ နေပြည်တော်မှ ပြန်လာရာ ရေမြောင်ကြီးစခန်းသို့ ရောက် လေသည်။

ထိုအခါဝယ် ဟုန်းနတ်ကြီး၏စခန်း (ရေမြောင်ကြီး) နယ်နိမိတ်အတွင်း ဆိုက်ရောက်လာသဖြင့် ဟုန်းနတ်ကြီး သည်လည်း ရွှေနန်းကျင်တို့အား ဒုက္ခပေးရန် အခွင့်အခါကို စောင့်နေသည်။ ရွှေနန်းကျင်တို့ သားအဖသည်လည်း စခန်း ကြီးမှသည် စခန်းလေးအရပ်သို့ ရောက်သည်နှင့် မောပန်း သဖြင့် ခေတ္တခဏ အမောအပန်း ဖြေကြသည်။ ဒီနောက် စခန်းကလေးမှ အထွက်တွင် ဟုန်းနတ်ကြီးက နတ်ကျားကို ဆင်းစေလွှတ်ကာ လိုက်စေတော့သည်။

ရွှေနန်းကျင်တို့ သုံးဦးသား ကြောက်ရွံ့လွန်းသဖြင့် ကျိုက်ထီးရိုးဆံတော်မြတ်ကို တိုင်တည်ကာ ကျိုက်ထီးရိုးဘုရား လမ်းစဉ်အတိုင်း ခြေကုန်သုတ်ကာ ထွက်ပြေးခဲ့ရသည်။ နတ်ကျားသည်လည်း ပန်းတင်ကျောက်အနီး၌ ဘုရားတန်ခိုး တော်ကြောင့် မလိုက်နိုင်ကာ ရပ်တန့်ကျန်ရစ်ခဲ့၏။

သားအဖသုံးဦးသားလည်း နောက်ကိုလှည့်ကြည့်ကာ နတ်ကျားကိုမမြင်တော့သော်လည်း ပြေးမြဲအတိုင်း ဆက်ပြေး လာကာ ကျောက်သမ္ဗန်အလွန် တောင်ထိပ် လမ်းစောင်း အရောသို့ အရောက်တွင် ရွှေနန်းကျင်သည် နဂိုမူလ ကျန်းမာ ရေးကောင်းသည်ကတစ်ကြောင်း၊ ပင်ပန်းသည်ထက် မိန်းမသား ပီပီ ပြေးလွှားရသည်ကတစ်ကြောင်းကြောင့် အားပြတ်ကာ လဲလေတော့သည်။

ရွှေနန်းကျင်သည် ကျိုက်ထီးရိုးဘုရားကို အာရုံပြု၍ ... သေဆုံးခဲ့ပါလျှင် သူ့အလောင်းသည် ဤနေရာအရပ်မှ ရွှေ့ပြောင်းယူ၍ မရပါစေနှင့်ဟု ဆုတောင်းသွားသဖြင့် ရွှေနန်း ကျင် ကွယ်လွန်သွားသောအခါ သူမ၏ အဓိဋ္ဌာန်ဆုတောင်း အတိုင်း ရွှေ့ပြောင်း၍ မရ၊ ပင့်ချီ၍မရ ဖြစ်နေခဲ့၏။

ရသေ့ကြီး ဖိုးခွေးဖြူ၊ ဖိုးကော်လွတ်၊ နန်းကြာဟဲ၊ ပန်းတင်တို့ ဆွေမျိုးတို့သည်လည်း ရွှေနန်းကျင်၏ သန္ဓေ သားကို ဗိုက်ခွဲထုတ်ယူပြီး သားအမိ နှစ်ယောက်စလုံးကို ထင်းချောင်းများဖြင့် စုပုံကာ မီးရှို့လေသည်။

ထိုအခါ သန္ဓေသား၏အလောင်း မီးကျွမ်းလောင်၍ မိဖုရားရွှေနန်းကျင်၏ရုပ်အလောင်းမှာ မီးမလောင်ကျွမ်းဘဲ ကျောက်သားပကတိဖြစ်ကာ တည်ရှိကျန်ရစ်သည်။

ရွှေနန်းကျင်နတ်နန်းသည် ကျိုက်ထီးရိုး ဆံတော်ရှင် သွားရာလမ်း၌ ပထမဦးဆုံး တွေ့မြင်ရမည့်နေရာဖြစ်သည်။

✿

တိဿဓမ္မရာဇာ မင်းကြီး နန်းတက်ပြီး ရှစ်လခန့် အကြာ၌ မဇ္ဈိမဒေသမှ ရဟန္တာ မထေရ်မြတ် ဂဝမ္ပတိသည် ယခင်ဘဝက ဖခင်တော်စပ်ခဲ့ဖူးသော သိဒ္ဓိရသေ့ကြီးအား တုံ့ပြန်ကျေးဇူးဆပ်ရန် ကောင်းကင်ခရီးဖြင့် ရသေ့ညီနောင် နှစ်ပါး သီတင်းသုံးနေထိုင်ရာ မုဆိုးတောင်နှင့် ဇွဲကပင်တောင် ဆီသို့ ကြွတော်မူလာသည်။

ရသေ့ညီနောင်နှစ်ပါးနှင့် တွေ့ဆုံသောအခါ၌ မိမိ ဘယ်သို့ဘယ်ပုံ ဖြစ်ပျက်ခဲ့သမျှကို ရှင်းလင်းတော်မူသည်။ ရသေ့ညီနောင်နှစ်ပါးလည်း သိဒ္ဓိရသေ့ထံမှ ကျောက်ရောဂါ ဖြင့် ကိုးနှစ်သား ဆယ်နှစ်သား အရွယ်ခန့်က သေဆုံးသွား ခဲ့သော သားငယ်သည် ယခုတစ်ဖန် ရဟန္တာအဖြစ်သို့ ရောက် ရှိနေသဖြင့် အံ့အားသင့်ကာ ဝမ်းမြောက်ဝမ်းသာ ဖြစ်ကြရ သည်။ ထို့နောက် ရဟန္တာမထေရ်မြတ်က ဗုဒ္ဓမြတ်စွာ ပွင့်တော် မူနေပုံနှင့် မြတ်စွာဘုရားရှင်၏ ဂုဏ်တော်အနန္တကို ဟောပြော ညွှန်ပြတော်မူလေသည်။ ရသေ့ ညီနောင်တို့သည်လည်း မြတ်စွာဘုရားရှင်၏ တရားတော်မြတ်ကို ကိုယ်တိုင်ကိုယ်ကျ ဖူးမြော် ကြားနာလို၍ သားငယ်တော်စပ်ခဲ့ဖူးသော ရဟန္တာ မထေရ်မြတ်အား **"မြတ်စွာဘုရားရှင်အား ဤအရပ် ဤ ဒေသို့ ရောက်အောင် ပင့်ဆောင်ပေးပါရန်"** အသနားခံ လျှောက်ထားသည်။

ထိုအခါ၌ ရဟန္တာ မထေရ်မြတ်ကလည်း မြတ်စွာ ဘုရားရှင်အား ပင့်ဆောင်ပါက နောက်ပါ တပည့် သာဝက



www.burmeseclassic.com

www.burmeseclassic.com

ရဟန္တာငါးရာအတွက် သီတင်းသုံးနေထိုင်ရန် ဆွမ်းကွမ်းကိစ္စ၊ နေရေးထိုင်ရေးအတွက် လောက်ငအောင် အဆင်ပြေနိုင်၏လောဟု မေးမြန်းလေသော် ရသေ့ညီနောင်နှစ်ပါးကလည်း အစစအရာရာ တာဝန်ယူ ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ပြန်လည်လျှောက်ထားသည်။ ဤအခါတွင် ရဟန္တာမထေရ်မြတ်က ပင့်ဆောင်ပေးပါမည်ဟု ကတိကဝတ် ပြုပြီး မဇ္ဈိမဒေသသို့ ပြန်လည်ကာ ကြွတော်မူလေသည်။

❖

"ဩော်. သမိုင်းက တော်တော် စိတ်ဝင်စားဖို့ကောင်းတာပဲ"

"ဟုတ်တယ် သား၊ ဇာတ်လမ်းက အချိတ်အဆက် ကောင်းကောင်းနဲ့ ကွင်းဆက်မိနေတယ်"

"ဆယ်နှစ်သားလောက်တုန်းက ကျောက်ရောဂါနဲ့ သေသွားတဲ့ကလေးဟာ နောက်ပိုင်းမှာ ဂဝမ္ပတိရဟန္တာမထေရ် ဖြစ်လာပြီး ကျိုက်ထီးရိုးစေတီတော် တည်ဖြစ်ဖို့ အကြောင်းဖန်လာတာပဲ"

"ဒါဆိုရင် နောက်ပိုင်း ဇာတ်လမ်းက ကျိုက်ထီးရိုး စေတီတော်ကြီး တည်ထားပုံတွေကို သိရတော့မှာပေါ့နော်"

"ဟုတ်တယ်၊ အခုဆိုရင် သမိုင်းရဲ့ ဇာတ်လမ်း သုံးချိုးနှစ်ချိုးတော့ ပြီးသွားပြီ၊ အခုနောက်ပြောမှာက ဇာတ်ရှိန်အမြင့်ဆုံးအပိုင်းပဲ"

"သား. . . သိချင်တယ် ဦး"

ထိုစဉ် စာရေးသူ၏ ဟန်းနဲဖုန်းမှ ဖုန်းမြည်လာ၏။

"xxxxxxxx"

"အေး. . . ပြော"

"အားလုံး ရေချိုးပြီးကြပြီ၊ ရင်ပြင်တော်ပေါ် တက်ကြမယ်"

"အေး. . တို့ ငါးမိနစ်အတွင်း လာခဲ့မယ်"

စာရေးသူနှင့် ဇနီးသည်မှာ ဖုန်းပြောလျှင် လိုရင်းပဲ ခါးကို တက်ကြ၏။ စာရေးသူမှ ဟန်းနဲဖုန်းကို ပိတ်လိုက်ပြီး-

"ကဲ. . သား၊ ရင်ပြင်တော်ပေါ် တက်ကြရအောင်၊ နောက်ပိုင်းဇာတ်လမ်းကို အဆင်သင့်တဲ့နေရာရောက်ရင် ပြောပြမယ်၊ အခုလဲ သိသင့်သလောက် သိနေပြီပဲ"

"ဟုတ်ကဲ့ပါ ဦး"

စာရေးသူတို့လည်း စကားစဖြတ်ကာ ထိုင်ခုံမှ အသီးသီးထလိုက်ကြသည်။

✿

ရိုးရိုးလေး တည်းခိုခန်းအထဲရှိ ဧည့်ခန်းတွင် စာရေးသူ၏ဇနီးနှင့် ဘုရားဖူးအဖွဲ့များက အသီးသီးစောင့်ဆိုင်းနေကြ၏။ သန့်ရှင်းသပ်ရပ်၍ ဆက်တီတစ်စုံချပေးကာ တီဗွီတစ်လုံးချပေးထားပြီး ဧည့်သည်များအတွက် ဝန်ဆောင်မှုအပြည့်ပေးထား၏။

"ရှင်တို့ တူဝရီးနှစ်ယောက်ကော ရေချိုးဦးမလား"

"အေး. ရေချိုးဦးမယ်၊ ကျိုက်ထီးရိုးစေတီတော်ကြီးကို ဖူးရင် သန့်သန့်ရှင်းရှင်းနဲ့ လန်းလန်းဆန်းဆန်းဖူးရအောင်လို့"

သို့ကလို ပြောဆိုပြီး စာရေးသူတို့ တူဝရီးနှစ်ယောက်သည် အိပ်ခန်းသို့ ဝင်ကာ အတွင်းခန်းရှိ ရေချိုးခန်းတွင် ရေနွေးဖြင့် ရေချိုးလိုက်ကြ၏။ အပြင်မှာ အေးလင့်ကစား အထဲမှာတော့ ရေနွေးငွေ့တို့ဖြင့် နွေးထွေးနေ၏။ စိတ်ရောလူပါ လန်းဆန်းသွား၏။ သည့်နောက် သန့်ရှင်းသပ်ရပ်သော အဝတ်တစ်စုံကို ကပျာကသီဝတ်ကာ အပြင်ဘက် ဧည့်ခန်းဆီသို့ ဒရောသောပါး ပြေးထွက်လိုက်သည်။

"ကဲ. . တို့တူဝရီးနှစ်ယောက် အဆင်သင့်ပဲ၊ ရင်ပြင်တော်ပေါ် တက်ကြရအောင်"

တည်းခိုခန်းအဝမှ အပြင်သို့ အထွက် ရှေ့တူရူရှိ ကုန်းမြင့်ပေါ်တွင် တည်ထားသော ကျောက်သမ္ဗန်စေတီကို အမှတ်မထင် လှမ်းတွေ့လိုက်ရ၏။ စာရေးသူသည် ဘုရားဖူးအဖွဲ့ကို ခေတ္တရပ်ခိုင်းကာ ထိုကုန်းမြင့်ပေါ်သို့ တက်ကြည့်လိုက်မိသေး၏။ ကျောက်သမ္ဗန်စေတီ၏ဘေးနားတွင် တရားထိုင်ရန် ကွပ်ပျစ်ကလေးတစ်လုံး ချထားပေး၏။ ထိုမှနေ၍



ရိုးရိုးလေးတည်းခိုခန်း၏ ရှင်းသန့်လှသော ဧည့်ခန်း



...န်းကျင် ဗိမာန်စခန်း အတွင်းဝယ်



www.burmeseclassic.com

www.burmeseclassic.com

ရွှေတည့်တည့်ကို ကြည့်လိုက်လျှင် ဆံတော်ရှင် ကျိုက်ထီးရိုး စေတီကြီးကို လှမ်းမြင်နေရ၏။ ဝဲဘက်အောက်ခြေမှာတော့ ညို့မှိုင်းနေသော တောင်တန်းကြီးနှင့် အောက်ဘက်ရှိ မြူခိုး တွေကြားမှာ ဇရပ် အဆောက်အအုံတချို့ တွေ့မြင်နေရ၏။ ဘယ်လိုပဲကြည့်ကြည့် သမိုင်းအငွေ့အသက်တွေ လွှမ်းမိုးနေ သလို ခံစားရသည်။

ဒီလိုနှင့် စာရေးသူတို့ ဘုရားဖူးအဖွဲ့ ရင်ပြင်တော် ပေါ်ဆီသို့ တရွေ့ရွေ့ချီတက်လာကြသည်။ ဘေးဘက်ဝဲယာ မှာလည်း ဘုရားဖူးတွေက ပုရွက်ဆိတ်တန်းကြီးလို ချီတက် လာကြ၏။ တချို့လည်း သူတို့ဒေသအခေါ် ဒန်း (သို့) ဝါးဘိုး ဝါးနှစ်ချောင်းကို အလယ်တွင် ပုခက်သဘောမျိုး ခွထား၍ ထိုအပေါ်တွင် လူက တက်ထိုင်ကာ သန်သန်မာမာ လူလေး ယောက်က ထမ်းပို့ပေးသည်။ များသောအားဖြင့် သက်ကြီး ရွယ်အိုများ၊ နိုင်ငံခြားသား အသက်ကြီးပိုင်းတွေကို တွေ့မြင် နေရ၏။ ဒန်းစီးပါက တစ်ယောက်လျှင် ငွေခုနစ်ထောင်ပေး ရ၏။ ငါးမိနစ်ခန့် ကြာလေသော် ရွှေနန်းကျင် ဗိမာန်နန်းသို့ ရောက်၏။ တူတော်မောင်ဖြစ်သူက သမိုင်းဇာတ်ကြောင်း ပွပွနွှေးနွှေး သိထားပြီမို့ မျက်နှာက ပြုံးတုံ့တုံ့နှင့် ကြည့်နေ၏။

"သမိုင်းဇာတ်လမ်း နည်းနည်းသိထားတော့ မြင်ရ တွေ့ရတာ အရသာ ရှိနေသလိုပဲနော် ဦး"

"ဒါပေါ့သားရဲ့၊ ဘယ်ကိစ္စမဆို ပထမဦးဆုံး လေ့လာ ရတယ်၊ ဆန်းစစ်ရတယ်၊ ပြီး လက်တွေ့ကျကျ သုတေသန လုပ်ရတယ်၊ မျက်မှန်းနဲ့ ရမ်းတုတ်လို့ မရဘူး"

"ပတ်ဝန်းကျင်က တောင်တန်းကြီးတွေ၊ မြူခိုးတွေနဲ့ ဘုရားဖူး ပရိသတ်တွေနဲ့ တော်တော်စည်တာပဲနော်"

"ဒီလောက် ဝေးလံခေါင်သီတဲ့နေရာမှာ အခုမြင်ရတဲ့ အတိုင်း ဖွံ့ဖြိုးတိုးတက် စည်ပင်နေတာက တို့နိုင်ငံရဲ့ ဂုဏ်ကို မြှင့်ဆောင်နိုင်တဲ့ ဆံတော်ရှင် ကျိုက်ထီးရိုး စေတီတော်မြတ် ကြီးရဲ့ အံ့မခန်းနိုင်တဲ့ တန်ခိုးတော်ကြောင့်ပေါ့ကွာ"

"ဆုတောင်းကော ပြည့်လား ဦး"

"ဆုတောင်းပြည့်လို့ ဘုရားဖူးတွေ လာကြတာပေါ့၊ မြန်မာလူမျိုးတွေက ဒါမျိုးဆို ထိပ်တန်းကပဲ၊ အပျော်အပါး၊ အလှူအတန်းမက်တဲ့ နေရာမှ ပြိုင်ဘက်မရှိဘဲ"

"ဦးလဲ ဆုတောင်းပြည့်လို့ လာတာပေါ့နော်"

တူတော်မောင်က အမှတ်တမဲ့ ပြောလိုက်၏။

"ပုထုဇဉ်ဆိုတော့ ဆုတောင်းလေးတွေတော့ ရှိတာ ပေါ့ ကိုယ့်မှာရှိနေတဲ့ အခက်အခဲလေးတွေကို ပြေလည်စေ ချင်တာပေါ့ကွာ"

"ဦးပြောတာ သား နားမလည်ဘူး"

"တရားသဘောတွေက သား နားလည်မှာ မဟုတ် သေးဘူး ဒီတော့ အကြမ်းလောက်ပဲ မှတ်ထား၊ လိုချင်တာက တဏှာ(လောဘ)ပဲ၊ ဒီတဏှာကို သတ်နိုင်အောင် ကြိုးစား



ရင်ပြင်တော်ပေါ်ရှိ အလှူခံဌာနများ

ရမယ်၊ ဒီဘုရားမှာ ဦး, ဆုတောင်းရင် ကိုယ့်မှာရှိတဲ့ အခက် အခဲတွေကိုပဲ ပြေလည်အောင် ဆုတောင်းတယ်၊ လူဆိုတာ လောဘသားတွေချည်းပဲ၊ ဒါပေမယ့် မတန်တဆ လောဘ မကြီးရဘူး၊ ဆိုလိုတာက ကွာ မဖြစ်နိုင်တာကြီး ဆုမတောင်း ရဘူး"

"ဪ, ဦးက လူတစ်မျိုးပဲနော်၊ တချို့ဆို ဘာဖြစ်ရ လိုပါ၏၊ ညာဖြစ်ရလိုပါ၏နဲ့ သား ကြားဖူးတာပါ"

"ဘဝဆိုတာ ဖြစ်ချင်တာနဲ့ ဖြစ်နေတာက တခြားစီပဲ၊ ဒီတော့ ဖြစ်တဲ့ဘဝမှာ ပျော်အောင်နေတတ်ရမယ်၊ စိတ်ထား တတ်ရင် လူ့ဘဝဟာ ပျော်ဖို့ကောင်းပါတယ်"

စကားတပြောပြောနှင့် လျှောက်လာခဲ့ကြရာ ကျယ် ပြောလှသော ရင်ပြင်ကျယ်ကြီးထက်တွင် ရွှေဆိုင်းများဝယ် ယူနိုင်သော ဂေါပက ရုံးခန်းဆီသို့ ရောက်လာကြ၏။

စာရေးသူ၏ဇနီးက ရွှေဆိုင်းကပ်လှူရန် အလှူခံငွေ ဖြတ်ပိုင်းဖြင့် ငွေငါးသောင်းကျပ် လှူဒါန်းလိုက်၏။ ဂေါပက အဖွဲ့ဝင် လူငယ်လေးကလည်း ကျကျနန မှတ်တမ်းဂုဏ်ပြု လွှာတစ်ခုကို အသင့်ဖြည့်ကာ ပလတ်စတစ်လောင်းပြီး ပေး အပ်သည်။ စာရေးသူ၏ဇနီးက လုံတစ်မျိုး၊ သူက ဘယ်ဘုရား ရောက်ရောက် ရွှေသက်န်းပဲ လှူသည်။ ဒါကြောင့်မို့ထင့်၊ သူ့မှာ



မှန်လုံအခန်းထဲတွင် ဘုရားဖူးများ ကုသိုလ်ပွားနေကြစဉ်

www.burmeseclassic.com

အဝတ်အစားအတွက် မပူရ ရွှေသက်န်းကပ်လှူသည့် တန်ခိုးတော်ကြောင့်ပဲဟု စိတ်ထဲ တွေးလိုက်မိသေးသည်။

စာရေးသူကတော့ လူတစ်မျိုး၊ ဘယ်အလှူ မဆို ကိုယ်တိုင်ကိုယ်ကျ ကိုယ်ထိလက်ရောက် လှူဒါန်းရမှ စိတ်ကျေနပ်၏။ ဒါကြောင့် ရွှေဆိုင်းလေးတွေကို ဝယ်ယူလိုက်သည်။ ဒီရွှေဆိုင်းလေးတွေဖြင့် ဆံတော်ရှင်ကျိုက်ထီးရိုး စေတီတော်မြတ်ကြီး၏ ကျောက်တုံးကြီးအား ရွှေဆိုင်းကပ်ရသည့် အရသာကို စာရေးသူ အနှစ်ခြိုက်ဆုံးဖြစ်သည်။ သည့်နောက် ဂေါပကရုံးခန်းမှ ထွက်လိုက်၏။ ရင်ပြင်တော်ကြီးကို ခြေလှမ်းခပ်စိပ်စိပ် လျှောက်လှမ်း၍ ဘေးဘီဝန်းကျင်ကို ငေးမောကြည့်ကာ ဘုရားဖူးတွေကို လှမ်းကြည့်လိုက်မိသေးသည်။

ကျိုက်ထီးရိုး ဆံတော်ရှင်၏ ရှေ့ဘက်တွင် မှန်လုံအကာများဖြင့် (လေတအားတိုက်သောကြောင့်) အခန်းကျယ်ကြီးတစ်ခု ဖွဲ့ထားပေး၏။ ဘုရားဖူးများ စိတ်အေးလက်အေး ရာသီဥတုဘေးမှ ကာကွယ်နိုင်ရန် ဖြစ်သည်။ အထဲတွင်မူ ပုတီးများ၊ ပရိတ်စာအုပ်များကို အရံသင့်ချထားပေးသည်။ ဘာပဲဖြစ်ဖြစ် ရှားရှားပါးပါး ကုသိုလ်ယူသည့် မြန်မာလူမျိုးတို့၏စိတ်ဓာတ်ကို လေးစားမိသည်။

ထိုအခန်းဖွဲ့ဘေးမှ နည်းနည်းလေး လျှောက်သွားလေလျှင် ရင်ပြင်တော်မှ ကျိုက်ထီးရိုး စေတီတော်ကြီး ရှိရာသို့ သွားရောက်နိုင်သည့် ပေါင်းကူးတံတားငယ်တစ်ခုကို တွေ့ရ၏။ ထိုပေါင်းကူးတံတားကို အမျိုးသမီးများ ဖြတ်သန်းခွင့်မရရှာကြပါ။

သည့်အတွက် သူတို့တွေကို အားနာမိသေးသည်။ ဘာပဲဖြစ်ဖြစ် ရခဲလှသည့် လူ့ဘဝ၊ လူ့ဘဝမှာမှ ဖြစ်ခေါင့်ဖြစ်ခဲ ယောကျ်ားသားဘဝ ရရှိထားသည့်သူများအဖို့ အခွင့်အရေးတစ်ခုလို ဖြစ်နေသည်။

ထိုပေါင်းကူးတံတား မဖြတ်မီ ပါလာသည့် ဟန်းန်ဖုန်းများ၊ ကင်မရာများကို အဝတွင်ရှိ လုံခြုံရေးထံတွင် အပ်နှံထားခဲ့ရသည်။ အကြောင်းတစ်ခုခုတော့ ရှိမည်ဟု စာရေးသူ စိတ်ထဲ တွေးလိုက်မိသည်။ ပေါင်းကူးတံတားကို ဖြတ်မည့်သူများသည် ကျိုက်ထီးရိုးစေတီတော်ကြီးကို အနီးကပ် ဖူးမြော်လိုသူများ၊ ရွှေဆိုင်းကပ်လှူကြမည့် သူများပင် ဖြစ်သည်။ ပေါင်းကူးတံတားသို့ အဝင် ဘယ်ဘက်တွင်လည်း အာရုံခံတန်ဆောင်းငယ် တစ်ခုကို ဘုရားဖူးများအတွက် ဂေါပကအဖွဲ့က စီစဉ်ပေးထားသည်။ ထိုနေရာတွင် အဓိဋ္ဌာန်ပုတီးစိပ်ကြမည့်သူများ၊ တရားထိုင်မည့်သူများအတွက် ကုသိုလ်ထူးရနိုင်မည့် အခွင့်အရေးပင် ဖြစ်သည်။

စာရေးသူ ကျိုက်ထီးရိုးစေတီတော် တည်ထားရာ ကျောက်တုံးကြီးကို ဦးခိုက်ပြီး ကြည်ကြည်နူးနူး ရှိခိုးကန်တော့ဦးချလိုက်၏။ စိတ်ထဲဝယ် မည်သည့်အရာနှင့်မျှ နှိုင်းယှဉ်၍မရအောင် ပြီးပြည့်စုံမှုတစ်ခုကို ခံစားလိုက်ရသည်။



ရွှေဆိုင်းများကပ်လှူရန် ပေါင်းကူးတံတားသို့အသွားမြင်ကွင်း

"ဪ ငါ အခုမှ ရောက်ရလေခြင်း"ဟု စိတ်ထဲမှာ နှမြောတသ သလိုလည်း ခံစားမိသည်။

သည့်နောက် ရွှေရောင်များဖြင့် ဝင်းလက်နေသော ကျောက်တုံးကြီးကို ရွှေဆိုင်းများ ကျကျနန ကပ်လှူလိုက်



နတ်တောင်ရှေ့ ရှိ မဟာကဿပသိန္ဒဝတိုးဘိုးကြီး



www.burmeseclassic.com

သည်။ ဘုရားဖူးတွေက များလှသည်မို့ သူ့အလှည့် ကိုယ့်အလှည့် နားလည်မှု ကိုယ်စီယူကာ ရွှေဆိုင်းကပ်လှူနေကြရသည်။ ထူးခြားသည်မှာ ဘုရားဖူးအချင်းချင်း မည်မျှ တိုးဝှေ့နေကြစေကာမူ ရန်မဖြစ်ဘဲ နိုင်ငံကြီးသားစိတ်ဓာတ် ပီသစွာဖြင့် တစ်ဦးကို တစ်ဦး ရိုင်းပင်းကူညီကြသည်။

မြင့်မားလှသည့် တောင်ကုန်းဖြစ်နေ၍ ဘေးဘက်မှ တိုးဝှေ့ကာ တိုက်ခတ်လာသော လေပြင်းဒဏ်ကို အန်တုကာ သူ့ထက်ငါ အလုအယက် ရွှေဆိုင်းကပ်လှူနေကြရသည်မှာ အားရစရာပင် ဖြစ်သည်။ ကျောက်တုံးကြီးကို ဦးခေါင်းဖြင့် ထိကပ်ပြီး နှုတ်မှ တတွတ်တွတ် ဆုတောင်းနေသော ဘုရားဖူး အချို့ကိုလည်း တွေ့မြင်နေရသည်။




နတ်တောင်ပေါ်ရှိ ရုပ်ပွားဆင်းတုများ



"သြော်, သူလဲလေ လောကီသားပေမို့ ဖြစ်ချင်တဲ့ ဆန္ဒလေးတွေကို တိုင်တည်နေကြတာပေါ့"ဟု တွေးမိကာ စာရေးသူလည်း ကိုယ်လိုချင်သည့် ဆန္ဒလေးတစ်ခုကိုတော့ ဆုတောင်းလိုက်မိသည်။

ပြီးနောက် ပေါင်းကူးတံတားမှ ထွက်ကာ အဝင်ဝရှိ [illegible]သက်အလိုက် ရေသပ္ပာယ်သည့်နေရာတွင် ရေတစ်ပုံး တစ်ထောင်ကျပ်နှုန်းဖြင့် ကြာသပတေး ဂြိုဟ်တိုင်တွင် ရေ [illegible]ယ်သည်။ ထို့နောက် ရှေ့ဘက်ရှိ ဘိုးဘိုးကြီးနတ်နန်းကို [illegible]တ်၏။ နတ်နန်းညာဘက် နတ်တောင်ရှေ့သို့ တဖြည်းဖြည်း လျှောက်လာခဲ့သည်။ နတ်တောင်ရှိ ရေကန်ငယ်လေးရှေ့တွင်



ရင်ပြင်တော်မှ ကျိုက်ထီးရိုးစေတီတော်အား ဖူးမြော်ရပုံ




နတ်တောင်ပေါ်မှ ကျိုက်ထီးရိုးစေတီတော်အား ဖူးမြော်ရပုံ

ပိုက်ဆံအသစ်များကို အစီအစဉ်ဖြင့် ချ၍ ကော့တက် မတက် ဆုတောင်းနေကြသော ဘုရားဖူးများ တွေ့ရသည်။ စာရေးသူလည်း လှေကားထစ်များပေါ်တက်၍ နတ်တောင်ထက်ရှိ ဘုရားစေတီများကို ကြည်ညိုစွာ ဖူးမြော်လိုက်လေသည်။



www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com



တောင်ပိုင်ဘိုးဘိုးကြီး ဘိုးဘိုးနီနတ်နန်း



အောက်ဘက် ထမင်းဆိုင်များဆီသို့ အဆင်းမြင်ကွင်း

နတ်တောင်ပေါ်မှနေ၍ ကျိုက်ထီးရိုးစေတီကြီးကို လှမ်း၍ အဝေးမြင်ကွင်း ဖူးမြော်လိုက်သေးသည်။

"ကဲ. . အောက်ဘက် မရောက်ဖူးသေးတဲ့ အဖွဲ့တွေ မိမိအစီအစဉ်အတိုင်း လှည့်လည် ဖူးမြော်နိုင်တယ်၊ ဆုံရပ်က ညနေ ငါးနာရီလောက်မှာ အောက်ဘက် ထမင်းဆိုင်တန်း (မုဆိုးတောင်အနီး) မြင့်မြင့်ဝင်း ထမင်းဆိုင်မှာ ဆုံကြမယ်"

စာရေးသူက ဘုရားဖူးအဖွဲ့ကို အစီအစဉ် ပြောပြလိုက်သည်။ စာရေးသူနှင့် ဇနီးသည်ကမူ သွားဖူးလာဖူးပြီဖြစ်၍တစ်ကြောင်း၊ အဆင်းအတက် သိပ်မတက်နိုင်သဖြင့်လည်းကောင်း ရင်ပြင်တော်ပေါ်မှာပင် အေးအေးလူလူ နားနေရန် စီစဉ်လိုက်ကြသည်။

"သားလဲ သူတို့အဖွဲ့နဲ့ လိုက်သွားမယ်နော်၊ အခုမှ ပထမဦးဆုံး ရောက်တာမို့လို့ သားလဲ စုံနေအောင် ဖူးချင်သေးတယ်"

"အေး. သား သဘောပဲ၊ ဦးတို့တစ်တွေ မြင့်မြင့်ဝင်း ထမင်းဆိုင်မှာ ဆုံကြတာပေါ့"

စာရေးသူလည်း သူတို့ကို ပြောဆိုပြီး အဓိဋ္ဌာန်ပုတီး စိပ်ခြင်း၊ ပဌာန်းရွတ်ခြင်း၊ ပရိတ်တရားတော်များကို စာအုပ်ကြည့်၍ ရွတ်ခြင်းဖြင့် ဆံတော်ရှင် ကျိုက်ထီးရိုးစေတီတော်မြတ်ကြီးကို တဝကြီး ဖူးမြော်ကြည်ညိုဖြစ်လေသည်။

ထို့နောက် နတ်တောင်မှ နေ၍ ဘယ်ဘက်သို့မျှော်ကာ ရင်ပြင်တော်ပေါ်မှ နေ၍ ရိုးရိုးလေး ဟိုတယ်နှင့် မုဆိုးတောင်ဘက် လှမ်းကြည့်လိုက်မိသည်။ ပြီး ရင်ပြင်တော်တစ်ဝိုက်ကို ငေးမောကြည့်ကာ ထမင်းဆိုင်တန်းများရှိရာ အောက်ဘက်တန်းသို့ တရွေ့ရွေ့ဆင်းလာခဲ့သည်။ တောင်ပိုင်ဘိုးဘိုးကြီး ဘိုးဘိုးနီ နတ်နန်းကို အဆင်းလှေကား ညာဘက်တွင် လှမ်းတွေ့လိုက်ရသည်။ ဘုရားဖူးများမှာလည်း စားသောက်ဆိုင်တန်းများမှာ ထမင်းစားကြ၊ ဈေးဝယ်ကြနှင့် စည်ကားနေသည်။ စာရေးသူလည်း မုဆိုးတောင် အဝင်ဝ မုခ်ဦးကို လှမ်းကြည့်လိုက်ပြီး အဝေးမှ ဖူးမြော်လိုက်သည်။

မုဆိုးတောင်နှင့် အောက်ဘက် ကျီးကန်း ပါးစပ်သို့ စာရေးသူ လိုက်ပါမသွားခြင်းမှာလည်း အကြောင်းတစ်ခုရှိသည်။ စာရေးသူ သိသလောက် ကျိုက်ထီးရိုးရှိ အလှူခံတော်တော်များများမှာ ကန်ထရိုက်စနစ်ဖြင့် ရယူထားကြပြီး ဘုရားဖူးများရောက်လာပါက သူ့ထက်ငါ အလုအယက် အတင်းကာရော အလှူခံကြခြင်းပင် ဖြစ်သည်။ စာရေးသူအံ့နေဖြင့်မူ ပုထုဇဉ်ဖြစ်သဖြင့် စေတနာသုံးတန် တစ်ပါးပါး ချွတ်ယွင်းသွားမှာကိုလည်း စိုးရိမ်သည်။ ဒါကြောင့် ကျိုက်ထီးရိုးစေတီကြီးကို အာရုံပြုပြီး ဂေါပကရုံးခန်း၌သာ အလှူငွေထည့်ဝင်ခြင်းကို ပို၍သဘောကျသည်။

ရင်ပြင်တော်အောက်ဘက် နေရာတော်တော်များတွင် အလှူခံဌာနများသည် -

"ကျောက်ပြားလေးတစ်ချပ်က ဘယ်ရွေ့ဘယ်မျှ"

"အုတ်တစ်လုံးကို ဈေးနှုန်းဘယ်လောက်"

"လမ်းလေးဖောက်ဖို့ ထည့်ဝင်ကြပါ"

"ဇရပ်ဆောက်ဖို့က ဘယ်နည်းဘယ်ပုံ"

"ဆယ့်တစ်မီးငြိမ်းအောင် စေတီဘယ်နှဆူတည်ပြီးပြီ၊ အခု တစ်ဆူကျန်သေးတယ်၊ တစ်ဆူ ဘယ်နှုန်း"

စသည်ဖြင့် နည်းပေါင်းစုံ အလှူခံလေ့ရှိလေသည်။ ဘုရားဖူးပရိသတ် ငွေရှိသည် မရှိသည်ကို အလှူခံသူတို့ နားမလည်၊ ဒီတော့ ဘုရားဖူးတွေ ခြေလှမ်းများကုန်တော့သည်။



မုဆိုးတောင်စေတီတော်သို့ တောင်တက် အဝင်ဝမုခ်ဦး

www.burmeseclassic.com

www.burmeseclassic.com

ဘုရားဖူး တော်တော်များများမှာလည်း လမ်းခရီးစရိတ်ကြီးမြင့်ခြင်း၊ စားစရိတ်ကြီးခြင်း၊ တည်းခိုခန်းခများ ကြီးမြင့်ခြင်းကြောင့် သူသူကိုယ်ကိုယ် တိုင်းထွာသုံးကြရသည်က များသည်။ တချို့များဆို တည်းခိုခန်း မငှားနိုင်၍ ရင်ပြင်တော်ပေါ်တွင် ဖျာကြမ်းများငှားကာ နေကြရသည်။ တချို့ဆိုလျှင် ထမင်းအဝစား ၁၈၀၀ ကျပ်၊ ခေါက်ဆွဲကြော်၊ ထမင်းပေါင်း ၂၀၀၀ ကျပ်ဖြစ်၍ ဆီထမင်းနှင့် အာပြခြောက်၊ ကောက်ညှင်းပေါင်းများကိုသာ စား၍ မြိုးမြှံရသည့် လူထုလည်း ရှိသည်။

အကြောင်းသင့်တုန်း တည်းခိုခန်းနှင့် ပတ်သက်၍ ပြောချင်ပါသည်။ ဘုရားဖူးများ အလာများသည့် အချိန်တွင် တည်းခိုခန်း ဈေးနှုန်းများသည် အဆမတန် မြင့်ပါသည်။ ပုံမှန်သုံးလေးသောင်း အခန်းများသည် ဘုရားဖူး များလာလျှင် ကျပ်တစ်သိန်းနှင့်အထက်၊ တစ်ခါတလေ ၁၅၀၀၀၀ ကျပ်၊ ၁၈၀၀၀၀ ကျပ် အထိ မြင့်တက်သွားသည်။ ကြားရက်များတွင်မူကား ပုံမှန်ဈေး ပြန်ဖြစ်သွားသည်။

စာရေးသူအနေဖြင့် ဖြစ်စေချင်သည်မှာ သူ့ဘက်ကိုယ့်ဘက် စာနာမှု ရှိစေချင်ပါသည်။ ဘုရားဖူး ပရိသတ်များကို ပုံမှန်ဈေးနှုန်းယူခြင်းဖြင့်သာ ဆောင်ရွက်သင့်ပါသည်။ ဘုရားဖူးလာသည့် ကုသိုလ်ပြုနေကြသူများကို ရိတ်နေခြင်းသည် တရားမမျှတပါ။ ဘုရားဖူးလာကြသည့်သူများသည် မိမိချွေတာ ပါလာသည့် ငွေကို အပြန်စရိတ်မျှသာ ချန်၍ ကျန်ငွေအားလုံးကို ကျိုက်ထီးရိုးဘုရား၏ လိုအပ်သည့်နေရာများတွင် အလှူငွေ ထည့်ဝင်ကြပါသည်။ ကြည့်လုပ်ကြပါဟုသာ ပြောလိုက်ချင်ပါသည်။

စာရေးသူလည်း ဟိုတွေး ဒီတွေး ဟိုငေးဒီငေးနှင့် လျှောက်လာသည်နှင့် မုဆိုးတောင်ခြေအနီးရှိ မြင့်မြင့်ဝင်းထမင်းဆိုင်တွေ့သည်နှင့် အထဲသို့ ဝင်ထိုင်လိုက်သည်။

"ဘာများ သုံးဆောင်ချင်ပါသလဲ"

"ဦးတို့ ခေတ္တနားဦးမယ်၊ ဒီမှာ ချိန်းထားတဲ့ အဖွဲ့တွေ စောင့်ဦးမယ်၊ လူစုံမှ စားမယ်နော်"



မြင့်မြင့်ဝင်း ထမင်းဆိုင်တွင် ဘုရားဖူးအဖွဲ့ ညစာစားကြစဉ်



ကျိုက်ထီးရိုးစေတီတော်ကြီးကို ညဘက်အနီးကပ်ဖူးမြင်ရစဉ်

"ဟုတ်ကဲ့ပါ ဦး၊ အမောဖြေရင်း ရေနွေးကြမ်းလေးလဲ သောက်ပါဦး"

"အေးကွယ် ကျေးဇူးပဲနော်"

ဆိုင်မှ ကလေးမလေးကို လောကွတ်စကား ပြောနေစဉ် မုဆိုးတောင်နှင့် ကျီးကန်းပါးစပ်သို့သွားသည့် စာရေးသူတို့ ဘုရားဖူးအဖွဲ့နှင့် တူတော်မောင်တို့ ပြန်ရောက်လာသည်။

"ကျီးကန်းပါးစပ်မှာ ဆယ့်တစ်မီးငြိမ်းအောင် ဘုရားတစ်ဆူ ခုနစ်သောင်းနှုန်းနဲ့ လှူခဲ့တယ် အန်တီရေ"

အဖွဲ့ထဲမှ ပါလာသည့် ဆရာမတစ်ဦး ဖြစ်သူက ကျိုက်ထိုသူ အန်တီကြီးကို လှမ်းပြောလိုက်သည်။ အန်တီကြီးကလည်း ကျိုက်ထီးရိုးအကြောင်းကို နောကျေနေအောင် သိထားပြီးပြီမို့-

"ဆရာမ လှူပြီးရင် ဘာမှ မစဉ်းစားနဲ့တော့"

"ဟင် ဘာဖြစ်လို့လဲ အန်တီကြီး"

အန်တီကြီးက ဘာမှမပြောဘဲ ပြုံးတုံ့တုံ့နှင့် နေလိုက်သည်။ ကဲ့ ဒီလောက်ဆို သဘောပေါက်၊ လှူလိုက်တဲ့သူ စေတနာပျက်မှာ စိုး၍ ဘာမှမပြောခြင်းဟုသာ စာရေးသူက ယူဆလိုက်သည်။

"ကဲ. . . အားလုံး ထမင်းစားကြမယ်၊ ကိုယ်စားချင်တဲ့ဟင်းကို စိတ်ကြိုက် မှာစားကြ"

စာရေးသူက ဘုရားဖူးအဖွဲ့ကို စကားလမ်းကြောင်းလွှဲရင်း ပြောလိုက်သည်။ စာရေးသူတို့ဘုရားဖူးအဖွဲ့ မြင့်မြင့်ဝင်းထမင်းဆိုင်တွင် ညနေစာကို ပျော်ရွှင်စွာဖြင့် စားသုံးလိုက်ကြပါသည်။



www.burmeseclassic.com

www.burmeseclassic.com


ရင်ပြင်တော် အလှူခံဌာန ညဘက်ရှုမြင်ကွင်း

အချိန်ကား ညနေ ၆း၃၀ ခန့်ရှိချေပြီ။ အနောက်ဘက်ဆီတွင် နေလုံးကြီးက မေးတင်သွားပြီးနောက် မကြာမီ အအေးဓာတ် လွှမ်းမိုးလာကာ ဝန်းကျင်တစ်ခိုတွင် မှောင်ရီသန်းလာသည်။ မှောင်သွားပေမယ့် လျှပ်စစ်မီးရောင်ထိန်ထိန်ကြောင့် ဘုရားဖူးများကား ကြက်ပျံမကျ စည်ကားနေဆဲပင်။ အားလုံး ကိုယ်စီကိုယ်စီ သူ့အဖွဲ့နှင့်သူ လှုပ်ရှားနေကြသည်။

ထမင်းစားကြပြီးနောက် အပေါ်ဘက်ရှိ ရင်ပြင်တော်ဆီသို့ ဈေးတန်းလေးများကို ငေးမောရင်း ခပ်ပြေပြေ လှေကားထစ်လေးတွေကို ကျိုက်ထီးရိုးတောင်ဝှေးလေးတွေ ကိုယ်စီဖြင့် တတောက်တောက်ထောက်ကာ တက်လာကြသည်။ ရင်ပြင်တော်ပေါ် ရောက်တော့ လျှပ်စစ်မီးရောင်ဖြင့် ထိန်လင်းနေသော အလှူခံရုံးခန်းနှင့် ပတ်ဝန်းကျင်မှ ဆီမီးရောင်တို့ဖြင့် လင်းထိန်နေသော ညဘက်ရင်ပြင်တော်ရှုမျှော်ကွင်းကလည်း မျက်စိပသာဒလှစေသည်။

ဆံတော်ရှင် ကျိုက်ထီးရိုးစေတီကြီးဘက် လှမ်းကြည့်လိုက်တော့လည်း ညဘက် ဆီမီးရောင်အောက်ဝယ် ဆလိုက်မီးရောင်စုံများဖြင့် တင့်တယ်သပ္ပာယ်လှသော မြင်ကွင်းက ဖူးမြော်ရသူအဖို့ ရင်ကို အေးမြစေသည်။

(၉. ၁၁. ၂၀၁၃)ရက်နေ့ နိုဝင်ဘာလ ညတစ်ည၏ ဆောင်းနှင်းမှုန်များကြား ချမ်းအေးလှသော အအေးဒဏ်ကို အနံတုရင်း ဘုရားဖူးနေကြသော ပရိသတ်များကား ပျော်ရွှင်ကြည်နူးနေကြသည်။စာရေးသူတို့အဖွဲ့လည်း တဖြည်းဖြည်းနှင့် ရင်ပြင်တော်မှနေ၍ နိုးရိုးလေး တည်းခိုခန်း ရှိရာသို့ တရွေ့ရွေ့ ပြန်လာကြသည်။

တည်းခိုခန်းသို့ မရောက်မီ တောင်ခါးပန်းရှိ ခေါင်းလောင်းကြီးနားတွင် ကလေးများက ခေါင်းလောင်းကို အလုအယက် ထိုးနေကြသည်၊ ကြည်နူးဖွယ် မြင်ကွင်းပင်။

စာရေးသူလည်း တရားထိုင်ရန်အလို့ငှာ သတ်မှတ်ချထားပေးသော ကွပ်ပျစ်လွတ် တစ်ခုပေါ်တွင် ခေတ္တထိုင်လိုက်ရင်း ကျိုက်ထီးရိုးစေတီတော်ကြီးကို အဝေးမှ ဖူးမြော်နေမိသည်။ ထိုစဉ် တူတော်မောင်က အနားဆီသို့ ရောက်လာကာ . . .


ရင်ပြင်တော်ရှိ တိုသဆောင်တည်းခိုခန်း ညဘက်ရှုမြင်ကွင်း

"ဦး၊ သားကို ဘုရားသမိုင်းအကြောင်း ရှင်းပြဦးလေ"

"ဪ. ဟုတ်ပေသားပဲ"

ထမင်းစားသောက်ပြီး ညဘက် အိပ်ချိန်မရောက်မီ အချိန်က လိုနေသေးသည်မို့. . .

"ကဲ. . . နားချင်တဲ့ ဘုရားဖူးအဖွဲ့တွေ တည်းခိုခန်း ပြန်ချင်ရင်လဲ ပြန်လို့ရတယ်၊ ဒီမှာ အေးအေးလူလူ ထိုင်နေလို့လဲ ရတယ်"

စာရေးသူက ဇနီးသည်ဘက် လှည့်ရင်း ကျန်အဖွဲ့ကို ပြောလိုက်သည်။

"ကျုပ်တို့တစ်တွေ အေးလို့ တည်းခိုခန်း ပြန်နားလိုက်ဦးမယ်၊ ရှင်တို့ဘယ်အချိန် ပြန်လာမှာလဲ၊ တော်ကြာ တည်းခိုခန်း ပိတ်နေဦးမယ်"

"မပိတ်ဘူး၊ ဝန်ထမ်းတွေက ညလုံးပေါက် စောင့်နေမှာတဲ့၊ စိတ်ချလက်ချ ပြန်နားတော့၊ တို့. . ပြန်ရောက်ရင် ခပ်ပြင်းပြင်း တံခါးသုံးချက် ခေါက်လိုက်မယ်၊ ဒီမှာ မင်းတူကို ကျိုက်ထီးရိုးသမိုင်း ကျန်တဲ့အပိုင်း ဆက်ပြောရဦးမယ်"

"မနက် အရုဏ်တက် ဆွမ်းဇန်း လှူရဦးမယ်နော်"

"အေးပါ ငါသိပါတယ်၊ အရုဏ်တက် ဆွမ်းဇန်းလှူပြီးမှ တောင်အောက်ပြန်ဆင်းမှာလေ"

စာရေးသူက အနွေးထည်ကို ဝတ်လိုက်ရင်း ပြောလိုက်သည်။ တစ်ဆက်တည်း တူတော်မောင် ဖြစ်သူကိုလည်း လှည့်၍ မေးလိုက်သည်။

"ဦးပြောတာ ဘယ်အထိ ရောက်သွားပြီလဲ"

"ဂဝမ္ပတိ ရဟန္တာ မထေရ်မြတ်က ပင့်ဆောင်ပေးပါမည်ဟု ကတိကဝတ်ပြုပြီး မဇ္ဈိမဒေသသို့ ပြန်လည်ကာကြွတော်မူလေသည်အခန်း ရောက်နေပြီလေ"

စာရေးသူက သူ့ကို သွေးတိုးစမ်း မေးလိုက်ခြင်းပင်ဖြစ်သည်။ သူ မှတ်မိနေသည့်အတွက် အားတက်သွားမိသည်။

"ကိုင်း,ဒါဖြင့် လာ၊ ဒီမှာ ထိုင်၊ ညခင်းမှာ ကျိုက်ထီးရိုးဘုရားဖူးရင်း ဘုရားသမိုင်း ဆက်ပြောကြတာပေါ့"

**(ဆက်ရန်)**

**[illegible]ငံးခန့်**

www.burmeseclassic.com

လေးအိမ်တန်းရွာသည် မကွေးဆရာတော်ဘုရားကြီးဟု လူသိများသော ဘဒ္ဒန္တကုမာရ (အဘိဓဇမဟာရဋ္ဌဂုရု) ဘွဲ့တံဆိပ်တော်ရ ဆရာတော်ဘုရားကြီး၏ မွေးရပ်မြေ ဖြစ်ပါသည်။

စာရေးသူသည် ၁၃၇၄ ခုနှစ်၊ မဟာသင်္ကြန်အကြိုနေ့တွင် တူတော်မောင် ကိုပြုံးချို (Beauty Mazine) နှင့်အတူ အရောက် သွားဖြစ်ခဲ့ပါသည်။ လေးအိမ်တန်းရွာသည် မကွေးတိုင်းဒေသကြီး မင်းဘူး(စကု)မြို့နယ်တွင် ပါဝင်ပြီး မင်းဘူး (စကု)သွား ကားလမ်းမှ ညာဘက်သို့ ချိုးဝင်၍ ၁မိုင်ခန့်အကွာတွင် တည်ရှိပါသည်။

ဤရွာလေးသို့ ရောက်လျှင် ထမဆုံးရွာဦးကျောင်းဆရာတော်အား သွားရောက် ဂါရဝပြုပါသည်။ လက်ရှိလေးအိမ်တန်း ဆရာတော်မှာ ဦးဝိဇ္ဇာနန္ဒဖြစ်ပြီး ပျူငှာဖော်ရွေ၍ ပြုံးရွှင်သောမျက်နှာတော် ရှိပါသည်။

ဆရာတော်၏ ဆက်သွယ်ပေးမှုဖြင့် မကွေးဆရာတော်ဘုရားကြီး၏ ညီ



ဆရာတော်ဘုရားကြီး၏မွေးရပ်မြေမှ
လွှမ်းစေတီ

# မကွေးဆရာတော်ဘုရားကြီး ဦးကုမာရ၏ မွေးရပ်မြေ

**မောင်နန္ဒ(အထက်မင်းလှ)**



အငယ်ဆုံး အဘဦးထွန်းတင် အသက်(၈၅)နှစ်နှင့်တွေ့ဆုံခွင့်ရ၍ ဆရာတော်ဘုရားကြီး၏ ငယ်စဉ်ဘဝ ရှေးဟောင်းနှောင်းဖြစ်များ ပြောပြ၍ မှတ်တမ်းဓာတ်ပုံများ ရိုက်ကူးခွင့်ရခဲ့ပါသည်။

ရွာဦးကျောင်း၏ အရှေ့ဘက်တွင် ဆရာတော်ဘုရားကြီးအား ရည်စူး၍တည်ထားသော လွှမ်းစေတီကိုလည်း ဖူးတွေ့ရပါ၏။ စေတီပေါ်မှ အရှေ့ဘက်ကို ကြည့်လိုက်လျှင် နေကြာခင်းများ ငရုတ်ခင်းများဖြင့် စိမ်းစိုနေပါသည်။ ဧရာဝတီမြစ်ပြင်ကို ဖြတ်၍ တိုက်ခတ်လာသော လေနုအေးက စာရေးသူ၏ ရင်ကို အေးမြစေပါသည်။

ဂန္ဓကုဋီတိုက် အတွင်းနံရံများတွင် ဆရာတော်ဘုရားကြီး၏ သာသနာရေးဆောင်ရွက်ချက် မှတ်တမ်းဓာတ်ပုံ



www.burmeseclassic.com

www.burmeseclassic.com



ဆရာတော်ဘုရားကြီး၏ ဗိမာန်တော်

များ၊ ကမ္ပည်းကျောက်စာများ တွေ့ရသဖြင့် စာရှုသူများ ကြည်ညိုနိုင်ရန် ရေးသားလိုက်ပေသည်။

### ဘဒ္ဒန္တကုမာရဆရာတော်ဘုရားကြီး၏ ထေရုပ္ပတ္တိအကျဉ်း

မကွေး ဆရာတော်ဘုရားကြီး ဘဒ္ဒန္တကုမာရ အရှင်မြတ်သည် မင်းဘူး(စကု)မြို့နယ် လေးအိမ်တန်းကျေးရွာ ခမည်းတော် ဦးထွန်းကြွယ်+ မယ်တော် ဒေါ်ပိုးမျှင်တို့မှ ၁၂၈၄ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း (၄)ရက်၊ တနင်္လာနေ့ ညဉ့် ၁နာရီအချိန်၌ မီးရှူးသန့်စင် ဖွားမြင်တော်မူသော သားရတနာဖြစ်သည်။ ငယ်နာမည်မှာ မောင်ငွေခ ဖြစ်သည်။

### ရှင်ရဟန်းအဖြစ် ရောက်ရှိတော်မူခြင်း

ဆရာတော်လောင်းလျာသည် အသက် (၁၃)နှစ်အရွယ် ၁၂၉၇ ခုနှစ်၊ တပို့တွဲလ၌ ခမည်းတော် မယ်တော်တို့၏ ပစ္စယနုဂ္ဂဟကို ခံယူကာ ကျွန်းကလေးကျောင်းဆရာတော် ဦးဝေပုလ္လကို ဥပဇ္ဈာယ်ပြု၍ ရှင်သာမဏေအဖြစ်သို့ ရောက်ရှိတော်မူပါသည်။

ဥပဇ္ဈာယ် ဆရာတော်မှ ရှင်ကုမာရဟု ဘွဲ့အမည်တော် မှည့်ခေါ်တော်မူသည်။

သာသနာတော် ၂၄၈၆၊ ကောဇာသက္ကရာဇ် ၁၃၀၄ ခုနှစ်၊ နယုန်လပြည့်ကျော် (၆)ရက်၊ ဗုဒ္ဓဟူးနေ့ နံနက် ၈ နာရီ ၃၀မိနစ်အချိန်တွင် ခမည်းတော် မယ်တော်တို့၏ ပစ္စယနုဂ္ဂဟကို ခံတော်မူကာ စကုမြို့နယ် ဆင်ခေါင်းရွာ ကြို့ယွန်းကျောင်းဆရာတော် အရှင်ရာဇိန္ဒမဟာထေရ်ကို ဥပဇ္ဈာယ်ပြု၍ မန်းချောင်း ခေါ် နမ္မဒါမြစ် ဥဒတုကွေ့သိမ်၌ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်တော်မူပါသည်။

### စာပေပရိယတ္တိသင်ကြားခြင်း

ဆရာတော်လောင်းလျာသည် (၆)နှစ်သားအရွယ်တွင် ကျွန်းကလေးကျောင်းဆရာတော် ဦးဝေပုလ္လနှင့်တကွ လက်ထောက်တပည့်များဖြစ်ကြသော ဦးစန္ဒဝရ၊ ဦးရေဝတတို့ထံတွင် လူငယ်တို့၏ သင်ရိုးပညာရပ်များကို သင်ယူသည်။

၁၂ နှစ်သားအရွယ်၌ တေမိယဇာတ်၊ အဌကထာနိဿယကို အာဂုံကျက်မှတ်ခဲ့ပြီး ကစ္စည်း သဒ္ဒါကြီးကိုလည်း စတင်သင်ယူသည်။ ၁၃ နှစ်သားအရွယ် သာမဏေပြုပြီးနောက် ပုဒ်စစ်သုတ်စစ်နှင့်တကွ ကစ္စည်း သဒ္ဒါကြီးကို သုံးခေါက်သင်ယူခဲ့သည်။ ၁၆နှစ်သားအရွယ်တွင် ရေစကြိုမြို့ ပထမရေစကြို ဆရာတော် သီတင်းသုံးတော်မူခဲ့သော အောင်မြေသာယာ ကျောင်းတိုက်သို့ ကြွရောက်ကာ စာချကျောင်းဆရာတော် အရှင်သူရိယ၊ အေးကျောင်းဆရာတော် အရှင်အာစာရ၊ ဒန်းပင်ကျောင်းဆရာတော် အရှင်သီလဝန္တတို့ထံ၌ သဒ္ဒါသင်္ဂဟ၊ ဋီကာကျော်၊ ရူပသိဒ္ဓိ၊ အဘိဓမ္မာညဝါ စသော ပိဋကတ်အခြေခံကျမ်းများ ဆည်းပူးတော်မူခဲ့သည်။

၁၃၁၀ ပြည့်နှစ် တပေါင်းလတွင် မကွေးမြို့ မဟာဝိသုတာရာမတိုက် ဆရာတော် နာရဒ၊ အရှင်ပဒုမ္မာဘိဝံသ (အဂ္ဂမဟာပဏ္ဍိတ) ဆရာတော်အရှင်ဝါယမ၊ ဆရာတော်အရှင်ဝိသောဘဏတို့ထံ၌ နိကာယ်ငါးရပ် ပါဠိတော်၊ အဌကထာနိကာယ်တို့ကို ဆိုဝါ၊ လိုက်ဝါတို့



ဆရာတော်ဘုရားကြီး၏ညီ အဘဦးထွန်းတင် (အသက်-၈၅ နှစ်)နှင့် စာရေးသူ



www.burmeseclassic.com

www.burmeseclassic.com

မြင့် သင်ကြား ဆည်းပူးတော်မူသည်။

၁၃၁၂ ခုနှစ်တွင် မန္တလေးမြို့ စိုးရိမ်ဆရာတော်အရှင်သူရိယာဘိဝံသ (အဘိဓဇမဟာရဋ္ဌဂုရု)၊ မဟာဝေယံဘုံသာတိုက် ဆရာတော် အရှင်ကလျာဏ(အဂ္ဂမဟာပဏ္ဍိတ)၊ ဘုရားကြီးတိုက် ဆရာတော် အရှင်နာရဒ၊ အရှင်ဥက္ကံသ စသော ပိဋကတ်ကျမ်းတတ်အကျော် ဆရာတော်များထံတွင် အထက်တန်း ပိဋကတ်ကျမ်းစာများကို သင်ယူတော်မူခဲ့သည်။

## အောင်မြင်ခဲ့သော စာမေးပွဲများ

၁၃၁၄ ခုနှစ်၊ နယုန်လ၌ ကျင်းပသော ပါဠိတက္ကသိုလ်စာချ[illegible]န်း စာမေးပွဲ၌ ကျမ်းရင်း သုံးကျမ်းနှင့် ဂုဏ်ထူးဆောင် (၆)ကျမ်း၊ ပေါင်း (၉)ကျမ်း ကို နှစ်ချင်းပေါက် အောင်မြင်တော်မူခြင်းကြောင့် သာသနာ့ဓဇ သီရိပဝရဓမ္မာစရိယ သိရောမဏိဘွဲ့တံဆိပ်ကို ရတော်မူသည်။

ဆရာတော်သည် နိုင်ငံတော်သီးခြားဝိနည်းဓိုရ်အဖွဲ့ အမှတ်(၂)တွင် ပါဝင်၍ လူသေ လူဖြစ်ဝါဒ မူဝါဒ ဝိနိစ္ဆယထေရဝါဒ ဖွယ်စုံကျမ်းကြီးကို ပြုစုရာ၌ အခန်းပေါင်းများစွာကို တာဝန်ယူရေးသားလျက် ဗုဒ္ဓမြတ်စွာ သာသနာတော်ကြီး၏ ကြီးမားလှသော ဘေးရန်ကို တွန်းလှန်ဖြိုဖျက်တော်မူခဲ့ပါသည်။

ထို့အပြင် (၁) ဥပသကာဂုဏ်သိဖွယ်စုံတရားတော်၊ (၂) ဗြဟ္မဝိဟာရအလင်းရောင်ခေါ် ဗြဟ္မစိုရ်တရားတော် (၃) လူငယ်မှတ်ဖွယ် အခြေပြု၊ (၄) ဘိက္ခုနီဝိနိစ္ဆယစာတမ်း (၅) ဩဝါဒကထာပေါင်းချုပ်၊ (၆) ဓမ္မစကြာမြန်မာဋီကာ (၇) ယမကအလင်းပြကျမ်း (ပုံနှိပ်အဖြစ်မရောက်)စသည့် ကျမ်းများကို ရေးသားပြုစုခဲ့သည်။ နိဗ္ဗာန်ခိုက်ဝင် ဗြဟ္မယဥ်အမည်ရှိ စာအုပ်ကိုလည်း ရေးလက်စအဖြစ်ပင် ကျန်ရစ်ခဲ့ပါသည်။

မကွေးမြို့ မဟာဝိသုတာရာမစာသင်တိုက်ကြီး၏ ဦးစီးပဓာနနာယကဆရာတော်အဖြစ် ဆောင်ရွက်ခဲ့ပြီး နိုင်ငံတော်ဗဟိုသံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့ပါသည်။

## ကြည်ညိုဖွယ်ရာ ထူးခြားသော ဂုဏ်ရည်များ

ဆရာတော်သည် ရိုးသားသောဖြောင့်မတ်သည့် ဂုရုဂုဏ်၊ ပညာရှိတို့ ဆိုဆုံးမစကားကို နာယူလွယ်သည့် သောဝစဿတာဂုဏ်၊ နူးညံ့သိမ်မွေ့သော ကိုယ်နှုတ်နှလုံးရှိသည့် မုဒုဂုဏ်၊ မမောက်မမာလွန်းစွာ နှိမ့်ချအပ်သော မာနရှိသည့် အနတိမာနိဂုဏ်၊ တည်ကြည် သမာဓိရှိတော်မူသည့် ထိရဂုဏ်၊ ငြိမ်သက်သော ဣန္ဒြေရှိတော်မူသည့် သန္တိန္ဒြိယဂုဏ်တို့နှင့် ပြည့်စုံတော်မူသောကြောင့် ရဟန်းရှင်လူများ၏ ချစ်ခင်ကြည်ညို ရိုသေလေးစားခြင်းကို ခံရတော်မူသည်။

## ဘွဲ့တံဆိပ်တော်များ အလှူခံရရှိတော် မူခြင်း

ဆရာတော်ကြီးသည် ၁၃၅၀ ပြည့်နှစ်၌ ပြည်ထောင်စုမြန်မာနိုင်ငံတော်၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့မှ ဆက်ကပ်သော အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်ကိုလည်းကောင်း၊ ၁၃၅၈ ခုနှစ်၌ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်ကိုလည်းကောင်း ရရှိတော်မူသည်။ ၁၃၅၉ ခုနှစ်တွင် အဘိဓဇမဟာရဋ္ဌဂုရုဘွဲ့တံဆိပ်တော်ကို အလှူခံ ရရှိတော်မူ



လေးအိမ်တန်း ရွာဦးကျောင်းဆရာတော်နှင့် စာရေးသူ



www.burmeseclassic.com

www.burmeseclassic.com

သည်။ ၂၀၀၆ ခုနှစ်၊ ဇွန်လ (၄)ရက်နေ့ ၌ ထိုင်းနိုင်ငံ ဗန်ကောက်မြို့ မဟာချူလာလောင်ကွန်းရာဇဝိဇ္ဇာလယ တက္ကသိုလ်မှ ဆက်ကပ် လှူဒါန်းသော ဗုဒ္ဓစာပေဆိုင်ရာ ဂုဏ်ထူးဆောင် ပါရဂူ Ph.D ဒေါက်တာဘွဲ့ကို အလှူခံရရှိတော်မူသည်။

*ဘဝနတ်ထံပျံလွန်တော်မူခြင်း*

ဆရာတော်ကြီးသည် သက်တော် (၈၈)နှစ် သိက္ခာတော် (၆၈)ဝါအရ၊ ၁၃၇၁ ခုနှစ် တန်ခူးလဆန်း (၁၅)ရက် ၂၉ဒု၊ ၂၀၁၀ တနင်္လာနေ့ မွန်းလွဲ ၁နာရီ ၄၅မိနစ် အချိန်တွင် ရန်ကုန်မြို့ ပြည်သူ့ဆေးရုံကြီး၌ ဘဝနတ်ထံ ပျံလွန်တော်မူခဲ့သည်။

ဆရာတော်ဘုရားကြီး၏ ဥတုဇရုပ်ကလာပ်တော်ကို ၁၃၇၁ ခုနှစ်၊ တန်ခူးလဆုတ် (၁)ရက်၊ ၃၀. ၃.. ၂၀၁၀ အင်္ဂါနေ့ နံနက်(၁၁)နာရီ (၅၀)မိနစ်တွင် ရန်ကုန်မြို့မှ မကွေးမြို့သို့ အထူးလေယာဉ်ဖြင့် ပင့်ဆောင်ခဲ့ပြီး မကွေးမြို့ မဟာဝိသုတာရာမတိုက်သစ် တုလွတ်ဝေယံ သိမ်တော်ကြီး အောက်ထပ်၌ အပူဇော်ခံထားရှိခဲ့ပါသည်။

၁၃၇၁ ခုနှစ်၊ တန်ခူးလဆုတ် (၁၄)ရက်၊ ၁၂. ၄. ၂၀၁၀ တနင်္လာနေ့ မြသလွန်ဘုရားပွဲကွင်း၌ အန္တိမစျာပန ပူဇာသဘင်ဆင်ယင်ကျင်းပခဲ့ပါသည်။ ၁၃၇၁ ခုနှစ်၊ ကဆုန်လဆန်း (၁)ရက် ၁၃. ၄. ၂၀၁၀ အင်္ဂါနေ့ နံနက်တွင် ဆရာတော်ဘုရားကြီး၏ သရီရဓာတ်ပြာတော်များကို ရွှေအိုးဖြင့် ထည့်ပြီး ဧရာဝတီမြစ်အတွင်းဝယ် ရေမျှောပူဇော်ကာ ဓာတုပဝါဟနပူဇာသဘင် ဆင်ယင်ကျင်းပခဲ့ပါသည်။

ဆရာတော်ဘုရားကြီး၏ သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်တို့ကို ဦးညွှတ်လျက်. . .

❒ **မောင်နန္ဒ(အထက်မင်းလှ)**

ဘာသာတရားများသည် ကြောက်ရွံ့မှုမှ အစပြု၏။ နောက်မှ တဖြည်းဖြည်းချင်း မြင့်မြတ်မှုသဘောကို ဆောင်၏။ ကြောက်ရွံ့ခြင်း ဟူသည်မှာလည်း ငြိမ်းချမ်းခြင်း၏ ဆန့်ကျင်ဘက် ဖြစ်သည်။

အမှန်အားဖြင့် လူတို့သည် ဘဝတွင် ငြိမ်းချမ်းစွာနေလိုကြ၏။ ငြိမ်းချမ်းစွာနေလိုမှုကို အကြောင်းပြု၍ ဘာသာတရားကို ကိုးကွယ်ကြခြင်း ဖြစ်၏။ ငြိမ်းချမ်းစွာနေလိုမှုသည်လည်း မြင့်မြတ်မှုတွင် ပါဝင်ကြောင်း တဖြည်းဖြည်းချင်း သိလာကြ၏။ ယခုအချိန်တွင် မြင့်မြတ်မှုသည် ဘာသာတရား၏ အနှစ်သာရ ဖြစ်၍ သွားလေပြီ။

မြင့်မြတ်မှု၏ သရုပ်အနေနှင့် ဗြဟ္မစိုရ်တရားကို ဘာသာတရား၌ အတိအလင်း ဖော်ပြကြ၏။ ဗုဒ္ဓဘာသာ၌ကား ဗြဟ္မစိုရ်တရားထက် မြင့်မားသော သစ္စာလေးပါးတရားကို ဖော်ပြထား၏။ အတိအလင်းပင် ဖြစ်လေသည်။

ငြိမ်းချမ်းမှုကိုလည်း သန္တိသုခအနေဖြင့် ဖော်ပြထား၏။ အခြားမည်သည့် ဘာသာတရားတွင်မှ သစ္စာလေးပါးနှင့် သန္တိသုခကို ဖော်ပြထားခြင်း မရှိချေ။ အလွန်ဆုံးအနေဖြင့် ဗြဟ္မစိုရ်တရားကိုသာ ဖော်ပြထားကြ၏။

ဗြဟ္မစိုရ်တရား ဟူသည် ဗုဒ္ဓဘာသာတရား ဒေသနာတော်အရဆိုပါလျှင် ဗြဟ္မာ့ပြည်သို့ ရောက်စေနိုင်သော တရားဖြစ်၏။ ထို့ကြောင့် ဗြဟ္မစိုရ်တရားသည် လောကဓမ္မများတွင် မြင့်မြတ်သော တရားဖြစ်၏။ လောကုတ္တရာဓမ္မနှင့်စာလျှင်သာ အဆင့်နိမ့်ခြင်း သဘောရှိပါ၏။ အားလုံးခြုံ၍ဆိုရလျှင် ဘာသာတရားဟူသမျှသည် သူ့နည်းနှင့် သူ မြင့်မြတ်သောသဘောကို ဆောင်သည်ချည်း ဖြစ်လေသည်။

အမှန်အားဖြင့် ဘာသာတရားဟူသမျှသည် ဝိညာဏက္ခန္ဓာ၏စေ့ဆော်ချက်အရ ပေါ်ပေါက်လာခြင်း ဖြစ်၏။ ဘာသာတရားများသည်လည်း ရပ်တန့်နေသည်မဟုတ်၊ အနက်အဓိပ္ပာယ်အားဖြင့် အစဉ်တိုးတက်လျက်ပင်ရှိသည်။

ရပ်တန့်ခြင်းသည် သညာက္ခန္ဓာ၏ တာဝန်ဟုဆိုပါလျှင် တိုးတက်ခြင်းသည် သင်္ခါရက္ခန္ဓာ၏ တာဝန်ဖြစ်၏။

ထို့ကြောင့် ဘာသာတရားများကိုလည်း သညာက္ခန္ဓာနှင့် သင်္ခါရက္ခန္ဓာတို့က ပံ့ပိုးနေသည်သာ ဖြစ်၏။

ထို့ကြောင့် ဘာသာတရားဟူသည် ရှေးအကျဆုံးဖြစ်လေ ပို၍ကောင်းလေဟူသော အမြင်ကိုမူ ယနေ့ခေတ်တွင် အားလုံးကလက်ခံထားလေသည်။ ထိုသို့လက်ခံထားခြင်းမှာ ဘာသာတရား တစ်ခုခုကို မူလဘူတ ပြုစုသူ၏ အနက်အဓိပ္ပာယ်အတိုင်း သိလိုသောကြောင့် ဖြစ်လေသည်။

ယနေ့ခေတ်တွင် ဘာသာမဲ့ အမည်ခံသူများပင် ပေါ်ပေါက်လျက်ရှိလေပြီ။ ဘာသာမဲ့ဟူသည်မှာလည်း ကိုးကွယ်ယုံကြည်မှုဆိုင်ရာ ဘာသာတစ်ခု၏ အမည်ပင်ဖြစ်လျက် ရှိလေသည်။ အရင်းအမြစ်ကို စစ်လိုက်လျှင် လူ့သမိုင်းတွင် လူသားများကို ကောင်းစားစေလိုသော စိတ်ထားသည် ဘာသာရေး အခြေခံဖြစ်သည်။


ဘဝအသိုင်းအဝိုင်းရှိ သည့်အနက် ဝိညာဏက္ခန္ဓာနှင့် ပတ်သက်သော အသိသည်သာ လူ့သမိုင်း၌ လူသားအားလုံးကို ကောင်းစားစေလိုသော စိတ်ထားနှင့် ဆိုင်၏။

ထို့ကြောင့် ဘာသာမဲ့ဆိုသူများသည်လည်း ကိုးကွယ်ယုံကြည်မှုဆိုင်ရာ ဘာသာတစ်ခုကို ကိုးကွယ်ယုံကြည်သူဖြစ်သည်ဟူ၍ ဆိုခြင်းဖြစ်၏။ သို့ဖြစ်လေရာ လူဟူသည် ဘာသာတစ်ခုကို မကိုးကွယ်ဘဲ မနေနိုင်သော ဘာသာ



www.burmeseclassic.com

www.burmeseclassic.com




# ဘဝသဘောတရားဟူသည်

ဆန်းဝင်း (အောင်မြေ)

ရေးသတ္တဝါဖြစ်သည်ဟူသော အနက် အဓိပ္ပာယ်သည် သူ့အလိုလို ပေါ်ပေါက်လာလေသည်။

ဘဝအသိငါးမျိုးတို့သည် ပုဂ္ဂိုလ်တို့၏ သန္တာန်၌ ဗီဇအနေဖြင့် ရှိကြသည် မှန်၏။ သို့ရာတွင် ထိုအသိငါးမျိုးလုံး တစ်ပြေးညီ ရှိကြသည် မဟုတ်။ သူ့အဆင့်နှင့်သူ သူ့စရိုက်နှင့်သူ ရှိနေကြခြင်းဖြစ်၏။ ဘဝအသိများ တစ်ဦးနှင့်တစ်ဦး မတူဘဲ အနုအရင့် ကွဲပြားခြင်းမှာ ဗုဒ္ဓဒေသနာတော်အရ ပြောရပါက ပါရမီ အနေဖြင့် အနုအရင့်ကွဲပြားခြင်းဖြစ်၏။

ပါရမီဟူသည်ကား လုပ်ယူလျှင်ရကောင်းသော ဓမ္မဖြစ်၏။ ထို့ကြောင့် ဘဝအသိများသည် ဝိညာဏက္ခန္ဓာ၏ ဘဝအသိက ထိန်းချုပ်နိုင်သော အသိမျိုးဖြစ်အောင် ကြိုးပမ်းရမည်ဖြစ်လေသည်။

ဝိညာဏက္ခန္ဓာ၏ ဘဝအသိက ထိန်းချုပ်နိုင်သော ဘဝအသိမျိုးဖြစ်ပါမှသာ လူတို့သည် သံသရာတွင် ချမ်းသာကို ကျော်လွန်ပြီး သံသရာလွန်ချမ်းသာကို ရရှိနိုင်ပေလိမ့်မည်။

လူသားတို့ အနေဖြင့် တောင့်တအပ်သော ချမ်းသာများတွင် လွတ်မြောက်မှုချမ်းသာသည်သာ အစစ်အမှန်တောင့်တထိုက်သော ချမ်းသာဖြစ်ကြောင်း အားလုံးက လက်ခံထားကြ၏။ လွတ်မြောက်မှု ချမ်းသာဟူသည် နိဗ္ဗာန်ချမ်းသာပင် ဖြစ်လေသည်။

သံသရာ ချမ်းသာဟူသည်မှာ အိပ်မက်ချမ်းသာသာ ဖြစ်၏။ အိပ်မက်ချမ်းသာဟူသည်မှာ မနိုးသေးမီကာလအတွင်း ချမ်းသာသော ချမ်းသာဖြစ်၏။ တကယ်ချမ်းသာမဟုတ်၊ နိုးသည်နှင့် တစ်ပြိုင်နက် အိပ်မက်ချမ်းသာကို ရှာဖွေ၍ မတွေ့ရှိတော့။ တကယ်တမ်းချမ်းသာကား နိုးနေစဉ်ကာလအတွင်း ရရှိသော ချမ်းသာ ဖြစ်၏။ နိုးနေစဉ်ကာလအတွင်း ရရှိသော ချမ်းသာဟူသည် သစ္စာလေးပါးကို မျက်မှောက်ပြုသောအားဖြင့် ရရှိသော လောကုတ္တရာချမ်းသာ ဖြစ်လေသည်။

ပုထုဇဉ်တို့၏ လူ့ဘဝဟူသည် အိပ်မက်ပင်ဖြစ်၏။ အိပ်မက်အတွင်း၌ ဖြစ်သမျှတို့သည် ဘာမျှ ရေရာသည် မဟုတ်၊ မြေကို လျှိုးချင်လည်း လျှိုးနိုင်၏၊ မိုးကို ပျံချင်လည်း ပျံနိုင်၏။ အားလုံး ဖြစ်ချင်သလို ဖြစ်နိုင်၏။

ထို့အတူ လူ့လောကၡ၌မကောင်းမှု ဒုစရိုက်ဖြင့်လည်း ချမ်းသာနိုင်၏။ ကောင်းမှု သုစရိုက်လုပ်ငန်းများဖြင့်လည်း မွဲတေနိုင်၏။ အိပ်မက်ဘဝ၏ နိယာမကို သိရန် ခဲယဉ်းသကဲ့သို့ပင် လူ့ဘဝ၏ နိယာမကို သိရန်ခဲယဉ်းပါ၏။ သို့ရာတွင် အိပ်မက်အတွင်း၌ မှန်ကန်



www.burmeseclassic.com

www.burmeseclassic.com

သော နိယာမရှိသလို လူ့ဘဝအတွင်း၌လည်း မှန်ကန်သော နိယာမရှိသည်။

နိယာမ ရှိသော်လည်း သိနိုင်ရန် အလွန်ခဲယဉ်း၏။ ထို့ကြောင့်လည်း "ကမ္မဝိသယော အစိန္တေယျော" ကံ၏ အရာဟူသည် မကြံစည်နိုင်လောက်အောင် ခဲယဉ်းသည်ဟူ၍ ဆိုခြင်း ဖြစ်တန်ရာ၏။

အမှန်အားဖြင့် လူ့ဘဝ၌ ဖြစ်ဖြစ်သမျှသည် ပဓာနအားဖြင့်ကံကြောင့် ဖြစ်ကြခြင်း ဖြစ်၏။ အခြား အကြောင်းများကား အပဓာနအားဖြင့်သာ ပါဝင်ကြခြင်း ဖြစ်သည်။

လူ့ဘဝကား အိပ်မက်သဖွယ် ဖြစ်ခြင်းမှာ ဝိပ္ပလ္လာသတရားများ လွှမ်းမိုးသောကြောင့် ဖြစ်၏။ ဝိပ္ပလ္လာသတရားများကား လူ့ဘဝ၏ အရာရာတိုင်းကို လွှမ်းမိုး၏။ ကံကိုလည်း လွှမ်းမိုး၏။ ဉာဏ်ကိုလည်း လွှမ်းမိုး၏။ အခြား မည်သည့် အရာမဆို လွှမ်းမိုး၏။

ဝိပ္ပလ္လာသ လွှမ်းမိုးခြင်းခံရသော လူ့ဘဝသည် အဘယ်သို့လျှင် မှန်ကန်သော အသိကို ရနိုင်ပါအံ့နည်း။ ယထာဘူတကျသော အသိကို ရနိုင်ပါမည်နည်း။ အမှန်က ဝိပ္ပလ္လာသဟူသည်မှာ မှားယွင်းခြင်းဖြစ်၏။ လင်းတငှက်များက ခွေးသေကောင်ပုပ်ကို ဣဋ္ဌာရုံအဖြစ်မြင်၏။ ဝက်များက မစင်ကို ဣဋ္ဌာရုံအဖြစ်မြင်၏။ သို့ဖြစ်လျှင် လူတို့၏ အမြင်ကကော ဘာများခြားနားပါသနည်း။

သူ့ဝိပ္ပလ္လာသနှင့်သူပင် ဖြစ်လေသည်။ တကယ်တမ်းပြောမည်ဆိုလျှင် ဘယ်သူက ဘယ်သူ့ကို မှန်သည် ပြောနိုင်ပါသနည်း။ အမှားကြီးနှင့် အမှားငယ်သာ ကွာခြားလေသည်။

မှားသည်ကတော့ အားလုံးပင် အိပ်မက်ဘဝ၌ မနိုးမီကာလအတွင်း အားလုံးကမောက်ကမချည်းသာ ဖြစ်၏။ ကမောက်ကမဖြစ်သော်လည်းကမောက်ကမ၏ နိယာမအတိုင်း ဖြစ်နေသဖြင့် အမှန်ဟူ၍တော့ ဆိုနိုင်၏။ ထိုအမှန်ကား ကမောက်ကမ အမှန်သာလျှင် ဖြစ်လေသည်။

နောက်ဆုံး ဘဝအသိကား ပဉ္စမမြောက် ဘဝအသိ ဖြစ်သည်။ ယင်းဘဝအသိသည် မြင့်မြတ်သူနှင့် ဆိုင်၏။

လူဟူသည် ကောင်းကောင်းစား၊ ကောင်းကောင်းဝတ်၊ ကောင်းကောင်း နေထိုင်ကာ ကျန်းမာနေရုံမျှနှင့်လည်း ကျေနပ်သည်မဟုတ်။ ပျော်ရွှင်ချမ်းမြေ့နေရုံမျှနှင့်လည်း ကျေနပ်သည် မဟုတ်။ အသိပညာရှင်၊ အတတ်ပညာရှင် ဖြစ်ရုံမျှနှင့်လည်း ကျေနပ်သည် မဟုတ်။ တီထွင်နိုင်စွမ်းရှိနေရုံနှင့်လည်း ကျေနပ်သည်မဟုတ်။ မြင့်မြတ်သူလည်း ဖြစ်ချင်သေး၏။

လက်တွေ့အားဖြင့် အတ္တဆန်ပြီး မကောင်းမှုဒုစရိုက်များကို ကျူးလွန်နေသူပင်ဖြစ်စေကာမူ စိတ်ထားဖြောင့်မတ်တယ်ဟူသော ဂုဏ်ကိုမူ လိုချင်သည်သာ ဖြစ်၏။ ကောက်ကျစ်စဉ်းလဲတယ်ဟူသော ဂုဏ်ကိုပင် စိတ်ရင်းအားဖြင့် လိုချင်သူဟူ၍ မရှိ။

မလိုချင်ပါပဲနှင့် အရွဲ့တိုက်ပြီးလို ချင်ဟန်ဆောင်ခြင်းသာ ဖြစ်နိုင်ကောင်း ဖြစ်နိုင်ပေလိမ့်မည်။ အမှန်အားဖြင့် အရွဲ့တိုက်ခြင်းသည်ကား လောကတွင် ရှိနိုင်ပါ၏။ သို့ရာတွင် အရွဲ့တိုက်ခြင်းကား ပင်ကိုစိတ်ရင်း မဟုတ်။

စိတ်ထားဖြောင့်တယ် ဟူသော ဂုဏ်သည် မြင့်မြတ်မှု၌ ပါဝင်၏။ မြင့်မြတ်မှုသည် ဝိညာဏက္ခန္ဓာကို အခြေခံ၏။ ဝိညာဏက္ခန္ဓာမှ ဆင်းသက်၏။ ထို့ကြောင့် ဝိညာဏက္ခန္ဓာ၏ ဘဝအသိ ဟူ၍ ဆိုရ၏။ အမှန်အားဖြင့် ကိုးကွယ်ယုံကြည်မှုဆိုင်ရာ ဘာသာတရား ဟူသမျှသည် မြင့်မြတ်မှု၏ အသွင်သဏ္ဌာန်များ ဖြစ်လေသည်။

ထို့ကြောင့် လူတို့သည် မိမိကိုယ်ကိုယ် မြင့်မြတ်သူများ ဖြစ်ပါစေခြင်း အကျိုးငှာ ဘာသာတရားများကို ကိုးကွယ်ကြခြင်း ဖြစ်လေသည်။ မြင့်မြတ်မှုသည် စိတ်၏ငြိမ်းချမ်းမှုကို ဖြစ်ပေါ်စေတတ်၏။ ဖြစ်ပေါ်စေနိုင်၏။

စိတ်၏ ငြိမ်းချမ်းမှုကား စိတ်၏ ပျော်ရွှင်မှု မဟုတ်။ စိတ်၏ ပျော်ရွှင်မှုနှင့် သီးခြားစီဖြစ်၏။ စိတ်၏ ပျော်ရွှင်မှုသည် ဝေဒနက္ခန္ဓာ၏ အလုပ်ဖြစ်၏။ စိတ်၏ ငြိမ်းချမ်းမှုသည် ဝိညာဏက္ခန္ဓာ၏ အလုပ်ဖြစ်၏။ အလုပ်ချင်း ဤသို့လျှင် ခြားနား၏။

သစ္စာလေးပါးကို မျက်မှောက်ပြုနိုင်မှ နိုးကြားသည် မည်၏။ ထိုအခါ ဝိပ္ပလ္လာသတရားများ ကင်းသွားလေပြီ ဝိပ္ပလ္လာသတရားများ ကင်းသွားသည်နှင့် တစ်ပြိုင်နက် ပုထုဇဉ်ဘဝက သုခဟု ထင်ခဲ့သမျှ ဒုက္ခမှန်းသိတော့၏။ အတ္တဟု ထင်ခဲ့သမျှ အနတ္တမှန်းသိတော့၏။ နိစ္စဟု ထင်ခဲ့သမျှ အနိစ္စမှန်းသိတော့၏။ သုဘဟု ထင်ခဲ့သမျှ အသုဘမှန်းသိတော့၏။

အမှန်အားဖြင့် ဝိပ္ပလ္လာသကင်းခြင်းသည် အလင်းရောင်လာခြင်းပင် ဖြစ်၏။ အမှောင်ထဲ၌ ကြည့်လျှင် ဘာကိုမဆို သဲသဲကွဲကွဲ မမြင်၊ အလင်းရောင်ထဲ၌ကြည့်ပါက အရာရာတိုင်းကို သဲသဲကွဲကွဲ မြင်နိုင်၏။

အလင်းရောင် မရခင်က လူ့ဘဝသည် ပုထုဇဉ်ဘဝအနေနှင့် အမှောင်ထဲ၌ မက်နေသော အိပ်မက်ဖြစ်၏။ အလင်းရောင်ရသောအခါ လူ့ဘဝသည် အရိယာဘဝအနေဖြင့် အလင်းရောင်နှင့်တွေ့၍ နိုင်လေပြီ။ နိုးသောအခါမှသာ အလင်းရောင်ထဲ၌ အရာရာတိုင်းကို အမှန်အကန် သိနိုင်မည်ဖြစ်၏။

ထို့ကြောင့် အိပ်မက်ဘဝမှ နိုးသွားအောင် ဘဝအသိ ငါးမျိုးတွင် ဝိညာဏက္ခန္ဓာဘဝအသိကို ထက်မြက်သည်ထက် ထက်မြက်အောင် ကြိုးပမ်းအပ်ပါကြောင်း ရေးသားရပါတော့သတည်း။

❒ ဆန်းဝင်း(အောင်မြေ)

ကျမ်းကိုး- ကိုယ်ကျင့်ပုဒ္ဓဝင် (ဦးရွှေအောင်) ဒုတိယကွဲအား မှီငြမ်းပါသည်။



www.burmeseclassic.com

www.burmeseclassic.com



# သာသနာပြုပုဂ္ဂိုလ်အကျော်

# ရသေ့ကြီးဦးခန္တီ

မောင်လွမ်းနွယ် (အောင်လံ)

ထေရဝါဒ ဗုဒ္ဓဘာသာသမိုင်းတွင် သာသနာပြု ပုဂ္ဂိုလ်အကျော် ရသေ့ကြီး ဦးခန္တီ၏ ထေရုပ္ပတ္တိသမိုင်းစဉ်နှင့် သာသနာပြုလုပ်ငန်းစဉ်များကို [illegible] သိရှိနိုင်ရန်အတွက် စာရေးသူသည် ကြိုးစားသော လှံ့လထား၍ လေ့လာ ရှာဖွေ၊ စုစည်း၊ ထုံးဖွဲ့ ရေးသားခြင်းပါသည်။ အမှားအယွင်း အကျအပေါက်မရှိရလေအောင် အထူးဂရုပြုရေးသည်းပါသည်။

## ငယ်ဘဝအကျဉ်း တစ်စွန်းတစ်စ

သာသနာပြု ပုဂ္ဂိုလ်အကျော် ရသေ့ကြီးဦးခန္တီကို ရမည်းသင်းမြို့နယ် အနောက်တောင် တပ်ကုန်းမြို့ ရွာသာသာကျေးရွာ (မူကွဲ၊ သိမ်ကုန်းရွာ) တွင် အဖ ဦးရွှေလှ+ အမိ ဒေါ်ခိုဉ (မူကွဲ ဒေါ်ကန်) တို့မှ ကောဇာသက္ကရာဇ် ၁၂၂၉ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၅ ရက် တနင်္လာနေ့တွင် ဖွားမြင်သည်။ ငယ်နာမည်မှာ မောင်ဖိုးမောင် ဟုခေါ်ပါသည်။ မောင်ဖိုးမောင်ကို ကိုယ်ဝန်လွယ်ထားစဉ်ကာလက မယ်တော် ဒေါ်ခိုဉသည် ထူးဆန်းလှစွာ အိပ်မက်သုံးခုကို မြင်မက်ခဲ့သည်။

ယင်းအိပ်မက်သုံးခုတို့မှာ. .

(က) သမုဒ္ဒရာပင်လယ်ရေပြင်ကျယ်ကြီးတွင် ရွှက်လှေသင်္ဘောကြီး တစ်စင်းကို မိမိကိုယ်တိုင် တစ်ဦးတည်း စီးနင်းလိုက်ပါနေခဲ့ပြီး လေးစင်းသော သမုဒ္ဒရာတို့ကို လှည့်ပတ်နေစဉ် ကြီးမားဆန်းကြယ်လှစွာသော အံ့ဖွယ်အတိရှိဘိသော လှိုင်းတံပိုးတို့သည် လှိုင်းလုံးကြီးများအဖြစ် လိမ့်ဆင်းလာကြသော်လည်း ဒေါ်ခိုဉ စီးနင်းလိုက်ပါလာသော ရွှက်လှေသင်္ဘောကြီးအနီးသို့ ရောက်သောအခါ အလိုလို ပျောက်ကွယ်သွားခြင်း။

(ခ) လေးစင်းသော သမုဒ္ဒရာကို လှေ၊ သင်္ဘောတို့ဖြင့် ကူးရာ၌ တစ်ခဏချင်း အတွင်းမှာပင် ပတ်မိနိုင်ခဲ့ခြင်း။

(ဂ)အရှေ့လောကဓာတ်မှ ထွက်ပြူလာသည့် နေလနှစ်ပါးသည် မျက်ဝါးထင်ထင်မြင်နေရင်းက မိမိ၏ ခံတွင်းသို့ ပြေးဝင်လာတော့သည်ဆိုသည့် အခြင်းအရာကို မြင်မက်လေသည်။ မွေးဖွားရာတွင်လည်း သရဖီပင်ကြီး အောက်တွင် ဖွားမြင်ခဲ့သည်။ ဇာတာကို စစ်ဆေးကြည့်သောအခါ ဘုန်းတော်ကြီး (သို့မဟုတ်) မင်းဇကရာဇ်တစ်ပါး အဖြစ်မချွတ်ဧကန် အမှန်ဖြစ်လိမ့်မည်ဟု ဟောဆိုကြသည်။ သိမ်ကုန်းကျောင်းတိုက် ဆရာတော်ကြီးမှ ခန္တီဟူသော နာမည်ကိုပေးခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com

မြန်မာသက္ကရာဇ် ၁၂၄၉ ခုနှစ်တွင် သိမ်ကုန်းကျောင်းတိုက် ဆရာတော်ကြီးကိုပင် ဥပဇ္ဈာယ်ပြု၍ ရဟန်းအဖြစ်သို့ ရောက်ခဲ့လေသည်။

**ရဟန်းဘဝနှင့် ရှိနေခဲ့စဉ်ကာလ**

ရဟန်းဘဝကို ရပြီးနောက် သိမ်ဆိမ့်ဆရာတော်ဘုရားကြီး ဆရာတော်၊ စစ်ကိုင်း ထွင့်ခေါင်ဆရာတော်၊ ဆရာတော်ဦးသီလ စသည့် ဆရာတော်ကြီးများထံ တရားဘာဝနာနှင့် ဝိပဿနာကမ္မဋ္ဌာန်းတရားတို့ကို ပင်ပန်းကြီးစွာ ရှာမှီး၏။ ရွှေဂူ ကန်ပေါက်တောရ၊ နဝင်းတောရ၊ ပင်စု ရွှေဆံတော်တောရများတွင် တရားဘာဝနာအလုပ်ကို အားထုတ်တော်မူခဲ့သည်။ ယင်းသို့ ကျင့်ကြံအားထုတ်ပြီး ရဟန်းဘဝ (၁၂)ဝါအရတွင် ရသေ့ဘဝသို့ ကူးပြောင်းခဲ့ပြီး သားခိုတောင်၌ နေထိုင်ခဲ့သည်။ ၁၂၆၁ ရောက်သောအခါ ရွှေမြင်တင်တောင်သို့ ထွက်ခွာလာခဲ့ရာ ရွှေမြင်တင်ရသေ့ အမည်တွင်ခဲ့သည်။

ရသေ့ဦးခန္တီ အနေဖြင့် ရဟန်းဘဝ (၁၂)ဝါရပြီးနောက် ရဟန်းတော်တို့၏ သိက္ခာပုဒ်များကို လေးစားလွန်းသည့်အတွက် ရသေ့ဘဝသို့ ကူးပြောင်းခဲ့ခြင်းပင်ဖြစ်သည်။

**မန္တလေးတောင်က မြွေကြီးနှစ်ကောင်**

ရသေ့ကြီးဦးခန္တီအဖြစ် မန္တလေးတောင်သို့ ရောက်ခါစ ၁၂၆၉ ခုနှစ်ခန့်တွင် မန္တလေးတောင်ကြီးကို ပြုပြင်ရန်အတွက် ကနဦး တောရှင်းလင်းသည့် လုပ်ငန်းကို စတင်သောအခါတွင် စပါးအုံးမြွေကြီး နှစ်ကောင်ကို တွေ့ရလေတော့သည်။ မြွေကြီးများမှာ လုံးပတ်နှစ်ပေခန့် စီရှိကြပြီး အလျား ၁၂ပေခန့် စီရှိကြ၍ ရသေ့ကြီးဦးခန္တီကပင် ကောင်းမွန်စွာ မွေးမြူထားခဲ့လေသည်။ ယင်းမြွေကြီးနှစ်ကောင် မရှိသောအခါမှ အမှတ်တရအလို့ငှာ ထိုမြွေကြီးနှစ်ကောင် ပုံသဏ္ဌာန်ဖြင့် ပြုလုပ်ထားရှိခဲ့ခြင်းပင် ဖြစ်သည်။

***ဂန္ဓာရီ ခရီးစဉ်နှင့် ဘုရား၊ သိမ်၊ ကျောင်း၊ တန်ဆောင်း၊ ကန်၊ ဇရပ်များ တည်ဆောက်ပြုပြင်ခြင်း***

ရသေ့ကြီးဦးခန္တီသည် မြို့ပေါင်း (၂၀)ရှိ နေရာဌာနပေါင်း (၄၇)နေရာတို့တွင် ဆောက်လုပ်လှူဒါန်းကုသိုလ်တော် အစုစုတို့ ဆောင်ရွက်တော်မူခဲ့သည်။ ယင်းကြောင့် မန္တလေးတောင် တောင်ခွင် သာသနာပိုင် ဆရာတော်ကြီးမှ ကိုယ်တော်တိုင် ရသေ့ကြီးဦးခန္တီသည် အံ့ဩဖွယ် သာသနာပြုလုပ်ငန်းများကို ဆောင်ရွက်တော်မူနိုင်ခဲ့ပေသောကြောင့် သာသနာ့ဟိတဓဇ နာယက ဘွဲ့တံဆိပ်တော်ကို ချီးမြှင့်တော်မူခဲ့သည်။

ဆောက်လုပ်လှူဒါန်းမှု ကုသိုလ်အရပ်ရပ်ကို စုစည်း ဖော်ပြရမည်ဆိုပါလျှင်. . .

မန္တလေးတွင် မန္တလေးတောင်၊ ရန်ကင်းတောင်၊မယ်ခတောင်၊ အာနန္ဒာ၊ နန်းတွင်းတောရ၊ ရွှေစာရံ၊ ကျောက်တော်ကြီး၊ စန္ဒာမုနိ၊ ကုသိုလ်တော်၊ သကျသီဟ၊ တောင်ပြုံး ဆုတောင်းပြည့်၊ ဆုတောင်းရ ပြင်ဦးလွင်တွင် ဉာဏ်တော် မဟာမြတ်မုနိ၊ ရေဝင်တောင်။ နမ္မတူတွင် ရွှေမြင်သာတောင်၊ သီပေါတွင် ဘော်ကြိုဘုရား၊ စစ်ကိုင်းတွင် ဆင်များရှင်၊ ရှင်ဖြူရှင်လှ၊ မိုးကောင်းတွင် မန်းဦးတောင်၊ တောင်ကြီးတွင် ရပ်တော်မူဘုရား၊ ပင်းတယတွင် ရွှေဥမင်ဘုရား၊ လိုဏ်ဂူ။ ရမည်းသင်း တွင် ရွှေမြင်တင်၊ တောင်ပခြုပ်၊ ရွှေယင်ကျော်၊ ရွှေယင်အိ၊ ရွှေယင်ဖုံးမင်းသမီး၊ မဟာမြတ်မုနိ၊ ပျော်ရွှာ၊ မိတောက်ကုန်း (ညောင်လွန်)

နေပြည်တော် ပျဉ်းမနားတွင် ဆင်ဖြူတောင်၊ စူဠာမနိ(ဓမ္မိကတောင်)၊ နေပြည်တော် လယ်ဝေးတွင် ရွှေလက်လှ ဘုရား၊ ပဲခူးတွင် ရွှေဟင်္သာကုန်း၊ နောင်တော်ကြီး၊ မော်လမြိုင်တွင် အလံတင်တောင် (ဦးခန္တီ) ဘုရား၊ သထုံတွင် မဟာမြတ်မုနိ၊ ရဟန္တာကျောင်း၊ ဓာတ်တော်စေတီ၊ ရွှေစာရံ ကျောက်စာ။ ချောင်းဆုံတွင် မြင်းမိုရ်တောင်၊ ပုပ္ပါးတွင် ရွှေသာကျောင်း၊ ကျောက်ဆည်တွင် ရွှေဆပ်သွား၊ မိုးကုတ်တွင် ထီးတောင်၊ မင်းဘူးတွင် မန်းစက်တော်၊ ကျောင်းတော်ရာ (ဆယ်တော်) မဟာမြတ်မုနိ၊ အင်းဝ (တံတားဦး) တွင် မင်္ဂလာစေတီတို့ပင် ဖြစ်ပါသည်။

[လက်စွဲတော် ပန်းရန်၊ ပန်းပဲ၊ ပညာရှင်များကိုသာ အသုံးပြု တည်ဆောက်ခဲ့သည်ချည်း ဖြစ်သည်။ သစ်၊ ဝါးမပါဘဲ သံ၊ သဲ၊ ကျောက်၊ ဘိလပ်မြေ (အင်္ဂတေ)များဖြင့်သာ ပြုလုပ်ခဲ့ခြင်း ဖြစ်သည်။ မန္တလေးတောင်တော်တစ်ခုတည်းပင် ကျပ်သိန်း ၁၁၆ သိန်းကျော် ကုန်ကျခဲ့သည်။]

**ရမည်းသင်း (ညွန်း)**

ရမည်းသင်းမြို့ ရွှေမြင်တောင်တော်မှာပင် ရသေ့ကြီး ဦးခန္တီသည် ၁၂၆၁ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၁၄ ရက်နေ့မှ စတင်ပြီး (၈)နှစ်တိတိ ကြာအောင်နေထိုင်ခဲ့ပြီး စေတီတော်ပေါင်း (၇၄၉)ဆူ၊ ရုပ်ပွားတော်ပေါင်း (၁၅)ဆူ၊ စက်တော်ရာတစ်ဆူ၊ ကြေးသွန်းခေါင်းလောင်းကြီးနှစ်လုံး၊ ကျောက်ဂူကြီး(၁)ဂူ၊ ရုပ်တုပေါင်း (၈)ခု၊ ရေကန်ကြီး (၂)ကန်၊ ရေတွင်း(၇)တွင်း၊ ဆွမ်းတော်တင်ပလ္လင် (၄)ခုနှင့် စောင်းတန်းများကိုပြီးစီးအောင် ပြုလုပ်ခဲ့သည်။

ရမည်းသင်းမြို့၏ အရှေ့ဘက် (၁၀)မိုင်အကွာတွင်ရှိနေသည့် ချမ်းသာရစေတီ၊ ကျောက်ဆင်စေတီ၊ ဆုတောင်းပြည့်စေတီနှင့် ကျိုက်ထီးရိုးစေတီ (၄)ဆူတို့ကို တည်ထားခဲ့ပြန်သေးသည်။

မန္တလေးတောင် အနောက်ဘက်၌ ဓာတ်တော်ပြခန်း၊ မိုးထိတိုက်အတွင်းရှိ မြတ်စွာဘုရား ပရိနိဗ္ဗာန်စံဝင်တော်မူခန်း၊ ဉာဏ်တော် (၁၈)တောင်ရှိ ရုပ်ပွားဆင်းတုတော်များနှင့် (၁၈) တောင်ပြည့် ပြည်လုံးချမ်းသာ ရုပ်ပွားတော်ကြီးများကိုတည်ထားခဲ့သေးသည်။ ထို့ပြင် စန္ဒာမုနိစေတီတော်ဝင်းအတွင်း၌ ရသေ့ကြီးဦးခန္တီ၏ သေလယက္ခကျောက်စာအချပ် ပိဋကတ်များကို





www.burmeseclassic.com

www.burmeseclassic.com

စေတီငယ်များနှင့်အတူ တည်ထားခဲ့သည်။ တနင်္ဂနွေထောင့်၌ ကျောက်စာချပ်ရေ (၄၅၅)ချပ်၊ စနေထောင့်တွင် (၄၃၂)ချပ်၊ အင်္ဂါထောင့်တွင် (၄၅၅)ချပ်၊ ရာဟုထောင့်တွင် (၄၃၂)ချပ် ဟူ၍ စုစုပေါင်း (၁၇၇၄)ချပ်ရှိ၍ ဥဒေတယံကျောက်ချပ်မှန်ဟု လက်ာစကားဖြင့် အလွယ်မှတ်သားနိုင်ပါသည်။

စန္ဒာမုနိစေတီနှင့် ရုပ်ပွားတော်များထားသည့်နေရာ၌ လေးဖက်လေးတန် စောင်းတန်းပေါင်း(၄၀၀)ရှိသည်။ ထိုနေရာ ကုသိုလ်တော်များကို ကြည်ညိုစွာ ဖူးမြော်နိုင်သည်။

### သထုံ (ညွှန်း)

သထုံမြို့ ရွှေစာရံစေတီတော်ကြီး အတွင်း၊ နိကာယ်ငါးရပ်နှင့် ရေတွက်ရသည့် ပါဠိတော်ကျောက်စာချပ်ပေါင်း (၇၄၅)ချပ်ကို လှူဒါန်းခဲ့သေးသည်။ ရသေ့ကြီးဦးခန္တီ၏ သာသနာပြုလုပ်ငန်းများမှာ လွန်စွာမှပင် များပြားလွန်းလှသဖြင့် ဗြိတိသျှအစိုးရကပင် အံ့ဩဘနန်း မျက်လုံးမျက်ဆန် ပြူးခဲ့ရပေသည်။ ရသေ့ကြီးဦးခန္တီ ငွေစက္ကူလုပ်နေသည် မလုပ်သည်ဆိုသည်ပင် စုံစမ်းရန် လာကြသည့် စုံထောက်များကို ရသေ့ကြီး ဦးခန္တီက. . .

"ကောင်းပြီ၊ ကျုပ်ထပ်ဆောက်မယ့် နှစ်ပြားတန်ဆောင်းအတွက် ငွေလိုနေလို့ ချက်ချင်း ရွှေဖြစ် ငွေဖြစ်အောင် လုပ်ပြမယ်"ဟုဆိုကာ ပဝါငယ်တစ်ခုကို မိမိရှေ့တွင် ဖြန့်လိုက်ပြီး ပဝါငယ်ကို စူးစိုက်စွာကြည့်၍ ပါးစပ်မှလည်း တွတ်တွတ်ရွတ်ဆိုနေ၏။ အရပ်လေးမျက်နှာတွင် သွားလာနေကြသူများက သွားရင်း လာရင်းပင် နားကပ်၊ ဆွဲကြိုး၊ လက်စွပ်များကို ဖြုတ်၍ လှူကြသည်။ ပဝါလေးပေါ်တွင် ထားခဲ့ပြီး လှူဒါန်းထားခဲ့ကြခြင်းပင် ဖြစ်သည်။

### မြန်မာပြည်ဘုရင်ခံ ဆာဟာကုတ်ဘတ္တလာနှင့် ဇနီးတို့ကိုယ်တိုင်ဂုဏ်ပြု

ယင်းအချိန်က မြန်မာပြည်ကို အုပ်ချုပ်နေသည့် မြန်မာပြည်ဘုရင်ခံ ဆာဟာကုတ်ဘတ္တလာနှင့် ဇနီးတို့သည် ရသေ့ကြီးဦးခန္တီ ရှိနေသည့် မန္တလေးတောင်သို့ လာရောက် ဂါရဝပြုနှုတ်ဆက်စဉ် ၎င်း၏လက်တွင် ကိုင်ထားသည့် ဦးထုပ်ကို ပြကာ. . .

"ကျွန်ုပ်၊ ခင်ဗျားကို ဘယ်လောက် လေးစားကြည်ညိုပါသလဲဆိုရင် ခင်ဗျားဆီကိုလာတဲ့အတွက် ဘိုတဲရိပ်သာက ထွက်လာစဉ်ကတည်းကပင် ဦးထုပ်ကို ချွတ်ပြီး ကိုင်လာခဲ့ပါတယ်" ဟု ဆိုခဲ့သည်။

အာနာဂါရိကရိုဗင်ဒါ (Armar gari Crovemder) ရေးသားသည့် မိုးတိမ်ဖြူ၏ ခရီးလမ်း (The way of the white cloud) စာအုပ်၌ ရသေ့ကြီးဦးခန္တီ၏ စိတ်ဝင်စားဖွယ်ရာ ဂုဏ်ကျေးဇူးများကို အကျယ်တဝင့် ရေးသားထားသည်ကို တွေ့မြင်ဖတ်ရှုနိုင်ပါသည်။

### ရသေ့ကြီးဦးခန္တီ ထွက်ရပ်လမ်းသို့ ရွေးချယ်ပြီ

ရသေ့ကြီးဦးခန္တီသည် အရပ်အလွန်မြင့်ပါသည်။ ခြောက်ပေကျော်ရှိ၍ ရသေ့အဝတ်ဖြင့် ထူးခြားသောအသွင်လက္ခဏာကို ဆောင်ပါသည်။ မြန်မာသက္ကရာဇ် ၁၃၀၇ ခုနှစ်တွင် လေငန်းရောဂါစွဲကပ်၍ ရောဂါဝေဒနာ ဖိစီးနေသည့်ကြားကပင် ထမ်းစင်ဖြင့် ထမ်းစေ၍ သာသနာပြု အဆောက်အအုံများသို့ လှည့်လည်ကြည့်ရှုခိုင်းစေနေတတ်ပြန်ပါသေးသည်။

၁၃၁၀ ပြည့်နှစ်၊ ပြာသိုလပြည့်ကျော် (၁၄)ရက်နေ့၊ ဗုဒ္ဓဟူးနေ့ ညနေ သက်တော် (၈၂)နှစ် အရွယ်သို့ ရောက်စဉ် အသက်ဇီဝိန်ချုပ်ငြိမ်းသွားခဲ့ရှာလေပြီ။ ရသေ့ကြီးဦးခန္တီ၏ ကြွင်းကျန်သောရုပ်ကလာပ်ကို (၂) နှစ်တိုင် ပူဇော်ကန်တော့ခံခဲ့ပြီး ၁၃၁၂ ခုနှစ်၊ တပို့တွဲလဆန်း (၈)ရက်နေ့တွင် အန္တိမဈာပနပွဲကို ဆင်ယင်ခဲ့ကြသည်။

မိုးညှင်းတောရဆရာတော်ကြီးက သမ္ဗုဒ္ဓေဘုရားအတွင်း၌ ရသေ့ကြီးဦးခန္တီပုံတူကို ထုလုပ်စေပြီး ရသေ့ဝိဇ္ဇာဦးခန္တီဟု ကမ္ပည်းထိုးထားသည်ကို ယနေ့မျက်မြင် တွေ့နိုင်ပါသည်။

မြန်မာသက္ကရာဇ် ၁၂၆၀ခန့်တွင် မဟာမြိုင်စခန်း၌ ဝိဇ္ဇာမဟိဒ္ဓိ ဆရာသခင်များ၏ စုံညီစုဝေး တာဝန်ပေးချက်အရ ဦးခန္တီသည် ရွှေတောင်းစေတီ သာသနိက အဆောက်အအုံများ ပြုပြင်နိုင်ရန်အတွက် ရဟန်းဘဝမှ ရသေ့ဘဝသို့ ကူးပြောင်း၍ ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်ဟု လေ့လာချက်များက ဆိုပါသည်။

ရသေ့ဝိဇ္ဇာဦးခန္တီသည် လောကီပညာတတ်ကျွမ်းသူဖြစ်၍ ရွှေဖြစ်အောင် ပြုလုပ်နိုင်စွမ်းသည်။ သာသနာပြုလုပ်ငန်းများအတွက် နတ်ဝိဇ္ဇာများက အရှေ့ကျွန်းနဂါးများ စွန့်ပစ်သော နရနီရွှေကို ဦးခန္တီအား ယူဆောင်ပေး၍ ဦးခန္တီက ကြေးနှင့်ရောစပ်ပြီး လူအများသုံးသည့် ပုရပိုက်ခေါက်ရွှေအဖြစ် ပြုလုပ်ကာ သာသနာပြုလုပ်ငန်းများ ပြုလုပ်နိုင်ခြင်းဖြစ်ကြောင်း စမတောင် ၃၁ ဘုံအဖေနွဲ့(အုတ်တွင်းဦးသာနွဲ့)၏ မိန့်ကြားချက်ကို တွေ့ရှိရသည်။

ရသေ့ကြီးဦးခန္တီသည် ထွက်ရပ်လမ်းသို့ မြန်းကြွပြီးနောက် ဝိဇ္ဇာဘဝ၌ ရသေ့အသွင် မဟုတ်တော့ဘဲ ရဟန်းအသွင်ဖြင့် ဗားလေးဗား စာရင်းဝင်ဗားမြိုက်ဆရာတော် အဖြစ်တည်ရှိနေပါကြောင်း အရိယာဝိဇ္ဇာအဖေကြီး၏ ထွက်ရပ်မသွားမီ ပြောပြချက်များမှာလည်း လွန်စွာစိတ်ဝင်စားဖွယ်ရာ တွေ့ရလေတော့သည်။

**❒ မောင်လွမ်းနွယ်(အောင်လံ)**

**မှီငြမ်းကိုးကား**

၁။ မောင်ပုဆိုးကြမ်း ပြုစုသော ရသေ့ကြီးဦးခန္တီ အတ္ထုပ္ပတ္တိအကျဉ်း


၂။ မိမိကိုယ်တိုင် လေ့လာစူးစမ်းခြင်းများမှ မှတ်တမ်းမှတ်ရာများ။





www.burmeseclassic.com

www.burmeseclassic.com




(ယခင်လမှအဆက်)

## အချစ်ကံခေပေမယ့် အနှစ်ကျန်စေရမယ်

*အရှင်ဘုရား . . .*

*နားနဲ့မနာ ဖဝါးနဲ့နာတော်မူပါ ဘုရား။ တပည့်တော်မဟာ သစ္စာမဲ့တဲ့ လင်ယောကျ်ားကြောင့် အကြီးအကျယ် စိတ်သောကရောက်နေရပါတယ် ဘုရား။ စိတ်ချမ်းသာအောင် တရားမွေနဲ့ ဘယ်လိုနှလုံးသွင်းပြီး ဘယ်လိုဖြေသိမ့်ရမယ် ဆိုတာ သနားကရုဏာရှေ့ထားပြီး မိန့်ကြားပေးတော်မူပါ ဘုရား။*

**မမိုးသက်လှိုင်၊ ရန်ကင်းမြို့နယ်။**

မမိုးသက်လှိုင်ရေ . . .

မမိုးသက်လှိုင်ရဲ့ မေးခွန်းကို ဖတ်လိုက်ရတယ်ဆိုရင်ပဲ အခုတစ်လော နာမည်ကြီးနေတဲ့ နိုင်ငံကျော်မင်းသမီးတစ်ဦးရဲ့ အိမ်ထောင်လမ်းခွဲသတင်းကို ချက်ချင်း သတိရလိုက်မိပါတယ်။ "တစ်ဦးတစ်ယောက်ရဲ့ အချစ်ကို ရယူဖို့မကြိုးစားတော့ဘဲ ပရိသတ်ရဲ့အချစ်ကို ထာဝရ ရယူနိုင်ဖို့ပဲ ကြိုးစားသွားပါတော့မယ်" လို့လည်း အင်တာဗျူးတစ်ခုမှာ သူမက ရင်ဖွင့်ထားသေးတယ်လေ။

ဟုတ်ပါတယ်။ တစ်ဦးတစ်ယောက်ရဲ့ အချစ်ဆိုတာက တဏှာမာတ်တွေ လွှမ်းခြုံနေပြီး ပရိသတ်ရဲ့အချစ်ကတော့ မေတ္တာဓာတ်တွေ မွှမ်းထုံနေပါတယ်။ တဏှာချစ်ကိုတောင့်တရင် တောင့်တနေချိန်မှာလည်း တဏှာစိတ်နဲ့ ပူလောင်ရသလို ရရှိလာချိန်မှာလည်း သံယောဇဉ်မီးတွေနဲ့ ကျွမ်းမြိုက်ရပါတယ်။

မေတ္တာချစ်ကို မျှော်လင့်ရင်တော့ မျှော်လင့်နေချိန်မှာလည်း မေတ္တာစိတ်နဲ့ အေးမြရသလို ရရှိလာချိန်မှာလည်း မေတ္တာရောင်ပြန်တွေနဲ့ ချမ်းမြေ့ရပါတယ်။ (တဏှာချစ်နဲ့တော့ စိတ်နှလုံး အပူလောင်မခံချင်ပါနဲ့တော့ ရွှေမင်းသမီးရေ)။ ဗုဒ္ဓဘာသာဝင်တွေရဲ့ အခြေခံအကျဆုံး ယုံကြည်ချက်ကတော့ ကံနဲ့ ကံရဲ့အကျိုးတရားပါပဲ။

"ကောင်းတာလုပ်ခဲ့ရင် ကောင်းကျိုးရမယ်၊ မကောင်းတာ လုပ်ခဲ့ရင် မကောင်းကျိုးရမယ်၊ အချိုစေ့စိုက်ခဲ့ရင် အချိုပင်ပေါက်ပြီး အချိုသီးစားရမယ်၊ အခါးစေ့စိုက်ခဲ့ရင် အခါးပင်ပေါက်ပြီး အခါးသီးစားရမယ်၊ ကိုယ်စိုက်တဲ့မျိုးစေ့နဲ့ ထိုက်တန်တဲ့ အပင်ပေါက်ပြီး အဲဒီအပင်နဲ့ လိုက်ဖက်တဲ့ အသီးကိုပဲ ကိုယ်စားရမယ်၊ ကိုယ်လုပ်ခဲ့တဲ့အလုပ်နဲ့ သက်ဆိုင်တဲ့ အကျိုးတရားကို ကိုယ်ပဲ ခံစားရမယ်၊ အလုပ်ဆိုတာ ကံ၊ ကံဆိုတာ အလုပ်၊ ကိုယ့်ကံက ကိုယ့်ဘဝကို စီမံတယ်၊ ကိုယ့်ဘဝရဲ့ ဖန်ဆင်းရှင်ဟာ ကိုယ်လုပ်ခဲ့တဲ့ ကံတရား"



www.burmeseclassic.com

www.burmeseclassic.com

အဲဒီလို နားလည်လက်ခံ ယုံကြည်ထားကြပါတယ်။

အချစ်ရေး၊ အိမ်ထောင်ရေးမှာ အကျိုးပေး မကောင်းတာက အချစ်ရေး၊ အိမ်ထောင်ရေးနဲ့ ပတ်သက်တဲ့ မကောင်းကံတွေ အတိတ်က ပြုလုပ်ခဲ့ဖူးလို့ပါ။ သူတစ်ပါးရဲ့ ချစ်ခြင်းကို ခွဲခဲ့တဲ့သူ၊ သူတစ်ပါးအိမ်ထောင်ကို ပြိုကွဲစေခဲ့တဲ့သူဟာ အချစ်ရေး၊ အိမ်ထောင်ရေးမှာ ဘယ်လိုနည်းနဲ့မှ အကျိုးပေး မကောင်းနိုင်ပါဘူး။

သမီးရည်းစားချစ်၊ လင်မယားချစ်တွေကို ဖြိုခွဲမှ အချစ်ကံ မကောင်းတာ မဟုတ်ပါဘူး။ မေတ္တာချစ်၊ သံယောဇဉ်ချစ်နဲ့ ချစ်ကြသူ မည်သူကိုမဆို တကွဲတပြားစီ ဝေးလွင့်သွားအောင် လုပ်ရင် ဖြစ်လေရာဘဝတိုင်း ကိုယ့်ချစ်တဲ့သူတွေနဲ့ 'ဆုံနိုင်ခွင့်' မှေးမှိန်ပျောက်ကွယ်ပြီး 'လွမ်းဆွတ်ခွင့်' 'တမ်းတခွင့်' တွေသာ ရှင်သန်ကြီးထွားလာနိုင်ပါတယ်။

အောက်ထစ်ဆုံး ငှက်ကလေး၊ ငါးကလေးတွေ၊ ကြောင်ကလေး၊ ခွေးကလေးတွေကို သူတို့မိသားစု၊ သူတို့အသိုက်အမြုံကနေ ခွဲခွာနုတ်ယူပြီး မွေးမြူသိမ်းပိုက်ထားခဲ့ရင်တောင် အဲဒီအကုသိုလ်ကံက သူအကျိုးပေးတဲ့ဘဝမှာ ကာယကံရှင်ကို အချစ်ကံခေသူ၊ အလွမ်းကံဝေသူဖြစ်အောင် စွမ်းဆောင်ဖန်တီးနိုင်ပါတယ်။

အချစ်ရေး၊ အိမ်ထောင်ရေးကို အရုပ်ဆိုးအကျည်းတန်စေတဲ့ ကြောက်စရာအကောင်းဆုံးကံကတော့ 'ကာမေသုမိစ္ဆာစာရကံ' ပါပဲ။ 'ကာမဂုဏ်ကိစ္စမှာ မှားမှားယွင်းယွင်း ပြုကျင့်တဲ့ကံ' လို့ အဓိပ္ပာယ်ရပါတယ်။ ကိုယ့်ရဲ့ ကာမပိုင်မဟုတ်သူတွေနဲ့ ကာမကိစ္စ ဖောက်ပြန်ရင် 'ကာမေသုမိစ္ဆာစာရကံ' ထိုက်ပါတယ်။ သူတစ်ပါး သားမယားနဲ့ ဖောက်ပြန်ရင်တော့ 'ပရဒါရကံ' ထိုက်တယ်လို့လည်း ခေါ်ပါတယ်။

အတိတ်ဘဝတွေက ကာမကိစ္စ ဖောက်ပြန်ခဲ့တဲ့သူဟာ ကာမကိစ္စ တစ်စိတ်တစ်ပိုင်းပါဝင်တဲ့ အချစ်ရေး၊ အိမ်ထောင်ရေးတွေမှာ ကံဆိုးတတ်ပါတယ်။ ကိုယ့်ရဲ့အိမ်ထောင်ဖက်က ကိုယ့်အပေါ် သစ္စာကင်းမဲ့တာဟာ ကိုယ့်ရဲ့အတိတ်က 'သစ္စာမဲ့ကံ' က ကိုယ့်ကို အကျိုးပေးတာပါပဲ။

ကိုယ့်ရဲ့ နှလုံးလမ်းကြောင်းမှာ ခံနေတဲ့ကျွန်းဟာ ကိုယ်ကိုယ်တိုင် ဖွဲ့စည်းတည်ဆောက်ထားခဲ့တဲ့ ကျွန်းပါ။ ဘယ်သူမပြု မိမိမှုပေါ့နော်။ 'နှလုံးလမ်းကြောင်းမှာ ကျွန်းခံနေတယ်' လို့ ဟစ်အော်ကြွေးကြော်နေတာဟာ 'အတိတ်ဘဝတွေက အချစ်ရေး၊ အိမ်ထောင်ရေးတွေမှာ သစ္စာယွင်းပျက်ခဲ့ပါတယ်၊ ကိုယ်ကျင့်ဖောက်ပြန်ခဲ့ပါတယ်' လို့ ထုတ်ဖော်ဝန်ခံနေတာပါပဲ။

ကံတရားရဲ့ သဘာဝကို အကြောင်းအကျိုး ဆက်စပ်ပြီး စဉ်းစားဆင်ခြင်နိုင်မယ်ဆိုရင်တော့ ကိုယ့်ခင်ပွန်းရဲ့ သစ္စာမဲ့မှုအပေါ် မမိုးသက်လှိုင်အနေနဲ့ အတိုင်းအတာ တစ်ခုအထိ ခွင့်လွှတ်ဖြေသိမ့်နိုင်မယ် ထင်ပါရဲ့။

ဒါပေမယ့် ခွင့်လွှတ်ဖြေသိမ့်နေရုံနဲ့ မပြီးသေးဘူး မမိုးသက်လှိုင်ရေ. . . ကိုယ်ကြုံတွေ့နေရတဲ့ အဆိုးလောကဓံထဲကနေ အနှစ်သာရ တစ်ခုခုတော့ ထုတ်ယူနိုင်အောင် ကြိုးစားရပါဦးမယ်။ အန္တုထဲက အမြတ်ထွက်အောင် လုပ်ရပါဦးမယ်။

မြတ်စွာဘုရားရှင် လက်ထက်တုန်းက သာဝတ္ထိမြို့မှာ သိပ်ချော သိပ်လှတဲ့ အမျိုးသမီးတစ်ဦး ရှိခဲ့ဖူးပါတယ်။ အတိတ်ကံအကြောင်းတရားကြောင့် သူမရဲ့ခင်ပွန်းသည်က သူမကို လုံးဝမချစ်ပါဘူး၊ တခြားအမျိုးသမီးတစ်ယောက်နဲ့ မျက်နှာပြောင်တိုက်ပြီး လူမြင်ကွင်း ဖောက်ပြန်နေပါတယ်။

ကိုယ့်ကို မချစ်လို့၊ ကိုယ့်အပေါ် သစ္စာမဲ့လို့ဆိုပြီး သူမက စိတ်လည်းညစ်မနေပါဘူး စိတ်လည်းမဆိုးပါဘူး။ "လင်က မချစ်တော့ လင်နဲ့ အချိန်ဖြုန်းစရာ မလိုတော့ဘူးပေါ့" လို့ နှလုံးသွင်းပြီး အချိန်ရှိသမျှ ဒါန၊ သီလ၊ ဘာဝနာ ကုသိုလ်ကောင်းမှုတွေကိုပဲ စိတ်အားထည့် ပြုလုပ်နေလိုက်ပါတယ်။

အထူးသဖြင့် အရှင်သာရိပုတ္တရာနဲ့ အရှင်မဟာမောဂ္ဂလ္လာန် အဂ္ဂသာဝက မထေရ်ကြီးနှစ်ပါးကို အိမ်မှာ နေ့စဉ်ဆွမ်းပင့်လှူပြီး တရားနာယူပါတယ်။ တရားနာလိုက်၊ တရားအားထုတ်လိုက်နဲ့ ကြိုးစားလိုက်တာ သိပ်မကြာခင်မှာပဲ သောတာပန် အရိယာမလေး ဖြစ်သွားခဲ့ပါတယ်။ "လင်က မပေါင်းချင်မှတော့ အိမ်မှာနေလဲ အပိုပဲ" ဆိုပြီး ရဟန်းပြုလိုက်တာ သိပ်မကြာခင်မှာပဲ ရဟန္တာအရှင်မလေး ဖြစ်သွားပြန်ပါတယ်။

တကယ်လို့သာ သူမရဲ့ခင်ပွန်းက သူမကို သိပ်ချစ်သိပ်ကြင်နာမယ်ဆိုရင် အခုလို တရားအရသာ ခံစားခွင့်ရမှာ မဟုတ်ပါဘူး၊ ယောကျ်ားအရသာနဲ့ နိဗ္ဗာန်အရသာ ဘယ်လိုမှ နှိုင်းယှဉ်လို့ရအောင်ကွာခြားလွန်းလှပါတယ်။ နိဗ္ဗာန်အရသာကို အဆင့်အမြင့်ဆုံး ခံစားခွင့်ရနေမှတော့ ယောကျ်ားအရသာ ဆုံးရှုံးခဲ့တာကို နှမြောတမ်းတနေစရာ လိုပါဦးမလား။ တကယ်ဆို ကိုယ့်အပေါ် မကြင်နာတဲ့ ခင်ပွန်းသည်ကို ကျေးဇူးတင်စရာတောင် ကောင်းပါသေးတယ်။

သူတို့နှစ်ယောက်ပဲ ဘဝတစ်ခုမှာ ဗြဟ္မဒတ်မင်းသားနဲ့ အသိတာဘုမင်းသမီးဆိုပြီး ဇော်ဝင်သနီးမောင်နှံ ဖြစ်ခဲ့ဖူးပါတယ်။ ဖခင်ဘုရင်ကြီးက အာဏာလုမှာစိုးရိမ်ပြီး တိုင်းပြည်က နှင်ထုတ်လိုက်လို့ သူတို့နှစ်ဦး ဘုရားအလောင်းတော် ရသေ့သီတင်းသုံးရာ ဟိမဝန္တာတောထဲမှာ နေထိုင်ခဲ့ကြရပါတယ်။

တစ်နေ့တော့ သိပ်ချော သိပ်လှတဲ့ ကိန္နရီမလေး တစ်ဦးကို သစ်ခက်တဲနှန်းအနီးမှာ မမျှော်လင့်ဘဲ မြင်တွေ့လိုက်ရပါတယ်။ ကိန္နရီမလေးကို မြင်မြင်ချင်း ချစ်မိသွားတဲ့ မင်းသားဟာ 'မိဖုရားမြှောက်မယ်' ဆိုတဲ့ အကြံအစည်နဲ့ ကိန္နရီမလေးနောက် တကောက်ကောက် ပြေးလိုက်ပါတော့တယ်။ မင်းသားရဲ့ သစ္စာဖောက်မှုကို မြင်ရတဲ့ မင်းသမီးလည်း မင်းသားအပေါ် သံယောဇဉ်ပြတ်ပြီး ဘုရားလောင်းရသေ့ထံမှာ ကမ္မဋ္ဌာန်းသင်ယူ အားထုတ်လိုက်တဲ့အတွက် တစ်ခဏ





www.burmeseclassic.com

www.burmeseclassic.com

ချင်းအတွင်းမှာပဲ ဈာန်အဘိညာဉ်တွေ ရရှိသွားပါတယ်။ တောကျွမ်းတဲ့ ကိန္နရီမလေးနဲ့ ခြေရာပြတ်ပြီး လက်လျှော့ပြန်လာတဲ့ မင်းသားကို ကောင်းကင်ပေါ်ကနေ နှုတ်ဆက်စကားပြောကြားပြီး ဝေးရာကို ပြေးခွာထွက်သွားပါတော့တယ်။ မင်းသမီးရဲ့ နှုတ်ဆက်စကားက . . .

"တစ်ချိန်က 'မောင်' လို့ အမြတ်တနိုး ခေါ်ခဲ့ရတဲ့ မင်းသားရေ၊ ရှင့်ရဲ့သစ္စာမဲ့မှုကြောင့် ကျွန်မ ဈာန်ချမ်းသာရခဲ့ပါပြီ၊ တကယ်တော့ ကျွန်မရဲ့ ဈာန်ချမ်းသာဟာ ရှင်ပေးတဲ့ချမ်းသာပါ၊ ဒီအတွက် ရှင့်ကို ကျွန်မ ကျေးဇူးအများကြီးတင်ပါတယ်။ ဒါပေမယ့် တစ်ချိန်က ရှင့်အပေါ် ထားရှိခဲ့တဲ့ ကျွန်မရဲ့ အချစ်တွေ၊ ကျွန်မရဲ့ သံယောဇဉ်တွေကတော့ ကျွန်မရဲ့ နှလုံးသားကနေ ပြုတ်ကျသွားခဲ့ပါပြီ၊ ကျွန်မရင်ထဲမှာ ရှင် မရှိတော့ပါဘူး၊ လွန်ခဲ့အဖြတ်ခံရတဲ့ ဆင်စွယ် ပြန်မဆက်နိုင်တော့သလို ရှင်နဲ့ကျွန်မကြားမှာ ရှိနေတဲ့ နှောင်ကြိုးတွေကိုလဲ ပြန်ဆက်လို့ မရနိုင်တော့ပါဘူး၊ တစ်စစီ ကျိုးပဲ့ကြွေမွခဲ့ပါပြီ၊ ဘာပဲဖြစ်ဖြစ် ရှင့်ကို ကျွန်မ နောက်ဆုံး နှုတ်ဆက်ခဲ့ပါတယ်"

အသိတာဘူမင်းသမီးရဲ့ နှုတ်ဆက်စကားကိုကြည့်ရင် သူမရဲ့ ရင်ထဲမှာ သောကဆူးငြောင့် မကျန်ရစ်ခဲ့ဘူး။ သူမရဲ့ စိတ်အစဉ်ဟာ ပူလောင်ခြင်းမရှိ ပကတိအေးချမ်းနေတယ်ဆိုတာ ထင်ရှားပါတယ်။ သာသနာ့ပ ကာလမှာသာ ဈာန်ချမ်းသာနဲ့ပဲ ငြိမ်းအေးမှု ရယူခဲ့ရတာပါ။

ဒီလောက်ဆိုရင် မမိုးသက်လှိုင်အနေနဲ့ ဘာလုပ်သင့်တယ်ဆိုတာ သိလောက်ပါပြီနော်။ ဝတ္ထုတွေ၊ ရုပ်ရှင်တွေထဲကလို 'နောက်ဆုံးထွက်သက်အထိ ရူးသွပ်စွာ ချစ်နေမှာပါ မောင်' လို့လည်း စိတ်ကူးမယဉ်ပါနဲ့။ သီချင်းတွေထဲကလို 'ရက်စက်တတ်တဲ့ မင်းရဲ့အနားမှာ ရက်စက်မှုတွေ ခံယူချင်တယ်' လို့လည်း တမ်းတမနေပါနဲ့။ လက်တွေ့ဘဝမှာ စိတ်ချမ်းသာဖို့နဲ့ ဖြစ်နိုင်ရင် ဘဝလွတ်မြောက်မှု ရရှိဖို့အတွက်သာ အတတ်နိုင်ဆုံး ကြိုးစားပါ။

ရှေးသူတော်ကောင်းတွေထုံး နှလုံးမူပြီး တရားနဲ့ မွေ့ပျော်ပါ။ တရား များများနာ၊ တရားစာအုပ် များများဖတ်၊ ကုသိုလ်ကောင်းမှု များများပြု၊ တရား များများအားထုတ်ပေါ့။ နှာသီးဝ လေထိရာအရပ် သတိကပ်ပြီး လေဝင်ရင် 'ဝင်တယ်'၊ လေထွက်ရင် 'ထွက်တယ်' လို့ ရှုမှတ်ရတဲ့ အလုပ်ကတော့ သီးခြားထိုင်ရင်းနဲ့ရော၊ သွားရင်းလာရင်းရော လုပ်လို့ လွယ်ကူပါတယ်။ စွဲစွဲမြဲမြဲလုပ်ကြည့်ရင် စိတ်တွေ အထူးအေးချမ်းလာမှာပါ။ သောကမှန်သမျှ ချစ်ခြင်းကြောင့် ဖြစ်ရတာပါ။ ချစ်စရာ တစ်ခုရှိရင် သောကတစ်ခုရှိမယ်၊ ချစ်စရာ ဆယ်ခုရှိရင် သောက ဆယ်ခုရှိမယ်၊ ချစ်စရာ အများကြီးရှိရင်တော့ သောက အများကြီးရှိမယ်ပေါ့။ သောကငြိမ်းချင်ရင် ချစ်စရာတွေကို လျှော့ပစ်နိုင်ရမယ်လေ။ ချစ်ရမယ့်သူ၊ ချစ်ရမယ့်အရာ နည်းပါးသွားလေ သောကမီးလည်း ချုပ်ငြိမ်းသွားလေပါပဲ။

ချစ်ရသူရဲ့ စိမ်းကားရက်စက်မှု၊ မြတ်နိုးရသူရဲ့ သစ္စာကင်းမဲ့မှုဟာ စိတ်ထားတတ်သူအတွက်တော့ တန်ဖိုးမဖြတ်နိုင်တဲ့ ဘဝလွတ်မြောက်မှု ဆုလာဘ်ကြီးပါပဲ။ အသုံးချတတ်သူ တစ်ယောက်အတွက် အချစ်ကံခေတာဟာ အနှစ်ကျန်စေဖို့ပါပဲလို့။

## မြတ်ဗုဒ္ဓ၏ ဘွဲ့အမည်မှန်

*အရှင်ဘုရား . . .*

*နောက်ဆုံး ပွင့်တော်မူခဲ့သော ဂေါတမဗုဒ္ဓ မြတ်စွာဘုရား၏ ဘွဲ့အမည်မှန်ကို သိလိုပါသည် ဘုရား။ အချို့က ဗုဒ္ဓ၊ အချို့က ဂေါတမ၊ အချို့က သကျမုနိ အမျိုးမျိုးခေါ်နေကြပါသည် ဘုရား။*

*မောင်ကျော်ကိုကိုဝင်း၊ ရန်ကင်းမြို့နယ်။*

ဒကာ ကျော်ကိုရေ . . .

ဒကာကျော်ကိုရဲ့ မေးခွန်းကို ဖတ်လိုက်ရတယ်ဆိုရင်ပဲ မြတ်စွာဘုရားရှင်ရဲ့ ဘွဲ့အမည်တစ်ခုနဲ့ ပတ်သက်ပြီး ဟုတ်လောက်တယ်၊ ဟုတ်လောက်တယ်လို့ ခေါင်းတညိတ်ညိတ်နဲ့ မှတ်ချက်ချခဲ့ဖူးတဲ့ 'ဥပကတက္ကတွန်း' ကြီးကို ချက်ချင်းသတိရလိုက်မိပါတယ်။

ဥပကတက္ကတွန်းကြီးဟာ မြတ်စွာဘုရားရှင်ကို မဟာဗောဓိပင်နဲ့ ဗုဒ္ဓဂယာအကြား လမ်းခရီးတစ်နေရာမှာ ဖူးတွေ့ခွင့်ရခဲ့တာပါ။ သူကလည်း ခရီးတစ်ခုအသွား၊ မြတ်စွာဘုရားရှင်ကလည်း တရားဦး ဓမ္မစကြာဟောဖို့ မိဂဒါဝုန်တောကို အကြွ လမ်းခရီးမှာ ခရီးရင်ဆိုင် ဆုံတွေ့ကြတာပါ။

မြတ်စွာဘုရားရှင်ရဲ့ ကြည်လင်သန့်ရှင်းတဲ့ အသရေတော်ကို ဖူးမြင်ရတဲ့ ဥပကတက္ကတွန်းကြီးဟာ လူချင်းမသိပေမယ့် သဘောကျနှစ်သက်လွန်းလို့ မြတ်စွာဘုရားရှင်ရဲ့ အနီးအပါး ချဉ်းကပ်ပြီး မေးခွန်းတွေ တရစပ်မေးပါတော့တယ်။

"ငါ့ရှင်၊ သင့်ရဲ့မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ်ဆိုတဲ့ ဣန္ဒြေခြောက်ပါးဟာ ကြည်လင်လွန်းလှပါတယ်၊ သင့်ရဲ့ ကိုယ်အရေအဆင်းဟာလည်း အထူးသန့်ရှင်းစင်ကြယ်ပြီး ပြိုးပြိုးပြက်ပြက် အရောင်ထွက်လို့ နေပါတယ်။

ငါ့ရှင် သင်ဟာ ဘယ်ဆရာကို ရည်မှန်းပြီးတော့ ရဟန်းပြုခဲ့တာပါလဲ၊ သင့်ဆရာက ဘယ်သူလဲ၊ ဘယ်သူ့တရားကို သင် နှစ်သက်ပါသလဲ"

ဥပကတက္ကတွန်းကြီးရဲ့ မေးခွန်းတွေကို မြတ်စွာဘုရားရှင်က ဂါထာလေးပုဒ်နဲ့ အခုလို ဖြေကြားတော်မူလိုက်ပါတယ်။

"ဥပက . . . ငါဟာ တရားအားလုံးကို လွှမ်းမိုးနိုင်တဲ့သူ၊ တရားအားလုံးကို အကုန်အစင် အကြွင်းမဲ့ သိမြင်တဲ့သူ၊ တရားအားလုံးအပေါ်မှာ ကိလေသာလိမ်းကျံ ကပ်ငြိခြင်း အလျှင်းမရှိတဲ့သူ၊ တရားအားလုံးကို ပယ်ရှားစွန့်ပစ်ပြီးတဲ့သူ၊





www.burmeseclassic.com

www.burmeseclassic.com

တဏှာကုန်ရာ နိဗ္ဗာန်မှာ လွတ်လွတ်ကျွတ်ကျွတ် သက်ဝင်တည်နေသူ ဖြစ်ပါတယ်၊ တရားအားလုံးကို ဆရာမရှိ မိမိကိုယ်ပိုင်ဉာဏ်နဲ့ ထိုးထွင်းသိမြင်ခဲ့တာဖြစ်လို့ ငါ့မှာ ဆရာရယ်လို့ ညွှန်ပြရမယ့်သူ ဘယ်သူများရှိဦးမှာလဲ။

ဥပက . . . ငါ့မှာ ဆရာဆိုတာ မရှိပါဘူး၊ ငါ့ထက်မြတ်တဲ့ဆရာဆိုတာ အသာထား၊ ငါနဲ့တန်းတူတဲ့သူတောင်မရှိပါဘူး၊ နတ်နဲ့တကွသော သတ္တလောကကြီးတစ်ခုလုံးမှာ ငါနဲ့ နှိုင်းယှဉ်စရာပုဂ္ဂိုလ် တစ်ဦးတစ်ယောက်မှ မရှိပါဘူး။

ဥပက. . . ငါဟာ လောကမှာ ပူဇော်အထူးကို ခံထိုက်တဲ့သူ၊ အတုမရှိ ဆုံးမသွန်သင်နိုင်စွမ်းရှိတဲ့ဆရာ၊ တရားအားလုံးကို အမှန်အတိုင်း ကိုယ်ပိုင်ဉာဏ်နဲ့ သိမြင်နိုင်တဲ့ တစ်ဦးတည်းသော ပုဂ္ဂိုလ်၊ ကိလေသာမီး ငြိမ်းအေးပြီးတဲ့သူ ဖြစ်ပါတယ်။

ဥပက. . . ငါ အခု ဓမ္မစကြာတရားဟောဖို့ ကာသိတိုင်း တရာဏသီပြည်က မိဂဒါဝုန်တောကို သွားမလို့ပါ၊ ဉာဏ်မျက်စိမရှိတဲ့အတွက် အကန်းလိုဖြစ်နေတဲ့ နတ်လူသတ္တဝါတွေအလယ်မှာ တရားဒေသနာတည်း ဟူသော အမြိုက်စည်ကြီး ရိုက်တီးဆော်ရွမ်းလိုက်ဦးမယ်"

မြတ်စွာဘုရားရှင်ရဲ့ ဖြေကြားချက်တွေကို အားရကျေနပ်လွန်းလို့ ဥပကတက္ကတွန်းကြီးက . . .

"ငါ့ရှင်၊ အခု သင်ပြောတဲ့အတိုင်းဆိုရင် သင်ဟာ အနန္တဇိန ဘွဲ့အမည်ရတဲ့ ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်တစ်ဦးဖြစ်မှာပေါ့နော်"

အဲဒီအခါ မြတ်စွာဘုရားရှင်က . . .

"ဟုတ်ပါတယ် ဥပက၊ ငါဟာ ဇိန ဘွဲ့အမည်ရတဲ့ ပုဂ္ဂိုလ်တစ်ဦး ဖြစ်ပါတယ်၊ ငါနဲ့ သဘောသဘာဝချင်းတူတဲ့ ဘုရားရှင်အားလုံးဟာ အရဟတ္တမဂ်ဉာဏ် ရတာနဲ့တစ်ပြိုင်နက် ယုတ်ညံ့တဲ့ ကိလေသာနဲ့ အကုသိုလ်တရားတွေကို အကြွင်းမဲ့အောင်မြင်ခဲ့၊ အနိုင်ယူခဲ့တာမို့ ဇိန ဆိုတဲ့ ဘွဲ့အမည် ရပါတယ်၊ ငါလဲ အဲဒီဘုရားရှင်တွေလိုပဲ အရဟတ္တမဂ်ဉာဏ်နဲ့ ကိလေသာတရား၊ အကုသိုလ်တရား အယုတ်အညံ့တွေကို အကြွင်းမဲ့ အောင်မြင်ခဲ့၊ အနိုင်ယူခဲ့တာမို့ ဇိန ဆိုတဲ့ ဘွဲ့အမည် ရှိပါတယ်"

အဲဒီအခါ ဥပကတက္ကတွန်းကြီးက "ငါ့ရှင်၊ သင်ပြောတာ ဟုတ်လောက်တယ်၊ သင်ပြောတာ ဟုတ်လောက်တယ်" လို့ ပြောရင်း ခေါင်းတညိတ်ညိတ်နဲ့ လမ်းဖယ်ရှောင်လွှဲပြီး သူ့သွားလိုရာခရီးကို ဆက်လက်ထွက်ခွာသွားပါတော့တယ်။

ဥပကတက္ကတွန်းကြီးက မြတ်စွာဘုရားရှင်ရဲ့ ဘွဲ့အမည်ကို "အနန္တဇိန" လို့ သတ်မှတ်ခဲ့ပါတယ်။ မြတ်စွာဘုရားကလည်း အကြောင်းပြချက်နဲ့တကွ အတည်ပြုပေးခဲ့ပါတယ်။ နောင်တစ်ချိန် မြတ်စွာဘုရားရှင်ထံမှောက် ကျွတ်တမ်းဝင်ဖို့ ရောက်လာတော့လည်း ဥပကတက္ကတွန်းကြီးက မြင်မြင်သမျှ ရဟန်းရှင်လူတွေကို "အနန္တဇိန ဘယ်အရပ်မှာနေသလဲ" "အနန္တဇိန ဘယ်မှာလဲ" လို့ မေးမြန်းခဲ့ပါတယ်။

တကယ်တော့ အနန္တဇိန ဆိုတဲ့ဘွဲ့အမည်ဟာ ဂုဏ်ပုဒ်ကို အစွဲပြုပြီး ခေါ်ဝေါ်တဲ့ ဘွဲ့အမည်ပါ။ အနန္တဆိုတာ အဆုံးမရှိသိမြင်သူ၊ ဇိနဆိုတာ ရန်မာရ်အားလုံးကို အောင်နိုင်သူ၊ ဂုဏ်ပုဒ်နှစ်ခုကို ပေါင်းလိုက်တော့ အနန္တဇိနဆိုတဲ့ ဘွဲ့အမည် ဖြစ်လာတာပါပဲ။

မြတ်စွာဘုရားရှင်ရဲ့ ဂုဏ်ပုဒ်မှန်သမျှ (အရည်အချင်းမှန်သမျှ)ဘွဲ့အမည် ဖြစ်ခွင့်ရှိပါတယ်။ ဂုဏ်ပုဒ်တွေက မရေမတွက်နိုင်အောင် များလွန်းတော့ မြတ်စွာဘုရားရှင်ရဲ့ ဘွဲ့အမည်တွေကလည်း မရေမတွက်နိုင်အောင် များနေတော့တာပေါ့။ ဥပကတက္ကတွန်းကြီးကို မိန့်ကြားတော်မူတဲ့ စကားရပ်တွေထဲမှာကိုပဲ 'ဂုဏ်ပုဒ်အကြောင်းပြု ဘွဲ့အမည်' တွေ အများကြီး ပါပါတယ်။

မြတ်စွာဘုရားရှင်ရဲ့ အမည်ကို (၁) လူ့ဘဝအမည် (၂) ဘုရားအမည် (၃) ဂုဏ်ပုဒ်အမည်လို့ သုံးမျိုးခွဲခြားနိုင်ပါတယ်။ လူ့ဘဝအမည်ကတော့ "သိဒ္ဓတ္ထ" လို့ ခေါ်ပါတယ်၊ "အကျိုးအားလုံး ပြီးစီးနိုင်သူ" လို့ အဓိပ္ပာယ်ရပါတယ်။ (သိဒ္ဓ = ပြီးစီး၊ အတ္ထ= အကျိုး)။ ဘုရားအမည်ကတော့ "ဂေါတမ" လို့ ခေါ်ပါတယ်။ ဂေါတမ မျိုးနွယ်က ဆင်းသက်လာသူမို့ မျိုးနွယ်ရဲ့အမည်ကို အစွဲပြုပြီး ခေါ်တာပါ။

တချို့ဘုရားရှင်တွေက လူ့ဘဝအမည်နဲ့ ဘုရားအမည် အတူတူပါပဲ။ ဥပမာ - လူ့ဘဝတုန်းက ဒီပင်္ကရာမင်းသားက ဘုရားဖြစ်တော့ ဒီပင်္ကရာဘုရား၊ လူ့ဘဝတုန်းက မင်္ဂလမင်းသားက ဘုရားဖြစ်တော့ မင်္ဂလဘုရား၊ လူ့ဘဝနဲ့ ဘုရားဘဝ အမည်မပြောင်းဘဲ တစ်မျိုးတည်း ခေါ်ဝေါ်ကြပါတယ်။

လူ့ဘဝတုန်းက သိဒ္ဓတ္ထမင်းသားလို့ ခေါ်ပေမယ့် ဘုရားဖြစ်တဲ့အခါ သိဒ္ဓတ္ထဘုရားလို့ မခေါ်တာကတော့ ဂေါတမမြတ်စွာဘုရားရဲ့ ထူးခြားချက် တစ်ခုပဲပေါ့။ အရှင်သာရိပုတ္တရာ (အရပ်သုံး အရှင်သာရိပုတ္တရာ) မထေရ်ကို လူ့ဘဝအမည် ဥပတိဿ နဲ့မခေါ်ဘဲ သာရိပုတ္တ (သာရိပုဏ္ဏေးမရဲ့သား) လို့ ခေါ်သလိုပါပဲ။ အရှင်မဟာကဿပမထေရ်လည်း လူ့ဘဝတုန်းက ပိပ္ပလိ ကနေ ရဟန်းဖြစ်လာတော့ ကဿပရယ်လို့ ဖြစ်လာခဲ့တယ် မဟုတ်လား။

အများအားဖြင့်တော့ ဘုရားရှင်တွေ၊ ရဟန်းတော်တွေရဲ့ လူ့ဘဝအမည်နဲ့ ဘုရားဘဝ၊ ရဟန်းဘဝ အမည်တွေက တူညီကြတာ များပါတယ်။ တချို့တလေလောက်ပဲ ကွဲလွဲကြတာပါ။ အခုခေတ်မှာတော့ မြန်မာအမည် သို့မဟုတ် သက်ဆိုင်ရာ လူမျိုးအမည်ကနေ ပါဠိအမည်ကို ပြောင်းလဲမှည့်ခေါ်ကြတာမို့ လူအမည်နဲ့ ရဟန်းအမည် တခြားစီ ဖြစ်နေကြပါတယ်။ အခု ဦးပဥ္စင်းတို့ နေထိုင်တဲ့ကမ္ဘာ (ဘဒ္ဒကမ္ဘာ) မှာ ဘုရားငါးဆူပွင့်တယ်ဆိုတာ ဒကာတော့်ကို ကြားဖူးမှာပါ။


www.burmeseclassic.com

www.burmeseclassic.com

အဲဒီဘုရားငါးဆူရဲ့ ဘွဲ့အမည်ကို 'ကကုသန်၊ ကောဏာဂုံ၊ ကဿပ၊ ဂေါတမ၊ အရိမေတ္တေယျ' လို့ပဲ သုံးနှုန်းကြတာကို ကြည့်ခြင်းအားဖြင့် ဦးပဉ္စင်းတို့ မြတ်စွာဘုရားရှင်ရဲ့ ဘွဲ့အမည်ဟာ "ဂေါတမ" ပါပဲ ဒကာကျော်ကိုရေ။

ဒါပေမယ့် လေးစားထိုက်တဲ့ ကိုယ့်မိဘ၊ ကိုယ့်ဆရာသမား၊ ကိုယ့်ကျေးဇူးရှင်တွေကို မူရင်းအမည်အတိုင်း ခေါ်ဝေါ်သုံးစွဲခြင်း မပြုတာဟာ လူယဉ်ကျေးတွေရဲ့ ဓလေ့ထုံးစံဖြစ်လို့ မြတ်စွာဘုရားအကြောင်းပြောရင် ဘယ်သူတော်ကောင်းကမှ 'ဂေါတမ' လို့ မသုံးနှုန်းကြပါဘူး။ ဘာသာခြားပုဂ္ဂိုလ်တွေ၊ အယူအကျင့်မတူတဲ့ သာသနာပတိတ္ထိတွေကသာ 'ဂေါတမ'၊ 'ရဟန်းဂေါတမ' လို့ သုံးနှုန်းကြတာပါ။

ဗုဒ္ဓဘာသာဝင်တွေ၊ သူတော်ကောင်း သူတော်မြတ်တွေကတော့ ကိုယ်ကြည်ညိုရာ ဂုဏ်တော်တစ်ခုခုနဲ့ မြတ်စွာဘုရားရှင်ကို နာမ်စားသုံးနှုန်းကြပါတယ်။ အသုံးအများဆုံးကတော့ 'ဗုဒ္ဓ'ပါပဲ။ 'ဘုရား' ဆိုတဲ့ စကားလုံးကိုက 'ဗုဒ္ဓ' ဆိုတဲ့ စကားလုံးကနေ အဆင့်ဆင့် ရွေ့လျောလာခဲ့တာပါ။

'ဗုဒ္ဓ' ဆိုတာ မြတ်စွာဘုရားရှင်ရဲ့ ဂုဏ်ပုဒ်အမည်ပါပဲ။ 'သစ္စာလေးပါးကို ကိုယ်တိုင်သိခြင်း၊ သူတစ်ပါးကိုလည်း သိအောင်ဟောနိုင်ခြင်း' ဆိုတဲ့ ဂုဏ်ပုဒ်ကြောင့် အလိုအလျောက် ပိုင်ဆိုင်လာတဲ့ ဘွဲ့အမည်ပါ။ ဘုရားပွင့်တော်မူရခြင်းရဲ့ အဓိကရည်ရွယ်ချက်ကို လိုရင်းတိုရှင်း မီးမောင်းထိုးပြနိုင်တာမို့ 'ဗုဒ္ဓ'ဆိုတဲ့ ဂုဏ်ပုဒ်အမည်နဲ့ပဲ ဘုရားရှင်တိုင်းကို ရည်ညွှန်းသုံးနှုန်းကြပါတယ်။

'ဗုဒ္ဓ' ဆိုတဲ့ ဘွဲ့အမည်ဟာ ဦးပဉ္စင်းတို့ မြတ်စွာဘုရားရှင် တစ်ဆူတည်းရဲ့ ဘွဲ့အမည် မဟုတ်ပါဘူး။ ပွင့်ပြီး၊ ပွင့်ဆဲ၊ ပွင့်လတ္တံ့ မြတ်စွာဘုရားရှင်အားလုံးရဲ့ ဘွဲ့အမည်ဖြစ်ပါတယ်။ ဦးပဉ္စင်းတို့ မြတ်စွာဘုရားရှင် တစ်ဆူတည်းနဲ့သာ သက်ဆိုင်တဲ့ ဘွဲ့အမည်ကတော့ 'ဂေါတမ' ပါပဲ။

ဒကာကျော်ကို မေးခွန်းမှာပါတဲ့ 'သကျမုနိ' ဆိုတာကတော့ 'သကျ' ဆိုတာ သာကီဝင်မင်းမျိုး၊ 'မုနိ' ဆိုတာ သစ္စာလေးပါးသိသူ၊ နှစ်ခုပေါင်းလိုက်တော့ သကျမုနိ၊ ဒါလည်း မြတ်စွာဘုရားရှင်ရဲ့ ဂုဏ်ပုဒ်အမည်ပါပဲ။

မြတ်စွာဘုရားရှင်ရဲ့ ဂုဏ်ပုဒ်တွေ (ဂုဏ်တော်တွေ၊ အရည်အချင်းတွေ)က အသင်္ချေအနန္တ မရေမတွက်နိုင်အောင် များပြားလှတာမို့ ဂုဏ်ပုဒ်အမည်တွေလည်း မြတ်စွာဘုရားရှင်မှာ အသင်္ချေအနန္တ မရေမတွက်နိုင်အောင် များပြားလှပါတယ်။ ဂုဏ်ပုဒ်အမည်တိုင်းရဲ့ နောက်ကွယ်မှာ ကြည်ညိုလေးမြတ်ဖွယ်၊ လိုက်နာတုကျင့်ဖွယ် အဓိပ္ပာယ် အနှစ်တွေက နက်ရှိုင်းစွာ ကိန်းဝပ်နေတာမို့ ကိုယ့်စိတ်ဓာတ်နဲ့ ကိုယ့်လုပ်ရပ်ကို အသန့်စင်ဆုံး အမြင့်မြတ်ဆုံး တည်ဆောက်လိုသူတိုင်း မြတ်စွာဘုရားရှင်နဲ့ ဂုဏ်ပုဒ်တွေကို နှလုံးသားထဲမှာ အမြဲတမ်း ဖော်ထုတ်ဆင်ခြင်နေသင့်ပါတယ်လို့။

## အားရှိသူ အားထုတ်မှ အားထွက်မည်

*အရှင်ဘုရား . . ပဓာနိယင်္ဂတရားငါးပါးနဲ့ ပြည့်စုံရင် ညအားထုတ် မနက်တရားရနိုင်တယ်၊ မနက်အားထုတ် ညတရားရနိုင်တယ်လို့ ဆရာတော်တစ်ပါး ဟောထားတာ ဖတ်ဖူးပါတယ် ဘုရား။ ပဓာနိယင်္ဂတရား ငါးပါးကို မသိ၍ ဖြေကြားပေးတော်မူပါဘုရား။*

မောင်မြစ်ခြေ၊ ရန်ကုန်မြို့။

ဒကာ မောင်မြစ်ခြေရေ . . . ဒကာရဲ့ မေးခွန်းကို ဖတ်လိုက်ရတယ်ဆိုရင်ပဲ မြတ်စွာဘုရားရှင် လက်ထက်တုန်းက ထင်ရှားကျော်ကြားခဲ့တဲ့ ဆင်စီးချွန်းကိုင်ပညာရှင် 'ဗောဓိမင်းသား'ကို ချက်ချင်း သတိရလိုက်မိပါတယ်၊ ဗောဓိမင်းသားက သူ့ရဲ့ ဆွမ်းကျွေးပွဲတစ်ခုမှာ သံဃာအားလုံး ဆွမ်းဘုဉ်းပေးအပြီး မြတ်စွာဘုရားရှင်ကို မေးခွန်းတစ်ခု မေးလျှောက်ဖူးပါတယ်။

"မြတ်စွာဘုရား၊ မြတ်စွာဘုရားလို ဆရာမျိုးရဲ့ အဆုံးအမကို ရတဲ့ ရဟန်းတစ်ပါးအနေနဲ့ ဘယ်လောက်ကြာကြာ အားထုတ်ရင် အရဟတ္တဖိုလ် တရားထူး ရနိုင်ပါသလဲဘုရား ရဟန္တာဖြစ်ဖို့ အချိန်ဘယ်လောက် ကြာပါသလဲ ဘုရား"

"မင်းသားရေ ဒီနေရာမှာ သင့်ကို ငါဘုရား ပြန်မေး... ရစေ၊ သင်နှစ်သက်သလို ဖြေပေါ့၊ သင်မင်းသားက ဆင်စီးချွန်း... ကိုင်အတတ်မှာ တစ်ဖက်ကမ်းခပ် ကျွမ်းကျင်တယ် မဟုတ်... လား"

"မှန်လှပါ၊ ကျွမ်းကျင်ပါတယ် ဘုရား"

"ဒါဆိုရင် လူတစ်ယောက် ဆင်စီးချွန်းကိုင်အတတ်... သင်ချင်လို့ သင့်ဆီရောက်လာတယ် ဆိုပါတော့၊ သူက သ... အပေါ်မှာရော အတတ်ပညာအပေါ်မှာရော ယုံကြည်မှု... ဘူး၊ အနာရောဂါကလဲ ဖျားလိုက်သေးတယ်၊ မရိုးမသား... ဟန်ဆောင်လှည့်ပတ်တတ်လိုက်တာကလဲ မပြောပါနဲ့တော့... ဒီကြားထဲ လုံ့လဝီရိယကလဲ မရှိတဲ့အပြင် ဉာဏ်ကလဲ နည်း... သေးတယ်လေ၊ ကဲ. . . အဲဒီလူ သင့်ဆီမှာ ဆင်စီးချွန်းကိုင်... အတတ် တက်မြောက်နိုင်ပါ့မလား"

"မြတ်စွာဘုရား မိန့်ကြားတဲ့ အင်္ဂါငါးချက်ထဲက တ... ချက်ချက်နဲ့ ငြိနေတယ်ဆိုရင်ကိုပဲ အဲဒီလို ဆင်စီးချွန်းကိုင်... အတတ် မတတ်နိုင်တော့ပါဘူး၊ အင်္ဂါငါးချက်လုံးနဲ့များ ငြိနေ... လို့ကတော့ ဘယ်မှာ ဆိုဖွယ်ရာရှိပါတော့မလဲ ဘုရား"

"လူတစ်ယောက်ကတော့ ယုံလဲယုံကြည်တယ်၊ ကျန်း... လဲကျန်းမာတယ်၊ ဟန်ဆောင်လှည့်ပတ်ခြင်းလဲ ကင်းတယ်... လုံ့လဝီရိယလဲ ကြီးမားတဲ့အပြင် ဉာဏ်လဲထက်မြက်တယ်... အဲဒါဆိုရင်ကော"

"အဲဒါဆိုရင်တော့ အင်္ဂါတစ်ချက်ချက်နဲ့ ပြည့်စုံရင်ကို... ဆင်စီးချွန်းကိုင်အတတ်မှာ ကျွမ်းကျင်သွားနိုင်ပါတယ် ဘုရား...





www.burmeseclassic.com

www.burmeseclassic.com

အင်္ဂါငါးချက်လုံးနဲ့သာ ပြည့်စုံလို့ကတော့ အတိုင်းထက်အလွန်ပေါ့ ဘုရား"

"အဲဒီလိုပါပဲ မင်းသား၊ ရဟန်းတစ်ပါးဟာ ယုံကြည်မှုလဲရှိမယ်၊ ကျန်းမာရေးလဲ ကောင်းမယ်၊ ဟန်ဆောင်လှည့်ဝတ်ခြင်းလဲ ကင်းမယ်၊ လုံ့လဝီရိယလဲ ကြီးမယ်၊ ဉာဏ်ပညာလဲ ထက်မြက်မယ်ဆိုရင် ငါဘုရားရဲ့ အဆုံးအမအတိုင်း ကျင့်လို့ အကြာဆုံး ခုနစ်နှစ် အမြန်ဆုံး တစ်ရက်အတွင်းမှာ အရဟတ္တဖိုလ် တရားထူးရနိုင်ပါတယ်၊ ရဟန္တာ ဖြစ်နိုင်ပါတယ်၊

တစ်ရက်ဆိုတာ အသာထားလိုက်ပါဦး၊ အင်္ဂါငါးချက်နဲ့ပြည့်စုံတဲ့ ရဟန်းက ငါဘုရားဆုံးမတဲ့အတိုင်း အားထုတ်လိုက်မယ်ဆိုရင် ည အားထုတ် မနက် တရားရနိုင်ပါတယ်၊ မနက် အားထုတ် ည တရားရနိုင်ပါတယ်"

ကမ္မဋ္ဌာန်းတရား ပွားများအားထုတ်တဲ့ ပုဂ္ဂိုလ်တွေရဲ့ သန္တာန်မှာ ပြည့်စုံရမယ့် အင်္ဂါရပ်တွေကို ပဓာနိယင်္ဂတရားလို့ ခေါ်ပါတယ်။ ပဓာနိယ = ကမ္မဋ္ဌာန်းတရား အားထုတ်သူ၊ အင်္ဂ = အင်္ဂါ၊ ပဓာနိယင်္ဂ = ကမ္မဋ္ဌာန်း အားထုတ်သူ၏ အင်္ဂါ။ ပဓာနိယင်္ဂတရား ငါးပါးကို 'ယောဂီရဲ့ အားငါးပါး' လို့ ခေါ်နိုင်ပါတယ်။ ယောဂီမှန်ရင် ယုံကြည်မှုအား၊ ကျန်းမာမှုအား၊ ရိုးဖြောင့်မှုအား၊ ရဲရင့်မှုအားနဲ့ သိမြင်မှုအားဆိုတဲ့ အားငါးပါးနဲ့ ပြည့်စုံရပါမယ်။

'ယုံကြည်မှုအား' ဆိုတာကတော့ မြတ်စွာဘုရားရှင်နဲ့ မြတ်စွာဘုရားရှင်ရဲ့ တရားတော်အပေါ်မှာကော၊ ကိုယ့်ရဲ့ ပါရမီဓာတ်ခံ အပေါ်မှာပါ အပြည့်အဝ ယုံကြည်စိတ်ချခြင်းပါပဲ၊ မြတ်စွာဘုရားရှင်ဟာ အမှန်တရားကိုကိုယ်တိုင်လဲသိပြီး သူတစ်ပါးကိုလဲ သိအောင်ဟောနိုင်တယ်၊ မြတ်စွာဘုရားရှင်ရဲ့ တရားတော်ဟာ လိုက်နာကျင့်သုံးသူကိုအမှန်တကယ်ကောင်းကျိုးပြုနိုင်တယ်၊ ငါ့မှာ တရားတော်နဲ့ ထိုက်တန်တဲ့ ပါရမီဓာတ်ခံ ကောင်းကောင်းရှိတယ်" လို့ စိတ်ချလက်ချ ယုံကြည်တဲ့သူမှသာ ကမ္မဋ္ဌာန်းအားထုတ်မှု ထိရောက်နိုင်ပါတယ်။

'ကျန်းမာမှုအား' ဆိုတာကတော့ အနာရောဂါ ကြီးကြီးငယ်ငယ်ရော သေးသေးငယ်ငယ်ပါ ကင်းရှင်းပြီး ကိုယ်ခံနိုင်အား တောင့်တင်းခိုင်မာနေခြင်းပါပဲ။ ဝမ်းမီးမထက်လွန်း၊ မနှဲ့လွန်းဘဲ အလယ်အလတ် ဖြစ်နေရပါမယ်။ ဝမ်းမီးထက်လွန်းရင် ခဏခဏဆာပြီး ဝမ်းမီးနှဲ့လွန်းရင် အစာမကြေတဲ့အတွက် တရားအားထုတ်သူမှာ စိတ်အနှောင့်အယှက် ဖြစ်စေတတ်ပါတယ်။

'ရိုးဖြောင့်မှုအား' ဆိုတာကတော့ ကမ္မဋ္ဌာန်းတရားအပေါ်မှာရော ကမ္မဋ္ဌာန်းဆရာအပေါ်မှာပါ ဟန်ဆောင်လှည့်ပတ်မှု ကင်းရှင်းခြင်းပါပဲ။ တရားကို တရားနဲ့တူအောင် အားမထုတ်ဘဲ ဟန်ဆောင်ပန်ဆောင် လူအထင်ကြီးအောင် လုပ်နေမယ်၊ ကမ္မဋ္ဌာန်းဆရာကိုလည်း အမှန်အတိုင်း တရားလျှောက်ဘဲ မဟုတ်မဟတ် လုပ်ဇာတ်ခင်းပြီး လျှောက်မယ်ဆိုရင် အဲဒီယောဂီဟာ 'ဉာဏ်စဉ်' နဲ့ဝေးပြီး 'ညာစဉ်' နဲ့ပဲ ညားရပါလိမ့်မယ်။

'ရဲရင့်မှုအား' ဆိုတာကတော့ ကမ္မဋ္ဌာန်းအလုပ် နှောင့်နှေးပျက်ပြားသွားစေမယ့် အပျင်းဓာတ်အာရုံ မှန်သမျှကို ရဲရဲရင့်ရင့် ရင်ဆိုင်တွန်းလှန်နိုင်ခြင်းပါပဲ။ 'ဝီရိယ' ကိုပြောတာပါ။ ဘယ်အခြေအနေမျိုးမှာမဆို ကိုယ်လုပ်ရမယ့်အလုပ်ကို နောက်ဆုတ်ရပ်တန့်မပစ်ဘဲ ရဲရဲရင့်ရင့် ကြိုးပမ်းအားထုတ်နိုင်မှ ကိုယ်လိုရာပန်းတိုင်ကို ဆိုက်ရောက်နိုင်ပါတယ်။

'သိမြင်မှုအား' ဆိုတာကတော့ ရုပ်တရား နာမ်တရားတွေရဲ့ အမြဲမပြတ် ဖြစ်ပျက်ပြောင်းလဲနေတဲ့ သဘောသဘာဝတွေကို တစ်ဆင့်ကြားအသိ၊ ကြံစည်စိတ်ကူးအသိနဲ့ မဟုတ်ဘဲ ကိုယ်တွေ့မျက်မှောက်အသိနဲ့ ပိုင်ပိုင်နိုင်နိုင် ထိုးထွင်းသိမြင်နိုင်ခြင်းပါပဲ။ ကိုယ်ရှုမှတ်လိုက်တဲ့ အာရုံရဲ့ ဖြစ်ပျက်သဘောကို သိမြင်ခြင်းနဲ့အတူ မိမိနှလုံးသားမှာ ကိန်းဝပ်နေတဲ့ လောဘ၊ ဒေါသ စတဲ့ ကိလေသာအစိုင်အခဲတွေကိုလည်း ဖောက်ခွဲဖျက်ဆီးပစ်နိုင်စွမ်း ရှိရပါမယ်။ နိဗ္ဗာန်အရောက် ပို့ပေးနိုင်လောက်အောင် သိမြင်မှုအားကောင်းမှ တရားထူးတရားမြတ် ရနိုင်ပါတယ်။

အားငါးပါးနဲ့ ပြည့်စုံတဲ့ ယောဂီပုဂ္ဂိုလ်ဟာ ဝိပဿနာကျင့်စဉ်ကို မြတ်စွာဘုရားညွှန်ကြားတဲ့ နည်းလမ်းအတိုင်း တစ်သဝေမတိမ်း လိုက်နာပြုကျင့်ဖို့တော့ လိုအပ်ပါတယ်။ မြတ်စွာဘုရားက ဒီလိုရှုပါဆို ကိုယ်က ဟိုလိုရှုမယ်၊ မြတ်စွာဘုရားက ဟိုလိုရှုပါဆို ကိုယ်က ဒီလိုရှုမယ်ဆိုရင်တော့ အားငါးပါးနဲ့ ပြည့်စုံလည်း တရားမရနိုင်ပါဘူး။

ယောဂီအား ငါးပါးနဲ့လည်း ပြည့်စုံမယ်၊ မဟာသတိပဋ္ဌာန် ဒေသနာတော်မှာ ညွှန်ကြားထားတဲ့ နည်းလမ်းအတိုင်းလည်း တိတိကျကျ လိုက်နာမယ်ဆိုရင်တော့ မဂ်ဖိုလ်နိဗ္ဗာန်ဟာ ကိုယ့်ရဲ့လက်တစ်ကမ်းမှာပဲ ရှိနေမှာပါ။ ပါရမီအနုအရင့်ပေါ်မူတည်ပြီး အနှေးနဲ့အမြန်တော့ ကွာမှာပေါ့။ တကယ်တော့ ဒီအားငါးပါးဟာ ကမ္မဋ္ဌာန်းတရားပွားများအားထုတ်တဲ့ အလုပ်မှာမှ လိုအပ်တာမဟုတ်ပါဘူး။ ဘဝတိုးတက်ကြောင်း ကောင်းမြတ်တဲ့ ဘယ်အလုပ်မျိုးမှာမဆို မရှိမဖြစ် လိုအပ်ပါတယ်။ ဘယ်အလုပ်ပဲလုပ်လုပ် ယုံကြည်မှု၊ ကျန်းမာမှု၊ ရိုးဖြောင့်မှု၊ ရဲရင့်မှု (ဝီရိယရှိမှု) သိမြင်မှု (အမြော်အမြင်ဉာဏ်ရှိမှု) အဲဒီအလုပ် အောင်မြင်တိုးတက်နိုင်ပါတယ်။

ယောဂီအားငါးပါးနဲ့ ဝိပဿနာတရား အားထုတ်ရင် သတိ၊ သမာဓိ၊ ပညာ စတဲ့ သူတော်ကောင်းတရား အားတွေ ထွက်ပေါ်လာပါတယ်။ ထွက်ပေါ်လာတဲ့ သူတော်ကောင်းတရားအားတွေ စုံချိန်မီပြည့်ဝသွားတဲ့ တစ်နေ့ နိဗ္ဗာန်ချမ်းသာကို မျက်မှောက်ပြုရမှာပါပဲ။ 'အားရှိမှ အားထုတ်ပါ၊ အားထုတ်မှ အားထွက်ပါတယ်' လို့။ (ဆက်ရန်)

❒ အရှင်ဆန္ဒာဓိက



www.burmeseclassic.com

www.burmeseclassic.com



# လောကရန်အောင် ရုပ်ပွားတော်မြတ်၏ တန်ခိုးတော်နှင့် အစောင့်အရှောက်ပုဂ္ဂိုလ်များ

**ဇော်ဝင်း(ဒီပဲယင်း)**

စာရေးသူသည် ဗုဒ္ဓဘာသာဝင် တစ်ဦးဖြစ်ပါသည်။ အမှန်ကို ဝန်ခံရသော် အသက်(၃၅)နှစ်အထိ မိရိုးဖလာ ဗုဒ္ဓဘာသာဝင်တစ်ဦးသာ ဖြစ်ခဲ့သည်။ အသက် (၃၅)နှစ်ကျော်မှ ဗုဒ္ဓဘုရား၏ ကြီးမားမြင့်မြတ်မှု ဂုဏ်တော် အနန္တ၊ မေတ္တာ ကရုဏာတော်တို့ကို သိရှိလာရ၍လည်းကောင်း၊ ဗုဒ္ဓဟောကြားတော်မူခဲ့သော တရားဓမ္မ၏ အဆီအနှစ်များကို ဖတ်ရှုလေ့လာ ကြားနာရ၍ လည်းကောင်း၊ တရားဓမ္မများကို ပုထုဇဉ်တို့အား လက်ဆင့်ကမ်းဖြန့်ချီ ဟောပြောပေးသည့် သံဃာတော်တို့၏ ဂုဏ်ကျေးဇူးတို့ကို လည်းကောင်း တစ်စတစ်စ သိရှိနားလည်လာရ၍ ဗုဒ္ဓဘာသာ သာသနာတော်ကို အမှန်တကယ် ယုံကြည်သက်ဝင်သော ဗုဒ္ဓဘာသာဝင် အစစ်အမှန် ဖြစ်လာရသူ ဖြစ်ပါသည်။

ထိုသို့ စစ်မှန်သော ဗုဒ္ဓဘာသာဝင် တစ်ယောက် ဖြစ်လာစေရန် အကြောင်းအမျိုးမျိုးရှိခဲ့ပါသည်။ ထိုအကြောင်းအမျိုးမျိုးထဲမှ ထူးခြားအံ့ဖွယ်သော အကြောင်းတစ်ခုကို တင်ပြလိုပါသည်။

စာရေးသူ အသက်(၃၅)နှစ် ခန့်ဝန်းကျင်က ပြည်သူ့ဝန်ထမ်းဘဝဖြင့် မြန်မာပြည်တစ်ဝန်း တာဝန်ထမ်းဆောင်ခဲ့ရာ ခရစ်ယာန်ဘာသာဝင်တို့၏ နေအိမ်များသို့ ရောက်ဖူးပါသည်။ လက်ဝါးကပ်တိုင်တွင် ယေရှု၏ ပုံတော်ကို အိမ်တိုင်းလိုလိုတွင် တွေ့ရ၏။ သို့သော် စာရေးသူ၏ နေအိမ်ဘုရားစင်တွင် ဘုရားပန်းအိုးသာရှိသည်။ ဗုဒ္ဓဘာသာဝင်ဖြစ်လျက် ဗုဒ္ဓရုပ်ပွားတော် တစ်ဆူတလေပင်မရှိ။ သို့အတွက် ရှက်ရွံ့စိတ်များ ပေါ်ကာ ဗုဒ္ဓရုပ်ပွားတော် တစ်ဆူတင်၍ ပူဇော်မည်ဟု စိတ်အကြံပေါ်ပေါက်ခဲ့ရသည်။

ခရစ်သက္ကရာဇ် ၁၉၈၉-၉၀ ခန့်ကဖြစ်သည်။ ထိုအချိန်က ဗုဒ္ဓဘာသာဝင် ခပ်များများသည် ဆင်ခံဘုရား၊ ဆင်ခံ မြင်းရံဘုရားရုပ်ပွားတော်များကို သဲသဲမဲမဲ ရှာဖွေ၍ ပူဇော်မှုကို ပြုသောကာလဖြစ်သည်။ စာရေးသူကတော့ ဉာဏ်တော် ကိုးလက်မအရွယ်ရှိ ရှေးဟောင်းကြေးဆင်းတု၊ ဘူမိဖဿမုဒြာ ပုံတော်တစ်ဆူကို ပင့်ဆောင်၍ ဘုရားစင်တွင် တင်ကာ ပူဇော်ရာ ကြည်နူးပီတိမှု ဖြစ်ခဲ့ရသည်။

ဆင်ခံဘုရားကို ရှာဖွေပူဇော်သော စာရေးသူ၏ မိတ်ဆွေအချို့မှာ ရာထူးကျခြင်း၊ ရောဂါဘယဖြစ်ခြင်း



www.burmeseclassic.com

www.burmeseclassic.com



လောကရန်အောင် ရုပ်ပွားတော်မြတ်အား ဖူးတွေ့ရပုံ

အချို့မှာ သေကျေပျက်စီးခြင်း အဖြစ်သို့ ရောက်ရှိလာကြ၍ ဘုရားခိုက်သည်ဟု လွယ်လွယ်ပြောကြပါသည်။

အမှန်မှာ ဘုရားခိုက်ခြင်း မဟုတ်ပါ။ မြတ်စွာဘုရားသည် မေတ္တာရှင် ကရုဏာရှင် ဖြစ်သည်နှင့်အညီ လူနတ်ဗြဟ္မာ သတ္တဝါတို့အား ကရုဏာတော်ဖြင့် ပရိဒေဝမီး၊ သောကမီး တောက်လောင်နေသူတို့ကို တရားရေအေး တိုက်ကျွေးကာ အမြိုက်တရားကို ပေးသည့် သတ္ထာဒေဝ မနုဿာနံ ဂုဏ်တော်နှင့် ပြည့်စုံသော ဘဂဝါမြတ် တစ်ဆူသာ ဖြစ်ပေသည်။

ထို့ပြင် ဗုဒ္ဓကိုယ်ပွား ဆင်းတုတော်ကို ပူဇော်ခြင်းသည် ဓာတုစေတီ၊ ဓမ္မစေတီ၊ ဥဒ္ဒိဿစေတီ၊ ပရိဘောဂစေတီဟူ၍ ကိုးကွယ်ပူဇော်ရာ လေးမျိုးလေးစားတွင် အကျုံးဝင်ပါ၍ ယုံကြည်သဒ္ဓါစိတ်ဖြင့် ပူဇော်ပါက အပါယ်လေးပါးသို့ ဘယ်သောအခါမျှ မလားရကြောင်း သိရသည်။

သို့သော် ရှေးဘုန်း၊ ရှေးကံကြီးမားသော ပုဂ္ဂိုလ်တို့က စေတီပုထိုးနှင့် ဗုဒ္ဓရုပ်ပွားတော်များ သွန်းလုပ်တည်ထားခဲ့ရာတွင် ဗုဒ္ဓ၏ သရီရဓာတ်တော်များ၊ ရဟန္တာ၏ ဓာတ်တော်များ ထည့်သွင်း၍ ပူဇော်ခြင်း၊ ဗုဒ္ဓရုပ်ပွားနှင့် စေတီများ နှစ်ကာလကြာညောင်း၍ ပျက်စီးယိုယွင်းခဲ့သည်ရှိသော် နှောင်းလူတို့ ပြန်လည် ပြုပြင်နိုင်ရန် ရည်ရွယ်၍ အဖိုးတန်ရတနာများ ထည့်သွင်းဌာပနာ၍ ပူဇော်ခဲ့ခြင်း၊ ဗုဒ္ဓအား ကြည်ညိုမှုအတိဖြင့် စေတီရုပ်တု တည်ထားသွန်းလုပ်ချိန်တွင် သဒ္ဓါယိုဖိတ်၍ မိမိဝတ်ဆင်ထားသော အဖိုးတန် လက်ဝတ်ရတနာများကို ထည့်သွင်းဌာပနာခြင်းများလည်း ရှိခဲ့ကြရာ အတ္တနှင့် လောဘကြီးသူများ၊ မသမာသူများ၊ သိုက်ဆရာများ၏ အန္တရာယ်ကို ကာကွယ်ရန် ကျမ်းသစ္စာ ပြု၍ထားခဲ့ကြသည်များလည်းရှိကြသည်။ လူသားတို့ မမြင်နိုင်သည့် အစောင့်အရှောက်များလည်း ထားခဲ့ကြသည်။




ရှေးဟောင်းသမိုင်းဝင် စေတီပုထိုးနှင့် ဗုဒ္ဓရုပ်ပွားတော် အမွေအနှစ်များ ဖူးတွေ့နိုင်သည့် ဒီပဲယင်းမြို့



www.burmeseclassic.com

www.burmeseclassic.com

ထို့ကြောင့် စေတီနှင့် ရုပ်ပွားတော်များကို ဖျက်ဆီးခြင်း၊ ယူငင်ခြင်း၊ ဥပနာဖောက်၍ ကိုယ်ပိုင်ပစ္စည်းအဖြစ် သုံးစွဲက ရှေးဘုန်းရှေးကံကြီးသူများ ထားရှိခဲ့သည့် အစောင့်အရှောက်များက ရန်ပြုတိုက်ခိုက်ခြင်း၊ ကျမ်းသစ္စာပါ ကျိန်စာအတိုင်း ရောဂါဘယဖြစ်ပွားခြင်း၊ ရူးသွပ်ခြင်း၊ စီးပွားပျက်ခြင်း၊ ရေဘေးမီးဘေးသင့်ခြင်း၊ အသေဆိုးသေခြင်းတို့ ဖြစ်ကြသည်မှာ ဘုရားခိုက်ခြင်း မဟုတ်၊ ဘုရားကို စောင့်ရှောက်ရန်ထားခဲ့သည့် အစောင့်အရှောက်ပုဂ္ဂိုလ်များ၏ အတားအဆီးနှင့် ကျိန်စာအရ ခံစားရခြင်းသာဖြစ်သည်။

**လောကရန်အောင် ရုပ်ပွားတော်မြတ်**

စစ်ကိုင်းတိုင်းဒေသကြီး ဒီပဲယင်းမြို့နယ်၊ ကျွန်းတော်ကြီးရွာ ကျွန်းဦးဘုန်းတော်ကြီးကျောင်းတွင် လောကရန်အောင် ရုပ်ပွားတော် စံပယ်တော်မူသည်။ (ကျွန်းတော်ကြီးရွာမှာ ဒီပဲယင်းမြို့၏ အနောက်တောင်ဘက်တွင် တည်ရှိ၍ မြို့နှင့် ၈မိုင်ခန့် ကွာဝေးသည့်) ရုပ်ပွားတော်မှာ ဘူမိဖဿမုဒြာ ဖြစ်သည်။ ရုပ်ပွားတော်၏ အမြင့်မှာ တစ်တောင့်ထွာ၊ ပလ္လင် အောက်ခြေမှ ဦးခေါင်းတော်အထက် နဂါးပါးပျဉ်းအထိ အမြင့် ၂ တောင် ၁ မိုက်ရှိ၏။ ပလ္လင်အောက်ခြေ အဝန်းပတ်လည် ၃ တောင် ၁ မိုက် ရှည်၏။

**ဘုရားသိုက်စာ**

ဤတွင် ဘုရားသိုက်စာအညွှန်းကို တင်ပြမှ ပြည့်စုံနိုင်မည်ဖြစ်၍ ဆက်လက် တင်ပြပါမည်။

"နမောတဿတိ၊ ဇမ္ဗူဒီပ ကျွန်းတောမြေတွင် နေမိတ္တက ဘုမ္မိအရပ်၌ ဆရာသိပ္ပဖော်ထုတ်ပြသည်၊ သိပ်သည်းသေချာ၊ အရာရာတွင် ပညာဖြင့်မြင် ရှုဆင်ခြင်လော့"

"စပ္ပါနဝ၊ ဝိသာစတု၊ အင်းပေါင်းပြု၍၊ တစ်ခုမသွေ အင်းပေါင်းကြေ၍ ဂဏန်းနေလည်း၊ မှန်ဆွပါရပ်၊ နရပုပ္ပာ ဒက္ခိဏာနှင့် ဧသံ အဂ္ဂိတည်ရှိ ရှစ်တန်အရိယာ၊ ဟောမြွက်ပရိတ် ရှစ်စိတ်ထက်လာ၊ အက္ခရာတွင်၊ လက်ကသေစေ၊ ထည့်သွင်းလေမှု ဂန္ထပဋ္ဌာ၊ လောင်းလေပြန်သော်၊ မဏ္ဍနာတိ၊ ရုပ်သေရှိ၏"

"၎င်း ရုပ်ရှင်သည် ကျွန်းတောဦး၌ တည်လေ၏။ နဂါးမိကျောင်း၊ ရာထောင်သောင်းနှင့်၊ အပေါင်းဂဗေငါးထွေဟတ္တိ၊ ဒွိဟသံသုမာ သတ္တာနာဂေ၊ သုံးဖြာရောင်ယှက်၊ ဣန္ဒြိစက်နှင့်၊ စောင့်လျက်မကွာ အမြဲပါ၍ သတိချပ်လေ၊ သိအပ်ထွေ. . ."

"မြတ်ရှင်ကိုယ်စား၊ ရုပ်ထုပွားတွင်၊ တည်ခြားနဝါ၊ ဧရိယာတွင်၊ ဟတ္တေပါဒ၊ ပဆစ်ထုတ်ခြောက်၊ စတုကပ္ပ၊ လေးဌာနတွင်၊ တကွမန်လည် တကောင်းပြည်နှင့်၊ သထုံဇင်းကျိုက်၊ လေးသမိုက်ပ၊ မဏိစည်သူ၊ ဖောင်တော်ယူ၍၊ ပါတော်မမူ၊ သီတဂူဝ၊ ကိန်းဝပ်စံပယ်၊ ကျွန်းဦးလယ်တွင်၊ လောကရန်အောင်၊ မြတ်ဘုန်းခေါင်နှင့်၊ ညီနောင်သုံးထွေ၊ ရှိပခြေသည်၊ ဇမ္ဗူရန်အောင်၊ ကျွန်းလုံးချမ်းသာ၊ စိန္တေယျာဦး၊ သိုက်စာမြူးသည်၊ သမိုင်းတေဇာ အထူးတည်း"

"သက္ကရာဇ် ယဋ္ဌခ (၄၃၂)ခုနှစ်၊ သိသေနာဂ၊ ရောင်လျှံ မဏိ. . . မိကျောင်းမျက်ရှင်. . . အများပြည်သူ၊ လွန်ကြည် ဖြူသည်၊ လှိုဏ်ဆူကျော်ဇော တည်လိမ့်တည်း"

(သတ်ပုံမူရင်းအတိုင်း)

(စကားချပ်)

ဗုဒ္ဓဘာသာဝင် သူတော်စင်များ ရုပ်ပွားတော်အား ရေရှည်တည်တံ့စွာ ကြည်ညိုပူဇော်နိုင်ရန်နှင့် ရန်သူမျိုးငါးပါး၏ ဘေးရန်ကို ကာကွယ်ရန် ရည်သန်၍ ဘုရားသိုက်အချို့စာပိုဒ်များကို တမင်ချန်လှပ်ဖော်ပြပါသည်။

ဘုရားသိုက်စာ၏ အညွှန်းကို ကိုးကား၍ ရဟန်းရှင်လူအများ သဒ္ဓါကြည်ညိုနိုင်ရန် တင်ပြရသော် ရုပ်ပွားတော်၏ ရှေ့ပိုင်းတွင် ပုဆစ်တုပ်ဝပ်လျက် ဆင်ငါးကောင်ခံ ပလ္လင်ပေါ်တွင် လောကရန်အောင်ရုပ်ပွားတော် စံပယ်၍ သံသုမာ မိကျောင်းနှစ်ကောင်မှာ နောက်ပလ္လင်ဘက်တွင် ပါးစပ်ချင်း ဟပ်လျက်လည်းကောင်း၊ နဂေနဂါး ခုနစ်ကောင် အနက် နဂါးသုံးကောင်စီဖြင့် ရုပ်ပွားတော်၏ ဝဲယာနံစောင်းတို့တွင် ရစ်ပတ်၍လည်းကောင်း၊ နဂါးကြီးတစ်ကောင်၏ ပါးပျဉ်းမှာ ရုပ်ပွားတော်၏ မဏိဦးခေါင်းတော်ပေါ်တွင် အုပ်မိုး၍လည်းကောင်း တည်တံ့စွာဖြင့် စောင့်ရှောက် ကာကွယ်သည့်ဟန်အပြည့်ဖြင့် တွေ့မြင်ရ၏။



လောကရန်အောင် ရုပ်ပွားတော်မြတ် မူလစံပယ်တော်မူရာ
ဂန္ဓကုဋိတိုက်ဟောင်းအား ကျောင်းဆရာဟောင်း ဦးကျော်ခဲက လိုက်လံပြသစဉ်





www.burmeseclassic.com

www.burmeseclassic.com

ထို့ပြင် ဘဒ္ဒကမ္ဘာတွင် ပွင့်တော်မူပြီးဖြစ်သော ကကုသန်၊ ကောဏာဂုံ၊ ကဿပ၊ ဂေါတမ ဘုရားလေးဆူကို ရည်ညွှန်း၍ ကြာရင်းကြာနွယ်၊ ကြာပန်းလေးသွယ်ဖြင့် ကိုယ်တော်မြတ်၏ ကိုယ်လုံးတော်ကို ရစ်ပတ်ဖွဲ့ခြံ၍ လည်းကောင်း၊ ဂေါတမဘုရားအဖြစ် ရည်ညွှန်း၍ လက်ဝဲရံ လက်ယာရံဖြစ်သော ရှင်မောဂ္ဂလ္လာန်နှင့် ရှင်သာရိပုတြာ ရဟန္တာနှစ်ပါးတို့၏ ပုံတော်နှစ်ခုကို လည်း ရုပ်ပွားတော်၏ ဝဲယာနှစ်ဖက်တွင် တစ်ဆက်တစ်စပ်တည်း ထုလုပ်ထုဆစ်ထားသည်ကို ဖူးမြင်ရသည်။

ရုပ်ပွားတော်၏ နောက်ကျောဘက်၌ နဂါး မိကျောင်း ကြာနွယ် ကြာခက်တို့ဖြင့် သိကြားမင်း ရပ်တည်နေသည့် အသွင်ဖြင့် တစ်တုံးတည်းသော ကျွန်းနက်သားကို ထုဆစ်ထားသည်မှာ ဖူးမြော်ရသူတို့အဖို့ အံ့ဖွယ်ဘနန်း အံ့ဩဆန်းပြားရသည့်အပြင် ကြည်ညိုသဒ္ဓါစိတ်များ လွှမ်းပွားရပါ၏။

ရုပ်ပွားတော် ထုဆစ်ပြုလုပ်ပူဇော်သောနှစ်မှာ ဘုရားသမိုင်းအရ သက္ကရာဇ် ယင်ငွေ (၄၃၂) ခုနှစ်ဟု ဖော်ပြထား၍ ပုဂံခေတ်ဦး အနော်ရထာမင်းလက်ထက်ကဟု ခန့်မှန်းရသည်။ လောကရန်အောင် ရုပ်ပွားတော်နှင့်အတူ ဘုရားသုံးဆူ ထုဆစ်တော်မူ၍ ရှုရန်အောင် ဘုရားမှာ တကောင်းမြို့တွင်လည်းကောင်း၊ ကျွန်းလုံးချမ်းသာ ဘုရားမှာ သထုံဇင်းကျိုက်တွင် လည်းကောင်း စံပယ်နေကြသည်ဟု သိရသည်။

မဏိစည်သူမင်းကြီးသည် တိုင်းခန်းလှည့်လည်ရာမှ ဒီပဲယင်းမြို့နယ် ကျွန်းတောကြီးရွာသို့ ရောက်ရှိပြီး လောကရန်အောင် ရုပ်ရှင်တော်မြတ်ကို ဖူးတွေ့ရရာ သဒ္ဓါကြည်ညိုဖြစ်၍လည်းကောင်း၊ မိမိအထက်က ဘိုးလောင်းတော် ဘေးလောင်းတော်များ၏ ဆောင်းမူဖြစ်၍လည်းကောင်း ပုဂံနေပြည်တော်သို့ ပင့်ဆောင်ရာ ဖောင်တော် ထွက်မရ၍ ကျွန်းတောကြီးရွာ သီတဂူဝမေတ္တာရေကန် မြောက်ဘက်ဘောင်တွင်ရှိသည့် ထူထဲလှသော ခိုင်ခံလှသော ဂန္ဓကုဋိတိုက်၌ ပြန်လည်ထားခဲ့ရသည်ဟု ဆိုသည်။

**စကားချပ်**

(သိမ္ဘာရွာ၊ ရွာကျောင်းဆရာဟောင်း ဦးကျောက်ခဲက လိုက်လံပြသ၍ ကြည့်ရှုရာ မေတ္တာရေကန် ဘောင်ပေါ်ရှိ ဂန္ဓကုဋိတိုက်မှာ ပျက်စီးယိုယွင်းနေသည်ကို တွေ့ခဲ့ရသည်)

### ကျိန်စာသင့်သည့် မိသားစု

မြန်မာနှစ် ၁၃၃၀ က ကျွန်းတောကြီးရွာမှ မောင်ဒေဝနှင့် မောင်ဒေဟတို့ ညီနောင်သည် လူငယ်သဘာဝ အပျော်လွန်၍ ဂန္ဓကုဋိတိုက်မှ လောကရန်အောင် ရုပ်ပွားတော်အား ယူဆောင်ပြီး မေတ္တာရေကန်အတွင်းချကာ ဖောင်အမှတ်ပြု၍ ရေကစားကြသဖြင့် ရက်ပိုင်းအတွင်း ကုဋ္ဌနူနာစွဲကပ်ကြပြီး မိဘနှစ်ပါးပါ ရူးသွပ်သွားကြခြင်း အဖြစ်သို့ ရောက်ခဲ့၏။

### အမြင်မှန်ရသွားသည့် ထောင်ထွက်နှင့် သိုက်စာ

၁၃၃၀ ခုနှစ်က ရွာသား မောင်ဘဇွန်သည် လူသတ်မှုဖြင့် ထောင်ကျကာ ပုသိမ်ထောင်သို့ ရောက်ရှိခဲ့သည်။ ထောင်မှ လွတ်သည့်အခါ ထောင်ကျစဉ်က တွေ့ခဲ့သော ဆရာတစ်ဦးက ဘုရားသိုက်စာကိုပေး၍ ၎င်းဘုရားကို ခိုးယူပေးရန်နှင့် ဘုရားရုပ်ဟု ရရှိပါက တစ်သက်စာပေးမည်ဆိုသဖြင့် သိုက်စာတွင်ပါရှိသော ကျွန်းတောရွာရှိ ဂန္ဓကုဋိတိုက်တွင် ရှာဖွေသည်။ မတွေ့ရသဖြင့် မေတ္တာရေကန်ဘက်သို့ သွားကြည့်ရာ ရုပ်ပွားတော်ကို ရေကန်အစပ်ရှိ မြက်ဖုတ်ပေါ်တွင် တွေ့ရသည်။ အားရဝမ်းသာစွာဖြင့် မောင်ဘဇွန်က ရုပ်ပွားတော်အား မ,ယူရာ အချိန်အခါမဟုတ် မိုးကြီးပြင်းထန်စွာ ရွာသဖြင့် ထိတ်လန့်ကြောက်ရွံ့ပြီး ကျွန်းဦးကျောင်းကြီးကျောင်းသို့ပြေးသော ဆရာတော် ဦးပညာဓိကအား ဘုရားသိုက်စာ ဆက်ကပ်၍ “တပည့်တော်များသည် ဘုရား ကိုကြည်ညိုကောင်းသော အရာကို ကြည်ညိုပါသည်၊ ခွင့်လွှတ်တော်မူပါ ဘုရား” ဟု လျှောက်ထား၍ [illegible] စွာဖြင့် ၎င်း၏ရွာသို့ ပြန်သွားခဲ့ကြောင်း သိရသည်။

**စကားချပ်**- ကျိန်စာသင့် မိသားစုနှင့် ထောင်ထွက်အမည်တို့ကို လူမှုရေးအရ အမည်နာမလွှဲပြောင်းရေးသားပါသည်။

### ကျွန်းဦးကျောင်းသို့ ရုပ်ပွားတော်ပင့် ဆောင်ခြင်း

ကျွန်းဦးကျောင်း ဆရာတော် ဦးပညာဓိကသည် ထောင်ထွက် မောင်ဘဇွန်ဆက်ကပ်သော ဘုရားသိုက်စာကို လုံခြုံစွာသိမ်းထား၍ ရုပ်ပွားတော်ကို ရွာမိ ရွာဖများနှင့်အတူ ကျွန်းဦးကျောင်းတိုက်သို့ ပင့်ဆောင်သည်။ ရုပ်ပွားတော်မှာ နှစ်ကာလကြာမြင့်၍ ပြုပြင်မွမ်းမံရန် လိုအပ်သေးသဖြင့် ကျောင်း၏ အရှေ့ဘက်တွင် ထန်းရွက်မိုးဖြင့် ယာယီစံကျောင်းဆောင်ထိုးကာ ပူဇော်ခဲ့သည်။

### အစောင့်အရှောက်ပုဂ္ဂိုလ်များ

ရုပ်ပွားတော်မှာ နှစ်ကာလကြာမြင့်ခဲ့သော်လည်း ပခုံးတော်တွင်သာ အနည်းငယ်ပေါက်ရာရှိသည်။ ဆရာတော်က ပြုပြင်ပေးရန် ဖြံရွာမှ လက်သမားဆရာ ဦးမင်းဆွေအား ခေါ်ယူစေခိုင်းခဲ့ရာ ဦးမင်းဆွေ လာရောက်ပြုပြင်စဉ် ပခုံးတော်ပေါက်မှ ဓာတ်တော် (၉)လုံး ထွက်လာ၍ ဆရာတော်အား ပြသသည်။ ဆရာတော်က ပြန်လည်ထည့်သွင်းစေပြီးလုံခြုံအောင်စီမံခဲ့သည်။

ထိုသို့ ပြုပြင်ဆောင်ရွက်နေဆဲ ဒီပဲယင်းမြို့ပေါ်မှ ဩဇာအာဏာရှိသူများလာရောက်၍ ရုပ်ပွားတော်အား ပင့်ဆောင်လိုသဖြင့် ဆရာတော်အား ဝတ္ထုငွေကပ်ပါမည်ဟု လည်းကောင်း



www.burmeseclassic.com

www.burmeseclassic.com

ရုပ်ပွားတော်အစားပေးမည်ဟု လည်းကောင်း နည်းမျိုးစုံဖြင့် ချဉ်းကပ်ကာ ဆရာတော်အားလျှောက်ထားကြသည်။ သို့သော် ဆရာတော်က ခွင့်မပြုခဲ့ပေ။ လေးငါးကြိမ်မျှ ဆက်လက်လာရောက်တောင်းခံကြ၍ "မင်းတို့ ငါ့ အသက်သတ်သွားမှ ရနိုင်လိမ့်မည်" ဟု ခပ်ပြတ်ပြတ် မိန့်ဆိုလိုက်မှ မလာကြတော့ဟု သိရသည်။

ထို့နောက်ပိုင်းတွင် မသမာသူများက ရုပ်ပွားတော်အား ခိုးယူရန် နေ့ညမပြတ် ချောင်းမြောင်းကြသော်လည်း အထမမြောက် မအောင်မြင်ကြ၊ ညဥ့်အချိန်တွင် ရုပ်ပွားတော်စံမြန်းရာ စံကျောင်းပတ်ပတ်လည်တွင် မီးပုံးများကိုင်ဆောင်လျက် ဟိုဟိုဒီဒီ သွားလာနေကြသော အဝတ်ဖြူနှင့်လူများ ပျားပန်းခပ်ရှုပ်ထွေးများပြားလှ၍ စံကျောင်းအနီးသို့ပင် မလာရဲကြဘဲ ကြောက်ရွံ့၍ ပြန်လည်ပြေးကြရသည်ဟု သိရသည်။

သို့အတွက် ဘုရားသိုက်စာပါ "နဂါး မိကျောင်း၊ ရာထောင်သောင်းနှင့်၊ အပေါင်းဂဇေ၊ ငါးထွေဟတ္ထ၊ ဒွိဟသံသုမာ၊ သတ္တာနာဂေ၊ သုံးဖြာရောင်ယှက်၊ ဣန္ဒိစက်နှင့် စောင့်လျက်မကွာ၊ အမြဲပါ၍ သတိချပ်လေ၊ သိအပ်ဆွေ" ဟု ညွှန်းဆိုသည့်အတိုင်း လောကရန်အောင် ရုပ်ပွားတော်မြတ်ကို နဂါး ခုနစ်ကောင်၊ မိကျောင်းနှစ်ကောင်၊ ဆင်ငါးကောင်တို့က အစောင့်အရှောက်ပြုနေကြောင်း သိသာလှသည်။

**ရုပ်ပွားတော်မြတ်ယာယီစံကျောင်းမှ ကျွန်းဦးကျောင်းပေါ်သို့ ပြောင်းရွှေ့စံပယ်တော်မူခြင်း**

လောကရန်အောင် ရုပ်ပွားတော်မြတ်မှာ ရှေးဟောင်းရုပ်ပွားတော်တစ်ဆူဖြစ်ခြင်း၊ လက်ရာထုဆစ်မှုပြောင်မြောက်၍ အံ့ဖွယ်ဖြစ်ခြင်း၊ အစောင့်အရှောက် ပုဂ္ဂိုလ်များမှာ ယခုအထိ သက်ဝင်လှုပ်ရှားကာ စောင့်ကြပ်လျက်ရှိခြင်း၊ ရုပ်ပွားတော်၏ ဘုန်းတန်ခိုးအရှိန်အစော် ကြီးမြင့်ခြင်းတို့ကို ဆရာတော် ဦးပညာဓိက မျက်ဝါးထင်ထင်သိမြင်တော်မူလာ၍ ၁၃၃၆ ခုနှစ်၊ တပို့တွဲလတွင် ဆရာတော်ဦးစီးပြီး ကျွန်းတောရွာနှင့် အနီးရှိ ဂေါစကံရွာများမှ ရွာသူရွာသားများ၏ ကောင်းမှုဖြင့် မန္တလေးမြို့ တမ္ပဝတီ ပလ္လင်တက်ဆရာဦးကျော်အေးအား ခေါ်ယူကာ ရုပ်ပွားတော်အားပြုပြင်ခြင်း၊ မွမ်းမံ ရွှေချခြင်း၊ အောက်ခံပလ္လင်ကြီးနှင့် ပန်းတံကဲများ အသစ်ထပ်မံပြုလုပ်ကာ ယာယီစံကျောင်းမှ ကျွန်းဦးဘုန်းကြီးကျောင်း အပေါ်ထပ်ဘုရားခန်းသို့ ပြောင်းရွှေ့ပူဇော်ထားရှိပါ၍ တင့်တယ်သပ္ပာယ်စွာ စံပယ်တော်မူလျက်ရှိကြောင်း ဗုဒ္ဓဘာသာဝင် သူတော်စင်များ ကြည်ညို သဒ္ဓါပွားနိုင်ကြစေရန် ရည်သန်၍ တင်ပြပေးလိုက်ပါသည်။

❒ ဇော်ဝင်း(ဒီပဲယင်း)

(လောကရန်အောင် ရုပ်ပွားတော်၏ မူရင်း ဘူတအစမှ အဆုံးအထိ စိတ်ရှည်စွာဖြင့် မိန့်ကြားပေးကြသော အရှင်ဇာနေယျ၊ ကျွန်းဦးကျောင်းဆရာတော်နှင့် ဦးဝိမလ၊ မှန်သာကျောင်းဆရာတော်တို့အား ဤစာစုဖြင့်ဦးညွှတ်ကန်တော့အပ်ပါသည်)




ဆုတောင်းပြည့်

ဆရာကြီး အောင်ဘုန်းမြင့်

နက္ခတ္တဗေဒ ဖလိတပညာရှင် - မဟာဂန္ဓရီဗေဒင် လက္ခဏာသုတေသီ

စာရေးဆရာ - အောင်ဘုန်းမြင့် (ကချင်မြေ)

ကလောင်ခွဲ - ကာလီဒါ၍ (မြန်မာပြည်)

- ယတြာခါတ်ရိုက်ခါတ်ဆင် အထူးဆောင်ရွက်ပေးသည်။
- ဘဝရေစုဆောင်လမ်းညွှန်အတိုင်ပင်ခံသည်။
- နေ့စဉ် နံနက်(၆)နာရီ မှ (၉)နာရီအတွင်း အခမဲ့ ဖုန်းဖြင့် ဟောကြားပေးသည်။


အမှတ်(၄၂)၊ အောင်မင်္ဂလာလမ်း၊ ကျောက်မြောင်း၊ တာမွေမြို့နယ်။

ဗေဒင် ☎ ။ ၀၁-၅၄၀၇၂၀ ၊ စုံစမ်းရေး ။ ၀၉-၃၁၀၂၂၈၁၆




www.burmeseclassic.com

www.burmeseclassic.com



# မကျန်းမမာ ဖြစ်လာရင်

ဒေါက်တာအရှင်ပညိဿရ
B.A(Myanmar), M.A(Srilanka), Ph.D (India)

သတ္တဝါတွေမှာ အနာရောဂါ ကင်းလွတ်ချိန်မရှိပါဘူး။ ရောဂါကြီးနှင့် ရောဂါသေးသာ ကွာပါမယ်။ လူတိုင်းမှာ ခန္ဓာ ရှိတဲ့အတွက် ရောဂါဝေဒနာတွေ အမြဲရှိနေပါတယ်။ ခံသာတဲ့ရောဂါနဲ့ မခံသာတဲ့ရောဂါ၊ ခံသာတဲ့ဝေဒနာနဲ့ မခံသာတဲ့ ဝေဒနာလို့သာ ကွာခြားပါတယ်။

နေကောင်း ကျန်းမာနေစဉ်မှာတောင် တရားနဲ့ နေ ...ပါတယ်ဆိုရင် နေထိုင်မကောင်းဖြစ်၊ မကျန်းမမာဖြစ်တဲ့ အချိန်မှာ ပိုလို့တောင် နေရပါဦးမယ်။ တရားနဲ့ မနေတတ်သူ ...ဟာ အဖျားအနာ ဝင်လာချိန်မှာ အော်ဟစ်ညည်းညူပြီး ...ပျက်ဆင်းပျက် ဖြစ်တတ်ပါတယ်။ မနေနိုင် မထိုင်နိုင် ...အောင် ဒုက္ခတွေ ခံစားကြရပါတယ်။ မနေတတ် မထိုင်တတ် ...ကြရပါတယ်။

မကျန်းမမာဖြစ်ခါမှ အိပ်ရာထဲက မထနိုင်အောင် ...လဲခါမှ တရားအားထုတ်ဖို့ သင်ယူချင်တယ်၊ တရားနဲ့ ...ချင်တယ်ဆိုရင် ထင်သလောက် မလွယ်တော့ပါဘူး။ ...ကြိုတင်ပြုထားရမှာက တရားဓမ္မပါ။

## တရားရှိသူမှာ

ကြိုတင်တရားအားထုတ်သူတို့မှာ နာတာဖျားတာက တောင် သူ့အတွက် ပိုပြီးကောင်းသလို ရှိကြပါတယ်။ အလုပ် တာဝန်တွေ ရပ်နားပြီး အေးအေးဆေးဆေး ရှုခွင့် အားထုတ် ခွင့် ရလို့ပါ။ အနာရောဂါ ဝင်ရောက်လာပေမယ့် မိမိရှုမှတ် နေကျ တရားကရှိနေတော့ အားကိုးရှိနေပါတယ်၊ အဖော် ကောင်း ရှိနေပါတယ်။

ဖိဖိစီးစီး ရှုမှတ်လို့ တရားသဘော နားလည်နေလို့ အော်ဟစ်နေတာမျိုး၊ ညည်းညူနေတာမျိုးလည်း မရှိပါဘူး၊ ကယ်ပါ ယူပါတစာစာနဲ့ ဘယ်သူ့ကိုမှ အကူအညီ တောင်းနေ ဖို့ မလိုပါဘူး။ တချို့ဆိုရင် ရှုမှတ်စိတ်ကြောင့် အပူကင်းစင် စိတ် ကြည်လင်ပြီး ရောဂါကင်းပျောက်သွားတာတောင် ရှိကြပါ တယ်။ နေမကောင်းစဉ်မှာ ဘယ်လိုရှုမှတ်ရမလဲဆိုရင် အထူး ရှင်းပြနေစရာ မလိုတော့ပါဘူး။ ကိုယ်မှာ တစ်စုံ တစ်ရာ ဒဏ်ရာ အနာတရဖြစ်နေမယ်၊ ကိုယ်မှာ ရောဂါ ကြောင့် မခံသာအောင် ဖြစ်နေမယ်ဆိုရင် ကိုယ်ပေါ်မှာဖြစ်တဲ့



www.burmeseclassic.com

www.burmeseclassic.com

သဘောတွေကို ရုပ်လို့ ရှုရမှာပါ။ ကိုယ်ပေါ်ရောက်နေတဲ့ အနာရောဂါကြောင့် စိတ်မှာ ဆင်းရဲစွာ ခံစားနေရတယ်။ စိတ်မချမ်းသာဘူးဆိုရင် စိတ်မှာ ပေါ်သမျှကို နာမ်လို့ပဲ ရှုမှတ်ရမှာပါ။

## ခေါင်းထိုတ်တဲ့အခါ

ဥပမာအားဖြင့် မခံနိုင်အောင် ခေါင်းကိုက်နေပြီဆိုပါစို့။ ကိုက်နေတဲ့နေရာကို သတိထား အာရုံပြုကြည့်လိုက်တဲ့အခါမှာ တဆစ်ဆစ်နဲ့ ထိုးနေတာတွေ တွေ့ပါလိမ့်မယ်။ ထိုးနေတဲ့ သဘောကို ရုပ် ရုပ်လို့ ရှုပါ။ တစ်ချက်ထိုးလာရင် တစ်ခါ၊ နောက်တစ်ချက်ထိုးလာတဲ့အခါမှာ နောက်တစ်ခါ ရုပ်လို့ ရှုပါ။

သားရေကြိုးနဲ့ ဦးခေါင်းတစ်ခုလုံးကို ရစ်ပတ်ထားသလို တင်းနေကျပ်နေတာမျိုး ဖြစ်တဲ့အခါမှာ တင်းနေတဲ့သဘောကို ရုပ်လို့ရှုပါ။ တဒိတ်ဒိတ်နဲ့ ထိုးနေတဲ့အခါမျိုးမှာ ထိုးတဲ့သဘောကို ရုပ်လို့ရှုပါ။ နားထင် စတဲ့နေရာတွေမှာ သွေးအသွားအလာ မမှန်လို့ တွန်းနေတာ လှုပ်နေတာ ခုန်နေတာတွေ ရှိပါတယ်။ တွန်းသဘော၊ လှုပ်သဘော၊ ခုန်သဘောကို ရုပ် ရုပ်လို့ ရှုမှတ်ပါ။

ဦးခေါင်းဆိုတဲ့ ပုံသဏ္ဌာန်ကိုလည်း အာရုံမပြုပါနဲ့။ အသွေးအသား အကြောတွေကိုလည်း အာရုံမပြုပါနဲ့။ တင်းသဘော၊ တွန်းသဘော၊ တုန်သဘော၊ လှုပ်သဘောတွေကိုသာ ရုပ်လို့ ရှုရမှာပါ။ တင်းမှန်း၊ တွန်းမှန်း၊ တုန်မှန်း၊ လှုပ်မှန်း သိနေတဲ့အသိကို နာမ်လို့ ရှုရမှာပါ။

အခံရခက်လို့ စိတ်မချမ်းမသာဖြစ်နေတယ်၊ စိတ်ထဲမှာ နောက်ကျိရှုပ်ထွေးနေတယ်၊ ပင်ပန်းဆင်းရဲတာတွေ ခံစားနေရတယ်ဆိုရင်၊ စိတ်အစဉ်ကို သတိပြုကြည့်ရှုပြီး နာမ် နာမ်လို့ ရှုနေရပါမယ်။

## အနာနှစ်မျိုးသာရှိ

အနာမျိုး ကိုးဆယ့်ခြောက်ပါးရှိတယ်။ ရောဂါ အသစ်အဆန်းတွေတောင် ပေါ်လာတယ်ဆိုပေမယ့် အသေအချာကြည့်ရင် အနာနှစ်မျိုးသာ ရှိပါတယ်။ ကိုယ်မှာ နာတဲ့အနာနဲ့ စိတ်မှာနာတဲ့အနာ နှစ်မျိုးအပြင် ပိုမရှိပါဘူး။ တူရာပေါင်းကြည့်ရင် နှစ်မျိုးတည်းသာ ရှိပါတယ်။

တရားနဲ့နေသူဟာ ကိုယ်မှာ နာပေမယ့် ရှုမှတ်စိတ်နဲ့နေတဲ့အခါ စိတ်မှာ မနာပါဘူး။ ရှုစိတ်က အစားဝင်နေတဲ့အတွက် စိတ်အနာ မခံရဘဲ အော်ဟစ်ညည်းညူတာ၊ မခံရပ်နိုင်အောင်ဖြစ်တာ နည်းပါတယ်။ လူးလိမ့်ခံစားနေရတာမျိုး အဖြစ်နည်းပါတယ်။ ခံနိုင်ရည် ရှိကြပါတယ်။ တရားနဲ့ မနေတတ်သူကတော့ ကိုယ်မှာလည်းနာ၊ စိတ်မှာလည်း နာပါတယ်။ ကိုယ်နာ၊ စိတ်နာ နှစ်မျိုး နှိပ်စက်လို့ ဆောက်တည်ရာမရဖြစ်ကြပါတယ်။ ရုပ်ပျက် ဆင်းပျက် ခံစားကြရပါတယ်။

ကိုယ်အနာကတော့ ကိုယ်ခန္ဓာရှိသူတိုင်း ဘယ်သူမဆို ရှိကြပါတယ်။ မြတ်စွာဘုရားတောင်မှ ရှိပါတယ်။ ရဟန္တာအရှင်မြတ်တွေမှာလည်း ရှိပါတယ်။ ကိုယ်အနာ ရှိသော်လည်း စိတ်မနာအောင်၊ စိတ်အနာ မဖြစ်အောင် အကောင်းဆုံးကြိုတင်ကာကွယ်နည်းက ဝိပဿနာပါ၊ တရားကျင့်တာပါ။

## ရောဂါဝင်လာတာ

စိတ္တလတောင်ဆိုတာ ရှေးရဟန်းတော်များ တရားနဲ့ပျော်ကြတဲ့ နေရာပါ။ ထိုတောင်ပေါ်မှာ ပဓာနိယ အမည်ရတဲ့ အရှင်မြတ်ဟာ အခြားရဟန်းတော်များနှင့်အတူ တရားဓမ္မ ကျင့်ကြံအားထုတ်ပါတယ်။

တစ်ညမှာတော့ စင်္ကြံတရားနဲ့ မရပ်အနား အားထုတ်လိုက်တာ ခန္ဓာကိုယ်ကလည်း ပင်ပန်း၊ အာဟာရကလည်း ဝမ်းထဲမရှိလေတော့ မတ်တတ်ရပ်ရင်းက အားထုတ်စဉ်မှာ လေတံစို့ထိုးပြီး ရင်ဝမှာ အောင့်လာလို့ မရပ်တည်နိုင်ဘဲ လဲကျသွားပါတယ်။ ခံစားရတဲ့ ရောဂါဝေဒနာဒဏ် ပြင်းထန်လွန်းတဲ့အတွက် အော်ဟစ်လူးလှိမ့်နေရပါတယ်။ အရှုအမှတ်တွေလည်း လွတ်သွားပြီး သတိလက်လွတ်နဲ့ မခံစားနိုင်အောင်ကို ဖြစ်နေရှာပါတယ်။

## အထူထိုလ်ထင်ဝင်

သက်စွန့်ကြိုးပမ်း အားထုတ်နေသူတောင် ရောဂါဝင်ချိန်မှာ မခံနိုင်လွန်းလို့ သတိလက်လွတ် အမှတ်လွတ် ဖြစ်ရတယ်ဆိုရင် တရားမရှိသူ သာမန်လူဆို ဘယ်လိုများနေမလဲဆိုတာ စဉ်းစားကြည့်ပါ။ အင်မတန်ကြီးမားတဲ့ ရောဂါဝေဒနာတွေကြောင့် ဆင်းရဲဒုက္ခ ဖြစ်နေရချိန်မှာ နိုင်အောင် မရှုမှတ်နိုင်ရင်၊ မရှုတတ်ရင် မကျေနပ်တဲ့ ဒေါသ၊ စိတ်မချမ်းသာတဲ့ ဒေါမနဿတွေ ထပ်ပြီး ဝင်လာတတ်ပါတယ်။

သက်သာရာ သက်သာကြောင်းအတွက်အာရုံပြောင်းပြီး ကာမအာရုံ တစ်ခုခုကို ရှာဖွေလက်ခံမိတဲ့အတွက် ဆူးတစ်ချောင်း စူးနေရာမှ တခြား ဆူးတစ်ချောင်းနဲ့ ထပ်ထွင်သလို နှစ်ခါနာ ဖြစ်တတ်ပြန်ပါတယ်။ ရောဂါဝေဒနာကို သည်းမခံနိုင်လို့ တောက်ခေါက် အံကြိတ်နေတာဟာ ဒေါသဆူး ထပ်စူးတာပါ။ အမယ်လေး၊ အဘလေး တပြီး အားကိုးရှာတာ အကူအညီ တောင်းနေတာဟာ ခင်မင်မှု ကာမဆူး စူးရတာပါ။ မရှုတတ်ရင် အကုသိုလ် ထပ်ဝင်ပါတယ်။

## သတိလာပေးလို့

အဲဒီလို ညည်းညူလူးလှိမ့်နေတာကို ကြားရ မြင်ရတော့ မလှမ်းမကမ်းမှာ တရားအားထုတ်နေတဲ့ ရဟန်းငယ်တစ်ပါး ရောက်လာပြီး သတိပေးပါတယ်။ ကြိုးစားရှုမှတ်ဖို့ တွန်းအားပေးပါတယ်။ ပဓာနိယမထေရ်လည်း အဲဒီတော့ သတိကိုပြန်ထိန်းပြီး ရှုမှတ်ပါတယ်။ ဖြစ်လာတဲ့ရောဂါ





www.burmeseclassic.com

www.burmeseclassic.com

ခံစားရတဲ့ဝေဒနာကို ကြိတ်မှိတ် ... ရောဂါက ငါ့ကို သတိပေးတာပဲ၊ ရှုနေဆဲမှာပဲ တိုးဆောင့်လာတဲ့ လေတံစို့ဟာ ရင်ဝကိုတောင် ဖောက်ခွဲတွန်းထုတ် လိုက်တဲ့အခါမှာ ခွေခွေလေး လဲလျောင်းနေတဲ့ အရှင်မြတ်ရဲ့ ဝမ်းဗိုက်က အူတွေဟာ အပြင်ဘက်ကို အခွေလိုက် ထွက်ကျလာပါတော့တယ်။

## ဆတ်ငြီးရှုမှတ်တော့

ရင်တွေကွဲပြီး အသည်းခိုက်အောင် နာကျင်ပေမယ့် အရှင်မြတ်ရဲ့စိတ်ဟာ တည်ငြိမ်မှုရသွားပါပြီ။ ဝိပဿနာရဲ့ အာရုံဖြစ်တဲ့ ရုပ်နာမ်တရားတွေကိုသာ အာရုံပြုနေလို့ ဝေဒနာတွေ ဖယ်ခွာပြီး ထားနိုင်ပါတယ်။

"နာနေတာက ရုပ်တရား၊ နာတဲ့သဘောကို ခံစားနေတာက နာမ်တရား၊ နာနေတာဟာလည်း ငါမဟုတ်ဘူး၊ ပုဂ္ဂိုလ် သတ္တဝါ မဟုတ်ဘူး၊ ယောကျ်ား မိန်းမ မဟုတ်ဘူး၊ နာတဲ့ သဘောကို ခံစားတတ်တဲ့ နာမ်တရားဟာလည်း ငါမဟုတ်၊ သူမဟုတ်၊ ပုဂ္ဂိုလ်, သတ္တဝါ, ယောကျ်ား, မိန်းမ မဟုတ်ဘူး၊ သဘောတရားတွေသာ ဖြစ်တယ်လို့ နှလုံးသွင်းပြီးဆက်လက်ကြိုးစား ရှုမှတ်ပါတယ်"

မလွတ်တမ်းသော သတိနှင့် သမာဓိကို ထူထောင်၊ ဉာဏ်နဲ့ ဆင်ခြင်ရှုမှတ်လိုက်တဲ့အခါမှာ မကြာခင်ပဲ ငှေ့သမ္ဘိဒါလေးပါးနဲ့တကွ ရဟန္တာအရှင်မြတ် ဖြစ်တော်မူပါတယ်။ အနားမှာ အားပေးနေတဲ့ ရဟန်းတော်ကို "ငါ့ရှင် ဒီလောက်သည်းခံရင် တော်လောက်ပါပြီနော်" လို့ ပြောကြားပြီး ပရိနိဗ္ဗာန်ပြုတော်မူပါတယ်။

## လူနာမေး အရေးကြီး

ဘုန်းကြီးတို့ လူတစ်ဦးတစ်ယောက် နေထိုင်မကောင်းဖြစ်ပြီး အသည်းအသန်ဖြစ်ပြီဆိုရင် လူနာစောင့်တဲ့သူ၊ လူနာမေးတဲ့သူတွေဟာ သိပ်အရေးကြီးပါတယ်။

လူနာစောင့်တဲ့သူဟာ ဆေးဝါး ဓာတ်စာတွေ တိုက်ကျွေးရုံ ဝေယျာဝစ္စတွေ ပြုပေးရုံတင်မက လူနာကို တရားနဲ့နေဖို့ သတိပေးနေဖို့ လိုပါတယ်။ လူနာလာမေးသူတွေကလည်း ရပ်အကြောင်း၊ ရွာအကြောင်းတွေ လာပြောနေတာမျိုး မဟုတ်ဘဲနဲ့ တရားနဲ့နေဖို့၊ တရားနှလုံးသွင်းဖို့ကို အခြေအနေကြည့်ပြီး တိုက်တွန်းအားပေးဖို့ လိုပါတယ်။ တချို့က လူနာမေးမယ်ဆိုပြီး ရောက်လာ၊ ဟေးလား ဝါးလားတွေပြော၊ ဟားတိုက်ပြီး တဟားဟားနဲ့ဆိုရင် တရားနဲ့ နေသူ လူမမာအတွက် အနှောင့်အယှက်တွေ ဖြစ်ပါတယ်။ တရားမရှိတဲ့သူဆိုရင် တရားအာရုံပြုဖို့ သတိတောင် မရတော့ပါဘူး။

## နေ့ထောင်းရစ်

နေမကောင်းတဲ့အခါမှာ "ငါ့မှာ အနာရောဂါဖြစ်လာပြီ မေ့မေ့လျော့လျော့ ပေါ့ပေါ့တန်တန် နေလို့မတော်ဘူး" ... ရောဂါက ငါ့ကို သတိပေးတာပဲ၊ သေခြင်း တရား ရောက်မလာခင်မှာ တရားနဲ့နေဖို့ သတိပေးတာပဲ" လို့ ဆင်ခြင်ရပါမယ်။

ဘယ်သူတို့မှ အပူရှော ဒုက္ခမပေးဘဲ ကိုယ့်တရားနဲ့ကိုယ် နေတတ်ရပါမယ်။ ဖြစ်ပေါ်လာတဲ့ ရုပ်တရားတို့ရဲ့ ဖောက်ပြန်မှု၊ နာမ်တရားတို့ရဲ့ ပြောင်းလဲမှုတွေကို ရှုမှတ်နေရင် အကောင်းဆုံးပါ။ ထင်ထင်ရှားရှား တွေ့နေရတဲ့ ရုပ်နာမ်ခန္ဓာတို့ရဲ့ နှိပ် စက်မှု၊ ဆင်းရဲမှု၊ သာယာဖွယ် တပ်မက်ဖွယ်ကင်းမှုတွေကို အာရုံပြု သတိကပ်ထားတာ အကောင်းဆုံးပါပဲ။ တုန်လှုပ်ချောက်ချားနေမယ့်အစား၊ ပူပန်စိုးရိမ်နေမယ့်အစား ပူပန်မှုတွေ ငြိမ်းအေးအောင် တရားနဲ့သာ နေလိုက်တာအကောင်းဆုံးပါ။

## တရားဆေးဆောထ်

ရောဂါပျောက်ကြောင်း ဆေးကောင်းဝါးကောင်းတွေ မြောက်မြားစွာရှိတဲ့ လောကထဲမှာ အကောင်းဆုံးသော ဆေးက မြတ်စွာဘုရား ညွှန်ကြားပေးတော်မူတဲ့ တရားဆေးပါ။

ဆိုင်ရာဆိုင်ရာ ရောဂါဝေဒနာတွေကို ကုသပေးနိုင်တဲ့ ဆေးဝါးတွေကို နိုင်ငံတကာ သမားတော်ကြီးတွေက နေ့ညမလပ် တီထွင်ဖော်စပ်နေကြပါတယ်။ စွမ်းအင်ထက်မြက်မှုလည်း ရှိကြပါတယ်။

အဲဒီဆေးဝါးတွေကို သောက်သုံးပြီး ရောဂါတွေ၊ ဝေဒနာတွေ ပျောက်ကင်းသွားကြပါတယ်။ သက်သာသွားကြပါတယ်။ ဘယ်လိုမှ ကုသလို့ မရဘူးလို့ ယူဆထားခဲ့ကြတဲ့ ရောဂါတွေကိုလည်း နည်းလမ်းမျိုးစုံနဲ့ ကြိုးစားရှာလိုက်တော့ နည်းပညာသစ်တွေနဲ့ ဆေးဝါးသစ်တွေ ပေါ်ပေါက်လာပြီး ကုသနိုင်ခဲ့ကြပါတယ်။

လောကမှာရှိတဲ့ ဆေးတွေ ဘယ်လိုပင်စွမ်းပေမယ့် အာနိသင်ထက်မြက်ပေမယ့် မြတ်စွာဘုရား ပေးတော်မူတဲ့ တရားဆေးကိုတော့ မမီပါဘူး။ အကောင်းတကာ့ အကောင်းဆုံးဆေးက တရားဆေးပါ။ အစွမ်းအရှိဆုံး၊ အာနိသင်အထက်ဆုံးက တရားရေအေး အမြိုက်ဆေးပါ။

## တရားဆေးအာနိသင်

မြတ်စွာဘုရားရှင်က "သမားတော်ကြီးဆိုတာ ငါဘုရားပါ"လို့ မိန့်ကြားတော်မူတဲ့အတိုင်း မြတ်စွာဘုရား ဖော်စပ်တော်မူတဲ့ တရားဆေးဟာ အစွမ်းထက်ပါတယ်။ တရားဆေး သောက်သူတွေမှာ လက်ငင်းဒိဋ္ဌအကျိုးရပြီး ရောဂါဝေဒနာတွေ သက်သာပျောက်ကင်းကြပါတယ်။

လောကထဲမှာရှိတဲ့ ဆေးဝါးတွေဟာ ရောဂါဝေဒနာ ပေါ်လာတဲ့အခါ ပျောက်ရုံသာ ကုသနိုင်ပါတယ်။ နောက်တစ်ခါ ဘယ်တော့မျှ ပြန်မဖြစ်အောင် အမြစ်ဖြတ်ကုဖို့ ပျောက်ဖို့မတတ်နိုင်ကြပါဘူး။





www.burmeseclassic.com

www.burmeseclassic.com

တရားဆေးကတော့ အသေအချာ စနစ်တကျ သောက်လို့ ရောဂါပျောက်ပြီဆိုရင် ဘယ်တော့မှ ပြန်မဖြစ်တဲ့အထိ အစွမ်းထက်ပါတယ်။

ပကတိဆေးဝါးတွေ မျက်စိရောဂါကိုကုရင် မျက်စိဆေး၊ နားရောဂါကိုကုရင် နားရောဂါအတွက်ဆေး၊ နှလုံးရောဂါကိုကုရင် နှလုံးရောဂါဆေးဆိုပြီး အမည်တွေ များပြားပါတယ်။ စုံလင်ပါတယ်။ ဒါပေမယ့် မျက်စိဆေးနဲ့ နားကို ကုသလို့မရပါဘူး။ နှလုံးဆေးနဲ့ မျက်စိကို ကုသလို့မရပါဘူး။

မြတ်စွာဘုရားပေးတဲ့ တရားဆေးကတော့ တစ်မျိုးတည်းနဲ့ ရောဂါပေါင်းစုံကို ကုသနိုင်တဲ့အထိ အာနိသင်ရှိပါတယ်။ ရောဂါပေါင်းစုံ ပျောက်ကင်းပါတယ်။

လောကဆေးတွေက သစ်မြစ် သစ်ဥ သစ်ဖုတွေကို ရှာဖွေရ၊ ထုထောင်းရ၊ အမှုန့်ကြိတ်ရနဲ့ အလုပ်ရှုပ်ပါတယ်။ ဝယ်ရခြမ်းရနဲ့ ငွေကုန်ကြေးကျများပါတယ်။ အထုပ်တွေ၊ ပုလင်းတွေ၊ ကတ်တွေနဲ့ သွားလေရာ ဆောင်ရသယ်ရလို့ တာဝန်ကြီးပါတယ်။

တရားဆေးက အပင်ပန်းခံပြီး သယ်မသွားရပါဘူး။ ဘယ်မှာမှ ရှာဝယ်စရာမလိုပါဘူး။ မရတာ ကုန်သွားတာ မရှိပါဘူး။ အချိန်မရွေး ကိုယ့်ဆေးကို ကိုယ်သောက်နိုင်ပါတယ်။ နေရာမရွေး သောက်နိုင်ပါတယ်။

## ထထ်ရောဂါတွေပျောက်

သတ္တဝါတွေမှာ အစမထင် သံသရာကနေ ယနေ့တိုင်အောင် နာတာရှည်ရောဂါအနေနဲ့ ခံစားနေကြရတာက ကိလေသာရောဂါပါ။ ဘယ်ဘဝရောက်ရောက် အမြစ်မပြတ်အောင် တွယ်ကပ်ထားတဲ့ ကိလေသာရောဂါပါ။

အဲဒီ ကိလေသာရောဂါကနေ ကူးစက်ပြီးတော့ ဆင့်ပွားပြီးတော့ အိုနာ၊ သေနာတွေ ဖြစ်ကြရပါတယ်။ ကိုယ်မှာ စိတ်မှာ ရောဂါဝေဒနာတွေ ဖြစ်ကြရပါတယ်။ စိုးရိမ်ပူဆွေး ငိုကြွေးကြရပါတယ်။ ကိုယ်ဆင်းရဲ စိတ်ဆင်းရဲတွေ ဖြစ်ကြပါတယ်။ မသက်သာအောင် ပြင်းပြင်းထန်ထန် ခံကြရပါတယ်။

ဖြစ်လာသမျှ ဖြစ်ခဲ့သမျှ ရောဂါပေါင်းစုံ၊ ဝေဒနာပေါင်းစုံ၊ ဆင်းရဲပေါင်းစုံဟာ တရားဆေးသာသောက် အကုန်ပျောက်ပါတယ်။ ဘဝများစွာ သံသရာက စွဲကပ်လာတဲ့ နာတာရှည် ကိလေသာကလည်း တရားဆေးနဲ့ တွေ့မှ၊ တရားဆေး သောက်မှ ပျောက်ပါတယ်။ ကိလေသာရောဂါ ပျောက်ရင် ကျန်တဲ့ရောဂါတွေလည်း အမြစ်ပါလန်ပြီး အကုန်ပျောက်ပါတော့တယ်။

## ကိလေသာကိုကု

တရားအားထုတ်တယ်ဆိုတာ တရားဆေးသောက်တာပါ။ တရားနဲ့နေတယ်ဆိုတာဟာ တရားဆေးသောက်နေတာပါ။ တချို့က နှလုံးရောဂါပျောက်ချင်လို့၊ သွေးတိုးရောဂါပျောက်ချင်လို့၊ ခေါင်းကိုက် ခါးနာ ပျောက်ချင်လို့ဆိုပြီး တရားဝင်ကြပါတယ်။ ပျောက်ကင်းသွားကြတာလည်း ရှိပါတယ်။

ဒါပေမယ့် တရားဆေးဆိုတာ အသေးအမွှား ဒီရောဂါလေးတွေ ကုသဖို့သာ မဟုတ်ပါဘူး။ ကိလေသာရောဂါကို ကုသဖို့ပါ။ ဒီရောဂါလေးတွေ ပျောက်ရုံတင် မရည်မှန်းပါနဲ့။ ကိလေသာရောဂါဆိုးကြီး ပျောက်ဖို့အထိ ရည်မှန်းရမှာပါ။ ဝိပဿနာတရားဆေးနဲ့ ကိလေသာရောဂါကိုကုလို့ ပျောက်ကင်းသွားတယ်ဆိုရင် အိုနာ၊ သေနာတွေ ပျောက် ကင်းပါတယ်။ ကိုယ်နာ စိတ်နာတွေ ပျောက်ကင်းပါတယ်။ ခန္ဓာအသစ် ပြန်ဖြစ်စရာမရှိလို့ ဘယ်ရောဂါ ဘယ်အနာမျှ မဝင်နိုင်တော့တာပါ။ အမြစ်ပြတ်ပြီး ရှင်းရှင်းပျောက်သွားတာပါ။

## ဆေးမှန်မှန်သောက်

ပျောက်ချင်တဲ့သူဟာ ဆေးမှန်မှန်သောက်ရပါတယ်။ မသောက်ချင်လို့ မရပါဘူး။ ကြောက်နေလို့ မရပါဘူး။ ဘယ်လောက် အဝင်ဆိုးတဲ့ဆေးဖြစ်စေ၊ အနံ့အသက်ဆိုးတဲ့ဆေးဖြစ်စေ ပျောက်ချင်ရင်တော့ ကြိတ်မှိတ်ပြီး သောက်ကြရပါတယ်။ နှာခေါင်းပိတ်ပြီး သောက်ကြရပါတယ်။ တရားဆေးကလည်း လောကထဲက ဆေးတွေလိုပါပဲ။ မပျောက်မချင်း သောက်ရပါတယ်။ ပျင်းနေလို့ မရပါဘူး။ ကြောက်နေလို့ မရပါဘူး။ ကြိတ်မှိတ်သောက်ရပါတယ်။

မှန်မှန်ရှုပွားနေရပါမယ်။ နေ့စဉ် နေ့တိုင်း ကြိုးစားအားထုတ်နေရပါမယ်။ "ဘယ်လောက်ထိ အားထုတ်ရမလဲ၊ ဘယ်အချိန်ထိ ကြိုးစားရမှာလဲ" ဆိုရင် ကိလေသာတွေ ပြန်မဖြစ်အောင် ပယ်သတ်နိုင်တဲ့အထိ၊ အမြစ်ပြတ်တဲ့အထိကို အားထုတ်ရမှာပါ။

ကုသပေးတဲ့ ဆရာသမားရှေ့မှာတင် ဆေးသောက်တယ်။ နောက်ကွယ်ကျရင်တော့ မသောက်ဘူးဆိုရင် ရောဂါမပျောက်သလိုပဲ တရားစခန်းမှာတော့ အားထုတ်တယ်။ အိမ်ပြန်တဲ့အခါကျရင် အားမထုတ်ဘူးဆိုရင် ကိလေသာရောဂါပျောက်မှာ မဟုတ်ပါဘူး။

အနည်းဆုံး တစ်နေ့ကို တစ်နာရီလောက် သေသေချာချာ အားထုတ်ရပါမယ်။ သွားရင်း လာရင်း လုပ်ကိုင်ရင်းလည်း သတိကပ် ရှုမှတ်နေရပါမယ်။ ဒါမှ ဆေးမှန်မှန်သောက်နေတယ်လို့ ပြောရမှာပါ။

## မတည့်တာကိုရှောင်

ရောဂါဝေဒနာရှင်ဟာ ရောဂါကုသနေစဉ်မှာ ဆရာ့စကား နားထောင်ရုံ ဆေးမှန်မှန်သောက်ရုံနဲ့ မပျောက်ပါဘူး။ ရောဂါ တိုးမလာအောင် မတည့်တာကို ရှောင်ရပါတယ်။ မတည့်စာဆိုရင် စားချင်ပေမယ့် မစားရပါဘူး။ အောင့်အည်းထားရပါတယ်။ စားချင်စိတ်ကို မျိုသိပ်ပြီး ကြိတ်မှိတ်နေရပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

မအောင့်နိုင်ဘဲ စားမိရင်၊ ကြိတ်မှိတ်သည်းခံပြီး ရှောင်ကြဉ်မှုကို မပြုဘူးဆိုရင် ရောဂါတိုးလာပါတယ်။ ပိုဆိုးလာပါတယ်။ ဒါဟာ ဆေးဆရာရဲ့ ညံ့ဖျင်းမှု၊ ဆေးရဲ့ အာနိသင်နည်းပါးမှု မဟုတ်ပါဘူး။ လူနာရဲ့ အားနည်းချက်ကြောင့် ဖြစ်ရတာပါ။ ကိလေသာရောဂါ ကုသတဲ့နေရာမှာလည်း ကိလေသာမတိုးအောင် မသင့်တဲ့အာရုံတွေကို ရှောင်ရပါတယ်။

လူရဲ့ ပင်ကိုသဘောကိုက ကိလေသာနဲ့ နေရမှ ပျော်ပါတယ်။ ကိလေသာ တိုးပွားစေတဲ့ အာရုံဆို အာသာငမ်းငမ်းနဲ့ နှစ်သက်သဘောကျတယ်။ ဖျားနာနေတဲ့သူဟာ သူများချဉ်သီးစားနေတာကို မြင်တဲ့အခါမှာ မတည့်မှန်းသိပေမယ့် ရောဂါတိုးမယ်လို့ သိပေမယ့် "သေချင်သေပါစေ၊ မနေနိုင်ဘူး စားမယ်" လို့ အငမ်းမရ ဖြစ်တတ်သလို မကောင်းမှန်းသိပေမယ့် မရှောင်နိုင်ဘဲ ကိလေသာထဲကို တိုးဝင်ပြီး သွားတတ်ကြပါတယ်။ မရှောင်နိုင်တဲ့အတွက် ရောဂါမပျောက်တဲ့အပြင် ပိုပိုပြီး ဆိုးလာတာပါ။

## ဆင်ဆင်ခြင်ခြင်နေ

ရောဂါသည်တစ်ယောက် ရောဂါပျောက်ရေးအတွက် မရှိမဖြစ် လိုအပ်ချက်က အစားအသောက်၊ အသွားအလာ၊ အနေအထိုင် ဆင်ခြင်ဖို့ပါ။ သင့် မသင့်၊ တော် မတော် နှိုင်းချင့်ဖို့ပါ။ ဆင်ခြင်ဉာဏ်ရှိတဲ့ လူနာတွေဟာ ကိုယ့်ရောဂါပျောက်ကင်းသက်သာရေးအတွက် ဆေးဝါးခတ်စာပေးတဲ့ ဆရာသမားရဲ့စကားကို တစ်သဝေမတိမ်း နားထောင်ပါတယ်။ အချိန်မှန်ဆေးသောက်ပါတယ်။ မသင့်တာကို ရှောင်ပါတယ်။ အဲဒီလို လူနာမျိုးမှာ ရောဂါဟာ တာရှည်စွဲပြီး မနေနိုင်ပါဘူး။ တစ်ခဏချင်း သက်သာပျောက်ကင်းသွားပါတယ်။

ကိလေသာရောဂါသည်တွေဟာလည်း ဆင်ဆင်ခြင်ခြင်နေမှ ရောဂါပျောက်မှာပါ။ နေရာတကာမှာ ဆင်ခြင်ဉာဏ်ရှိရပါမယ်။ စားသောက်တဲ့နေရာ၊ သွားလာတဲ့နေရာ၊ နေထိုင်တဲ့နေရာ ဘယ်အချိန်၊ ဘယ်အခါ၊ ဘယ်နေရာမှာမဆို ရှုမှတ်ဆင်ခြင်နေရင် တရားနဲ့နေရင် ရောဂါပျောက်ကင်း ချမ်းသာခြင်းသို့ တစ်ခဏချင်း ရောက်သွားကြမှာ ဧကန်ပါပဲ။

## အချိန်မရလို့

တချို့က "တပည့်တော်တို့ တရားအားထုတ်ချင်ပါတယ် ဘုရား၊ အချိန်မရလို့ပါ" တဲ့။ တကယ်တမ်း စိတ်ပါဝင်စားတယ်ဆိုရင် အချိန်မရဘူးလို့ မရှိပါဘူး။ ရတဲ့အချိန်ကို မယူကြလို့ အချိန်မရတာပါ။ ရတဲ့အချိန်ကို တရားအတွက် အသုံးမပြုကြလို့ပါ။

အိပ်ရာထဲဝင်လို့ အိပ်မပျော်ခင်လေးမှာ ရှုမှတ်မယ်ဆိုရင်လည်း ရှုမှတ်ချိန် ရပါတယ်။ အိပ်ရာထ မျက်နှာမသစ်ခင်လေး နှလုံးသွင်းလိုက်ရင်လည်း ရပါတယ်။ မျက်နှာသစ်ရင်း သွားတိုက်ရင်းလည်း ရှုမှတ်လို့ရပါတယ်။

အစားစားချိန် ထမင်းစားသည်သောက်ချိန်မှာ ရှုမှတ်ရင်လည်း ရပါတယ်။ သွားချိန် လာချိန် ထိုင်ချိန် လျောင်းချိန်လည်း ရှုမှတ်ရင် ရပါတယ်။ ဘယ်အချိန်မှာမဆို သတိထားပြီး ရှုလိုက်ရင် ရှုချိန်ရသွားပါတယ်။

## တန်ဖိုးရှိတဲ့အချိန်

တစ်နေ့မှာ ၂၄ နာရီဆိုတဲ့ အချိန်ကာလကို လူတိုင်း ညီမျှစွာ ရရှိကြပါတယ်။ ဆင်းရဲချမ်းသာမရွေး [illegible] မရွေး သာတူညီမျှ ပိုင်ဆိုင်ကြတာပါ။ ဒါပေမယ့် အသုံးချတတ်သူအတွက် အချိန်က တန်ဖိုးတက်သွားပါတယ်။ စားရင်း သောက်ရင်း ပေးလားဝါးလား ပျော်ပါးရင်း နေလိုက်ရင် ကိုယ့်အတွက် ဘာတန်ဖိုးမှ တက်လာမှာ မဟုတ်ပါဘူး။

"အသက်တစ်ရာ နေရစေကာမူ ရုပ်နာမ်ဓမ္မတွေကို မြင်တွေ့အောင် မကြည့်ရှုဘူးဆိုရင် တစ်နေ့တစ်ရက်သာ အသက်ရှင်ပြီး ရုပ်နာမ်မြင်သူလောက်မျှ တန်ဖိုးမရှိပါဘူး" လို့ မြတ်စွာဘုရားရှင်က ဟောကြားတော်မူပါတယ်။

ဒီစကားတော်ကို အခြေခံပြီး မယဒေဝဆရာတော်ကြီးက . . "ပညာရှိသူ၊ လူဟူသည်ကား၊ တရားကိစ္စ မရှိကြဘဲ၊ လောကရေးရာ၊ အားထုတ်ကာလျှင်၊ ရှည်ကြာနေ့ည၊ လွန်သမျှကို၊ ကာလအမြတ်၊ ရေမမှတ်ဘူး၊ ကျင့်ဝတ်ခိုင်ကျည်၊ ဆောက်တည်မပျက်၊ ထိုသည့်ရက်မှ၊ အသက်ရှင်မြတ်၊ ရေတွက်မှတ်၏" လို့ ရေးသားစပ်ဆိုတော် မူခဲ့ပါတယ်။ ရတဲ့အချိန်လေးကို ကိုယ့်တရားကိစ္စအတွက် အသုံးချလိုက်ရင် အဲဒီအချိန်ဟာကိုယ်ရလိုက်တဲ့အချိန်ပါ။ ကိုယ့်ဘဝအတွက် တန်ဖိုးတက်စေတဲ့ အချိန်ပါ။ မြတ်တဲ့အချိန်ကာလပါ။

## အထက်ကြီးမှလား

တရားအားထုတ်တဲ့အလုပ်ဟာ လူကြီးလူငယ်မရွေး အားထုတ်ရမယ့်အလုပ်ပါ။ အသက်ကြီးမှ အားထုတ်မယ်၊ အသက်ကြီးတဲ့သူတွေသာ လုပ်ရတဲ့အလုပ်လို့ ယူဆနေရင် မှားပါလိမ့်မယ်။ သေခြင်းတရားဟာ လူတိုင်းလူတိုင်းမှာ ရှိပါတယ်။ အသက်ကြီးမှ သေရမယ်လို့ သတ်မှတ်ချက် မရှိပါဘူး။ ကိုယ့် ပတ်ဝန်းကျင်မှာ ကြည့်လိုက်ရင် ကြီးသူတွေလည်း သေကြပါတယ်။ ငယ်သူတွေလည်း သေကြပါတယ်။ အရွယ်သုံးပါးမရွေး နေ့တိုင်း နေ့တိုင်း သေနေကြတာကို မေ့ထားလို့ မရပါဘူး။ အချိန်မရွေး သေသွားနိုင်တာကို မစဉ်းစားလို့ မရပါဘူး။ အသက်မကြီးခင်မှာလည်း သေမင်းလက်တွင်း သက်ဆင်းကြရတာကို အာရုံပြုပြီး ငယ်သူတွေမှာလည်း ကြိုတင်အားထုတ်ထားဖို့ လိုပါတယ်။ အချိန်မရွေး အားထုတ်နိုင်တဲ့ နည်းစနစ်တွေကို သိထားဖို့ လိုပါတယ်။ အသက်ကြီးချိန်ကို စောင့်ဆိုင်းမနေဘဲ တရားအလုပ် လုပ်ရမှာ ဖြစ်ပါတယ်။

❐ ဒေါက်တာအရှင်ပညိဿရ
B.A(Myanmar), M.A(Srilanka), Ph.D (India)



www.burmeseclassic.com

www.burmeseclassic.com

ရာဇဂြိုဟ်မြို့မှာ အယူဝါဒ ဆန့်ကျင်ဘက်၊ သို့သော် အတူကစားဖက်ကလေးနှစ်ယောက်ရှိခဲ့ဖူး၏။ သူတို့နှစ်ယောက် ခုံညင်းထိုးကစားတိုင်း သမ္မာဒိဋ္ဌိအယူမှန်ရှိတဲ့ ကလေးက "နမော ဗုဒ္ဓဿ" ဆိုပြီး ပစ်၏။ ပစ်တိုင်းမှန်၍ အမြဲအနိုင်ရ၏။ မိစ္ဆာဒိဋ္ဌိ အယူမှားရှိတဲ့ ကလေးကလည်း အောက်ကျမခံ တိတ္ထိ ဆရာကြီးတို့ ဂုဏ်ကို ရည်ရွယ်မှန်းဆပြီး "နမော အရဟန္တာနံ" ဟုဆိုကာ ခုံညင်းပစ်၏။ ပစ်တိုင်းမမှန်၍ အရှုံးနှင့် ရင်ဆိုင်ရ၏။

မိစ္ဆာဒိဋ္ဌိကလေးက သမ္မာဒိဋ္ဌိကလေး ပွားများပုံ၊ ရွတ်ဆိုပုံကို သတိထားကြည့်ပြီး "ဤသို့ ဆင်ခြင်ပွားများ ဤသို့ရွတ်ဆိုပြီး ခုံညင်းထိုးတိုင်း ငါ့ကို အနိုင်ရ၏၊ ငါလဲ သူ့လိုပင်ပွား၊ သူ့လိုပင် ရွတ်ကြည့်ဦးအံ့" ဟု စဉ်းစားကာ ဗုဒ္ဓါနုဿတိဘာဝနာကို စတင်လေ့ကျင့်၏။

စားလည်း "နမောဗုဒ္ဓဿ"၊ အိပ်လည်း "နမောဗုဒ္ဓဿ"၊ သွားလည်း "နမောဗုဒ္ဓဿ"နှင့် စိတ်အစဉ်၌ "နမော ဗုဒ္ဓဿ" ကြီးစိုးနေ၏။ ကမ္မနိယာမ စကားနှင့်ပြောလျှင် အာစိဏ္ဏကံရင့်သန်နေ၏။ ပဋ္ဌာန်းဒေသနာတော်နှင့် ပြောလျှင်အာသေဝနပစ္စည်းကာပ်နေပါသည်။ ခေတ်စကားနှင့် ပြောပါက နမော ဗုဒ္ဓဿ အပေါ် Crazy ခရေဇီ ဖြစ်နေပါသည်။ ထို့ကြောင့် အလေ့အကျရ အဝါးဝကာ စိတ်ရဲ့ အိုတိုပါဝါ ဖြစ်နေပါသည်။





www.burmeseclassic.com

www.burmeseclassic.com

တစ်နေ့တွင် ဖခင်ဖြစ်သူ ခေါ်သွား၍ တောထဲသို့ ထင်းခုတ်ရန် အတူသွားဖြစ်၏။ အပြန်တွင် မြို့ပြင် တစ်နေရာ၌ ရေရလွယ်ရာအရပ်တွင် ခဏအနားယူပြီး ထမင်းစားကြ၏။ ထိုနေရာသည် သုသာန်သင်္ချိုင်းနှင့် နီး၏။ ထမင်းစားစဉ် လှည်းကဖြုတ်ပြီး လွှတ်ထားသည့် နွားများက ညနေချမ်းအခါ မြို့ထဲသို့ဝင်တဲ့ နွားအုပ်နှင့် ရောလိုက်ဝင်သွား၍ ဖခင်ဖြစ်သူ နွားနောက်သို့ လိုက်စဉ် မြို့တံခါး ပိတ်သွားလေရာ အဖနှင့်သား မြို့တံခါး ခြားသွား၏။

အဖက မြို့ထဲမှာ အိပ်ပြီး သားက မြို့ပြင်မှာ အိပ်ရ၏။ ရာဇဂြိုဟ်မြို့သည် ပင်ကိုအားဖြင့်လည်း ဘီလူး သရဲပေါသည့်မြို့တစ်မြို့ဖြစ်၏။ သုသာန်သင်္ချိုင်းနှင့် နီးတဲ့နေရာမို့ ဘီလူး သရဲတို့များ၏။ ညဥ့်နက်လာသည်နှင့်အမျှ နာနာဘာဝတို့ အားတက်လာသည်မှာလည်း မဆန်းတာပင်။

မြို့တစပြင် သင်္ချိုင်းနီးတဲ့နေရာတွင် ဖခင်အလာကို မျှော်ရင်း လှည်းအောက်ဝင်အိပ်ရ၏။ ဘီလူးနှစ်ကောင်တို့ မြင်တွေ့လေရာ မိစ္ဆာဒိဋ္ဌိဘီလူးက-

"ဟေ့သူငယ်ချင်း ဒီမှာ ငါတို့အစာ တွေ့ပြီ၊ ငါတော့ ဒီကလေးကို စားမှာပဲ" လို့ ပြောလိုက်၏။

သမ္မာဒိဋ္ဌိ ဘီလူးက. .

"မသင့်တော်ဘူးနော်၊ မစားချင်စမ်းပါနဲ့ကွာ" ဆိုပြီး ဟန့်တား၏။

သို့သော် မိစ္ဆာဒိဋ္ဌိဘီလူးက စားလိုစိတ်ပြင်းပြ၍ ဟန့်တားသည်ကိုပင် မမှုစိုက်ဘဲ ဟန့်နေတားနေသည့်ကြားက ခြေထောက်ဆွဲပြီး စားမလို့ လုပ်၏။

ဗုဒ္ဓါနုဿတိဘာဝနာ အသားကျ အဝါးဝနေသူမို့ ထိ၍ အသိစိတ်ဝင်လာသည်နှင့် ရွတ်နေကျအတိုင်း "နမောဗုဒ္ဓဿ" ဟုရွတ်လျက်သား ဖြစ်သွား၏။ မိစ္ဆာဒိဋ္ဌိဘီလူးကြီးကြောက်ပြီး နောက်ဆုတ်သွား၏။ သမ္မာဒိဋ္ဌိဘီလူးက. .

"ငါတို့ မပြုအပ်တဲ့အရာကို ပြုမိသည့် အဲဒီအတွက် ဒဏ်ထမ်းရမယ်"

လို့ဆိုပြီး သမ္မာဒိဋ္ဌိဖြစ်လာခဲ့သူ ထိုကလေးအား စောင့်ရှောက်ရင်း အနားကရပ်နေ၏။ မိစ္ဆာဒိဋ္ဌိဘီလူးက မြို့ထဲဝင်ပြီး မင်းကြီးစားတော်ခွက်မှ စားစရာကောင်းများ အပြည့်ထည့်ပြီး ယူလာ၏။

ဘီလူးနှစ်ကောင်လုံး ကလေးရဲ့ မိဘသဖွယ် ထမင်းကျွေးမွေးကြ၏။ ပြီးတော့ "ဤစာ ဤအက္ခရာများကို မင်းတရားကြီးကလွဲလို့ မည်သူမျှ မမြင်ပါစေနှင့်၊ မင်းကြီး တစ်ဦးတည်းသာ မြင်စေ" လို့ ဓိဋ္ဌာန်ကာ ဘီလူးတို့ရဲ့ အစွမ်းသတ္တိဖြင့် ရွှေခွက်မှာ စာရေးကြ၏။

ဖြစ်ပျက်ခဲ့သမျှ ထိုအကြောင်းကို မင်းကြီး ကောင်းစွာ နားလည်စေလို၍ ဖြစ်ပါသည်။ စာရေးထားတဲ့ ရွှေခွက်ကို ထင်းလှည်းထဲ ထည့်ပြီး တစ်ညလုံး စောင့်ရှောက်နေကြ၏။ မနက်လင်းမှ ကလေးအနားက ထွက်သွားကြ၏။

မနက်လင်းတော့ နန်းတော်က ဘုရင့်စားတော်ခွက် အခိုးခံရတဲ့သတင်း အုတ်အုတ်ကျက်ကျက် ထွက်ပေါ်လာ၏။ မြို့တွင်းမြို့ပြင် တက်တက်စင်အောင် တာဝန်ရှိသူများ လိုက်ရှာကြ၏။ နောက်ဆုံးတော့ ထင်းလှည်းပေါ်မှာ ရွှေခွက်ကို မြင်ကြလေရာ "ဒီကလေးဟာ သူခိုးပဲ"ဆိုပြီး သက်သေခံ ရွှေခွက်နှင့်တကွ ဘုရင်မင်းကြီးထံ တင်ပြကြ၏။ ရွှေခွက်တွင် တင်ထားသော အက္ခရာစာများကို ဘုရင်ကြီးမြင်တော့-

"သားလေး ဒါက ဘယ်လိုဖြစ်တာလဲ ပြောစမ်းပါဦး" လို့ စစ်မေးရာ ကလေးက. . .

"မင်းကြီး အကြောင်းအရာကို ကျွန်တော် မသိပါ၊ ကျွန်တော်သိသည်ကား မိဘနှစ်ပါး ကျွန်တော့်ထံလာပြီး ညအခါမှာ ထမင်းအစာရေစာကျွေးပြီး စောင့်ရှောက်ပေးနေကြတယ်၊ ကျွန်တော်လဲ မိဘတွေ အနားမှာရှိတယ်ဆိုတဲ့ အသိကြောင့် ကြောက်ရွံ့ထိတ်လန့်ခြင်းကင်းစွာ အိပ်ပျော်သွားပါတယ် အရှင်မင်းကြီး" လို့ လျှောက်တင်လိုက်ပါသည်။ ထိုသို့ ဘုရင်မင်းကြီး စစ်ဆေးနေစဉ်မှာပင် ကလေး၏ မိဘနှစ်ပါးတို့လည်း ထိုနေရာသို့ ရောက်လာခဲ့ကြ၏။

နာနာဘာဝတို့ရဲ့ ဣဒ္ဓိရ လှည့်ကွက်မှာ ရွှေခွက်ပေါ်က အက္ခရာတို့သာ ဘုရင်ကြီး မမြင်ရဆိုပါက သမ္မာဒိဋ္ဌိ မဋ္ဌိဋ္ဌိ သေဖို့သာ ရှိတော့၏။ ရွှေခွက်ပေါ်က အက္ခရာဟာ ကလေးအသက်ကယ်ဂါထာပင်ဖြစ်၏။

ဉာဏ်ပညာနှင့် ဆင်ခြင်ကြည့်ပါက မိဘရင်းတို့ မြို့တွင်းမှာရှိ၍ မြို့ပြင်သို့ ထွက်လာနိုင်ခွင့် လုံးဝမရှိခဲ့။ ကလေးထွက်ဆိုတော့ သူ့မိဘတွေ ညဘက်ကြီးရောက်လာပြီး ထမင်း အစာရေစာ ကျွေးမွေးသတဲ့။ ပြီးတော့ တစ်ညလုံးစောင့်နေသတဲ့။ စောင့်ပေးနေလို့ မကြောက်မရွံ့ အိပ်ပျော်ခဲ့သတဲ့။

ဆန့်ကျင်ဘက် အကြောင်းအရာ ဖြစ်စဉ်နှစ်ခုကို မူသေထားပြီး ရွှေခွက်ပေါ်က စာသားနှင့် အဖြေထုတ်လိုက်တဲ့အခါ နာနာဘာဝတို့ ဣဒ္ဓိရ လှည့်ကွက် ပေါ်လာ၏။

ထို့ကြောင့် ကလေးရော မိဘနှစ်ပါးပါ သုံးယောက်လုံး ခေါ်ဆောင်ပြီး မြတ်ဘုရားထံ သွားလိုက်၏။ ဝေဠုဝန်ကျောင်းတော်ရောက်၊ ဘုရားနှင့်တွေ့တော့ ပြဿနာရဲ့ အဖြေကို သိနေပြီးဖြစ်တဲ့ မင်းကြီးက ပြဿနာအဖြေကို မမေးမလျှောက်တော့ဘဲ သိလိုနေသည့် အကြောင်းအရာကိုသာ ရိုးရိုးရှင်းရှင်း လျှောက်ထားလိုက်ပါသည်။

"အရှင်ဘုရား ဗုဒ္ဓါနုဿတိသည်သာလျှင် အကာအကွယ် အစောင့်အရှောက် ဖြစ်ပါသလား၊ သို့မဟုတ် မေတ္တာနုဿတိ စသည်တို့သည်လဲ အကာအကွယ် အစောင့်အရှောက် ဖြစ်ပါသလား အရှင်ဘုရား"

"မြတ်သောမင်းကြီး ဗုဒ္ဓါနုဿတိမျှသာ အကာအကွယ် အစောင့်အရှောက်ပေးသည်မဟုတ်၊ အကြင်သူတို့အား နည်းလမ်း ခြောက်မျိုးဖြင့်



www.burmeseclassic.com

www.burmeseclassic.com

စိတ်ကို ကောင်းစွာပွားထား၏၊ ထိုသူတို့အား ခြောက်မျိုးမှတစ်ပါး အခြားသော အစောင့်အရှောက်ဖြင့် စောင့်ရှောက်ပေးရန် မလို၊ ဆေးဝါးမန္တန်တို့ဖြင့် မန်းမှုတ်ကုသရန်လဲ မလို၊ ကာယသိဒ္ဓိ ကိုယ်ခန္ဓာသည်ပင် အကာအကွယ် အစောင့်အရှောက်တွက်ပြီးတော့၏"

လူ့ဘဝတွင် အသက်အိုးအိမ် စည်းစိမ်ချမ်းသာ ဂုဏ်သိက္ခာကို လုံခြုံစွာစောင့်ရှောက်နိုင်ဖို့ မလွယ်ကူပေ၊ သို့သော် လူတိုင်း လုံခြုံလို၏။ ထိုတွင် စည်းစိမ်ချမ်းသာ ဂုဏ်သိက္ခာထက် အသက်လုံခြုံရေးက ပိုအရေးကြီး၏။ အသက် မလုံခြုံလျှင် စည်းစိမ်ဂုဏ်သိက္ခာဟူ၍ မထင်ရှားတော့ပေ။

အသက်လုံခြုံရန် အကာအကွယ် အစောင့်အရှောက်မျိုးစုံ ပြုလုပ်ကြရ၏။ အနာရောဂါကြောင့် အသက်အန္တရာယ် ဖြစ်တော့မည်ဆိုလျှင် ဆေးဝါးမန္တန်တို့ဖြင့် ကာကွယ်စောင့်ရှောက်ပေးရ၏။ တုတ်၊ လှံ၊ လေးမြား၊ ဓားလက်နက် စသည့် သူတစ်ပါးလက်နက်၊ သူတစ်ပါးလက်ချက်ဖြင့် မသေရအောင် ဘဝလုံခြုံရေးအတွက် နည်းမျိုးစုံသုံးပြီး ကာကွယ်စောင့်ရှောက်ရ၏။

ဘီလူး သရဲ တစ္ဆေ မြေဖုတ် စသည့် နတ်မိစ္ဆာတို့အန္တရာယ်ကို ပရိတ်ပဋ္ဌာန်း စသည်ဖြင့် ကာကွယ်စောင့်ရှောတ်ပေးရ၏။ နက္ခတ်တာရာ ဂြိုဟ်စီးဂြိုဟ်နင်းမကောင်းခြင်းကိုလည်း ယတြာ စီမံ ဉ့ုံသြောင်းခံ၍ ကာကွယ်စောင့်ရှောက်ကြရ၏။

သို့သော် စောင့်ရှောက်တိုင်း လုံခြုံသည်ကား မဟုတ်ပေ။ ဆိုခဲ့သမျှများစွာ အရာရာတို့ကား အသက်ခန္ဓာ လုံခြုံရေးအတွက် စိတ်အေးရသော သိဒ္ဓိဆေး မဟုတ်ကြပေ။ ထို့ကြောင့် သတ္တဝါတို့ လိုအပ်ချက် တစ်ရပ်ကို အထူးအားဖြင့် လူတို့ အသက်ခန္ဓာ လုံခြုံရေးအတွက် အမြဲတမ်းစိတ်အေး ရနိုင်သော ကာယသိဒ္ဓိဆေး(၆)လက်ကို မြတ်ဘုရား ဟောပြလိုက်၏။

ဘုရင်ဆိုတော့ ပိုအန္တရာယ် ရှိသောကြောင့် ဘုရားပေးတဲ့ ကာယသိဒ္ဓိဆေး(၆)လက်ကို ရာဇဂြိုဟ်ဘုရင်ကြီး အလွန်ပင် သဘောကျသွား၏။ ကျက်မှတ်ရသည်ကလည်း လွယ်၏။

"သုပ္ပဗုဒ္ဓံ ပဗုဇ္ဈန္တိ၊ သဒါ ဂေါတမ သာဝကာ။

ယေသံ ဒိဝါစ ရတ္တောစ၊ နိစ္စံဗုဒ္ဓ ဂတာ သတိ၊

ယေသံ= အကြင်သူတို့အား၊ ဒိဝါစ= မိုက်မှောင်အများ၊ ကုန်ဆုံးသွားရာ နေ့အခါ၌လည်းကောင်း(ဝါ) ပြောင်ပြောင်ဝင်းဝင်း နေအဆင်းတို့ ထွန်းလင်းတောက်ပရာ နေ့အခါ၌ လည်းကောင်း၊ ရတ္တောစ= သတ္တဝါများ တပ်ခြင်းပွားရာ ညဉ့်အခါ၌ လည်းကောင်း၊ နိစ္စံ= အချိန်မဆွဲ၊ အမြဲမပြတ်၊ ဗုဒ္ဓဂတာ= ဘုရားကို အာရုံပြု၍ဖြစ်သော၊ သတိ= မပျက်မယွင်း၊ အောက်မေ့အမှတ်ရခြင်းသည်၊ အတ္ထိ= ရှိ၏။ ဂေါတမသာဝကာ= ဂေါတမနွယ်ဖွား မြတ်ဘုရား၏ တရားနာရ သာဝက ဖြစ်ကြကုန်သော၊ တေ= ထိုသူတို့သည်၊ သဒါ= နေ့ရော ညဉ့်ပါ၊ ခပ်သိမ်းသော အခါ၌၊ သုပ္ပဗုဒ္ဓံ= ရှင်လန်းဝမ်းမြောက် ၎ကောင်းစွာ နိုးကြားသည်မည်လောက်အောင်၊ ပဗုဇ္ဈန္တိ= လန်းဆန်းလှစွာ၊ နိုးကြားလာကြကုန်၏ (ဝါ) ထိုင်းမှိုင်းသုန်မှုန် မရှိကုန်ဘဲ အရုဏ်ပက်ဖျန်း ရွှေကြာပန်းသို့ လန်းဆန်းလျက်သာ နိုးကြားလာကြကုန်၏။

အလိုရှိသူများ ကျက်မှတ်ထားနိုင်စေရန် ဂါထာအနက်ဖြင့် ကာယသိဒ္ဓိဆေး(၁)လက် ထုတ်ပြလိုက်ပါသည်။ ကျန်(၅)လက်ကား အတူတူပင်ဖြစ်၏။ နောက်ဆုံး တစ်ပါဒမျှသာ ထူး၏။ အနက်လည်း ထိုနောက်ဆုံးပါဒမျှသာ ထူး၏။ ကျန်အားလုံး တူပေသည်။ ထူးခြားသည့် စတုတ္ထပါဒမျှကို အစဉ်အတိုင်း ထုတ်ပြပါအံ့။

* နိစ္စံ ဓမ္မဂတာ သတိ။
* နိစ္စံ သံဃဂတာ သတိ။
* နိစ္စံ ကာယဂတာ သတိ။
* အဟိံသာယ ရတောမနော။
* ဘာဝနာယ ရတော မနော။

ပထမဂါထာရပြီးပါက "သုပ္ပဗုဒ္ဓံ ပဗုဇ္ဈန္တိ၊ သဒါ ဂေါတမ သာဝကာ။ ယေသံ ဒိဝါစ ရတ္တောစ၊ နိစ္စံ ဓမ္မ ဂတာ သတိ" စသည်ဖြင့် နောက်ဆုံး တစ်ပါဒစီ အစားထိုးရုံသာ ရှိတော့၏။ ၎င်းအစားထိုးပုဒ်တို့၏ အနက်ကို အစဉ်အတိုင်း တစ်ပုဒ်စီ ရေးသားတင်ပြပေးပါမည်။

* ဓမ္မဂတာ= ခြောက်ပါးပြည့်စုံ၊ တရားဂုဏ်ကို အာရုံပြု၍ ဖြစ်သော သတိ

* သံဃဂတာ= ကိုးပါးလွှမ်းခြုံ သံဃဂုဏ်ကို အာရုံပြု၍ဖြစ်သော သတိ

* ကာယဂတာ= ဒွတ္တိံသာကာယရ စသည်စွမ်းအား ဖြစ်ပွားလာသော သတိ

* အဟိံသာယ= ညှဉ်းဆဲကင်းကွာ၊ ကရုဏာဘာဝနာဖြင့်၊ ရတောမနော= မွေ့လျော်ပျော်ပိုက်၊ နှစ်ခြိုက်သောစိတ်သည် အတ္ထိ = ရှိ၏။

* ဘာဝနာယ= သတ္တဝါကုန်၊ လွှမ်းခြုံပွားရာ၊ မေတ္တာဘာဝနာဖြင့်၊ ရတောမနော= မွေ့လျော်ပျော်ပိုက် နှစ်ခြိုက်သောစိတ်သည် အတ္ထိ=ရှိ၏။

ကျန်ပုဒ်များကို ပထမဂါထာ အတိုင်းဆိုပါ။

ပါဋိဂါထာအနက်ထက် အနှစ်သာရဘက် ဦးတည်ပြောပါက တစ်-ဗုဒ္ဓါနုဿတိ၊ နှစ်-ဓမ္မာနုဿတိ၊ သုံး-သံဃာနုဿတိ၊ လေး-ကာယဂတာသတိ၊ ငါး-အဟိံသာယ ရတောမနော= မညှဉ်းဆဲခြင်း၌ မွေ့လျော်ပျော်ပိုက်သောစိတ် (ဝါ) ကရုဏာဘာဝနာ၊ ဤခြောက်ဖြာကား အခြားအခြားသော အကာအကွယ် အစောင့်အရှောက် အစုတ်အနှံ့ မန္တန်မန္တရား လှံ ဓားစသည်များဖြင့် ကာကွယ်စောင့်ရှောက်ပေး နေစရာ မလိုတော့ဘဲ အမြဲထာမ်း လုံခြုံစေနိုင်သော ကာယသိဒ္ဓိ= ကိုယ်ခန္ဓာ





www.burmeseclassic.com

www.burmeseclassic.com

သည်ပင်လျှင် အကာအကွယ်တွက် ပြီးသောဆေး ဖြစ်ကြောင်း မြတ်ဘုရားဟောကြားပြ၏။

မင်းကြီးအား ကာယသိဒ္ဓိဆေး (၆)လက် ဆက်တိုက် ထုတ်ပြလိုက်၏။ 'ဟုတ်ပါ့မလား ဗုဒ္ဓဘုရားရေ'လို့ ဆိုချင်သူများရှိပါက ကိုယ့်ဘာသာ တစ်ခုစီ မြန်စဉ်းစားပါ။

ဘုရားဂုဏ်တော်(၉)ပါး၊ တရားဂုဏ်တော် (၆)ပါး၊ သံဃာဂုဏ်တော် (၉)ပါးတို့ကို အာရုံပြုပြီး ဗုဒ္ဓါနုဿတိ၊ ဓမ္မာနုဿတိ၊ သံဃာနုဿတိ ဘာဝနာ ပွားနေသူမှာ ဂုဏ်တော် တစ်ခုချင်း တစ်ခုချင်းပွားနေ၍ အသီးသီးသော ထိုဂုဏ်တော်များနှင့် ထပ်တူကျသော ရောင်ပြန်အကျိုးများ၊ ဘာဝနာ စွမ်းအားကြောင့် ပွားသော အကျိုးကျေးဇူးများ လွန်စွာ တိုးပွားလျက်ရှိ၏။

ထိုတိုးပွားနှုန်းနှင့် အချိုးညီသော အကုသိုလ်မှကောင်းမှုများ လွင့်ပြယ်သွားပြီး ဖြစ်သွားပေသည်။ ထိုတွင် ကာယဂတာ သတိ=ကာယာနုပဿနာ ဝင်လာပြန်၍ အလှတွင် အယဉ်ဆင့် တင့်သည်ထက် တင့်လာ၏။ ကိုယ်ရော စိတ်ပါ ငြိမ်သက် တည်ငြိမ်အေးဆေးနေ၏။ ဆိုးကျိုးဆိုးပြစ်နှင့် ဝေးသည်ထက် ဝေးသွား၏။

သူတစ်ပါးအား မညှဉ်းဆဲခြင်း အဝိဟိံသဓမ္မဖြင့် ကရုဏာဖောင်ဒေးရှင်း ချထား၍ မိမိကြောင့် သူတစ်ပါးမှာ ထိခိုက်နစ်နာ ပျက်စီးသွားခြင်း၊ ကြောက်ရွံ့ထိတ်လန့်နေရခြင်း အလျှင်းမရှိတော့ပေ။ သက်ရောက်မှုတိုင်းတွင် တန်ပြန်သက်ရောက်မှုရှိသည် မှန်ပါက ထိုသူထံသို့လည်း အခြားသူတို့ထံမှ မထိခိုက်မနစ်နာစေလိုခြင်း၊ မပျက်စီးစေလိုခြင်း၊ ကြောက်ရွံ့ထိတ်လန့်မနေစေလိုခြင်းများသာ သက်ရောက်လာပေမည်။

တစ်ဖန် သတ္တဝါအားလုံးအား အာရုံပြုပွားများသော မေတ္တာဘာဝနာတရားဖြင့် ပွားမေတ္တာ၊ ပို့မေတ္တာရော ထားမေတ္တာပါ ထကယ်ပို့ ပွား ထားလိုက်ပါက ထိုသဘော မိမိထံသို့ တန်ပြန်သက်ရောက်လာမှာ သေချာ၏။ ပတ်ဝန်းကျင်လောကကြီးက မိမိအပေါ် ကရုဏာ၊ မေတ္တာတရား ထားနေကြ ပွားနေကြသည်ဆိုကတည်းက ဘုတ်ပြီး ဓားပြီး၊ လက်နက်ပြီး၊ အဆိပ်အတောက်အငွေ့အားလုံးပြီးနေတော့၏။

ကာယသိဒ္ဓိ ကိုယ်ခန္ဓာသည်ပင်လျှင် မိမိဘဝ အသက်အိုးအိမ် စည်းစိမ်ချမ်းသာ ဂုဏ်သိက္ခာလုံခြုံရေးအတွက် အကာအကွယ် အစောင့်အရှောက် ပေးပြီးလျက်သား ဖြစ်နေတော့၏။ လပြည့်ဝန်း ပရိသတ်များလည်း ကာယသိဒ္ဓိဆေးသောက်ပြီး ကိုယ်တိုင် သိဒ္ဓိပြီးကြပါစေလို့ အာသီသစေတနာ ဝေဖြာလျက်။ အားလုံး မင်္ဂလာပါခင်ဗျာ။

**❒ မောင်ဉာဏ်လမ်း(တောင်ကုတ်)**

*ဝန်ခံချက်* - ဓမ္မပဒအဋ္ဌ (၃) ဒါရုသာကဋိက ဝတ္ထုကို ခြယ်မှုန်းပါသည်။




ဦး အရပ်ံ မေတ္တာ လာဘ်

**နတ်မျက်စိ** ဆရာဦးအောင်စိုး (B.Sc) မော်လမြိုင်

• • • • • • • • • • • • • • • • • • • • • • • • •

ခုနစ်ရက်သားသမီးများအတွက် ကျန်းမာရေး၊ လူမှုရေး၊ ပညာရေး၊ အိမ်ထောင်ရေး၊ စီးပွားရေး ကိစ္စရပ်များ၊ ရင်ဆိုင်ကြုံတွေ့နေရသော ပြဿနာများကို ဗိုက်ထဲမှာ ပုဏ္ဏားလေး ဝင်စားနေသကဲ့သို့ မှန်ကန်သောဟောချက်များ၊ ထိရောက်သော ယတြာများဖြင့် (၂၅)နှစ်တိုင်တိုင် ကူညီ ဆောင်ရွက်ပေးလျက် ရှိသည်။

**အောင်မြင်သူတို့ ဆုံကြရာ**

| | |
|---|---|
| ဟောခန်းတည်နေရာ ➽ | အမှတ်-၁၃၁၊ အောင်တံခွန် သ/မ ပရိဝုဏ်၊ ၁၀-မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့။ |
| လမ်းညွှန် ➽ | အဓိပတိ (အပြာ)၊ တိုက်ကြီး-ဆူးလေ၊ (၅၁)၊ (၂၃၁)၊ (၅၃)၊ (၇၉)၊ (၂၀၂) ကားစီး၍ ဆယ်မိုင်ကုန်းဈေးမှတ်တိုင်တွင် ဆင်းပါ။ |
| ဟောပြောချိန် ➽ | နံနက် (၉) နာရီမှ ည (၉) နာရီ အထိ ။ |
| ဆက်သွယ်ရန် ဖုန်း ➽ | ဟောခန်း - ၀၉-၇၃၁၀၉၅၅၆၊ အိမ် - ၀၉-၇၃၂၄၄၈၉၇ ။ |
| မှတ်ချက် ➽ | *ဖုန်းဖြင့် ကြိုတင်တိုကင်ယူပါ။* ကျေးဇူးတင်ပါသည်။ |




www.burmeseclassic.com

www.burmeseclassic.com



## မောင်သာယာ
## ငြိမ်းကျော်နှင့်သူ၏ကဗျာဟာသများ

ကျွန်တော်က စမ်းချောင်းသား။ စမ်းချောင်းမှာက နိုင်ငံရေးသမားတွေ များတယ်။ ကဗျာဆရာတွေ များတယ်။ အောင်ကျော်ထွန်း(စစ်တွေ)၊ မောင်ကြည်ဟန်၊ တက္ကသိုလ်ကြည်လွင်၊ သူရဇော်၊ မြတ်မျိုးမွန်၊ အညာတမာ၊ အောင်သာ၊ ငသိုင်းချောင်းဝံသာ၊ မောင်သာပြည့်၊ တိုးမြင့်အောင်၊ သော်မြလှိုင်စသည်ဖြင့် ကျွန်တော်က အဲဒီအချိန်က မြေနီကုန်း ဆန်းသီရိရုပ်ရှင်ရုံပိုင်ရှင် ဦးသိန်းတင် ထုတ်ဝေတဲ့ တစ်ကျပ်တန် ရုပ်ရှင်အောင်လံမဂ္ဂဇင်းမှာ အယ်ဒီတာ၊ မဂ္ဂဇင်းတိုက်က ရုပ်ရှင်ရုံရဲ့ နောက်ဘက်မှာရှိတဲ့ သိန်းအေးရင် ပုံနှိပ်တိုက်ထဲမှာ၊ နှစ်က ၁၉၆၆ ခုနှစ်။

ကျွန်တော့်မဂ္ဂဇင်းမှာ သူရဇော်ကလွဲလို့ တခြားကဗျာဆရာတွေ အကုန်လုံး ရေးကြတယ်။ ငြိမ်းကျော်က စာပေအယူအဆ ဆောင်းပါးတွေ ရေးတယ်။ ညနေ ၆ နာရီခွဲ ၇ နာရီလောက် မှောင်စပျိုးပြီဆိုရင် ကျွန်တော်တို့ စမ်းချောင်းသား ကဗျာဆရာတွေ ဖူးကြီးလက်ဖက်ရည်ဆိုင်မှာ ဆုံကြတယ်။ ဖူးကြီးလက်ဖက်ရည်ဆိုင်ဆိုတာ စမ်းချောင်း ဘားကရာလမ်းက ကရင်သချိုင်းကုန်း အုတ်တံတိုင်းဘေးမှာ ကပ်ဖွင့်ထားတဲ့ဆိုင်။

လက်ဖက်ရည်တစ်ခွက် တစ်မတ်၊ ပလာတာတစ်ချပ် တစ်မတ်၊ တစ်မတ်ဆိုတာ ၂၅ ပြား၊ ၂၅ ပြားဆိုတာ တစ်ကျပ်ရဲ့ လေးပုံတစ်ပုံ၊ တစ်ကျပ်ဆိုတာ တစ်ဆယ်ရဲ့ ဆယ်ပုံတစ်ပုံ၊ တစ်ဆယ်ဆိုတာ တစ်ရာရဲ့ ဆယ်ပုံတစ်ပုံ။ ဒီကနေ့ လက်ဖက်ရည်တစ်ခွက် သုံးရာကျပ်နဲ့ တွက်ကြည့်ရင် လွန်ခဲ့တဲ့ ၄၈





www.burmeseclassic.com

www.burmeseclassic.com

နှစ်လောက်က လက်ဖက်ရည်တစ်ခွက်ရဲ့ တန်ဖိုးဟာ ဘာမှမရှိဘူး။ တအားကွာခြားတယ်၊ ငွေတန်ဖိုးကလည်း မြင့်တာကိုး။

အဲဒီ ဖူးကြီးလက်ဖက်ရည်ဆိုင်ကို အင်းစိန်ပေါက်တောမှာနေတဲ့ ငြိမ်းကျော်က တစ်ပတ်ကို ငါးရက်လောက်လာတယ်။ တစ်ခါတလေ သူ့တပည့် ငြိမ်းမြိုင်တောင် ပါသေးတယ်။ ငြိမ်းကျော်တို့မှ မဟုတ်ဘူး။ တခြားမြို့နယ်တွေမှာ နေကြတဲ့ သဲမှုန်နီ၊ မြေပြန့် ဆန်းကြည်၊ ကံ့ဒါးကျော်မွန်၊ အောင်သက်ထွေး၊ မောင်ယဉ်ဆန်း၊ မောင်ယဉ်မြင့်၊ ဖျာပုံနီလုံဦး စတဲ့ ကဗျာဆရာတွေလည်း ရောက်လာတတ်ကြတယ်။

အသက်နှစ်ဆယ်ဝန်းကျင် လွတ်လပ်တဲ့ လူငယ်ကဗျာဆရာတွေဆိုတော့ ဆွေးနွေးကြ၊ ဝေဖန်ကြ၊ ငြင်းခုံကြနဲ့ ပျော်စရာကောင်းတယ်။ ဗားကရာလမ်းပေါ်မှာ ရှိတဲ့ စမ်းချောင်းရပ်ကွက်ရဲ့ အမှတ်(၁)အထက်တန်းကျောင်းကြီးဆိုတာကလည်း တစ်ချိန်က ဗမာပြည်ကွန်မြူနစ်ပါတီရဲ့ ဌာနချုပ်လုပ်ခဲ့တဲ့ နေရာဆိုတော့ စမ်းချောင်းသားတွေရဲ့ အရောင်ကလည်း နီချင်ချင်ရယ်။ ပြီးတော့ စမ်းချောင်း ချမ်းသာလမ်းမှာက ဆရာကြီး သခင်ကိုယ်တော်မှိုင်း နေတယ်။ ဆရာဇေယျ နေတယ်။ ရှမ်းလမ်းမှာက ဆရာတက္ကသိုလ်နေဝင်းနေတယ်။ ဆရာ တက္ကသိုလ်နေဝင်း (ဗိုလ်ချုပ်အောင်ဆန်းရဲ့ ကိုယ်ရေးအရာရှိ ဗိုလ်ထွန်းလှ) ရဲ့တူ စာရေးဆရာ ညိုမြင့်လည်း အမြဲတမ်းလာတတ်တယ်။ ကျွန်တော်တို့က လက်ဖက်ရည်ကို စုပေါင်းစပ်ပေါင်း သောက်ကြတယ်။

တစ်ကျပ်တတ်နိုင်တဲ့သူက တစ်ကျပ်၊ တစ်မတ်တတ်နိုင်တဲ့သူက တစ်မတ်၊ ဆယ်ပြားတတ်နိုင်တဲ့သူက ဆယ်ပြား ထည့်ပြီး တစ်ယောက်တစ်ခွက် သောက်ကြတယ်။ ဖူးကြီး ပလာတာက စမ်းချောင်းတင်မကဘူး ရန်ကုန်တစ်မြို့လုံးမှာပါ နာမည်ကြီးတော့ တန်းစီပြီး ဝယ်ရတယ်။ တစ်ခါတလေ လူနှစ်ဆယ်အစိတ် တန်းစီနေတာ တွေ့ရတယ်။ အဲဒီတန်းစီးနေတဲ့ လူတွေထဲမှာ ကိုယ့်ရဲ့မိတ်ဆွေတွေပါလာလို့ ကိုယ့်ကို ပလာတာ အမြန်ရဖို့ အကူအညီတောင်းရင် ဖူးကြီးပိုင်ရှင် ကိုကျော်မြင့်ကို လှမ်းခေါ်ပြီး 'မိတ်ဆွေဝယ်ခိုင်းတဲ့ ပလာတာ အရေအတွက်ကို ကျွန်တော်တို့ဝိုင်းမှာ စားမယ်'ဆိုပြီး မှာလိုက်တယ်။ ဆိုင်စားနဲ့ တန်းစီဆိုတော့ ဆိုင်စားကို ဦးစားပေးရတယ်။

ပလာတာကလည်း တစ်ချပ်မှ တစ်မတ်ပါ။ တန်းစီဝယ်တဲ့သူတွေကလည်း တစ်ခါဝယ်ရင် တစ်ကျပ်ဖိုးက အနည်းဆုံးဆိုတော့ မိတ်ဆွေက ကျွန်တော်တို့ကို အကူအညီတောင်းရတာပေါ့။ ကျွန်တော်တို့ဝိုင်းမှာ စားမယ်ဆိုတော့ ပလာတာက ချက်ချင်းရောက်လာတယ်။ မိတ်ဆွေဆီက ပိုက်ဆံတောင်းပြီး ကိုကျော်မြင့်ကို ပေးလိုက်တယ်။ မိတ်ဆွေက ပါလာတဲ့ ချိုင့် ဒါမှ မဟုတ် သတင်းစာစက္ကူနဲ့ထုပ်ပြီးယူသွားတယ်။ အဲဒီအချိန်တုန်းက ပလတ်စတစ်အိတ်တို့၊ ကြွပ်ကြွပ်အိတ်တို့ မပေါ်သေးဘူး။ တန်းစီနေတဲ့လူတွေထဲက တချို့ကလည်း ကွက်ကြည့်ကွက်ကြည့်နဲ့ပေါ့။ ဒါပေမယ့် ဘာမှ မပြောကြပါဘူး။ အားလုံးနီးပါးကလည်း မျက်မှန်းတန်းမိနေတဲ့ လူတွေ၊ စမ်းချောင်းသားတွေများတယ်။ ပြီးတော့ ကျွန်တော်တို့တွေကို ကဗျာဆရာလို့ သိထားကြတဲ့သူတွေ စမ်းချောင်းသားအချင်းချင်းပဲလေ၊ နားလည်မှု ရှိကြပါတယ်။

ဒီလိုပဲ ကျွန်တော်တို့ ကဗျာဆရာတွေရဲ့ စာပေဝိုင်းလေးမှာ နိုင်ငံရေး၊ စီးပွားရေး၊ စာပေရေးအကြောင်းတွေကို သောင်းပြောင်းထွေလာ ပြောဆို ငြင်းခုံကြရင်း ထိုင်လိုက်ကြတာ ညနေ ၆ နာရီခွဲ ၇ နာရီကနေ ည ၁၁ နာရီခွဲ ၁၂ နာရီလောက်ကျမှ ထဖြစ်တော့တယ်။ တချို့သူငယ်ချင်း ကဗျာဆရာတွေ အသီးသီး အိမ်ကိုပြန်သွားကြပေမယ့် အညာတမာရယ်၊ ငါးသိုင်းချောင်းဝံသာရယ်၊ ကျွန်တော်ရယ်ကတော့ မပြန်ဖြစ်သေးပါဘူး။ မြေနီကုန်းရတနာပုံရုပ်ရှင်ရုံရှေ့မှာရှိတဲ့ ကားမှတ်တိုင်ရှိရာဆီ ငြိမ်းကျော်ကို လိုက်ပို့ရပါတယ်။ ငြိမ်းကျော် အင်းစိန်ပြန်တဲ့ကားပေါ်တက်သွားမှ ကျွန်တော်တို့ သူငယ်ချင်း သုံးယောက် လမ်းခွဲပြီး အိမ်ပြန်ကြပါတယ်။

အဲဒီလို စမ်းချောင်း ကရင်သချိုင်းဘေးက ဖူးကြီးလက်ဖက်ရည်ဆိုင်မှာ လနဲ့ နှစ်နဲ့ချီပြီး ထိုင်ကြရင်း ငြိမ်းကျော်နဲ့ ကျွန်တော်တို့ စမ်းချောင်းသား ကဗျာဆရာအုပ်စုဟာ ပိုပြီး နားလည်မှုတွေ တိုးလာကြပါတယ်။ ရဲဘော်ရဲဘက်တွေလိုပဲ သွေးစည်းညီညွတ်လာကြပါတယ်။ ဒါကြောင့် ကျွန်တော်တို့ စမ်းချောင်းသား ကဗျာဆရာတွေ စုထုတ်တဲ့ "ကဗျာအနုပဋိလောမ" နဲ့ "မင်းဖတ်နေတာ ဘာကဗျာလဲ" ဆိုတဲ့ ကဗျာစာအုပ်နှစ်အုပ်မှာ ငြိမ်းကျော်က အမှာစာ ရေးပေးပါတယ်။

ငြိမ်းကျော်ရဲ့ ကဗျာနဲ့ နိုင်ငံရေးအယူအဆဟာ စာပေလောကမှာ လှုပ်ခတ်သွားသလို ကျွန်တော်တို့ရေးတဲ့ ကဗျာတွေနဲ့ ကဗျာစာအုပ် နှစ်အုပ်ရဲ့ နာမည်ကလည်း ကဗျာလောကမှာ ဂယက်ထသွားပါတယ်။

ငြိမ်းကျော်နဲ့ ကျွန်တော်တို့ စမ်းချောင်းသား ကဗျာဆရာအုပ်စုဟာ တစ်သားတည်း နေခဲ့တာပါ။ ညပိုင်းမှာ ငြိမ်းကျော်က ကျွန်တော်တို့ စမ်းချောင်းကို လာသလို တနင်္ဂနွေနေ့လို အားလပ်ရက်တွေမှာလည်း ပေါက်တောကငြိမ်းကျော် အိမ်ကို ကျွန်တော်တို့ သွားကြပါတယ်။ ကဗျာအကြောင်း၊ စာအကြောင်းတွေ ပြောကြပါတယ်။ ငြိမ်းကျော်ဇနီးက လက်ဖက်ကို ဇလုံကြီးနဲ့သုပ်ပေးပြီးတော့ ခြံထဲက သဘော်ရွက်နုတွေ ခူးပေးပါတယ်။ ပဲပြုတ်နဲ့နံပြားစားသလို သဘော်ရွက်ထဲမှာ လက်ဖက်သုပ်ကို မြှုပ်ပြီး စားကြပါတယ်။





www.burmeseclassic.com

www.burmeseclassic.com

အဲဒီ အချိန်မှာ ငြိမ်းကျော်က "သုခနုငွေတောင်" ကျမ်းစာအုပ်နဲ့ အမျိုးသားစာပေဆု ရပြီးနေပါပြီ။ ဝတ္ထုတိုတွေ ရေးရာကနေ လုံးချင်းဝတ္ထုတွေ ရေးနေပါပြီ။ သူ့ရဲ့ ပထမဦးဆုံး လုံးချင်းဝတ္ထု ရှည်ဖြစ်တဲ့ "နှလုံးသားမြို့ပေဟာင်း တူးဖော်ချက် နောက်ဆုံးအစီရင်ခံစာ" ဆိုတဲ့ စာအုပ်ကို ကျောက်မြောင်းဗိုးနိုင်စာပေကနေ ထုတ်ပါတယ်။

အဲဒီ ပထမဦးဆုံး စာအုပ်နဲ့ပဲ ငြိမ်းကျော်ဟာ အောင်မြင်တဲ့ စာရေးဆရာဖြစ်သွားပြီး လုံးချင်းလောကထဲကို ရောက်သွားပါတယ်။ ကျွန်တော်လည်း ရုပ်ရှင်အောင်လံ မဂ္ဂဇင်းမှာ ဆယ်နှစ်လုပ်ပြီး ငြီးငွေ့လာတာနဲ့ ၁၉၇၅ ခုနှစ် နှစ်လယ်လောက်မှာ မဂ္ဂဇင်းက ထွက်လိုက်ပါတယ်။ ပြီးတော့ လုံးချင်းဝတ္ထုတွေ ရေးပါတယ်။ ၁၉၇၅ ခုနှစ် နိုဝင်ဘာလမှာ "အရိုင်း" ဆိုတဲ့ ဘဝသရုပ်ဖော်ဝတ္ထုကို ရေးပါတယ်။ အရိုင်းဝတ္ထုမှာ ငြိမ်းကျော်က အမှာစာ ရေးပေးပါတယ်။

ငြိမ်းကျော်ရဲ့ အမှာစာဟာ စာပေလောကမှာ မုန်တိုင်းကျသွားသလို ကျွန်တော့်ရဲ့ ဘဝသရုပ်ဖော် အရိုင်းဝတ္ထုဟာလည်း ပေါက်ထွက်သွားပါတယ်။ အရိုင်းဝတ္ထုထွက်ပြီး သုံးရက်လောက်မှာ ဆရာတက္ကသိုလ်ဝင်းမွန် ကျွန်တော့်အိမ်ကို ပေါက်ချလာပါတယ်။ ဆရာတက္ကသိုလ်ဝင်းမွန် အိမ်နဲ့ ကျွန်တော့်အိမ်က နီးနီးလေးပါ။ ဆရာတက္ကသိုလ်ဝင်းမွန်က ပန်းတနော်လမ်းမှာနေပြီး ကျွန်တော်က ညောင်တုန်းလမ်းမှာ နေပါတယ်။ ဆရာတက္ကသိုလ်ဝင်းမွန်ဆိုတာ အောင်ခန့် အမည်နဲ့လည်း ဘာသာပြန်ဝတ္ထုတွေကို ရေးသားနေတဲ့ ရန်ကုန်တက္ကသိုလ်က ကထိကတစ်ဦးပါ။

ဆရာက ကျွန်တော့်ကို . . .

"ဆရာ ကျွန်တော် အရိုင်းဝတ္ထု ဖတ်ချင်လို့ ကျွန်တော့်ကို လက်ဆောင် တစ်အုပ်လောက်ပေးပါ"ဆိုပြီး တောင်းပါတယ်။ ကျွန်တော်ကလည်း နဂို တတည်းက တိုယ်လေးစားချင်ခင်နေတဲ့ စာရေးဆရာ တစ်ဦးဆိုတော့ နှစ်နှစ်ကာကာပဲ လက်မှတ်ထိုးပြီး ပေးလိုက်ပါတယ်။ အမှန်တော့ ဆရာက ကျွန်တော့်ဝတ္ထုကို ဖတ်ချင်တာ အဓိကမဟုတ်ပါဘူး။ ငြိမ်းကျော်ရဲ့ အမှာစာကို ဖတ်ချင်တာက အဓိကပါ။

ဒါပေမယ့် ငြိမ်းကျော်ရဲ့ အမှာစာကို ဖတ်ပြီးရင်တော့ ကျွန်တော့်ဝတ္ထုကို ဖတ်ဖြစ်မှာ သေချာပါတယ်။

ကျွန်တော် ကျေနပ်ပါတယ်။ အဲဒီလိုပဲ အရိုင်းဝတ္ထုထွက်ပြီးလို့ မကြာခင်မှာပဲ ထုတ်ဝေသူ မောင်ယဉ်မျိုးနဲ့ ပန်းဆိုးတန်းလမ်းနဲ့ ကုန်သည်လမ်းထောင့်မှာရှိတဲ့ ကုန်သွယ်ရေးရုံးကို စာအုပ်အတွက် စက္ကူလျှောက်ဖို့ ပန်းဆိုးတန်းလမ်းပေါ်မှာပဲ ရှိတဲ့ လူဝင်မှု ကြီးကြပ်ရေးရုံးရှေ့က ဖြတ်အလျှောက်မှာ ငြိမ်းကျော်ရဲ့တပည့် ငြိမ်းမြိုင်နဲ့ မောင်ခက်ပန်ကို တွေ့ပါတယ်။

အဲဒီမှာ ငြိမ်းမြိုင်က . . .

"ကိုသာယာ ကျွန်တော် ကိုငြိမ်းကျော်ရဲ့ အမှာစာဖတ်ချင်လို့ အရိုင်းတစ်အုပ်လောက်ပေးပါ" ဆိုပြီး တောင်းပါတယ်။

ကျွန်တော်က သီးသန့်ချုပ်ထားတဲ့ ငြိမ်းကျော်ရဲ့ အမှာစာ စာအုပ်ကလေးကို ထုတ်ပေးလိုက်ပါတယ်။

"ဟာ. . . အဲဒီလို မဟုတ်ပါဘူး၊ ကျွန်တော့်ကို အရိုင်းစာအုပ်ပဲ ပေးပါ"

ငြိမ်းမြိုင်က ပျာပျာသလဲ ပြောပါတယ်။ ကျွန်တော်က . . .

"ခင်ဗျားတောင်းတာ အမှာစာလေ၊ အမှာစာရရင် ပြီးရောပေါ့" ဆိုပြီး မောင်ယဉ်မျိုးနဲ့ လှည့်ထွက်လာခဲ့ပါတယ်။ အခု အဲဒီ ငြိမ်းမြိုင်ဆိုတဲ့ပုဂ္ဂိုလ်ဟာ နာမည်သစ်တစ်ခုနဲ့ ဂျာနယ်တစ်စောင်မှာ အယ်ဒီတာလုပ်နေပါတယ်။ မောင်ခက်ပန်ကတော့ ကွယ်လွန်သွားပါပြီ။

ကျွန်တော့်ရဲ့ ဒုတိယစာအုပ်ဖြစ်တဲ့ "နန္ဒာ" ဝတ္ထုကို ၁၉၇၆ ခုနှစ် မတ်လမှာ ထွက်ပါတယ်။ စာအုပ်ထွက်ပြီး မကြာခင်မှာပဲ ကျွန်တော်ရယ်၊ အညာတမာရယ်၊ ငါးသိုင်းချောင်းဝံသာရယ်၊ ကိုလေးရယ်၊ တိုးမြင့်အောင်ရယ်၊ အောင်သာရယ်၊ စံရွှေမောင်ရယ် ပုဒ်မ ၁၂၄/ကကြီးနဲ့ အဖမ်းခံရပါတယ်။

နိုင်ငံတော်အစိုးရကို အကြည်ညိုပျက်စေမှုနဲ့ စာရွက်စာတမ်း ဖြန့်ဝေမှုပုဒ်မပါ။ အဲဒီအချိန်က စစ်အုပ်ချုပ်ရေးကာလ။ ကျွန်တော်တို့က "ပိတောက်တစ္ဆေ" သံချပ်အဖွဲ့၊ သင်္ကြန်မှာတိုင်ဖို့ သံချပ်တင်ရုံနဲ့ ကျွန်တော်တို့ကို ဖမ်းပြီး ထောင်ထဲ ထည့်လိုက်တာပါ။ စစ်အုပ်ချုပ်ရေးကာလမှာ ကြမ်းခင်းဈေးဟာ ထောင်လေးနှစ်ပဲ။ ကျွန်တော်တို့ကို အထူးခုံရုံးဖွဲ့ပြီး ထောင် ခုနစ်နှစ် ချပါတယ်။ ထောင်ထဲမှာ နှစ်နှစ်နေပြီး ကျွန်တော်တို့ ပြန်လွတ်လာပါတယ်။

ကျွန်တော် မောင်မောင်ကျော်ရဲ့ "မြန်မာစာပေတိုက်" မှာ လုံးချင်းဝတ္ထုတွေ ဆက်ရေးပါတယ်။ အဲဒီအချိန်မှာ ကဗျာဆရာ အညာတမာကလည်း မြတ်ထွန်းသစ်ဆိုတဲ့ ကလောင်နာမည်ကိုယူပြီး ရှိန်မကားဆရာခြိမ့်၊ တောင်ပံနီမမ၊ ဇမ္ဗူဒီပါ ခင်မမလေး၊ လေးကျွန်းစကြာ လူပျိုမောင်ထွေး စတဲ့ လုံးချင်းဝတ္ထုတွေ ဆက်တိုက်ထွက်နေပါပြီ။

သူ့ရဲ့ အဓိကဇာတ်ကောင်ဟာ ဆတ်ကလေးဘကျော်ပါ။ ဇာတ်လိုက်တွေကတော့ ဆတ်ကလေးဘကျော် လိုက်လံဖမ်းဆီးရတဲ့ ဂဠုဝင်လူဆိုးကြီးတွေပါ။ နယ်ချဲ့ဆန့်ကျင်ရေးသူရဲကောင်းကြီးတွေပါ။ အဲဒီအမျိုးသား သူရဲကောင်းကြီးတွေကို နယ်ချဲ့လက်ပါးစေ ဆတ်ကလေးဘကျော်က လိုက်လံဖမ်းဆီးပြီး ကြိုးစင်တင်ရတာပါ။

ငြိမ်းကျော်ရဲ့ ဝတ္ထုတွေနဲ့တော့ တခြားစီပါ။ ငြိမ်းကျော်ဟာ အိမ်ထောင်ရေးနဲ့ မေတ္တာဘွဲ့ဝတ္ထုတွေမှာ အရေးတော်သလို မြတ်ထွန်းသစ်ကလည်း နိုင်ငံရေးနဲ့ နယ်ချဲ့ဆန့်ကျင်ရေးဝတ္ထုတွေမှာ အရေးတော်ပါတယ်။ အဲဒီလို





www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်တို့တွေ လုံးချင်းဝတ္ထုတွေ ကိုယ်စီရေးကြရင်း ငြိမ်းကျော်နဲ့ အနေဝေးသွားပါတယ်။

ဟိုတုန်းက တစ်ပတ်ကို ငါးရက်လောက် စမ်းချောင်းကို ရောက်လာတဲ့ ငြိမ်းကျော်ဟာ ၁၉၈၀ ပြည့်နှစ်လောက် ရောက်တဲ့အခါမှာ တစ်လတစ်ခေါက်၊ နှစ်လတစ်ခေါက်ကနေ နောက် လုံးဝ မရောက်တော့ပါဘူး။ ဒါပေမယ့် ကျွန်တော်တို့တွေဟာ စာပေနယ်မှာ ကျင်လည်နေကြတဲ့သူတွေဆိုတော့ စာအုပ်တိုက်တို့ မဂ္ဂဇင်းတိုက်တို့ လေထန်ကုန်းလက်ဖက်ရည်ဆိုင်တို့တွေမှာ မကြာခဏ တွေ့တတ်ကြပါတယ်။ အရင်က အတိုင်း လှိုက်လှိုက်လှဲလှဲပါပဲ။ ဘာမှ မပြောင်းလဲကြပါဘူး။ ပြောင်းလဲတာကတော့ စာပေထုတ်ဝေရေး တိုက်တွေပါ။

ကျွန်တော်က မောင်မောင်ကျော်ရဲ့ မြန်မာစာပေတိုက်ကနေ ဘာသာပြန် စာပေဆုရ မြတ်ငြိမ်းရဲ့ ငြိမ်းအေး စာပေတိုက်ကို ရောက်သွားပါတယ်။ ငြိမ်းကျော်ကလည်း ကိုသန့်စင်ရဲ့ ဆောင်းသဇင်စာပေတိုက်ကို ရောက်နေပါပြီ။

တစ်နေ့ ကိုမြတ်ငြိမ်းက . . .

"ကိုသာယာကို ထူးခြားတာ တစ်ခု ပြောရဦးမယ်"

"ပြောဗျာ"

"ကိုငြိမ်းကျော်နဲ့ ကိုသန့်စင် ဝမ်းတောဘယ်လ်ကြေး အလောင်းအစား တစ်ခု လုပ်ကြတယ်"

"အင်း"

"ကိုငြိမ်းကျော်က သူ့ဝတ္ထုတိုတစ်ပုဒ်ကို ပါးစပ်က ရွတ်ပြမယ်၊ ကိုသန့်စင်က ကက်ဆက်နဲ့ဖမ်းထား၊ ပြီးရင် အဲဒီကက်ဆက်နဲ့ ဖမ်းထားတဲ့ အသံထွက်ဝတ္ထုကို နောက်နေ့ စာရွက်နဲ့ရေးလာပြီး ကိုသန့်စင်ကိုပေးမယ်၊ တိုက်ဖတ်ကြည့်ရင်လည်း မလွဲစေရဘူးတဲ့"

"ဒီတော့ . . ."

ကျွန်တော်က စကားထောက်ပေးလိုက်တယ်။

"ကိုသန့်စင်က ဒါမဖြစ်နိုင်ဘူး၊ လောင်းမယ်ဆိုပြီး ကိုသန့်စင်ရဲ့အိမ်မှာ ကက်ဆက်နဲ့ ကိုငြိမ်းကျော်ရဲ့ ပါးစပ်ဝတ္ထုကို အသံသွင်းတယ်၊ နောက်နေ့ ကိုငြိမ်းကျော်က စာနဲ့ ရေးလာတော့ ကက်ဆက်နဲ့ဖွင့်ပြီး တိုက်ကြည့်တယ်၊ ကိုငြိမ်းကျော် နိုင်သွားတယ်"

ကျွန်တော်က ဟင်းဆိုပြီး သက်ပြင်းခပ်ညင်းညင်း ချလိုက်တယ်။

ငြိမ်းကျော်က အဲဒီလို စာရေးဆရာမျိုး။

၁၉၉၅ ခုနှစ်လောက်က ဖြစ်မယ်ထင်တယ်။ ကျွန်တော် ရုပ်ရှင်အောင်လံမဂ္ဂဇင်းမှာ ဒုတိယအကြိမ် အယ်ဒီတာ ပြန်လုပ်ဖြစ်တယ်။ ရုပ်ရှင်အောင်လံ မဂ္ဂဇင်းတန်ဖိုးက (၅၀)ကျပ်၊ ထုတ်ဝေသူက ကိုရဲဇော် (ယခု အကျိုးဆောင်ဂျာနယ်၊ဒုတိယအယ်ဒီတာချုပ်)။ ဘားလမ်းက ဗိုလ်မှူးဟောင်း စိုးမြင့်အောင်ရဲ့ တိုက်ခန်းမှာ ရုံးထိုင်တယ်။ အဲဒီအချိန်မှာပဲ ကျွန်တော်က "မြန်မာရုပ်ရှင်သမိုင်းပြုစုရေး ကော်မရှင်" မှာ အဖွဲ့ဝင်။ ဂွတ္တလစ်မှာနေတဲ့ စာရေးဆရာ ကျော်မင်းဦးရဲ့အိမ်မှာ ရုံးခန်းဖွင့်ပြီး မြန်မာ့ရုပ်ရှင်သမိုင်း ပြုစုနေချိန်။

ကျွန်တော် တစ်ကျပ်တန် ရုပ်ရှင်အောင်လံ မဂ္ဂဇင်းမှာ အယ်ဒီတာလုပ်စဉ်က အသက် (၁၃)နှစ်လောက်သာ ရှိသေးတဲ့ စက်နောက်ကြည့်ကလေး မောင်သန်းလွင်က ကျွန်တော့်ကို အရှာပြီး ပြန်လုပ်ခိုင်းတာပါ။

အဲဒီအချိန်မှာ မောင်သန်းလွင်က အသက်(၃၀)ကျော်နေပါပြီ။ အိမ်ထောင်ကျပြီး သားသမီးများလည်း ရနေပါပြီ။

ကျွန်တော် ရုပ်ရှင်အောင်လံ မဂ္ဂဇင်း ပြန်ကိုင်ရမယ်ဆိုတော့ စာမူစုရပြီ။ သူငယ်ချင်း ကဗျာဆရာ၊ စာရေးဆရာတွေဆီက စာမူတောင်းရပြီ။ အဲဒီအထဲမှာ ငြိမ်းကျော်လည်း ပါတယ်။ ကျွန်တော် ငြိမ်းကျော်ဆီက ဝတ္ထုစာမူမတောင်း၊ကဗျာစာမူသာတောင်းတယ်။

သူက လိုလိုချင်ချင် ကျွန်တော့်ကို ကဗျာတစ်ပုဒ် ရေးပေးတယ်၊ သူ့ကဗျာကို ချက်ချင်းစီခိုင်းလိုက်တယ်၊ တိုက်မှာရှိတဲ့ ပန်းချီဆရာကိုလည်း သရုပ်ဖော်ပန်းချီ ချက်ချင်းဆွဲခိုင်းလိုက်တယ်။ စာအုပ်ရိုက်တဲ့အခါမှာတော့ ငြိမ်းကျော်ကဗျာကို အဖွင့်မှာထားလိုက်တယ်။ ငြိမ်းကျော်ကဗျာ ကျွန်တော့်မဂ္ဂဇင်းမှာ ပါမယ်ဆိုပြီး ဖွလိုက်တယ်။ လက်ရှိ နာမည်ကြီးနေတဲ့ လုံးချင်းဝတ္ထုရေးဆရာက ကဗျာရေးတယ်ဆိုတော့ ကဗျာလောက တော်တော်လေး လှိုင်းထသွားတယ်။ ဒါပေမယ့် မဂ္ဂဇင်းထွက်လာတော့ ငြိမ်းကျော်ကဗျာ ပါမလာတော့ဘူး။ စာပေစိစစ်ရေးက ဖြုတ်ပစ်လိုက်တယ်။

ငြိမ်းကျော် ကဗျာရေးတာလည်း ကျွန်တော် မတွေ့ဖူးဘူး။ ကြားလည်း မကြားဖူးဘူး။ ဒီကဗျာကလွဲပြီး သူ့ကဗျာတစ်ပုဒ်မှလည်း ကျွန်တော် မဖတ်ဖူးဘူး။ ဒါဆိုရင် ဒီကဗျာဟာ သူ့ရဲ့ ပထမဦးဆုံးရေးတဲ့ ကဗျာနဲ့ နောက်ဆုံးရေးတဲ့ ကဗျာပဲ ဖြစ်နိုင်တယ်။ စာပေစိစစ်ရေးက ငြိစွန်းတယ်ဆိုပြီး ဖြုတ်ပစ်တော့ ကျွန်တော် အယ်ဒီတာလည်း ဘာမှမတတ်နိုင်တော့ဘူး။ ဒါပေမယ့် တစ်ခုဖြေသာသေးတာက ဒီလောက်နှစ်တွေ ကြာသွားပေမယ့် ငြိမ်းကျော်ရဲ့ ကဗျာကို ကျွန်တော် ဒီနေ့အထိအလွတ်ရနေသေးတာပဲ။ ခေါင်းစီးကိုတော့ မေ့နေပြီ။ စာပေစိစစ်ရေးနဲ့ ငြိ၊ မငြိ ကိုယ့်ဘာသာကိုယ်ဖြည့်ပြီး ဖတ်ကြည့်စေချင်ပါတယ်။

* ရွှေလမှာ ယုန်ဝပ်လို့
ဆန်ဖွပ်သည့် အဘိုးအို
ဟော ကြည့်ပါဆို။
* ဆိုသာဆို
မပိုသည့်စကား။
* ကလေးအငိုတိတ်အောင်
အရိပ်အယောင် သူမပြတယ်
ဖိုးလနတ်ကြွား။

❒ မောင်သာယာ



www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com

ဆိုသူမှာ မြန်မာစစ်စစ် အညာသူ။ သူမ ဘဝ လင်ကိုးဆက် ပြောင်းခဲ့ရသည်။

စာရေး သူအနေဖြင့် ထိုအမျိုး သမီးကို မတွေ့မီ က အလွန်ပင် အထင် သေးသည်ကို ဝန်ခံရပေမည်။

သို့သော် သူမ အကြောင်း ခရေ စေ့တွင်းကျ သိရှိလာသည့်အခါတွင်မူ သူမ၏ ပျော့ပျောင်းသော နှလုံးသား ခက်ထန်မာကျောသော စိတ်ခါတ်၊ ယဉ်ကျေး သိမ်မွေ့သော အပြုအမူ အပြောအဆို၊ ရှိုင်းပူဖို့ လိုလာလျှင် ဓားကိုင်ဖို့ ဝန်မလေး၊

• သိုးကလေးလို သည်းခံတတ်ပြီး ကျားမတစ်ကောင်လို အငြိုးအတေးကြီး သူတစ်ယောက် အဖြစ် ယူဆမိသည်။

စာဖတ်သူ အဖို့လည်း သူမ အကြောင်းကို သိလာမည်ဆိုလျှင် မည် သို့ကောက်ချက်ချမည်ကိုမူ လူတစ်ကိုယ် စိတ်တစ်မျိုးဖြစ်၍ ကြိုတင်ဆုံးဖြတ်ချက် မပေးလို။

ထိုနည်းတူစွာ မြန်မာစကားပုံ တွင် ပါဝင်သော သုံးကျောင်းပြောင်း သောရှင်ကြီးဆိုလျှင် မည်သည့်ကျောင်း ကမျှ လက်မခံလိုကြ၊ အဘယ်ကြောင့် နည်း။ တောထွက်ရှင်ကြီးပီပီ နဂိုယ်ဖြူ သံဃာပရိသတ်နဲ့ သဟာဇာတ မဖြစ် သည်က များသည်။

ထို့ကြောင့်ပင် တောထွက်ဆို လျှင် တော်ရုံတန်ရုံ ကျောင်းများက လက်မခံလို။

မအမာစိန် အကြောင်း စုံစမ်း လေ့လာရင်းက သုံးကျောင်းပြောင်း သောရှင်ကြီးတစ်ပါးကလည်း ပါဝင်လာ သဖြင့်. . . . .။

ပေါ့ပေါ့နေ ကြော့ကြော့သွား ထဲမှာ အမာစိန် မပါ။

အစ်ကိုကြီး နှစ်ယောက်အောက် အထွေးဆုံး ညီမလေးဖြစ်၍ မိဘက အစ အစ်ကိုတွေအဆုံး အလိုလိုက် အကြိုက်ဆောင်ပေမယ့် အမိုက် စော် ကားသူတော့ မဟုတ်။ သူမကို မွေးဖွား ရာ ဇာတိရွာကလေးက ရေနံမြေနှင့် ထိစပ်နေသည်။ မိဘလက်ငုတ်လက်ရင်း ယာကိုသာ ဓားမဦးချလုပ်ကိုင် အသက် မွေးကြသူက များသည်။

အမာစိန် (၂)နှစ်သမီးအရွယ် ကတည်းက မိခင် ဆုံးပါးသွားခဲ့သည်။ သည်တုန်းက အစ်ကိုကြီး မောင်စိန်က (၂၃)နှစ်၊ အစ်ကိုလေး ထွေးထွေးက (၂၀)။ သည်လောက် အသက်ကွာ၍ လည်း အဖေရော အစ်ကိုတွေကပါ ငယ်ငယ်က လက်ပေါ်ကမချ။

နောက်ဆုံး လူဖျိုလှည့်သွားတာ တောင် ညီအစ်ကို နှစ်ယောက်လုံးက သူတို့ ညီမလေးကို ခေါ်သွားကြသည်။

အညာမှာကား တစ်နေကုန် တောင်ယာထဲ နွားနဲ့ဖက်တွဲ ချွေးသံ တရွှဲရွှဲနဲ့ ဘယ်လောက်ပင်ပန်းပါစေ၊ ညနေအိမ်ပြန်ရောက် လုပ်စရာရှိတာ ဝိုင်းလုပ် ရေမိုးချိုး စားပြီးသောက်ပြီးပြီ ဆိုတာနှင့် ကာလသားတော်တော်များ များက မိမိအလွမ်းသင့်ရာ အပျိုအိမ် ဆီ ခြေဦးလှည့်ကြတော့သည်။

အပျိုတွေ၏ မိဘမောင်ဖွားတွေ ကလည်းရှောင်ပေးရ၏။ အမေ၊ အဒေါ် တို့လောက်သာ အိမ်မှာကျန်၏။

မိမိသမီးကို လာရောက်ပိုးပန်း သူ၏ မျိုးရိုးဇာတိ ကိုယ့်ကျင့်ဝတ်ရားကို အမေကပါ အကဲခတ်၏။

· မသင့်တော်ဘူးထင်လှ ် နောက် နေ့မလာစေရန် ဥပါယ်တံမျဉ် ်င့် ဘုန်း ကြီးကျောင်းသွားဖို့ရှိလို့ သူ့ဒ ါးလေး အိမ်မှာ လူစောင့်မရှိလို့ သွားဒ၁ပ်ပေး ရမှာ စသဖြင့် ရိပ်ဖမ်း သံဖမ်း လက်မခံ လိုကြောင်း ပြတတ်သည်။

ဒါဆိုရင် နောက်ဆုတ်ဝေ ၁ ပေါ့။

ဒီလို အပြောခံရလို့ နာကြည်း၍ မရ။ ဒေါသ မဖြစ်ရ။

တစ်သက်လုံး ပေါင်းဖို့အရေး မိန်းကလေးရှင်ဘက်က သည်လောက် တော့အခွင့်အရေးရှိသည်ကို နားလည် ကြ၏။ ကိုယ့်မှာလည်း ညီမ၊ တူမတွေ ရှိသည်ပဲ။ ကိုယ်ချင်းစာတတ်၏။

ခက်နေတာက ကိုကြီးမောင်စိန်။

မိန်းမပိုးသွားတာ ညီမလေးက အမြဲပါသည်။ ကိုမောင်စိန်ကို သဘော ကျသူ မိန်းကလေးတွေရော သမီးရှင် တွေပါ များပါဘိ။ ဒါပေမဲ့ မယူခင်က ကလေးရသလို ဖြစ်မှာကိုတော့ မလို ချင်။

အစ်ကိုလေး ထွေးထွေးက လည်း အစ်ကိုကြီး သဘောကျရာ အမျိုးသမီး အပျိုအိမ် အဖော်လိုက်ပေး သလို အစ်ကိုလေးသဘောကျရာ အပျို အိမ်ကိုလည်း ကိုကြီးက လိုက်သည်။

သည်တော့ သူတို့ ညီအစ်ကိုနဲ့ သူတို့ ညီမလေး မခွဲမခွာတာကိုက အပျို တွေ သမီးရှင်တွေအဖို့ သံသယများစွာ။

သူတို့အဖေကြီးကတော့ ထမင်း ဟင်းပင် မချက်ရ။ အိမ်ကနွား ကျွေးဖို့ နွားစာစဉ်းဖို့ဝေး အိမ်ဝင်းထဲ တံမြက်ပင် မလှည်းခိုင်း။ သူငယ်ချင်း အဘိုးကြီး တွေချင်း တရားစကားဝိုင်းဖွဲ့ ဥပုသ် သီတင်းသီလစောင့်။

ဘဝပေး အသိကြောင့် ကိုကြီး ရော ကိုငယ်ပါ တက်ညီလက်ညီ အိမ်မှု ကိစ္စအဝဝကိုလည်း ထောင့်စေ့အောင် လုပ်နိုင်ကြ၏။

မိဘလက်ငုတ်လက်ရင်း ယာ ဧက (၃၀)ကိုလည်း မလစ်လပ်စေရ။ သည်တော့ စီးပွားရေးက အကျပ် အတည်း ထဲမပါ။ ပဲကောင်းသည့်နှစ် ကဆိုလျှင် မောင်နှမ သုံးယောက်လုံး ဆွဲကြိုး တစ်ကုံးစီပင် ဝတ်နိုင်သည်။

သည်လိုနှင့် ကိုကြီးရော ကိုထွေး ပါ လူပျိုသိုးကြီးဘဝ ရောက်လာကြရ သည်။ သူတို့ အချစ်အားလုံး ညီမလေး အမာစိန်ဆီမှာသာ ပုံထားလိုက်ကြ သည်။

အမာစိန် အုပ်လုံးသိပ်ပြီ။

အုပ်လုံးသိမ်း ဆိုတာက မိန်း





www.burmeseclassic.com

www.burmeseclassic.com

ကလေးများ ငယ်စဉ်က သျှောင်ပေစူး ဂျာရစ်ထားရာက ဆံပင်ရှည်လာသလို အသက်အရွယ် (၁၅-၁၆)ရောက်လျှင် နားသယ်စ ဆံကိုပါသိမ်း၍ ထုံးဖြတ် ချည်နှောင်ခြင်း ဖြစ်သည်။

တစ်နည်း အပျိုဖော်ဝင်ပြီပေါ့။

သို့ပေမယ့် ထိုခေတ်က ထို အရွယ်သည် ကလေးသာသာဟုပင် အများက ယူဆထား၏။ အပျိုစာရင်းထဲ မသွင်းသေး။ ဖန်ခုန်ကောင်းတုန်း၊ ထုပ်ဆီးတိုးကောင်းတုန်း၊ ဒီထိုးလို့ကောင်းတုန်း။

တစ်ခုပဲ။ လူကြီး သူမတွေက အိမ်မှုကိစ္စကို နိုင်နိုင်နင်းနင်းလုပ်တတ်ဖို့တော့ မီးဖိုဝင်ရ၏။ အဝတ်လျှော်ရ၏။ အိမ်ဝင်းကို ပြောင်နေအောင် သန့်ရှင်းရေးလုပ်ရ၏။

အမာစိန် အဖေကား အသက် (၇၀)မှာ ရဟန်းဝတ်သွားပြီး (၅)ဝါအရ ပျံလွန်တော်မူသည်။

အမာစိန်မှာ အမေဆိုလည်း ကိုကြီး နှစ်ယောက်။

အဖေဆိုလည်း ကိုကြီး နှစ်ယောက်နှင့်သာ။

အစ်ကိုကြီးတို့က ညီမလေးကို အိမ်ဝင်းအပြင်ပင် ထွက်ဖို့မလိုအောင် လိုလေသေးမရှိ ပြည့်စုံအောင်ထား၏။

အလှူအတန်း မင်္ဂလာဆောင် သွားမည်ဆိုပါက အမာစိန်လောက် ရွှေဝတ်နိုင်သူ တစ်ရွာလုံး တစ်ယောက်မျှ မရှိ။ အမာစိန်လောက် တန်ဖိုးကြီးသည့်အဝတ်အစား မည်သူမျှ မဝတ်နိုင်။ အဖေ၊ အမေ အစုံမရှိ၍ ကွမ်းတောင် ပန်းတောင် မကိုင်ရပေမယ့် မျက်နှာမငယ်။ အဖေ့ညီမ တစ်ဝမ်းကွဲက မွေးသော အစ်မနှစ်ဝမ်းကွဲတွေကြား မျက်နှာပွင့်သည်သာ။

ခက်တာက အပျိုဖြစ်လာပေမယ့် ဘယ်ကာလသားကမှ လူပျိုမလှည့်ရဲကြ။

အိမ်ခေါင်းရင်း (ဒါမှမဟုတ်) အိမ်ရှေ့ကွပ်ပျစ်မှာ မြိန်မြိန့်ကြီး လက်ဖက်ရည်ခါးသောက်နေသော ကာလသားခေါင်းကြီး ကိုကြီးစိန်ကို လန့်၏။ အစ်ကိုထွေးကတော့ အပေါ်ထပ်ဘုရားခန်းထဲမှာ ဘုရားရှိခိုး ပုတီးစိပ်ရင်းက သူ့နားနှစ်ဖက်ကမူ ညီမလေးထံ မည်သည့် ယောကျ်ားလေး လာရစ်မည်ကို နားစွင့်နေတတ်၏။

ချိုးချိုးချွတ်ချွတ် မကြားနှင့်၊ ဓားဆွဲ ခြံထဲ ပတ်ကြည့်တတ်၏။ ယက္ခ၊ ဂုမ္ဘာဏ်တွေ ဒီလောက်စောင့်ကြပ်နေမှတော့. . . "အမာစိန် ဒီတစ်သက် လင်ရမှာ မဟုတ်ဘူး" ဟုပင် ပြောစမှတ်တွင်၏။

အမာစိန် မင်္ဂလာဆောင်တော့မည်။

သည်စကားက သူတို့နေသည့် ချောင်းရွာသာမဟုတ် ကံစု၊ ထိန်ကုန်း၊ နှောကုန်း၊ မကျည်းတန်း တစ်ဝိုက် ဟိုးလေးတကျော်ဖြစ်သွား၏။

ယောက်ဖလောင်းကို ခေါ်လာသူက ကိုကြီးထွေး။

ကျောင်းတော်ရာဘက် ပျိုးနှုတ်သွားရင်းက တွေ့လာတာ။

လူက လူပုံချော။ အသားက ညိုညို၊ အရပ်က မြင့်မြင့်၊ အမိအဘမရှိ။ အထီးကျန် တစ်ကောင်ကြွက်။ သရက်ဘက်ကနေ အလုပ်လာလုပ်ရင်း မိဘနှစ်ပါး ဝမ်းရောဂါနှင့် ကွယ်လွန်၍ ကျန်ရစ်ခဲ့သူ။

အစ်ကိုကြီးတွေ စဉ်းစားပုံကလည်း ကြည့်။

သူတို့ညီမလေးကို သူစိမ်းတစ်ရံဆံလက်ထဲ စိတ်ချလက်ချ မထည့်လို။ အိမ်ပါ အလိမ္မာ ယောက်ဖကိုသာ လိုချင်သည်။ ပြီးတော့ ကိုယ့်ကျင့်တရား အရက်၊ ဖဲ၊ မိန်းမ၊ လောင်းကစား ကင်းရှင်းဖို့လည်း လိုသေးသည်။

သည်မှာတင် ကိုအောင်သာကို (၃)နှစ်လောက် အနီးကပ်လေ့လာပြီးမှ အိမ်သို့ခေါ်လာခဲ့သည်။ ကိုအောင်သာက အသက်(၂၈) ကိစ္စမရှိ။ ကြီးရင်မို ငယ်ရင်ချီ။

အမာစိန် တစ်ယောက်တည်း လောကကြီးအလယ် မျက်နှာငယ်ကျန်ခဲ့မှာစိုးတာလည်း ပါသည်။ ဟုတ်ပေသည်ပေါ့။ သူတို့ညီအစ်ကို အသက်က (၅၀) နားကပ်လာပြီ။ မတော်တဆ လူ့လောက စွန့်ခွာသွားခဲ့ရပါက. . .

ကိုအောင်သာမှာ တစ်ကောင်ကြွက်လည်းဖြစ်၊ ယောက်ဖကြီးတွေကိုလည်း ကြောက်ရတော့ တစ်နေကုန်ကုန်းရုန်း အလုပ်လုပ် ယာခင်းထဲကပင် မတက်ရဲ။

ဧက (၃၀) တစ်ယောက်တည်း လုပ်ရတာ လွယ်မှတ်လို့။

အမာစိန်ကတော့ အစ်ကိုကြီးတွေ ပေးစားလို့ ယူရတာပေမယ့် မယားဝတ္တရားမပျက် ပြုစုသည်။ ထမင်းပို့သည်။ နှိပ်နယ်နင်းပေးသည်။ ထမင်းပွဲရှေ့ရောက် လက်ဆေးစား ထသွားရုံ။

အစ်ကိုကြီးတွေလိုပင် သဘောထားသည်။

အဲ. . . တစ်ခုတော့ရှိတာပေါ့။ ထမင်းစားလည်း အစ်ကိုကြီးတွေ မပါရင် သူ့ယောက်ျားပါ မကျွေးသေး။ အစ်ကိုကြီးတွေစုံမှ ထမင်းစားသည်။

ကြက်သားချက်လို့ အသည်းအမြစ် ရင်ပုံသားက အစ်ကိုကြီးတွေကို ဦးချပေးပြီးသား။ ကျန်တာ ကိုအောင်သာစား။

ညကျတော့ ကိုကြီးနှစ်ယောက်ကို ခြေဆုပ်လက်နယ်ပြုလုပ်ပြီးမှ သူ့ယောက်ျားကို နင်းပေး နှိပ်ပေး။

အမြင်ကြည်လင်သူ ဆိုရင်တော့ ပြဿနာမရှိ။

ဒါပေမဲ့ ကိုအောင်သာက (၄) တန်းပင် မအောင် စာဖတ်ဗဟုသုတရှာတာလည်း ဝါသနာမပါ။

သည်တော့ သူ့စိတ်ထဲ အစစအရာရာ နောက်ဆုံးလူလို ခံစားနေရသည်။ သည်လိုနှင့် ပထမကလေး ထွန်းဝေ။ ဒုတိယကလေး ဝင်းစန္ဒာ (၂)နှစ်စီ ခြားမွေးသည်။ ပြဿနာက ယခုမှ ထတောက်တော့သည်။



www.burmeseclassic.com

www.burmeseclassic.com

ခက်တာက

အချစ်မှာ မျက်စိမှ မရှိတာ။

ချစ်မိပြီဆိုတော့

အပြစ်ကိုပင်

အနှစ်ထင်နေတာလေ



ကလေးတစ်ယောက် ရစဉ်က ကိုအောင်သာအတွက် အချိန်ပေးနိုင်ပေမယ့် နှစ်ယောက်ဆိုတော့ ကိုအောင်သာအတွက် အမာစိန် သီးခြားအချိန် မပေးနိုင်တော့။

ကိုကြီးနှစ်ယောက်ကိုမူ မိဘသဖွယ် အချိန်မပေးမဖြစ် ပေးထားတာကိုက. . .

အိမ်ခွဲဖို့စ စကားပြောလာသူက ကိုအောင်သာ။ အစ်ကိုကြီး နှစ်ယောက်က မျက်နှာမကောင်းပေမယ့် ဘာမှမပြော။ အမာစိန်ကတော့ ပြတ်သည်။

ကလေး နှစ်ယောက် ထားခဲ့။ အိမ်ခွဲချင်ရင် တစ်ယောက်တည်း ဆင်းတဲ့၊ ကြမ်းကျွံတာ နုတ်လို့ရသည်။ စကားကျွံတာက ဆိုးသည်။

ယောကျ်ားမာန။ သည်မှာတင် လင်မယား ကွဲလေသတည်းပဲပေါ့။

ᨔ

အိမ်ထောင်ပျက်တော့မှ အစ်ကိုကြီး နှစ်ယောက်က အရင်ကထက်ပိုပြီး ညီမလေးကို ဂရုစိုက်ကြသည်။

တူလေးနဲ့ တူမလေးကိုလည်း သားသမီးပမာ ထမင်းခွံ့ကျွေးတာက အစ်ကိုကြီး နှစ်ယောက်။

အမာစိန် ထဘီတိုတိုဝတ်၏။ သနပ်ခါးထူထူလိမ်း၏။ ခမောက်ဆောင်း၏။ အစ်ကိုကြီးတွေ တားမြစ်သည့်ကြားက ဧက(၃၀)ကို လူငှား(၂)ယောက်နဲ့ ကြီးကြပ်လုပ်ကိုင်၏။

ကုလားပဲချိန် ကုလားပဲ။ စားတော်ပဲချိန် စားတော်ပဲ မြေပဲချိန် မြေပဲ။ မန်းချောင်းက ရေကို စက်နဲ့ စုပ်တင် ရေသွင်းစိုက်ဖို့ ပထမဆုံး စဉ်းစား ပထမဆုံးလုပ်တာက အမာစိန်။

သည်တော့ အမာစိန် အသက်ရှိမှ (၂၆-၂၇)ပေါ့။ ရွာနီးချုပ်စပ် လက်ဖျားခါရလောက်အောင် အလုပ်ကို စေ့စေ့စပ်စပ် လုပ်နိုင်သူ။

ဖြစ်လာလိုက်တဲ့ စီးပွားရေး။ နှစ်ထပ်တိုက်ပင်ဆောက်လိုက်နိုင်သည်။

ပြောရဦးမည်။ သည်လိုတိုက် ဆောက်ဖို့ စီစဉ်နေရင်းက ဆောက်လုပ်ရေးပစ္စည်းဝယ်ရင်း တွေ့လာသူက ကိုဇော်။ ဆောက်လုပ်ရေး အင်ဂျင်နီယာ။ သည်တစ်ခါတော့ အမာစိန် နှလုံးသားထဲက ချစ်သူကို သူကိုယ်တိုင် ရွေးချယ်ခြင်းပင်။

ကိုဇော့် မိဘနှစ်ပါးရှိရာ ပြည်မြို့ထိ စွန့်စွန့်စားစားသွားရောက်လေ့လာသည်။ မှန်သည်။ ကိုဇော့်မှာ တစ်ချိန်က ဇနီးမယားရှိခဲ့သည်။ ကလေးမဖွားနိုင်၍ မီးတွင်းမှာ အမေရော ကလေးပါ ဆုံးသွားရှာသည်။

ဘာပဲဖြစ်ဖြစ် ကိုဇော်နဲ့ သူမက သက်တူရွယ်တူ။ သူမမှာက ပစ္စည်းဥစ္စာ မနေ ပြည့်စုံသည်။

ကိုဇော့်မှာက ရာထူး ဂုဏ်သိက္ခာပြည့်စုံသည်။ တစ်ခုပဲ ကိုဇော်က အရက်သောက်တတ်သည်။ အမာစိန်အဖို့ နှလုံးသားက ချစ်မိတာဆိုတော့ ဒါကို အပြစ်လို့ မမြင်ဧတော့။

"ယောကျ်ားလေးပဲ ဒီလောက်တော့ရှိပေမပေါ့" ဟု အမှန်ပေးထား၏။ အမှားကို အမှန်ခြစ်ပေးလိုက်၏။

ကြောင်ခံတွင်းပျက်နဲ့ ဆက်ရက်တောင်ပံကျိုးလို့တော့ ပြောမရ။

နှစ်ဦးစလုံးက ယခုအခါ လူလွတ်တွေဆိုတော့ အမာစိန် ဒုတိယ အိမ်ထောင်ကို ခမ်းခမ်းနားနား ပြုလုပ်၍ လက်ထပ်ခဲ့လေတော့သည်။

တကယ်တော့ အစ်ကိုကြီးတွေက သည်ကိစ္စတိုင်ပင်စဉ်က ကန့်ကွက်ခဲ့သေးသည်။ မယားပါ သားသမီးနဲ့ ပထွေး ရေရှည် သင့်တော်၊ မတော် အကြောင်းပြ ဆုံးမ၏။

ခက်တာက အချစ်မှာ မျက်စိမှ မရှိတာ။ ချစ်မိပြီဆိုတော့ အပြစ်ကိုပင် အနှစ်ထင်နေတာလေ။

အမာစိန် ပျော်လိုက်သည့် ဖြစ်ခြင်း။ ယခင်လို ယာခင်းထဲဆင်းဖို့မဖြစ်တော့။ ယခု သူမက အင်ဂျင်နီယာကတော် ဖြစ်နေပြီ။

သည်တော့ ယာဧက(၃၀)ကို ရောင်း၊ အိမ်မှာ စတိုးဆိုင်ဖွင့်၊ တော်တော် အမြင်ကျယ်တဲ့မိန်းမ။ ခေတ်ကို အမီလိုက်နိုင်သူ။

အစားအသောက် ကုန်ခြောက်ကအစ လူသုံးကုန်အဆုံး ဆောက်လုပ်ရေးပစ္စည်းပါမကျန် အဝတ်အထည် ထီးဖိနပ်။ တကယ့် ကုန်စုံဆိုင်ကြီး။

ရွာထဲက ခပ်သွက်သွက်မိန်းမငယ်(၂)ယောက်ကိုပင် ငှားထားရသည်။ သူကတော့ အရောင်းစာရင်း စီစဉ်၊ ဝယ်စရာရှိရင် ထပ်ဝယ်။

ဈေးဝယ် သွားရတာကလည်း သူ့ယောကျ်ားရဲ့ ဌာနက ပေးထားတဲ့ မာဇဒါဂျစ်နဲ့ဆိုတော့ သယ်ယူစရိတ်ကလည်း သက်သာသည်။

အမာစိန် နားမှာ စိန်နားကပ်။ လည်ပင်းမှာက စိန်လည်တုံ။ လက်ကောက်ဝတ်မှာက စိန်ဇာယံ (၇)ဖော်။

တစ်ခုပဲ သူမ သိပ်လိုချင်တာက ကိုဇော်ရဲ့ သွေး၊ ကိုဇော်ရဲ့ ကလေး။

အဲ ပြောဖို့ကျန်နေတာက အစ်ကိုကြီး(၂)ယောက်နဲ့ ယခင်အိမ်ထောင်က ပါလာတဲ့ ကလေး(၂)ယောက်။

အမာစိန်အဖို့ ပထမဦးစားပေးက ကိုဇော်။ အစ်ကိုကြီး (၂)ယောက်ကို ယခင်လို နှိပ်နယ်ဆူးခပ် မကျွေးနိုင်တော့။ စားလိုသမျှ ဘယ်လောက်ဈေးကြီးကြီး မဖြစ်ဖြစ်အောင် ရှာတော့ ဝယ်ကျွေးသည်။

ကလေးတွေလည်း အမေကို မကပ်နိုင်။ ကပ်ခွင့်မရ။ တိုက်အပေါ်ထပ်မှာ အစ်ကိုကြီးတို့နဲ့ ကလေး(၂)



www.burmeseclassic.com

www.burmeseclassic.com

ယောက်။ အောက်ထပ်မှာက သူတို့ လင်မယား။ အိမ်ရှေ့မှာ ပေ(၃၀) ပေ (၂၀) တစ်ဆောင်တိုး၍ ဆိုင်ဖွင့်ထားသည်။

ကိုဇော်က ရိုးရိုးအများသူငါလို အရက်မျိုးကို မသောက်။ ဂျင် (ဒါမှမဟုတ်) ဝီစကီ။ ပြီးတော့ အမြည်းကောင်းကောင်းစားသည်။

ယခင်က ကြက်အသည်းအမြစ်က အစ်ကိုကြီးတို့အတွက်၊ ယခုတော့။

ပြီးတော့ ကိုဇော်က အပြင်ထွက်သောက်တာမျိုးမဟုတ်။ လုပ်ငန်းခွင်သိမ်းလျှင် မြို့တော် ဂေါက်ကွင်းမှာ ဂေါက်ရိုက်သေးသည်။ ပြန်လာတော့မှ ရေမိုးချိုး အိမ်မှာပဲ အေးအေးဆေးဆေး တစ်ယောက်တည်း သောက်။

ကိုဇော့်အတွက် အရက်ဝိုင်း ပြင်ရတာကိုက ပျော်သလိုလို မပြည့်စုံမှာ ရိုးရိမ်နေသလိုလို လိုအပ်တာတွေ ကြိုတင်ဝယ်ထားရတာလည်း အမော။

ဘာပဲဖြစ်ဖြစ် အမာစိန် ပျော်သည်။ ကိုဇော်က သူမကိုခေါ်တဲ့ ချစ်လေးဆိုတဲ့ အသံက နားမှာစွဲနေသည်။

ဟိုတစ်လောက ကိုဇော့်ကို ပေးထားတဲ့ရုံးကား မာဇဒါဂျစ်က ချွေချာသည်။ အမာစိန် စိတ်မကောင်း။

ကိုဇော် အလုပ်အသွားအပြန် ကားကြုံနဲ့လိုက်ရတာ ရင်ထဲမှာ မချမ်းမြေ့။

သည်တော့ စိန်လည်တုံနဲ့ စိန်လက်ကောက် (၇)ကွင်းကို ရောင်းပြီး ဓော်တူးဖင်ကောက်လေးတစ်စီး ဝယ်ပေးသည်။ ယခုတော့ ချောင်းရွာမှာ ပထမဆုံး (၂)ထပ်တိုက်ဆောက်သူ၊ ပထမဆုံး စတိုးဆိုင်ဖွင့်သူ၊ ပထမဆုံး ဇိမ်ခံကား ဝယ်စီးသူ။

အမာစိန် အပျော်လေးက (၈) နှစ်မျှသာ။ကိုဇော့်အတွက် သူမ စီစဉ်ပေးသော ဝီစကီက အစစ်မဟုတ်။ ကိုဇော် တစ်နေ့တခြား အရက်အတုက ဒုက္ခပေးသည်။ စခါစက မသိသာပေမယ့် ရေရှည်ဆိုတော့. . .။

အမာစိန် ယူပစ်လိုက်သလို ပိန်ချုံးကျသွားသည်အထိ ကိုဇော် ရောဂါပျောက်ဖို့ သေမင်းဆီက မရမကပြန်လုဖို့ ကြိုးစားပေမယ့် ရှုံးမတတ်ခံစားရသူက အမာစိန်၊ ကိုဇော်ဆုံးပါးသွားသည်လေ။

သူမှာ အချစ် လုံးဝ မရှိတော့သလို အစ်ကိုကြီးတွေနဲ့ သားသမီးတွေကိုလည်း ရှိတယ်လို့ပင် သဘောမထား။

တော်သေးသည်။ အငယ်မ ဝင်းစန္ဒာလေးက လိမ္မာသည်။ စတိုးဆိုင်ကို အရွယ်နဲ့မလိုက်အောင်စီမံကွပ်ကဲသည်။ အမေလုပ်ရမယ့် အလုပ်မှန်သမျှ အမာစိန် ငယ်ငယ်တုန်းကလို ထောင့်စေ့အောင် လုပ်နိုင်သည်။

အစ်ကိုကြီးတွေလည်း အသက်အရွယ်ကြီးမှ ညီမအပူက သူတို့ကိုပါ လာဟပ်တာ ခံရတော့သည်။

အချိန်တွေ တရွေ့ရွေ့ ကုန်ဆုံးပေမယ့် အမာစိန်ရဲ့ ကိုဇော့် အပေါ် တွယ်တာခဲ့တဲ့ သံယောဇဉ်အချစ်ကြိုးကတော့ အုံ့ဩဖွယ်ကောင်းလောက်အောင် တင်းပတ်ရစ်နှောင်နေဆဲ။

အရွယ်ကလည်း (၄၀)ကျော် မိန်းမတစ်ယောက်အတွက် အရေးကြီးသည့်အချိန်။ သွေးဆုံးချိန်။

ဒီမှာတင် ဆရာဦးဘမောင် တစ်ယောက် အမာစိန်ကို ဆေးကုသဖို့ ဖြစ်လာသည်။

မုဆိုးဖို ဦးဘမောင်အဖို့ အမာစိန်ကို မည်သို့မည်ပုံဆေးကုသည် မသိ။ ကျန်းမာရေး ပြန်ကောင်းလာသည်။

သိပ်မကြာ။ ဦးဘမောင်နှင့် အကျဉ်းရုံး မင်္ဂလာဆောင်သည်။

တကယ်တော့ ဦးဘမောင်သည် ဓာတ်ဗိန္ဒောဆရာဟု ဆိုပေမယ့် ဆေးထိုးအပ်လည်း ကိုင်သည်။

ဒါပေမဲ့ အမာစိန်နဲ့ ညားပြီးကတည်းက လုံးဝ ဆေးမကု။ ပြောမယ့်သာပြောရသည်။ ဦးဘမောင်နှင့် အမာစိန်တို့က လင်မယားဆိုပေမယ့် ဆက်ဆံပုံက တစိမ်းဆန်သည်။ ဝတ်ကျေ တန်းကျေ ပုံစံမျိုး။

ခြောက်လပင် မကြာ။ ဝါတွင်း ဥပုသ်နေ့ တစ်နေ့၊

အစ်ကိုကြီးနှစ်ယောက်နဲ့ သူတို့တူ ထွန်းဝေနှင့် ဘုန်းကြီးကျောင်းသွားကြသည်။ နီးနီးနားနားမဟုတ် ရွှေတူးကျောင်းတော်ရာအထိ ကိုဇော် ယခင်က စီးခဲ့တဲ့ကားကို မောင်ထွန်းဝေက မောင်းပို့သည်။

ဥပုသ်နေ့ဖြစ်၍ ဆိုင်လည်းပိတ်သည်။ အမာစိန်တစ်ယောက် ကျန်းမာရေး မကောင်းသော ငယ်သူငယ်ချင်း တစ်ယောက်ထံ သတင်းမေးပြီးအပြန် ကပိုကရိုပြေးထွက်လာသော သမီးလေး ဝင်းစန္ဒာ။

ဘီလူးသရဲစီးနေသည့် ရာဂဘီလူး ဦးဘမောင်။ အမာစိန် နှုတ်မှ ဘာမှမပြော။ တိုက်ထဲ ပြေးဝင်လာရင်း ဆိုင်မှာသုံးသည့် ဆုပ်ပြာလှီးသော ဓားကိုပါ တစ်ခါတည်း ယူဆောင်ကာ ဦးဘမောင်၏ ဝမ်းဗိုက်အား ပြေး၍ ထိုးပစ်လိုက်သည်။

"ဟင် လူယုတ်မာ၊ ငါ့ကိုလဲ ဆေးကုတယ်ဆိုပြီး မဟုတ်မဟတ်ဆေးတွေကျွေး၊ ကိုယ်ခန္ဓာယူ၊ အခု ငါ့သမီးကို ဟော့ မှတ်ထား၊ အမာစိန်တဲ့"

အရှူးမကြီး တစ်ယောက်ပမာ အော်ဟစ်ရင်း ဦးဘမောင်ကို တစ်ချက်ပြီး တစ်ချက် ဓားနှင့်ထိုးနေသည်မှာ ဘေးကလူတွေ ဝိုင်းဆွဲထားမှ ရပ်သွားသည်။ ထိုအမှုနှင့် အမာစိန် အချုပ်ခံရသည်။ လူမိုက်ကတော့ အသက်ပြင်းသား ဦးဘမောင် မသေ။

သည်တော့ သမီးကို စော်ကားဖို့ ကြံစည်တာကို မခံရပ်နိုင်လို့ ဒေါသအလျောက် လုပ်တာဆိုတော့ ထောင် (၁)နှစ်သာ ကျခံခဲ့ရသည်။ ဦးဘမောင်က ထောင် (၅)နှစ်။

ပြောဖို့ မေ့နေသည်။

ကိုဇော့်မှာ ဦးလေးတစ်ယောက် ရှိသည်။ ထိုဦးလေးက အသက်(၄၀)



www.burmeseclassic.com

www.burmeseclassic.com

ကျော်မှ မိသားစု (နာဂစ်)ထဲပါသွား၍ အထီးကျန်ဘဝမှသည် ရဟန်းဖြစ်လာခဲ့သူ။ ပထမ ဥပဇ္ဈာယ်ကျောင်းမှာ တစ်ဝါပင်မရ တရားအားထုတ်မည်ဆိုကာ မင်းဘူးရောက်လာသည်။

သူ့တူ ကိုဇော်က ဖလန်ကျေးရွာအနီးက တောင်ကြီးပေါ်တွင် ကျောင်းဆောက်ပေးသည်။

သုံးဝါနေတော့ အနီးအပါးတရားအားထုတ်နေသူချင်း အဆင်မပြေ၍ ကိုဇော်နှင့် အမာစိန် အိမ်ထောင်ကျတော့ ကိုဇော်အစီအစဉ်ဖြင့် မင်းဘူး သတိပဋ္ဌာန်ကျောင်းမှာ သီတင်းသုံးပြန်သည်။

ဆရာတော်က လက်မခံလို ကိုဇော့်မျက်နှာဖြင့် ထားရသည်။ ဒကာရင်းဖြစ်နေတော့ အခက်သား။

သုံးကျောင်းပြောင်းသော ရှင်ကြီးဖြစ်၍လည်း ပါသည်ပေါ့။

အမာစိန် ထောင်ကလွတ်လာတော့ ပထမဆုံး သတိရတာက ကိုဇော်။

ကိုဇော် ပြန်မလာတော့မှန်း သိပါလျက် ရုတ်တရက် ဘာကြောင့် ကိုဇော့်ကို သတိရတာပါလိမ့်။ မကွေး မင်းဘူးကားဂိတ်အရောက်။ ဟုတ်သည် အို ကိုဇော်နဲ့ တူလိုက်တာ။

ကိုဇော်ရှိလျှင် သူ့ထက်တော့ ငယ်ပေမည်။ လူပုံက ရိုးရိုးအအ။

အမာစိန် စိတ်က မြန်သည်။ ချက်ချင်း ထိုသူကို သွားတွေ့သည်။

"ရှင် ကိုဇော်နဲ့ ဘာတော်လဲ"

မေးပုံက အရင်းမရှိ အဖျားမရှိ။

"ဆောက်လုပ်ရေး အင်ဂျင်နီယာ မောင်ဇော်ကို ပြောတာလား"

"ဟုတ်တယ်"

"ဪ . . . ငါ့တူလေ"

"ဒါဆို ဦးက ဘယ်သွားမလို့လဲ"

"ငါလဲ အောက်ပြည်အောက်ရွာမှာ အလုပ်လုပ်ရင်း နာဂစ်မုန်တိုင်းမိတော့ မိသားစုပျက်စီးသွားတာနဲ့ ရဟန်းဘောင်တက်ခဲ့တာလေ၊ ငါ့စိတ်က လူဆန်နေတော့ ရောက်တဲ့နေရာ အဆင်မပြေဘူး၊ ဒါကြောင့် ငါလဲ ဆရာတော်ခွင့်ပန်ပြီး လူထွက်လာတာ"

"ဟင်"

"ဒါဆို ကျွန်မ အိမ်မှာလိုက်နေလေ"

"မင်းက ဘယ်သူလဲ"

"ကိုဇော့် မိန်းမလေ အမာစိန်"

"ဪ မှတ်မိပြီ၊ နေပါစေကွာ၊ ငါ ခြေဦးတည့်ရာပဲသွားတော့မယ်"

အမာစိန်က အတင်းမရမက ခေါ်၍ အိမ်ပါလာခဲ့သည်။ ရွာထဲမှာတော့ ပြောစမှတ်ပြုသည်ပေါ့။

"အမာစိန်က ထောင်ကထွက်တာ ... ယောက်ရခဲ့တယ်" တဲ့။

သူတို့ အထင်သာ။

တကယ်တော့ အမာစိန်ဘဝ သုံးလင်ပြောင်းခဲ့ပြီးပြီ။

ဦးဇင်းလူထွက် ဦးစိတ္တကလည်း သုံးကျော်ပြောင်းခဲ့သော ရှင်ကြီး။

ခု သူတို့ နေပုံထိုင်ပုံက အစ်ကိုကြီးနဲ့ ညီမ ပုံစံမျိုးသာ။ လူတွေကတော့ ယုံချင်မှယုံမည်။

အမှန်တကယ်ပင် စိတ်ထားဖြူဖြူဖြင့် ဆက်ဆံနေကြသည်သာ ဖြစ်၏။

အမာစိန်အဖို့ ကိုဇော့်ကို ပြန်ကောက်ရလာသည့်နှယ်။ ဦးစိတ္တကတော့ အိမ်ဦးခန်းမှာ ဘုရား တရား အလုပ် လုပ်ကိုင်လျက်။

ယုံချင်မှ ယုံပါ။

ဒါပေမဲ့ ဒဏ္ဍာရီ တစ်ပုဒ်တော့ မဟုတ်ပါလေ။

သုံးကျောင်းပြောင်းသော ရှင်နှင့် သုံးလင် ပြောင်းသော မိန်းမတို့ကား အတူတကွ နေထိုင်ကြဆဲပင်။

❒ မာန်ငြိမ်းအေး(ဒလ)

ကျွန်တော်နှင့် မတင်မြတို့ ဘဝချင်း ပေါင်းစပ်မှုကို အမေမှတစ်ပါး အားလုံးသော ဆွေမျိုးများက သဘောတူ ကျေနပ်ကြသည်။

မတင်မြသည် သားတစ်ယောက်အမေ မုဆိုးမဖြစ်သော်လည်း မြန်မာမိန်းကလေးတစ်ယောက် အဆင်အပြင်ဖြင့် ချောမောလှပကာ ယဉ်ကျေးသည်။ သိမ်မွေ့သည်။

သူ့ဘဝအကြောင်းက ဖန်လာ၍ မုဆိုးမဖြစ်ခဲ့ရသော်လည်း ငယ်စဉ်ကတည်းက နာမည်ပျက်ရှိခဲ့သူ မဟုတ်။ ဣန္ဒြေရရ သိက္ခာရှိရှိနေထိုင်ခဲ့သူ ဖြစ်သည်။

"ငါတော့ သဘောမတူဘူးဟေ့၊ ငါ့သား စိတ်ဆင်းရဲမှာ စိုးလို့သာ အပူရုပ်ကို ဟန်လုပ်ပြီး ဆိတ်ဆိတ်နေရတော့မှာ ငါက အမေကိုးဟဲ့"

ဟောဟောဒိုင်းဒိုင်း အမေ့စကားကိုကြားပြီး မတင်မြ မျက်နှာက ပြုံးယောင်သန်းနေသော်လည်း မဲ့ပြုံးကလေး ဖြစ်နေသည်။

သို့သော် မတင်မြသည် ကျွန်တော့်ကို ချစ်မြတ်နိုးရုံမက လူမှုရေးပါ လုံခြုံသူ ဖြစ်သဖြင့် သူ၏တုံ့ပြန်ပုံမှာ လေးစားစရာ ကောင်းလှသည်။

"ကိုရယ်၊ ကိုက လူပျိုဆိုတော့ ကို့အမေက ဒီလောက်တော့ ပြောမှာပေါ့ကွယ်၊ မြ စိတ်မဆိုးပါဘူး၊ သူက အမေလေ၊ ကို့အမေလေ"

မတင်မြ၏ နားလည်မှုကို ကျွန်တော် ကြည်နူးရသည်မှန်သော်လည်း သူသည် အမေ့စကားကို ခံစားနေရမှန်း ကျွန်တော် သိသည်။


သို့အတွက် ပြေရာပြေကြောင်း အမေ့အကြောင်း သောင်းပြောင်းထွေလာကို ရှင်းပြနေမိသည်။





www.burmeseclassic.com

www.burmeseclassic.com



"မြ အမေ့ကို နားလည်ပေးတာ
...သာပါတယ်၊ မြ နားလည်သထက်
...ည်အောင် ပြောပြဦးမယ်နော်"

"............"

"အမေဟာ ကို ငယ်ငယ်က ...ခင်ပေါ်က လိမ့်ကျတာမြင်ပြီး ...သွားဖူးတယ်၊ အဲဒါ ကို့အဖေက ...ကွာ ပိုရန်ကောလို့ ပြောတော့ ... ဘာပြန်ပြောတယ် မှတ်သလဲ၊ ...ရယ် ကျုပ်က အမေကိုး" တဲ့။

...ပြီးတော့...

"ကို ငါးတန်းတုန်းက စာမေးပွဲ ...ကိုလည်း ကျူကျူပါအောင် ဝို ... အဲဒါ အဖေက ပြောတော့ ကျုပ်က အမေကိုးလို့ပြောပြီး အဖေ့ကို ရန်ပြန်တွေ့တယ်"

"..........."

"ကို ဆယ်တန်း စာမေးပွဲကို ဂုဏ်ထူးနှစ်ဘာသာနဲ့ အောင်တုန်းက များ အမေဟာ လူရှေ့ သူရှေ့မရှောင် ကွေးနေအောင် ကခဲ့တယ်၊ အဲဒါကို အဖေက မင်းနဲ့ကွာ လူကြီးသိက္ခာလေး ဘာလေး ထိန်းပါဦး ပြောတော့ အမေက ကျုပ်က အမေကိုး ဆိုတဲ့ စကား တစ်ခွန်းတည်း ပြန်ပြောပြီး ဆက်က နေတယ်၊ အဲဒီတော့ အဖေက အမေ့ကို နာမည်မခေါ်တော့ဘဲ အမေကိုး အမေကိုးနဲ့ ခေါ်တော့တာပဲ"

"..........."

"အခုလဲ ကြည့်လေ၊ အမေကိုး ဆိုတဲ့စကားသံ အမေ့ဆီက ထွက်လာတာ မြ ကြားလိုက်တယ်မဟုတ်လား၊ စိတ်မကောင်း မဖြစ်နဲ့နော်၊ အဲဒါ အမေ့စကားပဲ"



www.burmeseclassic.com

www.burmeseclassic.com

“အမေ့နာမည်က အမေကြီး ဖြစ်သလို အမေ့ လက်သုံးစကားကလဲ အမေကြီးဆိုတာ မြ သည်းခံပြီး နားလည်ပေးပါနော်”

“စိတ်ချပါ ကိုရယ်၊ ကို့ကိုချစ်လို့ မြ နားလည်ရသလို အခု ကိုရှင်းပြလိုက်တော့လဲ ပိုပြီး နားလည်သွားရတာပေါ့၊ ကို့ အမေဟာ မြ အမေပဲ ပေါ့ကွယ်”

မည်သို့ပင်ဖြစ်စေ၊ မတင်မြသည် ကျွန်တော့်ကိုချစ်၍ သည်းခံ ခွင့်လွှတ်သလို အမေသည်လည်း သူ့သားဖြစ်သော ကျွန်တော့်ကို နားလည်ပေးခဲ့လေသည်။

မတင်မြပိုင်ဆိုင်သော သွပ်မိုးပျဉ်ထောင်အိမ်ကလေးတွင် ကျွန်တော်တို့ နှစ်ယောက် လွတ်လပ်စွာနေကြသည်။

မတင်မြ၏သား မောင်နိုင်ကိုတော့ မတင်မြ၏ ယောက္ခမများက ကြည်ဖြူစွာ ခေါ်ထားကြသည်။

“ကို လက်ဖက်ရည်နဲ့ မုန့်”

ချိုသာစကား သကာပျားက နားဝင်ပြီမ့်ညောင်းလှသည်။ နံနက်ပိုင်း ကျွန်တော်ရုံးမသွားမီ မတင်မြက အိမ်မှာစားရန် စားစရာများ စီမံကျွေးမွေးသည့်အပြင် ထမင်းဘူးကိုပါ အသင့်ပြင်ဆင်ကြို မြမ်သည်။

“ကို ရေ အရင်ချိုးနော်၊ နောက်မှ ထမင်းစား”

ညနေရုံးဆင်း၍ အိမ်ပြန်ရောက်ရောက်ချင်း မတင်မြ၏ ကြိုဆိုသံ နှုတ်ဆက်သံက နွေမှာသာသည့် ဥဩငှက်ကလေး၏ အသံလိုပင် အသံလွင်လွင်ကလေးနှင့် ဖြစ်သည်။

“မြရေ”

“ဘာလဲကို ပြောလေ”

တစ်နေ့ ညနေ ရုံးပိတ်ရက်တွင် မတင်မြနှင့် ကျွန်တော် စကားလက်ဆုံကျဖြစ်ကြသည်။

“ရပ်ကွက်ထဲမှာ ကိုနဲ့ မြတို့ အကြောင်းကို ပြောကြတာ၊ မြ ကြားမိသလားဟင်”

“မြ မကြားမိဘူးကို၊ ကို ဘာကြားမိလို့လဲ ဟင်”

ကျွန်တော့်မေးခွန်းကို မတင်မြက မျှော်လင့်ချက်သံကလေးဖြင့် ပြန်ဖြေသည်။ ကျွန်တော်က ဟက်ခနဲ ပြုံးလိုက်သည်။ ပြီးမှ. . .

“ကိုတို့ ညားခါစက အသက်ခပ်ကြီးကြီး လူကြီးတွေက ကို့ကို၊ ဒီလူပျိုကြီး အိမ်ထောင်ကျတာ ကံကောင်းတယ်လို့ ပြောကြတယ်၊ အဲဒါ ဘာကြောင့်လဲ သိသလားဟင်”

“ဘယ်သိမှာလဲ ကိုရဲ့”

“အဲဒါ မြနဲ့ ကိုရဲ့အချစ်ဟာ တကယ့်အချစ်စစ် ဘယ်သူဖျက်ဖျက် မပျက်မယ့် အချစ်စစ်ဆိုတာ သူတို့ သိသွားကြလို့ပေါ့”

ကျွန်တော့်စကားကြောင့် မတင်မြမျက်နှာတွင် ပုစွန်ဆီရောင်သန်းသွားသည်။ ရှက်သွေးအစုံက သူ့မျက်နှာပေါ်တွင် စုပုံသွားသည်။

“ဟယ် ကြည့်စမ်း၊ ရှက်သွားလို့ ထင်ပါရဲ့၊ မြ ပါးကလေးတွေ နီရဲသွားတာပဲနော်”

ကျွန်တော်သည် ပြောပြောဆိုဆို အိမ်ပြတင်းပေါက်ကို ထပိတ်ရန် ဟန်ပြင်လိုက်သည်။

အိမ်ရှေ့ပန်းခြံထဲတွင်ကား ပျံသန်းနေသော လိပ်ပြာကလေး တစ်ကောင်သည် နီနီရဲရဲ ပန်းပွင့်ကလေးတစ်ပွင့်ပေါ်သို့ ဖျတ်ခနဲ ခိုနားလိုက်သည်ကို မြင်လိုက်ရလေသည်။

မတင်မြ ကျွန်တော့်အပေါ် ထားရှိသော မေတ္တာစေတနာနှင့် ကျွန်တော့်အသိုင်းအဝိုင်းအပေါ် ထားရှိသော မိသားစု စိတ်ဓာတ်တို့ကို အမေဆုံးပါးသွားရှာသော အခါ၌လည်း ပိုမိုသိရှိရပြန်သည်။ အသက်ရှင် နေထိုင်ရသော စရိုက်ထက် သေဆုံးကွယ်လွန်သော စရိုက်က ပိုမိုခက်ခဲသောအခါ သမယတွင် မတင်မြသည် သူ့အတွင်းပစ္စည်းများကို အပြတ်ရောင်းချကာ အမေ့ကို သူ့အမေနှင့်မခြား ပြုစုခဲ့သည်။ ဂရုစိုက်ခဲ့သည်။ သဂြိုဟ်ခဲ့သည်။

မတင်မြ ကျွန်တော့်အပေါ် မြတ်နိုးပုံ တွယ်တာပုံ အနှစ်နာခံပုံနှင့် ကျွန်တော် အိမ်ထောင်ရေးကံကောင်းပုံကား ကျွန်တော်တို့ ရပ်ကွက်အတွင်း သင်းပျံ့မွှေးကြိုင်လျက်ရှိသည်။

“ကိုရေ”

“ပြောလေ မြ”

“မောင်နိုင့်ကို အိမ်မှာခေါ်ထားချင်တယ်”

“မောင်နိုင် . . . မောင်နိုင်”

“ဩော် ကိုရယ်၊ သားလေးကို ပြောတာလေ”

ကျွန်တော်နှင့် မတင်မြတို့သည် တစ်ရွက်မှာ နှစ်လွှာဖြင့် အနေကြာလာခဲ့ရာ မတင်မြ၏ သားငယ် မောင်နိုင်ကိုပင် မေ့ထားမိခဲ့သည်။

“ခေါ်ပေါ့ မြရယ်၊ ကိုယ့်သားသမီးပဲ၊ မောင်နိုင်က သူ့အမေကို လွမ်းလို့ ဒီမှာ လာနေမှာတဲ့လားဟင်”

“သားသမီးနဲ့ မိဘဆိုတော့ အဲဒါလဲ ပါမှာပေါ့ ကိုရယ်၊ ပြီးတော့ မောင်နိုင်က အရွယ်ရောက်လာပြီလေ၊ သူ့ဘိုးအေ ဘွားအေတွေက ခေတ်လူငယ်တွေအကြောင်း မသိဘဲ ချုပ်ချယ်တယ်နဲ့တူပါတယ်၊ အဲဒီမှာ သူ မနေချင်တော့ဘူးတဲ့လေ”

မည်သို့ပင်ဖြစ်စေ ကျွန်တော့်အပေါ်ရော ကျွန်တော့်မိသားစုအပေါ်တွင်ပါ စိတ်စေတနာ ထားဝရကောင်းမွန်ခဲ့သော မတင်မြကို တစ်ပြန် တစ်လှည့် နားလည်ပေးရမည်မို့ ကျွန်တော် ပျော်နေမိသည်။

ကျွန်တော့်မေတ္တာ၊ ကျွန်တော့်စေတနာ၊ ကျွန်တော့် သံယောဇဉ်နှင့် ကျွန်တော့်သဘောထားများကို မတင်မြထံသို့ ပြသခွင့်ရတော့မည်မို့ ကျွန်တော်





www.burmeseclassic.com

www.burmeseclassic.com

ကြည်နူးခဲ့ရပါသည်။မေတ္တာဆိုသည်မှာ အလျားအနံ မရှိပေမယ့် အသွားအပြန် ရှိသည်ဟု ဆိုကြသည် မဟုတ်လား။

မတင်မြ၏ တစ်ဦးတည်းသော သား မောင်နိုင် အိမ်သို့ စ,ရောက်လာသည့်နေ့က ကျွန်တော် အလွန်ပျော်ခဲ့သည်။

ကလေးမရှိသော ကျွန်တော်တို့ အိမ်ထောင်တွင် ကလေးတစ်ယောက် ရလိုက်သကဲ့သို့ပင် ဖြစ်သည်။

သို့သော် မောင်နိုင်ကား ဆယ်တန်း နှစ်ခါကျပြီး ကျောင်းမနေတော့။ နိုင်ငံခြားသို့ ထွက်ပြီး အလုပ်လုပ်ဖို့ ကြိုးစားနေသည်။ သူ့အသက် တွက်ကြည့်တော့ နှစ်ဆယ် စွန်းလေပြီ။

"အဘိုးနဲ့ အဘွားက တားထားလို့ မေမေ့ဆီ မလာဖြစ်လို့ ဦးကျော်ကို ဆောက်ဆံဖူးပေမယ့် သား မြင်မြင်ချင်း ခင်ပါတယ်"

မောင်နိုင့်နှုတ်ဖျားက ထွက်လာသောစကား သကာပျားက ကျွန်တော့် နားဝင်ကို အဝင်ချိုစေသလို ကျွန်တော်၏ တစ်ကိုယ်လုံးလည်း စိမ့်သွားစေပါသည်။

မယားပါသားနှင့် ပထွေးဖြစ်မည့် အစား. . .

"ကျွန်တော့်သားအရင်းကလေး ဖြစ်လိုက်ပါတော့" ဟုပင် ဆုတောင်းသည်အထိ ကြည်နူးဝမ်းသာ ဖြစ်ခဲ့ရလေသည်။

ထိုသို့ဖြင့် ကျွန်တော်တို့မိသားစု ဘဝကလေးသည်. . .

"အချိုပေါ် သကာဆင့်ကာ ခန်တင့်စေမည်" ဟု ကျွန်တော် ထင်ခဲ့ပါသည်။

မြင်ခဲ့ပါသည်။ ပီတိများစွာဖြင့် အအား သာယာနေခဲ့ပါသည်။

သို့သော် ထိုသို့မဟုတ်ခဲ့။

အထင်နှင့်အမြင် လက်တွေ့နှင့် တွေး ကွာဝေးခဲ့ရပါသည်။

မောင်နိုင် အိမ်ရောက်လာပြီး တစ်လအတွင်း ရင်မရှင်းစရာများ ကြုံခဲ့ရပါသည်။

"ဟယ် ကြည့်စမ်း သားရယ်၊ အရက်တွေ သောက်လာတယ် ဟုတ်လား၊ ကို သိရင်တော့ စိတ်မကောင်း ဖြစ်တော့မှာပဲကွယ်"

မတင်မြက ပျာပျာ ပျာပျာနှင့် အရေးကြီးနေသော်လည်း မောင်နိုင်၏ အာလေးလျှာလေး တုံ့ပြန်ပုံက အေးအေးဆေးဆေးပင်။

"ဟာ အမေကလဲဗျာ၊ သား သူငယ်ချင်းတစ်ယောက် နိုင်ငံခြားသွားမလို့ ဧည့်ခံတာနဲ့ သောက်လာတာပါ၊ ဦးကျော်သိလို့ကော ဘာဖြစ်မှာလဲ၊ သူလဲယောကျ်ားပဲ သောက်ချင်သောက်မှာပေါ့၊ အရက်သောက်တာ ဆန်းလို့လား"

မောင်နိုင်၏ စကားကို မတင်မြက စိုးရိမ်သံ စိတ်မကောင်းသံဖြင့် တုံ့ပြန်လိုက်သည်။

"ဒီလို မပြောနဲ့လေ သားရယ်၊ သား ဦးကျော်က အရက်မသောက်ဘူး၊ တော်ကြာ သူသိသွားရင် စိတ်မကောင်း ဖြစ်နေပါဦးမယ်"

"ဘယ်လို မေမေ၊ ဦးကျော်က အရက်မသောက်ဘူး ဟုတ်လား၊ ဒါဖြင့် ဖဲရိုက်မှာပေါ့"

"အို. . . သားရယ်၊ ဘာတွေ လျှောက်ပြောနေတာလဲ၊ သူ ဖဲလဲ မရိုက်ပါဘူးကွယ်"

"ဟာ မေမေကလဲဗျာ၊ သူက ယောကျ်ားပဲ၊ အရက်မသောက် ဖဲမရိုက်ရင် အပျော်အပါးတော့ လိုက်မှာပေါ့ ဟား ဟား ဟား ဟား"

ရှုံးဆင်းလာသော ကျွန်တော်သည် အိမ်ထဲသို့ မဝင်ဖြစ်တော့။

အရက်မူးမူးနှင့် စည်းလွတ်ဝါးလွတ် ပြောနေသော မောင်နိုင့်ကိုလည်း မျက်နှာချင်းမဆိုင်ချင်။ မျက်နှာချင်းဆိုင် ပြောဆို ဆုံးမ၍ ရတော့မည့် အခြေအနေလည်း မဟုတ်တော့။ကျွန်တော့် အပေါ် ထာဝရမြတ်နိုးတွယ်တာသည့် အဖော်မွန်ကောင်းဖြစ်သော မတင်မြ၏ စိတ်ချမ်းသာရေးသည်ကျွန်တော့်အရေး မဟုတ်လား။

သို့ဖြင့်. . .

ကျွန်တော်သည် ခြေကို အသာအယာ ဖွနင်းကာ ဧည့်ခန်းအတွင်းမှ ထွက်လာခဲ့လေသည်။ ကျွန်တော်၏ အိမ်ထောင်သည်ဘဝ လှေငယ်သည် ပင်လယ်ကျယ်ကျယ်တွင် မုန်တိုင်းကြီးကြီးနှင့် ရင်ဆိုင်တိုးလေပြီလား။ ရင်ဆိုင် တိုးလေပြီလား။

ကျွန်တော်သည် အပူရုပ်ကို ဟန်လုပ်ကာ ဘာမျှ မသိဟန်ဆောင်နေခဲ့သည်။

သို့သော် မောင်နိုင်သည် အဘိုး အဘွားအိမ်တွင် ဘယ်လိုစည်းကမ်းနှင့် ဘယ်လိုနေခဲ့သည် မသိ။ ညနေတိုင်း လိုလို အရက်မူးမူးပြီး ပြန်လာတတ်သည်။ ပြီး မတင်မြနှင့်လည်း စကားတွေ ပြောပြောနေတတ်သည်။

"မေမေက သားကို မချစ်ပါဘူးဗျာ"

"သားရယ် သားကို မေမေ အချစ်ဆုံးပါကွယ်"

"သားကို မညာပါနဲ့ဗျာ၊ မေမေ့ ယောကျ်ားကြီးကိုပဲ မေမေချစ်တာပါ၊ ယောကျ်ားလဲ ရရော၊ သားကို ဘိုးဘိုး ဘွားဘွားတို့နဲ့ မေမေ ပစ်ထားခဲ့တာ မဟုတ်လား"

"အို အို မဟုတ်ပါဘူးသားရယ်၊ မေမေ အိမ်ထောင်ပြုတော့မယ့်သတင်း ကြားတာနဲ့ မင်း ဘွားဘွားက. . .

သူ့မြေး သူမွေးမယ် ဆိုပြီး လာခေါ်သွားတာပါ၊ အခုလဲ ကြည့်လေ သား ဒီမှာ လာနေချင်တယ်ဆိုတော့ ကော မေမေက ချက်ချင်း ခေါ်တာပဲ မဟုတ်လား၊ ပြီးတော့ သား ဦးကျော်





www.burmeseclassic.com

www.burmeseclassic.com

ကကော သားကို ချက်ချင်းခေါ်ထား
တာပဲ မဟုတ်လား"

"ဟာဗျာ၊ မေမေကလဲ သူ့ယောကျ်ားကို ဦးကျော် ဦးကျော်နဲ့ တစ်ကျော့ထဲ ကျော့နေတာပဲ၊ သူက သားကို မခေါ်လို့ရမလား မေမေရ၊ ဒီအိမ်က သူ့အိမ်မှ မဟုတ်တဲ"

မတင်မြတို့ သားအမိ၏ အချီအချ စကားပြောသံများကို ဧည့်ခန်းအတွင်းမှ ကြားနေရသော ကျွန်တော်သည် မျက်လုံးများ ပြာဝေသွားသည်။

မိသားစု ပြန်လည်သင့်မြတ်ရေး မိသားစု လျှောက်လှမ်းရမည့် ရှေ့ခရီး ဖြောင့်ဖြူးသာယာရေးအတွက် မျှော်လင့်ချက် ကြီးစွာဖြင့် စောင့်မျှော်နားထောင်နေသော်လည်း အချည်းအနှီး ဖြစ်ခဲ့ရသည်။

"ဒီအိမ်က သူ့အိမ်မှ မဟုတ်ဘဲ" တဲ့။

ယောကျ်ားမာနနှင့် ယောကျ်ားသိက္ခာကို ထိခိုက်သွား၍ ပထွေးနှင့် မယားပါသား စိတ်များပေါ်ပေါက်လာခဲ့မိသည်က အမှန်။

သို့သော် လင်နှင့်သားကြား ဗျာများရသော မတင်မြ၏ မျက်နှာက မြင်ကွင်းတွင် ဝိုးတဝါးပေါ်လာလေရာ စိတ်ကို အနိုင်နိုင်ထိန်းထားရလေသည်။

ကြည့်စမ်း။

ဟန်ဆောင်နေရခြင်းလောက် ဆင်းရဲပင်ပန်းခြင်းသည်ကား မရှိတော့ပါပြီတကား။

ကျွန်တော်သည် မတင်မြကို မြတ်နိုးသည်။ ချစ်သည်။ စိတ်သဘောမနောကိုလည်း လေးစားသည်။

မတင်မြသည်လည်း ကျွန်တော့်အပေါ် မြတ်နိုးတွယ်တာ ချစ်ခင်သည်။ ဆိုရသော် ကျွန်တော်တို့နှစ်ဦး တစ်ဦးကို တစ်ဦး နားလည်ကြသည်။

သို့ပါလျက် ဘေးပယောဂကြောင့် အထိအခိုက်မခံနိုင်။ အိမ်ထောင်စုကြီး အပျက်အစီး မခံနိုင်။ သဘောထားကြီးကြီးထားပြီး ထိန်းထားနိုင်သမျှ ထိန်းရမည်ဟု ဆုံးဖြတ်ခဲ့သည်။

ထို့ကြောင့်လည်း စိတ်ရှည်ရှည်နှင့် သဘောထားကြီးကြီးထားကာ မောင်နိုင်နှင့် ဆွေးနွေးဖြစ်ခဲ့သည်။

"ဦးကျော် ကျွန်တော့်ကို ခေါ်တယ်ဆို"

"ထိုင်ပါဦး သားရယ်၊ အခုတစ်လော သား အရက်တွေ သောက်သောက်လာတာ ဦးကျော် သိတယ်"

"ဩော် . . . ဒါလား"

"ဟုတ်တယ်၊ သားက ငယ်သေးတော့ မှားမှာစိုးလို့ပါ၊ ပြီးတော့ သားက နိုင်ငံခြားသွားမယ့် လူလေ၊ အရက်ကြောင့် ရောဂါရနေဦးမယ်"

"ကျွန်တော်က အရက်ကို ရောဂါရအောင် သောက်မယ့် အောက်တန်းစား ကလေကချေမဟုတ်ပါဘူး၊ ပြီးတော့ အရက်သောက်ပြီး ကျွန်တော့်အိမ် ကျွန်တော်ပြန်လာတာပဲ၊ ဒီအိမ်ဟာ ကျွန်တော့်အဖေ ဆောက်ထားတဲ့ ကျွန်တော့်အိမ်"

"ဟဲ့ . . . သား"

လုံးဝ မျှော်လင့်မထားသည့် မောင်နိုင်စကားကြောင့် မတင်မြက ကြားဝင်ဟန့်တားလိုက်သည်။ သို့သော် အားလုံးသော အားလုံးတို့က အကျည်းတန် အရုပ်ဆိုးခဲ့လေပြီ။ ရှင်းခါမှ ရှုပ်ကာ အမယ်ဘုတ်ရဲ့ သူ့ချည်ခင် ဖြစ်ခဲ့လေပြီ။

မောင်နိုင့်ကို ဘယ်သူ ဘယ်သူတွေက ဤသို့သော အတွေးအခေါ်များ သွတ်သွင်း၍ ကျွန်တော်နှင့် မတင်မြကြားသို့ စေလွှတ်လိုက်သည်မသိ။

အံ့သြခြင်း စိတ်လှုပ်ရှားခြင်းတို့ကြောင့် တုန်တုန်ရီရီပင် ဖြစ်ခဲ့ရသည်။ စိတ်ကို ထိန်းထားပေးသည့် ဒေါသဖြစ်ခဲ့သည်။ ရှက်စိတ်များလည်း မွှန်ထူကာ မျက်နှာကို ဘယ်သို့ထားရမည်ကိုပင် မသိတော့။

လူတစ်ကိုယ်လုံး အခိုးအငွေ့ [illegible] ဖြစ်ကာ ကောင်းကင်သို့ ပျံတက်သွား[illegible] ချင်စိတ်ပင် ပေါက်မိသည်။

"ကျွန်တော် အရှုံးပေးရော[illegible] ပါပြီ ဦးကျော်၊ ကျွန်တော့်ကို ဆရာ[illegible] ပြီး မဆုံးမပါနဲ့၊ ပထွေးကောင်းတ[illegible] ဆိုတာ အဖေအရင်း အိပ်နေသလော[illegible] ပဲ ရှိပါတယ်"

စကားတွေက အလွန်အကျွံ[illegible] ကလား။

အဘယ်နတ်ဆိုးက ညွှန်ကြ[illegible] လိုက်သည် မသိ။ 'မောင်နိုင် ဆိုသော[illegible] လေပြင်းသည် ကျွန်တော်နှင့် မတင်[illegible] ဘဝထဲသို့ ရုတ်ခြည်းဝင်ရောက်[illegible] မွှေနှောက်သွားပါလေတော့သည်။

မမျှော်လင့်သည့်စကား မမျှော်[illegible] လင့်သည်များကြားပြီး ကျွန်တော်[illegible] မတင်မြတို့ အံ့အားသင့်သွားကြသည်[illegible] ရှူးမတတ်ပင် ဖြစ်သည်။

မတင်မြသည် မျက်ရည်လွှ[illegible] သည့် မျက်နှာဖြင့် ကျွန်တော့်ကို ကြ[illegible] သည်။ ကျွန်တော်၏ တုံ့ပြန်အကြ[illegible] သည် မတင်မြအတွက် အားဆေး[illegible] လက်ဖြစ်စေရန် ကျွန်တော် ကြိုး[illegible] လိုက်ပါသည်။

ဟန်ဆောင်ခြင်း ဆိုသည်[illegible] ပင်ပန်းလှသည်မှန်သော်လည်း မတင်[illegible] အတွက်ကိုမူ ကျွန်တော် အပင်ပန်း[illegible] လိုက်ပါသည်။ အပင်ပန်း ခံလိုက်[illegible] သည်။

ကျွန်တော်နှင့် မတင်မြတို့သည်[illegible] မောင်နိုင်၏ နောက်ကွယ်တွင် ရှေ့[illegible] ကို ဆွေးနွေးဖြစ်ကြသည်။ တိုင်ပင်[illegible] ကြသည်။ ညှိနှိုင်းဖြစ်ကြသည်။

မြတ်နိုးခြင်း၊ ချစ်ခြင်း၊ သံ[illegible] ဇဉ်ရှိခြင်း တို့ကို ထည့်တွက်ကြ[illegible] ဦးနှောက်ချင်းဆိုင်ကြသည်။ နှလုံး[illegible] ချင်းပြိုင်ကြသည်။

"သားတို့ရုပ်ရှည် သီတာ[illegible] သား ရေကြည်ချမ်းမြ တစ်ပေါက်[illegible]



www.burmeseclassic.com

www.burmeseclassic.com

မိဘတို့ဝမ်း ငြိမ်းစတမ်း" ဟု မတင်မြက မတီမထွင် အပီအပြင်ရွက်ကာ ဖွတ်တင်းခံသလို။

"ဒီအိမ်ဟာ ကျွန်တော့်အဖေဆောက်ထားတဲ့အိမ်ပဲ၊ ပထွေးကောင်းတယ်ဆိုတာ အဖေအရင်း အိပ်နေသလောက်ပဲ ရှိပါတယ်၊ ပထွေး ပထွေး"

ဆိုသော မောင်နိုင်၏ စကားသံများက ကျွန်တော့်နားထဲမှ မထွက်ဘဲ ယောက်ျားမာနပေါက်ထွက်ခဲ့လေသည်။

နောက်ဆုံးတွင် ပြဿနာ အဖုံဖုံအတွက် အပြည့်အစုံ အဖြေထုတ်လိုက်ကြသောအခါ ကျွန်တော့်ကော မတင်မြပါ အံ့သြကြရလေသည်။

မိုးပြိုသည်ကို ကျွန်တော်နှင့် မတင်မြတို့ ယုံကြည်ကြရတော့သည်။

ကျွန်တော်နှင့် မတင်မြတို့၏ ဘဝမိုးသည် မလုမပ ဆိုးရွားစွာ ပြိုကျပျက်ပြုန်းခဲ့ရလေတော့သည်။

"မိန်းမတွေ မိန်းမတွေ ကျလဲ ကျပ့ါကွာ၊ ဟား ဟား ဟား ဟား"

လက်ဖက်ရည်ဆိုင်တွင် လူရှင်းနေသော်လည်း ကျွန်တော့် အသံက ကျယ်လောင်လှသည်။ ကျွန်တော်နှင့်အတူ လက်ဖက်ရည်သောက်ဆင်းလာသော တစ်ရုံးတည်းသား ကျွန်တော့်အကြောင်းသိ မောင်ဝင်းသည်ပင် အထိတ်တလန့် ဖြစ်သွားခဲ့သည်။

"ကျော်ကြီးရယ် မင်းတို့လင်မယား တရားဝင်ကွာရှင်းပြတ်စဲလာကြတယ်ဆိုတာ တစ်ရုံးလုံး မယုံသလို ငါလဲ မယုံဘူးကွာ"

"..........."

"မင်းမိန်းမက မင်းကို တော်ရုံတန်ရုံသာမန် ချစ်တာမဟုတ်ပါဘူး၊ တို့သိတယ်ကွ၊ ပြီးတော့ ကြားက ကလန့်တယ်ဆိုတဲ့ကောင်က ဘာကောင်လဲ ဘယ်ကလဲ"

"ဟား ဟား ဟား ဟား"

မောင်ဝင်း၏ စကားကို ကျွန်တော်က နာကြည်းစွာ အော်ဟစ်ရယ်မောခြင်းဖြင့် တုံ့ပြန်လိုက်သည်။

"တကယ်ပါ ကျော်ကြီးရာ .. မတင်မြက မင်းကို တရားဝင်ကွာရှင်းပေးလိုက်တယ်ဆိုတာ ငါ တကယ်မယုံတာပါ၊ မင်းပြောတဲ့ တူနှစ်ကိုယ်ကြင်နာပါလျက် ကြားကဖျက်တယ်ဆိုတဲ့ ကောင်ကို မင်းမိန်းမက ဘာကြောင့် ဒီလောက် သည်းညည်းခံနေရတာလဲဟင်"

မောင်ဝင်း သဘောထား မောင်ဝင်းစကားက ကျွန်တော်ပြောချင်နေသော စကားများနှင့် တစ်ထပ်တည်းကျနေသည်။

"ဟုတ်တယ် မောင်ဝင်း၊ ဟုတ်တယ်၊ ငါ ဒါကြောင့် မတင်မြကို စိတ်နာနေတာ၊ မိန်းမတွေ မိန်းမတွေ ကျလဲ ကျပ့ါကွာ၊ ဟား ဟား ဟား ဟား"

"မင်းပြောတာ မှန်တယ်ကွာ၊ တောက်"

မောင်ဝင်းသည်လည်း ကျွန်တော့်စကားကို ကြားပြီး ကျွန်တော့်ကိုယ်စား နာကြည်းခံပြင်းစွာ တောက်တစ်ချက် ခပ်သွက်သွက် ခေါက်လိုက်သည်။ ပြီး...

အံကို တင်းတင်းကြိတ်ကာ လက်သီးကို ကျစ်ကျစ်ဆုပ်ထားလိုက်သည်။

"နေပါဦးကျော်ကြီး၊ အဲဒီကောင် ဘာကောင်လဲ၊ ဘယ်သူလဲ မတင်မြနဲ့ ဘယ်လိုပတ်သက်သလဲ ပြောစမ်းပါကွာ၊ ပြောစမ်းပါ"

"မပြောဘူး မောင်ဝင်း၊ မပြောချင်ဘူး၊ စိတ်နာတယ်"

ဒေါသဖြစ်နေသော မောင်ဝင်းက ကျွန်တော့်ကို ဘဝင်မကျ။

"ငါဟာ မင်းရဲ့ မိတ်ဆွေကောင်းပါ၊ မင်း ပြောပြမှ အကြောင်းစုံ သိပြီး အကောင်းဆုံး အကူအညီပေးနိုင်မှာပေါ့"

မောင်ဝင်းပြောသည်မှာ မှန်သည်ဟု ကျွန်တော်ယူဆမိသည်။ လူတစ်ယောက်သည် မိမိခံစားချက်ကို တခြား လူတစ်ယောက်အား ပြောပြခြင်းဖြင့် ဝေဒနာတစ်ဝက် သက်သာသည်ဟု ကြားဖူးသည်။ သို့နှင့် ...

"ဒီလို မောင်ဝင်းရေ အဲဒီကောင်က သူ့သား ပထမအိမ်ထောင်နဲ့ ရခဲ့တဲ့ မတင်မြသား"

"ဘာ"

ကျွန်တော့်စကားကြားပြီး မောင်ဝင်း၏ မျက်လုံးများ ပြူးထွက်လာသည်။

တစ်ခဏအတွင်းပင် မောင်ဝင်း၏ ဒေါသမာနတို့ ပျောက်ကွယ်ကုန်ကာ ကြက်နာကြီး တစ်ကောင်လို ငိုင်ကျသွားသည်။

ကျွန်တော် အံ့အားသင့်လိုက်သည့် ဖြစ်ခြင်း။

ကျွန်တော်သည် မောင်ဝင်း၏ အပြောင်းအလဲ မြန်ဆန်သော အဖြစ်ကို ငေးကြည့်နေစဉ်မှာပင် မောင်ဝင်း၏ နှုတ်ခမ်းအစုံက လှုပ်ရှားလာသည်။

"သူ့သား၊ ဩော် သူက မတင်မြက အမေကိုး"

မောင်ဝင်း၏ စကားအဆုံးသည်တစ်ခါ ပြာဝေတုန်လှုပ်သွားသူက ကျွန်တော် ဖြစ်နေသည်။

"အမေကိုး အမေကိုး" ဆိုပါလား။

ကျွန်တော့် စိတ်နှလုံးတို့တွင် အလင်းတန်းတစ်ခု ဖျတ်ခနဲ လက်သွားခဲ့သည်။

ယခုမှ ဟုတ်ပါသည်။

ယခုမှ -

ကျွန်တော်နှင့် မတင်မြတို့၏ ဘဝအဖြေက ထွက်လာသည်။

အလို ...

"အမေကိုး၊ မတင်မြက အမေကိုး"

❒ **သုဝဏ္ဏကျော်စိန်**

**ဝန်ခံချက်**

သူငယ်ချင်း တစ်ယောက်၏ အဖြစ်ကို ခံစားရေးဖွဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

# ချစ်ခြင်းကတော့ သစ္စာရှိတယ်



အောင်ပန်းချောင်းသား
(ရေစကြို)

"ဟယ်အေ. . အဲဒီလိုတော့ မပြောနဲ့၊ သူများ ရှက်တယ်"

"အမယ် တောင်မ၊ ညည်းကများ ရှက်ရချေသေး၊ ဘာမှန်းမသိသေးခင် မိန်းကလေးတန်မဲ့ ပေးလိုက်တဲ့ အခွင့်အရေးဆိုတာ လွန်ရော၊ မိန်းကလေး အချင်းချင်း ညည်းနဲ့ သူငယ်ချင်းဖြစ်ရတာ သိက္ခာကျတယ်"

မိနွယ်တို့၊ အေးမြတို့ ပြောတာ ဟုတ်တော့ဟုတ်သလိုလိုပဲ။ ကိုတိုးနဲ့ တွေ့တိုင်း သူ့မျက်နှာလေးကို တစိမ့်စိမ့်ကြည့်ပြီး ဘာပြောချင်လဲ၊ ဘာစားချင်လဲ၊ ဘယ်နေရာကိုသွားပြီး ဘာစကားတွေ တဝကြီး ပြောချင်သလဲ ဆိုတာကို ပါးစပ်က ပွင့်ပွင့်လင်းလင်း ဖွင့်မမေးရဲလို့ မျက်နှာအမူအရာ၊ ခန္ဓာကိုယ် အနေ

www.burmeseclassic.com

www.burmeseclassic.com



အထား၊ နှုတ်ခမ်းစူပြတာအဆုံး အမျိုးမျိုး လုပ်ပြခဲ့ရတာတွေ။ ပြီး သူငယ်ချင်းတစ်စုနဲ့ သူနေတဲ့အိမ်ရှေ့ ဖြတ်လျှောက်မိရင်တောင်မှ စီးလာတဲ့ ခုံဖိနပ်ကွင်းထိုးကို တဒေါင်ဒေါင်မြည်အောင် အသံပေးပြီး သီချင်းအော်ဆိုသလိုလို။

"ဟော့ကောင်မတွေ မြန်မြန်လာကြပါဟယ်" ဆိုပြီး ကျယ်ကျယ်လောင်လောင် သူ ထွက်ကြည့်လိုက်ရင် ရင်ထဲမှာ ကြည်နူးချမ်းမြေ့သွားပြီး သူ ထွက်မကြည့်ရင် သူ့အိမ်ရှေ့ကို နောက်တစ်ခေါက် ပြန်လျှောက်ချင်သလိုလို ဖြစ်ခဲ့ရတာတွေဟာ မိန္ဒယ်တို့ ပြောသလို သူ့ဘက်က ဘာမှန်းမသိသေးခင် ကိုယ့်ဘက်က ပိုလွန်းရာကျပြီး ရှက်စရာများ ဖြစ်နေမလားဆိုတာ တွေးမိသလိုပဲ။

အိုး. . မဟုတ်ဘူး။ ဒါ ရှက်စရာ မဟုတ်ဘူး။

သူနဲ့ ကိုယ်နဲ့က ငယ်ငယ်လေးကတည်းက ကျောင်းအတူတူနေခဲ့တာ။ ရွာမှာ လေးတန်းအောင်ပြီး ဗလ[illegible] ရွာအထက်တန်းကျောင်း ပြောင်း[illegible]



www.burmeseclassic.com

www.burmeseclassic.com

တော့လည်း အတူတူ။ ပြောကြစတမ်း ဆိုရင် စားအတူ၊ သွားအတူ။

အဲသည်တုန်းက အောင်ပန်းချောင်းရွာနဲ့ ဗလဗ ရွာဆိုတာ သုံးမိုင် လောက်ဝေးမလားပဲ။ နေ့စဉ် ထမင်းချိုင့်ကလေးလက်မှာဆွဲပြီး မိုးမလင်းခင် အိမ်ကထွက်၊ မိုးချုပ်ခါနီးမှ အိမ်ပြန်ရောက်ကြတာ။ နှစ်ပေါင်းများစွာ ချည်နှောင်ခဲ့တဲ့ သံယောဇဉ်ကြိုးက တခြားသူငယ်ချင်းတွေ မသိပေမယ့် သူနဲ့ကိုယ်နဲ့က အသိဆုံး၊ စိမ့်စမ်းရဲ့ ကိုတိုးသာ အသိဆုံးလေ။

**ဟုတ်ပါတယ်၊ စိမ့်စမ်းတို့ နှစ်ယောက်သာ အသိဆုံးပါ ကိုတိုးရယ်။**

**မှတ်မိမလားပဲ။ ကိုးတန်းတက်တဲ့ နှစ်ဦးပိုင်းကလေ။ တန်ခူး ကဆုန်** ဆွေ့ဆွေ့ခုန် ဆိုသလို နယုန်လထဲ ရောက်တာတောင် အပူရှိန်က ပြင်းဆဲပါ။ ဒါပေမဲ့. . .။

အဲသည် ဒါပေမဲ့က စိမ့်စမ်းရဲ့ နှလုံးသားထောင့်တစ်နေရာမှာ ကိုတိုးရဲ့ ရုပ်ပုံလွှာလေး ဖြစ်တည်လာတဲ့နေ့ဆိုရင် မှားမယ်မထင်ဘူး။ စိမ့်စိမ်း အပျိုကြီးဖားဖား မဖြစ်သေးပေမယ့် သည်းတုန်အူတုန် ခံစားလိုက်ရတဲ့ နေ့စာစ်နေ့ ဖြစ်ခဲ့ရတယ်လေ။

ထုံးစံအတိုင်း ကျောင်းဆင်းခေါင်းလောင်းထိုးတော့ ရွာက ကျောင်းသွားဖော်တွေက အိမ်ပြန်ရောက်ချင်ဇောနဲ့ အမြန်ပြန်နှင့်ကြတယ်။ စိမ့်စမ်းတို့နှစ်ယောက်သာ ဆရာသင်လိုက်တဲ့ သင်ခန်းစာတွေကို ဆွေးနွေးရင်း ဖြည်းဖြည်းမှန်မှန် လျှောက်ခဲ့ကြတာပေါ့။ ဆင်မရဲ့ မြောက်ရွာကို လွန်လို့ စိမ့်စမ်းတို့ရွာ အောင်ပန်းချောင်းကိုတောင် လှမ်းမြင်နေရပြီ။

အဲသည့် အချိန်မှာပဲ ရာဟုထောင့်က လေနီကြမ်းကြမ်း ဆင်လာလိုက်တာ အို ကြောက်ခမန်းလိလိပဲ။ ကောင်းကင်တစ်ခုလုံး ရဲရဲကိုတောက်လို့။ တဝေါဝေါမြည်သံပေးပြီး မြေပြင်မှာရှိတဲ့ အမှိုက်သရိုက်မှန်သမျှ စုပ်ယူပင့်တက်သွားလိုက်တာ တကယ့် လေပွေရိုင်းကြီး တစ်ခုလိုပဲ။ တိုက်တိုက်ဆိုင်ဆိုင် စနေထောင့်မှာလည်း မိုးတွေမည်းမည်းကိုမှောင်လို့။ လျှပ်စီးတဝင်းဝင်းနဲ့ တစ်ချက်တစ်ချက် မိုးထစ်ချုန်းသံကြီး ကြားလိုက်ရတာ အသည်းတွေ အူတွေတောင် တုန်သွားသလားပဲ။

"မိုးစနေ၊ လေ ရာဟုလို့ ပြောစမှတ်ရှိတယ် စိမ့်စမ်း၊ မိုးဦး လေဦးဆိုတော့ ပြင်းပြင်းထန်ထန်ရွာမယ့်ပုံပဲ"

ပြောပြောဆိုဆို ကိုတိုးက စိမ့်စမ်းလက်ကိုဆွဲပြီး ကူးတို့တဲရှိရာကို ပြေးတယ်။ ကမ်းပါးပြတ်က ဆင်းပြီး သဲသောင်ပြင်ဖြတ်ပြေးရတော့ လေနဲ့အတူ ပါလာတဲ့ သဲကြမ်းကြီးတွေပက်ကာ မျက်နှာတစ်ခုလုံးကို ပူထူနေတာပဲ။ မောလိုက်တာ ကိုတိုးရယ်။

ကူးတို့တဲ ဆိုတာကလည်း အောင်ပန်းချောင်းနဲ့ ဆင်မနဲ့ မြောက်ရွာကြားမှာ ကန့်လန့်ဖြတ်ပေါက်ပြီး စီးဆင်းနေတဲ့ ချင်းတွင်းမြစ်ခွဲကို ဟိုဘက်ကမ်းသည်ဘက်ကမ်း ပို့ပေးတဲ့ လှေဆိပ်မှာ ဆောက်ထားတဲ့ ထန်းရွက်ကာ ထန်းရွက်မိုး ခပ်ယိုင်ယိုင် တဲကလေးတစ်ခုရယ်ပါ။

ရွာက ဦးမြသောင်းကြီးက ကလေးတွေကျောင်းသွား ကျောင်းပြန်နဲ့ တခြားခရီးသည်တွေကို သင့်တော်တဲ့ အခကြေးငွေယူပြီး သွားရေးလာရေး လွယ်ကူအောင် မေတ္တာရှေ့ထားပြီး ဆောက်ထားတာ။

ကူးတို့တဲကိုရောက်တော့ မိုးကတအားသည်းနေပြီ။ တိုက်နေတဲ့လေဆိုတာကလည်း ကြမ်းမှကြမ်းပဲ။ ကိုတိုးက ရွာဘက်ကမ်းကိုရောက်နေတဲ့ ကူးတို့သမားကြီး ဦးမြသောင်းကို အသံကုန်ဟစ်ပြီး အော်ခေါ်ကြည့်သေးတယ်။ မိုးသံလေသံတွေကြားမှာ ဘယ်လိုလုပ်ကြားမှာလဲ။ ကြားတော့ကော လေဆန်ရေဆန်ကြီးမှာ သူဘယ်လိုလုပ်ပြီး လှော်ခတ်နိုင်မှာတဲ့လဲ။ နောက်ဆုံး အော်ခေါ်မရလို့ တဲထဲဝင်လာတော့ သူတစ်ကိုယ်လုံး မိုးရေတွေ ရွှဲရွှဲစိုနေပြီ။ ဒါကို မမှုဘဲ သူကတောင် စိမ့်စမ်းကို ပြန်မေးလိုက်သေးတယ်။ ကြောက်နေသလားတဲ့။ ဟင်း ဟင်း စိမ့်စမ်းကလည်း ခပ်တည်တည်ပဲ။

"မကြောက်ဘူး၊ ကိုတိုးကော"

"ဟ. . . ငါက ယောကျ်ားလေးဘာဖြစ်လို့ ကြောက်ရမှာလဲ"

"အောင်မယ် ယောကျ်ားလေးမှ သတ္တိရှိတာ မဟုတ်ပါဘူးနော်၊ ကျွန်မတို့ မိန်းကလေးတွေလဲ သတ္တိရှိပါတယ်"

"ကဲ ကဲ အခုချိန်မှာ သတ္တိချင်းပြိုင်နေလို့ မဖြစ်ဘူး၊ မိုးရော လေရော မြန်မြန်စဲအောင် ဘုရားကို အာရုံပြုပြီး ဆုတောင်း"

ပြောပြောဆိုဆို သူက စိမ့်စမ်းဘေးကို ဝင်ထိုင်လိုက်သည်။ မသိမသာ သူ့မျက်နှာကို ခိုးကြည့်လိုက်တော့ တည်ကြည်ရဲရင့်တဲ့ အသွင်သဏ္ဍာန်ဆောင်နေသလိုပဲ။ လာမယ့်ဘေးကို ပြေးတွေ့ပြီး ဘာပဲဖြစ်ဖြစ် အကြောင်းမဟုတ် သလိုလိုနဲ့။

ခါတိုင်း ရင်ဘတ်ထု၊ ကျောထုပြီး သူငယ်ချင်းလိုနေလာခဲ့ပေမယ့် အခုလို မိုးသက်မုန်တိုင်းကြီးကျနေတဲ့အချိန် တဲကလေးထဲမှာ နှစ်ယောက်တည်းနေရတော့ တကယ့်ကောင်းကင်ယံ ဝေဟင်ထဲမှာ စိမ့်စမ်းရဲ့ ခန္ဓာကိုယ်တစ်ခုလုံး လွင့်မျောနေသလားပဲ။

"စိမ့်စမ်း"

"ဟင်. . ဟင်. . ဘာ ဘာလဲ"

"အိမ်ကလူကြီးတွေတော့ တော်တော်စိုးရိမ်နေကြမှာပဲနော်"

"အင်း"

"မိုးနတ်မင်းကြီးရယ် မြန်မြန်တိတ်ပါတော့"

သူ့ကိုကြည့်ပြီး စိမ့်စမ်း ရယ်ချင်နေမိတယ်။ သူပြောသလို အိမ်က မိဘတွေ စိုးရိမ်နေကြမှာကို စိမ့်စမ်း သိတာပေါ့။ ဒါပေမဲ့ ဘယ်တတ်နိုင်ပါ့မလဲ။ မမျှော်လင့်တဲ့ အချိန်မှာ မမျှော်လင့်တဲ့ဟာတွေ ဖြစ်နေခဲ့တာကိုး။





www.burmeseclassic.com

www.burmeseclassic.com

သည်အချိန်မှာပဲ ရှင်မတောင် တောင်ခြေက လျှပ်စီးတစ်ချက် ဝင်းခနဲ လက်ပြီး မိုးချုန်းသံကြီး မြည်ဟည်း လိုက်တာ ပတ်ဝန်းကျင် တစ်ခုလုံး တုန် ခါသွားသလားပဲ။ ရုတ်တရက် ထိတ်လန့် တုန်လှုပ်ပြီး သူ့ကို တအားဖက်ထားမိ တယ်။

သူကလည်း မှင်တက်မိပြီး ငေးကြောင်ကြောင်နဲ့။ ခဏကြာတော့ မှ စိမ့်စမ်းရဲ့ ကျောပြင်ကလေးကို ပွတ် သပ်ပေးရင်း တစ်ချက် နှစ်ချက်ပုတ်ပြီး ပြောတာက "မကြောက်နဲ့ မကြောက်နဲ့" တဲ့။

ဟင်း. . . ဟင်း ရယ်ရတယ်။ ကိုတိုးက တကယ်ရယ်ရတယ်။ စိမ့်စမ်း ကြောက်တာ မဟုတ်ဘူး။ လန့်သွားတာ။ ရုတ်တရက်မို့လို့ လန့်သွားတာ။ တကယ် ဆို "ကြောက်တယ် ကိုတိုးရယ်"လို့ ထပ် ကာ ထပ်ကာပြောပြီး အကြာကြီး ဖက် နေချင်တာ။

နှလုံးသားထဲ ဖြစ်တည်လာတဲ့ အမည်မသိ ဝေဒနာတွေကို အလိုလိုက် ပြီး အကြာကြီးဖက်ထားချင်တာ။

အားကိုးစိတ်တွေ၊ ယုံကြည်စိတ် တွေ၊ လေးစားစိတ်တွေနဲ့အတူ ကိုတိုးရဲ့ တန်ပြန်ယုယမှုကို မျှော်လင့်ချင်တာ။

ဒါပေမဲ့ အဲသည်ညက မိုးလည်း စဲရော သူကိုယ်တိုင် ရွာဘက်ခြမ်းက ဘုန်းတော်ကြီးကိုကို အတင်းအော်ခေါ် ပြီး ပြန်ခဲ့ကြတယ်။ မိဘတွေ၊ ဆွေမျိုး တွေ အားလုံးစိုးရိမ်ပူပန်နေကြပေမယ့် စိမ့်စမ်းရင်ထဲ တအားပျော်နေမိတယ်။ တစ်ညလုံး အိပ်လို့မရအောင် စိုးမိုးနေ တဲ့ သူ့ရဲ့အသွင်သဏ္ဌာန်ဟာ သေတဲ့ အထိတောင် ပျောက်ပျက်သွားလိမ့်မယ် မထင်တော့ပါဘူး။

ကိုးတန်းအောင်လို့ ဆယ်တန်း တက်ကြတော့လည်း အတူတူ။ သွား အတူ၊ လာအတူ၊ စားအတူဆိုတော့ သူငယ်ချင်းကြီးတွေက ပိုပြီးခိုင်မာလာ ကြတယ်ပဲ။ ဆယ်တန်းအောင်စာရင်းတွေ ထွက်တော့ ပျော်လိုက်ကြတာ လွန်ရော ပဲ။ မိုးမမြင် လေမမြင်ဆိုတာ ဒါမျိုး ထင်ပါရဲ့။

မှတ်မှတ်ရရ အဲသည်နေ့တ ကိုတိုး စိမ့်စမ်းကို စိုက်ကြည့်နေတယ်။ ငယ်ငယ်လေးကနေ အခုချိန်ထိ တစ်ခါ မှ မကြည့်ဖူးတဲ့အကြည့်နဲ့ ကြည့်နေတာ ဆိုတော့ စိမ့်စမ်းရင်ထဲ ဝမ်းသာသလိုလို ကျေနပ်သလိုလို ဖြစ်မိတာ အမှန်ပဲ။

စိမ့်စမ်းမျှော်လင့်ထားတဲ့ စကား တစ်ခွန်းတော့ ပြောလိမ့်မယ်လို့ ထင် ထားခဲ့တာလေ၊ ဟင်း. . . ဟင်း. . . ဒါပေမဲ့ ကိုတိုးရယ်၊

**"စိမ့်စမ်း တက္ကသိုလ်ဆက်တက် မှာလား"** တဲ့။

"အင်း" လို့ပြောတော့ . . .

"ကိုတိုးကတော့ မြို့ကိုသွားပြီး တက္ကသိုလ်မတက်နိုင်တော့ဘူး" တဲ့။

"ရွာမှာပဲ မိဘတွေရဲ့ တောင် ယာလုပ်ငန်းကို ဝိုင်းကူပြီး အဝေးသင် ဘွဲ့တစ်ခုခုကိုပဲ ရအောင်ယူတော့မယ်" တဲ့။ ပြောပုံက။

"အောင်မာ ကိုတိုးက အဝေး သင်နဲ့ ဘွဲ့ယူရင် စိမ့်စမ်းလဲ အဝေးသင်ပဲ တက်မှာပါနော်"

"မဟုတ်ဘူးလေ၊ စိမ့်စမ်း မိဘ တွေက တတ်နိုင်တယ်၊ ဘယ်လောက် ကုန်ကုန် မြို့က ကျောင်းကို ထားနိုင် တယ်"

"ဟင့်အင်း. . ဟင့်အင်း. . စိမ့် စမ်း အဝေးသင်ပဲ တက်တော့မယ်"

ကိုတိုး စိမ့်စမ်းကို စိုက်ကြည့်နေ ပြန်တယ်။ သည်အကြည့်သည် မျက်လုံး ထဲမှာ စကားတွေအများကြီး ပြောနေ တယ်ဆိုတာ စိမ့်စမ်းသိတာပေါ့။ ဘာပဲ ဖြစ်ဖြစ်လေ။ စိမ့်စမ်းတို့ နှစ်ယောက်က သည်ရွာမှာမွေးပြီး သည်မြေပေါ်ကြီးခဲ့ ကြတာ။ တစ်ရွာတည်းနေ တစ်ရေ တည်းသောက်ခဲ့ကြတာ။ မောင်တစ်ရွာ မယ်တစ်မြို့တော့ ဘယ်နည်းနဲ့မှ အဖြစ် မခံနိုင်ဘူး။

ရွာတောင်ဘက်ကို မျှော်လိုက် ရင် ပုပ္ပားတောင်ကြီးကို တွေ့ရတယ်။ အနောက်ဘက်ကျပြန်တော့ ရှင်မ တောင် တောင်တန်းကြီးက တာဆီး ပြန်ရော။ အရှေ့ဘက်တစ်ခွင်ကို မျှော် လိုက်ရင် ချင်းတွင်းမြစ်နဲ့ ဧရာဝတီ မြစ်ကြီးပေါင်းဆုံလို့ ကျယ်ပြောလှတဲ့ မြစ်ပြင်ကြီးက မျှော်လို့မဆုံး သေးလို့ မဆုံးပေါ့။ အမှန်တကယ်မှာတော့ ကြီးမား တဲ့ သည်ရွာသူ ရွာသား ဖြစ်ခဲ့ရတာ စိမ့်စမ်းတော့ ဝမ်းသာလှတာမှလို့ မဆုံး ဘူး။

ဒီလိုနဲ့ စိမ့်စမ်းတို့ နှစ်ယောက် က တောင်သူတစ်ပိုင်း ကျောင်းသား တစ်ပိုင်း ဖြစ်ခဲ့ကြပြီပေါ့။ မြက်ရိတ် နွား ကျောင်း အမှိုက်တောက် ဆေးခိုက် မြေပဲနုတ်၊ ကြက်သွန်ရေလောင်း အို့ အလုပ်တွေမှ စုံလို့ပါပဲ၊ သူငယ်ချင်း အေးမြတို့ မိနွယ်တို့နဲ့အတူ သွားစရာရှိ တာသွား၊ စားစရာရှိတာစား၊ လုပ်စရာ ရှိတာလုပ်ပေါ့။

ကိုတိုးကို ကြည့်တော့လည်း တကယ့်ပျော်နေပုံပဲ။ ရင်ထဲမှာ ကြည်နူး လိုက်တာ။ သူမြက်ရိတ်ထွက်ရင် စိမ့်စမ်း က ကူရိတ်ပေးတယ်။ ပေါက်တူးပေါက် ထွက်ရင် စိမ့်စမ်းကူပေါက်ပေးတယ်။ ကြက်သွန်ခင်း ရေလောင်းရင်လည်း အခင်းချင်းနီးတော့ စိမ့်စမ်းကူလောင်း ပေးလိုက်တာပဲ။ အို. . . နောက်ဆုံး မြစ်ဆိပ် ရေချိုးဆင်းရင်တောင် သူ့ပါ လာတဲ့ အဝတ်အစားမှန်သမျှ စိမ့်စမ်း က ကူပြီးလျှော်ဖွပ်ပေးလိုက်တာပဲ။

သူ့ပါးစပ်က ချစ်တယ်လို့ ဖွင့် မပြောသေးပေမယ့် စိမ့်စမ်းရင်ထဲ အလိုလို သိနေမိတယ်လေ။

သွားပုံ လာပုံ၊ နေပုံ ထိုင်ပုံ၊ ပြော ပုံ ဆိုပုံတွေဟာ တစ်နေ့စိမ့်စမ်းမျှော်လင့် ထားတဲ့ စကားလေးတစ်ခွန်း အလိုလို ထွက်ကျလာလိမ့်မယ်ဆိုတာကိုပေါ့။

သူ့ကို အစစအရာရာ အလို လိုက်ပြီး လိုအပ်တာမှန်သမျှ အမြဲ ခါးအစ အခွင့်အရေး ပေးလွန်းတော့ သူငယ်ချင်းတွေကတောင် မျက်စောင်း ပြင်းပြင်းထိုးပြီး အပြစ်ဆိုနေကြပြီ။





www.burmeseclassic.com

www.burmeseclassic.com

"ညည်းအေ၊ သူ့ဘက်က ဘာမှ တိတိကျကျ ဖွင့်မပြောသေးဘဲနဲ့ ဖြည့်ပေးနေတဲ့ ပါရမီကြီးက မိန်းကလေး သိက္ခာကျလိုက်တာ၊ တို့ဖြင့် အံ့ရော"

အပြစ်တင်ပြီး ပြောနေကြတဲ့ အေးမြတို့ သူငယ်ချင်းတစ်သိုက်ကို စိမ့်စမ်း ဘယ်လိုမှ မချေပနိုင်ခဲ့ပါဘူး၊ သူတို့ပြောတာ တကယ်လည်း မှန်နေခဲ့တာကိုး။ အဲ. . . တစ်ခုတော့ မဂ့်မရဲပြောဖြစ်တယ်၊ ဘာလဲ သိလား၊

"ဟယ်အေ၊ အဲလိုတော့ မပြောနဲ့၊ သူများ ရှက်တယ်"

တကယ်ပဲ။ တကယ့်ကိုပါပဲ။

သူ့ဆီက အဲသည့်စကားကြားတဲ့ အချိန်ကစပြီး စိမ့်စမ်းဘာလုပ်လို့ ဘာကိုင်ရမှန်းလည်း မသိတော့ဘူး။ စိတ်ချရတဲ့ သူငယ်ချင်းတွေဆီက တစ်ဆင့်ကြားတာဆိုတော့ မယုံလို့ကလည်းမဖြစ်ပြန်ဘူး။

လူကိုယ်တိုင်တွေ့ပြီး ဖြေရှင်းဖို့ကြိုးစားတော့လည်း သူက ရှောင်နေတယ်၊ တစ်ခါမှ မကျဖူးတဲ့ မျက်ရည်တွေဟာ ပါးပြင်ပေါ်မှာ အမြဲတမ်းပူနွေးစိုစွတ်နေသလိုပဲ။

"မလေးရှားဆိုလား၊ ယိုးဒယား (ထိုင်း)ဆိုလား အဲဒီကိုသွားပြီး အလုပ်လုပ်မလို့တဲ့၊ မြို့နေနေ တောနေနေ ချမ်းသာမှ ဖြစ်မှာတဲ့၊ ပညာ ဘယ်လောက်တတ်တတ်၊ ဘွဲ့တွေ ဘယ်လောက်ရရ ငွေမရှိရင် အလကားပဲတဲ့၊ နောက်ဆုံး ရင်ထဲမှာရှိတဲ့ အချစ်ဆိုတာတောင် ဘယ်လောက်ပြင်းထန်ပြင်းထန် ငွေကြေးပြည့်စုံမှု မရှိရင် အလကားပါပဲတဲ့"

ကြည့်။ သူပြောပုံဆို စိမ့်စမ်းကပဲ အဆင့်အတန်းခွဲခြားပြီး ငွေရေးကြေးရေးပြည့်စုံမှ လက်ခံမလိုလိုပဲ။ ခက်ပါဘိ ကိုတိုးရယ်။ တစ်ဖက်သတ် အတွေး၊ တစ်ဖက်သတ်အမြင်နဲ့ အဲလိုသံသယဝင်နေမယ်ဆိုရင် စိမ့်စမ်းရော ကိုတိုးပါ နှစ်ယောက်စလုံး စိတ်ဆင်းရဲကြတော့မယ်။

တကယ်ဆို စိမ့်စမ်းမိဘတွေက နွယ်နီရွာက မော်တော်ပိုင်ရှင်သားကိုထွေးမောင်နဲ့ လူကြီးချင်းသဘောတူထားတာ မှန်ပါတယ်။ အဲသည့်ကိစ္စ ရွာထဲမှာ ဟိုးလေးတကျော်ကျော်ဖြစ်ပြီး ကိုတိုးကြားလို့ စိမ့်စမ်းအပေါ် တစ်မျိုးမြင်နေမယ်ဆိုတာလည်း မငြင်းပါဘူး။ မိဘဆိုတာကတော့ ကိုယ့်သားသမီးရဲ့ ဘဝရှေ့ရေးကို ပြည့်စုံကြွယ်ဝတဲ့အသိုင်းအဝိုင်းထဲမှာ ရှိစေချင်ကြတာချည်းပါပဲ။

အမှန်ဆို ကိုတိုးအပေါ် စိမ့်စမ်းပေးတဲ့ အခွင့်အရေးတွေ၊ လိုက်လျောမှုတွေကို တစ်ဆင့်စကားကြားလို့ အခုလို စီစဉ်ကြတာလည်း ဖြစ်နိုင်တယ်။ ကိုတိုးအပေါ်၊ စိမ့်စမ်းထားတဲ့ မေတ္တာ ကြီးမားလွန်းတာကို သူတို့ တိတိကျကျသိသွားရင် သည်ကိစ္စ မြန်မြန်စီစဉ်ကြမှာစိုးလို့ လူတော သူတောထဲမှာတွေ့ရင် စိမ့်စမ်း ဘာသိဘာသာ နေမိတာပါ။

စိမ့်စမ်းက အဲလိုနေလေ တစ်ဖက်အားကိုးရှိလို့ ဂရုမစိုက်တော့ဘူးလို့ ကိုတိုးက ထင်လေ မဟုတ်လား။ မဟုတ်ရပါဘူး ကိုတိုးရယ်။ ငယ်စဉ်ကလေးဘဝတည်းက ချည်နှောင်ခဲ့တဲ့ သံယောဇဉ်ကြိုးတွေ သူ့ကို အလွယ်တကူ ဖြတ်တောက်လို့ ရနိုင်ကြမတဲ့လား။

သူတို့ ချမ်းသာတာ စိမ့်စမ်းသိတယ်။ နွယ်နီရွာမှာ မျက်နှာဖုံး၊ တောင်သူကြီး၊ မြေဧကတွေ အများကြီးရှိတဲ့အပြင် ဖောင်ဆွဲ၊ ဝါးဆွဲ မော်တော်က နှစ်စင်းတောင်။

ကဲ ဒါတွေကို စိမ့်စမ်းက နှစ်သက်မတဲ့လား။ မြတ်နိုးမတဲ့လား။ မက်မောမတဲ့လား။

စဉ်းစားကြည့်ပါ ကိုတိုးရယ်။

တစ်ရွာသားဆီက အဲသည်စည်းစိမ်ဆိုတာ မပြောနဲ့၊ မြို့ပေါ်က သူဌေးသားတစ်ယောက်က စိမ့်စမ်းအတွက် ငွေသိန်းထောင်နဲ့ချီပေးလည်း မမက်ဘူး။ သူနဲ့ မလိုက်နိုင်ဘူး။

စိမ့်စမ်း ရွာကိုချစ်တယ်။

ကိုတိုးကိုပဲ မြတ်နိုးတယ်။

စိမ့်စမ်းအတွက် တခြားနိုင်ငံက မီလျံနာသူဌေးတစ်ဦး ဒေါ်လာသိန်းပေါင်းများစွာ ပုံပေးလည်း မမက်ဘူး။ သူ့နိုင်ငံကို မလိုက်နိုင်ဘူး။

စိမ့်စမ်း ရွာကိုချစ်တယ်။ ကိုတိုးကို မြတ်နိုးတယ်။

ကဲ ဒါဆို ကိုယ့်ရပ်၊ ကိုယ့်ရွာ၊ ကိုယ့်နိုင်ငံ၊ ကိုယ့်လူမျိုးနဲ့ ကိုယ့်ရဲ့ ငယ်ချစ်ဦးအပေါ်ထားတဲ့ စိမ့်စမ်းရဲ့ မေတ္တာတရား ဘယ်လောက်ထိ ကြီးမားသလဲဆိုတာ နားလည် သဘောပေါက်လောက်ပါတယ်နော်။

ဟင်း ဟင်း ရည်းစားလုတော့ အူနုကျွဲခတ်သလို ခံစားရပြီး သူများနိုင်ငံကိုသွား၊ သူများကောင်းစားရေးအလုပ်အကျွေးပြုမယ်ဆိုတဲ့ လူကြီးလမိုက်ညမှာ လူကြီးတွေအလစ် မဖြစ်ဖြစ်အောင် ချိန်းပြီး ရင်ပြင်ကျယ်ကို အားရပါးရထုကာ ပြောလိုက်ရဦးမယ်၊

စိမ့်စမ်းရင်ထဲမှာ သူများနဲ့ မတူတဲ့ အချစ်တွေ ရှိနေတဲ့အကြောင်း။

ကိုတိုးလည်း စိမ့်စမ်းကို ချစ်နေမှန်း သိနေတဲ့အကြောင်း။

ပြီးတော့. . . ။

ပြီးတော့မှ သူ့ရင်ခွင်ထဲ အသာလေးဝင်ပြီး. . .

စိမ့်စမ်း ချစ်သလို ကိုယ့်ရပ် ကိုယ့်ရွာနဲ့ ကိုယ့်နိုင်ငံ ကိုယ့်လူမျိုးကို ကိုတိုး ရာသက်ပန်ချစ်သွားရမယ်ဆိုတဲ့ အကြောင်းတွေလေ. . . ။

ဟင်း. . . . ဟင်း. . . ။

တကယ်ပဲ။ တကယ်ပဲ။

တကယ့်ကိုပါပဲ။

❒ အောင်ပန်းချောင်းသား
(ရေစကြို)





www.burmeseclassic.com

www.burmeseclassic.com



(သခင်လမှအဆက်)

"နို့မေးရဦးမယ် ဆရာလေး၊ ဘကြီးကတော့ သမားမိုးကျ မဟာဘုတ် သုံးတန်ပေါ်နို(စ်)ကတော့ ဘယ်ခေမလဲကွယ့်၊ ဆရာလေး ခုနပြောတဲ့ ဆန်းဆိုတဲ့ အထဲမှာ မဟာဘုတ်တို့လို ဂဏန်းတွေ ပါသေးသလား"

"ပါတာပေါ့ ဘကြီးရဲ့၊မဟာဘုတ်ကို အခြေခံပြီး ခွဲထွက်သွားတာပါ။ ခွဲထွက်သွားတယ်ဆိုတာထက် မဟာဘုတ်ကိုပဲ အခြေခံပြီး ကျယ်ကျယ်ပြန့်ပြန့် ရှုမြင်သုံးသပ်ထားတဲ့ပညာရပ်ပဲ၊ မဟာဘုတ်လိုပဲ 'မိတ်,ရန်,ဓာတ်,ဥဒါသိန်' အခြေခံနဲ့ပဲ ပိုင်ပိုင်နိုင်နိုင် ဖော်ပြထားတာပါပဲ၊ အဲဒီမှာ အာတွေ ထပ်ပြီး ကွန့်မြူးထားသလဲဆိုတော့ တိုင်စဉ်၊ စာဖို၊ စာမ ဓာတ်၊ သကပ်၊ ပျူပွတ်၊ အရောင်အဆင်း၊ အသံပြတ်၊ အသံတို၊ ဒြပ်၊ ဝုဒ္ဓိ၊ ဌာန်တို့နှင့် လှလှပပ ခြယ်မှုန်းထားတယ် ဘကြီးရဲ့"

"သြော်. . တော်တော် ကျယ်ပြန့်တာပါပဲလားကွယ့်"

"ဟုတ်ပါတယ် ဘကြီး၊ မဟာဘုတ်ဟာ အရေးကြီး အခြေခံ အချုပ်ပဲ၊ မိတ်,ရန်,ဓာတ်,ဥဒါသိန် လောက်နဲ့ပင် စခန်းသွားကြတာပဲဟာ၊ မွေးတဲ့ခုနှစ်ကိုတည် (၇)နဲ့စား၊ အကြွင်း(၇)မျိုးပဲရတယ်၊ အဲဒီ အကြွင်း (၇)မျိုးနဲ့ ရာဟု အပါအဝင် နေ့သားသမီး (၈) ဦးနဲ့ မြောက်ရင် (၅၆)မျိုး၊ (၅၆) မျက်နှာရှိတဲ့ ဟောစာတမ်း ပုံသေရေးပြီး ခေါင်တိုင်မှာ ချိတ်ထားရင်ပြီးတာပဲ၊ ဒါပေမယ့် ဒီလိုမဟုတ်တော့ဘဲ ကျွန်တော် ပြောခဲ့တဲ့ အကျယ်ပညာစခန်းလိုတော့ ဘယ်ပြည့်စုံတော့မလဲ

www.burmeseclassic.com

ဒါကြောင့်ပဲ ဗေဒင်ဆရာ ဖြစ်တဲ့ ကျွန်တော်တို့တစ်တွေ ပေါ်ပေါက်လာရတာပဲ"

"ဟုတ်ပါ့ဗျာ. . ဟုတ်ပါ့" ဟုပြောဆိုပြီး ဘကြီးထွန်းချစ် ရယ်မောလိုက်ပုံက အားရပါးရနှင့် မျက်လုံးအစုံကပင် ပီတိမျက်ရည်များ လည်တယ်တယ် ဖြစ်လာ၏။

"ဒါဖြင့် ဆရာလေးက လူတစ်ယောက်နဲ့ ဟောပြောတော့မယ်ဆိုရင် ဒီအဓိပ္ပာယ်တွေနဲ့ ပေါင်းစပ်ပြီး အဖြေမှန်ကို ရအောင်ယူတယ်ပေါ့နော်"

"ဟုတ်ပါတယ် ဘကြီး ဒါတွင်-ဘယ်ဟုတ်ဦးမလဲ၊ ဌာန်, ကရိုဏ်း ဆိုတဲ့ နေပုံ၊ ထိုင်ပုံ၊ လာပုံတွေကို ကာယကံရှင်က သတင်းပေးပို့တဲ့ နိမိတ်တွေ၊ ပညာရှိကြီးများက ဖော်ပြထားတဲ့ ဆန်းနိမိတ်တွေ၊ အင်္ဂဝိဇ္ဇာ နိမိတ်တွေ အားလုံး ပေါင်းစပ်ပြီးမှ အဖြေတစ်ခုခုကို ဆုံးဖြတ်ချက်ချပြီး ပြောရပါတယ်။

ဒါပေမယ့် လူကိုယ်တိုင် မဟုတ်တော့ ... မွေးသက္ကရာဇ်ကိုပဲ တွေ့ရပြီး ဟောစတမ်းရေးပြီး ဟောရတာမျိုးကျတော့လဲ ကျွန်တော့် အနေနဲ့ သိပ်ပြီးအားမရသလိုပဲ၊ မှန်တော့မှန်တယ် လိုချင်တဲ့ပုံ မကျတကျ ဖြစ်တတ်တယ်၊ အဲဒီအခါမျိုးကျရင် သမားရိုးကျ တွက်ချက်ပြီးတဲ့နောက် ဆရာလုပ်သူရဲ့ ဒွါယ (၆)စုံ၏ အကြည်ဓာတ် အာရုံ၊ ဝါကတိဆိုတဲ့ ပတ်ဝန်းကျင်က ပေးလာတဲ့ နိမိတ်တွေကို အားကိုးလျက် မလွှဲသာလို့ ဆောင်ရွက်ရတာပါပဲ"

"ဒါဆို ဆရာလေးရယ် ဒီပညာက ဟောဖို့အဓိက မဟုတ်တော့ဘဲ၊ သိနားလည်တဲ့ ပုဂ္ဂိုလ်တစ်ဦးဦးဟာ သူ့အတွက် ကိုယ်ရေးကိုယ်တာ တွေမှာ အတော်များများ အသုံးချရင် အကောင်းဆုံးပေါ့နော်"

"ကျွန်တော်လဲ ပြောမလို့၊ ဘကြီးက ကြိုပြီး လူကြီးဆိုတော့ ဒက်ခနဲ ထောက်လိုက်လို့ပဲ၊ မှန်ပါတယ်၊ ကျွန်တော်ရဲ့ အသည်းစွဲပါပဲ"

ဘကြီးထွန်းချစ်သည် လူကြီးဆိုတော့ ဘာပြောပြော အတွေ့အကြုံ ဗဟုသုတ အယူအဆ အတွေးအခေါ်တွေက ငယ်သူထက် အပုံကြီးသာနေ၏။ ဤအချက်သည် အဓိကဖြစ်၏။

"ဆရာလေးရယ်၊ ဘယ်လိုများ အကဲစမ်းသလဲဆိုတာ နည်းနည်းကလေး အရိပ်အယောင်နဲ့ လက်တွေ့ယှဉ်ပြစေလိုပါတယ်၊ ပညာစမ်းတာလဲ မဟုတ်ဘူးနော်"

"ဟာ. . ဘကြီးကလဲ ကျွန်တော် သဘောပေါက်ပြီးသားပါ၊ ဒီလိုလေ ဘကြီးရဲ့ ဘကြီးနာမည်ကို ကျွန်တော်သိရတဲ့အချိန်ကစပြီး အကဲခတ်နေပြီ၊ ကျွန်တော်က ဂရုစိုက်နေတဲ့ အကျင့်ပါနေတဲ့ အတွေးအခေါ်တွေကလဲ ငြိမ်မနေဘူး၊ ကျွန်တော် ပြောပြော၊ မပြောပြော သူ့အလုပ် သူ လုပ်တော့တာပါပဲ၊ ဘာကြောင့် စသလဲဆိုတော့ ငါထင်တဲ့ အတိုင်း ယူဆတဲ့ အတိုင်း ဒီဘကြီးဟာ တနင်္ဂနွေသားတော့ဖြစ်ပြီ မှန်ပြီ၊ အင်း နာမည်က ဦးထွန်းချစ်၊ ဦးထွန်းချစ်ဆိုတော့ မိတ်လဲ မဟုတ်၊ ရန်လဲ မဟုတ်၊ ဥဒါသိန် နာမည်ပဲ၊ ဥဒါသိန်မှာတောင် ပါပဦးဆောင်တဲ့ ပဋိပက္ခ ဥဒါသိန်ပဲ၊ ဥဒါသိန်ဆိုတာက ရေကြည်လိုပဲ အရောင်မရှိ၊ အရသာကလဲ ဘယ်ဘက်မှ မလိုက်၊ အချိုရည်ထည့်ရင် ဒီရေကြည်ဟာ ချိုသွားပြီး 'ဓာတ်မိတ်' ဖြစ်သွားတာပဲ၊ အချိုရည် မဟုတ်ဘဲ အခါးအရသာ ထည့်လိုက်ရင် ခါးသွားပြီး 'ရန်' ဖြစ်သွားတာပဲ၊ အားများရာတွေ့ရာဘက် ယိမ်းယိုင်တတ်ပါကလား၊ ရှေ့စာလုံး 'ထွန်း' ဆိုတဲ့ စနေနံဟာ 'ပါပ'ဂြိုဟ်ဖြစ်သော်လဲ အသံပြတ်နဲ့မဟုတ်၊ 'ချစ်'ဆိုတဲ့ တနင်္လာနံဟာ 'သောမ'ဂြိုဟ်ဖြစ်လျက် 'အသံရှည်' မဟုတ်ပါလား။

အသား အရောင်အဆင်းကတော့ မဖြူမညို ရှိရာက အရပ်ကလဲ မတြာအရှည်နဲ့ မဆိုသလောက်ပဲ တိုတယ်၊ သြော် ဒီဘကြီးဟာ ဒါဆိုရင် တစ်ခါခါ အားနာမှုကြောင့် ခံခဲ့ရတာတွေလဲ ရှိသလို၊ တစ်ခါတလေ ဒေါသ တရှူးရှူး ဖြစ်တတ်ပါလား၊ လုပ်ရေးကိုင်တာကလဲ လုပ်နေပြန်ရင်လဲ ဆက်တိုက်ပဲ၊ မရှိတော့ဘူးဆိုရင်လဲ လုံးလုံးနားနေရသလို စီးပွားအကြီးအကျယ်ဖြစ်ဖို့ လောဘတကြီးလဲ ရှိလှတယ် မဟုတ်၊ လူတစ်ဖက်သားကို ဒုက္ခလဲ မပေးတတ်ဘူး၊ သူနဲ့ မိတ်ဆွေ ဖြစ်ရရင် လျော်ကန်မယ်၊ ဒါပေမယ့် သူ့ကိုတော့ ဝွတိုက်လို့ မရဘူး၊ ငွေကြေးလဲ နှမြောခြင်း မရှိသလို တစ်ခါတလေ 'တစ်ကျပ်'လေးနဲ့ စကားအချီအချ ပြောရတတ်တယ်။

ဘကြီးအိမ်မှာ စနေသားသမီး၊ တနင်္လာသားသမီး တစ်ဦးဦး ရှိရဦးမယ်၊ တနင်္လာသားသမီးဟာ ဘကြီးရဲ့ ဇနီး ဖြစ်ရင် အဲဒီ တနင်္လာသမီးကပဲ ဦးဆောင်လုပ်ငန်းလုပ်မှာပဲ၊ ဒါပေမယ့် မတည့်အတူနေပါလား၊ နှစ်ဖက်သောဆွေမျိုးများ အတွက် အခုအထိ အကူအညီပေးနေရပြီး သူတို့အတွက်ပဲ စိတ်ပင်ပန်းနေပါကလား။

အဲဒီလို အဲဒီလို အမျှင်တွေတန်းပြီး စိတ်ကူး တွေးတောရတာပါပဲ ဘကြီးရယ်၊ တွေးရတာပဲ၊ အလကား တွေးရတာ ... ပေးရတာမှ မဟုတ်ဘဲ၊ ပညာပွားတာပေါ့ မဟုတ်လား"

"ဟုတ်တယ် ဆရာလေး၊ ကျုပ်ဇနီးက တနင်္လာသမီး ကွယ်လွန် ပြီး (၃)နှစ်ရှိပြီ၊ ဒီနောက် သမီးက တနင်္လာသမီးပဲ သူကပဲ ကျွန်တော့်ကို ပြုစုစောင့်ရှောက်တယ်။ အိမ်ကတော့ ကျုပ်အိမ်၊ လုပ်ငန်းကတော့ ကျုပ်လုပ်လက်စလုပ်ငန်းတို့ သူတို့လင်မယားက ဆက်လက်အုပ်ချုပ်တာပဲ၊ ကျုပ်လဲ ဇနီးမရှိကတည်းက စီးပွားရေး ဟက်ဟက်ပက်ပက် အာရုံ မစိုက်တော့ဘူး၊ လွတ်လွတ်လပ်လပ်ပါပဲ၊ ခရီးသွားလိုက် သွားလဲ ကြာကြာနေနိုင်တယ်၊ နောက်ဆံ မတင်းရဘူးပေါ့ ဟုတ်ပါတယ်၊ ဆရာလေး စိတ်ကူးဟာ တော်တော် ဟုတ်



www.burmeseclassic.com

www.burmeseclassic.com

တယ်၊ ဒါတောင် ကျုပ်မွေးတဲ့ ... မပြောရသေးဘူးနော်"

"ဟုတ်ပါတယ် ဘကြီး၊ ဘကြီးပြောလို့ ကြားရတာ စိတ်တောင် မကောင်းဘူး"

"ဘကြီးကို နှိုက်နှိုက်ချွတ်ချွတ် မေးတယ်လို့ မထင်နဲ့၊ မေးရဦးမယ် ဆရာလေး စကား စပြောတော့မယ်ဆိုရင် နာရီကလေး ကြည့်ကြည့်ပြီး ပြောလေ့ရှိတာ တွေ့ရတယ်၊ အဲဒါက နည်းတစ်မျိုးလားကွယ့်"

"ဟုတ်တာပေါ့ ဘကြီးရဲ့၊ အဲဒါ ဘကြီးကို ပြောဖို့ တစ်ခု ကျန်သေးတယ်၊ စောစောက ပြောသလို အာရုံဖြန့် ကြက်တွေးခေါ်ပြီး နေ့တစ်နေ့ရဲ့ ရောက်ရှိတဲ့ အချိန်ကို စက်နာရီအားဖြင့် ဘယ်နှနာရီလို့ သတ်မှတ်ထားတာပါ၊ အဲဒါကို 'အချိန်' လို့ခေါ်ပြီး အင်္ဂဝိဇ္ဇာကျမ်းအရ ဘာ 'အခါ' လဲ၊ ဥပမာ တနင်္ဂနွေ အခါလား၊ အခေါ်က သူရဇ္ဇအခါ၊ တနင်္လာ အခါဆိုရင် စန္ဒြာအခါ အဲဒီလို ပိုင်းခြားသိနေရတယ်။ အဲဒီအခါက ဖော်ပြနေတာက ဟောသူရော မေးသူပါ နှစ်ဦးစလုံး အတွက် အရေးကြီးတယ်။ လျှပ်တစ်ပြက် ကိစ္စတွေမှာ သုံးပါတယ်၊ ကာကံရှင်ရဲ့ ခုနှစ်၊ မွေးရက် မမေးတော့ဘဲ၊ နာမည်နဲ့ မွေးနေ့ သိလိုက်ရုံနဲ့ အတော်ကလေး ထိမိတယ်၊ ဒိုးခနဲ၊ ဒေါက်ခနဲပဲ။ တစ်ခါတစ်ရံ ခုနှစ်၊ သက္ကရာဇ်ကို မူတည်တွက်တာနဲ့ တစ်ထပ်တည်းလည်း သွားတူနေတာ ရှိတတ်တယ် ဘကြီးရဲ့"

"ကျုပ်ကတော့ မွေးသက္ကရာဇ် မူတည်ပြီးတွက်တာကို သဘောကျတယ်၊ ခုချက်ချင်း ဖြုန်းစားပေါ်လာတဲ့ ဂဏန်းတွေ အပေါ်ဟောရတော့ လွဲများ လွဲမလားလို့"

"မလွဲဘူး ဘကြီးရဲ့၊ မဟာကာလ ဇာတာကြီးကလဲ ဒီလိုပဲ ရောက်ဆဲ အခါကို တွက်ချက်ပြီး ဟောတာပဲ၊ ခုဟာက ရောက်ဆဲအခါကို စဉ်းစားပြီး အင်္ဂဝိဇ္ဇာ ဆပွတ်တိုင်ထူဟောတာပဲ၊ လေ့လာတွေ့ရှိချက်အရ ကာလဇာတာအဟောနဲ့ အင်္ဂဝိဇ္ဇာအဟောကလဲ တစ်ထပ်တည်းလိုလို အဖြေထွက်တာပါပဲ။ တွက်နည်းတာ လွဲတာပါ၊ ဖြုန်းခနဲ ပေါ်လာတဲ့ ဂဏန်းခေါ်တဲ့ ဂြိုဟ်တွေဟာ တန်ဖိုးရှိတယ် ဘကြီးရဲ့"

"ငါ့တူ ဆရာလေးကို ဂွတိုက်မေးတယ် မထင်နဲ့၊ ထပ်မေးရဦးမယ်၊ အခုကွယ်. . . ဆရာလေးက သိလို့ ခုအခါ ဘာအခါ သိပြီး အဲဒီ အခါပေါ်မူတည်ပြီး စဉ်းစားမယ်၊ တကယ်လို့ကွယ် ဆရာလေးက တွက်ဖို့ အကြောင်းမပေါ်ဘူး ဆိုပါတော့၊ ဒါမှမဟုတ် အဲဒါတွေ နားမလည်တဲ့ လူတွေဟာ ဒီအခါနဲ့ပဲ ကြုံကြတာပဲ၊ ဒါပေမယ့် အဲဒီအခါရဲ့ ဟောကွက်တွေအရ ဖြစ်လာတဲ့ဟာတွေဟာ အဲဒီ မသိတဲ့ လူတွေမှာရော ဖြစ်လာသလား။

သာဓကပြောမယ်ကွာ၊ ပြည်နဲ့ ရန်ကုန် ရထားလမ်း ခရီးရှိတယ်၊ နဂါးက မြန်မာ့အဆိုအရ ပြည်ဘက် လှည့်နေ ... တက်သွားရင် နဂါးခံတွင်း ဝင်တယ်လို့ ပြောစမှတ်ပြုတယ်၊ ဒါပေမယ့် သွားနေကြတာပဲ၊ ဝါဆို, နယုန်, ဝါဆို, ဝါခေါင်မှာ . . မြောက်က တောင် ခရီး မသွားရတော့ဘူးလို့ ဖြစ်သွားမယ်နော်"

"အဲ, ဟုတ်ပြီ. . ဘကြီး၊ ဘကြီးပြောတာကို တစ်စ ချင်း တစ်ခုချင်း ရှင်းပြမယ်၊ ကျွန်တော် သိသလောက်ပေါ့၊ ကျွန်တော်က အတတ်ကြီးလဲ မဟုတ်ဘူးနော်၊ ဘယ်အရာ အကြောင်းတရားများကြောင့် အကျိုးတရား ဖြစ်ပေါ်လာပုံကို ရှင်းပြပါမယ်၊ ဘကြီးသိပြီးတဲ့ ဘုရားဟော တရားတော်ထဲ ကပါ၊ အကြောင်းတရားများကြောင့် အကျိုးတရား တစ်ခု ဖြစ်ပေါ်လာပြီး အကြောင်းတရားများ မရှိရင် အကျိုးတရား ပေါ်မလာဘူး ဆိုတာ ကျွန်တော်တို့ လက်ခံပြီးသားပါ။

ဥပမာ (တစ်)ပြောရရင် လူတစ်ယောက်ကို 'မြင်ခြင်း' ဆိုတဲ့ အကျိုးတရား တစ်ခုဖြစ်လာဖို့ မျက်စိအကြည်လဲ ကောင်းရမယ်၊ အရောင်အဆင်း အလင်းရောင်လဲ ရှိရမယ်၊ ကြားမှာ အကာအကွယ်လဲ မရှိရဘူး၊ အာရုံလဲ စိုက်ရမယ်၊ ဒီလေးချက် တစ်ခုခုပျက်ရင် မြင်ခြင်းဆိုတဲ့ အကျိုးတရား ဖြစ်ပေါ်မလာနိုင်ဘူး။

ဥပမာ (နှစ်)ကို ပြောရရင် ဖယောင်းတိုင်တစ်ခုကို ထွန်းညှိတဲ့အခါ အကြောင်းတရားလေးပါးဟာ (အကျိုးတရား ဆိုတဲ့ မြင်မြင်ထင်ထင် ရှိဖို့) ရှိပြီးသားပါ၊ အမှောင်ခွင်းခြင်း၊ အလင်းဆောင်ခြင်း၊ မီးစာကုန်ခြင်း၊ ဆီခန်းခြင်း တို့ပါပဲ၊

ဥပမာ (သုံး) ကိုပြောရရင် လူတစ်ယောက် တစ်နေရာရာ ခရီးသွားတဲ့အခါ နေရာဟောင်းနဲ့ဝေးခြင်း၊ နေရာသစ်နဲ့ နီးခြင်း၊ ငြိမ်၍ မနေခြင်း၊ လှုပ်ရှားနေခြင်းဆိုတဲ့ အခြင်းအရာ (၄)ပါး အကြောင်းတရား ရှိပါတယ်။

ဒါကြောင့် အခု ကျွန်တော်တို့ ဟောပြောခြင်းဆိုတဲ့ နေရာမှာလဲ ဟောပြောမယ့် ပုဂ္ဂိုလ်ရှိနေခြင်း၊ အဟောခံမယ့် ပုဂ္ဂိုလ်ရှိခြင်း၊ အခါသတ်မှတ်ချက် မှန်ခြင်း၊ အဟောမှန်ခြင်း ဆိုတဲ့အချက်တွေရှိသလို၊ မေးမြန်းသူဘက်ကလဲ ကံ-ကံ၏ အကြောင်းအကျိုးကို ယုံကြည်လက်ခံခြင်း၊ ဆရာ အပေါ်မှာလဲ ပုဂ္ဂိုလ်ခင် ယုံကြည်ခြင်း၊ ဆရာကလဲ အမှန်ပြောခြင်း ဟောသူကလဲ အမှန်ဝန်ခံခြင်း စသော စသော အကြောင်းတရားတွေ ပါနေပါတယ၊ မသိကြလို့ပါ။

အနီးစပ်ဆုံး သာဓက ပြောရရင် ဟိုမှာ ဘကြီးမြင်နေရတဲ့ တီဗွီဆိုပါတော့၊ ဟိုက ရုပ်မြင်သံကြား လွှင့်နေပြီဆိုပါတော့၊ မဖွင့်ရင် မမြင်ရဘူး၊ ဖွင့်လို့ ခလုတ်နှိပ်လိုက်ရင် ဖန်သားပေါ်မှာမြင်လာရတယ်။ မြင်လာတော့ ကြည့်ရတာပေါ့၊ မဖွင့်မနှိပ်တော့ မမြင်ရ၊ မမြင်ရတော့ အာရုံ မခံစားရဘူးပေါ့၊ အဲဒီတော့ ဒီပညာကို သိတဲ့လူက ဒီအခါမှာ ဘာဖြစ်တတ်သလဲ ဆိုတာ ဆင်ခြင်လို့ရှိရင် မကောင်းတာ ဖြစ်တော့မယ်ဆိုရင် ရှောင်နိုင်ရှားနိုင်တာပေါ့၊ ကောင်းတာဖြစ်တော့





www.burmeseclassic.com

www.burmeseclassic.com

မယ်တွေ့ရင် ပျော်ကြရတော့မှာပေါ့၊ ဒီသဘောပါပဲ ဘကြီး ခင်ဗျား။

ဘကြီးရဲ့ ဒုတိယ စကားကတော့ 'နဂါးလှည့်' ကိစ္စပဲ၊ နဂါးလှည့်နဲ့ကြုံပေမယ့် သာမန်အားဖြင့် ခရီးသွားလာမှု မျိုးမှာကတော့ မကောင်းတာ ဖြစ်ခဲပါတယ်၊ ဒါပေမယ့် ကျန်းမာရေးအရ ဆေးခန်းသွားပြဘာတို့လိုကိစ္စ၊ ကြွေးတောင်း သွားတဲ့ ကိစ္စ၊ ငွေသွားယူတဲ့ ကိစ္စ၊ အမှုရင်ဆိုင်သွားတဲ့ ကိစ္စ၊ မင်္ဂလာဆောင်သွားတဲ့ကိစ္စ စတဲ့ 'မကောင်းတာ မဖြစ်စေ လိုတဲ့' ဆန္ဒနဲ့ အရေးပေါ် သွားတဲ့ ကိစ္စတွေမှာတော့ ပြဿနာ ကြုံတတ်တယ်။

ဒါပေမယ့် သိလို့၊ ယတြာ အစီအရင်နဲ့ သွားရင် အခက်အခဲ ရှိဦးတော့ သက်သာတယ၊ ကျွန်တော် မယုံလို့ နဂါးကိုလဲ စမ်းပြီးပြီ၊ နတ်ကိုလဲ စမ်းပြီးပြီ၊ ပြဿဒါးကိုလဲ စမ်းပြီးပြီ၊ ကျွန်တော် ကိုယ်တွေ့ခံလိုက်ရတယ်၊ မယုံမရှိနဲ့ ဘကြီးရေ၊ သွားလဲ မစမ်းလေနဲ့၊ ဘာပြုလို့ မှန်တယ် ဆိုတာ ကျွန်တော် မပြောတတ်ဘူး၊ မှန်တာကတော့ ရက်ရက် စက်စက် မှန်တယ် ဘကြီးရေ"

"ဟုတ်ပါပြီ . . ဘကြီး နည်းနည်း ရိပ်မိလာပါပြီ၊ ခုနကလို နဂါးလှည့်တို့၊ နတ်တို့၊ ပြဿဒါးတို့နဲ့လဲ ကြုံနေပြီ၊ မသွားမဖြစ်တော့ဘူး ဆိုရင် မောင်ရင်ပြောတဲ့ ယတြာလေး နည်းနည်း ပြောပါဦး၊ အဲဒါက လူတိုင်းကြုံရတာမို့ မေးတာပါ"

"ဒီလိုပါ ဘကြီးရဲ့၊ ဘကြီးက တနင်္ဂနွေသားဆိုတော့ (၁)ဂဏန်း၊ (၁)ဂဏန်းရဲ့ သုံးခုမြောက်က (၃)အင်္ဂါ၊ လေးခု မြောက်က (၄)ဟူး၊ ဆိုလိုတာက အင်္ဂါနဲ့ ဗုဒ္ဓဟူးက ဘာလုပ် ရမလဲဆိုတော့ ဖော်စိမ်း အင်္ဂါနံ (၈) ရွက် ဖြိုဟ်သက်အရပေါ့၊ ရွက်လှ (၁၇)ရွက် ဖြိုဟ်သက်အရ ခူးရမယ်၊ ပြီးတော့ ခရီးသွား မယ့်လူ အိမ်ကထွက်တဲ့အခါ သွားမယ့်လမ်း အိမ်ပေါက်ဝမှာ စုပုံပြီးတော့ ခရီးသွားမယ့် လူက အသက်အောင့် အနည်းဆုံး ခုနစ်ချက်နင်း၊ နောက်ပြန် မလှည့်ဘဲ တစ်ခါတည်း ထွက်သွား၊ ဘေးဒုက္ခ မတွေ့ဘူးပေါ့၊ မှတ်မိပါတယ်နော်"

"အေး . . ဒါဆို ဘကြီး ပြောကြည့်မယ်၊ တနင်္လာ သားဆိုပါတော့ကွယ်၊ တနင်္လာရဲ့ သုံးခုမြောက်က ဗုဒ္ဓဟူး၊ လေးခုမြောက်က ကြာသပတေး၊ ဒါဆိုရင် ရွက်လှ (၁၇)ရွက်၊ ပျဉ်းမ (၁၉)ရွက်ပေါ့ ဟုတ်လား"

"ဟုတ်ပါ့ ဘကြီးရယ်"

"တခြား နေ့နံသားတွေအတွက် ဘကြီး ဉာဏ်ကူ လုပ်သွားတော့မယ်၊ ကျေးဇူးပဲ မောင်ရင် ဆရာလေးရယ်"

"ဘကြီးကို နောက်တစ်ခု ထပ်ပြောရဦးမယ်၊ ဒါက ကျွန်တော့်အဖေ လုပ်တာ၊ သူက လွယ်လွန်းတယ်၊ ဒါပေမယ့် အဖေကတော့ ဘာနေ့ ဘာနတ်၊ ဘာနဂါးနဲ့ ကြုံကြုံ၊ မကြုံကြုံ ခရီးထွက်တော့မယ်ဆိုရင် ဖန်ခွက်တစ်ခွက်ထဲကို ရေသန့် သန့်ထည့်၊ ပုဗ္ဗဏှသုတ်ရွတ်၊ ပြီးတော့ အိမ်ပေါက်ဝ တည့် တည့်ရဲ့ သွားမယ့်လမ်းကို ပက်လိုက်တာပဲ။ ပြီးမှ သူလို ရာသွားတယ်၊ ဒါက အဖေ့နည်း ပြောတာ၊ ကျွန်တော်လဲ ဒီနည်းကို အသုံးများတယ်"

"ဟာ. . . တယ်ဟုတ်ပါလား၊ ပိုကောင်းတာပေါ့"

"နောက်တစ်ခု အဖေလုပ်တာ ရှိသေးတယ်၊ သူက စောစောနိုးတာကိုး၊ မိုးမလင်းခင်မှာပဲ ဘာလုပ်သလဲ ဆိုတော့ သောက်ရေအိုးထဲက ရေကို 'ဘောင်ရှည်' ခွက်စောက်စောက် ထဲမှာထည့်၊ အပြည့်ထည့်ပြီးတော့ အိမ်ရှေ့ထွက်ပြီး မီးရာ အမိုးပေါ်ကို လှမ်းပက်တာပဲ၊ မီးရာ အမိုးဆိုတော့ များသော အားဖြင့် အိမ်ရှေ့ကုန်းကိုတော့ မီတတ်ပါတယ်၊ ပုဗ္ဗဏှသုတ် ရွတ်တယ်၊ ကျွန်တော်လဲ အဲဒီနည်းကိုသုံးတယ်၊ နေရာတိုင်း သုံးတယ်ဗျ၊ သိပ်ပြီးအေးချမ်းတာပါပဲ"

"ဆရာလေးနဲ့ တွေ့ရတာ တော်တော်ကို ဗဟုသုတ ရတယ်၊ ကျုပ်ထက် အသက်ငယ်ပေမယ့် လိုက်စားထားတော့ သိနေတာပေါ့နော်၊ သာဓုဗျာ၊ အဖိုးတန်ပါပေတယ် "

ထိုစဉ် ကိုစံနိုင်နှင့်အဖွဲ့သည် ဘကြီးထွန်းချစ်နှင့် ကျွန်ုပ်တို့ရှိရာ ဧည့်ခန်းသို့ ဝင်လာကြပြီး ကိစ္စအားလုံး ဆောင် ရွက်ပြီးစီးကြောင်းကို ဝမ်းပန်းတသာဖြင့် လာရောက်ပြောကြား သတင်းပို့ကြ၏။

ကျွန်ုပ်လည်း ထပ်တူထပ်မျှ ဝမ်းသာရပေ၏။

ထိုအချိန်တွင် အိမ်ရှေ့မျက်စောင်းထိုး သာသာက အောင်ခြင်းရှစ်ပါးသီချင်း ကက်ဆက်မှ ဖွင့်သံကြားလိုက်ရ၏။ ကျွန်ုပ်ရင်ထဲ ပီတိတွေ ဖြာသွား၏။ ယခင်က ဖွင့်သည် ဖြစ်စေ၊ ယခု ဖွင့်သည်ပဲ ဖြစ်စေ၊ ဘာပဲဖြစ်ဖြစ် ကျွန်ုပ်တို့ မင်္ဂလာယူ နေသောအခါ ဖွင့်သံကို နားဆင်ရ၏။ ဤအတွက် ကျွန်ုပ်တို့ အတွက် မင်္ဂလာရှိပါပေပြီတည်း။

"ဘကြီးနဲ့ ကိုစံနိုင် ကြားလားဗျ သီချင်းသံ"

"ဟုတ်ကဲ့ ကြားပါတယ် ၊ အောင်ခြင်းရှစ်ပါး သီချင်း"

"မင်္ဂလာနိမိတ်ပဲဗျာ၊ ခင်ဗျား အစစအရာရာ အောင် ပြီပေါ့၊ အဲဒီ အိမ်ကို အတုယူ၊ ဘာယူရမလဲ ဆိုတော့ အဲဒီ သီချင်းခွေကို ခင်ဗျားအိမ်မှာ ရံဖန်ရံခါ ဖွင့်ပေးဖို့ နိမိတ်ပဲဗျာ၊ နတ်ကောင်း နတ်မြတ်တွေက အတိတ်နဲ့ ဖန်ဆင်းပြတာ၊ ကိုယ်ရောင်ကိုယ်ဝါနဲ့ ခင်ဗျားရှေ့ဆင်းလာပြီး ဒါဖွင့်လို့တော့ ဘယ်ပြောမလဲဗျ"

ကိုမောင်မောင်တို့ ဇနီးမောင်နှံနှင့် အပါးတော်မြဲ ကိုဘုန်းကြွယ်တို့ ရောက်ချလာကြ၏။ အားလုံးဧည့်ခန်းရှိ ကျွန်ုပ်အနားတွင် စုပြီးသား ဖြစ်နေ၏။

"နိုင်နိုင်ရေ ဆရာ ခုညတော့ ပြန်ချိန်ကျပြီထင်တယ်၊ ပြန်ခွင့်ပြုတော့၊ ဆရာ့အပေါ် ကျေနပ်ကြပါတော့"

"အားမယ်ဆိုရင် ဆက်ပြီးနေနိုင်ပါတယ်၊ ကျွန်မတို့ အပန်းမကြီးပါဘူး"

"ဆရာ့အိမ်မှာလဲ ကိစ္စဝိစ္စတွေလဲ ရှိသေးတယ်"



www.burmeseclassic.com

www.burmeseclassic.com

"ဆရာ မပြန်မီ ကျွန်တော့်ကို အကူအညီပေးပါဦး ဆရာ"

ကိုဘုန်းကြွယ်၏ အကူအညီတောင်းခံသံ ဖြစ်၏။ ရထားပေါ်က ဆင်းဆင်းခြင်းလည်း ဒီပုဂ္ဂိုလ်နဲ့ပဲ စတွေ့ရတာ။ ခု ပြန်မယ်ဆိုတော့လည်း ဘာများဂွတိုက်ဦးမလဲ မသိဘူး။ ဒါပေမယ့် သူ့ပုံစံ ပြောင်းလဲလာတာကို သတိထားမိ၍ အကောင်းပဲ အကူအညီတောင်းနိုင်တယ်ဟု ခန့်မှန်းမိ၏။

"ပြော ကိုဘုန်းကြွယ်၊ တတ်နိုင်တာကိုတော့ ကူညီရမှာပါဗျာ၊ လူရင်းတွေလို သဘောထားပါ"

"တခြားမဟုတ်ဘူး ဆရာရဲ့၊ကျွန်တော် ဘုရားတစ်ဆူ ပူဇော်ချင်လို့ အဲဒါဘယ်လိုများ ဆောင်ရွက်ရမလဲလို့ ဆရာ"

"ကိုဘုန်းကြွယ် အိမ်မှာ ပူဇော်ထားတဲ့ ဘုရားရှိတယ် မဟုတ်လား"

"ရှိပါတယ်ဆရာ၊ အဲဒီဘုရားက မိဘလက်ထက်ကတည်းက ဘုရား၊ ဟို . . ကျွန်တော်နဲ့ သင့်လျော်တဲ့ ဘုရားကို ထပ်ပြီး ပူဇော်ချင်လို့ပါ"

"ပုံတော်ရုပ်ပွားတော် မရှိသေးလို့ ပူဇော်ရတာက တစ်မျိုး၊ ရှိနေတဲ့ ရုပ်ပွားတော်နဲ့လဲ လုံလောက်ပါတယ်၊ သဒ္ဓါပေါက်လို့ဆိုရင်တော့ ကျွန်တော် မတားလိုဘူး၊ မတားကောင်းဘူး၊ ဒါပေမယ့် အသားစစ် အသားမှန်ရဖို့က အရေးကြီးတယ်၊ ဘုရားထုလုပ်ပူဇော်နည်းတွေလဲ အများကြီး ရှိတာပဲ ကြိုက်သလို ပူဇော်ပေါ့၊ ကျွန်တော် အကြိုက်ဆုံးကတော့ မိမိနေ့နံသားကို ပူဇော်ရင် အကောင်းဆုံးပဲလို့ ကျွန်တော်ထင်တယ်၊ ဒါပဲ အကြံပေးလိုပါတယ် ကိုဘုန်းကြွယ်"

"ဒါဆိုရင်လဲ ကျွန်တော့် နေ့နံသားနဲ့ပဲ စီရင်ပြီး ပူဇော်ပါ့မယ်"

"ကောင်းပါ့ဗျာ၊ ဒါထက် အသားစစ်စစ်ဆိုလို့ အတွေ့အကြုံကလေးတစ်ခု ပြောပြရဦးမယ်၊ မိတ်ဆွေတို့လဲ ဗဟုသုတရတာပေါ့၊ ဓာတ်ရိုက် ဓာတ်ဆင် လုပ်တဲ့နေရာမှာလဲ ဓာတ်သားဆိုတဲ့ အကိုင်းအခက် အစစ် အမှန်ဟာ အရေးကြီးတယ်၊ တစ်ခါတလေ အချိန်မရတော့ဘဲ အသားအကိုင်းကလဲ ရှာဖို့မလွယ်တော့ဘဲ၊ အချိန်ကလဲ ဆယ်မိနစ်လောက်အတွင်းမှာပဲလုပ်ရတော့မယ်ဆိုရင် အကိုင်းအရွက်၊ ဓာတ်သားဘယ်ရှာနိုင်တော့မှာလဲ၊ အဲဒီတော့ လူသုံးပစ္စည်း အသုံးအဆောင်တွေကို လျှပ်တစ်ပြက် သုံးရတဲ့ အခါတွေလဲ ရှိတယ်။

ဥပမာ . . (၅)အစ (၂) အဆုံး ဓာတ်တွဲကို လိုချင်လို့ လူ့အသုံးအဆောင် 'မီးခြစ်'ကို သုံးရတယ်၊ အဲဒီအခါ ဆရာလုပ်သူက ပညတ်ဆိုတဲ့ အခေါ်ဓာတ် ထိဖို့ ကာယကံရှင်ကို 'မီးခြစ် ပေးစမ်းဗျာ' ဆိုပြီး အခေါ်ဓာတ်ထိဖို့ ဓာတ်လှုပ်ပြီး စီရင်ရတယ်၊ 'မီးခြစ် ပေးစမ်းဗျာ'လို့ လက်လှမ်းတောင်းလိုက်တဲ့အခါ ကာယကံရှင်က ရှည်ပြီး 'ဩော် ဂက်(စ်)လိုက်တာလား၊ ရော့ . . ရော့ပါ' ဆိုရင် ဓာတ်ပျက်သွားပြန်တယ်၊ လျှပ်တစ်ပြက် ကျိတ်ကွင်း၊ နှိပ်ကွင်း တစ်ခုနဲ့ အသက်အန္တရာယ်ကင်းသွားဖူးတဲ့ သာဓက တစ်ခုပြောပြရဦးမယ်။

မိတ်ဆွေတစ်ဦး အိမ်ကိစ္စရှိလို့ ညအိပ်ရောက်သွားတယ်၊ ညအိပ်လို့ သန်းခေါင်လဲကျော်ရော အဲဒီအိမ်မှာရှိတဲ့ 'စနေသား'တစ်ဦးဟာ အမယ်လေး ဘာလေးနဲ့ ခေါ်ခေါ်အော်နေပါရော၊ ကျွန်တော်တို့လဲ လန့်နိုးကြတာပေါ့၊ ဒါနဲ့ 'ဘာဖြစ်တာလဲလို့' မေးမြန်းတော့ 'လေထိုးတာ ဆရာရေ မခိုမခံ့ပဲ'လို့ပြောတယ်။ 'လေအောင့်တယ်လို့ မပြောဘူး'၊ ဒါနဲ့ ကြံရာမရ 'ကန်စွန်းရွက်ဝယ်ပြီးသားရှိလား'မေးတော့ 'မရှိဘူး' တဲ့၊ ညက အချိန်မတော်ကြီး၊ ဒါနဲ့ 'ခင်ဗျားတို့ ကြေးဇွန်းရှိလား' မေးတော့၊ 'ရှိတယ်' လို့ ဖြေတယ်၊ အဲဒီကြေးဇွန်းနဲ့ လိုသလို စီရင်ခဲ့တာ 'လေထိုး' တယ်ဆိုတဲ့ စနေသား တဖြည်းဖြည်း သက်သာလာတယ်၊ မိုးလင်းတော့ သက်ဆိုင်ရာ ဆေးရုံ ဆေးပေးခန်းကိုသွားပြရတာပေါ့၊ ဆေးကုဖို့ အသက်မီတယ်ပေါ့ဗျာ"

ကျွန်ုပ်တို့၏ စကားဝိုင်းသည် နံနက်စာ စားချိန်သို့ပင် ရောက်လာလေပြီ။

သို့နှင့် ကိုစံနိုင်တို့သည် ကျွန်ုပ်တို့အား နံနက်စာဖြင့် တည်ခင်းဧည့်ခံလေသည်။ နံနက်စာ သုံးဆောင်ပြီးသောအခါ ကိုဘုန်းကြွယ်က ကျွန်ုပ်အား သူ၏ နေအိမ်သို့ ကူးပြောင်းအနားယူရန်နှင့် ည(၁၀)နာရီကျမှ ပြည်ဘူတာမှ ရထားဖြင့် ပြန်ရန် စီစဉ်ပေးမည်ဖြစ်ကြောင်း ပြောဆိုသဖြင့် ကျွန်ုပ်လည်း သဘောတူလိုက်၏။

နေ့လယ်လောက်တွင် ကိုစံနိုင် မိသားစု၊ ဘကြီးထွန်းချစ်၊ မပုအေး သားအမိတို့အား နှုတ်ဆက်လိုက်၏။

ထို့နောက် ကျွန်ုပ်သည် ကိုမောင်မောင်မိသားစုနှင့်အတူ ကိုဘုန်းကြွယ်နေအိမ်သို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်ရှိသွားလေသတည်း။

(ဆက်ရန်)

□ ဦးညွန့်လှိုင်(ကြို့ပင်ကောက်)



www.burmeseclassic.com

www.burmeseclassic.com



## ရေကျော်စိုးအောင်

# နိုးထလာသောအချစ်ဝိညာဉ်

ဘဝတစ်ခုရဲ့ အဆစ်အပိုင်းမှာ မေ့မရတဲ့ အကြောင်းတွေက အပုံအပင်ပါ။ စွဲလမ်းခဲ့တဲ့အချစ်၊ အချစ်ရဲ့ဝိညာဉ်က မေ့ပျောက်ဖို့ဆိုတာ လုံးဝ လုံးဝ မလွယ်။ ဒီအချစ်ဆိုတဲ့ သမုဒယ သံယောဇဉ်ကြောင့် မမျှော်လင့်တဲ့ဘဝ ရောက်ခဲ့ရတာက အမှန်။

အဖြစ်တစ်ရပ်က ဒီလိုပါ။ ဥတ္တရ ကျေးရွာဆိုတာက မြန်မာပြည် တစ်နံတစ်လျားက ကျေးရွာပါ။ ကျေးရွာမှာက ကျေးရွာရဲ့ အင်္ဂါရပ်နဲ့ ပြည့်စုံပြီး ဖြစ်ပါတယ်။ တစ်ခုရှိတာက ဥတ္တရကျေးရွာမှာ ကျုပ် ငယ်စဉ်ဘဝကတည်းက ချစ်ခင်စွဲလမ်းခဲ့ရတဲ့ မေ့မရတဲ့ ခင်နှောင်းဆိုတာ ကျုပ်ရင်ထဲက တသသစွဲလမ်းခဲ့ရသူပါ။ ချောမှချောပါ။ ခင်နှောင်းများ လမ်းလျှောက်သွားရင် ကာလသားလူပျိုများက ငေးကြည့်ရသည်အထိ ချောမောလှပသူ တစ်ယောက်ပါ။

ခင်နှောင်း မိဘတွေက ချမ်းသာကြသလို ကျုပ်မိဘတွေကလည်း လယ်ပိုင် ယာပိုင်တွေပါ။ ကျုပ်ရဲ့ နှလုံးသားထဲမှာ အချိန်တိုင်း ခင်နှောင်းမှ ခင်နှောင်း။ ခက်တာက ကျုပ်ရဲ့ အသည်းထဲမှာ ဘယ်လိုရှိရှိ ခင်နှောင်းက မသိသလို နဲ့ ဂရုစိုက်ဟန်အငွေ့အသက် ကလေးမှ မပြခဲ့ပါ။ နံနက်အလင်းရောင်တည်းက ခင်နှောင်းအိမ်ရှေ့မှာ မြင်သာအောင် ကိုယ်ယောင်ပြနေတာ ကအမော။ မိုးချုပ် တံခါးပိတ်မှ အိပ်ပြန်ရတာက နေ့စဉ်လိုလိုပါ။ နေ့စဉ် နေ့စဉ်ကနေ လ၊ လမှ နှစ်တိုင်ဘယ်လိုပြောင်းပြောင်း တစ်နေ့နေ့တော့ ချစ်လာရမယ်ဆိုတာ ကျုပ် ရင်ထဲကဆန္ဒပါ။ ရက်တွေ ကြာလာလေလေ ခင်နှောင်းရဲ့ သံယောဇဉ်က ကျုပ်အပေါ် လှုပ်ခတ်လာရပြီပေါ့။ ဒါကလည်း ကြင်နာပြုံးကလေးတွေနဲ့ ကြည့်တတ်လာတဲ့ ခင်နှောင်းရဲ့ အပြုံးကလေးတွေက ကျုပ်ပီတိဖြစ် လိုက်ရတာ အမှန်။

သူမ ဘယ်သွားသွား အရိပ်ပမာ ထက်ကြပ်လိုက်နေတဲ့ ကျုပ်ကို ကြည့်နေတတ်တဲ့ ခင်နှောင်း မျက်ဝန်းက သက်သေတွေပါ။

ခက်တာက ခင်နှောင်းအပေါ် တစ်ဖက်သတ် ကြိုက်နေတဲ့ ရွာသူကြီးသား အောင်မောင်းကလည်းတစ်မျှော်။ အေးလေ အချစ်ချင်းက ကွာခြားလွန်းပါတယ်။ အောင်မောင်းရဲ့ ခင်နှောင်းအပေါ် ချစ်နေတဲ့အချစ်က ပူလောင်နေတဲ့ တဏှာချစ်ပါ။ ကျုပ်ရဲ့ အေးမြတဲ့ မေတ္တာစစ်နဲ့က ကွာမှကွာ။

အရာရာကို မိဘအရှိန်အဝါသာမက ဘေးက မြှောက်ပင့်ပေးနေတဲ့ တပည့်တွေကလည်း အောင်မောင်းရဲ့ မိဘအရှိန်အဝါနဲ့ ငွေမျက်နှာကြောင့် အောင်မောင်း စကားတစ်ခွန်း ဟလိုက်တာနဲ့ ဘာဖြစ်ဖြစ် လုပ်မယ်ဆိုတာပါပဲ။ ခင်နှောင်းကို အတင်းကပ်၊ ခင်နှောင်း မိဘတွေကို အရှိန်အဝါနဲ့ ခြောက်လှန့်ဆိုတော့ ခင်နှောင်းတစ်ယောက် မချစ်သော်လည်း အောင့်နမ်းရပြီပေါ့။

ဘယ်သွားသွား အရိပ်လိုလိုက်နေတဲ့ အောင်စိုးဆိုတဲ့ကျုပ်က သူ့ရန်သူ





www.burmeseclassic.com

www.burmeseclassic.com

ကျုပ်ကို ရှင်းပစ်ဖို့ ကြံနေတာကို သတိပေးသူက ပေးပါတယ်။ ကျုပ်က ဂရုမစိုက်တော့ ကျုပ် ဒုက္ခပင်လယ်ဝေခဲ့ရတာက ဒီလိုပါ။

ခင်နှောင်းက ကျုပ်ကို ချိန်းတဲ့ပုံပြုပြီး ဥတ္တရကျေးရွာ တောအုပ်ကို ချိန်းလိုက်တာ။ ကျုပ်က ယုံပြီးလိုက်သွားတော့ ခင်နှောင်းကို တွေ့ရမယ့်အစား ရန်သူပတ်လည်ဝိုင်းနေတဲ့ ကျုပ်တစ်ယောက် ရက်ရက်စက်စက် လုပ်ကြံခံလိုက်ရပေမယ့် ယုတ်မာပက်စက်တဲ့ အောင်မောင်းရဲ့ ရက်စက်မှုကို ကျုပ်ဘန်ပြန်ကလဲ့စားချေမယ်ဆိုတာ ကျုပ်ရဲ့ အချစ်ဝိညာဉ်က ဆန္ဒပြုထားခဲ့တာ အမှန်။

ခက်တာက ခန္ဓာကိုယ်ကတစ်ဆတ် ကျုပ်ဝိညာဉ်က တခြားဖြစ်နေပေမယ့် ပြောင်းလဲသွားတဲ့ ကျုပ်ခန္ဓာကိုယ်ကို ကျုပ်ပြန်ပြီး အံ့ဩမိတာက အသေအချာ။ ကျုပ်ကို အောင်မောင်းတို့လူ လိုက် ဓားနဲ့အထိုးခံလိုက်ရတဲ့အချိန် ဝေဒနာခံစားနေရချိန်မှာ သွေးအလိမ်းလိမ်းနဲ့ဆိုတော့ လာနားတဲ့ယင်ကောင်တစ်ကောင်ကို ကျုပ်ရဲ့ဝိညာဉ်ကသွားပြီး အာရုံဝင်စားမိတာက အမှန်။

ကျုပ်နေ့စဉ်ပြုနေကျ ခင်နှောင်းရဲ့အိမ်ရှေ့မှာ ခင်နှောင်းမြင်အောင် သိအောင် ဘယ်လိုလုပ်လုပ် ခင်နှောင်းက ဘယ်လိုမှ ကျုပ်ကို မသိခဲ့တာအမှန်။ ကျုပ်ရဲ့စိတ်က ရုပ်ခန္ဓာနဲ့ ခွာခဲ့ရသော်ငြား ဖွဲ့လမ်းတဲ့သမုဒယ သံယောဇဉ်က ကျုပ်ကို ယင်ကောင်တစ်ကောင်ဘဝ ပြောင်းခဲ့ရတယ်ပေါ့။

ဘယ်လိုပင် ယင်ကောင်ဘဝရောက်ရောက် ခင်နှောင်းကို အောင်မောင်းတို့ရဲ့ လက်ကလွတ်အောင် ကြံရတာ ကျုပ်တာဝန်။ ရာဇဝတ်ဘေးက ပြေးမလွတ်အောင်နဲ့ အောင်မောင်းကိုယ်တိုင် ကျုပ်ကိုသတ်ခဲ့ကြောင်း မျက်မြင်သက်သေ မရှိပေမယ့် ကိုယ်တိုင်ဝန်ခံလာအောင် ကျုပ်က နှောင့်ယှက်ဖို့ ကျုပ်တာဝန်ပါ။

"ဟော့ အောင်မောင်း မင်းကို ငါသိတယ်၊ ငါ့ကို မင်းသိမှာလဲ၊ မင်း ဘယ်သွားသွား ငါက ခင်နှောင်းရဲ့ကိုယ်ရံတော်၊ မင်းသေမင်းက ခင်နှောင်းရဲ့ဘေးမှာ ထာဝရရှိနေမယ်ဆိုတာ ယုံတော့ အောင်မောင်းရေ"

လို့သာ တောင်ပံခတ်ပျံသန်းရင်း ရေရွတ်နေမိတော့တယ်။ အောင်မောင်း ညဥ့်ဘက်အိပ်နေချိန်မှာ ကျုပ်ဆိုတဲ့ ကောင်က ကျုပ်ပျံသန်းနေတဲ့ တောင်ပံခတ်သံ ဒေါသအဟုန်က တစ်ခါမဟုတ် အကြိမ်ကြိမ်ဆိုတော့ အောင်မောင်း တစ်ယောက် သွေးလန့်ပြီပေါ့။

ကြာတော့ ကျုပ်ပျောက်နေတာ ရိပ်စားမိတဲ့ ခင်နှောင်းကလည်း အောင်မောင်း လန့်ထိတ်နေတဲ့ ယင်ကောင်ဆိုတာ ကျုပ်အောင်စိုးဆိုတဲ့ ဝိညာဉ်ဆိုတာ သိသွားတော့ ကျုပ်ဝမ်းသာလိုက်တာ ပြောမပြတတ်အောင်ပါပဲ။ ကျုပ် ဟုတ်ကြောင်းလည်း ခင်နှောင်းသိအောင် တောင်ပံခတ်သံ လွင့်ပျံနေချိန်မှာ ခင်နှောင်းတစ်ယောက် ကျုပ်ကို ချစ်တယ်ဆိုတာ သိရချိန်မှာ ဝမ်းနည်းတဲ့ မျက်ရည်တစ်ပေါက် ကျုပ်တောင်ပံပေါ် ကျခဲ့တာ ကျုပ်ဝမ်းနည်းခဲ့တာက အချစ်ဝိညာဉ်သက်သေ ဖြစ်ပါတယ်။

အောင်မောင်းကလည်း ကျုပ်ဆိုတဲ့ ယင်ကောင်ကို အမျိုးမျိုး နှစ်ခါသေအောင် ဘယ်လိုလုပ်လုပ် ကျုပ်က တစ်ခါသေဖူးတော့ အောင်မောင်းအကြံကို သိလေလေ အောင်မောင်းရဲ့စိတ်ကို ချောက်ချားအောင် လုပ်လေလေပေါ့။ ကားမောင်းသွားရင် အောင်မောင်းစိတ်သောကရောက်အောင်၊ ကားမောင်းမရအောင် အမျိုးမျိုးနှောင့်ယှက်တော့ ကြောက်လန့်လာရပြီပေါ့။

ပူပြင်းပူလောင်တဲ့ တဏှာချစ်နဲ့ချစ်တတ်တဲ့ အောင်မောင်းတစ်ယောက် ခင်နှောင်းအချစ်ကို မရတာကအမှန်။ စိတ်ဝေဒနာ သောကရပြီး သူ့တပည့်တွေကိုတောင် မကြည့်ရဲတဲ့ဘဝ ရောက်နေချိန်မှာ၊ ကြောက်စိတ်ဝေဒနာတွေ အပြည့်အဝ ခံစားနေရချိန်မှာ ရာဇဝတ်ဘေး ပြေးမလွတ်ဘူးဆိုတာ အောင်မောင်းတစ်ယောက် သိသွားပါပြီ။

အောင်မောင်းရဲ့ မိဘတွေက အောင်မောင်းရဲ့ စိတ်ဝေဒနာကို စိတ်ရောဂါဆရာဝန်တွေနဲ့ ဘယ်လိုပြပြ ကျုပ်က ဘယ်လိုမှ အလွတ်မပေးတော့ နောက်ဆုံး အောင်မောင်းရဲ့တပည့်တွေနဲ့ အောင်မောင်းတစ်ယောက် ကျုပ်ကို ဘာကြောင့်၊ ဘယ်လို၊ ဘယ်နေရာမှာ သတ်ခဲ့တယ်ဆိုတာ ဖြောင့်ဆိုဝန်ခံရပြီပေါ့။

ကျုပ် အလောင်းပြန်ဖော်ချိန်မှာ လက်ထိတ်တန်းလန်းနဲ့ အောင်မောင်းရဲ့ခေါင်းပေါ်မှာ၊ ကျုပ်ရဲ့အချစ်ဝိညာဉ်က အောင်ပွဲရ ပျံသန်းခြင်းနဲ့အတူ ကြည်နူးနေမိချိန်မှာ၊ ကျုပ်ရဲ့အလောင်းကို ဖော်ယူသွားကြချိန်မှာ သွေးပျက်နေတဲ့ အောင်မောင်းရဲ့ ပူလောင်တဲ့တဏှာချစ်နဲ့ အေးမြနေတဲ့ မေတ္တာစစ်တို့ကို ခင်နှောင်းတစ်ယောက် ကွဲကွဲပြားပြား သိသွားပါပြီ။

ကျုပ်ရဲ့ ရင်တွင်းနှလုံးသားဆန္ဒက . . .

"ခင့်နှောင်းရေ ဘဝအဆက်ဆက်မှာ အချစ်မေတ္တာလှိုင်းတွေသာ ထာဝရလူးလွန့်နေမယ်ဆိုရင် ခင်နှောင်းရဲ့ အေးမြတဲ့ မေတ္တာအေးရိပ်မှာ ခိုလှုံပါရစေတော့"

ဟု ဆန္ဒပြုရင်း ဘဝခြားသွားပြီဖြစ်တဲ့ ကျုပ်ဆိုတဲ့ယင်ကောင်ကလေး အချစ်ဝိညာဉ်က ခင်နှောင်းရဲ့အနီးအပါးမှာ တဝီဝီပျံသန်းရင်း အချစ်အနမ်းနဲ့ လွမ်းတသသ အဝေးဘဝသစ်စခန်းဆီသို့သာဟု ရင်တွင်းဆန္ဒ ပြုလိုက်မိပါတော့သည်။

❒ ရေကျော်စိုးအောင်



www.burmeseclassic.com

www.burmeseclassic.com

# နွေကမျာ အိပ်မက်ကမ္ဘာထဲက
# ဘော်ငွေရောင် ပုလဲပန်းများ

ကိုကြီးစော(သာပေါင်း)



www.burmeseclassic.com

www.burmeseclassic.com




"ဟုတ်ကဲ့၊ ပုဂံပြည့်ရှင် နရပတိ စည်သူမင်းကြီးလက်ထက်က ကောက် ယူတော်မူခဲ့တဲ့ ရွှေတိုက်တော်စာရင်းဝင် အမှတ်စဉ် (၂၃) ကျိုက်အဝှန် ကျုံတုံးမြို့၊ အခုဘုရားကြီးရွာ၊ အမှတ်စဉ် (၂၄) ကျိုက်ခရံ ပေါန်မြို့၊ အခု ပေါန်ရွာ၊ အမှတ်စဉ် (၂၅) ကျိုက်သတောမြို့၊ အခု ဘုရားကုန်းရွာ၊ အမှတ်စဉ် (၂၆) ကျိုက်ခတော်တုံမြို့၊ အခု ထန်းပူးရွာ၊ အမှတ်စဉ် (၂၇) ကျိုက်ခရံတော် ကျိုက် ဖြူမြို့သည် အခု သာပေါင်း ကညင်ချောင်းရပ်ပဲ ဖြစ်ပါတယ်၊

ဒါပေမယ့် ကုန်းဘောင်ခေတ် သာယာဝတီမင်းလက်ထက်မှာ ကောက်ယူခဲ့တဲ့ စာရင်းမှာတော့ အခု ဘုရားကုန်းရွာ (ကျိုက်သတောမြို့) မပါဝင်ခဲ့ပါဘူး၊ ဒါဆိုရင် ကျွန်တော်တို့ရဲ့ သာပေါင်းဖြစ်လာမယ့် ဒေသအရပ်ဟာ ပုသိမ်သား စာရေးဆရာကြီး ရမ်းရေးခဲ့သလို အင်္ဂလိပ်-မြန်မာ စစ်သုံးကြိမ် ဖြစ်ပွားခဲ့တဲ့ ၁၈၂၄ ပထမစစ်၊ ၁၈၅၂ ဒုတိယစစ်၊ ၁၈၈၅ တတိယစစ် စတဲ့ စစ်တွေထဲက အစောဆုံးကာလဖြစ်တဲ့ ၁၈၂၄ ခုနှစ် ကုန်းဘောင်ခေတ်လက်ထက် ကာလထက်စောတဲ့ ပထမမြန်မာနိုင်ငံတော် ခေတ်ဦးကာလကတည်းက ရှိနေနှင့်ခဲ့ပြီဆိုတာ ငြင်းဆိုလို့ မရတဲ့အချက်ပါ ဆရာ"

"ဟုတ်တာပေါ့၊ ဒါ လက်ခံနိုင်တဲ့ သမိုင်းအထောက်အထားပါပဲ"

"နောက်ထပ် ပြောပြလိုတဲ့ အထောက်အထားတစ်ခုကတော့ ပုသိမ်မြို့ ရေကြည်ဦးဘုရားမှာပဲ တွေ့ရတဲ့ ကျောက်စာတစ်ချပ်ပဲ ဖြစ်ပါတယ်၊ ရှေး မွန်ဘာသာနဲ့ ရေးထိုးထားတဲ့ ကျောက်စာ

www.burmeseclassic.com

www.burmeseclassic.com

စာရဲ့ မြန်မာပြန်ကတော့ . . 'သက္ကရာဇ် ၈၈၆ ခုနှစ်၊ ဝါဆိုလ ပြည့်နေ့ (ခရစ်နှစ် ၁၅၂၄ ခုဖြစ်နိုင်ပါတယ်) ဒွိသုံ ဒါယကာ ခံသည်။ ဤ ကုသိုလ်ကောင်းမှု၌ သဒ္ဓါ ဝီရိယထက် သန်ကြည်ညိုသူ မိန်းမ ယောက်ျား ဒါယကာ (ကြံပြု) ကျွန်မျှော် ရွာသား (သမြို့-သမြင်းကုန်း) ပန်းတ နော်ရွာသား (တွမ်) သာပေါင်းရွာသား အလုံးစုံသော သုံးရွာသားတို့သည် ကြေး ဘုရားနှစ်ဆူတော်တစ်ရပ်ဒါယကာ ခံကြသည်'လို့ ပြန်ဆိုထားခဲ့ပါတယ်။

ခရစ်နှစ်နဲ့ တိုက်ကြည့်လိုက်ရင် အင်္ဂလိပ် မြန်မာ ပထမစစ်ပွဲ ဖြစ်ခဲ့တဲ့ ၁၈၂၄ခုနှစ်ထက် နှစ်ပေါင်း ၃၀၀ ပိုစော နေတာတွေ့ရပါ တယ် ဆရာ"

"မှန်ပါတယ် ရဲဘော်လေး၊ ဆက် ပြောပါဦး"

"ကျွန်တော်တို့ မြန်မာနိုင်ငံမှာ ဒုတိယအင်းဝခေတ်ရဲ့ နောက်ဆုံးဘုရင် မဟာဓမ္မရာဇာ အဓိပတိမင်းဟာ မွန်တို့ ဌာနေ ဟံသာဝတီကို ဆောင်ကြဉ်းခံရ ပြီး ၁၇၅၂ ခုနှစ်မှာ အင်းဝပျက်ခဲ့ရတာ ကို ရှစ်တန်းစတက်ကတည်းက သင်ခဲ့ ဖူးပါတယ်။

အဲဒီ အင်းဝ မပျက်မီ နှစ်နှစ် အလိုက ရေးထိုးခဲ့တဲ့ ကျောက်စာတစ်ခု မှာ ပုသိမ်ရာဇဝင်ကျောက်စာဖြစ်ပြီး မွန်ဘာသာနဲ့ သစ်သားပုရပိုက်နဲ့ ရေး ထား (ကူးထား)တာကို တွေ့ရပါတယ်၊

အဲဒီကျောက်စာရဲ့ ကျောက်စာ ချပ်ရေ (၉၉)၊ စာကြောင်းရေ (၁၁)မှာ သာပေါင်း ဖြစ်လာမယ့် အရပ်ဒေသကို တမောဝ်းလို့ ရေးထားတာကို တွေ့ရပါ တယ်၊ အဲဒီစာလုံးကို ပုသိမ်ပြတိုက်က ဖတ်တတ်သူကိုပြကြည့်တော့တမောဝ်း လို့ အသံထွက်နိုင်ပြီး အနက်ကတော့ 'သာယာမှုအပေါင်းနှင့် ပြည့်စုံခညောင်း ရာအရပ်' လို့ ဆိုပါတယ် ဆရာ"

"ဩော် . . . ဟုတ်လား၊ တ သဝေထိုး ပရေမှတ်ရေးချ ဝသတ် ဝစ္စ နှစ်လုံးပေါက်၊ ချိုးထဲမှာ ပါတာက"

"ဥရင်ကောက်ပါ ဆရာ"

"ဟုတ်ပြီ၊ အဲဒီကျောက်စာက ကော ဘယ်မှာတွေ့တာလဲ ရဲဘော် လေး"

"ရေကြည်ဦး ဘုရားဝိုင်းကတ် တိုက်မှာပဲ ရှိပါတယ်ဆရာ၊ ဟိုအရင်က ရေကြည်ရေနောက်ဘုရားပေါ့"

"ဩော် . . ရေကြည်ရေနောက် ဘုရားလား၊ ဖောင်တော်ဦးစေတီတွေ ဘာတွေ ရှိတယ် မဟုတ်လား"

"ဟုတ်ကဲ့"

"ဆက်ပါဦး ရဲဘော်လေး"

"နောက်တစ်ခုက ကျွန်တော်တို့ ရဲ့အရပ်ကို တလိုင်းလို သာဖြိုး လို့လဲ ခေါ်ပါတယ်ဆရာ၊ အဓိပ္ပာယ်က သားရဲ တိရစ္ဆာန်များပေါင်းဆုံရာ သာယာသော အရပ်လို့ ရပါတယ်၊ အဲဒီတော့ ရှေးမွန် တလိုင်း ဘာသာစကားတွေရဲ့အဓိပ္ပာယ် သက်ရောက်မှုတွေကနေ တိုက်ရိုက် သယ်ဆောင်ပြီး သာပေါင်းလို့ခေါ်တွင် လာကြတာလို့ ယူဆရပါတယ် ဆရာ"

"ဖြစ်နိုင်တာပေါ့ ရဲဘော်လေး ရယ်၊ လျော်ကန်ပါတယ်"

"ဒါဆိုရင် ကျွန်တော်တို့ရဲ့ သာ ပေါင်းဟာ ဒုတိယအင်းဝခေတ်ကတည်း က ရှိနေခဲ့ပြီလို့ သတ်မှတ်နိုင်ပါပြီ"

"ဟုတ်တယ်ဗျာ၊ ရဲ ဘော်လေး ပြောပြသွားတာတွေဟာအချိ အဆက် အကိုးအကားနဲ့ ပြည့်စုံပါ ယ်"

"ဟုတ်ကဲ့၊ ဒါဆိုရင် ခေတ်က အကြောင်းကို ပြန်ပြီး ဖြ ပြောချင်ပါ တယ် ဆရာ"

"ပြောပါဦးကွယ်"

"ကျွန်တော်တို့ရဲ့ ဒေ က်မြန် မာပြည်ဟာ မွန်တို့ဌာနေ (ရာမ ) ရာမညတိုင်းလို့သတ်မှတ်နိုင်ပြီး ထ ရှား တဲ့ မြို့ပြနိုင်ငံတွေ အနေနဲ့ ဥက္ကလာပ၊ အတိသဒ္ဓန၊ အဓိပစ္စယ၊ ဓမ္မဝတီ၊ သု မ္မ ဝတီ၊ သုဝဏ္ဏဘုမ္မိ တို့ပါဝင်ကြောင်းကို ခေတ်ပြိုင် သရေခေတ္တရာ ရာဇဝင်မှာ ပြဆိုထားပါတယ်၊ မွန်သုံးရပ်ရှိတဲ့အထဲ က တိဂုံ၊ ဒလ ဒေသများကို မွန်တိမျိုး၊ သုဝဏ္ဏဘုမ္မိ၊ မုတ္တမဒေသများကို မွန်စ မျိုး၊ ဆိပ်ကြီး(မြောင်းမြ)၊ ပုသိမ် (အတိ သဒ္ဓဒဝရ) ဒေသများကို မွန်ညမျိုးလို့ ခေါ်ဆိုသတ်မှတ်ပါတယ်"

"ဟုတ်တယ် ရဲဘော်လေး"

"အိန္ဒိယပြည် မဇ္ဈိမဒေသက သီရိဓမ္မာသောကမင်းကြီးလက်ထက် ကိုးတိုင်း ကိုးဌာနကို သာသနာပြုစေ လွှတ်တော့ အရှင်သောဏမထေရ်နဲ့ အရှင်ဥတ္တရာမထေရ် ရဟန္တာအရှင်မြတ် နှစ်ပါးဟာ နောက်ပါသံဃာသုံးပါးနဲ့ သုဝဏ္ဏဘုမ္မိ သထုံပြည်ကတစ်ဆင့် အတိသဒ္ဓနဝရမြို့ကို ရောက်ရှိခဲ့ပါတယ် ဆရာ"

"ဟုတ်ပါ့ဗျာ၊ သမိုင်းအထောက် အထားရှိတာ ကြားဖူးပါတယ် ရဲဘော် လေး"

"အတိသဒ္ဓနဝရမြို့ကို ရောက် တော့ သာသနာတော် ပြန့်ပွားရေး အတွက် စေတီတည်ထားကိုးကွယ်ဖို့ မြေနေရာရွေးတော့ မြတ်စွာဘုရား နှစ်ဆူ ကာလ ပျော်စံကျက်စားခဲ့ဖူးရာ မြို့ဦး မြို့ထိပ် တောင်စွယ်ဦးအင်း ကျောက် သလင်းဝယ် ရွှေမုဋ္ဌောစေတီတော်ကို တည်ထားကိုးကွယ်စေခဲ့ပါတယ်"

"အတိသဒ္ဓနဝရမြို့ဆိုတာ. ."

သဲကုန်းမှ ဆရာလောင်းတစ်ဦး က မရှင်းဟန်ဖြင့် ဝင်မေးသည်။

"ပုသိမ်ရဲ့ ရှေးနာမည်ပါ"

"ဩော်"

"ဒါ့အပြင် ရဟန္တာမြတ် နှစ်ပါး တို့ဟာ မုဋ္ဌောကိုးဆူ တည်ထားခဲ့ရာမှာ အတွင်းမုဋ္ဌော ငါးဆူနဲ့ အပြင်မုဋ္ဌော လေးဆူ ပါဝင်ပြီး အပြင်မုဋ္ဌော တစ်ဆူ ကတော့ ကျွန်တော်တို့ သာပေါင်းမြို့ နယ် ဘုရားကြီးရွာမှာ 'အကျော်ဖေယျ ပဿထ' ဘွဲ့မည်နဲ့ ရှိနေပါတယ်"

"ဩော် . . . ကျွန်တော်ကျခဲ့တဲ့ နေရာက ဘုရားကြီးပေါ့၊ အကြီးကြီးပဲ ဘုရားကြီးက အပေါ်ပိုင်းမရှိဘူး၊ ဘုရား ပျက်ကြီး တစ်ဆူအနေနဲ့ပဲ သိခဲ့ရတာ"

အင်းစိန် ဂျီတီအိုင်မှ ကျော သားတစ်ဦးက ဝင်ပြောပြသည်။



www.burmeseclassic.com

www.burmeseclassic.com

"ဒါဆို အတွင်းမှုဌော ငါးဆူနဲ့ အပြင်မုဌော လေးဆူတို့ဟာ ပုဂံခေတ် ထက် စောတယ်ဆိုတဲ့ သဘောပေါ့"

"ဆိုနိုင်ပါတယ်၊ ကျွန်တော့် အနေနဲ့တော့ စေတီတစ်ဆူချင်းရဲ့သမိုင်း ကို မလေ့လာဖူးလို့ အတပ်တော့ မပြော နိုင်ပါဘူး၊ ပုဂံခေတ်နဲ့ ခေတ်ပြိုင်ပဲ ဖြစ် မလား၊ ပိုပဲစောမလား ဆိုတာကတော့ ပညာရှင်များရဲ့အရာလို့ပဲ သဘောထား လိုက်ပါတော့၊ ကျွန်တော် ဆိုလိုချင် တာက ကျွန်တော်တို့ရဲ့ သာပေါင်းဟာ ဘယ်ခေတ် ဘယ်ကာလကတည်းက ရှိနှင့်နေခဲ့ပြီဆိုတာကိုပဲ ဆိုလိုချင်တာပါ"

"ဟုတ်ပြီဗျာ၊ ရဲဘော်လေးရဲ့ ဆက်စပ်တွေးတော တင်ပြမှုတွေဟာ သဘာဝကျပါတယ်၊ ဒါပေမယ့် သာ ပေါင်း ညာစား ဆိုတဲ့ ဝေါဟာရလေး အကြောင်း မပါသေးဘူး"

"ဟုတ်ကဲ့ ဆရာ၊ ဆက်ပြောပြ ပါ့မယ်၊ ကျွန်တော်တို့ သင်ခဲ့ရတဲ့သမိုင်း ထဲမှာ ၁၉၂၀ ပြည့်နှစ် ကောလိပ်သပိတ် ကြီးမှောက်ပြီး အမျိုးသားပညာရေး လှုပ် ရှားမှုကြီး ပေါ်ပေါက်ခဲ့တယ်လို့ ပါပါ တယ်"

"မှန်တယ် ရဲဘော်လေး"

"အဲဒီတုန်းက ဂျီစီဘီအေ အသင်းချုပ်ကြီး ဦးဆောင်ပြီး အမျိုးသား ကောလိပ်ကို တည်ထောင်ဖွင့်လှစ်ခဲ့တုန်း က ဆရာကြီး သခင်ကိုယ်တော်မှိုင်းဟာ လခမှန်မှန်ရနေတဲ့ သူရိယသတင်းစာ အယ်ဒီတာအလုပ်ကထွက်ပြီး ဗဟန်း နေရှင်နယ်ကောလိပ်မှာ မြန်မာစာပေ နဲ့ ရာဇဝင်ပါမောက္ခအဖြစ် စေတနာ့ ဝန်ထမ်း ဝင်လုပ်ခဲ့ပါတယ်။

အဲဒီတုန်းက ဆရာကြီးဟာ နေ့စဉ် ဘားလမ်းကနေ ဗဟန်းကို ခြေ လျင်လာပြီး စာသင်ပေးပါတယ်၊ လခ ရယ်လို့လဲ ပုံမှန်မရရှာပါဘူး၊ ဆရာကြီး ခမျာ ငှနေနေတဲ့တိုက်ခန်း လစာပေး စရာမရှိရင် သူ့ရဲ့တောင်ရှည် ပုဆိုးတွေ ကို ပေါင်နှံပြီးဖြေရှင်းရပါတယ်၊ နေ့လယ် ခင်းကျတော့ ဗဟန်း ဘုန်းကြီးကျောင်း တိုက်တွေမှာပဲ ကပ္ပိယတစ်ပိုင်း ဝင်လုပ် ပြီး စားရေးသောက်ရေးကို ဖြေရှင်းရ ရှာပါတယ်"

"သြော်. . . ဖြစ်မှဖြစ်ရလေ၊ မျိုး ချစ်စိတ်ပြင်းထန်အားကြီးလို့နော်"

သဲကုန်းသူများက ကရုဏာ သက်နေကြသည်။

"ဟုတ်ပါ့၊ တော်ရုံတန်ရုံ စေတ နာ စိတ်ဓာတ်နဲ့ ဘယ်လုပ်နိုင်ပါ့မလဲ ကွယ်" သမိုင်းကထိကက ထောက်ပြ သည်။

"အဲဒီအချိန်မှာ နယ်ချဲ့အစိုးရက ဒိုင်အာကီအုပ်ချုပ်ရေးအာဏာ မက်လုံး ပေးပြီး ဝံသာနုလှုပ်ရှားမှုကို ဖြိုခွင်းလိုက် တဲ့အခါမှာ တွဲရေး ခွဲရေး ပြဿနာတွေ နဲ့ ဂျီစီဘီအေ အသင်းချုပ်ကြီး နှစ်ခြမ်း ကွဲပါရော၊ ဦးဘဖေ၊ ဦးပု၊ ဦးမောင်ကြီး တို့ ခေါင်းဆောင်တဲ့ ၂၁ ဦးပါတီက ဒိုင် အာကီကို လက်ခံပြီး ဦးချစ်လှိုင်ခေါင်း ဆောင်တဲ့ လှိုင်၊ ပု၊ ကျော် ဂျီစီဘီအေ က ကိုယ်ပိုင်အုပ်ချုပ်ရေးအတွက် ဆက် ပြီး သပိတ်မှောက်ပါတယ်၊ အဲဒါတွေက တော့ ကျွန်တော်တို့အားလုံးလိုလို သင် ပြီးသား၊ သိပြီးသား အပိုင်းတွေပါ၊ နောက်ပိုင်းကိစ္စတွေ တော်တော်များ များက ကျွန်တော်တို့ သိပ်ပြီးမသိကြရ ပါဘူး၊ အပြင်သမိုင်းစာအုပ်တွေကို ဖတ် ကြည့်မှ သိတာပါ"

"မှန်တယ်၊ ကျောင်းသင်ခန်းစာ သင်ရိုးညွှန်းတမ်းထဲမှာ အကျဉ်းလောက် ပဲ ပါတာပါ"

"အဲဒီအကွဲအပြဲကြောင့် အမျိုး သားပညာရေး အဖွဲ့ကြီးလဲ ပြိုကွဲရပြီး အမျိုးသားကောလိပ်ကျောင်းကြီးလဲ ပျက်သုဉ်းဖို့ ဖြစ်လာရတယ်ပေါ့ခင်ဗျာ၊ ၂၁ ဦး ပါတီခေါင်းဆောင်တွေက ဗဟန်း အမျိုးသားကောလိပ်ကျောင်းကြီးကို ဗြိတိသျှနယ်ချဲ့ အစိုးရဆီမှာ ငါးထောင် စား ရာထူးတွေနဲ့ လဲစားသွားတာကို မြင်ရပြီး ဆရာကြီးသခင်ကိုယ်တော်မှိုင်း က ခုတုံးလုပ်ရက်လေခြင်းလို့ စိတ်နာ ပြီး (မူရင်းသတ်ပုံအတိုင်း ဖော်ပြပါမည်)

သြော် . . . ရွှေငါးတွေတဲ့ အယူသည်းကြတဲ့ လူကြီး လူကွက်တွေ ပေါ့၊ ဆူမဟာယ်ဒုဿေ အနိုင်အပိုင် ပြ ချင်တဲ့၊ အပူသည်နှစ်တွေ မြင်းဆိုင်မှုတွင် မှု၊ လှိုင်ပုကျော် သပိတ်သမားတွေရဲ့မြင် ပဋိက္ကရား နှုးကာ နှပ်သလို၊

နှစ်ကျိပ်တပ် မှုးလှာမတ်တွေတ လဲ၊ ပလူးစရာ အထက်ဝယ် နှောင် အရှည်တွင်ရောဟဲ့လို့၊ ပူးကာသတ်မယ် ကောင်စီဝင်လို့မို့၊ အနှောင်ပြည်ဆင်ကွဲ ရှာသနေ့ရယ်က၊ တကောင့်တကောင် ထီမထင် ဖွဲမာမာခွေ့ကြလေတော့၊

မမေ့နိုင် ယနေ့တိုင်အောင်၊ မိုက်ချိန်နှင့် အခိုက်အခါ ကြိမ်လိုမိုး၊ အကာမငြိမ် တာဝတီသို့ပြောင်းရှာတဲ့၊ ကျောင်းမသာကောလိပ် ဗဟာပနကိုလ၊ ပေါင်းသဟာ တောမိတ်လာလာသမှု ကိုနှင့်၊ ပြာချကာ ကိစ္စတုံးပြီမို့၊

ကျွန်ဝယ်ရာ အဆစ်ပါတဲ့ မှိုင်း မှာဖြင့် မွန်နယ်မှာ ခေတ်ကြာသနဲ့ မဆိုင် သာဘူး၊ မြစ်အညာစစ်ကိုင်းကိုတဲ့ ပြန် ရော့မကွာ . . . လို့ ဆရာကြီးသခင် ကိုယ်တော်မှိုင်းက စစ်ကိုင်းပြန်မှာတော် ပုံမှာ စပ်ဆိုရှုတ်ချခဲ့ပါတယ်"

"သြော် ရဲဘော်လေးက ဆရာ ကြီးရဲ့ စစ်ကိုင်းပြန်မှာတော်ပုံကို အလွတ် ရနေတာကိုး၊ တော်တယ်ဗျာ"

သမိုင်းကထိက ဆရာကြီးက ချီးကျူးလိုက်၍ စာလွင် ကျေနပ်မိရ သော်လည်း ရှက်သွားရသည်။ ရှေ့ဆက် ပြီးလည်း စကားမဆက်တတ် ဖြစ်သွား ရ၍ ရေနွေးငှဲ့သောက်ရင်း အရှိန်ယူနေ မိသည်။

"ဆက်ပြောလေ ဆရာလေးရဲ့၊ ဒီမှာ ဆတ်တင့်ငံ့နဲ့"

သဲကုန်းသူ ဆရာမလေးတစ် ဦးက ဝင်လောသည်။

"ရေနွေးလေး သောက်ပါစေဦး အာခြောက်ရောပေါ့ ခမျာမှာ"

ဆရာက ဝင်ဖျောင်းဖျသည်။

"ဟုတ်ကဲ့၊ ဟုတ်ကဲ့ ဆရာ၊ နား ထောင်ကောင်းနေတုန်းမို့ပါ အဟဲဟဲ"



www.burmeseclassic.com

www.burmeseclassic.com

"ဆက်ပါ့မယ်၊ ဒိုင်အာကီအုပ်ချုပ်ရေးကို အတွင်းက ဝင်ပူးသတ်မယ်လို့ ကြေညာပြီး ရွေးကောက်ပွဲတွေမှာ အမတ်နေရာ ဝင်အရွေးခံတဲ့ ၂၁ ဦးဂိုဏ်းဝင်တွေဟာ ရာထူးကြီးတွေ ရယူပြီး လူထုအခွန်ငွေတွေနဲ့ နေ့ခင်း ညခင်းကြီးပွားလာကြပုံတွေကို ဆရာကြီးက မြင်ပြင်းကတ်ပြီး ခွေးနှီကာကျမ်း ဩဝါဒ လေးချိုးတစ်ပုဒ်မှာ . . .

'ပူးသတ်အကြော်အမော် မှုးမတ်ကတော်အပေါင်းတွင်ဖြင့် (ဩော်) ရလာအဆောင်ဆောင် ကားတွေနဲ့ အများတောင်ကြွားနိုင်တဲ့ ငါးထောင်စားကြီး သုံ့မြတ်လောင်းရယ်နဲ့' လို့ ကလော်ခဲ့ပြန်တယ်ခင်ဗျ"

"အင်း အင်း. . . ၂၁ ဦးဂိုဏ်းဝင်မိသားစုတွေ အောက်ခြေလွတ်တာကို ထင်ဟပ်ပြတာပေါ့"

"ပိုပြီး ထိမိတဲ့ကလော်ချက် ရှိသေးတယ်ခင်ဗျ"

"ဆက်ပါဦး ရဲဘော်လေးရယ်"

"အမျိုးသားပညာရေးကောင်စီနဲ့ အမျိုးသားပညာရေးကောလိပ်ကို ဦးစီးဦးကိုင်ပြုနေတဲ့ ပုဂ္ဂိုလ်တွေဖြစ်တဲ့ ဦးဘဖေ၊ ဦးပု၊ ဦးမောင်ကြီးတို့ ဦးဆောင်တဲ့ ၂၁ ဦးဂိုဏ်းသားတွေက အမျိုးသားကောလိပ်နဲ့ ငါးထောင်စားရာထူးနဲ့ လဲစားကြတော့မယ်လို့ သတင်းတွေ သိုးသိုးသန့်သန့် ကြားရကတည်းက ဆရာကြီးနဲ့အတူ လခရတစ်ချက် မရတစ်ချက်နဲ့ အမျိုးသားကောလိပ်ကို မပျောက်ပျက်ရအောင် ကျားကုတ်ကျားခဲ ကြိုးစားနေရရှာတဲ့ ဆရာတွေခမျာ အလွန်စိတ်ထိခိုက်ကြရှာတယ် ခင်ဗျ၊ အဲဒီတုန်းက အမျိုးသားကောလိပ်ကျောင်းအုပ်က ဦးဘချိုဖြစ်ပြီး မြန်မာစာကို အဓိကထား သင်တယ်၊ ဆရာကြီး သခင်ကိုယ်တော်မှိုင်းက ရာဇဝင်သမိုင်းကို အဓိကသင်ပေးကြတယ်"

"ဟိုလေ ဦးဘချိုဆိုတာ အာဇာနည်ခေါင်းဆောင်ကြီး ဒီးဒုတ်ဦးဘချိုကို ပြောတာလားဟင်"

အင်းစိန် ဂျီတီအိုင်ကျောင်းသားလေး တစ်ယောက်က မေးသည်။

"ဟုတ်ပါတယ်၊ ဒီးဒုတ်ဦးဘချိုနဲ့ ဦးဘချို အတူတူပါပဲ၊ ဒါပေမဲ့ ဦးဘချိုက ၁၉၂၅ ခုနှစ်မှာ ဒီးဒုတ်ဂျာနယ်ကို စတင်ထုတ်ဝေလို့ နောင်မှ ဒီးဒုတ်ဦးဘချို ဖြစ်သွားတာပါ"

"ဪ. . . ဟုတ်ကဲ့ ဟုတ်ကဲ့"

"ဒါနဲ့ အဲဒီအမျိုးသားကောလိပ်ကို ဖျက်မပစ်ဖို့ အမျိုးသားပညာရေးကောင်စီဥက္ကဋ္ဌ MA ဦးမောင်ကြီးဆီကို ဆရာကြီးသခင်ကိုယ်တော်မှိုင်း ကိုယ်တိုင်သွားပြီး တောင်းပန်တာတောင် မရဘူးတဲ့၊ MA ဦးမောင်ကြီးက မကြာခင်ဘဲ ငါးထောင်စား အမတ်ချုပ်ရာထူးကို ယူသွားပါလေရော၊ အဲဒီအခါမယ် အမျိုးသားကောလိပ်ကျောင်းကြီးလဲ ထောက်ပံ့ပေးမယ့်သူ မရှိတော့ဘဲ လုံးပါးပါးပြီး ပျက်သုဉ်းရပုံကို ဆရာကြီးသခင်ကိုယ်တော်မှိုင်းက. . .

'အခါမကောင်းလိုက်ပုံကကွဲ့၊ ဆရာချောင်းစရာပဲ သွားကြရော့ထင့် (ဗဟန်းကောလိပ်) ကျောင်းမသာလောင်းခမျာရဲ့ အပါးမှာဖြင့် သာပေါင်းညာစားတွေ ဆရာ မမြင်ရတော့ပါဘူး' လို့ စိတ်နာနာနဲ့ ရေးဖွဲ့ခဲ့ပါတယ်"

"ဟော ခုပြောသွားတဲ့အထဲမှာ သာပေါင်းညာစားတဲ့ ပါလာပြီ"

ဂျီတီအိုင်ကျောင်းသားတစ်ဦးက ရေရွတ်လိုက်သည်။

"ဟုတ်ပါတယ်ခင်ဗျာ၊ ဆရာကြီးသခင်ကိုယ်တော်မှိုင်းက တိုင်းပြည်၊ လူမျိုး၊ ဘာသာ၊ သာသနာနဲ့ စာပေတို့ရဲ့ မျက်နှာကိုမကြည့်ဘဲ အမျိုးသားရေးကို လျစ်လျူရှုရက်လေတဲ့ ဓနရှင်ဝံသာနုခေါင်းဆောင် (အရေးခြုံနိုင်ငံရေးသမား) တွေရဲ့ အပေါ် စိတ်နာနာနဲ့ ရေးဖွဲ့ခဲ့တဲ့ 'ဗဟန်းကောလိပ် မသာချပနဘွဲ့'ကနေ စတင်ပြီး 'သာပေါင်းညာစား' ဆိုတဲ့ ဝေါဟာရတွဲလုံးလေးဟာ လူသိများ လူပြောများလာခဲ့ရတာပါ၊ အဲဒီဝေါဟာရတွဲလုံးလေးဟာ ကျွန်တော်တို့မြို့လေးရဲ့နာမည်နဲ့မှ လာတူနေရတာကိုး ဆရာရယ်"

"ကြိုက်သွားပြီ ရဲဘော်လေးရယ်၊ ကိုယ့်ဇာတိမြို့လေးရဲ့ သမိုင်းကြောင်းကို အခုလို ချက်ချက်ချာချာနဲ့ ပြောပြနိုင်တဲ့ ရဲဘော်လေးကို ကျွန်တော်တို့ လေးစားပါတယ်ဗျာ၊ ဒီကနေ ပြန်သွားကြတော့မယ့် ကျွန်တော်တို့အားလုံးဟာ သာပေါင်း နယ်သူနယ်သားတွေရဲ့ ရိုးသားမှု၊ နွေးထွေးမှု၊ ကူညီတတ်မှု၊ စေတနာ သဒ္ဓါတရား ထက်သန်မှု၊ ညှော်ဝတ်ကျေပွန်မှုတွေကို ကိုယ်တွေ့ကြုံခဲ့ရတဲ့သူတွေပါ၊ သာပေါင်းညာစားဆိုတဲ့ ရှုတ်ချသေးသိမ်စေတဲ့ ဒီဝေါဟာရဟာ ဒီက သာပေါင်းနယ်သူနယ်သားတွေနဲ့ လားလားမှမသက်ဆိုင်ပါဘူးဆိုတာ ကာကွယ်ချေပပေးပါ့မယ်၊ အခါအခွင့်သင့်ရင် ဒီက အတွေ့အကြုံတွေကို မဂ္ဂဇင်း စာမျက်နှာပေါ်မှာ ကျွန်တော် ရေးဦးမှာပါ"

"ကျေးဇူးတင်ပါတယ် ဆရာ"

"ကျွန်တော်တို့ အားလုံးကလဲ သာပေါင်း ညာစား ဆိုတဲ့ ဝေါဟာရအတွက် ရောက်တဲ့အရပ်မှာ ကာကွယ်ပြီး ပြောပေးပါ့မယ်"

ရွှေမန်းသူများကလည်း လိုက်လိုက်လှဲလှဲ ပြောကြသည်။

"ဟုတ်တယ်၊ ကျွန်တော်တို့ အင်းစိန် ဂျီတီအိုင်ကျောင်းသားအဖွဲ့ကလဲ ဒီအတိုင်းပါပဲ"

"ကျွန်မတို့ သဲကုန်း ဆရာအတတ်သင် သင်တန်းသားတွေကလဲ ကတိပေးပါတယ်"

"အခုလို အားပေးစကားတွေ ပြောကြတဲ့ ဆရာနဲ့တကွ ဒီက လုပ်အားပေးရဲဘော်အပေါင်းကို ကျွန်တော်တို့ သာပေါင်းသားတွေက အမှတ်တရနဲ့ ကျေးဇူးတင်နေရမှာပါ ခင်ဗျာ၊ ဘာကြောင့်လဲဆိုတော့ ကျွန်တော်တို့ ဘယ်ကိုရောက်ရောက် ဘယ်ကလာလဲ ဘယ်မှာနေလဲ မေးလိုက်ရင် သာပေါင်းကလို့ ပြန်ဖြေလိုက်တာနဲ့ ကျီစယ်ဟန်ဖိုလို နှိမ်သလိုလိုနဲ့ စောစောက ဝေါဟာရ



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

လေးဟာ သူတို့နှုတ်ဖျားက ခုန်ဆင်း ထွက်ကျလာတော့တာပါပဲခင်ဗျာ၊ အဲဒီ ခေါ်ဟာရလေးဟာ ကျွန်တော်တို့ရဲ့ နှလုံးသားထဲမှာ စူးနစ်ဝင်ရောက်နေတဲ့ အခံရခက်သော ဆူးလေးတစ်ချောင်းလို ပါပဲ"

"ဟုတ်တာပေါ့၊ ဒီက ရဲဘော် လေးတို့ရဲ့ ခံစားချက်ကို ကျွန်တော်တို့ စာနာမိပါတယ်"

"အချို့ဆို ရန်ကုန်တို့၊ မန္တလေး တို့လို မြို့ကြီးတွေမှာ စီးပွားရေးလုပ်ငန်း တွေ၊ ဝန်ထမ်းအလုပ်တွေနဲ့ ရောက်နေ ကြတာ အများကြီးပါ၊ ဒါပေမဲ့ ဇာတိ သာပေါင်းကို မပြောရဲဘူး၊ ပုသိမ်ဘက် ကလို့ပဲ ဝါးပြီးဖြေလိုက်ကြတယ်တဲ့"

"ဩော်. . . သာပေါင်းသားလို့ ပြောရမှာကို နှုတ်ထွက်မရဲဖြစ်နေရှာကြ တာပေါ့"

"ဟုတ်ပါတယ် ခင်ဗျာ"

"ဒါနဲ့ ဆရာ၊ ကျွန်တော်တို့အဖွဲ့ ကို ဒီက ကိုစောလွင်တို့ တောထဲက တောင်ညိုဘုရားကို လိုက်ပို့လို့ ရောက် ခဲ့ရသေးတယ်"

"ဟုတ်လား"

"အဲဒီ တောင်ညိုတောင်ပေါ်မှာ ကိုစောလွင်ပြောပြတဲ့ တောင်ညိုဘုရား သမိုင်းနဲ့ တောင်ညိုဒေသမှာ ဖြစ်ပွားခဲ့ တဲ့ အင်္ဂလိပ်နယ်ချဲ့ တော်လှန်ရေး တိုက် ပွဲတွေအကြောင်းတွေဟာ သနားစရာ၊ ထွမ်းမောစရာနဲ့ ရင်နင့်စရာတွေ အစုံပဲ ဆရာရယ်၊

ကျွန်တော်တို့တွေ မျက်ရည် တောင် ဝဲမိတယ်"

ရွှေဘိုသူ မငွေးမြင့်က ဖောက် သည် ပြန်ချသည်။

"ဟုတ်တယ် ဆရာ၊ အဲဒီတောင် ညိုဒေသကို ခြေကုပ်ယူပြီး တော်လှန် ကြတဲ့ အင်အားစုက သပြေတန်းခံတပ် အနေ လက်နက်မချဘဲ ရှောင်တိမ်းလာ တဲ့ ဘုရင့်ရဲမက်တော်တွေတဲ့"

တန့်ဆည်သူ မငွေးကြည်က လည်း ဖြည့်စွက်သည်။

"ဟုတ်လား၊ ... သပြေတန်းခံတပ်က ရဲမက်တွေဟာ ဒီအထိကို ဘယ်လိုရောက်လာကြတာ တုံး"

"ဒီလိုဆရာ၊ သပြေတန်းခံတပ် ကဗိုလ်မင်းတစ်ယောက်က ဒီသာပေါင်း သား ကိုရင်ငနှောင်းတဲ့"

"ဩော်. . . စိတ်ဝင်စားလာပြီ ဗျာ၊ ရဲဘော်လေး၊ ကျွန်တော်တို့ မကြား ရသေးသူတွေကို ဒီအကြောင်းထပ်ပြော ပြနိုင်ဦးမလား"

သမိုင်းကထိက ဆရာက ထပ်မံ ပွဲတောင်းပြန်သည်။

"ဟုတ်ပါတယ်၊ ကျွန်တော်တို့ တော်တော်များများက မကြားရသေး ဘူးလေ၊ ဒီလောက်ကောင်းတဲ့ အဖြစ် အပျက်ကို ဒီရောက်တုန်း ကြားဖူးသွား ပါရစေ"

ဂျီတီအိုင် ကျောင်းသားအုပ်စု ကလည်း တောင်းဆိုသည်။

"ဟုတ်တယ်၊ ဟုတ်တယ်၊ မနက် ဖြန် ပြန်ကြရတော့မှာ၊ ဒီည အိပ်လို့လဲ ပျော်မှာမဟုတ်ဘူး၊ နားထောင်ရအောင် ပြောပြပါ ဆရာလေးရယ်"

သဲကုန်းသူအုပ်စုကလည်း တိုက် တွန်းသည်။

"ဟုတ်ကဲ့ပါ၊ ပြောပြပါ့မယ်"

"ကဲ ဒါဆို ကက်ဆက်ခွေလဲ ထည့်လိုက်ဦးမယ်"

"ဆရာ ကက်ဆက်ပြင်နေတုန်း ကျွန်မတို့ စားစရာတွေ ထပ်ယူလိုက်ဦး မယ်"

"ဟုတ်တယ်၊ ငါးခြောက်ဖုတ် တွေ ချိုင့်နဲ့အပြည့် ပါလာတယ်၊ အဲဒါ တွေစားရင်း နားထောင်ကြတာပေါ့"

"ဒါဆို အတော်ပဲ၊ ကျွန်တော်တို့ မှာလဲ ကောက်ညှင်းကျည်တောက်တွေ ပါလာတယ်၊ ယူဦးမယ်"

တစ်ယောက်တစ်ပေါက် ပြော ဆိုကြပြီး ရွာများက ပေးလိုက်သော စား စရာလက်ဆောင်များကို သွားယူလာ ကြကာ ဝိုင်းလယ်တွင် ချကြသည်။

...တယ်တော့ ဒီအချိန်မှာ တို့က အိမ်ရှင်ပဲ၊ ရဲဘော်လေးတို့ကို ပြန် ကျွေးခံရမယ်"

"ကျွန်တော်တို့ ဒေသခံတွေကို ဆရာတို့က ပြန်ကျွေးသလို ဖြစ်နေပြီ အားလုံး ဝိုင်းစားကြမှပေါ့"

"စားမယ်၊ စားမယ်၊ ပြောမှာသာ ပြောပြ ဆရာလေး၊ ကျွန်တော်တို့မှာ စားစရာတွေ ကျန်သေးတယ်"

စကားဝိုင်းမှာ လူအုပ်စု ပိုများ လာပြီး ပိုမိုစိုပြည်လာတော့သည်။ တစ် ဦးနှင့်တစ်ဦး တစ်ဖွဲ့နှင့်တစ်ဖွဲ့လည်း ချစ် ခင်ရင်းနှီးမှုတွေ ပိုလာကြရသည်။ မန္တ လေးသူ၊ မန္တလေးသားများ၏ စားစရာ တွေကို ပြည်၊ သဲကုန်း၊ ပုတီးကုန်းအဖွဲ့ တွေကစား၊ ဂျီတီအိုင်အဖွဲ့ကလည်းစား၊ ဒီဘက်ကအဖွဲ့တွေကလည်း သူတို့ရလာ တာတွေ ချကျွေးနှင့် ကြည်နူးပျော်ရွှင် စရာ ကောင်းလှပေတော့သည်။ တစ် ယောက် တစ်နေရာစီမှ ဖြစ်သော်လည်း မြို့မ မင်းကျောင်းကြီးပေါ်က ညဥ့်လယ် ယံစကားဝိုင်းတွင် ညီအစ်ကို မောင်နှမ များပမာ သူငယ်ချင်း မိတ်ဆွေရင်းချာ များပမာ။

ညဥ့်လယ်ယံ စကားဝိုင်းသိမ်း တော့ ကက်ဆက်ခွေ စီ ၆၀ တစ်ခွေ လည်း ပြည့်ပြီ။ နာရီကလည်း သန်းခေါင် ယံ ၁၂ နာရီတိတိ။

"အေးဗျာ၊ ဒီက ရဲဘော်လေး ပြောပြမှပဲ တိမ်မြုပ်နေတဲ့ နယ်ချဲ့တော် လှန်ရေးအင်အားစု တစ်စုရဲ့အကြောင်း ကို ကြားဖူးရတော့တယ်၊ ဒါ ဂုဏ်ယူ စရာသမိုင်းတစ်ခုပဲဗျ၊ ကျွန်တော် တစ်ခု တော့ ဟောကိန်းထုတ်ခဲ့မယ်ဗျာ၊ ဒီက ရဲဘော်လေးဟာ စာရေးတာကို သာ ဝါသနာပါမယ်ဆိုရင် အောင်မြင်တဲ့ စာရေးဆရာ ဖြစ်မှာပါ၊ အဲဒီအခါကျရင် ဒီက အသုံးလုံး လုပ်အားပေးပွဲကြီးကို အခြေခံပြီး ဇာတ်လမ်းတစ်ပုဒ်လောက် ရေးဗျာ၊ အလွမ်းပြေဖတ်ရတာပေါ့"

"ဟုတ်တယ်၊ ဟုတ်တယ်၊ ရေး ဖြစ်ရင် ကျွန်မတို့နာမည်တွေ ထည့်ရေး



www.burmeseclassic.com

www.burmeseclassic.com

"တောင်ညိုတောင်ကို ဘုရားဖူးသွားတဲ့ အခန်းလဲထည့်ရေး သိလား ဆရာလေး"

"လက်ဖက်စားရင်း ဆရာလေးနင်တဲ့အခန်းတော့ ပါအောင်ရေးနော် အပဟင်းဟင်း"

"ဟိုအခန်းပါ ထည့်ရေး ဆရာလေး၊ ကျားတွေအကြောင်းပြောတော့ ရွှေမန်းသူတွေ ပြန်ပြေးဖို့ ပြင်တာတွေလေ"

"ဟား ဟား ဟား"

"ကျားသုံးကောင်လောက်ကို လောက်လေးနဲ့ ပစ်ခတ်နှိမ်နင်းနိုင်တဲ့ တောင်လေးက ဦးလေးစံအကြောင်းပါ ထည့်ရေးနော်"

"ဟုတ်တယ်၊ တကယ်မှတ်လို့၊ နောက်နေတာကို မရိပ်မိဘူး၊ ကြောက်နေတာကိုး"

"ဟား ဟား ဟား ဟား"

ပျော်ရွှင်စွာ စကားဝိုင်းသိမ်းပြီး စောလွင်တို့သုံးယောက်လည်း မြို့မမင်းကျောင်းကြီးပေါ်မှ ပြန်လာခဲ့ကြတော့သည်။ မနက်ဖြန် သူတို့အားလုံးကို နှုတ်ဆက်ရင်း လိုက်ပို့ရဦးမည်။ ခွဲကြရတော့မည်။

(၃၄)

သင်္ဘောဆိပ်တွင် ပြန်ကြမည့်သူနှင့် ကျန်ရစ်မည့်သူတို့၏ ဝမ်းနည်းစွာ နှုတ်ဆက်နေကြပုံများမှာ လွမ်းမောစရာ ပန်းချီကား တစ်ချပ်ပမာ။ ဟိုတစ်စု ဒီတစ်စု ပြောမဝ မှာမဝ၊ အထူးသဖြင့် မြို့ပေါ်ရပ်ကွက်သုံးခု၏ စခန်းခွဲများတွင် တာဝန်ကျခဲ့သော လုပ်အားပေးများကို လိုက်လံပို့ဆောင် နှုတ်ဆက်ကြသည့် ဒေသခံလုပ်အားပေး ရဲဘော်များ၊ စာသင်သား ဦးကြီး၊ ဦးလေး၊ ဒေါ်ကြီး၊ ဒေါ်လေးတို့မှာ ကမ်းလုံးပြည့်မျှ ရောက်ရှိနေကြသည်။

မြို့နယ်တွင်း ကျေးရွာအသီးသီးတွင် တာဝန်ကျခဲ့သော လုပ်အား [illegible] ကြပြီး မြို့ပေါ်စခန်းခွဲများတွင် တာဝန်ကျခဲ့သောလုပ်အားပေးများမှာ သင်္ဘောပေါ် မတက်နိုင်ကြသေး။

မိန်းကလေး တော်တော်များများမှာ မျက်ရည်မဆည်နိုင်ကြ။ စောလွင်၊ ဇော်ဝင်းနှင့် ငွေးမြင့်တို့သုံးယောက်နှင့် ဝမ်းနည်းနှုတ်ဆက်စကားတွေ ပြောနေကြသော ရွှေမန်းသူသုံးယောက်အနီးသို့ သဲကုန်းဆရာအတတ်သင်မှ ယဉ်ယဉ်ဦးမြင့် ဦးဆောင်သော မိန်းကလေးသုံးယောက်ပါ ရောက်ရှိလာကြသည်။

"ဒီက ကိုစောလွင်တို့နဲ့ စခန်းတစ်ခုတည်းမှာ ဒီကညီမ ရွှေမန်းသူတို့လို အတူတူလုပ်အားပေးခွင့် မရခဲ့ပေမယ့် ကိုစောလွင်တို့ သုံးယောက်ကို ကျွန်မတို့ တလေးတစားနဲ့ ခင်မင်မိရပါတယ်၊

တောင်ညိုဘုရားကို လိုက်ပို့ပေးခဲ့တာကို မမေ့ပါဘူး၊ ကျွန်မတို့ ပေးထားခဲ့တဲ့ လိပ်စာအတိုင်း လာလည်ကြဖို့ ဖိတ်ခေါ်ပါတယ်ရှင်"

သဲကုန်းသူ ယဉ်ယဉ်ဦးမြင့်ကစပြီး ပြောရင်း ဖိတ်မန္တကပြုသည်။

"ဟုတ်ပါတယ်၊ ယဉ်ဦး ပြောသလိုပါပဲ၊ ကျွန်မက ပြည်ဆွေးနွေးဘုရားလမ်းမှာ နေတာဖြစ်တဲ့အတွက် ပြည်မြို့ ရွှေဆံတော်ဘုရားပွဲတော်ရက်ကျရင် ပြည်ကို လာလည်ကြဖို့ ဒီက ဆရာလေးတို့သုံးယောက်ရော ရွှေမန်းသူ ညီမသုံးယောက်ရောပါ ဖိတ်ပါရစေရှင်၊ လာဖြစ်မယ်ဆို ကြိုပြီးစာရေးပါရှင်၊ ကျွန်မတို့ သုံးယောက်စလုံး ပြည်မှာဆုံပြီး ကြိုလင့်နေရအောင်လို့ပါ"

ပြည်သူ နီနီခိုင်ကလည်း လှိုက်လှိုက်လှဲလှဲပြောရင်း ဖိတ်ခေါ်သည်။

"ကျွန်မကလဲ သူပြောသလိုပဲ၊ ကျွန်မတို့ ပေါင်းတည်စွယ်တော်ပွဲရက်ကျရင် လာလည်ကြပါလို့ ဖိတ်ပါရစေရှင်၊ တောင်ညိုဘုရားကို အတူတူသွားခဲ့ကြတဲ့ ဒီလူတွေအတိုင်း ပြန်ဆုံခွင့်ရချင်ပါသေးတယ်"

ပေါင်းတည်သူ အေးအေးကလည်း တလေးတနက် ဖိတ်ခေါ်သည်။

"ဟုတ်ကဲ့ပါ၊ ကျွန်တော်တို့ လာလည်နိုင်အောင် ကြိုးစားပါ့မယ်"

"လူမရောက်တောင် စာတော့ရောက်အောင် ရေးပါ့မယ်"

"ကိုငွေးမြင့်တို့ ကျွန်တော်တို့ ကျောင်းပြန်ရောက်ရောက်ချင်း စာထည့်လိုက်မယ်၊ စာပြန်ကြပါနော်"

"ဟုတ်ကဲ့၊ ရေးမှာပါ၊ စိတ်ချ"

"ဒီက မမတို့ဆီလဲ စာရေးမယ် သိလား၊ ဆရာမဖြစ်ပြီး မန္တလေးဘက် တာဝန်ကျလာရင်လဲ ဘာမှစိတ်အားမငယ်နဲ့ သိလား၊ ညီမတို့နဲ့ ဆက်သွယ်လိုက်၊လိုတဲ့အကူအညီတွေပေးမယ်နော်"

"ဟုတ်ကဲ့"

"ဟုတ်ကဲ့ပါ၊ ကျေးဇူးတင်ရပါတယ်ရှင်"

"ကဲ ကိုငွေးမြင့်၊ ကိုဇော်ဝင်းနဲ့ ကိုစောလွင်တို့ ကျွန်မတို့ သင်္ဘောပေါ်တက်နှင့်တော့မယ်နော်၊ ကျွန်မတို့ အုပ်ချုပ်သူက လှမ်းအချက်ပြနေပြီ"

သဲကုန်း ဆရာအတတ်သင်မှ ဆရာမလောင်းများက နှုတ်ဆက်ထွက်ခွာနှင့်သည်။

ဦးကြာဖူးနှင့် ဒေါ်သိမ်းမယ်တို့ ဦးဆောင်သော တာဦးကျောင်းစာသင်သား ဦးကြီး၊ ဦးလေးများအဖွဲ့ အနားရောက်လာကြသည်။ အားလုံးမှာ မျက်နှာ မကောင်းကြ။

"ဆရာမလေးတို့ကို လာနှုတ်ဆက်ရင်း လမ်းမှာစားသွားဖို့ မုန့်လေးလာပို့တာပါ"

တုန်ရီသောလေသံနှင့် ဒေါ်သိမ်းမယ်က ပြောရင်း တဒံရွက်နှင့်ထုပ်ထားသော ကောက်ကြမ်းမလွှကြီးမုန့်ထုပ်များကိုပေးသည်။ ရွှေမန်းသူဆရာမလေး သုံးယောက်တို့မှာ ဟန်ပင်မဆောင်နိုင်ကြ၊ မျက်ရည်များ ပိုးပိုးပေါက်ပေါက် ကျလာရင်း . . .

"အမေရယ်" ဟုသာ မြည်တမ်းနိုင်ကြရှာလေသည်။



www.burmeseclassic.com

www.burmeseclassic.com

"ဆရာမလေးတို့ ဟင့် ဟင့်၊ တို ...ရောက်ရင် စာရေးလိုက်ကြပါနော်၊ ...တို့ ကြိုးစားပြီး စာရေးမယ် သိ ... မသိတာရှိရင် ဒီကဆရာလေးတို့ ...မေးစမ်းပြီး ရေးမယ်နော်"

ရွှေမန်းသူ သုံးယောက်၏ စာ ...ဝိုင်းမှ စာသင်သားများကလည်း ...ယောက်တစ်ခွန်း ဝင်ပြောကြသည်။ ...ဆက်ကြသည်။ မှာကြလေသည်။ ...မ်းသယ်ကြသည်။

ဦးကြာဖူးကလည်း . . .

"ကျုပ်ကတော့ တစ်ကိုယ်တည်း ...အားဆိုတော့ မုန့်ပဲသရေစာ လုပ် ...တတ်ဘူးဗျာ၊ ဒီက ဆရာမလေး ...တို့ အမှတ်တရပေးချင်လွန်းလို့ ကျုပ် ...တဲ့ လက်သမားပညာနဲ့ သစ်သား ...လေးတွေကို ပိတောက်သားနဲ့လုပ် ...ပေးပါရစေ"

"အို. . ဘကြီးရယ် ကျေးဇူးတင် ...တာ"

"ဟယ်. . . နာမည်လေးတွေ ပါ ...သားတာပဲ"

"ဟုတ်ပ့ါ ဘကြီးရယ်၊ သပ်ရပ် ...တာ"

ဆရာမလေးများမှာ အငိုမျက် ...ဖြင့် ဟန်ဆောင်အားတင်းပြုံးရင်း ...ပြရှာကြပါသည်။

အသီးသီး အုပ်စုလိုက် အုပ်စု ... အပြန်အလှန် နှုတ်ဆက်စကား ... ပြောကြားနေကြစဉ်. . .

"ကမ်းပေါ်မှာ ရှိနေကြသေး ... လုပ်အားပေး ရဲဘော်အပေါင်းတို့ .... . . သင်္ဘောထွက်တော့မှာမို့ ...ပေါ်တက်ရောက် နေရာယူပေး ... မေတ္တာရပ်ခံအပ်ပါတယ်ခင်ဗျာ"

ရွှေမန်းသူ သုံးယောက်က မြေ ...ပေါ်တွင် ကျုံ့ကျုံ့လေးတွေ ထိုင်ချ ... . . .

"အဘတို့ အမေတို့ကို သမီးတို့ ...တော့ခဲ့ပါတယ်ရှင် အဟင့် ဟင့်"

ဦးကြီး ဒေါ်ကြီးများမှာလည်း ...ည်လေးတွေ တစမ်းစမ်း တရှုံ့ရှုံ့။

"သာဓု သာဓု သာဓု၊ ဆရာမလေးတွေ ခလုတ်မထိ ဆူးမငြိ၊ ကျန်းမာချမ်းသာကြပါစေ"

အားလုံးက တစ်ယောက်တစ်ပေါက် ဆုတွေပေးကြသည်။ ပြီးတော့မှ ရွှေမန်းသူသုံးယောက်မှာ လည်ပြန်တကြည့်ကြည့်ဖြင့်ကြည့်ရင်း သင်္ဘောပေါ် တက်သွားကြတော့သည်။

တိမ်တမန် နှစ်ထပ်သင်္ဘောကြီးပေါ်တွင် ရောက်ရှိပြီးနေကြသော လုပ်အားပေးများမှာ ဆိပ်ကမ်းဘက်အခြမ်းသို့ စုပြုံနေရာယူပြီး အော်ဟစ်နှုတ်ဆက်နေကြသောကြောင့် တိမ်တမန်ကြီးမှာ ဆိပ်ကမ်းဘက်သို့ စောင်းစောင်းကြီးဖြစ်နေပေတော့သည်။

"သင်္ဘောပေါ် ရောက်ရှိနေကြသော လုပ်အားပေးရဲဘော်အပေါင်းတို့ခင်ဗျာ၊ သင်္ဘောကြီး တအားစောင်းနေပါတယ်၊ ကိုယ့်နေရာမှာပဲ ကိုယ်နေကြဖို့မေတ္တာရပ်ခံပါတယ်ခင်ဗျာ၊ တစ်ဖက်ခြမ်းမှာ နေရာယူထားသော လုပ်အားပေး ရဲဘော်များလဲ လက်ပြနှုတ်ဆက်နိုင်အောင် သင်္ဘောထွက်ခွာရင် တစ်ပတ်လှည့်ပေးပ့ါမယ်ခင်ဗျာ"

ဒီတော့မှ သင်္ဘောကြီး ပြန်မတ်သွားတော့သည်။

ဒေသခံ လုပ်အားပေး ရဲဘော်များ၏ခေါင်းဆောင် ရဲဘော် အုန်းသိန်းခေါ် ရဲဘော်အတာကြီးက စောလွင်တို့အုပ်စုကို လက်ယပ်ပြီး လှမ်းခေါ်နေသည်မို့ ပြန်ကြားရေး အသံချဲ့စက်ထားရာ သရက်ပင်ကြီးအောက်သို့ သွားလိုက်ကြသည်။

ရဲဘော်အုန်းသိန်းနှင့် ခေါင်းချင်းဆိုင်ကြပြီး ရဲဘော်အုန်းသိန်းက တိုင်သံပေးလိုက်သည်။

"စေတနာရှင် လုပ်အားပေး ရဲဘော်များ လာလမ်းသာ၍ ပြန်လမ်းသာကြပါစေ"

"ကျန်းမာပါစေ၊ ချမ်းသာပါစေ"

စောလွင်တို့က ကမ်းပေါ်မှ သုံးကြိမ် သုံးခါ မေတ္တာပို့ပေးကြသည်။

စောလွင်တို့အဖွဲ့က ကမ်းပေါ်မှ မေတ္တာပို့ပေးအပြီးတွင် သင်္ဘောပေါ်ရှိ အသံချဲ့စက်မှ . .

"စေတနာကောင်းသော မြို့သာပေါင်းမှ မိဘပြည်သူများ စီးပွားဥစ္စာ တိုးပွား၍ ကျန်းမာပါစေ ချမ်းသာပါစေ"ဟုတုံ့ပြန်မေတ္တာ ပို့ကြလေသည်။

"ဘော် . . . ဘော်. . . ဘော်"

တိမ်တမန်က ထွက်ခွာတော့မည့် သင်္ကေတ ဥသြသံရှည်သုံးချက်ဆွဲ၍ ကမ်းက ခွာလေပြီ။

မဌေးကြည်၊ မဌေးမြင့်၊ မြင့်မြင့်အေးတို့ကလည်း စောလွင်တို့အုပ်စုနေရာသို့ လှမ်းကြည့်ပြီး လက်ကိုင်ပဝါလေးများဖြင့် ဝှေ့ယမ်းပြကြသည်။ စောလွင်တို့ သုံးယောက်ကလည်း ရွှေမန်းသူသုံးဦးတို့ လက်ဆောင်ပေးထားသော ပါကင်ပိတ်အော်တိုစာအုပ်လေးများဖြင့် မြင်သာအောင် ဝှေ့ယမ်းပြကြသည်။ ပြီးတော့ သုံးဦးသား အော်တိုစာအုပ်လေးများကို ပြိုင်တူပင် ဖောက်ဖတ်ကြည့်လိုက်ကြသည်။

သုံးယောက်စလုံး၏ စာအုပ်တွေထဲတွင် ပါရှိသော စာသားများမှာ အတူတူပင်ဖြစ်၍ လက်ရေးများသာ ကွာခြားကြလေသည်။ စောလွင်၏ လက်ထဲတွင် တန့်ဆည်သူ မဌေးကြည်၏ စာအုပ်၊ ကိုဌေးမြင့်၏ လက်ထဲတွင် ရွှေမန်းသူ မြင့်မြင့်အေး၏ စာအုပ်၊ ကိုဇော်ဝင်း၏ လက်ထဲတွင် ရွှေဘိုသူ မဌေးမြင့်၏ စာအုပ်။ စောလွင်၏ စာအုပ်ထဲတွင်. .

ကိုစောလွင်

*ကျွန်မတို့ နှုတ်ဆက်ခဲ့ပါတယ်။ ကျွန်မတို့ရဲ့ဘဝမှာ ဘယ်လိုမှ မေ့မရနိုင်တော့မယ့် နွေကဗျာ အိပ်မက်ကမ္ဘာလေးထဲက တစ်ရေးနိုးခဲ့ရသလိုပါပဲ။*

*အသုံးလုံး လုပ်အားပေးလိုက်ဖို့ စာရင်းပေးတော့ မကြားဖူးတဲ့မြို့ သာပေါင်းတဲ့။ ဒါပေမယ့် အတွေ့အကြုံရအောင်ဆိုပြီး ဒေသန္တရဗဟုသုတ အလို့ငှာ ကျွန်မတို့ တစ်ယောက်ကို ငွေသုံးရာစီ ထည့်ဝင်ပြီး လိုက်ခဲ့ရတာပါ။*



www.burmeseclassic.com

www.burmeseclassic.com

ဒါရိုက်တာ ဦးသုခရဲ့ "ဘယ်သူ ဖြိုင်လို့ လှပါတော့နိုင်" ရုပ်ရှင်ကားကြီးကို ကြည့်ပြီးကတည်းက ကျွန်မတို့ လုပ်အားပေးသင်ဖို့ စိတ်အားထက်သန်နေခဲ့ကြတာပါ။ အဲဒီရုပ်ရှင်ကားထဲက လူကြမ်းမင်းသားကြီး အံ့ကျော်က ထန်းလျက်တောင်းလေးကိုသယ်ပြီး ဆရာမလေးတွေရဲ့ လှည်းနောက်က လိုက်တဲ့အခန်းကိုကြည့်ပြီး ကျွန်မတို့ရင်ထဲ ဘယ်လိုဖြစ်သွားမှန်းမသိအောင် ခံစားခဲ့ရပါတယ်။ လှည်းနောက်မြီးလေးကိုဆွဲပြီး ပါလာတဲ့ အံ့ကျော်ကြီးကလည်း မျက်ရည်တွေကျ၊ လှည်းပေါ်က ဆရာမလေးတွေကလည်း မျက်ရည်တွေကျ၊ မပြောရက် ပြောရက်နဲ့ ကျန်ရစ်ခဲ့ဖို့ ပြန်ပါတော့လို့ ငိုရှိုက်သံလေးတွေနဲ့ ပြောနေရတဲ့ ဆရာမလေးတွေရဲ့အသံကြောင့် လှည်းလမ်းပေါ်မှာ ငူငူကြီးရပ်ကျန်နေခဲ့ရတဲ့ အံ့ကျော်ကြီးရဲ့ သရုပ်ဆောင်ချက်တွေ၊ အဲဒီအခန်းတစ်ခန်းလုံး ပီပြင်အားကြီးလို့ ကျွန်မတို့တစ်တွေလည်း ရုပ်ရှင်ရုံထဲမှာ မျက်ရည်ကျပြီး သနားခဲ့ရပါတယ်။

အခုတော့ ဒီအတွေ့အကြုံတွေကို ကျွန်မတို့ကိုယ်တိုင် ကြုံတွေ့နေရပါပြီ။ ရုပ်ရှင်မဟုတ်သော ပြင်ပဘဝမှာ ကျွန်မတို့ မျက်ရည်ကျနေရပါပြီ။

ရက်ပေါင်းများစွာ မောင်ရင်းနှမများပမာ ကူညီစောင့်ရှောက် ခင်မင်ခဲ့ကြတဲ့ ကိုစောလွင်တို့ သူငယ်ချင်း သုံးယောက်ကို ကျေးဇူးတင်စွာနဲ့ အမြဲတမ်းအမှတ်ရနေမယ်ဆိုတာ ယုံပါ။ ရန်ကုန်ကနေ စထွက်တော့ သင်္ဘောပေါ်မှာ ဆုံကြရတဲ့ လုပ်အားပေးအချင်းချင်းတွေ ပြောကြလို့ နားရည်မဝသေးတဲ့ ဝေါဟာရလေးတစ်ခုကို ကြားဖူးခဲ့ရပါတယ်။

"သာပေါင်းညာစား"တဲ့။ သာပေါင်းသားတွေကို သတိထားတဲ့။ သာပေါင်းသားတွေဟာ ညာစားတတ်တယ်တဲ့။ စသဖြင့်ပေါ့။ အပြောင်အပြက်ဝေါဟာရလေးတွေကို စတင်ရင်းနှီးခဲ့ရပါတယ်။

အခုတော့ ကျွန်မတို့သိပြီ။ သေသေချာချာကို သိလိုက်ပါပြီ။ ကိုစောလွင်တို့ သာပေါင်းသားတွေကို "သာပေါင်းညာစား" လို့ ပြောလာသူတွေနဲ့ဆုံမိရင် ကျွန်မတို့အားလုံး ကောင်းကောင်းကြီး ထုချေရှင်းလင်းပေးသွားမှာပါ။ ကာကွယ်ပြီး ပြောပေးမှာပါ။ ပြောပြနိုင်လောက်တဲ့ သမိုင်းကြောင်းအချက်အလက်တွေလည်း ကျွန်မတို့ သိခဲ့ရပြီးပြီလေ။ အဲဒီတော့ ကျွန်မတို့အားလုံးက ပေးချင်တဲ့ ဝေါဟာရလေးကတော့ . . . "စေတနာကောင်းတဲ့ မြို့သာပေါင်း" ပါလို့။

မဒွေးကြည်၊ အခန်း (၄၃)၊
ရွှေမန်းဆောင်၊ မန္တလေးဝိဇ္ဇာနှင့်
သိပ္ပံတက္ကသိုလ်၊ မန္တလေးမြို့။

စောလွင်၊ ဇော်ဝင်းနှင့် ဌေးမြင့်တို့ သူငယ်ချင်းသုံးယောက် အော်တိုစာအုပ်လေးထဲမှ စာသားလေးများကို ဖတ်ပြီးကြပြီးနောက် အချင်းချင်းကြည့်လိုက်ကြရင်း ကျေနပ်စွာပြုံးမိလိုက်ကြပါတော့သည်။ ပြီးတော့ အော်တိုစာအုပ်လေးများကို ဖွင့်လျက်သား ကိုင်မြှောက်၍ ရွှေမန်းသူများ မြင်သာအောင် ဝမ်းသာအားရ ဝှေ့ယမ်း ပြမိကြလေတော့သတည်း။

☆☆☆

ဖြစ်ရပ်မှန်သမိုင်းကြောင်း တစ်ခုနှင့် ၁၉၈၁ ခုနှစ် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ်က ဆောင်ရွက်ခဲ့သော မြို့နယ်လုံးကျွတ် စာမတတ်သူပပျောက်ရေး စီမံကိန်းကြီးကို ပေါင်းစပ်ဖွဲ့နွဲ့ပြီး တင်ပြထားခြင်းသာဖြစ်ပါသည်။ ဖြစ်ရပ်မှန်တစ်ခုဖြစ်သလို အမည်နာမများကိုလည်း အရင်းအတိုင်းပင် ထည့်သွင်း ဖော်ပြထားပါသည်။ ဤစီမံကိန်းကြီးတွင် ပါဝင်ခဲ့ကြသူ စေတနာရှင် လုပ်အားပေးများ ဖတ်မိကြလျှင် ဝမ်းမြောက်ပီတိ ခံစားစေလို၍ ဖြစ်ပါသည်။

ကျွန်တော်တို့ သာပေါင်းမြို့နယ် အသုံးလုံးစီမံကိန်းကြီးသို့ စေတနာဆန္ဒအလျောက် လာရောက်လုပ်အားပေးခဲ့ကြသော မန္တလေးဝိဇ္ဇာသိပ္ပံကတက္ကသိုလ် ကျောင်းသား၊ ကျောင်းသူများ၊ သဲကုန်းဆရာအတတ်သင်မှ သင်တန်းသားသင်တန်းသူများ၊ အင်းစိန် ဂျီတီအိုင်ကျောင်းသား၊ ကျောင်းသူများကို အောက်မေ့စွာ ကျေးဇူးတင်ရင်း ဂုဏ်ပြုရေးဖွဲ့လိုက်ပါသည်။

ဝတ္ထုအသွင် ရေးသားထားခြင်းဖြစ်၍ ဆီလျော်အောင်လည်း ပြုပြင်ပါသည်။ ထို့ထက်မက သာပေါင်းမြို့နယ် ရိုးမအနောက်ခြမ်းဒေသရှိ သစ်ဖြူကျေးရွာတွင် လုပ်အားပေးရင်း ငှက်ဖျားရောဂါဖြင့် ကွယ်လွန်သွားခဲ့ရရှာသော သဲကုန်း ဆရာအတတ်သင်မှ ဆရာဦးသောင်းဝင်းအားလည်း မမေ့မလျော့ သတိရနေပါကြောင်းကိုလည်း ဖော်ပြလိုပါသည်။

ထိုစဉ်က ဆရာဦးသောင်းဝင်း၏ ရျာပနကို ပုသိမ်တိုင်းကောင်စီမှ ကြီးကြပ်စီစဉ်ပေးပြီး စွန်းလွန်းဓမ္မာရုံတွင် ရျာပနာအခမ်းအနားကို ကျင်းပပေးခဲ့ပါသည်။ ကျန်ရစ်သူ ဇနီးနှင့် မိသားစုတို့အားလည်း အားပေးနှစ်သိမ့် ကူညီမှုများကို တိုင်းအဆင့်၊ မြို့နယ်အဆင့်များမှ စုပေါင်းဆောင်ရွက်ပေးခဲ့ပါကြောင်းကိုလည်း သတိတရ ဖော်ပြလိုက်ရပါသည်။

နိဂုံးချုပ်အနေဖြင့် မြို့နယ်လုံးကျွတ် စာမတတ်သူပပျောက်ရေး လုပ်အားပေးပွဲကြီးတွင် ဖြူစင်သောစေတနာဖြင့် လာရောက်လုပ်အားပေးကြသော ရပ်ဝေးလုပ်အားပေးများ၊ ဒေသခံလုပ်အားပေးများ၊ စာသင်သား မိဘပြည်သူများသည် တစ်ဦးနှင့်တစ်ဦး မေတ္တာရောင်ပြန်ဟပ်ကြကာ ကူညီဖေးမကျွေးမွေးစောင့်ရှောက်ကြရင်း နွေကဗျာအိပ်မက်ကမ္ဘာထဲက ဘော်ငွေရောင်ပုလဲပန်းများသဖွယ် ကျွန်တော် တင်စားလိုက်ရပါသည်။

**❒ ကိုကြီးစော(သာပေါင်း)**


စာကိုး - ပုသိမ်ရာဇဝင် (ဦးမာယ)၊ ရေကြည်ဦးဘုရားမှ ကျောက်စာ၊ ဝိသေသမြန်မာ (မောင်ကြည်သန်း)၊ တပ်မတော်သမိုင်း။





www.burmeseclassic.com

www.burmeseclassic.com




# နတ်ပြည်သွားဗီဇာ

အောင်မိုးဝါ၊ ဓမ္မာစရိယ၊ (DipAgriSc)

မိမိတို့နေထိုင်ရာ မြန်မာနိုင်ငံမှ ပြည်ပနိုင်ငံသို့ သွားရောက်တော့မည် ဆိုလျှင် မိမိသွားရောက်လိုသော နိုင်ငံတွင် တရားဝင်နေထိုင်ခွင့်၊ တရားဝင် အလုပ်လုပ်ကိုင်ခွင့်၊ လေ့လာရေးခရီး နှင့် ဈေးဝယ်လည်ပတ်ခွင့်၊ ဆေးကုသ နှင့် စသည့် တရားဝင် ခွင့်ပြုချက်ရရှိရန် အတွက် ပတ်စ်ပို့စ်ဗီဇာများ ပြုလုပ်ကြ ရ၏။

တရားဝင်ခွင့်ပြုချက် ဗီဇာရရှိမှ သာလျှင် နိုင်ငံခြားတိုင်းပြည်တွင် အေး ချမ်းစွာနေထိုင် အလုပ်လုပ်နိုင်ပြီး သွား ရောက်လည်ပတ်လျှင်လည်း လွတ်လပ် စွာ လည်ပတ်နိုင်မည် ဖြစ်ပေသည်။

ယနေ့ခေတ် ကာလတွင် နိုင်ငံ ခြားသွားရောက်ရန်အတွက် ဗီဇာအမျိုး မျိုးပြုလုပ်ကြ၏။ အချို့က အလုပ် လုပ်ကိုင်ရန် ကျောင်းတက် ပညာသင်ကြားရန်နှင့် တချို့ကတော့ အလည်အပတ် ဈေးဝယ်ထွက်ရန်၊ ကျန်းမာရေးအတွက် ဆေးကုသရန်၊ ဗုဒ္ဓဂယာဘုရားဖူးသွားရန် စသည်တို့ ဖြစ်၏။

ယင်းသို့သော ဗီဇာအမျိုးမျိုးတို့ တွင် ဗုဒ္ဓဂယာဘုရားဖူးသွားခွင့် ဗီဇာ သည် တစ်နည်းအားဖြင့် ဗုဒ္ဓဂယာ သံဝေဇနီယ (၄)ဌာနသို့ ဘုရားဖူးသွား ခြင်းသည် နတ်ပြည်သွား ဗီဇာကို ရရှိခြင်းဟု တင်စားခေါ်ဆိုမည် ဆိုပါက ခေါ်ဆိုနိုင်၏။

အဘယ်ကြောင့်နည်းဟု မေး လတ်သော် မြတ်စွာဘုရားရှင်သည် မဟာပရိနိဗ္ဗာနသုတ် ပါဠိတော်၌. .

"ချစ်သားအာနန္ဒာ၊ ငါဘုရားရှင် ပရိနိဗ္ဗာန်ပြုပြီး နောင်အခါကာလတွင် သဒ္ဓါတရားထက်သန်ကြသော ရဟန်း ရဟန်းမ၊ လူပုဂ္ဂိုလ် ဒါယကာ ဒါယိကာမ တို့သည် ငါဘုရားရှင် မွေးဖွားရာအရပ် လုမ္ဗိနီဌာန၊ ဘုရားအဖြစ်သို့ ရောက်

www.burmeseclassic.com

တော်မူသော ဗောဓိပင်ရှိရာ မဟာဗောဓိဌာန၊ တရားဦး ဓမ္မစကြာတရားဟောကြားရာ မိဂဒါဝုန်ဌာန၊ ငါ ဘုရားရှင်ပရိနိဗ္ဗာန်စံဝင်၍ ခန္ဓာဝန်ချရာ အရပ်ဖြစ်သော ကုသိနာရုံဌာနတို့သို့ ဘုရားဖူးလာရောက်ကြပေလိမ့်မည်။

ယင်းသံဝေဇနိယ (၄)ဌာန၌ရှိသော စေတီပုထိုးများနှင့် အထိမ်းအမှတ် နေရာတို့အား ကြည်ညိုသဒ္ဓါစိတ်ဖြင့် ဖူးမြော်ပူဇော် ရှိခိုးကြကုန်သော ပုဂ္ဂိုလ်တို့သည် တစ်နည်းအားဖြင့် ဗုဒ္ဓဂယာ ဘုရားဖူးသူတို့သည် နတ်ရွာသုဂတိဘုံသို့ ရောက်ရှိကြကုန်လတ္တံ့”ဟု အရှင်အာနန္ဒာအား မြတ်စွာဘုရားရှင်သည် ဟောကြားတော်မူခဲ့ပေ၏။

အရှင်အာနန္ဒာအား ဘုရားရှင်ဟောကြားတော်မူခဲ့သည့်အတိုင်းပင် ဘုရားရှင် ပရိနိဗ္ဗာန်စံဝင်ပြီးသည့်နောက်ပိုင်းမှစ၍ ယနေ့ခေတ်ကာလတိုင်အောင် ဗုဒ္ဓရဟန်းရှင်လူ အပေါင်းတို့သည် ဗုဒ္ဓဂယာ သံဝေဇနိယဌာနများသို့ သွားရောက်ကြည်ညိုကာ ဘုရားရှင်၏ ကိုယ်စားဖြစ်သော စေတီပုထိုးများ၊ ဆင်းတု ရုပ်ပွားတော်များနှင့် အထိမ်းအမှတ်နေရာတို့ကို ဖူးမြော်ကြည်ညို ပူဇော်လျက်ရှိကြပေသည်။

ဘုရားရှင် ပွင့်ထွန်းပေါ်ပေါက်ရန်သည် အလွန်ခဲယဉ်း၏။ ဘုရားရှင်ပွင့်ထွန်းပေါ်ပေါက်တော်မူမှသာဖူးမြော်ကြည်ညိုပူဇော်ခွင့်ရသော သံဝေဇနိယဌာနများနှင့် ဘုရားရှင်တိုင်း မစွန့်သောအဝိဇဟိတဌာန(၄)ဌာနတို့သည်ဖူးမြော်ကြည်ညို ပူဇော်ထိုက်သော နေရာထူးနေရာမြတ်များ ဖြစ်ပေသည်။

ဗုဒ္ဓဂယာသံဝေဇနိယ (၄)ဌာနနှင့် အဝိဇဟိတ (၄)ဌာနတို့သည် ကံထူးသူ ဘုန်းကံပါရမီကြီးမားသူများသာ ဖူးမြော်ကြည်ညို သဒ္ဓါပွားခွင့် ပီတိဖြစ်ခွင့်ရရှိကြ၏။

ငွေကြေးချမ်းသာမှုနှင့် မဆိုင်ပေ။ အချို့ငွေကြေးချမ်းသာသော ဗုဒ္ဓဘာသာဝင်ဖြစ်သော်လည်း အကြောင်းအမျိုးမျိုးကြောင့် ဗုဒ္ဓဂယာသို့ ဘုရားဖူးသွားရောက်၍ ကြည်ညိုသဒ္ဓါပွား ပူဇော်ခွင့် ကံမပါကြသူလည်း ရှိပေ၏။

စာရေးသူ၏ အသိမိတ်ဆွေတစ်ယောက်ဆိုလျှင် သူ အလုပ်လုပ်သောကုမ္ပဏီ၏အစီအစဉ်ဖြင့် ဗုဒ္ဓဂယာဘုရားဖူးသွားရန်အတွက် လေယာဉ်လက်မှတ် ဗီဇာကအစ စီစဉ်ပြီး ဘုရားဖူးသွားရာတွင် ယူဆောင်မည့် အဝတ်အစားများ အကြော်အလှော်များကအစအအားလုံး စီစဉ်ထားပြီး ဘုရားဖူးသွားမည့်နေ့ နံနက်ပိုင်းတွင် ကုမ္ပဏီစုရပ်သို့မထွက်ခွာမီ ကပျာကသီရေချိုးခန်းဝင်၍ ရေချိုးလေရာ ချော်လဲပြီး လက်ကျိုးကာ ခါးနာသွားသည့်အတွက် ဗုဒ္ဓဂယာသို့ ဘုရားဖူး မလိုက်ဖြစ်တော့ပေ။

ဗုဒ္ဓဂယာဘုရားဖူး သွားရခြင်းသည် ကံထူးသူ၊ ဘုန်းကံပါရမီရှိသူများသာ ဘုရားဖူးကြည်ညိုခွင့်ရသည့် နေရာထူးနေရာမြတ် ဖြစ်ပေသည်။

ယင်းသို့ ဘုန်းကြီးမားသူ ကံထူးသူများသာ ဖူးမြော်ကြည်ညိုပူဇော်ခွင့်ရသည့် ဗုဒ္ဓဂယာသို့ ရှေးခေတ်ကာလမှစ၍ ယနေ့ခေတ်ကာလတိုင်အောင် ရဟန်းတော်များ၊ လူပုဂ္ဂိုလ်များ ဘုရားဖူးသွားရောက်ကြရာတွင် အိန္ဒိယပြည်ရှိ ရဟန်းတော်များလည်း အပါအဝင်ဖြစ်သည်။

လွန်ခဲ့သော နှစ်ပေါင်းကြာညောင်းခဲ့သည့် ကာလတုန်းက အိန္ဒိယရှိ ပြည်နယ်တစ်ခု၏ တောကျောင်းနေရဟန်းတို့သည် တစ်စုတစ်ဝေးတည်းစုပေါင်းလျက် ဘုရားရှင်ပွင့်ထွန်းတော်မူခဲ့သော မဟာဗောဓိပင်တည်ရှိရာ ဗုဒ္ဓဂယာသို့ ဘုရားဖူးထွက်လာခဲ့ကြရာတွင် ရွာငယ်လေး တစ်ရွာသို့ ရောက်ရှိပြီး ထိုရွာဦးထိပ်ရှိ ဇရပ်ပေါ်၌ ခရီးတစ်ထောက်နား၍ အနားယူအပန်းဖြေနေကြ၏။

ထိုအချိန်တွင် ရွာငယ်လေး၌နေထိုင်သောအမျိုးသမီးငယ်တစ်ယောက်သည် ဇရပ်ပေါ်၌ ရဟန်းအများအပြားနားခိုအပန်းဖြေနေသည်ကို တွေ့မြင်ရသောကြောင့် ရဟန်းတော်များအား ရှိခိုးဦးချကန်တော့ပြီး . . .

“အရှင်ဘုရားတို့သည် အဘယ်အရပ်ဒေသက ကြွရောက်လာကြသနည်း ဘုရား”

“အရှင်ဘုရားတို့သည် ဤဇရပ်ပေါ်တွင် အနားယူ အပန်းဖြေပြီးလျှင် အဘယ်အရပ်ဒေသသို့ ခရီးဆက်လက်ကြွကြမည်နည်း” ဘုရားဟု မေးမြန်းလျှောက်ထားလေ၏။

ထိုအခါ ခရီးသွား ရဟန်းတို့က ဘုရားရှင်ပွင့်ထွန်းတော်မူခဲ့သည့် ဗုဒ္ဓဂယာအရပ်ရှိ မဟာဗောဓိဂယာသို့ ဘုရား ဖူးသွားရောက်မည် ဖြစ်ကြောင်း ပြန်လည်ဖြေကြား ပြောပြသောအခါတွင် ရွာငယ်သူ အမျိုးသမီးလေးသည် ဆင်းရဲ နွမ်းပါးသူ ဖြစ်သော်လည်း သဒ္ဓါတရားထက်သန်သူဖြစ်သောကြောင့် မိမိ၏ တစ်ခုတည်းသာရှိသော အပေါ်ခြုံ ဆာရီအဝတ်လေးကို မဟာဗောဓိပင်အား လှူဒါန်းပေးပါရန် လျှောက်ထားပြီး ဘုရားဖူး ရဟန်းသံဃာတို့အား လှူဒါန်းလိုက်လေတော့၏။

ဘုရားဖူးမည့် ရဟန်းတို့ကလည်း လှူဒါန်းပေးမည် ဖြစ်ကြောင်း ကတိစကား လက်ခံပြောကြားပြီး ခရီးဆက်ကြလေတော့၏။

ထိုနေ့ညပိုင်းမှာပင် အမျိုးသမီးလေးသည် ရုတ်တရက် သေဆုံးကွယ်လွန်လေ၏။ အမျိုးသမီးလေးသည် သေဆုံးကွယ်လွန်ခါနီးအချိန်တွင် မိမိ သဒ္ဓါတရား ထက်သန်စွာဖြင့် မဟာဗောဓိပင်အား အပေါ်ရုံအဝတ်ပိုင်း ပေးလှူဒါန်းလိုက်ရပုံကို အောက်မေ့အမှတ်ရကာ သေဆုံးကွယ်လွန်သောကြောင့် ဗုဒ္ဓဂယာသို့ သွားရာ လမ်းခုလတ်ရှိ တောအုပ်အတွင်း၌ ဘုမ္မစိုး နတ်သမီးလေး ဖြစ်နေရှာ၏။

ဗုဒ္ဓဂယာသို့ ဘုရားဖူးသွားသော ရဟန်းတော်တို့က မဟာဗောဓိပင်သို့ မရောက်သေးပေ။



www.burmeseclassic.com

www.burmeseclassic.com

ထိုဘုမ္မစိုးနတ်သမီးလေး နေ ...ဘ တောအုပ်အရပ်သို့ အရောက် ... နတ်သမီးလေးသည် ကိုယ်ထင်ပြ ... ဘုရားဖူးရဟန်းတော်တို့အား မိမိ ...အကြောင်းကို အံကြောင်းစုံ လျှောက် ...ပြီး မိမိအား ရဟန်းတော်တို့နှင့် ...တူ ဗုဒ္ဓဂယာ မဟာဗောဓိပင်အရပ်သို့ ...ရားဖူး အတူ လိုက်ပါခွင့်ပြုပါရန် ...ျှောက်ထားပြီး နတ်ဩဇာအရှိန်း ဆက် ...လျှာဒါန်းလေ၏။

ဘုမ္မစိုး နတ်သမီးလေးသည် ...ရားဖူး ရဟန်းတော်တို့နှင့်အတူ ဗုဒ္ဓ... မဟာဗောဓိပင် အရပ်ဌာနသို့ ...ရားဖူး လိုက်ပါခဲ့လေတော့၏။

ဗုဒ္ဓဂယာ မဟာဗောဓိပင်သို့ ...တ်သောအခါဝယ် မဟာဗောဓိပင် ...န်းနံ့သာ၊ ဆီမီး၊ ရေချမ်း၊ ဆွမ်း၊ ... တံခွန်၊ ကုက္ကားတို့ကို ဆက်ကပ် ...န်းလေ၏။ ဘုမ္မစိုးနတ်သမီးလေး ... သဒ္ဓါတရား ထက်သန်မှုကြောင့် ...စိုးနတ်သမီးလေးဘဝမှ တစ်ဆင့် ...၍ တာဝတိံသာနတ်ပြည်၌ နတ်ဘုံ ...နှင့်တကွ အလုပ်အကျွေးနတ်သမီး ...အရံများစွာတို့ဖြင့် အထက်အထက် ...သော နတ်စည်းစိမ်ကို ရရှိခံစား ...တော့သည်။

ထို့ကြောင့် ဗုဒ္ဓဂယာသံဝေဇနိယ ...ရားသို့ ဘုရားဖူးသွားရခြင်းသည် ...နည်းအားဖြင့် ဗုဒ္ဓဂယာဘုရားဖူး ...နှင့် ဗိဇာရရှိခြင်းသည် နတ်ပြည် ...ဗီဇာ ရရှိခြင်းဖြစ်ကြောင်းကို ဇမ္ဗူဒီ ...တထာ မဓုရ ရသဝါဟိနီ ကျမ်းမှ ...သေခံလျက် ရှိပေသည်။

ဗုဒ္ဓဂယာ သံဝေဇနိယလေးဌာန ...တူ ဘုရားရှင်တိုင်း မစွန့်အပ်သော ...ဇိတလေးဌာနလည်း ရှိပေ၏။

၁။ ...ဒ္ဓဂယာ- မဟာဗောဓိပင် အရပ်ရှိ အပရာဇိတ ပလ္လင်တော်နေရာ ဌာန

၂။ ...သိပတန မိဂဒါဝုန်တော၌ ...ရားဦးဓမ္မစကြာ ဟောကြားရာ ဌာန

၃။ ဇေတဝန်ကျောင်းတိုက် ဂန္ဓကုဋိ ကျောင်းတော်အတွင်းရှိ မြတ်စွာ ဘုရားရှင်သီတင်းသုံးတော်မူသော ညောင်စောင်းတော်၏ အင်ခြေ လေးခုတို့၏ တည်နေရာဌာန၊

၄။ တာဝတိံသာနတ်ပြည်၌ အဘိဓမ္မာ တရားဟောကြားပြီး၍ လူ့ပြည် သက်ဆင်းတော်မူရာ၌ ဘုရားရှင် ၏စောင်း တန်းဦးဆိုက်တည်ရာ တွင် ပထမဦးဆုံး လက်ယာခြေ တော်ချရာ သင်္ကဿမြို့တံခါးဝ နေရာဌာနတို့ ဖြစ်၏။


ဂဂ်ီဝါင္ဂုသံစုမက ပွင့်တော်မူပြီး သော ခပ်သိမ်းသော ဘုရားရှင်တို့ မစွန့် လွှတ်အပ်သော နေရာဌာန ဖြစ်သော ကြောင့် အဝိဇဟိတ ဌာနဟု ခေါ်ဆို သည်။ ဘုရားရှင်တို့၏ ဘွဲ့အမည်သာ ပြောင်းမည်ဖြစ်သော်လည်း ထိုနေရာတို့ မပြောင်းလဲပေ။ ပလ္လင်တော်နေရာ၊ ဓမ္မ စကြာဟောကြားရာနေရာညောင်စောင်း ခြေလေးချောင်းတို့၏နေရာ၊ လက်ယာ ခြေတော်ချရာနေရာတို့က ပြောင်းလဲ မည် မဟုတ်ပေ။

ဘုရားရှင်တိုင်းကလည်း ဤ လေးဌာနတို့ကို စွန့်လွှတ်မည် မဟုတ် သောကြောင့် အဝိဇဟိတဟု ခေါ်ခြင်း ဖြစ်သည်။

ဘုရားရှင် ပွင့်ထွန်းပေါ် ပေါက်မှ သာဖြစ်တည်ကျန်ရှိသော သံဝေဇနိယ လေးဌာနနှင့် အဝိဇဟိတ လေး...နတို့သို့ ကိုယ်တိုင်ကိုယ်ကျ သွားရော ...ဖူးမြော် ပူဇော်ကာ ဘုရားရှင်၏ အတု ...ရှိသော ဂုဏ်တော်တို့ကို ကြည်ညို... ...ပွား ဆင်ခြင်နိုင်ခြင်း၊ ဘုရားရှင်တို့ ...ော်မှ သေခြင်းတရားကို မလွန်ဆန်နိုင်...ြင်း တို့ကို သတိသံဝေဂ ရယူနိုင်ခြင်းတို့သည် ကြည်ညိုအထူး သဒ္ဓါပွားကာ ကုသိုလ် ထူးပီတိ ဖြစ်ပွားရမှုကြောင့် ဗုဒ္ဓဂယာ ဘုရားဖူး သွားခွင့်ရခြင်းသည် နတ်ပြည် သွားဗီဇာ ရရှိခြင်းဖြစ်ကြောင်းကိုလည်း ဘုရား ဟောကျမ်းဂန်ဒေသနာအရပ်ရပ် တို့က သက်သေခံလျက် ရှိပေသည်။

**မြန်မာ...ပညာရှင်တို့ အငြ... အလာမှတ်သားခဲ့သော ဘုရား... သိဒ္ဓတ္ထမင်းသား၏ ဇာတာတော်... သုတေသီတို့ လေ့လာလိုပါက ... နိုင်ရန် ဗုဒ္ဓသာသနိက ပထ... ကူးယူဖော်ပြလိုက်ပါသည်။**

**ဘုရားလောင်းသိဒ္ဓတ္ထမင်းသား၏ ဇာတာတော်**




BURMESE CLASSIC .com

စဉ်နက္ခတ် ၁၅လုံး၊ ၃ပါဒ်၊ ၁၀ဗီဇနာ

ဘိုးတော် အဥ္စနမင်း၊ ဖြုံခွင်း ကြွင်းသက္ကရာဇ် ခြောက်ဆယ့်ရှစ်ခု ကဆုန်လပြည့် သောကြာနေ့မွန်းတည့် နှစ်ချက်တီးအချိန်၌ ဖွားမြင်တော်မူ သည်။

သိဟ်ရာသီမှ ရာဟုနှင့် လဂ်ဖူး လျက် ပြိစ္ဆာရာသီစန်း၊ ပြိဿရာသီမှာ ဒိနက်ရေနှင့် ဗုဒ္ဓဟူး သောကြာမေထုန် မှာ အင်္ဂါ၊ ကုမ်မှာ ကြာသပတေး၊ မိန် မှာ စနေ ဂြိုဟ်များရပ်တည်လျက်ရှိကြ သည်။ (မူရင်းအတိုင်း)

**❐ အရှင်မုနိတ**

ဓမ္မာစရိယ(Dip Agris)

**ကျမ်းအကိုးအကား**

ဗုဒ္ဓဝံသ အဋ္ဌကထာ၊ နှာ-၃၅၁ ဝိဠ ၄-၆၃၊ ဗုဒ္ဓဂယာဘုရားဖူး လမ်းညွှန်စာအုပ်များ၊ သမန္တစက္ခုဒီပနီ ကျမ်း





www.burmeseclassic.com

www.burmeseclassic.com



အသိတရားတွေ၊ အတွေးအခေါ်တွေ မရင့်ကျက်သေးတဲ့ မဆင့်၊ ဂါဝန်လှလှလေး ဝတ်ပြီး ကစားစရာ အရုပ်နဲ့ ကစားနေတဲ့ မဆင့်နဲ့ရွယ်တူ ကောင်မလေးကို သဘောကျခဲ့မိတာ အမှန်၊ အရုပ်တွေ အများကြီးနဲ့ ကစားနေတဲ့ ကောင်မလေးက မကြာခင်မှာ သူ့မေမေနဲ့အတူ အင်္ဂလန်ကား စီးပြီး ထွက်သွားတော့လည်း မဆင့် အားကျခဲ့မိပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com

မဆင့်၏ ပတ်ဝန်းကျင်မှာတော့ ကလေးတစ်ယောက် လူ့ဘဝရောက်အောင် မွေးဖွားရသည့် ဒုက္ခတွေက မလွယ်ကူကြောင်း ညည်းညူသံများက မကြာခဏ ကြားနေရသည်။ သူငယ်ချင်း အိမ်ထောင်သည်ဆရာမများကလည်း ကလေးကို တစ်ယောက်တည်းပဲ မွေးတော့မည်၊ နောက်ကလေးမယူချင်တော့ကြောင်းကို ပြောနေကြသူကများနေသည်။ မဆင့်က သူတို့ပြောသည့် စကားများကို မကျေနပ်သောကြောင့် ကလေးဆက်ယူဖို့ပြောလိုက်မိသည်။ မဆင့်ပြောလိုက်မိသည်က ခင်မေဇော်ဖြစ်သည်။

"ခင်မေဇော်ရယ် တစ်ယောက်တည်းမွေးတော့ တစ်ကောင်ကြွက်ဖြစ်မှာပေ့ါ၊ နင့်အရွယ်က ငယ်ပါသေးတယ်၊ သုံးယောက်လောက်တော့ မွေးပါဟယ်၊ နင့်မှာလည်း ငွေကြေးပြည့်စုံရက်နဲ့"

မဆင့်စကားကြောင့် နှုတ်ခမ်းနှစ်လွှာကို မဲ့ရွဲ့ပြီး ပြောလိုက်သူက ခင်မေဇော်။

BURMESE CLASSIC .com

"အပျိုကြီးကတော့ လုပ်ပြီ၊ ကလေးတစ်ယောက်မွေးရတဲ့ ဒုက္ခက လွယ်တာမှတ်နေ၊ တော်ပါပြီ၊ တစ်ယောက်တောင်မှ ကြောက်လွန်းလို့"

မဆင့်ရဲ့ အပေါင်းအသင်းတော်တော်များများကတော့ ကြောက်၍ လန့်၍ဟုဆိုကာ သားသမီး တစ်ယောက်တည်း မွေးထားသူတွေက များလှသည်။ မဆင့်၏ အပေါင်းအသင်းများသာမကပေ။ သားသမီးတွေများလွန်း၍ ဝမ်းမသာကြဘဲ တွေးပူမိသည့်အကြောင်းကိုသာ ပြောပြဖူးသည်။

မေမေ့မှာ သားသမီးတွေ မြောက်မြားစွာနှင့် စီးပွားရေးကျပ်တည်းမှုဒဏ်ကို ဖေဖေနှင့်အတူ ခါးစည်းခံခဲ့ရသည်။ မဆင့် ခြောက်လသမီးအရွယ်လောက်တွင် မေမေ၏ အမေ မွေးဖွားရာဇာတိမြေဖြစ်သော ငါန်းဇွန်မြို့ကို အလည်သွားခဲ့သည်။ မေမေနှင့် မောင်နှမတစ်ဝမ်းကွဲတော်သူ ဆွေးမျိုးလေးလေးသန်းကျော်အိမ်တွင် တည်းသည်။ မေမေနှင့် လေးလေးသန်းကျော်မှ မောင်နှမ တစ်ဝမ်းကွဲတော်စပ်သော်လည်း မောင်နှမအရင်းတမျှ ခင်မင်ရင်းနှီးချစ်ခင်ကြသည်။ မေမေ ငါန်းဇွန်မှာ ငါးရက်လောက်ကြာတော့ လေးလေးသန်းကျော်က ထူးဆန်းသော စကားကို ဆိုလာသည်။

"မမအေးကို ကျွန်တော် စကားအထူးပြောစရာရှိတယ်ဗျာ"

"အောင်မလေး မောင်ဖိုးကျော်ရယ်၊ မောင်နှမချင်းများ စကားပြောတာ အထူးအဆန်းလုပ်မနေပါနဲ့၊ ပြောစရာရှိတာ ပြောပါကွယ်"

လေးလေးသန်းကျော်ကို မေမေက စကားလမ်းဖွင့်ပေးသော်လည်း ပြောသင့်၊ မပြောသင့် တွေးဆနေပုံရသည်။ အတော်ကြာမှ မေမေ့ကို ပြောလာသည်။

"ဒီလိုပါ မမအေးရယ်၊ ကျွန်တော့်ရဲ့ ဆရာဝန်ကြီး လင်မယားက သားသမီးမရှိဘူးလေ"

"ဟဲ့ မင်းဆရာဝန်ကြီး သားသမီးမရှိတာနဲ့ ငါနဲ့ ဘာဆိုင်လို့လဲ ဖိုးကျော်ရဲ့"

"ခြေဘ် မမအေးရယ်၊ ကျွန်တော့်ပြောမယ့်စကားကို ဆုံးအောင်နားထောင်ပါဦးဗျာ၊ ဆရာကတော်က မမအေး သမီးလေးကို မြင်မြင်ချင်း ချစ်နေရှာတာ၊ ဆရာဝန်ကြီးကပါ ပြောပါတော့ဗျာ၊ သူတို့ချစ်မယ်ဆိုလဲ ချစ်စရာ၊ မမအေး သမီးက ဖြူဖြူဖွေးဖွေး ဝဝတုတ်တုတ်နဲ့ ရွှေတုံးရွှေခဲကြီးကျနေတာပဲ၊ မျက်ခုံးကထူထူ မျက်လုံးက ပြူးပြူးနဲ့၊ တကယ်လဲချစ်စရာကောင်းတယ်၊ ဒါကြောင့် ဆရာဝန်ကြီးက မမအေးရဲ့ သမီးကို အမွေစားအမွေခံ လက်မှတ်ထိုးနဲ့ မွေးစားချင်တယ်တဲ့၊ ပြီးတော့ မမအေးကိုလဲ ပိုက်ဆံပေးလိုက်ဦးမယ်တဲ့၊ ကလေးလဲ ကောင်းစား၊ မမအေးလဲ ငွေတွေ အများကြီးရမှာပဲ၊ ကလေးကို မွေးစားဖို့ ပေးလိုက်ပါဗျာ"

မဆင့်၏ တူမလည်း ပါသည်။ သားလေးတစ်ဦးသာ မွေးထားသည်၊ သူတို့ ဇနီးမောင်နှံမှာ သားလေးနှင့် မြင်းခြံမှ ပေါက်တောသို့ အလည်ရောက်လာသောအခါ မဆင့်က တစ်ဦးတည်းသော သားလေးကို အားမရှောနဲ့ကြည့်ပြီး ပြောဖြစ်အောင် ပြောလိုက်မိသည်။

"ဟဲ့ မေသန္တာဇင် အောင်မိုးမြင့်လေး တစ်ကောင်ကြွက်ဖြစ်နေလိမ့်မယ် နောက်ထပ်နှစ်ယောက်လောက်မွေးပြီး သိန်းပေါင်းမြောက်မြားစွာ ချမ်းသာပြီး သားသမီးယူတာ နည်းလိုက်တာ"

"အောင်မလေး မဆင့်ရယ်၊ အောင်မိုးမြင့်တစ်ယောက်နဲ့ပဲ လန့်သွားပြီ၊ သမီးက ကလေးတစ်ယောက် လူ့ဘဝထဲရောက်အောင်ယူဖို့ အတော့်ကို ခဲယဉ်းတယ်"

မေသန္တာဇင်စကားကို မကျေမနပ် မေးလိုက်သူက မဆင့်။

"ကလေးမွေးတာများ ဘာတွေခဲယဉ်းတယ်လို့ ကြေညာဦးမလဲ"

"ဒီလို မဆင့်ရဲ့၊ ကျွန်မက သားအိမ်ခေါင်းကျယ်တော့ ကလေးတစ်ယောက်မွေးဖို့ရာ မလွယ်တာ၊ ငွေလဲ တအားကုန်တယ်၊ လူလဲ ပင်ပန်းတယ်၊ ကိုယ်ဝန်လေးလလောက်ရရင် ကလေးပျက်မကျအောင် သားအိမ်ကို ချုပ်ရတာ၊ ဆိုင်ကယ်လဲ စီးမရတော့ဘူး၊ တိုက်ထဲမှာပဲ အငြိမ်းနေရတော့တာ၊ ပြီးတော့ အောင်မိုးမြင့်ကို မွေးပေးတဲ့ ဆရာဝန်မကြီးကလဲ နိုင်ငံခြားရောက်နေတာဆိုတော့ နောက်ထပ်ကလေးမယူရဲတော့ပါဘူး မဆင့်ရယ်"

မဆင့်ရဲ့ ပတ်ဝန်းကျင်မှာတော့ ကလေးတစ်ယောက် လူ့ဘဝရောက်အောင် မြေတောင်မြှောက်ပေးဖို့မလွယ်ကူကြောင်း၊ ခဲယဉ်းကြောင်း၊ ပင်ပန်းဆင်းရဲကြောင်းတွေကိုသာ ငြီးတွားပြောနေသူက များလာတော့ မဆင့်ရဲ့ အမေ့အပေါ်မှာ အံ့ဩမှုများ ဖြစ်ရသွားသည်။ မဆင့်မေမေမှာ သားသမီး တစ်ဆယ့်တစ်ယောက် မွေးခဲ့သည်



www.burmeseclassic.com

www.burmeseclassic.com

ပစ္စည်းဥစ္စာမကြွယ်ဝသော်လည်း မေမေ့မှာ သားသမီးများက ကြွယ်ဝပေါများလှပေသည်။

မေမေ့မှာတော့ သားသမီးတွေ (၁၁)ယောက် မွေးခဲ့သော်လည်း ပင်ပန်းဆင်းရဲလှကြောင်း ညည်းညူသံကို မဆင့်သာ အသက်လေးဆယ်ကျော်တော့မည်၊ တစ်ခါမှ မကြားဖူးဘူး၊ လေးလေးသန်းကျော် စကားကြောင့် မေမေ၏မျက်နှာမှာ ပြုံးတော့ညှိုးလိုညှိုးမှောင်သွားသည်။ ခေါသသံထွက်ပြီး လေးလေးသန်းကျော်ကို တင်းမာစွာ ပြောလိုက်သည်။

"ဒီမှာ ဖိုးကျော်၊ ဝမ်းနဲ့ လွယ်မွေးထားတဲ့ သမီးဟဲ့၊ ငှက်လေး ကြက်လေးများ အောက်မေ့နေသလား၊ သမီးလဲ မကောင်းစားချင်နေ၊ မင်းဆရာဝန်ပေးတဲ့ငွေလဲ မမက်မောဘူး၊ ငါ့သမီးကို ဘယ်သူကိုမှ မပေးနိုင်ဘူး၊ အံ့ဩပါရဲ့ ဖိုးကျော်ရယ် မင်းမို့သာ ပြောရက်တယ်ကွယ်"

လေးလေးသန်းကျော်မှာ မေမေက တင်းမာပြတ်သားစွာ ပြောနေသော်လည်း အားမလျှော့သေးဘဲ ဆက်ပြောနေသည်။

"မမအေးရယ် သေချာစဉ်းစားပါဦးဗျာ၊ မမအေးမှာလဲ ကလေးတွေက အများကြီး၊ စီးပွားရေးကလဲ ကျပ်တည်း၊ သားသမီးတွေဝမ်းဝဖို့တောင် မနည်းကြိုးစားရတာ၊ ဘဝလှဖို့လဲ ကျောင်းထားနိုင်မှာ မဟုတ်ဘူး၊ ကလေးရဲ့ အနာဂတ်ရေးအတွက် ပေးလိုက်ပါဗျာ၊ မမအေးရဲ့ သမီးကို အတော့်ကို လိုချင်နေရှာတာ၊ မမအေး ငွေလိုချင်သလောက်သာပြောရစေရမယ်၊ ကလေးကို သူတို့ဆန္ဒပြည့်အောင်ပေးလိုက်ပါဗျာ၊ မမအေး ဆင်းရဲတာတာလဲ တွေ့နေတော်တို့ မကြည့်ရက်လို့ပါဗျာ"

"တဲ့ မောင်ဖိုးတော့၊ မင်းပြောနေတဲ့ ငွေစကားတွေ ရပ်ပါတော့၊ ငါ့သမီးကို လုံးဝမပေးနိုင်ဘူး၊ ငါရှိနေရင် မင်းကဆက်ပြီး နားပူနေဦးမှာ၊ မီရာကားနဲ့ ဒီနေ့ပဲ ပေါက်တောကို ပြန်တော့မယ်ကွယ်"

မေမေမှာ မဆင့် ခြောက်လသမီးလေးကို ရင်ခွင်မှာ ကျစ်ကျစ်ပါအောင် ထွေးရင်း လေးလေးသန်းကျော်တားနေသည့်ကြားက ပေါက်တောသို့ ရှတ်ပြန်လာခဲ့တော့သည်။

ဖေဖေသည် မဆင့် ခုနစ်တန်းအရောက်တွင် လောကကြီးထဲမှ အပြီးအပိုင် ထွက်ခွာသွားတော့သည်။ မေမေမှာ ဖေဖေမပါသော သံသရာခရီးကြမ်းကြီးကို တစ်ဦးတည်း ဦးဆောင်ဦးရွက်ပြုနေရရှာသည်။ ဖေဖေဘက်မှ အမွေရလိုက်သော မြေယာများကို တည်တံ့အောင်ကြိုးစားပြီး ထိန်းသိမ်းထားသည်။

မေမေသည် သူလုပ်နိုင်သော တောင်သူလုပ်ငန်း မှန်သမျှဆိုလျှင် တစ်ဦးတည်းသာ လုပ်လေ့ရှိသည်။

ပဲငါးပိ တင်းတစ်ရာကျော်ထွက်လောက်ကို မေမေ တစ်ဦးတည်းသာ ဖြည်းဖြည်းချင်း ရိတ်သိမ်းလေ့ရှိသည်။ နွားနှင့်နယ်ပြီးသော ပဲငါးပိစေ့များကို လေ့နှင့် မေမေတစ်ဦးတည်းသာ လှေ့နေသည်။ ကျောင်းကအပြန်တွင် မေမေလှေ့ပြီးသော ပဲငါးပိပုံကြီးကို ကြည့်ပြီး မဆင့်က ပြောလိုက်မိသည်။

"ဟာ မေမေကလဲ ပဲငါးပိတွေက အများကြီး တစ်ယောက်တည်းလှေ့နေတာ ပင်ပန်းမှာပေါ့၊ နှမြောနေလိုက်တာ လူငှားပြီး လှေ့မှပေါ့"

မေမေက မဆင့်ကို ကြင်နာစွာ ပြုံးကြည့်ရင်း ပြောလိုက်သည်။

"ဩော် သမီးရယ်၊ မေမေနှမြောတာက သမီးတို့ပညာရေးအတွက် ရင်းနှီးမြှုပ်နှံဖို့ စုဆောင်းနေရတာပါ၊ သမီးကငယ်သေးလို့ နားမလည်တာပါကွယ်"

မေမေသည် ပုဆိုးစုတ်နှင့် ခေါင်းကို တင်းကျပ်စွာ ပေါင်းထားပြီး လေအလာတွင် ပဲငါးပိလှေ့ဖို့အတွက် ဆန်ကောကို ကိုင်ရင်း စောင့်နေရှာသည်။ မဆင့်လည်း မေမေကို ပဲငါးပိကူလှေ့ဖို့အတွက် ကျောင်းဝတ်စုံလဲရန်အတွက် အိမ်ထဲသို့ သွက်လက်စွာ ဝင်ခဲ့တော့သည်။

မေမေသည် တောင်သူလုပ်ငန်းကို ထောင့်စေ့အောင် လုပ်နိုင်ရုံသာမက သားသမီးများ၏အလိုကိုလည်း အကွက်စေ့အောင် လုပ်ပေးနိုင်သော မေမေပင် ဖြစ်ပေသည်။

မဆင့် ငယ်စဉ်က အဖြစ်ကို ကောင်းစွာမှတ်မိနေသေးသည်။ ငါးဟင်းချက်လျှင် ညှီစော်နံသောကြောင့် လုံးဝမစားခဲ့ပေ။ မဆင့် ငါးမစားသောကြောင့် ငါးဝယ်သည့်နေ့ဆိုလျှင် မေမေက မဆင့်အတွက် သီးသန့်ကြော်ပေးရှာသည်။ မေမေမှာ တောင်သူလုပ်ငန်းကတစ်ဖက်၊ သားသမီးတွေ ဝေယျာဝစ္စနှင့်၊ ဖေဖေ့ကို ပြုစုရနှင့် နေ့စဉ်နှင့်အမျှ အားလပ်သည်မရှိ။ အလုပ်နှင့်လက် မပြတ်လပ်အောင် ဇယ်စက်သလို လုပ်ဆောင်နေရသည်။

ထိုသို့ လုပ်ဆောင်နေသော်လည်း မေမေသည် သားသမီးများစွာထဲမှ တစ်ယောက်မျှ တောင်သူလုပ်ငန်းလုပ်ကိုင်ရန်အတွက် ကျောင်းထုတ်မခိုင်းခဲ့ပေ။ သူကိုယ်တိုင်သာ ပင်ပန်းဆင်းရဲမှုဒဏ်ခံပြီး အားလုံးကို ကျောင်းထားခဲ့လေသည်။

မေမေ့မှာ သားသမီးအားလုံးကို ဝမ်းဝရုံသာမက ဘဝလှအောင်လည်း အတတ်နိုင်ဆုံး ကြိုးစားခဲ့သည်။ မေမေသည် သူ့သားကြီးတွေ (၁၀) တန်းအောင်သွားတိုင်း ဝမ်းသာကြည်နူး၍ မဆုံးနိုင်အောင် ဖြစ်နေတတ်သည်။ သားသမီးများရဲ့ ပညာရေးကို အထူးဂရုစိုက်သလို ကျန်းမာရေးနှင့် ပတ်သတ်လာလျှင်လည်း ရွာမှာပင် အရပ်ဆေး[illegible] များနှင့် ဖြစ်သလို မကုသခဲ့ပေ။



www.burmeseclassic.com

www.burmeseclassic.com

မဆင့် ခုနစ်တန်းအရောက်တွင် အပြင်းဖျားလေသည်။ မမေသည် မဆင့်ကို ရွာမှာတင် ဆေးမထိုးဘဲ လှည်းကပြီး မြောင်မြို့က ဆရာဝန်ထံ အရောက်သွားခဲ့သည်။ မဆင့် မြောင် ဆရာဝန်ကြီးထံရောက်တော့ လူနာတွေ များနေသောကြောင့် မဆင့်အလှည့်ကျ အောင် စောင့်နေရသည်။

မဆင့်တို့ သွားသည်က ဆေးရုံ ပေါ်မှာ မဟုတ်။ ဆရာဝန်ကြီး နေသည့် အိမ်သာ ဖြစ်သည်။ မဆင့်လည်း ဆေး ထိုးဖို့အတွက် အလှည့်မကျသေးသော ကြောင့် ဆရာဝန်ကြီး၏ သားနှင့် သမီး တို့ လှုပ်ရှားနေသော အမူအရာတွေကို သာ ငေးစိုက်ကြည့်နေမိသည်။ သူတို့ မောင်နှမနှစ်ယောက်မှာ အစ်မဖြစ်သူက အဖိုးတန် ဂါဝန်နီနီရဲရဲလေး ဝတ်ထား သည်။

မောင်လေးဖြစ်သူက စပို့ရှပ် အဝါနုလေးနှင့် စတိုင်ဘောင်းဘီနုံ့သာ ရောင်လေး ဝတ်ထားသည်။ သူတို့ အသားအရေများမှာ ဖြူစင်ဝင်းပနေ သည်။ သူတို့ဝတ်ထားသော အဝတ် အစားများနှင့် အလွန်လိုက်ဖက်လှ သည်။ သူတို့ဘေးမှာတော့ ကစားစရာ အရုပ်တွေကအပြည့်။ ကားလှလှလေး များ လေယာဉ်ပျံများကို တစ်ယောက် တစ်လှည့် မောင်းနေကြသည်။

မကြာမီ သူတို့ အမေက မြောင် ဈေးထဲတွင် မုန့်သွားစားရန် ခေါ်သော အခါ သူတို့အိမ်ရှေ့တွင် ရပ်ထားသော ကားဖြူလေးပေါ်တွင် မောင်နှမနှစ် ယောက် ပျော်ရွှင်စွာ တက်သွားကြ သည်။ ထိုအချိန်ဝယ် လူနာများ အတော်ပါးသွားသောကြောင့် မဆင့် အလှည့်ရောက်ခဲ့သည်။

မဆင့်လည်း ဆရာဝန်ကြီးထံမှာ ဆေးထိုး ဆေးယူပြီးသောအခါ ဈေးထဲ သို့ ခဏဝင်ပြီး ရွာကို ပြန်ခဲ့သည်။ အပြန်လမ်းတွင် မဆင့်၏ မျက်နှာမှာ ကြည်လင်လန်းဆန်းနေသည်။ မြောင် အသွားတွင် မမေ၏ ရင်ခွင်ထဲမှာ မှေးနေခဲ့သော်လည်း အပြန်မှာတော့ ငုတ်တုတ်ထိုင်လိုက်ရင်း စကားတွေက လျှိုင်နေသည်။ မဆင့်၏ စကားလျှိုင်ပုံ များကို မမေက ခေါင်းတညိတ်ညိတ်နဲ့ ထောက်ခံရင်း ဝမ်းသာနေရှာသည်။

မဆင့်က မမေဝယ်ပေးသော မုန့်များကို စားရင်း စကားလမ်းကြောင်း က ဆရာဝန်ကြီး၏ သားနှင့်သမီးဆီ ရောက်သွားပြန်သည်။ မဆင့်က မေ မေကို ပြောလိုက်သည်။

"မမေ ဆရာဝန်ကြီးရဲ့ သားနဲ့ သမီးတွေက သိပ်ကံကောင်းတာပဲနော်၊ ဂါဝန်လှလှလေးတွေလဲ အများကြီး ဝတ် ရမှာ၊ သူတို့ကစားနေတဲ့ လေယာဉ်ပျံ တွေက တကယ်မောင်းလို့ရတယ် မေ မေရဲ့၊ သူတို့ဘဝမှာ စားချင်ရာစား ဝတ်ချင်ရာဝတ်၊ သူတို့လိုချင်တဲ့ ကစား စရာအရုပ်တွေဆိုလဲ အများကြီး ပြီး တော့ ကားစီးမလား၊ ဆိုင်ကယ်စီး မလား၊ အပြည့်အစုံ၊ သမီးလဲ သူတို့ကို ကြည့်ပြီး ဆရာဝန်ကြီးရဲ့သမီး ဖြစ်ချင် လိုက်တာ မေမေရယ်"

မေမေက မဆင့်ပြောစကားများ ကို နားထောင်ပြီး မဆင့်ကို ပြုံးပြီးကြည့် နေသည်။ မေမေ၏ အပြုံးကို မဆင့်က နားမလည်စွာနှင့် မေးလိုက်သည်။

"မေမေက သမီးကို သေချာ ကြည့်ပြီး ဘာကြောင့် ပြုံးပြီး ကြည့်နေ တာလဲ"

"ဪ သမီးက ဆရာဝန်ကြီးရဲ့ သမီးဖြစ်ချင်လိုက်တာပြောလို့ သမီးငယ် စဉ်က ဆရာဝန်ကြီး တစ်ယောက်က သမီးကို အမွေစား အမွေခံ မွေးစားချင် တဲ့အကြောင်းတွေကို သတိရမိလို့ ပြုံး မိတာပါ သမီးရယ်"

"ဆရာ . . . ဆရာဝန်ကြီးက သမီးကို မွေးစားချင်တယ် ဟုတ်လား"

"ဟုတ်တယ်သမီး၊ သမီးခြောက် လသမီးမှာ မောင်သနီးကျော်ရဲ့ ဆရာ ဝန်ကြီးက သားသမီးမရှိတော့ သမီးကို အမွေစား အမွေခံ လက်မှတ်ထိုးပြီး မွေးစားမယ်၊ အမေကိုလဲ ပိုက်ဆံတွေ ပေးလိုက်မယ်ဆိုပြီး ဆရာဝန်ကြီးက သမီးအဖြစ် မွေးစားချင်ခဲ့ရှာတယ်"

မေမေ၏စကားကို ကြားလိုက်ရ ချိန်မှာ မဆင့်က မစဉ်းမစားဘဲ ပြောချ လိုက်မိသည်။

"ဟာ မေမေကလဲ ဆရာဝန်ကြီး က တောင်းတာများ သမီးကို ပေးလိုက် ရောပေါ့၊ မေမေလဲ ပိုက်ဆံတွေအများ ကြီးရ၊ သမီးလဲ ဆရာဝန်ကြီးရဲ့ သမီး ဖြစ်ရမှာ၊ ခုတော့ မေမေ့သမီးဖြစ်ရ တော့ လှည်းကြမ်းကြီးကို စီးနေရတာ၊ ခုနေ ဆရာဝန်ကြီးသမီးသာ ဖြစ်ခဲ့ရရင် ကားစီးနေရမှာနော် မေမေ"

မဆင့်စကားကြောင့် မေမေက ကြင်နာစွာ ပွေ့ဖက်ထားရင်း အေးဆေး တည်ငြိမ်စွာဖြင့် ပြောလိုက်သည်။

"ဪ သမီးရယ်၊ မေတ္တာ တရားရဲ့ အတိမ်အနက်သဘောတွေကို နုနယ်ငယ်ရွယ်သေးတဲ့ သမီးက နား မလည်သေးလို့ ပြောတာကို မေမေ နား လည် ခွင့်လွှတ်ပါတယ်၊ ခု အရွယ်မှာ တော့ သမီးရဲ့အမြင်၊ သမီးရဲ့ အထင် တွေပဲ ပြောတတ်မှာပေါ့ကွယ်"

မေမေ ပြောနေသည့်စကားများ ကို မဆင့်၏ နားထဲသို့မဝင်။ မဆင့်ဖြစ် ချင်သော ဆန္ဒများကိုသာ မေမေ့ကို ပြောနေမိသည်။

"မေမေရာ မဆင့်သာ ဆရာဝန် ကြီးသမီးဖြစ်ရင် သိပ်ကံကောင်းမှာ၊ ဆရာဝန်ကြီးက မွေးစားတာဆိုတော့ မဆင့်လဲ ဆရာဝန်မကြီးတောင် ဖြစ်ရ မှာ မေမေရ သိလား"

မဆင့်စကားကြောင့် မေမေက အားပေးစကား ဆိုလာသည်။

"သမီးလဲ ကြိုးစားပေါ့၊ မေမေ့ သမီးဖြစ်ရတယ်ဆိုပြီး အားမငယ်ပါနဲ့၊ သမီးကြိုးစားမှုရှိသလောက် မေမေက နောက်ကနေ တွန်းအားပေးနိုင်ပါတယ်"

မေမေ၏ ပြောစကားများ ကြောင့် မဆင့်လည်း [illegible] တော့။ မေမေကလည်း [illegible] ဘေးရှိ စိမ်းစိုနေသော [illegible]



www.burmeseclassic.com

www.burmeseclassic.com

ငေးကြည့်နေသည်။ မဆင့်ကတော့ ဆရာဝန်ကြီးရဲ့ သားသမီးများ၏ ပုံရိပ်များက အတွေးထဲတွင် တရိပ်ရိပ် ကပ်ပါလာနေတော့သည်။

အချိန်၏ ရွေ့လျားတိုက်စားမှုများနှင့်အတူ မဆင့်၏ အစ်ကို အစ်မများလည်း ပညာစုံ၍ ကြင်ယာတွေတပါ စုံတုန်ကြပြီဖြစ်သောကြောင့် မေမေ၏ ရင်ခွင်ထဲမှ ခွဲထွက်တုန်ကြပြီ။ အိမ်မှာတော့ မေဆင့်နှင့် မဆင့်ထက်အငယ် ညီမလေးတစ်ယောက်သာ ကျန်တော့သည်။ မေမေ၏ အသက်သည်ပင် ရှစ်ဆယ်ကျော်ခဲ့ပြီ။ မဆင့် ကျောင်းဆင်းလို့ ပြန်လာလျှင် ငယ်စဉ်က မဆင့် ပြောခဲ့ဖူးသော စကားကို ကောင်းစွာ အမှတ်ရနေသော မေမေက မဆင့်ကို မေးတတ်သေးသည်။

"တပည့်တွေကို စာသင်လာရတာ မောလာပြီလား သမီး၊ မေမေ့သမီးဖြစ်လို့ ကျောင်းဆရာမဖြစ်နေရရှာတာနော်၊ မေမေကသာ ဆရာဝန်ကြီးကို ပေးလိုက်ရင် ခုနေ လူနာတွေကို ဆေးကုနေတဲ့ ဆရာဝန်မကြီး ဖြစ်နေမှာနော်"

"ဟင် မေမေကလဲ သမီးပြောခဲ့တာကို ခုထိမှတ်မိသေးတယ်၊ သမီးက ဆရာဝန်မကြီး မဖြစ်ချင်တော့ပါဘူး၊ ကျောင်းဆရာမဖြစ်ရတာကို ပိုကျေနပ်ပါတယ်၊ ဆရာဝန်က လူနာတွေ အသက်ကယ်ပေးသလို သမီးတို့ကျောင်းဆရာမတွေကလဲ အနာဂတ်အတွက် တောက်ပလာမယ့် ကြယ်ပွင့်လေးတွေကို ရှေ့ရောက်နိုင်အောင် မွေးထုတ်ပေးခဲ့တာပဲ၊ လူနာတွေကို အသက်ကယ်တဲ့ ဆရာဝန်တွေကလဲ သမီးတို့ ဆရာမတွေက မွေးထုတ်ပေးလိုက်တဲ့ ကြယ်ပွင့်တစ်ပွင့်ပါပဲ မေမေရယ်"

မဆင့် ပြောစကားများကြောင့် မေမေ၏ မျက်နှာသည် တိမ်တင်းစင်သော လပြည့်ဝန်းကြီးပမာ ဝင်းလက်တောက်ပနေသည်။ မဆင့်ကို ကရုဏာမျက်ဝန်းများနှင့် စိုက်ကြည့်ရင်း ပြောလိုက်သည်။

"သမီး ကျောင်းဆရာမဖြစ်ရတာ ကျေနပ်ရင် မေမေ ဝမ်းသာပါတယ် သမီးရယ်"

"အို မေမေရယ်၊ သမီး ကျောင်းဆရာမ ဖြစ်ရတာကို ကျေနပ်ပါတယ်၊ ဂုဏ်လဲယူမိပါတယ်၊ ဝါသနာလဲပါတော့ တပည့်တွေ စာသင်ရတာ စိတ်ဝင်စားမှုလဲရှိပါတယ် မေမေရဲ့"

မဆင့်သည် မေမေ့ကို စကားတွေ တဝကြီးပြောခဲ့ပြီး အဝတ်စားများလဲရန်အတွက် အခန်းထဲသို့ ဝင်ခဲ့တော့သည်။

မေမေသည် မဆင့်ကို ကျောင်းဆရာလောကတွင် မပျော်ရွှင်မှာစိုးသောကြောင့် မကြာခဏ မေးနေခြင်းဖြစ်သည်။ မဆင့်ငယ်စဉ်က ဆရာဝန်ကြီးရဲ့ သမီးဖြစ်ချင်ခဲ့သောစိတ်ကို အသက်လေးဆယ်ကျော်သည်အထိ ရှိသေးသည်ဟု ထင်နေသောကြောင့် ဖြစ်ပေလိမ့်မည်။

မဆင့်ကို ဆရာဝန်ကြီးက မွေးစားဖို့ မပေးခဲ့လေခြင်းဟူသော မကျေနပ်စိတ်လည်း လုံးဝ မရှိခဲ့တော့ပေ။ မေမေသည်လည်း မဆင့်ဘဝလှေကို တာဝန်ကျေခဲ့သော မိခင်ကောင်းတစ်ဦးဖြစ်ပါသည်။ မဆင့် ဆယ်တန်းအောင်သောအခါ ကျောင်းထားရသော သားသမီးတွေ များလွန်းသောကြောင့် မေမေ့ကို အားနာစိတ်၊ မေမေ့ကို သနားသောစိတ်များကြောင့် တက္ကသိုလ်ကို ဆက်မတက်တော့ဘဲ ရရာအလုပ်တစ်ခုကို ဝင်လုပ်ဖို့အတွက် မန္တလေးကို ထွက်ခဲ့သည်။

မေမေ့ဆန္ဒက မဆင့်ကို အလုပ်ဝင်မလုပ်စေချင်။ ထို့ကြောင့် မဆင့်ကို ကျောင်းဆက်တက်ဖို့ မေမေကိုယ်တိုင် မန္တလေးကို လိုက်ခေါ်လေသည်။ မဆင့်လည်း မေမေနှင့်အတူ ပြန်လိုက်လာပြီး မုံရွာတက္ကသိုလ်ကို ဆက်တက်ခဲ့သည်။ တက္ကသိုလ်မှ ဘွဲ့တစ်ခုရလာသောအခါ မဆင့် ကျောင်းဆရာမ ဝင်လုပ်ခဲ့သည်။ ဆရာဝန်ကြီး၏ မွေးစားသမီးဖြစ်ခဲ့လျှင် မဆင့် ကျောင်းဆရာမ ဖြစ်လိမ့်မည် မဟုတ်ပေ။ မဆင့်ကို အမွေစား အမွေခံအဖြစ် မွေးစားထားသော်လည်း ငယ်မွေးခြံပေါက်အဖြစ် သူတို့၏ ပစ္စည်းဥစ္စာတွေအတွက် စိတ်ချယုံကြည်စွာ မွေးစားခြင်း ဖြစ်ပေမည်။

မဆင့်ကို သူတို့ဝမ်းနှင့် လွယ်မွေးရသော ရင်သွေး မဟုတ်သောကြောင့် အစေခံသဘောလည်း ထားချင်ထားမည်။ ပညာတတ်တစ်ယောက်ဖြစ်အောင်လည်း ကျောင်းထားချင်မှ ထားပေးမည်။ သူတို့ထားရာ နေစေရာ သွားရမည့် ဘဝတွင် နေရမည်ကသေချာလှပေသည်။

ဝမ်းနှင့် လွယ်မွေးခဲ့ရသော မေမေ၏ မေတ္တာတရား၊ စေတနာတရား၊ ကရုဏာတရား၊ အနစ်နာတရား၊ ပေးဆပ်မှုတရားများသည် ဆရာဝန်ကြီး လင်မယားက မေမေလောက် ပေးဆပ်နိုင်မည်မဟုတ်ပေ။ မေမေကသာလျှင် မဆင့်အပေါ် အနှိုင်းမဲ့ ပေးဆပ်နိုင်လိမ့်မည်။

အသိမကြွယ်သေးဘဲ မေတ္တာတရား၏ အတိမ်အနက်ကို နားမလည်ခဲ့သော အရွယ်ကသာ ဆရာဝန်ကြီးရဲ့ သမီး ဖြစ်ချင်ခဲ့သော မဆင့်သည် အသိကြွယ်ပြီး မေတ္တာတရား၏ အတိမ်အနက်သဘောကို နားလည်လာသောအခါ ဆရာဝန်ကြီးရဲ့ သမီးဖြစ်ရသည်ထက် မေမေ့သမီးဖြစ်ရသည်ကို မဆင့် အနေဖြင့် အကျေနပ်ကြီး ကျေနပ်ကာ မေမေ့မေတ္တာတရား၏ ထုထည်ကြီးမားမှုကို လက်တွေ့ခံစားရင်း ရင်ထဲမှာ အေးချမ်းကြည်နူးနေမိတော့သည်။

❐ တက္ကသိုလ်ရွှေဆင်



www.burmeseclassic.com

www.burmeseclassic.com




နက္ခတ္တဗေဒ ၊ ထရျာဗေဒ ၊ ပါဠိတေ့ဗျူဟာ ၊ တနက်ဗေဒ ၊ ရိုးရာဆေးပညာရှင်

# ဆရာဦးခန့်ကျော်

ပါရဂူမြောက်လက္ခဏာဖတ်ကြားခြင်း အတတ်ပညာကျွမ်းကျင်သူ

**ဟောခန်း(ရုံးခန်း)နှင့် မြန်ချိုရေးလိပ်စာ** ☞ ၂၇၊ ရွှေဘုန်းပွင့်ဘုရားဈေးတန်း၊ (၉)ရပ်ကွက်၊ ရေကျော်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ ☎ ၀၉–၅၁၉၈၂၄၀

**နေအိမ်** ☞ ၇၂(၇–က)၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း

"သင့်ဘဝ၏ အနာဂတ်ကံကြမ္မာ အကောင်းအဆိုး အကြောင်းအကျိုးတို့အတွက် ကြိုတင်သိရှိထားနိုင်ရန် လာရောက်တွေ့ဆုံ ဆွေးနွေးမေးမြန်း တိုင်ပင်လိုပါက နေ့စဉ် နံနက် (၉ း ၀၀)နာရီမှ ညနေ (၄ း ၀၀)နာရီ အထိ အတိုင်ပင်ခံ ဟောပြောစီမံဆောင်ရွက်ပေးလျက် ရှိသည်။"




ဦးခန့်ကျော် စာပေ ( ၁၉၉၂ ) မှ ဝယ်ယူရရှိနိုင်သော စာအုပ်များ


www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com

အရှေ့ရိုးမတောင်ပေါ် တစ်နေ
ရာ၏ ဝေးလံသီခေါင်လှသော ဒေသ။
...ရဲတိရစ္ဆာန်တို့ ပျော်ပါးကျက်စားရာ
နေရာ။

သစ်ကြီး၊ ဝါးကြီးများ ထူထပ်စွာ
...ပေါက်ရောက်ရှင်သန်ရာ ဖြစ်ပေသည်။

"စောမြသန်း၊ မွန်းတည့်ပြီလေ
...ဆင်ကို မလွှတ်သေးဘူးလား"

"အေး အေး၊ ဒီတစ်တုံး ပို့လိုက်
...မယ်"

မိုးလင်းသည်နှင့် လုပ်ငန်းခွင်
...ကြရသည်။ မွန်းတည့်သည်နှင့် ဆင်
... တောထဲသို့ လွှတ်ပေးပြီး လုပ်ငန်း
...နားရသည်။ လိုအပ်ပါက ကျွဲနှင့်
...လောက်လုပ်ပါသည်။

"ဟေ့ကောင် စောမြသန်း၊ မင်း
...စ်မသွားဘူးလား၊ ငါးခြောက်ဟင်း
...ဲ ရိုးနေပြီကွ၊ ကြက်သားလဲ မစား
...တော့ဘူး၊ ဝက်တစ်ကောင်ပေါ်လဲ
...တော်နဲ့ မကုန်တော့ဘူး"

"ညနေ မှောင်ခါနီးမှ သွားမယ်
..."

စောမြသန်းသည် အသက်သုံး
...ရှိသော ဆင်ဦးစီး ကရင်လူငယ်
... ဖြစ်သည်။ ဆင်ပိုင်ရှင်မှ စောမြ
...ကို မုဆိုးမှန်းသိသဖြင့် နှလုံးပြူး
...သေနတ် ပေးကိုင်ထားသည်။ သား
...ရလျှင်လည်း ပို့ပေးသည်။ ဆင်
...လည်း ငယ်စဉ်က မုဆိုးဖြစ်သည်။

"စောမြသန်းတို့ကတော့ကွာ
...နတ်လုံး ဆင်နဲ့ သစ်ဆွဲပြီး မိုးချုပ်
... တောပစ်ထွက်တော့တာပဲ"

"ဒါကတော့ ဝါသနာကိုးကွ၊
...လဲ စားရတာပေါ့"

"စားရပါတယ်ကွာ၊ မင်း ရှိလို့လဲ
သစ်ကွင်းက လူတွေ ဟင်းစား မပြတ်
တာ"

စောမြသန်းသည် မာတ်မီးနှင့်
နှစ်လုံးပြူးထမ်း၍ တောလည်ထွက်
ခဲ့သည်။

နာရီဝက်ခန့်အကြာ တောင်
ကုန်းတစ်ခုမှာ မျက်လုံးတဝင်းဝင်းနှင့်
တွေ့ရသဖြင့် အသာချဉ်းကပ်လျှက်
အပိုင်ပစ်ရမည့် အကွာအဝေးနှင့် အနေ
အထားတွင် မောင်းဖြုတ်ချလိုက်သည်။

"ဒိုင်း"

သေနတ်၏ ပဲ့တင်သံမှာ လျှိုထဲ
အတိုင်းသွားသည်။ ဆတ်ထီးကြီးမှာ
လည်း ခြေလှမ်း သုံးဆယ်ခန့်ပြေးအပြီး
တွင် လဲကျငြိမ်သွားတော့သည်။ ထို
အခါ ဖယ်ခုံးဓားဖြင့် ခြေတံတောက်
ကြောများဖြတ်ကာ ဆတ်သေကောင်
ပေါ်တွင် ဆားပုံ၍ သစ်ကွင်းသို့ ပြန်ခဲ့
သည်။

သစ်ကွင်းမှ လူခေါ်ပြီး သွားဖျက်
ယူမည်ဖြစ်သည်။ သစ်ခုတ်သားခေါင်း
ဆောင်နှင့် ဆင်ဦးစီးခေါင်းဆောင်တို့
ပျော်နေသည်။ ဟင်းဖိုးသက်သာသည့်
အပြင် ကောင်းကောင်းစားကြရ၍ ဖြစ်
သည်။ ထိုအခါ ထမင်းချက်ကြီးအား-

"ဘအောင်ရေ ပေါင်သားသတ်
သတ် အခြောက်လှန်းထားဦး၊ ငါ့ဆင်
ပိုင်အိမ်ကို ပို့ရအောင်၊ သူ့သေနတ်
ကြောင့် စားနေရတာ"

"အေးပါ၊ ငါသိပါတယ် စောမြ
သန်းရာ၊ မင်း မပူစမ်းပါနဲ့ ကွာ"

ခုနစ်ရက်ခန့်ကြာသော် စောမြ
သန်း နောက်တစ်ကြိမ် တောလည်ထွက်
ခဲ့ပြန်သည်။ တောထဲသို့ရောက်ပြီး ည
၁၁ နာရီထိုးသည်အထိ တောကောင်
မတွေ့သဖြင့် နေရာပြောင်းခဲ့ရာ။

"ဝူး . . ဝူး . . ကျိ . . ကျိ"

သစ်ကွင်းက လွှတ်ကျောင်းထား
သည့် ဆင်တွေက လန့်ပြီး နောက်
ကြောင်းကို ပြေးလာကြသည်။ မြို့ဆင်
တွေ မည်သည့်အကောင်ကို လန့်၍
ပြေးကြသည် မသိပါ။ ထို့ကြောင့် ဘာ
တောကောင်မှလည်း မတွေ့သည့်အခါ
တွင် စောမြသန်းလည်း သစ်ခန်းသို့
ပြန်လာခဲ့သည်။

ထို့နောက် နေ့စဉ်ဆက်တိုက်
တောပစ်ထွက်ရာ ဘာတောကောင်တို့မှ
မတွေ့ရ မကြားရသဖြင့် အံ့ဩနေသည်။
ထို့ကြောင့် စောမြသန်းတစ်ယောက်
တောလည်ခြင်း အလုပ်ကို နားထား
လိုက်သည်။

တစ်ညနေတွင် ထမင်းချက်ကြီး
ဘအောင်မှ သစ်ခုတ်သားခေါင်းဆောင်
အား အသိပေးပြောကြားရာတွင် . .

"ဝက်တစ်ကောင် ပြန်မလာ
တော့ဘူး စောပန်းအောင်ရေ"

"တောဝက်တွေနဲ့များ လိုက်
သွားလား မသိဘူး"

"သင်းထားတဲ့ ဝက်ထီးက တော
ဝက်နဲ့ လိုက်သွားပါ့မလား"

"ကျန်တဲ့တစ်ကောင်ကို မင်း
ဒါဆို ကြိုးချည်ထားတော့ ဟကောင်"

"မနက်ကျရင် ကြည့်ဝါဦးမယ်၊
ပြန်လာမှာလားလို့"

သုံးရက်ခန့် ကြာသော် သစ်
ခေါင်းစောပန်းအောင်မှ ထမင်းချက်ကြီး
ဘအောင်အား မိုင်းလေသည်။

"စောမြသန်းလဲ တောကောင်
မရတာ ကြာပြီကွ ဘအောင်ရေ၊ မင်း
ကျန်တဲ့ ဝက်တစ်ကောင်ကို မနက်ကျ
ရင် ပေါ်တော့ကွာ"

"အေး ကောင်းပြီ"

နံနက်မိုးလင်းသော် ကြိုးနှင့်
ချည်ထားသော ဝက်မရှိတော့ချေ။ ကျား
ခြေရာတွေ တွေ့ရသည်။

ကျားလာတော့ ဝက်ကအားကုန်
ရုန်းပြေးရာ ကြိုးကပြတ်ပြီး တောထဲ
အပြေး ကျားက လိုက်သွားပြီး စားတာ
ဖြစ်သည်။

ထို့ကြောင့် သစ်ခေါင်းက . .

"မြို့ကို ဈေးဝယ်သွားမှ ရတော့
မယ် ဘအောင်ရေ"

"အေး . . . သွားကြတာပေါ့"

■



www.burmeseclassic.com

www.burmeseclassic.com

ငါးရက်ခန့် ကြာပြီးသောအခါ ညတစ်ညတွင် သစ်စခန်းမှ ကျွဲများ လန့်ပြီးအော်ကြသည်။ နေ့ဘက် ပင်ပန်းကြသဖြင့် အိပ်မောကျနေကြပြီး [illegible] မှာ အော်သော်လည်း [illegible] မနိုးကြချေ။

"[illegible]"

[illegible]သည်း မဟောင်ပါ။ [illegible] အကြောက်လွန်ပြီး [illegible]ကြသည်။ ထို့ကြောင့် ချေးတွေ [illegible] ထွက်ကြပြီး တုန်နေကြသည်။ ထိုအခါ စောမြသန်းမှ နှစ်လုံးပြူးသေနတ်နှင့် လှန်၍ ပစ်လိုက်သည်။

"ဒိုင်း"

သစ်ကွင်းမှ လူအားလုံးလည်း နိုးလာကြသည်။ ထိုအခါ စောမြသန်း မာတ်မီးနှင့် လိုက်လံထိုးရာ ကျားမရှိတော့ပါ။

ပြီးလျှင် ဆင်ဦးစီး စောမြမောင်မှ. . .

"စောမြသန်း၊ ဘာကောင်လဲဟ"

"ကျားကွ"

"ဟာ ဘယ်မှာလဲ၊ မင်း ပစ်တာထိလား"

"ကျွဲတွေ တအားလန့်လို့ကွ၊ ကြိုးပြတ်ပြီး ထွက်ပြေးမှာစိုးလို့ ငါလဲ လှန့်ပစ်လိုက်ရတာ"

"ဘာဆွဲသွားသေးလဲကွ"

"ငါလိုက်ကြည့်လိုက်ဦးမယ်၊ ဟာ ကြက်ဖတော့ပါသွားပြီဟေ့၊ ဒီမှာ ကြက်မွေးတွေကွ အင်း၊ ဒီကောင် ဘယ်နယ်ကပြောင်းလာသလဲ မသိဘူး၊ တောထဲမှာလဲ ဘာကောင်မှ မတွေ့တော့ဘူး၊ လန့်ပြေးကုန်ကြပြီ၊ ငါတို့စခန်းက ဝက်တွေ ကြက်တွေလဲကုန်ပြီ၊ ဒီကောင့်ကို ဒီအတိုင်းထားလို့တော့ မရဘူး၊ ကြာရင် လူတွေပါ ဒုက္ခပေးတော့မယ်"

စောမြသန်း ဆုံးဖြတ်ချက်တစ်ခု ချလိုက်သည်။

"စောမြင့်မောင် ဒီကျားကို ငါ လင့်စင်ထိုးပြီး ရအောင် ပစ်မယ်"

"ဟုတ်မှလဲ လုပ်ပါ စောမြသန်း ရာ၊ လွယ်တဲ့ကိစ္စမှတ်လို့ကွာ၊ ငါတို့ နေ့တိုင်း ဆင်တွေ သွားကောက်နေတာ ဘာမှလဲ မတွေ့ပါဘူးကွာ"

သစ်စခန်းနှင့် တစ်မိုင်ခန့်အကွာ တောင်မကြီး ကျောပေါ်ရှိ မြေပြန့် တစ်နေရာတွင် တွေ့သည့် ဘန်ကပင်ပေါ်တွင် စောမြသန်း လင့်စင်ထိုးသည်။ ပြီးလျှင် ဆင်ခေါင်းအား ခွင့်တောင်း၍ ရွာပြန်သွားသည်။ ရွာ၌ တစ်ညအိပ်ပြီး နောက်တစ်နေ့ ညနေတွင် စောမြသန်း သူ့အိမ်မှ ဝက်သားခွဲတစ်ကောင် ဖမ်းလာပြီး သစ်စခန်းသို့ ပြန်လာခဲ့သည်။ အဲဒီတော့ သူငယ်ချင်း ဆင်ဦးစီး စောမြင့်မောင်မှ ပြောင်သည်။

"စခန်းက ဝက်တွေ ကြက်တွေ စားရတာ ကျားက မဝဘူးတဲ့လားကွ"

"အေးပေါ့ကွာ၊ ပြောထားကြဦးပေါ့"

ရွာကရောက်ပြီး မကြာခင်မှာပဲ စောမြသန်းတစ်ယောက် ဝက်ကလေးကို ခြင်းနှင့်ထည့်ထမ်းပြီး လိုအပ်သည့် ပစ္စည်းများယူကာ တောထဲက သူ့ လင့်စင်ဆီသွားတော့သည်။

တစ်နာရီနီးပါးကြာသောအခါတွင် သူထိုးထားသည့် လင့်စင်သို့ရောက်သည်။ လင့်စင်ပေါ်သို့ လှမ်းကြည့်ရာ ကျားက လင့်စင်ပေါ်မှ ဆင်း၍ပြေးသွားတာ တွေ့ရသည်။ ခြင်းနှင့် ထမ်းယူလာသည့် ဝက်ကလေးက တအီအီနှင့်။ စောမြသန်း ခြေနင်းသဖြင့် သစ်ရွက်ခြောက်သံတွေက တရှမ်းရှမ်းဆိုတော့ ကျားက လင့်စင်ပေါ်မှာ အိပ်နေရင်း လန့်နိုးကာ ဆင်းပြေးသွားခြင်း ဖြစ်သည်။

စောမြသန်းသည် ဒေါသထွက်ကာ ဝက်ကလေးကို ခေတ္တ အောက်မှာ ထားပြီး လင့်စင်ပေါ်တက်သည်။ လိုအပ်သည့်ပစ္စည်းတွေထားခဲ့ပြီး ပြန်ဆင်းလာမည်လုပ်တော့ ကျားက လင့်စင်ပေါ်တွင် သေးပေါက်ထားသည်ကို တွေ့လျှင် ပို၍ဒေါသဖြစ်မိကာ ဝက်ကလေးကို ထမ်းပြီးပြန်ခဲ့သည်။ စခန်းရောက်လျှင် ထမင်းချက် ဘအောင်မှ-

"ဟာ စောမြသန်း မင်း ကျားပစ်ဖို့ သွားတာကို ဘာဖြစ်လို့ အစောကြီး ပြန်လာရတာလဲ"

"မပြောချင်ပါဘူးကွာ၊ ငါက ဝက်ကို လင့်စင်အောက်မှာ ချည်ထားပြီး ကျားလာရင် လင့်စင်ပေါ်က အပိုင်ပစ်မယ် လုပ်တာ၊ ငါ တောထဲရောက်တော့ကျားက လင့်စင်ပေါ်မှာ တက် အိပ်နေတယ်၊ ဝက်ကလေးကလဲ လန်း[illegible] တစ်လျှောက်လုံး အော်လာတာ၊ ငါ့ ခြေသံကလဲ သစ်ရွက်ခြောက်တွေ[illegible] တရှမ်းရှမ်းဆိုတော့ လင့်စင်နား[illegible] ရောက်ရော ကျားက ဆင်းပြေးပါ[illegible] ရော၊ ဒါနဲ့ ငါလဲ နိမိတ်မကောင်းဘူး[illegible] ပြီး ဝက်ကိုထမ်းပြီး ပြန်လာခဲ့တယ်[illegible] ဟေ့ကောင်ရေ"

"မင်းက ကျားကို ဝက်သား[illegible] ဖို့ သွားပို့တာ၊ နောက်ကျလို့ အိပ်[illegible] စောင့်နေတာ နေမှာပေါ့ကွာ"

"မင်းတို့ကလဲ ငါ့ကို အထ[illegible] သေးဖို့ပဲ၊ အေး စောင့်ကြည့်ဦးပေါ့ကွာ"

"စိတ်မဆိုးပါနဲ့ သူငယ်ချင်း[illegible] နောက်တာပါကွာ၊ မင်းတောပစ်လို့ [illegible] စားနေရတာပါ"

နောက် သုံးရက်ကြာပြီးသော[illegible] အခါ စောမြသန်းတစ်ယောက် [illegible] မကျေစွာနှင့် ဝက်ကလေးကို ခြင်း[illegible] ထည့်ထမ်း၍ နှစ်လုံးပြူးသေနတ်လွ[illegible] သည်။ တစ်ဖက်မှလည်း ပလိုင်းထဲ[illegible] ထမင်းထုပ်၊ ဆား၊ ရေနွေးကြမ်း[illegible] ငဖယ်ခုံးမား၊ ဆေးတံ၊ ဆေးဘူး၊ မီး[illegible] ဓာတ်မီး၊ ကျည်ခါးပတ်၊ ကြိုးတို့ကို [illegible] တောထဲရှိ သူ့လင့်စင်ဆီသို့ထွက်ခဲ့သည်[illegible]

လင့်စင်ရှိရာသို့ ရောက်လျှ[illegible] အနေအထားကြည့်ပြီး ဝက်ကလေး[illegible] လင့်စင်အောက်တွင် သစ်ပင်၌ ကြိုး[illegible] ချည်သည်။ ပြီးလျှင် လင့်စင်ပေါ်[illegible] တက်နေသည်။ ထမင်းစားကာ ဆေး[illegible] ဖွာနေသည်။ ဝက်ကလေးက အဆ[illegible] မပြတ် အော်နေသည်။





www.burmeseclassic.com

www.burmeseclassic.com

"အီ အီ အီ အီ"

ညဆယ်နာရီကျော်ကျော်တွင်။

"ဘုတ် ဘုတ် ဘုတ်"

ကျား ရောက်နေလေပြီ။ ကျား မြီးရိုက်သံက သစ်ရွက်ခြောက်တွေ ငွ့်မို ပိုမြည်သည်။

စောမြသန်း ဓာတ်မီးနှင့် နှစ်လုံး ကို အဆင်သင့်လုပ်သည်။ ဝက်က းကလည်း ကြောက်ပြီး ကြိုးတန်း န်းနှင့် တောင်ပြေး မြောက်ပြေးနှင့် နေသည်။

"အီး. . အီး. . . အီး"

ကျားအမြီးရိုက်သံ မကြားတော့ င် စောမြသန်း ဓာတ်မီးထိုးကြည့် ည်တွင် ကျားမှ ဝက်ကလေးကို ပြေး တိုက်ရာ ဝက်ကလေးကို ချည်ထား ည့် ကြိုးမှာ အနည်းငယ်ပိုရှည်သဖြင့် တ်ကလေးမှာ တောင်ပြေး၊ မြောက် ပြေးသည်။

ကျားကလည်း တောင်လိုက် တ်လိုက်နှင့် မကြာမီ ဝက်ကလေး ည် ရှန်းရင်း ကြိုးပြတ်ပြီး တောထဲ ည်ရာပြေးလေသည်။ ကျားလည်း တလေး ပြေးရာဆီ နောက်သို့ပြေး က်သွားရာ ခဏအကြာတွင် ဝက် လေး၏ အော်သံတစ်ချက်ကြားလိုက် ည်။

"အိ"

စောမြသန်း၏ စိတ်ထဲတွင် ထွက်ကာ ဓာတ်မီးတဝင်းဝင်းနှင့် င်းချင်းပင် စခန်းသို့ ပြန်ခဲ့သည်။ တွင် ကျား သူ့နောက်လိုက်လာ စိုးရိမ်သဖြင့် သေနတ်တစ်ချက် ဖောက်ခဲ့သည်။

"ဒိုင်း"

စခန်းရောက်လျှင် မိမိတဲတွင် ပ်လိုက်တော့သည်။ သူ ပြန်လာ ညေ်သူမျှမသိချေ။ ခွေးတွေသာ ည်၊ နံနက်မိုးလင်းသော် ဆင်ဦးစီး ဆင်သွားကောက်ကြသဖြင့် ထမင်း ဘအောင်သာ ရှိသည်။ ထိုအခါ အောင်မှ . . .

"ဟာ စောမြသန်း၊ မင်း ဘယ် အချိန်က ပြန်ရောက်နေတာလဲဟ ကျား ကော၊ ဒါနဲ့ ကျားသေထမ်းဖို့ လူလာ ခေါ်တာလား"

"တော်စမ်းပါကွာ၊ မင်းကလဲ လှောင်ဖို့ပဲ၊ ငါ ကျားကို တစ်ချက်မှ မပစ်လိုက်ရဘဲနဲ့ ဝက်ပါသွားလို့ စိတ်တို နေရတဲ့ကြားထဲ"

"ဟာကွာ၊-မင်း ဟာက ဘယ်လို ဖြစ်တာလဲ"

"ငါ ဝက်ကို ချည်ထားတဲ့ကြိုးက ရှည်သွားတော့ ကျားလာတဲ့အခါ ဝက် က ဟိုပြေး ဒီပြေးပေါ့၊ ကျားလဲဟိုလိုက် ဒီလိုက်နဲ့ ဝက်က ကြောက်ပြီး ကြိုး ဆောင့်ရုန်းတာ ကြိုးပြတ်ပြီး လွတ်သွား ရော၊ ကျားကလဲ ဝက်နောက်ပြေးလိုက် သွားရော၊ သိပ်မကြာခင် ငါ ဝက်အော် သံတော့ ကြားလိုက်ရတယ်ကွာ"

"မင်းက ကျားကို တွေ့ဖို့ ရွာမှာ ရှိတဲ့ အိမ်က ဝက်ကို အပင်ပန်းခံပြီး တောထဲသွားကျွေးရတယ်တဲ့၊ စခန်းက ဝက်တွေ၊ ကြက်တွေလဲ ကျွေးပြီးပြီပဲ ဟာ ကို"

"တော်ကွာ ဟော့ကောင်၊ ငါ စိတ် တိုနေတယ်နော်၊ ဟော့ကောင်"

"စတာပါကွာ၊ လာ ထမင်းကြော် စားဦး၊ ငါ မြို့ကိုသွားပြီး ဈေးထဲက ပိုက်ဆံနဲ့ ပစ်လာတဲ့ ဝက်သားနဲ့ ငါးပိ ရည်ကွ"

စောမြသန်း၏ စိတ်ထဲတွင် လုံးဝမကျေနပ်ပါ။ ဒွဲမကျေပါ။

နောက် ငါးရက်အကြာတွင် ရွာကို ပြန်ဆင်းသွားပြီး အိမ်က ဝက် ကလေးတစ်ကောင်ကို ထပ်၍ သွားခိုင်း ရာ စောမြသန်းဇနီးမှ . . .


"ကိုစောမြသန်းရယ် ရှင်က ကျွန်မ ဝက်တွေယူသွားပြီး တောထဲမှာ ကျားစာကျွေးသလို ဖြစ်မနေဘူးလား ကျွန်မက ဒီဝက်တွေကြီးလာရင် ရောင်း ပြီး သားအကြီးကောင်ကို ဟိုဘက်ရွာ သွားပြီး ကျောင်းတက်ရတာ ဝေးလို့ စက်ဘီး ဝယ်ပေးမလို့တော့"

"စက်ဘီး ငါဝယ်ပေးမယ်၊ ဆင် ခေါင်းဆီမှာ ငွေကြိုထုတ်လို့ရတယ်"

"ပြောပြန်ပြီ၊ ဒီလိုပဲ ပိုက်ဆံ မရတဲ့အပြင် အိမ်က ဝက်တွေတိုလဲ ကျားသွားပြီး ကျွေးတယ်၊ စက်ဘီးဝယ် တာ အသာထား ဒီနှစ် ရှင် အိမ်ပြင် ဆောက်မယ်ဆို"

စောမြသန်းတစ်ယောက် ဘာမှ ပြန်မပြောနိုင်ချေ။ နောက်တစ်နေ့ နံနက် စောစော၌ ဝက်ဖမ်းပြီး တောင်ဝေါ သစ်စခန်းဆီ ပြန်တက်ခဲ့သည်။ စခန်း ရောက်သော် စောမြင့်မောင်မှ နောက် ပြောင်ပြန်သည်။ တောထဲမှာပျင်းကြ တာကိုး။

"စောမြသန်းကွာ သူ့မိန်းမဆီက ဝက်တစ်ကောင် ထပ်ပြီးဖမ်းလာပြန်ပြီ





www.burmeseclassic.com

www.burmeseclassic.com

ကွ၊ ကျားကြီးကတော့ ဝမ်းနေမှာပဲ၊ ငါ တောင် ကျားဖြစ်ချင်လာပြီ"

"အေးပါ ပြောကြပါ ပြောကြ မင်းတို့ ငါ အဲဒီကျားကို ရှေး ကျားမှို လိုချင်တယ်၊ သွားလိုချင်တယ်၊ အရွယ် လိုချင်တယ်၊ ခြေသည်း လက်သည်း လိုချင်တယ်၊ နှုတ်ခမ်းမွေးလိုချင်တယ် ဆေးမှီးနဲ့ ကျားခေါင်းတောင် မပေးဘူး မှတ်"

စောမြသန်း အလုပ်လုပ်ရင်း ကျားပစ်မည့်ကိစ္စအား သေသေချာချာ စဉ်းစားပြင်ဆင်ပါသည်။ တစ်ပတ်ခန့် ကြာလျှင် ကျားပစ်ရန် ထွက်ခဲ့သည်။ ဝက်ကလေးကို လင့်စင်အောက် သစ်ပင် တွင် သံကြိုးနှင့် တိုတို အပိုင်ချည်ပါ သည်။ ပြီးလျှင် လင့်စင်အပေါ်မှ စိတ် ရှည် လက်ရှည် စောင့်သည်။ ဝက် ကလေးမှာလည်း ကြောက်လန့်ပြီး အဆက်မပြတ် အော်နေသည်။

"အီး . . အီး အီး အီ အီ"

ည သန်းခေါင်ကျော်ချိန်တွင် စားကျက်ကို တွေ့ထားသည့် ကျားမှာ ထုံးစံအတိုင်း ရောက်ရှိလာသည်။ ပထမ ဟဲ ဟဲ ဟဲ ဟဲ နှင့်။ ပြီးနောက် ဝက် ကလေးနှင့် မလှမ်းမကမ်း၌ သွားရည် တမျှားမျှားနှင့် အမြီးကလည်း . . .

"ဘုတ် . . ဘုတ် ဘုတ် ဘုတ်"

ထိုအချိန်တွင် စောမြသန်းသည် သူ၏နှစ်လုံးပြူးအား မျက်လုံးတဝင်းဝင်း တောက်နေသည့် ကျားဆီသို့ သစ်ပင် တွင်မှီလျက် ချိန်ထားသည်။ မကြာမီ တွင် ကျားမှာ ဝက်ကလေးကို ပြေးခဲရာ ဝက်ကလေးမှာ တစ်ချက်နှင့်ပင် ကျား ပါးစပ်၌ ရုန်းကန်နေသည်။

"အီး"

ကျားမှာ ဝက်ကလေး အသက် ထွက်သွားပြီး ငြိမ်သောအခါ၌ တစ်နေ ရာသို့ ချီသွားလိုသော်လည်း သံကြိုးနှင့် ချည်ထား၍ ချီသွားမရသောအခါတွင် ဝက်သေကို မြေကြီးပေါ် ပြန်ချကာ စားမည် လုပ်စဉ် အခဲမကျေသော စောမြသန်း မုဆိုးသိက္ခာပြန်ဆယ်ရန် အတွက် ကျား၏ အဓိကနေရာ နှလုံး သားရှိရာသို့ တည်ငြိမ်စွာနှင့် . . .

"ဒိုင်း . . ဒိုင်း"

ကျားမှာ လှည့်ခုန်၍ ပြေးစဉ် ပေနှစ်ဆယ်ခန့်၌ မြေကြီးပေါ်တွင် လဲကျငြိမ်သက်သွားပါတော့သည်။

စောမြသန်း ဓာတ်မီးနှင့်အဆက် မပြတ် ထိုးထားရာက စိတ်ချရသည့် အနေအထားတွင် လင့်စင်ပေါ်မှဆင်း၍ ကျားသေအနားနီးသို့သွားပြီး သေချာ သောအခါ ဓားဖြင့် ကျား၏ ခြေ တံကောက်ကြောတွေကို ဖြတ်သည်။ ကိုယ်ပေါ်တွင်လည်း ဆားပုံသည်။ ဝက် အသေလေးကို သစ်ပင်ခွကြားတွင် တင် ကာ စခန်းဆီသို့ ဓာတ်မီးတဝင်းဝင်းနှင့် ပြန်ခဲ့ပြီး လူတွေခေါ်ကာ ကျားသေကို ပြန်ထမ်းကြသည်။

စခန်းရောက်ပြီး နံနက်မိုးလင်း လျှင် ထမင်းချက် ဘအောင်မှ ကျီစယ် ပြန်သည်။

"ငါ့သူငယ်ချင်း ဒီလောက် သတ္တိ ကောင်းမှန်း အခုမှ သိရတယ်၊ ကျား သားကတော့ ဝက်သားအတိုင်းပဲ ဖြစ် မှာပဲကွ"

"မင်းတို့ကောင်တွေ ငါ ကျားရ အောင် ကြိုးစားပစ်တာတောင်မှ ငါ့ကို မယုံသေးဘူးလား"

"စတာပါ သူငယ်ချင်းရာ၊ ချစ်လို့ ပါ"

"ငါ့ကို မင်းတို့ စတာလဲ စိတ် မဆိုးဘူး၊ ဝက်တွေ ပါသွားတာလဲ မသမြောဘူး၊ ဒီကျားကို ငါ အခဲမကျေ အဖြစ်ဆုံးက ငါက သူ့ကိုပစ်မယ့် လင့် စင်ပေါ်မှာတက်ပြီး သေးပေါက်တယ်၊ အိပ်တယ်၊

အဲဒါငါ့အတွက် နိမိတ်မကောင်း တာပဲကွ၊ ငါက မုဆိုးလေ သူက သား ကောင် ငါ့ကို သားကောင်သဘော ဆိုတဲ့ နိမိတ် ဖြစ်သွားလို့ပဲ"

"ဪ ဒါကြောင့် မင်း သဲကြီး မဲကြီး အိမ်က ဝက်တွေပါ အဆုံးခံပြီး လုပ်တာကိုး"

"မုဆိုးက သူ့ရဲ့ သေနတ်၊ ဒူးလေး၊ မြားတွေကို ဘယ်သူမှ ခြေ ထောက်နဲ့ အကျော်မခံဘူး၊ အိမ်က တိရစ္ဆာန်နဲ့ အမျိုးသမီးတွေကျော်ရင် ပိုဆိုးသေး၊ အခုလို လင့်စင်ပေါ်မှာ ကျားတက်တာ၊ မြွေတက်တာ ဆိုရင် လင့်စင်ဖျက်ရတယ်လို့ ငါ့ အဘိုးက ပြောဖူးတယ်ကွ၊ လင့်စင်မဖျက်ချင်ဘူး ဆိုရင် သားကောင်တစ်ကောင်ရဲ့ သား ရေကို ဖင်ခုထိုင်ပြီး ပစ်ရမယ်တဲ့ကွ၊ အခု ငါက ချေသားရေ သေးသေးလေး ... အိမ်မှာ ပတ်ထားတာဖြုတ်ပြီး ဖင် ခုထိုင်ပစ်ခဲ့တာကွ"

"တို့က ကြက်လောက်ပဲ လေး... နဲ့ ပစ်ဖူးတာ၊ မုဆိုးမှ မဟုတ်တာ၊ သူမျှား ပစ်လာရင် ဖျက်မယ် စားမယ်လေ"

"ကဲ ကဲ ကျားကို ဖျက်ကြတွာ... ကျား သားရေကို ကောင်းကောင်း... ကွာ၊ အဲဒါ ရောင်းပြီး ငါ့မိန်းမကို ဝ... ပြန်ဝယ်ပေးရမှာကွ"

"ကဲ လင့်စင်ပေါ်က ကျား... အခု မီးဖိုပေါ်က ကျားပေါ့ကွာ၊ အ... ကလဲပဲ ချက်ပြီးပြီဆိုတော့ စားဖို့... တော့ ရှင်ဘုရင်ထက်အရင် မြည်း... မို့ ဝက်ကျားသားကို အမြန်ချက်မှ"

ထိုအခါ ဆင်ခေါင်းမှ . . .

"ဘအောင်၊ ဘာ ဝက်... သားလဲကွ"

"ကျားက ဝက်သားတွေ... စားနေရပြီးတော့ ကျားသားအ... အပြင် ဝက်သား အရသာပါ ခံစား... လေ"

"ဪ ဒီလိုကိုး၊ လင့်စင်... က ကျား မဟုတ်ဘူးလား"

"ကျွန်တော်တို့ စခန်းမှာ... ဝက်ကျားသား၊ စောမြသန်း... လင့်စင်ပေါ်က ကျား"

☐ သန်းထွန်း(...





www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

"တကယ် ပြောနေတာလား ဟင်၊ သမီး ကြောက်အောင် ခြောက်နေတာဟုတ်လား"

"နင်စာဖတ်တတ်တယ်ဟုတ်လား၊ အဲဒီမှာ ကိုယ့်ဘာသာဖတ်ကြည့်လေ၊ နာဆာ (NASA) ဆိုတာ ကမ္ဘာတစ်ဝန်းလုံးက အသိအမှတ်ပြုရတဲ့ သိပ္ပံပညာရှင်တွေနဲ့ ဖွဲ့စည်းထားတာ၊ သူတို့ထုတ်ပြန်ချက်တွေပဲ၊ ဒါကို ငါတို့လိုတိုင်းပြည်တွေမှာ ဘာသာပြန်ပြီး သိရတာ၊ ဒီက ပညာရှင်တွေကလဲ ဒါကို နှိုင်းယှဉ်ပြုပြီး သူတို့ရဲ့ သုံးသပ်ချက်တွေ ပြောကြ ရေးကြတာပဲ"

"ဒါဆို ကမ္ဘာက တကယ်ပဲ ပျက်တော့မယ်ပေါ့"

"ငါပြောတဲ့အထဲမှာ ကမ္ဘာပျက်မယ်လို့ တစ်ခွန်းမှ မပါဘူး၊ တခြားတစ်နေရာရာကနေ တို့ ကမ္ဘာထက် အဆပေါင်းများစွာကြီးမားတဲ့ ဂြိုဟ်ကြီးတစ်လုံးလာနေတယ်၊ ၁၉၈၃ ကတည်းက သူ ငါတို့နဲ့ အနီးဆုံးဖြတ်သွားတဲ့အချိန်မှာ ငါတို့ ကမ္ဘာကြီးမှာ ဆိုးရွားတဲ့အခြေအနေတွေ ဖြစ်လာနိုင်တယ်၊ အဲဒါပဲ"

"အင်းလေ၊ အဲဒါ အတူတူပဲ ဟုတ်လား၊ ပျက်ကုန်မှာပေါ့"

မိရှင်နှောင်း မျက်နှာလေးပေါ်တွင် တကယ့်ကို စိုးရိမ်ပူပင်နေပုံ၊ ကြောက်ရွံ့ထိတ်လန့်နေပုံပေါ်နေသည်။ ထိုသို့ မြင်ရသည်မှာ ကျွန်တော့်အတွက် စိတ်ကျေနပ်ဖွယ်ဖြစ်နေသော်လည်း မျက်နှာကိုမူ တည်တင်းထားလိုက်သည်။

"ပျက်တဲ့အထိတော့ မဖြစ်ပါဘူး၊ လည်းနဲ့အများ ထိခိုက် ပျက်စီးမယ်လို့ပဲ ပြောတာ၊ အရွယ်ချင်းရော၊ လည်ပတ်လာတဲ့ လားရာဘက်ရော တူမှ မတူတာ၊ ငါတို့ နားကနေ ဆယ့်နှစ်ဘီးတားကြီးတွေ အရှိန်ပြင်းပြင်းနဲ့ ဖြတ်မောင်းသွားတဲ့အခါ ဘယ်လိုနေသလဲ၊ လေဟပ်ပြီး လွင့်စဉ်မတတ်ပဲ မဟုတ်လား၊ တော်ရုံအဝတ် ဦးထုပ်လေးတွေ၊ အမှိုက်စလေးတွေဆို လွင့်သွားတာပဲလေ၊ မြေကြီးတွေတောင် တုန်သွားတာပဲ"

စသဖြင့် သူမ မြင်သာထင်သာရှိအောင် ပြောပြရသည်။ သူမမှာ စိတ်ဝင်စားစွာ ခေါင်းညိတ်ပြ၏။

"အင်း အဲဒီလိုပဲ၊ ဒါက ဒီထက်ပိုမှာပေါ့၊ အခုလာနေတဲ့ ဂြိုဟ်ကြီးက တို့ကမ္ဘာနဲ့ ယှဉ်လိုက်ရင် နည်းတဲ့အရွယ်မှ မဟုတ်တာ"

"ဟုတ်လား၊ ဘယ်လောက်လောက် ကြီးတာလဲ"

"ကြာသပတေးဂြိုဟ်လောက်ကြီးတာတဲ့"

"ကြာသပတေးဂြိုလ်လောက်၊ အဲဒီ ကြာသပတေးဂြိုဟ်က ဘယ်လောက်ကြီးသလဲ"

သူမေးပုံကြောင့် ကျွန်တော့်မှာ အတော်ခွကျသွားခဲ့သည်။

"တယ်လေ နင်လို ငတုံးကို အဲဒီလောက် တိတိကျကျ ပြောပြနေတော့ကော သိမှာတဲ့လား၊ ငါ မပြောလိုက်ချင်ဘူး"

"အယ်. . . မသိလို့ မေးတာကို၊ ဘာပြုလို့ စိတ်က တိုရတာလဲ"

သူမက ပွစိပွစိနှင့် ပြောနေပြန်သည်။

"မပြောချင်လဲ အစကတည်းက မပြောဘဲ နေတာလဲ မဟုတ်ဘူး"

"နင် မရှည်နဲ့လေ၊ ငါ ပြောတာပဲ နားထောင်ပေါ့၊ နင် ဘောလုံးပွဲတွေမှာ တန်တဲ့ ဘောလုံးတော့ မြင်ဖူးတယ်ဟုတ်လား"

သူမတ ခေါင်းညိတ်ပြသည်။ အသံမဲ့ "မြင်ဖူးတယ်"ဟု နှုတ်ခမ်းကို လှုပ်ပြသည်။ မထုံတက်တေးနှင့် လုပ်ပြနေပုံမှာ အူယားစရာလည်း ဖြစ်နေသည်။

"ခေါက်ခေါ်ရှိတဲ့ ခေါက်သီးလုံးကော မြင်ဖူးလား"

"မြင်ဖူးတယ်၊ ငြို့သူနော် အဲဒီလောက် မအ,သေးဘူး၊ ဦးခင်းထင်ပြောမှာက သူတို့ချင်း အဲဒီလောက် ကွာတယ်ပေါ့၊ ဒါဆို အရွယ်ချင်း တော်တော်ကွာတာပဲ၊ ဝင်တိုက်မိလို့ကတော့ ဘုရားဘုရား"

"ဘေးကနေ ဖြတ်သွားမှာပါဆိုမှ၊ လားရာဘက်မတူတဲ့ လည်ပတ်လာပုံနဲ့ သူ့ရဲ့ ဆွဲငင်အားရယ်၊ နေရဲ့ ဆွဲငင်အားရယ်ကြားကို ကမ္ဘာက ရောက်သွားတဲ့အခါ ကမ္ဘာကြီးတောင် သုံးရက်လောက် လည်တာ ရပ်သွားနိုင်တယ်လို့ ခန့်မှန်းထားကြတာပဲ။

အဲဒီ ဆန့်ကျင်ဘက် ဆွဲငင်အားတွေ သက်ရောက်မှုကြောင့် ပြင်းအားကြီးတဲ့ လေမုန်တိုင်းတွေလှုပ်မယ်၊ မြေလွှာတွေ အစိတ်စိတ်အမြွှာမြွှာ တွဲထွက်ပြီး ကျောက်ရည်ပူတွေ တိုးထွက်လာမယ်၊ ရေမျက်နှာပြင် မြင့်တက်မှုတွေကြောင့် ရေလွှမ်းမိုးမှုတွေ ကြုံကြရမယ်၊ မီးတောင်တွေလဲ တော်တော်များများ ပေါက်ကွဲပြီး ဒီလိုဖြစ်ရပ်တွေကြောင့်ပဲ လူတွေ သန်းရာနဲ့ ထောင်နဲ့ချီပြီး သေကျေပျက်စီးကုန်နိုင်တယ်လို့"

"အမယ်လေး မကြားချင်တော့ဘူး မကြားချင်ဲတော့ဘူး၊ မကြားကို မကြားရဲတော့ဘူး၊ အမေ့ရေ ဘယ့်နှယ်လုပ်ကြမတုံး"

"ဟာ ဘာဖြစ်လို့ ခွအော်နေရတာတုံး၊ ငါ အဲဒါ ပြောတာ အဲဒါကို ပြောတာ၊ ကိုယ်တိုင်တော့ ဘာဖဟုသုတမှ လေ့လာရတောင်းမှန်း မသိဘူး သူများပြောလာတော့မှ ငါးရုံ့ကြလား ကြောက်လန့်ကြနေတယ်၊ မပြောရင် သိမှာတောင် မဟုတ်ဘူး။

ဒါမျိုးတွေပေါ့၊ ကိုယ့်ကိုယ်ကိုယ် ဘာဖြစ်လို့ ဖြစ်သွားမှန်းတောင် သိချိန်ရလိုက်မှာ မဟုတ်ဘူး။





www.burmeseclassic.com

www.burmeseclassic.com

မနက်လင်းရင် ထမင်းစားမယ်၊ ဈေးရောင်းမယ်၊ ညကျ ကိုရီးယားဇာတ်လမ်းကြည့်မယ်၊ အရည်မရ အဖတ်မရ စကားတွေပြောမယ်၊ ပြီးရင် အိပ်ရောဒါပဲ။

နောက်တစ်နေ့နေတာလဲ ဒါပဲ ဒီပုံစံပဲ ထမင်းစားဖို့နဲ့ ဈေးရောင်းနေရတာကိုပဲ ရောစ ဘဝအဓိပ္ပာယ်ကြီးလို့ ထင်ပြီး ဘာဆိုဘာမှ အကြားအမြင်မရှိ ပေတူးသူတာမျိုး တောင်းနေလို့ စာတတ်တာပဲ ရှိတာ။

ဒီလိုဟာမျိုးတွေမှန်း သိလို့၊ ကိုယ်သိတာလေးတွေ ကြိုကျက်ပြီး သတိပေးရ ပြောပြပြန်တော့လဲ မကြားချင်ဘူးနဲ့တောင် တွေ့နေလိုက်သေး"

"ဒီလိုမနေလို့ ဘယ်လို နေရမှာလဲ၊ အလုပ်ကလဲ ဒါပဲရှိတာကို၊ ဈေးမရောင်းတော့ကော ဖြစ်မှာတဲ့လား၊ ဘာနဲ့ သွားစားကြမှာတုံး၊ သိစေချင်လို့ ပြောပြတယ်ဆိုရင်လဲ ကောင်းကောင်းပြောပြမပေးချင်ဘူး၊ အပြစ်ပဲတင် နှိမ်ပဲ နှိမ်ချင်နေတာပဲ"

"နင်ဘာလို့ ငါပြောနေတာကို မကြားချင်ဘူး ပြောလဲ"

"အဲလို မကြားချင်ဘူးလို့ ပြောတာမှမဟုတ်တာ၊ မကြားရဲတဲ့ ကြောက်စရာတွေမို့ မကြားရဲဘူးလို့ ပြောတာ"

"အလကားနေ လွတ်ခွအော်နေ၊ အိမ်ထဲက သူတို့အမေက ကြားရင်၊ ငါတပဲ သူ့သမီးကို နိုင်လိုမင်းထက် ပြောနေတယ် ထင်ဦးမယ်၊ ကမ္ဘာပျက်ရင် နင့်လိုဟာမျိုး အရင်နာမယ် မှတ်"

ပိရိသေသပ်စွာ ဟန်ဆောင်နေကြရခြင်းသည် ပြဇာတ်ရုပ်ရှင်များတွင် သရုပ်ဆောင်နေကြပုံနှင့်လည်း အတူတူဖြစ်လိမ့်မည်။

တကယ်တမ်းတွင် ကျွန်တော်၊ မိရှင်နှောင်း၊ နွယ်ဝတီနှင့် သူတို့အမေ အန်တီခင်တို့ လေးဦးသားမှာ ဘာမှ မဖြစ်ကြသလို ပြောဆိုမြဲ ပြောဆိုနေကြသော်လည်း မြူငုပ်နေသော အဖုအထုံးတ ရှိနေကြသည်။ စစ်အေးတိုက်ပွဲတာလသဖွယ် ဖြစ်နေ၏။ နှစ်ကုန်ပိုင်းလောက်တွင်မူ ကမ္ဘာကြီးနှင့် ပတ်သက်သော ချောက်ချားဖွယ် ပေဟာကိန်းများ ကျယ်ပြန့်လာနေသည်။

ထိုအခါ ပြောဆိုကြ၊ မေးမြန်းကြ ဆွေးနွေးတိုင်ပင်ကြဖို့ ဖြစ်နေကြသည်။ အတယ်၍သာဟူ၍လည်း ကြိုတင်တွက်ဆ ပူပင်ဖြစ်ကြသည်။

အခြား အကြောင်းတစ်ချက်မှာ ဆယ်လပိုင်း နောက်ပိုင်းတွင် အရောင်းအဝယ်လောက သိသိသာသာ ထိုးဆင်းအေးခဲသွားခဲ့ခြင်းလည်း ပါဝင်သည်။

ထိုအခါ စကားဝိုင်းဖွဲ့စရာဖြစ်လာသလို စကားပြောရန် အချိန်ပိုများလည်းရှိလာကြသည်။ အချင်းချင်း စင်းလုံးချော ပြေပြစ်နေကြသည်တော့ မဟုတ်။ အရေးကြီး၍ သွေးနီးနေကြပုံမျိုးသာ ဖြစ်နေ၏။

အန်တီခင်သည် သူ့သမီးနှစ်ဦးအနက် အကြီးဆုံးဖြစ်သူ နွယ်ဝတီနှင့် ကျွန်တော့်အား ကြည်ဖြူရင်းစွဲရှိနေခဲ့သည်။ ကျွန်တော်တို့ချင်း နီးစပ်ငြိတွယ်စေလိုသော သဘောထားရှိနေခဲ့၏။

ထိုသဘောထားကို လွဲသွေစေသော မိရှင်နှောင်း၏ အနေအထားနှင့် ကျွန်တော့်အပေါ် ရင်းနှီးမှုပုံစံအား ဘဝင်မကျနိုင် ဖြစ်နေသည်။

သိသိသာသာ ခါးခါးသီးသီး ပြဿနာကြီးတစ်ရပ်သဖွယ် ဖြစ်နေပုံမျိုးလည်း မဟုတ်၊ သိမ်မွေ့သော လိပ်ခဲတည်းလည်းအနေအထားနှင့် တငွေ့ငွေ့ ဖြစ်နေကြလေ၏။

ထိုအခါ ကျွန်တော်နှင့် မိရှင်နှောင်း၏ ဆက်ဆံရေးမှာ အနည်းငယ် ကိုယ်ရှိန်သပ်ထားရသည်။

ကမ္ဘာအပါအဝင်ဖြစ်သော နေအဖွဲ့အစည်းထံသို့ ခရီးကျွဲလာသည်ဆိုသော ဂြိုဟ်ကြီး (Planet-NIBI-RU) သည် မည်မျှကြီးမား၍ အရှိန်မည်မျှ နှုန်းနှင့် လာနေသည်၊ ဆွဲငင်မှုအင်အားမည်မျှထိ ကြီးမားမည်၊ တိတ်ကျကျ တော့ မသိတတ်ပါ။

ချစ်တတ်သူ၏ နှလုံးသားမှ ကျွံထွက်လာသည့် အချစ်၏ ပမာဏ၊ လာနေသော အရှိန်နှုန်း၊ ဆွဲငင်နိုင်စွမ်းအင်အား စသည်တို့ကိုမူ ယှဉ်ပ ကျော်လွန်ပိုကဲမည်ဟု ကျွန်တော် မထင်ချေ။

လူချင်းသည် အခြေအနေမပေးစဉ် ခေတ္တခဏ ကိုယ်ရှိန်သတ်ထားဖို့ ရစကောင်းသော်လည်း အချစ်စိတ်ဟူသည် အရှိန်သတ်၍မရ။ လူက အိပ်ပျော်နေသော်လည်း မအိပ်တတ်သည့် နှလုံးသား၏ ခုန်ချက်အတိုင်း အချစ်က ပွားသည်းကြီးမားနေလိမ့်မည်။ သူ၏ ဦးတည်ချက်ရှိရာသို့ အရှိန်ပြင်းစွာ သွားမြဲအတိုင်း သွားနေလိမ့်မည်။

မအိပ်ငိုက်တတ်သော အချစ်သည် လက်တွေ့ဘဝတွင် အခြေအနေမပေး၍ အခက်အခဲ အဟန့်အတား စသည့် ကြုံကြိုက်လာသောအခါ ကြံစည်တွေးတောမှုဖြင့် ဖွဲ့စည်း တည်ဆောက်အပ်သော စိတ်ကူးလောက ကမ္ဘာသို့ အကြင်သူတို့အား ခေါ်ယူသွားတတ်ပြန်သေးသည်။

တကယ့်ဘဝပေါ်တွင် အခြေ၍ ကြံစည်တွေးတော်မှုဖြင့် ဖွဲ့စပ်တည်ဆောက်ထားသော်လည်း စိတ်ကူးထူသည် အိပ်မက်သဖွယ်လည်း ဖြစ်... စိတ်ကူး၏ အားသာချက်မှာ လိုသ... တည်ဆောက်ဖန်ဆင်း၍ ခံစားနိုင်စွ...၏။ ကာလယန္တရားအားလည်း ဆွဲ... နိုင်စွမ်း၏။ အိပ်မက်ဆိုသည်ကမူ ... လာသည့်အတိုင်းသာ ခံစားနိုင်... သည်။

ဘယ်အရာမှ တကယ်ဖြစ်... သည်တော့ မဟုတ်။ တကယ်ဖြစ်... နိုင်သော သဘောလည်းမရှိ။ သို့... ခံစားမှုစည်းစိမ် ပေးနိုင်ပုံချင်းမှာ ... ကူးထက် အိပ်မက်က ပိုမိုထိရှ... သည်ဟု ထင်ဆဖွယ်ရှိလေသည်။

ရံခါ၌ စိတ်ကူးသည် ညှ... အိပ်မက်ဖြစ်လာသည်လည်း ရှိ...





www.burmeseclassic.com

www.burmeseclassic.com

အိပ်မက်သည်ပင် မသိစိတ်၏ ဥပါဒါန်စိတ်ကူးပင် မဟုတ်လော။

ကျွန်တော်နှင့် မိရှင်နှောင်း အခြေအနေမှာလည်း ထိုနည်းနှင်နှင်ပင် ဖြစ်လာနေလေသည်။ ကျွန်တော်တို့ ချင်း ချစ်သူဘဝသို့ တိုးဝင်လိုက်ရန်မှာ အလွှာပါးပါးလေးသာ ခြားတော့သည်ဟု ထင်မိခဲ့သည်။

သည့်အရင်ရက်များကမူ မိရှင်နှောင်းသည် ကျွန်တော့်အပေါ် ထားရှိသော သူ့သဘောထားအား အပြစ်တစ်ခုသဖွယ် မထင်မှတ်မိသေး။ သိပ်သည်းလျှို့ဝှက်စွာ ပြုမူရမည်ဟု မလိမ္မာတတ်သေး။

အချစ်သည် မိမိပိုင်အခွင့်အရေးတစ်ရပ်သဖွယ် ယုံမှတ်နေခဲ့သည်။ ပကတိအရှိအတိုင်း ခင်းကျင်း ပြသထားခဲ့သည်။ ငယ်ရွယ်သူ၏ သဘာဝဖြင့် ဣန္ဒြေအထိန်းအချုပ် လျော့နည်းခဲ့သည်။ လွန်ကဲရာကျသော ပြုမူပြောဆိုပုံများပင် ရှိခဲ့သေးသည်။

ထိုအခါ သူမ၏ မိခင်သည် လွယ်လင့်တကူ အချိန်တိုတွင်းမှာပင် ရိပ်မိခဲ့သည်။

ကျွန်တော့်အပေါ် မိရှင်နှောင်း တွယ်တာနေပုံအမျိုးအစားနှင့် အချိုးအဆ ပမာဏကို မှန်းဆသိရှိနေခဲ့ပါသည်။ မိမိကိုယ်တိုင်မှာလည်း မိရှင်နှောင်းမှ မိရှင်နှောင်းဖြစ်နေသော နှလုံးသားအလိုကို ဆန့်ကျင်ရမည်က ခရီးတွဲ၍ ကမ္ဘာနှင့် နီးကပ်စွာ ဖြတ်သန်းသွားမည့် ဂြိုဟ်ကြီး (Planet-NIBI-RU) အား ထွက်၍တားဆီးရမည်ကမှ လွယ်ထင့်တကူ ရှိလိမ့်ဦးမည် ထင်ပါသည်။

ကျွန်တော်မှာ. . .

လက်တွေ့ ကြုံတွေ့လာနေသော အခက်အခဲ အကျပ်အတည်းထဲမှ ဝေးရာတွင် ရှိနေချင်ခဲ့သည်။ သူတို့အိမ်နှင့်၊ သူတို့ဝန်းကျင်နှင့်၊ ဟန့်တားနှောင့်ယှက်မှုဟု ထင်ရသည့် အရာအားလုံးနှင့် ဝေးရာ၊ ကင်းရာ။ အန္တရာယ်ဓောင်းတော့သည့် ကမ္ဘာမြေကြီးနှင့် [illegible] ယောက်တည်း နေချင်၏။ သွားချင်၏။ တကယ်တမ်းမှု ထိုသို့ ဖြစ်လာရန် အကြောင်းကလည်း မရှိ။

ထိုအခါ အိပ်မက်သည် . . .

"တစ်ညချမ်းမှာဖြင့်
လခြမ်းငယ် လှေယာဉ်သွင်နဲ့
ရေပင်လယ် ကောင်းကင်ကြော
မှာ
သူနဲ့ငါ စီးမျောကြတယ်"
ဟူ၍ ဖြစ်လာခဲ့သည်။

လဆန်း နှစ်ရက် သုံးရက်၏ အနောက်ဘက်ကောင်းကင် သမုဒ္ဒရာမှာဖြစ်သည်။ တကြိုးတန်ဆာ ရတနာခုနစ်ပါးဖြင့် ခြယ်အပ်၊ စီအပ်၊ မွမ်းမံအပ်သော လခြမ်းလှေယာဉ်ထက်မှာလည်း ဖြစ်သည်။

မိရှင်နှောင်းမှာ ဘော်သာခွာကြူပုလဲလိုဖြူသော ဂါဝန်ရှည်ကြီးနှင့် တောက်ပသော ကြယ်ပြာရောင် သရဖူနှင့်၊ ရတနာစီခြယ်ထားသော ရွှေစလွယ် ရွှေလက်ကြပ်၊ လက်ကောက်၊ လက်စွပ်တို့ဖြင့် ဘုရင်မ တစ်ဦး၏ အဆောင်အယောင်ပြည့်စုံစွာ လှေဦးထက်မှာ ထိုင်နေသည်။ ကျွန်တော်ကမူ လှေဝမ်းကြမ်းပြင်တွင် ထိုင်နေရ၏။

"ဘိုးဘိုးမင်းထင်ဆီမှာ ဆွဲဆောင်မှု တစ်ခုခုရှိတယ်လို့ အမြဲခံစားနေရတာ ခုမှ ဘာဆိုတာ သမီးသိတော့တာပဲ"

ဟူ၍ သူမက ပြောလိုက်လျှင် ဗီဇအတိုင်း စိတ်က တိုသွား၏။

"ဘာ ဘိုးဘိုးလဲ၊ နင်နဲ့ငါ အဘိုးနဲ့ မြေးအရွယ်ထိတော့ မကွာသေးပါဘူး၊ သိပ်လဲ ငယ်ချင်မနေနဲ့"

"ဟောတော်၊ သူပဲ ပွဲထဲက ဝန်ကြီးတွေ၊ အမတ်ကြီးတွေဝတ်တဲ့ ဝတ်စုံကြီး ဝတ်ထားပြီးတော့၊ ဒီဝတ်စုံကြီးနဲ့ ဆိုရင် ဘိုးဘိုးလို့ ခေါ်ရမယ် မဟုတ်လား"

"အင်"

ကျွန်တော်က တိုယ့်ကိုယ်ကိုယ် ပြန်ငုံ့ကြည့်သည်။ ခေါင်းပေါ်သို့လည်း ကယောင်ကတမ်း စမ်းကြည့်သည်။ ကျွန်တော့်ကိုယ်ပေါ်တွင် အနီရောင် တဗ္ဗိုပါ သိုရင်းအင်္ကျီရှည်နှင့် တောက်စီရွှေစလွယ်၊ ဖောင်းနားတောင်းနှင့်၊ နားတောင်းမှာ အတန်ကြီးမား၍ နားနှစ်ဖက်စလုံးတွင်ပင် ပါနေသည်။

ဤမျှ ကမောက်ကမ နိုင်လှသော အခြေအနေအပေါ် အလွန်ဒေါသထွက်နေမိသည်။

"ကဲပါ ဘယ်လိုပဲရှိနေရှိနေပေါ့၊ နှစ်ယောက်တည်းရှိနေဖို့က လိုရင်းပဲ ဟုတ်လား၊ သူများတွေ ဘယ်လိုထင်ထင်လေ၊ မဟုတ်ဘူးလား ဘိုးဘိုးစိတ်တိုရယ်"

သူမက ပြောရင်း လှောင်ရယ် ဝင် ရယ်နေလိုက်သေးသည်။ ကျွန်တော်က "မျောက်စုတ် မျောက်နှာမ" ဟူ၍ ဆဲလိုက်သည်။

"နေစမ်းပါဦး ဒီက ဘိုးဘိုးမင်းထင်မှာ ရှိနေတဲ့ ဆွဲဆောင်မှုအကြောင်းတို ပြောမလို့၊ အဲဒီလို စိတ်ဖျက်အောင် မလုပ်စမ်းပါနဲ့"

ထိုစကားကြောင့် ကျွန်တော့်မှာ ငြိမ်သက်နေလိုက်ရသည်။

"ဟုတ်တယ်၊ တကယ်တော့ ဘိုးဘိုးမျက်လုံးတွေက တအားကို ဆွဲဆောင်မှုရှိတာပဲ၊ သမီးစိတ်ထဲမယ် အဲဒီလိုပဲ ခံစားရတယ်၊ တစ်ချက်ပဲ၊ စိတ်တိုပြီး မျက်လုံးကြီးပြူးကြည့်မနေတဲ့ အချိန်မျိုးမှာပေါ့"

ပြောရင်း ကြယ်စင်လို တောက်ပသည့် မျက်ဝန်းအစုံဖြင့် ကျွန်တော့်ထံ ရွှန်းရွှန်းစားစား ကြည့်နေပြန်ပါသည်။ ကျွန်တော့်ရင်မှာ လှုပ်ရှိုပေါက်ကလေး သဖွယ် ဖိုလှိုက်နေရ၏။

"ဒါပေမဲ့ ဘိုးဘိုးမင်းထင်ရယ်၊ သမီး ဘိုးဘိုးမင်းထင်အပေါ် ထားတဲ့ သံယောဇဉ်ဆိုတာလေ ပေးဆပ်ဖို့မှ သက်သက်ပါပဲ၊ ဒါကိုတော့ ဘိုးဘိုး [illegible] ဖြစ်မှာ၊ တစ်နေ့နေ့တော့လဲ [illegible]



www.burmeseclassic.com

www.burmeseclassic.com

လက်တွေ့သိလာရမှာပါလေ၊ ခုတော့ အခြေအနေ မပေးသေးပါဘူး"

ထိုသို့ ပြောနေသော သူမ မျက်နှာလေးမှာ တည်ကြည်လေးနက်နေပြန်သည်။ စွဲမက်ဖွယ်လည်းကောင်းနေခဲ့၏။

"ဒါနဲ့ သမီးတို့ အဲ သခင်မတို့လို့ ပြောရမှာထင်တယ်၊ သခင်မတို့ ကမ္ဘာဂြိုဟ်နဲ့ လှမ်းလာပြီလားဟင် ဘိုးဘိုး"

"လှမ်းလာပြီ၊ ဝေးလာပြီ၊ ကမ္ဘာဂြိုဟ်ကို လှမ်းလို့ မွေးတော်မူပါ ဒါဟာ ကမ္ဘာပေါ်ကနေ ကြည့်လို့ရှိရင် လကို လှမ်းမြင်ရတဲ့ အကွာအဝေးပါပဲ သခင်မ"

ကျွန်တော်က အငေါ်တူးလိုသော သဘောနှင့်ပြောလိုက်သည်။ သူမ တမူ သဘောကျဟန်ဖြင့် ခိုးခိုးခစ်ခစ်ပင် ရယ်နေပြန်၏။ ထိုရယ်သံလေးတွင် လှောင်ပြောင်ဟန်စွက်နေသည်ဟု ထင်မိသော်လည်း ရွှေချူငယ်၊ ငွေချူငယ်၊ ကြေးချူငယ်တို့အား တစ်ပြိုင်တည်း လှုပ်ခတ်လိုက်သကဲ့သို့သာယာလှသဖြင့် မသိဟန်ပြု၍ နေနေလိုက်သည်။

"ဒါပေမဲ့ ဒါပေမဲ့ ဘိုးဘိုးမင်းထင်ရယ်၊ ဘိုးဘိုးရဲ့ထင်မြင်ချက်က ဒီတစ်ခါတော့ လွဲပြီထင်ပါရဲ့၊ ကမ္ဘာကနေပြီး လကို လှမ်းမြင်ရတဲ့အခါ လရဲ့ အရွယ်က ခုထက်မက ငယ်တဲ့ပမာဏနဲ့ တွေ့ရမယ်မဟုတ်လား။ အခု သခင်မ လလေ့ယာဉ်ပေါ်ကနေ လှမ်းမြင်ရတဲ့ ကမ္ဘာရဲ့ အရွယ်က တော်တော်ပဲ ကြီးလွန်းနေသေးရဲ့၊ ဒါဆို ဘိုးဘိုးမှန်းဆသလောက်ဖြင့် ဝေးဦးမယ် မထင်ဘူး၊

ပြီးတော့ ကမ္ဘာဂြိုဟ်ရဲ့ အရောင်ဟာ ပြာလဲ့နေတာပဲနော်၊ လလို ဝါဝါလေး ဖြစ်မနေဘူး။ တစ်ခုခုများ လွဲနေရော့သလား ဘိုးဘိုးမင်းထင်"

တဲ့၊ အဲဒါသာကြည့်တော့၊ ငါက ဗဟုသုတမရှိလို့ မရှိကြဘူးလို့ ပြောရပြန်တော့လည်း အဖြစ်တင်တယ်။ နိမ့်တယ်လို့ပဲ ထင်တယ်။ တယ်လည်း အစာမကြေချင်ကြဘူး။

ခုပဲကြည့်၊ ကမ္ဘာက လထက် ပိုကြီးလို့ နီးတယ်လို့ ထင်ရတာကိုတောင် မသိပြန်ဘူးဆိုတော့။

'ပထဝီအဓိကနဲ့ ကျောင်းပြီးခဲ့တဲ့ ကျောင်းသူဆိုတာ၊ ဘယ်ကျမ်းရွက် ကျိန်ကျိန် ယုံတဲ့သူ အရူးမို့ပဲ' နှင့် စိတ်ထဲမှ ပြောနေမိသည်။

နှုတ်ကမူ "ဒါက ဒီလို ရှိတယ် သခင်မရဲ့" ဟု အစချီသည်။

"လရဲ့အချင်းထက် ကမ္ဘာဂြိုဟ်ရဲ့ အချင်းက သုံးဆပိုကြီးတယ်၊ ဒီတော့ တူညီတဲ့ အကွာအဝေးမှာ ကမ္ဘာက လကို လှမ်းမြင်ရတဲ့ အရွယ်ပမာဏနဲ့ လကနေ ကမ္ဘာဂြိုဟ်ကို လှမ်းမြင်ရတဲ့ ပမာဏ ဘယ်တူနိုင်ပါ့မလဲ။

တိုက်ပန်းကန်ပြားနဲ့ ဆန်ကောဝိုင်းလို မတူညီတဲ့ ပမာဏနဲ့ မြင်ရပေမယ့် အကွာအဝေးကတော့ အတူတူပဲလေ၊ သခင်မ ချင့်ချိန်တော်မူပါ။

နောက်တစ်ခုက ကမ္ဘာပေါ်မှာ မြေထုထက် ရေထုက ပိုပြီးများနေတော့ လကို မြင်ရသလို ဝါဝါလေးဖြစ်မနေဘူး၊ ခုမြင်ရသလို ပြာလဲ့နေတာပဲ၊ မုံရွာ တက္ကသိုလ်မှာ ပထဝီအဓိကနဲ့ ကျောင်းပြီးခဲ့တာ၊ ဘဝ မခြားသေးတဲ့အတွက် ပြန်သတိရတော်မူပါ သခင်မ"

သူမက ဟီဟိနှင့် အရှက်ပြေရယ်လိုက်သည်။



"အယ် ဘိုးဘိုးမင်းထင်ကလဲ၊ ပထဝီနဲ့ ကျောင်းပြီးခဲ့ရတော့ မြေကြီးနဲ့ မြစ်အကြောင်းပဲ သိတာပေါ့၊ ဒါက အာကာသသိပ္ပံနဲ့ ဘွဲ့ရမှ သိမှာနေမှာ ပြော် ဒုက္ခ ဒုက္ခ၊ သခင်မမှာလဲ ကျားရှေ့မှောက်ရက်လဲ အဖြစ်နဲ့ပဲ ကြုံနေရတော့တာပဲ"

ကျွန်တော်တို့မှာ ကြယ်တာရာများစွာကို ဖြတ်သန်းလာကြသည်။ ရာသီခွင်ရုပ်ပုံများကိုလည်း မြင်တွေ့နေကြရ၏။

"အဲဒီ မြောက်ဘက်ကိုကြည့်လိုက်၊ ဟောဟိုမယ်တွေ့သလား၊ နင့်ရဲ့ အမြင်မှာတော့ ကကြီးအက္ခရာ စောင်းစောင်းလေး၊ ဒထွေးမကျတကျ အနေအထားနဲ့ မြင်ရလိမ့်မယ်၊ အဲဒါ ဗျိုင်းတာရာ (Cassiopeia) လို့ခေါ်တယ်။

ဒီတာရာကို ကြည့်ပြီး ငါတို့ ဘယ်နေရာမှာ ရောက်နေတယ် ဆိုတာ ခန့်မှန်းလို့ရတယ်။ သူ့ရဲ့အောက်ဘက် တောင်ပံဖျားက ကြယ်နဲ့ ခုနစ်စဉ် ကြယ်ခေါင်းပိုင်းက ကြယ်နဲ့တန်းနေတဲ့ မြောက်စူးစူးကို ကြည့်လိုက်၊ အဲဒါ ဓုဝံကြယ် (Poloris)ပဲ။

အနောက်တိုင်း နက္ခတ်ကျမ်းတွေမှာတော့ ဗျိုင်းတာရာကို အီသီယိုပီးယားဘုရင် စဖီးယက်(Cepheus) ရဲ့ ကြင်ရာတော် ကာစီအိုပီယား(Cassiopeia) လို့ခေါ်တာပဲ" စသဖြင့် ကျွန်တော်က ရှင်းပြနေသည်။

"စဖီးယပ် (Cepheus) က မြင်းတာရာကို ပြောတာ၊ ဗျိုင်းတာရာရဲ့ အနောက်ဘက်လောက်ကြည့် ကြည့်လိုက်၊ ခု နင်ဝတ်ထားပုံက ကာစီအိုပီးယားဘုရင်မရဲ့ ဝတ်စုံလိုပဲလို့ ငါထင်တယ်၊ သူ ဘယ်လောက်လှသလဲတော့ ငါလဲ မမြင်ဖူးတော့ မသိဘူးလေ"

ဟူ၍ ကျွန်တော်က ပြောလျှင် သူမ မျက်နှာမှာ မချိုမချဉ် ဖြစ်လာသည်။

"ဒါဖြင့် သခင်မကိုတော့ ဘိုးဘိုးမင်းထင် မြင်နေရတာပဲ၊ ဘယ်လိုလဲ

www.burmeseclassic.com

သခင်မ ဒီဝတ်စုံလေးနဲ့ဆိုတော့ တော်တော်လှသလားဟင်"

ကျွန်တော်မှာ သံပရာသီးကို အခွံပါဝါးမိသူလို ဖြစ်သွားသော မျက်နှာကို သူ မမြင်အောင် ငုံ့လွှဲလိုက်ရ၏။

"ငါတို့လေ့က မိန်ရာသီငါးနှစ်ကောင် (Pisces) ရာသီခွင်ရုပ်ကို ဖြတ်သွားနေပြီ၊ နောက်နှစ်ရက်ကျော်တဲ့ အခါ မိဿရာသီ(Aries)က အသာဝတီ (B.Aries) နက္ခတ်လို့ ခေါ်တဲ့ ကြယ်ခြောက်လုံးစုဟာ ငါတို့နဲ့အတူ ဆုံကြလိမ့်မယ်။

ကမ္ဘာပေါ်က ကြည့်မယ်ဆိုရင် ခွန်းတည့်အနေအထား ပြောပါတော့၊ ဒီအချိန်မှာ နေက တူရာသီ (Libra) ကို နောက်ခံထားပြီး အရှေ့ကနေ အနောက်ကို သွားနေတယ်လို့ ထင်ရ သိမ့်မယ်။

ဒီတော့ ကမ္ဘာမှာ ဒီလိုအခါမျိုး မြန်မာရာသီရဲ့ သတ္တမလဖြစ်တဲ့ တင်းကျွတ်လဆိုပြီး သတ်မှတ်ထားတဲ့ ခါပေါ့။

ဒီလ ဒီရာသီဆိုင်ရင် ကြာမျိုးစုံ ကုံတုမ်တွေ ပွင့်တယ်လို့လဲ မှတ်သား ကြတယ်။ ရာသီမသိ ပန်းနဲ့ညှိဆို အဲဒါကိုပြောတာ။

နောက် ငါတို့ လခြမ်းလေ့နဲ့ မယ့် တာရာကြယ်စုတွေ ရှိသေး တီးတာရာတဲ့၊ ဂရိလူမျိုးတွေက ဝရိသူရဲကောင်း ပါစီယပ် (Per-) ရဲ့ အမည်ကို ပေးထားတယ်။

ထားတော့ ဒါတွေထိ ပြောရရင် နဲ့ လွဲသွားလိမ့်မယ်၊ ငါပြောချင် အချိန်၊ နာရီ၊ ရက်၊ လ၊ နှစ်တွေ တဲ့ ပုံကိုပဲ"

မိရှင်နှောင်းမှာ စိတ်ဝင်စားစွာ ထောင်နေခဲ့သည်။

"ဒီတော့ အချိန်နာရီဆိုတာက ရဲ့ တစ်ပတ်လည်တဲ့နှုန်းနဲ့၊ တစ် သွားတဲ့နှုန်းနှစ်ခုကို ပျမ်းမျှပေါင်းပြီး တာရာတွေနဲ့ ညှိယူထားတဲ့ ကာလ မှတ်ချက်တစ်ခုပဲ။

ကမ္ဘာက နေကိုဗဟိုပြုပြီး လည်လဲလည်၊ သွားလဲသွားနေတဲ့ သဘာဝ၊ လက ကမ္ဘာကိုလိုက်ပတ်နေတဲ့ သဘာဝဆိုတာရှိနေသရွေ့ နေ့နဲ့ည၊ လဆန်း လပြည့်၊ လဆုတ် လကွယ်ဆိုတဲ့ ရက်၊ လ၊ နှစ် သတ်မှတ်ချက်တွေဟာ ရှိနေဦးမှာပဲ။

ဆယ့်နှစ်လလည်း ပြည့်ရော တို့ ကမ္ဘာက နေကို တစ်ပတ်ပတ်မိသွားပြီ ဟုတ်တယ်ဟုတ်လား"

သူမက ခေါင်းညိတ်ပြသည်။ ဤခဏတွင်မူ ဘုရင်မကြီးဟန်အပြည့်နှင့် မဟုတ်တော့ပြန်ဘဲ ပီတိကလေးမလေးသဖွယ် ဖြစ်နေပြန်သည်။

"ဇိုဒီအက် (Zodiac) တိရစ္ဆာန်ခါးပတ်ကွင်း (Greek for Animal)ဆိုတာ သူတို့ အနောက်တိုင်း အခေါ်တွေပေါ့ ဟာ၊ တို့မြန်မာလိုတော့ ရာသီရုပ်ပုံတွေ ပတ်ပတ်လည်ရှိနေတာကို ပြောတာပါပဲ။

ဥပမာ ချိန်ခွင်ပုံရာသီခွင်မှာ နေ ရှိနေတာယ်လို့ မြင်ရရင် သီတင်းကျွတ်လပေါ့၊ လကတော့ မိဿရာသီမှာ ပြည့်မယ်၊ အဿဝတီနက္ခတ်နဲ့ ယှဉ်နေမယ်၊ စန်းယှဉ်တယ်ခေါ်တာပေါ့။

တို့တိုင်းပြည်ပေါ်က ပန်းတွေကို အမှတ်သားလုပ်ပြန်တော့ သီတင်းကျွတ်ဆို စောစောက ငါပြောတဲ့ ကြာပန်းတို့ ကုံကုမ်တို့ ပွင့်တဲ့ ရာသီပေါ့၊ ဒါက ကောင်းကင်နဲ့မြေပြင် ညှိယူတဲ့သဘောပါပဲ။

အဲဒါတွေကို အခြေခံပြီး နောက်လာမယ့် ရက်တွေ၊ လတွေ၊ နှစ်တွေ ကို ကြိုတင်ပြီး တွက်ချက်ရေးဆွဲထားတာကို ပြက္ခဒိန်ခေါ်တာပဲ၊ အချိန်ကို တိုင်းတာတဲ့ နေရာမှာတော့ ကြယ်တာရာတွေကို စံထားတယ်။

ပြက္ခဒိန်ကို တိုက်ဆိုင်ညှိယူမှုတွေမှာကျတော့ ကြယ်တာရာတွေရော ဂြိုဟ်တွေကိုရော စံထားရတယ်၊ အပင်တွေ၊ အပွင့်တွေလဲ ပါတာပဲ၊ ဒီတော့ ငါပြောမယ့် အဓိကအချက်က ကမ္ဘာကြီးက နေကိုပတ်နေသရွေ့ လကလဲ ကမ္ဘာကြီးကို ပတ်နေသရွေ့၊ ပြက္ခဒိန်ဆိုတာလဲ ရှိနေမှာပဲ မိရှင်နှောင်း။

ဒီတော့ မာယာလူမျိုးတွေရဲ့ နှစ်ထောင့်ဆယ့်နှစ်ခုနှစ်၊ ဆယ့်နှစ်လ၊ နှစ်ဆယ့်တစ်ရက်၊ သောကြာနေ့မှာ ပြက္ခဒိန်ကုန်သွားတာနဲ့ ကမ္ဘာကြီးလဲ ပျက်သွားမှာ မဟုတ်သလို၊ ငါတို့ ကြည့်ဖို့ ရက်တို့၊ လတို့၊ နှစ်တို့ သတ်မှတ်ရေတွက်ထားတဲ့ ပြက္ခဒိန်ဆိုတာလဲ ပျောက်ကွယ်သွားမယ်ဆိုတဲ့ စကားမျိုးတွေ နင် ယုံစရာ မလိုဘူးလေ။

ဥသျှစ်သီးထန်းလက်ပေါ် ကြွေကျတာ ကမ္ဘာပြိုပါပြီဆိုပြီး ထပြေးတဲ့ ယုန်ငပေါလို မဆင်မခြင်ကြောက်လန့်ပြစရာလဲ မလိုဘူးပေါ့၊ ရှင်းရဲ့လား ချစ်တပည့်၊ နင့်ဆရာ ငါပြောတာကို"

သူမမှာ ကောင်းမွန်ကျေနပ်စွာ နားထောင်နေရာမှ ကျွန်တော့်ကို မျက်စောင်းထိုးလာသည်။

"ဘာ ချစ်တပည့်လဲ၊ သခင်မရဲ့ ပညာရှိအမတ်ကြီးလုပ်နေပြီး ဒီလောက်တော့ ပြောပြတတ်ရမှာပေါ့၊ ဘိုးဘိုးနော်ဆိုင်ရာက ကြည့်ခစား၊ မကဲချင်နဲ့ ဒါပဲ"

ကျွန်တော်က ကောင်းကင် သမုဒ္ဒရာ၊ စကြဝဠာရှုခင်းတပြန့်တပြောကို လိုက်ပြရင်း သူသိသင့်သည်များကို ရှင်းပြနေပါသည်။





www.burmeseclassic.com

www.burmeseclassic.com

"အင်း ဟိုမယ် ကျန်ရစ်ခဲ့တဲ့ မိသားစုတွေလဲ ဘယ်လိုနေသလဲ မသိဘူးနော်၊ ဒါပေမဲ့ လာမယ်လို့ပြောတဲ့ ဂြိုဟ်ကြီး (Planet NIBI-RU)ကို ခုထိတော့ မတွေ့ရသေးသလိုပဲ၊ အဲဒါကြီးကတော့ လာမယ်ဆိုတာ တကယ်မှ ဟုတ်ရဲ့လား"

"ဒါကတော့ သိပ္ပံပညာရှင်တွေ ပြောတာပဲလေ။ ငါလဲ မြင်ရတာမှ မဟုတ်တာ ဘယ်သိပါ့မလဲ၊ လွဲစရာတော့ ရှိမယ်မထင်ပါဘူး"

"ဘိုးဘိုးမှာ ဟန်းဖုန်းပါတယ်ဟုတ်လား။ သခင်မတို့ အိမ်ကို လှမ်းမေးကြည့်ပါလား။ ပြီးတော့ ဘိုးဘိုး မိဘတွေဆီတော့ မေးမကြည့်ဘူးလားဟင်"

"ငါ စောစောက ခေါ်ကြည့်ပါတယ်၊ လိုင်းမမိဘူး ဖြစ်နေတယ်၊ အခုလောက်ဝေးလာမှတော့ ဆက်သွယ်မှုဧရိယာပြင်ပဆိုတာပဲ နေမှာပေါ့။ သိပ်လဲ စိတ်ပူမနေပါနဲ့ဟာ၊ ဒီလိုဆိုးရွားတဲ့ အခြေအနေတွေဟာ ငါတို့နေတဲ့ ကမ္ဘာအခြမ်းဘက်မှာ မဖြစ်နိုင်ဘူးလို့ ငါ့ဦးလေးနဲ့ ငါ့ရဲ့အစ်ကိုကြီးက ပြောပြထားတယ်။

သူတို့ တွက်ချက်ကြည့်ပြီးပြီတဲ့၊ နင်လဲ အသိသားပဲ၊ သူတို့က နက္ခတ်ဗေဒမှာတော့ တကယ့်ဆရာကြီးတွေ၊ နာဆာ (NASA)က ခေါ်တာတောင် သူတို့က မလိုက်ချင်လို့၊ ပြီးတော့ ဖြစ်ကြောင်းရှိလို့ ဖြစ်ပေမယ့် သေကြောင်းရှိမှ သေတတ်တာပါ၊ မဟုတ်ဘူးလား ငါပြောတာ"

အမြဲလိုလို မချိမချဉ်၊ ပြုံးစပ်စပ်၊ ပြောင်ကာလှောင်ကာနှင့် ပေါ့ပေါ့ပါးပါး နေတတ်သော မိရှင်နှောင်းသည် ယခုခါတွင် မကြာခဏ ငြိမ်သက်သွားတတ်၏။ တဒင်္ဂအားဖြင့်လည်း ညှိုးရိပ်သန်းသွားတတ်၏။ ထိုအခါ ပန်းကလေးတစ်ပွင့် ငိုင်ကျသလိုသကဲ့သို့လည်း တူနေ၏။

"တကယ်ဆို ဒီလှေပေါ်ပါလာတဲ့သူက မမနွယ်ဝတီပဲ ဖြစ်ရမှာနော်" "ဘာလုပ်ဖို့လဲ"

"ပြော် ဘိုးဘိုးတလဲ သူနဲ့ ဘိုးဘိုးမင်းထင်ကိုပဲ အမေက သဘောတူထားတာဟုတ်လား။ သူကလဲ ဘိုးဘိုးကို ချစ်နေတာ မိရှင်နှောင်း သိတာပေါ့"

"ငါ သူ့ကို စိတ်မဝင်စားဘူး၊ သံယောဇဉ်လဲ မဖြစ်ဘူး၊ လာမပြောနဲ့"

"အဲဒီလိုချည့်လဲ မပြောပါနဲ့ ဘိုးဘိုးမင်းထင်ရယ်၊ သူကမှ တကယ်တော်တဲ့ မိန်းကလေးပါ။ ရုပ်ရည်ရော၊ အိမ်ထောင်အထိန်းအသိမ်းရော၊ အရောင်းအဝယ်မှာရော၊ ဘိုးဘိုးလဲ သိတဲ့အတိုင်းပဲ၊ ဘာပြောစရာ လိုလို့လဲ။

ဒီဆိုင်လဲ သူပဲတည်၊ သူပဲ ဒီအခြေအနေထိ ရောက်အောင် လုပ်ခဲ့တာဟုတ်လား၊ မိရှင်နှောင်း ဘွဲ့တစ်ခုကို မကြောင့်မကြယူနိုင်ခဲ့တာ အခု မောင်လေး မုံရွာမှာ မပူမပင် ကျောင်းသွားတက်နိုင်တာ ဘယ်သူ့ကြောင့်လဲ"

မိရှင်နှောင်းတို့မိသားမှာ ဆိုင်ကယ်နှင့် ထွေလာဂျီစက် အပိုပစ္စည်းဆိုင်လေးဖွင့်ထားခဲ့သည်။ နယ်မြို့လေးဖြစ်သော်လည်း ရွာငယ်များစွာ မနီးမဝေးမှာရှိသဖြင့် ဝယ်လိုအားကောင်းသည်။ ကျွန်တော်က မြို့တကာ ရွာတကာလှည့်၍ စက်အပိုပစ္စည်းမျိုးစုံ ဖြန့်ချိရသူ ဖြစ်သည်။

လွန်ခဲ့သော လေးငါးနှစ်ကပင် သူတို့ဆိုင်နှင့်ပတ်သက်ခဲ့ရ၏။ ထိုစဉ်က နွယ်ဝတီနှင့် စတင်ရင်းနှီးခဲ့ရခြင်းဖြစ်ပြီး ဆိုင်မှာလည်း ဖွင့်ခါစ အခါလည်း သက်တမ်းသာ ရှိသေးသည်။

နွယ်ဝတီတို့ မိဘများသည် ဝန်ထမ်းများသာ ဖြစ်သည်။ မောင်နှမ ငါးယောက်ရှိသဖြင့် မိသားစုမှာ ဝင်ငွေနှင့် မမျှသော အခက်အခဲများရှိနေခဲ့သည်။ နွယ်ဝတီ ဆယ်တန်းသို့ရောက်လျှင် သူမ၏အောက် ဒုတိယမောင်မှာ ကိုးတန်းဖြစ်သည်။ ကျူရှင်ယူဖို့ ဆိုသည်မှာ စိတ်ပင်မကူးရဲခဲ့။

ထိုအခါ နွယ်ဝတီမှာ သူမ သဘောနှင့်သူမ ကျောင်းမှ ထွက်လိုက်သည်။

ထိုစဉ် မုံရွာမြို့ပေါ်ရှိ သူမမိခင်၏ မောင်တစ်ဝမ်းကွဲ ဖွင့်ထားသော စက်ဘီးနှင့် အပိုပစ္စည်းဆိုင်မှာလည်း လူလိုနေချိန်ဟု ပြောလာသဖြင့် နွယ်ဝတီ ဝင်လုပ်ခဲ့တော့သည်။

ဦးလေးတို့ဆီတွင် စရိတ်ငြိမ်းနှင့် လခပြန်ပို့နိုင်လာသည်။ စားဝတ်နေရေးနှင့် မိမိအောက်အငယ်များ စရိတ်စကအထောက်အပံ့ဖြစ်လာသည်။ ထိုဆိုင်တွင် ဆယ်နှစ်ကျော် နွယ်ဝတီ အလုပ်လုပ်ခဲ့ရသည်။

သို့သော် နွယ်ဝတီအောက် ဒုတိယမောင်မှာ မုံရွာတွင် ကျောင်းလာတက်ရင်း နောက်ဆုံးနှစ်မပြီးခင် အိမ်ထောင်ပြုသွားသည်။

သူ၏ မိန်းကလေးဘက်မှ မြို့ရွာသို့ လိုက်သွားခဲ့သဖြင့် နွယ်ဝတီမှာ မင်္ဂလာ ဆောင်ပေးလိုက်ရခြင်းသာ အဖတ်တင်ခဲ့၏။

နောက်တစ်နှစ်တွင် တတိယမြောက်မောင်မှာ ဆယ်တန်းဖြေကာနီး ရုတ်တရက်အပြင်းဖျား၍ သေဆုံးသွားခဲ့၏။

ထိုစဉ်က စတုတ္ထမြောက်မှာ မိရှင်နှောင်းဖြစ်ပြီး ရှစ်တန်းကျောင်းသူဘဝသာ ရှိသေးသည်။

မိရှင်နှောင်း ဆယ်တန်းဖြေပြီးသော နွေရာသီမှာပင် နွယ်ဝတီ မြို့လေးသို့ ပြန်လာခဲ့သည်။ ဦးလေးဖြစ်သူ၏ အကူအညီပေးမှုဖြင့် ကိုယ်ပိုင် စက်အပိုပစ္စည်းဆိုင်လေး ထူထောင်နိုင်ခဲ့သည်။

သူမ၏ ဆယ်နှစ်ကျော် လုပ်ငန်းအတွေ့အကြုံ၊ လုပ်ငန်းမိတ်ကျွမ်းများ ပြေပြစ်သော ဆက်ဆံရေးတို့ကြောင့် နှစ်အနည်းငယ်အတွင်း ဆိုင်လေးမှာ စည်ကားလာခဲ့သည်။ ရောင်းအားကောင်းသလို၊ ပစ္စည်းအင်အားလည်း ပြည့်စုံတောင့်တင်းလာသည်။





www.burmeseclassic.com

www.burmeseclassic.com

မိရှင်နှောင်း နောက်ဆုံးနှစ်ရောက်ပြီး ပြန်လာချိန်တွင် ဆွေမျိုးနီးစပ်ထဲမှ အလုပ်သမားမိန်းကလေးနှစ်ဦးပင် ခေါ်ထားရလောက်အောင် တိုးပွားနေပြီ ဖြစ်သည်။

ပဉ္စမမြောက် အငယ်ဆုံးမောင်လည်း မုံရွာတက္ကသိုလ်သို့ ကိုယ်ပိုင်ဆိုင်ကယ်၊ ဟန်းဖုန်းတို့ဖြင့် အဆောင်နေ ကျောင်းတက်နိုင်နေပြီ။ ပြီးခဲ့သည့်နွေမှာပင် မိရှင်နှောင်းမှာ ဆိုင်၏ တာဝန်တော်တော်များများကို ယူလိုက်သည်။ ယခုအခါ နွယ်ဝတီမှာ များစွာ သက်သာခွင့်ရလာသော ကာလများ ဖြစ်သည်။

နွယ်ဝတီအကြောင်းကို မိရှင်နှောင်း ပြောသည်ထက် ကျွန်တော်က ပိုသိထားသူ ဖြစ်သည်။ အထူးသဖြင့် အရောင်းအဝယ်တွင် သူမ၏ စေ့စပ်ပုံ၊ ချည်းကမ်းရှိပုံ၊ လုပ်ငန်းကျွမ်းကျင်ပုံကို ဈေးသည်ချင်း နားလည်သိမြင်ထားပြီး ဖြစ်သည်။ ကျွန်တော့်ထံမှ ပစ္စည်းယူငွေသွင်းစနစ်ကို ပုံမှန်လုပ်ဆောင်နိုင်သော ဖောက်သည်ကောင်းတစ်ဦးဖြစ်ခဲ့သည်။

မိမိအပေါ် ဝန်ပိစေခြင်းမျိုးလည်း မရှိခဲ့။ ဈေးရောင်းသက်ရင့်နေသူ မိန်းကလေးဖြစ်သော်လည်း အရောက်မို့ အရောင်းသမားများနှင့် ကုမ္ပဏီကားများထံ ရက်ပတ်ထက်ကျော်၍ ငွေချန်ခြင်း၊ ညွန့်စီးသော ဆက်ဆံရေးမျိုးဖြင့် ဆက်ဆံခြင်း အလျဉ်းမရှိ။

ထိုအကြောင်းများဖြင့်လည်း တစစ ရင်းနှီးလာခဲ့သည်။ နှစ်အတန်ကြာ ရင်းနှီးလာသောအခါ မိသားစုသဖွယ်လည်း ဖြစ်လာခဲ့သည်။ တစ်နေ့သောအခါ နွယ်ဝတီတို့ အမေက. .

"မင်းစကားပြောရင် အမေက နားလိုက်လို့ အမေက ဘာတဲ့ဗျာ၊ ညီမအငယ်က ဘယ်လို၊ အကြီးမကြီးက ဘယ့်နှယ့်နဲ့ပဲ ပြောတာများတယ်၊ မိဘမောင်နှမတွေနဲ့ နေတာလား"

ဟူ၍မေးသည်။

"ဟုတ်တယ်လေ ဘာဖြုလို့လဲ အန်တီ"

ကျွန်တော်က ပြန်မေးလျှင် သားအမိနှစ်ယောက် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကြ၏။

"ဒါဆို အိမ်ထောင်မရှိတာလား။ ဒါမှမဟုတ် အိမ်ထောင်ဖက်ကပါ မင်းမိဘအိမ် လိုက်နေတာလား"

"ဟာ အန်တီခင်ကလဲ၊ သူများသားပျို သမီးပျိုလေးကို အိုးစွပ်မစား ခွက်စွပ်မစား"

ဟူ၍ ဈေးသည်ပီပီ ပေါ့ပေါ့ပါးပါး ရယ်ရယ်မောမောနှင့် ဖြေခဲ့ရသည်။

"ဟဲ့ ဒါဖြင့် ဒီအရွယ်အထိ၊ ဟယ် ကြည့်စမ်းပါဦး။ မောင်မင်းထင်လဲ ငယ်လှတယ်မဟုတ်တော့ပါဘူးအသက် သုံးဆယ်တောင်ကျော်ပြီမို့လား"

"ဒီတစ်ခေါက် ရက်ပတ်အတိုင်း တက်လာတဲ့အခါ အန်တီ စားချင်တာသာပြောလိုက်၊ သေသေချာချာ ဝယ်ခဲ့မယ်၊ ကိုယ့်တူကို လူကြား မကောင်းအောင်တော့ မပြောက်ပါနဲ့၊ ကျွန်တော့် အသက်ကဖြင့် လေးဆယ်ပြည့်လို့ သုံးနှစ်တောင် စွန်းနေပြီ"

"ဟင် ဟုတ်လို့လားကွယ်၊ မထင်ရဘူးနော်၊ မြောက်စရာလား ငါ့တူရယ်၊ တကယ်ပဲ အဲဒီလောက်ရှိမှန်း မခန့်မှန်းမိပါဘူး၊ မင်းညီမကတောင် သမီးထက် နှစ်နှစ် သုံးနှစ်ပဲ ကြီးမှာတဲ့၊ အလွန်ဆုံး သုံးခွန်၊ သုံးရှစ်ပေါ့"

အေးလေ မောင်မင်းထင်တ အသောက်အစားလဲမရှိ၊ နေပုံကလဲ ပေါ့ပေါ့ပါးပါးနဲ့ သွက်တာကိုး၊ မင်းညီမ နွယ်ဝတီရော ဘယ်လောက်ရှိပြီထင်သလဲ၊ ဒီနှစ်ဝါဆိုက သုံးဆယ့်ငါးနှစ် ပြည့်ခဲ့တာလေ"

စသဖြင့် အန်တီခင်က ပြောခဲ့လျှင် ကျွန်တော်အံ့ဩရသော အလှည့်ဖြစ်နေသည်။ နွယ်ဝတီမှာ အသက်သုံးဆယ့်ခြောက်နှစ် အရွယ်ဟု မထင်ရ။ ဤသို့ဖြင့် အန်တီခင်မှာ သူတို့မိသားစုအကြောင်းများကို ပြောပြတာ ရင်းနှီးမှုကို တိုးမြှင့်ပေးခဲ့သည်။

"မင်းနဲ့ နွယ်ဝတီတတော့ ခြောက်နှစ် ခုနစ်နှစ်တော့ ကွာမှာပေါ့ မောင်နှမ အရွယ်တွေပါပဲ၊ အေးလေ အန်တီတို့ လူကြီးမျက်စိနဲ့တော့ မောင်မင်းထင်က တော်တယ်လို့ ပြောရမှာပါပဲ တယ်ကွယ်၊ မြို့တကာ နယ်တကာလှည့်ပြီး ပစ္စည်းပို့နေတဲ့ အလုပ်သာလုပ်တယ်၊ အသောက်အစားလဲမရှိ လောင်းကစားလဲမရှိနဲ့၊ စီးပွားရေးမှ စီးပွားရေးပဲ။

ပြီးတော့ ဒီအရွယ်အထိ မိဘနဲ့ ရင်အုပ်မကွာနေပြီး မိသားစုနဲ့ ဒိုးတူပေါင်ဖက်လုပ်စားနေပုံရော၊ သွားလေရာ မိဘမောင်နှမကို သတိတရရှိပုံရော၊ အိမ်က သားနဲ့တော့ နှိုင်းတောင်မပြောချင်အောင်ပါပဲ၊ တကယ်ပြောတာပါ။

ခုတော့ မင်းညီမ နွယ်ဝတီပဲ ယောကျာ်းလေး ရှုန်းသလို ရုန်းခဲ့ရတာပေါ့။ ခု မိရှင်နှောင်းကျောင်းပြီးမှ သူ သက်သာတာပဲ၊ ဒါပေမဲ့ မောင်မင်းထင် မင်းနဲ့ သမီးကြီးလို ကလေးမျိုးတွေက အသက်ရှည်ပြီး ဘုန်းကြီးမယ့်သူတွေဆိုတာ မြဲမြဲမှတ်ထား၊ မိဘကို လုပ်ကျွေးကြတဲ့ ကံတွေက ဘယ်ကံနဲ့မှ မတူအောင် ကောင်းတတ်တယ်ကွဲ့"

"လူတိုင်း သူ့အကြောင်းလေးနဲ့သူ လာကြရတာပဲ အန်တီခင်ရယ်၊ အန်တီ့သားမှာလဲ ဒီလိုပဲအကြောင်းရှိလို့ ဖြစ်ပါလိမ့်မယ်၊ မိဘကိုတော့ ဒုက္ခမပေးခဲ့ဘူးဟုတ်လား။ သူလဲ တစ်ချိန်ချိန်မှာ ပြန်ကြည့်လာနိုင်ပါတယ်"

ဟူ၍ပင် ဖြေသိမ့်စကားပြောခဲ့ရသည်။ ဤသို့ဖြင့် သူတို့ မိသားစုတွင် အတွင်းရေး အပြင်ရေးထိ တိုင်ပင်ဖက် ကူညီဖက် ဖြစ်ခဲ့ရသည်။ နှစ်အတန်ကြာလာသမျှ အန်တီခင် သဘောထားမှာ ထင်ရှားသိသာလာခဲ့သလို နွယ်ဝတီမှာလည်း မိမိအပေါ် နွဲ့နွဲ့မှိုမှိုရှိချင်နေသည်။

အစစမှာပင် ယုံကြည်စိတ်ချလိုက်တော့မည်ကဲ့သို့လည်းဖြစ်နေသည်။





www.burmeseclassic.com

www.burmeseclassic.com

တို့လိုက်ထိလိုက်ရုံဖြင့် မြွေ့ကျလာမည့် ပန်းကလေးနှယ်၊ အညှာမခိုင်တော့မှန်းလည်း သိသာနေခဲ့သည်။

ကျွန်တော်မှာ မိရှင်နှောင်းနှင့် မတွေ့ဆုံရခင်ထိ အဖက်ဖက်က ချိန်ဆတွက်ချက်ပြီး၊ သင့်တော်သည့် အိမ်ထောင်ဖက်တစ်ဦး ဟူ၍ နှယ်ဝတီအပေါ် ညွှတ်တိုင်းနေခဲ့သည်။ အနည်းငယ်လည်း မထိတထိ ပြောဆိုဆက်ဆံမိခဲ့သည်။ သူမအပေါ် စိတ်ဝင်စားနေသည်ဟု ထင်စားစေသော အပြုအမူများလည်း ရှိခဲ့လေသည်။

မိရှင်နှောင်းကို တွေ့ခါစတုန်းအပိုးမကျိုးဟု ထင်ဆတာ အမှတ်မဲ့ဝင်နေခဲ့သည်။ တော့ာင်းသူဘဝလွတ်ခါစအိမ်မှာလည်း အငယ်နေရာမှ နေရသူမို့ထင်ပါသည်။

နှယ်ဝတီကဲ့သို့ တည်ငြိမ်မှုမရှိ၊ စာစာစာစာ ပျာပျာပျာပျာနှင့်မို့ ကြည့်ရမြင်ရသည်ပင် အဆင်မပြေဟု အောက်မေ့မိခဲ့သည်။

နှယ်ဝတီလို မိခင်နှင့်ဆင်၍ ယဉ်သောအလှအပမျိုးလည်း မရှိ။ ဖခင်ဘက်သို့နွယ်ပြီး အရွယ်အရပ်ပြည့်ဖြိုးခြင်းလည်း မတွေ့ရ။ ငယ်ဂုဏ်နှင့် ခေတ်စတိုင် ဝတ်စားပြင်ဆင်ပုံကြောင့်သာ ကြည့်ကောင်းရုံပဲဟု ထင်ရသည်။

"နှယ်ဝတီ ညီမတာ နှယ်ဝတီတို့ အဘွားတစ်ယောက်ယောက် သေပြီး ချက်ချင်းကြီး ပြန်ဝင်စားလာတာလား မသိဘူးနော်" ဟု ကျွန်တော်က ပြောလျှင် နှယ်ဝတီမှာ ပြုံးရိပ်ရိပ်နှင့် . . .

"ဘာဖြစ်လို့လဲ အစ်ကိုမင်းထင်" ဟူ၍ ပြန်မေးသည်။

"သူ့မျက်နှာက အဘွားအို တစ်ယောက်ယောက်နဲ့တူသလိုလိုပဲ၊ အဘွားတောင် ဟိုး တောခေါင်ခေါင်က ရွာသူအဘွားအို ပုံစံမျိုး မြို့ပေါ်က အဘွားအိုပုံစံမျိုး မဟုတ်ဘူး၊ သိလား"

စသဖြင့် ကျွန်တော်က ပြောသောအခါ နှယ်ဝတီမှာ ကြွေမဆည်နိုင်အောင် ရယ်နေတော့သည်။

[illegible] ကတ်သတ်ကိုပြောတတ်တာ၊မိရှင်နှောင်းကြားရင်တော့ ခြေဆောင့်ငိုတော့မှာပဲ၊ တော်တော်ကြာ ရန်တွေ့ပြီး စိတ်ကောက်နေဦးမယ်"

"အောင်မယ်၊ ငါ့လာကောက်ကြည့်ပါလား၊ သူ့လောက်ကတော့ တုပ်ဆွဲပြီး ချင်းတွင်းမြစ်ထဲ လွှင့်ပစ်လိုက်မယ်"

မိရှင်နှောင်းမှာ ကျွန်တော်နှင့်ဆိုလျှင် အသက်အားဖြင့် တစ်ပြန်ကွာငယ်သူဖြစ်သည်။

သို့သော် ကျွန်တော်ကအလျှော့ပေးဆက်ဆံလေ့မရှိ။ အိမ်မှာမူ အနည်းငယ်စွာသူဖြစ်ပြီး အဖေ အမေ အစ်မတို့အပေါ် ဗိုလ်ကျဆက်ဆံလေ့ရှိသည်။

ကျွန်တော်က အလိုမလိုက်ဘဲ နိုင်စားဆက်ဆံမှန်းလည်း မိသားစုက သိထားသည်။ တစ်ဖက်က အန်တီခင်၏ ကျွန်တော့်အပေါ် အရေးပေးပုံကြောင့် မိရှင်နှောင်းမှာ ကျွန်တော့်ကိုမူ အလျှော့ပေးရသည်။

"အစ်ကိုမင်းထင်နဲ့တော့ ဟုတ်မှာပါ၊ အိမ်ကလူတွေဆို မရဘူး သိလား၊ သိပ်ဆိုးတဲ့ ကောင်မလေးလေ"

ထိုနေ့ကပင် အစပြုခဲ့ခြင်းလား၊ သို့မဟုတ် ထိုနေ့ကမှ မိမိစိတ်ကို မိမိသတိထားမိခြင်းလား မမှတ်မိ၊ သူတို့အိမ် ဧည့်ခန်းဘက်သို့ ကျွန်တော်က ဝင်မည်ပြုသည်။

မိရှင်နှောင်းက ထွက်အလာနှင့် တည့်တည့်ဆုံသည်။

ကျွန်တော်က အမှတ်မဲ့ ညာဘက် ကပ်ရှောင်ပေးလိုက်၏။

သူမကလည်း ညာဘက်လိုက်ကပ်သည်။ ခေါင်းကိုငုံ့ထားပြီး မမြင်ယောင်လည်း ပြုသည်။

ကျွန်တော် ဘယ်ဘက်သို့ ခြေလှမ်း ရွှေ့ပေးလိုက်ပြန်သည်။ သူမ ဘယ်ဘက်လိုက်ကပ်၏။

ကျွန်တော်စိတ်မရှည်တတ်မှန်း သူသိပါသည်။ ဤသို့ မထိခလုတ်ထိခလုတ် စတတ်သည်မှာလည်း သူ့အကျင့်ဖြစ်သလို ကျွန်တော်တို့ချင်း ဖြစ်နေကျဖြစ်စဉ်လည်း ဖြစ်သည်။

ကျွန်တော်က မရှောင်တော့။ သူမကို ဖွတ်ဝင်တိုးပြီး ပစ်တိုက်လိုက်လျှင် မရှောင်ဘဲ ပေရပ်နေသော သူမမှာ ယိုင်ထွက်သွား၏။ တကယ်လဲကျသွားမည်ထင်၍ စိုးရိမ်စိတ်ဖြင့် လှမ်းဖမ်းဆွဲလျှင် သူကလည်း ကျွန်တော့်လက်မောင်းကို လှမ်းဖက်သည်။

ရေချိုးခေါင်းလျှော်၊ သနပ်ခါးလိမ်းပြီးပြီးချင်း ထွက်လာပုံရပါသည်။ သူမထံမှ သင်းပျံ့သောရနံ့နှင့် အထိအတွေ့များမှာ ခါတိုင်းလည်း ရှိခဲ့ကြုံခဲ့လေ၏။

ခုတစ်ခါတွင်မူ မှတ်မှတ်ထင်ထင် စိတ်မှာ လှုပ်ခနဲဖြစ်သွားခဲ့သည်။ ခန္ဓာကိုယ်အနံ့အပြားရှိ သွေးတို့မှာ နွေးခနဲ ဖြစ်ကြရ၏။ တစ်ဦးကိုတစ်ဦး ထိန်းကိုင်ထားလျက် အနေအထားဖြင့် အတန်ကြာ ရပ်နေမိကြသည်။

သူမသည် မလွှဲမဖယ်သော အကြည့်နှင့် မျက်လုံးချင်းဆုံထားသည်။ မျက်နှာမှာ သူ့မူဟန်အတိုင်း မခိုးမခန့်လုပ်ထားသည်။ ကျွန်တော်က တစ်ယောက်ယောက်မြင်သွားလျှင် ဟူသော အတွေးဖြင့် လက်ကိုလွှတ်လိုက်သည်။

"ငါ့ လာပြီး ရန်မစနဲ့နော် ကိုယ့်လမ်းကိုယ်သွား" ဟု ဟန်မပျက် ကျိတ်ငေါက်လိုက်သည်။

"သူပဲ မတရားသဖြင့် ဝင်တိုက်ပြီး၊ ဟင်း သတ္တိလဲမရှိဘဲနဲ့"

သူမက ပြောပြီး နှုတ်ခမ်းကိုစူ၊ မျက်မှောင်ကို တွန့်ကာ ပြောင်ပြပြီး ထွက်သွားခဲ့သည်။ ကျွန်တော့်မှာ ရေအိုးစင်ရှိရာသို့သွား၍ ဘယ်နှခွက်မှန်းမသိ ခပ်သောက်နေမိ၏။

ထိုနေ့မှာပင် အစပြုခဲ့ခြင်းလား၊ ထိုနေ့ကမှ ကိုယ့်စိတ်ကို သတိထားမိတာလား၊ မဆန်းစစ်နိုင်။

www.burmeseclassic.com

ကျွန်တော့် အာရုံ၊ ကျွန်တော့် အတွေး၊ ... တော့် အိပ်မက်များကို တစ်စစ စုံးမှုးသိမ်းပိုက်ခဲ့ရ၏။

ပြင်ပဆက်ဆံရေးအားဖြင့် ကျွန်တော်က သူမအား စိုးမိုးနိုင်စားသည်ဟု ထင်စရာရှိခဲ့သည်။ ကျွန်တော်ကိုယ်တိုင်ပင် ထင်မှားခဲ့သေးသည်။ တကယ်တမ်းတွင်မူ ...သည် မိမိအိပ်မက်များ၏ ဧကရီ...မတစ်ပါး ဖြစ်လာခဲ့သည်။ မိမိကိုယ်ကိုယ် အရှက်ပြေစေရန် အတွေးများ ဝင်လာလျှင် ဒါဟာ ပြုစားခံရတာဂါထားဟု တစ်ယောက်တည်း မေးနေမိသည်။

...အားဖြင့် မိရှင်နှောင်း အာ... ...ူးဟု၍ ကျွန်တော်လည်း ထင်ပါသည်။ သို့သော် သူမ စကားပြောနေပုံမှ အစ၊ သူမ ပြုံးလိုက်ပုံ၊ မဲ့လိုက်နှုတ်ခမ်းလေးကို စု၍ ရှေ့ထော်ပြပုံ၊ ...ပြိုပုံ၊ ကပျက်ကချော် အမူအရာများစွာ လုပ်ပြ...

တစ်ခါ... မှန်ကိုကြည့်၍ သူ့ကိုယ်သူ အနည်းငယ်ပြင်ဆင်ရင်း လှလားနှင့် အသံမဲ့ နှုတ်ခမ်းလေးလှုပ်ပြီး မေးနေပုံ စသော စုံလင်သော အမူအရာများ၊ အပြုအမူများစွာတို့မှာ သေးငယ်သော မြားတံလေးများသဖွယ် ဖြစ်စေ၍ ကျွန်တော့်နှလုံးသားအား စေ့ခတ်နေတတ်သည်။

သူစွမ်းနိုင်သ...ဖြင့် ဖမ်းစားညှို့... ...သက်ဟု ထင်စားဖွယ်လည်း ဖြစ်... တစ်ခါတစ်ရံ တစ်စုံတစ်ရာ ...ဓာတ် လိုက်လျော့လိုက်တော့မှာ ...သိုလို စိတ်ကို လှုပ်ရှားစေခဲ့သည်။ ကိုယ့်စိတ်ရိုင်းများကို ပင် ...ခဲ့ယဉ်းဖွဲ့ ထိန်းချုပ်ရပေါင်းလည်း ...ည်းတော့။

မိမိစိတ်သ... မထံမှ မဖယ်ကြည်၊ မပြေမလျော့ဘဲ စွဲမြဲနေမှန်းသေချာသည်ထက် သေချာလာနေသာအခါ . . .

"ဘယ်လို ဘဝ၊ ဘယ်လို အခြေအနေ၊ ဘာတွေပဲ ဖြစ်နေ ဖြစ်နေ၊ ဖြစ်ဆဲရာဘဝ၊ နူနူဝဲဝဲ၊ မည်းမည်း ဖြူဖြူ ဝိန်ဝိန်သေးသေး အမယ်အို ဖျာပါ ဆိုတဲ့ သွားနှစ်ချောင်းစိုက်ပဲ ဖြစ်နေနေ ဆိုဆေရာဘဝ၊ သူနဲ့မှ တိတိကျကျ ပေါင်းရပါစေ"

ဟူ၍ အတိတ်ဘဝကများ ဆုတောင်းထားခဲ့မိလေသလားနှင့်လည်း တွေးနေမိသည်။

• သေချာသည်မှာ မြင်မြင်ချင်း အမွန်အစမှာပင်၊ တစ်ဦးနှင့်တစ်ဦး ကျွမ်းဝင်ရင့်သီး ဆုံစည်းခဲ့ကြဖူးသူများနှယ် ခံစားမှုတ်ထင်မိခဲ့သည်ကို မိမိဘာသာ အဖြေထုတ်မရသော ပဟေဠိတစ်ပုဒ်သဖွယ်လည်း ဖြစ်နေသည်။

* တပြုံ့ပြုံ့ငယ်နှင့်
ပွံ့ပွံ့ကလေးကွယ့် လှတဲ့မယ်။
သူတစ်ယောက်
ကိုယ့်အောက်ငယ်ရှာလွန်းသူမို့
တစ်ခွန်းတင်ချင်ရက်နဲ့
ဖုံးဝှက်ရတယ်။ ။

* ခုနှယ်ကွယ်
ကိုယ့်အသက်ကိုလို
တစ်ဝက်လောက် ငယ်ချင်တယ်
ကြံ့ရွယ်လို့မတဲ့။ ။

* မနေသာ
ဒေဝရာကိုယ်တိုင်ခပ်ပါလို့
နောဒတ်ကယ် အိုင်တော်ရေနှင့်
သည်မယ်ကို ရွယ်တူပိုးရအောင်
ချိုးကြပါလှဲ့။ ။

(တောင်သမန်လယ်စား
မောင်ဖေငယ်)

လွန်ခဲ့သော ...စ်ပေါင်းတစ်ရာကျော်က လယ်စားမင်းသည် နှစ်ဆယ့်တစ်ရာစု (၂၀၁၂)ခုနှစ်တွင် "ငါနှင့်ဖြစ်ပုံတူသော မန္တလေးနယ်သား မင်းထင် ဖတ်ပါစေ" ဟူသော စေတနာဖြင့် ဤတေးထပ်ကို ရေးစပ်ခဲ့သည်ပင် ထင်မိ၏။ ထင်. . . ၏။

"နောက်တော့ အစ်ကိုကြီးလို့ပဲ ခေါ်မယ်၊ ခုတော့ ခေါ်ချင်စိတ်ပဲရှိတာ၊ ခေါ်လို့က မရသေးဘူး"

မိရှင်နှောင်း၏ အုယားစဖွယ် ဖြစ်အောင်ပြောခဲ့ပုံကို သတိရနေသည်။

ကျွန်တော်တို့မှာ တစ္ဆာခြေမှ မိုင်ပေါင်းနှစ်သိန်းကျော်အကွာအဝေးတွင် လမြမ်းလှေယာဉ်ကို လှည့်ဝတ်နေစေခဲ့သည်။

မိရှင်နှောင်း မေးသတဲ့သို့ပင် ကြာသပတေးဂြိုဟ် ပမာဏမျှရှိသော မိမိတို့ နေအဖွဲ့အစည်းထံ ခရီးကျွံလာသည့် ဂြိုဟ်ကြီး (Plant- NIBI-RU) ကို မမြင်ရ မတွေ့ရတတ်သေးချေ။ ကမ္ဘာ၏ အခြားတစ်ဖက်မှ သူလာနေသလားနှင့် တွေးဆဖွယ်လည်း ဖြစ်နေသည်။

မမြင်ရသည့်အရာများကို တွက်ဆရသည်မှာ ပင်ပန်းရသည်ချည်းဟု ထင်ပါသည်။ ဤတဲ့သို့ ဖြစ်နေပုံမှာ မိရှင်နှောင်း၏ ရင်ထဲသို့ မှန်းဆနေရသကဲ့သို့လည်း ဖြစ်နေခဲ့သည်။

နွယ်ဝတီနှင့် ရည်ရွယ်ထားခြင်းခံရသော ကျွန်တော့်အပေါ် မိရှင်နှောင်း ဆက်ဆံနေပုံ အမျိုးအစားနှင့် ဆင့်ကဲပြောင်းလဲလာမည့် ဖြစ်စဉ်များအပေါ် အန်တီခင်မှာ ဘဝင်မကျနိုင်ဘဲ ဖြစ်နေခဲ့၏။

အိမ်တွင်း မိသားစုအတွင်း၊ သမီးနှင့် အမေကြား စကားများထားပုံ ရပါသည်။ သိသိသာသာ ထင်ထင်ရှားရှား မဟုတ်သော်လည်း ပြဿနာတစ်စုံတစ်ရာ ရှိနေပုံ အငွေ့အသက်ကို ကျွန်တော် ခံစားသိရှိနေခဲ့သည်။ အပေါ်ယံတွင်မူ အရာရာမှာ ဟန်မပျက်ပင်ရှိနေခဲ့သည်။

သိသာသူမှာ မိရှင်နှောင်း ဖြစ်၏။ ခုတော့လည်း သူမ နေနေပုံမှာ ကလေးအပြည့်အဝနှင့် ဖြစ်နေ... နှစ်ယောက်တည်းရှိနေစဉ်မှာပင် အရင်က မိရှင်နှောင်းမဟုတ်သလို ထင်ရသည်။ ကျွန်တော်နှင့် ပတ်သက်၍ တစ်စုံ...ရာမျှပင် မဖြစ်ခဲ့ဖူးသူနှယ်လည်း ဖြစ်...သည်။

ဤကဝေမဝေ ...ည ...နီး လေးမှာဟု ယုံမိအောင် လှည့်...

www.burmeseclassic.com

ခုတော့လည်း ဝေးဝေးမှာဟု ထင်ရ အောင် ဖန်ဆင်းပြထားပြန်သည်။

ကြက်သားအုပ်မသည် ခြေဖြင့် ယက်ပြ၏။ နှုတ်သီးဖြင့် ကောက်ပြ၏။ နှုတ်သီးမဖွင့်ဘဲ တကွတ်ကွတ်နှင့် ခေါ်သံပေး၏။ ကြက်ပေါက်စလေးများသည် အစာဟူသော အမှတ်ဖြင့် အပြေးတလေး လာကြ၏။ အနားရောက်တော့ ကောက်ရန် အစာတို တွေ့ရ။

သူမ၏ အမူအရာဖြင့် တန်ပန် အသံတို့ဖြင့် ခေါ်သလို သေသေချာချာ ထင်လိုက်ရ၏။ အချစ်ဟူသော အမှတ်ဖြင့် ရင်ခုန်လိုက်မောစွာ အပြေးချဉ်းကပ်လာမိသည်။ အနားရောက်တော့. . .။

စောစောက လှမ်းခေါ်နေသူမှာ သူဝါတုဝင် မထင်ဆရဲ။ "တယ်လေ ဒီမျောက်စုတ် မျောက်နာမ" ကျွန်တော့်မှာ ဘယ်သူ့ရှေ့မှ ချပြမရသော အမျက်ဒေါသများ ပွားစီးနေခဲ့ရ၏။ မြုံငုပ်နေသော ပုံးအ,တစ်လုံးသဖွယ် နေမနရ၏။

နွယ်ဝတီတို့အမေ အန်တီခင်မှာ ယခုရက်ပိုင်းတွင် မျက်နှာမကောင်း တတ်မှန်း သိသာနေသည်။ နွယ်ဝတီနှင့် ပတ်သက်၍ ကျွန်တော့်ဘက်က မလှုပ်မချောက် ရှိနေပုံကိုလည်း ဘဝင်မကျဖြစ်နေသည်။

သူ အထင်တကြီး ဖြစ်ခဲ့သော ဤသူငယ်သည် သက်တူရွယ်တူသမီး အကြီးနှင့် ကြည်ကြည်ဖြူဖြူ လမ်းခင်းပေးထားသည်ကို မလျှောက်၊ ထက်ဝက်လောက် အသက်ကွာသော အငယ်မနှင့် ရောကာနှောကာ အနေအထိုင် မတတ်လေခြင်း ဟူ၍ စိတ်ပျက်စွာ သုံးသပ်နေမှာလား ဟူသည့် မလုံခြုံသော စိတ်၊ အပြစ်မကင်းသော စိတ်များဖြင့် တင်းတျပ်နေရလေသည်။

နွယ်ဝတီ၏ အမြင်တွင်လည်း အပြောင်းအလဲမြန်သော ယောကျ်ားဟု တွေးထင်စိတ်ပျက်နေလေမလား ဟူသောကြောင့်ကြစိတ်၊ ကိုယ့်အောက် တစ်ပြန်ငယ်သူကိုမှ ချစ်နေမိသည်မှာ [illegible] သိမ်ငယ်စိတ်တို့ဖြင့်လည်း ဖိစီးမွန်းကျပ်နေခဲ့သည်။

ထိုအခါ ကြုံတွေ့နေရသော အကျပ်အတည်း အခက်အခဲများနှင့် ဝေးရာ သူတို့အိမ်၊ သူတို့ဝန်းကျင်နှင့် ဝေးရာ လှမ်းရာ တင်းရာ ကွာရာသို့။

"ဒါပေမယ့် ဒါပေမယ့် ဘိုးဘိုး မင်းထင်ရယ်၊ တစ်လောကလုံး ပျက်သုဉ်းသွားလိမ့်မယ်လို့ ဆိုရင်လဲ မိရှင်နှောင်းတော့ ဘိုးဘိုးရှေ့မှာပဲ သေချင်တယ်၊ ဘိုးဘိုးလက်ထဲမှာပဲ သေသွားချင်တယ်၊ မိရှင်နှောင်း စိတ်ညစ်တယ့် ဘိုးဘိုးရယ်၊ ကမ္ဘာကြီးပျက်သွားမယ် ဆိုလဲ ပျက်သွားပါစေတော့၊ အဲဒါလဲ ကောင်းပါတယ်"

ကျွန်တော်၏ အသိစိတ်တို့သည် လခြမ်းလှေယာဉ်ပေါ်သို့ ရောက်နေခဲ့ပြန်သည်။

"ဘာဖြစ်လို့လဲဆိုတော့ ကမ္ဘာကြီးရှိနေတော့ကော၊ မိရှင်နှောင်းအဖို့ အဓိပ္ပာယ်ရှိနေဦးမှာတဲ့လား"

ကျွန်တော့်မှာ သူပြောသော စကားတိုင်းကို တစ်စစီဖြုတ်၍ တစ်ခုချင်း စစ်ဆေးနေမိသည်။ တစ်ခုတည်းသော သဘောနှင့် တစ်မျိုးတည်းသော အဓိပ္ပာယ်သာ ဆောင်နေခဲ့သည်ဟု ယုံကြည်ထားခဲ့၏။

"မိရှင်နှောင်း အခွင့်အရေးတွေ သိပ်ယူနေမိပြီလို့ ခံစားရတယ် ဘိုးဘိုးရယ်၊ မမနွယ်ဝတီ မိရှင်နှောင်းအရွယ်က အခုမိရှင်နှောင်းတို့ ရခဲ့သမျှ သူ ဘာမှ ရခဲ့တာ မဟုတ်ဘူး၊ အစစ ဒီမောင်တွေ ညီမတွေအတွက် အလုပ်လုပ်ခဲ့ရတာ၊ ခု တစ်ခါလဲ . . ."

တချို့နေရာတွင် ကြယ်ကလေးများ ဖြုတ်ခနဲ ဖြုတ်ခနဲ ကြွေကျသွားပုံကို မြင်နေရ၏။

"ဘိုးဘိုးလဲ သိနေတာပဲကွယ်၊ မမနွယ်ဝတီဟာ လိုလေသေးမရှိတဲ့ မိန်းကလေးပဲမို့လား၊ ပြီးတော့ စီးပွားရှာတဲ့သူပဲဆိုပြီး အိမ်ထောင်မှုနဲ့ အချက် အပြုံးပါတက်တဲ့ မိန်းကလေး မထင်နဲ့ ဟင်းချက်လဲကောင်းတာပဲ၊ အိမ်ထောင်မှုလဲ နိုင်တာပဲ၊ ပြောရရင် မိရှင်နှောင်းထက်တော့ အစစ သာပါတယ်၊ အတုန်ပဲ ပြောပါတော့"

ကျွန်တော်မှာ သူမ စကားတို့ အကြည့်စူးစူးဖြင့် ကြားဖြတ်ဟန့်တားလိုက်သည်။

"အချစ်ဆိုတာ အဲဒါတွေနဲ့ တွက်လို့ အဖြေထွက်မယ့် ပုစ္ဆာလို့ နင်ထင်လို့လား မိရှင်နှောင်း"

သူမက ကျွန်တော့်ထံ ဖျတ်ခနဲ ကြည့်သည်။ ခဏချင်းပင် မျက်လွှာချ၍ ငြိမ်ကုပ်နေဟန်ပြုထား၏။

"အချစ်ဆိုတာ အချစ်နဲ့ တွက်မှပဲ အဖြေထွက်မှာ"

ကျွန်တော်မှာ အချစ်ဆိုသော စကားလုံးကို သူမရှေ့တွင် ပထမဆုံး လွှတ်ခနဲ ပြောမိခြင်းဖြစ်သည်။ ထိုသို့ မပြောမိအောင် မျိုသိပ်ထားခဲ့ရသော ကာလနှင့် ပမာဏမှာ မည်ရွေ့မည်မျှ အတိုင်းအတာ ဆိုသည်မှာ မိမိသာ အသိဆုံးဖြစ်သည်။

"ငါ မြို့တကာ နယ်တကာတို့ ဈေးသည်အဖြစ်နဲ့ သွားနေရတာ မိရှင်နှောင်း၊ လှတာကိုမှ ကြိုက်တတ်ရင် နင့်အစ်မက ရွက်ကြမ်းရေကျိုပဲ ရှိသေးတယ်၊

အရောင်းအဝယ် ဇ ရှိပြီး ငွေကြေး အင်အားတောင့်တင်းတဲ့ မိန်းမမျိုးကို ပေသီးတွက် တွက်ပြီး ကြိုက်တတ်တဲ့ ယောကျ်ားဆိုရင်လဲ တောင်ပေါ် မြေပြန့်အနှံ့ နေရာစုံရောက်ခဲ့တဲ့ ငါ့အတွက် လက်တစ်ဆန့်မှာ အားစိုက်ဖို့တောင် မလိုဘူး၊

နင်ပြောခဲ့တဲ့ အိမ်ထောင်မှု နိုင်တာတို့၊ အချက်အပြုတ်ကောင်းတာတို့ ဆိုတာကတော့ ငါကြိုတင်တွေးဖို့ သတိတောင်မရတဲ့ အချက်တွေပဲ၊ အင်းလေ ငါကြိုက်တဲ့ မိန်းကလေးမှာ နင်ပြောတဲ့ အရည်အသွေးတွေ စုံနေရင်တော့ ကောင်းတာပေါ့ ဒါပေမယ့် . . ."



www.burmeseclassic.com

www.burmeseclassic.com

မိရှင်နှောင်းမှာ နှုတ်ဆိတ်နေမြဲဖြစ်သည်။

"ဒါပေမယ့်ဆိုတာ နင်နားလည်ပါ့မလားတော့ မသိဘူး၊ ငါလိုချင်တာက အဲဒီလို အချက်အလက်တွေပေါင်းထား၊ နှုတ်ထား၊ မြှောက်ထား၊ စားထားတဲ့ မိန်းကလေးမျိုး မဟုတ်ဖူး၊ ကုန်ကုန်ပြောမယ်ဟာ ယောကျ်ားလေးတော်တော်များများ ကြိုက်တတ်တဲ့ ကိုယ်ဟန်လှလှ မျက်နှာလှလှကောင်မလေးတိုင်း ငါ စိတ်ဝင်စားခဲ့တာ မဟုတ်ဘူး"

စကားသံပေါ်တွင် အာရုံပြုနေစဉ် သူမ၏ ခြေချောင်းရှည်ရှည်လေးများ ဖိနပ်ပေါ်တွင် ကွေးထားပုံကို ကြည့်နေမိသည်။

"ငါစိတ်ဝင်စားတဲ့ မိန်းကလေးက လှချင်လှမယ်၊ မလှချင်လဲ မလှဘူး၊ အရည်အသွေးတွေနဲ့ တောက်ပချင်လဲ တောက်ပနေမယ်၊ ဘာမှမရှိလို့ မှေးမှိန်ချင်လဲ မှေးမှိန်နေမှာပေါ့၊ ဒါပေမယ့် ငါရင်ခုန်မိ စိတ်ဝင်စားမိ ချစ်သွားမိတော့မှတော့ သူဟာသာ ဘာဖြစ်နေနေလေ၊ ငါကိုယ်တိုင်ကတော့ မြတ်မြတ်နိုးနိုးနဲ့ တန်ဖိုးထားရမှာပဲ၊ သူဟာသာ လှနေဖို့ထက် ငါ့ကိုက လှတယ်လို့ ထင်နေရတဲ့ သူမျိုးပေါ့"

စကား ဆုံးပြီထင်သောအခါ သူမ ခြေချောင်းလေးများ ပြေလျော့ဆန့်ထွက်လာကြပြန်သည်။

ကျွန်တော့်ထံ ငေးကြည့်နေသော သူမမျက်နှာပေါ်တွင်မူလအကျင့်အတိုင်း မချိုမချဉ် အမူအရာများ ဖြတ်သန်းလာကြပြန်သည်။

"မိရှင်နှောင်းက လှတယ်ထင်လို့ပေါ့"

ကောက်ငင်၍ မေးလိုက်ပုံမှာ အပေါ်သို့ရွယ်၍ ရှေ့တည့်တည့်ဆီ ပစ်လွှတ်လေသော မြှားချက်များသဖွယ်လည်းဖြစ်သည်။

"မထင်ပါဘူး၊ မျက်မြင်အတိုင်း ပြောပါဆိုရင် ငါ့မျက်လုံးကလဲ လူတိုင်းမြင်တဲ့ အမြင်မျိုးပဲလေ၊ နင့် မျက်နှာကျက အဘွားအို ပေါက်စနဲ့ တူတယ်၊ အသားဖြူပုံကလဲ သွေးမရှိသလို ဆွတ်ဆွတ်ဖြူနေပုံမျိုး၊ စာထဲမယ် ဖတ်ဖူးတဲ့ သိင်္ဂီရွှေသွေးတို့၊ ဝါရွှေရွှေတို့၊ ပန်းနုသွေးတို့ဆိုတာ ဘယ်လိုမိန်းကလေးတွေများ ကြည့်ရေးထားတာလဲလို့တောင် တွေးနေမိတယ်။

ခန္ဓာကိုယ် ကြည့်ပြန်တော့ ဝါးခြမ်းပြားတောင် နင့်လောက်ဖြောင့်မယ်မထင်ဘူး၊ ဒါနဲ့ အနေအထိုင်လေးကတော့ ဣန္ဒြေရရ၊ ဗိုင်းကောင်းကျောက်ဖိလေး ဖြစ်ချင်ဖြစ်မှာလို့ ကြည့်တော့၊ အိုး အချိုးကို တစ်စက်မှ မပြေဘူး၊ ကိုးရိုးကားရားနဲ့ ဒါ တကယ်ပြောတာ"

မိရှင်နှောင်းမှာ ကျွန်တော်ဖွင့်ဆိုပြသော သူမ အလှဋီကာကြောင့် ရှုံ့မဲ့နေသည်။ မရယ်မိအောင်လည်း သူမ၏ အောက်နှုတ်ခမ်းကို ဖိကိုက်ထားရသည်။

ဒါပေမယ့်. . .

ကျွန်တော်က အကြည့်ကို သူမထံမှ ဖြတ်၍ အခြားတစ်ဖက်သို့ ရွှေ့လိုက်၏။

"ဒါပေမယ့် ငါ့စိတ်ထဲမယ်တော့ နင်ဘယ်လိုပဲ ရှိနေရှိနေ ကြည့်ကောင်းတယ်လို့ ထင်နေမိတယ်၊ ဒီလိုထင်နေမိတာကိုက ဝဋ်ကြွေးကြောင့်လား၊ ကိန်စာကြောင့်လား ဆိုတာတော့ ဘုရားမှ သိမှာပဲ"

သူမ၏ ဟီခနဲ ကျိတ်ရယ်သံကို မကြားယောင်ပြု၍ နေလိုက်သည်။

"အဲဒီတော့ ပြောမယ်ဆိုရင် နင်ဟာ နင်ဖြစ်နေဖို့ပါပဲ၊ နင်လှတယ် မလှဘူးဆိုတဲ့ အပေါ်မှာ ငါစိတ်ကို တည်ဆောက်ထားတာမျိုးလဲ မဟုတ်တော့၊ ဘယ်လောက်လှတဲ့ မိန်းမဖြစ်ဖြစ် ဘယ်လောက်တော်ပါတယ်ဆိုတဲ့ မိန်းမနဲ့ဖြစ်ဖြစ် သူတို့ဘက်က တစ်ရာလောက်နဲ့ဆိုရင်တောင် နင်တစ်ယောက်နဲ့လဲဖို့ ငါစိတ်ကူးမိမှာ မဟုတ်ဘူး၊ သဘောပေါက်သလား ငါပြောတာကို"

"Do you understand? — Oh! yes."

တစ်ခွဲ သူမက ရောက်နေသည်။

"သမီးပြောတာလဲ နားထောင်ဦးလေ ဘိုးဘိုးရဲ့"

"အဲဒီ သမီး သမီးဆိုတာကြီးကို ထည့်ထည့်မပြောပါနဲ့ဆို၊ လူကြားထဲကျ အဟုတ်မှတ်ခံနေရဦးမယ်"

"ဩော် ဖွ ဖွ၊ ပါးစပ်က အကျင့်ပါ ပါနေလို့"

"ဘာလဲ နင်ပြောမှာက"

"မိရှင်နှောင်းက ကြက်ကလေးတွေကို ကြက်မကြီးက လှည့်စားသလို၊ ဘိုးဘိုးမင်းထင်ကို မလှည့်စားပါဘူးနော်၊ လှည့်စားခဲ့လို့လား"

"အေးလေ ဒါကတော့ ကိုယ့်ကိုယ်ကိုယ် သိမှာပေါ့၊ ကမ္ဘာကြီးတစ်ခုခု ဖြစ်မသွားခင် နင် အမြင်မှန်ရပါစေလို့တော့ အောက်မေ့တာပဲ"

"ဘာလို့လဲ"

"ဩော် နင့်အမေတော့ ကမ္ဘာကြီး ပျက်သွားရင်၊ သူ့သမီးတွေ ယောကျ်ား မရလိုက်မှာ စိုးရိမ်နေတဲ့ပုံပဲ"

သူတို့အမေကဟု ဆိုလိုက်လျှင် သူမ မျက်နှာလေး ငယ်သွားသည် ထင်ရ၏။

"မရတော့လဲ ဘာမှမဖြစ်ပါဘူး၊ ဘာဖြစ်မှာမို့လို့လဲ၊ ဒီအတိုင်း မသေရဘူး ရှိလို့လား"

"ဒီတစ်ဘဝမှာ ယောကျ်ားမရဘဲ သေသွားရင် အထုံပါသွားပြီး၊ ခုနစ်ဘဝတိတိ ယောကျ်ားမရတော့ဘူးလို့ ကြားဖူးတာပဲ"

"ဒါလဲ အေးတာပဲ"

နှင့်ပြောပြီး စိတ်ကောက်ဟန်ပြုနေသည်။ အတန်ကြာ ငြိမ်သက်နေရာမှ. . .

"မိရှင်နှောင်းတို့ တစ္ဆာမြင်ကို ပြန်ကြပါစို့ ဘိုးဘိုးရယ်၊ [illegible] ရောင်လွှဲလို့မှ မရတာ"

www.burmeseclassic.com

"ဘာကို ရှောင်လွှဲလို့ မရဘူး ပြောနေတာလဲ၊ ကမ္ဘာပျက်မှာကိုလား"

"နှစ်ခုစလုံးပေါ့"

သူမက ပြာလဲ့ဝန်းစက်သည့် ကမ္ဘာဂြိုဟ်ရှိရာသို့ မျက်နှာမူထားသည်။

"ဘာကို ပြောတာလဲ နှစ်ခုစလုံး ဆိုတာ"

"ဪ ဘိုးဘိုးမင်းထင်ရော၊ မိရှင်နှောင်းရော ကမ္ဘာပျက်မှာ ကြောက်လို့ ထွက်ပြေးလာကြတာမှ မဟုတ်တာ၊ တကယ်တော့ ဘိုးဘိုးမင်းထင်နဲ့ မမနွယ်ဝတီ လက်ထပ်မယ့်အရေးကို ရှောင်ချင်လို့ ပြေးနေရတာဟုတ်လား"

သူမက တည့်တည့်ပြောလိုက်သည်။ တကယ့်ဖြစ်ရပ်မှန်သဘောမှ တွေ့ပတ်ရှောင်ပြေးနေရခြင်းကို ငြီးငွေ့လာပုံရသည်။

ကျွန်တော်မှာ စကားမတုံ့နိုင်ဘဲ ရှိနေ၏။ လက်များကမူ တစ်စုံတစ်ရာ ဆုံးဖြတ်ချက် မချနိုင်သေးခင်ပင် လခြမ်းလှေယာဉ်၏ ပဲ့ကို လားရာလမ်းဘက် ပြန်ကွေ့နေမိသည်။ မိရှင်နှောင်း စကားမှီဆိုလျှင် သိမှတ်စိတ်ကင်းမဲ့သော ခြေလက်တို့ကပင် အမိန့်သဖွယ် နာခံတတ်ပုံရသည်။

"ဘိုးဘိုးမင်းထင်က မမနွယ်ဝတီကို ဘာဖြစ်လို့ မလိုချင်ရတာလဲ"

"မချစ်လို့လေ"

"အချစ်က အဲဒီလောက် အရေးကြီးနေလို့လား"

"ဒါကတော့ လူတစ်ဦးစီရဲ့ ချစ်တတ်တဲ့စိတ်ပေါ်မှာ မူတည်တယ်လေ၊ ငါ့အနေနဲ့တော့ အချစ်မဟုတ်ရင် တခြားရှိနေမယ့်ဟာတွေကလဲ ဘာမှ ဟုတ်တယ်လို့ ထင်တော့မှာ မဟုတ်ဘူး၊ အချစ်မရှိရင် ဘာမှမရှိနိုင်ဘူး မိရှင်နှောင်း။

ဆိုပါကော့ ကိုယ်ချစ်တဲ့သူဟာ တခြားသူတွေအတွက် ဘာမှမဟုတ်တဲ့ သူဖြစ်နေပေမယ့် ကိုယ့်အတွက်တော့ ရွှေရုပ်ကလေးလို့ ထင်ခွင့်ရှိတယ်လေ ဟုတ်တယ်မို့လား၊ ဒါဆိုရင် အချစ်က အဲဒီလောက် အရေးကြီးသလားလို့ နင်မေးဦးမှာလား"

သူမက မျက်လွှာကို ချလိုက်သည်။

"ဒါပေမယ့် ဒါပေမယ့်... ဘိုးဘိုးမင်းထင်ရယ်၊ မမနွယ်ဝတီလို အစ်မတစ်ယောက်ကို ခုနစ်ဘဝတိုင် ယောက်ျားမရအောင် လုပ်တဲ့အထိတော့ မိရှင်နှောင်း မမိုက်ချင်ဘူးလေ၊ ဟုတ်တယ်ဟုတ်လား၊ မိရှင်နှောင်းမှာ မမနွယ်ဝတီရဲ့ မေတ္တာတရားနဲ့ ကျေးဇူးကို တုံ့ပြန်ဖို့ဆိုတာ ဒါပဲရှိတာပဲ၊ ပြီးတော့ ဘိုးဘိုးအပေါ်ထားတဲ့ မမနွယ်ဝတီရဲ့ အချစ်ကလဲ သန့်ရှင်းတဲ့ ရွှေစင်ရွှေသားသက်သက်လိုပဲဟုတ်လား"

"နေစမ်းပါဦး၊ တစ်မိတည်း တစ်ဖတည်း မွေးတဲ့ ညီအစ်မချင်း ကျေးဇူးတွေတင်၊ မေတ္တာတရားတွေ ပွားစီးနေကြတာနဲ့ သူများ သားသမီးဖြစ်တဲ့ ငါ့ကို သက်မဲ့ပစ္စည်းတစ်ခုလို အစ်မအတွက် ညီမလေးအတွက်နဲ့ ခွဲတမ်းချနေလိုက်ကြတာ၊ ငါတော့ အံ့ပြီးမှ ဩရမှာလား၊ ဩပြီးမှ အံ့ရမှာလားကို မသိတော့အောင် အံ့ဩတယ် မိရှင်နှောင်း၊ နင်က ငါ့ကို အရုပ်များမှတ်နေသလား"

မိရှင်နှောင်းမှာ မျက်လွှာချထားရာမှ ပါးပြင်ပေါ်သို့ မျက်ရည်များ စီးကျလာနေသည်။

"သူလိုချင်တာ ဘိုးဘိုးမို့ ဘိုးဘိုးကို ပေးရတာပေါ့"

ကျွန်တော်က တမင်လုပ်၍ ရယ်လိုက်သည်။

"တော်ပါတော့ ဘွားရှင်နှောင်းရယ်၊ တော်ပါတော့၊ ရယ်အောင်လုပ်တာလဲ လူတဲ့၊ ရယ်တတ်တာလဲ လူတဲ့၊ ရယ်စရာကောင်းဘာလဲ လူပါပဲတဲ့၊ သိပ်မကြာသေးဘူး ဒီစကားလေး ငါ ကြားခဲ့တာ၊ ခုတော့ တည့်တည့်ကို တိုးတော့တာပဲ၊ အရင်းအနှီးတွေ သိပ်ကြီးနေဦးမယ်နော်၊ မယ်ရှင်နှောင်း၊ ငါ့အဖို့တော့ နင်ပိုင်လို့ သတ်မှတ်ခံရမယ်ဆိုရင် အဖိုးမတန်ဆုံး ပစ္စည်းလေးဆိုရင်လဲ ဘဝင်မြင့်ရမှာပဲလေ၊ ဟုတ်တယ်နော်"

မေးဖျားတွင် သီးခိုနေလေသော သူမ မျက်ရည်စများသည် တပေါက်ပေါက် ကြွေဆင်း၍ ကြမ်းပြင်ဖြင့် ထိမှန်ပြီး လွင့်စဉ်ဖြာထွက်လာနေသည်။

"ပြောရက်လိုက်တာ ဘိုးဘိုးမင်းထင်ရယ်၊ ဒါပေမယ့် ဘိုးဘိုးရဲ့ စကားတွေကို မိရှင်နှောင်း ပြန်မချေပချင်ပါဘူး မိရှင်နှောင်း ပြောထားသားနဲ့ကွယ်။

ဘိုးဘိုးမင်းထင်အပေါ် မိရှင်နှောင်းထားတဲ့ သံယောဇဉ်ဆိုတာ ပေးဆပ်လိုမှု သက်သက်ပဲလို့၊ တန်ဖိုးမဲ့ ပစ္စည်းတစ်ခုလို ရောအင့်ဆိုပြီး မမဆီ လွှဲပေးလိုက်တယ်လို့ ဘိုးဘိုးမို့ ထင်ရက်တယ်"

ပြောရင်း သူမက တစ်ချက်မျှ ရှိုက်လိုက်သည်။

"ဘိုးဘိုးပဲ အချစ်ထက် အရေးကြီးတာ ဘာမှမရှိဘူးဆို၊ အချစ်မရှိရင် ဘာမှမရှိတော့ဘူးဆို၊ ဘိုးဘိုးမင်းထင်ကို မမဆီသွားဖို့ တိုက်တွန်းနေရတဲ့ မိရှင်နှောင်းမှာ ဘာတွေများ ကျန်ခဲ့ဦးမယ် ထင်လို့လဲ ဘိုးဘိုးရဲ့"

ကြမ်းပြင်နှင့် ထိမှန်ပြီး လွင့်စဉ်ဖြာထွက်လာသော မျက်ရည်အမှုန်အစတို့သည် မိမိရင်ကို ထိမှန်လာသကဲ့သို့ နာကျင်ပြင်းပြရှိလှပေသည်။ မိမိသည် ဘာမို့လို့ ကိုယ်ချစ်သော မိန်းကလေး၏ မျက်ရည်ဒဏ် ခံနိုင်သူ ဖြစ်လေမည်နည်း။ ရှိုက်ငင်ငိုကြွေးနေသော မိရှင်နှောင်း၏ အသံလေးမှာ အထိန်းမဲ့ အချုပ်မဲ့ စကြဝဠာ တစ်နံတစ်လျားနှံ့ပြားဖြာစဉ်သွားကြလေသည်။

ငိုကြွေးသံမှာ တခြား အခြားသော စကြဝဠာ၊ မဟာစကြဝဠာ၊ အနန္တစကြဝဠာထိ ပျံ့နှံ့ပဲ့တင် အနန္တရကပ်တစ်ကပ်ထိ စွဲထင် ကျန်ရစ်ခဲ့တော့မည်လည်း ထင်ရသည်။

"မိရှင်နှောင်းတို့ ပြန်ကြပါစို့ ဘိုးဘိုးရယ်"





www.burmeseclassic.com

www.burmeseclassic.com

အဲဒါပါပဲ. . .။

အဲဒါပါပဲ မိရှင်နှောင်းရေ. .။

ချစ်တတ်သူတွေ အကြောက်ဆုံးက ကမ္ဘာပျက်မှာမဟုတ်ဘူး၊ တခြားစကြဝဠာက ခရီးကျံလာမယ့် ဂြိုဟ်ကြီးတွေ၊ ဥက္ကာ ဲ ျးတွေ ပွဲကြွေလွင့်စဉ်ထိမှန်လာကြမှာကို မဟုတ်ဘူး။

ချစ်ရသူနဲ့ အချစ်ကာရန်မညီအချစ်နရီ လွဲချော်တာမျိုးကြုံလာရတဲ့အခါ မျက်နှာငြိုငြင် မရွှင်သောက မှုန်ပျပျနဲ့ ဥကာရစ်သိုင်း ချစ်သူ မျက်ရည်ဝိုင်းလာမှာကိုပဲ ဖြစ်ဖြစ်။

ရစ်ဝိုင်းဝဲသီရာက စမ်းချောင်းနှစ်သွယ် ပါးပြင်လယ်မှာ သွယ်စီးဆင်းပြေး မေးဖျားတွဲခို ပုလဲလိုပင် ကျကြွေစဉ်သော် ရင်ကိုမှန်ကြ မျက်ရည်စသည် ဆိုတဲ့ အခြေအနေ ဖြစ်ဖြစ်ဦးရိမ်တတ်ကြတာပါပဲ။

ဒါကြောင့်မို့. . .

မငိုလိုက်နဲ့ မိရှင်နှောင်းရေ။

ငိုလိုက်ဖို့ မင်းမဲ့လိုက်ရုံနဲ့တင် ငါ့ရင်က နာကျင်လှပြီ၊ မင်းမျက်ရည်အမှုန်တစ်စက်နဲ့တင် ငါ့ရင်တစ်ခုလုံး ဆတုန်းဝုန်းပြိုကျလှပြီ။

ဒီတော့. . .

နင့်သဘောပါပဲ မိရှင်နှောင်းရယ်. . .။

ငါတို့ ကမ္ဘာကို ပြန်လှည့်လာနေပြီ၊ ကမ္ဘာကြီးနဲ့ နီးနီးလာနေပြီ။ တစ်ဆူတည်း တစ်ဝမ်းတည်း ထိုင်နေကြတဲ့ နင်နဲ့ငါကတော့ ငေးဝေးလာနေပြီ။ လှေအလေးက ကမ္ဘာကို ဦးတည်နေပြီ။ ငါ့ရဲ့ အခွံသက်သက် ခန္ဓာကိုယ်ကြီးလည်း ကမ္ဘာကို ဦးတည်နေပြီ။

ငါ့ရဲ့ နှလုံးသားဟာ စကြဝဠာမှာ ကျန်နေရစ်ခဲ့သလိုပဲ။ မျောနေခဲ့သလိုပဲ။

ကျွန်တော်တို့သည် လခြမ်းလှေ ပေါ်မှ ကြိုးလှေကားဖြင့် ဆင်းလာခဲ့ကြသည်။ ကမ္ဘာမြေမှာ ဘာမှမဖြစ်ပါ။ အတိအတိုင်းပဲ ဖြစ်သည်။ အရာရာမှာလည်း အရင်အတိုင်းပဲ ဖြစ်သည်။ ကျွန်တော်နှင့် မိရှင်နှောင်း အခြေအနေမှာလည်း အရင်အတိုင်းပဲဟု ထင်ရသည်။

တကယ်တော့ တွေးတောကြံစည်၍ ဖွဲ့စပ်ယူငင်၊ တည်ဆောက်အပ်သော စိတ်ကူးဟူသည် တကယ်ဖြစ်နေသည်မဟုတ်။ တကယ်ဖြစ်လာနိုင်သော သဘောလည်းမရှိ။

အိပ်မက်သည်လည်း ထို့အတူသာပင်။ မည်မျှ ထိရှ ချိုမြိန်သည်ဖြစ်စေ၊ မည်မျှစွဲမက်တသ မေ့မရဖွယ်ကောင်းသည်ဖြစ်စေ၊ တကယ်ဖြစ်နေခြင်း မဟုတ်။ တကယ်ဖြစ်လာနိုင်သော သဘောမရှိ။

စိတ်ကူးအိပ်မက်နှင့် တကယ့်ဘဝတွင် ခြားနားချက်များစွာရှိနေ၏။ စိတ်ကူးအိပ်မက်ထဲမှ နေ၏ အလင်းရောင်သည် တကယ့်ဘဝထဲမှ နေ၏ အလင်းရောင်ကဲ့သို့ မပူမပြင်း၊ မစူးမရှ။ စိတ်ကူးနှင့် အိပ်မက်ထဲတွင် အခြားသူတို့မရှိ။ တကယ့်ဘဝတွင် အခြားသူများများစွာရှိနေကြသည်။

တကယ့်ဘဝ အရှိဘဝတွင် မိရှင်နှောင်းမှာ ကေသီပယ်မထားသော်လည်း ထေရီမယ်လေးတစ်ပါးလို ဣန္ဒြေရနေသည်။ အစက သူမဟုတ်သလိုပဲနေနေသည်။

"ပြောခဲ့ပြီးကော။ ကမ္ဘာကြီးပျက်မှာလည်း ငါမကြောက်ဘူး၊ ကြာသပတေးဂြိုဟ်ပမာဏရှိတဲ့ ဂြိုဟ်ကြီး (Planet. NIBI-RU) ဖြတ်သန်းသွားမယ်ဆိုတာလည်း စိတ်မပူဘူး၊ နင့်အချစ်ကိုမရမှာပဲ၊ အဲဒါပဲ။

နင်လဲ ဒီလိုပဲဆိုတာ ငါသိနေတယ်။ နင်လဲ ငါ့ကို ငါလိုပဲဆိုတာတော့ သိနေတယ်။

နင့်မျက်ဝန်းလေးတွေထဲမှာ ငါမြင်နေရတယ်။ နင်စကားနဲ့ နင့်အသံတွေမှာလည်း ငါသိနေခဲ့တယ်။ နင့်အပြုအမူ အပြောအဆိုတွေပေါ်မှာလည်း ရှာတွေ့နိုင်တာပါပဲ။

ဒါပေမဲ့ တိတိကျကျ အရေးပေးထားတာ မဟုတ်သေးဘူး။ ဒီတော့ သက်သေလို့ တစ်စုံတစ်ယောက်ကမေးခဲ့ရင် ငါမပြနိုင်ဘူး။ ရုပ်ဖမ်း သံဖမ်းစက်နဲ့ မှတ်တမ်းတင်ထားတာမှ မဟုတ်တာ။

ခုတော့ နင်က ပြန်ရုပ်သိမ်းနေပြီ။ နင် ခင်းကျင်းပြသထားခဲ့ဖူးတဲ့ သံယောဇဉ်အမျိုးအစားနဲ့ အချိုးအဆတွေ၊ ငါ့ကို ချစ်နေကြောင်းပေါ်လွင်ထင်ရှားခဲ့ဖူးတဲ့ သွင်ပြင်လက္ခဏာတွေ ညှို့ငင်ဖမ်းစားခဲ့တဲ့ အတတ်ပညာတွေ နင်ပြန်ရုပ်သိမ်းနေပြီ၊ လူမသိ သူမသိနင့်ဘာသာတောင် နင်မသိအောင် တစ်စစ ပြန်ရုပ်သိမ်းနေပြီ။

တစ်ခုမကျန် ပြန်ကောက်ထည့်နေပြီ။ စွပ်စွဲစရာ သဲလွန်စလေးတောင် မကျန်ရစ်အောင်ပေါ့လေ။ မိန်းကလေးအခွင့်အရေးဆိုတာကလဲ လှည့်စားဖုံးကွယ်ခွင့်ပဲမို့လား။ မြွေပွေးဆိုတာကြီးငယ်မဟူ အဆိပ်ပြင်းသတဲ့။ မိန်းမဆိုတာလဲ။ ကောင်းပြီလေ။ စိတ်ကူးကပဲဖြစ်ဖြစ်၊ အိပ်မက်ကပဲဖြစ်ဖြစ်၊ ငါကောင်းကောင်း နိုးထလာနေပြီ။ လန်းလန်းဆန်းဆန်းနဲ့ အဖြစ်မှန်ကို ရင်ဆိုင်နိုင်နေပြီ။ အရာရာ နင့်သဘောပဲ။

ဒီက ရှေ့တစ်ဘဝလုံးစာ ထာဝရမှ တစ်သက်လုံးစာ နင့်သဘောပဲ။ နင် ဖြစ်ချင်တာတွေလဲ နင့်သဘောပဲ။ ငါ ဖြစ်ရမှာတွေလဲ နင့်သဘောပဲ။ ဒီလိုသာ မှတ်လိုက်တော့"

ထိုစကားများသည် ကျွန်တော့်ရင်ထဲမှသာ ပြောနေခြင်းဖြစ်သည်။ ဤစကားများကို မိရှင်နှောင်း ကြားဖို့ မလိုပါ။ တခြားသူ တစ်ဦးဦးလည်း ကြားဖို့မလိုပါ။ ထို့အပြင် ကျွန်တော် ကိုယ်တိုင်ပင် ကြားဖို့မလိုသော စကားများဖြစ်သည်။

မိရှင်နှောင်းတို့ ခြံထဲတွင် မြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်မှာ မန္တလေးသို့ ပြန်ရန် ဆိုင်ကယ်ရှိရာသို့ ထွက်လာခဲ့သည်။ လမ်းသွယ်မှ ထွက်လာသော မိရှင်နှောင်းက ကျွန်တော့်ရှေ့မှ ဖြတ်လျှောက်၏။

"တကယ်တော့ အခုလာနေတဲ့ ဂြိုဟ်ကြီးနဲ့ ကမ္ဘာဂြိုဟ်သာ ရွယ်တူတန်းတူဆို ကမ္ဘာမှာ ဆိုးရွားတဲ့ အခြေအနေတွေ ပေါ်လာစရာအကြောင်းကို မရှိဘူးနော်၊ ခုတော့ အရွယ်က အုန်းသီးနဲ့ ဘောက်စလုံးလောက်ကွာနေတော့ ပြဿနာက ပါလာပြီ။

ပြီးတော့ တိုက အရှိန်နဲ့ လာနေတာ၊ မိရှင်နှောင်းတို့ ကမ္ဘာကဖြင့် နန်းမတော်မယ်နု လမ်းလျှောက်သလို လှုပ်စိ လှုပ်စိနဲ့ လည်နေတာ၊ ဒါကြောင့် ဂြိုဟ်ကြီးဘေးက ဖြတ်သွားရုံနဲ့ပဲ ကမ္ဘာက ရပ်သွားနိုင်တယ်လို့ ပြောတာလဲ ဟုတ်ချင်ဟုတ်မှာပဲ"

ကျွန်တော်က သူ့စကားကို မတုံ့ပြန်ဘဲ တစ်ချက်မျှ စွေကြည့်လိုက်သည်။ သူမက ကျွန်တော့်အကြည့်ကို မြင်ဟန်မတူ။

"ဒါပေမယ့် ဒါပေမယ့်၊ ရပ်ရုံပဲ ရပ်သွားမယ် ဆိုတာတောင် ကျေးဇူးတင်ရမလိုပဲနော်၊ မတော်လို့ လွင့်စဉ်သွားရင်တော့ နာပြီ ဆရာ၊ အဲဒါပဲ အဲဒါပဲ၊ အရွယ်ချင်း ကွာခြားလွန်းတော့လဲ ဒီလိုပဲ အန္တရာယ်ရှိမှာပဲ၊ ဒါကြောင့် ကိုယ့်ထက်ကြီးတဲ့သူကတော့ ဝေးဝေးရှောင်တာပဲ ကောင်းပါတယ်၊ တော်ကြာ လွင့်စဉ်သွားမှ ဘုရား ဘုရား"

ကျွန်တော့်ဒေါသမှာ ငယ်ထိပ်သို့ရောက်လုလု ဖြစ်လာသည်။

"တယ်ငလ ဒီမျောက်စုတ်. . မျောက်နာမ" ဟု အသံတိတ် ကြိမ်းဝါးလိုက်၏။ စိတ်တိုစွာဖြင့်လည်း သူမအား ပခုံးစောင်းတိုက်ကာ ကျော်တက်လာခဲ့သည်။ မိရှင်နှောင်းမှာ ယိုင်ခနဲ ဟန်ချက်ပျက်ပြီး လှောင်သံနှောသော သဘောကျသံဖြင့် ရယ်၍ ကျန်ရစ်ခဲ့လေ၏။

ကျွန်ုပ်တို့ ကမ္ဘာဂြိုဟ်အနီးသို့ ခရီးကျွံလာမည့် ကြာသပတေးဂြိုဟ်ပမာဏရှိ ဂြိုဟ်ကြီး ဖြတ်သွားခဲ့လျှင် ကမ္ဘာပေါ်တွင် ဆိုးရွားသော အခြေအနေများ ဖြစ်ပေါ်လာလိမ့်မည်ဟု သိပ္ပံပညာရှင်များက ဟောကိန်းထုတ်ထားကြပါသည်။

တကယ်တမ်းတွင်. . .။

မိမိထက် အသက်အားဖြင့် အရွယ်အားဖြင့် အဘက်ဘက်က အလွန်ငယ်သော ကောင်မလေးအနီးမှ ဖြတ်လျှောက်မိစဉ် ဆိုးရွားသော အခြေအနေများ ဖြစ်ပေါ်လျက် ရင်တစ်ခုလုံး အစိတ်စိတ်အမြွာမြွာ ကွဲကြေခဲ့ရသော ဖြစ်စဉ်မှာ ကျွန်တော့်တွင် ဖြစ်လာရလေသည်။

အချစ်မရှိလျှင် ဘာမှ မရှိဟု ယုံကြည်သော . . .

❒ **နွေမင်းနွေ**


# ဆရာဦးအောင်ကြည်သန်း

## B.Sc (Bot)

## လက္ခဏာ နှင့် နက္ခတ်ဗေဒင်ပညာရှင်

✪ ကောင်းကျိုးလိုသူများအတွက် . . . စီးပွားရေး၊ အိမ်ထောင်ရေး၊ အချစ်ရေး၊ ပညာရေး၊ ကျန်းမာရေး၊ နိုင်ငံခြားခရီးနှင့် အလုပ်အကိုင်တို့အတွက် ဟောပြောအကြံပြုခြင်း၊ ချစ်သူစုံတွဲ လက်ထပ်ရန် ဇာတာတိုက်စစ်ပေးခြင်း၊ လက်ထပ်မင်္ဂလာအခါရွေးပေးခြင်း၊ ကလေးခွဲစိတ်မွေးဖွားရန် ရက်မြတ်ချိန်ခါရွေးပေးခြင်း၊ ကလေးနာမည်ပေးခြင်း၊ လုပ်ငန်းနာမည်ပေးခြင်း၊ အိမ်ခြံမြေသန့် မင်္ဂလာစီရင်ပေးခြင်း၊ အဆောက်အအုံ ပန္နက်တင်မင်္ဂလာ အချိန်ရွေးပေးခြင်း၊ သင့်ဘဝမှာ ရင်ဆိုင်တွေ့ကြုံနေရသော အမှုအခင်းနိုင်ရန်၊ ချစ်သူနှင့် အဆင်ပြေရန်၊ ဇနီး ခင်ပွန်းနှင့် အဆင်ပြေရန်၊ သူတစ်ပါးမကောင်းကြံ၊ ပယောဂ ရန်အတိုက်အခိုက် အစရှိသည့် ပြဿနာတွေ အဆင်ပြေရန်၊ ဓာတ်ရိုက်ဓာတ်ဆင်၊ နဝင်းယတြာ၊ ရတနာဒီပံ စီရင်ပေးခြင်း၊ ကျောင်းစာမေးပွဲ၊ အလုပ်စာမေးပွဲများအတွက် အထူးယတြာစီရင်ပေးခြင်း၊ တစ်နှစ်စာဟောစာတမ်း ထိအထူးလမ်းညွှန်ရေးပေးခြင်း၊ ကွန်ပျူတာ ဇာတာဖွဲ့ပေးခြင်း၊ ဂန္ဓာရီဝိဇ္ဇာပညာသင်ပေးခြင်း စသည့်တို့ကို လိုအပ်သလို ဆောင်ရွက်ပေးနေပါသည်။

**ဟောခန်း** - အမှတ် (၆)၊ မိုးကောင်းဘုရား မြောက်ဘက်မုခ်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။ ☎ ၀၉ ၄၉၂၈၅၀၁၀

**ဟောခန်းဖွင့်ချိန်** - နေ့စဉ် နံနက် (၉ း ၃၀) မှ ညနေ (၅ း ၄၅) နာရီထိ။

www.burmeseclassic.com

ဇော်ဒိသကျော်

# လမ်းဆုံရောက်မှ လမ်းခွဲသည်



နေခြည်လင်းလက်ပြီ ဆိုသည်နှင့် လမ်းထိပ်က လက်ဖက်ရည်ဆိုင်သို့ ထွက်စမြဲ။ ယနေ့မူ နေအတော်လေးမြင့်မှ လက်ဖက်ရည်ဆိုင်သွားရန် ပြင်ဆင်ရသည်။

အိမ်ထဲမှ ထွက်မည်အပြု . . .

"ကိုအုန်း ကိုအုန်းရေ ပုလဲလမ်းမှာ ဟိုင်းလက်တစ်စင်း မှောက်လို့တဲ့ဗျ။ ကျွန်တော် သတင်းသွားယူမလို့ လိုက်ဦးမလား"

သတင်းထောက်ပေါက်စ မောင်မိုးအသံက ကျွန်တော်၏ ကျက်သရေနံနက်ခင်းလေးကို အကျည်းတန်စေခဲ့သည်။ ကျွန်တော့်ရင်ထဲ လှုပ်ခတ်သွားမိသည်။ စိတ်ကို ငြိမ်အောင် အတန်တန်ထိန်းလိုက်ရင်း . . .

"မလိုက်တော့ပါဘူးကွာ၊ ငါ လမ်းထိပ်က လက်ဖက်ရည်ဆိုင်တာပဲ စောင့်နေမယ်၊ မင်း အပြန်မှာ ဝင်လာခဲ့လေ" ဟု ပြန်ပြောဖြစ်သည်။

ခပ်သွက်သွက် မောင်းနှင်ထွက်ခွာသွားသည့် မိုးမခ ဆိုင်ကယ်စာထက်



www.burmeseclassic.com

www.burmeseclassic.com

ကပ်ထားသည့် မောင်မိုး ဆိုင်ကယ်လေးကို မျက်ဝန်းထဲမှ ပျောက်သွားသည်အထိ လိုက်ကြည့်မိသည်။ ဆိုင်ကယ်လေး မြင်ကွင်းမှ ပျောက်ကွယ်သွားသည်အထိ ကျောက်ရုပ်တစ်ရုပ်လို မှင်သက်နေမိသည်။ အတန်ကြာမှ လက်ဖက်ရည်ဆိုင်သွားဦးမှ ဆိုသည့် လှုံ့ဆော်မှုကြောင့် လေးတန်စွာ ရပ်နေမိဖြစ်သော ခြေထောက်တို့က စတင်လှုပ်ရှားလာသည်။

တစ်လမ်းလုံး ငါဘာဖြစ်သွား ... သော အ... သည့် မေးခွန်းကို ထပ်ကာ... နေမိ ဖြစ်သော်လည်း အဖြေက တော်တော်နှင့် ထွက်မလာဘဲ ရှိနေသ... က် ဖက်ရည်ဆိုင်ရှေ့သို့ ရောက်သည်နှင့် နံနက်တိုင်း ဝိုင်းဖွဲ့စကားပြောဖြစ်သည့် ဦးအေးဆောင်က. . .

"ဆရာအုန်း ဒီနေ့ နောက်ကျလှချေလား"

ဟု နှုတ်ဆက်ရင်း ဆီးကြိုသည်။

ကျွန်တော်လည်း ဦးအေး... ် ထိုင်နေသည့် စားပွဲပုလေးတွင် ဝင်ထိုင်ရင်း နံနက်က မောင်မိုး လာနောက်သွားသည့် အ... လေးအကြောင်း ... နေမိဖြစ်သည်။

"ကိုအုန်းရာ ... ကလဲ . . မောင်မိုးက ခင်ဗျား ခံစားချက်ကိုမှ သူက မသိရှာဘ... သူက အခုမှ သတင်းထောက်ပေ...စလေးဆိုတော့ သတင်းဆို ထစ်ခနဲ သွားကြည့်တတ်... သဘာဝလေ၊ ခင်ဗျားနဲ့ တိုက်ဆိုင်နေတော့ ခင်ဗျား ဟတ်ထိတာပေါ့ဗျာ"

ဦးအေးဆောင်၏ စကားစတို့က ကျွန်တော့် အတိတ်ဟောင်းကို နှိုးဆွပေးလိုက်သလိုပင်။ လက်ဖက်ရည်ပေါ့ဆိမ့်၏ အရသာကို တစ်ငုံမျှ ငုံလိုက်ရင်း အတိတ်၏ လွမ်းမောဖွယ်ရာ ပုံရိပ်များကို ပြန်လည်တူးဆွနေမိသည်။ အတိတ်၏ ပုံရိပ်တို့သည် ဂမ္ဘီရဆန်သော ပုံရိပ်များ ထိတ်လန့်ချောက်ချားဖွယ်ကောင်းလှသော ပုံရိပ်များပင် ဖြစ်သော်လည်း စိတ်အစဉ်သည် အတိတ်ပုံရိပ်များ ထင်ဟပ်ရာတို့ အပြေးအလွှားသွားနေခဲ့ပြီပင် ဖြစ်ပါသည်။

❖

ကျွန်တော့် အိမ်ထောင်စုလေး ရွှေပြည်သာမြို့သစ် တ... င် ရွှေပြည်သာမြို့သစ်သို့ ပြောင်း...ရပ်တည်ခဲ့ရသည်။ မြို့သစ်မှာ အခြေချနေထိုင်ခဲ့သည့်အချိန်ကစ၍ နံနက်အရုဏ်ကျင်းပြီဆိုတာနဲ့ ရရာကားကိုစီးပြီး ဖနီးသည့် မခင်မွေးနှင့်အတူ အင်းစိန်ဈေးကို အပြေးအလွှားသွားရသည်။ မိသားစု ဘဝရပ်တည်ရေးက အင်းစိန်ဈေးမှာ ရရှိပိုင်ဆိုင်ထားသည့် ဆိုင်ခန်းတစ်ခန်းမှာ ဖွင့်ထားတဲ့ အထည်ဆိုင်လေးပေါ်မှာ မှီထားရသည်ဆိုတော့ နံနက်တိုင်းလိုလို ပြေးလွှားနေရတော့သည်။ နံနက်စောစောထပါမှ တော်ရာကျသည်။ မဟုတ်ရင် ကားပေါ်... အတော်လေး ကြိုးပမ်းယူရ... သစ် တည်ကာစကာလ ဂဝံလမ်းဖြစ်နေ၍လားမသိ လိုင်းကားက အတော်လေးကို ရှားပါးသည်။ ဘတ်စ်ကား (၅၇)လိုင်းအဖြစ် ... ကား ရိုးရိုးကားများနှင့် ကြိုကြား ဆွဲနေသည့် တိုင်းလပ်ကားငယ်လေးများသာ အင်းစိန်အရောက် ဆွဲပေးလျက်ရှိသည်။

ကျွန်တော့်တွင် အဂ... ခု ... က တော... လား ဆိုသည်လား ကျွ... မပေခဲ့တတ်၊ အဲဒီအကျင့် ခန္ဓာကိုယ်မှာ စွဲထင်ဖြစ်နေမိသည်က လွန်ခဲ့သည့် သုံးနှစ်ခန့်ကပင် ဖြစ်သည်။ ကျွန်တော် ညစဉ်လိုပင် သဲအင်းဂူဆရာတော်ဘုရားကြီး ဟောကြားခဲ့သည့် အလုပ်ပေးတရားတော်လာ ကျင့်စဉ်များကို ...လုကျင့်နေမိခဲ့သည်။ ဝိပဿနာဘာ ... ခြား သည် ကျင့်ကြံအားထုတ်မှု အနည်းငယ်မျှပင် ဖြစ်လင့်ကစား လောကီအဝ... နှင့် နိဗ္ဗာန်မရောက်မီစပ်ကြား သံသ ရာ အထိ အကျိုးပေးနိုင်စွမ်းရှိသည်ဟု ယုံကြည်ထားမိသည်။ သဲအင်းဂူဆရာတော်၏ ထိပ်ခွဲတရားကို နာ၍ တရားထိုင်လေ့ရှိသည်။ သဲအင်းဂူဆရာတော်၏ ဩဝါဒမှာ. . .

"မင်းတို့ တရားရဖို့ နိဗ္ဗာန်ရဖို့ မဟုတ်သေးဘူး၊ အသေတတ်အောင် ကျင့်မိုင်းနေတာ၊ အသေမတတ်ရင် လူတစ်သိန်းသေ လူတစ်ယောက် မဖြစ်ဘူး ရှုရှိုက်ကိုမှတ် ညောင်းညာ ကိုက်ခဲ ပူအေး ယွပ်ပြိမ် ပေါ်ချင်ရာပေါ် ဝေဒနာတစ်လုံးပဲ မှတ်၊ ဘယ်တော့မျက်မလဲကြည့်၊ သူ့သဘောက ဖြစ်ပြီးရင် ပျက်မှာ ညောင်းရင်လဲ မလှုပ်နဲ့၊ ယားရင်လဲ မကုတ်နဲ့၊ လူသေရင်သေ မသေရင် တရားရ ဒါပဲ" ဟုပင် ဖြစ်သည်။

ညစဉ် တရားထိုင်မိရာတ တစ်ညတွင် တရားထိုင်နေစဉ် မခံသာလောက်အောင် နာကျင်ကိုက်ခဲမှု ဝေဒနာ တက်လာသည်။ အသားစိုင်တို့ကို ဓားနှင့် ပါးပါးလှီးသေလိုမျိုး ဒူးခေါင်းကို ရဲတင်းနှင့် ခုတ်ဖြတ်နေသလို... ...ပြင့်ထုနေသ...ပိုမျိုး ဝေဒနာ တ... ဖြစ်သည်။ အပြင်း ... ...များ သေလုမျှော ခံစားနေမိရသော်လည်း ရှုသွင်းရှုထုတ်မှုကိုကား ပို၍ ပြင်းပြင်းထန်ထန် ပြုနေဖြစ်သည်။

သိပ်မကြာ... ...ရပါ၊ ဝေဒနာများ လွင့်စင်ပ... ...သွားကာ ငြိမ်း... ...ရသည်။ ထိုသူ လေး ရပြီးခဲ့သည့်နောက်ပိုင်း ...ျန်တော် ဘာလုပ်လုပ် ဘာကိုင်ကိုင် ...ရာထိ အပျက်နှင့် အဖြစ်နှင့်အ... ငြိမ်း အေးမှုပေါ်လာခဲ့ပုံတို့ကို ဆင်ခြင်နေမိဖြစ်သည်။

ကျွန်တော့်အကြောင်း ကျွန်တော်တွေးနေမိစဉ်မှာ ချက်ကြီး လိုင်း ဘတ်စ်ကားတစ်စီး မှတ်တိုင်သို့ ဝင်လာသည်။ ကားပေါ်တွင် လူများ အပြည့်အသိပ်ပါလာသော်လည်း တား နောက်ပေါက်တိုးတက်မိဖြစ်ကြသည်



www.burmeseclassic.com

www.burmeseclassic.com

မြေနီလမ်းကလည်းဖြစ် မြို့သစ်တည်ခါစ ကာလလည်းဖြစ်သဖြင့် ဘတ်စ်ကားသည် ဘယ်ညာယိမ်းထိုး လျက်သား မောင်းနေရသည်။ မြို့သစ်တည်ခါစ ကာလဖြစ်သဖြင့် လမ်းဘေး ဝဲယာတွင် လမ်းဖောက်စဉ်က လမ်းမြေ အထုကောင်းစေရေးအတွက် မြေများ တူးကာ ဖို့တင်ရာက မြောင်းကြီးများ အဖြစ် ကားလမ်း၏ လက်ဝဲ လက်ယာ တွင် ခပ်နက်နက်တည်ရှိနေသည်။

လူကလည်း အပြည့်အသိပ်ဖြစ်နေသဖြင့် ဘတ်စ်ကားသည် ကြားမှတ်တိုင်များတွင် ရပ်မနေတော့ဘဲ ဆင်းသူ သုံးလေးဦးရှိနေသည့် ထန်းခြောက်ပင် မှတ်တိုင်တွင်မှ ရပ်လေတော့သည်။ ထန်းခြောက်ပင်မှတ်တိုင် အရောက် ကျွန်တော့်ဇနီးသည်မျက်နှာကို တစ်ချက် ကြည့်မိသည်။ လူတွေ ကျပ်သိပ်မှုဒဏ် ကြောင့် ကျွန်တော့်ဇနီးသည်၏ မျက်နှာ ပေါ်ဝယ် ချွေးစလေးများက နေရာယူ လျက်ရှိနေသော်လည်း သူက အပြုံးပွင့် လေးတစ်ပွင့် ခြွေပြရင်း ရပါသည်ဆို သည့် သင်္ကေတအဖြစ် ခေါင်းလေး ညိတ်ပြရှာသည်။

ထန်းခြောက်ပင် မှတ်တိုင်က ထွက်တော့ ကားအရှိန်က အနည်းငယ် မြင့်သယောင်ရှိနေသည်။ ကျွန်တော့် စိတ်တွင် ပြောင်းလဲလာမှု အရှိန်ကို သတိအမှတ် ဝင်လိုက်မိစဉ်မှာပင်. . .

“ကျွီ ကျွီ ဝုန်း” ဆိုသည့်အသံ နှင့်အတူ ကျွန်တော့်ဦးခေါင်းသည် ကား အမိုးကို ပြင်းထန်စွာ ဆောင့်မိလိုက် သည်။ ဘုရားတသံများ ကြောက်လန့် တကြား အော်ဟစ်သံများ ဆူညံသွား သည်ကိုသာ နောက်ဆုံးအသိ သိခွင့် ရလိုက်သည်။ ကျွန်တော့်အသိစိတ်တွင် တော့ ကျွန်တော်ထိုင်လျက်ရှိနေသည့် ပျော့အိစွတ်စိုသောနေရာတွင် ထိုင် လျက်ရှိနေရင်းက ဖြစ်ပျက်မှုများ ငြိမ်း လျက်ရှိသောနေရာသို့ ရောက်ရှိနေ တော့သည်။

❖

ကျွန်တော် သတိပြန်ဝင်လာ သည်။ ကျွန်တော့်ခန္ဓာကိုယ်သည် အေး စက်မာကျော လျက်ရှိနေသည့် သံမံ တလင်းပေါ်တွင်ပက်လက်အနေအထား ဖြင့်ပင်။ ဝေဝါးနေသော မျက်လုံးများ ကို အားယူကာ မျက်လုံးပွင့်ရန် ကြိုးစား နေဆဲမှာပင်. . .

“ဟော့ ဟော့ ဒီလူ မသေသေးဘူး လာကြ လာကြ”

ဆိုသည့်အသံ ထွက်ပေါ်လာ သည်။ လူတစ်ယောက်က ကျွန်တော့် ခန္ဓာကိုယ်ကို ပွေ့မကာ လွတ်နေသော လူနာခုတင်တစ်လုံးပေါ်သို့ ရွှေ့တင် လိုက်သည်။ ကျွန်တော့်ကို မသေသေး ဘူးဟု ပြောသူကို ကြည့်လိုက်မိသည်။ ဆရာဝန်များ ဝတ်ဆင်လေ့ရှိသည့် ဂျူတီ ကုတ်အဖြူဝတ်ထားကာ နားကြပ်ကို လည်မှာဆွဲထားသည့် ဆရာဝန်ပေပဲဟု မှတ်ထားလိုက်ဖြစ်သည်။ သိပ်မကြာ လိုက်ရပါ ကျွန်တော့် ခုတင်အနီးသို့ သမီးကြီး ရောက်လာကာ. . .

“အဖေရယ် ကံကြီးပေလို့သာ ပေါ့ နို့မို့ရင် သမီးတို့ အားကိုးရာမဲ့ပြီ”ဟု ပြောလည်းပြော ငိုလည်းငိုသည်။မတတ် သာတော့။

“သမီး အမေကို သွားကြည့် လိုက်ဦးလေ”

ကျွန်တော်ပြောဖြစ်တော့ သမီး က ပိုပြီးပြင်းပြင်းထန်ထန်ငိုသည်။ ရှိုက် ကြီးတငင်ငိုသည်။ သိလိုက်ရသည်က ကားမှောက်သည့်နေရာတွင်ပင် မခင် မွှေး အပါအဝင် အမျိုးသမီးခြောက် ယောက် သေဆုံးသွားခဲ့ရသည်ဟုပင်။

ကျွန်တော်လည်း သမီးဖြစ်သူ စိတ်လျှော့စေလိုသဖြင့် ကျွန်တော့်အား မသေသေးသူအဖြစ် ဖော်ထုတ်ပြပေးခဲ့ သည့် ဆရာဝန်အား စုံစမ်းမေးမြန်း ကြည့်ပေးရန် သမီးကို ခိုင်းဖြစ်သည်။ သမီးဖြစ်သူ ကျွန်တော့်ခုတင်အနီးမှ ထွက်ခွာသွားပြီး ဆယ့်ငါးမိနစ်ခန့် အကြာတွင်မှ သမီးဖြစ်သူ ပြန်ရောက် လာကာ ဤရွှေပြည်သာမြို့နယ်ဆေးရုံ တွင် ဆေးရုံအုပ်ဆရာမကြီး ဒေါ်ဖြူဖြူ နှင့် အမျိုးသမီးဆရာဝန်မျောသာရှိ ကြောင်း သိလိုက်ရသည်။

ကျွန်တော့်အား လာရောက် အသက်ကယ်သွားသည့် ဆရာဝန် သဏ္ဌာန်လူမှာ ခံ့ညားသော ဥပဓိရုပ် ရှိကာ အသံကြဲဇာကောင်းသော ပုဂ္ဂိုလ် ထူးတစ်ဦးဖြစ်သည်ကတော့ ကျွန်တော့် ရင်ထဲ စွဲထင်နေရစ်ပါသည်။

❖

ကျွန်တော့်ဇနီးသည် မခင်မွှေး အတွက် ရက်လည်ဆွမ်းသွတ်ပြုလုပ်ပြီး သည်နှင့် မိတ်ဆွေများ တိုက်တွန်းမှုအရ ဇနီးသည်၏ သံသရာခရီးစဉ်နှင့် ပတ် သက်၍ သိနိုင်သမျှ သိခွင့်ရနိုင်မည့် နတ်လေချွန်ဟောရာအိမ်သို့ ရောက် သွားဖြစ်သည်။ နတ်လေချွန်က သေသူ ၏ အမည်နှင့် သင်္ဂြိုဟ်ရာသုသာန်တို့ ကို ပြောပြလိုက်ရုံမျှနှင့် သေဆုံးသူ ဘယ်ဘဝသို့ရောက်ရှိနေကြောင်း ဟော ပြောနိုင်သည်ဟု သိရသည်။ နတ်လေ ချွန်ဟောရာ အိမ်သို့ ရောက်သည်နှင့် အံ့အားသင့်ဖွယ် အကြောင်းအရာတို့ကို သိခွင့်ရတော့သည်။

ကျွန်တော့်ဇနီးသည်မှာ သိုက် ဆက်ဖြစ်သဖြင့် သိုက်မှ ပြန်ခေါ်သွား ကြောင်းအပြင် ကျွန်တော်နှင့်ပတ်သက် နေသော အံ့ဩထူးခြား အဖြစ်အပျက် တို့ကို သိခွင့်ရတော့သည်။ နတ်လေချွန် ဆရာက ပြောပြသည်မှာ. . .

“မင်း သိပ်ကံကောင်းတယ်၊ ကားမှောက်တော့ မင်း ကားအမိုးနဲ့ ဆောင့်မိပြီး သတိလစ်မလို ဖြစ်သွား တယ်၊ ဒါပေမယ့် ချက်ချင်းဆိုသလိုပဲ မင်းရဲ့အလေ့အကျင့်ဖြစ်နေတဲ့ သတိ ပဋ္ဌာန် မှတ်တဲ့ အနေအထားနဲ့ ထိုင် ရက်သား ပြုတ်ကျသွားတယ်၊ ကားက ညာဘက် စောင်းမှောက်သွားတော့ လူတွေအားလုံး လွင့်ကျတဲ့သူတော တခြမ်းစောင်းပြီး မြောင်းထဲနစ်နေတဲ့ ကားထဲ ပါသွားတဲ့လူက သွားပါရော



www.burmeseclassic.com

www.burmeseclassic.com

အဲဒီမှာ မင်း သတိလစ်မလိုဖြစ်ရင်း ထိုင်နေမိတာက ရွှံ့ထဲနစ်နေတဲ့ မင်း မိန်းမရဲ့ ခန္ဓာကိုယ်ပေါ်မှာလေ၊ မင်း အမျိုးသမီးနဲ့အတူ အမျိုးသမီး ငါး ယောက်လဲ နစ်နေတယ်၊ အဲဒီအချိန်မှာ မင်းဝိညာဉ်ကို သိုက်ထဲ ခေါ်သွားဖို့ အသင့်ရောက်နေတဲ့ သိုက်နန်းရှင်တွေ က ကြိုးစားကြတယ်၊ ဒါပေမဲ့ သူတို့ ခေါင်းဆောင်က မင်းကို ခေါ်ရမှာ မဟုတ်ဘူး မင်းမိန်းမ ဝိညာဉ်ကို ခေါ် ရမှာတဲ့ ပြောလိုက်လို့ မင်းကို ထားသွား ခဲ့တာ၊ မင်း ဆေးရုံက သမ်တလင်း ပေါ်မှာ ပတ်လက်မှေ့နေတာကို သိုက် နန်းရှင်တစ်ဦးက ဆရာဝန် အသွင်နဲ့ မင်းဝိညာဉ်ပြန်ကပ်တဲ့အထိ ပြန်တွန်းပို့ ပေးခဲ့တာ" ဟုပင်။

ကျွန်တော် အံ့အားသင့်သွားမိ သည်။ ကျွန်တော်နှင့် မခင်မွှေး လက် ထပ်ပြီးစီး၍ မကြာမီမှာပင် သိုက်က ပြန်ခေါ်မည်ဟု မကြာခဏ အိပ်မက် မက်လေ့ ရှိခဲ့သည်။ သမီးနှစ်ယောက် ထွန်းကားခဲ့ပြီးသည့် နောက်ပိုင်းတွင် လည်း သမီးတွေ အရွယ်ရောက်လာ လျှင် သိုက်ကို ပြန်ခေါ်မည်ဟု အိပ်မက် ပေးခဲ့ပြန်သည်။

ယခုမူ အိပ်မက် မမက်ဖြစ်ခဲ့ သည်မှာ ဆယ်နှစ်တာကာလစွန်းကာမှ သိုက်မှ ပြန်ခေါ်ခြင်းကို ခံလိုက်ရသည်။ ကျွန်တော့်မှာမူ ဝိပဿနာကျင့်စဉ် အခြေခံကြောင့်လေလား မပြောတတ်။ လောကီသားတစ်ဦးသာ ဖြစ်နေသေး သည့် ကျွန်တော် နှစ်ဆန်းတစ်ရက်နေ့ ရောက်လေတိုင်း လက်တွဲဖော် ခွဲထွက် သွားခြင်းနှင့် သတိတရားရှုမှတ်နေမှုမှ ပေးသော အံ့ဖွယ်ဖြစ်စဉ်တို့ကို ပြန် ပြောင်း မြင်ယောင်နေမိဆဲပင် ဖြစ်ပါ သည်။

❒ **အောင်သာကျော်**

(၁၆-၄-၁၉၉၆ ခုနှစ်၊ အင်္ဂါနေ့ သင်္ကြန် နှစ်ဆန်းတစ်ရက် ထန်းခြောက်ပင်တွေ့ ရွှေပြည် သာတွင် ခ/၂၄၂၅ ကားမှောက်မှု ဖြစ်ရပ်မှန် ဦးအုန်းကိုယ်တွေ့အား ခံစားရေးဖွဲ့သည်)

## စာမူများ ပေးပို့နိုင်ပါသည်

စာမူ ဝါသနာရှင်များ မိမိ၏စာမူကို မိတ္တူ ကော်ပီထား၍ လပြည့်ဝန်းမဂ္ဂဇင်းတိုက်သို့ ဆက် သွယ်ပေးပို့နိုင်ပါသည်။

မရွေးချယ်သော စာမူများကို ပြန်လည်ပေး ပို့မည်မဟုတ်ပါ။ ဘုရားစာ၊ ဂါထာများနှင့်ပတ်သက်၍ ပါဠိဘာသာကို တိကျသေချာစွာ ရေးသားပေးပို့စေ လိုပါသည်။ မတိမကျရေးသားထားပါက ရွေးချယ် လိမ့်မည် မဟုတ်ပါကြောင်း။

တခြားမဂ္ဂဇင်းတိုက်များသို့ တစ်ပြိုင်တည်း ပေးပို့ခြင်းမျိုး မပြုလုပ်ကြပါ ရန် မေတ္တာရပ်ခံပါသည်။

ရှေးဟောင်းဘုရားသမိုင်းကြောင်းများ၊ ဘာသာ ရေး ဆောင်းပါးများ၊ ဂန္ထဝင်ဝတ္ထုများ၊ မှုခိုးဝတ္ထုများ၊ ရသဝတ္ထုများ၊ ဟာသများ၊ အရှေ့တိုင်းအနောက်တိုင်း ဆေးပညာရပ်များ၊ ထူးခြားဆန်းကြယ်သော ဖြစ်ရပ် များ စသည်ဖြင့် ပေးပို့နိုင်ပါသည်။

ဖုန်းဖြင့် တစ်သွယ်၊ စာဖြင့်တစ်နည်း ပေးပို့ ထားသောစာမူများကို ပြန်လည်ရယူလိုသော စာမူ ရှင်များ သတိပြုစေအပ်ပါသည်။ အယ်ဒီတာအဖွဲ့ အနေဖြင့် စာအုပ်အချိန်မီ ထုတ်ဝေဖြန့်ချိနိုင်ရန် စီစဉ်နေရသောကြောင့် နားလည်ပေးစေလိုပါသည်။


စီးပွားရေးလုပ်ငန်းရှင်များ

မိမိလုပ်ငန်းပိုမိုတိုးတက် အောင်မြင်စေရန်

လပြည့်ဝန်းမဂ္ဂဇင်းတွင်

ကြော်ငြာများ ထည့်သွင်းနိုင်ပါသည်။

အဖြူအမည်း
တစ်မျက်နှာ
ကျပ်တစ်သောင်းငါးထောင်တိတိ
ဖြစ်ပါသည်။

အဖြူအမည်း
မျက်နှာဝက်
ကျပ်ခုနစ်ထောင့်ငါးရာတိတိ ဖြစ်ပါသည်။

**ဆက် သွယ် ရန်**

အယ်ဒီတာအဖွဲ့
လပြည့်ဝန်းမဂ္ဂဇင်း
တိုက်အမှတ် (၇၂၄)၊ အခန်း (၁၈) ပထပ်၊
မဟာဗန္ဓုလလမ်း၊ (၁၇×၁၈)လမ်းကြား၊
လသာမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၂၅၀၆၆၈






www.burmeseclassic.com

www.burmeseclassic.com

"ခလုတ်ထိမှ အမိတ" တယ်ဆိုတာ လောကလူ့ဓမ္မတာပါ။ လူတွေဟာ နေ့စဉ် စီးပွားရေး လူမှုရေး နိုင်ငံရေး ကျန်းမာရေးဆိုတဲ့ ဘဝပြဿနာတွေကို ရင်ဆိုင်ဖြေရှင်း ရုန်းကန်နေကြရတာပါ။

စီးပွားရေး၊ လူမှုရေးအရ အဖုအထုံး အနှောင်အဖွဲ့ အခက်အခဲတွေ ရှိလာရင် ကိုယ့်ကိုယ်ကိုယ် မယုံကြည်တဲ့ သူတွေက ဗေဒင်ဆရာ၊ နတ်ဆရာ၊ ပယောဂဆရာတွေကို ချဉ်းကပ်ပြီး မိမိရဲ့ အခက်အခဲကို ကျော်လွှားနိုင်ရေး ဇောင်းပေး ဖြေရှင်းတတ်ကြပါတယ်။ ဒါကြောင့်လည်း ဘိုးတော်ဆိုတဲ့ လူတန်းစား ပေါ်ပေါက်လာကြတယ် ထင်ပါတယ်။ ဒီလိုပါပဲ၊ ကျန်းမာရေးနဲ့ ပတ်သက်လို့ ရောဂါတစ်ခုခုဖြစ်ရင် သက်ဆိုင်ရာ ဆေးခန်း၊ အထူးကုပါရဂူတွေဆီကို ပြေးရ ပြန်ပါတယ်။ သက်သာရာ သက်သာကြောင်းပေါ့။ ဗျာဓိဆိုတဲ့ နာခြင်းတရားနဲ့ တိုက်ပွဲဝင်ဖို့ပေါ့။ ဆေးကုသမှုပေးဖို့ ဆေးရုံတွေ၊ ဆေးခန်းတွေ၊ ဆရာဝန်တွေ တကယ်လိုအပ်ပါတယ်။ ဒါပေမယ့် အခု မျက်မှောက်ခေတ်မှာ ခေတ်မီစက် ကိရိယာကြီးတွေနဲ့ ကုသနေကြောင်း သတင်းစာ၊ ဂျာနယ်အမျိုးမျိုးမှာ လူအထင်ကြီးအောင် ကြော်ငြာ၊ အဲဒီဆေးခန်းကို






www.burmeseclassic.com

www.burmeseclassic.com

သွားပြတော့လည်း ကုတ်ဆရာဝန်က မြန်မာစကား မပြောတတ်၊ အင်္ဂလိပ်လို လည်းသူမသိ၊ ဘာစကားတွေ ပြောမှန်း လည်းမသိ၊ ကြားထဲက စကားပြန်လုပ်ပေးသူတွေကလည်း အမျိုးသမီးချောချောလေးတွေ။

ဖြစ်ပုံက . . .

"မမြင်အပ်တာ မြင်ရတာ ဆရာဝန်တဲ့၊ မကြားအပ်တာ ကြားရတာ တရားသူကြီးတဲ့" ဆိုစကားလေး ရှိတယ် မဟုတ်လား။

အမျိုးသမီးတွေ မကြားအပ်တဲ့ မိမိရဲ့ ရောဂါကို စကားပြန်အမျိုးသမီး ချောချောလှလှ၊ ငယ်ငယ်လေးက တစ်ဆင့် ဆရာဝန်ကြီးကို ပြောပြရမှာက ဝေဒနာရှင်အတွက် မခက်ပေဘူးလား။ နဂိုကတည်းကမှ အရှက်ကို အသက်နဲ့ လဲတတ်တဲ့ မြန်မာလူမျိုးတွေ အရှက်ကို သိက္ခာကို တန်ဖိုးထားတဲ့ မြန်မာလူမျိုးတွေအတွက်ဒုက္ခ။ ဒါကြောင့် ဒီဆေးခန်းတွေ၊ ဆရာဝန်တွေ အကြောင်း ဂျာနယ်တွေ၊ သတင်းစာတွေက ရေးနေကြတာနေမှာပေါ့ ထားပါတော့။

"အသက်တစ်ရာမနေရပေမယ့် အမှုတစ်ရာတွေ့ရတတ်တယ်" ဆိုတဲ့ ရှေးလူကြီးတွေ စကားအတိုင်း မလွဲမရှောင်သာ တရားဥပဒေကိစ္စတွေနဲ့ ရင်ဆိုင်တိုးလာကြတဲ့ အခါကျတော့ ကော ဘာလုပ်ကြမလဲ"

အခုခေတ် ခေါက်ရိုးကျိုးနေပြီ ဖြစ်တဲ့ ယဉ်ကျေးမှုစကားအသုံးအနှုန်း အရ ပြောရရင် အပေါ်က အကောင်ကြီးကြီး၊ ဝိတ်ကြီးရှာပြီး၊ ချဉ်းကပ်ပြီး ဝိတ်ကြီးကြီးနဲ့ ဖိမလား။

သက်ဆိုင်ရာ ရဲတွေ၊ ဥပဒေဝန်ထမ်းတွေ၊ တရားသူကြီးတွေကို ပုလင်းအလိုက်၊ ပုံးအလိုက်လုပ်မလား။ ဒီနေရာမှာ မယဉ်ကျေးသေးတဲ့သူတွေ၊ စာဖတ်တာ မျက်စိနည်းနည်းလည်သွားနိုင်ပါတယ်။ ယဉ်ကျေးပြီးသားသူတွေကတော့ ပုလင်းတို့၊ ပုံးတို့ဆိုတာ သိပြီးသားပါ။ ယဉ်ပါးပြီးသားပါ။ နောကြေနေပြီးသားပါ။ မယဉ်ကျေးတဲ့သူတွေ သိအောင်ပြောရရင် ပုလင်းဆိုတာက သောင်းဂဏန်းကို ခေါ်တာပါ၊ ပုံး ဆိုတာက သိန်းဂဏန်းအရေအတွက်ကို ပြောတာပါ။ ပိုမိုပြီး ယဉ်ကျေးလိမ္မာတဲ့ သူတွေက ဆင်နဲ့ နင်းတယ်လို့တောင် ပြောနေပါပြီ။ ထားပါတော့. . .။

တကယ်တမ်းကျတော့ ဘယ်တရားခွင်မှာပဲဖြစ်ဖြစ် ဥပဒေအချက်အလက်အရ တင်ပြတောင်းဆိုနိုင်ဖို့ ခုခံကာကွယ်နိုင်ဖို့အတွက် ရှေ့နေရှေ့ရပ်ဟာ အမှန်တကယ် လိုအပ်ပါတယ်။

တရားလို တစ်ယောက်အနေနဲ့ တရားခံတစ်ယောက်ကို အပြစ်ရှိကြောင်း ပြစ်မှုကို ကျူးလွန်ကြောင်း တရားဥပဒေနဲ့အညီ အထောက်အထား တင်ပြနိုင်ရပါမယ်။

ယဉ်ကျေးတဲ့ လူ့အဖွဲ့အစည်းတွေမှာ တရားခံတစ်ယောက်အနေနဲ့လည်း သူ့မှာ အပြစ်မရှိကြောင်း၊ ခုခံချေပပိုင်ခွင့် အပြည့်အဝပေးရပါမယ်။ ခုခံချေပပိုင်ခွင့် အပြည့်အဝ မရရှိဘဲ အပြစ်ပေးမယ်၊ စီရင်မယ်ဆိုရင် တရားဥပဒေချိန်ခွင်လျှာတစ်ဖက်ကို စောင်းနေပါလိမ့်မယ်။ တရားဥပဒေနှင့်အညီ တင်ပြဖို့ ခုခံချေပဖို့က ဥပဒေပညာကျွမ်းကျင်တဲ့ ရှေ့နေရှေ့ရပ်တွေ မဟုတ်ပါလား။

သီပေါဘုရင်မင်းမြတ်တောင် သူ့ကျောက်သံပတ္တမြားတွေ အလိမ်ခံရတဲ့အမှုမှာ ရှေ့နေတစ်ယောက် သူ့ဘက်က ဆောင်ရွက်စေရပါတယ်။ သီပေါဘုရင်မင်းမြတ်ရဲ့ ရှေ့နေက ဖရပ်ဒရစ်အက်ချ်လောင်းပါ။

မျက်မှောက်ခေတ်မှာလည်း နေပူပူမှာ သစ်ရွက်ခြောက်တွေ လေပူတွေ တိုက်လို့ ကြွေကျသလို၊ 'တဖြုတ်ဖြုတ် ကြွေကျကုန်ရှာရတဲ့ အာဏာရှင်တွေ၊ လူထုရဲ့ တန်ပြန်ဒဏ်ခတ်မှုကြောင့် အချုပ်ထဲကို ရောက်လာတော့ သူတို့ တရားသဖြင့် ဆောင်ရွက်ခဲ့ကြောင်း ခုခံကာကွယ်နိုင်ဖို့ သူတို့ ရှေ့နေတွေ ငှားရမ်း ဆောင်ရွက်နေကြပါတယ်။ မျက်မြင် သိနေကြမှာပါ။

အီဂျစ်က သမ္မတမူဘာရက်လည်း သူ့ရှေ့နေနဲ့သူပါ။

အီရတ်က ဆာဒန်ဟူစိန်လည်း သူ့ရှေ့နေနဲ့။ အာဏာရှင် ဆာဒန်ဟူစိန်ရဲ့ ရှေ့နေက သူ့လိုလူ လစ်ဗျားကခေါင်းဆောင်ကြီး ကဒါဖီရဲ့ သမီးပါ။ သူတော် ချင်းချင်း သတင်းလွှဲလွှဲ ပေါင်းဖက်တွေ့ကြလေရော့သလားပဲ။

ဒါကြောင့် တကယ့် တကယ် ဥပဒေရေးရာနဲ့ ပတ်သက်လာရင် အက်ချ်လောင်း(ဝါ) ရှေ့နေလိုပါတယ် ဆို။

■

ကြည့်ရအောင်ပါ။

ဧရာဝတီတိုင်း မြောင်းမြခရိုင် တရားရုံးက အမှုတစ်ခုမှာ တရား... ဆန်းဝင်းအပေါ် ပြစ်မှုဆိုင်ရာ ဥပဒေ... ပုဒ်မ-၃၀၂(၂)အရ ပြစ်မှုထင်ရှားတွေ... ရှိသဖြင့် အလုပ်နဲ့ထောင်ဒဏ်(၇)နှစ်... အပြစ်ပေးလိုက်ပါတယ်။ ၎င်းအပြ... ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ-၃၉၂ အ... လည်း ပြစ်မှုထင်ရှားကြောင်း တွေ့... ရသဖြင့် အလုပ်နှင့် ထောင်ဒဏ်(၃)... ကျခံစေရန်နှင့် ပြစ်ဒဏ်နှစ်ရပ်ကို ... ခြားစီ ကျခံစေရန် အမိန့်ချမှတ်ခဲ့... တယ်။ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၀... (၂)ဆိုတာက. . .

"မည်သူမဆို အခြားအချက်... ၌ လူသတ်မှုကျူးလွန်လျှင် ထိုသူ... တစ်သက်တစ်ကျွန်း ဒဏ်ဖြစ်စေ၊ ... နှစ်ထိ အလုပ်ကြမ်းနှင့် ထောင်... ဖြစ်စေ ချမှတ်ရမည့်ပြင် ငွေဒဏ်... ချမှတ်နိုင်သည်"

ရှင်းလင်းချက်။ ။ ပြုလုပ်မှုတစ်ခု... တင်ကူးကြံရွယ်သော ပြုလုပ်မှုဖြစ်... မဖြစ်သည်ဆိုသောအချက်မှာ ... ခြင်းရာ ပြဿနာဖြစ်သည်။ ... ပြဋ္ဌာန်းထားပါတယ်။





www.burmeseclassic.com

www.burmeseclassic.com

ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ-၃၉၂ မှာကတော့ . . .

"မည်သူမဆို လုယက်မှုကို ကျူးလွန်လျှင် ထိုသူကို အလုပ်ကြမ်းနှင့် ဆယ်နှစ်ထိ ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။ ထို့ပြင် ထိုလုယက်မှုကို နေဝင်နှင့်နေထွက် အကြား၌ ပြည်သူသွားလာရာလမ်းတွင် ကျူးလွန်လျှင် ထိုထောင်ဒဏ်ကို ဆယ့်လေးနှစ်ထိ တိုးမြှင့်ချမှတ်နိုင်သည်" ဟု ဆိုထားပါတယ်။

ဒီတော့ တရားခံ ဆန်းဝင်း အပေါ် မြောင်းမြခရိုင် တရားရုံးက လုယက်မှု၊ လူသတ်မှုနဲ့ အပြစ်ပေးလိုက်တာဖြစ်ပါတယ်။

အဲဒီအမိန့်ကို သေသူမစန်းဝင်းရဲ့ ခင်ပွန်းဖြစ်သူ ကိုစိုးဦးက မကျေနပ်ပါဘူး။ ပြစ်ဒဏ်တိုးမြှင့်ပေးဖို့ တရားရုံးချုပ်ကို ပြင်ဆင်မှု ဝင်ရောက်ခဲ့ပါတယ်။

တရားရုံးချုပ်က ပြင်ဆင်မှုကို ခွင့်ပြုပြီး၊ မြောင်းမြခရိုင်တရားရုံးက ချမှတ်ထားတဲ့ စီရင်ချက်နဲ့ အမိန့်ကို ပယ်ဖျက်ကာ တရားခံဆန်းဝင်းအား ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ-၃၀၂(၁)(ဂ) အရ သေဒဏ်ကျခံစေရန် ပြင်ဆင်အမိန့်ချမှတ်ခဲ့ပါတယ်။

အထူးအယူခံခုံရုံးမှာ ဘာဥပဒေပြဿနာပေါ်လဲဆိုတော့ တရားရုံးချုပ်ကို ပြစ်ဒဏ်တိုးမြှင့်ပေးဖို့ ပြင်ဆင်မှု တင်သွင်းတဲ့အခါမှာ ပြင်ဆင်မှုကို ကြားနာစစ်ဆေးခဲ့စဉ်က. . .

"ပြင်ဆင်မှုတွင် လျှောက်ထားခံရသူကို နိုင်ငံတော်စရိတ်ဖြင့် ရှေ့နေငှားရမ်းပေး၍ ထုချေခွင့်မပြုဘဲ၊ သေဒဏ်ချမှတ်ခြင်းမှာ ဥပဒေလုပ်ထုံးလုပ်နည်းနဲ့ ညီညွတ်မှု ရှိ-မရှိ" ဆိုတဲ့ ဥပဒေပြဿနာပေါ် ပေါက်လာတယ်၊ ကောင်းရော။ ဟုတ်ပါတယ်၊ တရားခံ တစ်ယောက်ကို ကြီးလေးတဲ့ ပြစ်ဒဏ်သတ်မှတ်ဖို့ တရားစွဲဖို့ စစ်ဆေးရင် တရားခံကို လုံလောက်အောင် ခုခံချေပခွင့်ပေးရပါတယ်။ တကယ်လို့ တရားခံက ရှေ့နေရှေ့ရပ်တွေ ငှားပြီး မထုချေ့ မကာကွယ်နိုင်ရင်တောင်မှ နိုင်ငံတော်က နိုင်ငံတော်စရိတ်နှင့် တရားခံဘက်က ရှေ့နေရှေ့ရပ် ငှားပြီး ချေပဖြေရှင်းခွင့်ပြုရမယ်လို့ ပြဋ္ဌာန်းသတ်မှတ်ထားချက်တွေ ရှိပါတယ်။

ဒါမှ အမှန်တရားကို စီရင်ရာရောက်တော့ပေမပေါ့။ အမှန်တရားကို စီရင်ကြောင်း အများပြည်သူလည်း မြင်သာစေတော့မှာပေါ့။ အခုဟာက အထူးအယူခံခုံရုံးက ဥပဒေအချက်အရ ထောက်ပြစရာဖြစ်နေတာပေါ့။ တရားခံတွေကို တရားဥပဒေနှင့်အညီ ပြည့်စုံလုံလောက်စွာ ခုခံချေပခွင့်မပေးဘဲ တရားစီရင်တာ ပြစ်ဒဏ်တွေချတာကတော့ ပြည်သူတွေ နှလုံးစိတ်ဝမ်း မချမ်းမြေ့စရာပါ။

ဒီအမှုက လပွတ္တာမြို့နယ်၊ အောင်လှကျေးရွာမှာနေတဲ့ ကိုစိုးဦးဟာ ငါးသလောက်ပိုက်မျှောဖို့ လှေဦးစီးမောင်နိုင်နဲ့အတူ ညနေ ၃ နာရီလောက်မှာ နေအိမ်က ထွက်လာခဲ့ပါတယ်။

အိမ်မှာ ဇနီးမစန်းဝင်းနဲ့ (၃)နှစ်သားအရွယ် မောင်အောင်တိုးတို့ပဲ ကျန်ခဲ့ပါတယ်။ နောက်နေ့ မနက် ၇ နာရီလောက်မှာ ဖခင်ဖြစ်သူ ဦးဝကြီးနဲ့ ရွာသားအချို့ စက်လှေနဲ့ လိုက်လာပြီး ပြောပြ၍ အိမ်တွင် ကျန်ရစ်သူ ဇနီးမစန်းဝင်းဟာ နေအိမ်အတွင်း၌ လည်ပင်းတွင် ပုဆိုးပတ်လျက် လဲကျသေဆုံးနေကြောင်း သိရှိရလို့ ကိုစိုးဦးက ကန်ဘက်ရဲစခန်းကို တိုင်ကြားရာက အမှုစတင်ပေါ်ပေါက်လာပါတယ်။

တရားလို ကိုစိုးဦး၏ဇနီး မစန်းဝင်းမှာ လည်ပင်းတွင် ပုဆိုးပတ်လျက် သေဆုံးနေပြီး တရားလို၏ နေအိမ် သေတ္တာအတွင်းမှ ငွေ ၂၅၀၀၀/-၊ အမ်စီရွှေဆွဲကြိုး ငါးမူးသားတစ်ကုံး၊ ကျောက်စီရွှေလက်စွပ်တစ်ကွင်း ပျောက်ဆုံးနေတာကို တွေ့ရပါတယ်။

တရားခံဆန်းဝင်းက သက်သေခံ ပစ္စည်း အမ်စီရွှေဆွဲကြိုး တစ်ကုံး၊ ကျောက်စီရွှေလက်စွပ်တစ်ကွင်း၊ ပလတ်စတစ်နှင့် ထုပ်ထားသော ဓရိုးပိုက်ဆံထုပ်ငွေ ၂၅၀၀၀/-ကျော်နှင့် ရွှေပေါင်ဘောက်ချာစာရွက် နှစ်ရွက်တို့ကို ရှာဖွေပုံစံဖြင့် ပေးအပ်ခဲ့ပါသည်။

ဆရာဝန်က သေဆုံးသူသည် အသက်ရှုလမ်းကြောင်းပိတ် သေဆုံးရကြောင်း ထွက်ဆိုထားပြီး ဓာတုဗေဒဝန်၏ ပြန်ကြားစာတွင် သေသူ၏ထဘီ၌ သုက်ရည်နှင့် သုက်ပိုးတွေ့ရှိသည်ဟု ပြန်ကြားထားသည်။

သို့အတွက် မူလခရိုင်တရားရုံးက တရားခံဆန်းဝင်းအပေါ်တွင် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ-၃၀၂ (၁)(ဂ)အရ စွဲချက်တင် စစ်ဆေးခဲ့သော်လည်း တရားခံသည် သေသူအား သတ်ပြီးမှ ပစ္စည်းရယူခဲ့သည်ဟု ယူဆနိုင်ကြောင်း၊ သေသူအား မသတ်မီ လုယက်မှု ကျူးလွန်ခဲ့သည်ဟု မပေါ်ပေါက်ကြောင်း ခရိုင်တရားရုံးက သုံးသပ်ပြီး စွဲချက်တင်ထားသည့် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ-၃၀၂(၁)(ဂ)အရ ပြစ်ဒဏ်ချမှတ်ခြင်း မပြုဘဲ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ-၃၀၂ (၂)နှင့် ၃၉၂ တို့အရ ပြစ်မှုထင်ရှားစီရင်ခဲ့ခြင်း ဖြစ်ပါသည်။

အဲဒီအမိန့်ကို တရားလို ကိုစိုးဦးက မကျေနပ်လို့ ပြစ်ဒဏ်တိုးပေးဖို့ တရားရုံးချုပ်ကို ပြင်ဆင်မှုလျှောက်ထားခဲ့ပါတယ်။

အဲဒီပြင်ဆင်မှုကို တရားရုံးချုပ်မှာ ကြားနာရန်အတွက် ထောင်ကျတရားခံ ဆန်းဝင်းထံ တရားရုံးချုပ်မှ ထုတ်ဆင့်သော အကြောင်းကြားစာကို အကျဉ်းထောင်တာဝန်ခံ အရာရှိထံမှ တစ်ဆင့် နည်းလမ်းတကျ ချအပ်ခဲ့ပါတယ်။

ယင်း အကြောင်းကြားစာကို တရားခံဆန်းဝင်းက သက်ဆိုင်ရာ ထောင်မှူးကတစ်ဆင့် လက်ခံရရှိခဲ့ပါတယ်။ အကြောင်းကြားစာ ရရှိခဲ့သော်လည်း တရားခံဆန်းဝင်းသည် အကျဉ်းကျခံနေရသူ ဖြစ်သဖြင့် ပြင်ဆင်မှုကို



www.burmeseclassic.com

www.burmeseclassic.com

ကြားနာစဉ်က တရားရုံးရှေ့သို့ ကိုယ်တိုင်လာရောက်နိုင်ခြင်းမရှိခဲ့ပါ။ တရားခံဆန်းဝင်းကိုယ်စား လိုက်ပါဆောင်ရွက်ရန် နိုင်ငံတော်စရိတ်ဖြင့် ရှေ့နေငှားရမ်းပေးခဲ့ခြင်းလည်း မရှိခဲ့ပါ။

ဤသို့ တရားခံဆန်းဝင်းကိုယ်တိုင်သော်လည်းကောင်း ၎င်း၏ အကျိုးဆောင်ရှေ့နေပါဝင်ခြင်းမရှိဘဲ သေဒဏ်တိုးမြှင့်ချထားသော အမိန့်ဟာ ဥပဒေအရ မှန်ကန်မှု ရှိ-မရှိ အထူးအယူခံခုံရုံးက အောက်ပါအတိုင်း သုံးသပ်ခဲ့ပါတယ်။ မူလတရားရုံးက အယူခံတရားခံဆန်းဝင်းအပေါ် စွဲချက်တင်စဉ်က ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၀၂(၁)(ဂ)အရ စွဲချက်တင်ခြင်းဖြစ်သည်။

မူလစွဲချက် တင်ခဲ့သော ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ -၃၀၂(၁)(ဂ)အရ တရားခံအား အပြစ်ပေးမည် ဆိုပါက သေဒဏ်ကို မလွဲမသွေ ပေးရမည်ဖြစ်သည်။

ယင်းသို့ သေဒဏ်ထိုက်သင့်သော အမှုများတွင် ဆင်းရဲနွမ်းပါးသော တရားခံများအတွက် နိုင်ငံတော်စရိတ်ဖြင့် ရှေ့နေငှားရမ်း ထုချေခွင့်ပြုရန်ကိစ္စနှင့် စပ်လျဉ်း၍ ၁၉၄၉ခုနှစ်၊ နိုဝင်ဘာလ(၃)ရက်နေ့စွဲပါ တရားရေးဝန်ကြီးဌာန၏ ဂျီဆာကြူလာအမှတ်-၁၇ တွင်လည်းကောင်း၊ တရားရုံးများ လက်စွဲအပိုဒ်-၄၅၇ တွင်လည်းကောင်း ဖော်ပြထားသည်။

တရားရုံးများ လက်စွဲအပိုဒ်-၄၅၇၏ အပိုဒ်ခွဲ (၅)တွင် မိမိတို့ကိုယ်တိုင် ရှေ့နေငှားရမ်းခြင်းမရှိသည့် သေဒဏ်စီရင်ခြင်းခံရသော အကျဉ်းသားများအတွက်လည်းကောင်း၊ သေဒဏ်အောက်လျော့သည့် ပြစ်ဒဏ်မှ သေဒဏ်ကို တိုးမြှင့်စီရင်ခြင်း မပြုသင့်ကြောင်း အကြောင်းပြဆင့်ဆိုခံရသည့် တရားခံများအတွက် လည်းကောင်း လျှောက်လဲထုချေရန် တရားရုံးချုပ်က ရှေ့နေရှေ့ရပ်များ စီမံငှားရမ်းပေးရမည်ဖြစ်ကြောင်း ဖော်ပြထားသည်။

ဤပြင်ဆင်မှုမှာ သေဒဏ်အောက်လျော့သည့် ပြစ်ဒဏ်မှ သေဒဏ် တိုးမြှင့်ရန် လျှောက်ထားသည့် အမှုဖြစ်သဖြင့် တရားခံဆန်းဝင်းအတွက် နိုင်ငံတော်စရိတ်ဖြင့် ရှေ့နေငှားရမ်းပေးပြီး ထုချေခွင့်ပြုရမည်ဖြစ်သည်။ ယင်းသို့ ရှေ့နေဖြင့် လျှောက်လဲထုချေခွင့်မပြုဘဲ တရားခံဆန်းဝင်းထံ ထုတ်ဆင့်သော အကြောင်းကြားစာ အတည်ဖြစ်သဖြင့် ၎င်းအနေဖြင့် ထုချေရန် အခွင့်အရေးရပြီဖြစ်သည်ဟု တရားရုံးချုပ်က သုံးသပ်ပြီး ပြင်ဆင်မှုကို ခွင့်ပြုကာ တရားခံ ဆန်းဝင်းအပေါ် သေဒဏ်တိုးမြှင့်ချမှတ်ခဲ့ခြင်းမှာ ဥပဒေလုပ်ထုံးလုပ်နည်းနှင့် ညီညွတ်သည်ဟု ဆိုနိုင်မည်မဟုတ်ပေ။

ပြစ်ဒဏ်တိုးမြှင့်ပေးရန် လျှောက်ထားသော ပြင်ဆင်မှုများတွင် တရားခံအား ပြစ်ဒဏ်တိုးမြှင့်စီရင်ခြင်းမပြုမီ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ-၄၃၉၊ ပုဒ်မခွဲ ၂ အရ တရားခံအား ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေဖြင့် ဖြစ်စေ၊ လျှောက်လဲထုချေခွင့်ပြုရမည်ဖြစ်သည်။

ယင်းအမှုများတွင် တရားခံထံ ထုတ်ဆင့်သော အကြောင်းကြားစာ အတည်ဖြစ်ပါက ၎င်းအား ထုချေရန် အခွင့်အရေးပေးပြီး ဖြစ်သည်ဟု မှတ်ယူကာ ပြင်ဆင်မှုကို ကြားနာဆုံးဖြတ်နိုင်မည်ဖြစ်သော်လည်း သေဒဏ်ထိုက်သင့်သော ပြစ်မှုဖြင့် စွပ်စွဲခံရသော တရားခံအား သေဒဏ် တိုးမြှင့်ချမှတ်သည့် အမှုမျိုးတွင် တရားခံထံ ထုတ်ဆင့်သော အကြောင်းကြားစာ အတည်ဖြစ်၍ ထုချေရန် အခွင့်အရေးပေးပြီးဖြစ်သည်ဆိုရုံမျှဖြင့် မလုံလောက်ပေ။

၎င်းအား ရှေ့နေရှေ့ရပ် ငှားရမ်းစေပြီး ထုချေခွင့်ပြုရမည် ဖြစ်သည်။ ရှေ့နေမငှားရမ်းနိုင်ပါက အစိုးရစရိတ်ဖြင့်လျှောက်လဲထုချေခွင့်မပြုဘဲတရားခံဆန်းဝင်းအား တရားရုံးချုပ်မှ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ-၃၀၂(၁)(ဂ)အရ သေဒဏ်ချမှတ်ခဲ့ခြင်းမှာ မှားယွင်းနေသဖြင့် ယင်းအမိန့်ကို ပယ်ဖျက်ရပေမည်" တဲ့။

အထူးအယူခံခုံရုံးက သုံးသပ်ပုံလေးဟာ မကောင်းပေဘူးလား၊ တရားစီရင်ရေးဟာ မျှတရမယ်၊ ဥပဒေနှင့်ညီညွတ်မှန်ကန်ရမယ်၊ စာနာမှုရှိရမယ် အမှန်တရားကို စီရင်ကြောင်း အများပြည်သူတွေ မြင်သာရမယ်ဆိုတဲ့ စကားတွေနဲ့ အကျုံးဝင်မနေဘူးလား။

ယဉ်ကျေးတဲ့ လူ့အဖွဲ့အစည်းတွေမှာ တရားဥပဒေဟာ စိုးမိုးပြီး ပြည်သူတွေက ယုံကြည်အားကိုးတတ်ကြပါတယ်။

နောက်ဆုံးအမိန့်က . . .

"အထူးအယူခံမှုကို ခွင့်ပြုပြီး တရားရုံးချုပ်က အယူခံတရားလို ဆန်းဝင်းအပေါ် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ-၃၀၂(၁)(ဂ)အရ သေဒဏ်ချမှတ်ထားအမိန့်ကို ပယ်ဖျက်လိုက်သည်။ တရားရုံးချုပ်သည် အယူခံတရားလိုဆန်းဝင်းအတွက် နိုင်ငံတော်စရိတ်ဖြင့် ရှေ့နေငှားရမ်းပေးရန်နှင့် အမှုကို တရားရုံးချုပ်၏ ယခင်အမှုနံပါတ်ဖြင့်ပင် နှစ်ဖက်ပြန်လည်ကြားနာပြီး အမိန့်ချမှတ်ရန် ညွှန်ကြားလိုက်သည်" တဲ့။

လောလောဆယ် တရားခံဟာ သေဒဏ်ကြိုးကွင်းက လွတ်သွားပါတယ်။

အဲဒါဘာကြောင့်လဲ ဟင်း... ဘယ်လောက်ကောင်းအောင်ချက်ချ... ဆားမပါရင် ဘယ်လိုမှ မကောင်းနိုင်... သလို အရေးကြီးတဲ့ အကျ်ချ်လော... (ဝါ)ရှေ့နေ မပါလို့ ဒီလိုဖြစ်သွားတာ... ကြောင်း အားလုံးမြင်သာနေပါသည်။

ဒါကြောင့် ရှေ့နေ လိုပါတယ်... ဆို။

## ☐ ကိုမောင်စံသိန်း(ဗိုလ်ချုပ်မှူး) ကိုးကား

၂၀၀၂ခုနှစ်၊ ပြည်ထောင်စု... မြန်မာနိုင်ငံတော် တရားရုံးချုပ်စီရင်ထုံး...



www.burmeseclassic.com

www.burmeseclassic.com



# ဗိုလ်ချုပ်အောင်ဆန်း နှင့် ချင်းဗိုလ်ကြီးတိုက်ချွန်း

ယောနတအိုးထောင်
(အမျိုးသားစာပေဆု)

"အခု စစ်မြေပြင်ကိုထွက်မယ်
ဆင်းရဲမယ် ငတ်မယ် အခက်
အခဲတွေမယ်
မြန်မာပီပီ မြန်မာ့သွေးကိုပြကြ
မြန်မာ့ရန်သူကို ချေမှုန်းကြ
အနီးကပ်ဆုံးရန်သူကို ရှာပြီး
တိုက်ကြ"

ဗိုလ်ချုပ်အောင်ဆန်း

ဗိုလ်ကြီးတိုက်ချွန်းသည် ချင်းသေနတ်ကိုင်တပ်ရင်း (၁)တွင် တာဝန်ထမ်းသည်။ ချင်းသနက(၁)သည် မြန်မာနိုင်ငံ၊ လက်ပံတန်းမြို့တွင် စခန်းချရမည်ဖြစ်သည်။ ထိုအချိန်တွင် မြန်မာပြည်တစ်ဝန်းလုံးကို မဟာမိတ်တပ်များ သိမ်းယူပြီးပြီ။ တတ်စ်ဘီအစိုးရအဖွဲ့က မြန်မာပြည်ကို အုပ်ချုပ်လျက်ရှိသည်။

စစ်ပြီးခေတ် မြန်မာနိုင်ငံရေးကား အုန်းအုန်းကျွက်ကျွက် ဖတ်တတ်ကြွကြွရှိလှသည်။

တစ်နိုင်ငံလုံးတွင် နိုင်ငံရေးအရှိန်အဟုန် မြင့်မားတိုးတက်လျက်ရှိသည်။ "မြန်မာပြည် လွတ်လပ်ရေး ချက်ချင်းပေး" ဆိုသော အသံများ မြည်ဟည်းနေပြီ။

ဖက်ဆစ်ဆန့်ကျင်ရေး ပြည်သူ့လွတ်လပ်ရေးအဖွဲ့ကြီး၏ အလံတော်အောက်တွင် မြန်မာပြည်သူလူထုကြီး တစ်ခဲနက်စုဝေးနေချိန်ဖြစ်၏။

ဗိုလ်ကြီးတိုက်ချွန်းတို့ တပ်ကို မြန်မာပြည်သို့ လေယာဉ်ဖြင့် သယ်ယူပါသည်။

ကာလကတ္တားလေယာဉ်ကွင်းမှထွက်လာသော ဗိုလ်ကြီးတိုက်ချွန်းတို့ လေယာဉ်တွင် ကုလားစစ်သားများလည်း ပါလာ၏။ ကုလားစစ်သားများသည် ဆွေရေးမျိုးရေး တိုင်းရေးပြည်ရေးများကို တိုင်ပင်၍ မပြီးနိုင်ဖြစ်နေကြသလားမသိ။ အချင်းချင်း ဆူဆူညံညံ စကားပြောလာကြသည်။ ဗိုလ်ကြီးတိုက်ချွန်းကမူ လေယာဉ်ပျံအတက်တွင် အောက်၌ ကျန်ခဲ့သော ကာလကတ္တားလေယာဉ်ကွင်းကို လှမ်းကြည့်လိုက်၏။

လေယာဉ်သည် မြေပြင်မှ တဖြည်းဖြည်း မြင့်တက်လာ၏။ စိမ်းစိမ်းစိုစိုမြင်လှပနေသော ထယ်ကွင်းများသည် နောက်မှာကျန်ခဲ့ပြီ။

ဗိုလ်ကြီးတိုက်ချွန်းက စိတ်ထဲမှ ရေရွတ်လိုက်ပါ၏။

"နှုတ်ဆက်လိုက်ပါရဲ့ အိန္ဒိယပြည်"

ဗိုလ်ကြီးတိုက်ချွန်းတို့ လေယာဉ်သည် မြန်မာနိုင်ငံ ကလေးမြို့တွင် ဆင်းရသည်။ ကလေးလေယာဉ်ကွင်းကား ဘုရားစူးစေ့ လေယာဉ်ကွင်းဖြစ်သည်။ စစ်ပြီးစအချိန်ဆိုတော့ ပြင်ဆင်ချိန်မရှိသေး။

သို့သော် လေယာဉ်ပျံဆင်းနိုင်သည်ကိုပင် ကျေးဇူးတင်ရသေးတော့သည်။

ဗိုလ်ကြီးတိုက်ချွန်းတို့ ချင်းသနက(၁)သည် ကလေးမြို့မှနေ၍ ချင်းတွင်းမြစ်အတိုင်း လှေဖြင့်သွားကာ မုံရွာသို့ရောက်၏။ မုံရွာမှနေ၍ မီးရထားဖြင့် မန္တလေးသို့ ခရီးဆက်သည်။ စစ်ပြီးခေတ် မန္တလေးကား ကြေကွဲလွမ်းဆွတ်ဖွယ်ရာ မြို့တော်ကြီးအဖြစ် ကျန်ရစ်၏။




www.burmeseclassic.com

www.burmeseclassic.com

ဗိုလ်ကြီးတိုက်ချွန်း ရွှေနန်းတော်ကြီးနေရာကို သွားကြည့်၏။ တစ်ချိန်က တောက်တောက်ပပ ဝင်းဝင်းလက်လက်ရှိခဲ့သော ရွှေနန်းတော်ကြီးကို မမြင်ရတော့ပြီ။

မန္တလေးမြို့ပေါ်သို့ ကြဲချခဲ့သော ဗုံးဒဏ်ဖြင့် နန်းတော်ကြီးကွယ်ပျောက်ခဲ့ရပြီ။ စိန်မှန်ကင်းအစစ် ထင်းဖြစ်ခဲ့ရလေပြီ။

ဗိုလ်ကြီးတိုက်ချွန်းသည် လွမ်းမောဖွယ်ရာ ဒီရှခင်းကို ရင်တွင်းက နာကျင်စွာဖြင့် ငေးကြည့်နေမိသည်။

မန္တလေးတွင် ကြာကြာမနေရ။ ခေတ္တခဏမျှသာ နားရသည်။

မန္တလေးမှ ရန်ကုန်သို့ ခရီးဆက်ခဲ့သည်။ ရန်ကုန်မှ ပြည်ရထားဖြင့် လက်ပံတန်းသို့ သွားရပြန်၏။

လက်ပံတန်းကား ဗိုလ်တိုက်ချွန်းတို့၏ ချင်းသနက(၁) စခန်းချရမည့်နေရာ။ ချင်းသနကတပ်ရင်း(၁)၏ တပ်ရင်းမှူးမှာ ဒုဗိုလ်မှူးကြီး ဖလင်နယ်လ်ကမ်း ဖြစ်၏။

ထိုအချိန်တွင် ဗိုလ်ကြီးတိုက်ချွန်းသည် ဦးစီးတပ်ခွဲတွင် တပ်ကြပ်ကြီးအဖြစ် တာဝန်ထမ်းဆောင်နေရပြီ။

ဗိုလ်ကြီးတိုက်ချွန်းတို့ ချင်းသနက(၁)ကို လက်ပံတန်း ဘူတာရုံအရှေ့ဘက်နားတွင်နေရာချထားသည်။ ယခင်က ပုလိပ်ဌာန ဖြစ်မည်ထင်၏။

စစ်ပြီးကာလဆိုတော့ အေးချမ်းလှသည်။ ပြဿနာ မရှိ။ ပဲစားရင်း၊ ကင်းစောင့်ရင်း၊ ဘယ်ညာ နင်းရင်း၊ ကျန်းမာရေးလေ့ကျင့်ရင်း အချိန်ကုန်ရလေသည်။

သုံးရက်တစ်ကြိမ် ကင်းစောင့်ရသည်။ တပ်သားခြောက်ယောက်၊ ဒုတပ်ကြပ်တစ်ယောက်နှင့် တပ်ကြပ်တစ်ယောက်ပါဝင်သော ကင်းတပ်ဖွဲ့သည် သုံးရက်တစ်ကြိမ်သာ ကင်းကျသည်။ ဗိုလ်ကြီးတိုက်ချွန်းကား ရောက်ရာနေရာတွင် ပျော်တတ်အောင် လေ့ကျင့်ထား၏။ စစ်သားဆိုတာ ကျားကို ခလုတ်၊ သစ်ငုတ်သင်ဖြူး၊ ဆူးကိုမွေ့ရာဆိုသည် မဟုတ်လား။

ယခုတော့ ခလုတ်မထိ ဆူးမငြိပါ။ တပ်ထဲမှာ အေးအေးချမ်း ချမ်းနေရသည့်အဝ၌ ပျော်အောင်နေသည်။ ချင်းတောင်ကို မလွမ်း။ အမေ့အိမ်ကို သတိရစရာမရှိ။ မြန်မာပြည်တစ်ပြည်လုံးသည် ဗိုလ်ကြီးတိုက်ချွန်းအမေ့အိမ်လိုပဲ စိတ်ထဲမှာ စွဲနေလိုက်သည်။

လက်ပံတန်းတွင် ၁၀ လခန့်ကြာခဲ့သည်။ ဒီနောက်တော့ ရန်ကုန်သို့ တပ်ရင်းတစ်ရင်းလုံး ပြောင်းရ၏။ ယခုထောက်ကြန့်မြို့အနီး ပေါက်ကုန်းရွာတွင် ရွက်ထည်တဲများကို ထိုး၍ စခန်းချရသည်။ ထို့နောက် ရွက်ထည်စခန်းနှင့် မျက်နှာချင်းဆိုင်နေရာတွင်သစ်သားအိမ်များဆောက်၍ ပြောင်းရွှေ့နေထိုင်ကြရ၏။

ရွက်ထည်တဲဖြင့်နေစဉ် ဗိုလ်ကြီးတိုက်ချွန်းအဖို့ မကြုံစဖူး ထူးထူးခြားခြားဖြစ်ရပ်တစ်ခုကို သတိရမိသေးသည်။

ထိုအခါချိန်က မြန်မာပြည်တစ်ပြည်လုံးတွင် လွတ်လပ်ရေးတောင်းဆိုသံတွေ ဆူညံနေပြီ။ လွတ်လပ်ရေးတောင်းသံနှင့်အတူ တစ်ပါတည်း ပါလာသည်က ဗိုလ်ချုပ်အောင်ဆန်း၏ အမည် ဖြစ်သည်။

အမျိုးသား ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ အမည်ကို မကြားချင်အဆုံး ကြားနေရသည်။

ရဲဘော်သုံးကျိပ် ခေါင်းဆောင်၍ ဂျပန်ပြည်မှာ စစ်ပညာသင်ခဲ့သူ၊ ဗမာ့တော်လှန်ရေးတပ်ကို ခေါင်းဆောင်ခဲ့သော လူငယ်စစ်ဗိုလ်ချုပ်။

မြန်မာပြည်၏ တစ်ခုတည်းသော အင်အားအကြီးမားဆုံး နိုင်ငံရေးပါတီကြီးကိုဦးဆောင်နေရသော အမျိုးသားခေါင်းဆောင်ကြီး စသည်ဖြင့် ကြားနေရ၏၊ သိနေရ၏၊ မြင်တော့ မမြင်ဖူးသေး။ တစ်နေ့တွင် ဒုတိယတပ်ရင်းမှူး ဗိုလ်မှူးကပ်ကျောင်းက ဗိုလ်ကြီးတိုက်ချွန်းကိုခေါ်သဖြင့် ဗိုလ်မှူးကပ်ကျောင်း၏ရုံးခန်းသို့ ဝင်သွားရ၏။ ထိုနေ့က ဗိုလ်ကြီးတိုက်ချွန်း၏ တပ်စိတ်မှာ တပ်ရင်း လုံခြုံရေးတာဝန်ယူပြီး ကင်းစောင့်နေရသည်။

ဗိုလ်မှူးကပ်ကျောင်းကို အလေးပြုပြီး ရပ်နေသည်နှင့် ဗိုလ်မှူးက ပြောသည်။

"တိုက်ချွန်း. . . ဒီနေ့ တပ်ရင်းကို ဗိုလ်ချုပ်အောင်ဆန်း လာလိမ့်မယ်၊ မင်းရဲ့ကင်းတပ်ဖွဲ့က တန်းစီအလေးပြုရမယ်၊ ထုံးစံအတိုင်း ကင်းတပ်ဖွဲ့ခါးပတ် ဖိနပ် သေနတ်တွေတိုက်ပြီး စည်းကမ်းတကျအလေးပြုပါစေ"

"ဟုတ်ကဲ့ ဗိုလ်မှူး"

"ဘာမေးစရာရှိသေးလဲ"

"ဘယ်အချိန်လာမှာလဲ ဗိုလ်မှူး"

"နေ့လယ်ပိုင်းလောက်ပဲ၊ အချိန်တော့ တိတိကျကျ ပေးမထားဘူး"

"ဟုတ်ကဲ့ ဗိုလ်မှူး. . . အစစအဆင်ပြေပါစေမယ်"

"ကောင်းပြီ. . . ဂရုစိုက်ပါ၊ မင်းသွားနိုင်ပြီ"

ဗိုလ်ကြီးတိုက်ချွန်းသည် ဒုတိယတပ်ရင်းမှူးကိုအလေးပြု၍ ထွက်လာခဲ့သည်။

လမ်းလျှောက်လာရင်း လုပ်ဆောင်ရမည့်တာဝန်တွေကို စဉ်းစားလာပါသည်။ စနစ်တကျ အလေးပြုအောင် ရဲဘော်တွေကိုညွှန်ကြားရမည်။

ခါးပတ်၊ ဖိနပ်၊ သေနတ်တွေတို ပြောင်လက်နေအောင် အတိုက်ခိုင်းရမည်။အရေးအကြီးဆုံးက တပ်ရင်းအဝင်အဝတွင် အမှိုက်တစ်စမှ မရှိအောင် တံမြက်စည်း လှည်းထားရန် ဖြစ်၏။ ပြောင်ပြောင်ရှင်းရှင်း မြင်ရသူစိတ်ထဲမှ အကွက်ချနေ၏။

ဗိုလ်ချုပ်အောင်ဆန်း ကားပေါ်မှဆင်းသည်နှင့် ကင်းတပ်ဖွဲ့၏အလေးပြုခြင်းကို ခံယူလိမ့်မည်။ ထိုသို့အလေးပြုခံနေစဉ် တပ်ရင်းဝင်းတံခါးကို မျက်စိကစားကြည့်လျှင် အမှိုက်တစ်ပင်မျှမရှိအောင် ဘယ်လိုလုပ်မလဲ၊ တာဝန်



www.burmeseclassic.com

www.burmeseclassic.com

လိုက်သောရဲဘော်က ပေါ်ပြူက်ပြူက်လုပ်နေရင်ခက်မည်။ ထို့ကြောင့် ဗိုလ်ကြီး တိုက်ချွန်းကိုယ်တိုင် တံမြက်စည်း ဝင်လှည်းလိုက်လေသည်။

ဒါမှမဟုတ် ဗိုလ်ချုပ်အောင်ဆန်း၏ကားသည် တပ်ရင်းရုံးသို့ တန်းပြီးမောင်းဝင်သွားမလား။ ဗိုလ်ချုပ်ဆိုတော့လည်း ရှေ့ကား နောက်ကားနှင့် ကိုယ်ရံတော်ရဲဘော်တွေပါလာလိမ့်မည်။ ကားတွေတန်းစီပြီးတော့သာ မောင်းဝင်သွားလျှင် ဗိုလ်ကြီးတိုက်ချွန်းတို့တပ်ရင်းဝင်းဝမှာ သန့်ရှင်းလုပနေတာကလေးတွေမှ မြင်သွားပါ့မလား။

ဗိုလ်ကြီးတိုက်ချွန်း အမျိုးမျိုးတွေးတော စိတ်မောနေမိလေသည်။

သို့သော် တစ်ခုတော့ကျေနပ်၏။ ဗိုလ်ချုပ်အောင်ဆန်းကို မြင်ရတော့မည်မို့ ဝမ်းသာမိသည်။ ဗိုလ်ကြီးတိုက်ချွန်းအဖို့ ဗိုလ်ချုပ်အောင်ဆန်းကို သတင်းစာထဲမှာပင် မြင်ဖူးသူ မဟုတ်။ သတင်းစာဖတ်ရအောင်လည်း ထိုစဉ်က အိန္ဒိယမှ ပြန်လာခါစ မြန်မာစာကို ဘွမ်းကျွမ်းကျင်ကျင်ဖတ်သည့် အကျင့်မရှိသေး။

မွန်းတည့် ၁၂ နာရီခန့် ဖြစ်သည်။ ဗိုလ်ကြီးတိုက်ချွန်း ကင်းရုံတလေး၏နောက်ဘက်တွင် ရပ်နေ၏။ တိုယ့်ယူနီဖောင်းကို ကိုယ်ပြန်ငုံ့ကြည့်သည်။ ပြောင်လက်နေသော ခါးပတ်ခေါင်းအရိပ်ပေါ်နေအောင် တိုက်ထားသော စစ်ဖိနပ်၊ ခေါက်ရိုးမကျိုးအောင်တောင့်တင်းနေသော စစ်ယူနီဖောင်းနှင့် ကျေနပ်နေသည်။

ထိုခဏ ကင်းစောင့်ရဲဘော်က ဗိုလ်ကြီးတိုက်ချွန်းကို ချင်းဘာသာဖြင့် လှမ်းပြောသည်။

"ဆရာ ဟိုမှာ လူတစ်ယောက်လာနေတယ်"

"ဘယ်မှာလဲကွ"

ဗိုလ်ကြီးတိုက်ချွန်း မျက်စိကစားရင်း ပြန်မေး၏။ တပ်ရင်းဝင်းဝမှ လမ်းထိပ်ထားသော ဝါးလုံးတန်းအနီးတွင် လူလတ်ပိုင်းအရွယ် လူတစ်ယောက်ကို တွေ့ရသည်။ ကင်းရဲဘော်၏အဖြေကို မစောင့်တော့ဘဲ ဗိုလ်ကြီး တိုက်ချွန်း ဝင်းဝသို့ ပြေးထွက်သွား၏။

လူတစ်ယောက်ပါပဲ။ ဖျင်ပင်နီ တိုက်ပုံအင်္ကျီနှင့် ချည်ပုဆိုးအကွက်ကြီးဝတ်လို့။ သူ့ခေါင်းမှာ ဖော့ဦးထုပ်တစ်လုံးဆောင်းထားသည်။ လက်ထဲမှာ တုတ်ကောက် တစ်ချောင်း။

ထိုလူက . . .

"ရဲဘော် . . . ရဲဘော် ကျုပ်ဝင်ခဲ့ချင်တယ်"

ဗိုလ်ကြီးတိုက်ချွန်းက . . .

"ခင်ဗျား ဝင်ခွင့်မရှိဘူး၊ ဒီနေ့ကျွန်တော်တို့ လူကြီးတစ်ယောက်လာဖို့ ရှိတယ်၊ ဒီလမ်းလယ်မှာ မရပ်ပါနဲ့၊ လမ်းဘေးကိုသွားပါ"

ဗိုလ်ကြီးတိုက်ချွန်း အတော်ပင် စိတ်ခုသွားပါသည်။ ဘယ့်နှယ့်ဗျာ၊ မြေကြီးမှာ ခြေရာမထင်အောင် လှည်းတျင်းထားသောဝင်းဝအလယ်၌ သူတရပ်လို့။ ပြီးတော့ တုတ်တစ်ချောင်းက မြေကြီးမှာ ထောက်ထားသေး။

ဒုက္ခပါပဲ၊ ခြေရာမထင်အောင် လှည်းထားတဲ့နေရာမှာတော့ ခြေရာတွေ ပွကုန်တော့မှာပဲ။

ဗိုလ်ချုပ်အောင်ဆန်း လာတဲ့အခါ ပွရှုပ်နေတဲ့ ခြေရာတွေနဲ့ ဒီလမ်းကို မြင်ရင် ဗိုလ်ကြီးတိုက်ချွန်းအပေါ် အပြစ်ကျတော့မှာ ဧကန်ပါပဲ။

ဗိုလ်ကြီးတိုက်ချွန်းက ဒီလိုတွေးပြီး ထိုသူ့ကို လက်ကာပြနေပါသည်။

"မလာနဲ့ မလာနဲ့ . . . လမ်းဘေးမှာနေပါ"

ဗိုလ်ကြီးတိုက်ချွန်း ထိုသို့ မျက်ကလဲဆန်ပျာ ဖြစ်နေသည်ကို ထိုသူက ခပ်အေးအေးပင် ပြုံးကြည့်နေသည်။

ပြီးတော့မှ . . .

"မဟုတ်ပါဘူး၊ အထဲဝင်ချင်လို့ပါ"

သူက ပြောရင်းဆိုရင်း ရှေ့တိုးလာသည်။ ဗိုလ်ကြီးတိုက်ချွန်းက လည်း တာဝန်အရ အရေးတကြီးဝင်တားနေ၏။

"ဟေ့လူ . . . ဘယ်လိုလဲ၊ ပြောတာ မရဘူးလား၊ ဒီမှာမှနေပါနဲ့၊ ကျုပ်တို့ လူကြီးတစ်ယောက်လာမယ်၊ ဘေးမှာရပ်နေပါ"

"မေဂျာကပ်ကျောင်းရှိသလား၊ ရှိရင် တွေ့ချင်တယ်၊ မေဂျာကပ်ကျောင်းကို သွားခေါ်ပေးပါ၊ သူ့မိတ်ဆွေက တွေ့ချင်တယ်လို့ ပြောပါ"

"မြတ်စွာဘုရား . . . ဘယ်လိုလူနဲ့ လာတွေ့နေပါလိမ့်"ဟု စိတ်ထဲက တွေးနေမိသည်။

တကယ့် ဇွတ်သမားပါလား။ အတင်းဝင်မယ်လုပ်ပြီး မဝင်ရတော့ ဗိုလ်မှူးကပ်ကျောင်းကို ခေါ်ခိုင်းနေသည်။ ဗိုလ်မှူးကပ်ကျောင်းရဲ့ အသိမိတ်ဆွေဖြစ်မှာပဲ။

ဗိုလ်ကြီးတိုက်ချွန်း ထိုသို့တွေးမိပြီး သူ့ကို ပြန်ပြောလိုက်သည်။

"ကောင်းပြီ . . ဗိုလ်မှူးကို ခေါ်ခဲ့မယ်၊ ခင်ဗျား ဒီမှာခဏနေခဲ့ပါ"

သူက ခေါင်းညိတ်ပြ၏။ ထို့ကြောင့် ဗိုလ်ကြီးတိုက်ချွန်းသည် တပ်ရင်းရုံးသို့သွားပြီး ဗိုလ်မှူးကပ်ကျောင်းကို သွားခေါ်ရသည်။ ခပ်လှမ်းလှမ်းရောက်၍ သူ့ကိုပြန်ကြည့်တော့ ဝါးလုံးတန်းအနီးမှာ သေသေချာချာရပ်ရင်း မရယ်မပြုံး လှမ်းကြည့်နေလေသည်။

ဗိုလ်မှူးကပ်ကျောင်းထံ သတင်းပို့လိုက်တော့ သူ ထ,လိုက်လာသည်။ ဗိုလ်မှူး ကြည့်ရသည်မှာ မျက်လုံးပြူး မျက်ဆန်ပြူးနှင့် ဖြစ်နေ၏။ တပ်ရင်းရုံးခန်းအထွက်မှာ လှမ်းကြည့်လိုက်သည်နှင့် သူသိပါပြီ။

ထို့ကြောင့် ဗိုလ်ကြီးတိုက်ချွန်းကို ချက်ချင်း အမိန့်ပေးလိုက်သည်။

"ဟေ့, အဲဒါ ဗိုလ်ချုပ်အောင်ဆန်းပဲ၊ တိုက်ချွန်း . . ကင်းတပ်ဖွဲ့တန်းစီအလေးပြုပါ"

ဗိုလ်ကြီးတိုက်ချွန်း [illegible] ပေါက်လိုက်လျှင်တောင် [illegible]



www.burmeseclassic.com

www.burmeseclassic.com

မည်မထင်ပါ။ ယခုတော့ ကြုံရသည့် ဖြစ်အင်ကြောင့် ဗိုလ်ကြီးတိုက်ချွန်း ခေါင်းနားပန်း ကြီးသွားသည်။

ရုတ်တရက် ဘာလုပ်ရမှန်းမသိ ဖြစ်သွား၏။ သို့သော် ချက်ချင်း သတိ ပြန်ဝင်လာသည်။

သို့နှင့် ကင်းတပ်ဖွဲ့သို့ ပြေးသွားပြီး ချင်းဘာသာဖြင့် အော်၍အမိန့်ပေးလိုက်ရသည်။

**"စတင်းဇာ. . . ကင်တွန်းနွန်း"**

(တပ်စိတ် အမြန်ဆုံးတန်းစီ)

ကင်းတပ်ဖွဲ့ကို တန်းစီပြီးခဏတွင် ဗိုလ်ချုပ်အောင်ဆန်းနှင့် ဗိုလ်မှူးကပ်ကျောင်းတို့နှစ်ဦး တပ်ရင်းဝမှ လမ်းလျှောက်၍ဝင်လာကြသည်။

သူတို့ နှစ်ယောက် ဗိုလ်ကြီးတိုက်ချွန်းတို့ရှေ့ရောက်၍ ရပ်ကြည့်နေတော့မှ ဗိုလ်ကြီးတိုက်ချွန်း ထပ်၍အမိန့်ပေးရပြန်သည်။

"ဂျင်နရယ် ဆလု၊ ပရဲ့ဆင့်အမ်း"

(ဗိုလ်ချုပ်ကို သေနတ်မြှောက်အလေးပြု)

တပ်ဖွဲ့က သေနတ်မြှောက်ကာ အလေးပြုသည်ကို ဗိုလ်ချုပ်က အလေးပြုခံယူပြီး ပြုံးနေသည်။ ပြီးတော့ တုတ်ကောက်ကို မြေမှာထောက်၊ ခေါင်းကို တဆတ်ဆတ်ညိတ်ရင်း ဗိုလ်ကြီးတိုက်ချွန်းကို ပြုံးနှုတ်ဆက်၏။

"ကောင်းတယ် ရဲဘော်၊ မင်း တာဝန်ကျေတယ်၊ ရဲဘော်ဆိုတာ ဒီလိုမှပေါ့ကွ". . တဲ့။

သူကပြုံးပေမယ့် ဗိုလ်ကြီးတိုက်ချွန်းကဖြင့် မပြုံးနိုင်ပါ။ မပြုံးနိုင်ရုံမက ဘယ်ကထွက်လာမှန်းမသိသော ချွေးသီးချွေးပေါက်တွေကြောင့် ယူနီဖောင်းတစ်ထည်လုံး ရွှဲနစ်နေပါသည်။

ဇောချွေးဆိုတာ ဒါပဲဖြစ်မည်။

ရင်ထဲမှာ မတင်မကျ။

တပ်ရင်းမှူး ဒုဗိုလ်မှူးကြီး ဖလင်နယ်လ်ကမ်း၊ ဒုတပ်ရင်းမှူး ဗိုလ်မှူးကပ်ကျောင်းနှင့်အတူ ဗိုလ်ချုပ်အောင်ဆန်းသည် ထိုနေ့နေ့လယ်က စားရိပ်သာတွင် နေ့လယ်စာစား၏။ ဗိုလ်ကြီးတိုက်ချွန်းကား ထိုနေ့က ကင်းစောင့်တာဝန်ယူနေရတာ စိတ်မပါတော့ပါ။ ကြုံခဲ့ရသော ဖြစ်ရပ်ကြောင့် ရင်ထဲမှာ တနုံ့နုံ့ဆွေးရသည်။

ကိုယ့်ကိုယ်ကိုယ်လည်း မကျေမနပ်ဖြစ်သည်။ ဘယ့်နှယ် ဗိုလ်ချုပ်အောင်ဆန်းတစ်ယောက်လုံးကိုမှ မသိဘူးတဲ့လား။

"ငါ တော်တော်ညံ့သေးလို့ပဲ၊ အို ငါညံ့တာမဟုတ်ပါဘူးလေ၊ တာဝန်ကျေအောင်ကြိုးစားခဲ့တာပဲ၊ ဗိုလ်ချုပ်က အသွင်ပြောင်းလာတာကိုး"

ဗိုလ်ကြီးတိုက်ချွန်းသည် ဒီကိစ္စကိုပဲ အတွေးသံသရာ လည်နေသည်။ ဗိုလ်ချုပ်အောင်ဆန်းဆိုတာ ဘယ်လိုလူမျိုးပါလိမ့်။ ဘယ့်နှယ်ဗျာ၊ ဗိုလ်ချုပ်တစ်ယောက်လိုမှ မလာခဲ့ဘဲ။ တကယ်ဆိုရင် ဗိုလ်ချုပ်ဆိုတာ စစ်ယူနီဖောင်းနဲ့ ကိုယ်ရံတော်နှင့် ရှေ့တပ်၊ နောက်တပ်နှင့် ခံ့ခံ့ညားညား လာရမည် မဟုတ်ပါလား၊ ခုတော့ ခက်ကပြီ။

ဗိုလ်မှူးကပ်ကျောင်းကား စစ်စည်းကမ်းကြီးသူ၊ တာဝန်ကိုသိတတ်သူ၊ အထက်လူကြီးကိုရိုသေသူ၊ စစ်သားကောင်းတစ်ယောက်ဖြစ်၏။ ထို့အတူပင် ဝတ္တရား ချို့ယွင်းလျှင် အားမနာတမ်း အပြစ်ပေးတတ်သည်။

ခုတော့ ဗိုလ်ချုပ်အောင်ဆန်းကို တပ်ဝင်းအပြင်မှာ ရပ်ခိုင်းနေမှုကြောင့် ဗိုလ်ကြီးတိုက်ချွန်းကို မလွဲမသွေအပြစ်ပေးခံရတော့မည်။ ရုံးတင်ခံရမည်။ ပြီးတော့ ကွာတားအချုပ်ကျတော့မည်။

မြတ်စွာဘုရား တကယ်ဒုက္ခပေးတဲ့ ဗိုလ်ချုပ်ပါလား။ သို့သော် အတွေးသည် အတွေးမျှသာဖြစ်၏။ တကယ်ဖြစ်မလာပါ။

ဗိုလ်ချုပ်အောင်ဆန်းကလည်း ဗိုလ်ကြီးတိုက်ချွန်းတို့ကို ဒုက္ခပေးမသွားပါ။ ထိုနေ့မွန်းတည့် ၁၂ နာရီလောက်တွင် ဗိုလ်ချုပ်ရောက်လာပြီး နေ့လယ်စာစားသည်။

ဒုဗိုလ်မှူးကြီး ဖလင်နယ်ကမ်းနှင့် ဆွေးနွေးပြောဆိုပြီး ညနေ ၃ နာရီတွင် ရန်ကုန်မြို့သို့ ပြန်သွား၏။

အဲဗျ. . . ပြန်တော့မှ တကယ့်ဗိုလ်ချုပ်ဟန်ဖြင့် ပြန်ပါတော့သည်။

ဒုဗိုလ်မှူးကြီး ဖလင်နယ်လ်ကမ်းက ဗိုလ်ချုပ်အောင်ဆန်းကို ရန်ကုန်အရောက်လိုက်ပို့၏။ ဗိုလ်ချုပ်အောင်ဆန်း လာတုန်းက ဘာကားစီးသလဲဆိုတာ ဗိုလ်ကြီးတိုက်ချွန်း မသိရ။

သူပြန်သွားတော့ဖြင့် ဗိုလ်ချုပ်ကို ရှေ့ကိုယ်ရံတော်ကား၊ နောက်ကိုယ်ရံတော်ကားနှင့်အစောင့်အကြပ် အထပ်ထပ် ခံ့ညားစွာ လိုက်ပို့ပေးလိုက်လေသည်။

တပ်ရင်းဂိတ်ဝအထွက်တွင် ဗိုလ်ကြီးတိုက်ချွန်းတို့ကင်းတပ်ဖွဲ့က ဗိုလ်ချုပ်အောင်ဆန်းကို အလေးပြုလိုက်လေ၏။ အလေးပြုခြင်းအား ဗိုလ်ချုပ်က ပြုံးပြုံးရွှင်ရွှင်ဖြင့် ခံယူသည်ကို ဗိုလ်ကြီးတိုက်ချွန်းမြင်ရသည်။

ထိုအခါမှ ဗိုလ်ကြီး တိုက်ချွန်း ရင်ထဲက အပူလုံးကြီး ရုတ်တရက် ကျ သွား၏။

သို့သော် ဗိုလ်မှူးကပ်ကျောင်းက ဘာပြောဦးမလဲ စိုးရိမ်နေမိသေးသည်။

ညနေကျတော့ ဗိုလ်မှူးကပ်ကျောင်းက ဗိုလ်ကြီးတိုက်ချွန်းကိုခေါ် သည်။ ဗိုလ်ကြီးတိုက်ချွန်းသည် ပြန် ပြောဖို့စကားတွေကို အလွတ်ရွတ်ဆို ကြည့်ရင်း ဗိုလ်မှူးထံ ဝင်သွား၏။

ကံအားလျော်စွာပါပဲ၊ ဗိုလ်မှူးက အပြစ်မတင်ပါ။ ခွင့်လွှတ်သောအပြုံးဖြင့် ပြုံးပြရင်း သူပြောလိုက်တာကတော့-

"တိုက်ချွန်း. . . မင်းက ဗိုလ်ချုပ် အောင်ဆန်းကို မမြင်ဖူးဘူးလား"

"ဟုတ်ကဲ့ မမြင်ဖူးပါဘူး ဗိုလ်မှူး"

"အေး အေး. . . ကိစ္စမရှိပါဘူး ကွာ၊ စိတ်အေးအေးထားပေါ့၊ မမြင်ဖူး တော့လဲ ဘယ်တတ်နိုင်မှာလဲ"

ဗိုလ်ကြီးတိုက်ချွန်းဒုက္ခ သည် နှင့်ချုပ်ငြိမ်းသွား၏။ စိတ်အေးသွား...



www.burmeseclassic.com

www.burmeseclassic.com

သည်မှာ ရင်ထဲကို ရေခဲရေလောင်းလိုက်သလားထင်ရသည်။ ကိစ္စပြီးပြီ။ ဗိုလ်ချုပ်အောင်ဆန်းက ငါ့ကို အပြစ်မယူဘူးတဲ့။ အဟောသုခံ။ ကြော်. . . ချမ်းသာစွ ချမ်းသာစွ မောင်မင်းကြီးသား သက်တော်ရာကျော်ရှည်ပါစေ။

သို့သော် ဗိုလ်ကြီးတိုက်ချွန်း၏ ဆုတောင်း မပြည့်ပါ။

ဗိုလ်ကြီးတိုက်ချွန်း ရဗိုင်ပြည်တွင် တာဝန်ကျနေစဉ်မှာပင် ဗိုလ်ချုပ်အောင်ဆန်းနှင့် ခေါင်းဆောင်ကြီးများ လုပ်ကြံခံရသောသတင်းကို ရေဒီယိုမှ ကြားရသည်။

ဗိုလ်ကြီးတိုက်ချွန်းသည် ကြားရသောသတင်းကို ရုတ်တရက်မယုံနိုင်။ မဟုတ်ပါစေနဲ့၊ မမှန်ပါစေနဲ့ဟုလည်း ဆုတောင်းသည်။ သို့သော် ဆုတောင်းဆိုတာ ပြည့်ချင်မှပြည့်တာပဲ။ မပြည့်ချင်တဲ့အခါ မပြည့်ဘူး မဟုတ်လား။

ယခုလည်း ဗိုလ်ကြီးတိုက်ချွန်း ဆုတောင်း ပြည့်ပါ။ ဗိုလ်ချုပ် အောင်ဆန်းတို့ တကယ်လုပ်ကြံခံရပြီ။

ဗိုလ်ကြီးတိုက်ချွန်းသည် ထိုစဉ်က ဗိုလ်ချုပ်အောင်ဆန်းတို့ ရေတိမ်နစ်ရသော သတင်းကို ကြားရသောအခါ ဝမ်းနည်းကြီးစွာဖြင့် ရှိုက်ကြီးတငင်ငိုခဲ့မိသည်ကို ယခုပင် သတိရနေပါသေးသည်။

❋

၁၉၄၀-၅၀ ပြည့်နှစ်များသည် ဗိုလ်ကြီးတိုက်ချွန်း မင်္ဂလာနှစ်ကာလများ ဖြစ်ပေသည်။

ဤနေရာတွင် ဗိုလ်ကြီးတိုက်ချွန်း၏ စစ်မှုထမ်းထူးချွန်မှုကို နိုင်ငံတော်မှ အသိအမှတ်ပြု၍ ဘွဲ့တံဆိပ် ချီးမြှင့်ပုံ ရေးပြရပါဦးမည်။

ဗိုလ်ကြီးတိုက်ချွန်း ပထမဆုံး ရရှိခဲ့သည့်ဆုတံဆိပ်မှာ ဘီဂျီအမ်ခေါ် မြန်မာပြည်စစ်မြေပြင်အမှုထမ်းကောင်း ဆုတံဆိပ် ဖြစ်ပါသည်။

ယင်းတံဆိပ်ကို ဗြိတိသျှအစိုးရက ဗိုလ်ကြီးတိုက်ချွန်းအား ချီးမြှင့်ခဲ့ခြင်းဖြစ်သည်။ ထိုဆုအတွက် နှစ်စဉ် ဒီဇင်ဘာလတိုင်း ကျပ်ငွေ ၆၀၀ ကို ဗြိတိသျှအစိုးရက ဗိုလ်ကြီးတိုက်ချွန်းကို ချီးမြှင့်ခဲ့သည်။

ဗြိတိသျှတပ်မတော်မှ ဗမာ့တပ်မတော်သို့ ပြောင်းခဲ့သည်မှစ၍ တပ်မတော်က အငြိမ်းစားယူခဲ့သည့်တိုင် ဘီဂျီအမ် ဆုတံဆိပ်အတွက် နှစ်စဉ်ချီးမြှင့်ငွေကို လက်ခံရယူခဲ့သည်။

၁၉၄၉ ခုနှစ်၊ လွတ်လပ်ရေးနေ့ နှစ်ပတ်လည်တွင် ဘွဲ့ထူးဂုဏ်ထူးများ ကြေညာသောအခါ ဗိုလ်ကြီးတိုက်ချွန်းကို နိုင်ငံတော်သမ္မတကြီးက သူရဘွဲ့တံဆိပ်ချီးမြှင့်သည်။

သူရဘွဲ့တံဆိပ်သည် သူရသတ္တိဆိုင်ရာ ထူးချွန်သော စစ်မှုထမ်းများအတွက် တတိယအမြင့်မားဆုံးဘွဲ့ဖြစ်၏။ ယင်းဘွဲ့အတွက် ကျပ်ငွေ ၂၀ ကို နိုင်ငံတော်က လစဉ်ချီးမြှင့်ခဲ့ပြီး အငြိမ်းစား ယူပြီးနောက်လည်း ထိုဆုငွေကို ဆက်လက်ခံစားရလေသည်။

၁၉၄၉ ခုနှစ်ကား ဗိုလ်ကြီးတိုက်ချွန်းအတွက် တိုက်ပွဲအများဆုံးတိုက်ရသောနှစ်ဖြစ်သည်။ အင်းစိန်တိုက်ပွဲ၊ ထန်းတစ်ပင်တိုက်ပွဲ၊ မှော်ဘီတိုက်ပွဲများသည် ဗိုလ်ကြီးတိုက်ချွန်းတို့ ချင်းသနက (၁)၏ စစ်ရည်အသွေးကို မှတ်ကျောက်တင်ရသော တိုက်ပွဲများ ဖြစ်ခဲ့သည်။ တိုက်လိုက်ရသည်မှာ နေထွက်ကနေ ဝင်၊ နေဝင်ကနေထွက်၊ မိုးရွာရွာနေပူပူ ကုန်းပေါ်မှာ၊ ရေထဲမှာ၊ နေရာမရွေး၊ ဒေသမရွေး၊ ရာသီမရွေးတိုက်ရသည်။

ဒီတော့လည်း စွန့်စားရသော တာဝန်အဆင့်ဆင့်ကို ဗိုလ်ကြီးတိုက်ချွန်းတို့တပ်ရင်းကယူခဲ့ရသည်။ တပ်ရင်းကို ပေးအပ်သော တာဝန်အဆင့်ဆင့်ကို ဗိုလ်ကြီးတိုက်ချွန်းနှင့်ရဲဘော်များက တစ်ဖန်ပြန်လည်ရယူ၍ စွန့်စွန့်စားစား ထမ်းဆောင်ရပြန်သည်။

ထိုကဲ့သို့ စွန့်စားမှုများလည်း အချည်းနှီးမဟုတ်ကြောင်း နိုင်ငံတော်က တင်ပြလိုက်သည်။

၁၉၅၀ ပြည့်နှစ် (မြန်မာသက္ကရာဇ် ၁၃၁၁ ခုနှစ်) လွတ်လပ်ရေးဘွဲ့ထူးဂုဏ်ထူးများ ကြေညာသောအခါတွင် ဗိုလ်ကြီးတိုက်ချွန်းကို သူရသတ္တိဆိုင်ရာ စွမ်းရည်ဘွဲ့တံဆိပ်များတွင် အမြင့်မားဆုံးဖြစ်သော အောင်ဆန်းသူရိယဘွဲ့ဖြင့် ချီးမြှင့်ဂုဏ်ပြုကြောင်း နိုင်ငံတော်သမ္မတကြီးက ကြေညာခဲ့လေသည်။

အောင်ဆန်းသူရိယဘွဲ့ ချီးမြှင့်ကြောင်း ကြေညာသည့်နေ့ကဖြစ်ရပ်ကို ယခုတိုင်သတိရနေသည်။

၁၉၅၀ ပြည့်နှစ်၊ ဇန်နဝါရီလ ၃ ရက်နေ့က ထင်၏။ ညနေ တပ်ရင်းဝင်းအတွင်း၌တန်းစီ၊ နိုင်ငံတော်အလံကို အလေးပြုသောအခါ တပ်ရင်းမှူးက အမိန့်ကြေညာ စာတစ်စောင်ကို ဖတ်ပြသည်။

"ချင်းသနတ(၁) တပ်ခွဲ- ၃ မှ ဒုဗိုလ်တိုက်ချွန်းအား သူ၏စစ်မှုထမ်းဆောင်မှုတွင် သူရသတ္တိစွမ်းရည်ထူးချွန်ခြင်းအတွက် အောင်ဆန်းသူရိယဘွဲ့ကို နိုင်ငံတော်သမ္မတကြီးက ချီးမြှင့်လိုက်သည်" တဲ့။

ပျော်လိုက်သည်မှာ ပျော်မဆုံးနိုင်ပြီ။ ပြောပြလို့ မကုန်နိုင်ပြီ။ ထိုနေ့ညနေက ဗိုလ်ကြီးတိုက်ချွန်း၊ သူငယ်ချင်းရဲဘော်တွေ၊ အရာရှိအရာခံ၊ အကြပ်တပ်သားတွေအားလုံးက ဗိုလ်ကြီးတိုက်ချွန်းကို ဖက်ရမ်း၍ ဗိုလ်ကြီး တိုက်ချွန်းအောင်မြင်မှုကို ကောင်းချီးပေးကြသည်။ သူတို့တောင်းဆို၍ ထိုနေ့ညက ဗိုလ်ကြီးတိုက်ချွန်းတို့ ပျော်ပွဲစားကြသည်။

နွားတစ်ကောင်မှ ငွေကျပ် ၅၀ သာပေးရသည်။ အမဲသားဟင်းနှင့် ရမ်အရက်တွေသောက်လို့ မကုန်နိုင်ပါ။ သောက်ကြစားကြနှင့် တစ်သက်တာတွင် အပျော်ဆုံးသောပျော်ပွဲစားကြီး ဖြစ်နေတော့သည်။

ပျော်လည်းပျော်သည်။ ဂုဏ်လည်းယူသည်။ ဗိုလ်ကြီးတိုက်ချွန်း တစ်ကိုယ်တည်းအတွက်ဂုဏ်ယူ၏။ ဗိုလ်ကြီးတိုက်ချွန်းတပ်ခွဲအတွက် ဂုဏ်ယူမိ၏

www.burmeseclassic.com

ဗိုလ်ကြီးတိုက်ချွန်း တာပိရင်းအတွက်လည်း ဂုဏ်ယူ၏။ ပြီးတော့ မြန်မာ့တပ်မတော်ကြီးအတွက်လည်း ဂုဏ်ယူရမည် မဟုတ်လား။

ဂုဏ်မယူချင်လည်း မဖြစ်ပါ။ အောင်ဆန်းသူရိယဘွဲ့ ဆိုသည်ကား နိုင်ငံတော်က ချီးမြှင့်သော သူရသတ္တိဆိုင်ရာဘွဲ့များတွင် အမြင့်မားဆုံးဘွဲ့ဖြစ်၏။ ဗြိတိန်နိုင်ငံတွင်မူ ဗစ်တိုးရီးယားခရော့(Victoria Cross) ဘွဲ့သည် သူရသတ္တိဘွဲ့တံဆိပ်များတွင် အမြင့်မားဆုံးဘွဲ့ဖြစ်၏။

အောင်ဆန်းသူရိယဘွဲ့ကား ထိုဘွဲ့နှင့် အဆင့်အတန်းတူဘွဲ့ ဖြစ်သည်။ မြန်မာနိုင်ငံတွင် ယနေ့ထိ အောင်ဆန်းသူရိယဘွဲ့ဖြင့် ချီးမြှင့်ခြင်းခံရသူပေါင်း ခြောက်ဦးသာ ရှိသည်။

၁၉၄၈ခုနှစ်က ကျဆုံးသူ ဗိုလ်မှူးအေးချို (ကြည်း-၅၁၈၀)ဖြစ်၏။ ဗိုလ်မှူးအေးချိုပြီးတော့ ၁၉၄၉ ခုနှစ်ကကျဆုံးခဲ့သော ရဲဘော်လှသောင်း(ကိုယ်ပိုင်အမှတ် – ၈၈၈၆၅)။ ပြီးတော့ ဗိုလ်ကြီးတိုက်ချွန်း(ကြည်း - ၅၄၅၃)၊ တပ်သားဆပ်ခ်ဗဟာဒူးရိုင်း (ကျဆုံး ကိုယ်ပိုင်အမှတ် – ၀၁၉၁၄)၊ တပ်သား စောဘရီ (ကျဆုံး)၊ တပ်သားစောမြင့်(ကျဆုံး၊ ကိုယ်ပိုင်အမှတ် - ဘီ ၀၀၆၀၃) တို့ဖြစ်ကြ၏။

သူရသတ္တိဆိုင်ရာ စွမ်းရည်ဘွဲ့များတွက် သုံးဆင့်ရှိရာ ပထမအဆင့်အတန်း အောင်ဆန်းသူရိယ၊ ဒုတိယအဆင့်အတန်း သီဟသူရ၊ တတိယအဆင့်အတန်း သူရဘွဲ့တံဆိပ်များဖြစ်ကြ၏။ အထက်ပါတံဆိပ်များ ချီးမြှင့်ရန် အရည်အချင်းမမီသော်လည်း ရန်သူနှင့် ရင်ဆိုင်တိုက်ခိုက်ရာတွင် အသိအမှတ်ပြုထိုက်အောင် သူရသတ္တိဖြင့် မိမိတာဝန်ကို ခိုင်မြဲသောစိတ်ဖြင့် ထမ်းဆောင်သူ တပ်မတော်သားများအား သူရဲကောင်းမှတ်တမ်းဝင်အဖြစ် အသိအမှတ်ပြုချီးမြှင့်နိုင်သည်ဟု နိုင်ငံတော်အစိုးရက ပြန်တမ်းတွင်ဖော်ပြခဲ့သည်။

အောင်ဆန်းသူရိယ၊ သီဟသူရ၊ သူရတံဆိပ်များကို အဆင့်ဆင့် ချီးမြှောက်ရာ၌ အသက်အန္တရာယ်ကို ထိခိုက်စေမည့် အလွန်ခက်ခဲသော အခြေအနေတွင် မိမိအသက်အန္တရာယ်ကို မငဲ့မကွက်ဘဲ ကျရောက်သည့် တာဝန်ကို အထူးကျေပွန်စွာ ထမ်းဆောင်သော တပ်မတော်သားများအားလည်းကောင်း၊ တပ်မတော်နှင့်အတူတကွ အမှုထမ်းရသော အရပ်သူ အရပ်သားများအားလည်းကောင်း ဤဘွဲ့တံဆိပ်များကို ချီးမြှင့်နိုင်သည် စသည်ဖြင့်လည်း နိုင်ငံတော်ပြန်တမ်းက ဖော်ပြခဲ့သည်။

အောင်ဆန်းသူရိယဘွဲ့တံဆိပ်ကို ၁၉၅၉ ခုနှစ်တွင် နိုင်ငံတော်သမ္မတကြီး ဦးဝင်းမောင်က ချီးမြှင့်ပေးအပ်ခဲ့သဖြင့် ဗိုလ်ကြီးတိုက်ချွန်း ကိုယ်တိုင်တက်ရောက်၍ ဆုကိုလက်ခံရယူခဲ့၏။

ဗိုလ်ကြီးတိုက်ချွန်းကား ထိုအချိန်က တကယ့်လူထူးလူဆန်း ဖြစ်နေသည်။ အောင်ဆန်းသူရိယဘွဲ့ ချီးမြှင့်ခံရသူ ခြောက်ဦးတွင် အသက်ရှင်လျက်ရှိသူ တစ်ဦးတည်းအဖြစ် ဆုကို ကိုယ်တိုင် လက်ခံရယူနိုင်သောကြောင့် ဖြစ်သည်။

အောင်ဆန်းသူရိယ ဘွဲ့တံဆိပ်မှာ ရွှေချိန် ခုနစ်ကျပ်သားဖြင့်ပြုလုပ်ထား၏။ တံဆိပ်မှာ ကန့်လန့်ဖြတ်အလယ်တစ်လေးပိုင်း သုံးပိုင်းလက်မရှိသည်။ ဓာစ်လက်မ ကန့်လန့်ဖြတ်အကျယ်ရှိသော စက်ဝိုင်းမှ နေရောင်ခြည်စု ၁၆ ခုဖြာထွက်လျက်ရှိသည်။ နေရောင်ခြည်စုများတွင် အရှည်နှင့်အတိုခွဲခြား၍ အရှည်ပြီးအတို တစ်မျိုးစီထည့်တွဲ ဖြာထွက်နေသည်။

နေရောင်ခြည်စု အရှည်မှာ ၁၀ ပိုင်း ၄ ပိုင်းလက်မရှိသည်။ နေရောင်ခြည်စုအတိုမှာ ၁၀ပိုင်း ၃ပိုင်းလက်မရှိသည်။

စက်ဝိုင်းအတွင်းတွင် အခြားစက်ဝိုင်းတစ်ခုရှိသည်။ ယင်းစက်ဝိုင်းအကြားမှာ ၁၀ပိုင်း ၂ပိုင်းလက်မအကွာအဝေးရှိပြီး မြန်မာပန်းပုခွေကို အဖောင်းထုထားသည်။ အတွင်းစက်ဝိုင်းပေါ်တွင် မြန်မာပုံကြာရွက် ၁၆ ရွက်ရှိသည်။ ကြာရွက်အလယ်တွင် ရွှေကြာဖူးကလေး ထပ်ဆင့်တပ်ထား၏။

တံဆိပ်၏ကျောဘက်တွင် ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုသော စာတန်းကအထက်၊ အောင်ဆန်းသူရိယဆိုသောစာတန်းက အောက်တွင် ရေးထိုးထားလေသည်။ ယင်းစာတန်းနှစ်ခုအကြားတွင် ဒုဗိုလ်တိုင်ကောင်း (၁၃၁၁) ခုနှစ်ဟု ရေးထိုးထား၏။

ဗိုလ်ကြီး တိုက်ချွန်း၏ ချင်းနာမည်ကို အင်္ဂလိပ်ဘာသာစကားဖြင့် (THAI CAWN) ဟုရေးထိုးခဲ့သည်။ ယင်းအမည်ကို မြန်မာလို တိုက်ရိုက်ဘာသာပြန်လိုက်တော့ တိုင်ကောင်းတဲ့။ သို့နှင့်ပင် ဗိုလ်ကြီးတိုက်ချွန်း၏ အောင်ဆန်းသူရိယဘွဲ့တံဆိပ် နောက်ကျောတွင် စာတန်းထိုးသောအခါ ဒုဗိုလ်တိုင်ကောင်းဟု ရေးထိုးခဲ့ခြင်းဖြစ်၏။

အမှန်က ဗိုလ်ကြီးတိုက်ချွန်း၏ အမျိုးသားမှတ်ပုံတင်ပါအမည်မှာ တိုက်ချွန်း၊ ဗိုလ်ကြီးတိုက်ချွန်း၏ တပ်တွင်းတပ်ပြင် အသုံးအနှုန်းနာမည်မှာလည်း ဗိုလ်ကြီးတိုက်ချွန်းပင်ဖြစ်ခဲ့၏။ ပြီးတော့ ဗိုလ်ကြီးတိုက်ချွန်း၏ ကိုယ်ပိုင်နံပါတ်မှာလည်း အချို့မှတ်တမ်းများတွင် ကြည်း -၅၄၅၃ ဖြစ်၍ အချို့မှတ်တမ်းများတွင် ကြည်း –၇၂၈၈ ဖြစ်နေသည်။

ဘယ်နံပါတ်က မှန်သလဲတဲ့။ နှစ်ခုစလုံးမှန်ပါသည်။ ကြည်း -၅၄၅၃ မှ ၁၉၄၉ ခုနှစ်တွင် ဗိုလ်ကြီးတိုက်ချွန်းအား အစရေးရပေါ်ပြန်တမ်းဝင်အရာရှိ ခန့်စဉ်က ကိုယ်ပိုင်အမှတ်ဖြစ်၏။ ကြည်း - ၇၂၈၈ ကား ၁၉၅၇ ခုနှစ်တွင် အမြဲတမ်း ပြန်တမ်းဝင်အရာရှိအဖြစ် ခန့်ထားသောအခါ၌ အသစ်ရသော ကိုယ်ပိုင်အမှတ် ဖြစ်လေသည်။ အောင်ဆန်းသူရိယ ဘွဲ့တံဆိပ် ချီးမြှင့်ကြောင်း ကြေညာခြင်းခံရစဉ်က ကိုယ်ပိုင်အမှတ်မှာ ကြည်း-၅၄၅၃ အဖြစ် ဖြစ်ခဲ့လေသည်။





www.burmeseclassic.com

www.burmeseclassic.com

အောင်ဆန်းသူရိယ သူရချင်း ဗိုလ်ကြီးတိုက်ချွန်းသည် ချင်းပြည်နယ်၊ မတူပီမြို့နယ်၊ ဗွေရင်းရွာဇာတိဖြစ်သည်။ ဖခင် ဦးထန်ရေး၊ မိခင် နိုင်းဟိုက်ဖြစ်သည်။ ခရစ်နှစ် ၁၉၂၃ ခုနှစ် ဆောင်းရာသီတွင် မွေးဖွားခဲ့သည်။

မွေးချင်းသုံးယောက် ရှိသည်။ ဗိုလ်ကြီးတိုက်ချွန်းတွင် အစ်မတစ်ယောက်နှင့် ညီတစ်ယောက် ရှိသည်။ အရွယ်ရောက်သောအခါတွင် ဗွေရင်းရွာမှ မတူပီမြို့သို့ ပြောင်းရွှေ့ကာ ချင်းစာလေးတန်း ပညာသင်ယူခဲ့သည်။

စတုတ္ထတန်း အောင်သောအခါ ဖလမ်း မြို့သို့ သွားရောက်ပညာသင်ကြားရသည်။ ဖလမ်းမြို့တွင် ပဉ္စမတန်းအထိ [illegible]ကို သင်ယူခဲ့သည်။

ကိုလိုနီခေတ် ဖလမ်းမြို့အင်္ဂလိပ်စစ်တပ်စစ်သားစုဆောင်းရေး တပ်မှူး [illegible]ကျော်ကိုက်ထံသို့ စစ်မှုထမ်းရန်ရောက်ရှိခဲ့သည်။

စစ်တပ်ထဲတွင် တပ်သားဘဝမှ အဆင့်ဆင့် အရာရှိအဆင့် ရောက်ရှိခဲ့သည်။ ကမ္ဘာစစ်ကြီးပြီး၍ မြန်မာ့တပ်မတော်ဖွဲ့စည်းသောအခါ မြန်မာ့တပ်မတော်သို့ ပြောင်းလဲတာဝန်ထမ်းရွက်ခဲ့သည်။

မြန်မာ့လွတ်လပ်ရေး မရမီနှင့် လွတ်လပ်ရေးရပြီး တိုင်းပြည်က နုနုနယ်တိုင်းက ထန်ထန် အချိန်တွင် သက်စွန့်ဆံဖျား လွတ်လပ်ရေးကို ထိန်းသိမ်းစောင့်ရှောက်ခဲ့သည်။

ရဲဝံ့စွန့်စားသော တိုက်ပွဲပေါင်းတစ်ရာအတွက် အောင်ပွဲတစ်ရာရသည်အထိ ကြိုးစားတိုက်ပွဲဝင်ခဲ့ရသည်။

ဗိုလ်ကြီးတိုက်ချွန်းသည် ပထမအမြင့်ဆုံး အောင်ဆန်းသူရိယဘွဲ့တံဆိပ်၊ ဒုတိယအမြင့်ဆုံး သူရဘွဲ့တံဆိပ်များ ရရှိခဲ့သည်။ တပ်မတော်မှ ကျန်းမာရေးအခြေအနေကြောင့် ဗိုလ်ကြီးတိုက်ချွန်း အငြိမ်းစားယူကာ ချင်းပြည်နယ်၊ မတူပီမြို့သို့ ပြန်ကာ စိုက်ပျိုးရေးမွေးမြူရေးလုပ်ငန်းကို အဓိကထားလုပ်ကိုင်ခဲ့သည်။

ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်၊ စစ်မှုထမ်းဟောင်းအဖွဲ့ ဥက္ကဋ္ဌတာဝန်ထမ်းရွက်နေစဉ် မကျန်းမာ နာဖျားဖြစ်ခဲ့သည်။

မင်္ဂလာဒုံ တပ်မတော် ဆေးရုံကြီးသို့ ပို့ဆောင်၍ အစာအိမ်ကင်ဆာရောဂါကို ခွဲစိတ်ကုသခဲ့သည်။

၁၉၈၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၈ရက်နေ့တွင် အမှတ် - ၂ တပ်မတော်ဆေးရုံကြီး၊ ရန်ကုန်တွင် ခရစ်တော်၌ အိပ်ပျော်သွားခဲ့သည်။

ကွယ်လွန်ချိန်တွင် ဇနီး နှစ်ဦး၊ သားသမီးများကျန်ရစ်ခဲ့သည်။ ဗိုလ်ကြီးတိုက်ချွန်း၏ရုပ်ကလာပ်ကို ၁၉၈၈ခုနှစ်၊ ဖေဖော်ဝါရီလ ၂၂ ရက်နေ့၊ မွန်းတည့် ၁၂ နာရီတွင် ရန်ကုန်မြို့၊ ၁၄၃ စိန်ဂွန်းလမ်း၊ အောက်မြေ့ဖွယ်ခန်းမတွင် ဈာပနဝတ်ပြုကိုးကွယ်ခြင်းအခမ်းအနားကျင်းပခဲ့သည်။

နာနတ်တောရှိ ခရစ်ယာန်သုသာန်၌ စည်ကားခမ်းနားစွာ မြေမြှုပ်သင်္ဂြိုဟ်ခဲ့သည်။ ဗိုလ်ကြီးတိုက်ချွန်း၏ စွန့်လွှတ်စွန့်စား သူရဲကောင်းဂုဏ်ရည်များသည် ယနေ့တိုင် မြန်မာ့တပ်မတော်သမိုင်းတွင် မွှေးရနံ့ကြိုင်လှိုင်သင်းကြူလျက်ရှိနေပါတော့သည်။

❒ ယောနကဘိုးတောင်

**ကျမ်းကိုးစာရင်း**

၁။ ၁၉၈၉ ခုနှစ်၊ မြန်မာ့စွယ်စုံကျမ်း အနှစ်ချုပ်စာပေဗိမာန်။
၂။ မင်းတပ်မဂ္ဂဇင်း၊ ၁၉၈၀ ပြည့် နှစ်။
၃။ ဗိုလ်ကြီးအောင်ဆန်းသူရိယ တိုက်ချွန်း၊ တက္ကသိုလ်စိန်တင် ၁၉၉၇- ခုနှစ်။
၄။ မတူပီမဂ္ဂဇင်း ၁၉၈၄ ခုနှစ်။
၅။ ကိုယ်ပိုင်မှတ်စုမှတ်တမ်းများ။

**[illegible]**

[illegible]

မိတ္တူကော်ပီထား[illegible] တိုက်သို့ ဆက်သွယ်ပေးပို့နိုင်ပါသည်။ မရွေးချယ်သော စာမူ[illegible] ပို့မည်မဟုတ်ပါ။

တခြားမဂ္ဂဇင်းတိုက်များသို့ ထပ်ပြိုင်တည်း ပေးပို့ခြင်းမျိုး မပြုလုပ်ကြပါရန် မေတ္တာရပ်ခံပါသည်။

ရှေးဟောင်းဘုရားသမိုင်းကြောင်းများ၊ ဘာသာရေး ဆောင်းပါးများ၊ ဂန္ထဝင်ဝတ္ထုများ၊ မှဆိုးဝတ္ထုများ၊ ရသဝတ္ထုများ၊ ဟာသများ၊ အရှေ့တိုင်းအနောက်တိုင်းဆေးပညာရပ်များ၊ ထူးခြားဆန်းကြယ်သောဖြစ်ရပ်များ စသည်ဖြင့် ပေးပို့နိုင်ပါသည်။

**စီးပွားရေးလုပ်ငန်းရှင်များ**
**မိမိလုပ်ငန်း**
**ပိုမိုထိုးထက်**
**အောင်မြင်စေရန်**
**သပြေညိုဝန်းမဂ္ဂဇင်းတွင်**
**ကြော်ငြာများ**
**ထည့်သွင်းနိုင်ပါသည်။**

အဖြူအမည်း
**တစ်မျက်နှာ**
**ကျပ်တစ်သောင်း[illegible]တိတိ**
**ဖြစ်ပါသည်။**

အဖြူအမည်း
**မျက်နှာဝက်**
ကျပ်ခုနစ်ထောင့်ငါးရာတိတိ ဖြစ်ပါသည်။

**ဆက် သွယ် ရန်**


အယ်ဒီတာအဖွဲ့
**သပြေညိုဝန်းမဂ္ဂဇင်း**
တိုက်အမှတ် (၇၂၄)၊
အခန်း (၁၈) ပထပ်၊ မဟာဗန္ဓုလလမ်း
(၁၇×၁၁)လမ်းကြား၊
လသာ မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၂၅၀၆၆၈



www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ်ဟာ ကိုယ်သေမယ့်နေ့ ကိုယ်သေမယ့်အချိန်နဲ့ ဘယ်လိုသေမယ် ဆိုတာကို သိနေတယ်ဆိုရင် ပတ်ဝန်းကျင်က လူတွေက ယုံချင်မှ ယုံပေလိမ့်မယ်။ ဒါဟာ သဘာဝလွန် ဗေဒသိတရား ဖြစ်လို့ သာမန်လူတွေဟာ ဒီအချက်တွေကို ဘယ်သူမှ မသိနိုင်ကြပါဘူး။



# ရိုးစင်း

သာဒိုးကြီးဘာဘာကွ/
သေမင်းပုရိုက်





www.burmeseclassic.com

www.burmeseclassic.com

ဘုရား ရဟန္တာတွေနဲ့ သူတော်စင်တွေမှ သိကြတာ။ ကျွန်ုပ်ကတော့ သာမန်လူတစ်ယောက် ဖြစ်ပြီး ဒီလိုနက်နဲတဲ့ အကြောင်းတွေကို ဘာဖြစ်လို့ သိတာလဲ ဆိုတော့ . . .

ကျွန်ုပ်ဟာ သေမင်းပုရပိုက်ကို ခိုးထားလို့ပါပဲ။

သေမင်းပုရပိုက်ဆိုတာ အစက ရှိမှန်းတောင်မသိခဲ့ပါဘူး။ အဲဒီစကားလုံးကိုလည်း မကြားဖူးခဲ့ပါ။ သို့ပေမယ့် ကျွန်ုပ်ရဲ့ ဉာဉ်ဆိုးကြောင့် တစ်ခါမှ မကြားဖူးတဲ့ ဒီပုရပိုက်နဲ့ တွေ့ဆုံခဲ့ရပါတယ်။

ဉာဉ်ဆိုး . . . ဉာဉ်ဆိုး ဆိုတာက မကောင်းတဲ့အကျင့် စရိုက်ပေါ့။ လူတိုင်းကိုယ်စီမှာတော့ ဉာဉ်ဆိုးအနည်းနဲ့အများ ရှိတတ်ကြပါတယ်။ ခွင့်လွှတ်နိုင်တဲ့ ဉာဉ်ဆိုးရှိသူကိုတော့ လူကောင်းလို့ သတ်မှတ်ကြတယ်။ ခွင့်မလွှတ်နိုင်တဲ့ ဉာဉ်ဆိုးရှိသူကိုတော့ လူဆိုးလို့ သတ်မှတ်ကြတယ်။

ကျွန်ုပ်ဟာ ကိုယ့်ကိုယ်ကိုယ် ဉာဉ်ဆိုးရှိသူမှန်း မသိခဲ့ပါ။ မှန်တာပြောပြီး မှန်တာလုပ်တတ်လို့ ကိုယ့်ကိုယ်ကိုယ် လူကောင်းလို့ပဲ ထင်မိတယ်။ ဒါပေမယ့် သူတစ်ဖက်သားကို မယုံတတ်တာ ကျွန်ုပ်ရဲ့ မွေးရာပါစိတ်ပါ။ နောက်တစ်ခုကတော့ မလုပ်နဲ့လို့ ပညတ်ထားတဲ့အရာကို စမ်းသပ်ချင်တာ ကျွန်ုပ်ရဲ့ ဝါသနာပါ။ ပြီးရင် ကိုးယိုးကန့်လန့်ပြောတတ်တာ ကျွန်ုပ်ရဲ့ ဉာဉ်ဆိုးပါ။

အဲဒီ မကောင်းတာတွေ စုပြီး ပေါင်းစပ်လိုက်တဲ့အခါမှာ ကျွန်ုပ်ဟာ သေမင်းပုရပိုက်နဲ့ ရင်ဆိုင်တွေ့တော့တာပါပဲ။ ဒီပုရပိုက်နဲ့ ပတ်သက်ပြီး ကျွန်ုပ်ရဲ့ဘဝမှာ ရင်သိမ့်တုန်ခဲ့ရတဲ့ ညတွေ၊ သွေးပျက်မတတ် ချောက်ချားခဲ့ရတာတွေ တစ်ပုံကြီးပါပဲ။ ဒါတွေဟာ ဘဝနဲ့ရင်းပြီးမှ ရလာတဲ့ သင်ခန်းစာတွေပေါ့။

လွန်ခဲ့တဲ့ ၁၉၄၀ ပြည့်နှစ်ကျော်က ကျွန်ုပ်ဟာ မုဆိုးပိုး အင်စပက်တော်ရာထူးနဲ့ ကြည့်မြင်တိုင်ရပ်ကွက်အိုးဖိုဂါတ်ထဲမှာ တာဝန်ကျခဲ့တယ်။ အဲဒီအချိန်တုန်းကတော့ နယ်ချဲ့ဗြိတိသျှတွေ အုပ်စိုးနေတဲ့အချိန်ပါ။ အိန္ဒိယနိုင်ငံနဲ့ မြန်မာနိုင်ငံကို အင်္ဂလိပ်တွေက နှစ်နိုင်ငံတွဲပြီး အုပ်ချုပ်နေတဲ့ အချိန်ဖြစ်လို့ အိန္ဒိယက ကုလားလူမျိုး အမြောက်အမြား မြန်မာပြည်ကို ရောက်လာခဲ့တယ်။

အဲဒီအထဲမှာ ဆာဒူးကြီးဘာဘာ တစ်ယောက်လည်း ပါလာခဲ့တယ်။ ဆာဒူးကြီးဘာဘာဟာ စူရတီဘဇာ လို့ခေါ်တဲ့ (ယခု သိမ်ကြီးဈေး)ရဲ့ လူစည်ကားနေရာမှာ သူ့ရဲ့အစွမ်းတွေကို ပြခဲ့တယ်။ အဲဒါကတော့ သံချွန်တွေပေါ်မှာ အိပ်ပြတယ်။ အဲဒီလို အိပ်ပြနေတုန်း သူ့တပည့်တစ်ယောက်ကို သူ့ကိုယ်ပေါ်မှာ တက်ခုန်ခိုင်းခဲ့သေးတယ်။ သူကတော့ ဘာမှမဖြစ်ဘူးပေါ့ဗျာ။ ဒါတွေကတော့ မျက်လှည့်သမားတွေ ပြသတဲ့ပြကွက်ဖြစ်လို့ ကျွန်ုပ်က သိပ်ပြီး အထင်မကြီးခဲ့ဘူး။

နောက်တစ်နေ့မှာတော့ . . .

ဆာဒူးကြီးဘာဘာက ကြည့်မြင်တိုင်ကို လာမယ်ဆိုတဲ့သတင်း ကြားလိုက်တယ်။ ဒီတော့ ကျွန်ုပ်က . . .

"ဆာဒူးကြီးဘာဘာက ကြည့်မြင်တိုင်ကို ဘာလာလုပ်မှာလဲ" လို့ မေးကြည့်တော့ . . .

"သူ့ပြိုင်မြစ်ထဲမှာ ရေပေါ်မှာ အိပ်ပြမယ်" လို့ ဖြေခဲ့ကြတယ်။

ဒါဆိုရင် ကျွန်ုပ်ရဲ့နယ်မြေထဲမှာ ဖြစ်တဲ့အတွက် သူ့ကို စောင့်ကြည့်ဖို့ ကျွန်ုပ်မှာ တာဝန်ရှိလာပြီပေါ့။ ဒါနဲ့ ကျွန်ုပ်လည်း အဲဒီနေ့မှာ ရဲသားငါးယောက်နဲ့အတူ ဆိပ်ကမ်းကို သွားကြည့်ခဲ့တယ်။

"တော့ . . . တိုမှာ ဆာဒူးကြီး ရေပေါ်မှာ အိပ်ပြနေပြီ"

ဆိုတဲ့အသံတွေ ဆူညံစွာထွက်ပေါ်လာတယ်။ ဆာဒူးကြီးဟာ ရေပေါ်မှာ တစ်နာရီလောက် အိပ်ပြခဲ့တယ်။ အဲဒီပြကွက်ပြီးတဲ့နောက်မှာ ကုန်းပေါ်ကို တက်လာခဲ့တယ်။

ဒီတစ်ခါ ပြကွက်ကတော့ အုန်းဆံကြိုးခွေ အကြီးကြီးတစ်ခွေကို ယူလိုက်ပြီး အဲဒီကြိုးခွေပေါ်ကို အဝတ်စည်းကြီး အုပ်လိုက်တယ်။ သိပ်မကြာခင်မှာ အဝတ်မည်းကြီးကို ဆွဲဖွင့်လိုက်တဲ့အခါမှာ အုန်းဆံကြိုးခွေကနေ စပါးကြီးမြွေကြီး ခွေနေတာ တွေ့ရတယ်။

"ကဲ . . . အဲဒီ စပါးကြီးမြွေကြီးကို ပခြုပ်ထဲ ထည့်လိုက်မယ်" လို့ ပြောပြီး ပခြုပ်ထဲကို ထည့်လိုက်တယ်။ ခဏအကြာမှာ . . .

"ကဲ. . . ကိုကြိုးခွေပဲ ထွက်လာပါတော့" လို့ အမိန့်ပေးလိုက်တယ်။

အဲဒီအခါမှာ ပခြုပ်ထဲက အုန်းဆံကြိုးကြီး ထွက်လာပြီး မြွေတစ်ကောင်လို ယိမ်းနွဲ့လှုပ်ရှားကာ တဖြည်းဖြည်း အမြင့်သို့ ထွက်လာပါတယ်။ အဲဒီအုန်းဆံကြိုးကြီးဟာ အမြင့်ရောက်တဲ့တိုင် မြွေတစ်ကောင်လို လှုပ်ရှားနေပါတယ်။

ပွဲကြည့်ပရိသတ်များက အဲဒီပြကွက်ကို ကြိုက်ကြလွန်းလို့ တစ်မူးတစ်ပဲ ပစ်ပေါက်ပြီး ပေးခဲ့ကြတယ်။

"ဝမ်းစမိုး"

"ဝမ်းစမိုး"

ဆိုပြီး လက်ခုပ်သံ တဖြောင်းဖြောင်းနဲ့ ဩဘာပေးခဲ့ကြတယ်။

အဲဒီအခါမှာ ဆာဒူးကြီးက . . .

"ဒီပြကွက်က မပြီးဆုံးသေးပါဘူး၊ ဒီကြိုးကြီးနဲ့ ကောင်းကင်ကိုတက်ပြပါမယ်" လို့ ပြောပြီး ကြိုးကြီးကို အသာလေးဆွဲပြီး တက်သွားလိုက်တာ ကြည့်ရင်း ကြည့်ရင်း ကြိုးရော လူပါ ပျောက်သွားခဲ့တယ်။

သူ့တပည့်ကောင်လေးက မျက်လှည့်ပြနေတဲ့ ပစ္စည်းတွေကို သိမ်းနေခဲ့တယ်။ အဲဒီကောင်လေးက ပြန်မယ့်အလုပ်မှာ ကျွန်ုပ်က . . .

"မင်းဆရာ ဘာဘာကြီးကော၊ မင်း သူ့ကို မစောင့်ဘူးလား" လို့ မေးလိုက်တော့ အဲဒီကောင်လေးက မြစ်ထဲ

www.burmeseclassic.com

မှာ ဆိုက်ထားတဲ့ မော်တော်တစ်စင်းကို လက်ညှိုးထိုးပြပြီး . . .

"ဟော ဟိုမှာ ကျုပ်ဆရာ ဘာဘာကြီး" လို့ ပြောလိုက်တယ်။

ကျွန်ုပ်က လှမ်းကြည့်လိုက်တဲ့ အခါမှာ ဆာဒူးကြီးဘာဘာဟာ မော်တော်ပေါ်ကို ရောက်နေပြီ။ ပြီးမှ မော်တော်ပေါ်က သူ ဆင်းလာတယ်။

ကျွန်ုပ်ဟာ သူ့ကိုကြည့်ရင်း ကျွန်ုပ်ရဲ့အတွေးမှာ သေတ်ာစရာ ဖြစ်လာတယ်။ အဲဒီတုန်းက မော်တော်တွေမှာ ပစ္စည်းပျောက်လိုပျောက်၊ စက်ဆီပျောက်လိုပျောက်နဲ့မှုခင်းတွေအများကြီး ဖြစ်နေတာ။

သူ့ပြကွက်ကို ကြည့်တာနဲ့ သူခိုးလမ်းပြ ဖြစ်ချင်ဖြစ်၊ မဖြစ်ရင် သူကိုယ်တိုင် မျက်လှည့်ပညာသုံးပြီး ခိုးနေတာပဲလို့ သင်္ကာမကင်း ဖြစ်မိတယ်။

ဒါကြောင့် ကုန်းပေါ်ရောက်တာနဲ့ "ခင်ဗျားကို ကျုပ် မေးစရာရှိတယ်" လို့ ပြောပြီး သူ့ကို လက်ထိတ်ခတ်လိုက်တယ်။ နောက်တော့ သူတို့ ဆရာတပည့် နှစ်ယောက်စလုံးကို အိုးဖိုဂါတ်တဲကို ခေါ်လာခဲ့တယ်။ ဆာဒူးကြီးက ဘာမှမပြောဘဲ နှုတ်ဆိတ်စွာနဲ့ လိုက်လာခဲ့တယ်။ ဂါတ်တဲ ရောက်တာနဲ့ ကျွန်ုပ်ဟာ သူ့ကို စစ်မေးပါတော့တယ်။

"ခင်ဗျားဟာ ဒီလို မျက်လှည့်ပညာသုံးပြီး မော်တော်ပေါ်ကပစ္စည်းတွေကို လာခိုးနေတဲ့ သူခိုးမဟုတ်လား"

"မဟုတ်ဘူး လူကလေး"

ဆာဒူးကြီးက ကျွန်ုပ်ကဲ့သို့ ပုလိပ်အရာရှိတစ်ဦးကို လူကလေးလို့ ခေါ်လိုက်တဲ့အတွက် ကျွန်ုပ်ဟာ အလွန်စိတ်ဆိုးသွားပြီး . . .

"ကျုပ်လို အရာရှိတစ်ယောက်ကို လူကလေးလို့ မခေါ်နဲ့၊ ခင်ဗျားကို မသင်္ကာမှုနဲ့ အချုပ်ထဲမှာ တစ်ပတ်လောက်ချုပ်ပစ်မယ် နားလည်လား"

"ကျုပ်ဟာ ဘယ်သူ့ပစ္စည်းမှ မခိုးတဲ့အတွက် လူကလေး ချုပ်လို့မရဘူး"

ဆာဒူးကြီးက အခုလို ပြန်ပြောနေတဲ့အတွက် ကျွန်ုပ်လည်း ပိုမိုစိတ်တိုလာပြီး . . .

"ခင်ဗျားတို့ မျက်လှည့်ဆရာတွေဟာ လူလိမ်တွေချည်းပဲ"

"နိုး နိုး လူကလေး၊ မင်း မှားနေပြီ ကျုပ်ဟာ မျက်လှည့်ဆရာမဟုတ်ပါ"

"မျက်လှည့်ဆရာ မဟုတ်ရင် ခင်ဗျားက ဘာလဲ"

"ကျုပ်ဟာ သမထကျင့်စဉ်ကို နှစ်ရှည်ကာလအတော်ကြာကြာ ကျင့်ကြံခဲ့တဲ့အတွက် အတိုင်းအတာတစ်ခုအထိ ပေါက်မြောက်နေသူပါ"

"ဒါဆိုရင် ခင်ဗျားက ဘာဖြစ်လို့ လူတွေဆီက ပိုက်ဆံလိုက်တောင်းနေရသလဲ"

"အဲဒီပိုက်ဆံကို ငါတို့ဘုရားထဲမှာ ငါပြန်လှူပါတယ်"

"အဲဒါကို ခင်ဗျားက ဘယ်လို သက်သေပြမလဲ"

"သက်သေပြစရာ ကျုပ်ရဲ့စကားသာ ရှိပါတယ် လူကလေး"

ကျွန်ုပ်မှာ လူကလေးလို့ မခေါ်ရန် အတန်တန်ပြောထားပါလျက် ဆက်၍ခေါ်နေတဲ့အတွက်ရော၊ မသင်္ကာသူကို ဖမ်းပြီး စစ်ဆေးနေတယ်လို့ အထက်သို့ အစီရင်ခံရန်အတွက်ပါ ဆာဒူးကြီးတို့ဆရာ တပည့်နှစ်ဦးကို မသင်္ကာမှုနဲ့ အချုပ်မှာ ချုပ်ထားလိုက်ပါတယ်။

သူတို့ ချုပ်ထားပြီး စစ်ဆေးလိုက်တော့ အချိန်ကြာကြာ မစစ်ဆေးရပါဘူး။ တစ်ရက်လောက် စစ်ဆေးလိုက်တာနဲ့ မော်တော်တွေပေါ်က ပစ္စည်းပျောက်မှုဟာ သူတို့နဲ့ ဘာမှမဆိုင်ဘူးဆိုတာ သိခဲ့ရပါတယ်။

နောက်တစ်နေ့မှာတော့ လူသတ်မှုတစ်ခုကိုစစ်ဆေးနေရတဲ့အတွက် သူတို့ဆီကို မရောက်ဖြစ်ခဲ့ဘူး။ အဲဒီနေ့ညနေကျမှ ဂါတ်တဲကို ပြန်ရောက်လာခဲ့တယ်။

ကျွန်ုပ်လည်း အချုပ်ခန်းရှေ့က ဖြတ်သွားစဉ်မှာ . . .

"လူကလေး" လို့ ခေါ်လိုက်တဲ့ အသံကို ကြားလိုက်ရတယ်။ လှည့်မကြည့်ပေမယ့် ဆာဒူးကြီးဘာဘာ ခေါ်လိုက်မှန်း သိလိုက်ပါတယ်။ ကျွန်ုပ်က လှည့်မကြည့်ဘဲ ရုံးခန်းဆီကို သွားခဲ့ပါတယ်။ တစ်အောင့်လောက်အကြာမှာ ပုလိပ်ငယ်သားတစ်ယောက် ကျွန်ုပ်ဆီရောက်လာပြီး . . .

"အင်စပက်ဘော် အချုပ်ခန်းထဲက ဆာဒူးကြီးကဆရာနဲ့တွေ့ခွင့်တောင်းနေပါတယ်"

"အေး. . . ငါသိတယ်၊ ဒီမှာ လုပ်စရာလေး လုပ်ပြီးမှ လာခဲ့မယ်လို့ ပြောလိုက်"

"ရက်စ်ဆာ"

ပုလိပ်လေးက အလေးပြုပြီး အပြင်ကိုထွက်သွားခဲ့တယ်။ တစ်အောင့်လောက်ကြာတော့ ကျွန်ုပ်က ဆာဒူးကြီးဆီကို သွားခဲ့တယ်။

"ဆာဒူးကြီး ဘာပြောချင်လို့လဲ"

"ကျုပ်တို့ကို စစ်ဆေးပြီးပြီမဟုတ်လား၊ ကျုပ်တို့မှာ ဘာအပြစ်ရှိလို့လဲ၊ လွှတ်ပေးပါ"

"စစ်ဆေးလို့မပြီးသေးလို့ မလွှတ်တာပေါ့"

"လူကလေး၊ မင်းဟာ ကျုပ်တို့အပေါ်မှာ အမုန်းထားပြီး ချုပ်နှောင်ထားမှန်း ကျုပ်သိတယ်၊ မင်းမလွှတ်ပေးရင်လဲ ကိစ္စမရှိဘူး၊ ကျုပ်ဘာသာ ကျုပ်ထွက်သွားနိုင်တယ်"

"မသင်္ကာမှုနဲ့ ချုပ်ထားတဲ့ လူတစ်ယောက်က ကိုယ့်ဘာသာကိုယ် အချုပ်ထဲက ထွက်ခွင့်မရှိဘူး၊ ထွက်ရင် တရားခံပြေး ဖြစ်မှာပေါ့"

"ဒါဆိုရင် လူကလေးကို ကျုပ် ထပ်ပြောမယ်၊ ကျုပ်မှာ အပြစ်မရှိလို့ လွှတ်ပေးပါ"

"ဆာဒူးကြီး၊ ခင်ဗျားကို ကျုပ် လွှတ်မပေးနိုင်ဘူး"

"ကောင်းပြီ၊ မင်းနဲ့ကျုပ် လောင်းကြေးတစ်ခုလုပ်မယ်၊ မင်းက အချုပ်ထဲ လွှတ်မပေးပေမယ့် ကျုပ်ရအောင်ထ





www.burmeseclassic.com

www.burmeseclassic.com

သွားမယ်၊ ကျုပ်မှာ အပြစ်မရှိဘဲ မင်း ချုပ်ထားတဲ့အတွက် အဲဒီအပြစ်ကြွေးကို မင်း ပေးဆပ်ရလိမ့်မယ်၊ ဒါပေမယ့် အခု အချိန်မှာ မင်း ကျုပ်ကိုလွှတ်ပေးလိုက် ရင် အပြစ်ကြွေးဆပ်စရာ မလိုဘူး၊ အဲဒါ မင်း စဉ်းစားပါ"

"စဉ်းစားစရာ မလိုဘူး၊ မင်းတို့ ကို စစ်ဆေးမပြီးသေးလို့ လွှတ်မပေးနိုင် ဘူး"

"မင်းမှာ ခေါင်းမာမှုဆိုတဲ့ ဉာဉ် ဆိုးရှိတယ်၊ အဲဒီဉာဉ်ဆိုးအတွက် ကျွန်ုပ် ဟာ ကျိန်စာတစ်ခုကို ကျိန်ဆိုပါတယ်၊ သင်ဟာ မကြာခင်မှာ သေမင်းပုရပိုက် နဲ့ တွေ့ဆုံပါစေ"

"ဘာ သေမင်းပုရပိုက်ဟုတ်လား၊ ခင်ဗျားကို လွှတ်မပေးလို့ သွေးကြောင် ပြီး လျှောက်ပြောတာလား၊ သေမင်း ပုရပိုက် ဟုတ်စ၊ တစ်ခါမှမကြားဖူးဘူး၊ တွေ့တော့လဲ ဘာဖြစ်လဲ၊ တွေ့မယ်ဗျာ"

ကျွန်ုပ်ကလည်း ငယ်သားများ ရှေ့မှာ အပြောခံလိုက်ရတဲ့အတွက် လွန် စွာ ဒေါသထွက်ပြီး ဤသို့ အော်ဟစ် ပြောဆိုခဲ့ပါတယ်။

နောက်တစ်နေ့ နံနက်ပိုင်း၌ ဂါတ်တဲသို့ ရောက်သောအခါ . . .

"အင်စပက်တော်၊ ဒီနေ့မနက် လင်းအားကြီးအချိန်လောက်မှာ ဆာဒူး ကြီးတို့ ဆရာ တပည့်နှစ်ယောက်စလုံး အချုပ်ခန်းထဲက ပျောက်သွားပါတယ်"

"ဟေ ဘယ်လိုပျောက်သွားတာ လဲ၊ အချုပ်ခန်းကိုဖောက်ပြီး ထွက်ပြေး သွားတာလား"

"မဟုတ်ပါဘူး အင်စပက်တော်၊ အချုပ်ခန်းသော့လဲ ခတ်ရက်နဲ့ သူတို့ နှစ်ဦး ထူးဆန်းစွာပျောက်ဆုံးသွားပါ တယ်"

"ဟေ. . . ဒါဆို ဒီအနီးပတ်ဝန်း ကျင်မှာ လိုက်ရှာကြ"

"ကျွန်တော်တို့ လိုက်ရှာကြပါ တယ်၊ ဘယ်မှာမှ ရှာမတွေ့ပါဘူး"

"ဒါဆို မင်းတို့ တာဝန်ကျတဲ့လူ တွေအားလုံး ထုချေလွှာတင်"

သူတို့ကိုသာ ပြောရတယ်။ ဆာ ဒူးကြီးဟာ သူ့စကားအတိုင်း အချုပ်ခန်း က ထွက်မြောက်သွားတာဖြစ်လို့ သူ ပြောတဲ့ကျိန်စာကို ကျွန်ုပ် သတိရလိုက် မိပါတယ်။

'သူ ကျိန်စာဆိုတဲ့အတိုင်းဆိုရင် ငါဟာ သေမင်းပုရပိုက်နဲ့ တွေ့ရမှာပါ လား၊ သေမင်းပုရပိုက်ဆိုတာ ဘာကို ဆိုလိုပါလိမ့်'

ကျွန်ုပ်ရဲ့အတွေးထဲမှာ သေမင်း ပုရပိုက်ဆိုတဲ့ ဝေါဟာရတစ်ခု ရောက်ရှိ လာခဲ့တယ်။

တစ်ရက်၊ နှစ်ရက်၊ သုံးရက် မြောက်တဲ့ ညမှာတော့ ကျွန်ုပ် အိပ်မက် တစ်ခု မက်ခဲ့တယ်။ အိပ်မက်ထဲမှာ ဆာ ဒူးကြီးကို တွေ့လိုက်ရတယ်။

ကျွန်ုပ်ဟာ သူ့ကို ဖမ်းမယ် အလုပ်မှာ သူက . . .

"လူကလေး ကျုပ်ကိုဖမ်းဖို့ကြိုး စားနဲ့၊ အချည်းနှီးဖြစ်မယ်၊ အခုအချိန် ကစပြီး ကျုပ်ဟာ မင်းကို ဖမ်းလိုက်ပြီ မင်းဟာ ကျုပ်ရဲ့အမိန့်ကို နာခံထောင်ရ မယ်၊ ဒီညကစပြီး သေမင်းပုရပိုက်ကို မင်း စဖတ်ရလိမ့်မယ်"

"ကျုပ် မဖတ်ဘူး"လို့ ငြင်းချင်ပေ မယ့် ကျွန်ုပ်ဟာ မငြင်းနိုင်အောင် နှုတ် ဆွံ့နေတယ်။ နောက်တော့ သူဟာ အရုပ်ဆိုးအကျည်းတန်တဲ့ သေမင်းရဲ့ ရုပ်ပုံပါတဲ့ပုရပိုက်ကြီးတစ်ခုကိုပေးပြီး. .

"ကဲ. . . ပထမဆုံး ပုရပိုက်ရဲ့ စာမျက်နှာကို ဖတ်ပါ"

လို့ ခပ်ထန်ထန် အမိန့်ပေးလိုက် တယ်။ ကျွန်ုပ်လည်း မငြင်းနိုင်ဘဲ ဖတ်ခဲ့ ရတယ်။

"မနက်ဖြန် နေ့လယ် ၁၂ နာရီ တိတိ အချိန်မှာ မင်းကြီးအက်ဝပ်ရဲ့သမီး အင်နာအက်ဝပ်ဟာ စူရတီဘဇားရှေ့မှာ ကားတိုက်မှုဖြစ်ပြီး သေဆုံးလိမ့်မယ်။ဤ စာကို ဖတ်ရှုပြီးပါက စာဖတ်သူကိုယ် တိုင် မင်းကြီးအက်ဝပ်ထံ သွားပြောပါ"

အဲဒီအချိန်မှာ ကျုပ်ဟာ အိပ် မက်က လန့်နိုးလာခဲ့တယ်။

ဘုရား ဘုရား မင်းကြီးရဲ့သမီး အင်နာ ဆိုပါလား။ ငါ ဘယ်လိုမျက်နှာ နဲ့ မင်းကြီးကို သွားပြောရမလဲ။

ကျွန်ုပ်မှာ ချက်ချင်း ဦးနှောက် ခြောက်သွားခဲ့ပါတယ်။ နံနက်မိုးလင်း၍ ဂါတ်တဲသို့ ရောက်လာပြီး နောက် မင်း ကြီးထံသို့ မသွားဝံ့ဘဲ ဖြစ်နေစဉ် ကျွန်ုပ် ၏ဦးခေါင်းမှာ အလွန်နာကျင်တိုက်ခဲ လာခဲ့ပါတယ်။ ထို့ကြောင့် ဦးခေါင်းကို လက်နှစ်ဖက်ဖြင့် ထောက်ထားစဉ်. .

"မင်းကြီးထံ အမြန်သွားပြောပါ" ဟူသော ခပ်ထန်ထန် အမိန့်ပေးသံကို ကြားလိုက်ရပါတယ်။

ခေါင်းကိုက်ဝေဒနာကို မခံမရပ် နိုင်တဲ့အဆုံး မင်းကြီးရှိရာ အင်းစိန်ရှိ စီအိုင်ဒီရုံးကို သွားခဲ့ပါတယ်။

ကျွန်ုပ်ဟာ မင်းကြီးအက်ဝပ်ရဲ့ ရုံးသို့ နံနက် ၁၀ နာရီခွဲမှာ ရောက်ရှိလာ ခဲ့ပါတယ်။ အဲဒီအချိန်မှာ မင်းကြီးဟာ အရေးကြီးတဲ့ ညှိသည်နဲ့ စကားပြော နေလို့ တွေ့ခွင့်မရသေးပါ။ နံနက် ၁၁ နာရီခွဲမှ မင်းကြီးအက်ဝပ်နဲ့ တွေ့ဆုံခွင့် ရခဲ့ပါတယ်။

ကျွန်ုပ်လည်း ကြောက်ရွံ့စွာနဲ့ မင်းကြီးကို ပြောပြခဲ့ပါတယ်။

"မင်းကြီးကို တစ်ခုတောင်းပန် ချင်ပါတယ်၊ အခုလိုလာပြီး စကားပြော ရတာလဲ အိပ်မက်ထဲက အကြောင်း အရာဟာ အလွန်ထူးဆန်းနေလို့ လာ ပြောရတာပါ"

"အင်စပက်တော်ကြီးရဲ့ စကား က တယ်ထူးဆန်းနေပါလား၊ တောင်း ပန်စရာမလိုဘူး၊ ပွင့်ပွင့်လင်းလင်း ပြော ပါ"

"ဒီလိုပါမင်းကြီး၊ အိပ်မက်ထဲမှာ စာတစ်ပိုဒ်ကို ဖတ်လိုက်ရတယ်၊ အဲဒါ မနက်ဖြန်နေ့လယ် ၁၂ နာရီတိတိအချိန် မှာ မင်းကြီးရဲ့သမီး အင်နာဟာ စူရတီ ဘဇားရှေ့မှာ ကားတိုက်မှုဖြစ်ပြီး သေ ဆုံးလိမ့်မယ်လို့ ရေးထားပါတယ်၊ အဲဒါ ကြောင့် မဝံ့မရဲနဲ့ လာပြောတာပါ မင်း ကြီး"



www.burmeseclassic.com

www.burmeseclassic.com

"ဪ. . . ဒါလား၊ အိပ်မက် ဆိုတာ မက်ချင်တာ မက်တာပါ၊ အစွဲ အလမ်း မထားပါနဲ့၊ အင်နာရဲ့ကား ဒရိုင်ဘာဟာ အလွန်ကားမောင်းကျွမ်း ကျင်ပါတယ်၊ မပူပါနဲ့ ကိစ္စမရှိပါဘူး"

"ကောင်းပါပြီ မင်းကြီး ဒါဆိုရင် ကျွန်တော့်ကို ပြန်ခွင့်ပြုပါ"

"ကောင်းပါပြီ"

ကျွန်ုပ်လည်း မင်းကြီးဆီမှ ပြန် လာခဲ့တယ်။ နေ့ခင်း ၁ နာရီလောက်မှာ ပုလိပ်တစ်ယောက်က ကျွန်ုပ်ဆီလာပြီး အကြောင်းကြားပါတယ်။

"အင်စပက်တော်ကြီး နေ့လယ် ၁၂ နာရီလောက်က မင်းကြီးသမီးအင် နာစီးနဲ့ မော်တော်ကားဟာ စုရတီဘဇား ရှေ့မှာ တခြားကားနဲ့တိုက်မိပြီး အင်နာ ပွဲချင်းပြီး သေသွားပြီ"

"ဟေ"

ကျွန်ုပ်မှာ လန့်ဖျပ်သွားခဲ့ပါ တယ်။

"အင်း. . . သေမင်းပုရပိုက်ရဲ့ ပထမစာမျက်နှာ မှန်သွားပြီပေါ့"

ထိုစဉ် မင်းကြီးထံမှ အခေါ်လွှတ် သဖြင့် ကျွန်ုပ်လည်း မင်းကြီးနှင့် သွား ရောက်တွေ့ဆုံခဲ့ပါတယ်။

"မောင်မင်းရဲ့ အိပ်မက်ဟာ ကြောက်လန့်စရာ ကောင်းလောက် အောင် မှန်နေပါလား၊ အခု ကျုပ်သမီး အင်နာ သေဆုံးသွားပြီ"

"ကျွန်တော်လဲ အင်နာသေဆုံး သွားတဲ့အတွက် အလွန်ပဲ ဝမ်းနည်းကြေ ကွဲရပါတယ် မင်းကြီး"

"အိမ်း . . . ဒါပေမယ့် မင်းပြော တဲ့စကားဟာ နိမိတ်ဖတ်သလို ဖြစ်နေ တယ်၊ ကျုပ်ရဲ့သမီးလေးဟာ ဒီလိုအဖြစ် ဆိုးမျိုးနဲ့ ဒီဘဝက ထွက်သွားဖို့မကောင်း ဘူး၊ ကျုပ် အလွန်နှမြောတယ်"

"မှန်ပါတယ် မင်းကြီး၊ အင်နာ အတွက် ကျွန်တော်လဲ အလွန်စိတ် မကောင်း ဖြစ်ရပါတယ်"

ကျွန်ုပ်လည်း နိမိတ်ဖတ်သလို ပြောမိတဲ့အတွက် များစွာအားနာရပါ တယ်။ ဒါကြောင့် မင်းကြီးကိုနှုတ်ဆက် ပြီး ပြန်လာခဲ့ရပါတယ်။

နောက် သုံးရက်မြောက်တဲ့နေ့ မှာ အိပ်မက် ထပ်မက်ပါတယ်။

သေမင်းပုရပိုက်မှာ ရေးထား တာကတော့ . . .

"အမြတ်ကြီးစား ကုန်သည်ကြီး ဦးဘမောင်သည် မနက်ဖြန်ညနေ ၄ နာရီမှာ ရုတ်တရက် လေဖြတ်ပြီးသေ ဆုံးလိမ့်မည်" တဲ့။

ဦးဘမောင် ဆိုတာက ကုန် ပစ္စည်းတွေကို စျေးကစားတဲ့ ကုန်သည် ကြီးပါ။ ကျွန်ုပ်ရဲ့ မိတ်ဆွေကြီးလည်း ဖြစ်ပါတယ်။ ကျွန်ုပ်ဟာ သူ့ကို သေမိန့် ကျထားကြောင်း မပြောလိုပါ။ ဒီနေ့ လည်း အိပ်ရာကနိုးတာနဲ့ အရမ်းခေါင်း ကိုက်နေပါတယ်။ ဦးဘမောင်ထံ သွား ပြောဖို့ အချက်ပေးနေပါပြီ။ မသွားမဖြစ် လို့ သူ့ရဲ့ပွဲရုံကို သွားခဲ့တယ်။ နေ့လယ် ၁ နာရီလောက်ရှိပြီဖြစ်လို့ သူ ထမင်း စားနေတာနဲ့ ကြုံကြိုက်ခဲ့တယ်။ ကျွန်ုပ် လည်း သူနဲ့ အာလာပသလ္လာပ ပြောပြီး နောက်ဆုံးတော့ အိပ်မက်အကြောင်း ပြောပြလိုက်တယ်။

"ဟား ဟား ဟား၊ ခင်ဗျားအိပ် မက်ကလဲ ထူးထူးဆန်းဆန်း ကျုပ်က ဒီညနေသေမယ် ဟုတ်စ၊ ဒီမှာကြည့် စမ်း၊ ဒီလောက် ကျန်းမာနေတာကို"

"အေးဗျာ၊ ကျုပ်လဲ ခင်ဗျားကို စိတ်စွဲလို့ အိပ်မက်မက်တာ နေမှာပါ"

ကျွန်ုပ်လည်း ပြောပြောပြေးပြေး ပြေးလာခဲ့တယ်။

ညနေ ၅ နာရီလောက်မှာတော့ ဦးဘမောင်ရဲ့ ပွဲရုံက အလုပ်သမား ကလေးက ကျွန်ုပ်ကို လာအကြောင်း ကြားခဲ့တယ်။

"ဘကြီးဦးဘမောင် ညနေ ၄ နာရီမှာ လေဖြတ်ပြီးဆုံးသွားလို့"

"ဟေ"

ကျွန်ုပ်မှာ ဒုတိယ အံ့သြရပြန် တယ်။ အစက သေမင်းပုရပိုက်ကို အယုံ အကြည် မရှိပေမယ့် အခုတော့ လုံးလုံး ရှုထားလို့ မရတော့မှန်း သိလာခဲ့ပါ တယ်။ ဒီထက်ဆိုးတာကတော့ ကျွန်ုပ် ရဲ့အိပ်မက်ကို သေမယ့်လူတွေဆီကို သွားပြောခိုင်းတာပါပဲ။ အဲဒီကိစ္စဟာ ကျွန်ုပ်အတွက် အလွန်ခက်ခဲတဲ့ကိစ္စရပ် ပါပဲ။ နိမိတ်ဖတ်တယ်လို့ အထင်ခံရမှာ စိုးတာတစ်ကြောင်း၊ ကျွန်ုပ်ကပဲ သူတို့ ကို သေစေချင်လို့ လျှောက်ပြောတာ လိုလိုနဲ့ အထင်သေးခံရမှာကို စိုးရိမ်နေ မိတယ်။

နောက် သုံးရက်အကြာမှာတော့ ထုံးစံအတိုင်း အိပ်မက်ထပ်မက်ပါတယ်။ ကျွန်ုပ်တို့ ရပ်ကွက်ထဲက ငွေတိုးပေးစား တဲ့ အော့ကြောလန် အဒေါ်ကြီး ဒေါ် ထွားမေအကြောင်းကို အိပ်မက် မက်ခဲ့ တယ်။

"ဒေါ်ထွားမေသည် မနက်ဖြန် ညနေ ၆ နာရီတွင် အမူးသမားနဲ့ ရန် ဖြစ်ပြီး အိမ်ရှေ့တွင် သေဆုံးမည်" တဲ့။

ဒေါ်ထွားမေဟာ အာကြမ်းလျှာ ကြမ်းဖြစ်လို့ ကျွန်ုပ် မပြောချင်ပါ။ ဒါပေမယ့် မပြောမဖြစ်တဲ့အခြေအနေမို့ သူ့ယောက်ျား ကိုညိုမောင်ကို အိပ်မက် အကြောင်း ပြောပြလိုက်တယ်။ ကိုညို မောင်ကလည်း ထုံးစံအတိုင်း မယုံဘူး ပေါ့။ ဘာဖြစ်လို့လဲဆိုတော့ သူ့မိန်းမ ဟာ ရန်ဖြစ်တိုင်း သူပဲ နိုင်နေတာကိုး။ ကျွန်ုပ်ကတော့ ကျွန်ုပ်ရဲ့ အိပ်မက်ကို ယုံကြည်လိုက်ပါပြီ။ ဒါကြောင့် အလုပ် ချိန်အပြီးမှာ အိမ်ကို ပြန်လာခဲ့တယ်။

အဲဒီအချိန်က ၆ နာရီ၊ အိမ်ရှေ့ မှာ အမူးသမားနဲ့ ဒေါ်ထွားမေ ရန်ဖြစ် နေတာတွေ့လို့ ဝင်ဆွဲမယ်အလုပ်မှာ အမူးသမားက လမ်းဘေးက စုတ်တံ ချောင်းကို ကောက်ယူပြီး အရှိန်နဲ့လွှဲ ရိုက်လိုက်တာ "ဖြောင်း" ဆိုတဲ့အသံနဲ့ အတူ ဒေါ်ထွားမေရဲ့ခေါင်းမှာ သွေး တွေ ဖြာဆင်းသွားတယ်။

ပြီးတော့ သွေးအိုင်ထဲမှာ လဲကျ သွားတယ်။ ကျွန်ုပ်က သူမကို ဆေးရုံ တင်ဖို့မလို့ စွေ့ချီလိုက်တော့ သူမ အသက်မရှိတော့ဘူး။





www.burmeseclassic.com

www.burmeseclassic.com

ဒီတော့မှ တိုညီမောင် အိမ်ထဲက ပြေးထွက်လာပြီး . . .

"ကျုပ်မိန်းမ ဘယ်လိုဖြစ်သွားတာလဲ" လို့ မေးပါတယ်။

"ခင်ဗျားမိန်းမတော့ ဆုံးပြီ" လို့ တိတိဖြေလိုက်တယ်။

"ဒါဟာ ခင်ဗျားနိမိတ်ဖတ်လို့ ကျုပ်မိန်းမ သေရတာ"

"ကိုညီမောင်၊ အဓိပ္ပာယ်မရှိတဲ့ စကားတွေ လာမပြောနဲ့"

ကျွန်ုပ်လည်း အဲဒီလို ဟိန်းဟောက်လိုက်တယ်။ ရင်ထဲကတော့ မကောင်းတာ အမှန်ပါ။ ဒါပေမယ့် ကြမ္မာဆိုးကို ဘယ်သူက တားနိုင်မှာလဲ။

ဒီပြဿနာဟာ ဒီမှာတင် ပြီးသွားသေးဘူး။ တစ်ပတ်ခြား၊ တစ်လခြားမှာ အဲဒီ သေမယ့်လူတွေဆီကို သွားပြီး ပြောခဲ့ရတယ်။ နောက်တော့ သတင်းဟာ ပျံ့သွားပြီး ကျွန်ုပ်လာတာကို လူတွေက ကြောက်လန့်လာကြတယ်။ ကျွန်ုပ်ဟာ ကျွန်ုပ်ရဲ့ ဉာဉ်ဆိုးကြောင့် ဆာဒူးကြီးရဲ့ကျိန်စာ သင့်နေပြီဆိုတာ သိလိုက်ရတယ်။ သိလိုက်ရတဲ့ အချိန်မှာ ကျွန်ုပ်ဟာ အလွန်အမင်း နောက်ကျသွားခဲ့ပါပြီ။ ကျွန်ုပ် ဒီနေ့ည ဖတ်ရတဲ့ သေမင်းပုရပိုက်ကတော့ . . .

"အင်စပက်တော် ဦးကောင်းညွန့်၊ မနက်ဖြန်ည ၈ နာရီတိတိအချိန်မှာ သူ့အိမ်၌ ဦးခေါင်းကို သေနတ်နှင့်ပစ်ပြီး သေဆုံးသွားလိမ့်မည်" တဲ့။

"ဟင် . . . ဒီတစ်ခါ ငါ့အလှည့်ပါလား"

သေမှာကို မကြောက်တဲ့သူမရှိပါဘူး။ ဒါပေမယ့် သေမိန့်ရထားပြီဆိုတော့ အလှည့်ကျပြီမို့ မနွဲ့စတမ်းလို့ပဲ မှတ်ယူလိုက်ပါတယ်။

အင်စပက်တော် ဦးကောင်းညွန့်။

အင်စပက်တော် ဦးကောင်းညွန့်ဟာ အဲဒီနေ့ည ၈ နာရီတိတိအချိန်မှာ သူ့ရဲ့ဦးခေါင်းကို ပစ္စတိုနဲ့ပစ်ပြီး သူ့ကိုယ်သူ အဆုံးစီရင်သွားခဲ့ပါတယ်။

အထက်ပါ သူရေးထားတဲ့ မှတ်တမ်းကို ဖတ်ကြည့်တော့မှ သူဟာ သေမယ့်လူတွေဆီကို သေမယ့်အကြောင်းတွေ လိုက်ပြောနေရတဲ့ ကျိန်စာသင့်ခဲ့တဲ့ လူတစ်ယောက်မှန်း သိလာခဲ့ရတယ်။

ဦးကောင်းညွန့်ဟာ တကယ်တော့ သေမင်းပုရပိုက်ကို ဖတ်ရှုခဲ့ရသူပါ။

သူ့ရဲ့မှတ်တမ်းကို ဖတ်ကြည့်လိုက်တဲ့အခါမှာ ထူးဆန်းအံ့ဩဖွယ် ပြည့်နှက်နေတဲ့သေမင်းပုရပိုက်အကြောင်းကို သိခဲ့ရပါတော့တယ်။

ဆာဒူးကြီးဘာဘာနဲ့ သေမင်းပုရပိုက်ဟာ ဘယ်လို ဘယ်ပုံ ဆက်စပ်နေတယ်ဆိုတာကိုတော့ ဦးကောင်းညွန့်လည်း မသိခဲ့ပါ။ ဒါပေမယ့် သေမယ့်အချိန်၊ သေမယ့်နေရာတို့ သူ တကယ်သိပြီး ဘဝသစ်သို့ ထွက်ခွာသွားခဲ့ပြီတကား။

❐ ရိုရိုငွေ


ဆရာဦးခင်ထွန်း D.B.B.W - C.T (Med)

ဘုန်းသျှင် တိုင်းရင်းဆေးကုခန်း

အထူးကုသသောရောဂါများ

နလုံး၊ သွေးတိုး၊ လေငန်း၊ အစာအိမ်၊ ဆီးချို၊ သွေးချို၊ ဝမ်းတွင်း၌ဖြစ်တတ်သော (ကင်ဆာ) မြစ်ပွားနာ အမျိုးမျိုး၊ ခန္ဓာကိုယ်ပြင်ပ၌ ဖြစ်တတ်သော အဖုအကျိတ်၊ မှိုနာ၊ မြစ်ပွားနာ (ကင်ဆာ)၊ သွေးကြောပိတ်ရောဂါနှင့် အကြောရောဂါအမျိုးမျိုး၊ လေးဖက်နာရောဂါ၊ အဆုတ်နာ၊ ခုခံအားကျရောဂါ (ခယယုဂ်နာ)၊ အသည်းနှင့်ပတ်သက်သောရောဂါများ၊ ပန်းသေ၊ ပန်းညှိုးရောဂါများ၊ မီးယပ်နှင့်ပတ်သက်သော ရောဂါများ၊ သူငယ်နာရောဂါ အမျိုးမျိုး၊ လိပ်ခေါင်း၊ ဂရင်ဂျီနာနှင့် နာတာရှည်ရောဂါကြီးများကို အထူးကုသပေးပါသည်။

ဆေးခန်းဖွင့်ချိန် ➽ နေ့စဉ် နံနက် (၇)နာရီမှ ည (၇)နာရီအထိ

ဆိုင်စာ ➽ အမှတ် (၆၇၁)၊ ဘုရင့်နောင်လမ်းမကြီး၊ အုပ်ချုပ်ရေးမှူးရုံးအနီး၊ ရွာမအနောက်ရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

☎ ➽ ၀၉-၇၃၁၃၆၄၁၄

လမ်းညွှန် ➽ ၁၉၉၊ ၁၀၁ (အဝါ)၊ ၉၉၊ ၉၇၊ ၇၁၊ ၄၄၊ ၁၇၄၊ ၁၆၇၊ ၄၇ (အထူး)၊ ၂၀၂ (အထူး)၊ ၄၇ ကားလေးစီး၌ ဆရာတော်ကြီးမှတ်တိုင်ဆင်းပါ။




www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်သည် သည်အိမ်ကို ဝယ်ခဲ့မိခြင်းက ကျွန်တော့်ဆန္ဒတစ်ခုတည်းဖြင့် ဝယ်ခဲ့မိခြင်း ဖြစ်သည်။

အဓိကအချက်မှာ ကျွန်တော်က တောင်ပေါ်သားပီပီ အပူဒဏ်ကို ခံနိုင်ရည်မရှိ။ ပြီး သွေးတိုးရောဂါအခံကလည်း ကျွန်တော့်မှာ ရှိနေသည်။ ထို့ကြောင့် အိမ်ဝယ်မည် ကြံသောအခါ အရိပ်အာဝါသနှင့်လည်း ပြည့်စုံ၊ လေဝင်လေထွက်လည်း ကောင်းမွန်မည့် အိမ်မျိုးကို ရွေးချယ်ဝယ်ယူဖို့ ကျွန်တော့်တွင် အကြံဖြစ်မိသည်။

ပွဲစားအမျိုးသမီးက သည်အိမ်ကို ပြသောအခါ မြင်မြင်ချင်းပင် ကျွန်တော် ကြိုက်သွားသည်။ အိမ်က ပျဉ်ထောင်နှစ်ထပ်အိမ်။ ငါးပင်လေးခန်းအိမ်။ အိမ်ကကြီးသလို ခြံဝင်းကလည်း ကျယ်သည်။ အထူးသဖြင့် ခြံဝင်းထဲမှာ

ကြည်ချမ်းမဂ္ဂဇင်း (မတ်လ၊ ၂၀၀၄)



www.burmeseclassic.com

www.burmeseclassic.com

စိုက်ပျိုးထားသည့် ရှောက်၊ သံပရာ၊ မာလကာတို့အပြင် အခြားပန်းပင်၊ သစ်ပင်တို့ဖြင့် ဝေဝေဆာဆာ အုပ်အုပ်ဆိုင်းဆိုင်းရှိနေပုံက ကျွန်တော့်ကို ချက်ချင်းပင် နှစ်သက်သွားစေသည်။ ကျွန်တော်က အရိပ်ကို လိုလားသူဖြစ်သလို သစ်ပင်ကိုလည်း ချစ်တတ်သူ ဖြစ်သည်။ ထို့ပြင် စိုက်ပျိုးရေးကိုပါ အထူးပင် ဝါသနာပါသည်။

နောက်တစ်ခုက သည်အိမ်၏ အနေအထားအရဈေးသို့လည်းကောင်း၊ ကားဂိတ်သို့လည်းကောင်း ခရီးမဝေးလှပေ။ ထို့ကြောင့် ကျွန်တော့်ဇနီး နွဲ့အတွက် ဈေးသွားရ လွယ်ကူမည်ဖြစ်သလို ကျွန်တော့်အတွက်လည်း ရုံးသွားရုံးပြန် အဆင်ပြေလေမည်။

ထို့ပြင် ကျောင်းသားဖြစ်သော ကျွန်တော့်သားလေး မောင်အောင်သူအတွက် ကျောင်းသွား ကျောင်းပြန် လွယ်ကူမည့်အရေးကိုပါ ထည့်တွက်မည်ဆိုပါက ထည့်တွက်နိုင်ပါသေးသည်။

ကြိုက်ပြီဆိုသည်နှင့် ကျွန်တော် တစ်ခါတည်း ဝယ်ပစ်လိုက်တော့သည်။ ဇနီးဖြစ်သူနှင့် သားဖြစ်သူတို့ကို ဘာမျှ တိုင်ပင်မနေတော့။ ကျွန်တော်ကြိုက်လျှင် သူတို့လည်း ကြိုက်ရပေမည်ဟုသာ ကျွန်တော်က အကြမ်းဖျင်းသတ်မှတ်ထားလိုက်သည်။

နွဲ့ကို ခေါ်လာပြီး ပြကြည့်တော့ ကျွန်တော်မျှော်လင့်သလိုပင် သူလည်း အိမ်ကို သဘောကျသွားသည်။ ကျွန်တော့်ကို အဝယ်တော်လှရဲ့ဟု ချီးကျူးသည်။ အိမ်ကိုလည်းကောင်း၊ ခြံဝင်းထဲကိုလည်းကောင်း နှံ့နှံ့စပ်စပ် လျှောက်ကြည့်ကာ ပီတိတွေ ဖြစ်နေသည်။

သို့နှင့်ပင် ကျွန်တော်သည် မြို့သို့ ရောက်ရှိလာကတည်းက ငှားရမ်းနေထိုင်ခဲ့သော အိမ်ကလေးကို စွန့်ခွာလျက် ကျွန်တော်တို့ မိသားစုလေး သည်အိမ်သို့ အပြီးတိုင်ပြောင်းရွှေ့လာခဲ့ကြပါတော့သည်။

ဤတွင် သည်အိမ်သို့ပြောင်းလာပြီး တစ်ပတ်မျှမကြာမီ ပြဿနာက စလာပါလေတော့သည်။ အကြောင်းမှာ ကြိုက်လှပါချေရဲ့ ကောင်းလှပါချေရဲ့ဟု ဝယ်လိုက်မိသော သည်အိမ်၏ ရောမချို့ယွင်းချက်ကြီးက ဘွားဘွားကြီး ပေါ်လာခဲ့ခြင်းကြောင့်ပင် ဖြစ်ပါသည်။

ထိုချို့ယွင်းချက်ကြီးအား တွေ့ရှိရသည်နှင့် ဝယ်မိတာမှားပြီဟု ပထမဆုံး ညည်းသူက နွဲ့ပင် ဖြစ်ပါလေသည်။ ထို့ပြင် နွဲ့က အဝယ်တော်လိုက်တာဟု ချီးမွမ်းခဲ့လေသမျှ ခုတော့ ကျွန်တော့်ကို အပြစ်တွေချည်း ဖိပြောနေပါတော့သည်။ ကျွန်တော်က နွဲ့ကို ဘာမျှပြန်မပြောသာ။ ကျွန်တော်ကိုယ်တိုင် ထိုချို့ယွင်းချက်ကို မျက်မြင်တွေ့ရှိနေရသည်မို့ သူ့အပြစ်တင်ထိုက်ပေသည်ဟုသာ ငြိမ်ခံနေရတော့သည်။

ကျွန်တော်ပြောပြပါမည်။ အဲဒီ ချို့ယွင်းချက်ဆိုသည်မှာ အမှန်တော့ ဤအိမ်ထဲတွင်၌လည်းကောင်း၊ ဤခြံဝင်းအတွင်း၌လည်းကောင်း ရှိသည်မဟုတ်ပါ။ အထက်မှ ဆိုခဲ့သလို ကျွန်တော်အလိုရှိသော ကြန်အန်လက္ခဏာတို့နှင့် ပြည့်စုံနေသည်သာဖြစ်ပါသည်။

ဤအိမ်ကို ကျွန်တော်ကိုယ်တိုင် စေ့စေ့စပ်စပ် ကြည့်ရှုစစ်ဆေးပြီးမှ သဘောကျနှစ်ခြိုက်လွန်း၍သာ ဝယ်ယူလိုက်ခြင်းလည်းဖြစ်ပါသည်။ ဤအိမ်နှင့် ပတ်သက်၍ ဘာမျှကိစ္စမရှိပါ။

ကိစ္စရှိသည်က ကျွန်တော့်အိမ်မှ တစ်ခြံကျော်တွင်ရှိနေသော ဝါးထရံမြင့်မြင့်တွေ ပတ်လည်ကာရံထားသည့် အိမ်ကြီးပင် ဖြစ်ပါလေသည်။

ထိုအိမ်ကြီး၏ အတွင်းအပြင် အနေအထား အားလုံးကို အတန်မြင့်သော ကျွန်တော့်အိမ် အပေါ်ထပ်မှ ကြည့်လိုက်ပါက ပီပီပြင်ပြင် ရှင်းရှင်းလင်းလင်းပင် မြင်နေရသည်။ ထိုအိမ်နှင့် ကျွန်တော့်အိမ် အကြားတွင် ခြံတစ်ခု ခြားထားသေးသည်ဆိုသော်ငြား ထိုခြံ၌ လူမနေပါ။ အိမ်လည်းမရှိပါ။ မြေကွက်အား ခြံစည်းရိုး ကာရံထားရုံမျှသာ ဖြစ်သည်။

ထို့ကြောင့် ကျွန်တော်ပြောသော ထိုအိမ်ကြီး၏ သဘောသဘာဝနှင့် လှုပ်ရှားမှုအစုံစုံကို ကျွန်တော့်ဆီမှ တိုးလျှိုပေါက် တွေ့မြင်နေရခြင်းပင် ဖြစ်လေသည်။

ထိုအိမ်၏ အိမ်ရှင်မှာ သန်းထွန်းဆိုသူဖြစ်ပြီး ပြည့်တန်ဆာမှုဖြင့် ထောင်တစ်ခါကျခဲ့ဖူးသူ ဖြစ်သည်။ ထောင်မှ ထွက်လာပြီးနောက် ဤအလုပ်ကိုပင် ထိုအိမ်၌ ဆက်လုပ်နေလေသည်။

ကျွန်တော့်ဆီမှ လှမ်းမြင်ရသော အနေအထားအရ အိမ်ပတ်ပတ်လည်ကို အပြင်မှ အလွယ်တကူ မမြင်ရအောင် မြင့်မားသော ဝါးထရံများဖြင့် ကာရံထားသည်။ ဝင်းအိမ်ကြီး၏ ရှေ့တွင် မြေစိုက်တဲတစ်လုံးကို ဆောက်လုပ်ထားသည်။

ထိုတဲအတွင်း၌ စားပွဲ ကုလားထိုင်များ၊ ကောင်တာများကို နေရာချထားသည်။ တီဗွီများ၊ ဂြိုဟ်တု စလောင်းများကိုပါ တပ်ဆင်ထားသည်။ ရုတ်တရက်ဆိုပါက စီဒီဆိုင်လိုလို၊ ဘီယာဆိုင်လိုလို ထင်မှတ်စရာပင်။

အပြင်ဘက် ခြံစည်းရိုးအောတွင်မူ ဆိုင်ကယ်များ၊ ဆိုက်ကားများ၊ စက်ဘီးများက ပြတ်သည်ဟူ၍ မရှိ လောက်အောင်ပင် အစီအရီ ထိုးဆိုက်ထားလေ့ရှိသည်။

သန်းထွန်း ထောင်ထားသော ကောင်မလေး ခုနစ်ဦး၊ ရှစ်ဦးခန့်ကိုတော့ အမြဲလိုလိုပင် တွေ့ရသည်။

ကောင်မလေးတွေက ထုံးစံအတိုင်း ဝတ်စားဆင်ယင်မှုကော၊ မွမ်းမံခြယ်သမှုပါ လွန်လွန်ကဲကဲတွေနှင့် ဖြစ်သည်။ အချို့က စကပ်တိုနံ့နံ့တွေနှင့်၊ အချို့က ဘောင်းဘီဖင်ကျပ်တွေနှင့်၊ ရင်ဟိုက်၊ ချိုင်းပြတ်၊ ဗိုက်သားပေါ်တွေနှင့် ဖြစ်ကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com

သူတို့က ရောက်လာကြသော ဧည့်သည် ပုရိသတွေကြား၌ ပူးကာကပ်ကာ တို့ကာ ဆိတ်ကာဖြင့် ရောထွေးယှက်တင်ပြုလျက် ရှိနေကြလေသည်။

အဓိကလုပ်ငန်းအတွက် နေရာကိုတော့ အိမ်နောက်ဘက်တွင် အခန်းကလေးများ ဖွဲ့၍ထားလေသည်။ ထိုအခန်းကလေးများနှင့်အတူ ရေချိုးခန်းများ၊ အိမ်သာများကိုပါ အစီအရီ ဆောက်လုပ်ထားသည်။

**ဆိုရသော် ထိုအိမ်ကြီး၌ အိမ်ရှေ့တွင်လည်း လူတွေ တရုန်းရုန်း၊ အိမ်နောက်တွင်လည်း လူတွေ တရုန်းရုန်းနှင့် ဖြစ်နေလေသည်။**

ထိုဘက်အိမ်မှ အသံဗလံပေါင်းစုံတို့က ကျွန်တော့်အိမ်ဘက်သို့ အဆီးအတားမရှိပင် စီးမျော၍နေလေတော့သည်။

ထိုအိမ်အကြောင်းကို ပို၍သိရလေ ပို၍စိတ်မသက်သာဖြစ်ရလေပင်။ ထို့အတူ နွဲ့ကလည်း ကျွန်တော့်ကို ကြာလေ အပြစ်တင်လေပါပင်။

"ပတ်ဝန်းကျင် အခြေအနေကို နည်းနည်းပါးပါး လေ့လာပြီးမှ ဝယ်တာမဟုတ်ဘူး၊ ဒီလို ဒုစရိုက်အိမ်မျိုးနားမှာ ကပ်နေရတာ မိန်းမသားတစ်ယောက်အနေနဲ့ ဘယ်လောက် မွန်းကျပ်တယ်ထင်သလဲရှင့်"

"အေးပါကွာ၊ ဟုတ်ပါတယ်၊ ကိုယ်လဲ ဒါကို လုံးလုံး သတိမထားမိလိုက်ဘူး၊ နဂိုကတည်းက သိခဲ့ရင် ဘယ်ဝယ်ပါ့မလဲ နွဲ့ရာ၊ ခုမှတော့ ဘာမှလုပ်လို့ မရတော့ဘူး"

"ဟင်း ကိုယ်မွေးထားတာက သားယောကျ်ားလေးဖြစ်နေလို့ တော်သေးတာပေါ့၊ သမီးပျိုကလေးသာ ရှိနေရင် ဘယ်လောက်တောင် လဲသေချင်စရာကောင်းလိုက်မလဲ"

"သိပ်လဲ သောကဖြစ်မနေပါနဲ့ နွဲ့ရာ၊ ခုမှတော့ ဘာမှ မတတ်နိုင်တော့မယ့်အတူတူ သူ့စည်းနဲ့သူ ကိုယ့်စည်းနဲ့ကိုယ် နေလိုက်ကြရုံပေါ့၊ သူ့မကြည့်ချင်ရင် သူ့ဘက် မျက်နှာမလှည့်နဲ့ပေါ့ကွာ"

ထိုမျှသာ ကျွန်တော်ပြောနိုင်သည်။

လူဆိုသည်မှာ အတော်ထူးဆန်းသော သတ္တဝါပင်ဖြစ်သည်။ ထိုစကားကို ပြောရခြင်းမှာ ကျွန်တော့် ဇနီးနွဲ့ကြောင့်ပင် ဖြစ်သည်။

အကြောင်းမှာ ပထမတွင် နွဲ့က ထိုအိမ်နှင့် ပတ်သက်၍ အလွန်မှုကို တူးတူးခါးခါး ဖြစ်ခဲ့သည်။ ထိုအိမ်ကို အိမ်နီးနားချင်း တော်ရခြင်းဖြင့် မိမိ၏ ဂုဏ်သရေ အလိုလို ညှိုးနွမ်းရသလိုမျိုး ခံယူထားသည်။

သို့သော် ကျွန်တော်၏ အတန်တန် ဖျောင်းဖျမှုကြောင့်လည်းကောင်း၊ အချိန်၏ တရွေ့ရွေ့တိုက်စားမှုကြောင့်လည်းကောင်း နွဲ့က ထိုအိမ်နှင့် ပတ်သက်၍ တဖြေးဖြေး ခံစားချက် လျှော့လျှော့လာသည်။

အနေကြာလာသည်နှင့် အမျှ ကိုယ့်အိမ်နှင့်ကိုယ် နေသားတကျဖြစ်၍ လာသည်။ ထို့အတူ အခါသင့်တိုင်း ထိုအိမ်ကို မေးငေါ့ပြကာ ကျွန်တော့်ကို အပြစ်ဆိုတာမျိုးလည်း မရှိသလောက်ပင် နည်းလာသည်။

ပို၍ အံ့သြစရာကောင်းသည်မှာ နွဲ့က ထိုအိမ်နှင့်ပတ်သက်ပြီး စိတ်နေသဘောထားနှင့် အပြုအမူများ ပြောင်းလဲသွားခြင်းပင် ဖြစ်သည်။ ၎င်းမှာ ယခုတလော၌ နွဲ့က သူမုန်းပါသည် ဆိုသော သူစက်ဆုပ်ပါသည်ဆိုသော ထိုအိမ်ကို သူကပင် ပြန်လှည့်၍ စိတ်ဝင်တစား စူးစမ်းနေတတ်၊ လေ့လာနေတတ်ခြင်းကြောင့်ပင် ဖြစ်ပါလေသည်။

ထိုမျှမကသေး။ သူက ထိုအိမ်ကို စောင့်ကြည့် အကဲခတ်ရာမှ သိရှိလာရသော အကြောင်းခြင်းရာများကို ကျွန်တော့်အားလည်း တစ်ဆင့်ပြန်လည်၍ ဖောက်သည်ချပြန်ပါသေးသည်။

ထိုအိမ်အကြောင်း စုံစီနဖာ သူပြောပြသည်တို့ကို နားထောင်ရသော် ကျွန်တော် အံ့အားမသင့်ဘဲ မနေနိုင်။ သူ ကျွန်တော့်အား ပြန်ပြောပြပုံ တချို့ကိုပင် ကြည့်ပါ။

"သိလား အစ်ကို၊ အဲဒီအိမ်မှာ မနက်က ရန်တွေ ဖြစ်ကြတယ်၊ ဟိုဘောင်းဘီဖင်ကျပ် အမြဲဝတ်တဲ့ အေမီဆိုတဲ့ ကောင်မလေးကို သူ့ဘကြီးဆိုလား သူ့ဦးလေးဆိုလားပဲ လာပြန်ခေါ်တာမှာ အိမ်ရှင် သန်းထွန်းက ပြန်မထည့်ပေးဘူး လုပ်ရာက ရုန်းရင်းဆန်ခတ်တွေ ဖြစ်ကုန်ကြတာ" ဟုတစ်မျိုး။

"အစ်ကို ရယ်. . တစ်နေ့ကမှ အသစ်ရောက်လာတဲ့ ကောင်မလေးဆို တကယ့်ငယ်ငယ်လေး၊ ကောင်းကောင်းတောင် အရွယ်ရောက်လိမ့်ဦးမယ်မထင်ဘူး၊ အမယ် ကိုယ်ကသာ သူ့ကြည့်ပြီး ကရုဏာစိတ်ဝင်နေမိတာ သူကဖြင့် ဘယ်သူ့ကိုမှ ဂရုမစိုက်တဲ့ပုံမျိုးနဲ့ ခပ်ထည်ထည်ကလေးတော့၊ တကယ့်ဝါရင့်ဆိုက်မျိုးနဲ့ သိလား" ဟု တစ်လီ။

"နွဲ့တော့ သိပ်အံ့သြတာပဲ၊ သူတို့ဘဝတွေများ ဘယ်လိုဝဋ်ကြွေးကြောင့် ဒီလိုဖြစ်ရတယ် မဆိုနိုင်ဘူး၊ လူစုံအရွယ်စုံပဲသိလား၊ တချို့ကောင်မလေးတွေဆို ရုပ်ရှင်မင်းသမီးတွေ၊ မော်ဒယ်တွေထက်တောင် လှသေးတယ်၊ ဘယ်လိုကြောင့် ဒီလောကထဲ ရောက်လာတယ်ဆိုတာ စဉ်းစားလို့တောင်မရဘူး။

တချို့ကျတော့လဲ ပြင်ထားဆင်ထားလို့သာ ငယ်သလိုလို ထင်ရတယ်၊ သေသေချာချာကြည့်မှ နွဲ့တို့ထက်တောင် ကြီးမယ့်ပုံမျိုး၊ ခုထိ ဒီအလုပ်ကို လုပ်စားနေတုန်း"

ဟု တစ်ဖုံ စသည် စသည်ဖြင့် ပြောပြတတ်ပါလေသည်။

အစုံစုံသော ထိုအိမ်အကြောင်းတို့ကို သူမည်မျှအထိ စိမ်ပြေနပြေ စိတ်လိုလက်ရ လေ့လာထားမှန်း စောင့်ကြည့်ထားမှန်းကို ဤမျှနှင့်ပင် ထင်ရှားစေလျက် ရှိလေပြီ။


www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်က သူပြောသမျှကို နားထောင်ပြီးသကာလ နှုတ်မှတော့ ဘာမျှ ပြန်မပြောပါ။ စိတ်တွင်းမှသာ ကျိတ်၍ မှတ်ချက်ချလိုက်မိသည်။ မိန်းမဟူသည် မည်သည့်အကြောင်းကြောင့် ပင်ဖြစ်စေ အချိန်တန်လျှင်တော့ ဘာမဆို စပ်စုချင်၊ စုံစမ်းချင်သော ဝါသနာက တားမနိုင် ဆီးမရ ပေါ်ထွက်လာမြဲသာဖြစ်သည်ဟူ၍။

ကျွန်တော် ဝယ်ယူလိုက်သော ဥယျာဉ်အိမ်နှင့် ဥယျာဉ်ခြံ၏ မူလပိုင်ရှင်မှာ အငြိမ်းစားကျောင်းဆရာကြီး တစ်ဦးဖြစ်ကြောင်း သိရသည်။ သူ စိုက်ပျိုးထားခဲ့သော သစ်ပင်ပန်းပင်တို့မှာ အမျိုးအစားစုံလှသလို အရေအတွက်လည်း များလှသည်။

ထိုဆရာကြီး မည်သည့်အတွက် ဥယျာဉ်ခြံအား စွန့်ခွာသွားသည်ကိုတော့ မသိနိုင်ပါလေပြီ။

ဥယျာဉ်ခြံမှာ ဥယျာဉ်မှူး ကင်းမဲ့လျက် ပွဲစားလက်ထဲတွင် တစ်နှစ်ကျော်ကျော်မျှ ကြာမြင့်ခဲ့ရသည်။ ကျွန်တော့်လက်ထဲရောက်သည်နှင့် အတော်ပင်ပြုပြင်မွမ်းမံခဲ့ရသည်။

အချို့အပင်များမှာ အတော်နှမြောစရာ ကောင်းလှသည်။ မျိုးကောင်းကို စနစ်တကျ စိုက်ပျိုးထားသည်မှန်သော်ငြား ပေါင်းသင် ရေလောင်းမည့်သူမရှိသည့်အတွက် အလိုအလျောက် ကြုံလှီညှိုးခြောက်သွားကြရလေသည်။

အချို့အပင်များမှာမူ သြဇာဓာတ်ကို အချိန်မီ ပြန်ဆက်ခွင့်ရကြသဖြင့် ပြန်လည်၍ ရှင်သန်နိုင်ကြလေသည်။

ကျွန်တော်က အားလုံးကို စစ်ဆေးကာ မကောင်းတာတွေ ဟောင်းအာတွေကို ပယ်ဖာန်ပယ်၊ နုတ်တန်နုတ် လုပ်ရသည်။ အသစ်စိုက်တန်စိုက်ရသည်။ ယခုတော့ အားသစ် အင်သစ်ဖြင့် ခြံတစ်ခုလုံး စိုပြည်စည်ကားစပြုလာပါပြီ။

အိမ်မှာက လောလောဆယ်တွင် ကျွန်တော်တို့ လင်ကိုယ်မယားသာ ရှိသည်။ ကျွန်တော်တို့၏ တစ်ဦးတည်းသော သားဖြစ်သူ မောင်အောင်သူကို စာမေးပွဲနီးသဖြင့် ဘော်ဒါတွင် ပို့ထားသည်။ ကျွန်တော်က ရုံးမှ ပြန်လာသည်နှင့် ခြံထဲသို့ တန်းပြီးဆင်းတော့သည်။ ခြံထဲမှာ သစ်ပင်စိုက်စရာရှိ စိုက်မည်။ ချုံရှင်းစရာရှိ ရှင်းမည်။ ရေလောင်းစရာရှိ လောင်းမည်။ ခြံအလုပ်တို့ဖြင့်သာ စိတ်ကို နှစ်ထားသည်။

ယနေ့တွင်လည်း ရုံးပိတ်ရက်ဖြစ်သည်နှင့်အညီ တစ်နေ့လုံးလိုလိုပင် ကျွန်တော်ခြံထဲမှာ အလုပ်များနေသည်။ အထူးသဖြင့် အသစ်ရောက်လာသော မာလကာပျိုးပင်များအတွက် လုံးပန်းနေမိသည်။

မာလကာပင်တချို့ကို စိုက်ပြီးချိန်လောက်မှာပင် နွဲ့က ခြံထဲသို့ ဆင်းလာသည်။ သူက သူ၏ အိမ်မှုကိစ္စလုပ်ငန်းများ ပြုလုပ်ပြီးစီးသည်နှင့် ယခုကဲ့သို့ ခြံထဲဆင်းကာ ကျွန်တော်နှင့်အတူ ပါဝင်လုပ်ကိုင်ပေးလေ့ရှိသည်။ နွဲ့က ပျိုးပင်တစ်ပင်အား ကျွန်တော့်ထံ လှမ်းပေးရင်း ပြောသည်။

"အစ်ကိုရေ ဟိုရေတွင်းဗျက်နားက မာလကာပင်အုဖ်စုဟာ တော်တော်မျိုးကောင်းတယ် သိလား၊ ကြီးလဲ ကြီး ပွလဲ ပွ၊ ချိုတာလဲ လက်ကုန်ပဲ"

"ဟုတ်တယ်လေ၊ နွဲ့က ခုမှသိလား၊ အဲဒီကောင်တွေက နိုင်ငံခြားမျိုးနဲ့ စပ်ထားတာကွ"

"ဟုတ်လား၊ နွဲ့က ခုမှ သိတာ၊ တစ်လောက ဟိုဘက်အိမ်က အမျိုးသမီးတစ်ယောက် နွဲ့ဆီလာဝယ်လို့ ခူးပေးရင်းနဲ့ သိရတာ"

"ဘာရယ် ဟိုဘက်အိမ်က အမျိုးသမီးတစ်ယောက် ဟုတ်လား"

ကျွန်တော် သံယောင်လိုက်လိုက်မိသည်။ နွဲ့ကိုလည်း ထူးဆန်းစွာကြည့်လိုက်မိသည်။ နွဲ့က တစ်ချက်မျှ ရယ်လေသည်။

"ဟုတ်တယ် အစ်ကိုရဲ့ အစ်ကို့ကို မပြောပြဖြစ်သေးလို့ နွဲ့နဲ့ သူနဲ့ သိနေတာ နှစ်ပတ်လောက်ရှိပြီ၊ သူ့နာမည်က မိတင်သန်းတဲ့၊ မာလကာသီး လာလာဝယ်နေရင်းက မျက်မှန်းတန်းမိသွားတာ၊ အသက်ကတော့ နွဲ့တို့ထက် နည်းနည်း ငယ်လိမ့်မယ်"

"မင်းဟာက ဟုတ်ကော ဟုတ်သေးရဲ့လား နွဲ့ရာ၊ ဟိုတုန်းကတော့ဖြင့် တူးတူးခါးခါးကိုဖြစ်လို့၊ ခုတော့လဲ အိမ်ထဲအဝင်ခံတဲ့ အထိတောင် ဖြစ်နေပြန်ပြီလား"

"အို ဝယ်သူက လာဝယ်လို့ ရောင်းသူက ပြန်ရောင်းတာပဲဟာ၊ ဘာဖြစ်တာမှတ်လို့၊ အဲ တစ်ခုတော့ရှိတယ်၊ အဲဒီ မိတင်သန်းဆိုတဲ့ အမျိုးသမီးက ဟိုလောကထဲကပဲလို့ ဆိုပေမယ့် တခြားသူတွေနဲ့စာရင် နည်းနည်း ပိုထူးနေတာတော့ အမှန်ပဲ"

"အောင်မာ ဒီလောကထဲကပါလို့ဆိုနေမှတော့ ဘာများထူးနေဦးမှာတဲ့လဲကွ"

"ဟုတ်ပါတယ်ဆို၊ မာလကာသီးလာဝယ်ရင်း အိမ်မှာ တစ်အောင့်တစ်နား ထိုင်ပြီး သူ့အကြောင်း နွဲ့ကို ပြောပြဖူးတယ်၊ တော်တော်သနားစရာကောင်းတယ်၊ သူပြောတဲ့အတိုင်းဆို သူဒီလောကထဲ ရောက်ရတာကိုက ရောက်ချင်လို့ ရောက်ရတာမဟုတ်ဘဲ သူ့ဘဝအခြေအနေက မရောက်ရောက်အောင် ညှပ်ပူးညှပ်ပိတ်လုပ်ပြီး တွန်းပို့လိုက်တဲ့ သဘောမျိုး အစ်ကိုရဲ့"

"ဒီလိုပဲ ပြောမှာပေါ့၊ ဘယ်သူမဆို ကိုယ်မကောင်းတာ ကိုယ်မှားတာကိုတော့ ဘယ်ပြောလိမ့်မလဲ၊ ဒါများ ဘာဆန်းတာလိုက်လို့"

"မဟုတ်ဘူး အစ်ကို၊ မဟုတ်ဘူး ဒီမိတင်သန်းဆိုတဲ့ အမျိုးသမီးက သူ့ဘဝအဖြစ်မှန်ကို ပြောပြတာလို့ပဲ နွဲ့တော့ ထင်တယ်၊ သူ့ဘဝအကြောင်း



www.burmeseclassic.com

www.burmeseclassic.com

သူပြောပြတာကို နားထောင်ရင်း နွံ့တော်တော်ခံစားရတယ်၊ ကဲပါ အဲဒီအကြောင်းကို ညကျမှ နွံ့ အေးအေးဆေးဆေး ပြောပြမယ်"

သည်လိုနှင့် ညစာစားပြီးချိန်ရောက်တော့ နွံ့က သူပြောပြပါမည်ဆိုသော ထို မိတင်သန်းအကြောင်းကို ကျွန်တော့်အား စိတ်အားထက်သန်စွာ ဖောက်စုံခင်းပြပါလေတော့သည်။

ဤနေရာ၌ နွံ့ ပြောပြသော ထိုမိတင်သန်းအကြောင်းကို တစ်ဆက်တစ်စပ်တည်းပင် ကျွန်တော် ပြန်လည်၍ ဖော်ပြလိုက်ပါမည်။

မိတင်သန်းတဲ့။

ထိုမိတင်သန်းကို ပင်လယ်ဝရှိ ကျွန်းကြီးတစ်ကျွန်းပေါ်က ရွာကလေးတစ်ရွာတွင် မွေးသည်။ မွေးချင်းပေါက်ဖော်ဟူ၍ မရှိ။ ပြီးတော့ သူမ အသက်ဆယ်နှစ်တွင် မိဘနှစ်ဦးလုံး ရှေ့ဆင့်နောက်ဆင့် ဆုံးပါးသွားလေသည်မို့ သူက အဒေါ်တစ်ဦး၏ လက်ပေါ်တွင် ကြီးပြင်းအရွယ်ရောက်ခဲ့ရသည်။

သို့သော် အဒေါ့်အိမ်တွင် ကြာကြာနေလိုက်ရသည်တော့ မဟုတ်ပါ။ မိတင်သန်း ငယ်ငယ်ရွယ်ရွယ်နှင့် လင်ရသွားခြင်းကြောင့်ပင် ဖြစ်သည်။

ရသည့်လင်က မိတင်သန်းထက် အတော်အသက်ကြီးသည်။ ပြီးတော့ လူပေလူတေ တစ်ယောက်လည်းဖြစ်သည်။ အသောက်အစားနှင့် လောင်းကစားကို ခုံမင်လှသူ ဖြစ်သည်။ ထို့ကြောင့် ကလေးတစ်ယောက်ရအပြီးမှာပင် မိတင်သန်း ထိုလင်နှင့် ကွဲတော့သည်။

ထို့နောက်တွင် မိတင်သန်း ရန်ကုန်သို့ တက်လာခဲ့သည်။ ကလေးကိုတော့ အဒေါ့်ထံတွင် အပ်ထားခဲ့သည်။ လင်ဟောင်း၏ ရန်မှ ဝေးရန်ဟူ၍ အဒေါ်က သူ့ကို ရန်ကုန်သို့ထွက်ရှောင်ခိုင်းလိုက်ခြင်း ဖြစ်သည်။

ထိုစဉ်က သူ့အသက်ဆယ့်ရှစ်နှစ်အရွယ်မျှသာ ရှိသေးပြီး သူ့သားလေးကမူ လေးနှစ်သားခန့်ရှိနေလေပြီ။

ရန်ကုန်တွင် အဖေ့ဘက်က ဦးလေးအိမ်၌နေကာ ရရာအလုပ်ကို ဝင်လုပ်သည်။ အဝတ် အငှားလျှော်သည်။ ပန်းရန်မဆလာသယ်သည်။ နေ့ပြန်တိုးယူပြီး ကုန်စိမ်းရောင်းသည်။ အလုပ်တော်တော်စုံသွားသည်။

နောက်ဆုံး မုဆိုးဖိုကားအုံနာတစ်ယောက် အိမ်တွင် အိမ်ဖော်ဝင်လုပ်သည်။ ဤမှာပင် မိတင်သန်း၏ ဇာတ်နာခန်းက စတင်တော့သည်။

လိုရင်းကို ဆိုရသော် အိမ်ရှင်ကားအုံနာက မိတင်သန်းကို ခြေတော်တင်လေသည်။ မိမိအလိုမပါသော်ငြား မိတင်သန်း ကြိတ်မှိတ်သည်းခံနေသေးသည်။ အကြောင်းမှာ လောလောဆယ်သူ့မှာက ပြေးစရာမြေမရှိချေ။ ဦးလေးအိမ်သို့လည်း ပြန်ချင်စိတ်မရှိ။

ဦးလေးက ဆယ့်နှစ်ပွဲဈေးသည်ဖြစ်သည်။ သူ့သားတွေနှင့်အတူ ဘုရားပွဲရာသီတွေမှာ နယ်တကာလှည့်ပြီး ဈေးရောင်းနေသူဖြစ်သည်။

ယခုလည်း ဦးလေးက အိမ်၌မရှိ။ နယ်ထွက်လျက်ရှိသည်။ အိမ်တွင် သူ့မိန်းမနှင့် သူ့သမီးများသာ ကျန်နေသည်။ ဦးလေးမိန်းမနှင့် ဦးလေးသမီးတွေက မိတင်သန်းကို လိုလားကြသူများ မဟုတ်ကြ။

သူတို့အိမ်၌ ကပ်ရပ်နေခွင့် ကလေးပေးရသည်ကိုပင် ကြည်ဖြူကြသူများ မဟုတ်ကြ။ ဦးလေးမျက်နှာကြောင့်သာ မလွှဲသာ လက်ခံထားကြခြင်းဖြစ်သည်။ ဆိုရသော် ကားအုံနာကလည်း မိတင်သန်း အခြေအနေကို ရိပ်စားမိနေဟန်တူသည်။ သို့နှင့် တစ်စတစ်စ ပို၍အတင့်ရဲလာသည်။ မိတင်သန်းကို သူ့လက်ခုပ်ထဲက ရေပမာ လုံးလုံးသဘောထားလာသည်။

နောက်တော့ သူတင်မကတော့ပဲ သူ့အပေါင်းအဖော် ကားပိုင်တွေကိုပါ အိမ်သို့ခေါ်လာပြီး မိတင်သန်းနှင့် လွှတ်ပေးသည်အထိ ဖြစ်လာသည်။

ဤတွင် မိမိဘဝ နစ်မွန်းတော့မည်ကို မျှော်တွေးမိလေသည်မို့ မိတင်သန်း ထိုအိမ်မှ ထွက်ပြေးလေတော့သည်။

ထွက်ပြေးခဲ့ရာမှ မိတင်သန်း လမ်းပေါ်ရောက်သွားသည်။ လမ်းပေါ်ရောက်တော့ မိတင်သန်း ယောင်ချာချာဖြစ်သွားသည်။ ကားအုံနာလက်မှ လွတ်ခဲ့ပြီ မှန်သော်ငြား သူ့မှာ လောလောဆယ် ဘယ်သွားရမှန်း၊ ဘာလုပ်ရမှန်း မသိဘဲ ဖြစ်နေသည်။

မြို့လယ်ရှိ လူစည်ကားရာ ကားမှတ်တိုင်တစ်ခုဘေးတွင် ထိုင်ကာ မိတင်သန်း ငိုင်တွေနေမိသည်။ အားငယ်နေမိသည်။

ထိုအချိန်မှာပင် ကယ်တင်ရှင် အမျိုးသမီးတစ်ဦးနှင့် မိတင်သန်း တွေ့ဆုံခဲ့ရတော့သည်။ ထိုအမျိုးသမီးက ဥပဓိရုပ်ကောင်းကောင်း၊ တောက်တောက်ပြောင်ပြောင်၊ သားသားနားနားနှင့်ဖြစ်သည်။ သူ့ကိုယ်သူ ကုန်ရောင်းကုန်ဝယ်လုပ်ငန်း လုပ်သည်ဟုလည်း ပြောသည်။

ဦးစွာ ထိုအမျိုးသမီးက မိတင်သန်း စိတ်လေနေပုံကို အကဲခတ်မိရာမှ မိတ်ဆက်ကာ အကျိုးအကြောင်းတို မေးလာခဲ့ခြင်းဖြစ်သည်။ မိတင်သန်းတလည်း ခပ်ရိုးရိုးပင် သူ့အဖြစ်သနစ်တို ပြောပြလိုက်မိသည်။

ဤတွင် ထိုအမျိုးသမီးက သူ အကူအညီပေးမည်။ အလုပ်ကောင်းကောင်းပေးမည်။ သူ့နောက် လိုက်ခဲ့ပါဟု ခေါ်လေသည်။ လုပ်ရမည့် အလုပ်အကြောင်းတွေကိုလည်း ရွှန်းရွှန်းဝေအောင် ပြောပြသည်။

မိတင်သန်းက ယုံကြည်လိုက်မိသည်။ နားခိုရာ ရပြီဟူ၍လည်း အားတက်သွားမိသည်။ ထိုအမျိုးသမီးနောက်ကိုလည်း လိုက်သွားလိုက်မိသည်။ ဟိုရောက်တော့ ထိုအမျိုးသမီး





www.burmeseclassic.com

www.burmeseclassic.com

ဇာ သူပြောသည့်အတိုင်း တကယ်ပင် ကုန်သည်ကြီး ဖြစ်နေမှန်း သိရပါတော့သည်။

ကုန်သည်က ရိုးရိုးကုန်သည် မဟုတ်ဘဲ လူကုန်သည်ကြီးဖြစ်နေကာ မိတင်သန်းကို ချက်ချင်းလောကထဲသို့ အတင်းသွတ်သွင်းခြင်း ခံလိုက်ရသည်။

ဦးစွာ ဘယ်အရပ် ဘယ်ဒေသမှန်း မသိရလေသော နေရာတစ်ခုတွင် ရက်ပေါင်းများစွာ ဘယ်မှ မသွားရ မလာရဘဲ ချုပ်နှောင်ထားခြင်းကို ခံရသည်။ ပြီးလျှင် သူတို့စေခိုင်းသည့်အတိုင်း လိုက်နာလုပ်ဆောင်ရသည်။ ထုံးဝ ငြင်းပယ်၍ မရ။ အနည်းငယ် ငြင်းပယ်မိရုံနှင့် အကြီးအကျယ် ညှဉ်းပန်းနှိပ်စက်ခြင်းခံရသည်။ ယုတ်မာရက်စက်မှု ကမ်းကုန်စွာဖြင့် မိတင်သန်း ဇာတ်အသွင်းခံခဲ့ရသည်။

သည့်နောက်တော့ ရေခြားမြေခြား ဒေသတစ်ခုကို အပို့ခံရသည်။ ငို၍ဆိုးရွားသော ငရဲတွင်းထဲသို့ ထပ်မံ၍ တွန်းပို့လိုက်ခြင်းပင် ဖြစ်သည်။

ထိုတစ်နိုင်ငံ မြို့ငယ်ခြား၌ မိတင်သန်း နစ်မွန်းသည်ထက် နစ်မွန်းခဲ့ရသည်။ ဘယ်ဆီဘယ်ဝယ်ကိုမှ ရော်ရမ်းမှန်းဆ၍ မရနိုင်သော မည်သို့မျှ လွတ်လမ်းမမြင်နိုင်သော ထိုပြည့်တန်ဆာ ရိပ်မြုံကြီးထဲ၌ နှစ်ပေါင်းများစွာပင် ကြာမြင့်ခဲ့ရသည်။

ထွက်ပြေးရန် ကြံစည်သော မိန်းကလေးတိုင်းကို သေလုမြောပါး ဖြစ်အောင်ပေးတတ်ရုံမျှမက လိုအပ်ပါက အသက်တစ်ချောင်းကိုပင် အလွယ်တကူ ဖျောက်ဖျက်ပစ်ရန် ဝန်မလေးတတ်သော ထိုရိပ်မြုံကြီး၌ မလူးသာ မလွန့်သာ နေထိုင်ခဲ့ရလေသည်။

တစ်ခါသော် ထိုလျှို့ဝှက်ရိပ်မြုံကြီးကို အစိုးရတပ်ဖွဲ့မှ သတင်းအနံ့ရသွားကာ တစ်ခုသော ညအချိန်၌ ဝိုင်းဝတ်စီးနင်းခြင်းကို ခံရလေသည်။

ဤတွင် ထိုရိပ်မြုံ၏ အစောင့်အကြပ်များက အသည့်မခံဘဲ ပြန်လည်ခုခံရာမှ ပစ်ခတ်မှုများ ဖြစ်ပွားတော့သည်။ တိုက်ပွဲများ ဖြစ်လေတော့သည်။

များစွာသော မိန်းကလေးများက နယ်စပ်ကို ဖြတ်ကျော်ကာ ဝမ်းသာအားရ ကိုယ့်အိမ်ကိုယ် ပြန်ကြလေသည်။ မိတင်သန်းသည်လည်း ရွာကို အရောက်ပြန်သည်။ သူ့အတွက်ကျန်တာက ဘာမျှအရေးမကြီး။ ကြာမြင့်စွာ ခွဲခွာနေရသော သူ့သားကလေးနှင့် ပြန်တွေ့ရဖို့သာ အရေးကြီးသည်။ သည်သားကလေးကို သူသတိရလှပြီ။ လွမ်းလှပြီ။ တွေ့ချင်လွန်းလှပြီ။

ရွာကိုရောက်တော့ အဒေါ်နှင့် အတူနေသော သားက အတော်ကြီးနေပေပြီ။ လူပျိုပေါက်ပင် ဖြစ်နေပေပြီ။ ဖြစ်ဆို မိတင်သန်း ရွာမှထွက်သွားခဲ့သည်မှာပင် ဆယ်နှစ်ခန့်ရှိခဲ့ပြီ မဟုတ်လော။

သားနှင့် ပြန်တွေ့ရတော့ မိတင်သန်း ဝမ်းသာလုံးဆို့သွားသည်။ မျက်ရည် မစဲနိုင်အောင်လည်း ငိုမိရသည်။ ထို့နောက် ရှေ့ရေးအတွက်ကို သူ စဉ်းစားရသည်။ စီစဉ်ရသည်။ သူ့အတွက် အဖြစ်ချင်ဆုံး ဆန္ဒအမှန်ကတော့ သည်သားကလေးနှင့် မခွဲမခွာ အတူနေပြီး ဘဝသစ်ကို အကောင်းဆုံးဖြစ်အောင် ထူထောင်ဖို့ပင် ဖြစ်သည်။

သို့သော် ကံကြမ္မာက သူ့ဘက်မှာ မရှိခဲ့ပါချေ။ မိတင်သန်းအတွက် လွမ်းခန်းက မဆုံးသေးပါချေ။ သူ့သတင်းတွေက ဘယ်လိုလုပ်ပြီး ရွာသို့ ရောက်နေခဲ့သည်မသိ။ သူဘာ အလုပ်လုပ်ခဲ့သည်။ သူ ဘယ်လို မိန်းမစားဆိုသည့် သတင်းတွေက ရွာထဲမှာ ပလူပျံလျက် ရှိနေလေသည်။ သူနှင့်အတူ ရောမ ရောဂါဆိုးကြီးတစ်ခုပင် ပါလာခဲ့လေဟန် သတင်းကြီးဖြစ်၍ နေလေသည်။

ဆွေမျိုး အသိုင်းအဝိုင်းမှအစ မိတင်သန်းအပေါ် လှိုက်လှိုက်လှဲလှဲ လိုလိုလားလား မရှိကြ။ မခေါ်ချင်သလိုလို မပြောချင်သလိုလို လုပ်ကြသည်။ အထင်သေးသေးသော ရွံရှာသော အကြည့်မျိုးတွေဖြင့် သေသောတစ်မျိုး သိသိသာသာတစ်မျိုး ကြည့်တတ်ကြသည်။

မိတင်သန်း ကိုယ်တိုင်ကလည်း သည်အနေအထားအားလုံးကို သိနေသည်သာဖြစ်သည်။ သို့သော် သူက မသိချင်ယောင် ဆောင်နေလိုက်သည်။ သားမျက်နှာကိုသာ တစ်ရှုထင်နေတတ်ထားလေသည်မို့ မည်သူ့ကိုမျှ ဂရုစိုက်ဘဲ မမှုသလို ထိမထင်သလို ကြိုးစားအားတင်းပြီး နေနေခဲ့သည်။

သို့သော် တစ်ခုသောနေ့၌ သူ့အား အဒေါ်ဖြစ်သူ ပြောလာခဲ့သော စကားများကမူ သူ့အတွက် မိုးကြိုးသွားထက်ပင် ပြင်းထန်စူးရှ စေခဲ့ပါတော့သည်။ သူ့နှလုံးသားတို့ကို အစိတ်စိတ် အမွှာမွှာ ပြိုကွဲ ကြေမွစေခဲ့ပါတော့သည်။

"ဟဲ့ မိတင်သန်း၊ သေသေချာချာ နားထောင်စမ်း၊ နင့်သားလေးဟာ နင် ပြန်မလာခင် ငါနဲ့အတူနေတုန်းက ရွာထဲမှာ သိပ်ကို ဦးစားပေးခံရတာပဲ၊ သူ့ရုပ်နဲ့ သူ့အမူအရာလေးကို မြင်တာနဲ့ပဲ အများက ချစ်ကြခင်ကြ၊ ခေါ်ချင်ပြောချင်ကြတယ်၊ ဖအေက သေ၊ မအေကလဲ မရှိဆိုတော့ မိတဆိုး ဖတဆိုးလေးအဖြစ်နဲ့လဲ ကရုဏာသက်ကြတယ်။

ခု ဒီလိုမဟုတ်တော့ဘူးဟဲ့ သိရဲ့လား၊ အားလုံးက ခပ်ရှောင်ရှောင် ခပ်ခွာခွာ လုပ်ကုန်ကြပြီ၊ ခါတိုင်းလာနေကျ သူ့သူငယ်ချင်းတွေတောင် အိမ်ကို မလာကြတော့ဘူး၊ အဲဒါ နင်ပြန်လာပြီးမှ ဖြစ်ရတာ"

မိတင်သန်း စိတ်ထိခိုက်ရသည်။ ဖြေမဆည်နိုင်အောင်လည်း ကြေကွဲရသည်။ မိမိ၏ အရိပ်ဆိုးက သားအပေါ် ထိုးခဲ့လေပြီ။ မိမိအတွက်နှင့် သားလေး မျက်နှာငယ်ရလေပြီ။ အပယ်ခံဖြစ်ရလေပြီ။ လူရာမဝင် ဖြစ်ရလေပြီ။

ထိုအတွေးများနှင့်အတူ မိတင်သန်းတစ်ယောက် တနုံ့နုံ့ ဖြစ်ပြီးရင်း



www.burmeseclassic.com

www.burmeseclassic.com

ဖြစ်နေရသည်။ ယူကျုံးမရ ဖြစ်နေရသည်။ ထို့နောက် ဆုံးဖြတ်ချက်တစ်ခုကိုလည်း ပိုင်ပိုင်ချလိုက်မိသည်။

နောက်တစ်နေ့မနက် လင်းအားကြီးအချိန်တွင် မိတင်သန်း ရွာမှ တိတ်တဆိတ်ပြန်ထွက်လာခဲ့သည်။ မည်သူ့မျှ မနိုးခင် မည်သူ့ကိုမျှ အသိမပေးဘဲ ထွက်လာခဲ့သည်။ အိပ်ပျော်ဆဲသားကို စောင်ပြန်ခြုံပေးရင်း စားပွဲပေါ်က သားဓာတ်ပုံလေးကိုတော့ အသာအယာ ဖြုတ်ယူလာခဲ့မိသည်။ ထိုအခိုက်အတန့်၌ အသံထွက်၍ မငိုမိအောင် သူမှာ အတော်ကြီး ကြိုးစားခဲ့ရသည်။

သူက ဖြစ်ချင်ရာဖြစ်စေတော့ဟု မျက်စိမှိတ်ပြီး ရန်ကုန်သို့သာ ထွက်လာခဲ့မိသည်။ ရန်ကုန်ရောက်တော့ ယခင်ကပ်ရပ်နေခဲ့သော ဦးလေးက ဆုံးသွားလေပြီမို့ ထိုအိမ်သို့လည်း ပြန်သွားချင်၍ မဖြစ်နိုင်တော့ပေ။ သည်လိုနှင့်ပင် သူ့ဘဝက နေရာဟောင်းသို့ တစ်ပတ်ပြန်လည်ခဲ့ရသည်ဟု ဆိုရပေတော့မည်။

နိုကိုးပိုင်းကိုတော့ နွဲ့က ဤကဲ့သို့ပင် ဆက်၍ ပြောပြလေသည်။

"သူ့ဘဝက တစ်ခါပြန်ပြီးယောင်ချာချာ ဖြစ်သွားပြန်ရော အစ်ကိုရဲ့၊ ဘယ်သွားရမှာလိုလို၊ ဘယ်လာရမှာလိုလိုနဲ့ ဖြစ်နေရှာပြန်ရော၊ အဲဒီမှာတင် တစ်ချိန်က ဘဝတူ အမျိုးသမီးတစ်စုနဲ့ မထင်မှတ်ဘဲ ပြန်ဆုံမိသွားတယ်။

အဲဒီအမျိုးသမီးတွေကလဲ မိတင်သန်းလို အဖြစ်မျိုးနဲ့ ကြုံကြရတာပဲတဲ့၊ သူတို့ခမျာ ကောင်းရောင်း ကောင်းဝယ် လုပ်စားဖို့ ကြံကြပေမယ့် ဆွေမျိုးအသိုင်းအဝိုင်းနဲ့ ပတ်ဝန်းကျင်က ဘယ်လိုမှကို လက်မခံကြဘူးတဲ့။

ဒါနဲ့ ဘဝသစ်ထူထောင်လို့မရမယ့်အတူတူ အရင်အလုပ်ဟောင်းကိုပဲ ပြန်လုပ်နေကြသတဲ့၊ မိတင်သန်းကိုလဲ သူတို့လိုပဲ ပြန်လုပ်ဖို့ တိုက်တွန်းကြသတဲ့၊ ဒါကြောင့် ဘယ်လိုမှကို မလွန်ဆန်နိုင်၊ မတတ်နိုင်လွန်းလို့သာ သူ ဒီလောကထဲ ပြန်ရောက်ခဲ့ရတာပါတဲ့။ ဒီမြို့နဲ့ ဒီသန်းထွန်းအိမ်ကိုလဲ ရန်ကုန်ကနေ တဖြည်းဖြည်းလွင့်ရင်း လွင့်ရင်းနဲ့ ရောက်လာခဲ့ရတာတဲ့ အစ်ကိုရဲ့၊ သူ့ဘဝဟာ တစ်ချက်ကလေးမှ ကောင်းတာ မရှိသလို သိပ်လဲ သနားစရာကောင်းတာပဲ"

နွဲ့က စကားကို အဆုံးသတ်လိုက်ပြီးနောက် အလွန်ရင်မောဟန်ဖြင့် သက်ပြင်းတစ်ချက်ကို ချလေသည်။ ကျွန်တော်ကမူ မည်သို့မျှ စကားမဟပ်ပဲ ငြိမ်၍သာနေမိသည်။

စိတ်ထဲတွင်လည်း သူပြောပြသော ထိုဇာတ်ကြောင်း အစအဆုံးကို နားထောင်လိုက်ရ၍ ထူးထူးကဲကဲ နင့်နင့်နဲနဲ ခံစားလိုက်ရတာမျိုး ဖြစ်ပေါ်မလာမိပေ။ အမျိုးမျိုး အထွေထွေ ရှုပ်ထွေးပွေလီလှသော လောကဇာတ်ခုံပေါ်မှ တစ်ယောက်သောသူ၏ ဖြစ်ရိုးဖြစ်စဉ် သာမန်ဇာတ်လမ်းမျိုးကို ကြားနာသိမှတ်လိုက်ရခြင်းမျှသာဟု ရိုးရိုးပင် နှလုံးသွင်းမိသည်။

မကြာမီ ကျွန်တော့်သား ကိုသူ ဘော်ဒါမှ ပြန်ရောက်လာသည်။ ကိုသူ ရောက်လာသဖြင့် အိမ်နေမိသားစု တစ်ယောက်တိုးလာသည်။ ထိုအတွက် ကျွန်တော်က ဝမ်းသာနေသည်။ ကျွန်တော့်ခြံထဲမှာ ရေလောင်းကူမည့်သူ၊ ပေါင်းရှင်းဆေးဖျန်းကူမည့်သူ တစ်ယောက်တိုးလာသည် မဟုတ်လော။

ကျွန်တော့်သားက ကျွန်တော်နှင့် စရိုက်တူပင်ဖြစ်သည်။ သူက ပြန်ရောက်ရောက်ချင်းပင် ကျွန်တော့်လုပ်အားဖြင့် ဝေဝေဆာဆာဖြစ်နေသည့် ခြံဝင်းတစ်ခုလုံး လျှောက်ကြည့်ကာ အပျော်ကြီးပျော်နေသည်။

ပြီး ကျွန်တော်နှင့်အတူ တက်ကြွစွာ ပါဝင်သည်။ သူနှစ်သက်သော ပန်းပင် သစ်ပင်တွေကိုလည်း ရှာဖွေယူလာပြီး ခြံထဲမှာ စိုက်သည်။ သားအဖနှစ်ယောက် ကောင်းနိုးရာရာတို့ကို ဆွေးနွေးတိုင်ပင်၍လည်း တက်ညီလက်ညီ လုပ်ကြကိုင်ကြသည်။

နွဲ့က ကျွန်တော်တို့ကိုကြည့်ပြီး ပီတိတွေ ဖြစ်နေသည်။ အားတက်ရွှင်လန်းနေသည်။ ချက်ရေး ပြုတ်ရေး အိမ်မှုကိစ္စတွေ ဆောင်ရွက်ပြီးသည်နှင့် သူပါ ခြံထဲ ဆင်းလာသည်။ တတ်အားသမျှ ဝိုင်းဝန်းကူညီသည်။

ဤသို့ဖြင့် ကျွန်တော်တို့မိသားစု ရိပ်မြုံကလေးက နေချင့်စဖွယ် သာယာချမ်းမြေ့မှု အပေါင်းနှင့် ပြည့်စုံလာလေသည်။

သို့သော် လောကထုံးစံအတိုင်း ထိုသာယာချမ်းမြေ့မှုက ထာဝရတည်တံ့ခိုင်မြဲနေသည်တော့မဟုတ်ပါ။ အဘယ်ကြောင့်ဆိုသော် မကြာမီ အချိန်အတွင်းမှာပင် ထိုသာယာချမ်းမြေ့ပါသည်ဆိုသော နယ်ပယ်အတွင်းသို့ သောကဟူသည့် သတ္တဝါဆိုးက ခြေတစ်ဖက်ချ၍ သွေးတိုးစမ်း မွှေနှောက်လာခြင်းကြောင့် ဖြစ်ပါလေသည်။

တစ်နေ့တွင် နွဲ့ထံမှ ထူးဆန်းသော စကားတစ်ခုကို ကျွန်တော် စပြီး ကြားလာရသည်။

"နွဲ့လဲ ပြောမယ် ပြောမယ်နဲ့ ကြံနေတာ ကြာပြီအစ်ကို၊ မဟုတ်ဘဲ ပြောမိမှာစိုးလို့ အခြေအနေကို ကြည့်နေတာ၊ ခုတော့ ပြောမှဖြစ်တော့မယ် ထင်လို့"

"ဟေ ဘာများလဲ၊ မင်း စကားကြီးက မထိတ်သာ မလန့်သာပါလား"

"ဟုတ်တယ် အစ်ကို၊ အခြား မဟုတ်ဘူး၊ အိမ်ကို လာလာနေတဲ့ မိတင်သန်းနဲ့ သားတို့ရဲ့ဆက်ဆံရေးတ သာမန်မှ ဟုတ်ရဲ့လားလို့ပါ"

"ဟ- မင်းစကားက ဆန်းလှချေလား၊ ဘာတွေ ဘယ်လိုဖြစ်နေတာ တွေ့လို့တုံး"

ကျွန်တော်က ရုတ်ခြည်းပင် သွေးပူသွားသည်။



www.burmeseclassic.com

www.burmeseclassic.com

ပြော်ရလျှင် မိထင်သန်းကို အိမ်မှာ သုံးလေးခါ တွေ့ဖူးလေပြီ။ ပြောဆိုနေထိုင်ပုံနှင့် ဥပဓိရုပ်ကအစ ကျွန်တော်အကဲခတ်မိသလောက်တော့ နွဲ့ပြောသလိုပင် ကိုယ်က စာရိတ္တ ချို့ယွင်းခဲ့တန်မတူ။ ပုံမှန်အမျိုးသမီးတစ်ယောက်တဲ့သို့ပင် တွေ့ရသည်။

သူက တစ်ခါတစ်ရံ အိမ်ကိုလာမည်။ မာလကာသီး ဝယ်မည်။ ပန်းဝယ်မည်။ နွဲ့နှင့် ခဏတစ်ဖြုတ် စကားမြည်ပြောမည်။ ပြီးလျှင် သူ့နေရာသူပြန်သွားမည်။

ကျွန်တော်ကတော့ ဒါလောက်သိသည်။ ကျွန်တော်နှင့်လည်း စကားရယ်လို့ ဟုတ်တိပတ်တိ ပြောဖူးသည်မဟုတ်။ လူချင်းတွေ့၍ အလိုက်သင့်ပြုံးပြ၊ တစ်ခွန်းစ နှစ်ခွန်းစ နှုတ်ဆက်ပြောဆို၊ ဒါလောက်ထက် မပိုပါ။ ကျွန်သည့်အချိန်ကလည်း ရုံးမှာသာ နေရသူမို့ ဒီ့ပြင်အကြောင်းတွေကိုတော့ နွဲ့ပြောမှသာ သိရပေမည်။

"နွဲ့ကတော့ သံသယဖြစ်တာအမှန်ပဲ အစ်ကို၊ မိတင်သန်းဟာ သားကို ရောလွန်းတယ်၊ နွဲ့မှတ်မိသလောက်တော့ သူ သားကို စတွေ့ဖူးပြီဆိုကတည်းက သည်းသည်းကို လှုပ်နေတာပဲ၊ သားနဲ့တွေ့တာနဲ့ ဣန္ဒြေကို မရှိတော့ဘူး ခြံထဲကိုလဲ အဝင်အထွက်များလာတယ်၊ သားကို ဟိုဟာဝယ်ပေး၊ ဒီဟာဝယ်ပေးတွေလဲ လုပ်တယ်၊ နွဲ့က သတိထားနေတော့ သိတာပေါ့။

အရင်ကဆို ခြံထဲကို တစ်ခုခုဝယ်စရာရှိမှ လာတာ၊ ခုတော့ ချောင်းပေါက်မတတ်ကို လာနေတော့တာပဲ၊ နောက်ပြီး အရင်က သားနဲ့တွေ့ရင် ...လားမောလား ပြောလားဆိုလား ...ပ်နဲ့ပဲ၊ ခုတော့ လူချင်းပါနီးလာပြီး ...လားကိုင်လား၊ ပခုံးဖက်လားတွေပါ ...လာတယ်ရှင့် သိလား"

ကျွန်တော်က ငြိမ်ပြီး စဉ်းစား...သည်။

ပြီးတော့မှ . . .

"အင်း အတွေးတော့ လိုတာထက် မလွန်စေနဲ့ဦးပေါ့ကွာ၊ ဟိုလိုမျိုးကြီးဖြစ်ဖို့ဆိုတာက သိပ်တော့မလွယ်ပါဘူး၊ မိတင်သန်းနဲ့ မင်းသားက အရွယ်ချင်းလဲ မျှတာမဟုတ်ပါဘူး၊ နောက်တစ်ခုက ခုခေတ်မှာ ဒီလိုနေထိုင်ဆက်ဆံပုံမျိုးကို တွေ့တိုင်း မရိုးသားဘူးလို့ ပြောဖို့က ခပ်ခက်ခက်ပဲကွ၊ ခေတ်က အရင်လိုမှ မဟုတ်တော့ဘဲ"

နွဲ့ကို ဖေ့ါစေလိုသောဆန္ဒဖြင့် ခပ်ဖော့ဖော့ပြောလိုက်သည်၊ သို့သော် နွဲ့က ဒါကို လက်မခံပါ။

"ရှင့်သားက လူပျို့ပေါက်စကလေး မဟုတ်တော့ဘူး၊ တက္ကသိုလ်ကျောင်းသားကြီးတောင်ဖြစ်နေပြီဆိုတာ ထည့်တွက်ဦးလေ၊ အရွယ်မျှမျှ မမျှမျှ မှားယွင်းတတ်တာကို ရှင်မကြားဖူးဘူးလား၊ ပြီးတော့ အပျက်မဆိုတာ စည်းကမ်းရယ်လို့၊ အရှက်ရယ်လို့ ရှိသတဲ့လား၊ ကျွန်မကတော့ ဒီကောင်မကို တစ်နေ့ထက် တစ်နေ့ ဘယ်လိုမှ ကြည့်လို့မရတော့ဘူး၊ သူခြံထဲဝင်လာတာတွေ့တာနဲ့ စိတ်ထဲမှာ ဆိုးဆိုးဆတ်ဆတ်တွေကို ဖြစ်ဖြစ်လာတယ်၊ သူ သားနဲ့တွေ့တဲ့အခါ ဝတ်စားထားလိုက်တာများ သူ့တစ်ကိုယ်လုံး ကျပ်လို့ ထုတ်လို့၊ ဖုလို့ ဖောင်းလို့၊ ခြယ်သလိမ်းကျံထားလိုက်တာကလဲ အနံ့တထောင်းထောင်းထွက်လို့၊ ကောင်မကိုက"

နွဲ့၏အသုံးအနှုန်းများက တစ်စတစ်စ ရင့်သီးလာသည်။ မျက်နှာကပါ ဒေါသရောင်ဖြင့် နီရဲထူအမ်းလာသည်။ သားဇောဖြင့် သွေးအဆိပ်တွေ ငယ်ထိပ်အထိ တက်လာဟန်တူသည်။

ကျွန်တော်က ပြောလိုက်ပြန်သည်။

"သူဝတ်တာ စားတာကိုတော့ သွားမပြောနဲ့ကွာ၊ သူက ဒီအလုပ်ပဲ အမြဲလုပ်နေတာဆိုတော့ ဒီလိုပဲ အမြဲဝတ်စားနေမှာပဲပေါ့၊ နို့ မင်းပဲပြောတာမဟုတ်လား၊ မိတင်သန်းက မဆိုးပါဘူးဆို၊ တခြားသူတွေလို မဟုတ်ပါဘူးဆို၊ ခုတော့ မင်းစိတ်က အရှုပ်လို့ ပြောက်ပြန်တော့ဘူးလား"

"အို . . ဒါကတော့ ဟိုတုန်းက ပြောတာပဲ၊ ခုဟာက ခုအခြေအနေကြောင့် ပြောရတာပဲ၊ ကျွန်မက ပြတ်တယ်၊ ဒီထက်ပိုလွန်လာရင် ဒီကောင်မ ကျွန်မနဲ့ ကောင်းကောင်းတွေ့မယ်"

နွဲ့က ခြေသံပြင်းပြင်းပေးကာ ထွက်သွားသည်။ ကျွန်တော် သက်ပြင်းချမိသည်။ ပြောမည်ဆို ကျွန်တော်လည်း မိဘတစ်ဦးပင်။ ကြောက်စရာကောင်းသော မိန်းမများ ပတ်လည်ဝိုင်းနေသည့် အနေအထားတွင် သားအတွက် ထိုတ်သလောက် ပူပန်မိတာတော့ အမှန်ပါ။

သို့သော်ငြား ပြဿနာတစ်ရပ်အပေါ် ကြုံကြိုက်ရုံ၊ တိုက်ဆိုင်ရုံနှင့် တထစ်ချ စွဲယူဆုံးဖြတ်၍ မရ။ စဉ်းစဉ်းစားစား ချိန်ချိန်ဆဆ လုပ်ဖို့လိုသည်။ ခိုင်မာမှုရှိအောင် စောင့်ဖို့လိုသည်ဟု ကျွန်တော် ထင်သည်။

ထိုနေ့ကတော့ မိတင်သန်း ပြဿနာက ဇာတ်ရှိန်ပိုမြင့်လာသည်ဟု ဆိုရမလို ဖြစ်နေသည်။

ဖြစ်ပုံမှာ ထိုနေ့နံနက်က ရုံးအားရက် ဖြစ်သဖြင့် ကျွန်တော်က အိမ်အပေါ်ထပ်၌ အေးအေးဆေးဆေး စာဖတ်၍ နေလေသည်။ အချိန်မှာ နံနက် ၉ နာရီခန့်ရှိလေပြီ။ ထိုအချိန်မှာပင် လှေကားပေါ် ခြေသံ တဒုန်းဒုန်းမြည်အောင် နင်းတက်လာသည့် အသံကို ကျွန်တော်ကြားရသည်။

လှမ်းကြည့်လိုက်တော့ နွဲ့က ထဘီကို လက်တစ်ဖက်ဖြင့် ခြေသလုံးပေါ်အောင်ဆွဲကာ တက်လာသည်ကို တွေ့ရလေသည်။ ကျွန်တော့်ဘေးတကုလားထိုင်တွင်လည်း ဝုန်းခနဲ ဝင်ထိုင်လိုက်သည်။

"ရှက်တယ် ကျွန်မတော့ သိပ်ရှက်တာပဲ"



www.burmeseclassic.com

www.burmeseclassic.com

နွဲ့က ပြောသည်။ စာအုပ်ကို အသာချပြီး ကျွန်တော် နွဲ့ကို ကြည့်မိသည်။ သူ့မျက်နှာတွင် အတွင်းမှ ဒေါသစိတ်ကြောင့် သွေးနီတွေရဲတက်နေတာ တွေ့ရသည်။

"ဘာတွေ ဖြစ်လာကြပြန်တာလဲ ကွာ၊ မင်းတို့ကလဲ"

"ဘာဖြစ်ရမလဲ ဟိုတောင်မပဲ ပေါ့၊ လူကြားထဲမှာ အရှက်ခွဲလိုက်ပြန်ပြီ ကျွန်မတစ ဈေးထဲဝင်နေတုန်း ကိုသူ့ကို အပေါက်ဝက ဆိုင်တယ်အပ်တဲ့ နေရာနားမှာပဲ စောင့်ခိုင်းထားခဲ့တာ။

ကျွန်မ ဈေးဝယ်ပြီး ပြန်ထွက်လာတော့ ဘာမြင်ရတယ် ထင်သလဲ၊ ရှင့်သားကို ဟိုဘက်အိမ်က ့ကောင်မတချို့နဲ့အတူတွေ့လိုက်ရတယ်၊ဒီကောင်မတွေက ဈေးဝယ်ဖို့အလာ အပေါက်ဝမှာ ကိုသူနဲ့ တွေ့သွားကြဟန် တူတယ်၊ မိတင်သန်းလဲ ပါတယ်။

ကျွန်မက ခပ်လှမ်းလှမ်းကပဲ ရပ်ကြည့်နေသေးတယ်၊ မိတင်သန်းက ဘယ်လောက်ကဲသလဲ သိလား၊ ကိုသူ့ကို အတင်းလက်ဆွဲပြီး အထည်ဆိုင်တစ်ဆိုင်ရှေ့ ခေါ်သွားတယ်၊ ပြီးတော့ စပို့ရှပ်တစ်ထည်ကို ဝယ်ပေးတယ်။

မဝယ်ခင် အင်္ကျီတွေကို တစ်ထည်ပြီး တစ်ထည်ရွေးလိုက်၊ ကိုသူ့ကိုယ်လုံးနဲ့ ကပ်ပြီး တိုင်းကြည့်လိုက်နဲ့ လုပ်နေသေးတယ်၊ မြင်ရတာနဲ့ကို အသည်းယားစရာကောင်းလိုက်တာ။

ပြီးတော့ ဘေးပတ်ဝန်းကျင်မှာ လူတွေက ကြည့်နေကြတာ၊ မိတင်သန်းလို မိန်းမမျိုးနဲ့ ဒီလို ဆက်ဆံရေးမျိုးရှိနေတာ မြင်ရမှတော့ သားကို အထင်မသေးကြပေဘူးလား၊ ရှင်စဉ်းစားကြည့်၊ ကျွန်မဖြင့် လူမြင်ကွင်းကြီးမှာ ရှက်လို့ သေတော့မယ်"

နွဲ့က ရေတစ်ခွက်ကိုခပ်သောက်နေသည်။ ကျွန်တော်က နှုတ်ဆိတ်နေမြဲ။

"မဟုတ်မှလွဲရော၊ ကျွန်မတော့ ရှင့်သား ကိုယ်တိုင်ကကို မိတင်သန်းဘက်ပါနေပြီထင်တာပဲ၊ မဟုတ်မဟုတ်တွေ ဖြစ်နေကြပြီထင်တာပဲ၊ မိတင်သန်းနဲ့ တွေ့ရင် သူ့မျက်နှာက ပြုံးလို့ ကြည်လို့ရှင့်။

ကျွန်မလဲ အပြန်ဆိုင်ကယ်ပေါ်မှာ ဒေါသဖြစ်ဖြစ်နဲ့ တစ်လမ်းလုံးပြောလာခဲ့တယ်၊ ဒီကောင်မနဲ့ နေထိုင်ဆက်ဆံပုံ မကြိုက်တဲ့အကြောင်း ပြောလာခဲ့တယ်၊ ပြောရင်း ပြောရင်း စိတ်ကတိုလွန်းမက တိုလာတာမို့ သူ့ရင်ဘတ်ထဲက ဟိုကောင်မ ဝယ်ပေးလိုက်တဲ့ အင်္ကျီကိုပါ ဆွဲထုတ်ပြီး လမ်းပေါ်လွှင့်ပစ်ထားခဲ့တယ်"

"အဲဒီတော့ ကိုသူကကော မင်းကို တစ်ခုခု ပြန်ပြောသလား၊ ဘာတွေ ပြန်ပြောသလဲ"

"မပြောဘူး၊ မျက်နှာကြီး ညိုကုပ်ပြီး ငြိမ်နေတယ်၊ ဘာပဲဖြစ်ဖြစ်ရှင်၊ ကျွန်မတော့ ဆက်ပြီး သည်းမခံနိုင်တော့ဘူး၊ ဒီကောင်မကို လုံးလုံးကြည့်လို့ မရတော့ဘူး။

ဒီနေ့ကစပြီး ခြံထဲကို အလာမခံတော့ဘူး၊ ခပ်ပြတ်ပြတ်ပဲ ပြောလွှတ်လိုက်တော့မယ်၊ ကိုသူကိုလဲ ဒီလောက်နဲ့ မရသေးဘူး၊ ထပ်ပြောမှ ရမယ်၊ ပြန်လာပစေဦး"

"ဟေ့ ဟေ့ သားကိုတော့ ကြည့်ကြက်ပြောနော်၊ မင်းပြောလိုက်မှ ပိုဆိုးသွားဦးမယ်၊ စိတ်ညစ်ပြီး ထင်ရာလုပ်လိုက်မှ ကိုယ်ကျိုးနည်းနေဦးမယ်။

ငါတစ်ယောက်လုံး ရှိပါသေးတယ်၊ ဒီကိစ္စမျိုးက ဖြည်းဖြည်းသက်သာရှင်းမှ ကောင်းတာကွ၊ ငါတော့ ဒီလောက်နဲ့တင် မင်း ထင်သလိုမျိုး မထင်ချင်သေးဘူး။

နောက်တစ်ခုက သူ့မှာ ရည်းစားရှိပြီးသား မိန်းကလေးရှိနေတာ ငါလဲ အသိ၊ မင်းလဲအသိပဲဟာ၊ လိုတာထက်ပိုပြီး သောကမရောက်စမ်းပါနဲ့ကွာ"

"ကျွန်မတော့ ဘာမှ မပြောတတ်တော့ဘူး၊ စိတ်ဆင်းရဲတာပဲ သိတယ်"

နွဲ့ကပြောပြီး နေရာမှ ထသွားတော့သည်။ ထိုအခိုက် အိမ်ထဲဝင်လာသော ဆိုင်ကယ်သံကို ကြားရသည်။ ကျွန်တော် ငုံ့ကြည့်လိုက်တော့ အပြင်မှ ပြန်လာသော ကိုသူကို တွေ့ရသည်။



ထိုနေ့မှစ၍ နွဲ့က မိတင်သန်းတို့ မည်သို့မည်ပုံ ပြောဆိုဆက်ဆံ လွှတ် လိုက်သည်မသိ။ ကျွန်တော့် ခြံဘက်သို့ ပေါ်လာတာ မမြင်ရတော့ပေ။

"အမယ် လာတော့ လာသေး တယ်ရှင့်၊ မနေ့ညနေကပဲ ဘုရားဝန်း ဝယ်ဖို့ လာသေးတယ်၊ ကျွန်မက ဘယ် ရမလဲ သူလာတိုင်း ရောင်းစရာ မရှိဘူး ချည်းပဲ ခပ်တည်တည်နဲ့ ပြောလွှတ် လိုက်တယ်၊ ခြံတံခါးကိုလဲ အမြဲတမ်း ပိတ်ထားလိုက်တယ်၊ ခုလောက်ဆို သူ ကောင်းကောင်း သိလောက်ပြီ။

ဒါပေမဲ့ ဒီကောင်မက ဖွဲ့တော မလျှော့သေးဘူးရှင့်၊ သူ့အိမ်ထဲ ဝင် မရတော့ အပြင်ကနေပဲ ကိုသူ ချောင်းချောင်းနေတယ်၊ ကိုသူရှိတဲ့ ကိုပဲ မျှော်မျှော်ကြည့်နေတယ်။

ကျွန်မက အကွယ်ကနေ စော စောင့်ကြည့်နေတော့ သိတာပေါ့၊ အ အစ်ကို ဒီလို မကောင်းတာ လုပ်စား တဲ့သူတွေကို ဆိုင်ရာက ဘာကြော မဖမ်းတာတဲ့လဲ"

"အင်း ဖမ်းတော့ ဖမ်းတယ် ဒါပေမဲ့ သက်ဆိုင်ရာကလဲ သူ အတွက်ချည်း အချိန်မပေးနိုင်တာ ဘယ်လောက်အရေးယူယူ မေ့လော တယ်ရှိ သူတို့က ခေါင်းပြန်ထောင် တာပဲ။

ပြီးတော့ ဒီအလုပ်လုပ်စားတဲ့ တွေဆိုတာက နေရာတိုင်းမှာရှိတယ် ဂျာနယ်တွေ၊ သတင်းစာတွေမှာ မတွေ့ဘူးလား၊ မကြာမကြာ ဖော် ပြီး ဖမ်းဆီးနေတာကို။

သူတို့ကလဲ လူပါးတွေ အလုပ်မျိုးကို ပေါ်တင်လုပ်လို





www.burmeseclassic.com

www.burmeseclassic.com

သိတော့ အပေါ်ယံမှာ အသွင်အမျိုးမျိုး ယူပြီး လုပ်ကြတာ၊ အလုပ်ပြင်ဆိုင်လိုလို၊ စားသောက်ဆိုင်လိုလို၊ တည်းခိုခန်းလိုလိုနဲ့ ဖန်းပြပြီး လုပ်တတ်ကြတာ။

အခုပဲ မင်းလှမ်းကြည့်လိုက်စမ်း။ ဟိုမှာတွေ့လား၊ ဧည့်သည်ယောကျ်ားတွေနဲ့ ကောင်မလေးတွေ တရုန်းရုန်းဖြစ်နေပုံကို၊ ရုတ်တရက်ဆိုရင် အိမ်ရှေ့ကိုပဲ မြင်ရတာမို့ ဘီယာဆိုင်လိုလို၊ စားသောက်ဆိုင်လိုလို ထင်စရာမကောင်းပေဘူးလား။

ဒါကြောင့် သက်ဆိုင်ရာကလဲ သူတို့ကို ဖမ်းတော့မယ်ဆိုရင် အချိန်ယူပြီးမှ သေသေချာချာလုပ်ရတာ၊ ချက်ချင်း ဖြန်းဆို ဝင်ဖမ်းလို့မရဘူး၊ သက်သေ သက္ခာရတွေ၊ အထောက်အထားတွေ ခိုင်လုံအောင် တည်ဆောက်ပြီးမှ ပိုင်ပြီဆိုမှ လုပ်ရတာမျိုးကွ"

"အင်း ဟုတ်တယ်နော်၊ လူတွေရဲ့ လောဘများ တယ်ကြောက်စရာကောင်းတာပဲ၊ ပိုက်ဆံရ ပြီးတာပဲဆိုပြီး ငရဲမရှောင် ဘာမရှောင် သူတို့မှို လုပ်ဝံ့ကြတယ်"

နွဲ့က မှတ်ချက်ချသည်။

သူ့မျက်နှာပေါ်မှာတော့ မိတင်သန်းရန်မှ ဝေးသင့်သလောက် ဝေးသွားပြီဖြစ်၍ အထိုက်အလျောက် တင်းမာမှု လျော့ပါးနေတာကို အထင်းသားတွေ့နေရလေသည်။

သည်နေ့တော့ ကျွန်တော်တို့ ဌာနသို့ စာရင်းစစ်ဝင်လေသည်။ စာရင်းစစ်အဖွဲ့က တစ်နေ့တည်း အပြီးစစ်ဆေးမည် ဆိုသဖြင့် ကျွန်တော် အိမ်မပြန်အား။ နေ့လယ်စာကို နွဲ့က လာပို့ပေးသည်။

လုပ်ငန်းက ရုံးဆင်းချိန်ရောက်သည်အထိ မပြီးပြတ်သေးပါ။ အချိန်ပိုဆက်ကိုင်နေကြရသည်။ ညနေစောင်းချိန်ရောက်တော့ နွဲ့က ရုံးဘက်သို့ လှည့်လာလေသည်။

ယနေ့ သူ့မွေးနေ့ ဖြစ်သည်။ ဘုရားတွင် သွားရောက်ကာ ရေချမ်းဆီမီး သက်စေ့ပူဇော်ပြီးနောက် ကျွန်တော်တို့ ရုံးဘက်သို့ လှည့်ဝင်လာခဲ့ခြင်း ဖြစ်သည်။ ကျွန်တော့်ကို စောင့်ခေါ်ကာ အိမ်သို့ အတူပြန်ကြရန် ရည်ရွယ်ဟန်တူလေသည်။ လုပ်ငန်းပြီးချိန်အထိ နွဲ့က ထိုင်စောင့်နေသည်။

နေဝင်ရီတရော အချိန်လောက်ရောက်မှ ကိစ္စအဝဝ ပြီးပြတ်တော့သည်။ ကျွန်တော်တို့ ဇနီးမောင်နှံ လိုင်းကားစီးပြီး အိမ်ပြန်လာခဲ့ကြသည်။ ရပ်ကွက် ကားဂိတ်သို့ရောက်လျှင် ကားပေါ်မှဆင်းပြီး အိမ်သို့ လမ်းလျှောက်ပြန်လာခဲ့ကြသည်။

နှစ်ဦးသား စကားတပြောပြောနှင့် လျှောက်လာခဲ့ကြပြီးနောက် ခြံအပေါက်ဝသို့ ရောက်လာခဲ့ကြသည်။ ခြံတံခါးက ဟင်းလင်းပွင့်လျက်ရှိသည်။

ထိုအခိုက်အတန့်၌ ကျွန်တော်တို့က ပြုံ့င်တူလိုလို အိမ်တွင်းသို့ အမှတ်မထင် လှမ်းကြည့်လိုက်မိကြသည်။

ဤတွင် မျက်ဝါးထင်ထင် မြင်တွေ့လိုက်ရသောမြင်ကွင်းတစ်ခုကြောင့် နှစ်ဦးလုံး ပါးစပ်အဟောင်းသား ဖြစ်သွားကြရသည်။ ကြက်သေ သေသွားကြရသည်။

ယခင်က နွဲ့ပြောသောစကားတို့ကို ကျွန်တော်က ယုံကြည်လှသည် မဟုတ်သလို၊ အလေးအနက်လည်း ထားခဲ့သည် မဟုတ်ပါ။ ထို့ကြောင့် နွဲ့အား ကျွန်တော်က ငြင်းပယ်သော၊ ဖျောင်းဖျသော၊ နှစ်သိမ့်ချော့မော့သော စကားများကိုပင် အတန်တန် ပြောခဲ့သေးသည် မဟုတ်ပါလော။

ယခုတော့ ကျွန်တော့်တွေးဆချက်၊ ကျွန်တော့်ထင်မြင်ချက်များက ပါစင်အောင် လွဲမှားသွားခဲ့ရပြီ ဖြစ်သလို နွဲ့၏ မိန်းမတွေး၊ မိန်းမဉာဏ်တို့ကသာ လုံးဝဥဿုံမှန်ကန်ခဲ့လေပြီဟု ဆိုရချေတော့မည်။

မဆို၍လည်း မရပါ။

သည်တစ်ခါတော့ ကျွန်တော့် မျက်စိနှင့် တပ်အပ်ကြီး မြင်တွေ့ရခြင်း ဖြစ်ပါသည်။ ကြုံကြိုက်မှု မဟုတ်ပါ။ တိုက်ဆိုင်မှုလည်း မဟုတ်ပါ။ ခိုင်မာမှုပင် ဖြစ်ပါသည်။

သည်လိုပါ။ အချိန်မှာ မိုးချုပ်စပြုနေပြီဆိုသော်ငြား အလင်းရောင်က အနည်းငယ်ရှိနေပါသေးသည်။ ကျွန်တော်တို့ မြင်တွေ့ရသည့်အတိုင်း ဆိုရပါလျှင် အောက်ထပ်တံခါးမကြီး၏ အဝ၌ ကျွန်တော့်သားကိုသူက ကုလားထိုင် တစ်လုံးပေါ်တွင် ထိုင်၍နေသည်။

စကပ်တိုနံ့နံ့ကြောင့် ခြေသလုံးအဖွေးသားပေါ်နေသော မိတင်သန်းက အပြင်ဘက်ကို ကျောပေးကာ ရပ်နေသည်။ ကိုသူ့နှင့်လည်း ကိုယ်လုံးချင်း ပူးထားသည်။

ပြီးတော့ သူ့ဘယ်ဘက်လက်နှင့် ကိုသူ့ပခုံးကို သိုင်းဖက်ထားကာ ညာဘက်လက်ဖြင့် ကိုသူ့မျက်နှာကို ဆွဲမော့ပြီး ငုံ့နမ်း၍ နေလေသည်။ အကြိမ်ကြိမ်နမ်း၍ နေလေသည်။ မြင်ရသည့် မြင်ကွင်းက ကြည့်မကောင်းလှသော မြင်ကွင်းမျိုးပင် ဖြစ်ပါလေသည်။

ကျွန်တော် ခေါင်းနားပန်းကြီးသွားသည်။ ဘာလုပ်ရမှန်းမသိအောင်လည်း ဖြစ်နေသည်။

သို့သော် နွဲ့၏ လှုပ်ရှားမှုကမူ မြန်ဆန်လှ၏။ သွက်လက်လှ၏။ သူက အိမ်တွင်းသို့ ရုတ်ခြည်းပင် ပြေးဝင်သွားသည်။ ထို့နောက် မိတင်သန်း၏ ကိုယ်လုံးကို နောက်မှနေပြီး တအားဆွဲခါလိုက်လေသည်။

"ဟဲ့ကောင်မ မိန်းမယုတ်၊ နင်ငါ့အိမ်ထဲဝင်ပြီး ငါ့သားကို ဘာလုပ်တာလဲဟင်၊ ဘာလုပ်တာလဲ၊ ပြောစမ်း ပြောစမ်း"

နွဲ့အသံက စူးစူးဝါးဝါးရှိလှသည်။ ဒေါသတကြီးဖြင့် မိတင်သန်းအား တွန်းထိုးခါယမ်း၍နေလေသည်။ ပထမတော့ မိတင်သန်းရော ကိုသူပါ ရုတ်တရက်မို့ ကြောင်အမ်းအမ်း ဖြစ်သွားကြသည်။

www.burmeseclassic.com

- ကိုသူက မိခင်ဖြစ်သူကို အငေးသားကြည့်နေမိသလို မိတင်သန်းကလည်း အံ့အားသင့်၍ နေလေသည်။ နောက်တော့မှ မိတင်သန်းက သတိဝင်လာပြီး လက်ဝါးနှစ်ဖက်ကိုတာလျက် တုန်လှုပ်သော အသံဖြင့်. . .

"အစ်မနဲ့၊ မ မဟုတ်ဘူး မဟုတ်ဘူး၊ ကျွန် ကျွန်မ ရှင်းပြ. . ."

"ဘာမှ မရှင်းပြနဲ့၊ ငါ အကုန်မြင်ပြီးပြီ၊ နင်ထွက်သွား၊ ခုထွက်သွား၊ ငါလက်မလွန်မီ မြန်မြန်ထွက်သွား၊ ဟဲ့ ကိုသူ အမျိုးယုတ်၊ နင်ကျပ်ကျပ် သတိထား၊ မိဘကအလိုလိုက်ထားလို့ အမိုက်စော်ကားပြတာပေါ့လေ၊ ကဲ စော်ကားဦးဟယ်၊ စော်ကားဦး"

နွဲ့တစ်ယောက် မိုးမီးလောင်၍ နေလေပြီ။

မိတင်သန်းကို ကြိမ်းမောင်းသည်။ သူ့သားကိုပါ မာန်သည်။ မာန်ရုံမျှမက တွေ့ရာ မြင်ရာတို့ကိုလည်း ရိုက်ပုတ်၍ နေလေသည်။

ကိုသူက ခပ်ငိုင်ငိုင် ဖြစ်မြဲဖြစ်နေသည်။ မိခင်ကို ဘာမျှပြန်မပြော။ မိတင်သန်းကလည်း တစ်စုံတစ်ရာမျှ နွဲ့ကို ပြန်ပြောခြင်းမရှိတော့ဘဲ မျက်နှာကို လက်ဝါးနှစ်ဖက်ဖြင့် အုပ်လျက် တသိမ့်သိမ့် ရှိုက်ငို၍နေလေသည်။

ပြန်ပြော၍လည်း ရတော့မည် မဟုတ်။ ယခုအချိန်၌ သူက နွဲ့၏ ဒေါသလှိုင်းလုံးများအောက်တွင် စုံးစုံးမြုပ်နေရပြီ မဟုတ်ပါလော။

မကြာမီပင် မိတင်သန်းက ချာခနဲလှည့်ကာ ခေါင်းငုံ့လျက် ခြံတွင်းမှ ထွက်ခွာသွားလေသည်။

ကိုသူကလည်း သူ့အိပ်ခန်းထဲသို့ ဝင်သွားသည်။

ကျွန်တော်က နွဲ့လက်မောင်းကို ကိုင်ကာ တစ်ချက်မျှ ဖျစ်လိုက်သည်။ ဒေါသကို စိတ်ရှိတိုင်း လွှတ်မပေးရန် သတိပေးလိုသည့် သဘောမျိုးအပြင် ဟိုအိမ်မှ အမျိုးသမီးတစ်အုပ်နှင့် လမ်းသွားလမ်းလာတချို့က ကြည့်ရှုအကဲခတ်နေကြသည်ကို နွဲ့သိစေလိုသည့်အတွက် ဖြစ်ပါသည်။

ထိုနေ့မှစ၍ ကျွန်တော်တို့ မိသားစု အတွင်း၌ ပျော်ရွှင်လန်းဆန်းမှုအစား ထိုင်းမှိုင်းသေ့ခြောက်မှုက နေရာယူ၍လာလေသည်။ စိတ်ဆင်းရဲခြင်း ကိုယ်စီဖြင့် အသီးသီး လေးလံနွမ်းလျနေကြသည်။

တစ်ဦးနှင့်တစ်ဦး မျက်နှာချင်းဆိုင်ရမည်ကိုပင် ဝန်လေးသကဲ့သို့ ဖြစ်နေကြသည်။ အထူးသဖြင့် ကိုသူက ကျွန်တော်တို့ကို ခပ်ရှောင်ရှောင်လုပ်၍ နေလေသည်။

ထိုကိစ္စနှင့်ပတ်သက်ပြီး ကိုသူ့အပေါ် ဘာတစ်ခုမျှ ထပ်မပြောဖို့ကိုတော့ နွဲ့ကို ကျွန်တော် တင်းတင်းကျပ်ကျပ် မှာကြားထားသည်။ လွန်ပြီးသားကိစ္စက လွန်ပြီးသွားလေပြီ။ မည်သို့မျှ တတ်နိုင်တော့သည် မဟုတ်။

သူ့ကိုထပ်ကာ ထပ်ကာ ဖိပြောနေခြင်းဖြင့် ပို၍ စိတ်ဆင်းရဲအောင် လုပ်နေသကဲ့သို့သာ ဖြစ်နေပေလိမ့်မည်။

ထို့ကြောင့် လက်ရှိအနေအထားထက် မိသားစု ပိုအကျိုးယုတ်မသွားရလေအောင်၊ ဆက်ဆံရေး ပို၍အေးစက်မသွားရလေအောင် အချိန်မီတားဆီးရန် အလွန်ပင် လိုအပ်လှပေသည်။

ဤပတ်ဝန်းကျင်မှ ရှောင်ပြေးလိုသော နွဲ့၏ ခံစားချက်ကို ကျွန်တော် သဘောပေါက်ပါသည်။ သို့သော် ထိုအဆင့်အထိရောက်အောင် ပြုလုပ်ဖို့ကိုတော့ ကျွန်တော့်တွင် ဆန္ဒမရှိသေး။

အကြောင်းခြင်းရာ အားလုံးကို ဖြည်းဖြည်းချင်း စောင့်ကြည့်နေချင်သေးသည်။

ထို့ကြောင့်ပင် ထိုကိစ္စနှင့် ပတ်သက်ပြီး နွဲ့အား ဘာမျှခွန်းတုံ့မပြန်၊ မှတ်ချက်မပေးဘဲ နေလိုက်သည်။

ကျွန်တော်တို့ကား အလွန်ကံကောင်းလှပါတော့သည်။

အကြောင်းမှာ မကြာမီပင် ကျွန်တော်တို့ဆန္ဒကို ဖြည့်စွမ်းပေးမည့် ကျွန်တော်တို့အမျှော်လင့်ဆုံး၊ အတောင့်တဆုံး ဖြစ်စဉ်တစ်ခုက အချိန်ကိုက်ဆိုသလိုပင် ဖြစ်ပေါ်လာခဲ့ခြင်းကြောင့်ပင် ဖြစ်ပါလေသည်။

ထိုဖြစ်စဉ်ကြောင့်ပင် ပြဿနာမှန်သမျှက ကျွန်တော်တို့ ဘာမျှလုပ်နေစရာမလိုတော့ဘဲ အလိုလို ပြီးငြိမ်းခြင်းသို့ ရောက်သွားခဲ့ပါလေပြီ။

ဖြစ်ပုံမှာ တစ်ညတွင် ထိုအိမ်မှ ဆူဆူညံညံ အသံများကို ကျွန်တော်တို့ ကြားကြရသည်။ လုံးထွေးသတ်ပုတ်သံ၊ အော်ဟစ်ဆဲဆိုသံ၊ ငိုယိုညည်းတွားသံများကို ကြားကြရသည်။

ထို့ပြင် အိမ်ထောင်ပရိဘောဂများ လဲပြိုသံ၊ အိုးခွက် ပန်းကန်များ ရိုက်ခွဲ၊ ပေါက်ခွဲသံများကိုပါ အတိုင်းသားကြားကြရသည်။ ထိုအိမ်၏ ဝရန်းသုန်းကား အခြေအနေကို ကျွန်တော်နှင့် နွဲ့တို့က ပြတင်းပေါက်တွင် ရပ်လျက် စူးစမ်းကြည့်နေမိကြသည်။

လူတွေ ပြေးလိုက်လွှားလိုက်နှင့် ရှုပ်ယှက်ခတ်နေသည်ကို ကျွန်တော်တို့ ထင်ရှားစွာ မြင်ကြရသည်။

အတန်ကြာသော် ထိုအိမ်ရှေ့သို့ လူအတော်များများ ဝိုင်းအုံရောက်ရှိလာလေသည်။ ဟိုမှ သည်မှ ထွက်ပေါ်လာသော လက်နှိပ်ဓာတ်မီးရောင်များနှင့်အတူ အုတ်အုတ်ကျက်ကျက် တစ်ယောက်တစ်ပေါက် ပြောဆိုသံများကိုပါ ကြားကြရသည်။

ကျွန်တော် စိတ်ဝင်စားလှသဖြင့် ထိုလူအုပ်ရှိရာသို့ ထွက်လာခဲ့မိသည်။ အတော်များများရှိနေသော ထိုလူစုလူဝေးထဲတွင် ယူနီဖောင်းဝတ်ရဲများကိုပါ ကျွန်တော်တွေ့လိုက်ရသည်။ အနီးမှ လူတစ်ဦးကို လှမ်းမေးလိုက်မိသည်။

"ဘာဖြစ်တာတဲ့တုံးဗျ၊ ရဲတွေပါ ရောက်လို့ပါလား"





www.burmeseclassic.com

www.burmeseclassic.com


“ဓားထိုးမှု ဖြစ်တာ... ခံရတဲ့သူက အိမ်ရှင်သန်းထွန်းဆိုတဲ့ ကောင်ပဲ၊ ဒီကောင်တော့ သေမလား ရှင်မလား မသိဘူး၊ ချက်ကောင်းကြီးပဲ သုံးချက်လောက် အထိုးခံလိုက်ရတယ် ဆိုကိုး၊ ဓားနဲ့ထိုးတာက အမျိုးသမီးတဲ့ဗျ”

ထိုလူက ရှင်းပြသည်။ မကြာမီ လူနာတင်ကားတစ်စီး ရောက်လာလေသည်။ အချုပ်ကားတစ်စီးပါ ထပ်မံပြီး ရောက်လာပြန်သည်။ လူတချို့က ထမ်းစင်တစ်ခုကို သယ်ဆောင်ကာ အိမ်ပေါ်မှ ဆင်းလာလေသည်။

ထမ်းစင်ပေါ်၌ အဝတ်ဖြင့် ဖုံးအုပ်ထားသည့် ရှည်မျောမျော အရာတစ်ခုကို တွေ့ရသည်။ ထိုထမ်းစင်အား ကားပေါ်သို့ တင်လေသည်။

ဆက်လက်ပြီး အိမ်ပေါ်မှ လူအတော်များများ ဆင်းလာပြန်သည်။ အားလုံး ယောကျ်ား မိန်းမ ဦးရေ နှစ်ဆယ်ခန့်ရှိလေသည်။

သူတို့ကို မြင်ရရုံနှင့်ပင် ထိုအိမ်မှ အမျိုးသမီးများ၊ အလုပ်သမား ကောင်လေးများ ဖြစ်ကြသည်ကို ကျွန်တော် အတပ်သိလိုက်သည်။ ရဲများက သူတို့ကို အချုပ်ကားပေါ်သို့ တင်လေသည်။



... မိန်းမကို ခေါ်လာပြီဗျို့”

ထိုလူက ညွှန်ပြလေသည်။

ကျွန်တော်က လှမ်းကြည့်လိုက်မိသည်။ လက်ထိတ်တန်းလန်းနှင့် အမျိုးသမီး တစ်ယောက်အား ရဲများခြံရံကာ လှေကားမှ ဆင်းလာသည်ကို တွေ့လိုက်ရသည်။ ထိုအခါ ကျွန်တော် ထိတ်ခနဲ ဖြစ်သွားရလေတော့သည်။ အကြောင်းမှာ ထိုလက်ထိတ်တန်းလန်းနှင့် အမျိုးသမီးက မိတင်သန်းဖြစ်နေသောကြောင့်ပင် ဖြစ်သည်။

သူ၏ မျက်နှာက ဝင်းထိန်နေသော မီးရောင်အောက်၌ တင်းမာခက်ထန်၍နေလေသည်။ ဝိုင်းအုံကြည့်နေသော လူအုပ်ရှေ့မှာပင် ကားပေါ်သို့ တက်သွားခဲ့လေသည်။

မကြာမီပင် ရဲကားနှင့် လူနာတင်ကားက ထွက်ခွာသွားလေသည်။ အခြေအနေအားလုံး ရှင်းလင်းငြိမ်သက်သွားပြီဖြစ်သဖြင့် လူအုပ်ကြီးက လူစုကွဲသွားပြီး သူ့အိမ် ကိုယ့်အိမ်သို့ အသီးသီး ပြန်သွားကြလေသည်။

ကျွန်တော် အိမ်ပြန်ရောက်သည်နှင့် အသင့်စောင့်နေသော နွဲ့က ကျွန်တော့်အား မေးမြန်းလေသည်။ ကျွန်တော်က အကြောင်းစုံကို ပြောပြလေသော် နွဲ့က တအံ့တသြဖြစ်၍နေလေသည်။ သတင်းအပြည့်အစုံကိုတော့ နောက်တစ်နေ့နံနက်တွင်မှ ထပ်မံပြီး ကြားသိကြရသည်။

ဖြစ်ပုံမှာ အိမ်ရှင်သန်းထွန်းက အမျိုးသမီးများအပေါ် ကာလကြာမြင့်စွာကတည်းက ခေါင်းပုံဖြတ် အနိုင်ကျင့်လာခဲ့သည်။

အမျိုးသမီးများမှာ သန်းထွန်းနှင့် သန်းထွန်း ခန့်ထားသော မိန်းမထိန်းများ၏ မထင်လျှင် မထင်သလို နှိပ်စက်ကလူပြုတတ်ခြင်းကို ကြောက်ရွံ့လှသဖြင့် ခိုင်းသမျှလုပ်၊ ပေးသလောက် ယူကာ ကြိတ်မှိတ်ပြီး နေလာခဲ့ကြရသည်။

... သည်းမခံ နိုင်တော့သော အမျိုးသမီးတချို့က အချင်းချင်းစုပေါင်းကာ သန်းထွန်းကို ဆန္ဒပြကြရာမှ ရှုန်းရင်းဆန်ခတ်ဖြစ်သွားကြသည်။

မိန်းမထိန်းများက ထိုအမျိုးသမီးများကို အတင်းဝင်ရောက် ခိုက်နှက်ကြသလို အမျိုးသမီးများကလည်း တွေ့ရာမြင်ရာတို့ဖြင့် ပြန်လည်၍ ဝင်ပေါက်ကြသည်။ တိုက်ခိုက်ကြသည်။ ၎င်းတွင် သန်းထွန်းတစ်ယောက် မိတင်သန်း ဓားချက်မိသွားရခြင်းပင် ဖြစ်လေသည်။

သန်းထွန်းမှာ ထိုညကပင် သေဆုံးသွားသည်။ မည်သို့ဆိုစေ ထိုလူသတ်မှုကို အခြေခံကာ ပြည့်တန်ဆာမှုကိုပါ တစ်ပြိုင်တည်း အရေးယူပြီးသား ဖြစ်သွားလေသည်မို့ ရပ်ကွက်လူထုက အထူးပင် ဝမ်းသာကြသည်။

ထိုဒုစရိုက်လုပ်ငန်းကြီး ချုပ်ငြိမ်းသွားရခြင်းအတွက် ကြားရသူအပေါင်းက သာဓုခေါ်ကြသည်။ ထိုအထဲတွင် ကျွန်တော်တို့ မိသားစုက ဝမ်းမြောက်ဝမ်းသာ အဖြစ်ရဆုံးပါဟု ဆိုပါက အလွန်ပင် ဆိုထိုက်လှသည် မဟုတ်ပါလော။

လူသတ်တရားခံ မိတင်သန်း တစ်ယောက် ထောင်ငါးနှစ်ကျသွားသည့် အကြောင်းကိုတော့ များမကြာမီ သိရှိကြရလေသည်။

ကာလယန္တရားကြီးက မနားမနေ ခုတ်မောင်း၍နေလေသည်။ ရာသီတွေက တစ်လီပြီးတစ်လီ ပြောင်းလဲခဲ့သည်နှင့်အညီ အချိန်တို့ကလည်း တရွေ့ရွေ့ ပဲ့ကြွေကုန်လွန်ခဲ့ကြလေပြီ။ ထိုအတူ ကျွန်တော်တို့ မိသားစုအတွင်း၌လည်း အပြောင်းအလဲများစွာ ဖြစ်ပေါ်ခဲ့လေပြီ။

ဦးစွာ ကိုသူ အိမ်ထောင်ကျသွားသည်။ အိမ်ထောင်ကျပြီး တစ်နှစ်ကျော်ကျော်မှာပင် သားဦးကလေး ရသည်။



www.burmeseclassic.com

www.burmeseclassic.com

ချွေးမဖြစ်သူကို အိမ်မှာပင် ခေါ်ထားသည်မို့ မိသားစုတွင် အိမ်သားနှစ်ယောက်တိုးလာသည့် သဘောပင်။

ထို့ပြင် ကိုသူက ဘွဲ့ရပြီးသည်နှင့် ကျွန်တော်တို့ အကောက်ခွန်ဌာနမှာပင် အငယ်တန်းစာရေး အလုပ်ရသွားသည်။

ထို့ကြောင့် သားအဖနှစ်ယောက် ရုံးသွား ရုံးပြန် အတူလုပ်ကြရသဖြင့် အဆင်ပြေသွားလေသည်။

နွဲ့ကတော့ ကျန်းမာရေး မကောင်းတာ နှစ်နှစ်ခန့် ရှိခဲ့လေပြီ။ သွေးဆုံးပြီးနောက် ဖြစ်ပေါ်တတ်သော အမျိုးသမီးရောဂါမျိုးပင် ဖြစ်သည်။ ကျွန်တော့်အတွက်လည်း တစ်ဆင့်တိုးရာထူးဖြင့် နယ်ပြောင်းမိန့် ကျလာပါသေးသည်။

နွဲ့ကို ငဲ့သဖြင့်လည်းကောင်း၊ ကျွန်တော့်စိုက်ခြံကလေးကို သံယောဇဉ်မဖြတ်နိုင်၍တစ်ကြောင်း ရာထူး မယူတော့ရန် ကျွန်တော် ဆုံးဖြတ်လိုက်သည်။ အလုပ်မှ အနားယူပြီး ခေါင်းချသည်အထိ သည်မှာပင် နေတော့မည်ဟု ထပ်မံ၍ ဆုံးဖြတ်သည်။

သို့သော် ရာထူးမယူချင်၊ နယ်မပြောင်းချင်၍ရသော်လည်း သင်တန်းမတက်ချင်၍ကားမရပါချေ။ အကြောင်းမှာ ကျွန်တော့်အတွက် မွမ်းမံသင်တန်းတစ်ခုသို့ တက်ရောက်ရန် အမိန့်ကျလာခဲ့ခြင်းကြောင့် ဖြစ်သည်။

ထို့ကြောင့် သင်တန်းရှိရာ ရန်ကုန်သို့ သွားရောက်ရန်အတွက် ပြင်ဆင်စရာရှိသည်များကို ပြင်ဆင်နေရပါတော့သည်။

မိုးက သဲသဲမဲမဲ ရွာချနေလေသည်။ ဒလဟော သွန်ချနေသော မိုးရေကြောင့် လမ်းတစ်လျှောက်လုံး ရေစီးကြောင်းများ ရေအိုင်များ ဖြစ်ပေါ်လျှက်ရှိလေသည်။ ယခုတစ်လော ရန်ကုန်တွင် တစ်လျှောက်လုံးလိုလို မိုးကောင်းနေသည်။ မိုးမရွာသည့်ရက်ဟူ၍ မရှိသလောက်ပင်ဖြစ်နေသည်။ မိုးရေချိန်မှာ ယခင်နှစ်များနှင့်စာလျှင် သည်နှစ်တွင် ပိုများလွန်းလှသည်။

သို့သော် ရန်ကုန်မိုးက အမြဲတမ်း စွေနေတတ်တာမျိုး မဟုတ်၍ တော်သေးသည်။ ဖျောဖျောနှင့် ရွာချလိုက်၊ တော်ကြာ ကောင်းကင်က တိမ်တွေကွဲပြီး ကြည်လင်သွားလိုက်၊ တစ်ဖန် ဖြုန်းစားကြီး ပြန်ရွာချလိုက်နှင့် ဖြတ်တောင်း ဖြတ်တောင်း ရွာတတ်သော မိုးမျိုး ဖြစ်လေသည်။

ကားစထွက်ကတည်းက ရွာခဲ့သော မိုးက ကျွန်တော် ဆင်းရမည့် မှတ်တိုင်ရောက်သည်အထိ သဲသဲမဲမဲ ရွာနေတုန်းပင်။ ကားပေါ်မှ ဆင်းပြီးသည်နှင့် မှတ်တိုင်ဘေးမှ အမိုးအောက်သို့ အပြေးအလွှားမိုးဝင်ခိုလိုက်ရသည်။

မိုးစဲတော့မှ ဈေးထဲဝင်ရန်လည်း ကျွန်တော် ဆုံးဖြတ်လိုက်သည်။ ယနေ့ သင်တန်းနားရက် ဖြစ်သဖြင့် လိုအပ်သော ပစ္စည်းတချို့ဝယ်ခြမ်းရန်အတွက် ကျွန်တော် ထွက်လာခဲ့ခြင်းဖြစ်သည်။

အမိုးအောက်တွင် ကားစောင့်နေသူ လေးငါးဦးမျှသာရှိသည်။ ပုဆိုး အကျီတို့မှ မိုးရေစက်တို့ကို လှုပ်ခါချနေမိသည်။ ဘေးဘီဝဲယာသို့လည်း အမှတ်မထင် လှည့်ပတ်ကြည့်လိုက်မိသည်။

ဤတွင် ကျွန်တော့်ရှေ့တည့်တည့်မှ အမျိုးသမီးတစ်ဦးနှင့် အကြည့်ချင်းဆုံလိုက်မိရာမှ အံ့သြစိတ်ကြောင့် ကျွန်တော် ပါးစပ်အဟောင်းသား ဖြစ်သွားရလေတော့သည်။

ထိုအမျိုးသမီးကလည်း အံ့အားသင့်စွာ ကျွန်တော့်ကို စူးစိုက်၍ကြည့်နေသည်။ ပြီးလျှင် သူကပင် စတင်၍-

"ဒီက အစ်ကိုကြီးက ဦးမြင့်သူ မှတ်ပါတယ်"

"ဟုတ်ပါတယ်၊ ဒီက မိတင်သန်း မဟုတ်လား"

"ဟုတ်ကဲ့ရှင်၊ ကျွန်မ လွန်ခဲ့တဲ့ သုံးရက်ကပဲ ထောင်က လွတ်လာတာ"

မိတင်သန်းက ခပ်တိုးတိုးပြောပြီး ခေါင်းကို ငုံ့ချလိုက်သည်။

မိတင်သန်းကို မမျှော်လင့်စွာ သည်ပုံစံအတိုင်း ပြန်တွေ့လိုက်ရတော့ အံ့သြခြင်းနှင့်အတူ ကျွန်တော် စိတ်မကောင်းဖြစ်သွားမိရသည်။

ကြည့်ပါ။ အကွက်မပေါ်တော့သောထဘီနှင့် ဟောင်းနွမ်းလှသော ဖျင်အကျီတို့ကို သူမက ဝတ်ဆင်ထားသည်။ စစ်တဘက်ဟောင်းလေးကို ခေါင်းတွင်ပေါင်းလျက် ခပ်ညစ်ညစ် လွယ်အိတ်ကလေးကို ပခုံးတွင် ချိတ်ထားလေသည်။

ဤပုံမှာ ဟိုတုန်းက မိတင်သန်းနှင့် လားလားမျှ မဆိုင်ပါချေ။ ပြီးတော့ သူမက အတော်လေးပိန်ကျသွားသလို အသားအရေတို့ကလည်း မွဲခြောက်ခြောက်ဖြစ်လျက်ရှိသည်။ မျက်လုံးအစုံကမူ ဖျော့တော့လျက် ရှိလေပြီ။

"ဒါနဲ့ မိတင်သန်း ခုဘယ်သွားမလို့လဲဟင်"

"ကျွန်မသားလေး ဒီမှာ ပန်းရန်လာလုပ်နေတယ်ဆိုလို့ လိုက်လာတာရှင်၊ သားက မနေ့ကပဲ ရွာကို ပြန်သွားပြီတဲ့"

ထို့နောက် လွယ်အိတ်ထဲ လက်နှိုက်ကာ တစ်စုံတစ်ခုကို ထုတ်ယူပြီး ကျွန်တော့်ကို ပြလေသည်။ လူငယ်တစ်ယောက်၏ ဓာတ်ပုံလေးတစ်ပုံ။

"ဒါ ကျွန်မ သားလေးလေ၊ အစ်ကိုကြီး ကြည့်ပါဦး၊ ဘယ်သူနဲ့ တူသလဲလို့"

ဓာတ်ပုံကို ယူကြည့်လိုက်ရာ ကျွန်တော် အံ့သြခြင်းမက အံ့သြသွားမိရသည်။ ဓာတ်ပုံကိုတစ်လှည့်၊ မိတင်သန်းကို တစ်လှည့် ကြည့်နေမိသည်။ အကြောင်းမှာ ဓာတ်ပုံထဲမှ မိတင်သန်း၏ သားကလေးက ကျွန်တော့်သား ကိုသူ ဆယ့်ငါးနှစ်သားအရွယ် ဆယ်တန်းကျောင်းသားဘဝကပုံနှင့် ချွတ်စွပ်နီးပါး တူနေသောကြောင့်ပင် ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

“မိတင်သန်းရဲ့သား ကိုသူနဲ့ အဆွေရာတည်းပါလား”

“ဟုတ်ကဲ့ရှင့်၊ အဲဒါကြောင့်ပါ၊ ကျွန်မ အနေနဲ့ သားလေးကို ခွဲခွာပြီး လွမ်းချင်ရာလွင့်နေခဲ့ရတုန်းက ရုတ်တရက် သူ့ကို တွေ့လိုက်ရတော့ မြင်မြင်ချင်းပဲ ကျွန်မသားလေးအမှတ်နဲ့”

စကားကို ဆုံးအောင်မပြောနိုင်ရှာ၊ အသံက တစ်ပိုင်းတစ်စနှင့် နစ်ဝင်သွားလေသည်။ ဤတွင် ကျွန်တော့် ခေါင်းထဲ၌ လက်ခနဲဖြစ်သွားသည်။ ဟိုတုန်းက မရှင်းလင်းခဲ့သော ပုစ္ဆာတစ်ပုဒ်၏ အဖြေကိုလည်း ခုမှပင် လိပ်ပတ်လည်အောင် သိရှိ နားလည်လိုက်ရလေပြီ။

“ကျွန်မဖြင့် ကိုသူ့ကို သိပ်ချစ်တာပဲ၊ ကိုသူ့ကို မြင်ရ တွေ့ရတာနဲ့ ကျွန်မရင်ထဲက သားလေးကို လွမ်းတဲ့စိတ်တွေ ပြေပြေသွားတယ်၊ တစ်ခါ ကိုသူကလဲ ကျွန်မအပေါ် ပြန်ချစ်မှန်းသိရတော့ ကျွန်မဖြင့် ဝမ်းသာလိုက်တာ အစ်ကိုကြီးရယ်၊ ဒါပေမဲ့ အစ်ကိုကြီးတို့ အစ်မနွဲ့တို့က အမြင်တစ်မျိုးနဲ့ နားလည်မှု လွဲသွားခဲ့တာကိုတော့ ကျွန်မ တွေးမိတိုင်း တနုံ့နုံ့နဲ့ စိတ်မကောင်းဖြစ်မိတယ်ရှင့်”

ဤတွင် မိတင်သန်းက ဇာတ်ကြောင်းတစ်ခု၏ အဖြစ်မှန်ကို ကျွန်တော့်အား လေအေးကလေးဖြင့် ရှင်းပြပါလေတော့သည်။

ထိုနေ့က အိမ်မှာ ကိုသူတစ်ယောက်သာကျန်ခဲ့သည်။ ကိုသူက ခြံထဲဆင်းပြီး သံပရာပင်မှ အကိုင်းခြောက်တွေကို ကတ်ကြေးဖြင့် ဖြတ်နေသည်။ အပင်က မြင့်လှသည်မို့ ခုံမြင့်တစ်ခုပေါ်တက်ပြီး အကိုင်းခြောက်တွေကို ဆွဲဖြတ်နေသည်။ ထိုစဉ်အမှိုက်တစ်စက ကိုသူ့မျက်လုံးထဲ ဝင်သွားသည်။ မျက်လုံးကို မှိတ်၍ အမှိုက်ထုတ်နေစဉ် ခုံမြင့်က ယိုင်ပြီး လဲကျသွားလေသည်။

ကိုသူ မြေပြင်ပေါ် ပစ်ကျသွားပြီး ခါးကို မြေကြီးခဲနှင့် ဆောင့်မိသွားသည်။ တော်တော်နှင့် ပြန်မထနိုင်။ ဤအဖြစ်ကို တစ်ဖက်ခြံမှ မိတင်သန်းက ကောင်းကောင်းမြင်လိုက်ရသည်။ သူ့ဘာသာမှ စဉ်းစားမနေတော့ဘဲ ခြံထဲကို အပြေးဝင်လာခဲ့သည်။

ကိုသူ့ကို ထူမပေးသည်။ ပြီးလျှင် တွဲခေါ်လာပြီး အိမ်ထဲအထိ ပို့ပေးသည်။ ထိုအချိန်၌ အလင်းရောင်က နည်းနည်းရှိသေးသည်။

ကိုသူ့ကို အပေါက်ဝရှိ ကုလားထိုင်ပေါ်၌ ထိုင်စေကာ သူက ကိုသူ့မျက်လုံးထဲမှ အမှိုက်စကို ပါးစပ်ဖြင့် မှုတ်၍ မှုတ်၍ ဖယ်ရှားပေးနေသည်။

ထိုအချိန်မှာပင် ကျွန်တော်တို့က ပြန်ရောက်လာကြခြင်းဖြစ်သည်။ သူမက ကိုသူ့ကို သားငယ်အမှတ်ဖြင့် တယုတယ ပြုစုပေးနေသည်ကို ကျွန်တော်တို့ မြင်သော အမြင်က တလွဲစီ ဖြစ်၍နေသည်။

မိမိအတ္တအပေါ် အခြေခံကာ မြင်ထင်တွေးယူမိပုံက အမှန်တရားနှင့် ဝေးကွာလွန်းလှပါပေသည်။

မိတင်သန်းစကားဆုံးလေ သော် ကျွန်တော် သက်ပြင်းတစ်ချက်ချလိုက်မိသည်။ လွန်လေပြီးသော ကာလက မိတင်သန်းအပေါ် အထင်လွဲမှားခဲ့မှု အတွက်လည်း ကျွန်တော် အားတုံ့အားနာဖြစ်နေမိသည်။

ထို့ပြင် ဘယ်ဘဝ ဘယ်နေရာရောက်ရောက် မိခင့်စိတ်မပျောက်ဘဲ မိမိရင်သွေးအပေါ် စွဲလမ်းတွယ်တာခဲ့ရှာသော သူမအဖြစ်ကိုလည်း ကျွန်တော် ကောင်းစွာနားလည်ခဲ့ရပါလေပြီ။

“စိတ်မကောင်းလိုက်တာ မိတင်သန်းရယ်၊ ဘယ်လိုမှ မအောက်မေ့နဲ့နော်”

“အို မဟုတ်တာ၊ အစ်ကိုကြီးတို့ကို ဘာလို့အောက်မေ့ရမှာလဲ၊ ကျွန်မဘဝကကို ဆိုးလွန်းလို့ ဖန်တီးလာခဲ့တာပဲဟာ၊ အခု ကျွန်မသားဆီ အရောက်သွားမယ်၊ သားနဲ့အတူနေမယ်၊ ဒီတစ်ခါတော့ ဘယ်လိုအခြေအနေပဲရောက်ရောက် သားနဲ့ ဘယ်တော့မှ မခွဲတော့ဘူးလို့ ကျွန်မ ဆုံးဖြတ်ထားတယ်”

ပါးပြင်မှ မျက်ရည်တို့ကို လက်ခုံဖြင့် ပွတ်သုတ်လိုက်သည်။ ထို ခဏတွင် သူမ၏ မျက်လုံးတို့က တောက်ပြောင်၍ လာလေသည်။ သားအကြောင်းပြောခါမှ အားသစ်အင်သစ်များ ဝင်ရောက်လာဟန်တူသည်။

မိုးက အပြင်ဘက်၌ အတန်ငယ်စဲသွားလေပြီ။ ခပ်ဖွဲဖွဲမျှသာ ရွာနေသည်။

“ဟိုမှာ ကားလာနေပြီ၊ ကျွန်မသွားတော့မယ်၊ အစ်မနွဲ့တို့ကိုလဲ သတိရကြောင်း ပြောလိုက်ပါနော်”

ကားတစ်စီးက ထိုးဆိုက်လာသည်။ မိုးဖွဲဖွဲကြားမှာပင် မိတင်သန်းက ကားပေါ်တက်သွား သည်။ ကားထွက်သွားပြီးနောက် မျက်စိတစ်ဆုံးပင် ကျွန်တော်လိုက်ကြည့်နေမိသေးသည်။

ကားက မိုးမှုန်တွေကြားမှာ တဖြည်းဖြည်း ပျောက်ကွယ်သွားလေသည်။ သို့သော် မိတင်သန်းကြောင့် ဖြစ်ပေါ်လာရသော ခံစားမှုကတော့ ကျွန်တော့်ရင်တွင်း၌ ယခုတိုင် တလှပ်လှပ် ဖြစ်ကျန်နေသေးသည်။ မိတင်သန်းအကြောင်းကိုသာ ဆက်တွေးနေမိသေးသည်။ ထို့ပြင် မိတင်သန်းအပေါ် ဖြစ်ရှိလာရသော ကရုဏာတရားနှင့်အတူ အလွန်အားကြီးသော ဆန္ဒတစ်ခုက ယခုအခါ၌ ကျွန်တော့်ရင်ထဲတွင် တဖွားဖွား ဖြစ်ပေါ်လျက်ရှိလေပြီ။

ဘဝတစ်လျှောက်လုံး အရိပ်မဲ့စွာ ကန္တာရခရီးကို လျှောက်လှမ်းခဲ့ရလေသူ၊ တစ်နည်းအားဖြင့် အေးရိပ်ကို ရှာဖွေရင်း ဘဝသစ်ထူထောင်ဖို့ အကြိမ်ကြိမ် ကြိုးစားခဲ့လေသူ မိတင်သန်းတစ်ယောက်သည် တစ်ကြိမ်တွင်တော့ သူ ချစ်သောသားကလေးနှင့် ပြန်လည်ဆုံတွေ့ရပြီး သံကာလ ဆန္ဒရှိသည့်အတိုင်း အရာရာ ပြည့်ဝနိုင်ပါစေဟု၍ ကျွန်တော် ဆုတောင်းပေးနေမိပါတော့သည်။


❒ ရဲမြတ်တင်





www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

ဘိုကျားကို ကျွန်တော်ခေါ်လာတုန်းက နို့မပြတ်တပြတ်အရွယ်ကလေးပါ။ ဘိုကျားက သူတို့မွေးချင်းတွေအထဲမှာ အလှဆုံးနဲ့ အထွားဆုံးကောင်။ ဒါကြောင့်မို့လို့ နို့ပြတ်ရင် လာယူမယ်ဆိုပြီး သူများမဦးခင် ကျွန်တော်အရင်ဆုံးတောင်းထားတာ။ နို့မပြတ်တပြတ်အရွယ်မှာ ပိုင်ရှင်ဆီက တောင်းယူလာပြီး စက်ဘီးရှေ့ခြင်းထဲထည့် ယူလာခဲ့တယ်။ အဲသလိုနဲ့ ဘိုကျား ကျွန်တော့်ဆီရောက်လာတာရယ်။

ဘိုကျားဟာ ငယ်ငယ်လေးတတည်းက အကျင့်ကောင်းတယ်။ ငယ်သေးလို့ အိမ်ပေါ်မှာတင်ထားတယ်။ သေးပေါက်ချင်တာတို့၊ နောက်ဖေးသွားချင်တာတို့ရှိရင် တအီအီနဲ့ အသံပေးတယ်၊ ဘယ်တော့မှ အိမ်ပေါ်မှာ သေးပေါက်ဘူး၊ အောက်ကိုချပေးလိုက်မှ အောက်ရောက်မှ သေးပေါက်တယ်။ နည်းနည်း ကြီးကောင်ဝင်လာတော့ သူဟာသူ အောက်ဆင်းတတ်လာတယ်။

ဘိုကျားလို့ နာမည်ပေးရတာက သူက အဖြူနဲ့အနီ ကွက်ကျားမို့လို့ အလွယ်တကူနာမည်ပေးလိုက်တာ။ ဘိုကျားဟာ သူ့နာမည်ကို သူကောင်းကောင်းသိသလို အလွန်လည်း အသန့်အပြန့်ကြိုက်တယ်။ ရေစိုမှာတို့၊ သူ့ခြေထောက်ရွှံ့ပေမှာတို့ သိပ်ကြောက်တယ်။

ဒါကြောင့်မို့ အရေးပေါ်ကိစ္စ(ညမှာ) သေးပေါက်ချင်တာတို့ ဘာတို့ရှိရင် အောက်ကို မဆင်းဘူး။ သူများခွေးတွေလို ဟိုအိမ် ဒီအိမ် လျှောက်လည်တတ်ဘူး။ သူများအိမ်အောက်မှာလည်း ဘယ်တော့မှမဝင်ဘူး။ သူဟာသူ သီးသန့်နေတတ်တယ်။ အဲသလို အကျင့်ကောင်းတာကြောင့် ဘိုကျားကို ကျွန်တော်တို့ တစ်အိမ်လုံးက ချစ်ကြတယ်။

ဘိုကျားမှာ သူများခွေးနဲ့ မတူတဲ့ စရိုက်ရှိတယ်။ အဲဒီစရိုက်ကို သူကြီးလာမှ ကျွန်တော်ရိပ်မိတယ်။ အဲဒါကတော့ ဘိုကျားဟာ မဟောင်ဘူး။ သူ့ရှေ့ကဖြတ်သွားတဲ့လူကို မသင်္ကာစိတ်နဲ့ ဟောင်တယ်ဆိုတာ မရှိသလောက်ပဲ။ သူ ဝမ်းလျားမှောက်ပြီးဖြစ်စေ၊ ထိုင်ရက်ဖြစ်စေ၊ ခွေနေရင်းဖြစ်စေ သူ့ရှေ့က ဖြတ်သွားတဲ့ လူစိမ်းကို ငြိမ်ပြီး ကြည့်နေတတ်တယ်။ အဲဒီလူ ကျော်သွားပြီဆိုမှ ငြိမ်ငြိမ်လေး ခြေသံမကြားအောင် နောက်က အသာလေးလိုက်သွားပြီး ခြေသလုံးကို ဆတ်ခနဲကိုက်ပြီး ချက်ချင်း သူ့နေရာသူ ပြန်ပြေးလာတယ်။

ပြီးတော့ သူမဟုတ်သလို ပြန်ငြိမ်နေတယ်။ သိပ်မှင်သေတဲ့ကောင်၊ ဘိုကျားကိုက်လို့ ကလေး(၁)ယောက်နဲ့ လူကြီး (၂)ယောက်ကို တောင်းပန်ခယပြီး ဆေးထိုးပေးခဲ့ရဖူးတယ်။

ဘယ်အိမ်ကိုမှလည်း မလည်ဘူး၊ ဘယ်မှလည်း မသွားတဲ့ ဘိုကျားဟာ သူတို့ရာသီချိန်ရောက်လာတော့ သူလည်း မနေနိုင်ဘူး။ အိမ်ပြင်ထွက်ပြီး မိတ်လိုက်တယ်။ မိတ်လုရင်း အခြားခွေးထီးတွေနဲ့ တိုက်ကြ ခိုက်ကြတယ်။ သူနိုင်တဲ့အခါရှိသလို သူခံလာရတဲ့အခါလည်းရှိတယ်။

နားရွက်တွေ မျက်နှာတွေ စုတ်ပြတ်ပေါက်ပြဲလာလို့ ကျွန်တော် ဆေးထည့်ပေးရဖူးတယ်။ ရာသီချိန်ကုန်သွားရင်တော့ ခါတိုင်းလို ပြန်ငြိမ်သွားပြီး ဘယ်မှ မသွားတော့ဘူး။

အဲဒီ ဘိုကျားဟာ အားလုံးထဲမှာတော့ ကျွန်တော့်ကိုအခင်ဆုံး အချစ်ဆုံးပဲ။ ကျွန်တော်က မနက်မိုးမလင်းခင် ဈေးရောင်းသွားရတယ်။ ကျွန်တော် အိမ်ကထွက်ပြီဆိုရင် လမ်းထိပ်အထိ ဘိုကျားလိုက်ပို့တယ်။ မလိုက်နဲ့ ပြောလည်း မရဘူး။ ကျွန်တော် လိုင်းကားပေါ်တက်သွားပြီဆိုမှ သူပြန်တယ်။

ညနေ ကျွန်တော်ပြန်လာပြီဆိုရင် ကျွန်တော် ပြန်လာမယ့်အချိန်ကို မှန်းပြီး ကျွန်တော်တို့ လမ်းထိပ်က အုတ်ခုံပေါ်မှာထိုင်ပြီး ကျွန်တော့်ကို အမြဲစောင့်တယ်။ ကျွန်တော်ပြန်လာပြီဆိုမှ မြူးထူး ခုန်ပေါက် ကြိုဆိုပြီး ကျွန်တော်နဲ့အတူ အိမ်ထဲဝင်တယ်။

အဲဒါတွေကြောင့် ကျွန်တော်နဲ့ ဘိုကျားတို့ရဲ့ ကြားမှာ သံယောဇဉ်ကြိုးဟာ ခိုက်မြဲသထက် ခိုင်မြဲလာတယ်။

တစ်နှစ် သူတို့ရာသီချိန်ရောက်တော့ တစ်နှစ်လုံး အိမ်ထဲမှာ ငြိမ်နေတဲ့ ဘိုကျားဟာ လှုပ်လှုပ်ရွရွ ဖြစ်လာတယ်။ အပြင်ကို ထွက်ဖို့ တာစူနေတာကို မြင်ရတော့ အဲဒီရက်တွေမှာ ကျွန်တော်က အမဲရိုးတွေပြုတ်ပြီး ဘိုကျားကို စနစ်တကျ ဂရုတစိုက်ကျွေးတယ်။

ကျွန်တော့် ရည်ရွယ်ချက်က ဘိုကျားတစ်ကောင် အားခွန်ဗလပြည့်ဝလာပြီး မနှစ်ကလို အချင်းချင်းကိုက်တဲ့ပွဲမှာ ခံမလာရအောင်လို့။

ကျွန်တော့်ရည်ရွယ်ချက် အောင်မြင်တယ် ပြောရမယ်။ မနှစ်ကထက် အကောင်ပိုကြီးလာတာရော၊ အားခွန်ဗလ တောင့်တင်းနေတာရောကြောင့် ဒီနှစ်မှာ ဘိုကျားဟာ ခွေးမ အတော်များများရဲ့ စိတ်ဝင်စားခြင်း၊ ဦးစားပေးခြင်းကို အခံရဆုံးဖြစ်ပြီး ပြိုင်ဘက်အတော်များများကို အနိုင်ရအောင် တိုက်ခိုက်နိုင်စွမ်းရှိလာတယ်။

ကျွန်တော်တို့ လမ်းသာမက တိုဘက် တစ်လမ်းကျော်အထိ ဘိုကျားရဲ့ သတ္တိကို ယှဉ်ပြိုင်ရဲတဲ့ ခွေးထီးမရှိသလောက်ပဲ။

အဲဒါကြောင့် ထင်ပါရဲ့။ ဘယ်ခွေးရှင်က ဘယ်လိုလုပ်လိုက်တယ် မသိဘူး၊ တစ်နေ့တော့ ဘိုကျားဟာ ကျောကုန်းမှာ ချွန်ထက်တဲ့ အရာတစ်ခုနဲ့ ဆောင့်ထိုးခံလာရပြီး ဒဏ်ရာ အနာတရနဲ့ အိမ်ကို ပြန်ပြေးလာတယ်။





www.burmeseclassic.com

www.burmeseclassic.com

ဒဏ်ရာက တော်တော်နက်ပြီး အပြင်က အရေပြားက အပေါက်ဖြစ်နေတယ်။ နာလွန်းလို့ ဘိုကျားဟာ တအီအီနဲ့ အော်ပြီး တဆတ်ဆတ်တုန်နေတယ်။

ကျွန်တော်လည်း စိုးရိမ်သွားပြီး ဂါလီတစ်စီးခေါ်၊ ဘိုကျားကို ဂါလီ ပေါ်တင်ပြီး ဟိုဘက်ရပ်ကွက်က တိရစ္ဆာန်ဆေးကုဆရာဝန်ဆီကို သွားရတယ်။ ဆရာဝန်က ဘိုကျားရဲ့ နှုတ်သီးကို ပါးချပ်ကြိုးတပ်ပြီး အနာကို သေသေချာချာဆေး ကြောသန့်စင်ဆေး ထည့်ပေးတယ်။ ပြီးတော့ ဆေး(၂)လုံးထိုးပေးတယ်။ အဲဒီလို (၃)ရက်ဆက်တိုက် ဆေးထိုးဆေးထည့်လုပ်မှ ဒဏ်ရာသက်သာသွားတယ်။

တစ်နှစ်မှာတော့ ကျွန်တော့်မှာ ရောင်းတုန်ပစ္စည်းတွေ ကြိုတင်ပြီး သိုလှောင်နေရတာကြောင့် ပစ္စည်းတွေ စောင့်ရှောက်ရင်း ပွဲရုံထဲမှာပဲ ညအိပ်ရတယ်။ တစ်မိုးတွင်းလုံး အိမ်မပြန်ရဘူး။ အဲဒီမှာ ကျွန်တော် ပြန်လာချိန်ရောက်ပြီဆိုရင် ညနေတိုင်း ဘိုကျားဟာ ခါတိုင်း သူထိုင်စောင့်နေကျ အုတ်ခုံပေါ်မှာ နေ့စဉ် ကျွန်တော့်ကို သွားစောင့်နေတာကို မိန်းမက ကျွန်တော့်ကို ပြန်ပြောပြတယ်။

အမှန်တော့ ဘိုကျားဟာ ညနေတိုင်း ကျွန်တော်ပြန်လာချိန်ကို စောင့်နေမှန်း သိပေမယ့် ကျွန်တော်လည်း မပြန်အားဘူး။

ဒီလိုနဲ့ တစ်နေ့တော့ မိန်းမက ကျွန်တော့်ကို ပြောတယ်။ အိမ်မှာ ဘိုကျား နေမကောင်းဘူး (၃)ရက်ရှိပြီ။ အစာလည်း သိပ်မစားဘူး နှင့်ကို လွမ်းပြီး ဖျားနေတာ ဖြစ်မယ်ဆိုတာနဲ့ အဲဒီနေ့က ကျွန်တော် အိမ်ကိုပြန်လာတော့ နေမကောင်းလို့ ခွေအိပ်နေတဲ့ ဘိုကျားဟာ ချက်ချင်းထပြီး ဝမ်းသာ အားရ အော်ဟစ်ခုန်ပေါက်နေတယ်။ ပတတ်ရပ်ပြီး ကျွန်တော့်လက်ဖျောကို လျှာနဲ့ လျက်တယ်။ ပါးစပ်ကလည်း တအီအီနဲ့ အသံတွေထွက်ပြီး နှုတ်ဆက်တယ်။

သူ ဝမ်းသာနေတာကိုကြည့်ပြီး ကျွန်တော့်အပေါ်ထားတဲ့ သူ့ရဲ့ သံယောဇဉ်အတိမ်အနက်ကို ကျွန်တော် ခန့်မှန်းမိတယ်။ စိတ်ထဲမှာလည်း တော်တော်မကောင်းဘူး။ ကျွန်တော်တို့ လူသားတွေဟာ အသိဉာဏ် မြင့်မားပါတယ်ဆိုပြီး တစ်ယောက်နဲ့ တစ်ယောက် အမုန်းအာဃာတတွေ ထားကြ၊ တစ်အိမ်တည်း အတူနေပြီး စကားမပြောကြတဲ့ ညီအစ်ကိုမောင်နှမတွေ၊ လင်မယားတွေ၊ မိဘနဲ့သားသမီးတွေ အများကြီး ကျွန်တော် တွေ့ဖူးတယ်။ ဘိုကျားတို့လို တိရစ္ဆာန်တွေမှာတော့ ကျွန်တော်တို့လို အမုန်း အာဃာတ ရန်ငြိုးမရှိကြဘူး၊ သူတို့ရဲ့ မေတ္တာတရားဟာ ဖြူစင်တယ်လို့ ကျွန်တော်ခံစားရပါတယ်။

အဲဒီလိုနဲ့ပဲ ရာသီစက်ဝန်းတွေ အလီလီလည်ပတ်လို့ ဘိုကျားရဲ့အသက်ဟာ (၇)နှစ်တိုင်ခဲ့ပါပြီ။

ခွေးတစ်ကောင်အဖို့ (၇)နှစ်အသက်ရှည်ဖို့ဆိုတာတော်တော်မလွယ်တဲ့ ကိစ္စပါ။ ဘိုကျားကတော့ ကျွန်တော်တို့အိမ်မှာ မပူမပင် မကြောင့်မကြ နေရစားရတာရော၊ သူ့ရဲ့ သန့်သန့်ရှင်းရှင်း နေတတ်တာရယ်ကြောင့် အသက်ရှည်ရှည် နေရတာ ဖြစ်မှာပါ။

တစ်နေ့မှာတော့ ကျွန်တော် ချစ်တဲ့၊ ကျွန်တော့်ကို ချစ်တဲ့ ဘိုကျားဟာ နေအိမ်က ပျောက်ချင်းမလှပျောက်ဆုံးသွားပါတယ်။ ဘိုကျား ပျောက်သွားပုံဆန်းတာကြောင့် ကျွန်တော် စုံစမ်းရှာဖွေကြည့်တဲ့အခါ ဘိုကျားကိုက်တာကို ခံရဖူးတဲ့ ရပ်ကွက်ထဲက လူတစ်ယောက်ဟာ (၃)၊ (၄)နှစ်အထိ ဘိုကျား အပေါ် ဒေါသမပြေနိုင်သေးဘဲ ရပ်ကွက်ထဲက အရက်သမားအပေအတေတစ်ယောက်ကို ပိုက်ဆံပေးပြီး ဘယ်သူမှမသိအောင် ဘိုကျားကို သတ်ဖြတ် ဖျောက်ဖျက်ခိုင်းလိုက်တယ်ဆိုတာကို ကျွန်တော် သတင်း အတိအကျရပါတယ်။

ဒါပေမယ့် လက်ဆုပ် လက်ကိုင်ပြစရာလည်းမရှိဘူး၊ ပြီးတော့ အသိဉာဏ်မဲ့တဲ့ လူတွေနဲ့ ပြဿနာမဖြစ်ချင်တာကြောင့် ကျွန်တော် ရေငုံနှုတ်ပိတ် မသိသလို နေခဲ့ပါတယ်။

ဘာမှ အသိဉာဏ်မရှိတဲ့ ရိုးသား ဖြူစင်တဲ့ သနားစရာ တိရစ္ဆာန်လေး တစ်ကောင်အပေါ်မှာ (၃) (၄)နှစ်အထိ အာဃာတ ရန်ငြိုးထားနေနိုင်တဲ့လူ အပေါ်မှာ ကျွန်တော် ဘယ်လိုနားလည် ရမှာလဲ။

သူဟာ ဘိုကျားလောက်တော အဆင့်မရှိတဲ့လူလို့ သတ်မှတ်ရမှာလ အကြောင်းကြောင့် အကျိုးဖြစ်ခြ ကံနှင့် ကံရဲ့အကျိုးကို ဒီလူတွေ ရှာပါလား။

လူနဲ့တိရစ္ဆာန်ရဲ့ ကွာခြားချက် ဘာလဲဆိုတာ အဲဒီလူတွေကို ကျွန်တော် သိစေချင်ပေမဲ့ သူတို့ရဲ့ အသိဉာ ရေချိန်ဟာ အလွန်တရာ နိမ့်ကျနေ သေချာပါတယ်။

ဘိုကျားသေသွားပေမယ့် ကျွ တော် သူ့ကို တစ်နေ့မှ မမေ့ဘူး။ ချင်တော့ သူသေပြီး တစ်လလော အကြာမှာ တစ်နေ့ညဘက် ကျွန်တော် အိမ်ရှေ့ထွက်ထိုင်နေတုန်း ရုတ်တရ ဘိုကျားရဲ့အနံ့ကို ကျွန်တော်ရလို တယ်။

ကျွန်တော်နဲ့ (၇)နှစ်တိုင်တိုင် လက်ပွန်းတတီး ရင်းနှီး ချစ်ခင်စွာနေ တဲ့ ကျွန်တော့်ရဲ့ ခွေးလေး ဘိုကျား အနံ့ကို ကျွန်တော် ကောင်းကောင်း မိပါတယ်။ သူ့အနံ့မှ သူ့အနံ့ အစစ်

ကျွန်တော် စိတ်မကောင်း သွားတယ်။ ဘိုကျားဟာ မကျွတ်မလွ သေးဘဲ ကျွန်တော့်ကို စွဲလမ်းစိတ် ကျွန်တော့်အနားမှာ တဝဲလည်လည် ဖြစ်နေတယ်လို့ ကျွန်တော် ထင်တ အခု ဘာရည်ရွယ်ချက်နဲ့ ကျွန်တော့် အနံ့ပေးရတာလဲ။ အခြား ဘုံဘဝ သွားရတော့မှာမို့ လာနှုတ်ဆက်တ လား၊ ဒါမှမဟုတ် သူရှိနေတယ်လို့ ကျွ တော့်ကို သိစေချင်တာလား၊ ကျွ တော်မဝေခွဲတတ်ပါဘူး။





www.burmeseclassic.com

www.burmeseclassic.com

အဲဒါနဲ့ ကျွန်တော့်မိန်းမကို ကျွန်တော်ပြောပြတော့ ကျွန်တော့်မိန်းမလည်း စိတ်မကောင်းဘူး။ ဒါနဲ့ ဆွမ်းချက်ပြီး ဘုန်းကြီးကျောင်းကို ဆွမ်းအုပ်ပို့တယ်။ ဘိုကျားကို အမျှဝေခဲ့တယ်။ ဘိုကျားရေ ငါ့သားကြီး ကောင်းရာဘုံဘဝရောက်ပါစေ အမျှ အမျှ အမျှလို့ ကျွန်တော့်ရင်ထဲက လှိုက်လှိုက်လှဲလှဲ ဆုတောင်း မေတ္တာပို့ အမျှဝေခဲ့ပါတယ်။

အဲဒီလိုနဲ့ နောက်တစ်နှစ်လောက်ကြာတော့ ကျွန်တော်တို့လမ်းထဲမှာ ဘယ်ကမှန်း မသိတဲ့ ပိုင်ရှင်မဲ့ခွေးဖြူမတစ်ကောင်ဟာ သူများအိမ်အောက်ဝင်ပြီး ခွေးလေး (၇)ကောင်မွေးတယ်။ ပိုင်ရှင် သတ်သတ်မှတ်မှတ်မရှိတော့ ခွေးသားအုပ်မခမျာလည်း စားရမဲ့ သောက်ရမဲ့နဲ့ တပိန်ပိန် တလိန်လိန်ဖြစ်ပြီး ခွေးလေးတွေဟာ ငယ်စဉ်မှာပဲ (၄)ကောင်ဆက်တိုက် တဖြုတ်ဖြုတ် သေသွားတာ ကျွန်တော် တွေ့ရတယ်။

နောက် သိပ်မကြာခင်မှာ အဲဒီခွေးဖြူမပါ အရက်သမားတစ်ယောက်ရဲ့ သတ်ဖြတ်စားသောက်တာ ခံလိုက်ရတယ်။ ကျန်ခဲ့တဲ့ ခွေးမမယ်လေး (၃)ကောင်ဟာ ဒီလိုပဲ သူ့အိုးအစ သူတို့ကျောင်းပြီး နေရာက (၂)ကောင် ထပ်သေသွားတယ်။

ထူးထူးခြားခြား ခွေးထီး အကျားလေး တစ်ကောင်ဟာ မသေသေးဘဲ တပိန်ပိတ် တလိန်လိန်နဲ့ ရှင်ကျန်ရစ်ခဲ့တာ ကျွန်တော် သတိထားမိတယ်။ ပိုပြီး သတိထားမိလာရတဲ့ အချက်ကတော့ နည်းနည်းကြီးကောင် ဝင်လာတဲ့ အဲဒီခွေးအကျားလေးဟာ သေသွားတဲ့ ကျွန်တော့်ရဲ့ ဘိုကျားနဲ့ တဖြည်းဖြည်း တူလာတယ်။ အရောင်အသွေးတအစ သူ့ရဲ့ မျက်လုံးကအစ ဘိုကျားနဲ့ တစ်ပုံစံတည်း တူလာတယ်။

ပိုပြီး သိသာထင်ရှားစေတဲ့ အချက်ကတော့ အဲဒီကောင်ဟာ ကျွန်တော် ဘာမှမကျွေးမမွေးရဘဲနဲ့ ကျွန်တော့်ကို ထူးထူးခြားခြားလာပြီး ခင်တွယ်နေတယ်။ ကျွန်တော်သွားရာ နောက်ကို လိုက်တယ်။ တစ်ခါတစ်ခါ ကျွန်တော့်ရှေ့ကို လာပြီး ကျွန်တော့်မျက်နှာကို ငေးကြည့်နေတတ်တယ်။

ကျွန်တော်ဟာ အဲဒီကောင်ကို ကြည့်ရင်း ကြည့်ရင်း ဘိုကျားသေလို့ နောက်တစ်ခါ ခွေးဘဝနဲ့ ကျွန်တော့် အနီးအနားမှာ ပြန်ဝင်စားသလားလို့ ကျွန်တော်တွေးမိလာတယ်။

ဒါနဲ့ ကျွန်တော် အဲဒီကောင်ကို ကြည့်ပြီး ဘိုကျားလို့ ခေါ်လိုက်တော့ နားလည်သလို ကျွန်တော့်ကို ပြန်ကြည့်ပြီး ကျွန်တော့် ခြေထောက်တွေကို နမ်းပြီး လျှာနဲ့လျက်တော့တာပဲ။ ဟုတ်ပါပြီ။ ကျွန်တော်ထင်တာ ဟုတ်ပါပြီ။ ဒီကောင်ဟာ ကျွန်တော့်ကို စွဲလမ်းစိတ်ကြောင့်လား၊ သူ့ရဲ့ ဘဝကံကြောင့်လား၊ ဒုတိယအကြိမ်မြောက် ခွေးဖြစ်လာရတဲ့ ကျွန်တော့်ရဲ့ ဘိုကျားဖြစ်တာ သေချာပါတယ်။

ဆုံးစမထင်တဲ့ ဘဝသံသရာ ဖြစ်စဉ်ကြီးထဲမှာ မျောပါနေရတဲ့ သံသရာခရီးစဉ်ကြီးအိုး ကျွန်တော် တုန်လှုပ်ကြောက်လန့်မိပါတယ်။ စွဲလမ်းမှု ဘဝတဏှာဆိုတဲ့ ဘုရားဟောတရားတော်ကိုလည်း ကျွန်တော်ဆင်ခြင်မိပါတယ်။

ဒါနဲ့ အဲဒီကောင်ကို ကျားဘိုလို့ ကျွန်တော် နာမည်ပေးလိုက်ပြီး တစ်ခါတလေ ထမင်းတွေ ဘာတွေကျွေးပါတယ်။ သံယောဇဉ်ကို ကြောက်လွန်းလို့ မမွေးချင်တော့ဘူး။ ဒါပေမယ့် ဖြစ်ချင်တော့ ကျွန်တော် ကျွေးသည်ဖြစ်စေ မကျွေးသည်ဖြစ်စေ ကျားဘိုဆိုတဲ့ အဲဒီကောင်ဟာ သူ့ဟာသူ ရှာဖွေစားသောက်ပြီး ကျွန်တော့်အိမ်အောက်မှာ အမြဲလာနေတတ်တယ်။

ကျွန်တော် သူ့ကိုတစေ့တစောင်း အကဲခတ်ကြည့်တယ်။ ကျားဘိုရဲ့ အပြုအမူ အနေအထိုင်တွေဟာ သွားလေသူ ဘိုကျားနဲ့ တစ်ထပ်တည်းတူပါတယ်။ ဒီအကောင်ဟာ ဘိုကျားသေလို့ ပြန်ဝင်စားတဲ့ အကောင်ဆိုတာ ကျွန်တော့်နှလုံးသားထဲက ယုံကြည်နေပါတယ်၊ ဒါကြောင့် ကျွန်တော်သူ့ကို ကျားဘိုဆိုတဲ့ နာမည်ပေးပြီး ကျွန်တော့်အိမ်မှာ လက်ခံထားခဲ့ပါတယ်။

တစ်နေ့မှာတော့ ခွေးလေ ခွေးလွင့်တွေကို စည်ပင်သာယာက သုတ်သင်ရှင်းလင်းတဲ့ အစီအစဉ်တစ်ခုမှာ ကျားဘိုလည်း အပါအဝင်ဖြစ်သွားပြီး ကျွန်တော့်အိမ်အောက်မှာ ကျားဘို သေနေတာကို မနက်မိုးလင်းမှ စိတ်မကောင်းကြီးစွာနဲ့ ကျွန်တော် မြင်တွေ့လိုက်ရပါတယ်။ ကျွန်တော်ဟာ ကျားဘိုရဲ့ ရုပ်အလောင်းကို မြေလွတ်တစ်နေရာမှာ တွင်းတူးမြှုပ်နှံလိုက်ပြီး ရင်ထဲမှာ တော်တော်ဝမ်းနည်းကြေကွဲစွာ ခံစားရပါတယ်၊

ကျွန်တော့်စိတ်ထဲက လေးလေးနက်နက်ပြုလို့ ဆုတောင်းမေတ္တာပို့သလိုက်ပါတယ်၊

"သားကြီး ဘိုကျားနဲ့ ကျားဘိုရေ၊ ဘဝသံသရာတစ်ကွေ့မှာ ငါတို့ဆုံစည်းခဲ့ကြတယ်၊ ဆုံစည်းခဲ့ရတဲ့ ဘဝမှာ ငါ့ဘက်က တာဝန်မကျေခဲ့တာရှိရင် ငါ့ကို ခွင့်လွှတ်ပါကွာ၊ သားကြီးတို့ကိုလဲ ငါ ခွင့်လွှတ်ပါတယ်၊ နောင်သံသရာ ဘဝဆက်တိုင်းမှာ အခုဘဝလို သူများသတ်လို့သေရတဲ့ ဘဝမျိုး မရောက်ကြပါစေနဲ့၊ နောက်ဘဝ ဘဝတွေမှာ မြင့်မြတ်သော ဘုံဘဝ၊ ကောင်းမွန်သော သုဂတိကို သားကြီးတို့ ကူးပြောင်းရောက်ရှိကြပါစေလို့ လှိုက်လှိုက်လှဲလှဲ ဆုတောင်းမေတ္တာပို့လိုက်ပါတယ် သားတို့ရေ . . . အမျှ အမျှ အမျှ"

ချစ်သောဘိုကျားနှင့် ကျားဘိုသို့ အမှတ်တရ . . .

❒ မောင်လှသစ်

www.burmeseclassic.com



# ဆရာကြီး သခင်ကိုယ်တော်မှိုင်းထံမှ တို့ဗမာသမိုင်းကောင်း

## ဟွန်းဆင်းချ

မိလိန္ဒဘုရင်က နာဂသေနအား "ဘန္တေ နာဂသေန၊ သင် ငါနှင့် စကားပြောမည်လား" ဟု မေးသည်။

"မင်းမြတ်၊ ပညာရှိပြော ပြောမည်ဆိုလျှင် ငါ ပြောမည်၊ ဘုရင်ပြော ပြောမည်ဆိုလျှင် ငါ မပြောချင်ဘူး" ဟု နာဂသေနက ပြောသည်။

"ဘန္တေ နာဂသေန၊ ပညာရှိပြော ပြောဆိုသည်ဟာက ဘယ်လိုလဲ" ဟု မိလိန္ဒက ထပ်မေးသည်။

"မင်းမြတ်၊ ပညာရှိများသည် စကားပြောကြသည့်အခါတွင် တစ်ဖက်သား၏ ပြောချက်ကို ကိုယ်က မချေနိုင်သည်ဖြစ်စေ၊ တစ်ဖက်သားက စကားဖြင့် ဖမ်းထားခြင်းမှ လွတ်အောင်ရုန်းထွက်ရသည်ဖြစ်စေ၊ ကိုယ်က စကားမှားသည်ဖြစ်စေ၊ ကိုယ်က အရေးသာသည်ဖြစ်စေ၊ တစ်ဖက်သားက အရေးသာသည်ဖြစ်စေ ပညာရှိများသည် မည်သည့်အခါမျှ စိတ်မဆိုးကြပါ၊ ပညာရှိများသည် ဤစကားပြောနည်းဖြင့် စကားပြောကြပါသည်" ဟု နာဂသေနက ပြောသည်။

"အရှင်၊ ဘုရင်ပြော ပြောဆိုသည်



www.burmeseclassic.com

www.burmeseclassic.com

ဟာကကော ဘယ်လိုပါလဲ ဘန္တေ”ဟု မိလိန္ဒက မေးပြန်သည်။

“မင်းမြတ်၊ ဘုရင်များ စကားပြောကြသည့်အခါမှာတော့ သူတို့က သူတို့ပြောချင်သည့်အချက်တစ်ခုခု ပြောလိုက်၍ တစ်ဖက်သားက ထိုအချက်ဟာ မမှန်ဘူးဟု ပြောလိုက်လျှင် ဘုရင်များက ‘သည်ကောင်ကို ဒဏ်ခတ်လိုက်’ ဟုပြောပြီး သူတို့စကားကို မမှန်ဘူး ပြောသူအားအပြစ်ဒဏ်ပေးကြပါသည်၊ မင်းမြတ်၊ ဘုရင်များသည် ဤစကားပြောနည်းဖြင့် စကားပြောကြပါသည်” ဟု နာဂသေနက ပြောသည်။

“ဘန္တေ၊ ငါသည် ပညာရှိ ပြောနည်းဖြင့် ပြောပါမည်၊ ဘုရင်ပြောနည်းဖြင့် မပြောပါ၊ ရဲရဲဝံ့ဝံ့သာ ပြောပါ ဘန္တေ”

❖

ဖော်ပြပါ ကောက်နုတ်ချက်သည် ဆရာကြီးသခင်ဘသောင်း၏ အင်္ဂလိပ်စာတစ်ပုဒ်ကို မြန်မာဘာသာ ပြန်ကြည့်ခြင်း ဆောင်းပါးမှ ဖြစ်ပါသည်။

ဆရာကြီး သခင်ဘသောင်းသည် “ငါ့နည်းကို ကြိုက်လျှင်လည်းယူ မကြိုက်လျှင်လည်း ပယ်တော်မူကြပါ၊ ဘာသာပြန်သုခမိန်အပေါင်း သူတော်ကောင်းတို့” ဟူ၍ မြွက်ဆိုပြီးနောက် "Henry Clark Warrens" ၏ "Buddhism In Translation" (ပထမအကြိမ် ၁၈၉၆) စာအုပ်မှ "King Milinda and Nagasema come to an understanding" (မိလိန္ဒဘုရင်နှင့် နာဂသေနတို့ သဘောတူကြခြင်း)အခန်းကို ဥဒါဟရုဏ်ဆောင်ကာ ဘာသာပြန်ပြခဲ့ခြင်း ဖြစ်ပါသည်။

ဤနေရာတွင် “ဆရာကြီးသခင်ဘသောင်းသည် မည်သူနည်း” ဟူသော မေးခွန်း ရောက်လာဖွယ်ရှိသောကြောင့် ၁၉၇၁ ခုနှစ် ဖေဖော်ဝါရီ ၉ ရက် ထုတ် ဗိုလ်တထောင်သတင်းစာမှ ဆောင်းပါးရှင် “ထိန်လင်း” ၏ “တစ်ခေတ်က လူငယ်တို့အပေါ် ဩဇာကြီးမားခဲ့သော သခင်ဘသောင်း” ဆောင်းပါးမှကောက်နုတ်မိတ်ဆက်ပေးချင်ပါသည်။

❖

“ယမန်နေ့ ဖေဖော်ဝါရီလ ၇ ရက်နေ့က ဆရာကြီးသခင်ဘသောင်း၏ အသက် ၇၀ ပြည့် အထိမ်းအမှတ် ကျင်းပရာ ဝမ်းချူးဟိုတယ်သို့ ကျွန်တော် ရောက်ရှိခဲ့သည်။

ဆရာကြီးသည် ရှေးခေတ် နိုင်ငံရေးခေါင်းဆောင် တစ်ဦးဖြစ်သလို စာရေးဆရာကြီး တစ်ဦးလည်းဖြစ်သဖြင့် နိုင်ငံရေးနယ်ပယ်၊ စာပေနယ်ပယ်မှ ပုဂ္ဂိုလ်များ စုံလင်စွာ လာရောက်ကြသည်ကို တွေ့ရသည်။

ဆရာကြီး သခင်ဘသောင်းသည် ကျွန်တော်တို့ စစ်ကြိုခေတ် ကျောင်းသားလူငယ်များ၊ လူရွယ်များ အပေါ်တွင် များစွာဩဇာကြီးမားခဲ့သူဖြစ်သည်။ ဆရာကြီးသည် စစ်ကြိုခေတ် ကျွန်တော်တို့နိုင်ငံ၏ နယ်ချဲ့ဆန့်ကျင်ရေးနှင့် အမျိုးသားလွတ်မြောက်ရေး လုပ်ငန်းများတွင် အလွန်ထင်ရှားချက်ကြီးမားလှသည့် “တို့ဗမာ အစည်းအရုံးကြီး” ကို စတင်ထူထောင်သူတစ်ဦး ဖြစ်သည်။

ထိုစဉ်က တို့ဗမာအစည်းအရုံးကြီး၏ နိုင်ငံရေးဩဇာသည် ကျောင်းသားလူငယ်လူရွယ်များ၏ မျိုးချစ်စိတ်ကို လျှမ်းလျှမ်းတောက် ထကြွနိုးကြားစေသည်။ တို့ဗမာအစည်းအရုံး၏ လှုံ့ဆော်တပ်လှန့်သံကြောင့် လူငယ်လူရွယ်တို့သည် နိုင်ငံနှင့် လူမျိုးအတွက် ကိုယ်ကျိုးမငဲ့ အသက်စွန့်ရန်လည်း ဦးမလေး၊ ထောင်ကျရန်လည်း နောက်မတွန့်၊ နယ်ချဲ့သမားတို့၏ တရားရုံး၊ ဂါတ်၊ ထောင်တို့တွင် မိမိတို့၏ မျိုးချစ်စိတ်ဓာတ်ကို အစစ်ဆေးခံရသော သူရသတ္တိများကို မွေးမြူပေးစွမ်းနိုင်ခဲ့သည်။”

❖

ဤသို့ ဆိုပါလျှင် သခင်ဘသောင်း ဟူသည်နှင့် စပ်လျဉ်း၍ အထူးလင်းပါးဖွယ် လိုမည်မထင်တော့ပါ။

ဤနေရာ၌ စကားမစပ် ပြောစရာလေးတစ်ခုက ဖျတ်ခနဲ ပေါ်လာသည်။ ၂၄၊ နိုဝင်ဘာ၊ ၂၀၁၃ နေ့ထုတ် အာရှအလင်းဂျာနယ် မျက်နှာဖုံးတွင် “xxx ဟောင်းကြီးတစ်ဦးက နန်းတော်ကြီးတမျှ ထည်ဝါလှသော အိမ်ကြီးထဲတွင် အေးအေးလူလူ စာဖတ်ခွင့်ရနေသည့်အချိန်တွင် တိုင်းပြည်လွတ်လပ်ရေးအတွက် အသက်စွန့်ခဲ့ပြီး မည်သည့်အခွင့်အရေးကိုမျှ မရရှိခဲ့ရှာသော သခင်တစ်ယောက်မှာတော့ . . . ” ဟူ၍ စာလုံးကြီးများဖြင့် ပုံနှိပ်ဖော်ပြထားသောကြောင့် အကြောင်းအရာ အပြည့်အစုံကို ဖတ်ကြည့်မိပါသည်။ ဖတ်ကြည့်သောအခါ ဤသို့ သိရပါသည်။

“အဲဒီအချိန်က အဘတို့နယ်မှာ ချစ်တီးတွေ သိပ်ကိုသောင်းကျန်းနေကြတာ၊ အကြွေး မပေးနိုင်ရင် လယ်သိမ်း၊ ယာသိမ်းလုပ်ရုံတင်မက သမီးပျိုကလေးတွေကိုပါ သိမ်းတဲ့အထိ ဖြစ်နေကြတာ၊ အဲဒါနဲ့ အဘလဲ မခံချင်ဖြစ်ပြီး ဒီကောင်တွေကို ပြန်တိုက်ချင်တာနဲ့ စစ်တပ်ထဲဝင်ခဲ့တာ၊ အဲဒီတုန်းက ဟင်္သာတမြို့မှာ ဗိုလ်ရန်နိုင်တို့ ရောက်နေကြတယ် ကြားတာကိုး၊ ဒါကြောင့် ရွာဦးကျောင်းက ဆရာတော်ရဲ့ အကူအညီနဲ့ ဗိုလ်ရန်နိုင်ရဲ့တပ်ရင်း(၁)မှာ ဝင်ရောက်စစ်မှုထမ်းခဲ့တာပါ”

ထိုသို့ အတိတ်အကြောင်း ပြန်ပြောင်း ပြောပြနေသူသည် တို့ဗမာအစည်းအရုံး အဖွဲ့ဝင် သခင်လှကြိုင်ဖြစ်ပါသည်။ ယခု သခင်လှကြိုင်သည် အသက်(၉၀)ကျော်ပြီ။ဘဝတစ်လျှောက်လုံး လောကဓံမုန်တိုင်းကြားဝယ် ရုန်းကန်ခဲ့ရာမှ အိုမင်းမစွမ်း ရှိလာသောအခါ ပဲခူးတံတားကြီးတစ်ဝိုက်တွင် ခုနစ်ရက် သားသမီးတို့ထံမှ ပေးစာကမ်းစာလေးများကို ခံယူရင်း တဲအိုလေးတစ်လုံးပေါ်မှာ ဇရာကို အန်တုရင်း နေထိုင်



www.burmeseclassic.com

www.burmeseclassic.com

ရသည်။ ထိုသို့ နေထိုင်နေရာမှ သခင်လှကြိုင်၏ ဘဝအမှန်ကို သိရှိသွားသူ လူငယ်လေးများက အင်တာနက်မှတစ်ဆင့် ထုတ်ဖော် ဆော်ဩခဲ့ကြသည်။ တာဝန်သိ ပြည်သူများ၏ ဝိုင်းဝန်းဖော်ထုတ် ကူညီခဲ့မှုကြောင့် ယခုအခါ သခင်လှကြိုင် (ဝါ) အဘိုးလှကြိုင်၏ ဘဝဆည်းဆာသည် အတိုင်းအတာ တစ်ခုအထိ လင်းလက်တောက်ပလာပြီဟု သိရသည့်အတွက် ဝမ်းသာရပါသည်။

**သခင်လှကြိုင်အကြောင်း စကားမစပ် ပြောရခြင်း၏ အဓိကရည်ရွယ်ချက်မှာ "သခင်" ဟူသော ဂုဏ်ပုဒ်ကို ကြည်ညိုလေးစား တန်ဖိုးထားသူများ မဆိတ်သုဉ်းသေးကြောင်း သိစေလိုခြင်းပင် ဖြစ်ပါသည်။** အမှန်စင်စစ်တွင်လည်း မြန်မာဟူ၍ ကမ္ဘာပေါ်တွင် ရှင်သန်နေသမျှ ကာလပတ်လုံး "သခင်" ဟူသော ဂုဏ်ပုဒ်သည် ထွန်းလင်းတောက်ပြောင်နေမည်သာ ဖြစ်ပေသည်။

အကယ်စင်စစ် သခင် ဟူသော ဝေါဟာရသည် မြန်မာတို့ အတွက် အသွေးထဲ အသားထဲ စွဲမြဲနစ်ဝင် သန္ဓေတည်နေသော အမြုတေတစ်ပါးပင် ဖြစ်သည်။

မြန်မာတို့သည် ခေတ်အဆက်ဆက် ကိုယ့်အရှင်၊ ကိုယ့်သခင်၊ ကိုယ့်ဘုရင်၊ ကိုယ့်ထီးကိုယ့်နန်း ကိုယ့်ကြငှန်းနှင့် ကမ္ဘာ့အလယ်မှာ တင့်တင့်တယ်တယ် ဝင့်ဝင့်ထည်ထည် သခင်လူမျိုးများအဖြစ် ဂုဏ်သိက္ခာရှိရှိ နေထိုင်လာခဲ့ကြသည် မဟုတ်လော။

သို့ဖြစ်သော်ငြား ကံကြမ္မာ သူလှည့်စား၍ ၁၈၈၆ ခုနှစ် ဇန်နဝါရီလ (၁)ရက်နေ့မှာ မြန်မာတစ်ပြည်လုံး နယ်ချဲ့အင်္ဂလိပ်လက်အောက်၊ ကျရောက်ခဲ့ရသည်။ သခင်မျိုးအဖြစ်မှ ကျွန်မျိုးဘဝသို့ နှိမ်ချသတ်မှတ်ခံခဲ့ရသည်။ နယ်ချဲ့အင်္ဂလိပ်တို့ကို မြန်မာတို့က သခင်ခေါ်ကာ ဘုရားထူးခဲ့ရသည်။

ဤသို့ဖြင့် ၁၉၃၀ ပြည့်နှစ်သို့ ရောက်လာသည်။ ၁၈၈၆ ခုနှစ်မှ ရေ[illegible] ([illegible]) [illegible] တွင် သခင်ဘသောင်းအလောင်းအလျာ ကိုဘသောင်းသည် ရန်ကုန်တက္ကသိုလ်သို့ ဘာသာပြန် နည်းပြဆရာအဖြစ် ရောက်လာသည်။ ထိုသို့ နည်းပြလုပ်ရင်း နိုင်ငံရေးကိုလည်း လုပ်လေရာ တစ်နှစ်ခန့်အကြာ၌ ဘာသာပြန်နည်းပြဆရာအဖြစ်မှ နုတ်ထွက်ခဲ့ရသည်။ ကိုဘသောင်း၏နာမည်သည် နယ်ချဲ့အင်္ဂလိပ်ရန်သူတော်စာရင်းတွင် ထိပ်တန်းမှ ပါဝင်ခဲ့ရသည်။

ပြောရမည်ဆိုလျှင် ကိုဘသောင်းသည် ရန်ကုန်တက္ကသိုလ်တွင် ဘာသာပြန် နည်းပြဆရာအဖြစ် တာဝန်ထမ်းဆောင်နေစဉ်မှာပင် "သခင်မျိုးဟေ့ တို့ဗမာ" စိတ်ဓာတ်များ တဖွားဖွား ပေါ်ပေါက်နေပြီ ဖြစ်ကြောင်း ထင်ရှားပါသည်။

ဆရာကြီးမြကေတု၏ "တက္ကသိုလ်လောကနှင့် သခင်ဘသောင်း" ဆောင်းပါးတွင် ဤသို့ ပါရှိလေသည်။

*

ကျွန်တော်တို့ ဇွန်လ ၅ ရက် ကျောင်းဖွင့်ပြီး သင်တန်းတက်နေကြရာ နှစ်ရက် သုံးရက်မျှ အကြာတွင် ပင်းယဆောင်ရှိ မြန်မာစာသင် အခန်းသို့ ပါမောက္ခ ဆရာ ဖေမောင်တင်သည် ဆရာသစ်တစ်ဦးကို ခေါ်၍လာသည်။ သူသည်လည်း လူချောကလေး၊တုလားဆင်ကလေး၊ မင်းသားဟန်ကလေးပင်။ မင်းသားများရှိရာ မင်းသားများ လာစုသည်ထင့်၊ သူ့ခေါင်းပေါင်းစက ဘားကိုထောင်၍ တစ်မျိုးကြည့်ကောင်းပါသည်။

"ဟေ့ ဒါ မင်းတို့ကို ဘာသာပြန်ပုံပြန်နည်း သင်ပြမယ့် ဆရာဘသောင်းကွယ့်၊ ဒီနေ့ကစပြီး သူ အတန်းတက်လိမ့်မယ်၊ သူ့ဘာသာပြန်သင်တန်းကို မင်းတို့ ကောင်းကောင်းကြိုးစား လိုက်တက်ကြ၊ သူဟာ ဘာသာပြန်တဲ့နေရာမှာ မကြာသေးခင်က ဝေလမင်းသားဆုတော်ငွေ တစ်ထောင်ရသူ ဖြစ်တယ်၊ [illegible] ဘာသာပြန်တာက 'ဆရာဝန်ပါပဲ ပြဇာတ်' ဖြစ်တယ်၊ အေး မင်းတို့လဲ ဘာသာပြန်ဆုတွေ ဘာတွေ ရအောင် ကြိုးစားကြပေါ့ကွယ်"

ဆရာဖေမောင်တင် အတန်းအပ်ပြီး ပြန်ဆင်းသွားသည်။ ဆရာဘသောင်းမှာ ပြုံးပြုံးလေးနှင့် အလွန်ယဉ်သည်။ မျက်စိကလေးကလည်း အလွန်တစားသည်။

ထိုနေ့မှာပင် ကျွန်တော်တို့ ဆရာဘသောင်း၏ တပည့်အဖြစ် ခံယူလိုက်ကြသည်။ သူ့ပြုံးပုံနှင့် သူ့လေသံက ကျွန်တော်တို့အားလုံးကို ဆွဲဆောင်နေသည်။

"ငှအး . . . ဆရာ့နာမည်က သခင်ဘသောင်းကွယ့်၊ နာမည်ရှေ့က ဘာလို့ သခင်ထည့်ရလဲဆိုတော့ ငါတို့ဟာ သူများကျွန် မဟုတ်ဘူးပေါ့ကွယ်၊ ရှေးနှစ်ပေါင်း နှစ်ထောင်ကျော်လောက်အခါကတည်းက တို့တစ်တွေဟာ သခင်မျိုးတွေပဲ၊ ဒါကြောင့် တို့ဟာ သခင်မျိုးဟေ့ တို့ဗမာပဲ"

ဤကား သူအတန်းထဲ ရောက်ရောက်လာချင်း အစချီသော နှုတ်ဆက်စကား ဖြစ်ပါသည်။ ကျွန်တော်တို့ များစွာ သဘောကျကြသည်။ ထိုနေ့ သခင်ဘသောင်းသည် ဘာသာပြန်ကို သင်သည့်အခါ စိတ်ကို မည်သို့ထားရှိရမည်ကို သင်သွားပါသည်။

"သူတစ်ပါး၏ ဘာသာကို တို့ဗမာဘာသာနဲ့ ပြန်ဆိုရင် အရေးကြီးတာက သူ့ဘာသာ၊ သူ့ဘဝကို တို့ဘာသာ၊ တို့ဘဝနဲ့ ထင်ဟပ်ပြီးမှ ဘာသာပြန်ရတယ်၊ သူတို့ ခံစားချက်ဟာ တို့ခံစားချက်ပင် ဖြစ်တယ်လို့ သဘောထားရမယ်၊ ဥပမာ ရုရှားပြည်မှ ပြည်သူတွေဟာ သူတို့အပေါ် ညှဉ်းပန်းနှိပ်စက်ကျွန်သပေါက်အဖြစ် ခိုင်းစေခံခဲ့ရတယ်၊ ဒါကို မခံနိုင်တော့ သူတို့က တော်လှန်တယ်၊ ဒါဟာ စစ်မှန်သော တရားသောနည်းနဲ့ တော်လှန်ကြတာပဲ၊ သူတို့ဟာ မကြောက်ဘူး၊ သေရဲတယ်၊ အဲဒီတော်





www.burmeseclassic.com

www.burmeseclassic.com

ချုန်ရေး အကြောင်းကို ဘာသာပြန်ကြ ယ်ဆိုရင် မင်းတို့ စိတ်ထဲမှာလဲ ရုရှား လူမျိုးတွေ ခံစားနေရသလို မင်းတို့စိတ် က ထင်ဟပ်ပြီး ဘာသာပြန်ရတယ်၊ ဒါမှ ရသလဲ ပေါ်လာတယ်၊ ဘာသာပြန် ကောင်းလဲ ဖြစ်မယ်"

ကျွန်တော်တို့ သိပ်သဘောကျ ပါသည်။ သူ သတ္တိရှိသားပဲ၊ ဆရာဆို တာ ဒီလိုမှပေါ့။ ဤသို့ ပြောနေရင်းက-

"မင်းတို့ ကြောက်သလား" ဟူ၍ ့တိတိ မေးလိုက်သည်။

ကျွန်တော်တို့ကလည်း . . .

"မကြောက်ဘူး" ဟူ၍ပြောလိုက် သည်။

"အေး. . . ဒါမှပေါ့ တပည့်များ"

ထို့နောက် သူသည်လက်မောင်း ကိုတန်း၍ လက်သီးဆုပ်ပြီး . . .

"သခင်မျိုးဟေ့"

ဟူ၍ မြည်တမ်းလိုက်သည်။

ကျွန်တော်တို့ ဘာပြောရမည် သိ၊ ထိုအခါ သူက သင်ပေးပါသည်။

"တို့ဗမာ"

ဟူ၍ လက်သီးဆုပ်ပြီး "ပြန် အော်ကြကွယ်" ဟု သင်ပေးသည်။ သံမှာ တိုးတိုးမျှသာ ဖြစ်ပါသည်။

ထိုနေ့ ကျောင်းတက်ရသည်မှာ ပျော်သည်။ ကိုလိုနီခေတ်က ကျောင်းသားများကို ကနဦး နိုင်ငံချစ် ခေတ်ကို သွင်းပေးသူဟူ၍ ကျွန် တော် ဆိုလိုက်ချင်သည်။

❖

ထိုကဲ့သို့ ဆရာကြီး သခင် ဘသောင်း၏ "သခင်မျိုးဟေ့ တို့ဗမာ" ခေတ်ကို မည်သည့် အရာကမျှ တားဆီး၊ မဟန့်တားနိုင်ခဲ့ပါ။

ကျောင်းအုပ်ကြီး မစ္စတာ တစ်သည် သခင်ဘသောင်းအား သခင်မျိုးဟေ့ တို့ဗမာ" မလုပ်ရန်၊ ခဲ့သော် ကျောင်းမှ ထွက်ခွာရန် သတိပေးသောအခါ အရှိန်အဝါ လှသော တက္ကသိုလ် ဆရာဘဝ ကို သခင်ဘသောင်း ကျောခိုင်းခဲ့လေ သည်။

ထို့နောက် သခင်ဘသောင်း သည် "တို့ဗမာအစည်းအရုံး"ကို တစ် ကိုယ်တော် စတင်တည်ထောင်သည်။ တို့ဗမာအစည်းအရုံးဝင်တို့သည် "သခင်" ဘွဲ့ကို ခံယူကြသည်။

ထင်ရှားသော ပုဂ္ဂိုလ်ကြီးများမှာ ဆရာကြီးသခင်ကိုယ်တော်မှိုင်း၊ သခင် အောင်ဆန်း၊ သခင်နု၊ သခင်မြ၊ သခင် သိန်းဖေ (စာရေးဆရာကြီးသိန်းဖေမြင့်)၊ သခင်သန်းထွန်း၊ သခင်စိုး၊ သခင်ဗဟိန်း စသည်တို့ ဖြစ်ပါသည်။

တို့ဗမာအစည်းအရုံး၏ ကြွေး ကြော်သံမှာ . . .

"ဗမာပြည်သည် တို့ပြည်
ဗမာစကားသည် တို့စကား
တို့ပြည်ကို ချစ်ပါ
တို့စာကို ချီးမြှင့်ပါ
တို့စကားကို လေးစားပါ"
ဟူ၍ ဖြစ်ပါသည်။

တို့ဗမာအစည်းအရုံး၏ တစ် တိုင်းတစ်ပြည်လုံး တုန်ဟည်းသွားစေ သော လုပ်ဆောင်ချက်တစ်ရပ်မှာ "တို့ ဗမာ" သီချင်းကို ရေးစပ်သီဆိုခြင်း ဖြစ် ပါသည်။

"ကမ္ဘာတစ်ခွင်မှာဖြင့်
ဗမာ အထင်အရှား
တို့ခေတ်တွင်မှ ညှဲ့ကြတော့မှာ
လား။
တို့ဗမာ မဟုတ်လေသလား
တို့ဗမာ ငါတို့ဗမာ"

အစရှိသော ပြောင်မြောက် တက်ကြွသည့် ဝေါဟာရများဖြင့် ဝိုင် အမ်ဘီ ဆရာတင် ဖွဲ့ဆိုထားသော "တို့ ဗမာ" သီချင်း ဟစ်ကြွေးသံ ဘဝင်ညဲ့ခဲ့ ပြီးနောက် (၁၈)နှစ်အကြာ ၁၉၄၈ ခုနှစ် တွင် မြန်မာ့လွတ်လပ်ရေးအောင်ပန်း ဆွတ်လှမ်းနိုင်ခဲ့ပါသည်။

မြန်မာ့လွတ်လပ်ရေး ကြိုးပမ်းမှု တွင် သခင်ဘသောင်းသည် "တို့ဗမာ သူ့ရဲကောင်းတစ်ယောက်" ဖြစ်ပါသည်။ သခင်ဘသောင်းကို များသောအားဖြင့် "စာရေးဆရာကြီး" ဟူ၍သာ သိကြ သည်။

သခင်ဘသောင်းသည် မြန်မာ ပြည် လွတ်လပ်ရေးရပြီးနောက် နိုင်ငံ ရေးလောကမှ ခြေရာဖျောက်ခဲ့ကာ ငယ် စဉ်ကပင် မြတ်နိုးတန်ဖိုးထားခဲ့သော စာပေလောကတွင်ကျင်လည်ခဲ့ပါသည်။ "ပန်းသာ မစာဥ"၊ "တစ်ထောင့်တစ်ည" စသော ဂန္ထဝင်မြောက် ဝတ္ထုကြီးများ၏ ဖန်တီးရှင် သခင်ဘသောင်းသည် ၁၉၈၀ ပြည့်နှစ်တွင် "နိုင်ငံ့ဂုဏ်ရည်ဘွဲ့ ပထမ ဆင့်" ကို ရရှိခဲ့ပါသည်။

သခင်ဘသောင်းသည် အသက် (၈၀)အရွယ်တွင် ကွယ်လွန်ခဲ့ရာ နိုင်ငံ တော်ဝန်ကြီးချုပ်ဟောင်းဦးနု(သခင်နု) နှင့် သခင်၊ သခင်မကြီးများ နိုင်ငံရေး လောကမှ ထိပ်တန်းပုဂ္ဂိုလ်များ စာရေး ဆရာ ဆရာမများ စသည့်လူထုလူတန်း စားအသီးသီးမှ ကြဲတောသုသာန်သို့ ပို့ဆောင်ခဲ့ကြပါသည်။ စည်ကားသိုက် မြိုက် လေးနက်တည်ကြည်စွာ ဂုဏ်ပြု ခဲ့ကြပါသည်။

"အို. . . အဆွေတော် သခင် ဘသောင်း" အစရှိသော "ချီးကျူးထော မနာပြုစာတမ်း"ကို သခင်ကြီးမြင့်က ဖတ်ကြားဂုဏ်ပြုပြီးသည်နှင့်တစ်ပြိုင်နက် ပရိသတ်ကြီးသည် တစ်ခဲနက် ကြွေး ကြော်လိုက်ကြပါသည်။

"သခင်မျိုးဟေ့"

"တို့ဗမာ"

ထိုအခါ စကြဝဠာ တုန်ခါဟုန် ပြင်းလေသတည်း။

အလေးပြုလျက် . . .

❏ ထွန်းလင်းသူ



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

(၁)

"မီးတုတ် မီးတုတ် ရှူးရှူး"
"သခင်မျိုးဟေ့ တို့ဗမာ"
"အရေးတော်ပုံ အောင်ပါစေ"

အော်ဟစ် ဆန္ဒပြသူများ၏ ကြွေးကြော်သံတို့ အဆုံးမတိုင်မီ ကုန် ည်ကြီး ဦးဘလွန်းမှာ သေနတ်ထိမှန် ၍ နေရာ၌ပင် ပွဲချင်းပြီး လဲကျသေဆုံး သွားခဲ့ရသည်။

လက်နက်နှင့် ဆင်တူသော အတိုတစ်ချောင်းမျှပင်မရှိသည့် ပြည် သူလူထု ပရိသတ်ကြီးရှေ့မှောက်တွင် ဘတ်သေနတ်ထိမှန်ထားသည့် (၁၂) နှစ်အရွယ် အထက်တန်းကျောင်းသား လေး မောင်တင်အောင်ကို အကာ တွယ်ရှိရာသို့ ပွေ့ချီခေါ်ထွက်ခဲ့ရာ၌ ခေါင်သို့ သေနတ်ထိမှန် ခံလိုက်ရသည့် ခင်လှမောင် (ခ) ဗိုလ်ဇေယျတို့ မြေ ခွေလဲကျသွားသည်ကို မြင်တွေ့ ရသောအခါ ရက်စက်ကြမ်းကြုတ် မညှာမတာ ရက်ရက်စက်စက် သတ်ရက်ကြလေခြင်းဟု နာကြည်း သအမျက် ခြောင်းခြောင်းထွက် တ် လက်တုံ့ပြန်ရန် လူထုပရိသတ် မှာ ထိန်းမနိုင် သိမ်းမရခြင်းဖြင့် အုံကြွသွားခဲ့ရပေသည်။

ထို့နောက်. . .။

(၂)

၁၉၃၉ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၀)ရက် (၁၃၀၀ ပြည့်နှစ်၊ တပို့တွဲလ ပြည့်ကျော် ၇ ရက်)နေ့၏ မန္တလေး အရေးတော်ပုံကြီးမှာ ရန်ကုန်မှ အစပြု လေသည်။

ရန်ကုန်မြို့ရှိ ကျောင်းသား ခေါင်းဆောင်များနှင့် ကျောင်းသားများ ပေါင်းစည်းညီညွတ်သွားကြပြီးနောက် ၁၉၃၈ ခုနှစ်၊ ဒီဇင်ဘာလ(၂၀)ရက်နေ့ တွင် အတွင်းဝန်များရုံးကိုဝိုင်းကာ နယ်ချဲ့အစိုးရမှ ဖမ်းဆီးထားသော ကျောင်း သားခေါင်းဆောင်များ၊ တို့ဗမာအစည်း အရုံးကြီးမှ သခင် သခင်မများကို ခြွင်း ချက်မရှိ ပြန်လွှတ်ပေးရန် အရေးဆို ဆန္ဒပြ သပိတ်တားခြင်းမှ စတင်ပေါ် ပေါက်လာခဲ့ခြင်း ဖြစ်သည်။

နယ်ချဲ့ဗြိတိသျှ အစိုးရဘက်မှ ပန်ချာပီနှင့် ဂေါ်ရာမြင်းစီးပုလိပ်များ အတင်းအဓမ္မရိုက်နှက် လူစုခွဲရာတွင် ဂျပ်ဆင်ကောလိပ်ကျောင်းသား ကို အောင်ကျော် သေဆုံးခဲ့ရရှာသည်။ ကျောင်းသူ ကျောင်းသားနှစ်ရာကျော် ခန့်လည်း ပြင်းထန်စွာ ဒဏ်ရာ ရရှိခဲ့ပေ သည်။

ထိုစဉ်က မန္တလေးမြို့တွင် ရဟန်းပျို သမဂ္ဂအဖွဲ့ချုပ်မှာ ဦးဆောင် နေချိန်ဖြစ်၏။

ကုလား ဗမာ အဓိကရုဏ်း၊ အမျိုးသားစီးပွားရေး ဖွံ့ဖြိုးမှုအတွက် လူမျိုးခြားဆိုင်နှင့် နိုင်ငံခြားကုန်ပစ္စည်း များ မဝယ်ယူရေးတို့တွင် ရဟန်းပျို သမဂ္ဂအဖွဲ့ချုပ်မှ ကြမ်းတမ်းစွာ စည်း ကမ်းချက် ပြင်းလျက် တင်းတင်းကျပ် ကျပ် တားမြစ်ပိတ်ပင် ကိုင်တွယ်တော် မူသည်။

ထို့ပြင် အလှအပမက်မောသည့် မြန်မာအမျိုးသမီးများ အင်္ကျီပါးဝတ် ဆင်ခြင်းကို တွေ့ရှိလျှင် လမ်းလယ် မရှောင် တွေ့မြင်ကြုံတွေ့ရာ နေရာ၌ ကြိမ်လုံးဖြင့် ရိုက်နှက်ဆုံးမနေသည့် အချိန်လည်း ဖြစ်သည်။

အိမ်တော်ရာစေတီ ၁၄ ခန်း ဇရပ်၌ ကျောင်းသားခေါင်းဆောင်များ၊ သခင်ခေါင်းဆောင်များနှင့် ရဟန်းပျို အဖွဲ့ အမှုဆောင်ဆရာတော်များ လျှို့ ဝှက်ဆွေးနွေးပွဲကို ညလုံးပေါက် ကျင်းပ နေချိန်လည်း ဖြစ်၏။

၁၂၈၀ ပြည့်နှစ်၌ အိမ်တော်ရာ စေတီဘုရားပွဲတော် ကျင်းပနေစဉ်မှာ နယ်ချဲ့ အင်္ဂလိပ်အစိုးရနှင့် မန္တလေး ရဟန်းရှင်လူ ပြည်သူလူထုတို့ကြားတွင် နာကြည်းခံခက်ဖွယ် ဖြစ်ရပ်ဇာတ်လမ်း ကလေးတစ်ပုဒ်ကလည်း ရှိခဲ့ဖူးလေ သည်။

အင်္ဂလိပ်လူမျိုး မစ္စတာစတီးဝပ် မှာ ပုလိပ်သားအခြွေအရံများဖြင့်ဘုရား ရင်ပြင်တော်ပေါ်သို့ ခြေနင်းဖိနပ်စီး၍ တက်ရောက်ခဲ့သည်။

သို့ကြောင့် ဘုရားပွဲတော် လုံခြုံ ရေးအား စောင့်ကြပ်နေကြသည့် ရဟန်း ပျိုအဖွဲ့မှာ နာကြည်းခံပြင်းလျက် မကျေ မနပ် ဖြစ်သွားကြ၏။

အဆုံးတိုင် စိတ်ရှည်သည်းခံ ခွင့်လွှတ်နိုင်ရန် ပြင်းပြသည့် ရင်ဖြင့် မချိတင်ကဲ နေခဲ့ကြရသည်။

"တောက် မိုက်ရိုင်းလိုက်တဲ့ ကောင်ကွာ"

"သည်းခံပါ ဘုရား၊ သည်းခံပါ"

ရဟန်းပျိုအုပ်စုထဲမှ ထီးလင်း တိုက်ပွဲတွင် စာဝါတက်နေသည့် အရှင် ဦးကေသရမှာ သာသနာ၊ ဘာသာ အတွက် ပို၍ ခံပြင်းနာကြည်း ဒေါသ ထွက်နေမိသည်။

အရှင်ဦးကေသရကို အခြား ရဟန်းပျိုတစ်ပါးက သည်းခံခွင့်လွှတ်ရန် ပြောကြားသတိပေးသည့်အတွက် သက် ပြင်းရှည်ချရင်း တံတွေးမျိုကာ အံကြိတ် တင်းခံ၍ ဒေါသကို အတင်းဖိသိပ်မျိုချ နေခဲ့ရပေသည်။

မစ္စတာစတီးဝပ်တို့ လူစုမှာ ရဟန်းပျိုများအဖွဲ့ အနီးသို့ ရောက်ရှိ လာသည်။ ဆောင့်ကြွားကြွား မာန်ပါပါ လျှောက်လှမ်းလာသည့် စတီးဝပ်ကို မြင်တွေ့လိုက်ရစဉ် အခိုက်တွင် တင်းခံ ချုပ်တည်းထားသည့်ကြားမှ အရှင် ဦးကေသရ၏ ဒေါသအမျက်တို့မှာ ပွင့် အန်ထွက်ကျလာ၏။ ဝန်းကျင်လောက တစ်ခုလုံး အမိုက်မှောင် ဖုံးလွှမ်းခဲ့ရ ပေပြီ။

အနီးရှိ ဘုရားပွဲတော်လာ လူငယ်တချို့ထံမှ သိမ်းဆည်းထားသည့်



www.burmeseclassic.com

www.burmeseclassic.com

မားရှည်ကို အရှင်ဦးကေသရမှ ဆွဲယူပြီး စတီးဝပ်၏ လည်တိုင်ဆီသို့ အတင်းဝင်ရောက် လွှဲခုတ်လိုက်လေတော့သည်။

"ခွေးမသား သေစမ်း"

"အား. . ."

ပုလိပ်သားများ အမှတ်မထင် ကြောက်လန့်တကြား ဘေးသို့ ဖြန့်ရှဲသွားသည်။

**စတီးဝပ်မှာ** ဟန်ပါပါ ရှေ့ခြေ လှမ်းလိုက်စဉ် အရှင်ဦးကေသရမှ မားဖြင့် လှမ်းခုတ်လိုက်သည့်အတွက် **ရုတ်တရက်** ကိုယ်ကိုယို့၍ တစ်ဖက်သို့ မျက်နှာလှည့် တိမ်းရှောင်လိုက်သည်တွင် နှာခေါင်းအား ဖြတ်ခုတ်မိသွား၏။ နောက် ပုလိပ်သားများက အရှင်ဦးကေသရကို ဝိုင်းဝန်းလုံးထွေး သတ်ပုတ်ဖမ်းဆီးလိုက်ကြသည်။

ထိုအမှုနှင့် အရှင်ဦးကေသရလည်း ထောင်ဒဏ်တစ်သက် အပြစ်ပေးခံရသည်။ သည်အဖြစ်အပျက်ကလည်း မြို့မန္တလေးတွင် ပူပူနွေးနွေး။

(၃)

ရန်ကုန်တွင် တို့ဗမာအစည်းအရုံးကြီးမှ နယ်ချဲ့ဆန့်ကျင်တော်လှန်ရေး၊ ပုဒ်မ-၁၄၄ တိုက်ဖျက်ရေးကို တိုက်ပွဲဝင် ဆန္ဒပြမည်ဟု အားယူနေစဉ် မန္တလေးမြို့၌ ပုဒ်မ-၁၄၄ ကို ထုတ်ပြန်လိုက်လေသည်။

နယ်ချဲ့အစိုးရ၏ စစ်တပ်နှင့် ရင်ဆိုင်ရန် ဝန်မလေးကြသောကြောင့် မန္တလေးရှိ အဖွဲ့အစည်းတိုင်းမှာ ရဲသွေးရဲမာန်များ တက်ကြွကာ သူ့ထက်ငါ အလုအယက် ရှေ့ဆုံးမှနေ၍ ချီတက်လိုကြပေသည်။

"အားလုံးသည်းခံ ခွင့်လွှတ်ပေးကြပါ၊ သူတို့ ရိုင်းပေမယ့် ကျုပ်တို့ မရိုင်းနိုင်ဘူး၊ စနစ်တကျနဲ့ ကျုပ်တို့တွေ စည်းကမ်းရှိကြောင်း ဒီကောင်တွေ သိအောင် ပြရမယ်။

ခင်ဗျားတို့ အားလုံး ငြိမ်းချမ်းစွာနဲ့ ဆန္ဒပြကြရမှာပဲ ဖြစ်ပါတယ်၊ ခင်ဗျားတို့အတွက် ကျုပ် စည်းကမ်းတကျ မဲဖောက်ပေးမှာ ဖြစ်ပါတယ်"

တစ်သိန်းကျော်ခန့်ရှိမည် ဖြစ်သော လူထုပရိသတ်ကြီးမှာ ဆရာတော့်စကားသံကြောင့် တဖြည်းဖြည်းချင်း တိတ်ဆိတ်သွား၏။

အိမ်တော်ရာဘုရားဝင်း ပရိဝုဏ်အတွင်းစုဝေးနေကြသည့်အပြင် တံတိုင်းအတွင်းသို့လည်း နောက်ထပ် ဝင်ရောက်လာသည့်ပရိသတ်မှာ တဖွဲဖွဲဖြင့် မနည်းမနော ကျပ်သိပ်ကျပ်ညပ်လျက်ရှိနေသည်။

ဆရာတော် ဦးကလျာဏနှင့် အမှုဆောင်အဖွဲ့မှ ဦးဆောင်ပြီး အသင်းအဖွဲ့များကို မဲလိပ်ရေး၍ ပထမ၊ ဒုတိယ၊ တတိယစသည်ဖြင့် အစဉ်လိုက် နေရာချထားပေးနေရပေသည်။

ပုဒ်မ-၁၄၄ အာဏာဖီဆန် လမ်းလျှောက်ချီတက် ဆန္ဒပြရာတွင် ရှေ့ဆုံးမှ ချီတက်ရန် ရဟန်းအဖွဲ့ဝင် ခြောက်ပါး၊ ဒုတိယအဖွဲ့ဝင် (၁၀)ပါး၊ တတိယ ကျောင်းသား သမဂ္ဂ၊ စတုတ္ထ တို့ဗမာအစည်းအရုံးအဖွဲ့ဝင် သခင်သခင်မများ၊ ပဉ္စမရပ်ကွက်လူထု အဖွဲ့အစည်းများ၊ ဆဋ္ဌမ အလုပ်သမားအဖွဲ့၊ သတ္တမ လယ်သမားအဖွဲ့၊ အဋ္ဌမ ဈေးသူဈေးသားများအဖွဲ့ဟူ၍ မဲကျရာအတိုင်း အသီးသီးနေရာယူရန် တာဝန်ခွဲဝေခဲ့ကြသည်။

"တဲ ချီတက်ဆန္ဒပြကြဖို့ အသင်းအဖွဲ့တွေအတွက် တာဝန်ခွဲဝေပြီးသွားပါပြီ၊ ခင်ဗျားတို့တွေ အားလုံးကို ဖြန့်ဝေပေးထားပြီး ကျုပ်တို့အားလုံးသဘောတူညီထားတဲ့ ကြွေးကြော်သံများအတိုင်း အော်ဟစ်ဆန္ဒပြကြရမှာပဲ ဖြစ်ပါတယ်။

ဘယ်သူမှ အကြမ်းဖက်တဲ့အပြုအမူမျိုး ပြုမှာကို ကျုပ်တို့ လက်မခံဘူး၊ ဗမာတွေ သတ္တိကို နယ်ချဲ့ကောင်တွေ သိသွားစေရမယ်၊ ရဲဘော်တို့ တစ်ခေါက်လောက် အော်ဟစ်ကြည့်လိုက်ကြပါဦး"

"မနေရှင်အစိုးရ ပျက်စီးပါစေ"

"ဖိနှိပ်ချုပ်ချယ်မှု ပုဒ်မ-၁၄၄ အလိုမရှိ"

"မီးတုတ် မီးတုတ် ရှို့ရှို့"

"သခင်မျိုးဟေ့ တို့ဗမာ"

"အရေးတော်ပုံ အောင်ပါစေ"

(၄)

မကြုံစဖူး ထူးကဲလေသော မြ
ကွင်းကြီးပင် ဖြစ်၏။ လမ်းမပေါ်တွ
အိတ်သွန်ဖာမှောက်ချလိုက်သည့်အတို
အသွေးအရောင်စုံသည့် လူသားလှိုင်
လုံးကြီး လွန့်လူးတိုးဝှေ့ တွန်းထိုးဆော
တက်လာသည်။

နံနက်ခင်းလေပြည်တွင် အ
ပေါင်းစုံတို့သည်ကလည်း တလွင့်လွ
တဝဲဝဲဖြင့် လူးလူးလွန့်လွန့် ဘယ်ည
ယိမ်းနွဲ့ကခုန်နေကြ၏။ လူအများ
ဆန္ဒဖြင့် ဟစ်အော်သည့် ကြွေးကြော်
များမှာ မိုးခြိမ်းသည့်နှယ် ထက်ဝန်း
အနှံ့ တုန်ခါဟစ်ကြွေးသွားခဲ့ပေသည်

နံနက် ၈ နာရီကတည်းက
တော်ရာစေတီတော် မြောက်ဘ
စတင်ချီတက်ခဲ့ပြီး ၂၆ ဘီလမ်းမ
ရောက်လျှင် အရှေ့ဘက်လမ်းမ
အတိုင်း ဆက်လက်ချီတက်ခဲ့ရာ
နံဘေးမှ မြင်တွေ့ရသည့် မန္တလေး
လူထုကြီးတစ်ရပ်လုံးမှာ ရင်ဖိုလှိုက်
စိတ်အားတက်ကြွဖွယ် ဖြစ်ခဲ့ရပြီး
မြောက်ဝမ်းသာ ခုန်ပေါက် အော်
အားပေးလာကြ၏။

ဆန္ဒပြတပ်ဦးကြီးမှာ ရိုးကုန
(ယခု ပြည်ထောင်စုဘဏ်) ရှေ့
ရောက်ရှိခဲ့သည့်တိုင် အိမ်တော်
စေတီတော်ဝင်းအတွင်းမှ ပရိသတ်
ကုန်နိုင်သည်မရှိသေးဘဲ သူ့ထက်
ဆက်လက်ချီတက်နိုင်ရန် လှုပ်လှုပ်
ရှိနေဆဲဖြစ်၏။

ထိုအချိန်ထိ ရဟန်းပျို ဥ
ဆရာတော် ဦးကလျာဏမှာ လူ
အသင်းအဖွဲ့တို့အတွက် ဆယ်ယော
တစ်တွဲနှုန်းဖြင့် မဲချခွဲဝေပေးနေရ
ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

၂၆-ဘီ လမ်းမကြီး၏ တစ်မိုင် ကျော်ခန့် အရှည်အလျားတွင် လူထု လူတန်းကြီးမှာ တစ်ဖြောင့်တည်း ညီညီ ညာညာ သောင်းသောင်းဖြဖြ လမ်းတစ် လျှောက်တွင် ဆန္ဒပြသူနှင့် ဆန္ဒပြပွဲ ကြည့်ပရိသတ်ကြီးမှာ တိုးမပေါက်နိုင် လောက်အောင်ပင် ပြည့်ကျပ်ညပ်သိပ် နေသည်။

အုပ်ချုပ်သူ နယ်ချဲ့အစိုးရနှင့် အလိုတော်ရိမျာ:နှုတ်မှ "မကြောက်ဘူး" ဟု ဆိုသော်လည်း ထိန်းမရအောင် တဆတ်ဆတ်ဖြင့် ကြောက်ဒူးတုန်ခဲ့ရ သည့် ပွဲကြီးပွဲကောင်းတစ်ရပ် ဖြစ်ခဲ့ လေသည်။

## (၅)

၈၁ လမ်းကို ကျော်ဖြတ်ခဲ့သည့် ဦးဆောင်ရဟန်းတော် ခြောက်ပါးနှင့် အတူ အလံကိုင်ကိုယ်တော်တို့သည် ကြေးနန်းရုံးတောင်ဘက်အပေါက်နှင့် အယ်ဖင်းစတုံး (ယခုရွှေတိုက်)ရုပ်ရှင်ရုံ မြောက်ဘက်အကြားသို့ အရောက်တွင် ခြေလှမ်းတို့ တုံ့ရပ်လိုက်ရသည်။

ကြိမ်တုတ်တိုကလေး ကိုယ်စီ ကိုင်ကာ ဆန္ဒပြသူများအား လှည့်ပြန် သွားရန် ဆုတ်ခွာခိုင်းသော ဝါးရင်းတုတ် ကိုင် ပန်ချာပီတပ်ရှေ့မှ အရေးပိုင်လက် (Vir H.N.Lott) နှင့် ရာဇဝတ်ဝန်ရေး (Mr C.H. Raynes) တို့ကို တွေ့မြင်လိုက် ရပေသည်။

အရေးပိုင်လက်နှင့် ရာဇဝတ် ဝန်တို့မှာ ဆန္ဒပြသူအဖွဲ့အား အငြိုး တကြီး ရန်ဖွဲ့မာန်ဆောင်ကာဖြင့် ဟိန်း ဟောက်ခြိမ်းခြောက်လျက်ရှိနေသည်။

"ဒီလမ်းကို မလာနဲ့၊ ရှေ့ကို မတိုးရဘူး၊ ပြန်ဆုတ်သွားပါ"

"ငါတို့လာတာ ပြန်ဆုတ်ဖို့ မဟုတ်ဘူး၊ ငါတို့မှာ ဘာလက်နက်မှလဲ မပါဘူး၊ မင်းတို့ ဖိနှိပ်ချုပ်ချယ်ပြီး မတရားထုတ်ထားတဲ့ ပုဒ်မ-၁၄၄ ကို ပြန်ရုပ်သိမ်းပေးဖို့ ငါတို့ ဆန္ဒပြကြတာ၊ ငါတို့ ဥက္ကဋ္ဌဆရာတော်ရဲ့ အမိန့်အရ စည်းကမ်းတကျနဲ့ စီတန်းလမ်းလျှောက် ကြတာ၊ ငါတို့ မင်းတို့ကို ရန်မပြုဘူး၊ ရှေ့တိုးဖို့ မတိုးဖို့က ငါတို့ ဥက္ကဋ္ဌရဲ့ အမိန့်ခံရဦးမယ်"

တပ်ဦးခေါင်းဆောင် ရဟန်း ဖို၏ စကားမှာ ဒေါသသံမပါ။ အကျိုး သင့်အကြောင်းသင့် ရှင်းပြဖြေကြား ချက်ပင် ဖြစ်၏။

သို့သော် ရာဇဝတ်ဝန်အတွက် နားစည်အတွင်း သံရည်ပူ လောင်းချ သည့်နှယ် ပူလောင်ခံခက်လှချေပြီ။

"မလိုချင်ဘူး အခု နောက်ပြန် ဆုတ်ရင်ဆုတ်၊ မဆုတ်ရင် သေနတ်နဲ့ ပစ်ရလိမ့်မယ်၊ ဒါပဲ"

ရာဇဝတ်ဝန်စကားဆုံးသည်နှင့် လမ်းပေါ်တွင် တစ်စွဲထားသော ပန်ချာ ပီတပ်မှာ နောက်ဆုတ်သွားခဲ့ပြီး ရိုင် ဖယ်သေနတ်ကိုင်တပ်မှာ ရှေ့သို့ ပြောင်း လဲနေရာယူလိုက်၏။

သေနတ်ပြောင်းများမှာလည်း ဆန္ဒပြလူထုပရိသတ်ဘက်သို့ ဒူးထောက် ချိန်ရွယ်ထားကြသည်။

ဘယ်တောင်ပံမှ ပန်ချာပီ(၁၅) ယောက်ခန့်က ဝမ်းလျားထိုးမှောက်ကာ ရိုင်ဖယ်သေနတ်ဒင်ကို ပခုံးထောက်၍ အသင့်နေရာယူချိန်ရွယ်ထားသည်။

အချိန်ကား နံနက်ပိုင်း ဆယ့် တစ်နာရီခွဲခန့်ဖြစ်သည်။ ဆန္ဒပြ လူထု ပရိသတ်ကြီးမှာ စိတ်အားထက်သန်စွာ ဖြင့် ပို၍ပင် အသံကုန်အော်ဟစ်လျက် ရှိသည်။

ထိုစဉ် တပ်ဦးမှ ရဟန်းတော် တစ်ပါးက အိမ်တော်ရာစေတီတော် အတွင်းရှိ အစီအစဉ်နေရာချထားပေး နေသော ဥက္ကဋ္ဌဆရာတော် ဦးတလျှာ ဏထံ အမိန့်ခံရန် အလျှင်အမြန် အပြေး အလွှား ထွက်ခွာသွားခဲ့လေသည်။

အခြေအနေအရပ်ရပ်မှာ ပိုမို၍ ရှုပ်ထွေးတင်းမာလာခဲ့ပြီ ဖြစ်၏။

တစ်ဖက်နှင့်တစ်ဖက် စိန်းစိန်း ကြည့်နေကြရာမှအရေးပိုင်ဘက်မှစတင် ၍ ရိုင်ဖယ်သေနတ်များဖြင့် ပစ်ခတ် လေတော့သည်။ တပ်ဦးမှ အလံကိုင် ရဟန်းတော် ခုနစ်ပါးမှာ ငှက်ပျောပင် ပိုင်းဖြတ်သည့်နှယ် အလဲလဲအပြိုပြိုဖြင့် ကျွမ်းထိုးမှောက်ခုံမြေပေါ်သို့ လဲကျကုန် ကြ၏။ အလံကိုင် ရဟန်းတော်တစ်ပါး မှာ သေနတ်ထိမှန် လဲကျသော်လည်း သတိအသိနှင့်ယှဉ်၍ အလံတိုင်မြေမခ အောင် ပခုံးဖြင့် ထောက်ကူမွေး၍ မတ် မတ်ထောင်နေစေခဲ့သည်။

ခန္ဓာကိုယ်တွင် သေနတ်ဒဏ်ရာ ထိမှန်ခံစားနေရသော်လည်းမာန်မလျှော့ သည့် သူရဲကောင်းပီသစွာ ကျင့်ကြံနိုင်ခဲ့ သော ဖွဲ့သတ္တိပင် ဖြစ်၏။

ဆန္ဒပြသူတို့၏ ကျယ်လောင် ညံ ဟည်းသော ကြွေးကြော် အော်ဟစ်မှု များဖုံးလွှမ်းနေသည့်အတွက် သေနတ် သံမှာ ပျောက်တွယ်နေခဲ့ပြီး ရုတ်တရက် လူထုကြီး မသိလိုက်ချေ။

တပ်ဦးမှ အလံတိုင်ရဟန်းတော် များ၏ ဖြစ်အင်ကို မြင်တွေ့လိုက်သည့် အခါမှသာလျှင် လူထုပရိသတ်ကြီးမှာ ရုတ်ရုတ်သဲသဲနောက်သို့ ဆုတ်မိသွား ကြ၏။

လူထု နောက်ဆုတ်သွားသည့် အတွက် နယ်ချဲ့စစ်ပုလိပ်တပ်မှာ ရှေ့ သို့ ဆက်လက်ချီတက်လာပြီးနောက် လူအုပ်အတွင်းသို့ ၈၂ လမ်း တိုက်ကီဝါ မာတ်ပုံတိုက်နှင့် အင်ပီးရီယဲလ်ဘဏ် တိုက်အနီး၌ တစ်ကြိမ်၊ ၈၃လမ်းနှင့် ၂၆ ဘီလမ်းဆုံတွင် တစ်ကြိမ်နှင့် နောက်ဆုံး နာရီစင်အနောက်ဘက်တွင် တစ်ကြိမ် သေနတ်ဖြင့် ပစ်ခတ်နှိမ်နင်းခဲ့ပေသည်။

နယ်ချဲ့ဆန့်ကျင်ရေး၊ အာဏာ ဖီဆန်ရေး ဆန္ဒပြပွဲကြီးတွင် ငါနိုင်ရင် ပြီးရောဆိုသည့် သဘောနှင့် နေ့ခင်း ကြောင်တောင် မြို့လယ်ကောင်တွင် ရက်ရက်စက်စက် ပစ်ခတ်သတ်ဖြတ်ခဲ့ သည့် ထိုအကြောင်းအရာဖြစ်စဉ်မှာ နယ်ချဲ့အစိုးရသမိုင်းတွင် ဖျက်မရသော အမည်းစက်ကြီးပင် ဖြစ်၏။

အရေးတော်ပုံတွင် စတေးခံ လိုက်ရသော ရဟန်းပုဂ္ဂိုလ် ခုနစ်ဦး





www.burmeseclassic.com

www.burmeseclassic.com

အပါအဝင် ကျောင်းသား၊ အလုပ်သမား၊ လယ်သမား၊ အရပ်သားတို့ စုစုပေါင်း(၁၇)ဦးကျဆုံးခဲ့ရပြီး များစွာသော လူများလ...ဒဏ်ရာ ရရှိခဲ့ပေသည်။

(၆)

မန္တလေး အရေးတော်ပုံသမိုင်းသည် ကမ္ဘာတည်သရွေ့ မမေ့နိုင်စရာ ဖြစ်ခဲ့ရလေပြီ။

လက်နက်ဆို၍ အပ်တိုတစ်ချောင်းမျှပင် မရှိသော ပြည်သူလူထုအား မညှာမတာ ပစ်ခတ်သတ်ဖြတ်သူတို့ အပေါ်တွင် လူထုပရိသတ်ကြီးမှာ ဒေါသအမျက် ခြောင်းခြောင်းထွက်လာ၏။ အမျိုးဂုဏ်ဇာတိသွေး ဆူပွက်လိုက်ဝေလာသည်ကြောင့် မိမိအနီးအနားတွင် မြင်တွေ့ရသော လက်နက်သဖွယ်အသုံးပြုနိုင်သည့်အရာတို့အား ကောက်ယူစွဲကိုင်လိုက်မိကြသည်။

ပေါင်တွင် သေနတ်ဒဏ်ရာနှင့် ဝေဒနာခံစားနေရရှာသော သခင်လှ...ောင်က ထိုအခြင်းအရာအား မြင်တွေ့...ည့်အတွက် အထက်တန်း...းကလေး မောင်တင်အောင်...ဖွေ့ဖက်ထားရာမှ လူအုပ်ကြီးဆီသို့ အ...းယူလှမ်းအော်စကားပြောကြားရင်း ဒဏ်ရာကြောင့် သတိလစ်မေ့မြောသွားသည်။

"ရဲဘော်တို့ ဥက္ကဋ္ဌဆရာတော် အမိန့်အတိုင်း ငြိမ်းချမ်းစွာ ဆန္ဒပြကြပါ၊ တစ်ဗိုလ်ကျရင် တစ်ဗိုလ်တက်ပါ၊ သေမြေကြီး ရှင်ရွှေထီး သဘောထားကြပါ၊ သေတစ်နေ့ မွေးတစ်နေ့ပါ။ ဗမာ့သတ္တိ ကမ္ဘာသိအောင် ခံနိုင်ရည်ဖွဲ့ရှိရှိနဲ့ တာဝန်အရ ဆက်လက်ဆောင်ရွက်ကြပါ"

သခင်လှမောင် စကားကြောင့် သွေးဆူပွက်နေသည့် လူထုပရိသတ်ကြီးမှာ ခေတ္တခဏငြိမ်သက်သွား၏။ နောက်သတိတရားတို့ ဦးဆောင်လျက် ဒဏ်ရာရသူနှစ်ဦးကို ဘေးလွတ်ရာဆီသို့ ပွေ့ချီသယ်ဆောင်သွားကြသည်။

မြန်မာ့လွတ်လပ်ရေး ရောင်နီမပေါ်ထွန်းမီ အရှေ့ဦးအစကာလ၏ တစ်ခါတုန်းက မြို့မန္တလေးအရေးတော်ပုံအဖြစ်အပျက်တို့မှာ ကမ္ပည်းမှတ်တမ်းတင်ဂုဏ်ပြုရမည်သာ ဖြစ်သည်။

"မီးတုတ် မီးတုတ် ရှို့ ရှို့"

"သခင်မျိုးဟေ့ တို့ဗမာ"

"အရေးတော်ပုံ အောင်ပါစေ"

"အရေးတော်ပုံ အောင်ပါစေ"

"အရေးတော်ပုံ အောင်ပါစေ"

ဝန်ခံချက်

ဆရာကောင်းပြည့်စုံရေး မြန်မာ့လွတ်လပ်ရေးအတွက် တိုက်ပွဲဝင်ခဲ့သည့် ပုဂ္ဂိုလ်များစာအုပ်မှ မန္တလေးအာဇာနည် (၁၇)ဦး ဆောင်းပါးကို ဖတ်ရှုခံစားရေးဖွဲ့ပါသည်။

❒ ဥက္ကလာဝင်းကျော်




## အကြောပြင်ဆရာကြီး ဦးအေးထွန်း

ခါးနာ၊ ဒူးနာ၊ ကျီးပေါင်းနှင့်လက်ကိုက်၊ လက်ကပ်ဝေဒနာများကို မနာကျင်စေဘဲ (၁၅)မိနစ်အတွင်း သက်သာစေရမည်။

လေဖြတ်ခံရပြီး ခြေလက် ပုံမှန် မလှုပ်ရှားနိုင်သူများအား ပုံမှန်လှုပ်ရှားနိုင်အောင် အမြန်ဆုံးပြုပြင်ပေးသည်။

တွေ့ချိန် ➻ နံနက် (၉)နာရီမှ ညနေ (၅)နာရီအတွင်း

လိပ်စာ ➻ အမှတ် (၅၇)၊ (၄) လမ်း၊ မာလာမြိုင်၊ အုတ်ကျင်း၊ (၁၆)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း ➝ ၀၉-၇၃၂၄၂၄၄၂၊ ၀၉-၂၅၀၁၅၄၇၅၈




www.burmeseclassic.com

www.burmeseclassic.com

# မြစ်ပွါးနာ(ခ)ကင်ဆာအတွက် ဆေးစွမ်းထက်သည့် ဆေးဆရာတစ်ဦးပေါ် ထွက်လာခြင်း



ဆရာမဒေါ်ချိုချိုထိန်
သမားမှတ်ပုံတင်အမှတ်
ခ/၇၀၀၈

ကင်ဆာ၊ မြစ်ပွားနာ ၊
လေးဖက်နာအထူးကု
တိုင်းရင်းဆေးကုခန်း


သမားတော်အမှတ်စဉ်–ခ/၇၀၀၈ ကို ကိုင်ဆောင်ထားသော တိုင်းရင်းဆေးသမားတော်ကြီး ဆရာမ ဒေါ်ချိုချိုထိန်သည် ကင်ဆာရောဂါများဖြစ်သော သားအိမ်တွင် အနာရှိခြင်း၊ အဖြူဆင်းခြင်း၊ သွေးပုပ်ဆင်းခြင်း၊ သားအိမ်ရောင်ခြင်း၊ ဆီးစပ်ကိုက်ခြင်း၊ ဆီးခုံရောင်ခြင်း၊ သားအိမ်တွင် သွေးလုံး၊ အသားလုံး၊ အကြိတ်လုံး၊ သွေးသဖျက်နိုင်၊ သားအိမ်ခေါင်းကင်ဆာ၊ သွေးကင်ဆာ၊ ကျောက်ကပ်ကင်ဆာ၊ လည်ပင်းကင်ဆာ၊ ရင်သားကင်ဆာ၊ အသည်းကင်ဆာ၊ လျှာကင်ဆာ၊ အသားကင်ဆာ၊ အကြောကင်ဆာ၊ အဆုတ်ကင်ဆာ၊ အူမကြီးကင်ဆာ၊ ပါးစောင်ကင်ဆာ၊ အသည်းတွင် ရေအိတ်တည်ခြင်း ကင်ဆာနှင့် ပတ်သက်သော အတွင်းနာမှန်သမျှနှင့် လေးဘက်နာဘိပို၊ စိပိုးရောဂါများကို သက်သာ ပျောက်ကင်းအောင် အထူးကုသပေးနေပါသည်။ ကမ္ဘာတစ်လွှားတွင် ဖြစ်ပွားနေသော ရောဂါများအနက် ကင်ဆာ ရောဂါသည် အလွန်ကြောက်မက်ဖွယ်ကောင်းသော ရောဂါတစ်မျိုးဖြစ်ပါသည်။ ထိုရောဂါဖြစ်ပွားပြီး တစ်နှစ်၊နှစ်နှစ် အတွင်း ဝေဒနာကို ပြင်းထန်စွာခံစားရပြီးမှ သေဆုံးကြရသည်က များလှပါသည်။ သားအိမ်ကင်ဆာနှင့် သားအိမ်ခေါင်း ကင်ဆာတို့ကြောင့် ကမ္ဘာတစ်လွှားရှိ အမျိုးသမီးများသည် လေးမိနစ်လျှင် တစ်ယောက် သေဆုံးနေကြသည်ကို လူအများ တွေ့မြင်သိရှိကြရပါလိမ့်မည်။ ကင်ဆာရောဂါသည် လူနာလည်း ဝေဒနာ ခံစားရ၊ မိသားစုလည်း စိတ်ဆင်းရဲ ရသည်ကို မိမိကိုယ်တွေ့ ခံစားခဲ့ရဖူးပါသည်။ ကျွန်မ ဆေးဆရာမ မဖြစ်ခင်က သားအိမ်ခေါင်း ကင်ဆာရောဂါကို ဖြစ်ပွားခဲ့ပြီး ထိုရောဂါသက်သာပျောက်ကင်းနိုင်ရန်အတွက် ဆရာပေါင်းစုံနှင့် ကုသမှုခံယူခဲ့ပြီး သားအိမ်ထုတ်ခြင်း၊ ဓာတ်ကင်ခြင်း၊ ဆေးသွင်းခြင်းများအထိ ပြုလုပ်ခဲ့သော်လည်း ကျွန်မ၏ရောဂါမှာ မသက်သာလာဘဲ တစ်နေ့ထက်တစ်နေ့ ပိုမိုဆိုးရွားလာပြီး ပုပ်စော်နံသည်အထိ ဖြစ်လာခဲ့ပါသည်။ ထို့နောက် မိတ်ဆွေတစ်ဦး၏ အကူအညီကြောင့် မြန်မာ့ တိုင်းရင်းဆေးဆရာတစ်ဦးဖြင့် ကုသခဲ့ရာ သက်သာပျောက်ကင်းသွားခဲ့သည်မှာ ကိုယ်တွေ့ပင် ဖြစ်ပါသည်။ ကျွန်မကို ကုသပေးသော ဆရာ၏တိုက်တွန်းချက်နှင့် ကျွန်မခံစားခဲ့ရသည့် ယခုဖြစ်ပေါ်နေသော ကင်ဆာရောဂါ ဝေဒနာရှင်များကို ကိုယ်ချင်းစာပြီး သက်သာပျောက်ကင်း စေချင်သောစိတ်ဖြင့် ထိုတိုင်းရင်းဆေးနည်းပညာကို သင်ယူခဲ့ပါသည်။ မိမိကိုယ်တိုင် ကိုယ်တွေ့ခံစားခဲ့ရသည့်အတွက် ဝေဒနာရှင်များကိုလည်း နွေးထွေးပျူငှာစွာ အမြန်တကာ့ အမြန်ဆုံး သက်သာပျောက်ကင်းအောင် ကုသပေးနေပါသည်။ ဤတိုင်းရင်းဆေးအား အသုံးပြုပြီး ရက်ပိုင်းအတွင်း ထူးခြားစွာ သက်သာပျောက်ကင်းစေပါသည်။ ကင်ဆာဆိုလျှင် ထိတ်လန့်ကြောက်ရွံ့စရာ မလိုတော့ဘဲ ဆရာမထံသို့ လာရောက် ကုသနိုင်ပါသည်။ ထို့ကြောင့် ကင်ဆာရောဂါ ဝေဒနာရှင်များ စိတ်ဆင်းရဲ ကိုယ်ဆင်းရဲမှုမှ ကင်းဝေးစေနိုင်စေရေးအတွက် ရောဂါများကို သက်သာပျောက်ကင်းအောင် ကုသပေးနိုင်သည့် ဆရာကောင်းတစ်ဦး ပေါ်ထွက်လာပြီဖြစ်ကြောင်း သတင်းကောင်းပါးအပ်ပါသည်။ ဆရာမထံ တွေ့လိုပါက ဖုန်းနှင့်ကြို၍ ဆက်သွယ်ပါ။

| | | |
|---|---|---|
| **ဆေးခန်းတည်နေရာ** | – | ကန်သာယာမှတ်တိုင်၊ အမှတ်– မပ/၁၆၂၊ ဥယျာဉ်သာယာလမ်း ရွှေပြည်သာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ |
| **လမ်းညွှန်** | – | ၄၈ ၊ ၂၀၂ ၊ ၁၂၄ ၊ (အထူး)ကွန်ပျူတာ၊ ၁၉၇ ၊ ၁၇၇ ၊ ၁၈၈ ရွှေပြည်သာကားများစီး၍ ကန်သာယာမှတ်တိုင်တွင် ဆင်းပါ။ |
| **ဆက်သွယ်ရန်ဖုန်း** | – | ၀၉–၇၃၀၆၁၆၇၃ ၊ ၀၉–၅၁၉၉၃၆၈၊ ၀၉–၇၃၂၄၄၈၆၀၊ ၀၉–၇၃၂၄၄၇၃၇၊ ၀၁–၇၀၀၆၄၄ |




www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



နှစ်ပေါင်းများစွာ အိပ်မက်မက်ခဲ့ရသော ဥရောပ ခရီးစဉ်ကို ခုတော့ ကိုယ် တကယ်နှင်နိုင်ခဲ့ပြီ၊

ရန်ကုန်မြို့ မင်္ဂလာဒုံလေဆိပ်မှ ၇ နာရီ ၄၅ မိနစ် တွင် ခင်ကာပူ Transitz လေယာဉ် TG 306 ဖြင့် ထိုင်းနိုင်ငံ၊ ဗန်ကောက်မြို့တော်ရှိ သုဝဏ္ဏဘူမိ နိုင်ငံတကာလေဆိပ်ကြီးသို့ ည ၉ နာရီကျော်တွင် ရောက်ရှိသွားပေ၏။ ဗန်ကောက်လေဆိပ်မှ ထိုင်းနိုင်ငံပိုင် ဒီထက်ကြီးသော လေယာဉ်ကြီးကို ပြောင်းစီးကာ မြေထဲပင်လယ်ဒေသ အီတလီနိုင်ငံ ရောမမြို့သို့ ထိုည ၁၁ နာရီခန့်တွင် ခရီးဆက်ခဲ့ကြပြန်တယ်။

လေယာဉ်စထွက်ပြီး မကြာမီ လေယာဉ်ခါးပတ်ဖြုတ်ရသည်နှင့် ခရီးသည်များကို အလွန်ဂရုစိုက်ကာ အပြုံးအစုအလွန်ကောင်းလှေ့ရှိတတ်သော ထိုင်းလေယာဉ်မယ်လေးက ခရီးသည်လွတ်နေသော ဘေးအလယ်ဘက်ရှိ ထိုင်ခုံနှစ်ခုလွတ်နေရာသို့ ပြောင်းရွှေ့ပြီး လွတ်လွတ်လပ်လပ် လဲလျောင်းနိုင်ပါကြောင်း ကိုယ့်ကို ပြုံးပြုံးလေးလာပြောပြ သတင်းပို့တယ်။

ရန်ကုန်လေဆိပ်သို့ လေယာဉ်စီးရန် မဆင်းမီ နေ့လယ်ပိုင်းက ကားတိုက်ခံရမှုဖြစ်ရာမှ ရန်ကုန်ဆေးရုံကြီး အရေးပေါ်ဌာနသို့ရောက်သွားကာ ခေါင်းတွင် ချုပ်ရာဖြင့် ပတ်တီးစည်း

# လူတွေကို ချကျွေးတဲ့ ရောမမြို့က လူသတ်ကွင်းကြီး

ကိုအေးမြင့်


(မဟာဝိဇ္ဇာရှေး-သု)





www.burmeseclassic.com

www.burmeseclassic.com





အီတလီနိုင်ငံ၊
ရောမမြို့တော်က
လူသတ်ကွင်းကြီး
ကိုလိုဆင်း
ပတ်ဝန်းကျင်



www.burmeseclassic.com

လျှက် မျက်နှာဘယ်ဘက်ခြမ်းတွင် ပလတ်စတာတွေအများကြီး တပ်ထားပြီး ဘယ်လက်မောင်းကို လည်ပင်းတွင် ကြိုးဆိုင်း ထားရသော ကိုယ့်အဖြစ်ကို စာနာစွာဖြင့် လာပြောခြင်းဖြစ် ပါလိမ့်မယ်။

မကြာခဏ ဆိုသလိုလည်း တွန်းလှည်းလေးတွေ တွန်းတွန်းသွားရင်း ရောက်လာကာ အစားအစာနဲ့ အဖျော် ယမကာ၊ အချိုရည်များကို ပေးဝေတတ်ရဲ့။ ကိုယ်တစ်ကော့ ပိုင်နိုနီတစ်ခွက် တောင်းသောက်မိတယ်။ သူမက ထိုင်းကျိုရဲ့ တော်ဝင်သစ်ခွပန်းအရောင် ခရမ်းရောင်စောင်လေးတစ်ထည်ကို အထုပ်ဖောက်ကာ ဖြန့်ပြီးလာခြုံပေးပြန်တယ်။ လျှောက်လမ်း တစ်ဖက်ကပ်လျက်ခုံရှိ ဥရောပသားလူငယ်စုံတွဲမှ အမျိုးသား လေးကလည်း ကိုယ့်အနာတရအဖြစ်ကို နားလည်စွာနဲ့ ထိုင်ခုံ ခါးပတ်ဖြေပေးခြင်း၊ အစားအစာ ဗန်းတင်ထားသော စင် တလေးကို ရှေ့ခုံနောက်ကျောမှ ဆွဲလှန်ချပေးခြင်း ဖြစ်တယ် ပေးခြင်းများကို လုပ်ပေးပါတယ်။

သို့ဖြင့် နွေးထွေးသော မေတ္တာများကြား ရွှေဖိုက်တာ အိပ်မက်ချိုတို့မက်ရင်း ကိုယ် လေယာဉ်ပေါ် မှာပင် တစ်ညတာ ကောင်းစွာ အိပ်ခဲ့ရပေ့ါ။

၂၀၁၃ ခုနှစ် ဩဂုတ်လ ၂ ရက် (သောကြာနေ့) မနက်ပိုင်းမှာတော့ ထိုင်းနိုင်ငံမှ ထွက်လာခဲ့သော ကိုယ်တို့ ထိုင်းလေယာဉ်ကြီးဟာ မြေထဲပင်လယ်ကို ဝဲနေပါပြီ။ ပြာလွင် သောမြေထဲပင်လယ်အလှကိုတော့ ကိုယ့်မှာအကောင်းမြင်ခွင့် ခွင့်မသာခဲ့ပါ။ ဒီလိုနဲ့ အီတလီနိုင်ငံ ရောမမြို့ နိုင်ငံတကာ လေဆိပ်ကြီးသို့ မနက် ၆နာရီခွဲတွင် ရောက်ရှိသွားပါရော။

လေယာဉ်အဆင်းမှာတော့ ကိုယ့်ခရီးဖော်များနဲ့ သူငယ်ချင်းတို့ ဇနီးမောင်နှံက ဒုက္ခိတတစ်ပိုင်းဖြစ်သွားသော ကိုယ့်ကိုကြည့်ကာ ရယ်ရင်း အထုပ်တွေဆွဲပြီး ကူညီပေးကြ ပါရဲ့။ တံကောင်းလို့မသေသော (သံချောင်းတို့အစေလည်း မဖြစ်ခဲ့ရတဲ့)ကိုယ်က တံကြွက်ကျော်ရှင်စွာ ဥရောပခရီးကို မစနိုင်တော့သည့်တိုင် သိပ်တော့ အထိခိုက်မရောက်လှပါ။ ခေါင်းမှဒဏ်ရာကလည်း ကံအားလျော်စွာ နာကျင်တိုက်ခဲမှု မရှိခဲ့။ လက်ကောက်ဝတ် ရောင်နေခဲ့ဖြစ်သော်လည်း ဘယ် ဘက်လက်မို့ တော်သေးရဲ့။

သူငယ်ချင်းဆရာဝန်က ပိုးသတ်ဆေး ထိုက်ပေးမယ့် မကြာခဏ ဝမ်းသွားမလားတု ကိုယ့်ဆုံးဖြတ်ချက်နဲ့ကိုယ် မသောက်လိုက်တော့။ မျက်နှာရဲ့ဘယ်ဘက်ခြမ်းနဲ့ အပေါ် နှုတ်ခမ်းပေါ်မှ ပလတ်စတာများကိုတော့ ကိုယ် မေ့စံထား လိုက်တယ်။

## နွေးထွေးသော မြေထဲပင်လယ်ရပ်ဝန်းသို့

လေဆိပ်အဆောက်အအုံမှ အထွက်မှာ ရောမမြို့ရဲ့ ရာသီဥတုဟာ ကိုယ်တို့လာခဲ့ရာ ရန်ကုန်မြို့နဲ့ ဘာမှ မခြား နားလှလှဘူး သိတတ်တာတယ်။ ယခု ဒီမှာ နေ့လယ်ဆိုရင် အပူချိန်က ၃၅ ဒီဂရီဆဲလ်ဆီးယပ်လောက် ရှိနေပြီလို့ သိရ တယ်။ တစ်ခါတစ်ရံကျတော့ ၃၇ ဒီဂရီလောက်အထိ ရှိတတ် သတဲ့။ မနှစ်က ရောမမှာ စံချိန်တင်ခဲ့သည့် အပူချိန်က ၃၉ ဒီဂရီစင်တီဂရိတ်ဖြစ်သတဲ့။ ရန်ကုန် မှာလောက်နီးပါးကို သည်းမှာပူခဲ့တာပဲ။ သို့သော် သည်းမှာက ဖတ်တန်းချင်လေထု ထဲက ခြောက်သွေ့နေလို့ ချွေးထည့်မထွက်တဲ့ အိုက်စပ်စပ် ဖြစ်နေလေ့ ရှိသတဲ့။ ရန်ကုန်မှာတော့ ချွေးထွက်တတ်လို့ နေသာ ထိုင်သာရှိတယ်လို့ လမ်းညွှန်ကိုဇော်က ပြောပါတယ်။

တိုက္ကမျိုး "ငရဲကလာသူ ကြောက်မကြောက်"တဲ့။ အီကွေ တာ ရုပ်ရှင်ကလာသူ တိုင်ယ်တိုအတွက် မြေထဲပင်လယ်ဒေသကို ဝိုင်းကလေး သွားလာလည်ပတ်ချင်တယ်။

ကားစီးမှုအတွက်မှာ လာရောက်ကြိုဆိုနေတဲ့ ခရီး သွားကုမ္ပဏီရဲ့ ချိတ်ဆက်ထားတဲ့ ဘတ်စ်ကားကြီးထဲကို ခရီးသွားအဖွဲ့ဝင်များ တည့်လိုက်ကြတာ ကားပေါ်တွင် ခရီး သွားများ အဆင်သင့် နေရာယူကြလေရဲ့။ ခရီးဖော်များမှာ ခင်ဝ ဆရာတော်တစ်ပါးနဲ့ သီလရှင်တစ်ပါးတို့အပြင် အရွယ် ကောင်းစုံပါဝင်ရာ ဘုန်းကြီးနဲ့ ဆရာတော်ကို ရှေ့ဆုံးခုံ မှာ နေရာပေးလိုက်ကြတယ်။ ကျွန်ုပ်တို့သည် ၁၄ ဦးတော့ ပါတဲ့အတွက်၊ သင့်ရာ သင့်ရာပေါ့။ ဒုက္ခိတများတစ်ပိုင်းဖြစ်နေ ပေမယ့် ရုပ်ရှင်ဒါရိုက်တာသင်တန်းဆင်းမို့ ထက်တစ်ဖက် တည်းနဲ့တောင် တင်မရတာထိုင်တိုင် ဖြစ်နေတဲ့ ကိုယ့်ကို အကြားတစ်ဖက်ခြမ်းရှိ လမ်းညွှန်နောက်က ရှေ့ခုံမှာ နေရာ ပေးကြတယ်။

အဲဒီနောက် ကားကြီးစလှုပ်ရှားတော့ ရောမခရီးစဉ် စသော် လည်း တည်းခိုရာဟိုတယ်သို့ မဝင်သေးဘဲ ရောမမြို့ရှိ နာမည်ကျော် လူသတ်ကွင်းတစ်ခုဖြစ်တဲ့ ကြီးမားလှစွာသော ဝက်ဝိုင်းပုံ ဖျော်ဖြေရေးခေတ်တစားကွင်းကြီး "Colosseum" သို့ အရင်ဆုံး သွားရောက်လေ့လာကြမယ်လို့ ကိုဇော်က ပြော တယ်။ အဲဒီလို ကားကြီးနဲ့ လှည့်လည်သွားရောက်နေရင်း ရောမမြို့ရဲ့ ဦးစွာတွေ့ရတဲ့ ဥရောပမြင်ကွင်းများကို ကိုယ်တို့ ငြိမ်းချမ်းကြည့်ရှုနေခိုက် ခရီးသွားတစ္စတိမှ ထည့်လိုက်တဲ့ ရန်ကုန်က ပါလာတဲ့ လမ်းညွှန်ကိုဇော် (ကိုဇော်ဝင်းအောင်) က အောင်ရန်၊ ဈောင်ရန်တိစ္စတွေကို အသံချိုချိုစတ်ငယ်လေးနဲ့ ပြောကြားလာပါတယ်။ သူ့အသံက တိုင်းရင်းသား (ရှမ်း)သံ ခပ်ဝဲဝဲနဲ့ပါ။ သူ စကားပြောတဲ့အခါ စကားဆက်အဖြစ် "ပြီးကျ လို့ရှိရင်၊ ပြီးကျလို့ရှိရင်" လို့ ထည့်ထည့်ပြောတတ်တယ်။

ခရီးသွားလမ်းညွှန် ပီသစွာ သူ ပထမဆုံးပေးတဲ့ သတင်းစကားကတော့ "ဒီခရီးစဉ်မှာ ရေမဝေပါဘူး၊ ရေ သောက်လိုရင်တော့ ကားဆရာဆီကနေ ရေတစ်ပုလင်းကို တစ်ယူရိုနဲ့ ဝယ်သောက်နိုင်ပါတယ်"တဲ့။ ပြောလည်းပြော သူ့လက်ကလည်း ထောင်ပြလိုက်တဲ့ ရေပုလင်းကိုကြည့်တော့



www.burmeseclassic.com

www.burmeseclassic.com

ကိုယ်တို့ဆီမှာ ၂၀ ... တစ်ယူရှိ မြန်မာကျပ်ငွေ ၁၄၀၀ ပေါ့။ ဥရောပရဲ့ 'စလုံးရေစ' မိတ်ဆက်ခြင်းပဲ ဆိုပါစို့။

***အီတလီနိုင်ငံအကြောင်း တစေ့တစောင်း***

လေဆိပ်ကနေ ရောမမြို့ထဲကိုအလာ လမ်းတစ်လျှောက် အကားချားဖင်မလီ (Acacia) ထနောင်းမျိုးနွယ်မှ အပွခံတဲ့ အပင်မျိုးတွေကို လမ်းဘေးမှာ စိုက်ထားကြတာတွေ့ရတယ်။ ထင်းရှူးပင်ဆန်ဆန် အပင်တွေကို ဘာပင်တွေလဲဟု စပ်စပ်စုစု ကိုယ်တမေးတော့ ဒရိုင်ဘာကတစ်ဆင့် အီတလီလို 'ပီရွန်'လို့ခေါ်တဲ့ ထင်းရှူးပင်မျိုးနွယ်တွေ ဖြစ်ကြောင်း သိလိုက်ရတယ်။ စာလုံးပေါင်းတော့ ဆက်မမေးသင့်တော့ဘူးလေ။

လေဆိပ်ကစထွက်ပြီး မကြာမီမှာပဲ လူသူထူထပ်တာတွေလာရတယ်။ သည်မှာ နေရာတကာ လူစည်နေတတ်လို့ မြို့ထဲ မြို့ပြင်ကွာခြားမှုမရှိလှဘဲ နေရာတိုင်းမှာ လူတွေနဲ့ ပြည့်နှက်နေမြဲပါ။ မကြာမီ ရောမမြို့နဲ့ နီးလာပြီလို့ ကိုယ့်စိတ်ထဲ အလိုလိုသိလိုက်ရတယ်။ ကိုယ်တို့ ရှေးဟောင်းသုတေသနသမားတွေမှာ ရှေးအနံ့တွေ ရတတ်တယ်လေ။

အိမ်တွေ၊ တိုက်တာတွေကို စတင်တွေ့လာရပေါ့။ ရောမမြို့တစ်ခွင်မှာတော့ တိုက်အိမ်များရဲ့ ပြတင်းပေါက်တွေကို တရုတ်ကတ်များလောက်သာလုပ်ထားပြီး သိပ်ထူးထူးဆန်းဆန်း အရောင်အသွေးတွေလည်း မသုတ်ထားပါ။ သည်လိုပင် အဝါနု၊ အညို၊ အနီရောင်တွေသာပဲ မြင်ရပေတယ်။ ယင်းအရောင်အသွေးများကပင် ရောမမြို့ကြီးကို ထည်ဝါခံ့ညားစေသလော မပြောတတ်။

လမ်းညွှန်က ကားပေါ်မှာပင် ဆက်လက်ပြီး သိသင့်သိထိုက်တာတွေ ပြောလာတယ်။ သူပြောတာတွေ လိုက်နားထောင်ရင်း အီတလီကို ထိတွေ့မြည်းစမ်းခွင့်ရပေါ့။

ကိုဇော့် ပြောကြားချက်များအရ အီတလီနိုင်ငံအကြောင်းကို တစေ့တစောင်း သိလိုက်ရတယ်။ အီတလီမှာ လူဦးရေ သန်း ၆၀ ရှိပြီး ယခုအခါမှာ လူဦးရေတိုးတက်မှု မရှိတော့ဘဲ ကျဆင်းနေသတဲ့။ အီတလီနိုင်ငံမှာ စီးပွားရေး ကျပ်တည်းချိန်ဖြစ်ပြီး ကုန်ဈေးနှုန်းတက်နေလို့ အိမ်ထောင်ကျသွားရင်တောင် အီတလီမိသားစုတွေဟာ သားသမီး မယူကြတော့ပါဘူးတဲ့။

တက္ကသိုလ် ကျောင်းသူ၊ ကျောင်းသားအများစုမှာ ကျောင်းပြီးသွားလည်း အီတလီအစိုးရက အလုပ်ပေးနိုင်ခြင်း မရှိလှပါ။ သည်မှာ အလုပ်အကိုင် အခွင့်အရေးတွေကလည်း နည်းပါးလှရဲ့။ အီတလီ၊ ဂရိနဲ့ ဆိုက်ပရပ်နိုင်ငံတွေမှာ စီးပွားရေးတွေ ကျဆင်းနေသတဲ့။ အီတလီနိုင်ငံဟာ စကျင်ကျောက်ကလွဲလို့ မည်သည့်အဖိုးတန်အရာမှ မထွက်ပါဘူးတဲ့။

www.burmeseclassic.com
... ဇာတပေါကြွယ်မှုကို သတိရပြီး 'ငါကွ' လို့ လုပ်လိုက်မိသေး။

စီးပွားရေး ကျပ်တည်းလာလို့ အီတလီနိုင်ငံက ကြွေးမဆပ်နိုင်တော့ ကမ္ဘာ့ဘဏ်တွေကလည်း သည်နိုင်ငံကို ငွေကြေးထပ်မချေးကြပေ။ ဥရောပနိုင်ငံများမှာ စီးပွားရေး တောင့်တင်းနေသည်က ပြင်သစ်နိုင်ငံနဲ့ ဂျာမနီနိုင်ငံတို့လောက်သာဖြစ်လို့ ကျောင်းပြီးသွားတာနဲ့ အီတလီက ကျောင်းသားတွေဟာ အဲဒီနိုင်ငံတွေကိုသာ သွားကြလေတော့သတဲ့။ အချို့ကတော့ ဆွစ်ဇာလန်နိုင်ငံဘက်ကို သွားရောက်ကြရဲ့။ ကိုလိုနီခေတ်တွင်ဖြစ်သော်လည်း ကိုယ်တို့နိုင်ငံသို့ အိန္ဒိယတိုင်းသားများ အလုပ်လာလုပ်ကြပုံ၊ ခုတော့ ကိုယ်တို့ဆီက လူငယ်တွေ ထိုင်း၊ မလေးရှား၊ စင်ကာပူစတဲ့ အိမ်နီးချင်း အရှေ့တောင်အာရှနိုင်ငံများဆီသို့ စီးမျောသွားရောက်ရင်း အလုပ်လုပ်နေကြရပုံတွေကို ဖျတ်ခနဲ မြင်ယောင်လိုက်မိပြန်တယ်။ ငွေတာရီရဲ့ ကဗျာတစ်ပုဒ်နာမည်ကိုလည်း ဖျတ်ခနဲ သတိရလိုက်မိတယ်။ 'သာသည့်မြေသို့'၊ ငွေတာရီကတော့ သည်အဓိပ္ပာယ်နှင့် ဖွဲ့ဆိုခဲ့တာ မဟုတ်ရှာဘူးထင်ရဲ့။

သည်ရောမမြို့ကြီးမှာ အခွန်အခတွေလည်းများ၊ ဈေး... ကလည်းကြီးလို့ စနေ၊ တနင်္ဂနွေတွေမှာ ဆန္ဒပြကြလေ့ရှိသတဲ့။ ဝန်ထမ်းတွေ လခထုတ်သည့်အခါတိုင်းလည်း လစာထဲမှာ အခွန်အခကို ဖြတ်ယူထားလိုက်ပြီးဖြစ်ရာ လက်ထဲမှာ သုံးဖို့ သိပ်မကျန်ကြတော့ပါ။ သည်ဥရောပမှာကတော့ ပစ္စည်းတစ်ခုခုဝယ်တိုင်းလည်း အခွန်အတုတ်က ကောက်ယူထား... လိုက်ပြီးဖြစ်သတဲ့။ ထို့ကြောင့် သည်မှာ အလုပ်သမားသပိတ်တွေ မကြာခဏ မှောက်တတ်လေ့ရှိကြတယ်။ သို့သော်လည်းတဲ့ လွတ်လပ်စွာတော့ ဆန္ဒပြခွင့် ရှိနေပါသတဲ့။

အို. . . လမ်းညွှန်ရယ်၊ အပျော်လေ့လာရေး ခရီး... အလှအပ၊ သာသာယာယာများဖြင့်သာ ဖွင့်လှစ်ချင်ပါလျ... ကယ်နဲ့ "စိတ်ညစ်ညစ်နဲ့ မြစ်ကမ်းခြေသွားထိုင်ခါမှ ဒိ... မျောလာတာနဲ့ တွေ့ရတယ်" ဆိုသလိုပါလား။ မည်သို့ဆို... ဆင်ပိန်ရင်လည်း ကျွဲလောက်တော့ ရှိဦးမှာပေါ့ဟု... တွေးကာ ရောမမြို့ရဲ့ အလှအပများကိုသာ ရောက်... ရောက်ခိုက် ရှာဖွေကြည့်ရပေဦးမပေါ့။

သို့သော်လည်းတဲ့ အီတလီနိုင်ငံကို သူထက်ချို့ငဲ့... ရိုမေးနီးယားလို နိုင်ငံများမှလည်း ဝင်ရောက်လာသူ လူ... မလေးတွေ အများအပြားရှိနေကြပြန်သတဲ့။ ဒီလိုနဲ့ အဲဒီ... နိုင်ငံတွေက ရွှေ့ပြောင်းရောက်ရှိလာသူတွေဟာ အီ... မြို့ကြီးများမှာ ကြုံရာကျပန်း အလုပ်အကိုင်များကိုသာ ... ကိုင်ကြရလေ့ရှိတော့ အလစ်သုတ်မှု၊ ခိုးမှုဝှက်မှု၊ လု... စတဲ့ ရာဇဝတ်မှုငယ်များ ထူပြောလာပြန်တော့တယ်။

ဒီလို ရွှေ့ပြောင်း ရောက်ရှိလာသူလေးတွေ... အီတလီမှာ ငတ်တစ်လှည့် ပြတ်တစ်လှည့် ဖြစ်...





www.burmeseclassic.com

www.burmeseclassic.com



အီတလီနိုင်ငံ၊ ရောမမြို့တော်က
လူသတ်ကွင်းကြီးကိုလိုဆင်းရဲ့ အနီးကပ်ပုံများ






ကားရပ်ထားစဉ် အထုပ်တစ်ထုပ်ထုပ် တွေ့ရင်ပဲ မှန်ခွဲပြီး ယူကြလေ့ရှိသတဲ့။ အဲဒီလို ကိုဇော်ပြောနေခိုက်မှာ ကိုယ်တို့ကားဟာ မီးပွိုင့်မီကာ လမ်းထိပ်မှာ ရပ်နေခိုက်ပေါ့။ လမ်းလယ်ကျွန်းမှာ အီတလီသား ဟုတ်ဟန်မတူတဲ့ ခပ်ညိုညို ခပ်သေးသေး ဆယ်ကျော်သက်လူငယ်လေးတစ်ဦးဟာ တီရှပ် ခပ်နွမ်းနွမ်း ဂျင်းဘောင်းဘီအရောင်ဖျော့ဖျော့လေးနဲ့ ရပ်ထား သောကားများဘေးမှာ ယောင်လည်လည်၊ [illegible] မတော့ အဝတ်စုတ်တစ်ခုကို ကိုင်ထားရဲ့၊ [illegible] နေတာလား၊ ကိုဇော်ပြောသလို အလစ်[illegible]



www.burmeseclassic.com

www.burmeseclassic.com



အီတလီနိုင်ငံ၊ ရောမမြို့တော်က
လူသတ်ကွင်းကြီး
ကိုလိုဆင်းရဲ့ အနီးကပ်ပုံများ

ကိုယ်ကတော့ အလွတ်မပေးဘဲ ထိုလူငယ်လေးတို ကားထွက်ခွာခဲ့သည်အထိ လက်ကိုင်ဗွီဒီယိုလေးနဲ့ မှတ်တမ်းတင်နေလိုက်မိတယ်။ ဇာခန်းဆီးနောက်ကွယ်က ဘဝများပေါ့။ သွားရင်းလာရင်း မှတ်တမ်းတစ်ပုဒ် ရိုက်နိုင်ခဲ့ရင် နည်းတဲ့ အခွင့်အရေး မဟုတ်။

***အီတလီရဲ့ အလှစာမျက်နှာများ***

သို့သော်ငြားလည်း အီတလီနိုင်ငံဟာ နည်းပညာပိုင်းမှာတော့ ဖွံ့ဖြိုးနေလို့ ကမ္ဘာတစ်ဝန်းကို သူ့နည်းပညာတွေလည်း အတော့်ကိုရောင်းစားနေရသတဲ့။ ဥပမာ လေယာဉ်စက်ပိုင်းဆိုင်ရာ နည်းပညာမျိုး။ ဒါ့အပြင် အီတလီနဲ့ပြင်သစ်နိုင်ငံတွေမှာ ဝိုင်ကိုလည်း အများအပြား ထုတ်လုပ်နိုင်ကြတယ်။ အများစုသော ဝိုင်တွေကို စပျစ်မှ ထုတ်လုပ်သတဲ့။ စပျစ်ဝိုင်ပေ့ါ။ ဒီလိုဖြင့် အီတလီဟာ ပြိုလဲတျသွားလောက်အောင်တော့ ချို့ချို့ငဲ့ငဲ့ရှိလှတဲ့ နိုင်ငံမျိုး မဟုတ်နိုင်သေး။

ကံကောင်းပြန်သည်ကတော့ တစ်ခေတ်တ ရောမအင်ပါယာဟာ ဒီအီတလီနိုင်ငံမှာ ထွန်းကားခဲ့လို့ ယင်းရောမခေတ်က ရှေးဟောင်းအဆောက်အအုံတွေကို ထိန်းသိမ်းပေးထားနိုင်ခဲ့သဖြင့် ကမ္ဘာလှည့်ခရီးသည်အများအပြားကို ဆွဲဆောင်နိုင်ခဲ့ပြန်ရဲ့။ ကိုယ်တို့လို မြန်မာနိုင်ငံသားများပင် အီတလီကို လာရောက်လည်ပတ်ချင်တဲ့ ဆန္ဒတွေ ဖြစ်ပေါ်နေခဲ့သည်ပဲလေ။ ရှေးရောမခေတ်မှသည် ခေတ်အဆက်ဆက်က တည်ဆောက်ခဲ့တဲ့ ရှေးဟောင်း နတ်ဘုရားကျောင်းများ၊ ခရစ်ယာန် ဘုရားရှိခိုးကျောင်းများလည်း ရောမမြို့မှာ ကိုးရာခန့်ရှိနေသေးတယ်။ အားလုံးမှာ မဟုတ်တဲ့တိုင်အတော်များ များရဲ့ အတွင်းပိုင်းတွေမှာ နံရံဆေးရေး ပန်းချီတွေများစွာလည်း နေရာတိုင်းရှိနေတတ်ပြီး အလွန်လှပပါရဲ့။

ရောမမြို့ကို လည်ပတ်ရင် တစ်ပတ်လောက် လည်မှသာ နှံ့မှာပါ။ ခုတော့ ကိုယ်တို့မှာ နေ့တစ်ဝက်သာသာသာ လည်ချိန် ပတ်ချိန်သာ ရှိမည်ဖြစ်လို့ ရောမမှာ စိမ်ပြေနပြေလည်ပတ်ဖို့ အချိန်က မရှိလှ။ ဒီတော့ နေရာစုံအနှံ့ မလည်ပတ်နိုင်၊ 'ရောမကို ရောက်ခဲ့ဖူးသည်' ဆိုသော အဆင့်လောက်မှာသာ ရှိပေလိမ့်မယ်။

သို့ဖြစ်ရာ 'ရောမမြို့ကြီး အကြွေးနဲ့ဝယ်မယ်'ဟူသော သီချင်းစာသားကို ကြားယောင်မိပြန်ပေါ့။ လက်ငင်းပေးစရာငွေရှိလျှင်တောင် ဝယ်လို့မဖြစ်နိုင်သေး။ ဝယ်ဖို့ နေနေသာသာ လည်ဖို့တောင် အချိန်က မလောက်မင။

ပသို့ဆိုစေ တစ်နည်းအားဖြင့်တော့ အီတလီနိုင်ငံဟာ မီးခိုးမထွက်တဲ့ စက်ရုံများဖြစ်သော ခရီးသွားလုပ်ငန်းမှ ဝင်ငွေရရှိနေပါရဲ့။ တစ်နှစ်တစ်နှစ်ကို ၁၈ သန်းနဲ့ သန်း ၂၀ ကြားမှာလောက် ကမ္ဘာလှည့်ခရီးသည်တွေ အီတလီတံခါးပေါက်မှ ဝင်ခဲ့သည်လေ။ အားကျလိုက်တာ။

ကြားဖြတ်အစီရင်ခံစာ အနေနဲ့ ကိုဇော်ပြောတာက မြန်မာနိုင်ငံမှာလည်း အီတလီလိုပဲ ကမ္ဘာက စိတ်ဝင်စားနိုင်တဲ့ သမိုင်းဝင် ရှေးဟောင်းအဆောက်အအုံတွေ၊ ရေ-မြေတောတောင် သဘာဝအလှတရားတွေ များစွာရှိပါသတဲ့။ သို့သော် မြန်မာပြည်ခရီးသွားလုပ်ငန်းဟာ ဖွံ့ဖြိုးတိုးတက်သင့်သလောက် မတိုးတက်လာနိုင်သေးပါ။ ဒီဥရောပနိုင်ငံတွေမှာ ရှေးဟောင်းသုတေသန နယ်မြေများသို့ ဝင်ရောက်လေ့လာခွင့်ကို ယူရိုငွေ ၃၀ လောက်၊ မြန်မာကျပ်ငွေနဲ့ သုံးသောင်းကျော်ခန့်လောက် ကောက်တတ်ရဲ့။

မြန်မာပြည်မှာတော့ ရှေးဟောင်းယဉ်ကျေးမှု နယ်မြေများသို့ ဝင်ကြေးကောက်ယူမှုဟာ သည်ဥရောပနိုင်ငံတွေမှာထက် နည်းပါးပေမယ့် လေယာဉ်ခနဲ့ တည်းခိုရန် ဟိုတယ်ခတွေကတော့ဖြင့် အလွန်များလွန်းနေပါသတဲ့။ တစ်နေရာမှ တစ်နေရာ ကူးသန်းသွားလာဖို့ လမ်းပန်းဆက်သွယ်မှုနဲ့ သည် ပို့ဆောင်ပေးမှုတွေကလည်း အခက်အခဲ များစွာနဲ့ ဖြစ်နေရဲ့။ ဟိုတယ်၊ တည်းခိုခန်းများမှာလည်း မီး လျှပ်စစ်မီး

www.burmeseclassic.com

www.burmeseclassic.com



ရောမမြို့တော်က
လူသတ်ကွင်းကြီး
ကို လိုဆင်းရဲ့ နံဘေးမှာ
လှည့်လည်ကြည့်ရှု
နေကြသူများ



ရောမမြို့တော်က
လူသတ်ကွင်းကြီး
ကို လိုဆင်းရဲ့ နံဘေးမှာ
လှည့်လည်ကြည့်ရှု
နေကြသူများ

အင်တာနက်သုံးစွဲမှုများက ကြန့်ကြာမှု၊ ခက်ခဲမှုတွေနဲ့အပြည့်။ အစားအသောက်ဈေးကြီးမှု၊ သန့်ရှင်းရေးချို့တဲ့မှု၊ ဝန်ဆောင်မှုအားနည်းခြင်းတွေကလည်း ကမ္ဘာလှည့်ခရီးသွားများရဲ့ ခြေလှမ်းများကို တုံ့သွားစေပါသတဲ့။

လမ်းညွှန်ပြောတာ နားထောင်ရင်း ဟိုငေးသည်ငေးမှာပဲ ရှေးဟောင်းအုတ်မြို့ရိုး (City wall) ကြီးတွေလည်း လမ်းဘေးမှာ တွေ့လာရပေါ့။ သည်မြို့ရိုးတံတိုင်းကြီးတွေကို ပြုပြင်ဖို့ကိုတော့ စီးပွားရေးကုမ္ပဏီများမှလည်း စပွန်ဆာပေးတတ်ကြသတဲ့။ အခွန်ဆောင်ရာမှာ သက်သာဖို့ပေးခြင်းဖြစ်ပါတယ်တဲ့။ သူတို့ဆီမှာက အခွန်ရှောင်လို့ကလည်း ရတတ်သည်မျိုးတော့ မဟုတ်။ ရှောင်လို့မရပေမယ့် အများအတွက်၊ တိုင်းပြည်အတွက်၊ ပညာရေး လူမှုရေးအတွက် စသဖြင့် တစ်စုံတစ်ရာ အကျိုးပြုတာတွေ လုပ်ပေးရင်တော့ အခွန်သက်သာခွင့်ရဟန်တူရဲ့။

သည်လို ရှေးဟောင်းအမွေအနှစ် ထိန်းသိမ်းရေးလုပ်ငန်းများကို အများအားဖြင့်တော့ ပရိဘောဂကုမ္ပဏီများ၊ အဆောက်အအုံကုမ္ပဏီများမှ ပေးလေ့ရှိတယ်လို့ သိရပြန်တယ်။ ဒါလည်း ဆက်စပ်ပတ်သက်မှု တစ်စုံတစ်ရာတော့ ရှိသည်ပဲလေ။

မြို့ထဲမှာ ကားနဲ့လှည့်လည်ကာ မြို့အခင်းအကျင်းကို ကြည့်နေကြရင်း ရှေးခေတ်က ဘုရားကျောင်းလေးတွေလည်း အများအပြားတွေ့ရတယ်။ ဘုရားရှိခိုးကျောင်း အမည်တွေကိုတော့ သူတော်စင် စိန့် (Saint)အမည်များကိုပဲ ပေးတတ်ကြသတဲ့။



www.burmeseclassic.com

www.burmeseclassic.com

အမှန်တရားကို ဆုံးဖြတ်ပေးတဲ့ ခြင်္သေ့ (ထင်ရှ) ရုပ်ကြီးလည်း တစ်နေရာတွင် ရှိတယ်လို့ ပြောသံကြားဖူးတယ်။ လိမ်ညာပြောတဲ့သူရဲ့လက်ကို အဲဒီပါးစပ်ထဲသို့ ထည့်လိုက်ရင် ကိုက်လိုက်သလို နာကျင်ရသဖြင့် အမှန် ပြော၊ မပြော စစ်ဆေးတဲ့နေရာမှာ အသုံးတည့်ခဲ့တယ်ဆိုပဲ။ ဘယ်နားမှာလဲ မသိ။ သည်ရောမမြို့မှာ ဈေးကြီးလို့ တက္ကစီ စီးလေ့မရှိကြဘူးတဲ့။ ငွေကြေးအကုန်အကျသက်သာတဲ့ မြေအောက်ရထားက ပိုအဆင်ပြေတယ်လို့ အီတလီမှာ ကျောင်းလာတက်ဖူး တယ်ဆိုတဲ့ ကိုဇော်က ပြောပြပါတယ်။ မြေအောက်ရထားလမ်း ငါးလမ်းတောင်ရှိလို့ သွားရလာရ အဆင်ပြေသတဲ့။ စရိတ်လည်းသက်သာလို့ ရောမသားတွေက မြေအောက်ရထားလမ်းများကိုသာ အသုံးများကြတယ်။ မြေအောက်ရထားလမ်းများနဲ့ အကျွမ်းတဝင်မရှိလှတဲ့ ကိုယ်က-

“မြေအောက် ရထားလမ်းတွေထဲကို ရေတွေ စိမ့်မဝင်ဘူးလား” လို့ မေးမိတယ်။ မိုးရွာများသောလများမှာ ရန်ကုန်ကမ်းနားလမ်းတစ်လျှောက် မြေပေါ်တွင်ပင် ကားတွေ ရေနစ်နေတာ မြင်ဖူးလို့ မေးမိခြင်းပါ။ သည်က မြေအောက်ရထားလမ်းများမှာတော့ ရေလည်း ဝင်လေ့မရှိပါဘူးတဲ့။

ရောမခေတ်ပြဇာတ်ရုံ (Opera House) တစ်ခြမ်းပဲ့တွေလည်း လမ်းဘေးမှာ မြင်ရတယ်။ လမ်းတစ်လျှောက်လုံး သစ်ပင်တွေကို မပြတ်အောင် စိုက်ထားတာကိုလည်း တွေ့ရလို့ ရောမဟာ သွေ့သွေ့ခြောက်ခြောက် မဟုတ်ဘဲ စိမ်းစိမ်းလန်းလန်း ရှိလှတယ်။ အပင်ကြီးတွေရဲ့ အောက်ခြေများကို မာတ်တိုင်တစ်တိုင်အမြင့်နီးပါးအထိ အကိုင်းအခက်တွေ ရှင်းထားတော့ ပင်ခြေရှင်းပြီး လမ်းကိုလည်း ထင်းနေအောင် မြင်နေရပေါ့။ အရိပ်လည်း ရတယ်။ ကောင်းလေစွ။

သည်လိုစနစ်မျိုး တို့နိုင်ငံမှာ လိုက်လုပ်လို့ရသည်ပဲဟု သမိုင်းပေးတာဝန်တစ်ရပ်လို ကိုယ့်မှာ ရေးမှတ်ထားလိုက်မိပြန်ပေါ့။ လမ်းလယ်တစ်လျှောက်တွင်တော့ နွယ်သာကီပင်ငုံတွေက ဖူးပွင့်ဝေဆာလျက်။ သတိထားကြည့်လိုက်တော့ လမ်းဘေးဆိုင်တွေ သိပ် မရှိတာတွေ့ရတယ်။ ဒါဟာ မြို့ကို ရှင်းသန့်ပြီး လှပစေတဲ့ အချက်တစ်ရပ်ပါပဲ။ မြတ်စဗျင်းတောင်းမရှိလှလို့ မြို့ကို ကောင်းစွာ အလှဆင်လို့ရတာပေါ့။ ပလက်ဖောင်းတွေကိုလည်း သန့်နေအောင် ထားနိုင်လေရဲ့။ ကိုယ့်တိုင်းပြည်က ကိုယ်တို့မြို့ကြီး ရန်ကုန်ကိုလည်း သည်လိုပင် မြင်ချင်လှတယ်။ လမ်းဘေးဈေးသည်တွေလည်း မထိခိုက်ရအောင်၊ သူတို့စားဝတ်နေရေးလည်း ကျပ်တည်းမသွားရအောင် ဘယ်လိုများ ထိန်းချုပ်ရပါ့။

***နာမည်ကျော် လူသတ်ကွင်းကြီး ကိုလိုဆင်း (Colosseum)***

တွေးကောင်းနေစဉ်မှာပဲ ကိုယ်တို့ဦးတည်သွားနေတဲ့ ရောမမြို့ရဲ့ နာမည်ကျော် လူသတ်ကွင်းကြီး ကိုလိုဆင်း (Colosseum)ကို လှမ်းမြင်လိုက်ရတယ်။ အတော်ဝေးဝေးကပင် ထင်းနေအောင်မြင်ရလို့ အတော်ကြီးတဲ့ အဆောက်အအုံကြီးမှန်း သိသာလှရဲ့။ ကြည့်ရင်း ကြည့်ရင်းမှာပင် ပိုလို့ပိုလို့ နီးလာလေ တိုး၍တိုး၍ ကြီးလာလေ။ မကြာခင် လူသတ်ကွင်းကြီးဘေးမှာ ကားရပ်လိုက်ပေါ့။

ကိုယ်တို့ကို သည်နေရာမှာချထားခဲ့ပြီး ကားကို ရပ်နားစခန်းတစ်နေရာမှာ သွားရပ်ထားမယ်။ သည်မှာဆင်းပြီး ကိုယ်တို့ အဆောက်အအုံကြီးတစ်ဝိုက် လှည့်လည်ကြည့်ကြမယ်။ ပြီးတော့မှ အချိန်ကိုက် ပြန်လာပြီး ကားကြီးက ကြိုမယ်။

သည်အချက်ကလည်း ကိုယ်တို့ရဲ့ ဥရောပခရီးစဉ်တစ်လျှောက်မှာ အတုယူရမယ့်ကိစ္စတစ်ရပ်ပေါ့။ သွားရောက်လေ့လာရမယ့်နေရာ၊ လူထူတဲ့နေရာအထိ ကားများက လိုက်ပို့နိုင်ပြီး အဲဒီနေရာမှာပဲ ကားတွေကို ကျောက်ချရပ်မထားခြင်းဖြင့် နေရာကျပ်တည်းတဲ့ဒုက္ခကနေ ရှောင်လွှဲနိုင်ရဲ့။ ဒါပေမယ့် ပြန်လာကြိုမယ့် အချိန်ကိုတော့ တိတိကျကျ မှတ်သားလိုက်နာရမပေါ့။ အချိန်လေးစားတတ်တဲ့ အကျင့်လည်း တို့ရွှေမြန်မာများကို လေ့ကျင့်ပေးရဦးမယ်။

ရောမမြို့မှာ ပထမဆုံး ရောက်ရှိလေ့လာရတဲ့ ဒီလူသတ်ကွင်းကြီးရဲ့ မူရင်းအမည်မှန်ကတော့ ဖလာဗီယန် အမိုးမဲ့ပွဲကြည့်စင် (Flavian Amphitheatre)၊ ရောမအမိုးမဲ့ ပွဲကြည့်စင်ကြီး (giant amphitheatre) ဖြစ်ပါတယ်။ ဂရိနဲ့ ရောမခေတ်များက တည်ဆောက်ခဲ့ကြတဲ့ အမိုးမဲ့ပွဲကြည့်စင် အဝိုင်းကြီးပေါ့။ ဒါကြီးကို ရောမမြို့မှာ (the Flavian emperors) ခေတ် က တည်ဆောက်ခဲ့တာပါ။ ဒီလူသတ်ကွင်းကြီးရဲ့ တည်ဆောက်မှုကို (Vespasian) အုပ်ချုပ်မှုကာလအတွင်း အေဒီ ၇၀-၇၂ ခုလောက်က စတင်ခဲ့ခြင်း ဖြစ်ပါတယ်။ အေဒီ ၈၀ မှာတော့(Titus)က တရားဝင်အသိအမှတ်ပြုကာ ရက်တစ်ရာတိုင်တိုင် ကစားပွဲများ ကျင်းပပေးရင်း အခမ်းအနားဖြင့် ဖွင့်လှစ်ပေးခဲ့လေတယ်။ အဲဒီနောက် အေဒီ ၈၂ ခုနှစ်အတွင်းမှာတော့ အပေါ်ဆုံးထပ်ကိုလည်း ထပ်တင်လိုက်ကာ Domitian တို့က ပြီးသတ် တည်ဆောက်ခဲ့ကြပါတယ်။

သူ့အရင်က အမိုးမဲ့ပွဲကြည့်စင်ကွင်းများနဲ့ မတူတာကတော့ အသင့်ရှိနေတဲ့ တောင်ကုန်းစောင်းမှာ အဆောက်အအုံတစ်ခုလုံးနီးပါးမှ အခြေချနိုင်ဖို့ တူးယူပေးနိုင်ခဲ့ခြင်း ဖြစ်ပါတယ်။ အဆောက်အအုံတစ်ခုလုံးကို ကျောက်နဲ့အင်္ဂတေတွေသာ သုံးပြီးဆောက်ခဲ့တယ်။ ဒါဟာ ဘဲဥပုံ ကစားပြိုင်ပွဲကွင်းကြီး (the oval stadium)ဖြစ်ပြီး အဆောက်အအုံကြီးတစ်ခုလုံးရဲ့ အတိုင်းအတာကတော့ အကြမ်းဖျင်းအားဖြင့် တစ်မိုင်ရဲ့ သုံးပုံတစ်ပုံ(တစ်ကီလိုမီတာရဲ့တစ်ဝက်)ပတ်လည် ရှိလေရဲ့။ အပြင်ပန်း (external dimensions)ဟာ ၆၂၀ ပေနဲ့ ၅၁၃ ပေ (၁၉၀မီတာနဲ့ ၁၅၅မီတာ)ဖြစ်ပါသတဲ့။



www.burmeseclassic.com

www.burmeseclassic.com

ပြိုင်ကွင်း (arena)ကြီးရဲ့ ၁၆၀ ပေ (၄၈မီတာ) နီးပါးမျှ ရှိသော မျက်နှာစာ (facade)မှာ ထပ်ဆင့်ထားသော အထပ်သုံးခုရှိနေပါတယ်။ သုံးထပ်လုံးကို မုခ်ခုံး (arcade)ကြီးများနဲ့ ဝန်းပတ်ထားတယ်။ အစဉ်လိုက်ရှိနေတဲ့ အခုံး(arches)၈၀နဲ့ အမိုးအောက်ထပ်ခိုး(attic story)တစ်ခုလည်း ရှိပါသေးတယ်။ မုခ်ခုံးများကိုတော့ (the Doric, Ionic, Corinthian)ဖွဲ့စည်းပုံ အဆင်တန်ဆာများနဲ့ ဆင်ယင်ထားတဲ့ တိုင်လုံးဝက်များနဲ့ ဘောင်ခတ်ထားပြန်ပါတယ်။

အဆောက်အအုံကြီးကို ကြွကြွရွရွဖြစ်အောင် စီစဉ်ထားတဲ့ တိုင်လုံးတွေဟာ (the assemblage of orders)လို့ ထင်ရှားတဲ့ ဉာဏ်သစ်လောင်း (the Renaissance) ခေတ်ရဲ့ စနစ်တကျ စီစဉ်ပေါင်းစုမှုအခြေခံကို ရောက်ရှိသွားစေခဲ့ပေ့။

ဒီနည်းနာများအတိုင်း ပြုလုပ်ထားတဲ့ တိုင်လုံးတွေ အစီအရီထူထားသော ၁၃ ဘီစီခေတ်(Marcellus)ဇာတ်ခုံ တန်ဆာမဆင်ထားတဲ့ တောင့်တောင့်တင်းတင်းနဲ့ (Doric) တွေကလည်း မြေညီထပ်မှာ ရှိနေပါရဲ့။ အဲဒီနောက် ပိုမိုသပ်ရပ်ကောင်းမွန်တဲ့ (Ionic)တွေ၊ ယင်းအထက်မှာတော့ ပိုမိုဇိမ်ကျတဲ့(Corinthian) လက်ရာတွေကို ထပ်ဆင့်ထားတယ်။ ထပ်ခိုးဆောင်အမိုးများမှာတော့ နံရံမှ အစွန်းထွက်အောင် ထစ်ထစ်ချင်းတိုးစီ (corbels)ထားတဲ့ အုတ်ရိုးတွေ ရှိနေတယ်။ ဒါတွေကို ရွက်တိုင်လိုတိုင်များနဲ့ ထောက်မထားတယ်။ ဒီရွက်တိုင်တွေကိုမှ တော်ဝင်လှေထိုးသားများက ထိန်းချုပ်ကိုင်တွယ်နေဟန်လည်း ပြုလုပ်ထားပြန်တယ်။ အဲဒီနေကာမိုးကာ အစွန်းကြီးက ထိုင်ခုံပေါင်း ငါးသောင်းကို အုပ်မိုးထားလေရဲ့။

ဒီလူသတ်ကွင်းကြီးအတွင်းမှာတော့ ဖမ်းဆီးထားတဲ့ ရောမခေတ် အကျဉ်းခံ ရာဇဝတ်သားတွေကို လူလူချင်း လက်တစ်ကမ်းအနေအထားနဲ့ လုံးထွေးသတ်ဖြတ်ပြီး အနိုင်လုခိုင်း၊ နောက်ဆုံးမှာ ကျန်ရစ်တဲ့အကျဉ်းသား သူရဲကောင်း (gladiator)များကို ကျား၊ ခြင်္သေ့ စသည့် ရိုင်းစိုင်းသည့် တိရစ္ဆာန်တွေနဲ့ လွှတ်ပေးကာ သတ်ပုတ်တိုက်ခိုက် ယှဉ်ပြိုင်ခိုင်းကြတယ်။ အဲဒီခေတ်က အုပ်ချုပ်သူ အကြီးအကဲတွေ စိတ် အပန်းဖြေဖို့နဲ့ ပရိသတ်ကို ဖျော်ဖြေဖို့ ကျင်းပတဲ့ the gladiatorial contests ပြိုင်ပွဲများရဲ့ ရက်စက်လှသည့် ပြိုင်ကွင်းနေရာ တစ်ခုပေ့ါ။ တစ်ခါတစ်ခါမှာတော့ သင်္ဘောတိုက်ပွဲ ပြုလုပ်သရုပ်တူအောင် အယောင်ဆောင် တိုက်ခိုက်ပြရတဲ့ စစ်ပွဲအတုများလည်း ဒီနေရာမှာ ခင်းကျင်းတတ်ကြသေးရဲ့။

ပြိုင်ကွင်းတစ်ခုလုံး ရေအပြည့်အလျှံသွင်းပြီး ရေတပ်အခင်းအကျင်းများ၊ ရေတပ်စစ်သည် အများအပြား ရင်ဆိုင်တိုက်ခိုက်ကြရတဲ့ ရေတပ်တိုက်ပွဲများကိုပင် ဖန်တီးပေးရင်းလည်း သတ်ပုတ်တိုက်ခိုက်ခိုင်းတတ်ကြ၊ မျက်စိအရသာခံတတ်ကြသေးသတဲ့။

လူသတ်ပြိုင်ကွင်းကြီးကလည်း ယင်းတို့ကို ကြည့်ရှုခံစားဖို့ လူငါးသောင်းထိုင်ကြည့်နိုင်အောင် ကျယ်ဝန်းပါရဲ့။ ပသို့ဆိုစေ ဒီပြိုင်ကွင်းကြီးဟာ အစောပိုင်းခရစ်ယာန်များရဲ့ အာဇာနည်သူရဲကောင်း (the martyrdom)များ နေရာ ဟုတ်မဟုတ်တော့ မသေချာလှပါ။

၁၈၂၉-၃၀ ခုနှစ်များမှာ အုပ်စိုးခဲ့တဲ့ အဋ္ဌမမြောက် ပီးရပ်စ်ဘုရင် Pius VIII က ဒီအဆောက်အအုံကြီးရဲ့ ဆောက်လုပ်မှုဆိုင်ရာ အဓိကအောက်ခံနဲ့ မျက်နှာစာ၊ မီးတောင်ကျောက်သား ဒုတိယနံရံများ၊ အတွင်းရှိလေဟာပြင်ပွဲကြည့်စင်ပိုင်း၊ အင်္ဂတေအမိုးပေါင်းခုံး စတာတွေထဲက ကျန်ရစ်နေသမျှကို စတင်ပြီး ထိန်းသိမ်းစောင့်ရှောက်ပေးခဲ့ပါတယ်။ အလွယ်တကူ အသင့်ရနိုင်တဲ့ကျောက်ကျင်းအဖြစ် နှစ်ပေါင်း ၁၀၀၀ လောက်ရှိနေခဲ့၊ အသုံးခံခဲ့ပြီး ယူချင်သမျှ၊ ယူနိုင်သမျှ ယူခဲ့ကြတာတွေလုပ်အပြီး အခွံလောက်အကျန်မှာပေ့ါ။

ဒီပြိုင်တွင်း အဆောက်အအုံကြီးဟာ အလယ်ခေတ်တစ်လျှောက်လုံးမှာ မိုးကြိုး ငလျင်ဒဏ်များကြောင့်လည်း အကြိမ်ကြိမ်ပျက်စီးခဲ့ရတယ်။ အဆိုးရွားဆုံး ဖျက်ဆီးခံရခြင်းကား လက်သရမ်း(vandalism)သူ ဖျက်လိုဖျက်ဆီးလုပ်သူများကြောင့်ပင် ဖြစ်ပါရဲ့။ စကျင်ကျောက်သားထိုင်ခုံ (the marble seats)များ၊ အလှတန်ဆာဆင်ထားတဲ့ ဝစ္စည်းများလည်း ပျက်စီးပျောက်ကွယ်ခဲ့ပေပြီ။ ၁၉၉၀ ပြည့်နှစ်တွင်ကား ပြန်လည်ပြုပြင် ထိန်းသိမ်းရေး စီမံကိန်းတစ်ခုကို စတင်ပြုလုပ်ခဲ့ကြပါတယ်။ ဒါ့အပြင် ရှေးဟောင်း ရောမယဉ်ကျေးမှုနဲ့ဆက်နွှယ်တဲ့ အပြောင်းအလဲအမျိုးမျိုးနဲ့ ပြပွဲများကိုလည်း သည်ပြိုင်ကွင်းအတွင်းမှာ ပုံမှန်လိုပင် ခင်းကျင်းပြသလာခဲ့ကြပြန်တယ်။

ခုခါမှာတော့ သည်ပြိုင်ကွင်းကြီးကို ယူနက်စကိုက ထိန်းသိမ်းစောင့်ရှောက်မှု ပေးထားပါတယ်။ ယူနက်စကို ယဉ်ကျေးမှု ထိန်းသိမ်းစောင့်ရှောက်ခံစာရင်းမှာပါဖို့ အချက်အလက် ခရိုက်တီးရီးယား(Criteria)တွေကလည်း များစွာရှိလေတော့ ယင်းတို့နဲ့ကိုက်ညီအောင် ပြုပြင်မွမ်းမံမှုတွေကိုလည်း လုပ်ဆောင်ပေးကြရပါတယ်။

ရောက်ရှိသွားတဲ့ စက်ဝိုင်းပုံ သုံးထပ်အဆောက်အအုံကြီးကို ကိုယ်တို့အဖွဲ့ လှည့်ပတ်ကြည့်ပြီး ဓာတ်ပုံတွေ ရိုက်ကြပါတယ်။ ဒုတိယထပ်အထိသာ ပတ်ပတ်လည်အောင် အပြည့်ရှိနေပြီး တတိယထပ်နဲ့ အပေါ်ဆုံးထပ်တွေကတော့ တစ်ဝက်တစ်ပျက်ပင်။ ပြိုကျသွားလို့လား၊ မူရင်းဒီဇိုင်းကိုက သည်အတိုင်းပဲလား မသိ၊ ဧည့်လမ်းညွှန် မပါလေတော့ ကိုယ်တို့ကို အသေးစိတ်ရှင်းပြနိုင်သူလည်း မရှိ။ ပြိုင်ကွင်းကြီးကတော့ အတော့်ကိုကြီးမားတဲ့ ထုနဲ့ထည်နဲ့ ဆောက်လုပ်ထားတဲ့ အဆောက်အအုံကြီးဖြစ်တာ မျက်မြင်ကိုယ်တွေ့ ပြင်ပါ



www.burmeseclassic.com


www.burmeseclassic.com


တယ်။ မုခ်ခုံးကြီးတွေကလည်း ခံ့ညားထည်ဝါလှရဲ့။ တိုင်လုံးကြီးတွေကလည်း ပင်မအဆောက်အအုံကြီးကို ပိုမိုဝင့်ကြွားစေပါတယ်။ ပတ်ပတ်လည်ရှိ အထပ်တိုင်းတွင်လည်း ခရီးသည်များကို တလှုပ်လှုပ်လှမ်းတွေနေရတယ်။ မြိုင်ကွင်းကြီးရဲ့ ပတ်ပတ်လည် လမ်းမတွေမှာလည်း ကမ္ဘာတစ်ဝန်းလုံးက လူတွေ ပြုံဆင်းလာသလိုပင် ဧည့်သည်တွေက များလှချည့်။ ကိုယ်တို့လို အပြင်က လှည့်ပတ်ကြည့်ရုံဖြင့် မတင်းတိမ်နိုင်ဘဲ အတွင်းပိုင်းအထိ ဝင်ကြည့်ပြီး တက်နိုင်သမျှ အထပ်တွေပါ တက်ကာ ရောမခေတ်က လူသတ်ပွဲကြီးတွေကို အတွေးမြင်ကွင်းတွင် ပုံဖော်ရင်းဖြင့် ခံစားကြည့်ရှုလိုကြသူများကား တန်းစီနေကြသည်မှာ မြွေလိမ်မြွေကောက်အတန်းကြီးက ရှည်လျားစွာ ခွေခေါက်လျက်။

ကစားကွင်းကြီးအတွင်းသို့ ဝင်ရောက်ကြည့်ရှုဖို့ကား ဝင်ကြေး ထပ်မံပေးဆောင်ရမှာဖြစ်လို့ ခရီးသွားအဖွဲ့ရဲ့ အစီအစဉ်မှာ မပါဝင်နိုင်ပါ။ သည်လူသတ်ကွင်းအတွင်းပိုင်းကို ဝင်ကြည့်ဖို့ဆိုလျှင်လည်း နှစ်နာရီလောက် တန်းစီပြီး စောင့်ရဦးမှာမို့ ကိုယ်တို့ရွှေမြန်မာများမှာလည်း စနစ်တကျ တန်းစီတတ်တဲ့ အလေ့အကျင့်က ကျင့်သားမရသေး။ ပေးထားတဲ့ အချိန်နဲ့ ကိုယ့်စရိတ်နဲ့ကိုယ် ဝင်ကြည့်ဖို့ရာလည်း မလောက်မငမို့ မလွယ်ကူလှပါ။ သို့ဖြင့် နှမလက်လျှော့ နေလေတော့ ပါပဲ။

ထိုအဆောက်အအုံကြီးဘေးရှိ အခြားသော အခကြေးငွေ ထပ်မပေးရတဲ့ ရှေးဟောင်းအဆောက်အအုံများကိုသာ ဆက်လက်လေ့လာကြည့်ရှုကြတော့တယ်။ လူသတ်ကွင်း

လူသတ်ကွင်းကြီး
ကိုလိုဆင်းရဲ့
နံဘေးက
အမှတ်တရ
ဈေးဆိုင်လေးများ






လူသတ်ကွင်းကြီး
ကိုလိုဆင်းရဲ့
နံဘေးက
အမှတ်တရ
ဈေးဆိုင်လေးများ




www.burmeseclassic.com

www.burmeseclassic.com







## လူသတ်ကွင်းကြီး ကိုလိုဆင်းရဲ့ဝန်းကျင်မှ အခြားအဆောက်အအုံများ

ကြီးဘေးမှ ထောင်တက်သွားတဲ့ လမ်းကျယ်အတိုင်း ကိုယ်တို့ ဆက်လျှောက်ခဲ့ကြပေ့ါ။ လမ်းပလက်ဖောင်း တစ်လျှောက် တွင်ကား ထိုလမ်းတစ်လျှောက်ရှိ ပြုပြင်ထိန်းသိမ်းနေဆဲ အဆောက်အအုံပုံကြမ်းများ၊ ပြုပြင်ရေးလုပ်နေပုံများကို ဗီနိုင်း ဘုတ်ကြီးများ ရှည်ရှည်လျားလျားထောင်ကာ ပြသထားပါ တယ်။

ဦးဆောင်လုပ်နေတဲ့ ယဉ်ကျေးမှုထိန်းသိမ်းရေး အဖွဲ့ များနဲ့သူတို့ရဲ့လုပ်ဆောင်ချက်များကိုလည်း အဆင့်ဆင့် ဖော်ပြ ထားရဲ့။

ကားလမ်းဘေး အနိမ့်ပိုင်းမှာရှိနေတဲ့ တူးဖော်မှု ပြုလုပ် ထားဆဲ နေရာများကိုတော့ လမ်းဘေးအကာအရံများပေါ်မှ တစ်ဆင့် လှမ်းမြင်နေရလို့ လျှပ်တစ်ပြက် လေ့လာသွားနိုင် ပါတယ်။ ထိုခပ်နိမ့်နိမ့်အပိုင်းရဲ့နောက်မှာတော့ ကုန်းမြင့်ပိုင်း၊ အဲဒီကုန်းလျှောတစ်လျှောက်မှာလည်း အဆောက်အအုံပျက် တွေက အစီအရီ။

ရှေးဟောင်းသုတေသနသမား ကိုယ့်အဖို့ စိတ်ဝင် စားစရာတွေချည်း ဖြစ်သော်လည်း ခရီးဖော်များနဲ့ ကွဲသွား မည်စိုးသဖြင့် သူတို့ကိုလည်း မျက်ဖြေပြတ်လို့မဖြစ်။

ရောမခေတ်က ပျော်ပွဲရွှင်ပွဲတွေ ကျင်းပခဲ့တဲ့ အဆောက်အအုံတွေကိုလည်း တွေ့ရပါတယ်။ တစ်ခြမ်းပဲ့ကာ အမိုးခုံးကြီးရဲ့ အတွင်းပိုင်းထိပ်ကိုပင် လှမ်းမြင်နေရတဲ့ အဆောက်အအုံ တစ်ခုဟာဖြင့် အတော်ပင်လှရဲ့။ အမိုးခုံးကြီး မှာ ကြက်ခြင်းကြီးလို နန္ဒင်းမကင်းကွက်များ အမြောင်းလိုက် နဲ့ လက်ရာမြောက်လွန်းပါတယ်။ လူနေအိမ်ရိုးရိုးတစ်ခုတော့ မဟုတ်နိုင်ပါဘူး၊ အဆင်တန်ဆာတွေ ကောင်းလွန်းတော့ ဘုရားကျောင်းတစ်ခုလို့ ထင်ရတယ်။

ရောမခေတ်ရဲ့ အမှတ်သင်္ကေတဖြစ်တဲ့ ကျောက်တိုင် လုံးဖြူဖြူကြီးတွေကိုလည်း ဟိုမှာသည်မှာ အစီအရီမြင်နေရ ပေ့ါ။ ငြမ်းများဆင်ကာ ပြုပြင်ထိန်းသိမ်းနေသည်များလည်း ရှိရဲ့။ တူးဖော်ရေးအကွက်တွေလည်း အများအပြားပင်။ (Site Museum)တွေလည်း သည်လူသတ်ကွင်းကြီးဘေးနားမှာ ရှိနေကြတယ်။

တူးဖော်တွေ့ရှိထားသမျှကို အမှတ်အသား များပြုကာ တူးဖော်ရေး ကျင်းကွက်များဘေးမှာ ပုံထားတာကလည်း တစ်မြော်တစ်ခေါ်ပင်။ အပေါ်ဘက်ရှိ လမ်းပေါ်မှ လှမ်းကြည့် နိုင်သမျှပင် တစ်ပုံတစ်ခေါင်း။




www.burmeseclassic.com

www.burmeseclassic.com



လူသတ်ကွင်းကြီး
ကိုလိုဆင်းရဲ့ဝန်းကျင်မှ
အခြားအဆောက်အအုံများ



လူသတ်ကွင်းကြီး
ကိုလိုဆင်းရဲ့ဝန်းကျင်မှ
အခြားအဆောက်အအုံများ

ယင်းတို့ထဲမှ ပြတိုက်တင်ရမည့် ပစ္စည်းတွေကိုတော့ သယ်ယူသွားသည်လည်း ရှိမည်ပေါ့။ ရောမမြေကား ရတနာသိုက်တစ်ခုလိုပင် တူးတိုင်းထွက်နေဟန်ရှိသည်။ ဆက်လက်တူးလည်း လူနေအိမ်တွေအောက်နား ရောက်သည်အထိ ထပ်ထပ်တွေ့နေရသတဲ့။ တိုက်အိမ်တွေအောက်မှာလည်း ရှေးဟောင်းမြို့ကြီး ရှိနေမည်ပေါ့။

လမ်းကြားလေးတစ်ခုအပေါ်ကိုခွလျက် အံစာတုံးလိုလေးထောင့်စပ်စပ် မုခ်ဦးထူထူထဲထဲတစ်ခုကိုလည်း လှမ်းတွေ့လိုက်ရတယ်။ သည်မုခ်ဦးပုံမျိုးကို ပြင်သစ်နိုင်ငံ၊ ပဲရစ်မြို့မှာ အောင်မြင်ခြင်းမုခ်ဦးအဖြစ် လုပ်ထားတာကို ဓာတ်ပုံတွေမှာ မြင်ဖူးသည်ပဲ။ ဪ မကြာခင်ရက်ပိုင်းမှာတော့ ပဲရစ်မှာ ကိုယ်တိုင်မြင်ရပေဦးမှာကို တွေးရင်း ရင်ခုန်မိပြန်ပေါ့။

လမ်းဘေးတစ်နေရာမှာတော့ ရောမခေတ်ဝတ်စုံနဲ့ ဗလကောင်းကောင်း လူလတ်ပိုင်းတစ်ဦးကို တွေ့လိုက်ရတယ်။ သူက သူနဲ့အတူ ရောမခေတ်ဟောင်း အဆောက်အအုံတွေကို နောက်ခံထားပြီး ဓာတ်ပုံတွဲရိုက်နိုင်အောင် ပြင်ဆင်ဝတ်စားထားခြင်းပါ။ ဒါပေမယ့် ဥရောပရဲ့ကုန်ကျစရိတ်ကို လက်ချိုးရေတွက်နေရတဲ့ ကိုယ်တို့အဖွဲ့သားတွေကတော့ ဒါမျိုးကို သိပ်စိတ်မဝင်စားတတ်။ အနုပညာရသနဲ့ ရှေးဟောင်း အလှအပများကို တတ်နိုင်သလောက် ယူရှိငွေနဲ့ မလဲရအောင် ခြိုးခြံချွေတာနေမိရဲ့။ ကိုအရိုးပြောသလို ကိုယ်တို့က လူလည်အာရှသားတွေလေ။

❑ ကိုအေးမြင့်(မဟာဝိဇ္ဇာ၊ရှေး-သု)

စာကိုး။ Encyclopædia Britannica, 2013.



www.burmeseclassic.com

www.burmeseclassic.com



# တိုက်ဆိုင်မှုလော

ထိလာကျော်

ကြာတော့ ကြာခဲ့ပါပြီလေ။ သက္ကရာဇ်ကို တွက်စစ်ကြည့်တော့ ဆယ်စုနှစ် နှစ်ခုပင်ကျော်ပြီဖြစ်သည်။ အချိန်မည်မျှကြာကြာ ဤအကြောင်းလေးကတော့ ဘယ်တော့မှမမေ့။ တိုက်ဆိုင်မှုဟု ဆိုရမည်လားပဲ။

ဆရာစိုးလွင်ကျော်သည် ကယားပြည်နယ်၊ ဖရူဆိုမြို့နယ်၊ ဒိုမိုခိုကျေးရွာတွင် ပညာရေးတာဝန်များ ထမ်းဆောင်လျက်ရှိသည်။

ရွာလေးသည် မြို့နှင့် ၃၄ မိုင်ကွာဝေးသည်။ ကယောတိုင်းရင်းသားများ နေထိုင်ကြသည်။ အားလုံး ခရစ်ယာန်ဘာသာဝင်များ ဖြစ်ကြသည်။ ဗုဒ္ဓဘာသာဆို၍ ဆရာစိုးလွင်ကျော်နှင့် မဒမ်စိုး နှစ်ယောက်သာ ရှိသည်။

ရွာလေးသည် မြို့နှင့် အလှမ်းကွာဝေးလှသော်လည်း နေချင်စဖွယ်ကောင်းလှသည်။ လှေကားထစ်များသဖွယ် ဆောက်လုပ်ထားသည့် အိမ်များကလည်း အမြင်ဆန်းနေသည်။

အချို့အိမ်ဆိုလျှင် တစ်အိမ်လုံးဝါးဖြင့် ဆောက်လုပ်ထားသည်။

အဓိက စီးပွားရေးလုပ်ငန်းကတော့ ရွှေပြောင်းတောင်ယာ စိုက်ပျိုးခြင်းပင် ဖြစ်သည်။ စပါး၊ ပြောင်း၊ ဖရုံ၊ သခွား၊ ပြောင်းဖူး၊ မုံညင်းများ စိုက်ပျိုးကြသည်။

စိမ်းညို့ညို့ တောင်တန်းများက ဝန်းရံထားသည်။ဝန်းရံထားသည့်တောင်တန်းများကြောင့် နံနက်စောစောနေမမြင်ရ။ ၈ နာရီကျော်မှသာ နေမြင်ရသည်။ ညနေ ၅ နာရီဆိုလျှင် နေဝင်သွားပြီ။

ရွာသူရွာသားများသည် အနေဆင်းရဲကြသော်လည်း ဖော်ရွေကြသည်။ ကူညီလိုစိတ်ရှိသည်။ ပွင့်ပွင့်လင်းလင်း ပြောတတ်ကြသည်။ ဆရာ၊ ဆရာမတို့ အပေါ် လေးစားကြသည်။ တောင်ယာထွက်သီးနှံများ၊ တောကောင် အသားများ၊ သဘာဝ အသီးအရွက်များ ပို့ပေးကြသည်။

ရွာရောက်နေသည့် အချိန်တွင်တော့ ဆရာစိုးလွင်ကျော်တို့ ဇနီးမောင်နှံ အဖို့တော့ သီးခြားကမ္ဘာ ရောက်နေသလိုပင်။ မြို့မှာ ဘာတွေဖြစ်သလဲ၊ နိုင်ငံမှာ ဘာတွေဖြစ်နေသလဲဆိုသည်ကိုပင် ဘာမျှမသိရ။ ဂျိုဟ်တုစလောင်းဆိုတာ ဝေးစွ၊ ရုပ်မြင်သံကြား၊ ကက်စက်မဆိုထားနှင့် ရေဒီယိုပင်မရှိ။ ရွာနီးချုပ်စပ်များအကြောင်းသာ အနည်းငယ်ကြားရသည်။

ရွာနီးချုပ်စပ်ဆို၍ နီးနီး နားနားမထင်လိုက်ပါနှင့်။ အနည်းဆုံး ၃ မိုင်ဝေးသည်။ အချို့ ၅ မိုင်၊ အချို့ ၇ မိုင်ဝေးကွာသည်။ ဤမျှ ဝေးလံခေါင်သီသောရွာတွင် အပန်းဖြေစရာဆို၍ ပညာရေး ဌာနမှ အခမဲ့ မရောက် ရောက်အောင် ပို့ပေးသော ပညာတန်ဆောင်မဂ္ဂဇင်းသာလျှင် ဖတ်ရသည်။

တစ်ခါတစ်ရံတော့ ကမ္ဘာကြီးနှင့် အဆက်အသွယ်ရသည်။ အိပ်မက်ထဲမှာ ဖြစ်သည်။





www.burmeseclassic.com

www.burmeseclassic.com

ယခုတင်ပြသွားမည့် အကြောင်းကတော့ အိပ်မက်နှင့် နောက်ဆက်တွဲ တိုက်ဆိုင်မှုအကြောင်း ပင်ဖြစ်သည်။

အိပ်မက်ကို လူတိုင်း မက်ဖူးကြသည်။ အိပ်မက်အမျိုးမျိုးရှိသည်။ မြင်ခဲ့ကြားခဲ့၊ သိခဲ့သမျှကို ပြန်လည် မြင်မက်တတ်သည်။ အချို့ကလည်း လွမ်းနေသူ၊ မျှော်နေသူကို မြင်မက်တတ် ပြန်သည်။

ဘဝတစ်ကွေ့ တွေ့ကြုံထားသမျှထဲမှ အကြောင်းအချို့ကို ပြန်ပြီး မြင်မက်တတ်သည်။

အချို့အိပ်မက်များက ပုဂ္ဂိုလ်ထူးများနှင့် တွေ့ရပြီး အကူအညီ ရတတ်သည်။ အိပ်မက်ထဲ စုန်း၊ ကဝေ၊ သရဲ ခြောက်လှန့်ခံရ၍ ချွေးများထွက်သည်အထိ ကြောက်လန့်ရသည်များလည်း ရှိတတ်သည်။

ဘီယာကျေးရွာမှ ဦးမောင်လွင်သည် (ကယားနာမည် မမှတ်မိတော့) သမဝါယမဥက္ကဋ္ဌ ဖြစ်သည်။ ဟိုယာကျေးရွာအုပ်စု၏ သမဝါယမဥက္ကဋ္ဌ ဖြစ်သည်။

ဟိုယာ ကျေးရွာအုပ်စုတွင် ဟိုယာ၊ ဘီယာ၊ ဒိုရော၊ ဒိုမိုခိုကျေးရွာများပါဝင်သည်ကို မှတ်မိသော်လည်း အခြားအုပ်စုဝင်ကျေးရွာများ မမှတ်မိပါ။ ဦးမောင်လွင်သည် ဖရူဆို၊ လွိုင်ကော်မြို့များသို့ မကြာခဏ သွားတတ်သူလည်း ဖြစ်သည်။

လွိုင်ကော်ရောက်သည့်အခါတိုင်း ထီထိုးတတ်သည်မှာ သူ၏ အကျင့်ဖြစ်လေသည်။ ယခုလည်း သူသည် လွိုင်ကော်သို့ ရောက်လျက်ရှိလေသည်။ ထီဖွင့်ရက် ရောက်နေပြီ။

ဆရာစိုးလွင်ကျော်သည် မနက်ဖြန် ဖရူဆိုသို့ ပြန်ရန်စီစဉ်ထားသည်။ မဒမ်စိုးကတော့ ရွာတွင် ကျန်ခဲ့မည် ဖြစ်သည်။

ဆရာစိုးလွင်ကျော်သည် နံနက်စောစောထရမည်မို့ ညစောစောအိပ်ရာဝင်လိုက်သည်။ ည ၂ နာရီခန့်တွင် အိပ်မက်တစ်ခု မြင်မက်သည်။

ကလေးလည်း မဟုတ်ပါဘဲ စွန်လွှတ်ကစားနေသည်။ တစ်ခုပင်မက ငါးခုပင် ဖြစ်သည်။ လွှတ်တင်သည့် စွန်ငါးခုသည် ကောင်းကင်ထက်တွင် ပြိုင်ပွဲ ပြိုင်နေသည့်အလား အပြိုင်အဆိုင် တက်လျက်ရှိသည်။ ဆရာစိုးလွင်ကျော်၏လက်သည်လည်း ရုပ်သေးကြိုးဆွဲဆရာပမာ ရှုပ်ထွေးလျက်ရှိလှသည်။

စွန်သည် ပလတ်စတစ်နှင့် ပြုလုပ်ထားခြင်းကား မဟုတ်။ စက္ကူဖြင့်လည်းမဟုတ်ပြန်။ ငွေစက္ကူ ငါးကျပ်တန်၊ တစ်ဆယ်တန် များဖြင့် ချုပ်ထားခြင်း ဖြစ်သည်။ စွန်လွှတ်ခြင်း ရပ်နားရန် စွန်များကို ရုပ်သိမ်းလိုက်သည်။

စွန်များမှ ငွေစက္ကူများကို ပြန်လည်ဖြုတ်လိုက်သည်။ ငွေစက္ကူများကို စီစီညီညီထပ်ကာ ရေတွက်ကြည့်သည်။ ၃၅/(သုံးဆယ့်ငါးကျပ်)သာလျှင် ရေတွက်၍ရသည်။ ဤမျှမကနိုင်ဟု ယူဆကာ အထပ်ထပ် အခါခါ ရေတွက်သော်လည်း အဖြေကတော့ မပြောင်းဘဲ ၃၅/-(သုံးဆယ့်ငါးကျပ်) သာရှိသည်။

နံနက်မိုးလင်းသည်နှင့် ညကမက်သည့် အိပ်မက်ကို မေ့ပျောက်ကာ ဖရူဆိုသို့ပြန်ရန် ရွာမှ လမ်းကြုံများနှင့် ထွက်ခွာခဲ့ကြသည်။ တစ်တောင်တက် တစ်တောင်ဆင်း လျှိုမြောင်စိမ့်စမ်းတို့ကို ဖြတ်ကာ မမောမပန်းလာခဲ့သည်။ လမ်းတစ်လျှောက် ကျေးငှက်တို့၏ သာယာဖွယ်အသံများကိုလည်း နားဆင်ခွင့်ရသည်။

ကြောက်လန့်ဖွယ် တောကောင်များ၏ အသံကလည်း ကြားရ သေးသည်။ သစ်ခွပန်းရနံ့ကိုလည်း ရှူရှိုက်ခွင့်ရသည်။

ဤသို့ဖြင့် မမောမပန်းလာခဲ့ရာ ညနေ ၅ နာရီခန့်တွင် ဖရူဆိုမြို့ ဆေးရုံကုန်းသို့ ရောက်သည်။ အသင့်စောင့်ကြိုနေသည့် ဦးမောင်လွင်နှင့် ဆုံသည်။

ဦးမောင်လွင်သည် သူ၏ တည်းခိုရာအိမ်သို့ ဖိတ်ခေါ်၍ ဆရာ စိုးလွင်ကျော်နှင့်အဖွဲ့သည် အားမနာတမ်း လိုက်သွားသည်။ ဧည့်ခံသည့် ခေါင်ရည်ကို တစ်ဝကြီးသောက်လိုက်ကြသည်။

ခေတ္တမျှ စကားစမြည်ပြောကြရင်းမှ ဦးမောင်လွင်သည် မိမိ ထီပေါက်ကြောင်း ပြောလာသည်။ ဆုကြီးတော့ မဟုတ်။ ထီပေါက်၍ ဆရာစိုးလွင်ကျော်အား မုန့်ဖိုးပေးမည်ဟုဆိုကာ ငွေစက္ကူအသစ် တစ်ရွက်ထည့်ပေးသည်။

ပေးလာသည့် ငွေစက္ကူကိုကြည့်လိုက်တော့ ဆရာစိုးလွင်ကျော် တစ်ယောက် အတော်ပင် အံ့ဩမိသည်။

အဘယ်ကြောင့်နည်း၊ ငွေစက္ကူအသစ်မှာ ၃၅/- (သုံးဆယ့်ငါးကျပ်တန်) တန် ဖြစ်နေသောကြောင့် ဖြစ်သည်။ ၃၅/-တန် ငွေစက္ကူအသစ်ထွက်သည်မှာ မကြာသေး။ ရွာရောက်နေ၍ ဘာအဆက်အသွယ်မှ မရှိ၍ ၃၅/-တန် ငွေစက္ကူအသစ်ထွက်သည်ကို လုံးဝမသိခဲ့ရပါ။ ယခုမှ သိရခြင်း ဖြစ်သည်။

ဤသို့ဆိုလျှင် အိပ်မက်ထဲက ငွေ ၃၅/-နှင့် အမှန်တကယ်ရရှိသည့် ငွေ ၃၅/- မည်သို့ ဆက်စပ်နေသနည်း။ သိပ္ပံနည်းဖြင့် စမ်းသပ်၍ မရနိုင်ပါ။ သင်္ချာဘာသာနှင့်တွက်၍ မရနိုင်ပါ။

မည်သို့တွေးတွေး ဆန်းကြယ်သည်ကတော့ အမှန်ပင် ဖြစ်ပါတော့သည်။


ဒိုမိုခို၊ ဘီယာကျေးရွာများသို့ အမှတ်တရ။

❑ **ထီလာကျော်**



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



ဘရန်းနစ်တူလီရေ့မား စင်ရော်များသည် ငါးအုပ်စုထို ဖမ်းရန် ဘော်နီရာတျွန်းအနီး ပင်လယ်ထဲသို့ ထိုးဆင်းကြပါသည်။ တစ်ခါတစ်ရံ အနက်ပေ ၅၀၀ အထိ ရောက်ပါသည်။ ထိုတုတ်ခိုင်သော ပင်လယ်ငှက်များသည် ရာထောင်ချီ၍ ပေါက်ဖွားကြပြီး ဆောင်းအခါတွင် အများစုမှာ အိုက်စလန် သို့မဟုတ် ဂရင်းလန်သို့ ပျံနံသွားပါသည်။

ညသန်းခေါင်မှ ငါးမိနစ်အကျော်တွင် စဘယ်ဘတ် (SVALBARD) ၏ တောရိုင်းသဘာဝမှာ နိုးထလာပြီး သံစုံရိုက်ခတ်နေပါသည်။ အက်ဗင်ဒါလင် (ADVENDALEN) ဒေသတွင် ဒီရေရောက် မြစ်ဝကို အုပ်မိုးနေသော ကျောက်ဆောင်အစွန်းတွင် အာတိတ်စက်ဝန်းမှ ငှက်တစ်မျိုးဖြစ်သော တန်း (TERN)ငှက်အုပ်သည်အစဉ်ထွန်းလင်းတောက်ပသော နွေကာလတွင် ဆူညံစွာ လှည့်ပတ်ပျံသန်းနေပါသည်။

အဆိုပါဒေသမှာ နော်ဝေနိုင်ငံနှင့် မြောက်ဝင်ရိုးစွန်းအကြား လမ်းတစ်ဝက်တွင်ရှိသော ကျွန်းစုများအတွင်းရှိ တောင်ကြားဒေသ ဖြစ်ပါသည်။ အာတိတ်ငှက်များမှာ နှောင့်ယှက်ခြင်းခံနေရပါသည်။ ငှက်ငယ်များကို ဖမ်းယူခြင်းနှင့် ဥများကိုခိုးယူခြင်းတို့ ပြုလုပ်လေ့ရှိသော အာတိတ်ဒေသအသားစားသတ္တဝါတစ်မျိုးဖြစ်သော စင်ရော်တစ်စုံက အရှေ့ဘက်မှ ချဉ်းကပ်လာပါသည်။ ၎င်းတို့ကို တန်းငှက်များက အကြောက်အကန် ခုခံခဲ့ပါသည်။

သူတို့၏ နှုတ်သီးနီများဖြင့် စင်ရော်ငှက်များကို လျှပ်တစ်ပြက်တိုက်ခိုက်ရင်း သူတို့ကိုယ်သူတို့ ချွန်ထက်သော တိမ်တိုက်အဖြစ်ပြောင်းလဲလိုက်ပါသည်။

နည်းဗျူဟာ အောင်မြင်ခဲ့ပါသည်။ စင်ရော်များက တန်းငှက်များအား ဖြတ်ကျော်သွားပြီး မြေပြင်ပေါ် အသိုက်ဆောက်သော အီဒါ (EIDER) တဲများ၊ စွပ်ဖားဆွဲခွေးများနှင့် တန်ဒြာ (TUNDRA) မြက်ခင်းတွင် အစာစားနေသော သင်းကွဲ ရိန်းဒီးယား (REIN DEER) သမင်များပေါ်မှ ပျံ၍ ကျွန်းကို ပတ်ဝဲနေပါသည်။

ထိုဖြစ်ရပ်မှာ မြင့်မားသော အာတိတ်ဒေသတွင် ထူးခြားဆန်းကြယ်သော တောရိုင်းသဘာဝကို ခိုလှုံရာနေရာဖြစ်သော စဘယ်ဘတ်ဒေသ၏ ပုံမှန်နေ့တစ်နေ့ ဖြစ်ပါသည်။ ဝင်ရိုးစွန်းပတ်လည်ရှိ အချို့ ဒေသများတွင် အလားတူ သက်ရှိသိပ်သည်းမှု (BIO DENSITY) ရှိနိုင်ပါသည်။ ထိုနေရာတွင် ဝင်ရိုးစွန်းဝက်ဝံ (POLAR BEAR) များပေါက်ပွားပါသည်။ ဘဲရင့် (BA-RENT) ပင်လယ်အော်ဒေသတွင် ခန့်မှန်းထားသော ဝက်ဝံအကောင် ၃၀၀၀ ခန့်တွင် အကြမ်းဖျင်းအားဖြင့် ထက်ဝက်ခန့်သည် ထိုကျွန်းစုတွင်ရှိ ကျွန်းငယ်များတွင် သူတို့၏ သားငယ်များကို မွေးမြူကြပါသည်။

ထို့ပြင် လူများကိုလည်း ရိုင်ဖယ်သေနတ်မပါဘဲ စွန့်စား၍ အပြင်မထွက်ရန် သတိပေးထားရပါသည်။ URSUS MARITIMUS ၏ရန်ကို ကာကွယ်ရန် ဖြစ်ပါသည်။ (၎င်းမှာ ဝင်ရိုးစွန်းဝက်ဝံမျိုးစိတ်တစ်စိတ်၏ သိပ္ပံအမည် ဖြစ်ပါသည်။ ဘာသာပြန်သူ)

ပင်လယ်ငှက်များသည် သန်း... ၍ စဘယ်ဘတ်သို့ ပြောင်းရွှေ့လာ... ပါသည်။ ထိုဒေသရှိ ကမ်းရိုး...တွင်



www.burmeseclassic.com

www.burmeseclassic.com


ဖျံမျိုးစိတ် ငါးမျိုးနှင့် ဝေလငါးမျိုးစိတ် ၁၂ မျိုး အစာရှာနေကြပါသည်။

ဘဲရင့်ပင်လယ်၏ ရေတိမ်ပိုင်းတွင် ယောက်သွား (CLAM) များ အစုလိုက် အပြုံလိုက်ရှိခြင်းကြောင့် ဝါးရပ် (WALRUS) ခေါ် အာတိတ်ဖျံကြီးများ အဆင်ပြေနေကြပါသည်။ စဘယ်ဘတ်ကုန်းပြင်မြင့်များပေါ်ရှိ တန်ဒြာမြက်ခင်းဒေသတွင် ရိန်းဒီးယားသမင်များ အစာစားနေပြီး အာတိတ်ဒေသ မြေခွေးများသည်လည်း အသားစား သတ္တဝါများ၏ ရန်ကို မကြောက်ရဘဲ လွတ်လပ်စွာ အမဲလိုက်နေကြပါသည်။

လူသားတို့၏အမြင်တွင် ပထဝီအနေအထားသည် လုံးဝဥဿုံရိုးစင်းပြီး ခွင့်လွှတ်မှု မရှိပါချေ။ မြေသားပမာဏ၏ ထက်ဝက်ကျော်သည် ရေခဲမြစ်မှ ရေခဲများ၏ တိုက်စားခြင်း ခံရပါသည်။ တစ်ဆယ်ရာခိုင်နှုန်းထက် နည်းသော မြေသားပမာဏသည်သာ အပင်များအတွက်လုံလောက်သောအလင်းရောင်နှင့် မြေဆီလွှာ ပေးနိုင်ပါသည်။

နွေရာသီတစ်ရာသီတွင် ကျွန်ုပ်သည် ကျောက်ဆောင် ထူထပ်သော နော်ဒန့်စကီအိုး (MOUNT NORDENSKIOLD) တောင်ပေါ်တက်ပြီး ငါးနာရီအတွင်း အပင်မျိုးစိတ် ခုနစ်မျိုးကိုသာ ရေတွက်မိပါသည်။ ထို့ပြင် ၎င်းတို့၏ သက်ရှိဘဝ တည်မြဲမှုများ အခိုင်အမာ မရှိပါ။ ၎င်းတို့သည် အုပ်မိုးနေသော ကျောက်လွှာပြားများနှင့် ကျိုးပဲ့ကျနေသော ကျောက်တုံးများကြားတွင် ရှင်သန်နေရပါသည်။

လွန်ခဲ့သော နှစ်ပေါင်းများစွာက နော်ဝေလူမျိုး ရှေးဟောင်းသုတေသနပညာရှင် ပေါလ်ဆိုင်မွန်ဆင် (POVL SIMMONSEN)က ဝေးကွာသော မြောက်ဘက်ဒေသတွင် လူသားတို့ဘဝ ရပ်တည်နိုင်သော နယ်နိမိတ် အကန့်အသတ် ရှိသည်ဟု ယူဆခဲ့ပါသည်။ သူက "ဖြစ်နိုင်သောအစွန်း"ဟု သုံးစွဲခဲ့ပါသည်။



စဘယ်ဘတ်ကျွန်းများတွင် အကြီးဆုံးဖြစ်သော စပစ်ဘာဂန်ရှိ မက်ဒယ်လင်ဂျော်ဒန်တောင်နံရံများနှင့်စာလျှင် ဝင်ရိုးစွန်းဝက်ဝံသည် အလွန်သေးငယ်နေပါသည်။ ဤကျွန်းစုရှိ မြေပြင်ထက်ဝက်ကျော်ကို ရေခဲမြစ်မှ ရေခဲများက ဖုံးလွှမ်းထားပါသည်။ ထိုနေရာမှာ နော်ဝေပြည်မှ မိုင် ၄၀၀ ကွာဝေးပါသည်။

အဘယ်ကြောင့်ဆိုသော် သူ၏ သမိုင်းစာပေအများစုတွင် စဘယ်ဘတ်သည် ထိုအစွန်း၏ အခြားတစ်ဖက်တွင် ရှိနေပါသည်။ ရှေးကျသော လူနေမှုဘဝများတွင်လည်း ထိုဒေသကို လက်ဖျားဖြင့် မတို့ခဲ့ပါ။ ဗိုက်ကင်း (VIKING) လူမျိုးများက ထိုဒေသကို မသိမ်းပိုက်ခဲ့ပါ။ အင်နူ (INUIT) လူမျိုးများကလည်း ဝေးဝေးရှောင်ခဲ့ကြပါသည်။ အော်စလိုမှ နေ့စဉ် လေကြောင်းဝန်ဆောင်မှုကို နှစ်သက်ကြသော ကမ္ဘာလှည့်ခရီးသည် အများအပြားရှိသော မျက်မှောက်ခေတ်ကာလပင်လျှင် လူပေါင်း ၂၅၀၀ သာ နှစ်ပတ်လည်နေထိုင်ကြပါသည်။ ၎င်းတို့အများစုမှာ ဘယ်ဘက်ကျောက်မီးသွေးတွင်းမှ အလုပ်သမားများ ဖြစ်ကြပါသည်။

ဆောင်းတွင်း ကာလသည် မပြောင်းလဲသော အမှောင်ထုကို ယူဆောင်လာပါသည်။ (ဝင်ရိုးစွန်းဒေသ



www.burmeseclassic.com

www.burmeseclassic.com




တွင် နေ့ကာလ ခြောက်လ၊ ညကာလ ခြောက်လ ကြာမြင့်ပါသည်။ ဘာသာပြန်သူ)

သို့ရာတွင် အချို့သော အရွေး ချယ်ခံ မျိုးစိတ်များအတွက်မူ စဘယ်ဘတ်သည် သက်ရှိများပေါက်ဖွားရာ တစ်မူထူးခြားသောဒေသ ဖြစ်ပါသည်။ ထိုဒေသ၏ လျှို့ဝှက်ချက်သည် မြေသားပေါ်တွင်သာ တည်နေသည်မဟုတ်ချေ။ စဘယ်ဘတ်ဒေသကို ရေ၊ အလင်းရောင်နှင့် အပူချိန်က အုပ်မိုးထားပါသည်။

ထိုဒေသ၏ အထက်ပိုင်းတွင် အမေရိကန်ပြည်ထောင်စု အရှေ့ဘက်ကမ်းရိုးတန်းမှ စတင်သော ပင်လယ်အော်တွင်းမှ ရေစီးကြောင်းက သက်ရှိယန္တရားကို လောင်စာဖြည့်ပေးပါသည်။ အကယ်၍ သင်သည် ပင်လယ်အောက်ရေစီးကြောင်း၏ အဓိကလမ်းခွဲ ဖြစ်သော မြောက်အတ္တလန္တိတ် ရေစီးကြောင်းအတိုင်း မြောက်ဘက်သို့ ဆန်တက်လျှင် စဘယ်ဘတ်ကမ်းရိုးတန်းရှိ အနောက်စပစ်ဘာဂန် (WEST SPITS-BERGEN) ရေစီးကြောင်းတွင် အဆုံးသတ်ပေမည်။

နှစ်စဉ် ရေခဲပုံးလွှမ်းမှုမှာ အမျိုးမျိုးကွဲပြားနေသော်လည်း ၁၉၇၉ ခုနှစ် မတ်လမှ ၂၀၀၈ ခုနှစ် မတ်လနှင့် နှိုင်းယှဉ်လျှင် ဘဲရင့်ပင်လယ်အတွင်းရှိ ပျမ်းမျှရေခဲပုံးဧရိယာသည် ၃၀ ရာခိုင်နှုန်းအထိ ကျဆင်းနေပါသည်။ ၂၀၀၇ နှင့် ၂၀၀၈ ခုနှစ်များတွင် ပင်လယ်တွင်းရေခဲများသည် မှတ်တမ်းအရ အောက်ဆုံးအထိ ကျဆင်းသွားပါသည်။



အတ္တလန္တိတ် ဝါးရပ်တစ်ကောင်သည် ရေတိမ်နေ ယောက်သွားများစားသုံးပြီး ကမ်းစပ်သို့ တက်ခဲ့သည်။ ထိုသတ္တဝါသည် ခရုခွံများကို မွှေနှောက်ပြီး နွေရာသီ နေ့တစ်နေ့အတွင်း ထောင်ချီသော ယောက်သွားများကို စုပ်ယူပါသည်။ သူက ဗိုင်ဘရီစေ ဟုခေါ်သည့် အာရုံခံအမျှင်များပါသည့် ပါးစပ်ကို အားကိုး၍ သားကောင်ကို ရှာဖွေပါသည်။



www.burmeseclassic.com

www.burmeseclassic.com

ထိုနေရာတွင် ပူနွေးသော ဆားငန် ရေစီးကြောင်းက ရေကို ရေခဲများမှ ကင်းလွတ်စေပြီး ပလင်တွန် (PLANKTON) ခေါ် ရေမှော်များ နွေရာသီတိုင်းတွင် အထူးပွားများကြပါသည်။ (ဤနေရာတွင် ပူနွေးသောရေဟူသော ဝေါဟာရကို ၄၂ ဒီဂရီဖာရင်ဟိုက် အပူချိန်ဟု သုံးစွဲလေ့ရှိသော်လည်း ဤဒေသတွင်မူ ရေခဲကင်းလွတ်သော ရေကိုပင် ပူနွေးသောရေဟု သုံးနှုန်းထားပါသည်။)

ရေမှော်များသည် ဝေလငါးများနှင့် ပင်လယ်ငါးများ၊ ဖျံများ၏ အစာဖြစ်သော ကီပ်ဝလင် (CAPELIN) ငါးအုပ်စုနှင့် ဝင်ရိုးစွန်း ကော့ (COD) ငါးများကို ဆွဲဆောင်ကြပါသည်။ ဖျံများအစုလိုက်ရှိခြင်းသည် စဘယ်ဘတ်ဒေသရှိ ဝင်ရိုးစွန်း ဝက်ဝံများအား အစားအစာ လုံလောက်စေပါသည်။ သက်ကြီးကောင် ဝက်ဝံများသည် ဖျံအဆီပမာဏ များစွာစားသုံးပါသည်။ ထိုအဆီရရန် ရင်းဖျံ (RING SEAL) နှင့် မုတ်ဆိတ်မွေးဖျံ (BEARDED SEAL) များကို အဓိကထားပါသည်။

ထိုအာဟာရသည် ဝက်ဝံများအား ၎င်းတို့၏ ကြီးမားသောခန္ဓာကိုယ် (အထီးသည် အများအားဖြင့် ပေါင် ၁၃၀၀ လေး၍ အမသည် ၎င်း၏ ထက်ဝက်ခန့်လေးသည်။)အား သယ်ဆောင်၍ ပိုင်နက်ဒေသဖြစ်သော စတုရန်းမိုင်



အစွယ်အရှည်အလျား ကွဲပြားမှုသည် ဝါးရပ်များအတွင်း အသက်အရွယ်ကို ကိုယ်စားပြုပါသည်။ စဘယ်ဘတ် နွေရာသီတွင်ရှိသော အကောင်ရေ ၂၆၀၀ မှ အချို့ဖြစ်ပါသည်။ ၁၉၀၀ ပြည့်နှစ်အစောပိုင်းတခု အစွယ်မုဆိုးများသည် နော်ဝေနိုင်ငံမှ အုပ်စုများကို လုံးဝနီးပါးဖျက်ဆီးခဲ့ပါသည်။ ၁၉၅၂ ခုနှစ်မှစ၍ ကာကွယ်ထားခြင်းအားဖြင့် အကောင်ရေများ ပြန်လည်တိုးတက်လာသည်။



ကျူးကျော်လာသော လူသားကို စစ်ဆေးသောအားဖြင့် ဝင်ရိုးစွန်းဝက်ဝံ တစ်ကောင်သည် နှင်းပေါ်သုံးတုလားထိုင်၊ တင်မရာအိတ်နှင့် ဦးထုပ်တို့ကို ဝါးစားအပြီး ဓာတ်ပုံဆရာပေါလ်နစ်ကလင်၏အခန်းကို အနှံ့ခံနေပါသည်။ ရေခဲထူသော အဖြင့်ဘက်မြေပြင်ကို နီကလင်က ဝက်ဝံတွေရဲ့ ရုပ်ပြိုင်းဝေးဟု ခေါ်ဆိုပါသည်။ "သူတို့ ဘာလို့လာတာ၊ အစာရှာနေတာပါ"

www.burmeseclassic.com



စဘာယ်ဘာက်၏ ဂေဟာဗေဒစနစ်သည် ကောင်းကင်၊ ပင်လယ်နှင့် တမ်းစပ်ကို ဆက်စပ်ထားပါသည်။ ဒီဗီကီးငှက်များသည် ကျောက်ဆောင်ထူသော ဆင်ခြေလျှောများတွင် အသိုက်ဆောက်လုပ်သော ကိုပီငေါ့များအား ထိုးသုတ်နေပါသည်။ ထိုငှက်အုပ်က မြေပေါ်သို့ စွန့်ပစ်သောငှက်ချေးနှင့် ငှက်သေအသေးများက ရေညှိဥယျာဉ်အား မြေဩဇာဖြစ်စေပါသည်။ ထိုနေရာသည် အာတိတ်မြေခွေးများ၏ ပုန်းအောင်းချောင်းမြောင်းရာ နေရာဖြစ်ပါသည်။

၆၀ မှ ၁၄၄၀၀၀ အထိ လှည့်လည်နိုင်ရန် စွမ်းအင်ကို ပေးပါသည်။

စွမ်းအင်ပြည့်ဝသော ကမ်းလွန်ဒေသ ရေများသည် ပင်လယ်ငှက်များအား နှစ်ပတ်လည် အရည်ခာတ် ဖြည့်ပေးပါသည်။ မေလနှင့် ဇွန်လတိုင်းတွင် တန်ဖြာဒေသတွင် ရေခဲများ နောက်ဆုတ်သွားပြီး ဆီးနှင်းများပျောက်ကွယ်သောအခါ စဘာယ်ဘာတ်ဒေသသို့ ငှက်အကောင်ရေ သုံးသန်းအထိ စုဝေးရောက်ရှိလာကြပါသည်။ ငှက်များသည် အရေအတွက် များသော်လည်း အမျိုးအစား များများမပါဝင်ပါ။ မျိုးစိတ် ၂၈ ခုသာ အများအပြား တွေ့ရလေ့ရှိပါသည်။

စဘာယ်ဘာတ်ဒေသတွင် ရော့ခ်တာမီဂန် (ROCK PTARMIGEN) ငှက်တစ်မျိုးသာ တစ်နှစ်ပတ်လုံးနေထိုင်ကြပါသည်။ အခြားငှက်များမှာ မျိုးပွားရန်နှင့် မနားတမ်း စားသောက်နိုင်ရန် ဤဒေသသို့ ပြောင်းရွှေ့လာကြပါသည်။ ဘူမိအနေအထား ပြောင်းလဲလာမှုကြောင့်ထိုရည်မှန်းချက်များကိုအကောင်အထည် ဖော်နိုင်ပါသည်။ နေရာများများတွင် စဘာယ်ဘာတ် ကမ်းရိုးတန်းသည် ပင်လယ်ကမ်းစပ်မှ မတ်စောက်သော ကမ်းပါးယံများအထိ မြင့်တက်နေပါသည်။ ၎င်းတို့မှာ ရိုရှိုမိုက်အယ်ကပ်မီတန် (YOSEMITE EL CAPITEN) ကဲ့သို့ နံရံမျိုး မဟုတ်ပါ။ ထိုကမ်းပါးယံများတွင် ချွန်ထွက်နေသော ကျောက်ပြားများရှိသဖြင့် ငှက်များ အသိုက်ဆောက်လုပ်ရန် နေရာအလုံအလောက် ရှိပါသည်။ သို့ရာတွင် အာတိတ်ဝံပုလွေကဲ့သို့သော သားစားသတ္တဝါများအား အလွန်ခက်ခဲစေပါသည်။

ထို့ကြောင့် ထိုနေရာသည် ငှက်များ မျိုးပွားရန် အကောင်းဆုံး အနေအထား ဖြစ်ပါသည်။ ဖူလ်မာငှက် (FULMAR)၊ ဂူလီမော့ငှက် (GUILLEMOTS) နှင့် ခြေထောက်မည်းနေသည့်ကစ်တီဝိက်ငှက်(KITTIWARKS) စုံတွဲများသည် ကမ်းပါးယံတစ်ခုတည်းတွင် ရောနှောပြီး နှစ်ဆယ့်လေးနာရီလုံး အလင်းရောင်ရှိသော နွေတစ်ရာသီ နေထိုင်ရန် စီစဉ်ကြပါသည်။ ငှက်များက ကမ်းပါးယံ အစွန်းတစ်ခုတွင် နေရာယူလိုက်သောအခါ ပြုပြင်ပြောင်းလဲမှု မှာ ထင်ရှားလာပါသည်။




အာတိတ်မြေခွေးသည် ပင်ဝင်အပါအဝင် ငှက်များကို ဥများပါမကျန် ၎င်းတို့၏သားငယ်များအား အစာကျွေးရန် ဖမ်းဆီးကြပါသည်။ ဆောင်းရာသီရောက်သောအခါ မြေခွေးမသည် နှင်းထုထပ်သော နယ်မြေတွင် စွန့်ပစ်ဝစ္စည်းများကို ရှာဖွေရပါသည်။



www.burmeseclassic.com

www.burmeseclassic.com

တစ်ခါက ကျွန်ုပ်သည် စဘစ်ဘာကန် ရေလက်ကြားအတွင်း ငါးဖမ်းသင်္ဘောငယ်ဖြင့် လှည့်လည်နေစဉ် မီးခိုးရောင် ကမ်းပါးယံပေါ်တွင် နှင်းများ ဖုန်ထသကဲ့သို့ ပျံ့ဝဲနေသည်ကို တွေ့ရှိပါသည်။ ကျွန်ုပ်က မှန်ဘီလူးဖြင့် ကြည့်လိုက်သောအခါ ၎င်းတို့မှာ နှင်းများ မဟုတ်ချေ။ ကမ်းပါးယံ အစွန်းတွင် ကစ်တီဝိတ်ငှက်များ အသိုက်ဆောက်နေကြပြီး ၎င်းတို့၏ ဦးခေါင်းများက မိုင်များစွာ အကွာအဝေးတွင် တလှုပ်လှုပ်ကဲ့သို့ ဖြစ်နေခြင်း ဖြစ်သည်။



ရေခဲမြစ်မှ ရေခဲတုံးများသည် ရေလှိုင်းကြောင့် ပြောင်းပြန်လှန်ပြီး ပင်လယ်ထဲတွင်မျော နေပါသည်။ ထိုဝေးလွှာသော ထွန်းများကို ၁၂ ရာစုကတည်းက ဗိုက်ကင်းလူမျိုးများ တွေ့ရှိခဲ့ပေမည်။ ဝေလငါးဖမ်းသူများ၊ သိပ္ပံပညာရှင်များနှင့် အာတိတ်ဒေသ စူးစမ်းရှာဖွေသူများက ထိုကျွန်းများကို အခြေစိုက်စခန်းအဖြစ် အသုံးပြုပါသည်။ သို့ရာတွင် စဘယ်ဘတ်တွင် အမြဲနေထိုင်သူမှာ လူဦးရေ ၂၇၀၀ သာ ရှိပါသည်။

စဘယ်ဘတ်၏ နွေရာသီငှက်များမှာ သဘာဝ၏ သာပေါင်းညာစားများ ဖြစ်ကြပါသည်။ အချိန်ကောင်းတွင် လာရောက်ပြီး မကောင်းသောကာလတွင် စွန့်ခွာသွားကြပါသည်။

စဘယ်ဘတ်တွင် တစ်နှစ်ပတ်လုံး နေထိုင်သူများအား အမြင့်မားဆုံး လေးစားမှု မထားဘဲ မနေနိုင်ချေ။ ၎င်းတို့သည် ဆိုးရွားလှသော အာတိတ်ဒေသ ဆောင်းကာလတွင် အသက်ရှင်နေထိုင်ရန် ပြုလုပ်မြဲ နည်းဗျူဟာတစ်ခုသို့မဟုတ် နှစ်ခု ကျင့်သုံးရပါသည်။ ၎င်းတို့မှာ ဆက်လက်အမဲလိုက်ရန် သို့မဟုတ် အပိုစွမ်းအင် သိုဝှက်ထားရန် ဖြစ်ပါသည်။



အစာအာဟာရများသည် ကမ်းစပ်မှ ထိုက်စားသွားပြီး တောင်းထင်ပေါ် မှတစ်ဆင့် ရေထဲ ရောက်သွားပါသည်။ ၎င်းတို့မှာ အာဟာရဓာတ်ကြွယ်ဝသော အဲနီးမုန်းများနှင့် သန္တာအပွေများ ဖြစ်ပါသည်။

ပထမနည်းလမ်းကို အထူးကျင့်သုံးသူမှာ ဝင်ရိုးစွန်းဝက်ဝံများ ဖြစ်ကြပါသည်။ ၎င်းတို့သည် ဆောင်းတွင်းကာလတစ်ခုလုံးတွင် ဖျံများ အသက်ရှူရန် ထွက်သောအပေါက်ဝတွင် ညစာအတွက် စောင့်နေကြပါသည်။

အာတိတ်မြေခွေးသည် နည်းလမ်းနှစ်မျိုး တွဲ၍ ဆောင်ရွက်[illegible] ၎င်းတို့သည် သားလောင်း[illegible] တကူ မမြင်နိုင်သော [illegible] အမဲလိုက်လေ့ရှိပြီး [illegible] တွင် လ[illegible]



www.burmeseclassic.com

www.burmeseclassic.com


သော အစားအစာများကို တူးဖော်ကြပါသည်။

ပို၍ ပူနွေးသောဒေသများတွင် မြေခွေးသည် သတ်ဖြတ်မှုကို ပိုမိုလုပ်ဆောင်ပါသည်။ ၎င်းတို့သည် ကြက်လှောင်အိမ်များရှိရာ သွားပြီး စားနိုင်သည်ထက်ပို၍ သတ်ဖြတ်ကြပါသည်။ ထိုသို့ပြုလုပ်ခြင်းကြောင့် လယ်သမားများ၏ အငြိုးထားမှုကို ခံကြရပါသည်။ သို့ရာတွင် အပိုသတ်ဖြတ်ထားသော ကြက်များကို သိုလှောင်ထားခြင်းသည် သေရေးရှင်ရေးကိစ္စ ဖြစ်ပါသည်။

ရိန်းဒီးယားနှင့် ဆော့ခ်ကာ့မီဂန်များတွင် အပိုစွမ်းအင် သိုဝှက်ခြင်းမှာ ခန္ဓာကိုယ်ကို ဝစေခြင်း ဖြစ်ပါသည်။ စဘယ်ဘတ်ဒေသတွင် ရိန်းဒီးယားတစ်ကောင် ညသန်းခေါင်ယံ အစာစားသည်ကို ကြည့်နေရခြင်းမှာ ဖြစ်ရပ်ထူး ဖြစ်ရပ်ဆန်း ဖြစ်ပါသည်။



တာမီဂန်များကဲ့သို့ပင် ရိန်းဒီးယားများသည် သတ္တဝါ အများစုတွင်ရှိသော ညပိုင်း ဇီဝကမ္မစည်းချက်ကို ဖျက်ဆီးကြပါသည်။ ၎င်းတို့မှာ စားပြီးရင်း စားပြီး အချိန်အနည်းငယ်သာ အနားယူပါသည်။ ထို့နောက် တစ်ဖန် စားသောက်ပြန်ပါသည်။ နေ့အချိန်နှင့် ညအချိန်ဟူ၍ မခွဲခြားတော့ပါ။





www.burmeseclassic.com

www.burmeseclassic.com



သို့ရာတွင် [illegible]

ရိန်းဒီးယားသည် ခန္ဓာကိုယ်အတွင်းတွင် လေးလက်မအထိ ထူသော အဆီပြင်ကို တည်ဆောက်ထားပါသည်။ အစားအစာ ရှားပါးသော ဆောင်းရာသီတွင် ထိုအဆီသည် ရိန်းဒီးယား၏ သိုလှောင်စွမ်းအင် ဖြစ်လာပါသည်။

စဘယ်ဘတ်ဒေသရှိ တောရိုင်းသတ္တဝါများသည် အာတိတ်အမှောင်ထုနှင့် လိုက်လျောညီထွေ နေနိုင်အောင် နည်းလမ်းရှာရပါသည်။ ထိုကာလအတွင်း အအေးဓာတ်မှာ ခါးသီးလှပြီး အပင်ငယ်များကို ပျက်စီးစေပါသည်။ သို့ရာတွင် ဆင့်ကဲဖြစ်စဉ် (EVOLUTION) ထက် လျင်မြန်သောစွမ်းအင် ထိုဒေသသို့ရောက်ရှိလာပါသည်။ ၎င်းမှာ လူသားများ ဖြစ်ကြပါသည်။

၁၇ ရာစုမှ ၁၉ ရာစုအထိ ဝေလငါးဖမ်းသူများသည် ထိုဒေသ၏ ကြီးမားသော ရေနေသတ္တဝါများကို ဖမ်းဆီးရန် စဘယ်ဘတ်သို့ ရွက်လွှင့်ကြပါသည်။ ထိုသတ္တဝါများ၏ အဆီအား ဝေလငါးအဆီအဖြစ်ပြောင်းလဲပြီး အကျိုးအမြတ် များများရရှိနိုင်ပေသည်။

၁၆၁၂ ခုနှစ်က စဘယ်ဘတ်သို့ ခရီးထွက်လာသော ဒတ်ချ်သင်္ဘောမှ မာလိန်မှူးက ဘဲရင့်ပင်လယ် (BARENTS SEA) တွင် ဝေလငါးများ ပြည့်နှက်နေပြီး သင်္ဘောက ရေခဲခွဲသကဲ့သို့ ထိုသတ္တဝါများအကြား တိုးသွားနေရကြောင်း သတင်းပို့ပါသည်။



[illegible]

www.burmeseclassic.com

၁၈ ရာစု ကုန်ခါနီးတွင် ကမ္ဘာ့လူသားများ၏ ဝေလငါးအဆီ စားသုံးလိုမှုက ထိုငါးများကို ဖယ်ရှားလိုက်ပါသည်။ ကမ္ဘာပေါ်တွင် အကြီးဆုံးသော နို့တိုက်သတ္တဝါဖြစ်သည့် ဘိုးဟက်ဝေလငါး (BOWHEAD WHALES) ငါးသောင်းခန့်ကို ဒတ်ချ်သင်္ဘောတစ်စင်းတည်းက သယ်ဆောင်သွားပါသည်။

ထိုသို့ အမြောက်အမြားကုန်သန်ရောင်းဝယ်မှုကြောင့် မျိုးစိတ်အများအပြားမှာ မျိုးသုဉ်းပျောက်ကွယ်လုနီးပါး ဖြစ်ခဲ့ရပါသည်။ ယနေ့ခေတ်တွင် ဘိုးဟက်ဝေလငါး တစ်သောင်းကျော် ရှင်သန်လျက်ရှိပြီး အများစုမှာ ဘယ်ရင်း (BERING)၊ ချပ်ချီ (CHUKCHI) နှင့် ဗျူဖို့ (BEAUFORT) ပင်လယ်များတွင် နေထိုင်ကြပါသည်။

ဝေလငါးများ ဖမ်းဆီးပြီးသောအခါ အဏ္ဏဝါမုဆိုးများသည် ဝါးရပ် (WALRUS) များဘက်သို့ လှည့်ကြပြန်ပါသည်။ ဝါးရပ်များကို ၎င်းတို့၏ အစွယ်ရရှိရန် ဖမ်းဆီးသတ်ဖြတ်ကြပါသည်။ ထိုမျိုးစိတ်များကိုလည်း အားလုံးနီးပါး ထုတ်ပယ်ကြပါသည်။

ပထမကမ္ဘာစစ် ပြီးသောအခါ စဘာယ်ဘတ် သဘောတူစာချုပ်အရ ထိုကျွန်းစုများကို နော်ဝေအပိုင်အဖြစ် သတ်မှတ်ခဲ့ပါသည်။ ယခင်က ထိုဒေသကို ဆွီဒင်နှင့် ရုရှားတို့ကလည်း မျက်စိကျခဲ့ပါသည်။ ထိုသဘောတူစာချုပ်သည် ပြောင်းလဲမှုမှတ်တိုင် ဖြစ်ခဲ့ပါသည်။

၂၀ ရာစုမတိုင်မီက အားလုံး လွတ်လွတ်လပ်လပ် သွားလာနိုင်သော သားသတ်ကွင်းအဖြစ်မှ ကောင်းစွာကာကွယ်ထားသော ဘေးမဲ့ဒေသအဖြစ် နော်ဝေအရာရှိများက ပြောင်းလဲစေခဲ့ပါသည်။

ယနေ့ စဘာယ်ဘတ်ကျွန်းများ၏ ၆၅ ရာခိုင်နှုန်းနှင့် ပင်လယ်ပြင်ဧရိယာ၏ ၇၅ ရာခိုင်နှုန်းမှာ အမျိုးသားဥယျာဉ်အတွင်း ပါဝင်နေပါသည်။

တိရစ္ဆာန်များအား နေထိုင်စရာနှင့် လုံခြုံမှုပေးလိုက်သောအခါ သိသာထင်ရှားသော အကြောင်းအရာ ဖြစ်ပေါ်လာပါသည်။ ၎င်းတို့ ရှင်သန်ပေါက်ပွားလာကြပါသည်။

စဘာယ်ဘတ်မှ ဝါးရပ်များသည် ၁၉၅၀ ပြည့်လွန်နှစ်များတွင် ရာပေါင်း အနည်းငယ်သာရှိသော်လည်း ၂၀၀၆ ခုနှစ်တွင် အကောင်ရေ ၂၆၀၀ အထိ ပြန်လည်ပွားများလာပါသည်။ ၁၉၂၀ ပြည့်လွန်နှစ်များက တောင်ကြားဒေသတွင် ရိန်းဒီးယားအကောင်ရေ တစ်ထောင်ခန့်သာ အစာစားနေပါသည်။ ယနေ့ ပါရဂူများက ထိုနေရာတွင် အကောင်ရေ တစ်သောင်းအထိ ရှိမည်ဟု ယုံကြည်ကြပါသည်။

အတောမသတ် သတ်ဖြတ်မှုများ ပပျောက်သွားသော ယခုခေတ်တွင်ပင်လျှင် လူသားများသည် တိုက်ရိုက် မဟုတ်သောနည်းဖြင့် သားရိုင်းများကို ဖိအားပေးပြန်ပါသည်။

ပီစီဘီ (PCB)နှင့် ပါဖလူပါဝင်သော ဓာတ်ပေါင်း (PERFLUORINATED COMPOUND) ကဲ့သို့သော အဆိပ်များသည် စဘာယ်ဘတ်ဒေသ လေထုထဲနှင့် ပင်လယ်ရေစီးကြောင်းတွင် ပျံ့နှံ့နေပါသည်။

စင်ရော်များ၊ စကူ (SKUA) ငှက်များ၊ အာတိတ် ဝံပုလွေများနှင့် ရင်းဖျံများ၏အဆီတစ်သျှူး(အသားမျှင်)များတွင် ထိုအဆိပ်များ စုဝေးလာပြီး ထိုသတ္တဝါများ၏ ရောဂါခုခံအားစနစ်ကို ဆုတ်ယုတ်စေပါသည်။

ပိုလာဝက်ဝံများသည် ၎င်းတို့နှင့် မျိုးတူဖြစ်သော အလာစကာ (ALASKA) နှင့် ကနေဒါ (CANADA) မှ ဝက်ဝံများထက်ပို၍ အဆိပ်အတောက် သယ်ဆောင်ထားပါသည်။

ရာသီဥတု ပြောင်းလဲမှုကြောင့် နွေရာသီ၌ ရေခဲများကိုနောက်ဆုတ်စေပြီး ထိုဒေသရှိဝက်ဝံများကို အန္တရာယ်ကျရောက်စေပါသည်။

ထိုဒေသ၌ ပေါက်ဖွားသော တောရိုင်း တိရစ္ဆာန်များသည် ကမ္ဘာပေါ်တွင် အခက်ခဲဆုံးဒေသနှင့် လိုက်လျောညီထွေမှုရှိရန် ကြိုးပမ်းရပါသည်။

အပူချိန် မြင့်တက်လာသည်နှင့်အမျှ ငှက်များ၊ ငါးများနှင့် နို့တိုက်သတ္တဝါများသည် လိုက်လျောညီထွေ နေထိုင်ရန် ပို၍ တွန်းအားပေးခြင်း ခံနေရပါသည်။

ဖြစ်နိုင်ခြေ တစ်ခုမှာ စဘာယ်ဘတ်ဒေသမှ တောရိုင်း သတ္တဝါများသည် သတ်ဖြတ်သူအဖြစ်မှ ကာကွယ်သူအဖြစ် ပြောင်းလဲခဲ့သော လူသားများနှင့် သင့်မြတ်အောင် ပြုပြင်ပြောင်းလဲခဲ့ပါသည်။

ဘဲရင့်စ်ဘတ် (BARENTSBURG) ကျောက်မီးသွေးတွင်းများတွင် အမည်းရောင် ခြေထောက်ရှိသည့် ကစ်တီဝိတ်ငှက်များသည် ကျောက်စွန်းများ၌ အသိုက်ဆောက်လုပ်မှုကို စွန့်လွှတ်ပြီး ပြတင်းပေါက်ဘောင်များပေါ်တွင် အသိုက်ဆောက်လုပ်ပါသည်။ ညသန်းခေါင်ချိန်နှင့် မွန်းတည့်ချိန်များမှာ ငှက်များအတွက် ထူးခြားမှုမရှိပါ။ မိခင် ဖခင်ငှက်များသည် ပြတင်းပေါက်ဘောင်မှ အောက်တွင်ရှိသော ဆိပ်ကမ်းအနီး ငါးအုပ်ကို ဒိုင်ဗင်ထိုး၍ ဖမ်းဆီးပါသည်။

ကစ်တီဝိတ် ငှက်များသည် ပြတင်းပေါက်တစ်ခုမှ တစ်ခုသို့ ပျံ့နှံ့သွားပါသည်။ ဤသို့ဖြစ်ရခြင်းမှာ ခက်ခဲသော်လည်း စဘာယ်ဘတ်ဒေသတွင်မူ အဆန်းမဟုတ်တော့ပါ။ ဤနေရာတွင် အခွင့်အလမ်းနှင့် ပွားများမှုသည် မထင်မှတ်သော နေရာများတွင် ဖြစ်ပေါ်တတ်ပါသည်။

❒ ထော်မြင့်ငြိမ်ရွှေ

Ref : National Geographic.



www.burmeseclassic.com

www.burmeseclassic.com

# အာကာသခြိမ်းခြောက်မှု အန္တရာယ်

**လှမိုး (ပညာရေး)**



၂၀၁၃ ခုနှစ် ဖေဖော်ဝါရီလ ၁၇ ရက်နေ့တွင် ကျွန်တော်တို့ မြန်မာနိုင်ငံမှ ထုတ်ဝေသော ကြေးမုံသတင်းစာကြီးတွင် စိတ်ဝင်စားဖွယ် ခေါင်းစဉ်ဖြင့် ဖော်ပြထားသော အောက်ပါ သတင်းတစ်ပုဒ်ကို ကျွန်တော်များ ဖတ်ရှုခဲ့ရ၏။

"ဥက္ကာပျံ ကြွေကျမှုကြောင့် ရုရှားနိုင်ငံတွင် လူတစ်ထောင်ကျော် ဒဏ်ရာရ"

မော်စကို၊ ဖေဖော်ဝါရီလ ၁၆။

ရုရှားနိုင်ငံ၌ ဖေဖော်ဝါရီလ ၁၅ ရက်နေ့ နံနက်ပိုင်းတွင် ဥက္ကာပျံတစ်ခု ကြွေကျရာမှဖြစ်ပေါ်လာသော အလင်းတန်းကြီးတစ်ခုနှင့်အတူ ပေါက်ကွဲမှုကြီးတစ်ခု ဖြစ်ပွားခဲ့သည်။ အဆိုပါ ဥက္ကာပျံကြီး ကြွေကျပေါက်ကွဲမှုကြောင့် ရုရှားနိုင်ငံ မော်စကိုမြို့တော်၏ အရှေ့ဘက် မိုင် ၅၀ ကွာဝေးသော ချီလာရာဘင်စ်မြို့၌ အဆောက်အအုံများ ပျက်စီးခြင်း၊ ပြတင်းတံခါးမှန်များ လွင့်စဉ်ကြေကွဲခြင်းတို့ကြောင့် လူပေါင်း ၁၂၀၀ ခန့် အနာတရ ဖြစ်ခဲ့ရကြောင်း ရိုက်တာ သတင်းဌာနက ရေးသားဖော်ပြသည်။

ရုရှားအာကာသ အေဂျင်စီ Roscosmos ၏ အဆိုအရ အဆိုပါ ဥက္ကာပျံ အလင်းတန်း(မီးခိုးလုံး)သည် မိုးကုပ်စက်ဝိုင်းကို တစ်စက္ကန့်လျှင် ၁၉ မိုင်နှုန်းဖြင့် ဖြတ်သန်းသွားခြင်းဖြစ်ပြီး ဥက္ကာပျံ၏နောက်တွင် အဖြူရောင်မီးခိုးတန်းကြီးကို ၁၂၅ မိုင် အကွာအဝေးမှ မြင်နိုင်သည်ဟု ဆိုသည်။ ယင်းဖြစ်ရပ်ကြောင့် လူများ ထိတ်လန့်တကြား ဖြစ်ခဲ့ရပြီး ထောင်ပေါင်းများစွာသောပြတင်းတံခါးမှန်များကို ကွဲကြေခြင်းနှင့် မိုဘိုင်းဖုန်း အဆက်အသွယ်များလည်း ပြတ်တောက်သွားခဲ့ရသည်ဟု သတင်းတွင် ဖော်ပြသည်။

ရုရှား ပြည်ထဲရေးဝန်ကြီးဌာနက အဆိုပါ ဥက္ကာပျံ ပေါက်ကွဲကြွေကျမှုသည် ဖြစ်ခေါင့်ဖြစ်ခဲ ကိစ္စတစ်ရပ်ဖြစ်သကဲ့သို့ အသံထက်မြန်သော ဖုံးပေါက်ကွဲမှု တစ်မှုလည်းဖြစ်သည်ဟု ဆိုသည်။

ရုရှားသိပ္ပံ အကယ်ဒမီ၏ အဆိုအရ အဆိုပါ ဥက္ကာပျံသည် သံဖြင့်ဖွဲ့စည်းထားပြီး အလေးချိန် ၁၀ တန်ခန့်ရှိကြောင်း ကမ္ဘာ့လေထုအတွင်းသို့ ဝင်ရောက်လာပြီး ကမ္ဘာ့မြေပြင်အထက် ၁၉ မိုင်နှင့် ၃၀ မိုင်ကြားတွင် ပေါက်ကွဲခဲ့ကြောင်း ထုတ်ဖော်ပြောကြားသည်။

ရုရှားသမ္မတ ဗလာဒီမာပူတင်က ဒဏ်ရာရသူများအား ကူညီကယ်ဆယ်ရန် အရေးပေါ် အကူအညီ ကယ်ဆယ်

www.burmeseclassic.com

ရေးဝန်ကြီးသို့ ညွှန်ကြားပြီးနောက် အဆိုပါဒေသသို့ ကူညီကယ်ဆယ်ရေး လုပ်သား ၂၀၀၀ နှင့် သန့်ရှင်းရေး စေလွှတ်ထားသည်ဟု ဆိုသည်။

ဒဏ်ရာရသူ ၁၂၀၀ ခန့်ရှိပြီး ဒဏ်ရာရသူ ၂၀၀ ခန့်မှာ ကလေးများ ဖြစ်ကြောင်းနှင့် အသေအပျောက် မရှိကြောင်း အရေးပေါ် တူညီကယ်ဆယ်ရေး ဝန်ကြီးဌာနက ထုတ်ပြန်ကြေညာသည်။

**ရိုက်တာ**

အထက် ဖော်ပြပါ ထူးဆန်းသော ပေါက်ကွဲမှုသတင်းကို အမေရိကန်ပြည်ထောင်စုမှ ထုတ်လွှင့်သော စီအင်အင်ဒ် ရုပ်သံလွှင့် အစီအစဉ်ကလည်း ဓာတ်ပုံသာမက အထောက်အထား ဝေဝေဆာဆာနှင့် အသေးစိတ် ထုတ်လွှင့်သွားခဲ့ပြီး အင်္ဂလန်နိုင်ငံ ဘီဘီစီ ရုပ်သံလွှင့် အစီအစဉ်ကလည်း ဤပေါက်ကွဲမှုသတင်း အသေးစိတ်ကို ပါမက အာကာသသိပ္ပံပညာရှင်များနှင့် ဆွေးနွေးခန်းကိုပါ ထုတ်လွှင့်ပြသသွားခဲ့ရာ ဟိုးဟိုးကျော်သည့် ထူးခြားဖြစ်စဉ်သတင်းဖြစ်ခဲ့ရသည်။

နိုင်ငံတကာမှ ထုတ်ဝေသော သတင်းစာကြီးများကလည်း ယင်းသတင်းကို မျက်နှာဖုံးသတင်းအဖြစ် ဓာတ်ပုံများနှင့် ဝေဝေဆာဆာ ဖော်ပြခဲ့သည်သာမက ဤကဲ့သို့ ပေါက်ကွဲမှုဖြစ်ခဲ့ရမှုနှင့် ပတ်သက်သည့် နောက်ကွယ်မှ လူသိနည်းသော ဖြစ်ရပ်များကိုပါ ဖော်ပြခဲ့ရာ အထက်ဖော်ပြပါဖြစ်ရပ်ဆန်းမှာ အငြင်းပွားဖွယ် ပဟေဠိတစ်ပုဒ် ဖြစ်ခဲ့ရသည်။

ကျွန်တော်တို့ မြန်မာနိုင်ငံမှ ထုတ်ဝေသော ဂျာနယ်များနှင့် ရုပ်သံလွှင့်အစီအစဉ်များတွင်လည်း အသေးစိတ် ထုတ်လွှင့်ခြင်း၊ ရေးသားဖော်ပြခြင်းများပြုလုပ်ခဲ့ရာ အုတ်အော်သောင်းတင်း ဖြစ်ခဲ့ရသောသတင်း ဖြစ်ခဲ့၏။

ဤဖြစ်ရပ်ဆန်းကိုပင် ရုရှားနိုင်ငံ အစိုးရအဖွဲ့မှ ပြောရေးဆိုခွင့် ရှိသူ ဒုတိယဝန်ကြီးချုပ် ဒီမီသရီရိုဂိုဇင်ကလည်း "ကမ္ဘာမြေပြင်သို့ အာကာသ ခြိမ်းခြောက်မှုအန္တရာယ် ရှိလာပြီဖြစ်၍ ကာကွယ်ရေးစနစ်တစ်ရပ်ကို ထူထောင်ရန်လိုအပ်သည်"ဟု ၎င်း၏ဝက်ဘ်ဆိုက်တွင် ရေးသားဖော်ပြခဲ့သည်သာမက သတင်းမီဒီယာများကိုလည်း ထုတ်ဖော်ပြောဆိုခဲ့သည်ဟု အေပီသတင်းနှင့် ရိုက်တာသတင်းများက ဖော်ပြခဲ့သည်။


ရုရှားနိုင်ငံအတွင်းမှ အာကာသ သိပ္ပံပညာရှင်များနှင့် အာကာသအား စောင့်ကြည့်လေ့လာသူ အများကမူ အာကာသ ခြိမ်းခြောက်မှုအန္တရာယ်ကို ကာကွယ်နိုင်ရန်အတွက် သတိပေးစနစ်တစ်ရပ်ကို တည်ဆောက်သင့်သည်ဟု အစိုးရအား တိုက်တွန်းခဲ့သည်ဟူ၍ သတင်းများက ဖော်ပြခဲ့၏။

ထိုသတင်းများနှင့်အတူ ယနေ့ ရုရှားနိုင်ငံ၏ ရှေ့စစ်စကောစမော့စ် အာကာသ အေဂျင်စီအဖွဲ့ချုပ် အကြီးအကဲ ဖြစ်သူ ပီတာလီဒါဗီဒေါ့ဗ်ကလည်း ရုရှားအစိုးရအား အထက်ဖော်ပြပါ အာကာသ ခြိမ်းခြောက်မှုကို တုံ့ပြန်နိုင်မည့် ကာကွယ်ရေးစနစ်တစ်ခု အမြန်ဆုံး အကောင်အထည်ပေါ်နိုင်ရန် ရုရှားအစိုးရအားတိုက်တွန်းခဲ့သည်ဟုသိရ၏။

နောက်ဆက်တွဲ သတင်းများအရ ယခု ဥက္ကာပျံကြီးတစ်ခု ပေါက်ကွဲသည့် ဒေသသည် ယခင် ဆိုဗီယက်ပြည်ထောင်စုသမ္မတနိုင်ငံ လက်ထက်က အဏုမြူလက်နက်များ စမ်းသပ်ဖောက်ခွဲသည့် နေရာများဖြစ်သည်ဟုဆိုသဖြင့် ယခု ပြင်းထန်သော ပေါက်ကွဲမှုသည် ယခင် အဏုမြူလက်နက်များ စမ်းသပ်ဖောက်ခွဲခြင်းနှင့် သက်ဆိုင်သလောဟု သတင်းများလည်း ထွက်ပေါ်လာခဲ့သဖြင့် ဥက္ကာပျံပေါက်ကွဲမှုသည် အမှန်တကယ် ဥက္ကာပျံပေါက်ကွဲခြင်းလော သို့မဟုတ် နောက်ကွယ်မှ အခြားဖြစ်စဉ်ရှိသလော။

ပို၍ စိတ်ဝင်စားဖွယ်ကောင်းသည့် အင်တာနက် သတင်းတစ်ပုဒ်ကြောင့် အထက်တွင် ဖော်ပြခဲ့သော ဥက္ကာပျံ ပေါက်ကွဲမှုမှာ သံသယဖြစ်စရာ၊ စဉ်းစားစရာ ဖြစ်လာသည်။ ယင်းအင်တာနက်သတင်းတွင် ရုရှားနိုင်ငံ ဆိုက်ဘေးရီးယားဒေသရှိ ကျေးရွာ တစ်ရွာအနီးသို့ ထက်ကောင်းကင်မှ ပြုတ်ကျလာခဲ့သော ပန်းကန်ပြားပျံ အပိုင်းအစတစ်ခုကို အာကာသဆိုင်ရာ ကျွမ်းကျင်သူများက စစ်ဆေး၍ အဖြေရှာရန် ကြိုးစားလျက်ရှိသည်ဟူသော သတင်းဖြစ်သည်။

ထိုသတင်းအရ ယင်းထူးဆန်းသော အရာဝတ္ထုကြီးမှာ အမိုက်ပုံကြီးတစ်ခုနှင့် တူညီပြီး ဒုံးပျံတစ်စင်း သို့





www.burmeseclassic.com

www.burmeseclassic.com

မဟုတ် ဒုံးကျည်တစ်စင်းမှ အစိတ်အပိုင်းတစ်ခုမဟုတ်ကြောင်း အာကာသသိပ္ပံပညာရှင်များက ပြောကြားသည်ဟူ၍လည်း သိရ၏။ ထိုပန်းကန်ပြားပျံပျက်ကျသည်ဟု ယူဆရသော သတ္တုအပိုင်းအစကြီး တွေ့ရသော ဇကျေးရွာအမည်မှာ အောထရက်နန်းစကီး ဖြစ်ပြီး မော်စကိုမြို့တော်မှ မိုင်ပေါင်း ၂၀၀၀ ကျော် ကွာဝေးသည်ဟု သိရ၏။

ဤထူးခြားဖြစ်စဉ်ကို ဒေသခံရဲအဖွဲ့နှင့် တာဝန်ရှိသူများက မော်စကိုမြို့တော်ရှိ အာကာသ အေဂျင်စီအား သတင်းပေးပို့ခဲ့သည်။ ဤကိစ္စနှင့် ပတ်သက်၍ မော်စကိုမြို့ရှိ အာကာသ အေဂျင်စီ ဌာနချုပ်မှ တာဝန်ရှိသူများက အသေးစိတ် စနစ်တကျ စူးစမ်းလေ့လာလျက်ရှိသည်ဟု အင်တာနက်သတင်းက ဖော်ပြထားရာ ဤသတင်းသည်လည်း ကျွန်တော်တို့အတွက် စဉ်းစားစရာဖြစ်လာသည်။

ဤဆောင်းပါးအစတွင် ဖော်ပြခဲ့သော ဥက္ကာပျံပေါက်ကွဲမှုသတင်းနှင့် ပန်းကန်ပြားပျံ ပျက်ကျသည်ဟု ယူဆရသော သတင်းများအရ အချင်းဖြစ်ပွားသည့် ဒေသသည် ရုရှားနိုင်ငံ ဆိုက်ဘေးရီးယားဒေသတွင် ဖြစ်ရာ ကျွန်တော်တို့အတွက် အလေးအနက် စဉ်းစားစရာဖြစ်လာသည်။

ဒုတိယကမ္ဘာစစ်ကြီး ပြီးဆုံးခဲ့ပြီးနောက် အမေရိကန်ပြည်ထောင်စု၊ အင်္ဂလန်နိုင်ငံနှင့် တောင်အမေရိကတိုက်နိုင်ငံအများရှိ ထက်ကောင်းကင်တွင် U.F.O ခေါ် အများအခေါ် ပန်းကန်ပြားပျံ ဟူသော အမျိုးအမည် မသိရသော အာကာသယာဉ်ကြီးများ ပျံဝဲနေသည်ကို မြင်ရသည်ဟူသော သတင်းများ၊ ထိုအာကာသယာဉ်ကြီးများ ပျက်ကျသည့် သတင်းနှင့် ထိုအာကာသယာဉ်ကြီးများနှင့် လိုက်ပါလာသော အခြားကမ္ဘာတစ်ခုမှ ဂြိုဟ်သားများ၏ အလောင်းများကို တွေ့ရသည်ဟူသော သတင်းများ။

အခြားကမ္ဘာ တစ်ခုမှ အမျိုးအမည် မသိရသော အာကာသယာဉ်ကြီးနှင့် လိုက်ပါလာသော ဂြိုဟ်သားများသည် ဤကမ္ဘာမြေပြင်မှ လူသားများအား ဖမ်းဆီးခေါ်ဆောင်သွားကြပြီး ခန္ဓာဗေဒ စမ်းသပ်သုတေသနပြုသည်ဟူသော သတင်းများ ထွက်ပေါ်လာခဲ့သည်သာမက အထက်ဖော်ပြပါ ဂြိုဟ်သားများ ဖမ်းဆီးခေါ်ဆောင်ခြင်းခံရပါသည်ဆိုသော ပုဂ္ဂိုလ်အများမှာလည်း ဆရာဝန်များ၊ စာရေးဆရာများ၊ လူအများ လေးစားရသော ပုဂ္ဂိုလ်များဖြစ်နေသည်။

ထိုသတင်းများနှင့်အတူ အင်္ဂလန်နိုင်ငံနှင့် အမေရိကန်ပြည်ထောင်စုပြည်နယ်အချို့တွင် နွားများ၊ မြင်းများ၊ သိုးများ စသော တိရစ္ဆာန်များကို ယာတောများ၊ တိရစ္ဆာန်စားကျက်မြေများပေါ်တွင် အကြောင်းမဲ့ အစုလိုက် အပြုံလိုက် သတ်ဖြတ်၍ ထိုတိရစ္ဆာန်များ၏ ကိုယ်ခန္ဓာများကို စနစ်တကျ ခွဲစိတ်ဖြတ်တောက်ထားသည့်ဖြစ်ရပ်များလည်း နားမဆံ့အောင် ထွက်ပေါ်လာခဲ့သည်။

ထိုဖြစ်ရပ်များကို လေ့လာစောင့်ကြည့်သူများ၊ U.F.O ခေါ် ပန်းကန်ပြားပျံခေါ် အမျိုးအမည် မသိရသော အာကာသယာဉ်ကြီးများကို စနစ်တကျ သိပ္ပံနည်းကျ လေ့လာစောင့်ကြည့်ကြသူများကမူ ထိုထူးခြားဖြစ်စဉ်များသည် အမျိုးအမည် မသိရသော အာကာသယာဉ်ကြီးများနှင့် လိုက်ပါလာသော ဂြိုဟ်သားများလက်ချက်ပင် ဖြစ်နိုင်သည်။ ဤကမ္ဘာမှ သိပ္ပံပညာရှင်များနှင့် သုတေသီများ၊ အာကာသသိပ္ပံပညာရှင်များသည် အာကာသအတွင်းရှိ အခြားဂြိုဟ်များတွင် သက်ရှိသတ္တဝါများ နေထိုင်ခြင်းရှိ မရှိကို စနစ်တကျ စူးစမ်းလေ့လာခဲ့ကြသကဲ့သို့ အခြားကမ္ဘာမှ ဂြိုဟ်သားများကလည်း ကျွန်တော်တို့ကမ္ဘာမှ လူများ၊ တိရစ္ဆာန်များကို စူးစမ်းလေ့လာခြင်းများ ပြုလုပ်နိုင်သည်ဟု ယူဆထားကြ၏။

ကျွန်တော်တို့ကမ္ဘာမှ သိပ္ပံပညာရှင်များ၊ အာကာသသိပ္ပံပညာရှင်များ၊ သုတေသီအများကမူအာကာသအတွင်းရှိ အခြားဂြိုဟ်များတွင် နေထိုင်ကြသော ဂြိုဟ်သားများသည် ဉာဏ်ရည်ဉာဏ်သွေးနှင့် အတတ်ပညာရပ်များတွင် ကျွန်တော်တို့ကမ္ဘာမှ လူသားတို့ထက် သာလွန်သည်ဟုယုံကြည်ထားကြသည်။

သို့ဖြစ်၍ အမျိုးအမည် မသိရသော အာကာသယာဉ်ကြီးများသည် အာကာသအတွင်းရှိ ကျွန်တော်တို့မသိရသေးသော ဂြိုဟ်တစ်ခုမှ ဆင်းသက်လာခဲ့သည်ဟုဆိုကြ၏။ ထိုအမျိုးအမည် မသိရသော အာကာသယာဉ်ကြီးများနှင့်လိုက်ပါလာသော ဂြိုဟ်သားတို့သည် ကျွန်တော်တို့ ကမ္ဘာအား ခြိမ်းခြောက်မှု ပြုလုပ်ကြမည်လော။ ကျွန်တော်တို့ စဉ်းစားစရာ ဖြစ်ပါသည်။

ဒုတိယကမ္ဘာစစ်ကြီး မဖြစ်ပွားမီက ဗြိတိသျှအမျိုးသား ကမ္ဘာကျော် သိပ္ပံဝတ္ထုရေးဆရာကြီး အိတ်ချ်ဂျီဝဲလ်သည် "The wars of the worlds" စစ်ပြိုင်ကမ္ဘာများဟူသော ဝတ္ထုစာအုပ်ကို ရေးသားထုတ်ဝေခဲ့ရာ သောက်သောက်လဲ ရောင်းချခဲ့ရပြီး ယနေ့ထိ အကြိမ်ကြိမ် ပုံနှိပ်ထုတ်ဝေဆဲ ဖြစ်၏။

ရုပ်ရှင်အဖြစ် ရိုက်ကူးပြသခဲ့ရာတွင်လည်း ထူးထူးခြားခြား အောင်မြင်ပေါက်ရောက်သော ရုပ်ရှင်ကားကြီးတစ်ကား ဖြစ်ခဲ့သည်။

စာရေးဆရာကြီး အိတ်ချ်ဂျီဝဲလ်သည် ယင်းစာအုပ်ကိုစိတ်ကူးဉာဏ်ကွန့်မြူး၍ ရေးသားသည်ဟု ဆိုစေကာမူ သိပ္ပံအချက်အလက်များကို စနစ်တကျ အထောက်အထားပြု၍ ရေးသားခဲ့ခြင်း ဖြစ်သည်။

ယင်းဝတ္ထုတွင် အခြားကမ္ဘာမှ ဂြိုဟ်သားများသည် အမျိုးအမည် မသိရသော အာကာသယာဉ်ကြီးများနှင့် အင်္ဂလန်၊ လန်ဒန်မြို့တော်သို့ ဆင်းသက်လာခဲ့ပြီး တိုက်ခိုက်ကြသည့်ဇာတ်လမ်း ဖြစ်သည်။





www.burmeseclassic.com

www.burmeseclassic.com

စိတ်ကူးယဉ်ဇာတ်လမ်းဟု ဆိုရမည်ဖြစ်သော်လည်း ယနေ့ သုတေသီများ၊ အာကာသသိပ္ပံ ပညာရှင်များ၊ အာကာသကို စောင့်ကြည့်လေ့လာသူများ၏ သုတေသန ပြုချက်များအရ ထိုဖြစ်ရပ် ဖြစ်နိုင်သည်ဟု အများက ယူဆခဲ့ကြ၏။

U.F.O ခေါ် အမျိုးအမည် မသိရသော အာကာသယာဉ်ကြီးများ အကြောင်းနှင့် ၎င်းတို့နှင့် အတူလိုက်ပါလာသော ဂြိုဟ်သားများအား စနစ်တကျ စူးစမ်းလေ့လာသူများနှင့် စောင့်ကြည့်သူ သုတေသီများ၏ မှတ်တမ်းများအရ အထက်ဖော်ပြပါ အမျိုးအမည် မသိရသေးသော အာကာသယာဉ်ကြီးများအား အများဆုံး တွေ့ရသည့် နေရာများမှာ အင်္ဂလန်နိုင်ငံနှင့် အမေရိကန်ပြည်ထောင်စုတို့ရှိ စစ်လက်နက်ပစ္စည်းများ ထုတ်လုပ်သော စက်မှုဇုန်များ၊ စစ်လက်နက်ပစ္စည်းများ၊ စမ်းသပ်သည့်နေရာများ၊ အာကာသသို့ပစ်လွှတ်သည့် ဒုံးပျံစခန်းများ၊ ဂြိုဟ်တုများ လွှတ်တင်သည့်စခန်းများ၊ ခံတပ်များ၏ ထက်ကောင်းကင်များတွင် အများအားဖြင့် တွေ့ရလေ့ရှိသည်ဟု သိရ၏။

အထက်ဖော်ပြပါ အမျိုးအမည် မသိရသော အာကာသယာဉ်ကြီးများကို မျက်ဝါးထင်ထင် မြင်ရသည်ဟူသော ပုဂ္ဂိုလ်ကြီးများမှာ အမေရိကန်ပြည်ထောင်စုမှ သမ္မတကြီးများ၊ လွှတ်တော်အမတ်များ၊ အာကာသသူရဲကောင်းများ၊ သန်းကြွယ်သူဌေးများ၊ သိပ္ပံပညာရှင်များ၊ ရုပ်ရှင်အနုပညာရှင်များ၊ လေယာဉ်မှူးကြီးများ၊ နိုင်ငံရေးခေါင်းဆောင်များ ဖြစ်ကြသည်။ ထိုသူတို့သည် လူအများ လေးစားကြရသော၊ ယုံကြည်စိတ်ချရသော ပုဂ္ဂိုလ်များဖြစ်၍ မဟုတ်မမှန်လုပ်ကြံပြောကြမည့်သူများမဟုတ်။

သို့ဖြစ်၍ အခြားအာကာသအတွင်းရှိ အခြားဂြိုဟ်များမှ ဂြိုဟ်သားများသည် အမျိုးအမည် မသိရသော အာကာသယာဉ်ကြီးများနှင့် လိုက်ပါလာခဲ့ပြီး ကျွန်တော်တို့ ကမ္ဘာသူ၊ ကမ္ဘာသားများအား အန္တရာယ်ပေးရန်ပြုလုပ်ခဲ့ကြသလော။

တိုက်တိုက်ဆိုင်ဆိုင်ဟု ဆိုရပေတော့မည်။ ဤဆောင်းပါးအစတွင် ဖော်ပြခဲ့သော ရုရှားနိုင်ငံ ဆိုက်ဘေးရီးယားဒေသရှိ ယူရယ်တောင်တန်းဒေသတွင် ခရစ်နှစ် ၁၉၀၈ ခုနှစ် ဇွန်လ ၃၀ ရက်နေ့ နံနက် ၇ နာရီ ၁၅ မိနစ်အချိန်တွင် ထူးထူးခြားခြား အလွန်ပြင်းထန်သော ပေါက်ကွဲမှုကြီးတစ်ခု ဖြစ်ပွားခဲ့ရာ ယင်းပေါက်ကွဲမှုကြီးသည် ယနေ့ စမ်းသပ်ဖောက်ခွဲခဲ့ကြသော အဏုမြူဗုံးထက် ပြင်းထန်သည်ဟု မှတ်တမ်းများအရ သိရသည်။

ထိုပေါက်ကွဲမှုကြီး စတင်ဖြစ်ပွားသည်ဟု ယူဆရသောနေရာမှ မိုင် ၄၀ ကွာဝေးသော ကျေးရွာမှ ကျေးရွာ၏ အကြီးအကဲ ဆာဂျီဆာမိနော့ဗ်မှာ အိပ်နေသည့် နေရာမှ ခုနစ်ပေခန့်အထိ လွင့်စဉ်သွားခဲ့ပြီး မြေဧကပေါင်းများစွာပေါ်မှ သစ်ပင်ကြီးများအားလုံး လဲကျခဲ့ကြသည်။ [ဓာတ်ပုံကို မိတ္တူကူးယူဖော်ပြထားပါသည်။]

မိုင်ပေါင်းထောင်ချီ၍ ဝေးကွာသော ဂျာမနီနိုင်ငံ ဘာလင်မြို့တော်၊ ပြင်သစ်နိုင်ငံ ပါရီမြို့တော်၊ အင်္ဂလန်နိုင်ငံ လန်ဒန်မြို့တော်နှင့် အမေရိကန်ပြည်ထောင်စု ဝါရှင်တန်မြို့တော်မှပင် ဤပေါက်ကွဲမှုအသံကြီးကို ကြားကြရသည်ဟု ဆိုသည်။ သမိုင်းအဆက်ဆက် ထိုပေါက်ကွဲမှုကြီး အဘယ်ကြောင့်ဖြစ်ခဲ့သည်ဟူသော အဖြေကို သဘာဝကျကျ လူအများလက်ခံနိုင်ရန် မည်သူမျှ ရှင်းမပြနိုင်ခဲ့ကြ။ အာကာသတွင်းမှ ခြိမ်းခြောက်မှုတစ်ခုလော၊ ကျွန်တော်တို့ စဉ်းစားစရာဖြစ်ပါကြောင်း။

❐ လှမိုး(ဗဟုသုတ)

ကျမ်းကိုး။

- Mysterious world
- အင်တာနက်သတင်းများ

## စာမူများ ပေးပို့နိုင်ပါသည်

စာပေ ဝါသနာရှင်များ မိမိ၏စာမူကို မိတ္တူကော်ပီထား၍ လပြည့်ဝန်းမဂ္ဂဇင်း တိုက်သို့ ဆက်သွယ်ပေးပို့နိုင်ပါသည်။ မရွေးချယ်သော စာမူများကို ပြန်လည်ပေးပို့မည်မဟုတ်ပါ။

## အထူးသတိပြုချက်

တခြားမဂ္ဂဇင်းတိုက်များသို့ တစ်ပြိုင်တည်း ပေးပို့ခြင်းမျိုး၊ တစ်နှစ်အတွင်း တခြားမဂ္ဂဇင်းတိုက်များတွင် အသုံးပြုပြီးသော စာမူများကို ထပ်မံပေးပို့ခြင်းများ မပြုလုပ်ကြပါရန် မေတ္တာရပ်ခံပါသည်။

စာမူများ ပေးပို့ကြရာတွင်လည်း လက်ရေးလှရမည်ဟု မဆိုလိုပါ။ သို့သော် အယ်ဒီတာများ၊ စာစီသမားများ ဖတ်ရှုနိုင်မည့်အရေးအသားမျိုး ဖြစ်ရပါမည်။

လက်ရေးညံ့သော စာမူဖြစ်ပါက မည်မျှပင် မိုးပျံအောင်ကောင်းစေကာမူ မည်သည့်နည်းနှင့်မျှ ရွေးချယ်လိမ့်မည် မဟုတ်ကြောင်း ကြိုတင်အသိပေးအပ်ပါသည်။

အဖြူအမည်း
**တစ်မျက်နှာ**
ကျပ်တစ်သောင်းငါးထောင်တိတိ ဖြစ်ပါသည်။

အဖြူအမည်း
**မျက်နှာဝက်**
ကျပ်ခုနစ်ထောင့်ငါးရာတိတိ ဖြစ်ပါသည်။

## ဆက် သွယ် ရန်

အယ်ဒီတာအဖွဲ့
လပြည့်ဝန်းမဂ္ဂဇင်း
တိုက်အမှတ် (၇၂၄)၊
အခန်း (၁၈) ပထပ်၊ မဟာဗန္ဓုလလမ်း
(၁၇×၁၈)လမ်းကြား၊
လသာမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၂၅၀၆၆၈



www.burmeseclassic.com

www.burmeseclassic.com

# မီးဘေးကင်းဝေး ရွတ်ဆိုစေ

## နတ်မောက် လှမြင့်သစ်

ရန်သူမျိုးငါးပါးတွင် "မီး"သည် ထိပ်ဆုံးမှ ပါဝင်သည်ကို လူတိုင်းသိပါသည်။ မီးသည် သုံးတတ်လျှင် မိတ်ဆွေ၊ မသုံးတတ်လျှင် ပေါ့ဆလျှင် ကြီးစွာသော ရန်သူပင်ဖြစ်ပါသည်။ မီးနှိုပ်စက်လျှင် အစုတ်ပလုတ်ပင်မကျန် ပြာပုံအတိ ဖြစ်ရသည်သာ များပါသည်။

မီးသည် လူသားတို့အတွက် အလင်းရောင်၊ အအေးဒဏ် ကာကွယ်ပေးပြီး၊ ချက်ပြုတ်စရာများ ကျက်နပ်အောင် ချက်ပြုတ်စားရသည့် အကျိုးကျေးဇူး ပေးသလို လူသားတို့က သူ့ကို အမှတ်တမဲ့ သတိလက်လွတ် ပစ်ထားမိလျှင်လည်း လူသားတို့ကို ကြီးစွာသော စိတ်ဆင်းရဲ၊ ကိုယ်ဆင်းရဲ အတိဒုက္ခရောက်စေရပါသည်။ သို့အတွက် မီးကို မပေါ့ဆသင့်၊ သတိလက်လွတ် မဖြစ်သင့်ပါ။

ပြီးခဲ့သည့် ၂၀၁၁ ခုနှစ်၊ ဧပြီလ သင်္ကြန်အတွင်းတွင် နက်မောက်မြို့၊ စည်ပင်ဈေးကြီး အနောက်ဘက်တွင် မီးလောင်ခဲ့ပါသည်။ အချိန်မှာ နေ့လယ် ၁၁ နာရီခန့်အချိန်၊ အလွန်ပူပြင်းနေချိန် ဖြစ်ပါသည်။ မည်သူမျှ မီးနားသို့ လောင်ကျွမ်းရာအနီးသို့ မကပ်နိုင်ပါ။ အဝေးမှသာ ရေပိုက်၊ ရေပုံး၊ ရေအိုးများနှင့် မီးကိုပက်ကာ ငြိမ်းနေရပါသည်။ အများပြည်သူတို့၏ ညီညွတ်ဝိုင်းဝန်းမှုအရ နေအိမ်ငယ် ငါးလုံးသာလောင်ကျွမ်းပြီး မီးကိုအနိုင်ယူငြိမ်းသတ်လိုက်နိုင်ပါသည်။

အလွန်ပင် ကံကောင်းသည်၊ တံကြီးသည်ဟု ဆိုရပါမည်။ ဈေးကြီးနှင့်ဆိုလျှင် ပေတစ်ရာလမ်းသာခြားပြီး အရှေ့ဘက်၊ အနောက်ဘက် အလွန်နီးကပ်ပါသည်။ အကယ်၍များ မီးကို မနိုင်လိုက်ပါလျှင် မတွေးဝံ့စရာ ဖြစ်ပါသည်။

ထိုမီးလန့်သောအပိုင်းမှ စာရေးသူ၏မိတ်ဆွေတစ်ဦးနှင့် ဆယ်ရက်ခန့်အကြာ လက်ဖက်ရည်ဆိုင်တွင်တွေ့ရာ သူက ပြောပြပါသည်။ သူ့အမည်ကိုတော့ မဖော်ပြလိုတော့ပါ။ သူသည် ဂါထာမန္တန်ရွတ်ဆိုခြင်းကို ဝါသနာ မပါပေ။ ဝါသနာမပါသည့်အပြင် ဂါထာမန္တန် ရွတ်ဆိုသူများကိုပင် ပြက်ရယ်ပြုလှောင်ပြောင်သရော်ချင်သူဖြစ်ပါသည်။ ထို့အပြင် "မင်းတို့ အရွတ်က အသားလောက်မကောင်းနိုင်ပါဘူးကွာ၊ အရွတ်နဲ့ချည်း တစ်ဘဝလုံးသွားမယ့်ကောင်တွေ"ဟု အားမနာ လျှာမကျိုး ကျွန်ုပ်ကို ဆိုခဲ့ဖူးသူဖြစ်ပါသည်။

သူ့စကားကို ကျွန်ုပ် မငြင်းပါ။ မှန်သော စကားမို့ပင်။ အရွတ်သည် အသားလောက် မကောင်းသည်မှာ အမှန်ပင်ဖြစ်ပါသည်။ သို့သော် အသား မတတ်နိုင်သူ၊ အသားအဆင့်သို့မတက်လှမ်းနိုင်မီတွင် အရွတ်ကိုသာလျှင် နူးနပ်အောင် ရွတ်နေရဦးမည် ဖြစ်ပါသည်။ ယခုတော့ ဂါထာမန္တန် ရွတ်ဖတ်ခြင်းသည် "အရေးကြုံလျှင် သက်လုံကောင်းစေသည်" ကို သူ သိရှိသွားခဲ့လေပြီ။

"မီးလောင်တဲ့နေ့တုန်းကွာ၊ အိမ်မှာ ငါတစ်ယောက်တည်းတွေ၊ မီးလောင်တဲ့ နေရာနဲ့ ငါ့အိမ်နဲ့တလဲ သိပ်မဝေးဘူး၊ ဘာလုပ်လို့ ဘာကိုင်ရမှန်းမသိ ပြူးကြောင်နေတာပဲ၊ အဲဒီမှာတင် စာအုပ်စင်မှာ အသင့်တွေ့ရတဲ့ အစွမ်းထက် ဂါထာမန္တန်တစ်ထောင်ကျမ်းစာအုပ် ဆွဲယူပြီး စာအုပ်ဖွင့်တော့ မီးဘေးကင်းဝေးစေတဲ့ ငုံးမင်းပရိတ် 'ဝဋ္ဋသုတ်' ဆိုတာတွေ့တယ်၊ ပဋ္ဌမပိုဒ်ကို မီးညွှန့်ရှိရာဆီ လက်ညှိုးညွှန်ပြီး ကိုးခေါက်ရွတ်ရမယ်ဆိုလို့ ဘယ်နှခေါက်မှန်း မသိတော့ဘူး ရွတ်လိုက်တာ၊ ဆယ့်ငါးမိနစ်အတွင်းမှာ မီးငြိမ်းသွားပြီး မီးကိုနိုင်လိုက်ကြပြီလို့ဖြစ်သွားတာပဲကွာ၊ မင်းတို့ ဂါထာမန္တန်ရွတ်တာကို အပြစ်ပြောမိခဲ့တာတွေ ခွင့်လွှတ်ပါကွာ" ဟု တောင်းပန်စကားဆိုပြောသွားသဖြင့် ထိုပဋ္ဌမပိုဒ်ကို ရေးသားတင်ပြလိုက်ပါသည်။

**"မီးဘေးကင်းလွတ်သည့်ဂါထာ"**

သန္တိ ပက္ခာ အပတနာ၊
သန္တိ ပါဒါ အဝဉ္စနာ။
မာတာ ပိတာ စ နိက္ခန္တာ၊
ဇာတဝေဒ ပဋိက္ကမ။

**အနက်မြန်မာပြန်။** ။ တောလုံး တောင်လုံး၊ လောင်ဟုန်းဟုန်းနှင့်၊ ဖြုန်းဖြုန်းဖျက်ဆီး၊ အိုတောမီး၊ ငါ၏အတောင်တို့သည်၊ အများမမွတာရှိခဲ့ပါကုန်၏။ နုနယ်လှလေး၊ ငယ်လှသေး၍၊ မွေးတောင်မစုံ၊ ဘေးလွတ်ရုံမျှ၊ လေဟုန်ဖျပ်ဖျပ်၊ မခတ်တည့်နိုင်၊ မပျံနိုင်ခဲ့။ ငါ၏ခြေတို့သည်၊ အများမမွတာ ရှိခဲ့ပါကုန်၏။ နုနယ်လှသေး၊ ဘေးရန်ဝေးအောင်၊ ပြေးကာလွှားကာ၊ မသွားသာခဲ့၊ မိခင်ဖခင် ကျေးဇူးရှင်တို့သည်လည်း၊ ကိုယ်မချိက၊ အမိမှသော်၊ သားမတော်ပါ၊ နှောင်မော်ကွန်းဖြစ်၊ ငါ့ကိုပစ်၍၊ ချစ်ခင်ကြလျက်၊ မငဲ့ကွက်နိုင်ဘဲ၊ ရတက်မအေး၊ အသက်ဘေးကြောင့်၊ ထွက်ပြေး တိမ်းရှောင်ကြလေကုန်ပြီ။ သင်တောမီးသည်၊ ငါ့နေရပ်ကို၊ ရှေ့ခတ်ဖျန်းယောင်၊ မကျွမ်းလောင်ဘဲ၊ လမ်းရှောင်တိမ်းကာ၊ ဖယ်လွှဲပါလော့။ (မြင်းခြံမြို့၊ ကိုးဆောင်ဝေဇယန္တာ၊ အုတ်ကျောင်းဆရာတော် ဝေပုလ္လာဘိဓဇ)

အထက်ပါ ဂါထာကို ဘုရားလောင်း ငုံးမင်း၏ သစ္စာပြုဂါထာ (ဝါ) မီးဘေးကင်းဂါထာဟု လူသိများပြီး ရွတ်ဖတ်သူလည်း များပါသည်။ အမှန်တကယ်လည်း မီးဘေးကင်းဝေးရေးအတွက် အမြဲမပြတ် ရွတ်ဖတ်သင့်ပြီး မီးဘေးအန္တရာယ် ကင်းလွတ်စေသဖြင့် သတိတရ သတိပေး တင်ပြရေးသားလိုက်ရခြင်း ဖြစ်ပါတော့သည်။

❐ နတ်မောက်လှမြင့်သစ်





www.burmeseclassic.com

www.burmeseclassic.com

# သုတစုံဖြာ ကမ္ဘာ့

မိုးရွှေလမင်း

## ကြော်ငြာမော်ဒယ်လ်




ပစ္စုပ္ပန်ကာလတွင် တောင်ကိုရီးယားရုပ်ရှင် အမျိုးသမီး သရုပ်ဆောင် ဂေါင်ဟိုဂျင်းသည် မကြာသေးမီက S.B.S ရုပ်သံလိုင်းအတွက် ဒရာမာစီးရီးရိုက်ကူးပြီးစီးခဲ့သည်။ ယင်းဇာတ်လမ်းတွဲ ရိုက်နေစဉ် အတောအတွင်း ပြင်သစ်အလှကုန်ပစ္စည်းများ ထုတ်လုပ်ရောင်းချသည့် ဘိုင်အိုသမ်းကုမ္ပဏီ၊ အမေရိကန်ဝတ်စုံများ ချုပ်လုပ်သည့် နော့သ်ဖေ့စ်ကုမ္ပဏီတို့၏ ကြော်ငြာမော်ဒယ်လ်အဖြစ် သရုပ်ဆောင်ရန် စာချုပ်ချုပ်ဆိုခဲ့သည်။ သူမကို ဖက်ရှင်ဒီဇိုင်းသစ်ဝတ်စုံများ၊ အစားအစာနှင့် အချိုယမကာစသော အခြားကုမ္ပဏီများကလည်း ကြော်ငြာမော်ဒယ်လ်အဖြစ် သရုပ်ဆောင်ပေးရန် ကမ်းလှမ်းကြသော်လည်း သူမက စဉ်းစားရန် အချိန်ယူထားသည်။ စင်စစ်အားဖြင့် ရုပ်ရှင်သရုပ်ဆောင် အမျိုးသမီး ဂေါင်ဟိုဂျင်းသည် ရိုးသားပွင့်လင်း၍ စိတ်နေသဘောထား ဖြူစင်သော အသွင်သဏ္ဌာန်ကြောင့် ဖြစ်သည်။



## နန်းတော်ရှေ့ကဆိုတော်

ကန်းထရီးအဆိုကျော်ထဲတွင် လျှမ်းလျှမ်းတောက် အောင်မြင်ကျော်ကြားလာသူ အမျိုးသမီးမှာ တေလာဆွစ် (၂၃)နှစ်ဖြစ်သည်။ မကြာသေးမီက ကင်ဆင်တန်နန်းတော်တွင် ကျင်းပခဲ့သော စန်တာပွိုင့် ပရဟိတပွဲတော်အတွက် သီဆိုဖျော်ဖြေရန် ဗြိတိသျှတော်ဝင်မင်းသားဝီလျံက အထူးတလည် ဖိတ်ကြားခဲ့သည်။ ရော့ခ်ဘုရင်ကြီးလို့ တင်စားခေါ်ဆိုနေကြသူ ဘွန်ဂျိုဗီ (၅၀)နှစ်ကိုလည်း ဖိတ်ကြားခဲ့သည်။ ထိုပွဲတော်တွင် ကန်းထရီးအဆိုကျော် တေလာဆွစ်နှင့် ရော့ခ်ဘုရင် ဘွန်ဂျိုဗီတို့ဟာ တော်ဝင်မင်းသား ဝီလျံနှင့်အတူ LIVIN ON A PRAYER သီချင်းကို ဧည့်သည်တော် ခြောက်ရာကျော်၏ မျက်မှောက်တွင် လိုက်လိုက်လှဲလှဲ သီဆိုဖျော်ဖြေခဲ့ကြသည်။ တေလာဆွစ်က "ကျွန်မ အခုလို နန်းတော်အတွင်းမှာ တော်ဝင်မင်းသားနဲ့ အတူတွဲပြီး သီဆိုဖျော်ဖြေရလိမ့်မယ်လို့ တစ်ခါမှ အိပ်မက်တောင် မမက်ခဲ့မိပါဘူးရှင်"ဟူ၍ ရင်ခုန်လိုက်မောစွာ ပြောကြားခဲ့လေသည်။

www.burmeseclassic.com

www.burmeseclassic.com



## အမေ့ကျေးဇူးတဲ့

အော်စကာဆုရှင် ရုပ်ရှင်မင်းသမီးချော အင်ဂျလီနာဂျိုလီသည် နိုင်ငံတကာ ရုပ်ရှင်လောကတွင် ကမ္ဘာ့ပရဟိတ လုပ်ငန်းများကွင်လည်း ကိုယ်ရောစိတ်ပါ လှိုက်လှဲစွာ ဆောင်ရွက်ခဲ့တဲ့အတွက် လူသားချင်း စာနာထောက်ထားမှု ဆုကြီးကို မကြာသေးမီက ဆွတ်ခူးရရှိခဲ့သည်။ ဆုရရှိချိန်မှာ စင်မြင့်ထက်မှ ကျေးဇူးတင်စကားပြောချိန်တွင် . . .

"ကျွန်မ ဒီနေ့ ဒီအချိန် ဒီနေရာမှာ အခုလိုရပ်နေနိုင်တာ မိခင်ရဲ့တိုက်တွန်းမှုကြောင့် ဖြစ်ပါတယ်၊ မိခင် တိုက်တွန်းတဲ့အတိုင်း ကျွန်မ ပီပီပြင်ပြင် စိတ်ပါလက်ပါ ဆောင်ရွက်ခဲ့လို့ ဒီဆုကို ချီးမြှင့်ခံခဲ့ရတာပါ"ဟူ၍ ပီတိ မျက်ရည်များဖြင့် လှိုက်လှဲစွာ ပြောကြားခဲ့သည်။ သူမသည် လွန်ခဲ့သောဆယ်နှစ်ကတည်းက ကုလသမဂ္ဂ ချစ်ကြည် ရေး သံတမန်အဖြစ်နှင့် ဒုက္ခသည်ကယ်ဆယ်ရေးများကို ကမ္ဘောဒီးယား၊ ဆီးရီးယား၊ လီယွန်၊ ဒါဖာ၊ အီရတ်၊ အာဖဂန် နစ္စတန်၊ လစ်ဗျား စသော နိုင်ငံပေါင်း ၄၀ ကျော်တို့တွင် စိတ်ရင်းစေတနာကောင်းဖြင့် ထူးခြားပြောင်မြောက်စွာ ဆောင်ရွက်ခဲ့သောကြောင့် ဆုရရှိခဲ့ခြင်း ဖြစ်သည်။




## သူမ ထင်မြင်ချက်

လွန်ခဲ့သော ၂၀၁၂ ခုနှစ်အတွင်းက မော်စကိုမြို့ရှိ ဘုရားကျောင်း တစ်ကျောင်းတွင် ရုရှားသမ္မတ [illegible] ဆန့်ကျင်သည့်သီချင်း သီဆိုမှုဖြင့် Pussy Riot ပန့်ခ်အဖွဲ့ဝင် မာရီယာ အာလီယိုခီနာနှင့် နာဒက်ဇ်ဒါတိုလို [illegible] ထောင်ဒဏ် နှစ်နှစ်စီကျခံခဲ့ကြရသည်။ ၂၀၁၃ ခုနှစ် ဒီဇင်ဘာလ ၂၃ ရက်နေ့တွင် ထိုအဆိုတော်နှစ်ဦးအား [illegible] ကျော်ထောက်နောက်ခံပြု လွတ်ငြိမ်းချမ်းသာခွင့်အရ ထောင်မှလွတ်မြောက်ခဲ့ကြသည်။ ထိုဖြစ်ရပ်နှင့်[illegible] "အဲဒါ လွတ်ငြိမ်းချမ်းသာခွင့် မဟုတ်ဘူး၊ သိက္ခာချတာလို့ ကျွန်မ ယူဆတယ်၊ လူသားချင်း စာနာ[illegible] ဆိုတာထက် ပြည်သူအများ အာရုံစိုက်ဖို့အတွက် ဖန်တီးလုပ်ဆောင်မှုတစ်ခုသာ ဖြစ်တယ်လို့ ကျွန်မ [illegible] ပေါက်ပါတယ်"ဟူ၍ မာရီယာ (လက်ဝဲဘက်တွင်ထိုင်နေသူ)က တစ်နှစ်နှင့် ဆယ်လအကြာ ထောင်မှ[illegible] DOZHD ရုပ်သံဌာနသို့ ပြောကြားခဲ့သည်။


www.burmeseclassic.com

www.burmeseclassic.com



## နယ်ဝပ်မျဉ်းများ

ပုံထဲတွင် တွေ့မြင်ရသော သံဆူးကြိုးစည်းရိုး ကာရံထားခြင်းမှာ မြန်မာ-ဘင်္ဂလားနယ်စပ်တစ်လျှောက်တွင် ဖြစ်သည်။ လုံး၀ဥဿုံ ကာရံပြီးစီးရန် မိုင် ငါးဆယ်ကျော်မျှသာ ကျန်တော့သည်။ သို့ရာတွင် နှစ်နိုင်ငံသည် ရေမိုင်နယ်နိမိတ် မိုင် ၄၀ ခန့်ရှိသည်။ ကုန်းတွင်းပိုင်း နယ်နိမိတ်အားဖြင့် မိုင်ပေါင်း ၁၃၀ ကျော် ရှိနေသောကြောင့် တရားမဝင် ဖြတ်ကျော်ဝင်ရောက်သွားလာသူများသည် နယ်စပ်ကုန်းမြေမှတစ်ဆင့် သွားနိုင်သည့်နည်းတူ၊ ပင်လယ်ရေကြောင်း မှလည်း ဝင်ရောက်သွားလာနိုင်သည်။ "အရင်က နစက တာဝန်ယူချိန်မှာ နယ်စပ်တစ်လျှောက် တစ်ဖက်နိုင်ငံကို ကူးသန်းသွားလာခွင့် စစ်ဆေးခွင့်ပြုခဲ့တယ်၊ အခုနောက်ပိုင်းကျတော့ အဲဒီခွင့်ပြုချက်တွေကို ပိတ်လိုက်ပါပြီ" ဟူ၍ မောင်တောမြို့ခံ ကုန်သည်တစ်ဦးက ပြောကြားခဲ့သည်။



## အဝေးရိုက်ချက်

၂၀၁၃ ခုနှစ် ဒီဇင်ဘာလ ရက်သတ္တပတ်အတွင်းက ရုရှားနိုင်ငံအရှေ့ပိုင်း ကမ်ချက်ကာကျွန်းဆွယ်ရှိ သက်ရှိမီးတောင်များထဲတွင် အပါအဝင်ဖြစ်သော ကလျူချက်စကွိုင်းမီးတောင်သည် အပြင်းအထန် ပေါက်ကွဲခဲ့သည်။ ယင်းသို့ ပေါက်ကွဲရာမှ ပန်းထွက်လာသော သွေးရည်ချော်မြုပ်များသည် အမြင့်ပေ ၃၂၈၀ ကျော်အထိ ရောက်ရှိခဲ့ကြောင်း ခန့်မှန်းခဲ့သည်။ ဖော်ပြပါ မီးတောင်၏အမြင့်မှာ ၁၅၅၈၄ ပေ မြင့်သည်။ ထိုသို့ မီးတောင်ပေါက်ကွဲနေစဉ် ထူးခြားအံ့ဩဖွယ်ရာ ဓာတ်ပုံကို မီးတောင်နှင့် ၉ ဒသမ ၅ မိုင်အကွာအဝေးမှ ရိုက်ယူခဲ့ကြောင်း သိရသည်။ ထိုဓာတ်ပုံပညာရှင်၏ အမည်မှာ မာစ်ဇက်လက် ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



## နယူးဇီလန်သားများ

နယူးဇီလန်နိုင်ငံသည် ISAF လုပ်ငန်းတာဝန်များကို တစ်စိတ်တစ်ပိုင်း တာဝန်ယူခဲ့သော နိုင်ငံတစ်နိုင်ငံ ဖြစ်သည်။ ထိုအိုင်အက်စ်အေအက်ဖ် တာဝန်များထဲတွင် အာဖဂန်နစ္စတန်၌ ၎င်း၏တပ်ဖွဲ့ဝင်များ ချထားမှုကို ပြန်လည်သုံးသပ်ခဲ့သည်။ ယခင်သတ်မှတ်ချက်မှာ ဧပြီလကုန်အထိ ဖြစ်သော်လည်း ယခုအခါတွင် ၂၀၁၄ ခုနှစ် ဒီဇင်ဘာလအထိ ဆက်လက်ထားရှိမည် ဖြစ်သည်။ နိုင်ငံတကာ လုံခြုံရေးရာ အကူအညီပေးရေးအဖွဲ့ ISAF အား ကူညီမည့်လုပ်ငန်းအဖြစ် အာဖဂန်နစ္စတန်တွင် ငွေကြေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ဆက်လက်တာဝန်ယူ ဆောင်ရွက်သွားရန် နယူးဇီလန်နိုင်ငံက ဆုံးဖြတ်ချက်ချခဲ့သည်။




## လျှပ်တစ်ပြက်ရိုက်ချက်

ပုံထဲတွင် တွေ့မြင်ရသည်မှာ ဒီဇင်ဘာလ ၂၃ ရက်နေ့တွင် အစိုးရဆန့်ကျင်သူများသည် ဗန်ကောက်မြို့တော်၏ အားကစားရုံ အပြင်ဘက်၌ ထိုင်းအလံများကို ဝှေ့ယမ်းကာ ဆန္ဒပြနေကြခြင်း ဖြစ်သည်။ ယင်းအားကစားရုံတွင် ရွေးကောက်ပွဲ ကိုယ်စားလှယ်လောင်းများက မှတ်ပုံတင်ကြမည် ဖြစ်သည်။ ထိုင်းဝန်ကြီးချုပ် ယင်လတ် အပါအဝင် သူမ၏ ဖြူထိုင်းပါတီမှ ကိုယ်စားလှယ်လောင်းများသည် ဖေဖော်ဝါရီလ ၂ ရက်နေ့တွင် ကျင်းပရန် ကြေညာထားသော ရွေးကောက်ပွဲကို ပါဝင်ယှဉ်ပြိုင်ရန် ဒီဇင်ဘာ ၂၃ ရက်၌ မှတ်ပုံတင်ခဲ့ကြသည်ဟု သိရသည်။ ကိုယ်စားလှယ်လောင်းများ မှတ်ပုံတင်ရန် ယာယီဖွင့်လှစ်ထားသော အားကစားရုံကို ထိုင်းအစိုးရ ဆန့်ကျင်ရေး ဆန္ဒပြသူများက ဒီဇင်ဘာ ၂၃ ရက်နေ့တွင် ဆက်လက် ဝိုင်းရံပိတ်ဆို့နေကြခြင်းကို အေအက်ဖ်ပီ ဓာတ်ပုံသတင်းထောက်က လျှပ်တစ်ပြက် ရိုက်ချက်ဖြင့် ရိုက်ကူးဖော်ပြခဲ့သည်။


www.burmeseclassic.com

www.burmeseclassic.com



## တန်ဖိုးကြီးစာအုပ်

လွန်ခဲ့သော ရက်သတ္တပတ် အနည်းငယ်က အကျော်ကြားဆုံး လေလံလုပ်ငန်းကြီးတစ်ခုဖြစ်သော SOTHEBY သည် နယူးယောက်မြို့တွင် အမေရိကန်နိုင်ငံ၌ ပထမဆုံးထုတ်ဝေခဲ့သည့် BAY PSALM BOOK ကို လေလံမတိုင်မီ ဤသို့ပြသခဲ့သည်။ ထိုစာအုပ်ကို လေလံတင်ရောင်းချခဲ့ရာတွင် ယူအက်စ်ဒေါ်လာ ၁၄ ဒသမ ၂ သန်းရရှိခဲ့ကြောင်း လေလံလုပ်ငန်းမှ ထုတ်ဖော်ပြောဆိုခဲ့သည်။ ယင်းစာအုပ် သည် ၁၆၄၀ ပြည့်နှစ် မက်ဆာချူးဆက်ပြည်နယ် ကိန်းဘရစ်မြို့၌ ပျူရီတန်အခြေချနေထိုင်သူ ခေါင်းဆောင်များက ထုတ်ဝေခဲ့သော ခရစ်ယာန်ဓမ္မဟောင်း သမ္မာကျမ်းမှ ဆာလံကျမ်းလာ ဓမ္မသီချင်းစာအုပ်သည် မူရင်းဟေဗြဲဘာသာမှ အင်္ဂလိပ်ဘာသာသို့ အမှန်ကန်ဆုံး ဘာသာပြန်ဆိုမှုဟူ၍ ယူဆကြသည်။ ယခု လေလံတင်ရောင်းချသည့် စာအုပ်မှာ မက်ဆာချူးဆက်ပြည်နယ် ဘော်စတွန်မြို့ OLD SOUTH ဘုရားကျောင်းရှိ ယင်းစာအုပ် နှစ်အုပ်မှ တစ်အုပ်ဖြစ်သည်။ ဘုရားကျောင်းအကျိုးအတွက် စာအုပ်ကို လေလံတင် ရောင်းချခဲ့ခြင်း ဖြစ်သည်။




## ရှာဖွေခြင်း


လွန်ခဲ့သော ဒီဇင်ဘာ ၂၂ ရက်က အစ္စရေးနိုင်ငံ တယ်လ်အဗီမြို့တော်အနီး ဘတ်စ်ကားတစ်စီးပေါ်တွင် ပေါက်ကွဲမှုတစ်ခု ဖြစ်ပွားခဲ့သည်။ ယင်းသို့ ပေါက်ကွဲချိန်တွင် ဘတ်စ်ကားပေါ်တွင် ခရီးသည်များ မရှိသဖြင့် ထိခိုက်ဒဏ်ရာရရှိခြင်း မရှိပါချေ။ သို့ရာတွင် အကြမ်းဖက်တိုက်ခိုက်မှုဖြစ်ကြောင်း ရဲတပ်ဖွဲ့မှ ပြောရေးဆိုခွင့်ရှိပုဂ္ဂိုလ် မစ်ကီရိုဇန်ဖဲလ်က ပြောကြားလိုက်သည်။ စုံစမ်းစစ်ဆေးမှုများကို ပြုလုပ်နေဆဲဖြစ်သောကြောင့် ယင်းဒေသဝန်းကျင်ရှိ မသင်္ကာဖွယ်ရာများကို အမျိုးအစား ခွဲခြားစစ်ဆေးနိုင်ရန် တပ်ဖွဲ့များချထားကြောင်း ဆက်လက်ပြောကြားခဲ့သည်။ ဘတ်စ်ကားပေါ်တွင် ပိုင်ရှင်မဲ့အိတ်တစ်လုံးကို တွေ့ရှိခဲ့ရသောကြောင့် မည်သူတို့၏ လက်ချက်ဖြစ်ကြောင်း စုံစမ်းနေသော အခိုက်အတန့်တွင် ထိုတိုက်ခိုက်မှုကို ဟားမားစ်အဖွဲ့က ကောင်းချီးသြဘာပေးခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com

၆




## စွမ်းအင်ဖော်ထုတ်ခြင်း

လွန်ခဲ့သော ရက်သတ္တပတ်အတွင်းက ပါကစ္စတန် နိုင်ငံ ကရာချိမြို့တော်၏ အနောက်ဘက် ၂၉ မိုင် (ကီလို မီတာ ၄၀)အကွာ ပါရာဒိုက်စ်ကမ်းခြေ၊ အာရေဘီယံ ပင်လယ်ကမ်းရိုးတန်းတွင် နိုင်ငံ၏ အကြီးမားဆုံး နျူကလီးယားစက်ရုံတစ်ရုံ တည်ဆောက်ခဲ့သည်။ ယင်းစက်ရုံသည် နျူကလီးယားစွမ်းအင် အရင်းအမြစ်များကို ဖော်ထုတ်ရန် နောက်ထပ်စီမံကိန်းများ ဆက်လက်ဆောင်ရွက်သွားမည်ဟု၍ ဝန်ကြီးချုပ် နာဝတ်ရှရစ်ဖ်က ပြောကြားခဲ့ကြောင်း အင်တာနက်သတင်းအရ ဖော်ပြခဲ့သည်။ ထိုနျူကလီးယားစက်ရုံ စီမံကိန်းသစ်အတွက် ယူအက်စ်ဒေါ်လာ ၁၀ ဘီလီလျံမျှ ကုန်ကျနိုင်ကြောင်း ကမ္ဘာ့နျူကလီးယားအဖွဲ့ WNA က ခန့်မှန်းထားသည်။ ပါကစ္စတန် အဏုမြူစွမ်းအင် အဖွဲ့ဝင်များသည် တရုတ်အဏုမြူစွမ်းအင်အဖွဲ့၏ အကူအညီဖြင့် အဆိုပါစက်ရုံ တည်ဆောက်ရေး စီမံကိန်းကို ဆောင်ရွက်မည်ဖြစ်သည်။





## နည်းပြမှတ်ချက်ဆိုတာ

ပုံထဲတွင် ဖော်ပြထားသော ဘောလုံးသမားသည် စတီဗင်ဂျရတ်ဖြစ်ကြောင်း ဘောလုံးဝါသနာရှင်တိုင်း သိနိုင်သည်။ ဂျရတ်သည် ၁၉၉၈ ခုနှစ်တွင် လီဗာပူးလ် ဘောလုံးအသင်းအတွက် ပွဲဦးထွက်ကစားခဲ့သူ ဖြစ်သည်။ သူသည် လီဗာပူးလ်အသင်းတွင် ချန်ပီယံလိဂ်ဖလား တစ်လုံး၊ ယူအီးအက်ဖ်အေဖလား တစ်လုံး၊ အက်ဖ်အေ ဖလားတစ်လုံးတို့ကို ရရှိရန် စွမ်းဆောင်ပေးနိုင်သော ဘောလုံးသမားတစ်ဦး ဖြစ်သည်။ ယခုအခါ၌ သူသည် အသက် (၃၃)နှစ်ပြည့်မြောက်ကျော်လွန်လာသူ ကွင်းလယ်ကစားသမားဖြစ်ပြီး အနာဂတ်တွင် ခံစစ်မှူးအဖြစ် ခြေစွမ်းပြကစားနိုင်သူ၊ အသင်း၏ ကစားကွက်ကို နောက်မှနေ၍ ပုံဖော်နိုင်လိမ့်မည်ဟု၍ အသင်းနည်းပြ ဘရန်ဒန်ရော်ဂျာက အခိုင်အမာ ပြောကြားလိုက်လေသည်။

❒ ဖိုးရွှေလမင်း

www.burmeseclassic.com


www.burmeseclassic.com



## မလေးရှားက လျောင်းတော်မူရုပ်တု

မလေးရှားနိုင်ငံ ဂျော့တောင်းမြို့ ဝပ်ချိုင်ယာမာနာဂါထာဗုဒ္ဓလျောင်းတော်ကြီး လျောင်းတော်မူရုပ်တုတော်ကြီး၌ တွေ့ဆုံသော ထိုင်းနှင့်မလေးရှား ဗုဒ္ဓဘာသာဝင် ၂၀၀ ခန့်နှင့် သံဃာတော် ၄၀ ခန့်ကို တွေ့ရမည်ဖြစ်သည်။

အဆိုပါ လျောင်းတော်ကြီး တည်ထောင်သည့် ကျောင်းထိုင်ဆရာတော်ကြီး ပျံလွန်တော်မူသည့် ဆယ်နှစ်မြောက် အထိမ်းအမှတ်အဖြစ် ဆုမွန်ကောင်းတောင်းကြစဉ်ဖြစ်သည်။




## မြင်းကျားပေါ်က မြင်းကျား

ဂျာမနီနိုင်ငံ ဘစ်ဘန်မြို့တွင်ဖြစ်သည်။ ဆပ်ကပ်တစ်ခုမှ မြင်းကျားတစ်ကောင် လွတ်မြောက်ထွက်ပြေးခဲ့ရာ တားမြစ်နေရာများရှေ့ လူကူးမြင်းကျားပေါ်ပါ ရောက်ခဲ့သည်။ သို့ဖြစ်၍ မြင်းကျားပေါ်က မြင်းကျားဟု ခေါ်ဝေါ်ကြပေသည်။




www.burmeseclassic.com

www.burmeseclassic.com




## ခမ်းနားသည့် ဂီတပွဲတော်နှင့် ထူးခြားသည့် တင်ဆက်မှု

ဥရောပနိုင်ငံတစ်ခုဖြစ်သော ဒိန်းမတ်နိုင်ငံတွင် ကျင်းပသည့် အကြီးကျယ်ဆုံး အခမ်းနားဆုံး ဂီတပွဲတော်တွင် ဩစတေးလျနိုင်ငံမှ ဂီတပညာရှင်လည်းဖြစ်၊ အဆိုတော်လည်းဖြစ်သော ဂျိုအိုကဖီး၏ တင်ဆက်မှုပြကွက်ဖြစ်သည်။ ဆန်းပြားသော တီးခတ်မှုနှင့်အတူ ထူးခြားသည့်စတိုင်ကို အမြင်ဆန်းစွာ တွေ့ရပေမည်။



## မက္ကစီကိုနိုင်ငံက မီးတောင်ပေါက်ကွဲမှု

မက္ကစီကိုနိုင်ငံ စင်တီယာဂိုမြို့နယ်အတွင်းရှိ ပိုပိုကာတီပက်လ် မီးတောင်ကြီး နှစ်ရက်အတွင်း သုံးကြိမ်ပေါက်ကွဲခဲ့ရာ ချော်ရည်ပူများ လွင့်စဉ်ခဲ့သည်။ သို့ဖြင့် ပတ်ဝန်းကျင်နေသူများကို ဘေးကင်းရာသို့ ရွှေ့ပြောင်းပေးလိုက်ရသည်။ မီးတောင်ပေါက်ကွဲမှု အနေအထားကို တွေ့မြင်နိုင်ပါသည်။

❒ မောင်တောင်းထိုင်

www.burmeseclassic.com

www.burmeseclassic.com



# မအိုဆေးသောက်ကြမလား

ကိုမျိုးတင့် (မန်း-စက်မှုသိပ္ပံ)

တစ်ခုသော ညနေခင်းတွင် ကျွန်တော်တို့နှင့် လုပ်ဖော်ကိုင်ဖက်တစ်ဦးဖြစ်ခဲ့သူ ယခု အငြိမ်းစားယူပြီးနောက် ဌာနတွင်ပင် လစားပုတ်ပြတ် အကူလုပ်သားတစ်ဦးအဖြစ် ပြန်အလုပ်လုပ်နေသူနှင့် ညနေဘက် ညရုံးဆင်းချိန်တွင် လိုင်းကားအတူစီး၍ အိမ်ပြန်ခဲ့ကြသည်။ လမ်းတွင် ဟိုဟိုဒီဒီ ငေးမောကြည့်ရှုနေရာမှ သူက စကားတစ်ခွန်း ပြောလိုက်ပါသည်။

"မြန်မာတွေ မအိုဆေးတွေ တော်တော်သောက်နေကြတယ်ဗျ" တဲ့။

ကျွန်တော် ရုတ်တရက် သူပြောလိုသော အဓိပ္ပာယ်ကို သဘောမပေါက်မိပါ၊ စဉ်းစား၍ မရခဲ့ပါ။

"ဘာလဲဗျ၊ မအိုဆေးဆိုတာ"

"ဟိုမှာကြည့်ပါလား၊ အရက်ဆိုင် ဘီယာဆိုင်တွေမှာ လူတွေအများကြီး ထိုင်ခုံနေရာအပြည့် အားပေးနေကြတာ၊ အဲဒါ မအိုဆေးပေါ့ဗျ၊ သောက်တာများလာရင် ကြာလာရင် ရောဂါစွဲကပ်ပြီး မအိုတော့ဘူး၊ စောစောစီးစီး အချိန်မတိုင်ခင် သေသွားကြတာ အဲဒါ မအိုဆေး၊ အိုတဲ့အထိ မနေရဘဲ ငယ်ငယ်နဲ့သေသွားကြရတဲ့ မအိုဆေးတွေပေါ့ဗျာ"

"ဟုတ်ပ့ါဗျာ၊ ဟုတ်သားပဲဗျာ၊ ဟုတ်မှဟုတ်၊ ဒီဘီယာတွေ အရက်တွေ သောက်နေကြရင်တော့ ခုချက်ချင်းကို အနည်းနဲ့အများ ကျန်းမာစေမယ့် အာဟာရ မစားဖြစ်တော့ဘူး၊ အရက်နဲ့မြည်းတဲ့ အစာတွေကြောင့် အစားအသောက်လဲ နည်းသွားမယ်၊ မိသားစုနဲ့ သိုက်သိုက်ဝန်းဝန်း ပျော်ပျော်ပါးပါးနေရမယ့် မိသားစု စိတ်ချမ်းသာစရာ အချိန်တွေလဲ လျော့နည်းသွားပြီး နောက်ဆက်တွဲ မိသားစု နေထိုင်စားသောက်ရေးအတွက် သုံးရမယ့်ငွေကြေးလဲ လျော့တန်သလောက် လျော့သွားပြီး သူက သောက်ထားတာကြောင့် မူနက်စောစော အိပ်ရာထတဲ့ကိစ္စတို့၊ စောစောထပြီး လမ်းလျှောက်တာတို့ ကျန်းမာရေး ကိုယ်လက်လှုပ်ရှားတဲ့ကိစ္စတွေဆိုတာ မလုပ်ဖြစ်ဖို့ အများကြီး ဖြစ်သွားပြီ"

ယခင်အချိန်တွေတုန်းကဆိုလျှင် မြို့တွေ ရွာတွေမှာ အသက် (၈၀)ကျော်၊ (၉၀)ကျော် အဘိုး၊ အဘွားတွေဆိုတာ မြို့တိုင်း၊ ရွာတိုင်းမှာ အများကြီးပါပဲ။

ယနေ့ကာလ မူလတန်း၊ အလယ်တန်း အရွယ်ကျောင်းသား၊ ကျောင်းသူတွေမှာ အဘိုး၊ အဘွားခေါ်စရာ သက်ကြီးရွယ်အို တော်တော်လေး ရှားလာခဲ့ပါပြီ။ ကျွန်တော်တို့ပင်လျှင် အသက်(၇၀)၊ (၇၅) နှစ် နေရလျှင်ပင် ကံကောင်းလှပြီဟု အချင်းချင်းပြောဆို အားပေးနေရသည့်အချိန် ဖြစ်နေပါပြီ။

တစ်နေ့ထက် တစ်နေ့ စားသောက်ရသည့် စားသောက်ကုန်တွေရဲ့ အရည်အသွေး ကျဆင်းလာခြင်း၊ မသန့်ရှင်းသော အရောအနှောများလာခြင်း၊ ဓာတုပစ္စည်းများဖြင့် ကြာရှည်ခံအောင် လုပ်လာရခြင်းတို့ကြောင့် ရောဂါဘယများ ဘေးဒုက္ခအဖုံဖုံ ထူပြောလာခြင်းကလည်း သိသိသာသာ မြင်တွေ့လာရပြီ ဖြစ်ပါသည်။

ထိုသို့သော အခြေအနေဆိုးတွေထဲမှာမှ ယခုလို မအိုဆေးကိုပါ ယှဉ်တွဲ သုံးဆောင်နေဦးမည်ဆိုလျှင် အရက်သောက်တာကြောင့် ဖြစ်တဲ့ဆိုးကျိုးနဲ့ ရနိုင်တဲ့အကျိုးကို ယှဉ်ကြည့်လျှင် ကောင်းကျိုးဆိုတာ တစ်ရာခိုင်နှုန်းတောင် ရှိဖို့မလွယ်ပါဘူး။

ဒါကြောင့် အရင်အချိန်တွေတုန်းက အသက်ရှည်ခဲ့ကြတဲ့ အိုမြန်မာတို့ကို ဒီနေ့ခေတ်ရဲ့ မအိုဆေးတွေကို မသောက်မိကြဖို့၊ ရှောင်နိုင်သမျှ ရှောင်နိုင်ကြဖို့ တိုက်တွန်းအပ်ပါတယ်။

သင်ကော. . . မအိုဆေး သောက်ဦးမှာလား။

☐ ကိုမျိုးတင့် (မန်း-စက်မှုသိပ္ပံ)



www.burmeseclassic.com

www.burmeseclassic.com

# သိမှတ်ဖွယ်ရာ ဆေးပညာ

## အဖေ ပြောပြသော ရင်ကျပ်ရောဂါ ပျောက်နည်း

**ဆရာကြီး ဦးအောင်မြိုင်**

ကျွန်ုပ်အဖေက ယခုအခါ အသက်(၈၀)ကျော်ပြီ ဖြစ်ပါသည်။ ကျွန်ုပ်နေအိမ်မှာ အတူနေထိုင်ပြီး ယခုတိုင်အောင် ကျန်းမာသန်စွမ်းဆဲဖြစ်သည်။ ကျွန်ုပ်အဖေတွင် မွေးချင်း မောင်နှမ ရှစ်ယောက်ရှိပြီး အဖေက စတုတ္ထသား ဖြစ်ပါသည်။ အဖေ့အထက်မှာ အစ်ကိုသုံးယောက်၊ ညီနှစ်ယောက်ရှိပြီး အငယ်ဆုံးမှာ ညီမနှစ်ယောက် ဖြစ်သည်။

အဖေ ငယ်စဉ်ကလေးဘဝအရွယ်က အဖေ့အစ်ကို သုံးဦးအနက်မှ ဒုတိယအစ်ကိုမှာ ရင်ကျပ်ရောဂါ ခံစားနေရသူဖြစ်၍ ပိန်ညှောင်လိမ်ကျစ် ခန္ဓာကိုယ်သေးကွေးကြောင်း၊ ထိုစဉ်က ဆရာမျိုးစုံ ဆေးမျိုးစုံဖြင့် ကုသမှုခံယူခဲ့သော်လည်း သက်သာပျောက်ကင်းခြင်းမရှိကြောင်း၊

နောက်ဆုံးမှာ အဖေတို့ရွာကို အလည်လာသော မွန်တိုင်းရင်းသား အဖေ့ဖခင်၏ မိတ်ဆွေ အမျိုးသားကြီး တစ်ဦးက နည်းလမ်းညွှန်ပြသည့်အတိုင်း လိုက်နာဆောင်ရွက်လိုက်မှ ရင်ကျပ်ရောဂါမှာ ယူပစ်လိုက်သလို သက်သာပျောက်ကင်းပြီး အစားအသောက် အအိပ်အနေ မှန်လာကာ ခန္ဓာကိုယ်လည်း ဝဖြိုးကျန်းမာလာကြောင်း ပြောပြပါသည်။ ထိုနည်းမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

တောလက်ကျေးရွာအချို့ရှိ မာလကာ၊ သရက်၊ အုန်း၊ ငှက်ပျော၊ ပိန္နဲ စသဖြင့် သီးနှံစိုက်ပျိုးခြံတို့မှာ ညအခါ သီးနှံများ လာရောက်ကိုက်ဖောက် စားသောက်တတ်သော "လင်းဝက်" ခေါ်သည့် လင်းဆွဲငှက်အကြီးစား (အချို့ကျေးရွာမြို့နယ်တို့ရှိ သစ်ပင်မြင့်ကြီးတို့မှာ အကောင်ပေါင်းရာထောင် အုပ်စုဖွဲ့ တွဲလောင်းဆွဲ နေထိုင်ခြင်းမျိုးလည်း တွေ့ရနိုင်သည်) တစ်ကောင်ကို အရေခွံဆုတ်ခွာ၍ ဝမ်းတွင်းကလီစာများ ထုတ်၊ စပါးလင်၊ ချင်း၊ နနွင်း၊ ဆား၊ မဆလာ စသည့် အမွှေးအကြိုင်များ လိမ်းနယ်၍ မီးကင်ပြီး ရင်ကျပ်ရောဂါရှင်ကို စားသောက်စေခြင်း ဖြစ်သည်။

အဖေ့အစ်ကိုက ထိုလင်းဝက်တစ်ကောင်တည်းနှင့်ပင် ရင်ကျပ်ရောဂါ အမြစ်ပြတ် သက်သာပျောက်ကင်းသွားခဲ့သည်။ ထို့နောက်ပိုင်းတွင် အဖေတို့ရွာမှ ရင်ကျပ်ရောဂါ နာတာရှည်ခံစားနေရသော လူငယ် လူကြီးများလည်း ထိုနည်းကိုသုံးပြီး ရောဂါများ သက်သာပျောက်ကင်းကြသည်။ အချို့က ထိုလင်းဝက်ကို ကြက်သား၊ ဝက်သားချက်စားသကဲ့သို့ ချက်စားပြီး ပျောက်ကင်းကြသည်ဟု ဆိုသည်။

အချို့မှာ လင်းဝက်တစ်ကောင်တည်းနှင့် ရောဂါ သက်သာ ပျောက်ကင်းကြသော်လည်း အချို့မှာ တစ်ပတ်လျှင် တစ်ကောင်နှုန်းနှင့် တစ်လကြာ သုံးလေးကောင် စားပြီးမှ ပျောက်ကင်းကြပါသည်။ ရင်ကျပ်ရောဂါ ပျောက်နည်းဆိုသော ဤဆောင်းပါးမှာ ဆေးရုံ၊ ဆေးခန်းများတွင် သွားရောက်ကုသမှု ခံယူနိုင်လောက်အောင် ငွေကြေးမတတ်နိုင်ကြသူများအတွက်သာ ရည်ရွယ်ရင်း ဖြစ်ပါသည်။

❐ ဆရာကြီးဦးအောင်မြိုင်

---

## အသက်(၁၀၀)ကျော် အဘိုး၏ ဆေးနည်းကောင်း

**ဆရာကြီး ဦးအောင်မြိုင်**

ကျွန်ုပ်၏ အဘိုးနာမည်မှာ ဦးရွှေကျော် ဟုခေါ်သည်။ အသက် (၁၀၀)ကျော်အောင် ရှည်ခဲ့သည်။ ကျွန်ုပ်အဘိုး သက်ရှိထင်ရှား ရှိနေစဉ် ကျွန်ုပ်မီခဲ့ပါသည်။ ကွယ်လွန်ချိန်အထိ သူ့မှာ ရောဂါကြီးကြီးမားမား မခံစားခဲ့ရပါ။

→→



www.burmeseclassic.com

www.burmeseclassic.com

# သိမှတ်ဖွယ်ရာ ဆေးပညာ

မနက်ဦးလင်းသည်နှင့် ရွာတစ်ပတ်လမ်းလျှောက်မြ ဝင်၊ အတူအတွဲ လုံးဝမလိုခဲ့ပါ။ သွားတစ်ချောင်းမှ မကျိုးပါ။ မျက်မှန်မတပ်ဘဲ စာဖတ်နိုင်ခဲ့သည်။ အနောက်တိုင်းဆေးများ စားခြင်း ထိုးခြင်း လုံးဝမရှိခဲ့သည့်အပြင် တိုင်းရင်းဆေးလည်း မသုံးစွဲခဲ့ဟု သိရသည်။ သို့သော် သူကိုယ်တိုင် ဆေးဖော်စားခြင်းကိုတော့ မကြာမကြာ လုပ်လေ့ရှိသည်။ သံပယိုဆေးဟု အဘိုး ခေါ်သည်။ အဘိုး ဦးရွှေကျော်မှာ ကျွန်ုပ်၏အဘိုး ဦးလွန်းရွှေ၏ အဖေဖြစ်ပါသည်။

အဘိုး၏ ဆေးဖော်ပုံမှာ . . .

သံပယိုသီးမှည့် သုံးလုံးကို ထိပ်မှအနည်းငယ်ဖောက်၍ ပန်းကန်လုံးထဲသို့ အရည်များကုန်အောင် ညှစ်ချပါသည်။ အရည်ကုန်သွားသော သံပယိုသီးများထဲသို့ အိမ်သုံးဆားများ အပြည့်သိပ်ထည့်သည်။ ထိုသံပယိုသီးများကို မီးခဲရဲရဲတွင် ထည့်၍ မီးဖုတ်ပါသည်။

မီးဖုတ်ထားသော သံပယိုသီးများ မီးသွေးတုံးလိုမည်းပြီး မီးကျွမ်းသွားမှ ထုတ်ယူအအေးခံပြီး အမှုန့်ကြိတ်ပါသည်။ ထိုအမှုန့်များကို ဖန်ပုလင်းငယ်တစ်လုံးတွင် ထည့်၍ ပျားရည်ငှက်ပျောဖူးပုလင်း တစ်ဝက်ခန့်ထည့်ကာ သမအောင်မွှေပါသည်။ အဖုံးပိတ်ပြီး ကြောင်အိမ်ပေါ် တင်ထားသည်။ နေ့စဉ်မနက် တစ်ကြိမ်၊ ညနေ တစ်ကြိမ် ထမင်းစားပြီးတိုင်း လက်ညှိုးနှင့် တစ်ကလော်မျှစား၍ ရေနွေးသောက်သည်။

ထိုနည်းအတိုင်း ကျွန်ုပ်ကိုယ်တိုင် ဖော်စပ်စားကြည့်သောအခါ ဆေးအရသာမှာ ချဉ်၊ ငန်၊ ဖန်၊ ခါး ဖြစ်ပါသည်။ အစာကြေ လေလည် ဝမ်းမှန်သော အကျိုးထူးကို လက်ငင်းခံစားရပါသည်။ ဆီးလည်း ရွှင်ပါသည်။ ဗိုက်မနာ၊ ခေါင်းမကိုက်၊ မျက်စိမဝေ၊ နားမအူ၊ ချောင်းမဟပ်၊ သွားမနာ၊ သွေးမတိုး ဆိုသော ကျန်းမာရေး အကျိုးများလည်း ရရှိပါသည်။

ငွေကုန်သက်သာ လုပ်ကိုင်ဖော်စပ်ရ လွယ်ကူ၊ ဆေးအနံ့မပြင်း၊ အဝင်သိပ်မဆိုး၊ အကျိုးလည်းများသဖြင့် စာဖတ်သူများ နည်းမှီ၍ အသက်ရှည်နိုင်ကြစေရန် လက်ဆင့်ကမ်းပေးလိုက်ရခြင်း ဖြစ်ပါသည်။

❒ ဆရာထွီးဦးအောင်မြိုင်

## သိမှတ်ဖွယ်ရာ တိုင်းရင်းဆေးအသုံးဝင်ပုံများ

**နေဂျူလိုင်ဝမ်း**

*နှာခေါင်းသွေးလျှံခဲ့လျှင် အလွယ်ကုသနည်း*

နွေရာသီတွင် အလွန်ပူလောင်၍ နှာခေါင်းသွေးလျှံ တတ်ပါသည်။ ထိုသို့ဖြစ်လျှင် လတ်တလော ခေါင်းကိုမော့၍ လက်ကိုင်ပဝါကို ရေ ရေခဲရည်ဆွတ်ပြီး အုပ်ကာ ခေါင်းကိုမော့ထားလျှင် အခိုက်အတန့်သက်သာပါသည်။ အချို့သူများမှာ နှာခေါင်းသွေးအလွန်အမင်း လျှံကျကာ မသက်သာ၍ အင်္ဂလိပ်ဆေးခန်းများပြလည်း ခေတ္တသက်သာသော်လည်း သွေးပြန်လျှံတတ်ပါသည်။ ထိုသို့ အင်္ဂလိပ်ဆေးများသောက်၍ မပျောက်ခဲ့လျှင် မိမိအိမ်ခြံတွင်း၌ စိုက်ပျိုးထားသော မုယားကြီးရွက်ကို ရေဆေးပြီး သုံးခွက် တစ်ခွက်တင်ပြုတ်သောက်ပါက နှာခေါင်းမှ သွေးဒလဟောယိုစီးခြင်း သွေးလျှံခြင်းကို ပျောက်ကင်းစေပါသည်။ နှာခေါင်းသွေးလျှံတိုင်း မုယားကြီးရွက်ကို အမြဲ ပြုတ်သောက်ပေးခဲ့လျှင် အင်္ဂလိပ်ဆေးဖြင့် ကုမရသော နှာခေါင်းသွေးလျှံခြင်းတို့ အမြစ်ပြတ်ပျောက်ကင်းနိုင်ပါသည်။

*ပန်းသီးမှအဆိပ် (ဓာတုအရောင်ဆိုးဆေး)နှင့် ဖယောင်းများ ဖယ်ရှားနည်း*

အနောက်တိုင်းအာရပ်စကားပုံတွင် ပန်းသီး တစ်နေ့ တစ်လုံးစားပေးလျှင် ဆရာဝန်မလိုပါဟူသော စကားပုံရှိသော်လည်း ဝိသမစီးပွားရေးသမားများက ပန်းသီးကြာရှည်ခံအောင် အရောင်လှအောင် ဖယောင်းများသုတ်လိမ်းထားခြင်း၊ အရောင်များဆိုးထားခြင်းများ ပြုလုပ်ခြင်း၊ ပိုးသတ်ဆေး ဖျန်းထားခြင်းများ ပြုလုပ်ထားကြပါသည်။ မြန်မာပြည်တွင် ချင်းတောင်နှင့် ရှမ်းပြည်နယ်မှ ပန်းသီးများသည် ပိုးသတ်ဆေးများနှင့် ကြာရှည်ခံဆေးများ သုတ်လိမ်းထား၍ ၉၇%လောက် ပန်းသီးထဲမှ ဓာတုဆေးများ ပြန်မထွက်ပါ။ ရှမ်းပြည်နယ်မှ ပန်းသီးကို ကြာရှည်ခံအောင် လှအောင် မန္တလေးတွင် ပိုးသတ်ဆေး၊ အရောင်လှဆေး၊ ဖယောင်း တစ်ခါ အုပ်ဖျန်း၊ ရန်ကုန်ရောက်လျှင် တစ်ခါဖျန်းထား၍ ရေမဆေးဘဲ စားမိလျှင် အန္တရာယ်ရှိပါသည်။ ရေမကောင်း

www.burmeseclassic.com

# သီမှတ်ဖွယ်ရာ ဆေးပညာ

သောသူအား ပန်းသီးကျွေးမိလျှင် အားမရှိဘဲ ပိုးသတ်ဆေးများပါ ပါနေ၍ စားမိလျှင် အန္တရာယ်ရှိပါသည်။ .တရုတ်ပန်းသီးများလည်း အရောင်ဆိုးထားပါသည်။ တရုတ်နိုင်ငံထွက် ပန်းသီးကို ထိုင်းကို တင်သွင်းပြီး ယိုးဒယားထွက်ဟု တံဆိပ်ကပ်ပြီး မြန်မာပြည်ကို ပြန်သွင်းကြပါသည်။

ပန်းသီးဝယ်စားလျှင် နယူးဇီလန်ပန်းသီး၊ ဩစတြေးလျပန်းသီး၊ ရှိမေနီးယားပန်းသီးများသည် အစစ်များဖြစ်၍ ၎င်းပန်းသီးများကိုသာ ဝယ်စားပါ။ နယူးဇီလန်နိုင်ငံ၏ မြေမှာ ဘာပိုးမှ မရှိ။ ပိုးသတ်ဆေး မသုံးပါ။ သဘာဝ သြဂဲနစ်မြေသြဇာဖြင့်သာ စိုက်သည်။ ကမ္ဘာပေါ်တွင် နယူးဇီလန်မြေထွက်ကုန်များသည် အကောင်းဆုံး အသီးအနှံများဖြစ်သည်။ ဓာတ်မြေသြဇာ၊ ပိုးသတ်ဆေး၊ ဓာတုဆိုးဆေးများ မသုံးရန် အကောင်းဆုံးဖြစ်ပါသည်။ ဈေးများတွင် ရောင်းသော ပန်းသီးများ ဝယ်မစားပါနှင့်။ ဖယောင်းဆိုးဆေးများပါသည်။ Supermarket များတွင် နယူးဇီလန်၊ ဩစတြေးလျ ပန်းသီးများကိုသာ ဝယ်စားပါ။ ဝါရှင်တန် ပန်းသီးများလည်း ဝယ်စားနိုင်ပါသည်။

ပန်းသီးကို ဆားရည်တွင် ၅ မိနစ်စိမ်ပြီးနောက် အဆိပ်၊ ဖယောင်းများ ဖယ်ရှားနည်းမှာ အလွန်မပူသော ရေနွေးထဲသို့ ၅ မိနစ်ခန့်စိမ်ပြီးလျှင် ပွတ်ပေးပါ။ ခဏကြာလျှင် ဆယ်ယူပြီး အခွံခွာစားပါ။ ဓာတုအဆိပ်များ ကင်းသွားပါမည်။ နယူးဇီလန်၊ ဩစတြေးလျ၊ ရှိမေနီးယားပန်းသီးများဆိုလျှင် ဤသို့လုပ်ရန်မလိုပါ။ ဝါရှင်တန်ပန်းသီးဆိုလျှင် ဆားရည်နှင့် ခဏလေးစိမ်လျှင်လည်းရပါသည်။

***စိတ်သောကဝေဒနာနှင့် စိတ်ဖိစီးမှုများ ပျောက်ကင်းကုသနည်း***

စိတ်သောကရောက်နေခြင်း၊ စိတ်ဝေဒနာများ ခံစားနေရခြင်း၊ စိတ်ညစ်နေလျှင် မိမိကြိုက်နှစ်သက်သော သာယာငြိမ့်ညောင်းသော ဂီတသံစဉ်များကို တိုးညင်းစွာ နားထောင်ပေးလျှင် သွေးအတွင်း ကိုလက်စထရော်များကျဆင်းနိုင်ပါသည်။ သာယာသော တေးဂီတသံများကို နားထောင်ပေးလျှင် သွေးကလာပ်စည်းများအတွင်း နိုက်ထရစ်အောက်ဆိုဒ်များ ဖြစ်ပေါ်လာခြင်းကြောင့် သွေးအတွင်း၌ ကိုလက်စထရောများ ကျဆင်းကာ သွေးကြောပိတ်ခြင်းကို ကာကွယ်ပေးပါသည်။ သာယာနာပျော်ဖွယ်ကောင်းသော တေးဂီတသီချင်းများကို အရမ်းဆူညံမှုမရှိဘဲ နားထောင်သူများသည် သွေးစီးဆင်းမှုမှာ သာမန်ထက် ၂၆ ရာခိုင်နှုန်း မြင့်လာစေသော်လည်း ခေတ်ပေါ်တေးဂီတသံစဉ်မှာ ၆ ရာခိုင်နှုန်းခန့်သာ သွေးလည်ပတ်စီးဆင်းမှုကို ပိုမိုကောင်းမွန်စေပါသည်။ ထို့ကြောင့် စိတ်သောကရောက်နေလျှင် သာယာနာပျော်ဖွယ်ကောင်းသော ဂီတသံစဉ်များကို လူရှင်းသော အခန်းထဲတွင် အနားယူပြီး နားထောင်ပေးလျှင် စိတ်သောက စိတ်ညစ်ခြင်းများကို ပျောက်စေပါသည်။

***သင့်ဗိုက်မှ အဆီကျဆေးနည်း***

ဗိုက်ရွဲပြီး ဝတုတ်၍ ပေါင်လုံးများကြီးပြီး ထသွားထလာ အခက်အခဲရှိနေလျှင် မြန်မာတိုင်းရင်းဆေး ဂဋ္ဌုန်ရာဇာ အကြောဖြေဆေးဘူး တစ်ဘူးကို ဝယ်ယူပြီး ၎င်းဆေးဖြင့် သံပရာရည်၊ အုန်းဆီ သုံးမျိုးရောစပ်၍ ဝမ်းဗိုက်တို (၅)ရက်လောက် ဆက်တိုက်ပွတ်လိမ်းပြီး အိပ်ပါ။ မနက်စောစော လမ်းလျှောက်ပေးပါ။ ညတိုင်း လိမ်းပေးပြီး (၃) ရက်မြောက်တွင် ဝမ်းနှင့် အဆီများ ဝမ်းသွားပါလိမ့်မည်။ လိုအပ်သေးလျှင် ခပ်ရွဲရွဲလိမ်းပေးပါ။ ဝမ်းနှင့်အတူ အဆီများကျသွားကာ နေထိုင်ရကောင်းပြီး အနည်းငယ်ဝိတ်ကျသွားနိုင်ပါသည်။

အဆီကျနည်း နောက်တစ်နည်းမှာ ငှက်ပျောပင်မှ ငှက်ပျောပင်စည်ဖတ်များ (ငှက်ပျောအူ)၊ ငှက်ပျောဖတ်အနည်းငယ်ကို အတွင်းသားဖတ်ကိုခွာ၍ တစ်တောင်လောက်ရှိ အပိုင်းနှစ်ပိုင်းကို ဓားဖြင့်လှီး ရေဆေး၍ ထုထောင်းကာ အရည်ညှစ်ပြီး (သို့) ငှက်ပျောဖတ်များကို ထုထောင်းပြီး ရေစိမ်၍ ခေတ္တထားပြီး စစ်၍သောက်ပါက အိပ်ရာထထချင်း ဘာမှမစားသေးဘဲ နေ့စဉ် သောက်ပေးလျှင် ကိုယ်တွင်းရှိ အဆီများကို ကျစေပါသည်။ အိပ်ရာထတိုင်း နေ့စဉ်လုပ်သောက်ခဲ့လျှင် အဆီကျပြီး ခန္ဓာကိုယ်၌ ဓာတ်ကြီးလေးပါးကို ထိန်းညှိပေးပါသည်။ ခန္ဓာကိုယ် အဆီကျပြီး PH တန်ဖိုးတက်ပြီး၊ ဓာတ်ကြီးလေးပါး ထိန်းညှိပေးကာ အဆီကျစေရန် ငှက်ပျောပင်စည် အဖတ်များကို ခွာ၍ ထုထောင်း ပြီး အရည်ညှစ်သောက်၊ စိမ်သောက်ပေးပါ။ ချက်ချင်းလုပ် ချက်ချင်းသောက်ရပါမည်။ လတ်လတ်ဆတ်ဆတ် ငှက်ပျောသားများကိုသာ ထုထောင်းညှစ်သောက်ရပါမည်။ နောက်နေ့အတွက် ချန်မထားရပါ။

❒ နေဂျူလိုင်ဝမ်း

Ref: ကျန်းမာရေးဟောပြောပွဲမှ ပြောပြချက်များ


www.burmeseclassic.com

www.burmeseclassic.com

# သမုဒ္ဒယ

## ဆေးဖက်ဝင် ကေရာဇ်ပင်၏ ဂုဏ်သတ္တိများ



ကေရာဇ်ပင်သည် ပင်စည် အခြောက်၊ အပင်ဖြောင့်မျိုးနွယ်ဖြစ်၏။ အပင်သည် ရှည်လျားသောပင်စည်ဖြစ်ပါသည်။ အပွင့်၏ ပွင့်ဖတ်မှာ ရှည်ရှည်သွယ်သွယ်နှင့် အဖြူရောင်အဆင်းရှိ၏။ အသီးမှာ အသီးတောင့်အရှည်ဖြစ်ပြီး တပို့တွဲ၊ တပေါင်းလတွင် အသီးများ ရင့်မှည့်လေ့ရှိ၏။ ပင်စည်အပေါက်မှာ ညိုဝါဝါ အရောင်ရှိပြီး ခပ်ကြမ်းကြမ်းဖြစ်၏။ အမြစ်များ၍ ရေသောက်မြစ်ရှည် အပင်မျိုးဖြစ်သည်။

ရှေးလူကြီးများက ကေရာဇ် တစ်ပင်လုံးကို အမူးအမောအတွက် အသုံးပြုခဲ့ကြပါသည်။

၁ ကေရာဇ်အရွက်ကို ကြော်၍စားသုံးတတ်ကြ၏။ ရေနွေးဖျော၍ သုပ်၍လည်း စားသုံးကြပါသည်။ အညွန့်[illegible] ကလေးများကို တို့စရာအဖြစ် အသုံး[illegible] ကြပါသည်။

ဆေးဖက်ဝင် အသုံးပြုမှုများ[illegible] လေ့လာလိုက်သောအခါ . . .

လပြည့်ဝန်းမဂ္ဂဇင်း ([illegible]လ၊ ၂[illegible]



www.burmeseclassic.com

www.burmeseclassic.com

(၁) ကေရာဇ်အပွင့်၊ အရွက်တို့သည် သွေးကို ငြိမ်းစေသည့်အပြင် လေကို လည်း ငြိမ်းစေ၏။

(၂) အကြောရောဂါ၊ သွေးတိုးရောဂါ၊ အမူးအမော၊ အဆိပ်သင့်ခြင်းများကို ပျောက်ကင်း၏။

(၃) သွေးတိုးရောဂါ၊ နှလုံးရောဂါများကို ပျောက်စေ၏။

(၄) အရွက်ကိုစားခြင်းဖြင့် မီးယပ်ငုပ်ခြင်း၊ သွေးတိုး၍ နှလုံးခုန်ခြင်းကို ပျောက်စေ၏။

(၅) ရင်တုန်၊ မောပန်း၊ မူးဝေခြင်းကို သက်သာစေပြီး ပျောက်ကင်းခြင်းလည်း ဖြစ်နိုင်၏။

**ကေရာဇ်ပင်ကို တိုင်းရင်းဆေး အလိုအရ ရေလဲသုံးစွဲမှုမှာ**

- ◆ အမျိုးသမီးများ သွေးငုပ်သော် ကေရာဇ်ရွက်ကို ပြုတ်၍သုပ်ခြင်း၊ ကြော်ခြင်းပြု၍ စားသုံးပါက ပျောက်စေပါသည်။
- ◆ နှလုံးတုန်ရင်ခုန်၊ မူးဝေမောပန်းတတ်သူများသည် ကေရာဇ်မြစ်ကို ဆန်ဆေးရည်နှင့်သွေး၍ သောက်သော် ပျောက်ကင်းစေ၏။ အချို့ မူးဝေသူများသည် အချိုဓာတ်ရရန် သကြားနှင့် ရော၍ သောက်နိုင်၏။
- ◆ ဆီးချုပ်သူများအတွက် ကေရာဇ်မြစ်ကို ဆန်ဆေးရည်ဖြင့် သွေး၍ သကြားနှင့် ရောစပ်ကာ သောက်နိုင်၏။
- ◆ အိပ်မပျော်သောသူများသည် ကေရာဇ်အမြစ်အမှုန့်ကို အိပ်ရာဝင်ခါနီး ရေစိမ်းဖြင့် ဖျော်သောက်သော် အိပ်ပျော်စေ၏။
- ◆ ခရုသင်းရောဂါအတွက် အမြစ်အစိုကို ထန်းလျက်ဖြင့် ရော၍ ကျိုပြီးသောက်လျှင် ပျောက်ကင်းစေ၏။
- ◆ ငန်းဖျားတက်သော် ကေရာဇ်မြစ်ကို သေးနုပ်အောင်စဉ်းပြီး သံပရာသီးကိုပါသေးနုပ်အောင် စဉ်းကာ ရေအနည်းငယ်ရော၍ မြေအိုးတွင် ပေါင်းလိုက်သော် ချွေးရည် ရရှိလာ၏။ ထိုချွေးရည်ကို နံနက်၊ ည တစ်ဇွန်းစီ သောက်လျှင်ရောဂါပျောက်၏။
- ◆ ရင်ကြော၊ ဝမ်းကြောတင်းသူများ ကေရာဇ်မြစ်ကို ဆန်ဆေးရည်နှင့် သွေး၍ လိမ်းသော် ပျောက်ကင်း၏။
- ◆ ချောင်းဆိုးသွေးပါ၊ အဆုတ်နာရှိသူများသည် ကေရာဇ်မြစ်ပင်ပဓွငါးပါးပေါင်းချွေးနှင့်ပျားရည်ရော၍လည်းကောင်း၊ ကေရာဇ်ရုက္ခမူဆားကို ပျားရည်နှင့်ရော၍စားလျှင်လည်း ပျောက်ကင်း၏။
- ◆ မျက်စိပြာ၊ မျက်စိဝေလျှင် ကေရာဇ်မြစ်သွေးရည်နှင့် ကရမက်သွေးရည် ရော၍ မျက်စိကို တွင်းသော် ပျောက်၏။
- ◆ သွေးတိုးရောဂါရှိသူများ ကေရာဇ်ရွက်ကို ပြုတ်၍ သုံးခွက်တစ်ခွက်တင်ရည်၊ ရှောက်ရည်၊ ပျားရည်များနှင့် ရော၍သောက်လျှင် ပျောက်၏။
- ◆ အပူကြီးခြင်းဖြင့် သလိပ်လွန်လျှင်သော်လည်းကောင်း၊ သည်းခြေရောဂါဖြစ်လျှင်သော်လည်းကောင်း ကေရာဇ်မြစ်ကို ဆန်ဆေးရည်နှင့်ရော၍ သောက်နိုင်၏။ တစ်နည်းမှာ ရုက္ခမူဆားသံပရာရည်နှင့်ရော၍ သောက်သော် ပျောက်၏။
- ◆ မျက်စိနာ၊ မျက်စိပူသော် ကေရာဇ်အခေါက်ကို ရေစိမ်၍ ရေစိမ်းဖြင့် သွေး၍ မျက်စိကိုတွင်းလျှင် ပျောက်ကင်း၏။
- ◆ ကလေးငယ်များ ရေငတ်ဝမ်းရောဂါများဖြစ်သော် ကေရာဇ်မြစ်ကို ဆန်ဆေးရည်နှင့် မပျစ်မကျဲသွေးရည်ကို ထမင်းစားဇွန်း တစ်ဇွန်းခန့်နှင့် တစ်နေ့သုံးကြိမ်တိုက်လျှင် ပျောက်၏။
- ◆ အရက်မူးလွန်ခြင်းကို ပြေစေရန် ကေရာဇ်မြစ် (သို့)အခေါက်ကို သွေး၍ လျှာကိုပွတ်ပေးခြင်း၊ အရည်ကို တိုက်ခြင်းပြုသော် အမူးပြေ၏။

**ကေရာဇ်မြစ်၏ ထူးခြားမှုသည် လူတို့အတွက် သွေးတိုးခြင်း၊ သွေးအားနည်းခြင်းကြောင့် အမူးဝေဒနာခံစားခြင်းကို ပျောက်ကင်းစေနိုင်သကဲ့သို့**

ကေရာဇ်မြစ်၏ ထူးခြားမှုသည် လူတို့အတွက် သွေးတိုးခြင်း၊ သွေးအားနည်းခြင်းကြောင့် အမူးဝေဒနာခံစားခြင်းကို ပျောက်ကင်းစေနိုင်သကဲ့သို့ အရက်ထဲသို့ ကေရာဇ်မြစ်သွေးရည် ထည့်သော် ထိုအရက်မှာ ရေကဲ့သို့ဖြစ်သွားတတ်ပါသည်။ ထို့ကြောင့် အရက်မူးလွန်သူများ သောက်လျှင် အမူးပြေစေသော ဂုဏ်ထူးများရှိနေသည်မှာ အလွန်ဆန်းကြယ်နေပါသည်။

ကေရာဇ်ပွင့်၊ အရွက်၊ အခေါက်၊ အမြစ် စသော အပင်တစ်ပင်လုံးသည် ဆေးစွမ်းထက်သော အာနိသင်များနှင့် ပြည့်စုံနေသည်ကို လေ့လာသိရှိရသည်မှာ အကျိုးထူးလှသောကြောင့် မှတ်သားထားလျှင် အသုံးဝင်သော ဆေးနည်းအတိုအထွာ ဖြစ်ပါသည်။

❒ ထမုဒထ

မှီငြမ်းမှု

စာရေးသူ၏ ၁၉၉၉ ခုနှစ် တိုင်းရင်းဆေးခန်းတွင် လုပ်အားပေးကူညီရာ၌ မန္တလေးမြို့မှ ဆရာမကြီး ဒေါ်စန်းစန်း၏ မှတ်တမ်းပါများကို ရေးယူထားမှုအား ပြန်လည်ရေးသားပါသည်။





www.burmeseclassic.com

www.burmeseclassic.com

ကျွန်မ ဒိန်ချဉ်ကို ငယ်ငယ်ကတည်းက ကြိုက်ပါတယ်။ သို့သော် ကျွန်မ ငယ်ငယ်က သောက်သုံးရသည့် ဒိန်ချဉ်မှာ ယခုခေတ် အအေးဆိုင်ကြီးတွေမှာလို ဖန်ခွက်ကြီးကြီးထဲတွင် ရေခဲတွေ၊ အုန်းသီးတွေ၊ စပျစ်သီးတွေ၊ မလိုင်တွေနှင့်ပြည့်နေသော ဒိန်ချဉ်မျိုး မဟုတ်ပါ။ ရပ်ကွက် လမ်းကြိုလမ်းကြားတွင် ထန်းခေါက်တောင်းဖြင့် ရွက်၍ လှည့်ရောင်းသော "နွားနို့ချဉ်၊ နို့ခဲ၊ မလိုင်လေ" ဟူ၍ အော်ဟစ်ရောင်းချသည့် ဒိန်ချဉ်မျိုးဖြစ်သည်။ ကြွေထည်အကြမ်းပန်းကန်တစ်လုံးတွင်ထည့်၍ ထန်းလျက်ရည်ဆမ်းပေးသော ဒိန်ချဉ်မျိုးဖြစ်သည်။

ဒိန်ချဉ်သည် ရှေးနှစ်ပေါင်းများစွာကတည်းက တည်ရှိခဲ့သော စားသုံးဖွယ် နွားနို့ထွက်ပစ္စည်းတစ်မျိုး ဖြစ်သည်။

တုလားအုတ်ပေါသော နိုင်ငံများ၌ တုလားအုတ်နို့ကို ဒိန်ချဉ်လုပ်သည်။ အီဂျစ်နိုင်ငံ၌မူ ကျွဲနို့ကို ဒိန်ချဉ်လုပ်သည်။ သိုးနို့၊ ဆိတ်နို့တို့ကိုလည်း ဒိန်ချဉ်လုပ်သည်ဟု သိရသည်။

ဒိန်ချဉ်သည် ထူးခြားသော အစာတစ်မျိုးဖြစ်သည်။ သမ္မာကျမ်းစာဟောင်း၌ ပါရှိသော အာဗြာဟမ်သည် ကောင်းကင်တမန်မှ နည်းပေးသဖြင့် ဒိန်ချဉ်ကို စားခဲ့ရာ အသက်(၁၇၅)နှစ်တိုင်တိုင် နေခဲ့ရသည်ဟု ဆိုသည်။

တူရကီလူမျိုးတို့ကမူ အိပ်မပျော်သောရောဂါ ရှိပါက ဒိန်ချဉ်နှင့် ပန်းအဖူးအငုံတချို့ကို ရောမွှေပြီး နဖူးပေါ်တင်ပေးခြင်းဖြင့် ရောဂါ သက်သာပျောက်ကင်းသည်ဟုယုံကြည်ကြသည်။ အိန္ဒိယလူမျိုးများကမူ ဒိန်ချဉ်သည် နတ်ဘုရားတို့၏ အစားအစာဟု မှတ်ယူကြသည်။ ပါရှန်းအမျိုးသမီးတို့က ပါးရေတွန့်ခြင်းကို ဒိန်ချဉ်လိမ်း၍ ကုစားကြသည်။ ရုရှားနိုင်ငံရှိ တချို့သောပြည်နယ်ဒေသများ၊ ဥရောပ အရှေ့ပိုင်းဒေသ၊

## သက်နှင်းဝေအေး

## ဒိန်ချဉ်ချိုမွှေး ထိပ်ဆုံးသက်လေး





www.burmeseclassic.com

www.burmeseclassic.com

အရှေ့အလယ်ပိုင်းဒေသနှင့် ဗော်လ်ကန်ဒေသတို့၌ ဒိန်ချဉ်ကို စားသုံးလျှင် အသက်ရှည်စေသည်ဟု နှစ်ပေါင်းများစွာကပင် ယုံကြည်ခဲ့ကြသည်။

## ဒိန်ချဉ်သည် အသက်ရှည်နိုင်သလား

ကျွန်မ ငယ်စဉ်ကျောင်းသူဘဝက ဒိန်ချဉ်ကို အဓိကထား ရောင်းချသော မန္တလေး ၂၉ လမ်း၊ အင်း၀ ဒိန်ချဉ်ဆိုင်သို့ ရောက်ဖူးသည်။ အဆိုပါ ဒိန်ချဉ်ဆိုင်တွင် ကြော်ငြာကာတွန်းတစ်ခု ကပ်ထားသည်ကို တွေ့ရသည်။

ကြော်ငြာတွင် အဘိုးကြီး တစ်ယောက်က ဒိန်ချဉ်သုံးဆောင်နေသည်ကို အဘွားကြီးက ဘေးမှကြည့်၍ သဘောကျနေပုံဖြစ်သည်။ အဘွားကြီးက အဘိုးကြီးထက် အသက်များစွာကြီးပုံရသည်။ ပုံအောက်တွင် ရေးထားသောစာမှာ "အဘိုးကြီးမှာ အသက် ၈၀ ရှိပြီး အဘွားကြီးမှာ သူ၏မိခင် ဖြစ်သည်" ဟူ၍ဖြစ်သည်။ သူတို့သည် ဆိုဗီယက်နိုင်ငံတော် ဂျော်ဂျီယာပြည်နယ်တွင် နေထိုင်ကြသည်ဟုလည်း ပါရှိသည်။ ဆိုဗီယက်နိုင်ငံ ဂျော်ဂျီယာပြည်နယ်တွင် နေစဉ် အစားအစာ၌ ဒိန်ချဉ်မပါလျှင် မပြီးချေ။ အသက်ရာကျော်ရှည်သော ဂျော်ဂျီယာပြည်နယ်သားများ အကြောင်းကို ကျွန်မ မကြာခဏဖတ်ရှုခဲ့ရဖူးသည်။

ဂျော်ဂျီယာ ပြည်နယ်သားတို့ အသက်ရာကျော်ရှည်ရခြင်းမှာ ဒိန်ချဉ်သောက်သုံးမှုတစ်ခုတည်းကြောင့်တော့ မဟုတ်တန်ရာ။ အဆီနည်းသော နို့ထွက်ပစ္စည်းများ ဟင်းသီးဟင်းရွက်များနှင့် အသားအနည်းငယ် စားခြင်းကြောင့်လည်း ဖြစ်နိုင်သည်။ မိသားစု စုပေါင်းနေထိုင်သော ဓလေ့၊ ဥယျာဉ်ခြံမြေစိုက်ပျိုးခြင်း၊ အလုပ်ကို စွဲစွဲမြဲမြဲ လုပ်ကိုင်ကြခြင်း၊ ကျေးလက်ဒေသတွင် နေထိုင်ခြင်းနှင့် စိတ်နှလုံးချမ်းမြေ့မှု ရှိခြင်းတို့ကြောင့်လည်း ဖြစ်နိုင်သည်။

## ဒိန်ချဉ်သည် အစာကို ကြေလွယ်ညက်လွယ်စေပါသလား

ကလေးများ ဝမ်းလျှောခြင်း၊ သက်ကြီးရွယ်အိုများ ဝမ်းချုပ်ခြင်းကို ဒိန်ချဉ်ဖြင့် ကုစားနိုင်သည်ဟု ကြားနာခဲ့ရဖူးသည်။ တချို့ ဆရာဝန်များကလည်း ပဋိဇီဝဆေး မှီဝဲလေ့ရှိသော လူနာများကို ဒိန်ချဉ်စားသုံးရန် တိုက်တွန်းလေ့ရှိပါသည်။ တချို့သောပုဂ္ဂိုလ်များမှာ နို့သောက်လျှင် အစာမကြေဖြစ်လေ့ဖြစ်ထ ရှိကြသည်။ နို့နှင့်မတည့်၍ ထုံးဓာတ်ချို့တဲ့သူများမှာ ဒိန်ချဉ်စားသုံးခြင်းဖြင့် ထုံးဓာတ်ရရှိစေနိုင်သည်ဟူ၍ အစားအစာနှင့်အာဟာရဆိုင်ရာမဂ္ဂဇင်းတစ်စောင်တွင် ဖတ်ရှုခဲ့ရဖူးသည်။

## ဒိန်ချဉ်သည် အာဟာရဖြစ်စေပါသလား

မှန်ပါသည်။ ဒိန်ချဉ်သည် နို့ကဲ့သို့ပင် အာဟာရဓာတ်များ ပေါကြွယ်ဝလှပါသည်။ ဒိန်ချဉ်တွင် ပါဝင်သော ဗီတာမင်အေနှင့်စီ၊ ဖောလစ်အက်စစ်၊ မဂ္ဂနီယမ်ဓာတ်များသည် နို့တွင်ပါဝင်သော အဆိုပါဓာတ်များထက် အနည်းငယ်စီသာ လျော့ပါသည်။ သို့သော် ပရိုတိန်းဓာတ်၊ ထုံးဓာတ်၊ ဖော့စဖောလ်၊ ဇင့်၊ ဘိုင်ယာမင် (ဘီ ၁)၊ ဒိုင်ယာစင်၊ ရီမိုဖလေဗင် စသည့်ဓာတ်များမှ နို့ထက်ပင် ပိုပါသေးသည်။ တညီတည်းလည်း ရှိသည်။

ကိုယ်အလေးချိန် တိုးမည်ကို စိုးရိမ်နေသူများအနေဖြင့်လည်း ဒိန်ချဉ်စားသုံးပေးခြင်းဖြင့် အာဟာရချို့တဲ့မည်ကို မစိုးရိမ်ရဘဲ ကိုယ်အလေးချိန်ကိုလည်း ထိန်းထားနိုင်သည်။

## အိမ်တွင်းဖြစ် ဒိန်ချဉ်လုပ်နည်း

ဒိန်ချဉ်ပြုလုပ်နည်းမှာ မခဲယဉ်းပါ။ နို့ကို အချဉ်ဖောက်ခြင်းသာ ဖြစ်သည်။

နို့ကို မီးပြင်းပြင်းဖြင့် ကျိုချက်ပါ။ နောက် မီးရှိန်လျှော့ပြီးလျှင် ခပ်နွေးနွေး

**သမ္မာကျမ်းစာတော်၌ ပါရှိသော အာဗြာဟံသည် ကောင်းကင်တမန်မှ နည်းပေးသဖြင့် ဒိန်ချဉ်ကို စားခဲ့ရာ အသက် (၁၇၅)နှစ် တိုင်တိုင် နေခဲ့ရသည်**

ရှိလာသောအခါ 'အလျှင်'ကိုထည့်ပါ။ 'အလျှင်'ဆိုသည်မှာ ဒိန်ချဉ်ကို ဆိုလိုပါသည်။ ထို့နောက် အလျှင်ထည့်ပြီးသား နို့ကို ခပ်နွေးနွေးထားပါက ၃ နာရီမှ ၆ နာရီအတွင်း အချဉ်ပေါက်၍ ဒိန်ချဉ်ဖြစ်လာပါသည်။ ယင်းဒိန်ချဉ်ကို အအေးခံ၍ မိမိကြိုက်နှစ်သက်သလို သကြား၊ အုန်းသီးခြစ်၊ စပျစ်သီး၊ နို့မလိုင်တို့ကို ထည့်ပြီး စားသုံးနိုင်ပါသည်။ အေးအေးလေး သုံးဆောင်လိုပါက ရေခဲတုံး သေးသေးမွှားမွှားကလေးများကို ရိုက်ခွဲ၍ ထည့်ရုံပင်။

ထို့ထက်ပို၍ ကောင်းမွန်အောင် မွမ်းမံလိုပါက သစ်ခွနံ့၊ ငှက်ပျောသီးနံ့တို့ကိုလည်း ထည့်နိုင်သည်။ သစ်သီးစုံရော၍လည်း သုံးဆောင်နိုင်သည်။ ဖန်ခွက်ထဲတွင် သစ်သီးပြုတ်ခြေပြီးသားကို ထည့်၍ အပေါ်မှ ဒိန်ချဉ်ထည့်လိုက်သောအခါ သစ်သီးရောင်နှင့် ဒိန်ချဉ်ရောင် နှစ်မျိုးကွဲပြီး စားချင့်စဖွယ် ဖြစ်လာပါသည်။

သစ်သီးဖျော်ရည်ကို အောက်မှခံထည့်ပြီး ဒိန်ချဉ်ကို အပေါ်မှထည့်ကာ စားသုံးပါက တစ်မူထူးခြားစေသည်။ နောက်တစ်နည်းအားဖြင့် သစ်သီးပြုတ်ခြေပြီးသား ဒိန်ချဉ်နှင့် ရောသမမွှေထားခြင်း ဖြစ်သည်။ သစ်ခွဆီနံ့၊ နံ့သာပုဆိန်နံ့တို့ကို ထည့်ပါက ဒိန်ချဉ်နံ့ပျောက်၍ မွှေးကြိုင်သင်းပျံ့သော အာဟာရ တစ်မျိုးကို ရရှိပါလိမ့်မည်။

❐ ထက်နှင်းဝေ



www.burmeseclassic.com

www.burmeseclassic.com



ခိုင်မျှင်လင်း (ရွှေနှင်းဝင်း)

# အင်းဆက်မျိုးရင်းဝင် အဆိပ်ရှိသတ္တဝါများ၊ ပတူ အဆိပ်ဖြေနည်းများ

သတ္တလောကတွင် အင်းဆက်ပိုးမွှားမျိုးရင်း မျိုးစိတ်ပေါင်း ထောင်သောင်းချီ၍ ရှိနေကြပါသော်လည်း အမျိုးအစား ခွဲခြားကြည့်မည်ဆိုလျှင်-

(၁) အပင်ရုက္ခလောကကို ဖျက်ဆီးစားသောက်သော အင်းဆက်မျိုးစိတ်များ

(၂) လူနှင့် အခြားသောသတ္တဝါများကို ရောဂါကူးစက်စေသော အင်းဆက်ပိုးမွှားမျိုးစိတ်များ

(၃) ပင်ကိုသဘာဝ ဇီဝအရ အဆိပ်စူးရှိပြီး အဆိပ်ရှိသည့် အင်းဆက်မျိုးစိတ်များ ဟူ၍ သုံးမျိုးခွဲခြားနိုင်ပါသည်။

ထိုသုံးမျိုးထဲမှ လူနှင့် အခြားသတ္တဝါများကို ၎င်းတို့၏ အဆိပ်ဆူးဖြင့် ထိုးတုပ်ကိုက်ခဲလျှင် အဆိပ်တက်၍ အဆိပ်ပြင်းသည့် ပျား၊ ပတူ၊ ပဆုပ်အနီ၊ နကျယ်ကောင်၊ ပိတုန်းကောင် စသည့် အင်းဆက်နွယ်ဝင်မျိုးစိတ်များ၏နေထိုင်ခိုအောင်း ကျက်စားသွားလာပုံနှင့် ၎င်းတို့၏ အလေ့အထ စရိုက်လက္ခဏာများကို စာဖတ်သူ မိဘပြည်သူများ လေ့လာသိရှိ၍ ဗဟုသုတပွားပြီး ၎င်းအင်းဆက်ပိုးမွှားများ ထိုးတုပ် ကိုက်ခဲမိခဲ့လျှင် အလျင်မြန်ဆုံး အဆိပ်ဖြေပြီး သက်သာပျောက်ကင်းအောင် ပြုစုကုသပေးနိုင်သည့် နည်းစနစ်များနှင့် လက်လှမ်းတစ်မီအတွင်းမှာ ရှိနေကြသော အဆိပ်ပြေစေနိုင်သည့် ဆေးပင်၊ ဆေးပစ္စည်းများကို အသုံးချ၍ ပြုစုကုသပေးနိုင်စေရန် စေတနာစိတ်ဖြင့် စာရေးသူသည် ဤဆောင်းပါးကို လပြည့်ဝန်းမဂ္ဂဇင်းကြီးမှတစ်ဆင့် ရေးသားတင်ပြပေးလိုက်ပါသည်။

ဤနေရာတွင် စာဖတ်သူပရိသတ်ကြီးအတွက် အထူးသိရှိထားပြီး ဗဟုသုတပွားစေရန် လူနှင့်တိရစ္ဆာန်များကို အသေအကျေ အပြိုးတကြီး တိုက်ခိုက်တတ်သော . . .

(၁) စွန်သတ်ပျား၊ ဝံဖျက်ပျားနှင့် လေးပစ်ပျား



www.burmeseclassic.com

www.burmeseclassic.com

(၂) မြေအောင်းပတ္တူနှင့် တုတ်ထိုးပတ္တူ (ပဆုပ်ပနီ)များ အကြောင်းကို ရှင်းလင်းတင်ပြပါမည်။

စွန်သတ်ပျား၊ ဝံဖျက်ပျား၊ လေးပစ်ပျား စသည့် အမည်တွေကတော့ နည်းနည်း ဆန်းပြားနေပါမည်။ ဤသို့ အမည်များ ထွင်ရခြင်းမှာ တောတောင်များထဲတွင် တောပျားများသည်သဘာဝ အလျောက် မိုးလေဝသကင်းစင်ပြီး တောပန်း တောင်ပန်းများ အများဆုံး ဖူးပွင့်ကြသည့် တပို့တွဲ၊ တပေါင်း၊ တန်ခူးလတို့တွင် ပျားများ မျိုးပွားသားပေါက်ရန်အတွက် တောစိုးသစ်ပင်ကြီးများတွင် တောကြီးပျားများ အုပ်စုဖွဲ့၍ ဆန်ပြာဆန်ကောအဝန်းမှသည် လှည်းဘီးအဝန်းနီးပါးခန့် အုံကြီး ကနားကြီး ဖွဲ့ကြပြီး မျိုးဆက်ပွားရေးအတွက် သဘာဝတာဝန်ကြီးတစ်ရပ်ကို ထမ်းဆောင်ကြပါသည်။

ဤသို့ ကြီးမားသော ပျားအုံ၊ ပျားလဘို့ကြီးများတွင် ပျားသားလောင်းကောင်လေးများနှင့် ပျားနို့၊ ပျားရည်၊ ပျားသလက်တို့မှာ ပေါများကြွယ်ဝစွာ ရှိနေပေသည်။

ထိုပျားသလက်၊ ပျားလဘို့ကြီးများကို အငမ်းမရ ကြိုက်နှစ်သက်ကြသော စွန်ငှက်နှင့် ဝက်ဝံ စသော တောတိရစ္ဆာန်များသည် အလုအယက် ထိုးသုတ်ကိုက်ဖျက်ပြီး စားသောက်ဖျက်ဆီးကြလေသည်။ ထိုအခါ ပျားအုံတွင်ရှိသော ပျားအပေါင်းတို့သည် မိမိတို့၏ အသိုက်အမြုံကို ဖျက်ဆီးခံရပြီး ပျက်စီးဆုံးရှုံးမှုကြီးစွာကြုံကြရသဖြင့် ဒေါသအငြိုးအတေးကြီးမားစွာ ဖြစ်ကြပြီး ပျားအုံအနီးသို့ ချဉ်းကပ်လာသော လူနှင့် အခြားတိရစ္ဆာန်များကို အသေအကျေ တိုက်ခိုက်ကြပါသည်။

ဘယ်လောက် အငြိုးကြီးသလဲ ဆိုလျှင် ပျားအုပ်ကြီး လိုက်တုပ်၍ ပြေးသောသူသည် ရေထဲဆင်းပြီးငုပ်နေလျှင်တောင် ရေပေါ်မှာပျံဝဲပြီး နာရီနှင့်ချီ၍ စောင့်နေပြီး တိုက်ခိုက်ကြပါသည်။

ထိုသူသည် ရွာထဲသို့ ဝင်ပြေးလာသော်လည်း ရွာထဲအထိ ပျားအုပ်ကြီးမှလိုက်လာပြီး ထိုးတုပ်ကြသည် အထိ အငြိုးကြီးကြပါသည်။

အလားတူစွာ ကျွဲကျောင်းသား၊ နွားကျောင်းသားများ လေးခွတစ်လက်ဖြင့် တွေ့ကရာ လက်တည့်စမ်းပစ်ခတ်မှုနှင့် ကြုံရသည့် ပျားအုံရှိ ပျားများသည်လည်း ဒေါသအငြိုးကြီးမားစွာဖြင့် တိုက်ခိုက်တတ်ကြပါသည်။

အဆိုပါ စွန်သတ်၊ ဝံဖျက်၊ လေးပစ် ခံခဲ့ရဖူးသော ပျားအုံရှိ ပျားများနှင့် ကြုံရသော ကံဆိုးသူ မောင်ရှင်သည် အသက်အန္တရာယ်ပေးသည်အထိ ဖြစ်တတ်ကြပါသည်။ ထိုပျားမျိုးများတို့ အထူးသတိထားပြီး ရှောင်ကြဉ်ရန် လိုအပ်ပါသည်။

[အကယ်၍ ကံမကောင်း၍များ ဒီလိုပျားအုပ်စုမျိုးနှင့် တွေ့ကြုံလိုက်ရလျှင် သံချောင်းတောင် အိကြာကွေး ဖြစ်သွားမည့်ကိန်း ဆိုက်နိုင်ပါသည်။]

မြေအောင်းပတ္တူ၊ တုတ်ထိုးပတ္တူ (ပဆုပ်ပနီကောင်) စသည့် ပတ္တူမျိုးစိပ်ပေါင်း များစွာရှိသော်လည်း လူ၏ အသက်အန္တရာယ်ကို ပေးတတ်သော အဆိပ်ပြင်းသည့် ပတ္တူမျိုးမှာ . . .

(က) မြေတွင်းအောင်းသော ပတ္တူကြီးမျိုးပင်ဖြစ်ပါသည်။

၎င်းတို့သည် သားစားပျားပတ္တူမျိုးနွယ်ဝင်များ ဖြစ်ကြပြီး အခြားပျားမျိုးတို့လို ပန်းဝတ်မှုန် ဝတ်ရည်ကို မစားသုံးကြပါ။ ၎င်းတို့၏ သဘာဝမှာ တောစပ်တောင်ခြေ မြေပွသည့် အင်တိုင်းမြေနေရာများတွင် မြေကြီးထဲတွင် အသိုက်အုံစွဲ၍ အုံကျင်းဖွဲ့ပြီး ကောင်ရေ များပြားစွာ ပေါက်ပွားကြသည့် အလေ့ရှိပါသည်။

၎င်းတို့ မြေအောင်းကျင်းမှာ အပေါ်ယံမြေသားကို လက်တစ်လုံးသာသာ ပါးပါးလေး ဖုံးအုပ်ထားပြီး အသိုက်ထောင်ချောက်လုပ်ထားကြပါသည်။ ပါးလွှာသည့် ၎င်းကျင်း အပေါ်ယံမြေသားပေါ်သို့ အကြောင်းမသိသော လူနှင့် တောတိရစ္ဆာန်များ တက်ရောက်နင်းမိပါက ကျင်းအပေါ်ယံမြေသားမှာ ကျွံကျပြီး ပတ္တူသိုက်ကျင်းအတွင်းသို့ လူနှင့် တောတိရစ္ဆာန်များ ကျွံကျသွားပြီဆိုလျှင် ပြန်လမ်းမရှိတော့ပါ။ နာရီဝက်အတွင်း အရိုးဖွေးဖွေးသာ ကျန်ပါတော့သည်။ ကျင်းထဲမှ သားစားပတ္တူကောင်ကြီးများမှ ဝိုင်းအုံကိုက်ခဲ စားသောက်ပစ်ကြပါသည်။

(ခ) တုတ်ထိုးပတ္တူ(ပဆုပ်ပနီကောင်)

အဆိပ်ပြင်းသည့် ပတ္တူကောင်နောက်တစ်မျိုးဖြစ်ပါသည်။ ရွာနီးဝန်းကျင် သစ်ပင်၊ ချုံပုတ် စသည်တို့တွင် ပဆုပ်ပနီကောင်၊ ပတ္တူကောင်များ အသိုက်ဖွဲ့၍ နေထိုင်တတ်ကြပါသည်။ ၎င်းတို့သည်လည်း အင်းဆက်ပိုးမွှားများကို ဖမ်းဆီးစားသောက်တတ်သည့် ပျားပတ္တူမျိုးဖြစ်ပါသည်။ သူတို့အသိုက်သည် မီးပုံးပျံလိုလုံးဝန်း၍ အထဲတွင် အထပ်ထပ်နှင့် အနုပညာဆန်လှပါသည်။

ဤသို့ အမြင်ဆန်းပြားနေသည့် သူတို့အသိုက်ကို အချို့သောလူများတုတ်၊ ကျောက်ခဲ စသည်တို့ဖြင့် အကြောင်းမဲ့ပစ်ခတ် ထိုးဖောက် ဖျက်ဆီးတတ်ကြသည်။

ထိုသို့ အသိုက်အမြုံကို ဖျက်ဆီးခြင်းခံခဲ့ရသော ပတ္တူ(ပဆုပ်ပနီကောင်)များသည် အငြိုးအမှတ်ထားပြီး တွေ့ရာမြင်ရာ အသိုက်နားကပ်လာသော လူနှင့် တိရစ္ဆာန်တို့ကို သဲသဲမဲမဲ တိုက်ခိုက်တတ်ကြသည်။ ၎င်းတို့ ဒေါသဖြင့် အုံလိုက်ကျင်းလိုက် အကိုက်ခံရလျှင် အကိုက်ခံရသည့်လူသည် ပြင်းထန်သည့် အဆိပ်တက်ပြီး အသက်အန္တရာယ် ကြုံတွေ့ရတတ်ပါသည်။

ပျားပတ္တူ ထိုးတုပ်၍ အဆိပ်တက်ခဲ့လျှင် ပျားပတ္တူ အဆိပ်ဖြေနည်းများမှာ . . .

(၁) ရှေးဦးစွာ ပျားပတ္တူ ထိုးတုပ်မိခဲ့သည့် ဒဏ်ရာများထဲတွင် ၎င်းတို့၏ အဆိပ်အိတ်နှင့် အဆိပ်သည်များကြောင့်



www.burmeseclassic.com

www.burmeseclassic.com

ကျန်နေတတ်ပါသည်။ ၎င်းအဆိပ်အိတ်နှင့် အဆိပ်ဆူးများကို သေချာစွာရှာဖွေ၍ အရင်ဦးဆုံး ဖယ်ရှားရှင်းလင်းပစ်ပါ။

ပြီးလျှင် ဗီနီကာအရည် တစ်ဆ၊ ရေ တစ်ဆ ရောစပ်ပြီး ကိုက်သည့်နေရာများတွင် သေချာစွာဆုပ်နယ်၍ ဆေးကြောပေးပါ။

(ခ) အကိုက်ခံရသည့် နေရာပေါ်တွင် မန်ကျည်းစေ့ကို ကျောက်ပျဉ်ပေါ်တွင် အတွင်းသား အဖြူသားပေါ်အောင် သွေးပြီး ၎င်းမန်ကျည်းစေ့အဖြူသားနှင့် ကိုက်သည့်နေရာတွင် ကပ်ထားပါ။ အဆိပ်ကို မန်ကျည်းစေ့က စုပ်ယူပြီး ကပ်နေမည်။ အဆိပ်ရည်စုပ်ယူမှု မန်ကျည်းစေ့မှာပြည့်သွားလျှင် ကွာကျလာမည်။ အဆိပ်အရှိန်ရှိနေပြီး နာနေလျှင် မန်ကျည်းစေ့ကို တစ်ဖန် ထပ်၍ ကပ်ထားပေးပါ။

ဤနည်းအတိုင်း ဆက်တိုက်ပြုလုပ်ပေးပါက အဆိပ်ပြေလာမည်ဖြစ်သည်။

(ဂ) ထိုးတုပ်ခံရသည့်နေရာက များပြီး ခန္ဓာကိုယ် နေရာအနှံ့ဖြစ်နေလျှင် "နနွင်း+ကျောက်ချဉ်+နံ့သာဖြူ"ကို များများသွေး၍ တစ်ကိုယ်လုံးကို မကြာခဏ လိမ်းပေးပါက အဆိပ်တက်ခြင်း သက်သာလာမည်။

(ဃ) အကယ်၍ အနီးပတ်ဝန်းကျင်တွင် မရွှေရွက်၊ ခရာနီရွက်၊ မဟာကာကြံဆစ်ရွက်များ စိုက်ပျိုးထားတာရှိလျှင် ၎င်းအရွက်များကို ကြိတ်ခြေ၍ ကိုက်သည့် နေရာများတွင် အရည်ကို လိမ်းပေးပြီး အဖတ်ကို အုံပေးပါ။ ၎င်းသတ္တုအရည်ကိုလည်း ဟင်းစားဇွန်းတစ်ဇွန်း၊ နှစ်ဇွန်းခန့် တိုက်ပေးပါ။

(င) နန်းတွင်း လျှာပွတ်ဆေးကို အလွယ်တကူ ရမည်ဆိုလျှင် ၎င်းဆေးကို ကော်ဖီဇွန်းတစ်ဇွန်းခန့် အမှုန့်ပြု၍ သုံးလေးကြိမ် ရေနွေးပူပူဖြင့် တိုက်ပေးပါ။ [ဤဆေးသည် အဆိပ်ကိုပြေစေ၍ ခန္ဓာကိုယ်မှ တုံ့ပြန်မှုဓာတ်ကိုလည်း လျှော့ချပေးပါသည်။]

(စ) ဝိဇ္ဇာဓရရှောင်ချိုး (သို့) တော်ဇော ဒကာချိုးတို့ဖြင့် သံပရာရည်စိမ်ထားသော ဆေးရည်မျိုး ရှိလျှင် ဤနေရာတွင် အလွန်အသုံးတည့် တန်ဖိုးရှိလှပါသည်။ ၎င်းစိမ်ဆေးရည်ဖြင့် ပျားပတူ ထိုးတုပ်ခံရသည့် ဒဏ်ရာနေရာများတွင် စိမ်ဆေးရည်နှင့် နိုင်နိုင်လိမ်းပေးပါက မကြာမီ အဆိပ်ပြေသွားမည်။

(ဆ) အကယ်၍များ ပျားပတူ ထိုးတုပ်သည့် ဒဏ်ရာများ ရောင်ကိုင်းပြီး အထိ မခံနိုင် နာကျင်နေခဲ့လျှင် မီးကျီးခဲလေး ငါးခဲပေါ်တွင် နနွင်းမှုန့်ကို တစ်ခါတင်လျှင် ကော်ဖီဇွန်းတစ်ဇွန်းခန့်တင်၍ နနွင်းမှိုင်းအငွေ့ များများထွက်လာအောင်လုပ်ပြီး ၎င်းရောင်ကိုင်းနေသည့် နေရာများကို နနွင်းမှိုင်းခံပေးပါ။

ဤသို့ အနည်းဆုံး နာရီဝက်ခန့် နနွင်းမှိုင်းခံပေးပါက ချက်ချင်းအရောင်ကျ၍ သက်သာသွားမည်ဖြစ်သည်။

□ ဦးမင်းဇင် (ရွှေနဝင်း)

# ဘူးပင်ဖြစ်ထွန်းပြီး အသီးမသီးလျှင် သီးအောင် ပြုလုပ်သည့်နည်း

နတ်မောက်ကောင်းမွန်မြင့်

အညာဒေသနှင့် မြေလတ်ပိုင်းတွင် နေအိမ်မိသားစု ချက်ပြုတ်စားသောက်ရန် ဈေးဖိုးသက်သာစေခြင်းအကျိုးငှာ မြေကွက်လပ်လွတ်သမျှ၌ ဘူးစင်ငယ်လေးများဆောက်၍ ဘူးပင်များ စိုက်ပျိုးထားတတ်ကြပါသည်။

ဘူးပင်စိုက်ပျိုးပြီး အပင်ကြီးထွားစည်ပင်သော်လည်း အသီးမသီးခြင်း၊ အသီးမတင်ခြင်း၊ အသီးနည်းပါးခြင်းများ ကြုံတွေ့ရင်ဆိုင်ရပါသည်။

ထိုသို့ အပင်ဖြစ်ထွန်းအောင်မြင်ပါလျက်နှင့် အသီးမသီး၊ မတင်၊ နည်းပါးသောဘူးပင်များအတွက် အောက်ပါအတိုင်း ဆောင်ရွက်ပေးခြင်းဖြင့် အသီးသီး၊ အသီးတင်၊ အသီးများလာပါလိမ့်မည်။

ဘူးပင်မြေ၏အထက် တစ်ပေသာသာခန့်တွင် ဘူးနွယ်ပင်စည်ကို အလယ်မှ ကျွန်းသားသက်ငယ်ကို ထိုးဖောက်တပ်ထားပါ။ မုန်ထုတ်သည်ဟုခေါ်ပါသည်။ ဘူးပင်အခြေကို ရေသက်သက် မလောင်းဘဲ ထမင်းရည် အေးအေး လောင်းပေးပါ။ ဆန်ကွဲ လက်တစ်ဆုပ်၊ နှစ်ဆုပ် ပက်ပေးပါ။

ဘူးပင်စင်တွင် အမဲရိုးငယ်ငယ်များကို ကြိုးနှင့်ချည်ပြီး ချိတ်ဆွဲပေးပါ။ ခမည်းပေးသည့်သဘောဖြစ်ပါသည်။

ဘူးပင်စင်ပေါ်တွင် ပိုးမစား ပိုးမကပ်နိုင်စေရန်အတွက် တစ်ပတ်တစ်ခါ စားဖိုလယ်ပြာကို ပက်ဖျန်းပေးပါ။

အထက်ပါအတိုင်း ဆောင်ရွက်ပေးခြင်းဖြင့် ဘူးပင်သည် ဆယ်ရက်၊ ရက်နှစ်ဆယ်အတွင်း အသီးသီး၍ အသီးထွား အသီးတင်လာပါလိမ့်မည်

□ နတ်မောက်ကောင်းမွန်မြင့်



www.burmeseclassic.com

www.burmeseclassic.com

တစ်နေ့သ၌ ကျွန်ုပ်နေထိုင်ရာ ဗေဒင်ဟောခန်းဖွင့်ထားရာ ရွှေရင်အေး ကျောင်းလမ်း၊ အမှတ်-၁၀၀၅၊ ၁၈ ရပ်ကွက်၊ လှိုင်သာယာသို့ သူငယ်ချင်းဖြစ်သော ၁၉ ရပ်ကွက်မှ မိုးမိုးနှင့် ဗိုလ်အောင်ကျော်အိမ်ရာ မီးခွက်ဈေးတွင်နေသူ မနိုင်တို့ရောက်လာကြလေသည်။ သူတို့ကား ဗေဒင်မေးမည့်သူများမဟုတ်တာ သေချာသည်။

သို့သော်လည်း ဝါသနာတချို့တူသဖြင့် သူငယ်ချင်းဖြစ်ရခြင်း ဖြစ်ပေမည်။ မိုးမိုး၏ အမျိုးသားကား ပန်းပုထုသောပညာဖြင့် မိသားစုကို ဦးဆောင်၍ မနိုင်ကား စက်ရုံတွင်မန်နေဂျာဖြစ်သောဌင်းယောက်ျား ဆုံးသွားပြီဖြစ်သောကြောင့် အလုပ်လုပ်သော သမီးတစ်ယောက်နှင့် အတူနေ၍ မုဆိုးမတို့လောကစံကို ကျော်လွှားရန် ကြိုးစားနေသူဖြစ်သည်။

"ဟိုင်း. . . ဆရာမ"

"ဘာဟိုင်းလဲဟဲ့ မိုးမိုးရဲ့၊ ကိုရီးယားလား၊ ထိုင်းလား၊ ဂျပန်လား နှုတ်ဆက်ပုံက"

"ဘာဖြစ်ဖြစ်ပေါ့ သူငယ်ချင်းရယ်၊ နှုတ်ဆက်တယ်ဆိုရင် ပြီးတာပဲ"

"ကဲ. . . ကော်ဖီဖျော်လာပြီ၊ သောက်လိုက်ကြ၊ ပြီးရင် လာရင်းကိစ္စပြောကြပါဦး"

"ဒီလိုဆရာမရေ ကျွန်မတို့မှာ ရေးစရာ မှတ်စရာစာအုပ်တွေပါတယ်၊ လတ်တလောဖြစ်တဲ့ ရောဂါဘယသေးသေးတွေ လက်တွေ့အမြန်ပျောက်တဲ့ ဆေးမြီးတိုကုထုံးတွေ လိုချင်တယ်၊ ရေးမှတ်ပါရစေ"

"အစီအစဉ်နဲ့ မှတ်တော့မယ်ဆိုရင်တော့ အစီနဲ့အစဉ်နဲ့ ပြောမှဖြစ်မယ်၊ တစ်နေ့တည်းနဲ့တော့ မှတ်လို့ မပြီးနိုင်ဘူးနော်"

"တစ်ပတ် တစ်ခါ လာမယ် ဆရာမ၊ ဟင်းချက်စရာလဲ ဝယ်ခဲ့ပါ့မယ်၊ ဆရာမအလုပ်ချိန်လဲ အဆင်ပြေဖို့ပေါ့"

"ကျေးဇူးတင်ပါတယ် သူငယ်ချင်းတို့ရယ်၊ ကဲ မင်းတို့ကစပြီး မေးပေတော့၊ အက္ခရာစဉ်နဲ့ မေးကြပေါ့၊ ကဲ ပထမ ကကြီးအက္ခရာထဲက တစ်ခုခုစပြီးမေးကြည့်ပါဦး"

"အဲ. . . လက်ရှိပတ်ဝန်းကျင်နဲ့ ပတ်သက်ဆက်နွှယ်နေတဲ့ အနီးဆုံးရောဂါနဲ့ ကုသပုံ ဆေးနည်းပေါ့နော် ဆရာမ၊ အဲဒါမေးကြမယ်၊ အဲ တစ်ခါတစ်ရံမှာ ကလေးများ အမျိုးမျိုးတက်တတ်တဲ့ရောဂါဆိုတာ ရှိတယ်မဟုတ်လား၊ ကဲ ကအက္ခရာစဉ်က ကလေးအတက်တစ်ခုခုဖြစ်ရင် ဆရာမ ဘယ်လိုကုသရမယ်ဆိုတာလေး အမိန့်ရှိပါ"

"မခက်လှပါဘူး၊ ကလေးက ပုံစံအမျိုးမျိုးနဲ့ တက်တာဖြစ်နေပြီဆိုရင် ဣဿရမူလီရွက်ရအောင်ရှာပါ။ကလေးငယ်ရဲ့ နှာဝမှာ အနည်းငယ်ပွတ်ခြေပြီး ရှူလို့ရအောင် ကြိုးစားပေးဖါ့၊ ပြီးတော့ အဲဒီ ဣဿရမူလီရွက်ကို သတ္တုကျအောင်ကျိုပြီး အဲဒီ တက်နေတဲ့ကလေး






www.burmeseclassic.com

www.burmeseclassic.com

ငယ်ရဲ့ ကိုယ်လုံးအနှံ့ လူးပေးပါ၊ ဘယ်လောက်အတက်ကြမ်းပါစေ၊ ကျသွားစေရမယ်"

"ကောင်းလိုက်တာ ဆရာမရယ်"

"ကဲ . . . နောက်တစ်ခုမေး"

"အဲ . . နောက်တစ်ခု **ကလေးငယ်တွေ ချွဲကျုပ်နေတယ် ဆိုကြပါစို့၊ အမြန်ဆုံး သတ်သာပျောက်ကင်းပြီး ထွေတုန်မယ့်အရေး လေးစေတဲ့ ဆေးနည်းလိုချင်ပါတယ်"**

**"ဘာမှ ခက်ခဲရာမရှိပါဘူး၊ ကွမ်းရွက်စိမ်းတို့ အရည်ရအောင် ညှစ်ပါ၊ အဲဒီ ကွမ်းရွက်အရည်ထဲကို** သနပ်ခါးအမြစ် သွေးထားတဲ့အရည်ကို ထည့်ပါ၊ အဲ ပြီးတော့ တခွီးခွီး တရှီးရှီးနဲ့ ချွဲကျပ်နေတဲ့ ရင်သွေးငယ်ကလေးကို တစ်ဇွန်းစာ တိုက်ကျွေးလိုက်ပါ၊ သိသိသာသာ ဝေဒနာ ကျဆင်းသွားပါလိမ့်မယ်"

"ကောင်းလိုက်တာ၊ နောက်တစ်ခုက ကိုယ်ဝန်ရှိခါစ အမျိုးသမီးတွေ မသက်မသာ ခံစားရတဲ့ ပျို့အန်ခြင်း ဖြစ်နေမယ်ဆိုရင် အမြန်ဆုံး သက်သာပျောက်ကင်းစေမယ့် ဆေးနည်းလိုချင်ပါတယ်"

"ဒါလဲ ဘာမှမခက်ပါဘူး၊ ဥသျှစ်သီးမှည့်ကို ဆန်ဆေးရည်ထဲကို ခြစ်ထည့်ပါ၊ ပြီး သကြားသင့်ရုံရောပြီး ဖျော်ရည်ဖြစ်အောင် မွှေပေးပါ၊ ဖျော်ရည်ရလာပြီဆိုရင် သောက်ပေးပါ၊ အဲဒီဖျော်ရည်ကို ကိုယ်ဝန်တည်ခါစ ပျို့အန်တတ်တဲ့ ဝေဒနာရှင်တွေ သောက်သုံးပေးမယ်ဆိုရင် သက်သာသွားပါလိမ့်မယ်"

## ကွမ်းစားထုံး

**"ပြီးတော့ ကွမ်းစားလို့ ရံခါ ထုံးပေါက်ရင် အိုး အလွန်ခံရခက်၊ အစားအသောက်စားတိုင်း စပ်တော့တာပဲ၊ ကွမ်းစားရင်း ထုံးပေါက်ရင် သက်သာပျောက်ကင်းအောင် ဘာတွေလုပ်ရမယ် ဆိုတာ ပြောပါဦး"**

"ဒါလဲ ဘာခက်မှာလဲ၊ ထုံးပေါက်ပြီဆိုရင် လျှာကို **ဒုန်းဆီသုတ်ပေးပါ၊** ကလေးငယ်များ ထုံးကိုင်မိ စားမိမယ်ဆိုရင် အဲဒီကလေးရဲ့ ဒွါရကိုးပေါက်ကို **ရေနွေးစင်ကြယ်စွာဆေးကြောပေးဖို့အရေးကြီးပါတယ်၊ ဒါဆိုရင် ထုံးစားလို့ပေါက်တာ၊ ကိုင်မိလို့ပေါက်တာ၊ အဲဒီဝေဒနာတွေ ပျောက်ကင်းသက်သာသွားပါမယ်"**

## ကြို့တွေထိုးနေလျှင်

"ဆရာမရေ၊ နောက်တစ်ခုက အကြောင်းအမျိုးမျိုးကြောင့် ကြို့ထိုးတာ နည်းမျိုးစုံလဲ သုံးဖူးတယ်၊ ဒါပေမယ့် သက်သာပျောက်ကင်းမယ့်ဆေးနည်း ညွှန်ပြပေးပါ၊ မှတ်ပါရစေ"

"အေး၊ ဒါလဲ ဘယ်နည်းနဲ့မှ မခက်ဘူး၊ ငရုတ်ကောင်းစေ့တွေကို မီးကင်းပါ၊ အိုးကင်းပူ၊ ဒန်အိုးဖုံးပေါ်တင်ပြီးလှော်ပေးပါ၊ အဲဒီအခါ ငရုတ်ကောင်းစေ့ကနေ အငွေ့တွေထွက်လာလိမ့်မယ်၊ အဲဒီအငွေ့ကို ကြို့အဆက်မပြတ်ထိုးနေသူကို ရှူလို့ရအောင် ပြုလုပ်ပေးပါ၊ ရှူသာရှူမိပါစေ၊ ကြို့ထိုးတာကတော့ နှင်နေ ငါသွားပဲ၊ စမ်းကြည့်ကြပေါ့"

"ယုံပါတယ် ဆရာမရယ်"

"ကဲ နောက်တစ်ခုက ဘာလဲ"

## ကလေးငယ် စကားပြောလာဖို့

"နောက်တစ်ခုက ဆရာမရယ် ကလေးငယ်တွေလေ စကားပြောချိန် တန်ရက်သားနဲ့ မပြောဘဲ နောက်ကျနေတာ၊ အဲဒါလေး ဘယ်လိုလုပ်ရမယ်ဆိုတာ ပြောပါဦး ဆရာမရယ်"

"ဘာမှ မခက်တဲ့နည်းပါ . . .

(၁) ကလေးကို ကြက်ဖင်ဆီဘူး ကြော် ကျွေးပါ။

(၂) ကလေးရဲ့ နာမည်ကို သုံးကြိမ်သုံးခါ ခေါ်ပြီး ပေါက်ပေါက်ကျွေးပါ။

(၃) ဘူးသီးခြောက် (အထဲမှအသားများထုတ်ပြီးသား)ထဲ ထမင်းများထည့်ပြီး ကျွေးပါ။

အဲဒီနည်းအတိုင်း ဆောင်ရွက်ကြည့်ပါ၊ စကားပြောချိန်တန်ပြီဖြစ်တဲ့အတွက် ကလေးငယ်ဟာအထစ်အငေါ့မရှိ သွက်သွက်လက်လက် ချက်ချက်ချာချာ စကားပြောလာမှာ ဖြစ်ပါတယ်"

"ထူးဆန်း မှတ်သားဖွယ်ပါပဲ"

## အိမ်ထောင်ရေးသုခ ပြည့်ဝလိုလျှင်

"အရွယ်ရှိနေသေးတဲ့ ကာယစိတ္တ နှစ်ဖြာကျန်းမာကြတဲ့ အိမ်ထောင်ရှင်မောင်မယ်တို့အဖို့ ယရာဝါသကိစ္စနဲ့ မကင်းလွတ်ကြတဲ့အတွက် ပြစ်တင်ရှုတ်ချဖွယ်ရာ မဟုတ်ဘူးလို့ ကျွန်မတော့ မြင်တယ်၊ ကိုယ့်လင်သား ကိုယ့်ဇနီးမယားနဲ့ ချစ်ရည်တူမျှကြတာ ကဲ့ရဲ့ဖွယ်မဟုတ်ပါဘူး၊ လောကီဘုံဝလေ့ အိမ်ထောင်သားမွေးကိစ္စ ရှောင်လွှဲကင်းလွတ်ကြတာ မဟုတ်တော့ မောင်နှံမယ်တို့ လောကီစည်းစိမ် ခံစားလိုကြတာ မမွှတာ သဘာဝကျပါတယ်"

"နေပါဦး၊ အဲဒီလောက် နိဒါန်းချီနေတော့ မိုးမိုး ဘာကိစ္စကို ရည်ညွှန်းချင်တာလဲ၊ ပြော တည့်တည့်"

"ဟို လင်မယားနှစ်ယောက် နှစ်ဦးနှစ်ဖက် ဆန္ဒတွေပြည့်ဝပြီး ကျန်းမာရေး အထောက်အကူပြု ဆေးနည်း လိုချင်တာ"

"ဒီလိုလား၊ ဒါဆို လောကဟိတရာသီကျမ်းကို အခြေခံပြီး တင်ပြရတော့မှာပေါ့ . . .

(၁) အမဲသားကို ဆီနဲ့ကြော်စားပါ။

(၂) ပျားရည်နဲ့ ဆန်လှော်ကို ရောစားပါ။

(၃) ထောပတ်နဲ့ ကလောဆန်ကို ရောစားပါ။ အဲဒီအင်အားဖြစ်စေတဲ့ ဆေးကောင်းဝါးကောင်းတွေ မှီဝဲမယ်ဆိုရင် စိတ်သွားတိုင်းကိုယ်ပါ လိုရာဆန္ဒပြည့်ဝ ပျော်ရွှင်ပါလိမ့်မယ်လို့ အာမခံပါတယ်"

"အများအတွက် မှတ်တာပါ ဆရာမရယ်"

## ကြွက်နို့

"ပြီးတော့ မကြာခဏ တွေ့ရကြုံရတဲ့ ရောဂါတစ်ခု ရှိတယ်၊ အဲဒါ





www.burmeseclassic.com

www.burmeseclassic.com

ကြွက်နို့ရောဂါ၊ အဲဒါကို ဘယ်လိုပျောက် အောင် ကုရမလဲဆိုတာ ပြောပါဦး ဆရာမရယ်"

"ဒါလဲ ဘာမှမခက်ပါဘူး မမိုးရဲ့၊ ကြောင်လျှာပင်ရှိရင် အဆင်ပြေပြီလို့သာ မှတ်လိုက်တော့၊ ကြောင်လျှာပင်က အခေါက်ကို ဖဲ့ခွာပြီး ကျောက်ပျဉ်မှာ ရေနဲ့ခပ်ပျစ်ပျစ်ကလေး သွေးလိုက်ပါ၊ သွေးပြီးသားကို အဲဒီပထမဆုံးပေါက်တဲ့ ကြွက်နို့ကို အမြဲမပြတ် လိမ်းပေးရမယ်၊ တစ်ရက်ထက်တစ်ရက် အဲဒီကြွက်နို့ဟာ ပျော့ပျောင်းသေးငယ်သွားပြီး မကြာမီ ပျောက်ကင်းသွားပါလိမ့်မယ်"

"ကောင်းပါပေ့ရှင်"

## ခါးနာခါးကိုက်

"အလုပ်ပျက် အနေအထိုင်ခက် ဝေဒနာခံစားရတဲ့အထဲမှာ အဆိုးဆုံး ဝေဒနာတစ်ခုက ခါးနာ၊ ခါးကိုက်ပဲဆရာမရေ၊ ပျောက်ကင်းသက်သာမယ့်နည်း လေးရှိရင် လမ်းညွှန်ပေးပါဦး"

"ဒါလဲ ဘာမှမခဲယဉ်းဘူး၊ အညာ အရပ်ဒေသတွေမှာ သားကောင်လိုက်တဲ့ (အထူးသဖြင့်) ဖွတ်ဖမ်းဆီးသူတွေနဲ့ အဆက်အသွယ်ရရင် ကောင်းပြီ၊ အဲဒီ ဖွတ်ဖမ်းလို့ရရင် ဖွတ်ကိုချည်နှောင်တဲ့ ကြိုးက အရေးပါတဲ့ပစ္စည်းပဲ၊ ခါးနာ ခါး ကိုက်နေတဲ့လူကို အဲဒီဖွတ်ဖမ်းတဲ့ ချည်တဲ့ ကြိုးနဲ့ ခါးကိုပတ်ပြီး ချည်ပေးထားမယ်ဆိုရင် အဲဒီခါးကိုက်ခါးနာဟာ ယူပစ်လိုက်သလို ပျောက်သွားမှာပဲ"

"ဆရာမ ဖွတ်ဖမ်းတဲ့ကြိုးမရလို့ ရှိရင်ကော"

"အဲဒါဆို ရေကူးတာ၊ ဘားတန်းမှာခိုတာ၊ လေ့ကျင့်ခန်းလို လုပ်မယ်ဆိုရင် ပျောက်တယ်၊ စမ်းကြည့်ရမှာပေါ့"

## ခေါင်းအုံဇက်လေး ပျောက်သည့်ဆေး

"ဆရာမ၊ ခေါင်းတွေအုံ ဇက်တွေလေးလာပြီဆိုရင် နောက်ဆက်တွဲ ဝေဒနာတွေပါ ပါတတ်လို့ အဲဒါပျောက်ကင်းစေတဲ့ ဆေးနည်းလိုချင်ပါတယ် ဆရာမ"

"ဘာမှ မခက်ပါဘူး မမိုးရယ်၊ ရေသန့်စင်စွာ ဆေးကြောထားတဲ့ ကွမ်းအရွက်အနေတော် ၄၅ ရွက်၊ သကြား ၄၅ ကျပ်သားတို့ကို ပုလင်းကြီးတစ်လုံး အတွင်းထည့်ပါ၊ တစ်ဖန် မိမိသောက်နိုင်မယ့် ဖန်ခွက်တစ်လုံးနဲ့ ရေ ၄၅ ခွက်ကို အဆိုပါ ပုလင်းထဲကိုထည့်ပါ၊ အဖုံးကို လုံအောင်ပိတ်ထားရမယ်၊ သုံးရက်ပြည့်မြောက်သောအခါ ပုလင်းအဖုံးကို ဖွင့်ပြီး တစ်ရက်လျှင် တစ်ခွက်နှုန်းကျ သောက်ပေးရပါမယ်၊ ၄၅ ရက်တိတိ ပြည့်လေပြီးနောက်ပိုင်းဝယ် ခေါင်းအုံဇက်လေးခြင်းမှ နောက်ဆက်တွဲဖြစ်ပေါ်လာနိုင်တဲ့ ရောဂါဝေဒနာများ အနားပင်မကပ်နိုင်လောက်အောင် ဝေးကွာသွားပါလိမ့်မယ်ပေါ့"

"ကောင်းလိုက်တာ ဆရာမရယ်၊ မှတ်ပါ့မယ်"

## ခေါင်းတစ်ခြမ်းကိုက်နေလျှင်

"ပြီးတော့ ဆရာမ တစ်ခေါင်းလုံး မဟုတ်ဘဲ တစ်ခြမ်းတည်းသာ ကိုက်တာမျိုးတွေဖြစ်ရင် ဘယ်လိုဆေးမျိုးတွေ ကုသရမယ်ဆိုတာ ရေးပါဦး၊ ပြောပါဦး ဆရာမရယ်"

"အင်း. . . ဒါလဲ ဘာမှမခက်ပါဘူး၊ ငရုတ်ကောင်းစေ့ သုံးစေ့ကို ထောပတ်နဲ့ရောပြီး အမှုန့်ဖြစ်အောင် စေးထန်းပြီး ရေနယ်အောင် ကြိတ်ပေးပါ၊ ထိုသို့ကြိတ်ပြီးပါက အကြမ်းပန်းကန်လုံး ထဲထည့်ပြီး ရေအနည်းငယ် ထည့်ဖျော်ပါ၊ ပြီးရင် နားကျပ်တဲ့ဂွမ်းစနဲ့ ထိုအရည်တို့၌ ခေါင်းကိုက်ရာ အနီးဆုံးနားအား ကျပ်ပေးပါ၊ မကြာခဏ ကျပ်ပေးပါ၊ တစ်ခြမ်းကိုက်ခြင်းမှ ပျောက်ကင်းသွားလိမ့်မယ်"

"ရှေးတုန်းက နည်းပေါ့နော်"

## ချို့တဲ့အားအင် ပြည့်စေချင်သော်

"ဆရာမ၊ ကျားမ မရွေး လူကြီးလူငယ်မရွေး အားအင်ချို့တဲ့ရောဂါတွေများ အတကယ်၍ ရနေ ဖြစ်နေရင် ဘာဆေးများ သောက်ရ စားရပါ့မလဲ၊ ပြောပြပါဦး ဆရာမရယ်"

"ဒါလဲ ဘာမှမခက်ပါဘူး၊ ခရမ်းချဉ်သီးကို မီးဖုတ်ပါ၊ ကြက်သွန်နီဥကြီးများကို အကွင်းလိုက်လှီး၍ ဆီ၊ ဆား၊ ငါးပိဖုတ်တို့နဲ့ရော၍ သုပ်စားပါ၊ ငွေတုန်သက်သာပြီး အားအင်ပြည့်ဖြိုးပါမယ်၊ ကြက်သွန်နီဥကြီးကို မီးဖုတ်ကျွေးလျှင်လည်းကောင်း၊ ကြက်သွန်နီဥမီးဖုတ်နဲ့ ငါးပိဖုတ်တို့ကို ဆုံထဲထည့်ထောင်း စားပေးမယ်ဆိုရင်လည်း အလွန်အကျိုးထိရောက်ပါတယ်"

## ဆီးဝမ်းမှန် အပူငြိမ်းစေဖို့

"ဆရာမ၊ လူတွေမှာ ဆီးဝမ်းမှန်ပြီး သွေးလေမှန် အပူငြိမ်းဖို့ ဘယ်လို အစားအစာများ စားရမယ်ဆိုတာ သိချင်ပါတယ် ဆရာမ"

"အင်း. . ဒါလဲ မခက်လှပါဘူး၊ သင်္ဘောသီးအစိမ်းရရင် အဆင်ပြေပါပြီ၊ သင်္ဘောသီး ထက်ခြမ်းခွဲ၊ အစေ့ဖယ်၊ အသားမျှင်များရအောင် ခြစ်ထုတ်ပါ၊ ပြီးရင် သကြားနဲ့ယိုထိုးပါ၊ အဲဒီသင်္ဘောသီးယို (အစိမ်းယို) နေ့စဉ်စား၍ ရေကို ဝအောင်သောက်ပေးပါက ဆီးဝမ်းသွေးလေ ညီညွတ်ပြီး အပူတွေငြိမ်းသွားပါလိမ့်မယ်"

"ကောင်းတဲ့ဆေးနည်းပဲ ဆရာမရယ်"

"ကဲ ဒီတစ်ပတ်တော့ ခဏနားလိုက်မယ်၊ လက်ဖက်ရည်သောက်ကြပါဦး"

❒ သုန္ဒရာစိုး (ရွှေရင်ခအေး)

<u>မှီငြမ်း</u>

လက်တွေ့အသုံးချ ရွက်ခေါက် မြက်သီး ဆေးမြီးတိုများ၊ သုတေသီဆရာငြိမ်း။

လက်တွေ့ အနာပေါက်ကုထုံးကျမ်း၊ ဦးအုန်းရွှေ။



www.burmeseclassic.com

www.burmeseclassic.com

# ယောက္ခမ စစ်ဆင်ရေး

## ကိုရွှေတောသား



အချိန်အခါ မဟုတ်ပါဘဲနှင့် သိကြားမင်း၏ ဝရဇိန်လက်နက်က အဖျားခတ်သွားလေရော့သလားမသိ။ ကိုဘကျော်၏ ဦးခေါင်းတစ်ခုလုံး သွက်သွက်ခါသလို ဖြစ်သွားခဲ့သည်။

အကြောင်းရင်းက အသို့နည်း။

ဇနီးဖြစ်သူ ကျောင်းဆရာမ မြောင်းမြ ဆရာအတတ်သင်သိပ္ပံသို့ တစ်လခွဲကြာမျှသင်တန်းသွားတက်သည့် သမယ အလွတ်လပ်ကြီး လွတ်လပ်ကာ အဖော်အပေါင်းတွေနှင့် သောက်စား ပျော်ပါးမည်ဟူသောအကြံသည်အထုပ် အပိုးတွေနှင့် ယောက္ခမ (အထီး)ကြီး အိမ်ပေါ်သို့ရောက်လာလေသောအခါ-

(ဟုတ်ကဲ့) အချိန်အခါ မဟုတ်ပါဘဲနှင့် သိကြားမင်း၏ ဝရဇိန်လက်နက်က အဖျားခတ်သွားဘိသည့်အလား ကိုဘကျော်၏ ဦးခေါင်းတစ်ခုလုံး သွက်ခါသလိုဖြစ်သွားခဲ့လေသတည်း။

*

"ဟကောင်ဘကျော်ရ ငါက ဒီကိုရောက်လာချင်လို့ ရောက်လာရတာ မဟုတ်ဘူး၊ တင်တင်က အဖေရယ်၊ တင်တင် ဆရာအတတ်သင် သွားနေတဲ့သမယ အဲဖေ့သမက် ကိုဘကျော် နေရထိုင်ရတာ အဆင်ပြေမှာ မဟုတ်ဘူး၊ သွားနေပေးပါဆိုပြီး ချောစာ ပို့လိုက်လို့ ရောက်လာရတာဟ၊ ရောက်လာရတာ"

စကားပြောပုံကိုက ဟကယ့်ကို အကျော့ကြီး။

သူ့သမီး၊ တင်တင်၏ မျက်နှာကိုထောက်၍ "ဟုတ်ပါတယ်အဖေ၊ မှန်ပါတယ် အဖေ၊ ကျေးဇူးတင်ပါတယ် အဖေ"နှင့် တဖေဖေ စကားတွေ ဟုန်လုပ် ဝေနေရသော်ငြား စိတ်ထဲမှာတော့ အကွက်စေ့အောင် ဇာတ်ပန္နက်ချသွားသောဇနီးသည်တင်တင့်အပေါ်၌ ကျွဲမြီးတို၏။ သင်တန်းပြီးလို့ ပြန်လာတဲ့အခါကျ ရင်ဖြင့်ဟူ၍ တေးထားလိုက်မိ၏။ ထို့ပြင်တစ်ဝ သမီးကို ကြည့်၍ ရသလောက် ယောက္ခမကိုမူ တစ်စက်ကလေးမျှ မေတ္တာသက်ဝင်ခြင်းငှာ လုံးစ လုံးဝ မရလေသည်မို့ တစ်လခွဲလောက် ကိုယ့်အိမ်ကိုယ့်ရာမှာ အကျဉ်းကျခံနေတော့မှာ သေချာသည်။

တင်တင်၏ အစီအမံကအကွက်စေ့၏။

သူမရှိသည့် တစ်လခွဲလုံးလုံး အတွက် ထမင်းဆိုင်တစ်ဆိုင်နှင့် ချိတ်ဆက်လုပ်ကာ ကိုဘကျော်တို့ သမက်နှင့် ယောက္ခမတို့အား စားသောက်ရေးကို ငြိမ်းစေခဲ့၏။ ယောက္ခမကြီးကား ပုတီးသမား ဖြစ်ဟန်တူ၏။ ညာဘက်လက်၌ ပုတီးတစ်ကုံးကို အမြဲတစေ ပတ်ထားလေ့ရှိ၏။ ဘယ်အချိန်မှာ စိပ်သလဲတော့ မသိ။ ဘုရားသွားတာလည်း မတွေ့ရ။ အိမ်ထဲမှာ ပက်လက်ကုလားထိုင်ပေါ် မြိန့်မြိန့်ကြီးထိုင်ကာ ဆေးပြင်းလိပ်တစ်တိုနှင့် နှစ်ပါးသွားလေ့ရှိစမြဲ။

သည်လိုမျိုး လူကြီးသူကြီး တစ်ယောက် ငုတ်တုတ်ကြီး ရှိနေပါလျက် မောင်ယုတို့၊ ဖိုးကျော်တို့၊ အောင်ကြီးတို့လို့ ကဖော်သမားတွေကို အိမ်ခေါ်လျက် တပေးပေး တဟားဟား တပျော်တပါးကြီး သောက်ပွဲတော်



www.burmeseclassic.com

www.burmeseclassic.com

ဆင်နွှဲမည်ဆိုလျှင် ဘယ်လာ၍ တင့်တယ်ပါတော့မည်နည်း။ နဂိုကတည်းက ကိုယ့်ကိုအပျော်အပါးမဖက် အသောက်အစား နတ္ထိဆိုသည့် မဟုတ်ကဟုတ်က လိမ်ညာထားသော ဂုဏ်ပုဒ်ကလေးကို မထိပါးနိုင်။

သည်ယောက္ခမကြီး ပြန်မကြွမချင်း ကိုဘကျော်အဖို့ စိတ်ညစ်နေရမှာတော့ သေချာသည်။ သည်အကြောင်းတွေကို သူတော်ချင်းချင်း သတင်းလွှေ့လွှေ့ တွေ့ကြတော့ တစ်ယောက် တစ်ပေါက်နှင့် ဗိုင်း၍ အကြံဉာဏ်ပေးကြကုန်သည်။

“ဟိုက် ရှား။ မပူနဲ့ ဘကျော်၊ ဘာမှမပူနဲ့၊ ကိုယ်က မိန်းမသုံးယောက်တိတိတောင် ယူခဲ့ဖူးတဲ့သူ ဆိုတော့ ယောက္ခမအတွေ့အကြုံ တစ်ပုံကြီးရှိတယ်”

“မိန်းမအတွေ့အကြုံလဲ တစ်ပုံကြီးပေါ့ ဟုတ်လား ကိုကျော်”

“မှန်တာပေါ့၊ ယောက္ခမ အတွေ့အကြုံ၊ မိန်းမအတွေ့အကြုံတွေ ပေါင်းစပ်ပြီး စာရေးဆရာ လုပ်စားရင်တောင် နာမည် ခုလောက်ဆို ကြီးပြီ”

“ကိုင်း ထားပါတော့၊ ခု လောလောဆယ် ယောက္ခမကြီး အိမ်ကနေ သူ့သဘောနဲ့သူ ဆင်းသွားဖို့ အရေးကြီးတယ်၊ အဲဒီကိစ္စပဲ ပြောပျာ”

“အေးပါ ဘကျော်ရဲ့၊ ဉာဏ်နီဉာဏ်နက်တွေက ဟောသည် ငါ့ခေါင်းထဲမှာအပြည့်အသိပ်ပါ၊ ငါတို့ကလဲ မင်း ဆင်နွှဲချင်တဲ့ ယောက္ခမတော်လှန်ရေးကို အထူးတလည်အားပေးပါတယ်၊ ဒါထက် မင်း မှုတ်တတ်တယ်မဟုတ်လား”

“ဘာ ဟေ့လူ ကိုကျော် ခင်ဗျား မရိုင်းနဲ့”

“ဟာ ငါမေးတာ ဘာရိုင်းလို့လဲကွ၊ မင်းကိစ္စနဲ့ ဆက်စပ်နေလို့မေးတာ၊ ဘာဂျာနဲ့ ပလွေတို့၊ နှဲတို့ မှုတ်တတ်သလား မေးတာပါ”

“မေးချင်ရင်လဲ အဲသလို စုံစုံစေ့စေ့ မေးမှပေါ့ဗျာ၊ ကျုပ် ဘာဂျာတို့ ပလွေတို့ မရဘူး၊ အဲ နှဲကျတော့ နည်းနည်းရတယ်၊ လူပျိုဘဝတုန်းက ရပ်ကွက်ဒိုးပတ်ဝိုင်းမှာ ကျုပ်က နှဲသမားလေ”

“ဒါဆို ဟန်ကျပြီ၊ မင်း မှုတ်ဖို့ နှဲတစ်လက်ရယ်၊ ကျန်တဲ့ ငါတို့ သုံးယောက်မှုတ်ဖို့ နှဲသုံးလက်ရယ်တော့ ရှင်းရမယ်”

“ဟာ ဘာလုပ်မလို့လဲ၊ နှဲဆိုတာ မမှုတ်တတ်ဘဲ မှုတ်ရင် အင်မတန် နားကြားပြင်းကတ်စရာကောင်းတယ်နော်”

“ကိစ္စမရှိပါဘူးကွာ၊ မင်းအိမ်က ရပ်ကွက် အစွန်မှာပဲဟာ”

မှန်သည်။ ကိုဘကျော်အိမ်က ရပ်ကွက်အစွန်မှာဖြစ်၏။ သေးပတ်ဝန်းကျင်မှာ ခြံတွေရှိသော်ငြား လူတွေ လာမနေကြသေး။ ကိုကျော်က အသက်အကြီးဆုံးပီပီ သူ၏ အကြံဉာဏ်ကို ချပြသည်။ ကိုဘကျော်၏ အိမ်မျက်နှာစာမှာ ဆိုင်းဘုတ်တင်မည်။

*မြန်မာ့အနုသုခုမ ဂီတပညာကို*
*မြတ်နိုးသူများအတွက်*
*နှဲ ဆရာဘကျော်၏*
*တစ်လခွဲအပြတ် နှဲသင်တန်းကြီး*

ဆိုသည့် ဆိုင်းဘုတ်။ နှဲဆရာက ဆိုင်းဘုတ်ပါအတိုင်း ကိုဘကျော်။ နှဲပညာကို သင်ကြားမည့် တပည့်တွေက ဖိုးကျော်၊ မောင်ယုနှင့် အောင်ကြီးတို့ပဲ ဖြစ်သည်။ သူတို့အားလုံးပင် တစ်မှုဟုတ်ချင်းဆိုသလို တစ်ကျိတ်တည်း တစ်ဉာဏ်တည်း ဖြစ်သွားကြလေသတတ်။

*

ယောက္ခမကြီး ဦးတက်တူကား အိမ်ပေါက်ဝ၌ ချိတ်ဆွဲထားသော ဆိုင်းဘုတ်ကိုမြင်တော့ ဘာမျှမပြော။ ခေါင်းတဆတ်ဆတ်ညိတ်ကာ ဆေးပြင်းလိပ်တိုကို မီးညှိလျက် ပက်လက်ကုလားထိုင်၌ ငြိမ့်နေလေတော့၏။ ကုလားထိုင် ထိုင်ရသည်ကို ညောင်းညာလျှင် ခြံထဲဆင်းကာ ဟိုဟိုသည်သည် လျှောက်မည်။ ပြီးလျှင် အခန်းတွင်းရှိ ခုတင်သို့ ပြန်လာကာ ခါးဆန့်မည်။

ဤအချိန်ကျကာမှ လက်မှာ ပတ်ထားသည့် ပုတီးကိုဖြုတ်၍ စိပ်လေမည်လား မပြောတတ်။ ခါတိုင်း ဘယ်မှာမှ ပုတီးစိပ်သည် မတွေ့ရ။ ဘယ် ဘုရားကျောင်းကန်ကိုမှလည်း မသွား။ အိမ်အတော်မြဲသည့် ပုဂ္ဂိုလ်ကြီးပါတည်း။

“သင်းကပဲ အိမ်မှာမြဲနိုင်မလား၊ ငါတို့ကပဲ အိမ်မှာ ကဲနိုင်မလားဆိုတာ မကြာခင် အဖြေသိရစေမယ်ဟေ့”

ကိုဘကျော်၏ ရင်တွင်းစကားများပင်တည်း။ မကြာခင်မှာပင် နှဲ ကိုယ်စီကိုင်ချက် မျက်နှာပိုးသတ်ထားကြသော ဖိုးကျော်တို့ သုံးယောက် ရောက်လာခဲ့ကြသည်။

“မောင်ဘကျော်၊ အဲဒါ မင်းရဲ့ သင်တန်းသားတွေလား”

“ဟုတ်တယ် အဖေ၊ သူတို့ကို ကျွန်တော်က သင်တန်းပေးရမှာ၊ အဲဒီအတွက် အဖေ့ကို ပြောဆိုတိုင်ပင်မှု မပြုမိတာ ခွင့်လွှတ်ပါ အဖေ”

“ဟာ မလိုပါဘူးကွာ၊ သမ္မာအာဇီဝကျတဲ့ အလုပ်ကို လုပ်တဲ့ဟာပဲ ဥစ္စာ ဘာတိုင်ပင်နေစရာ လိုမှာလဲ”

“မဟုတ်သေးဘူး အဖေရဲ့၊ ကျွန်တော့်သင်တန်းက ကျောင်းစာသင်တဲ့ သင်တန်းမဟုတ်ဘူး၊ နှဲသင်တန်း အဖေရဲ့၊ နှဲသင်တန်း၊ နှဲဆိုတာ အမှုတ်မတတ်ရင် အင်မတန် နားကြားပြင်းကတ်စရာ ကောင်းတယ်၊ ကျွန်တော်တောင် လူနေအိမ်ခြေဝေးတဲ့ နေရာမို့ ဖွင့်တာ၊ တကယ်လို့များ ကျွန်တော်တို့ သင်တန်းက နားမခံသာအောင် ဆူလွန်းရင် ခွင့်လွှတ်ပါ အဖေ”

“အေးပါကွာ၊ အေးပါ”

ထိုမျှသာပြောပြီး ဆေးပြင်းလိပ်တိုကြီးကိုက်လျက် အိမ်တွင်းသို့ ဦးတက်တူ ဝင်သွားခဲ့သည်။

ဤတွင် ကိုဘကျော်တို့ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်လျက် ပြုံးလိုက်မိကြသည်။ အချင်းချင်း လက်ကိုယ်စီ ထောင်ပြလိုက်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com

ပွဲလှုပြီဆိုသည့် သဘော။

"ကိုင်း တပည့်တို့. . . တို့များရဲ့ မြန်မာ့ဂီတမှာ အခြေခံအနေနဲ့ မှတ်သားရမှာကတော့ ကြေး၊ ကြိုး၊ သားရေ လေ၊ လက်ခုပ်တဲ့၊ အဲသည့် တူရိယာတွေ ပေါင်းစည်းဖွဲ့စပ် တီးမှုတ် တီးခတ်ရာကနေ ဂီတတွေ ဖြစ်ပေါ်လာရတယ်၊ ခု တို့များ သင်ကြားပို့ချမယ့် နှဲတူရိယာဟာ ကြေးအမျိုးအစားထဲမှာပါသလား၊ ကြိုးအမျိုးအစားထဲမှာ ပါသလား၊ သားရေအမျိုးအစားထဲမှာ ပါသလား၊ လေအမျိုးအစားထဲမှာ ပါသလား၊ လက်ခုပ်အမျိုးအစားထဲမှာ ပါသလား"

"လေ အမျိုးအစားထဲမှာ ပါ, ပါတယ် ဆရာ"

"ဟုတ်တယ် ဒါ သိပ်မှန်တယ်၊ လေ အမျိုးပေါင်း (၈၀)ရှိ၊ အဲ အဲ နှဲဟာ လေတူရိယာမှာ ပါဝင်တယ်၊ မြန်မာသံစဉ် ခုနစ်ပါးရှိတယ်၊ လက်တွေ့ ဆရာ မှုတ်ပြမယ်"

ဟုတ်သည် မဟုတ်သည် မသေချာ။ စကားလုံးကြီးကြီးကျယ်ကျယ်နှင့် ယောက္ခမကြီးဦးတက်တူ ကြားအောင် ပြောပြီးနောက် ဆရာကိုင်နှဲကို ယူကာ ပါးစပ်တွင် တေ့လျက် မှုတ်ချင်ရာ မှုတ်ချလိုက်၏။

"ကော့်ကော် ကော်ကော့်ကော် ကော ကော့ကော်ကော် ကော်"

"ကိုင်း နားထောင်လို့ နားဝင်ပီယံ ဖြစ်တယ် မဟုတ်လား"

"ဖြစ်တယ် ဆရာ၊ သိပ် နားထောင်လို့ ကောင်းတာပဲဆရာ၊ ကျွန်တော်တို့လဲ ဆရာ့လို နားထောင်ကောင်းအောင် မှုတ်တတ်ချင်တယ်"

"မှုတ်တတ်ရစေ့မယ် စိတ်ချ၊ အားလုံး ကျွမ်းကျွမ်းကျင်ကျင်နဲ့ကို မှုတ်တတ်ရအောင် အခြေခံကကို စပြီးသင်ပေးမှာပါ၊ နှဲမှာ အကိုင်အတွယ် လက်နေလက်ထား၊ အငုံ၊ အမော့ အယမ်း၊ အခါ၊ အငွေ့အဝိုက် အရေးကြီးတယ်၊ နှဲများ တကယ်ချွဲလာပြီဆိုရင် တယောကတောင် လက်မှိုင်ချသွားရမယ်"

အာပေါင်အာရင်း သန်သန်ဖြင့် မဟုတ်က ဟုတ်ကတွေ လက်ချာရိုက်ပြီးသည့်နောက် နှဲကိုင်ပုံ ကိုင်နည်း၊ လေအထိန်းအချုပ်၊ လက်ပေါက်ကွက်များ စသည်ဖြင့် ပြသကာ မှုတ်ခိုင်းလိုက်သည်။

"ကော် ကော်ကော် ကော ကျိ"

"ကွီ အီအီ ကင် ကင် ကန် ကန် ကော့"

"ကော် ကူးကယ်၊ ကာ ကာ ကီ"

စည်းမကျ ဝါးမကျ မညီမညွတ်သော သံစဉ် အကျိုးအပျက်တွေက ကိုဘကျော်၏ တစ်အိမ်လုံးကို လွှမ်းခြုံသွားတော့၏။ ဖိုးကျော်တို့ မှုတ်ချက်က ဘယ်ကလောက်တောင် ပြင်းလေသည် မသိ၊ စူးရှလေသည်မသိ၊ သင်တန်းဆရာဖြစ်သော ကိုဘကျော်ပင်လျှင် နားနှစ်ဖက်ကို ပိတ်ထားရချေ၏။ အိမ်ခန်းထဲရှိ ယောက္ခမကြီးဆိုလျှင် နားကြားပြင်းကတ်လျက် သူ့ရပ် သူ့ဇာတိသို့ အမြန်ပြန်ချရာ အထုပ်အပိုးတွေ ပြင်နေပြီလား မသိ။

"ဒါထက် နှဲနဲ့ ခေတ်ပေါ်စတီရိယို သီချင်းတွေ ဘာတွေ မှုတ်လို့ရသလား ဆရာ"

"ရတာပေါ့မောင်ယုရယ်၊ သံစဉ်တွေ ကျေညက်နေပြီဆိုတော့ ဘယ်လိုမှုတ်မှုတ် မိုင်နာပါပဲ၊ သီချင်းကြီး သီချင်းခန့်တွေ ကျေညက်နေရင် ဘာလာလာ မှုတ်လို့ရတယ်၊ တို့မြန်မာ့ဂီတမှာ နားကအခရာပဲဟာ၊ သူများလို နုတ်တွေ ဘာတွေတောင် ကြည့်နေဖို့ မလိုဘူး"

"ဒါဆို အဆိုတော် စံလင်းရဲ့ သီချင်းတစ်ပုဒ်ကို ကျွန်တော် ဖျက်ဆိုမယ်၊ ဆရာ နောက်က လိုက်မှုတ်ပေး"

"ရတယ် မောင်ယု၊ ရတယ်၊ ကိုင်း . . . ဆိုစမ်း"

ကိုဘကျော်တို့ နှဲသင်တန်းက အရှိန်ရနေပေပြီ။

ဖိုးကျော်စိန်နှင့် အောင်ကြီးက နှဲများကို ချလျက် လက်ခုပ်တီးပေးရန် အဆင်သင့်။

ထိုစဉ်မှာပင် မောင်ယုလည်း အသံပြဲကြီးဖြင့် သီချင်းကို အော်ဆိုလိုက်လေ၏။

"ဝီစကီလေး တမော့မော့ ဆိုင်ကယ်မောင်းထွက်လာ၊ လက်ကိုင်ကို မနိုင်နင်းတော့ ကားနဲ့တိုက်ပြီ၊ အသက်ခန္ဓာ အမြန်စဲတော့ ဖဲဝိုင်းလုပ်မယ်"

"ကော်ကော်ကော့ ကော့ကော့ ကော်ကော် ကောကော့ကော်. . ကော့ ကော်ကော် ကော်ကော်ကော. . ကော ကော ကော့်ကော်. . . တော့ ကော် ကော်. . ကော် ကော်ကော်. . ကော ကော ကော့်ကော်. ."

"ဝေး ပေးပေး ဂွတ်တယ် ဂွတ်တယ် ရှိုး ဖြောင်း ဖြောင်း"

တစ်အိမ်လုံးမှာတော့ ကုလားသိုက်ထဲ ကျားဝင်သည့်အလား ဝရုန်းသုန်းပါးဖြင့် ပြောင်းဆန်နေကြလေပြီကော၊ အခန်းထဲရှိ ယောက္ခမကြီး ဝုန်းဒိုင်းကြလေမလား ဟူ၍လည်း တွေးမိပါသေးတော့။

"ဒီနေ့ အဖို့တော့ ဒီလောက်ပဲထားလိုက်ကြဦးစို့ရဲ့၊ မနက်ဖြန်ကျရင် မြမန်းဂီရိကို စတက်ပေးမယ်၊ အခြေခံနဲ့ စတာကောင်းတယ်၊ အခြေခံပိုင်ပြီဆိုရင် ကိုယ့်ဘာသာကိုယ် ကွန့်ချင်သလောက် ကွန့်၊ ညွန့်ချင်သလောက် ညွန့်ကြပေရော့"

"ကောင်းပါပြီဆရာ၊ ကျွန်တော်တို့ကို ပြန်ခွင့်ပြုပါဦး၊ နှဲတွေတော့ ဒီမှာပဲ ထားခဲ့မယ်"

"ကောင်းပြီ ထားခဲ့၊ အဲ ဆရာလဲ အပြင်ထွက်ချင်တာနဲ့ အတော်ပဲ၊ အတူ လိုက်ခဲ့မယ်"

လိုက်မသွားလို့ မဖြစ်။

ကျန်နေခဲ့လို့ကတော့ ယောက္ခမကြီး ဦးတက်တူနှင့် ထိပ်တိုက်ရင်ဆိုင်ရမှာ မဟုတ်လား။

*

စားသောက်ဆိုင်တစ်ခုမှာ ဝိုင်းဖွဲ့ကြရင်း သူတို့ အားလုံး တပေးပေး တဟားဟား ဖြစ်နေကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com

"ဖိုးကျော် အကွက်ချတာ ပိုင်သကွာ၊ ကိုဘကျော်ရဲ့ ယောက္ခမကြီးတော့ ဘယ်လိုနေမယ် မသိဘူး၊ တို့တောင် နားအုံတွေ နားရင်းတွေ ထူပူနေကြပြီ"

"ငါ့အထင်တော့ ကိုဘကျော်အိမ်ပြန်ရောက်ရင် ယောက္ခမကြီးကို မြင်ရလိမ့်မယ်မထင်ဘူး၊ နားမခံသာတာနဲ့ အထုပ်အပိုးတွေထမ်းပြီး သဘော်ဆိပ်ကို မြန်းသွားမှာ သေချာတယ်"

"ဒါဆိုလဲ သူ့သမိုင်းနဲ့ သူပေါ့ကွာ၊ ယောက္ခမ စစ်ဆင်ရေး အောင်မြင်ခဲ့ရင် အောင်မြင်တဲ့ အထိမ်းအမှတ်အနေနဲ့ ဟော့ကောင် ဘကျော်၊ မင်း အိမ်မှာ တို့ကို တစ်ဝိုင်းလုပ်ပေးရမနော်"

"စိတ်ချ ကိုကျော်၊ တစ်ဝိုင်းမကဘူး၊ ရှယ် စိတ်တိုင်းကျ ဖြစ်စေရမယ်၊ ကျုပ်က သူ့သမီး တင်တင့်ကိုသာ ချစ်တာ၊ ဘယ်လို ရေစက်လဲ မသိပါဘူး၊ ယောက္ခမထီးကြီး ဦးတက်တူရယ်၊ ယောက္ခမကြီး ဒေါ်ဂျမ်းဘုံရယ်၊ ပြီးတော့ ယောက်ဖ သာဂိတို့ကို ကြည့်လို့ရတာ မဟုတ်ဘူး၊

သင်းတို့ရွာကို မင်္ဂလာဆောင်တုန်းတစ်ခေါက်ရောက်ဖူးရုံနဲ့ကို မေတ္တာတွေ တုံးနေခဲ့တာ၊ အဲ . . . တင်တင့်မျက်နှာထောက်လို့ ပါးစပ်ကတော့ တဟဲဟဲ ဖြစ်နေရတာပေါ့ဗျာ"

"ကိုင်း ကိုင်း ငါတို့ကောင်ကြီး ဘကျော် အိမ်အပြန်လှဖို့ ချီးယားစ်"

"ချီးယားစ်"

ဖန်ခွက်ချင်းထိခတ်သံများ ပေါ်ထွက်လျက် အစာပိတ်လိုက်ကြသည်။ ထိုစဉ်မှာပင် လမ်းမဘက်ဆီသို့ မျက်နှာမူထားသော မောင်ယုထံမှ အသံထွက်ပေါ်လာ၏။

"ဟော့လူ ကိုဘကျော်၊ ခင်ဗျားယောက္ခမကြီး တက္ကစီတစ်စီးနဲ့ တွေ့လိုက်တယ်"

"ဟာ . . . ဟုတ်ပါ့မလား"

"မျက်စိ မှားရအောင် ကျုပ် မများသေးပါဘူးဗျာ၊ ဧကန္တ ပြန်သယ်သွားမယ့် အထုပ်အပိုးတွေများလို့ ကားငှားသွားသလား မသိဘူး"

"ဒါတော့ မပြောတတ်ဘူး၊ အိမ်မှာ အတော်ကြာကြာ သောင်တင်ဖို့ သယ်လာတဲ့ ဝန်စည်စလယ်တွေက မနည်းဘူး၊ ဘာပဲဖြစ်ဖြစ်၊ ဘယ်လိုနည်းနဲ့ဖြစ်ဖြစ် ပြန်သွားတော့လဲ ကောင်းတာပဲ"

အားလုံး ရေချိန်ကိုက်သွားကြပြီမို့ အသီးသီး "မနက်ဖြန်မှ ဆုံကြမယ်" ဟု ပြောဆိုနှုတ်ဆက်ကာ လမ်းခွဲလိုက်ကြလေသည်။

*

"ဟာ"

ကိုဘကျော် အိမ်ပေါ်တက်လေတော့ ထင်မှတ်မထားသော မြင်ကွင်းကြောင့် အမူးရှိန်တွေ ပျောက်ပျက်သွားလေတော့၏။ ဘာတွေ ဘယ်လို ဖြစ်ကုန်ကြပါလိမ့်။

အိမ်ပေါ်မှာတော့ ခြောက်လုံးပတ်ပုံတွေက အစီအရီ။

ဦးတက်တူကား ထမင်းခဲကို ခြေဖြာနှင့်ရော၊ ချေဖြင့် တောက်လျက် ဆန့်တော့ချပ်ထဲ၌ အားပါးတရ ပတ်စာနယ်နေလေပြီ။

"ဟာ မောင်ဘကျော်တောင် ရောက်လာပတော၊ လာကွာ လာ လာ၊ ငါတော့ မင်းကို သိပ်သဘောကျသွားပဟေ့၊ ခုမှ မင်းဟာ ငါတို့ သွေးစစ်သွားတယ်၊

ငါ့သမီးနဲ့ အကြောင်းပါလို့ သမက်ဖြစ်လာပေမယ့် ငါကတော့ သားအရင်းလို သဘောထားပါသကွာ၊ မင်းမှတ်တဲ့ နှံ့ထ တတာယ့်ကို မြည်ပေပီပေ ကြည်ပေတာပဲ၊

ဒါပေမယ်လို့ သင်တန်းပေးတဲ့အခါ သူ့ချည်းပေးနေလို့တော့ တယ်မဟန်ဘူး၊ နောက်ခံ ခြောက်လုံးပတ်ကလေး ဘာလေးနဲ့မှ သုတိသာယာဖြစ်ပေမပေါ့၊ ဒါကြောင့် ဘုရားဈေးသွားပြီး ခြောက်လုံးပတ်တွေ ဝယ်ချလာတာ"

"အယ်"

"မအေယ်နဲ့၊ မင်းက ငါ့ကို ဘာမှတ်သတုံး၊ တစ်ချိန်က ငါတို့နယ်မှာ ခြောက်လုံးပတ် တတ်တူဆိုတဲ့ ငါဟာ နာမည်ကြီး၊ ငါ့အိမ်မှာ ခြမ်းသုံ့ဝိုင်းတလေး ထောင်ပြီး ဟိုဟိုဒီဒီတ လာငှားရင် လိုက်နေကျ၊ ငါ့ဝိုင်းမှာ မင့် ယောက္ခမ ငါ့မိန်းမပေါ့လေ ဂျမ်းဘုံက မင်းသမီးတွေ အက ဘာကောင်းသလဲ မမေးနဲ့၊ မင်း ယောက်ဖ သာဂိကလဲ အဆိုကောင်း၊ ဂီတကို ဝါသနာမပါတဲ့သူက တင်တင်တစ်ယောက်ပဲ ရှိတယ်၊ အဲ တင်တင့်ကို ရတဲ့ မင်းက ဂီတသမားဆိုတော့ ဟန်ကျပြီပေါ့ကွာ၊ မနက်ဖြန်ကျရင် အိမ်ရှေ့က ဆိုင်းဘုတ်ကို ပြင်ရေးပေတော့၊ နှံ့တစ်ခုတည်း သင်တန်းမပေးနဲ့၊ အဆို၊ အက၊ အရေး၊ အတီး အကုန်သင်ပေးမယ့် သင်တန်းဆိုပြီးတော့ ပြင်ရေးလိုက် ဟုတ်ပလှား"

"အဲ့ . . ကျွန်တော် ကျွန်တော်"

"ဟကောင် အဲဒီအတွက် ဘာမှ မပူနဲ့၊ သင်တန်းပေးရအောင် စောစောကတင်ပဲ စာတိုက်ဝင်လို့ ဂျမ်းဘုံရယ်၊ သာဂိရယ်၊ ဒီကိုပြောင်းလာကြဖို့ သံကြိုးရိုက်လိုက်ပြီ၊ ဟဲ ဟဲ ဟဲ ပျော်စရာကြီးပဲဟေ့"

သို့ကလို ပြောဆိုပြီးသည့်သကာလ အလောတော်ဖြစ်သွားသော ပတ်စာကို ဗုံကလေးများ၏ မျက်နှာပြင်ပေါ် ကပ်ကာည "ဗေတိုးဗေ့ တပ်ဗေ ဂျိဂျိ" ဟူ၍ သကြ်နိဒိုးဆစ်ကလေးကို လက်သံစမ်းလိုက်သည့် သမယ။

သိကြားမင်း၏ ဝရဇိန်လက်နက်သည် ကျွန်ုပ်တို့၏ ယောက္ခမစစ်ဆင်ရေး ခေါင်းဆောင်ကြီး ကိုဘကျော်၏ ဦးခေါင်းအား တိုက်ရိုက်ကြီး ထိမှန်ပါလေတော့သတည်း။

"ဂိန်"

မြို့မေတ္တာခံယူမယ့် . . .

❐ တိုရွှေထောထား



www.burmeseclassic.com

www.burmeseclassic.com

# ခင့်အဖြစ်က ဒီလိုပါ

ဟန်သီဂင်



မြန်မာပြည် ရာသီဥတုမှာ အလွဲတွေဖြစ်နေတာ ကြာပြီ။

မိုးမရွာတော့၍ သေလောက်အောင် နေက ပူလွန်းသည်။ နေပူလာလျှင်ချွေးပြိုက်ပြိုက်ကျရုံမက ဦးနှောက်သွေးကြောများ ဆူပွက်လာသည်ထင့်၊ ခေါင်းတွေမူး မျက်လုံးတွေ ပြာချင်လာသည်။ သူများလို ကိုယ်ပိုင်ကားလည်း မစီးနိုင်၊ လိုင်းကား တိုးစီးရင်း ပူလောင်မှု ဝေဒနာအတွက် ကိုယ်ပိုင် အဲယားကွန်း(ယပ်တောင်) ဆောင်ထားရသည်။

ကားက အမဲမောင်းကြမ်း၊ ခရီးသည်က ကျပ်ညပ်၊ လမ်းကြောကပိတ်၊ ကားထန်းကရှည်၊ နေအပူငွေ့၊ ကားအပူငွေ့၊ လူအပူငွေ့တွေနှင့် ဇောချွေးတွေ ပြန်ကာ သတိပင် လစ်ချင်စရာ။ ဒီလို ဝေဒနာ ကြုံဖန်များလာသဖြင့် ခင်တစ်ယောက် သတိတွေ မကြာခဏ မေ့တတ်လာသည်။ မျက်မှန်တပ်ပြီး မျက်မှန်ပျောက် ရှာတတ်သည်။ ပိုက်ဆံမပေးဘဲ ထွက်သွားသဖြင့် ဈေးသည်၏ အော်တောင်းခံရသည်။ ဒါမှမဟုတ် ပစ္စည်းဝယ်ပြီး၊ ပိုက်ဆံပေးပြီးသားအား မပေးရသေးဘူးထင်၍ နှစ်ခါ ထပ်ပေးတတ်သည်။ ဈေးသည်များက မျက်နှာသိမို့ ပြန်ပေးကြသည်။ ထို့ကြောင့် လိုင်းကားစီးလျှင် နှစ်ရာတန်တစ်ရွက် အဆင်သင့် ထုတ်ထားသည်။ မေ့ပြီး နှစ်ခါပေးမဖြစ်တော့ပေ။

နေပူပူ မိုးရွာရွာ ထီးဆောင်းတတ်သည်။ သို့သော် ရောက်လေရာမှာ ထီးမေ့ကျန်တတ်သဖြင့် ထီးစက်ရုံများ ရောင်းအားတက်စေသူ ဖြစ်သည်။ ထို့ကြောင့် ခင့်ရဲ့သမီးချောက နေရောင်ကာ အပူဒဏ်ခံသော ဦးထုပ်လှလှကြီး တစ်ခု ဝယ်လာကာ ခင့်ကို ဆောင်းစေသည်။ ချည်ထည်ဖြစ်၍ ခေါင်းမပူပေ။ မြို့ထဲထွက်လျှင် ခင် ထီးမလိုတော့။ နေကာမျက်မှန်နှင့် ဦးထုပ်လှလှဆောင်းလိုက်ရာ အဝေးကကြည့်လျှင် ဘွားတော်ဟု မထင်ရ မိုးစက်ဝိုင်တို့၊ ထားထားထက်တို့၊ နန်းခင်ဇေယျာတို့ အရှုံးပေးသွားနိုင်သည်။

ဒီနေ့ လေအန်ကုန်းသို့ မသွားဖြစ်။ တူမချော သင်တန်းတက်ရန် ဝတ်စုံဝယ်ချင်သည်ဆို၍ မြို့ထဲ လိုက်ပို့ရသည်။

ဒီလိုနှင့် လမ်းမတော် သံဈေးဘက်သို့ ရောက်လာကြသည်။ သံဈေးအနီးမှာ ကော်ပြန့်ခေါက်ဆွဲသုပ်ဝင်စားပြီး ကျောက်ကျောတစ်ခွက် နှစ်ရာတန်သောက်သုံးရန် တူဝရီးနှစ်ယောက် အထုပ်ကိုယ်စီဆွဲ၍ ပလက်ဖောင်းမှ လျှောက်လာစဉ် . . .

"ရှီး ရှီး ဖျောင်း ဖျောင်း. . ."

ဆိုသော အသံကြောင့် ခင့်စိတ်ထဲက တွေးမိသည်။

'ဒီလောက် လူစည်ကားတဲ့ မြို့လယ်ကောင်ကြီးမှာ လက်ခေါက်မှုတ်သံက ယာဉ်ထိန်းရဲ၏ ဝီစီသံ ရှုံးနိုင်သည်။ ပြီး လက်ခုပ်တီးသံက ကျယ်လောင်လွန်း၍ SEA Game မှာ အားပေးရန် ခေါ်သင့်သည်' ဟု ခင့်ဘာသာ အကဲဖြတ်ပေးရင်း နေတပူ၊ ရေကဆာမို့ အအေးဆိုင်သို့ ဆက်လျှောက်ကြစဉ် . . .

"ရှီး . . . ရှီး"

လက်ခေါက်မှုတ်သံက ပိုကျယ်လောင်လာသဖြင့် တူမချောက နောက်လှည့်ကြည့်လိုက်ပြီး . . .

"အန်တီ. . . အန်တီ့ကို ခေါ်နေတာ"

"ပူရ အိုက်ရတဲ့ကြားထဲ လူကြီးကို နောက်စရာလား"

မျက်စောင်းထိုးပြီး ဆူပြောနေ ရာ . . .

"ဩော် . . . ဟုတ်ပါတယ်ဆို အန်တီတို့ လေအန်ကုန်းက ဂုရုကြီး ဦးသာယာပါဆို"

သေချာအောင် လှည့်ကြည့် လေမှ . . .

"အယ်. . . ဟုတ်ပါရဲ့၊ ဆရာ ဘာကိစ္စများ အရေးကြီးပါလိမ့်"

နောက်ကြောင်းပြန် ခြေဦးလှည့် ၍ ဂုရုကြီးထံ လျှောက်သွားလိုက်သည်

"ခေါ်လိုက်ရတာ နမော်နမဲ့ ရယ်"

"ဆရာမှန်း မသိလို့ပါဆရာ

အားနာစွာနှင့် မချိသွား တောင်းပန်လိုက်ပြီး . . .

"လာပါ ဆရာ၊ အအေးဖြစ် အပူဖြစ်ဖြစ် သောက်ရအောင်"





www.burmeseclassic.com

www.burmeseclassic.com

အမှန်က ကိုယ့်ဘာသာကိုယ်ဆို လမ်းဘေးက နှစ်ရာကျပ်တန် ကျောက်ကျော်နဲ့ မျှော်ချမလို့၊ ခုတော့ ဂါရဝ တရားလည်း ထားရမည်မို့။ မှန်လုံ အအေးခန်းရှိရာ ကော်ဖီနှင့်အအေးဆိုင်သို့ ခေါ်ဆောင်လာခဲ့သည်။

ဆိုင်ထဲဝင်တာနှင့် တူမချောက အကြိုက်တွေ့သွားသည်။

"သမီးက ထောပတ်သီးဖျော်ရည်သောက်မှာ၊ ဘဘကြီးနဲ့ အန်တီကကော"

အလိုက်မသိ တူမက ပေသီးတွက်နေသော အဒေါ်ဖြစ်သူ၏မျက်နှာက စာကို လုံးဝကြည့်၍ပင် မဖတ်။

"အေး. . . ကော်ဖီအေး တစ်ခွက်၊ ဆရာကော ကြိုက်တာမှာပါ"

ထုံးစံအတိုင်း လက်ကာပြကာ-

"ဘာမှမသောက်ဘူး နမော်နမဲ့ ခင်ရေ စာမူတစ်ပုဒ်လောက် ရေးပေးပါဦးလို့ ပြောချင်လို့ လိုက်လာတာ"

"အယ်. . . ဆရာကလဲ စောစောက ဆိုင်ထဲမဝင်ခင်ကပြောရောပေါ့၊ ခင်က ဆရာ တစ်ခုသောက်မယ်ထင်လို့ ဆိုင်အကောင်းစားကို ခေါ်လာတာ"

"ကျေးဇူးတင်ပါတယ် ညီမ၊ ကိုယ့်ဘာကိုယ်သာ သောက်ပါ"

ကိုယ်တိုင်ယူ လက်ငင်းငွေချေစနစ်ဖြစ်၍ တူမချော အအေးခွက်ယူကာ ပြန်ရောက်လာသည်။ ခင်တို့လည်း ဂုရုကြီးကို အားနာပေမယ့် အအေးသောက်ချင်သော အာသာကြောင့် တဂွပ်ဂွပ်သောက်နေပုံကို ဂုရုကြီးက သနားစဖွယ် အကြည့်နှင့် ကြည့်နေပြီးမှ . . .

"ငါ့ညီမ စာမူမမေ့နဲ့နော်" ဟု ထပ်ကာ အဆိုပြုပြန်ရာ . . .

"ရေးတော့ရေးချင်တယ် ဆရာရဲ့၊ ခုတစ်လော စိတ်မကြည်လင်တော့ ဟာသ ဖီလင် မလာဘူးဖြစ်နေတယ်"

"အေးပါကွယ်၊ ဖြည်းဖြည်းချင်း ရေးပေါ့ကွယ်၊ ပြီးရင် ပေးပေါ့"

"ဟုတ်ကဲ့ပါ ဆရာ"

ခင့်ရဲ့ စာမူကိစ္စက ဒီမှာတင်ပြီးပါပြီ။ သို့သော် အနားမှာ အအေးသောက်နေသော တူမချောက မနေနိုင်စွာဖြင့် အအေး သောက်လက်စကို ရပ်တန့်ပြီး အားရပါးရဝင်ပြောလေ၏။

"ဟာ. . . အန်တီကလဲ စောစောက ရွှေပင်းမောလ်ထဲက ဦးထုပ်ဆိုင်မှာ ကြုံခဲ့တာ၊ အဲဒါ နမော်နမဲ့ခင် အတွက် ရေးကွက်လေ"

တူမချောစကားကြောင့် ဂုရုကြီး မျက်လုံးပြူးကာ စိတ်ဝင်စားသွားပြီး. .

"လုပ်စမ်းပါဦး သမီးရဲ့၊ ဘယ်လို အကွက်များလဲ"

ရေလာမြောင်းပေးသူက ပေးလေရာ ခင့်မှာ တားမြစ်ချိန်မရလိုက်။

"မပြောချင်တော့ပါဘူး ဘဘ အယ်ဒီတာရယ်၊ သမီးတို့က နေပူထဲက လာပြီး ရွှေပင်းမောလ်ထဲရောက်တော့ အေးသွားတာပေါ့၊ သမီးတို့ လိုအပ်တဲ့ ပစ္စည်းတွေဝယ်ဖို့ လျှောက်ကြည့်ရင်း နိုင်ငံခြားဖြစ် အမျိုးသမီးဆောင်းဦးထုပ်ကြီးပဲရောင်းတဲ့ ရှုံးရှမ်းထဲကိုဝင်ပြီးကြည့်ကြတယ်၊

ဦးထုပ်ကတော့ ဒီဇိုင်းစုံပဲ၊ နွေရာသီဆောင်း၊ မိုးကာသားနဲ့ မိုးရာသီဆောင်း ဦးထုပ်၊ ဆောင်းရာသီဆောင်း ဦးထုပ် စုံနေတာပဲ၊ အန်တီခင်က တစ်ဆိုင်လုံး လျှောက်ကြည့်ပြီး တစ်ခုမှ မကြိုက်ဘူး၊ ဒါနဲ့ ပြန်ထွက်လာတော့ ဝင်ပေါက်က ကောင်တာရှေ့ရောက်တော့မှ ဟောတော့် ခုမှပဲ စိတ်ကြိုက် ဦးထုပ် တွေ့တော့တယ်လို့ ဝမ်းသာအားရပြောပြီး . ကောင်တာပေါ်က ဦးထုပ်ကိုယူပြီး ကိုင်ကြည့်တယ်၊

ဦးထုပ်က ချစ်စရာလေး၊ ချည်သားနဲ့ ချုပ်ထားတာ၊ နေပူထဲဆောင်းရင် ချွေးမပြန်ဘူးပေါ့နော်လို့ ဆိုင်ရှင်ကို မေးတယ်၊ ဆိုင်ကလဲ ဟုတ်ကဲ့ပါခင်ဗျာလို့ အန်တီပြောသမျှ ခေါင်းညိတ်ပြရှာတယ်၊ ဒါနဲ့ အန်တီက ဒီဦးထုပ် ဘယ်လောက်ပါလဲလို့ မေးရော၊ ဆိုင်ရှင်က ဘယ်လောက်မှမကျပါဘူးခင်ဗျာ ယူသွားပါတဲ့၊ အို. . . မဟုတ်တာဘဲ၊ ဆိုင်က အခုမှအသစ်ဖွင့်လို့ ပရိုမိုးရှင်းလုပ်တာလားဟင်၊ အန်တီပြောသမျှ ဆိုင်ရှင်ရော ဝန်ထမ်းတွေက ပြုံးပြီးကြည့်နေတာများ၊ ဒါကို သဘောမပေါက်တာက အန်တီလေ၊ သူ့ကို ဦးထုပ်လက်ဆောင်ပေးလို့ ကျေးဇူးတင်ကြောင်း ပြောပါရော၊ ဒါနဲ့ သမီးက မနေနိုင်တာနဲ့. .

စောစောက ဆိုင်ထဲဝင်ဝင်ချင်း အန်တီ့ခေါင်းမှာ ဆောင်းလာတဲ့ ဦးထုပ်ချွတ်ပြီး တင်ထားခဲ့တာလေလို့ ပြောပြတော့မှ သူ့ခေါင်းပေါ်က ဆောင်းလာတဲ့ ဦးထုပ်မှန်းသိပြီး တစ်ချိုးတည်းလစ်ပြေးလာရတာ၊ အဲဒါ မောမောနဲ့ အအေးသောက်မလို့ ဆိုင်ရှာနေတုန်း ဘဘကြီးနဲ့ တွေ့တာ၊ အဲဒါကြောင့် ခမ်းခမ်းနားနားဆိုင်ကို ခေါ်လာတာ၊ ဒါကြောင့် သမီး ထောပတ်သီးဖျော်ရည် အပြတ်ဆွဲခွင့်ရတာ"

"ဟဲ့. . . မိချော၊ နင့်ပါးစပ် ပိတ်တော့"

"ပြောလို့ ကုန်ပြီပဲဟာ၊ ပိတ်ပါ့မယ် ဟီဟီ. . ."

ပြောလေ မရလေ တူမချောအား မျက်စောင်းထိုးကာ အံကြိတ်ရင်းဖျတ်ခနဲ အတွေးက ပေါ်လာသည်။

အင်း. . . ဂုရုကြီး ဘယ်သူ့မှ ပြန်မပြောခင် တူမချောသောက်သည့် ထောပတ်သီး အအေးဖိုးကျေအောင် ခင့်ဘာခင်ပဲ ခင်သည် ငါးတန်းကလေး တွေနှင့်ပြိုင်တောင် မနိုင်ပါဘူးရှင်။

အဲ. . . မှားလို့ ချန်နယ်ဆဲဗင်းက ဆရာကောင်းထက်ဇော်နဲ့ မှားသွားလို့ပါ။

ခင်လေ တမင်လုပ်တာ မဟုတ်ဘဲ သွားရင်းလာရင်းတလွဲ ခင်ဖြစ်ရတာ မေ့တတ်တဲ့ အကျင့်ပါနေလို့ပါရှင်ဟု ညှိုးငယ်စွာ စာဖတ်သူများအား အသိပေးအပ်ပါတယ်ရှင်ဟူ၍ လပြည့်ဝန်းမဂ္ဂဇင်း ဟာသရပ်ဝန်းမှာ ပွင့်လင်းမြင်သာစွာ တင်ပြအပ်ပါသည်။

□ ထန့်အိမ်



www.burmeseclassic.com

www.burmeseclassic.com

ရန်ဘောက်ဦး (စေတုတ္တရာ)

# ငှက်မသိတော့



"သူခိုး . . . သူခိုး"

"လိုက်ဟ . . . လိုက်ဟ . . . ဘယ်မှာလဲ"

ဆူညံအော်ဟစ်သံများက ညဥ့်အချိန်အား ဖုံးလွှမ်းသွားသည်။ သရက်တော ရွာသားများသည် အသံကြားရာသို့ တုတ်၊ ဓားများ ကိုင်စွဲကာ ရောက်လာကြသည်။

"ဘယ်သူ့အိမ်ဘက်ကလဲကွ"

"ရွာအရှေ့ ကိုဖိုးထူးအိမ်ဘက်ကကွ"

ရွာရှိ ကင်းသမားနှင့် ကာလသားများ ကိုဖိုးထူးအိမ်ဘက်သို့ သွားကြသည်။ ကိုဖိုးထူးအား လက်ထဲတွင် တုတ်ကိုင်လျက် ဒေါနှင့်မောနှင့် နဘေးမှ လူများက မေးသော်လည်း မဖြေ။ သူ့သမီး ခိုင်ဇံဝေကို ရိုက်မယ် နှက်မယ် တကဲကဲ လုပ်နေ၏။ ဘေးလူများက ဆွဲထားရ၏။ ဧကန္တတော့ ဧကန္တပဲ။ ရွာသားများ၏ မှတ်ချက်။ မှတ်ချက်က လွဲနိုင်ခဲ့သည်။

*

ကိုဖိုးထူးတွင် ခိုင်ဇံဝေ ဟူသော တစ်ဦးတည်းသောသမီး ရှိလေ၏။ ရုပ်ရည်လှပ ချောမောပြီး မော်ဒယ်ဂဲလ် ပုံစံမျိုး။

ရွာ၏ ကွမ်းတောင်ကိုင် ပန်းတောင်ကိုင်။

ဖိုးထူးကလည်း ခေသူမဟုတ်၊ ရွာရှိ လူချမ်းသာစာရင်းဝင်။ စျေးဆိုင်၊ ထော်လာဂျီနှင့် ဗွီဒီယိုရုံ၊ လယ်ဧက ၅၀ လောက်ရှိသူ။

ကျော်ဗလ . . .

ထိပ်ပြောင်စိုးမြင့်ရဲ့သား၊ သူတဆင်းရဲတယ်၊ မအေအိုကြီးနှင့် လုပ်ကိုင်စားသူ။ ထိပ်ပြောင်စိုးမြင့်ကတော့ ကျော်ဗလ ငယ်စဉ်ကတည်းက ဆုံးသွားလို့ မအေတစ်ခု သားတစ်ခု။

ကျော်ဗလ နာမည်ခေါ်ရခက်လို့ ထိပ်ပြောင်စိုးမြင့်သားလို့ပဲ ခေါ်နေကြသည်။

ခိုင်ဇံဝေနှင့် ကျော်ဗလ ကြိုက်နေကြတာ ကြာပြီ တစ်ရွာလုံးအသိ။ ဖိုးထူးက သူ့သမီးကို ကျော်ဗလနှင့် လုံးဝ သဘောမတူ၊ ရည်ရွယ်ထားသူက စပါးပွဲစား မြင့်ထူးကြိုင်။

မြင့်ထူးကြိုင်က ရွှေဆွဲကြိုး၊ ရွှေလက်ပတ်ကြိုး၊ မော်တော်ဆိုင်ကယ်နှင့်။

ခိုင်ဇံဝေကလည်း ကျော်ဗလတလွဲလျှင် ဖွဲဆန်ကွဲ။

ဖိုးထူးကလည်း သူ့သမီးကို တိုက်တွန်းလို့ မရ၊ ဆုံးမလို့လည်း မရ။

ဒီတော့ . . . ဖိုးထူးအိမ် တက်တဲ့ သူခိုးဟာ ဘယ်သူလဲ။

အဖြေက ရှိပြီးသား၊ ဖိုးထူးက မဖြေပေမယ့် တစ်ရွာလုံးသိလို့ ကိုယ့်အိမ်ကို တိတ်ဆိတ်စွာပြန်သွားကြသည်။

ဖိုးထူးက ဒီကိစ္စကို မကျေနပ်။

နောက်တစ်နေ့ ရဲစခန်း သွားတိုင်လေ၏။ အိမ်တက်မှုတဲ့။

*

ရဲက ကျော်ဗလကို ဖမ်းပြီ။ ညဥ့်အချိန် ပုန်းလျှိုး အိမ်ကျော်နင်းမှုနှင့် တရားစွဲလေ၏။ ဖိုးထူးက မြို့မှ နာမည်ကြီးရှေ့နေ ဦးဘိုက်ကြီးအား ငှား၏။

ရှေ့နေ ဘိုက်ကြီး။

အသားမည်းမည်း၊ ဗိုက်ရွဲရွဲ မျက်မှန်တဝင်းဝင်း၊ ဆိုက်ကလည်းများ





www.burmeseclassic.com

www.burmeseclassic.com

ပါဘိသနဲ့။ မင်းသားမြတ်လေး စတိုင် လိုလို ဘာလိုလို။

သူ့နာမည်အရင်းကို မသိကြ၊ ဦးဘိုက်ကြီးဟုသာ ခေါ်ကြ၏။ ဦးဘိုက်ကြီးသည် မိမိအမှုအား မည်သည့်နည်းနှင့်နိုင်နိုင် အနိုင်ရအောင် ကြိုးစားတတ်၏။ အမှုလိုက်ခလည်း တနင့်တပိုး တောင်းတတ်၏။

ယခုလည်း ကိုဖိုးထူး စပါးသုံးရာ ကုန်သွားပြီ၊ အမှုကို ရဲက စုံစမ်းနေတုန်း။

ကျော်ဗလကိုတော့ ရဲက ဖမ်းပြီ။ ရွာသားတွေက ကိုဖိုးထူးကို မကျေနပ်။ ဘယ့်နှယ် လူငယ်ချင်း ချစ်ကြိုက်နေတာ ပေးစားတာမဟုတ်၊ အင်မတန် လူတန်းစား ခွဲခြားတဲ့ လူကြီးတဲ့။

ယောက်ျားလေးက ဆင်းရဲတော့ ရှေ့နေမငှားနိုင်။ ထို့ကြောင့် ရွာကာလသားများ စုပြီး ကျော်ဗလဘက်က ရှေ့နေငှားပေးကြသည်။

ပွဲကတော့ ပွဲကြီးပွဲကောင်းပဲ။

*

ရုံးချိန်းနေ့ . . . .

ကိုဖိုးထူးသည် ရှေ့နေဦးဘိုက်ကြီးနှင့် တပူးတွဲတွဲ၊ ရှေ့နေဦးဘိုက်ကြီး၏ အိတ်နှင့် ခေါင်းပေါင်းဘူးကို ဖိုးတုတ်က ဆွဲလို့။ အမှုက မစစ်ရသေး၊ ဘီယာဆိုင်၊ စားသောက်ဆိုင် အကုန်နွှံပြီ။

ကျော်ဗလဘက်က တစ်ရွာလုံးလိုလို လိုက်လာကြသည်။

ဟော ဟော့. . . ကျော်ဗလကို အချုပ်က ထုတ်လာပြီ။ ရဲက လက်ထိတ်ခတ်ပြီး ခေါ်လာခဲ့၏။

ကျော်ဗလနောက်မှ သူ့အမေ ဒေါ်နက်ကျော်က ထမင်းထုပ်ကလေး ကိုင်လို့ ကိုကျောက်ဖား၊ ကိုဖိုးနီ၊ ကိုလယ်ရောက်၊ ကိုပေသီး၊ ကိုပိန်ကျော် စတဲ့ ကာလသားတွေက ကျော်ဗလ၏ ရှေ့နေလေးနှင့် အတူရောက်လာကြသည်။

တရားလို ကိုဖိုးထူးကိုစစ်သည်။ နောက် သူ့ဇနီးမြသက်ကို စစ်သည်။ တရားခံ ကျော်ဗလကို သူ့ဇနီး အခန်းထဲက ခုနစ်ချထွက်ပြေးသည်ကို မြင်ကြောင်း ထွက်ဆိုကြသည်။

ရှေ့နေ ဘိုက်ကြီး၊ ခေါင်းမော့ရင်ကော့လျက် ကိုဖိုးထူးကို လက်မထောင်ပြသည်။

သို့သော်လည်းတဲ့. . . အဲတဲ့။

ဤသို့သော်လည်း သည်အမှုအား ပြောင်းပြန်လှန်စေရန် အကြောင်း ပေါ်ပေါက်စေသည်။

အမှု၏ အဓိကသက်သေ ခိုင်ဇံဝေသည် သူ့ရည်းစား ကျော်ဗလအား လက်ထိတ်နှင့် မြင်ကတည်းက မျက်ရည်တွေ ဖြေမဆည်နိုင်။

သူ့မိတ်ဆွေ ဦးဘိုက်ကြီး မေး၏။ မဖြေ။ တရားသူကြီးက ချော့၏။ မြှောက်၏။ လုံးဝ လုံးဝ မဖြေပါလေ။ မျက်ရည်သာ တွေတွေကျနေ၏။

ထို့ကြောင့် ရှေ့နေကိုဘိုက်ကြီး ခေါင်းစား၏။ စိတ်ညစ်၏။ ထို့ကြောင့် ရှေ့နေခအပြင် စိတ်ညစ်ခပါ တောင်းရမလားဟု စဉ်းစားကောင်း စဉ်းစားနိုင်၏။

"ကဲ ကဲ. . . သမီးလေး၊ ဒီက ဘဘကိုကြည့်စမ်း၊ သမီးကို ဘဘ မေးခွန်းတစ်ခု မေးမယ်၊ ဟုတ်ရဲ့လား"

ခိုင်ဇံဝေ ခေါင်းညိတ်၏။

"ကျော်ဗလ သမီးတို့အိမ်ပေါ် ညအချိန်တက်တာ ဟုတ်ရဲ့လား"

ခိုင်ဇံဝေ ခေါင်းသာညိတ်၏။

"နှုတ်နဲ့ဖြေမှပေါ့"

တရားသူကြီးက ထောက်မှ. .

"ဟုတ်ပါတယ်" ဟုဖြေ၏။

"ကျော်ဗလ သူ့ဘာသာ အိမ်နောက်ပေါက်က ကျော်တက်လာတာ မဟုတ်လား"

"ကန့်ကွက်ပါတယ်ခင်ဗျာ၊ နိမိတ်ပြမေးခွန်းကို အဓိကစစ်ဆေးချက်မှာ မမေးရပါဘူး"

ကျော်ဗလ၏ ရှေ့နေက ထပြီး ကန့်ကွက်၏။

"ရှေ့နေကြီးလဲ နိမိတ်ပြမေးခွန်း မမေးပါနဲ့"

တရားသူကြီးက တားမြစ်၏။

ရှေ့နေဦးဘိုက်ကြီး ရှုရှုရှားရှား ဖြစ်ပြီး သူ့သက်သေအား စိမ်းစိမ်းစားစားကြည့်၏။

"ကဲ ကဲ သမီးလေး ရှုတ်လို့ မဟုတ်လား၊ ရှက်စရာမဟုတ်ဘူး အမှန်အတိုင်းဖြေ ကြားလား၊ ကျော်ဗလ သမီး အခန်းထဲ ဘယ်လိုရောက်လာတယ်ဆိုတာ ပြောပါ"

"သမီးခေါ်လို့ လာတာပါ"

ရှေ့နေဦးဘိုက်ကြီး မျက်လုံးပြူးပါးစပ်ကြီးဟကာ ခေတ္တခဏမျှ မေ့သွားပုံရသည်။

"ဒီအဖြေကို မှတ်တမ်းတင်ပေးပါခင်ဗျာ"

ကျော်ဗလ ရှေ့နေလေးကထပြီး ပြော၏။

အပြင်က နားထောင်နေသူများ လှုပ်လှုပ်ရှားရှား ဖြစ်သွားကြပြီး အမှန်အတိုင်းပါပဲ၊ ဒီအတိုင်းပါပဲဟု ပြောကြလေ၏။

"အပြင်ဘက်က သက်သေတွေ ဒီအခန်းပေါက်နားမှာ မရှိစေချင်ပါဘူး ခင်ဗျာ၊ တရားခွင် အနှောင့်အယှက်ဖြစ်ပါတယ်"

ရှေ့နေ ဦးဘိုက်ကြီးသည် သူ့သက်သေ မဟန်တော့သဖြင့် အပြင်က လူများကို ရန်လုပ်လေတော့၏။

"သက်သေထဲ ပါတဲ့လူတွေ ခပ်ဝေးဝေးသွားကြပါ"

တရားခွင်စာရေးက တရားခွင် အပေါ်မှဆင်းပြီး တားသဖြင့် ရှဲသွားကြသည်။

"ကျွန်တော် မေးစရာမရှိတော့ပါဘူး ခင်ဗျာ"

ရှေ့နေဦးဘိုက်ကြီးသည် ခေါင်းပေါင်းအားချွတ် မျက်နှာအား လက်ကိုင်ပဝါဖြင့်သုတ်ရင်း စိတ်ပျက်အားလျော့စွာဖြင့် ထိုင်လိုက်လေတော့၏။

ကျော်ဗလ ရှေ့နေအလှည့်. .

"ကဲ . . . သမီး၊ ဒီကိုကြည့်ဦးလေးမေးမယ်"

ခိုင်ဇံဝေ မော့ကြည့်၏။



www.burmeseclassic.com

www.burmeseclassic.com

"သမီးနဲ့ကျော်ဗလ လူငယ်ချင်း ကြိုက်နေကြတာ သုံးနှစ်ရှိပြီ၊ ဟုတ်ရဲ့လား"

ခေါင်းညိတ်၏။

"သမီး ပါးစပ်ကဖြေမှ မှတ်တမ်းတင်လို့ ရမှာပေါ့"

"ဟုတ်ပါတယ်"

ခိုင်ဇံဝေ ဖြေ၏။

"အဲဒီညက သမီးဆီကို ကျော်ဗလ လာတာ သမီးကချိန်းလို့လာတာ ဟောဒီမှာ သမီးချိန်းတဲ့စာ"

စာကို ထုတ်ပြ၏။

"မှန်ပါတယ်၊ သမီး ချိန်းတာပါ"

"စာကို ရုံးတော်သို့ သက်သေခံအဖြစ် တင်ပြပါတယ်ခင်ဗျာ၊ ဒီလောက်ပါပဲ"

ကျော်ဗလ ရှေ့နေက အောင်နိုင်သူ စစ်သူကြီးပမာ ခေါင်းပေါင်းစအား လက်နှင့်သပ်ပြီး ထိုင်လိုက်လေသည်။

စွဲချက် အမိန့်ချမည့်နေ့။

ထိုနေ့သည်ကား တရားရုံးရှေ့၌ သရက်တောသားများ ပြည့်နေ၏။

ရှေ့နေဦးဘိုက်ကြီးနှင့် ကိုဖိုးထူးတို့ လက်ဖက်ရည်ဆိုင်ထဲတွင် တိုးတိုးတိုးတိုးနှင့် ဘာပြောနေသည်မသိ၊ သူတို့အမှု မဟန်မှန်းတော့ သိနေပြီ။

"မပူပါနဲ့ကွာ၊ ဒီကောင် ထောင်မကျရင် ပြင်ဆင်မှုတက်မယ်"

"အားကိုးပါရစေ ဆရာရယ်၊ ကျုပ်တော့ တစ်ရက်က နှစ်ရက် ဖြစ်နေပြီ"

"ဆရာ့ကို အားကိုးစမ်းပါကွာ၊ ဒါတွေက ဖြစ်ရိုးဖြစ်စဉ်တွေပါ"

"ဟဲ ဟဲ ဟဲ. . ."

ရှေ့နေဦးဘိုက်ကြီး ရယ်သံက ခြောက်ကပ်ကပ်။

ဦးဘိုက်ကြီး ကွမ်းတံတွေးကို ဗျစ်ခနဲ ထွေးလိုက်ရင်း နောက်တစ်မှု ဘယ်လိုပွားရမလဲဟု စဉ်းစားရင်း . . .

"မင်း ငါ့ရှေ့နေခ မကျေသေးဘူးနော်၊ ဒီနေ့ အကျေပေးရမယ်"

"ပါပါတယ် ဆရာ၊ အမှုအနေအထား ကောင်းဖို့လိုပါတယ်"

"အင်း. . . အေးပေါ့၊ အမှုစီရင်ချက်ချတာ တရားသူကြီးကွ၊ ဒါပေမယ့် မပူပါနဲ့ကွာ၊ တရားသူကြီးကို ငါပိုင်ပါတယ်"

ရှေ့နေဦးဘိုက်ကြီးသည် အမှုပြီးသွားပါက သူ့လက်ကျန် ရှေ့နေခ မရလိုက်မှာ စိုးသဖြင့် ငွတ်အတင်းတောင်းနေသောကြောင့် ကိုဖိုးထူးက ထုတ်ပေးလိုက်ရလေ၏။

*

တရားခံကျော်ဗလ အချုပ်နှင့် ရောက်လာ၏။

တရားသူကြီး တရားခွင်ပေါ် တက်သွားသဖြင့် အမှုသည်များ လှုပ်လှုပ်ရှားရှား ဖြစ်သွားကြ၏။

"တရားခံကျော်ဗလ စွဲချက်အား အမိန့်ချမယ်၊ နားထောင်. . .

ကျော်ဗလ၊ အဘ ဦးစိုးမြင့်၊ သရက်တောရွာ နေထိုင်သူအား ညဥ့်အချိန် ပုန်းလျှိုး အိမ်ကျော်နင်းမှု၊ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၅၆ ဖြင့် တရားစွဲဆိုသည်။ တရားလိုပြ သက်သေများအနက် ဦးဖိုးထူးနှင့် ဒေါ်နက်ကျော်တို့၏ ထွက်ချက်သာရှိပြီး အဓိကသက်သေ မခိုင်ဇံဝေက ၎င်းချိန်းဆိုသဖြင့် ကျော်ဗလ ရောက်လာကြောင်း၊ မခိုင်ဇံဝေနှင့် ကျော်ဗလတို့သည် သမီးရည်းစားများဖြစ်ကြောင်း၊ မခိုင်ဇံဝေ ချိန်းဆိုသည့်စာအား သက်သေခံ(၁)အဖြစ် တင်ပြသည်။

အမှု၏အဓိကအချက်မှာ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၄၁ အရ ပြစ်မှုမကင်းသောကျော်နင်းမှုရှိရန်လိုကြောင်း၊ တရားခံ ကျော်ဗလအား ရည်းစားဖြစ်သူက ချိန်းဆိုသဖြင့် သွားရောက်ရခြင်းဖြစ်ကြောင်း၊ ပြစ်မှုကျူးလွန်ရန်သော်လည်းကောင်း၊ စိတ်ပြိုငြင်စေရန်သော်လည်းကောင်း၊ ညဥ့်အချိန် ပုန်းလျှိုး အိမ်ကျော်နိုင်ခြင်း ဖြစ်သည်ဟု မဆိုနိုင်သဖြင့် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၅၆ အရ ပြစ်မှုထင်ရှား စီရင်ခြင်းမပြုနိုင်ကြောင်း။

အစိုးရနှင့် မောင်ထွန်း (၁၈၇၉-ဝ၁) အတွဲ(၁) အထက်မြန်မာပြည် စီရင်ထုံးစာမျက်နှာ ၃၅၄ တွင် လမ်းညွှန်အဖြစ် ထုံးဖွဲ့ထားသည်။ ထို့ကြောင့် ကျော်ဗလ၊ အဘ ဦးစိုးမြင့်၏သားအား ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၂၅၃(၁)အရ အမှုမှ စွဲချက်မတင် လွှတ်လိုက်သည်"

တရားသူကြီးသည် စီရင်ချက်ဖတ်ပြီး တရားခွင်ပေါ်မှဆင်းသွားသည်။

သရက်တောရွာသားများ ပျော်မဆုံးရှိပြီး . . .

"တရား နတ်စောင့်တယ်ဆိုတာ ဒါပဲကွ၊ ငွေရှိတိုင်း လုပ်လို့ရမတဲ့လား"

ကိုဖိုးထူးသည် ခေါင်းငိုက်စိုက်ချကာ သူ့ရှေ့နေ ဦးဘိုက်ကြီးနှင့် ပါသွားလေ၏။

ဦးဘိုက်ကြီးက ဘီယာဆိုင်သို့ ခေါ်သွားမည်မှာ မလွဲ၊ မြေကြီးကိုလက်နှင့်ပုတ်လျှင်သာ လွဲချင်လွဲလိမ့်မည်။

*

ဇာတ်လမ်းက ဤနေရာတွင် နိဠိမတံသေး။ ရွာသို့ရောက်ပြီး နောက်တစ်နေ့ ခိုင်ဇံဝေသည် ကျော်ဗလနှင့် ခိုးရာလိုက်ပြေးလေတော့၏။

ငှက်မသိတော့ ဆက်ရက်ကို ချီးထင်၊ အချက်မသိတော့ သမက်ကို သူခိုးထင်၊ ဖိုးထူး ဆွေ့ဆွေ့ခုန်လေပြီ။

စာရင်းချုပ်လိုက်တော့ . . .

ဖိုးထူးသည် သမီးတစ်ယောက် လုံးဆုံး၊ စည်ထဲက စပါးငါးရာကုန်သည့်အပြင် နွားပေါက်ကလေးတစ်ကောင်ပါ အဆစ်ပါသွားရလေတော့သတည်း။

❒ ရန်အောင်ဦး(စေတုတ္တရာ)





www.burmeseclassic.com

www.burmeseclassic.com

# ဒကာပေနှ်အဖွဲ့နှင့် နွားရှမ်းမွေးအရှုပ်

မောင်ထက်ရှား (ပြည်)




(၁)

ဘူးရိုးရွာမြောက်ဘက်က ထန်းတောမြောင်ကို ရွာသားများသာမက အခြားရွာသားများကလည်း မသိသူရှားလှသည်။ ထန်းပင်များရှိသဖြင့် ထန်းတောမြောင်ဟုပင် ခေါ်လေသလား။ ထန်းသမား ဒုန်းပေတို့မိသားစုမှာ ထိုထန်းတောကိုမှီ၍ လယ်ယာတွဲဖက်လုပ်ကိုင်စားသောက် နေထိုင်ကြသည်။

ဒုန်းပေသည် ထန်းတောမြောင်မှ ထန်းသမားဟူသော ဂုဏ်ပုဒ်ကို ၁၂ လပတ်လည် ထန်းရည်ရအောင် စွမ်းဆောင်နိုင်ခြင်းဖြင့် ထိန်းသိမ်းနိုင်စွမ်း၏။ ထန်းတောမြောင်သို့ ဘယ်နေ့ ဘယ်အချိန်သွားသွား ထန်းရည်အဆင်သင့် ရနိုင်လေသည်။ ထို့ကြောင့်လည်း ရွာမှ ပုံမှန်သမားများက ညနေတိုင်း စုမိကြသည်။ အခြားဖြတ်သွားဖြတ်လာ ခရီးသွား ယောကျ်ားများက ထန်းသမားဒုန်းပေတဲတွင် တစ်ထောက်နားလေ့ ရှိကြသည်။ ထန်းရည်သောက်၍ အပန်းဖြေကြသည်။

(၂)

ထိုနေ့ညနေတွင် ဦးစွာရောက်လာသော ပုံမှန်သမားမှာ ကာလသားခေါင်း ဖိုးကြွက်ကြီးဖြစ်ပေသည်။ သူနှင့်ရှေ့ဆင့်နောက်ဆင့် ရောက်လာသည်မှာ ဖဲသမားပေတဖြစ်လေသည်။

“ဟေ့ . . . ဒုန်းပေ၊ သာအေး လာမသွားသေးဘူးလား”

သူတို့နှစ်ယောက်သာ ရောက်ရှိသေး၍ အမြဲတမ်း ဦးဆုံးရောက်လေ့ရှိသော ကွန်ပစ်ကောင်းသည့် တံငါသာအေးကို ဖဲသမားပေတက မေးလေသည်။

“ငါ့တဲကတော့ ဖြတ်မသွားသေးဘူး။ ရွာကနေ တိုက်ရိုက်ဆင်းသွားသလားမှ မသိတာ”

သူတို့ အချီအချ စကားပြောနေခိုက် နာလီတဒေါင်နှင့် နွားဝင်ဖိုးချက်တို့ ရောက်လာကြသည်။

“တို့ ဆယ်အိမ်ခေါင်းတော့ မလာနိုင်ဘူး။ မြို့ကိုသွားလေရဲ့”

နွားဝင်ဖိုးချက်က သတင်းဖြန့်လိုက်သည်။ ထိုစဉ် တံငါသာအေး ချောင်းဆီမှ ရောက်လာသည်။

“လူစုံနေကြပြီလား၊ ငါးမီးကင်ကြဦးစို့”

နိစ္စဓူဝအတိုင်း တစ်ဖက်တစ်လက်ဖြင့် ဝိုင်း၍ ငါးမီးကင်ကြသည်။ ငါးလတ်လတ်ကို ရှားမီးခဲရဲရဲတွင် ထောင်လိုက်သောအခါ ငါးမီးကင်အနံ့သင်းသင်းသည် ဒုန်းပေတဲဝန်းကျင် မွှေးပျံ့နေပေသည်။ ဒုန်းပေလည်း ညနေပိုင်း ထန်းတက်လုပ်ငန်း စလေတော့သည်။

(၃)

ထန်းသမားဒုန်းပေ ထန်းတက်ပြီးချိန်တွင် နွားတစ်ကောင်နှင့် လူတစ်ယောက် ဝင်ရောက်လာသည်။ မြောက်ဘက်ရွာမှ နွားဝင်ဖြူတုတ် ဖြစ်ပေသည်။ နွားဝင်ချင်းဖိုးချက်ကဆီးနှုတ်ဆက်သည်။

“ဖြူတုတ်ရေ၊ ဒီနေ့ နွားပွဲစစို့ရဲ့လား၊ ဒီနွားကို ဘယ်လောက်နဲ့ ဆွဲလာတာလဲ”

www.burmeseclassic.com

"ဈေးကတော့ သုံးခွဲပါပဲ၊ စရိတ်နဲ့ဆိုရင် လေးမတ်တင်းလောက်ရောက်သွားတာပေါ့၊ နွားကချောလဲချောတယ်၊ အမွေးလဲကောင်းတယ်၊ မောင်းကြည့်တော့လဲ သွက်တယ်ဗျာ၊ ကျုပ်မှာ ကောက်လှိုင်းသွင်းဖို့က နွားတစ်ဖက်လိုနေလို့ ဆွဲခဲ့တာပဲ၊ တခြားအပြစ်အနာအဆာနဲ့ ချို့ယွင်းချက်ကလေးတွေလဲ ကြည့်ပေးပါဦးဗျာ"

"ကြည့်ပေးရရင် တစ်မူးကွနော်"

"နွားအကြောင်း ကိုဖိုးချက်က ပိုကျွမ်းတာမို့ ကြည့်သာပေးပါဗျာ၊ ဝယ်တဲ့နွားတိုင်း ကျုပ်နဲ့မသိတာများတတ်တာလား၊ ခင်ဗျားတို့အဖွဲ့ကို တစ်မူးမက ဒကာခံပေးပါ့မယ်"

ထန်းရည်အိုး လာချသော ထန်းသမားဒုန်းပေက ဖြူတုတ်စကား ကြားလေရာ . . .

"ဖြူတုတ်ရေ၊ ဒီကောင်တွေကို အရမ်းဒကာမခံနဲ့၊ မင်းအိတ်ကပ်ထဲက ပိုက်ဆံကို စမ်းကြည့်ဦး၊ အဲဒါ ဒကာလန်အဖွဲ့ကွ"

"ရပါတယ် ကိုဒုန်းပေရာ၊ခြောက်ပုလင်းလောက်ဖြင့် ပါတဲ့ပိုက်ဆံ မကုန်လောက်ပါဘူး"

"ဟဲ့ ဖြူတုတ်ရဲ့၊ ခြောက်ပုလင်းတစ်ဂါလန်ကို ပြောတာ မဟုတ်ဘူး၊ ဒကာခံတဲ့ မင်းမှာ ပါသမျှပြောင်ပြီးဒကာလန်သွားအောင်ချကြမှာမို့ အဲဒီကောင်တွေကို ဒကာလန်အဖွဲ့လို့ ပြောတာကွ"

ဘယ်လိုပဲ ပြောပါစေ၊ ကာလသားခေါင်း ဖိုးကြွက်တို့ ထန်းရည်ဝိုင်းမှာ တစ်မြုပြီးတစ်မြုနှင့် တစ်မြူးပြီးမြူးနေကြတော့သည်။ တစ်ယောက်တစ်ပေါက်သူ့ထက်ငါ စကားလုပြောကြသည်မှာ လက်ပံပင် ဆက်ရက်ကျသည့်အလား ဆူညံနေပေတော့သည်။ ထန်းရည်မူး၍ ဆက်ရက်မင်းစည်းစိမ် ရစ်နေကြသော်လည်း ဖြူတုတ်နွားကိုမကြည့်ရသေးပေ။

"ကိုဖိုးချက်၊ ကျုပ်နွားကို ကြည့်ပေးဦးလေဗျာ"

နွားဝင်ဖြူတုတ် ဆော်ဩလေမှ နွားဝင်ဖိုးချက်သည် ဖြူတုတ်၏နွားချည်တိုင်သို့ ထသွားလေသည်။ နွားကို ပါးစပ်ဖြဲ၍ သွားများကိုကြည့်သည်။ တစ်ကိုယ်လုံး ပွတ်သပ်၍ ဖွေဆိုး ဖွေညှံ့ရှာသည်။ နွား၏ သွက်လက်မှုကို ကြိမ်တို့၍ စောင့်ကြည့်သည်။ စိတ်ကျေနပ်မှ နွားကို ချည်တိုင် ပြန်ချည်၍ ထန်းရည်ဝိုင်းပြန်ဝင်သည်။

"မင်းနွားက သွားလဲကောင်းတယ်၊ အမွေးလဲ ချောတယ်၊ မောင်းရတာလဲ သွက်တယ်၊ ခွာကျလဲ ညီတယ်၊ တစ်ခုပဲ အပြစ်ပြောစရာရှိတယ်"

"အဲဒီတစ်ခုက ဘာပါလဲ"

"ရှမ်းဖွေကြီး ရှိနေတယ်ကွာ"

ထိုသည်ကိုကြားသော ဖဲသမားပေတက သိသယောင် တတ်သယောင်ဖြင့် ဝင်ရောက်၍ နွားစကားဖြည့်စွက်လိုက်သည်။

"တို့ဘကြီး ပြောတာကို ကြားရဖူးတယ်၊ မမွေးကောင်းတဲ့ နွားဆိုတာ တင်နိမ့်တဲ့နွား၊ ခေါင်းမောင်းတဲ့နွား၊ မျက်ရည်ယိုတဲ့နွား၊ ခြေခွင်တဲ့နွား၊ ခြေခါတဲ့နွား၊ သွားကျဲတဲ့နွား၊ ချိုတယ်လူးနွား၊ အမြီးရှည်လွန်းတဲ့ နွားတွေတဲ့၊ ညံ့တဲ့ နွားအမျိုးအစားတွေလို့ ဆိုရမယ်"

ရှမ်းဖွေကြီး ရှိနေသည်ဆို၍ နွားပိုင်ရှင် နွားဝင်ဖြူတုတ် စိတ်လှုပ်ရှားသွားလေသည်။ နွားပွဲတွင် ဝယ်ခဲ့စဉ်က နွားအကြောင်း သိနားလည်သော နွားဝင်ကြီးများဖြင့် မေးမြန်းပြောဆို ဝယ်ယူခဲ့ခြင်းဖြစ်သည်။ ယခု နွားဝင်ဖိုးချက်က ရှမ်းဖွေရှိနေသည်ဟု ဆိုချေပြီ။

တွေးကြည့်မိသည်။ နွားဝင်အချို့သည် ရောင်းမည့်နွားရှင်ဘက်က ဒလန်နွားဝင်များဖြစ်နေတတ်ကြသည်။ ဒီရှမ်းဖွေရှိနေသည်က မည်သည့်ဆိုးပြစ်များ ဖြစ်ချေမည်နည်း။ နွားဝင်လောကတွင် နွားရောင်း နွားဝယ်မိရာတွင် ရှမ်းဖွေ ဗဟုသုတ ခုမှသိရလေတော့သည်။ မည်သို့ လုပ်ရမည်နည်း။ နွားဝင်ဖြူတုတ် ဆုံးဖြတ်ချက်ကိုယတိပြတ်ချလိုက်သည်။

"ဖွေဆိုးရှိနေရင် ဒီနွားကို ရှာဆွဲမသွားတော့ဘူး၊ ကိုဖိုးချက်ဆီ ထားရစ်ခဲ့မယ်၊ ကုန်ကျငွေ ပြန်ရရင် တော်ပါပြီ၊ အဲဒါ ပြန်ထုတ်ပေးဦးဗျာ"

"မင်း စိတ်မသန့်တော့လို့ မလိုချင်တော့ဘူးဆိုရင် ကူညီရမှာပ၊ မင်းတကယ်ပဲ ပြန်ထုတ်မှာလား"

"ပြောပြီးပြီပဲဗျာ၊ နွားဖိုးနဲ့ ကုန်ကျငွေ ပြန်ရရင် ကျေနပ်ပါပြီ"

နွားဝင်ဖိုးချက် ခေါင်းတစ်ချက်ပတ်လိုက်သည်။ ဒုန်းပေကိုလည်း ခေါ်လိုက်သည်။

"ဒုန်းပေရေ လာဦးကွ၊ မင်းမှာ ကောက်လှိုင်းသွင်းဖို့ နွားတစ်ဖက်လိုနေတာမဟုတ်လား၊ ဒီနွားကို ယူထားလိုက်ကွာ၊ မင်းအလုပ်မှာ ချက်ချင်းသုံးလို့ရတယ်၊ မကြိုက်ရင် လာမယ့်နွားပွဲပတ်မှာ ပြန်ထုတ်ပေးမယ်"

ဒုန်းပေက ဖွေဆိုးရှိသော နွားကို ဝယ်သင့် မဝယ်သင့် စဉ်းစားသည်။ ကောင်လှိုင်းသွင်းဖို့အလုပ်မှာလည်း နွားတစ်ဖက်က လိုနေသည်။

"ကောက်လှိုင်း သွင်းပြီးလို့ မကြိုက်ရင် ဖိုးချက် မင်းတာဝန်ယူ ပြန်ရောင်းပေးရမယ်နော်"

"ဟာ. . . ဒုန်းပေရ ရွာသာချင်းလဲဖြစ် ဆွေမျိုးတွေလဲမို့ မင်းအကျိုးပျက်အောင် လုပ်ပါ့မလား၊ ရောင်းပေးမယ်ကွာ၊ ငွေချေပြီးသာ ဒီနွားကို ယူထားလိုက်ပေတော့"

ဒုန်းပေက အင်တင်တင်ဖြင့် သူ့မိန်းမ မိဝဲထံ ငွေယူလာရန် လှမ်းတောင်းလိုက်သည်။ မိဝဲကလည်း ငွေလာပေးသော်လည်း ရှမ်းဖွေရှိသောနွား လူခိုက်တတ်သည်မို့ လိုလားခြင်းမရှိပေ။

သို့သော်လည်း နွားရောင်း နွားဝယ်မှာ ငွေအကြေပေးချေလိုက်ခြင်းဖြင့် ပြီးဆုံးသွား၏။ အလင်းရောင် ရှိနေသေးသော်လည်း နေကဖြင့် ဝင်သွားလေပြီ။ နွားဝင်ဖြူတုတ်လည်း သူ့ရွာသို့ပြန်သွားလေပြီ။ ကာလသားခေါင်း ဖိုးကြွက်တို့ ထန်းရည်ဝိုင်းမှာလည်း



www.burmeseclassic.com

www.burmeseclassic.com

လက်ပံပင် ဆက်ရက်ကျနေပေတော့သည်။

(၄)

ရှမ်းဇွှေနှင့် နွားဝယ်ထားမိ၍ ဒုန်းပေမိန်းမ မိဝဲသည် နွားကိုကြည့်ပြီး မသိုးမသန့် တအုံ့နွေးနွေး ဖြစ်နေသည်။ ထန်းရည်ဝိုင်းဝင်နေသော ဒုန်းပေထံ သွား၍ . . .

"မောင်ဒုန်းပေ၊ ဒီနွားကို ကျုပ်တော့ မွေးလိုစိတ်မရှိနိုင်ဘူး၊ တဲမှာလဲ မထားချင်ဘူး၊ ရှမ်းဇွှေရှိနေတော့ မောင်စုတို့နွားအုပ်ထဲ သွားထားပေရော့"

"ကောက်လှိုင်းသွင်းပြီးအောင် ဖြင့် ခိုင်းရပေဦးမှာပေါ့ မိဝဲရာ၊ နင့်မှာလဲ ဒီလောက်မှ အစွဲအလမ်းကြီးရန်ကော"

"ကျုပ်ဖြင့် ဒီနွားအတွက် စိတ်ထဲ တစ်မျိုးကြီး"

နွားကလည်း ဝယ်ပြီးခဲ့ချေပြီ။ ဝယ်အောင်တိုက်တွန်းခဲ့တဲ့ နွားဝင်ဖိုးချက်ကိုခေါ်ပြီး တိုင်ပင်ရပေတော့သည်။

"ဖိုးချက်ရေ၊ ဒီနွားကို ငါ့မိန်းမ မိဝဲက ရှမ်းဇွှေရှိနေလို့ မနှစ်လိုဘူးဖြစ်နေတယ်ကွာ၊ အဲဒါ မင်းနဲ့တိုင်ပင်တာပဲ၊ ဒီနွားကို ဘယ်လို ဆက်လုပ်ကြရင် ကောင်းမလဲ"

"ဒီမှာ ဒုန်းပေ၊ မိဝဲရော ငါပြောပြမယ်၊ သေချာနားထောင်ကြပါ၊ ဒီနွားက နွားချော နွားလှ အမွေးလဲကောင်းတယ်၊ သွားတွေလဲစုံတယ်၊ ခွာကျလဲ ညီတယ်၊

မောင်းကြည့်တော့လဲ နွားသွက်ကွ၊ မင်းတို့ ခိုင်းလို့ကောင်းမယ့်နွား၊ အကျိုးပေးမယ့်နွားပါ၊ ဖြူတုတ်ကို ငါက တမင်သက်သက် ရှမ်းဇွှေရှိတယ်လို့ နောက်လိုက်မိတာကွ၊ နွားထီးတိုင်း ရှမ်းဇွှေ ပါတာပေါ့"

ထိုစကား ကြားရာတွင် မိဝဲက မရှင်းသလို မေးပြန်သည်။

"ကိုဖိုးချက်ပြောတဲ့ နွားထီးတိုင်းမှာရှိတဲ့ ရှမ်းဇွှေက ဇွှေဆိုးမဟုတ်ဘူးပေါ့၊ လူခိုက်တယ်ဆိုတာလဲ မဟုတ်ဘူးပေါ့၊ ဟုတ်လား"

"တယ်ခက်ကြပါလား နွားထီးတိုင်း ရှမ်းဇွှေရှိပါတယ်ဆိုမှ သဘောမပေါက်တဲ့ လင်မယားပဲ၊ ထည့်တည့်ပဲပြောတော့မယ်ဟေ့၊ ငါပြောခဲ့တဲ့ နွားထီးတိုင်းမှာရှိတဲ့ ရှမ်းဇွှေဆိုတာ ဒွေးစန်းကိုပြောတာဟေ့၊ ကဲ ရှင်းကြပြီလား"

ဒီတော့မှ ရှမ်းဇွှေ လျှို့ဝှက်ချက်ကို သိကြပြီး ပြုံးနိုင်ကြရုံမက ရယ်ချင်လာကြတော့သည်။ မိဝဲလည်း မျက်နှာရွှင်လာပြီး ချက်ချင်းဆိုသလို ရေတစ်ဖလား ခပ်တိုက်၏။ နားက မင်္ဂလာလက်ဖွဲ့ ရွှေနားကပ်ကိုချွတ်ပြီး ရေဖလားထဲ ထည့်လိုက်၏။ နွားကျောပေါ်သို့ ရွှေရည် ငွေရည် မင်္ဂလာရည် သွန်းဖြိုးလိုက်သည်။ ထိုညနေက ဒကာလန်အဖွဲ့ကို ဒကာခံသူမှာ နွားချောပိုင်ရှင်အသစ်စက်စက် ထန်းသမား ဒုန်းပေဖြစ်ပေတော့သတည်း။

❒ မောင်ထက်ရှား(ရွာသစ်)


**အမြန်ဆုံးအောင်မြင်တိုးတက် ချမ်းသာကြီးပွားဖို့ အရေးကြီးဆုံးက ဘာလဲ**

❁ ဆောက်လုပ်ရေးလုပ်ငန်း နာမည်ရွေးချယ်ပြီးပြီလား ❁ ကန်ထရိုက်လုပ်ငန်း နာမည်ရွေးချယ်ပြီးပြီလား ❁ သယ်ယူပို့ဆောင်ရေးလုပ်ငန်း နာမည်ရွေးချယ်ပြီးပြီလား ❁ ခရီးသွားလုပ်ငန်း နာမည်ရွေးချယ်ပြီးပြီလား ❁ ပုဂ္ဂလိက ဆေးရုံ၊ ဆေးခန်း နာမည်ရွေးချယ်ပြီးပြီလား ❁ စာနယ်ဇင်းဆိုင်ရာလုပ်ငန်း နာမည်ရွေးချယ်ပြီးပြီလား ❁ ပွဲရုံနာမည် ရွေးချယ်ပြီးပြီလား ❁ အကျိုးဆောင်လုပ်ငန်း နာမည်ရွေးချယ်ပြီးပြီလား ❁ စက်ရုံလုပ်ငန်း နာမည်ရွေးချယ်ပြီးပြီလား ❁ စက်ပြင် ဝပ်ရှော့လုပ်ငန်း နာမည်ရွေးချယ်ပြီးပြီလား။ (**ရှေးဟောင်း နာမုဒ္ဒါရဏဒီပနီကျမ်းကောင်းကိုမှီ၍ နာမည် ရွေးချယ်ပေးနိုင်သည်။**)

**ဆရာကြီးဦးအောင်မြိုင်( ဉပဒေသွဲ့ )**

**လက္ခဏာဗေဒင်ပညာသုတေသီ**

◎ ယုံကြည်အားကိုးစွာသာ လာခဲ့ပါ ◎

အမှတ်-၈၄၃၊ ဦးဝိစာရလမ်း၊ ၃၄-ရပ်ကွက်၊ ဒဂုံမြို့သစ်မြောက်ပိုင်း၊ ရန်ကုန်။

၀၁-၅၈၆၇၀၄၊ ၀၉-၅၀၆၂၈၄၃၊ ၀၉-၅၁၇၇၆၂၂




www.burmeseclassic.com

www.burmeseclassic.com

# ယောက်ျားဆုပန်ရခြင်းအကြောင်း

ရွှေခင်



အလွန်ရိုးအေးလွန်းသော အပျိုကြီး ဒေါ်မြမေသည် တစ်ဖက်စွန်းသို့ ရောက်သွားသောအခါ အလွန်နုံအပြီးခွကျသူတစ်ယောက်အဖြစ်အသိအမှတ်ပြု ခံရရှာပါတော့သည်။

ကျွန်မတို့ဒေသ၌ စစ်ကြိုခေတ်ကာလတွင် အသက် (၂၀)ကျော်လျှင် အိမ်ထောင်ပြုကြသဖြင့် အသက် (၃၀) ကျော်လာပြီဖြစ်သော ဒေါ်မြမေမှာ အရွယ်တော်တစ်ဆိတ်ဟိုင်းသွားသူအဖြစ် အမျိုးသားထုက စိတ်ဝင်စားသူ နည်းပါးကြပါသည်။

တစ်ဦးတည်းသော သမီးဖြစ်၍ မိဘများ၏ လွန်ကဲစွာ ဂရုစိုက်မှု၊ ကွပ်ကဲမှု၊ တင်းကျပ်မှုများကြောင့် ဒေါ်မြမေခမျာ စတုတ္ထတန်းအောင်သောအခါ သူ အလွန်ချစ်သော ကျောင်းတော်ကြီးကို ဝမ်းနည်းစွာ ခွဲခွာခဲ့ရရှာပါသည်။

ထိုခေတ် ထိုအချိန်ကာလက မိဘအများစုမှာ မိန်းကလေးများသည် ကျောင်းစာကို သေစာ ရှင်စာဖတ်တတ်လျှင်တော်လောက်ပြီဟူ၍လည်းကောင်း၊ မိန်းကလေး ပီသအောင် မီးဖိုချောင်အပါအဝင် အချက်အပြုတ်၊ အချုပ်အလုပ်နှင့် အိမ်ထောင်ထိန်းသိမ်းရေး သို့မဟုတ် စျေးရောင်း စျေးဝယ်ကိစ္စများကိုသာ အထူးဦးစားပေးကြပါသည်။

ဒေါ်မြမေ၏ မကြာခဏ ဘုန်းကြီးဝတ်သော ဖခင်ကြီးသည် သမီးကို အလွန်လိမ္မာယဉ်ကျေးစေချင်သဖြင့် ဗုဒ္ဓဘာသာ စာပေများကို အထူးဦးစားပေး ကိုယ်တိုင်သင်ကြားပေးပါသည်။

ထို့ကြောင့် ကျောင်းစာအနေနှင့် စတုတ္ထတန်းသာ အောင်မြင်ထားသော ဒေါ်မြမေသည် ဘုရားရှိခိုးအမျိုးမျိုးကို အသံနေ အသံထားဖြင့် တစ်နေ့တစ်မျိုး မရိုးရအောင် ရှိခိုးတတ်သလို ဓမ္မစကြာ မာရဏာပရိတ်နှင့် ပရိတ်ကြီး (၁၁)သုတ်ကို အလွတ်ရွတ်ဆိုနိုင်သူ ဖြစ်ပါသည်။

ကျွန်မတို့ရပ်ကွက်၌ အိမ်ထောင်သည် အမျိုးသမီးကြီးများနှင့် အသက် (၅၀)ကျော် အပျိုကြီးများ ဦးဆောင်၍ အပျိုမကြီးတကြီး၊ အပျိုလတ်၊ အပျိုပေါက်စလေးတို့သည် လဆန်း၊ လဆုတ် ၈ ရက် ဥပုသ်နေ့နှင့် လပြည့်၊ လကွယ် ညများတွင် အလှည့်ကျရာ အိမ်များ၌ စုဝေး၍ ဘုရားရှိခိုးကြပါသည်။ ထိုသို့ ဘုရားရှိခိုးကြရာတွင် ရောင်ခြည်တော်ခြောက်သွယ် ဘုရားရှိခိုးကို ဒေါ်မြမေတစ်ယောက်တည်းက ကြားရသူ ကြည်ညိုဖွယ်ကောင်းအောင် အသံနေ အသံထား သာယာစွာဖြင့် ရှိခိုးလေ့ ရှိပါသည်။

ဒေါ်မြမေ၏ဘဝသည် စက်ရုပ်တစ်ခုကဲ့သို့ မနက်မိုးလင်းမှ မိုးချုပ်သည်အထိ စျေးဝယ်၊ ချက်ပြုတ် စသည့် အိမ်မှုကိစ္စ အဝဝနှင့်သာ ကျင်လည်နေရရှာပါသည်။ အခြားအမျိုးသမီးများကဲ့သို့ ဝိုင်းဖွဲ့ပြီး စကားပြောခွင့် မရရှိပါ။ မိဘများကြိုက်သည့် ပုံစံအတိုင်း ဘဝကို မြှုပ်နှံထားရသူ ဖြစ်ပါသည်။

ဂျပန်များက လွတ်လပ်ရေးအတုပေးသဖြင့် အစစ်ထင်ပြီး မြန်မာတစ်ပြည်လုံး လွတ်လပ်ရေးပွဲကို ပျော်ရွှင်စွာ ဆင်နွှဲကြသောအခါ ကျွန်မတို့ မြို့ငယ်ကလေး၌ "ဒို့ဗမာကြည်ကြည်" အငြိမ့်ပွဲဖြင့် စည်ကားစွာ တစ်မြို့လုံးနီးပါး လွတ်လပ်ရေးကွင်း၌ ပျော်ပွဲရွှင်ပွဲ ပါဝင်ဆင်နွှဲကြပါသည်။

အိမ်နီးချင်း အဖော်ကောင်းသဖြင့် မိဘများခွင့်ပြုချက်ရ၍ ဒေါ်မြမေခမျာ တစ်သက်နှင့်တစ်ကိုယ် တစ်ခါမှမကြည့်ဖူးသော အငြိမ့်ပွဲကို ပွဲပြီးသည်အထိ ကြည့်ခွင့်ရခဲ့၍ အလွန်ဝမ်းသာ ကြည်နူးမိပါသည်။ အငြိမ့်ကရင်း ထပ်ကာထပ်ကာ သီဆိုသော သီချင်းမှာ "ဒို့ဗမာ ကြည်ကြည်ရယ် နောက်ပိတ်အိတ်ကိုလွယ်"ဟူသော စာကြောင်းမှာ ဒေါ်မြမေ နားထဲ၌ စွဲသွားမိပါတော့သည်။

ရောင်ခြည်တော်ခြောက်သွယ် ဘုရားရှိခိုးကိုသာ အသံနေအသံထားဖြင့် ဘုရားရှိခိုးတတ်သော ဒေါ်မြမေသည် စက်ချုပ်ရင်းနှင့် နေ့လယ်နေ့ခင်းတွင် ဒို့ဗမာကြည်ကြည် သီချင်းကို သီဆိုမိသောအခါ မိဘများ၏ ဆူပူကြိမ်းမောင်းခြင်းကိုခံလိုက်ရရှာပါတော့သည်။ ဒေါ်မြမေအနေနှင့် စက်ချုပ်ရင်းသီဆို





www.burmeseclassic.com

www.burmeseclassic.com

ခဲ့သည်မှာ မည်မျှအပြစ်ကျူးလွန်မိ၍ ယခုလို အဆူခံရမှန်း နားမလည်နိုင်တော့ပါ။

ညအိပ်ရာဝင်ခါနီး ဘုရားရှိခိုးသောအခါတွင်လည်း ခါတိုင်းကဲ့သို့ပင် ရောင်ခြည်တော်ခြောက်သွယ်ကို အသံနေ အသံထားဖြင့် ကြည်ညိုစွာ ရှိခိုးနေဆဲ မိဘများ၏ ဒေါသတကြီးနှင့် ဟန့်တားမှုကို ခံလိုက်ရရှာပါသည်။

ထို့ကြောင့် ဒေါ်မြမေသည် မိန်းကလေးဖြစ်ရခြင်းမှာ အလွန်စိတ်ပျက်ဖွယ်ကောင်းလှသည်ဟု ခံယူမိပြီး ကျွန်မတို့မြို့မှ ဘုရားကြီး သို့မဟုတ် မြသိန်းတန်ဘုရားကြီးသို့ သွားပြီး ယောက်ျားဆုကို အားသွန်ခွန်စိုက် ပီပီပြင်ပြင်တောင်းခံရှာပါတော့သည်။

ပြုမူဆောင်ရွက်လေသမျှ ကိစ္စအဝဝတွင် အရာရာနှင့် အကြောင်းကြောင်းဖြစ်တတ်သော ဒေါ်မြမေခမျာ ဘုရားကြီးသို့ ပူဖောင်းအလုံးကြီးနှစ်လုံးနှင့် ပူဖောင်းအရှည်ကြီးတစ်လုံးကို နေ့ခင်းကြောင်တောင် လူမြင်သူမြင်ကိုင်၍ တစိုက်မတ်မတ် ခြေလှမ်းကျဲကြီးဖြင့် ခိုတက်နေသဖြင့် သတိထားမိသူများက စိတ်ဝင်စားပြီး အကျိုးအကြောင်းကို မေးမြန်းသောအခါ ဒေါ်မြမေက . . .

"ကျွန်မလေ မိန်းမဖြစ်ရတဲ့ဘဝကို စိတ်ပျက်လွန်းလို့ပါ"ဟု ပြန်ဖြေပါသည်။ ထိုအခါ အကြောင်းရင်းကို သိလိုသူများက . . .

"ဒီပူဖောင်းအတွဲလိုက်ကြီးတဘာအဓိပ္ပာယ်လဲ"ဟုမေးမြန်းသောအခါ ဒေါ်မြမေက . . .

"တူသောအကျိုး ထပ်တူထပ်မျှပေးတယ်ဆိုလို့ ဒီပူဖောင်းကို ဘုရားကြီးမှာ လှူပြီး ယောက်ျားဆုတောင်းမလို့ပါ" ဟု ပြန်ဖြေသောအခါ မေးမြန်းမိသူများမှာ ငို၍ ရယ်၍မရသောမျက်နှာများဖြင့် သူ့ကို ဝိုင်းကြည့်နေကြပါသည်။

ထိုအခါ ဒေါ်မြမေက အောက်ပါအတိုင်း ဆက်၍ သူ့ဘဝကို ရင်ဖွင့်ပြပါသည်။

"ကျွန်မလေ ငယ်ငယ်ကတည်းက အဖော်တွေနဲ့လဲ မကစားခဲ့ရဘူး၊ အခု ကြီးလာတော့လဲ ဘယ်ကိုမှ တစ်ယောက်တည်း မသွားရဘူး၊ ဘုရားရှိခိုးရင်လဲ 'ဟော့ မြမေ တိတ်လိုက်စမ်း' လို့ အဘက ငေါက်တယ်၊ နေ့လယ် စက်ချုပ်ရင်း ဒို့ဗမာကြည်ကြည် သီချင်းကို ဆိုတော့လဲ အမေက 'တယ် ဒီကောင်မလေး အရှက်တိုမရှိဘူး' လို့ ပြောပါတယ်။

ဒါကြောင့် ကျွန်မ ဘယ်လိုနေရမလဲ၊ ယောက်ျားဖြစ်ရင် ကျောင်းလဲနေရမယ်၊ လွတ်လပ်မယ်လို့တွေးပြီး ခုလို ပူဖောင်းအတွဲလိုက်ကြီးကို လှူမလို့ပါ၊ တံမြက်စည်းကိုလှူပြီး ဆံပင်ကောင်းအောင် ဆုတောင်းလို့ရတယ် ကြားဖူးထားတယ်၊ ဒါကြောင့် ပီပီပြင်ပြင် ယောက်ျားကြီးတစ်ယောက်ဖြစ်အောင် လို့ ဒီပူဖောင်းအတွဲလိုက်ကြီးကိုလှူပြီး ဆုတောင်းရင် နောင်ဘဝ ယောက်ျားဖြစ်မှာ သေချာတယ်လို့ ယုံကြည်မိတယ်"

ဟု ပြန်ပြောသောအခါ ကြားရသူ အပေါင်းမှာ သနားရတော့မလိုလို အော်ပြီး ရယ်လိုက်ရတော့မလိုလို ဖြစ်သွားကြပါတော့သည်။

ထိုအခါ အလွန်ရင်းနှီးသော အသက်ကြီးကြီး အမျိုးသမီးတစ်ဦးက ဒေါ်မြမေကို အိမ်သို့ခေါ်သွားပြီး အဆူခံရသော အကြောင်းရင်းကို အသေးစိတ် ရှင်းလင်းခိုင်းရာ ပထမရောင်ခြည်တော် ဘုရားရှိခိုး၌ ဒေါ်မြမေသည် . . .

"အထက်ဆံတော်ဖျား တစ်လျှောက်မှ အောက်ခြေဖဝါးတော်တစ်ခိုထိုထိုသော ကိုယ်တော်မြတ် အစိတ်စိတ်မှ" ဟု ဆိုရမည့်အစား "အထက်ဆံတော်ဖျား တစ်လျှောက်မှ အောက်ဆံတော်ဖျားတစ်ခို" ဟု မှား၍ဆိုမိခြင်း။

ဒုတိယ ဒို့ဗမာကြည်ကြည် သီချင်းဆိုရာ၌ . . .

"ဒို့ဗမာကြည်ကြည်ရယ် နောက်ပိတ်အိတ်ကိုလွယ်"ဟု ဆိုရမည့်အစား သူနားကြားလွဲပြီး အမှတ်မှားခဲ့သဖြင့် "ဒို့ဗမာကြည်ကြည်ရယ် ကပ်ပယ်အိတ်ကိုလွယ်" ဟု ဆိုမိကြောင်းကို ရှင်းလင်းပြောပြရှာပါသည်။

သူ့ခမျာမှာ ကပ်ပယ်အိတ်၏ အဓိပ္ပာယ်ကိုလုံးဝမသိရှာပါ။ ယောက်ျားနှင့် ပတ်သက်၍ ဗဟုသုတခေါင်းပါးသလို မိန်းမ၏ ဓမ္မတာကိစ္စကိုပင် ပီပီပြင်ပြင် သဘောမပေါက်သူဖြစ်ပါသည်။ ခေါင်းမူးလျှင် ဓမ္မတာမမှန်၍ ဖြစ်တတ်သောကြောင့် သွေးဆေးဆောင်ထားရန် ပြောနေကြသောအခါ ဒေါ်မြမေက. .

"ကျွန်မကိုလဲ အဲဒီသွေးဆေးနာမည် ပြောပါဦး၊ အဘလဲ ခဏ ခဏ ခေါင်းမူးနေတယ်၊ ဓမ္မတာမမှန်ဘူးထင်တယ်" ဟု ဝင်ပြောသဖြင့် သူ့ကို အူကြောင်ကြောင်နှင့် ပြန်ကြည့်မိကြပါသည်။

အဆိုတော်လွှမ်းမိုး သီချင်းထဲကလို "ကျွန်တော်တို့ရပ်ကွက်ထဲမှာ ဒီလိုပဲရှိတယ်" လို့ ဆိုရလောက်အောင် ထူးခြားစွာ ရိုးသားရှာသူ ဒေါ်မြမေအား ဤစာဖြင့် မှတ်တမ်းတင်အပ်ပါသည်။

ကျွန်မပင်လျှင် အသက်(၈၁)နှစ်ရှိပြီဖြစ်၍ ဂျပန်ခေတ်၌ အသက်(၃၀) ကျော် အပျိုကြီးစာရင်းဝင် ဒေါ်မြမေသည် ယခုလောက်ဆိုလျှင် ဘဝတစ်ပါးသို့ ရိုးသားစွာ ကူးပြောင်းသွားပြီဟု ထင်မိပါသည်။

မိမိဇာတိမြေကို ခွဲခွာခဲ့ရသည်မှာ အနှစ်(၆၀)ကျော်ပြီဖြစ်၍ ယခုခေတ် မျိုးဆက်သစ်ကလေးများသည် ဒေါ်မြမေကို သိကြတော့မည် မဟုတ်ပါ။

မည်သို့ပင်ဖြစ်စေ ဤစာမူဖြင့် ပေးတမ်းစွန့်ကြဲ လှူဒါန်းရသမျှ ကုသိုလ်အစုစုကို ဒေါ်မြမေလည်း သာဓုခေါ်နိုင်သည်ဖြစ်စေ၊ မခေါ်နိုင်သည်ဖြစ်စေ အကြွင်းအကျန်မရှိ ထပ်တူထပ်မျှ ရရှိပါစေဟု ဆန္ဒပြုရင်း . . . ။

❒ ရွှေခင်

www.burmeseclassic.com






www.burmeseclassic.com







www.burmeseclassic.com


www.burmeseclassic.com








www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# ပြုံးရယ်ရယ်ဟား ဟာသများ



အနောက်နိုင်ငံတစ်ခုက စိတ်ကျန်းမာရေးကု ဆေးရုံတစ်ရုံမှာ ဖြစ်ပါတယ်။ သူတို့ဆီက စိတ်ကျန်းမာရေး ချို့ယွင်းနေတဲ့လူတွေကို သီးခြားလူတွေလို သဘောမထားဘဲ သာမန်လူတွေလို သဘောထား ဆက်ဆံလေ့ရှိပါတယ်။ သူတို့ဝါသနာပါတဲ့ အားကစား၊ အနုပညာ၊ ဂီတ၊ ပန်းချီကအစ တတ်နိုင်သမျှ ဖြည့်ဆည်းပေးထားကြပါတယ်။

တစ်နေ့မှာ စိတ်ကျန်းမာရေး အထူးကုတဲ့ဆရာဝန်က ဆေးရုံထဲ လှည့်လည်စစ်ဆေးရင်း ဆေးရုံဝင်းထဲရှိ မြက်ခင်းတစ်ခုပေါ်မှာ အကျအန ထိုင်ပြီး ပုံဆွဲဖို့ဟန်ရေးပြင်နေတဲ့ ဝေဒနာရှင်တစ်ဦးကိုတွေ့လိုက်ရပါတယ်။ ဒီလူနာအနေနဲ့ ပန်းချီကားချပ်ပေါ်မှာ ဘာမှဆွဲထားတာ မတွေ့တော့ အံ့ဩသွားတဲ့ ဆရာဝန်က ဝေဒနာရှင်ပန်းချီဆရာကို မေးလိုက်တယ်။

"ခင်ဗျား ပန်းချီဆွဲမလို့လား၊ ဘာတွေ ဆွဲမှာလဲဗျ" လို့ မေးလိုက်တော့ ဝေဒနာရှင်က ပြန်ပြောတယ်။

"ဆွဲပြီးသွားပြီလေဗျာ၊ ခင်ဗျား မမြင်ဘူးလား"

ဒီစကားကြားတော့ ဆရာဝန်က အံ့ဩသွားတယ်။ သူတွေ့တာတော့ ဘာပုံမှဆွဲမထားတဲ့ ကားချပ်တစ်ချပ်ပဲ။

"မ. . . မမြင်"

"ဒါ နွားစားကျက်တစ်ခုပုံကို ဆွဲထားတာဗျ"

"နို့ မြက်ခင်းတွေလဲ မတွေ့ပါလား"

"မတွေ့ဆို နွားတွေဝင်စားသွားပြီလေဗျာ"

"ဟုတ်လား၊ အဲဒီနွားတွေကော"

"ခင်ဗျား ငတုံးလား၊ မြက်တွေကုန်မှတော့ ခင်ဗျားနွားက ထွက်သွားပြီပေါ့ဗျ"

စိတ်ကျန်းမာရေးအထူးကုဆရာဝန်ဟာ သူ့တစ်သက်မှာ အထူးခြားဆုံးနဲ့ လက်ရာအမြောက်ဆုံးဖြစ်တဲ့ ပန်းချီကားချပ်ကို သူ့ဝေဒနာရှင် ပန်းချီဆရာဆီကတစ်ဆင့် တွေ့ခွင့်ရလိုက်ပါသတဲ့။




တိရစ္ဆာန်ရုံအတွင်းတွင် မြေးအဘိုး နှစ်ယောက် လှည့်ပတ်ကြည့်ရှုနေ၏။

အဘိုးဖြစ်သူက မြေးလေးကို မျောက်ရှာသို့ ခေါ်သွားသည်။

"မြေးလေး တွေ့လား၊ ဟိုမှာမျောက်ကလေးတွေ"

"ဟုတ်တယ် ဘိုးဘိုး၊ သားလိုပဲ ဆော့နေတာ"

"အေးကွ၊ လူဆိုတာ မျောက်က ဆင်းသက်လာတာ၊ လူနဲ့ သိပ်တူတယ်"

"ဟုတ်ပြီ၊ ဒီက မျောက်တွေ နည်းနည်းသွားတာ လူဖြစ်သွားလို့ကိုး"

www.burmeseclassic.com

# ပြုံးရယ်ရယ်ဟား ဟာသများ




ကုမ္ပဏီပိုင်ရှင်တစ်ဦးသည် ကွန်ပျူတာအရောင်းဆိုင်တစ်ခုသို့ လာရောက်လေ့လာရာ အရောင်းမန်နေဂျာမှ သူ၏ ကုန်ပစ္စည်းအား ရောင်းဖြစ်အောင် ဆွဲဆောင်ပြောဆိုရာ မအောင်မြင်ဘဲ ရှိနေသည်။ သူ ဘယ်လို အမွမ်းတင်၍ပြောပြော စိတ်ဝင်စားပုံ မရ။

"အလွန်ကောင်းတဲ့ ကွန်ပျူတာပါခင်ဗျာ၊ ဆရာ့မှာ ဘယ်လိုပြဿနာ အခက်အခဲတွေ ရှိနေနေ ဒီကွန်ပျူတာက ဒီအခက်အခဲတွေရဲ့ ငါးဆယ်ရာနှုန်းကို ဖြေရှင်းပေးနိုင်ပါတယ်"

ထိုစကားကြောင့် ကုမ္ပဏီပိုင်ရှင် စိတ်ဝင်စားသွားသည်။

"တစ်ဝက်ဖြေရှင်းပေးနိုင်တယ်ဆိုတာ သေချာတယ်နော်"

"အာမခံပါတယ် ဆရာ၊ ပြေလည်အောင် ဖြေရှင်းပေးနိုင်ပါတယ်"

"ငါက ရာနှုန်းပြည့်မှ ကြိုက်တာကွ၊ ဒီတော့ ဒီလိုလုပ် ဒီကွန်ပျူတာမျိုး နှစ်လုံးပေး၊ ဒါမှ ငါ့အတွက် အဆင်ပြေမှာ"




လွန်စွာမှကို ရိုးအလွန်းလှသည့် တောင်သူဦးကြီး တစ်ယောက်တွင် သန်းခေါင်စာရင်းရုံးသို့ရောက်လာပြီး ရုံးစာရေးအား ပြောလိုက်သည်။

"အဘသေသွားပြီဆိုတဲ့ ထောက်ခံစာကို ရုံးက ထုတ်ပေးဖို့ပါ"

"နေပါဦး၊ အဘက ပေါက်ပေါက်ရှာရှာ မသေသေးဘဲ သေပါပြီလို့ ဘာလို့ ထောက်ခံစေချင်ရတာလဲ"

"ဒီလိုပါ၊ အကြွေးရှင်တွေက သူတို့ အကြွေးတွေကို နောက်ထပ်မတောင်းနိုင်အောင်လို့ အဘက သူတို့ယုံအောင် ပြချင်လို့ပါ"

"အမ်"



www.burmeseclassic.com

www.burmeseclassic.com

# ပြုံးရယ်ရယ်ဟား ဟာသများ



ညနေဘက် ယောက်ျားဖြစ်သူ ရုံးမှပြန်လာသောအခါ ဇနီးဖြစ်သူက အိမ်ဝမှ ဆီးပြော၏။

"နေ့လယ်က မြို့ထဲလာရင်း ရှင့်ရုံးခန်းထဲ ရောက်ခဲ့တယ်"

"ငါ အစည်းအဝေး သွားနေတယ်ကွ"

"ဟုတ်တယ်၊ ရှင်မရှိဘူး၊ ထိုင်ခုံမှာ ချိတ်ထားတဲ့ ရှင့်တိုက်ပုံအင်္ကျီထဲက ပိုက်ဆံသုံးထောင် နှိုက်ယူလာခဲ့တယ်"

"ဟာ ငါ ရုံးခန်းပြောင်းသွားပြီကွ၊ မင်း ဘယ်သူ့အင်္ကျီ အိတ် မှားနှိုက်ပြီလဲ မသိဘူး"




စားသောက်ဆိုင်ကြီး တစ်ခု အတွင်းသို့ လူလတ်ပိုင်းတစ်ဦး ဝင်လာ၏။ စားသောက်ဆိုင်မှ စားပွဲထိုး ချာတိတ်နှင့် စကားလက်ဆုံကျနေ၏။

"ဆရာ မင်းလမ်းမှာ ဆံပင်ညှပ်လာတယ်"

"ဟုတ်တယ်ကွ"

"ဆရာ့အင်္ကျီက မင်းမင်းဆိုင်က ချုပ်တာ"

"မှန်တယ်ဗျာ"

"ပြီးတော့ ဒီကိုမလာခင် ဈေးထဲမှာ ဖိနပ်တိုက်လာတယ်"

"တကယ့်စုံထောက်ပဲ"

"ဖိနပ် ဖိနပ်. . . အင်း. . . ဆရာ့မှာ မုဆိုးမရည်းစား ရှိတယ်"

"ဟေ့ တော်လှချေလားကွ၊ ဖိနပ်ကိုကြည့်ပြီး ရည်းစားကို ပြောလို့ရတယ်"

"ရတာပေါ့၊ မနေ့က ကျွန်တော်မရှိတုန်း အမေ့ဆီ လာပြီး မှားစီးသွားတဲ့ ကျွန်တော့်ဖိနပ်ပဲ"



www.burmeseclassic.com

www.burmeseclassic.com

# ပြုံးရယ်ရယ်ဟား ဟာသများ



မကြာမီ လက်ထပ်ရတော့မည့် သတို့သမီးက မိခင်ဖြစ်သူအား ပြောသည်။

"အမေရယ် သမီးတော့ ဒုက္ခပဲ"

"ဟဲ့. . . ဘာဖြစ်လို့ ဒုက္ခရတာလဲဟဲ့"

"သမီးယူရမယ့်ယောက်ျားက အိပ်ရင် အရမ်းဟောက်တယ်တဲ့ အမေရဲ့"


"အမယ်လေးဟယ်၊ ဒါများ စိတ်ညစ်စရာလား၊ နင့်အဖေတုန်းကလဲ ဒီလိုပဲ ဟောက်တယ်ဆိုပြီး တောက်ချင်ယောင်ဆောင်တတ်တယ်၊ ပြီးတော့ အိပ်မောကျသလိုလိုနဲ့ မျက်လုံးကလေးမှေးပြီး အမေ ဘယ်သွားတယ်၊ ဘာလုပ်တယ်ဆိုတာ ချောင်းကြည့်နေတာအေ့"



လူရယ်လို့ဖြစ်လာကြရင် တစ်ဦးနဲ့တစ်ဦး ပေါင်းသင်းဆက်ဆံရေးမှာ ကျေးဇူးတရားဆိုတာ မလွဲမသွေ ပါလာတတ်စမြဲပါ။ သူ့အပေါ် ကိုယ်က ကျေးဇူးပြုမိဖူးကြသလို သူတစ်ထူးရဲ့ ကျေးဇူးတရားနဲ့လည်း ဘယ်သူမှ မလွတ်ကင်းနိုင်ကြပါဘူး။ ကျေးဇူးတရားဆိုတဲ့ စကားရဲ့နောက်မှာ ကျေးစွပ်တယ်၊ ကျေးဇူးကန်းတယ်၊ ကျေးဇူးမသိတတ်ဘူး စသဖြင့် တံဆိပ်အမျိုးမျိုးတပ်ပြီး နှာခေါင်းရှုံ့ကြပါတယ်။ အထင့်သေးကြပါတယ်။ သို့သော် 'ဥစ္စာမရှိ ကတိမတည်'ဆိုတဲ့ စကားကို ကျေးဇူးတရားကိုသိပင်သိငြားလည်း အခြေအနေအရ သေသာသေသွားခဲ့တယ်။ ကျေးဇူးကို ပြန်လည်တုံ့ပြန်သမှု မပြုနိုင်ကြသူတွေ အများကြီးရှိပါတယ်။ ကျွန်တော်ကိုယ်တိုင် အပါအဝင်ပါပဲ။ ဘယ်လိုပဲဖြစ်ဖြစ် ကျေးဇူးပြန်မဆပ်နိုင်ရင် နေပါစေ။ ကျေးစွပ်သူ၊ ကျေးဇူးကန်းသူ မဖြစ်အောင်တော့ ဆင်ခြင်ကြရပါလိမ့်မယ်။

❒ စောနိုင်ဦး

www.burmeseclassic.com



# လောကီအကျိုးစီးပွား တိုးတက်စေရန် မိမိတို့အိမ်၏ ဥယျာဉ်ခြံအတွင်း သစ်ပင်စိုက်ပျိုးနည်း

ဆရာပေယံဦး

စာရေးသူ၏ ရန်ကင်းတိုက်ခန်း ရှေ့က ဗေဒင်ဟောခန်းမှာထိုင်ရင်း ပြုံး မိပါသည်။ ပြုံးရသော အကြောင်းက ရှိနေသည်။ လွန်ခဲ့သော (၆) နှစ်ခန့်က နေပြည်တော် ပညာအိမ်ရာတွင် ဗေဒင် ဟောရန် ရှိနေသော **စာရေးသူ၏** တပည့်မ နန်းစုခိုင်တို့ **နောက်ပြောင်** လိုက်ခြင်းသာ **ဖြစ်ပါသည်။**

**ဤသို့ဖြင့် တစ်နေ့မှာ စာရေးသူ ထံ ရောက်ရှိလာပြီး . . .**

"ဆရာတို့ကလေ သမီးကို နှပ်ချ လိုက်ပြန်ပြီ၊ ကိုယ့်သမီးလေးကို ဒီလို နှပ်ချတာတော့ မကောင်းဘူး"

"နေပါဦး၊ ဘာတွေပြောနေတာ လဲ သမီး"

"မိမိတို့ အိမ်ခြံဝင်းအတွင်းမှာ မစိုက်ပျိုးသင့်တဲ့သစ်ပင်တွေ၊ စိုက်ပျိုး သင့်တဲ့သစ်ပင်တွေအကြောင်း ပြောပြ ပါဆိုတော့ ဆရာက မှတ်စုစာအုပ် ငှား ပြီး ကူးရေးထားလို့ ပြောတယ်လေ"

"အင်း . . . ဟုတ်တယ်လေ၊ အဲဒါ ဘာဖြစ်လို့လဲ"

"ဆရာ့မှတ်စုစာအုပ်မှာ မစိုက် ပျိုးသင့်တဲ့သစ်ပင်အကြောင်း ပါတယ်၊ စိုက်ပျိုးသင့်တဲ့သစ်ပင်အကြောင်း ရေး မထားဘူး၊ သမီးက မေးတော့ စကား သိပ်များတာပဲ၊ အိမ်ရောက်ဖတ်ကြည့် တဲ့၊ ဆရာ လိမ်တယ်"

"ဟုတ်တယ်၊ မှတ်စုစာအုပ်က ငှားလိုက်တာ၊ ပြန်လာမပေးဘဲ နေပြည် တော်သွားရင် ယူသွားမှာစိုးလို့ လိမ် လိုက်တာ၊ အဲဒါမှ ဒီကောင်မလေး ပြန် လာလိမ့်မယ်၊ ပညာပေးလိုက်တာပဲ"

"ဆရာ့စာအုပ်ကို ပြန်မပေးဘဲ ရှိပါ့မလား ဆရာရယ်"

"ပေးလိုက်တဲ့စာအုပ်တွေ ဖတ် လဲမဖတ်ဘူး၊ ပြန်မပေးလို့ တောင်းယူ ရတယ်၊ သမီးဆီမှာ ဆရာ့မှတ်စုစာအုပ် တွေရှိသေးတယ်၊ ပညာခန်းတွေ သိပ် ကောင်းတယ်၊ ဆရာ့ရဲ့ ဆရာဖြစ်တဲ့ မွေးချိန်ဟောနည်းစနစ် (လောကခံရှစ် ပါး) မြန်မာ့ရိုးရာ ဗေဒင်လက်စွဲကျမ်းကို



www.burmeseclassic.com

www.burmeseclassic.com

ပြုစုတဲ့ ဆရာပရမတ် (အေးချမ်းသူတို့ စံပျော်ရာ) ရဲ့ ပညာတွေလေ၊ သိပ်ကောင်းတယ်"

"ဆရာမမြင်တဲ့ ရမ်းသန်းပြောနေ၊ သမီး ဖတ်ပါတယ် ဆရာရဲ့"

"ဒါဆိုလဲ ပြီးရော"

"မပြီးသေးဘူးလေ ဆရာရဲ့၊ အိမ်ရဲ့ဥပစာခြံအတွင်း စိုက်ပျိုးသင့်တဲ့ သစ်ပင်အကြောင်းကိုပြောပါဦး"

"ဒါဆို လိုက်မှတ်တော့"

စာရေးသူသည် တပည့်မ နန်းစုခိုင်ကို ရှင်းပြလိုက်ပါသည်။ ပြီးမှ . . .

"အင်း . . . အခုမှပဲ ပြည့်စုံတော့တယ်"

"ဒါဆို ပြန်တော့မှာလား"

"မပြန်သေးဘူးဆရာ၊ လက်ဖက်ရည်ဆိုင်သွားရအောင်၊ ဆရာ့ကိုလဲ ဧည့်ခံချင်တယ်၊ နေပြည်တော်မသွားခင် ဆရာ့ကို လာကန်တော့ဦးမယ်"

"ဒါနဲ့ သမီးကို ပြောပြရဦးမယ်၊ အချို့အိမ်တွေရဲ့ အိမ်ရှေ့ကခြံစည်းရိုးမှာ နွယ်ပင်တွေတက်နေတာ တွေ့ဖူးလား"

"တွေ့ဖူးပါတယ် ဆရာ"

"အေး . . . အဲဒီအိမ်တွေ ဘယ်တော့မှ စီးပွားမတက်ဘူး၊ စီးပွားတက်လဲ ခဏ၊ ရလာတဲ့ငွေကြေး ပစ္စည်းတွေ ပျောက်ပျက်ကုန်ရော၊ ဆရာတော့ ကင်းပုံပင်တွေ အများဆုံးတွေ့တယ်၊ နွယ်ပင်ဆို ဘယ်နွယ်ပင်မှမရှိတာ အကောင်းဆုံးပဲ၊ ဘူးပင်စိုက်ရင် အိမ်ရှေ့မှာ မစိုက်ကောင်းဘူး၊ အချို့အိမ်တွေက အိမ်ရှေ့မှာ မီးဖိုတည်ပြီး ထမင်းဟင်းချက်တယ်၊ ဒီအိမ်ပူလောင်နေတတ်တယ်၊ အိမ်သူအိမ်သားတွေမှာ အတွင်းပူ အပြင်ပူ ရှိနေတတ်တယ်၊ ဝင်းခြံလေးနဲ့ နေတဲ့ အိမ်ဆိုလဲ ခြံတံခါးကို သေသေသပ်သပ် ရှိရမယ်၊ ပျက်စီးယိုယွင်းနေတာ မရှိရဘူး၊ အိမ်ရှေ့အဝင်အထွက် တံခါးမကြီးဆိုလဲ ဒီအတိုင်းရှိနေရမယ်၊ နှစ်ထပ်အိမ်တွေဆို အပေါ်တက်တဲ့ လှေကားက အပျက်အစီးမရှိသလို အုတ်ဖိနပ်လဲ ပဲ့ရွဲ့တာမျိုး မရှိရဘူး၊ ဘာကြောင့် ဒါတွေ ပြောနေရသလဲဆိုတော့ ဝင်မယ့်လာဘ်ဟာ မဝင်တော့ဘူး ဖြစ်မှာစိုးလို့ပဲ၊ အဲဒါတွေ မှတ်ထား၊ ပြီးတော့ အိမ်ရဲ့ခြံထဲမှာဖြစ်စေ၊ အိမ်ရှေ့မှာဖြစ်စေ သပြေပင်လုံးဝမစိုက်ရဘူး"

"အောင်သပြေကို ပြောတာလား"

"ဟုတ်တယ်"

"ဘာဖြစ်လို့လဲ ဆရာ"

"အိမ်ပူတယ်၊ စီးပွားရှာဖွေရခက်တယ်၊ အိမ်သူအိမ်သားအချင်းချင်း တစ်ယောက်နဲ့တစ်ယောက် မတည့်ကြဘူး၊ အဲဒါနဲ့ ပတ်သက်လို့ မဂ္ဂဇင်းတွေမှာ ဆရာတော်ကြီးတွေ မိန့်ကြားတာ ဆရာဖတ်ဖူးတယ်၊ အဲဒါ ဆရာ့ကိုယ်တွေ့ပဲ၊ ဒီကြားထဲ ကိုယ့်အိမ်ခြံဝင်းထဲမှာ ဝါးတွေ သစ်တွေပုံရမှာ သစ်ကြားဝါးညှပ်တာမျိုး ဝါးကြားသစ်ညှပ်တာမျိုး ရှိနေရင် အိမ်ကိုခိုက်တယ်၊ ပြဿနာပေါင်းစုံဝင်တော့တာပဲဟာ၊ အဲဒါတွေမှတ်ထားဦး၊ အခုပြောတာ နားလည်ရဲ့လား"

"နားလည်ပါတယ် ဆရာ"

"အိမ်က ဘုရားစင်ဆိုလဲ သန့်သန့်ရှင်းရှင်း ရှိနေရမယ်၊ ဘုရားစင်ပေါ် အလွယ်တကူတင်တတ်တာတွေ တွေ့ဖူးတယ်၊ ထီလက်မှတ်တွေ၊ နာရီ၊ မျက်မှန်၊ ပြီးတော့ စာအုပ်လေးတွေ၊ ဘုရားစင်ဟာ သန့်ရှင်းနေတာ ကောင်းတယ်၊ ဘုရားခန်းကို သီးခြားလုပ်ထားရင်တော့ အကောင်းဆုံးပေါ့၊ အခန်းမဟုတ်လဲ လိုက်ကာဆွဲထားလဲ ရတာပဲ၊ ဒါပါပဲ၊ လူတိုင်းသိထားသင့်တဲ့ အချက်လို့ ယူဆတယ်၊ ဒါကြောင့် သမီးကတစ်ဆင့် ဖြန့်ဝေပြောပြပေါ့"

"ဟုတ်ကဲ့ပါ ဆရာ"

"ဒါဆို လက်ဖက်ရည်ဆိုင်သွားကြမယ်"

လွန်ခဲ့သော ခြောက်နှစ်ခန့်က တပည့်မ နန်းစုခိုင်နှင့် တွေ့ဆုံခဲ့သော ပုံရိပ်ကို ပြန်ပြောင်းစဉ်းစားနေမိပါသည်။

မိမိတို့ အိမ်ခြံဝင်းအတွင်း စီးပွားလာဘ်လာဘ တိုးတက်စေရန် စိုက်ပျိုးသင့်သော သစ်ပင်များ အကြောင်းကို စာဖတ်ပရိသတ်များ သိရှိစေရန် တင်ပြလိုက်ရပါသည်။

❖ တနင်္ဂနွေ သားသမီးများသည် မိမိတို့၏ ဥပစာခြံအတွင်း မြောက်ဘက်အရပ်တွင် သစ်ဆိမ့်ပင်၊ သကြားသြဇာပင် စသည်တို့ကို ကျနစွာ ရှင်အောင်စိုက်ကြရမည်။

❖ တနင်္လာ သားသမီးများသည် မိမိတို့၏ဥပစာခြံအတွင်း အရှေ့မြောက်တွင် ထင်းရှူးပင်၊ ဒန့်သလွန်ပင် စသည်တို့ကို ကျနစွာ ရှင်အောင်စိုက်ကြရမည်။

❖ အင်္ဂါသားသမီးများသည် မိမိတို့၏ ဥပစာခြံအတွင်း အရှေ့ဘက်တွင် အုန်းဖွဲ့ပင်၊ အောင်မဲ့ဖြူပင် စသည်တို့ကို ကျနစွာ ရှင်အောင်စိုက်ကြရမည်။

❖ ဗုဒ္ဓဟူးသားသမီးတို့သည် မိမိတို့၏ ဥပစာခြံအတွင်း အရှေ့တောင်ဘက်တွင် ကသစ်ပင် စသည်တို့ကို ကျနစွာ ရှင်အောင်စိုက်ကြရမည်။

❖ ကြာသပတေး သားသမီးတို့သည် မိမိတို့အိမ်၏ ဥပစာခြံအတွင်း အနောက်တောင်ဘက်တွင် စွယ်တော်ပင် စသည်တို့ကို ကျနစွာ ရှင်အောင်စိုက်ကြရမည်။

❖ သောကြာ သားသမီးတို့သည် မိမိတို့၏ ဥပစာခြံအတွင်း အနောက်မြောက်ဘက်တွင် ဝင်အူပင်၊ လိမ်အူပင်၊ စသည်တို့ကို ကျနစွာ ရှင်အောင်စိုက်ကြရမည်။

❖ စနေသားသမီးတို့သည် မိမိတို့၏ ဥပစာခြံအတွင်း တောင်ဘက်တွင် မန်ကျည်းပင်၊ မင်းကွတ်ပင် စသည်တို့ကို ကျနစွာ ရှင်အောင်စိုက်ကြရမည်။

အထက်ပါ သစ်ပင်စိုက်ပျိုးနည်းမှာ မူလကျမ်းရင်း၌ သစ်ဆိမ့်၊ ပန်းယ၊ သူရဇ္ဇ စိုက်ထ လွန်ချမ်းသာဟူ၍ ဖွင့်ပြထားသည်။ ဆပွတ်ကို တြိရန်းအုပ်၍ မာတ်ရိုက်နည်း ဖြစ်ပါသည်။

နောက်တစ်နည်းမှာ . . .

ကျမ်းရင်း၌ သစ်ဆိမ့် ဖလ၊ သူရဇ္ဇ စိုက်ထ လွန်ချမ်းသာဟု ဆိုထားပါ

www.burmeseclassic.com

သည်။ ပဋ္ဌပွတ်နံကို စတုရန်းအုပ်၍ ဓာတ်ရိုက်နည်း ဖြစ်သည်။

❖ တနင်္ဂနွေသားသမီးတို့သည် မိမိတို့ ဥပစာခြံအတွင်း မြောက်ဘက်မှာ ဖလံပင်၊ မြတ်လေးပင်၊ မရန်းပင် စသည်တို့ကို ကောင်းမွန်စွာ စိုက်ပျိုးပါ။

❖ တနင်္လာသားသမီးတို့သည် မိမိတို့၏ ဥပစာခြံအတွင်း အရှေ့မြောက်ဘက်မှာ သပြေ၊ သဖန်း၊ သပြုပင် စသည်တို့ကို ကောင်းမွန်စွာ စိုက်ပျိုးပါ။

❖ အင်္ဂါသားသမီးတို့သည် မိမိတို့၏ ဥပစာခြံအတွင်း အရှေ့ဘက်မှာ နံ့သာပင်၊ ဒဟတ်ပင် စသည်တို့ကို ကောင်းမွန်စွာ စိုက်ပျိုးပါ။

❖ ဗုဒ္ဓဟူးသားသမီးတို့သည် မိမိတို့၏ ဥပစာခြံအတွင်း အရှေ့တောင်ဘက်မှာ အုန်းပင်၊ အုံဘုံပင် စသည်တို့ကို ကောင်းမွန်စွာစိုက်ပျိုးပါ။

❖ ကြာသပတေး သားသမီးတို့သည် မိမိတို့အိမ်၏ ဥပစာခြံအတွင်း အနောက်တောင်ဘက်မှာ ကျီးအာပင်၊ ဂန့်အိမ်ပင် စသည်တို့ကို ကောင်းမွန်စွာ စိုက်ပျိုးပါ။

❖ သောကြာသားသမီးတို့သည် မိမိတို့၏ ဥပစာခြံအတွင်း အနောက်မြောက်ဘက်မှာ ဆူးချဉ်ပင်၊ ညောင်ကြတ်ပင်၊ ညောင်ချဉ်ပင် စသည်တို့ကို ကောင်းမွန်စွာ စိုက်ပျိုးပါ။

❖ စနေသားသမီးတို့သည် မိမိတို့၏ ဥပစာခြံအတွင်း တောင်ဘက်မှာ ဝါညိုပင်၊ လက်ဆက်ပင် စသည်တို့ကို ကောင်းမွန်စွာ စိုက်ပျိုးပါ။

လောကီ အကျိုးစီးပွားတိုးတက်၍ ကျက်သရေ မင်္ဂလာအဖြာဖြာ ပြည့်စုံပေလိမ့်မည်။

မှတ်ချက်- နေပြည်တော် ပညာအိမ်ရာတွင် ဗေဒင်ဟောနေသည့် တပည့်မနန်းစုခိုင်အတွက် အမှတ်တရ။

❐ ဆရာဝေယံဦး
လူမှုထူးချွန်(ဒုတိယဆင့်)

## ဒက္ခိဏာသာခါ ကိုးကွယ်ရာဝယ်

မိမိတို့မြန်မာနိုင်ငံရှိ ဗုဒ္ဓဘာသာဝင် အိမ်ဝေဟာ အတော်များများ၌ ဒက္ခိဏာသာခါရုပ်ပွားတော်ကို ထားရှိပူဇော်ကြသည်ကို တွေ့မြင်နေရပါသည်။

ဒက္ခိဏာသာခါ ရုပ်ပွားတော်အား ထုလုပ်စီမံထားသော အယူအဆများသည် မြန်မာဗုဒ္ဓဘာသာဝင်များ၏ ထူးခြားသော ဘာသာရေးဆိုင်ရာ စိတ်ကူးနှင့် သဒ္ဓါတရားတို့ပေါင်းစပ်၍ ဖြစ်ပေါ် လာ ခြင်းဟု ဆိုနိုင်ကောင်းပါသည်။ အကြောင်းမူ ဗုဒ္ဓရုပ်ပွားတော်ဖြစ်ခြင်း (ဥဒိဿစေတီ)၊ ဗောဓိညောင်ကိုင်းသားဖြင့် ထုဆစ်ထားခြင်း(ပရိဘောဂစေတီ)၊ မှိုကိုးချက်၌ ဓာတ်တော်များအားဌာပနာခြင်း (ဓာတုစေတီ)၊ ပိဋကတ်ကျမ်းဦး ပါဠိဂါထာများ ဌာပနာခြင်း၊ ပိဋကတ်ပြာဖြင့် စီမံခြင်းဟုဆိုသည့် ဓမ္မစေတီစသော စေတီလေးပါးအလုံးစုံကို တစ်ပါတည်း ပေါင်းစပ်ဖွဲ့စည်းထားခြင်းကြောင့် ဖြစ်၏။ သို့ဖြစ်၍လည်း ဒက္ခိဏာသာခါအား စေတီလေးပါး အလုံးစုံထိုက်သော ဗုဒ္ဓဆင်းတုတော် တစ်ဆူအဖြစ်ယုံကြည်စွာထုလုပ်ကိုးကွယ်ကြခြင်းဖြစ်ပေသည်။

ဒက္ခိဏာသာခါ ရုပ်ပွားတော်ကို ယုံကြည်စွာ ကိုးကွယ်ကြသူများအနေဖြင့် ထူးကဲသော အကျိုးများကို ခံစားရရှိကြောင်း အထောက်အထားများ ရှိပါသည်။ သာဓကအားဖြင့် ဒက္ခိဏာသာခါရုပ်ပွားတော်ကို ရေသပ္ပါယ်၍ အဆိုပါ ရေကိုသောက်ပါက ရောဂါဝေဒနာအပေါင်း၊ ပယောဂအဖမ်းအဆီးဟူသမျှ ကင်းလွတ်ကြောင်း လက်တွေ့မဟာဒီပံ အင်းသိုက်ကြီး စာအုပ်တွင် ဖော်ပြထားပါသည်။ တစ်ဖန် ဝက်မစွတ်ဝန်ထောက်ဦးလတ်၏ နေ့စဉ်မှတ်တမ်း၌လည်း လယ်ကိုင်းဝန် ပင့်လာသည့် ယင်းတော်ဝန်မင်းထံမှ ပိဋကတ်မံဘုရား မဟာဗောဓိ၏ ချိုးတော်ရေကိုတိုက်လျှင် ပယောဂပျောက်သည်ဟု ပြောကြကြောင်း ဖော်ပြထားပါသည်။ အများအားဖြင့် ဒက္ခိဏာသာခါ ရုပ်ပွားတော်ကို ပူဇော်ကပါက မီးမလောင်နိုင်ဟူသော အယူအဆကို စွဲမြဲယုံကြည်နေကြပါသည်။

ဒက္ခိဏာသာခါ ရုပ်ပွားတော်တွင် ရေကန်ပါရှိခြင်း၊ ကြာရိုး၊ ကြာနွယ်၊ ကြာဖတ်တို့ အုပ်မိုးထားခြင်းနှင့် ဆက်နွယ်နေပေ၏။ အကြောင်းမူကား မီးကို နိုင်သောအရာမှာ ရေသာလျှင် ဖြစ်၏။ ရေကန်ရှိသော ကြာပွင့်ထက်မှဖြစ်ထွန်းပေါ် တော်မူလာသော ဘုရားရှင်ဖြစ်၍ မီးကွင်းသည်ဟု ယုံကြည်ကြလေ၏။ လောကီပညာရပ်များဖြစ်သော အင်း၊ အိုင်၊ ခါးလှဲ့၊ ဂါထာ၊ မန္တန် စသည်တို့တွင်လည်း ဒက္ခိဏာသာခါဘုရားရှင် ရုပ်ပွားတော်အား ပူဇော်ရသည့်အတွက် ပစ္စည်းဥစ္စာ၊ အိုးအိမ်တိုက်တာများ မီးမလောင်နိုင်ဟူ၍ ဖော်ပြပါရှိပေသည်။ ဒက္ခိဏာသာခါရုပ်ပွားတော်အား ထုလုပ်ကိုးကွယ်ရခြင်း၏ အကျိုးတရားဆိုင်ရာများနှင့် စပ်လျဉ်း၍ မုံရွေးဇေတဝန်ဆရာတော်ဘုရားကြီးက သမန္တစက္ခုဒီပနီကျမ်း၌. . .

"တင့်တယ်စွာ ထုလုပ်ထားသည့် ဗုဒ္ဓ ဆင်းတုတော်များသည် ဥဒိဿ (ဉဒ္ဒိဿ)စေတီချည်းပင်ဖြစ်၍ ကိုးကွယ်ပူဇော်သူများအတွက်ပစ္စုပ္ပန်နှင့်သံသရာတွင် လူ၊ နတ်၊ ချမ်းသာကိုရရှိ၍ အဆုံး၌ ဝိမုတ္တိရသ(နိဗ္ဗာန်)ရရှိမည်ဟု နှလုံးပိုက်ယူသင့်ပါသည"

ဟု လမ်းညွှန် မိန့်ဆိုခဲ့ပါသည်။

ဒက္ခိဏာသာခါရုပ်ပွားတော်များကို ယခုမှသာ ကိုးကွယ်ကြသည်မဟုတ်

→→



www.burmeseclassic.com

www.burmeseclassic.com




# ဒက္ခိဏသာခါ ကိုးကွယ်ရာဝယ်

မင်္ဂလာဦးဆွေမိုး

ရှေးမြန်မာမင်းများ လက်ထက်ကလည်း ပူဇော်ခဲ့ကြကြောင်း လေ့လာ တွေ့ရှိရပါသည်။ အနီးစပ်ဆုံး လေ့လာတွေ့ရှိချက်အရ သီပေါမင်းတရား (၁၈၇၈-၁၈၈၅) လက်ထက် ၁၈၇၉ ခုနှစ်၊ ဇူလိုင်လ (၂၀) ရက်နေ့တွင် ဂယာမှ ပင့်လာသော ဗောဓိညောင်သားကို အရပ်တော် ၅ တောင် (၇. ၅ ပေ)၊ ထက်ဝယ်ဖွဲ့ခွေ ၄ တောင် (၆ ပေ) အရွယ်တော်မျှ ထုလုပ်၍ သရီရဓာတ်တော်များ၊ ပိဋကတ်တော်၊ ကျမ်းဦးဂါထာတော်များရေးသော ရွှေပေလွှာများကို ဌာပနာစေ၏။ ထို့နောက် လွှတ်တော်ရှေ့ မှန်ကျောင်းဆောင်တွင် ပူဇော်စေခဲ့သည်။

ထို့အပြင် သီပေါမင်းတရားသည် ၁၈၈၀ပြည့်နှစ်နှင့် ၁၈၈၃ ခုနှစ်၊ ဧပြီလ (၂၇)ရက်နေ့များတွင် ဒက္ခိဏသာခါ ရုပ်ပွားတော် အပါအဝင် ရှင်မတောင်ဘုရား၊ ယခန်းစည်သူရှင်ဘုရား၊ မြတ်ပေါင်းမဉ္ဇူဘုရား တို့ကို နန်းတော်သို့ ပင့်ဆောင်၍ အမွှေးနံ့သာတို့ဖြင့် ရေသပ္ပာယ်ပူဇော်ခဲ့သည်။ ၁၈၈၄ ခုနှစ်၊ ဧပြီလ (၁၃)ရက်နေ့တွင်လည်း အဆိုပါရုပ်ပွားတော်များအား နန်းတော်တောင်ဘက် တောင်မြင့်တွင် အတာသကြံန်ပွဲနှင့်အတူ ရေသပ္ပာယ်ပူဇော်ခဲ့ကြောင်း လေ့လာမှတ်သားရပါသည်။

မိရိုးဖလာ ယုံကြည်မှုနှင့်အတူ ပုဒ္ဓဘာသာဝင်များအနေဖြင့် ဒက္ခိဏသာခါရုပ်ပွားတော်ကို ကိုးကွယ်ပူဇော်ကြသည်မှာ အဆန်းတကြယ်ဟု မဆိုသာပါ။ ရုပ်ပွားတော်အား ဘုရားရှင်အမှတ်ထားကာ ကိုးကွယ်ပူဇော်ခြင်းကား အကျိုးမယုတ်နိုင်သည့်အပြင် အကျိုးတရားတို့ တိုးပွားရရှိမည်မှာ သေချာလှပါသည်။

မျက်မှောက် ကာလ၌လည်း ဒက္ခိဏသာခါ ဘုရားရှင် ရုပ်ပွားတော်အား ယုံကြည်သဒ္ဓါစိတ်ဖြင့် ရှိခိုးပူဇော်သည့်အတွက်ကြောင့် ရန်သူမျိုးငါးပါးတွင်တစ်ပါးအပါအဝင်ဖြစ်သည့် မီးဘေးအန္တရာယ်မှ ကင်းလွတ်ပါသည်ဆိုသောဖြစ်ရပ်အသွယ်သွယ်ကို ကြားနေ၊ သိနေ၊ မြင်တွေ့နေရပါသည်။

သို့ဖြစ်၍ ဒက္ခိဏသာခါဘုရားရှင် ရုပ်ပွားတော်ကိုမဆို သစ္စာလေးပါးတရားတော်အား အကြွင်းမဲ့သိမြင်တော်မူသော မြတ်စွာဘုရားရှင် အမှတ်ဖြင့် ယုံကြည်သဒ္ဓါပွားများစွာဖြင့် ကိုးကွယ်ပူဇော်ထိုက်လှပါကြောင်း တင်ပြလိုက်ရပါသတည်း။

❒ မင်္ဂလာဦးဆွေမိုး



www.burmeseclassic.com

www.burmeseclassic.com

# သုံးတန်ပေါ်နိစ်ဟောကိန်းများ

## ညွန့်လွင်(စက်မှု)



သုံးတန်ပေါ်နိစ်ဟောနည်းမှာ ဂြိုဟ်စား (သို့မဟုတ်) သက်ရောက်ကိုပင် အခြေခံပြီး အနုစိတ်၍ ဟောပြောသောနည်းဖြစ်သည်။

နိစ် ဆိုသည်မှာ နိမ့်သောနေရာ ရောက်နေသော ဂြိုဟ်ကို ဆိုလိုသည်။ ဂြိုဟ်စား (သို့မဟုတ်) သက်ရောက်ကို မူတည်၍ တိုင်ထူသောအခါ တန်းပေါ်တွင် ဂြိုဟ်သုံးလုံးနှင့် တန်းအောက်တွင် ဂြိုဟ်လေးလုံး ရှိသည်။

အပေါ်ဂြိုဟ် သုံးတန်နှင့် နိမ့်သော အောက်ဂြိုဟ်လေးတန်ကို သုံးတန်ပေါ်နိစ်ဟု ခေါ်ဆိုရမည့်အစား ချုံ့၍ သုံးတန်ပေါ်နိစ်ဟု ဆိုခြင်း ဖြစ်၏။

သုံးတန်ပေါ်နိစ်မှာ ဂြိုဟ်စား/သက်ရောက် တို့ကို အရင်သိရှိအောင် ပြုလုပ်ပြီးမှ တိုင်ထူ၍ ဟောကိန်းထုတ် ဟောပြောသောနည်း ဖြစ်၏။

ထို့ကြောင့် လွယ်ကူစေရန်အတွက် ရှစ်ရက်သားသမီး (ရာဟုအပါအဝင်) အသင့်တွက်ထားပြီး ဂြိုဟ်စားနှင့် သက်ရောက်ဇယားများကို ပူးတွဲ၍ ရေးသား ဖော်ပြထားပါသည်။

တိုင်ထူပုံမှာ . . .

တိုင်ထိပ်
ပြ
တန်းစီး
တန်းကပ်
မန္ဒနိစ်
တိက္ခနစ်
တိုင်ခြေ

| | | |
|---|---|---|
| ၁ | ၂ | ၃ |
| ၆ | | ၄ |
| ၈ | ၅ | ၀ |

အထက်ပါအတိုင်း အပေါ်ဆုံးက တိုင်ထိပ် (သို့မဟုတ်) တိုင်ဖျား၊ တိုင်ထိပ်အောက်က ပြ၊ တန်းပေါ်က တန်းစီး၊ တန်းအောက်က တန်းကပ်၊ တန်းကပ်အောက်က မန္ဒနိစ် (နိစ်ကလေး)၊ မန္ဒနိစ်အောက်က တိက္ခနိစ် (နိစ်ကြီး) အောက်ဆုံးက တိုင်ခြေ(မြေလူး)ဟူ၍ ခေါ်ဝေါ်ကြလေသည်။

တိုင်ထူနည်းမှာ ဂြိုဟ်စား (သို့မဟုတ်) သက်ရောက်ဖြစ်သော ဂြိုဟ်နှင့် သမသတ်ဖြစ်သော ဂြိုဟ်ကို မှတ်ပြီး နောက်တစ်ခွင်ဆုတ်ရသည်။ ကျရာဂြိုဟ်ကို တန်းပေါ်မှာထား၍ တန်းစီးပြုလုပ်ပြီးလျှင် အထက်သို့ ဂဏန်းစဉ်အလိုက် ချသွားရသည်။ အပေါ်ဆုံးရောက်သောအခါ အောက်ဆုံးမှ ပြန်စရသည်။ နောက်ဆုံးတန်းကပ်တွင် ဆုံး၏။



www.burmeseclassic.com

www.burmeseclassic.com

<u>သုံးတန်ပေါ်နိစ်ဇယား</u>

| သုံးတန်ပေါ် နိစ်အခေါ် | ဂြိုဟ်စား /သက်ရောက်ဂြိုဟ် | | | | | | | |
|---|---|---|---|---|---|---|---|---|
| | တနင်္ဂနွေ | တနင်္လာ | အင်္ဂါ | ဗုဒ္ဓဟူး | စနေ | ကြာသပတေး | ရာဟု | သောကြာ |
| တိုင်ထိပ် | ၆ | ၂ | ၀ | ၀ | ၁ | ၃ | ၄ | ၅ |
| ပြ | ၅ | ၁ | ၆ | ၆ | ၀ | ၂ | ၃ | ၄ |
| တန်းစီး | ၄ | ၀ | ၅ | ၅ | ၆ | ၁ | ၂ | ၃ |
| တန်းကပ် | ၃ | ၆ | ၄ | ၄ | ၅ | ၀ | ၁ | ၂ |
| မန္ဒနိစ် | ၂ | ၅ | ၃ | ၃ | ၄ | ၆ | ၀ | ၁ |
| တိက္ခနိစ် | ၁ | ၄ | ၂ | ၂ | ၃ | ၅ | ၆ | ၀ |
| တိုင်ခြေ | ၀ | ၃ | ၁ | ၁ | ၂ | ၄ | ၅ | ၆ |

အင်္ဂါသက်ရောက်နှင့် ဗုဒ္ဓဟူး သက်ရောက်မှာ တိုင်အတူတူပင် ဖြစ်သည်။

မိမိ၏ ဂြိုဟ်စား/သက်ရောက်ကို သိလျှင် ထူထားသော သုံးတန်ပေါ်နိစ်တိုင်ကို တွေ့ရမည်ဖြစ်၏။ မိမိ၏ ဂြိုဟ်စား/သက်ရောက်ကို အလွယ်တကူသိနိုင်အောင် ဂြိုဟ်စားဇယားနှင့် သက်ရောက်ဇယားတို့တွင် ကြည့်ပါ။ သိလျှင် သုံးတန်ပေါ်နိစ် ဇယား၌ ဂြိုဟ်စား/သက်ရောက်ဂြိုဟ် အမည်အောက်က တိုင်များမှာ သုံးတန်ပေါ်နိစ်ထူပြီး တိုင်ပြီး ဖြစ်လေသည်။ အဟောများကိုလည်း ဆက်လက်၍ ဖော်ပြသွားမည် ဖြစ်ရာ ဂြိုဟ်စား/သက်ရောက်သိလျှင် ဆိုင်ရာ ဟောကိန်းများကို ဖတ်ရှုလေ့လာနိုင်ပါမည်။

ဂြိုဟ်စားပုံကို လွယ်ကူစွာ သိရှိနိုင်စေရန် နေ့သားအလိုက် ဂြိုဟ်စားအသက်ပိုင်းများကို ဖော်ပြလိုက်ပါသည်။

<u>တနင်္ဂနွေသားသမီး</u>

မွေးစ မှ (၆)နှစ် ထိ တနင်္ဂနွေဂြိုဟ်စား
(၇)နှစ် မှ (၂၁)နှစ် ထိ တနင်္လာဂြိုဟ်စား
(၂၂)နှစ် မှ (၂၉)နှစ် ထိ အင်္ဂါဂြိုဟ်စား
(၃၀)နှစ် မှ (၄၆)နှစ် ထိ ဗုဒ္ဓဟူးဂြိုဟ်စား
(၄၇)နှစ် မှ (၅၆)နှစ် ထိ စနေဂြိုဟ်စား
(၅၇)နှစ် မှ (၇၅)နှစ် ထိ ကြာသပတေးဂြိုဟ်စား
(၇၆)နှစ် မှ (၈၇)နှစ် ထိ ရာဟုဂြိုဟ်စား
(၈၈)နှစ် မှ (၁၀၈)နှစ် ထိ သောကြာဂြိုဟ်စား

<u>တနင်္လာသားသမီး</u>

မွေးစ မှ (၁၅)နှစ် ထိ တနင်္လာဂြိုဟ်စား
(၁၆)နှစ် မှ (၂၃)နှစ် ထိ အင်္ဂါဂြိုဟ်စား
(၂၄)နှစ် မှ (၄၀)နှစ် ထိ ဗုဒ္ဓဟူးဂြိုဟ်စား
(၄၁)နှစ် မှ (၅၀)နှစ် ထိ စနေဂြိုဟ်စား
(၅၁)နှစ် မှ (၆၉)နှစ် ထိ ကြာသပတေးဂြိုဟ်စား
(၇၀)နှစ် မှ (၈၁)နှစ် ထိ ရာဟုဂြိုဟ်စား
(၈၂)နှစ် မှ (၁၀၂)နှစ် ထိ သောကြာဂြိုဟ်စား
(၁၀၃)နှစ်မှ (၁၀၈)နှစ် ထိ တနင်္ဂနွေဂြိုဟ်စား

<u>အင်္ဂါသားသမီး</u>

မွေးစ မှ (၈)နှစ် ထိ အင်္ဂါဂြိုဟ်စား
(၉)နှစ် မှ (၂၅)နှစ် ထိ ဗုဒ္ဓဟူးဂြိုဟ်စား
(၂၆)နှစ် မှ (၃၅)နှစ် ထိ စနေဂြိုဟ်စား
(၃၆)နှစ် မှ (၅၄)နှစ် ထိ ကြာသပတေးဂြိုဟ်စား
(၅၅)နှစ် မှ (၆၆)နှစ် ထိ ရာဟုဂြိုဟ်စား
(၆၇)နှစ် မှ (၈၇)နှစ် ထိ သောကြာဂြိုဟ်စား
(၈၈)နှစ် မှ (၉၃)နှစ် ထိ တနင်္ဂနွေဂြိုဟ်စား
(၉၄)နှစ် မှ (၁၀၈)နှစ် ထိ တနင်္လာဂြိုဟ်စား

<u>ဗုဒ္ဓဟူးသားသမီး</u>

မွေးစ မှ (၁၇)နှစ် ထိ ဗုဒ္ဓဟူးဂြိုဟ်စား
(၁၈)နှစ် မှ (၂၇)နှစ် ထိ စနေဂြိုဟ်စား
(၂၈)နှစ် မှ (၄၆)နှစ် ထိ ကြာသပတေးဂြိုဟ်စား
(၄၇)နှစ် မှ (၅၈)နှစ် ထိ ရာဟုဂြိုဟ်စား
(၅၉)နှစ် မှ (၇၉)နှစ် ထိ သောကြာဂြိုဟ်စား
(၈၀)နှစ် မှ (၈၅)နှစ် ထိ တနင်္ဂနွေဂြိုဟ်စား
(၈၆)နှစ် မှ (၁၀၀)နှစ် ထိ တနင်္လာဂြိုဟ်စား
(၁၀၁)နှစ်မှ (၁၀၈)နှစ် ထိ အင်္ဂါဂြိုဟ်စား

<u>စနေသားသမီး</u>

မွေးစ မှ (၁၀)နှစ် ထိ စနေဂြိုဟ်စား
(၁၁)နှစ် မှ (၂၉)နှစ် ထိ ကြာသပတေးဂြိုဟ်စား
(၃၀)နှစ် မှ (၄၁)နှစ် ထိ ရာဟုဂြိုဟ်စား
(၄၂)နှစ် မှ (၆၂)နှစ် ထိ သောကြာဂြိုဟ်စား
(၆၃)နှစ် မှ (၆၈)နှစ် ထိ တနင်္ဂနွေဂြိုဟ်စား
(၆၉)နှစ် မှ (၈၃)နှစ် ထိ တနင်္လာဂြိုဟ်စား
(၈၄)နှစ် မှ (၉၁)နှစ် ထိ အင်္ဂါဂြိုဟ်စား
(၉၂)နှစ် မှ (၁၀၈)နှစ် ထိ ဗုဒ္ဓဟူးဂြိုဟ်စား

<u>ကြာသပတေးသားသမီး</u>

မွေးစ မှ (၁၉)နှစ် ထိ ကြာသပတေးဂြိုဟ်စား


www.burmeseclassic.com

www.burmeseclassic.com

(၂၀)နှစ် မှ (၃၁)နှစ် ထိ ရာဟုဂြိုဟ်စား
(၃၂)နှစ် မှ (၅၂)နှစ် ထိ သောကြာဂြိုဟ်စား
(၅၃)နှစ် မှ (၅၈)နှစ် ထိ တနင်္ဂနွေဂြိုဟ်စား
(၅၉)နှစ် မှ (၇၃)နှစ် ထိ တနင်္လာဂြိုဟ်စား
(၇၄)နှစ် မှ (၈၁)နှစ် ထိ အင်္ဂါဂြိုဟ်စား
(၈၂)နှစ် မှ (၉၈)နှစ် ထိ ဗုဒ္ဓဟူးဂြိုဟ်စား
(၉၉)နှစ် မှ (၁၀၈)နှစ် ထိ စနေဂြိုဟ်စား

<u>ရာဟုသားသမီး</u>

မွေးစ မှ (၁၂)နှစ် ထိ ရာဟုဂြိုဟ်စား
(၁၃)နှစ် မှ (၃၃)နှစ် ထိ သောကြာဂြိုဟ်စား
(၃၄)နှစ် မှ (၃၉)နှစ် ထိ တနင်္ဂနွေဂြိုဟ်စား
(၄၀)နှစ် မှ (၅၄)နှစ် ထိ တနင်္လာဂြိုဟ်စား
(၅၅)နှစ် မှ (၆၂)နှစ် ထိ အင်္ဂါဂြိုဟ်စား
(၆၃)နှစ် မှ (၇၉)နှစ် ထိ ဗုဒ္ဓဟူးဂြိုဟ်စား
(၈၀)နှစ် မှ (၈၉)နှစ် ထိ စနေဂြိုဟ်စား
(၉၀)နှစ် မှ (၁၀၈)နှစ် ထိ ကြာသပတေးဂြိုဟ်စား

<u>သောကြာသားသမီး</u>

မွေးစ မှ (၂၁)နှစ် ထိ သောကြာဂြိုဟ်စား
(၂၂)နှစ် မှ (၂၇)နှစ် ထိ တနင်္ဂနွေဂြိုဟ်စား
(၂၈)နှစ် မှ (၄၂)နှစ် ထိ တနင်္လာဂြိုဟ်စား
(၄၃)နှစ် မှ (၅၀)နှစ် ထိ အင်္ဂါဂြိုဟ်စား
(၅၁)နှစ် မှ (၆၇)နှစ် ထိ ဗုဒ္ဓဟူးဂြိုဟ်စား
(၆၈)နှစ် မှ (၇၇)နှစ် ထိ စနေဂြိုဟ်စား
(၇၈)နှစ် မှ (၉၆)နှစ် ထိ ကြာသပတေးဂြိုဟ်စား
(၉၇)နှစ် မှ (၁၀၈)နှစ် ထိ ရာဟုဂြိုဟ်စား

ဂြိုဟ်စားဇယားကြည့်နည်းမှာ. . . .

နမူနာအားဖြင့် အသက် (၆၅)နှစ်ရှိ အင်္ဂါသားသမီး၏ ဂြိုဟ်စားကို သိလိုပါက. .

အင်္ဂါသားသမီး၏ ဂြိုဟ်စားဇယားတွင် ကြည့်ပါက အသက် (၅၅)နှစ်မှ (၆၆)နှစ်အထိ ရာဟုဂြိုဟ်စားကျရောက်နေသည်ကို တွေ့ရမည်။ ထို့ကြောင့် အင်္ဂါသားသမီး၏ အသက် (၆၅)နှစ်သည် ရာဟုဂြိုဟ်စားဖြစ်၏။

<u>(၈)ရက်သားသမီးများ အသက်ပိုင်းခြားနှင့် သက်ရောက်ဂြိုဟ်ဇယား</u>

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| အသက် ပိုင်းခြား | ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ |
| | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ | ၁၆ |
| | ၁၇ | ၁၈ | ၁၉ | ၂၀ | ၂၁ | ၂၂ | ၂၃ | ၂၄ |
| | ၂၅ | ၂၆ | ၂၇ | ၂၈ | ၂၉ | ၃၀ | ၃၁ | ၃၂ |
| | ၃၃ | ၃၄ | ၃၅ | ၃၆ | ၃၇ | ၃၈ | ၃၉ | ၄၀ |
| | ၄၁ | ၄၂ | ၄၃ | ၄၄ | ၄၅ | ၄၆ | ၄၇ | ၄၈ |
| | ၄၉ | ၅၀ | ၅၁ | ၅၂ | ၅၃ | ၅၄ | ၅၅ | ၅၆ |
| | ၅၇ | ၅၈ | ၅၉ | ၆၀ | ၆၁ | ၆၂ | ၆၃ | ၆၄ |
| | ၆၅ | ၆၆ | ၆၇ | ၆၈ | ၆၉ | ၇၀ | ၇၁ | ၇၂ |
| | ၇၃ | ၇၄ | ၇၅ | ၇၆ | ၇၇ | ၇၈ | ၇၉ | ၈၀ |
| | ၈၁ | ၈၂ | ၈၃ | ၈၄ | ၈၅ | ၈၆ | ၈၇ | ၈၈ |
| | ၈၉ | ၉၀ | ၉၁ | ၉၂ | ၉၃ | ၉၄ | ၉၅ | ၉၆ |
| နေ့သားသမီး | သက်ရောက်ဂြိုဟ်များ | | | | | | | |
| တနင်္ဂနွေ | တနင်္ဂနွေ | တနင်္လာ | အင်္ဂါ | ဗုဒ္ဓဟူး | စနေ | ကြာသပတေး | ရာဟု | သောကြာ |
| တနင်္လာ | တနင်္လာ | အင်္ဂါ | ဗုဒ္ဓဟူး | စနေ | ကြာသပတေး | ရာဟု | သောကြာ | တနင်္ဂနွေ |
| အင်္ဂါ | အင်္ဂါ | ဗုဒ္ဓဟူး | စနေ | ကြာသပတေး | ရာဟု | သောကြာ | တနင်္ဂနွေ | တနင်္လာ |
| ဗုဒ္ဓဟူး | ဗုဒ္ဓဟူး | စနေ | ကြာသပတေး | ရာဟု | သောကြာ | တနင်္ဂနွေ | တနင်္လာ | အင်္ဂါ |
| စနေ | စနေ | ကြာသပတေး | ရာဟု | သောကြာ | တနင်္ဂနွေ | တနင်္လာ | အင်္ဂါ | ဗုဒ္ဓဟူး |
| ကြာသပတေး | ကြာသပတေး | ရာဟု | သောကြာ | တနင်္ဂနွေ | တနင်္လာ | အင်္ဂါ | ဗုဒ္ဓဟူး | စနေ |
| ရာဟု | ရာဟု | သောကြာ | တနင်္ဂနွေ | တနင်္လာ | အင်္ဂါ | ဗုဒ္ဓဟူး | စနေ | ကြာသပတေး |
| သောကြာ | သောကြာ | တနင်္ဂနွေ | တနင်္လာ | အင်္ဂါ | ဗုဒ္ဓဟူး | စနေ | ကြာသပတေး | ရာဟု |


www.burmeseclassic.com

www.burmeseclassic.com

သင်္ချောက်ဇယား ကြည့်နည်းမှာ နမူနာအားဖြင့် အသက် (၆၄)နှစ်ရှိ အင်္ဂါသမီး၏ သက်ရောက်ဂြိုဟ်ကို သိလိုပါက ပထမ အသက် (၆၄)နှစ်ကို ရှာပါ။ (၆၄)နှစ်ကို တွေ့လျှင် အောက်တည့်တည့်ကို ကြည့်ပါ။ အောက်တည့်တည့်အတန်းနှင့် အင်္ဂါသားသမီး အတန်းဆုံရာ အကွက်ကို ကြည့်ပါက တနင်္လာကို တွေ့ရမည်။ ထို့ကြောင့် တနင်္လာ သက်ရောက်ဖြစ်၏။

<u>သုံးတန်ပေါ် နိစ်ဟောကိန်းများ</u>

**တနင်္ဂနွေဂြိုဟ်စား/သက်ရောက်အတွက်ဟောကိန်း**

| | |
|---|---|
| ၆ | တနင်္ဂနွေ ဂြိုဟ်စား/သက်ရောက် |
| ၅ | ကျသောအခါ ဗုဒ္ဓဟူးဂြိုဟ်တန်းစီးဖြစ် |
| ၄ | သောကြောင့် ဗုဒ္ဓဟူးနံသင့်ပစ္စည်းများ |
| ၃ | ရွှေ၊ ငွေ၊ လှည်း၊ ယာဉ်၊ လှူ၊ ခြေလေး |
| ၂ | ချောင်း၊ ဥယျာဉ်၊ လယ်ယာ စသည်တို့ |
| ၁ | ဝင်ကိန်းရှိ၏။ ဝင်လျှင် ကောင်းသော |
| ၀ | ဝင်ခြင်းဖြစ်မည်။ |

ဘုရား၊ ရှင်သီဝလိ ရုပ်ပွားတော်များရရှိပြီး ကိုးကွယ်ပူဇော်ရတတ်သည်။ သားသမီးရတနာ ဝင်တတ်သည်။ တောင်အရပ်က လာဘ်ရတတ်၏။ ဗုဒ္ဓဟူးသားသမီးနှင့် တရုတ်လူမျိုးများက ကူညီမစတတ်သည်။

ကြာသပတေးဂြိုဟ် ပြခွင်တွင်ရှိသည့်အတွက် ကြာသပတေးနံနှင့် ပတ်သက်၍ စကားများရတတ်သည်။ ကြာသပတေးနံသင့် ပစ္စည်းများ၊ မြေ၊ မြင်း၊ မြ၊ ပတ္တမြား စသည်ဖြင့် ထွက်တတ်သည်။ ကြာသပတေးသားသမီးရှိလျှင် အိမ်က ထွက်တတ်သည်။ အိမ်တွင် လင်ကွဲ မယားကွဲဖြစ်လာသူများ ရှိတတ်သည်။

မိန်းမ အိမ်က ထွက်သွားတတ်သည်။ ဆရာသမား၊ လူကြီးမိဘများနှင့် စိတ်သဘောထားမတိုက်ဆိုင်သဖြင့် ခွဲခွာနေရတတ်သည်။ မြေ၊ မိန်းမ၊ အမွေ၊ မိတ်ဆွေ စသည်တို့နှင့် ပတ်သက်၍လည်း အချင်းများရတတ်သည်။ အိမ်တွင် မီးဖိုပျက်ရှိလျှင် စွန့်ပစ်လိုက်ပါ။ အနောက်အရပ်က ကြာသပတေးနံ ဝင်လျှင် လက်မခံသင့်ပေ။ ပြဿနာ ဖြစ်တတ်သည်။

သောကြာဂြိုဟ်သည် တိုင့်ထိပ်တွင်နေသောကြောင့် သောကြာနံနှင့် အကျိုးပေးမည်။ သောကြာနံ ဝင်မည်။ သစ်၊ သံ၊ သွပ် စသည့်ကုန်များနှင့် အကျိုးပေးမည်။ မြောက်အရပ်က လာဘ်လာဘများ ဝင်တတ်သည်။ အစားအသောက်ကောင်းများ စားရတတ်သည်။ ရပ်ဝေးနေ သားကြီး သမီးကြီး ရောက်လာတတ်သည်။ သောကြာသားသမီးနှင့် ပတ်သက်၍ အကျိုးရှိမည်။ ခရီးသွားရတတ်သည်။ သွေးသားတော်စပ်သူ ပုဂ္ဂိုလ်လည်း ရောက်လာတတ်သည်။ မြောက်အရပ်က ချစ်သူခင်သူများ မိတ်ဆွေကောင်းများ တွေ့ရတတ်သည်။

စနေဂြိုဟ်တိုင်ခြေတွင် ရှိနေသောကြောင့် စနေနံ၊ နာရီ၊ ဖိနပ်၊ ထီး၊ ဓား၊ သေတ္တာ၊ ဆောင်ထိန်း သေည်တို့ ထွက်တတ်သည်။ စနေနံ၊ စနေသားသမီးများ လက်မခံသင့်ပေ။ လက်ခံလျှင် အမှုအခင်းရောက်တတ်သည်။ အသက်အရွယ်ကြီးရင့်သည့် ပုဂ္ဂိုလ်များ လာရောက်တည်းခိုခြင်းကို လက်မခံသင့်။ ဒုက္ခရောက်တတ်သည်။ အိမ်မှာ သက်ကြီးရွယ်အိုပုဂ္ဂိုလ်ရှိလျှင်လည်း သူ့အတွက် သောကရောက်ရတတ်သည်။ အနောက်တောင်ထောင့်မှ မီး၊ ခိုးသူ ပေါ်တတ်သည်။

ထိုအရပ်ကို သတိပြုလေ။ အထည်ကိုလည်း မီးသင့်တတ်၏။ အိမ်မှာ ရာဇဝတ်မှုမကင်းသော ပစ္စည်းမျိုး ရှိနေတတ်သည်။ မိမိအိပ်ရာနားမှာ ဓား၊ သေနတ်၊ ယမ်းတောင့် စသည်တို့ ရှိနေတတ်သည်။ ရှာ၍ ဖယ်ရှားပစ်ပါ။ အိမ်တွင်ဖြစ်စေ၊ အိမ်နားတွင်ဖြစ်စေ ကိုယ်ဝန်ဆောင်ရှိနေတတ်သည်။ ရှိလျှင် သားဖွားရ ခက်တတ်သည်။

တနင်္ဂနွေဂြိုဟ်သည် တိက္ခနိစ်ဖြစ်၍ မိမိနေသော အိမ်မှာ အိမ်အို အိမ်ပျက်ဖြစ်တတ်သည်။ တနင်္ဂနွေနှင့် ပတ်သက်၍ စိတ်ညစ်ရတတ်သည်။ ဖခင် နာမကျန်းဖြစ်တတ်သည်။ အိမ်သည် အနောက်ဘက်တွင် ပျက်စီးချွတ်ယွင်းနေတတ်သည်။ အိမ်ပေါင်ခြင်း၊ အိမ်ရောင်းခြင်း ပြုရတတ်သည်။ တနင်္ဂနွေသားသမီး အိမ်သို့လာရောက်၍ တည်းခိုလျှင် လက်မခံသင့်ပေ။ ဒုက္ခရောက်တတ်သည်။

တနင်္လာဂြိုဟ်သည် မန္ဒနိစ်ဌာနမှာရှိသောကြောင့် မိခင် မကျန်းမမာ ဖြစ်တတ်သည်။ တနင်္လာနံ ခွေး၊ ကြောင်၊ ကြက်၊ ငှက်၊ ခြေနှစ်ချောင်း ထွက်တတ်သည်။ ထွက်လျှင် ကောင်းသည်။ ငွေရေး ကြေးရေးနှင့် ပတ်သက်၍ စကားများရတတ်သည်။ တနင်္လာနံနှင့် ပတ်သက်၍ အမှုအခင်းဖြစ်တတ်သည်။ တနင်္လာနံသင့်ပစ္စည်းများ ငွေ၊ ကျောက်၊ ခြေချင်း စသည်တို့ ထွက်တတ်သည်။ တနင်္လာသမီး ခြေနှစ်ချောင်း အိမ်ကထွက်တတ်သည်။ အကျီ၊ လုံချည် အခိုးခံရတတ်သည်။ ကြေးတို၊ ကြေးစ၊ ကြိုးပြတ်တို့ရှိလျှင် စွန့်ပစ်လိုက်ပါ။ တနင်္လာသားသမီးလာရောက် တည်းခိုလျှင် လက်မခံသင့်။ ဒုက္ခရောက်တတ်သည်။

အင်္ဂါဂြိုဟ် တန်းတပ်ဌာနတွင်ရှိသောကြောင့် အင်္ဂါနံသင့်ပစ္စည်း စိန်၊ လက်စွပ်၊ ကျောက်စိမ်း၊ စက်၊ စောင်၊ ဆံညှပ်၊ ဆံစု ထွက်တတ်သည်။ အောက်လူ ကျေးကျွန် ထွက်ပြေးတတ်သည်။ အိမ်မှာ မယားငယ် လင်ငယ်နေသူ ရှိတတ်သည်။ မိန်းမဇာတာမှာ ယောကျ်ား အိမ်ကထွက်တတ်သည်။ ယောကျ်ားနှင့် အဆင်မပြေ ဖြစ်တတ်သည်။ အိမ်ပေါ်မှာ အရှက်တကွဲ လင်ခိုးမယား၊ မယားခိုးလင် ပေါ်တတ်သည်။ အစွပ်စွဲသော်လည်း ခံရတတ်သည်။ အိမ်နားမှာ ပေါ်ပေါက်ပါက မိမိအိမ်တွင် ငြိမ်းချမ်း၏။ အပြစ်အနာအဆာပါသော လက်စွပ်စသည် မဝတ်ရ။ လာဘ်တိတ်တတ်သည်။ အိမ်မှာ



www.burmeseclassic.com

www.burmeseclassic.com

မုဆိုးဖို၊ မုဆိုးမ ရှိလျှင် အိမ်က ထွက်တတ်သည်။ အင်္ဂါသား သမီးများ မုဆိုးဖို၊ မုဆိုးမများ အင်္ဂါချွတ်ယွင်းသူများကို ည အိပ် ညနေ လက်မခံသင့်။ ဒုက္ခရောက်တတ်သည်။

**ယတြာပြုရန်မှာ. . .**

မကောင်းဘေးမှ ကင်းပျောက် **ကောင်းကျိုးရောက်** အောင် ဗုဒ္ဓဟူးနံ (သို့မဟုတ်) **သောကြာနံဖြစ်သော အညွန့်** အရွက်တို့ကို ဆောင်၊ **အသီးအစာကို စား၊** နံသင့် ဘုရား စေတီ ရုပ်တုပူဇော်ရာ၏။ ဥပမာ အမှုကိစ္စ အောင်လိုသော် ဗုဒ္ဓဟူးနေ့တွင် သီးသီးကိုစား၊ သီးညွန့်ကို ဆောင်၊ သီးသားကို ရုပ်တုလုပ်ကိုးကွယ်။ ဘုရားတွင် မြောက်အရပ်မှ ရွှေ ရေ ယပ်၊ သက်စေ့တပ်လှူ။ အကြံပြုလိုသော် ဗုဒ္ဓဟူး၊ သောကြာ သားသမီးများနှင့် ပေါင်း၍ အံကြံပြုပါ။ ၄,၆ ဂဏန်းများက သင့်ကို ကံကောင်းစေမည်။

**တနင်္လာဂြိုဟ်စား/သက်ရောက်အတွက်ဟောကိန်း**

၂
၁
၀
---
၆
၅
၄
၃

တနင်္လာဂြိုဟ်စား/သက်ရောက် ကျသောအခါ စနေဂြိုဟ်တန်းစီးဖြစ်၍ စနေနံသင့်ပစ္စည်းများ ထီး၊ ဖိနပ်၊ ဖောင်တိန်၊ ဓား၊ နွား၊ နားတောင်း၊ ဆံထိုးဝင်တတ်၏။ ထီပေါက်တတ်၏။ ထီး(၁၀)လက်ဘုရားတွင် လှူပေးပါက (၁၀)ရက်၊ (၁၀)လအတွင်း ရာထူး၊ ဂုဏ်ထူးများ တိုးတက်တတ်၏။

စနေ သားသမီး၊ စနေလူမျိုး မ,စတတ်၏။

တနင်္ဂနွေဂြိုဟ်ပြခွင်တွင် ရှိသောကြောင့် တနင်္ဂနွေနံ အဖ သို့မဟုတ် ကြီးသူနှင့်ပတ်သက်၍ စိတ်မချမ်းမသာ ဖြစ်ရတတ်သည်။ ဆရာသမား၊ ဖခင်အိမ်မှ ထွက်သွားတတ်၏။ တနင်္ဂနွေနံ ထွက်တတ်၏။ အိုးအိမ်ပြုပြင်ရတတ်သည်။ အိမ်၏အရှေ့မြောက်ထောင့်နှင့် တောင်ဘက်တို့က ပျက်စီး ချို့ယွင်းနေတတ်၏။ ဦးခေါင်းတွင် ထိခိုက်အနာတရ ဖြစ်တတ်၏။ တနင်္ဂနွေနံသင့် ပစ္စည်း၊ အိုး၊ အစ်၊ အနာအဆာနှင့်တကွ ရှိုက စွန့်ပစ်ရမည်။ ဥ အုန်း စသည်တို့ကို ရှောင်လေ။

တနင်္လာဂြိုဟ်တိုင်ထိပ်တွင်ရှိ၏။ ထို့ကြောင့် ငွေကြေး၊ ကျောက်၊ ငွေ၊ ခြေချင်း၊ လက်ကောက်၊ ကညာ၊ ခြေနှစ်ချောင်း စုတ်ဝင်တတ်၏။ အရှေ့အရပ်မှ တနင်္လာသားသမီး၏ ကူညီမစမှုကို ရတတ်၏။ ငွေကြေးထောက်ပံ့မည့်သူ ပေါ်မည်။ တနင်္လာနံ အဖိုးမတန်သော ပစ္စည်း၊ သတ္တဝါများ ဝင်လျှင် လက်မခံနှင့်။ လာဘ်တိတ်တတ်သည်။

တနင်္လာသားသမီး၊ တနင်္လာလူမျိုး မ,စတတ်၏။ အလှူဒါနလည်း ပြုရတတ်၏။ တနင်္လာနံ အကျိုးပေးမည်။ တနင်္လာနံကို ကူးသန်းရောင်းဝယ်ပါက အကျိုးရှိမည်။ အိမ်အနီးအနားတွင် ကခုန်ပွဲရှိပါက ကောင်းသောနိမိတ်တည်း။

အင်္ဂါဂြိုဟ်တိုင်ခြေမှာနေသောကြောင့် အရှက်တကွဲ အကျိုးနည်း ဖြစ်ရတတ်သည်။ အစွပ်စွဲခံရတတ်သည်။ ရှုပ်ထွေးသောစကားများ ပြောရတတ်၏။ ခိုက်ရန်ဒေါသ ဖြစ်ရတတ်သည်။ အောက်လူ အလုပ်သမား ထွက်သွားတတ်၏။ အင်္ဂါသားသမီးကြောင့် စိတ်သောက ရောက်ရတတ်၏။ စုန်းဖမ်းစားခံရတတ်၏။ အင်္ဂါနံသင့်ပစ္စည်း၊ အနာအဆာများ ရှိပါက အိမ်မှ စွန့်ထုတ်ပစ်ရမည်။

ဗုဒ္ဓဟူးဂြိုဟ် တိက္ခနိစ်ဖြစ်၍ ဗုဒ္ဓဟူးနံသင့်ပစ္စည်းများ လှူ၊ ရွှေ လှေ၊ လှည်း၊ ယာဉ်၊ ဥယျာဉ်၊ လယ်ယာ ထွက်တဖ်သည်။ ယင်းတို့နှင့်ပတ်သက်၍ စကားများရတတ်သည်။ ဥယျာဉ် လယ်ယာနှင့်ပတ်သက်၍ တရားတဘောင် ဖြစ်တတ်၏။ လူလိမ်ခံရတတ်မည်။ ဝမ်း၊ ရင်ကို ဥပဒ်ပေးတတ်သည်။ သားသမီးအတွက် အပူတွေ့ရတတ်သည်။ အိမ်ပေါ်မှာ အိမ်ထောင်ပျက်သော်လည်း ရှိရာ၏။ အနီးအနားမှာ ရေတွင်းပျက်သော်လည်း ရှိတတ်သည်။ ငယ်သူရှိလျှင် ရေနစ်တတ်သည်။ သတိထားပါလေ။

ကြာသပတေးဂြိုဟ် မန္ဒနိစ်မှာရှိ၏။ ထို့ကြောင့် ပညာသင်ကြားရမှုနှင့်ပတ်သက်ပြီး စကားများရတတ်၏။ ဆရာသမား၏ အငြိုအငြင်ကို ခံရတတ်၏။ မြေ၊ မြင်း၊ မိန်းမနှင့်ပတ်သက်၍ စကားများတတ်သည်။ မိတ်ပျက်တတ်မည်။ အမှုအခင်းဖြစ်တတ်၏။ မင်းပြစ်မင်းဒဏ် သင့်တတ်၏။ ကြာသပတေးနံထွက်တတ်သည်။ တစ်ခုလပ်မိန်းမ အိမ်မှာရှိတတ်သည်။ ကြာသပတေးနံကို ရှောင်ပါလေ။

သောကြာတန်းကပ်တွင်ရှိသောကြောင့် သောကြာနံ ဥပဒ်ပေးတတ်၏။ သောကြာ သားသမီးနှင့် မယားအတွက် စကားများရတတ်သည်။ စိတ်ဆင်းရဲရတတ်၏။ ခရီးသွားသော မိန်းမရှိတတ်၏။ ဇနီးအိမ်မှ ထွက်တတ်၏။ သောကြာနံသင့် ပစ္စည်းများ အိမ်မှ ထွက်တတ်၏။ မြောက်အရပ်မှ အတောင်ရှိသော သတ္တဝါအိမ်သို့ ဝင်ရောက်လာခြင်း၊ သူနိုးဓားပြလာခြင်းနှင့် ကြုံရပါက (၆)ရက် (၆)လအတွင်း အမှုဖြစ်တတ်၏။ သတိပြုရမည်။ မိမိသည် ခရီးလည်း ပေါ်တတ်သည်။ ပေါ်လျှင် သွားရာ၏။ မသွားလျှင် နာတာရှည်ရောဂါ ပေါ်တတ်၏။ မြောက်အရပ်က ရန်သူရှိသည်။ သတိထား။ အိမ်ပေါ်တွင် ပန်းနာသည်ရှိတတ်သည်။ အိမ်နားမှာ ခရှသင်းစွဲသူ၊ မိန်းမလျာ၊ ယောကျ်ားလျာ ရှိတတ်သည်။

**ယတြာပြုရန်မှာ. . .**

စနေနေ့ သို့မဟုတ် တနင်္လာနေ့တွင် အရှေ့အရပ်တွင် ငါးသက်စေ့လွှတ်လေ။ ဘုရားတွင်လည်း အရှေ့အရပ်က တံခွန်၊ ကုံကော်ပန်း၊ ကြာပန်း သက်စေ့လှူလေ။ အကြံပြုလိုသော် ကြံစုတ်၍ ဖြစ်စေ၊ ကုံကော်ပန်း၊ ကုံကော်ညွန့်ကို ဆောင်၍ ဖြစ်စေ ကြံပါလေ။ စနေ၊ တနင်္လာသားသမီး



www.burmeseclassic.com

www.burmeseclassic.com

နှင့် ပေါင်း၍ ကြံစည်ရာသည်။ ၂, ၇, ၀ ဂဏန်းများက သင့်ကို ကံကောင်းစေမည်။

**အင်္ဂါနှင့်ဗုဒ္ဓဟူးဂြိုဟ်စား/သက်ရောက်အတွက်ဟောကိန်း**

၀ အင်္ဂါဂြိုဟ်စား/သက်ရောက်အတွက်
၆ ဟောကိန်းနှင့် ဗုဒ္ဓဟူးဂြိုဟ်စား/သက်
၃ ရောက် ဟောကိန်းမှာ အတူတူပင်ဖြစ်
၄ သည်။အဘယ်ကြောင့်ဆိုသော် ဗုဒ္ဓဟူး
၇ ဂြိုဟ်စား သက်ရောက်သောအခါ
၂ ဗုဒ္ဓဟူးဂြိုဟ်က သမသတ်မှာ သော
၁ ကြာဂြိုဟ် ရောက်ပြီး နောက်တစ်ခွင်
ဆုတ်လျှင် ရာဟုဖြစ်၍ နောက်တစ်ခွင် ထပ်ဆုတ်ပြီး ကြာသပတေးဂြိုဟ်အိမ်ကို တန်းစီးယူရသောကြောင့် ဖြစ်သည်။

အင်္ဂါနှင့် ဗုဒ္ဓဟူးဂြိုဟ်စား/သက်ရောက်သောအခါ ကြာသပတေးတန်းစီးဖြစ်သောကြောင့် ကြာသပတေးနံ့ဝင်ကိန်းရှိသည်။ မြေ၊ မြ၊ ပတ္တမြား၊ မြင်း၊ မိန်းမ ဝင်တတ်သည်။ အမွေဟောင်း၊ ဥစ္စာဟောင်းရတတ်သည်။ မိတ်ဆွေကောင်း၊ ဆရာကောင်းများ၏ မ,စကြည့်ရှုမှုကို ရရှိမည်။ ပညာကောင်းရမည်။ ဝင်လျှင်ကောင်းသည်။ မိတ်ဟောင်းလည်းတွေ့မည်။ မိန်းမ မင်္ဂလာအိမ်ပေါ်သို့ တက်လာတတ်သည်။ မိန်းမဝင်လျှင် လာဘ်များ၊ မျက်နှာပွင့်၊ ဘုန်းကြီးမည်။ ကြာသပတေး သားသမီး မ,စမည်။ ကြာသပတေးနံ့နှင့် ပတ်သက်၍ အကျိုးပေးမည်။ ကြွေးဟောင်း၊ မြေဟောင်းလည်း ရတတ်သည်။

သောကြာဂြိုဟ် ပြဿနတွင်ရှိသောကြောင့် မရောက်ဖူးသော အရပ်ကို ခရီးသွားရတတ်သည်။ မြောက်အရပ်ကို ရှောင်လေ။ သောကြာနံ့၊ သောကြာသားသမီးနှင့် ပတ်သက်၍ စကားများရတတ်သည်။ သတိပြု၍ ရှောင်ပါလေ။ ဇနီးအိမ်မှ ခရီးထွက်သွားရတတ်သည်။ အိမ်တွင် သော့ပျက်၊ သေတ္တာပျက်၊ အပျိုကြီးရှိတတ်သည်။ သောကြာသားသမီး ရှိပါက စိတ်မတည်ငြိမ်ဘဲ သောကရောက်နေတတ်သည်။ အဖြူရောင်ပစ္စည်းများ ထွက်တတ်သည်။ အိမ်ရှိကလေး အိမ်ပေါ်မှ လိမ့်ကျတတ်သည်။ သွေးသားရောဂါ၊ သွေးဖျော့စွဲသူ၊ သွားနာ၊ သွားကိုက်၊ သွားကျိုးသူ အိမ်တွင်ရှိတတ်သည်။ အိမ်နားတွင် သွားကျိုးသူ၊ နာမည်ကြီးပျက်စီးသူ ရှိတတ်သည်။

စနေဂြိုဟ် တိုင်ထိပ်တွင်ရှိသောကြောင့် အနောက်တောင်အရပ်မှလာဘ်လာဘရတတ်သည်။ ထီး ဓား သေနတ်စသော လက်နက်ကောင်းများ ရတတ်သည်။ အထည်၊ သေတ္တာ၊ ဖောင်တိန်၊ နားတောင်း၊ ဆံထိုး၊ နွားနီ၊ နွားနက် အလကားလိုရမည်။ သူတစ်ပါးသော်လည်း လာ၍ အပ်ထားတတ်သည်။ ထီပေါက်တတ်သည်။ စနေထောင့် (အနောက်တောင်)မှ မြွေဝင်လျှင် (၇)ရက်အတွင်း လာဘ်ရတတ်သည်။

စနေနံ့ ဘုရား၊ ထီး ဆယ်လက်လှူပါက ကောင်းကျိုးများစွာရတတ်သည်။

တနင်္ဂနွေဂြိုဟ်တိုင်ခြေတွင်ရှိသောကြောင့် အိုးပစ်၊ အိမ်ပစ် ခရီးသွားရတတ်သည်။ မိဘ၊ ကြီးသူ၊ ဖခင် အိမ်က ထွက်ခွာသွားတတ်သည်။ အိုးပျက်၊ အိမ်ပျက်၊ အိမ်ဟောင်းနှင့် နေရတတ်သည်။ အိမ်ထွက်တတ်သည်။ အို၍ ခါးကုန်းသော အသက်ကြီးသူလည်း ရှိရာ၏။ ခြေလက်မသန်စွမ်းသူ တနင်္ဂနွေသားသမီးဖြစ်စေ၊ မင်းစိုးရာဇာ အထက်လူကြီးများဖြစ်စေ အိမ်တွင် လာရောက်တည်းခိုနေထိုင်ပါက အမှုကိစ္စကြုံတွေ့ရတတ်သည်။ အင်ဥ၊ အုန်းစသော တနင်္ဂနွေနံ့ အစားအစာများ စားမိ၍ ဥပဒ်ဖြစ်တတ်သဖြင့် သတိပြုရမည်။

တနင်္လာဂြိုဟ် တိကွနိစ်ဌာနတွင် ရှိသောကြောင့် တနင်္လာနံ့နှင့်ပတ်သက်၍ စကားများရတတ်သည်။ ငွေမမြဲဘဲ ထွက်တတ်သည်။ လူလိမ်၊ လူကောက်တွေ့ရတတ်သည်။ ကိုယ်မှာ ခြေ၊ ကျောနှင့် ခါးနာတတ်သည်။ အိမ်မှာ လှေကားသော်လည်း ပျက်ရာ၏။ တနင်္လာသားသမီးရှိက အမြင့်တာ လိမ့်ကျတတ်သည်။ အိမ်မှာ ခွေးနာ၊ ကြောင်နာ၊ ကြွက်နာ ရှိတတ်သည်။ တနင်္လာသားသမီး လာရောက်တည်းခိုနေထိုင်ပါက အမှုကိစ္စ ကြုံရတတ်သည်။ ခြေချင်း၊ လက်ကောက်၊ အကျီ၊ လုံချည်တို့တွင် အပြစ်အနာအဆာရှိလျှင် မသုံးစွဲသင့်ပေ။ သုံးစွဲမိလျှင် ဘေးဥပဒ်ဖြစ်တတ်၏။ ခြေနှစ်ချောင်း ထွက်ကိန်းရှိ၏။

အင်္ဂါဂြိုဟ် မန္ဒနိစ်မှာ နေသောကြောင့် အင်္ဂါနံ့နှင့် ပတ်သက်၍ အပူတွေ့ရတတ်သည်။ အင်္ဂါနံ့ စိန်၊ ကျောက်စိမ်း၊ လက်စွပ်၊ စက် စသည်တို့ ထွက်တတ်သည်။ အရှေ့တောင်အရပ်က လူဝင်လျှင် သတိထားရမည်။ အိမ်မှာ အလုပ်သမားရှိက နေထိုင်မကောင်း ဖြစ်တတ်၏။ အင်္ဂါသားသမီး ရှိပါက အိမ်ကထွက်ခြင်း၊ ရောဂါရခြင်း ဖြစ်တတ်၏။ အင်္ဂါသားသမီး လာရောက်တည်းခိုလျှင် အမှုပါလာတတ်သည်။ ဆေးမှား အစာမှားလည်း ဖြစ်တတ်၏။ မျက်စိနာခြင်း၊ ဆီးရောဂါဖြစ်ခြင်း၊ ခြေဆစ် လက်ဆစ်နာခြင်းတို့ ဖြစ်တတ်သည်။

ဗုဒ္ဓဟူးဂြိုဟ် တန်းကပ်ဌာနတွင် ရှိသောကြောင့် ဗုဒ္ဓဟူးနံ့ တောင်အရပ်က ဝင်တတ်သည်။ ရွှေဝင် ရွှေထွက်ရှိမည်။ ယာဉ်ဝင် ယာဉ်ထွက်ရှိမည်။ ဗုဒ္ဓဟူးသားသမီး အိမ်က ထွက်တတ်သည်။ တောင်အရပ်မှ ဧည့်သည်လာလျှင် အမှုပါလာတတ်သည်။ ခြေလေးချောင်းအတွက် အပူတွေ့ရတတ်သည်။ အိမ်အနီးအနားတွင် ဘုရားရှိတတ်သည်။ အရူး၊ ယောင်တတ်သူ၊ ရည်းစားပူမိနေသူတို့ ရှိတတ်၏။

**ယတြာပြုရန်မှာ. . . .**

ဘုရားမှာ အနောက်တောင်ကနေ၍ မီးသက်ဇွေ၊ သို့မဟုတ် ပိတ်ဖြူ လှူပါလေ။ အကြံပြုလိုသော် ကြာသပတေးနေ့၊ စနေနေ့ တစ်နေ့နေ့တွင် ပဲ (သို့မဟုတ်) ပေါင်းမုန့်



www.burmeseclassic.com

www.burmeseclassic.com

စား၍ အကြံပြုပါလေ။ ထိုးမုန့်စား၍လည်း အကြံပြု။ ၅၊ ၇၊ ဝ ဂဏန်းများက သင့်ကို ကံကောင်းစေမည်။

စနေဂြိုဟ်စား/သက်ရောက်အတွက်ဟောတိန်း

ဝ ၆
၅ ၄ ၃ ၂

စနေဂြိုဟ်စား/သက်ရောက်ကျသော အခါ သောကြာဂြိုဟ်တန်းစီးဖြစ်သော ကြောင့် သောကြာနံနှင့် အကျိုးပေး မည်။ သောကြာနံ ဝင်တတ်သည်။ သံ၊ သွပ်၊ သစ်တို့ ဝင်မည်။ ခရီးသွားရ တတ်သည်။ အကျိုးရှိသော ခရီးဖြစ် တတ်၏။ ခရီးတစ်ဆစ်ချိုးသွားမည့် သူလည်း ရှိတတ်၏။

သောကြာသားသမီးအိမ်သို့ တည်းခိုရန်ရောက်လာပါက အကျိုးပြုတတ်၏။ မြောက်အရပ်မှ လာသံရခြင်း၊ ကြည့်ရှုစောင့်ရှောက်သူ ပေါ်ပေါက်ခြင်းရှိတတ်၏။ အိမ်မှာ မင်္ဂလာ ကိစ္စလည်း ပြုရတတ်သည်။

စနေဂြိုဟ် ပြတွင်ရှိသောကြောင့် စနေနံ ထွက်တတ် ပျက်တတ် နာတတ်သည်။ စနေသားသမီးရှိက ချစ်သူနှင့် ကွဲနေတတ်သည်။ စနေနံ လက်မခံနှင့်။ စနေနံနှင့် ပတ်သက်၍ စကားများရတတ်သည်။ ကျောက်နားတောင်း၊ ဆံထိုးရှိပါက အနာပါတတ်သည်။ မျက်စိ တိမ်စွဲတတ်သည်။သေတ္တာ၊ ဖိနပ်၊ ဓား၊ ထီး စသော စနေနံပစ္စည်းများ ပျောက်တတ်၏။ ထွက်တတ်၏။ အိမ်ရှိ စနေသားသမီး အိမ်မှထွက်တတ်သည်။

တနင်္ဂနွေဂြိုဟ်တိုင်ထိပ်တွင် ရှိသောကြောင့် တနင်္ဂနွေနံ အကျိုးပေးမည်။ မိဘ သို့မဟုတ် ကြီးသူ ချီးမြှောက် မ,စမည်။ အိုးသစ် အိမ်သစ်ရတတ်သည်။ အိမ်ဟောင်းသော်လည်း ဖြစ်ရတတ်သည်။ တစ်အိမ်မှ တစ်အိမ်သို့လည်း ရွှေ့ပြောင်းနေထိုင်ရတတ်သည်။ အလုပ်အကိုင် အဆင်ပြေ တိုးတက်မည်။ ဆွေမျိုးထဲမှ အကြီးအကဲ ပုဂ္ဂိုလ်များ၏ ကူညီမစမှုကို ရရှိတတ်သည်။ အိမ်၏ အရှေ့မြောက်အရပ်မှ လာဘ်လာဘရတတ်၏။ အင်း၊ အိုင်အဆောင် လက်ဖွဲ့များ ရတတ်သည်။

တနင်္လာဂြိုဟ်တိုင်ခြေတွင်ရှိသောကြောင့် တနင်္လာနံ ထွက်တတ်၊ ပျက်တတ်၏။ ခွေး၊ ကြောင်၊ ကြက်၊ ခြေချင်း၊ လက်ကောက်၊ အင်္ကျီ၊ လုံချည် ထွက်တတ်၊ ပျောက်တတ်၏။ ငွေကြေး ကုန်ကျများတတ်သည်။ ကြွေးတင်တတ်သည်။ အငယ်ဆုံးကလေး ဥပဒ်ရတတ်သည်။ မရလျှင် ခြေချင်း၊ လက်ကောက် ပျောက်တတ်သည်။ သူခိုး ခိုးခံရတတ်သည်။ ခွေးကိုက်ခံရတတ်သည်။ ငွေကြေး အာမခံနှင့် စိုက်ပေးရတတ်သည်။

တနင်္လာသားသမီး အိမ်မှ ထွက်တတ်၏။ ခြေ နှစ်ချောင်း ထွက်ကိန်းရှိသည်။ အိုနာကျိုးကန်း မိန်းမကြီးများ လာရောက်တည်းခိုခြင်း ကြုံရပြီးပါက ဥပဒ်ရောက်တတ်သည်။ အိမ်ရှိ ကလေးငယ် ခွေးကိုက်ခံရတတ်၏။

အင်္ဂါဂြိုဟ်မှာ တိက္ခနိစ်ဖြစ်၍ အင်္ဂါနံထွက်တတ်သည်။ အင်္ဂါနံ အကျိုးမပေး။ အင်္ဂါအရပ် အရှေ့တောင်ဘက်ကို ရှောင်ပါလေ။ အင်္ဂါသားသမီးရှိလျှင် အပူတွေ့ရတတ်သည်။ အိမ်မှ ထွက်တတ်၏။ အောက်လူအတွက် အမှုကိစ္စပေါ်တတ်သည်။

မျက်စိ၊ ဆီး၊ ဇက်ရောဂါ ရတတ်သည်။ အမျိုးသမီးဖြစ်ပါက ခင်ပွန်းအတွက် စိတ်ပူရတတ်သည်။ စက်၊ စိန် စသည့် အင်္ဂါနံသင့်ပစ္စည်းများ ထွက်တတ်၏။ ဆေးမိ၊ အစာမိ ဆေးမှား၊ အစာမှား ဖြစ်တတ်သည်။ ကျေးကျွန်၊ အစေခံ အတွက် အမှုအခင်း ဖြစ်ရတတ်၏။ စကားများခြင်း၊ စကားရှုပ်ခြင်း၊ စွပ်စွဲပြောဆိုခံရခြင်း ရှိတတ်၏။

ဗုဒ္ဓဟူးဂြိုဟ်မန္ဒနိစ်တွင်ရှိ၍ ခြေလေးချောင်း သတ္တဝါရှိက ထွက်တတ်၏။ ရွှေ ယာဉ် ထွက်တတ်၏။ လူ၊ ရွှေ လှေ၊ လှည်း၊ ခြေလေးချောင်း သတ္တဝါ၊ လယ်ယာ၊ ဉယျာဉ်နှင့် ပတ်သက်၍ အမှုအခင်း ဖြစ်တတ်သည်။ စိတ်ညစ်ရတတ်သည်။ ဝမ်း၊ ရင် ဥပဒ်ပေးတတ်၏။ ဗုဒ္ဓဟူးသား အိမ်မှ ထွက်တတ်၏။ တောင်အရပ်က လူလိမ်ပေါ်တတ်၏။ တောင်အရပ်သို့ အသွားအလာ ဆင်ခြင်သင့်၏။ လူလိမ်ခံရတတ်၏။

ကြာသပတေးဂြိုဟ်တန်းကပ်ဖြစ်၍ ကြာသပတေးနံ၊ ကြာသပတေးသားသမီး အဝင်အထွက်ရှိ၏။ ဥပဒ်ပေးတတ်သည်။ မိတ်ဆွေများကလည်း အကောက်ကြံတတ်သည်။ အမွေအတွက် စကားများရတတ်သည်။

မိဘ၊ ဆရာသမားများ၏ အပြုအပြင်ခံရတတ်၍ ခွဲခွာပြီးနေရတတ်၏။ မိန်းမ၊ မြေ၊ အမွေနှင့်ပတ်သက်၍ အမှုအခင်းဖြစ်တတ်၏။ မြ၊ ပတ္တမြား စသည့် ကြာသပတေးနံသင့်ပစ္စည်းများ ထွက်တတ်၏။ မိန်းမကြီး၊ မုဆိုးမ၊ ဆရာကြီး တပည့်ပါသော ဘုန်းကြီးများ အိမ်သို့လာ၍တည်းခိုကာ ဒုက္ခပေးတတ်၏။ ဝမ်းဗိုက်၊ ပေါင်၊ ပါးတို့တွင် အနာတရ ဖြစ်တတ်၏။

ယတြာပြုရန်မှာ. . . .

တနင်္ဂနွေနေ့၊ သောကြာနေ့ တစ်နေ့နေ့တွင် ဘုရား၏ အရှေ့မြောက်မှ အုန်းသီး သို့မဟုတ် သီးသီးကို လှူပါလေ။ အကြံပြုလိုသော် တနင်္ဂနွေနေ့တွင် အုန်းသီးစား၍ဖြစ်စေ၊ သောကြာနေ့တွင် သီးသီးစား၍ဖြစ်စေ အကြံပြုပါလေ။ တနင်္ဂနွေနှင့် သောကြာသားသမီးတို့ကို တိုင်ပင်ပါလေ။ ၁၊ ၆ ဂဏန်းများက သင့်ကို ကံကောင်းစေမည်။



www.burmeseclassic.com

www.burmeseclassic.com

**ကြာသပတေးဂြိုဟ်စား/သက်ရောက်အတွက်ဟောကိန်း**

၄
၂
၁
―――
၀
၆
၅
၇

ကြာသပတေးဂြိုဟ်စား/သက်ရောက်ကျသောအခါ တနင်္ဂနွေတန်းစီးဖြစ်၍ တနင်္ဂနွေနံ ဝင်အုံ့။ ဖခင်၊ ကြီးသူ၏ ချီးမြှင့်ခြင်းကို ခံရအုံ့။ အိမ်သစ်ရအုံ့။ အိမ်ဟောင်းသော်လည်း ပြင်ရတတ်၏။ အလုပ်အကိုင် အဆင်ပြေမည်။ မိသားစု၊ ဆွေမျိုးစု၊ အလုပ်ဌာနစသည်တို့၏ အကြီးအကဲများမှ ကူညီမစမှုကို ရရှိမည်။ အဆောင်ပစ္စည်း၊ အင်း စသည့်ပစ္စည်းမျိုး ဝင်တတ်သည်။ အိမ်ထောင်ရေးကိစ္စ ပေါ်ပေါက်လာတတ်သည်။ အလုပ်အကိုင်သစ်များလည်း ပေါ်ပေါက်လုပ်ကိုင်ရတတ်၏။

တနင်္လာဂြိုဟ် ပြဋ္ဌာနတွင်ရှိသောကြောင့် တနင်္လာနံသင့် ပစ္စည်းထွက်တတ်သည်။ ငွေကြေးထွက်တတ်သည်။ ငွေလိမ်ခံရတတ်၏။ ငွေကြေးကိစ္စကြောင့် စကားများ ရတတ်သည်။ သောက ဖြစ်ရတတ်သည်။ ရုံးဂါတ်ရောက်ရတတ်၏။ ခြေနှစ်ချောင်း ထွက်ကိန်းလည်းရှိသည်။ ခေါင်းကိုက်၊ ခေါင်းခဲ ဖြစ်တတ်သည်။ ကျောနာ၊ ခါးနာ ဖြစ်တတ်သည်။

ဝင်ငွေထက် ထွက်ငွေများနေမည်။ အိမ်ခေါင်မှာ ချို့ယွင်းပျက်စီးနေတတ်သည်။ အိမ်မှာ ကလေးရှိလျှင် ကျန်းမာရေး ညံ့တတ်သည်။ ထိခိုက်အနာတရ ဖြစ်တတ်၏။ တနင်္လာသားသမီးရှိသော် ခြေမှာ အနာပေါက်တတ်သည်။ တနင်္လာသား အိမ်က ထွက်တတ်သည်။ တနင်္လာနံသင့်ပစ္စည်းများရှိလျှင် ထွက်လျှင်ထွက် မထွက်လျှင် ချို့ယွင်းတတ်၏။ ခြေကျင်း လက်ကောက်ရှိက ကျိုးပဲ့တတ်၏။

အင်္ဂါဂြိုဟ် တိုင်ထိပ်တွင် ရှိသောကြောင့် အင်္ဂါနံ အကျိုးပေးမည်။ အဝင်ဌာနဖြစ်ပြီး ကောင်းကျိုးပေးသည့် တိုင်ထိပ်ဖြစ်၍ စက်ပစ္စည်း၊ စိန် စသည်တို့ ဝင်တတ်သည်။ အစားကောင်း အသောက်ကောင်း စားသောက်ရတတ်၏။ အင်္ဂါသားသမီးများ၏ အကူအညီကို ရရှိတတ်သည်။ စုတ်ဝင်မည်။ ဇာတာရှင်သည် မိန်းမဖြစ်က လင်ယောကျ်ားနှင့် ပတ်သက်ပြီး ကောင်းကျိုးခံစားရမည်။ အပျိုအရွယ်ဖြစ်ပါက အိမ်ထောင်ကျတတ်သည်။ အရှေ့တောင်ထောင့်က လာဘ်ဝင်တတ်သည်။ ဆန်၊ ဆီ၊ ဆေး၊ ဆားနှင့် စက်တို့ အကျိုးပေးမည်။ တန်ဆောင်းလှူရတတ်သည်။ စာပေနှင့် ပတ်သက်၍ ကောင်းကျိုးပေးမည်။

ဗုဒ္ဓဟူးဂြိုဟ် တိုင်ခြေတွင်ရှိသည်။ ထို့ကြောင့် ဗုဒ္ဓဟူးနံသင့်ပစ္စည်းများနှင့် ရွှေထည် လက်ဝတ်လက်စားများ ထွက်တတ်သည်။ ဝင်လည်း ဝင်လာတတ်သည်။ ဝင်လျှင် ပြဿနာဖြစ်တတ်၏။ ထို့ကြောင့် ရွှေပေါင်ခံခြင်း မပြုသင့်ပါ။ ဗုဒ္ဓဟူးသားသမီး သို့မဟုတ် ဆင်းရဲနွမ်းပါးသူ ရောက်လာတတ်သည်။ လက်မခံသင့်ပေ။ လက်ခံပါက ခြေလေးချောင်း ထွက်တတ်သည်။ သို့မဟုတ် ယာဉ်ကားရှိလျှင် ထွက်တတ်သည်။ ဝမ်း၊ ရင်မှာ ဥပဒ်ပေးတတ်သည်။

ကြာသပတေးဂြိုဟ် တိက္ခနိစ်ဖြစ်၍ ကြာသပတေးနံ ထွက်တတ်၊ ပျက်တတ်သည်။ မြေ၊ မြင်း၊ မိန်းမ စသည်တို့နှင့် ပတ်သက်၍ စကားများရတတ်၏။ ကြာသပတေးနံသင့် ပစ္စည်းများ သေချာပေါက်ထွက်တတ်သည်။ မထွက်စေချင်ဘဲ ထွက်တတ်သည့်သဘောရှိ၏။ မြေယာ၊ မိန်းမ ထွက်တတ်သည်။ ကြာသပတေးသားသမီးရှိလျှင်လည်း မကြည်မသာဖြစ်ပြီး ထွက်သွားတတ်သည်။ အိမ်မှာ မြေမညီမညွတ်၊ မြေ မသန့်မရှင်းဖြစ်သောနေရာ ရှိနေတတ်သည်။

အိမ်တွင် အန္တရာယ်ကြုံတွေ့နေရသော မိန်းမသော်လည်း ရှိကောင်း ရှိနိုင်၏။ အိမ်ထောင်ပျက် မိန်းမသော်လည်း ရှိနိုင်၏။ ရှိလျှင် သူ၏ ခင်ပွန်းဟောင်း အနာတရဖြစ်ပြီး ပျက်စီးတတ်သည်။ တစ်မြို့တစ်ရွာခြားနေလျှင် သက်သာရာရတတ်၏။ ထိုမိန်းမကို အခြားသို့ရွှေ့၍ နေပါစေ။ ကြာသပတေးသားရှိလျှင် သတိပြုရာ၏။ ချစ်သူနှင့် ကွဲတတ်သည်။ မုဆိုးမ၊ တစ်ခုလပ် စသော ကြီးသည့်မိန်းမမျိုးနှင့် ညားတတ်သည်။ မိန်းမပျက်နှင့်သော်လည်း ညားတတ်၏။

သောကြာဂြိုဟ်သည် မန္ဒနိစ်ဌာနတွင် ရှိနေသောကြောင့် ခရီးသွားသီများတတ်သည်။ မယားနှင့် စကားများရတတ်သည်။ သားမယားအတွက် အပူတွေ့ရတတ်သည်။ အရှက်ကွဲရတတ်သည်။ သောကြာနံနှင့် ပတ်သက်၍ တရားဖြစ်ရတတ်သည်။

မုဆိုးမဝင်လျှင် အရှက်ကွဲတတ်သဖြင့် လက်မခံသင့်။ ရေခြား မြေခြားတွင် မိမိသားသမီးရှိနေပါက ဘေးဥပဒ်ရောက်နေတတ်သည်။ မိမိမှာ သွေးထွက်သံယိုကိစ္စမျိုး ကြုံရတတ်သည်။ ကာမဂုဏ်ကိစ္စကြောင့် အရှက်ကွဲရတတ်သည်။ သွေးသားဆိုင်ရာ ရောဂါရတတ်သည်။ သားချင်း၊ သွေးသားတော်စပ်သူများကြောင့် ပူပန်ရတတ်သည်။

စနေဂြိုဟ်သည် တုန်းဟပ်တွင် ရှိနေသောကြောင့် စနေနံဝင်ပြီး ထွက်တတ်သည်။ ဝင်လျှင် လက်မခံရာ၊ ဥပဒ်ရောက်တတ်သည်။ စနေနံသင့် ပစ္စည်း၊ ထီး၊ ဖိနပ်၊ နာရီ ဝင်ပြီး ပြန်ထွက်တတ်သည်။ စနေသားသမီးကို သတိထား၍ ရှောင်ပါလေ။ အိမ်တွင်ဖြစ်စေ အိမ်နားတွင်ဖြစ်စေ ကိုယ်ဝန်ဆောင်မိန်းမရှိတတ်သည်။ မရှိလျှင် အမှုဖြစ်တတ်သည်။ သက်သေသော်လည်း လိုက်ရတတ်သည်။ မီးဘေး သူခိုးဘေး ကြုံရတတ်သည်။

**ယတြာပြုရန်မှာ. . .**

ဘုရားမှာ အရှေ့တောင်အရပ်က ဆွမ်းကပ်လှူပါလေ။ အကြံပြုလိုသော် တနင်္ဂနွေ၊ အင်္ဂါနေ့များတွင် အုန်းပင်အောက်မှာ ဆီးသီး၊ အုန်းသီးစား၍ အကြံပြုပါလေ။



www.burmeseclassic.com

www.burmeseclassic.com

နှင်းဆီပန်းကို ဆောင်ပါလေ။ ၁, ၃ ဂဏန်းများက သင့်ကို ကံကောင်းစေမည်။

**ရာဟုဂြိုဟ်စား/သက်ရောက်အတွက်ဟောကိန်း**

၄
၃
၂
၁
၀
၆
၅

ရာဟုဂြိုဟ်စား/ရာဟုသက်ရောက်ချိန်တွင် တနင်္လာဂြိုဟ်တန်းစီးဖြစ်၏။ တနင်္လာနံသင့် ပစ္စည်းဖြစ်သော ငွေ၊ ငွေကြေး၊ ကျောက်၊ ကား စသည်တို့ ဝင်တတ်၏။ တနင်္လာသားသမီး ဝင်တတ်သည်။ ဝင်လျှင် ကောင်း၏။ ငွေကြေး အထူးရမည်။ ငွေကြေး မ,စမည့်သူ ပေါ်မည်။ အဖိုးမတန်သော ခွေး၊ ကြောင်၊ ကြက်၊ ငှက်ဝင်လျှင် လက်မခံနှင့်။ ငွေကျောက် ခေတ္တအပ်နှံလျှင် လက်မခံနှင့်။ အပိုင်ရက ယူပါလေ။ အလှူမင်္ဂလာကိစ္စများ လုပ်ဆောင်ရတတ်သည်။ မြေနှစ်ချောင်းဝင်မည်။ တနင်္လာသားသမီး၏ ကူညီမှုကိုရရှိတတ်သည်။ ကလေးငယ် ဝင်တတ်သည်။ ချစ်သူ ရရှိတတ်သည်။

အင်္ဂါဂြိုဟ် ပြဌာနတွင် ရှိသောကြောင့် အင်္ဂါနံ ထွက်တတ်၊ ပျက်တတ်၊ ပျောက်တတ်သည်။ အောက်လူငယ် သားပြေးတတ်သည်။ အင်္ဂါနံ အကျိုးမပေး။ အင်္ဂါနံနှင့်ပတ်သက်ပြီး စကားများရတတ်သည်။ မျက်စိရောဂါ၊ ဆီးရောဂါ ရတတ်သည်။ အင်္ဂါသားသမီးရှိက မျက်စိကို ဥပဒ်ပေးတတ်သည်။ အိမ်ပေါ်မှာ မျက်စိစွေသောသူသော်လည်း ရှိရာ၏။ မိန်းမဇာတာရှင်ဖြစ်ပါက လင်ယောကျ်ားအိမ်တွင် မမြဲဘဲ ဖြစ်တတ်သည်။ ဤကာလတွင် အစွပ်စွဲခံရတတ်ပြီး စကား အငြင်းခုံပြောဆိုရတတ်သည်။

ဗုဒ္ဓဟူးဂြိုဟ် တိုင်ထိပ်တွင်ရှိသောကြောင့် ဗုဒ္ဓဟူးနံ၊ ဗုဒ္ဓဟူးသားသမီးဝင်မည်။ ခြေလေးချောင်း သတ္တဝါနှင့် ပတ်သက်ပြီး လာဘ်ကောင်းဝင်လာတတ်သည်။ ဗုဒ္ဓဟူးနံသင့် ပစ္စည်း ရွှေ ယာဉ် ဝင်လာတတ်သည်။ ဝင်လာခဲ့လျှင် ကောင်းကျိုးပေးမည်။ ဘုရား၊ ဓာတ်တော်၊ ရှင်သီဝလိ စသည့် ပူဇော်ရမည့်အရာများ ဝင်လာတတ်ပြီး ကောင်းကျိုးပြုမည်။ ရေသတ္တဝါ၊ လိပ်ဝင်လျှင် ကောင်းသော နိမိတ်ဖြစ်သည်။ တောင်အရပ်က လာဘ်ဝင်မည်။ လူမျိုးကွဲများ၏ ကူညီမစမှု ခံရမည်။ အနားရှိ အိမ်တစ်အိမ်အိမ်မှ အလှူလုပ်လျှင် မကြာမီ မိမိထံ ရွှေ ငွေ မုချဝင်လာလိမ့်မည်။

ကြာသပတေးဂြိုဟ် တိုင်မြေတွင်ရှိ၍ ကြာသပတေးနံ ဝင်ပြီး ထွက်တတ်သည်။ ထွက်လျှင် ခိုက်ရန်များပြီး ထွက်တတ်သည်။ ထို့ကြောင့် မြေ၊ မိန်းမ ဝင်ပြီး ပြန်ထွက်တတ်သည်။ မြေထွက်လျှင် မြေနိမ့်ပိုင်း ဖြစ်တတ်သည်။ မိန်းမထွက်လျှင် ကြီးတဲ့သူနှင့် ခိုက်ရန်ဒေါသဖြစ်ပြီး ထွက်သွားတတ်သည်။

အိမ်မှာ ပျားစွဲတတ်ပြီး စွဲလျှင် နိမ့်သောနေရာမှာစွဲတတ်သည်။ မြင့်ရာစွဲလျှင် ပရိတ်ရေနှင့်ပက်၍ မေတ္တာပို့လွှတ်ပါ။ အိမ်နှင့် မနီးမဝေး၌ မိမိကို အကျိုးမပေးသော ဆရာတစ်ဦး ရှိတတ်သည်။ အိမ်အနီးအနားတွင် မကျန်းမာသည့် အဘိုးကြီး အဘွားကြီးရှိနေလျှင် မိမိအတွက် အန္တရာယ် ကင်းပါလိမ့်မည်။

သောကြာဂြိုဟ် နိက္ခနိစ်ဌာနတွင်နေ၍ သောကြာ နံ၊ သောကြာ သားသမီးနှင့် ပတ်သက်၍ စကားများရတတ်သည်။ မယားနှင့်သော်လည်း စကားများရတတ်သည်။ မယားအိမ်က ဆင်းတတ်သည်။ သောကြာနံ လက်မခံနှင့်။ သူခိုးခိုးခံရတတ်သည်။ ခရီးသွားရန် အကြံပေါ်မည်။ တစ်ခါကြံရုံနှင့် မသွားဖြစ်။ အထမမြောက် ဖြစ်တတ်၏။ နှစ်ခါကြံမှ သွားဖြစ်မည်။ သံ၊ သစ်၊ သွပ် လုပ်ငန်းများ၊ ခရီးသွားလုပ်ငန်းများ လုပ်ကိုင်ရန် မသင့်သေး။ အိမ်မှာ သောကြာသားရှိလျှင် စကားထစ်လျှင်ထစ်၊ မထစ်လျှင် သွားချို့တဲ့နေလိမ့်မည်။

စနေဂြိုဟ် မန္ဒနိစ်ဌာနတွင် ရှိသောကြောင့် စနေနံသင့် ပစ္စည်း၊ ထီး၊ ဖိနပ်၊ ဓား၊ ဖောင်တိန်၊ သေတ္တာ စသည်တို့ ထွက်တတ်သည်။ မီးဘေး သူခိုးဘေး ကြုံရတတ်၏။ စနေနံ လက်မခံသင့်ပေ။ လက်ခံလျှင် အပူတွေ့ရတတ်သည်။ စနေထောင့် (အနောက်တောင်)ကို သတိထားလေ။ ဓားပြရန် ကြောက်ရသည်။ အတွင်းလူနှင့် ပေါင်း၍ ကြံတတ်သည်။ အခိုင်းအစေများ ဖောက်ပြန်တတ်သည်။ မင်းမှုထမ်းများ၏ အမှုရှာခြင်းကိုလည်း ခံရတတ်သည်။ ကျန်းမာရေးလည်း ဂရုပြုပါ။ နာဖျားတတ်၏။

တနင်္ဂနွေဂြိုဟ်သည် တန်းကပ်ဌာနတွင်ရှိ၏။ အိုးအိမ်ပျက်တတ်သည်။ အိုးမှု အိမ်မှုဖြစ်၍ စကားများရတတ်သည်။ အိမ် ခဏခဏ ရွှေ့ရတတ်သည်။ တနင်္ဂနွေနံ လက်မခံနှင့်။ အိမ်မှာ လူအို ရှိ၏။ မရှိလျှင် ကောင်းသည်။ အိမ်နားတွင် အိမ်ပျက်၊ အင်းပျက်၊ အိုင်ပျက်ရှိတတ်သည်။ တနင်္ဂနွေနံသင့် ပစ္စည်းများ အိုးအိမ်၊ အင်း စသည်တို့ဝင်ပြီး ပြန်ထွက်သွားတတ်သည်။

**ယတြာပြုရန်မှာ. . . .**

ဘုရားတွင် တောင်အရပ်က ရေသက်စေ့လှူပါလေ။ သို့မဟုတ် ရွှေလှူပါလေ။ အကြံပြုလိုသော ကုက္ကိုပင်အောက်တွင် စွန်ပလွံသီးစား၍ တနင်္လာ သို့မဟုတ် ဗုဒ္ဓဟူးနေ့တွင် ကြံလေ။ ဇလတ်ပန်း၊ ရွက်လှပန်းတို့ကို ဆောင်လေ။ တနင်္လာ၊ ဗုဒ္ဓဟူးသားသမီးများနှင့် တိုင်ပင်ပါလေ။ ကံကောင်းစေသော ဂဏန်းမှာ ၂ နှင့် ၄ ဖြစ်သည်။





www.burmeseclassic.com

www.burmeseclassic.com



၅
၄
၇
၂
၁
၀
၆

သောကြာဂြိုဟ်စား/သောကြာသက်ရောက်ချိန် တွင် အင်္ဂါဂြိုဟ် တန်းစီးဖြစ်၍ အင်္ဂါနံ့ဝင်မည်။ အင်္ဂါနံသင့်ပစ္စည်း စိန်၊ လက်စွပ်၊ ပုဆိုး၊ ကျောက်စိမ်း စသည်တို့ ဝင်လာတတ်သည်။ ဆန်၊ ဆီ၊ ဆေး၊ စက် ပစ္စည်းများ ကူးသန်းရောင်းဝယ်လျှင် မြတ်မည်။ အင်္ဂါအရပ် (အရှေ့တောင်)က လာဘ်လာဘဝင်မည်။ မ,စမည့် သူပေါ်မည်။ တပည့်ကောင်းရတတ်သည်။ အင်္ဂါသားသမီးတို့၏ ကူညီမှုကို ရရှိတတ်သည်။ အမျိုးသမီးဇာတာဆိုလျှင် လင်ကောင်း သားကောင်းရတတ်သည်။

ဗုဒ္ဓဟူးဂြိုဟ် ပြဋ္ဌာနဖြစ်သောကြောင့် ဗုဒ္ဓဟူးနံ့ ရွှေလှေ၊ လှည်း ထွက်တတ်သည်။ ဗုဒ္ဓဟူးနံ့ဝင်ပြီး ပြန်ထွက်တတ်သည်။ ပျက်တတ်၊ နာတတ်သည်။ ခြေလေးချောင်းသတ္တဝါရှိလျှင်လည်း ထွက်တတ်သည်။ သားသမီးထဲမှာ ခရီးသွားနေသူရှိတတ်သည်။ ဝမ်း၊ ရင် ဥပဒ်ပေးတတ်သည်။ လေရောဂါ၊ ဝမ်းလျှောရောဂါ ဖြစ်တတ်သည်။ အိမ်မှာ လင်ပူမယားပူသင့်သော သူရှိရာ၏။

ကြာသပတေးဂြိုဟ်သည် တိုင်ထိပ်တွင်ရှိ၏။ ထို့ကြောင့် ကောင်းမှုကုသိုလ်ပြုရခြင်း၊ တရားအားထုတ်ခြင်း တို့ရှိမည်။ ပညာကောင်းတစ်ခုခု သင်ကြားရရှိတတ်၏။ မင်းစိုးရာဇာ၊ အမိ၊ အဖတို့၏ ကူညီမ်စမှုကို ရရှိတတ်သည်။ မိတ်ဆွေကောင်းတို့၏ အကူအညီရမည်။ မြေ၊ မိန်းမ၊ အမွေရတတ်သည်။ စာပေလုပ်ငန်းလုပ်လျှင် အောင်မြင်မည်။ ကြာသပတေးသားသမီး အကျိုးပေးမည်။ ရာထူးတိုးမည်။ မင်္ဂလာပြုရတတ်သည်။ အနောက်အရပ်က မ,စမည့်သူပေါ်တတ်သည်။ ဆရာသမားကောင်းလည်း တွေ့ရတတ်သည်။ သီလသမာဓိနှင့် ပြည့်စုံသော ဘုန်းတော်ကြီးများကိုလည်း ပူဇော်ဆည်းကပ်ရတတ်သည်။

သောကြာဂြိုဟ် တိုင်ခြေတွင် ရှိနေ၏။ ထို့ကြောင့် ခရီးယာယီ များတတ်သည်။ ခရီးဝေးလည်း ပေါ်တတ်သည်။ မြောက်အရပ်ကို ရှောင်နိုင်လျှင် ကောင်း၏။ အိမ်က မယားထွက်သွားတတ်သည်။ သောကြာသားရှိလျှင် လင်ရှိမယားကြီးများနှင့် ပတ်သက်၍ ပူပင်သောက ရတတ်သည်။ သွေးသားရောဂါ၊ သွားရောဂါလည်း ဖြစ်တတ်၏။ အဖြူရောင်ပစ္စည်းများနှင့် သောကြာနံသင့် ပစ္စည်းများ ထွက်တတ်သည်။ အိမ်နားမှာ လူသေသောအိမ် ရှိတတ်သည်။ အိမ်ကို ယောကျ်ားမရှိသော မိန်းမလာတည်းလျှင် လာဘ်တိတ်ခြင်း၊ ဒုက္ခရောက်ခြင်း ကြုံရတတ်၏။

စနေဂြိုဟ် တိက္ခနိစ်ဖြစ်သောကြောင့် စနေနံ့သင့်ပစ္စည်းများ၊ နွား၊ နွားနီ၊ နွားနက်၊ နွားတောင်း၊ ဆံထိုး၊ ဓား၊ ဖိနပ်၊ သေတ္တာ၊ ထီး၊ နာရီ၊ ဖောင်တိန်၊ ထဘီ၊ လုံချည်၊ အထည် စသည်တို့ ထွက်တတ်သည်။ နားတောင်း၊ ဆံထိုးမှာ ဝက်အူပြုတ်နေတတ်သည်။ [illegible] တတ်သည်။ စနေသားသမီးရှိပါက ဥဒေ် [illegible] လက်မခံနှင့်။ အနောက်တောင်အရပ်ကို [illegible] မှာ နာတာရှည် ရောဂါသည် ရှိနေတတ်သည်။ [illegible] နူသောသူ၊ နာသောသူ၊ နားထိုင်းသောသူ ရှိတတ်သည်။ [illegible] တို ကုလားလူမျိုး လာတည်းတတ်သည်။ [illegible] လာဘ်တိတ်တတ်သည်။

တနင်္ဂနွေဂြိုဟ် မန္ဒနိစ်တွင်ရှိနေသည်။ ထို့ကြောင့် တနင်္ဂနွေသားသမီး နေထိုင်မကောင်းဖြစ်တတ်သည်။ အိုးအိမ် အတွက် စကားများရတတ်သည်။ အိမ်မှာလည်း ချို့ယွင်းပျက်စီးနေတတ်သည်။ အနီးအနားမှာ အိမ်ပျက်သော်လည်း ရှိရာ၏။ အဘိုးအို၊ အဘွားအိုများ လာ၍ တည်းခိုလျှင် ဒုက္ခရောက်တတ်သည်။

တနင်္လာဂြိုဟ် တန်းကပ်တွင်ရှိနေသည်။ ထို့ကြောင့် တနင်္လာနံ့သင့် ပစ္စည်းများ ထွက်တတ်သည်။ ခြေနှစ်ချောင်းထွက်တတ်သည်။ ငွေကြေး ကုန်ကျတတ်သည်။ ခြေချင်း၊ လက်ကောက်၊ အကျီ၊ လုံချည်၊ ငွေကြေး၊ ကျောက်၊ ကားစသည်တို့ ထွက်တတ်သည်။ ခွေး၊ ကြောင်ရှိလျှင် ထွက်တတ်သည်။ တနင်္လာသားသမီးရှိလျှင် ထွက်တတ်သည်။ ခွေး၊ ကြောင်ဝင်လျှင် လက်မခံရ။ ဒုက္ခရောက်တတ်သည်။ အိမ်နီးချင်းနှင့် ရန်ဖြစ်တတ်သည်။ အမှုရောက်တတ်သည်။ အိမ်မှာ ချောင်းတဟူးဟူးနှင့် လူရှိတတ်၏။ အိမ်နားမှာ ကုက္ကိုပင်၊ ကံ့ကော်ပင် ရှိတတ်သည်။ အိမ်အရှေ့ဘက်တွင် ရေကန်၊ ကျောင်းရှိနေတတ်သည်။ ဆီးချုပ်၊ ဝမ်းချုပ် ဖြစ်နေသူ အိမ်မှာ ရှိတတ်သည်။

**ယတြာပြုရန်မှာ. . . .**

ဘုရားတွင် အနောက်အရပ်ကနေ၍ မီးသက်ဓစ့ ပူဇော်ပါလေ။ အကြံပြုလိုသော် အင်္ဂါ သို့မဟုတ် ကြာသပတေးနေ့မှာ ပေါက်ပင်၊ ပေါက်ပန်းဖြူပင်အောက်မှာ ဆီးသီး သို့မဟုတ် လိမ္မော်သီးကိုစား၍ ကြံပါလေ။ အင်္ဂါ၊ ကြာသပတေးသားသမီးတို့နှင့် တိုင်ပင်ပါလေ။ ၃ ဂဏန်း၊ ၅ ဂဏန်းက သင့်ကို ကံကောင်းစေလိမ့်မည်။

ပျော်ရွှင်အောင်မြင် ကံကောင်းကြပါစေ။

❐ ညွန့်ဆွေ (စတ်မှူ)



www.burmeseclassic.com

www.burmeseclassic.com

# အကြွေးငွေတွေ ပြန်ရစေ တတ်ယတြာချေ



## အောင်ကောင်းမြ(သာကေတ)

လွန်ခဲ့သော (၁၀)နှစ်ကျော်က ညောင်ရေးဌာနတွင် ကျောင်းဆရာ တာဝန်ထမ်းဆောင်ခဲ့ဖူးသည်။ မူလတန်းကျောင်းမှာ ဆရာမတွေကတော့ ကျူရှင်ပြကြပေမယ့် စာရေးသူကတော့ အခြေအနေအရ ကျူရှင်မသင်ဖြစ်ခဲ့ပေ။ ရရှိသောလစာ ၃၀၀၀ိ/- ကျပ်ကျော်မှာ စားဝတ်နေရေးအတွက် မလုံလောက်ပါ။ ထို့ကြောင့် အောက်ဆိုက်ရှာရပါသည်။

တစ်နည်းအားဖြင့် အပိုဝင်ငွေဆိုပါစို့။ ရုံးလုပ်ငန်းလို လာဘ်ပေး လာဘ်ယူ ပြုလုပ်ခြင်းမဟုတ်ပေ။ သူတစ်ပါးထံမှ ငွေကိုယူပြီး တစ်ဆင့် ပြန်ပေးသောအလုပ် ပြုလုပ်ရသည်။ တစ်နည်းအားဖြင့် ငွေအတိုးမျှစားသော အလုပ်ဆိုပါတော့။ နောက်ဆုံးမှာတော့ အရင်းပြန်မရ၍ ငွေအကြွေးပြဿနာတက်ရသည်။ ဒေါ်မ[illegible]ကြွေးကိစ္စ ပြဿနာ ဖြေရှင်းရသည်။ မိမိမှာရှိသော ရွှေထည်ပစ္စည်း ရောင်းချပေးရသည်။

ဗေဒင် မဘာတ်ခင်က ဗေဒင်ဆရာထံ သွားမေးရသည်။ ဆရာဖြစ်သူမှ နိစ်+ပြ ယတြာချေခိုင်းသည်။ အင်္ဂါဗုဒ္ဓဟူး သက်ရောက်တွင် ၆+၂- ပြ+နိစ်တွဲမိနေသည်။ ထို့ကြောင့် သခွားသီးတွင် ကြွေးကိစ္စ စာရေး၊ သွားကြားထိုးတံ (၂၆)ချောင်းနှင့် တစ်ချောင်းချင်းစိုက်၍ နှုတ်မှလည်းပြော "အကြွေးကိစ္စအမြန်အဆင်ပြေပါစေ" "အကြွေးပြန်ရပါစေ" ထိုသို့ပြောထိုးပြီး သံချောင်းတစ်ချောင်းကို သခွားသီးထဲ ထိုးထည့်လိုက်ပါ။ ပြီးလျှင် လမ်းဆုံ လမ်းခွမှနေ၍ ပစ်လိုက်ပါဟုဆိုသည်။

ရေမြောင်း အမှိုက်ပုံထဲ ပစ်၍ရသည်။ အကြွေးငွေအားလုံး ပြန်မရသုံးပုံ တစ်ပုံသာ ပြန်ရသည်။ တစ်ဖန်အဓိဋ္ဌာန်ပုတီးစိပ်ပြီး ပြုလုပ်ရသော အစီအရင် ယတြာတွေ ဆောင်ရွက်ပါသည်။ နောက်ဆုံး ယတြာနည်းအမျိုးမျိုးပြုလုပ်ပြီး တောင်းသောအခါ သုံးပုံနှစ်ပုံပြန်ရသည်။

တစ်ပုံတော့ တဖြည်းဖြည်းတတ်နိုင်သလောက် ခွဲပေးမည်ဟု ဆိုပါသည်။ ထိုကိစ္စပြီးတော့ အိမ်ဂရန်ကိစ္စတစ်ခုထပ်ပေါ်သည်။ သုံးလအတွင်း ပြန်ရမယ်၊ အိမ်ဂရန် ပေါင်ပေးပါ။ အတိုးလည်းရမယ်ဟု ဦးလေးလို ရင်းနှီးသူ၏စကား ယုံကြည်မိ၍ ပြုလုပ်လိုက်ရာ တစ်နှစ်ကျော် နှစ်နှစ်အထိ ပြန်မရွေးနိုင်၍ ပြဿနာတက်ရသည်။

မွေးနံထောင့်မှာ အရွက်အခက်အညွန့်တွေ လှူခြင်း၊ အိမ်ဘုရားမှာ အကြွေးကိစ္စအတွက် မုန့်လုံးရေပေါ်လှူခြင်း၊ ခွေးစာ၊ ငါးစာများ ကျွေးခြင်း၊ မုန့်စိမ်းပေါင်းပေါ် ဖယောင်းတိုင် တင်ထွန်းခြင်းစသည့် ယတြာနည်းမျိုးစုံ လုပ်ရသည်။ အောင်ထီးဆန် ယတြာလည်း ပြုလုပ်ဖူးသည်။ နမောတေဂါထာ (၄၉)ရက် အဓိဋ္ဌာန်ဝင်သည်။ နောက်ဆုံး (၄၉)ရက်ပြည့်သောနေ့တွင် အကြွေးငွေတွေ ပြန်ရ၊ အိမ်ဂရန် ပြန်ရွေးနိုင်ခဲ့သည်။

ဗေဒင်ဆရာ ဖြစ်သောအခါ မိမိကဲ့သို့ ငွေအကြွေးကိစ္စပြဿနာတက်သူတွေမကြာခဏရောက်လာကြသည်။ အချို့မှာ အတိုးမယူဘဲ ယုံကြည်စွာ ခင်မင်ရင်းနှီးသောကြောင့် ချေးလိုက်သူတွေရှိသည်။ အချို့လည်း လောင်းကစားကိစ္စတွေပါလာသည်။ အတိုးပေါ်အတိုးဆင့်ယူသူတွေကတော့ အရင်းတစ်ဝက်လောက်ရပြီး၍ အရင်းပြန်ရရင် ကျေနပ်ပါပြီဟု ပြောကြသည်။

အချို့လည်း ပစ္စည်းမျိုးစုံ ရောင်းဝယ်သူတွေ ဖြစ်သည်။ ပစ္စည်းအကြွေးဝယ်ပြီး ပြန်မဆပ်ကြသူများ ဖြစ်သည်။ ပတ်ဝန်းကျင်တွင် တစ်ခါစားကျင့်သူများလည်း ရှိသည်။ မျက်နှာပြောင်တိုက်မပေးသူ၊ တစ်ဘဝစာပဲ ကြည့်သူ၊ နောင်ဘဝကို မယုံကြည် အလေးမထားသော ဗုဒ္ဓဘာသာဝင် အမည်ခံတွေ အများအပြားရှိသည်။ ဗေဒင်ဆရာဘဝရောက်သော် ငွေ၊ အကြွေးကိစ္စနည်းမျိုးစုံကို ဖြေရှင်းပေးရသည်။



www.burmeseclassic.com

www.burmeseclassic.com

အကြွေး (၁+၂)နှင့် ကြက်ဥ (၂+၁)ပြုလုပ်ရသော ကက်ကင်းယတြာလည်းပါသည်။ အကြွေးကိစ္စ ကြက်ဥကြော်၍ ဘုရားကပ်လှူ၊ ရဟန်း သံဃာဆွမ်းလောင်း ဆုတောင်းမှုပြုပါ။ ကြက်ဥသုံးလုံးကြော် (သို့မဟုတ်) တစ်နေ့ တစ်လုံးကြော် (၃)ရက် ဆက်လှူပါသည်။ အကြွေးစာရင်း စာရွက်၊ စာချုပ်စာတမ်း၊ စာအုပ်ရှိပါက သနပ်ညွှန့်နှင့် ရိုက်ပေးရသည်။ ထို့နောက် ကြာသပတေး၊ တနင်္ဂနွေ၊ ဗုဒ္ဓဟူး တစ်ပတ် သုံးရက် ဘုရားတွင် အကြော်လှူပေးရသည်။ ဘူးသီးကြော်မှလွဲ၍ ကျန်အကြော်တစ်မျိုးမျိုး သုံးခုလောက် လှူဒါန်းဆုတောင်းပါ။ အကြွေးကိစ္စ အဆင်ပြေစေသည်။

အကြွေးကိစ္စ၊ ငွေကိစ္စဆိုသည်မှာ တနင်္လာဂြိုဟ်ဖြစ်သည်။ ထို့ကြောင့် မိမိကံဇာတာ ဂြိုဟ်စားသက်ရောက်တွင် တနင်္လာ(၂)ဂဏန်းအားကောင်းနေလျှင် မြန်သည်။ တနင်္လာဂြိုဟ်ညံ့ခြင်း၊သက္ကတ် မကောင်းပါက ကြန့်ကြာတတ်သည်။ ယတြာချေလည်း အားလုံးပြန်မရဘဲ အရစ်ကျခွဲရတာမျိုးကြုံတွေ့ရတတ်သည်။

ငွေကိစ္စနှင့် ရဲစခန်းတစ်ခုရောက်သောအခါ တာဝန်ကျရဲမှ. . . "ခင်ဗျားတို့ ငွေပေးတုန်းကတော့ ကိုယ့်သဘောနဲ့ ကိုယ်ပေးကြတာ၊ မရတော့မှ ရဲစခန်းလာတိုင်လို့ မရဘူး၊ ရဲက အကြွေးတောင်းပေးရမှာလား"စသည်ဖြင့် ပြောပြီး တရားရုံးတွင် ဖြေရှင်းခိုင်းပါသည်။

သူတို့အချင်းချင်း အပေးအယူလုပ်ကြတုန်းကတော့ ဗေဒင်ဆရာဆီ လာရောက်မတိုင်ပင်ကြပါ။ အကြွေးမရတော့မှဘဲ အပူတပြင်း လာရောက်ကြသည်။ လွန်ခဲ့သော သုံးလခန့်က နယ်မှ စီးပွားရေးလုပ်ငန်းရှင်တစ်ဦး အနီးကပ်တပည့် (လူယုံ)ကို သိန်း (၃၀၀)ပေးခိုင်းလိုက်ရာ ပေါ်မလာတော့ဘဲ လစ်ပြေးသွားသည်။ စာရေးသူထံ ရောက်လာမှ နဝင်းပွဲယတြာပြုလုပ်ပြီး အကြွေးပြန်ရမည့်ယတြာ၊ ဆုံးရှုံးမလို ဖြစ်နေတဲ့ ငွေတွေပြန်ရစေဟူသော ယတြာများ ဆောင်ရွက်ပေးလိုက်ရသည်။ အားလုံးပြန်မရသော်လည်း သုံးပုံနှစ်ပုံ ပြန်ရသွားသည်။

ယခု စာရေးသူအနေဖြင့် ငွေအကြွေးကိစ္စ၊ ငွေလူလိမ်ခံရသော ကိစ္စအတွက် မှော်ဘီမြို့မှ စမတစ်ထောင်ဆရာတော် ချီးမြှင့်သောနည်းကို ရေးသားဖော်ပြပေးလိုက်ပါသည်။ အကြွေးကိစ္စနှင့်ပတ်သက်၍ အစွမ်းထက်ယတြာတစ်ခုဖြစ်ပါသည်။

**အကြွေးငွေ ဆုံးမလိုဖြစ်နေတဲ့ငွေ အမြန်ပြန်ရစေ**

မိမိအနေနှင့် ငွေများ ချေးထားပြီး တစ်ဖက်မှပြန်မပေးဘဲ အကြောင်းအမျိုးမျိုးပြကာ ထစ်ငေါ့ကြန့်ကြာနေခြင်းများ ကြုံတွေ့ပါက အောက်ဖော်ပြပါ ဝိဇ္ဇာယတြာနည်းကို သေသေချာချာလုပ်ရပေလိမ့်မည်။

အင်္ဂါနေ့နံနက်စောစော ၇ နာရီ ၁၅မိနစ်အချိန်တွင် မိမိတို့၏ အိမ်ဘုရား၌ ဆွမ်းတော် ၃ ပွဲ၊ အောင်သပြေ ၁၀ ညွှန့်ကပ်လှူရမည်။ ထို့နောက် ဖယောင်းတိုင် ၃ တိုင်ကို မီးထွန်းညှိပူဇော်ရမည်။ မည်သည့်အရာနှင့်မဆို ဆွမ်းတော်ကပ်လှူနိုင်သည်။ မုန့်၊ အကြော်၊ သစ်သီး၊ ပဲ၊ ပေါက်ပေါက်၊ ထန်းလျက် တစ်မျိုးမျိုးဖြင့် ကပ်ပါ။ ခြေလေးချောင်းသားနှင့် မကပ်ပါနှင့်။ သက်သတ်လွတ်ပိုကောင်းသည်။ ဘုရားရှိခိုး၊ ငါးပါးသီလခံယူ၍ ဆွမ်းတော်၊ ဆီမီးအလင်းတိုင်၊ အောင်သပြေပန်းအညွန့်၊ ရေတော်ကပ်လှူပူဇော်နည်းဖြင့် ရိုသေစွာကပ်လှူပါ။ ထို့နောက် မိမိလက်ဝဲတွင် ပိုက်ဆံယူသွားသူ၏ အမည်နာမကို ရေးပါလေ။ ဆီတစ်စက်လည်း လက်ဝဲပေါ်တွင်ချပြီး ပွတ်ရမည်။ ဆီကို သုံးရသည့်ခြင်းမှာ ကျွန်ုပ်တို့ ဂမ္ဘီရလောကီအတတ် ဝိဇ္ဇာပညာရပ်တွင် အဆွဲဓာတ်တစ်ခုအနေနှင့် အသုံးပြုခြင်း ဖြစ်သည်။

နောက်တစ်ဆင့်အနေနှင့် ငွေတစ်ထောင်တန်တစ်ရွက်ကို လက်ဝဲထဲထည့်ပြီး ရိုက်ကာ မိမိ၏နှုတ်မှ. . . "ငါ့ငွေ ငါ့ထံ လာပေးစေ" ဟုပြောရမည်။ ပြီးလျှင် လက်ဝဲနှစ်ဖက်ကို ထွန်းညှိထားသည့် ဖယောင်းတိုင်တွင် ခပ်နွေးနွေးကလေးတင်ပါ။ ကင်ပြီးလျှင် လက်ခုပ် (၆) ချက်တီးပါ။

လက်ခုပ်ဆိုသည်မှာ တနင်္လာ+ဗုဒ္ဓဟူး ဓာတ်မိတ်ဖြစ်နေသည်။ ၂+၄ =၆ ချက် တီးရသည်။ လက်ထဲမှာ ရေးထားသော စာအပြင် လိုရာဆန္ဒကို ထိထိမိမိပြောပြီး စိတ်ပါလက်ပါ ဟန်ဝါပါမာန်နှင့်တီးပါ။

"မောင်စောအောင် ငါ့ဆီက ယူထားတဲ့ အကြွေးငွေတွေ အမြန်ပြန်လာပေးစေ" စသည်ဖြင့် ပြောဆို၍ လက်ခုပ် (၆)ချက် တစ်ခါတီး တစ်ခါပြော တီးပါ။ ထိုသို့တီးရင်း မိမိ၏ လိုရာဆန္ဒကို အကျအန တောင်းရမည်ဟု ဆရာတော်က မိန့်ဆိုသည်။ နဝင်းယတြာချေပြီး ထိုနည်းပေးလိုက်ရာ လှိုင်သာယာမှ တစ်ဦး၊ တာမွေ ကျောက်မြောင်းမှ တစ်ဦး၊ သန်လျင် ကျောက်တန်းမှ တစ်ဦး၊ သာကေတမှ တစ်ဦးတို့ သုံးပတ်အတွင်း အဆင်ပြေသွားသည်။

အင်္ဂါနေ့တိုင်း (၃)ပတ် မပျက်မကွက်ပြုလုပ်ပါ။ နဝင်းယတြာလည်းချေ၊ အမိဋ္ဌာန်ပုတီးလည်း စိပ်နေသော လှိုင်သာယာမှ ဦး××××ကတော့ "ဆရာ တစ်ပတ်လုပ်ပြီးတာနဲ့ ကျွန်တော့်ငွေ နှစ်သိန်းလာပေးသွားတယ်" ဟု ပွင့်ပွင့်လင်းလင်း ပြောဆိုပါသည်။ အချို့ကျတော့လည်း မေးမှ ပြောသည်။ အကြွေးပြန်ရလျှင် ဆရာ့သွားပြောလို့ မဖြစ်ဘူး၊ ဉာဏ်ပူဇော်ခ အလှူဒါန ပြုနေရဦးမယ် ဟု စိတ်ကူးသူလည်း ရှိနိုင်သည်။ မိမိ ဆောင်ရွက်ပေးလိုက်ရသော ယတြာ အောင်မြင်ပါက၊ အကြွေးပြန်ရပါက အိမ်၊ ခြံ၊ မြေ၊ ကား ရောင်းထွက်ပါက ရာခိုင်နှုန်း ဘယ်လောက်ပေးရမယ်ဟု ပြောဆိုတတ်သော ပွဲစားကဲ့သို့ ဆရာစာရင်းတွင် လုံးဝမပါဝင်ကြောင်း သစ္စာပြုပါသည်။

❒ အောင်သောင်းမြ(သာကေတ)




www.burmeseclassic.com

www.burmeseclassic.com

# ဂုဏ်ရှိဆန်းသော ခရမ်းစွဲကျောက်

အောင်ဘုန်းမြင့်(ကချင်မြေ)



**ခရမ်းစွဲကျောက်**

ခရမ်းရည်ဝင်နေသော ကျောက်မှန်သမျှကို ခရမ်းစွဲကျောက် ဟုခေါ်ကြသော်လည်း မျိုးရင်းသဒ္ဒေ အနည်းအများ ခြားနားမှုရှိပါသည်။ ခရမ်းရည်ဝင်နေသော စလင်းကျောက်ကို စလင်းခရမ်းစွဲဟူ၍လည်းကောင်း၊ ခရမ်းရောင်ကြူနီလာကို နီလာခရမ်းစွဲဟူ၍လည်းကောင်း၊ ခရမ်းရောင် သန်းနေသော ဂေါမိတ်ကျောက်ကို ဂေါမိတ်ခရမ်းစွဲဟူ၍လည်းကောင်း၊ ရောင်စုံခရမ်းရောင်ကျောက်များကို အညွှ့ပန် ခရမ်းစွဲကျောက် ဟူ၍လည်းကောင်း အမည်တပ်ခေါ်ဆိုကြလေ၏။ ယေဘုယျအားဖြင့် ခရမ်းရည်တောက်နေသော ခရမ်းရောင်ကျောက်မှန်သမျှကို ခေါင်းစဉ်တပ်၍ စုပေါင်းခေါ်ဆိုကြခြင်းဖြစ်သည်။

AMETHYST အမ်းမီးသစ်ခေါ် ခရမ်းစွဲကျောက်များသည် ဂရိနတ်ဘုရားများနှင့် ဆက်နွယ်နေသော ကျောက်မျက်ဖြစ်သည့်ပြင် တန်ခိုးဩဇာကြီးမားသောနတ်များနှင့် ကြာသပတေးဂြိုဟ်မင်း၏ ကူဒ္ဓိပါဒ်စွမ်းအားအမျိုးမျိုးကိန်းဝပ်နေပြီး မကောင်းမှုမှန်သမျှကို ဖယ်ရှားပေးနိုင်၍ ကောင်းကျိုးချမ်းသာမှုကို ဆောင်ကြဉ်းပေးနိုင်သည်ဟု ယုံကြည်ထားကြသည်။

ရှေးအခါက ဂရိနိုင်ငံ အေသင်၊ စပါးတား၊ ကိုးရင်း၊ သီးဘီ၊ ထရွိုင်အစရှိသော မြို့ပြနိုင်ငံငယ်များရှိ အပျိုစင်အမျိုးသမီးများသည်နှလုံးသားအသည်းပုံဖော်ထားသော ခရမ်းစွဲကျောက်မျက်များကို လည်တိုင်ကြော့၌ ဝတ်ဆင်အလှပြင်ကြခြင်းဖြင့် မြင့်မြတ်သန့်ရှင်းသော အပျိုစင်ဘဝကို ထိန်းသိမ်းထားကြလေသည်။

ထိုခေတ်က ခရမ်းစွဲကျောက်ကို အထူးသဖြင့် ချစ်ခြင်းမေတ္တာကို ဖြောင့်ဖြူးခိုင်မြဲ အဓွန့်ရှည်တည်တံ့စေနိုင်သော မှော်ဝင်ကျောက်မျက်ရတနာ အဖြစ်နှင့် စုန်းအောက်လမ်းမိစ္ဆာကင်းဝေးနိုင်သော အဆောင်အဖြစ် ဝတ်ကြ၏။

ခရမ်းစွဲကျောက်များကို မြန်မာနိုင်ငံ၊ မိုးကုတ်မြို့နယ် ဒေသအနှံ့အပြားနှင့် ကမ္ဘာ့ကျောက်မျက်ရတနာထွက်ရှိသော ရတနာမှော်များတွင် တူးဖော်ရရှိနိုင်သော တွင်းထွက် တန်ဖိုးနည်းကျောက်မျိုးဖြစ်ပါသည်။

**သမိုင်းထဲကခရမ်းစွဲ**

ဂျူးနှင့် ခရစ်ယာန်ဘာသာဝင်ဘုန်းတော်ကြီးများသည် အလွန်မြင့်မြတ် ဂုဏ်ယူဖွယ်ရာဖြစ်သော ဘွဲ့ထူးတံဆိပ်တော်အဖြစ် ဘာသာရေးဝတ်ရုံကြီးများပေါ် တပ်ဆင်၍ဝတ်ဆင်ကြ၏။ ဤသို့ဝတ်ဆင်ထားခြင်းကြောင့် အရာရာ၌ မှန်သောတရားတော်မြတ်နှင့်အညီ သန့်ရှင်းစင်ကြယ် အဓွန့်ရှည်ကြာစွာ စီမံဆောင်ရွက်နိုင်မည့် ကောင်းကင်ဘုံ၏ သင်္ကေတ အထိမ်းအမှတ်ဖြစ်သည်ဟု ယုံကြည်ကြသောကြောင့် ဖြစ်သည်။ မှော်ပဥ္စလက်ဆရာများလည်း ဝတ်ဆင်တတ်ကြသည်။ ဤသို့ဝတ်ဆင်ထားခြင်းဖြင့် သိဒ္ဓိစွမ်းအားအသိတရားတိုးပွားစေနိုင်ပါသည်။

အီဂျစ်တို့ကမူ သေဆုံးသွားသူများကို လူ့ဘောင်လောကထဲသို့ကောင်းမွန်စွာ ပြန်လည်မွေးဖွား ရှင်သန်လာနိုင်စေရန်ဟူသော ယုံကြည်မှုဖြင့် သေဆုံးသူများ၏ ဂူသင်္ချိုင်းထဲတွင် ရုပ်အလောင်းများနှင့်အတူ ခရမ်းစွဲကျောက်ကို ဆောင်ထားပေးကြသည်။

ဂရိဒဏ္ဍာရီသမိုင်းတွင် လွန်စွာချောမောလှပသည့် အမ်းမီးသစ်မည်သော အပျိုစင်လေးကို ဝိုင်အရက်ကိုအစိုးရသည့် ဘက်ချပ်နတ်သားက ကျားအသွင်ဖန်ဆင်း၍ ကိုက်သတ်စားမည်ကြံစည်နေစဉ် ဒိုင်ယာနာနတ်သမီးက အမ်းမီးသစ်အပျိုစင်လေးကို ကယ်တင်လိုသဖြင့် စလင်းကျောက်အဖြစ် ဖန်ဆင်း ကယ်တင်လိုက်ရာမှ ခရမ်းစွဲကျောက်ဖြစ်ပေါ်လာခြင်းဖြစ်သည်ဟူ၏။

**ခရမ်းစွဲ၏အာနိသင်**

နတ်ဘုရားတို့နှင့် ဆက်သွယ်နေသော ခရမ်းစွဲကျောက်ကို ရေနှင့်ကြာကြာစိမ်ထားပြီး သောက်သုံးပေးသည်ရှိသော် သားသမီးမထွန်းကားနိုင်သည့် မြုံနေသော အမျိုးသမီးများကို သားသမီးထွန်းကားစေနိုင်သည်။ ထို့ပြင်



www.burmeseclassic.com

www.burmeseclassic.com

ခရမ်းစွဲစိမ်ရည်သည် အဆိပ်အပြင်းအမျိုးမျိုးကို ပြေစေပျောက်စေနိုင်သော အာနိသင်ရှိသည်ဟုဆိုသည်။

ခရမ်းစွဲကျောက်ဖြင့် ပြုလုပ်ထားသောခွက်(သို့)ခရမ်းရောင်ခွက်ကို ရေခွက်အဖြစ်အသုံးပြုလျှင် သူတစ်ပါးက အဆိပ်ခတ်ခြင်းမှ လွတ်ငြိမ်းနိုင်ပြီး အဆိပ်သင့်ခြင်းတို့မှ ပြေပျောက် ချမ်းသာရစေနိုင်ပါသည်။ ခရမ်းစွဲကျောက်သည် စိတ်မခိုင် စိတ်အားငယ်၍ ဖြစ်တတ်သော စိတ်ရောဂါ စိတ္တဇဝေဒနာအမျိုးမျိုးကို ကုသသက်သာ ကောင်းစေနိုင်ပြီး မကောင်းသောနာနာဘာဝ၊ ဝိနာဘာဝ၊ မိစ္ဆာအောက်လမ်းတို့၏ ညွတ်ကွင်းမှလည်း လွတ်ငြိမ်းစေနိုင်၏။ ထို့ပြင် မမြင်မတွေ့နိုင်သော ရန်သူလက်သီးပုန်းများကို ဖယ်ရှားပေးနိုင်သော *အသက်စွမ်းအား ရှိပါတယ်။*

**ခရမ်းစွဲဝတ်ဆင်ခြင်း**

ခုနစ်ရက်သားသမီး မည်သည့်နေ့နံဖွားဖြစ်စေ ခရမ်းစွဲကျောက်ကို ယုံယုံကြည်ကြည် ဝတ်ဆင်ဆောင်ထားကြမည်ဆိုလျှင် ရန်သူအတိုက်အခံများက မကောင်းသော အောက်လမ်းနည်းဖြင့် ပြုစားခြင်း၊ စိတ်ကိုညို့၍ အသက်လိပ်ပြာ ချုပ်နှောင်ခံရခြင်း၊ စိတ်ကိုဖြစ်စေ ရုပ်ကိုဖြစ်စေ အတားအဆီးနှောင့်ယှက်ခံရခြင်း၊ ဝိညာဉ်ထိန်းချုပ်ခံရပြီး စိတ်ကိုပျံ့လွင့်စေခြင်း စသည်တို့မှ ကင်းပလွတ်မြောက်စေနိုင်မည်ဖြစ်သည်။

ခရမ်းစွဲကျောက်သည် မကောင်းသောအနိဋ္ဌာရုံ မိစ္ဆာ အတွေးအခေါ်အယူအဆတို့မှ ဖယ်ခွာစေ၍ မှုးမေ့ထုံထိုင်း သတိတရားကင်းလွတ်ခြင်းမှ အရှင်းလွတ်မြောက်စေနိုင်ပြီး စုန်းကဝေ၊ နာနာဘာဝ၊ အင်းတိုက်၊ နတ်တိုက်၊ မန္တန် အတိုက်အခိုက် အမျိုးမျိုးတို့ကို ကာကွယ်တားဆီးပေးနိုင်သော ဝမ္မိရအဆောင်ကျောက်မျက်လည်းဖြစ်သည်။

ခရမ်းစွဲကျောက်ကို စိတ်ဝေဒနာကုစားရာ၌ အသုံးပြုကြသည်မှာ နှစ်ပရိစ္ဆေဒကြာညောင်းခဲ့ပြီ ဖြစ်သည်။

**ခရမ်းစွဲအဆောင်**

သိဒ္ဓိစွမ်းအား ကိန်းဝပ်နေသော ခရမ်းစွဲကျောက်ကို ကျောင်းသူကျောင်းသားများက ဆောင်ထားကြလျှင် ပညာ၊ ဉာဏ်ရည်တိုးတက်စူးရှထက်မြက်စေ၍ ထူးချွန်သောပညာရှင်များဖြစ်စေနိုင်မည်။ စစ်သည်တော်များက ဆောင်ထားကြမည်ဆိုလျှင် အသက်ဘေးရန်အန္တရာယ်အမျိုးမျိုးတို့မှ လွတ်မြောက်ချမ်းသာရစေနိုင်ပြီး ရန်သူအပေါင်းတို့ကို စွမ်းစွမ်းတမံ ချေမှုန်းသုတ်သင်ရှင်းလင်းအောင်မြင်နိုင်မည်ဟူ၍ဖြစ်သည်။

ခရမ်းစွဲကျောက်ကို တောင်သူလယ်သမားများက ယုံယုံကြည်ကြည် ဆောင်ထားကြပါက ကောက်ပဲသီးနှံ ဆန်ရေစပါး အထွက်ကောင်းစေနိုင်ပြီး ရေလုပ်သားများကဆောင်ထားကြသော် ရာသီဥတုဆိုးဝါးခြင်းနှင့် မုန်တိုင်းဝဲဂယက်အသက်ဘေးရန်အမျိုးမျိုးတို့မှ လွတ်ငြိမ်းစေနိုင်မည်။ တောလိုက်မုဆိုးများက ဆောင်ထားကြမည်ဆိုပါက မကောင်းဆိုးဝါးရန်စွယ်များနှင့် မမြင်မတွေ့နိုင်သောရန်မျိုးစုံမှ ကယ်မ,ပေးပြီး သားကောင်းရလွယ်စေမည်။

ခရမ်းစွဲလက်ဝတ်ရတနာများ ကို မိန်းမပျိုများက ဆောင်ထားဝတ်ဆင်ထားကြမည်ဆိုပါက ချစ်ခြင်းမေတ္တာကို ခိုင်မြဲအစွန်းရှည်စေပြီး အမြဲစန်းပွင့် ကံကောင်းစေမည်။ အကယ်၍ ယောကျ်ားပျိုများက ဆောင်ထားကြသည်ရှိသော် ကြင်နာလိုက်လျော အကြိုက်ဆောင်ပေးမည့် မိန်းမကောင်းနှင့် ဖူးစာဆုံ အိမ်ထောင်ပြုနိုင်သူများ ဖြစ်ရလိမ့်မည်။

ဖူးစာရေးနတ်သား မြားနတ်မောင်သည် ခရမ်းစွဲကျောက်အသည်းပုံ သရဖူကိုဆောင်းလျက် ခုနစ်ရက်သားသမီးများ၏မေတ္တာရေး အချစ်ရေး အိမ်ထောင်ရေးကိစ္စများကို ဆောင်ရွက်ပေးတတ်သောနတ်ဖြစ်သည်ဟု ဆိုသည်။

ကျောက်မျက် ပညာရှင်တို့က လက်ခံထားကြသောခရမ်းစွဲကျောက်၏ စွမ်းပကားအတိုချုပ်သည် လွတ်မြောက်ခြင်း၊ ဘေးချမ်းသာယာခြင်း၊ ငြိမ်းချမ်းလွတ်လပ်ခြင်း၊ တစ်ပါးသူများ၏ သစ္စာဖောက် အကောက်ကြံစည်ခြင်းတို့မှ လွတ်မြောက်စေခြင်း၊ ဘေးအန္တရာယ်အပေါင်းတို့မှ ကာကွယ်ပေးခြင်းနှင့် မိမိကိုယ်ကိုယ် ယုံကြည်မှု တိုးပွားစေနိုင်ခြင်းဖြစ်ပါသည်။

**ကြာသပတေးသားသမီး**

ကျောက်မျက် ရတနာများမှ ထုတ်လွှတ်ဖြာထွက်နေသော စွမ်းအင်အလင်းတန်းများသည် ဆိုင်ရာဆိုင်ရာ ဂြိုဟ်နက္ခတ်တာရာတို့မှတစ်ဆင့် သက်ရောက်ဖြာထွက်လာသည့် ရောင်စဉ်အလင်းစွမ်းအားများ ဖြစ်သောကြောင့် သက်ရှိလူသားများပေါ် နေ့နံအလိုက် တစ်မျိုးစီအကျိုးဖြစ်ထွန်းစေနိုင်သည်ဟု ဆိုသည်။

ကောင်းကျိုး ချမ်းသာများကို ယူဆောင်ပေးတတ်သော *ကြာသပတေး* ဂြိုဟ်မင်း၏သဘာဝဓာတ်မှ ဖြာထွက်လာသောရောင်စဉ်တန်ခိုးစွမ်းအားများသည် ခရမ်းရည်ပွင့်နေသည့် ကျောက်မျက်ရတနာများပေါ်၌ သက်ရောက်စိုးမိုးကိန်းအောင်းနေသည်ဖြစ်၍ ခရမ်းစွဲကျောက်သည် ကြာသပတေးသားသမီးများအတွက် အဆောင်ကောင်းဖြစ်ပါသည်။

သို့ဖြစ်သောကြောင့် ကြာသပတေးဂြိုဟ်၏စွမ်းအားသတ္တိ ကိန်းဝပ်နေသည့် ခရမ်းစွဲကျောက်ကို ကြာသပတေးသားသမီးများက ဆောင်ထားလျှင် ကောင်းခြင်းမင်္ဂလာအပေါင်းတို့နှင့် ပြည့်စုံစေမည့် ဆောင်ပန်းရတနာဖြစ်သည်။

ရှေးကျမ်းများအလိုအရ ကြာသပတေးသားသမီးများသည် TOPAZ ခေါ် ဥသျှဖရား (မိုးကုတ်ကျောက်ဝိုင်းအခေါ် ထပ်တစ်ရာ)ကျောက်လို ညွှန်းဆိုထားလေ၏။ ထို့ကြောင့် ကြာသပတေးသားသမီးများသည် မြန်မာ့ရိုးရာဗေဒင်ပညာအယူအဆအရ သခွားရည်ဝင်နေသော ကြက်ဆီရောင်ဥသျှဖရားကိုလည်း ဆောင်ထားနိုင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

ထို့ပြင် ခရမ်းစွဲကျောက်သည် ကုံရာသီကို ချိန်တာရာခြံရံလျက် ဣန္ဒနီလာရောင် ဝဋ္ဋာမိုးကောင်းကင်၌ ဘော်ငွေရောင်စန္ဒာလမင်းနှင့် မာယနက္ခတ်ယှဉ်၍ မွေးဖွားလာကြသော ဖေဖော်ဝါရီလဖွား ခုနစ်ရက်သားသမီးများအတွက်လည်း အဆောင်ရတနာကောင်းဖြစ်သည်ဟု တမ္ဗာကျောက်မျက်ပညာရှင်တို့က လက်ခံယုံကြည်ထားကြသောကျောက်ဖြစ်သည်။

**ခရမ်းစွဲနှင့် ကြာသပတေး**

ကြာသပတေး သားသမီးများက ခရမ်းစွဲကျောက်ကို ဝတ်ဆင်ယကြာဆောင်ထားကြမည်ဆိုလျှင် . . .

(၁) အပျိုစင် အမ်းမီးသစ်ကဲ့သို့ အသက်ဘေးရန်အပေါင်းမှလွတ်မြောက်နိုင်ကြပြီး ဒိုင်ယာနာနတ်သမီး၏ ကယ်တင်ခြင်းကဲ့သို့ ဆင်းရဲဒုက္ခမှန်သမျှမှ လွတ်ငြိမ်းနိုင်မည်။

(၂) အချစ်ရေးတွင် ခိုင်မြဲစေပြီး သာယာသော အိမ်ထောင်ရေးကို တည်ဆောင်နိုင်မည်။

(၃) အလုပ်၊ စီးပွား၊ အကြံအောင်၍ ဝေါယာဉ်အခြံအရံနှင့် နေထိုင်နိုင်မည်။

(၄) ဘုရားတည်၊ ကျောင်းဆောက်လှူဒါန်း သာသနာပြုနိုင်ပြီး သူတော်ကောင်းများနှင့် မျက်နှာပန်းလှလှ နေထိုင်ရမည်ဟူ၍ဖြစ်သည်။

ကြာသပတေး သားသမီးများသည် မင်္ဂလာအခမ်းအနားနှင့် ဧည့်ခံပွဲများတွင် ပွဲတက်ရတနာအဖြစ်ဝတ်ဆင်ကြလျှင် အများ၏အာရုံပြုလေးစားခြင်းခံရပြီး ရေကန်အလယ်တွင် ကြာနီပွင့်ကဲ့သို့ တင့်တယ်ထည်ဝါလိမ့်မည်။

သို့ဖြစ်၍ ကြာသပတေးသားသမီးများသည် ခရမ်းစွဲကျောက်ကို ဝတ်ဆင်ဆောင်ထားကြခြင်းဖြင့် ကြံတိုင်းအောင် ဆောင်တိုင်းမြောက်ကြပြီး ဘဝခရီးလမ်း ဖြောင့်ဖြူးလှပစေနိုင်မည်ဖြစ်ပါသည်။

☐ အောင်ဘုန်းမြင့်(တချုပ်မြေ)

# စာမေးပွဲအောင်ဂါထာ

## အောင်ဘုန်းမြင့်(ကချင်မြေ)

စာမေးပွဲကိစ္စ၊ အင်တာဗျူးကိစ္စ၊ အလုပ်ရာထူးအတွက် စာမေး နှုတ်ဖြေကိစ္စ၊ သင်တန်းတက်လမ်းများအတွက် အမေး၊အဖြေ ကိစ္စများတွင် ဖြေဆိုအောင်မြင်စေနိုင်မည့် သူရဿတီဂါထာမြတ်ကို ခုနစ်ရက်သားသမီးများ အကျိုးအလို့ငှာ ရေးသားတင်ပြလိုက်ရပါသည်။

ပညာရေးအတွက် ဖြစ်လျှင် အိမ်ဘုရားတွင် ထီးဝါဆယ်လက်တွင် အညွန့်ပန်းတစ်ပွင့်ပူး၍ ဘုရားတင်လှူပါ။ အင်တာဗျူး ရေးဖြေ၊ နှုတ်ဖြေအတွက်ဖြစ်လျှင် ထီးဖြူဆယ်လက်တွင် အညွန့်ပန်းတစ်ပွင့် ပူး၍ ဘုရားတင်လှူပါ။ ရာထူးအတွက်ဖြစ်လျှင် ထီးနီဆယ်လက်တွင် အညွန့်ပန်းတစ်ပွင့် ပူး၍ ဘုရားတင်လှူပါ။ ယကြာ ပိုမိုထိရောက်အောင်မြင်စေနိုင်ပါလိမ့်မည်။

ထို့နောက် စာမေးပွဲစတင်ဖြေဆိုမည့်နေ့မှစ၍ စာမေးပွဲဖြေဆိုပြီးမြောက်သည့်နေ့အထိ အိမ်ဘုရားတွင် တနင်္ဂနွေသားသမီးဖြစ်က ရွှေရောင် ဖယောင်းတိုင်တစ်တိုင်၊ တနင်္လာသားသမီးဖြစ်က ငွေရောင်ဖယောင်းတိုင်တစ်တိုင်၊ အင်္ဂါသားသမီးဖြစ်ကအနီရောင်ရဲရဲဖယောင်းတိုင်တစ်တိုင်၊ ဗုဒ္ဓဟူးသားသမီးဖြစ်က အစိမ်းရောင်ဖယောင်းတိုင် တစ်တိုင်၊ ကြာသပတေးသားသမီးဖြစ်က အဝါရောင်ဖယောင်းတိုင်တစ်တိုင်၊ သောကြာသားသမီးဖြစ်က အဖြူရောင်ဖယောင်းတိုင် တစ်တိုင်၊ စနေသားသမီးဖြစ်က အနီရောင်ဖယောင်းတိုင်တစ်တိုင်၊ ရာဟုသားသမီးဖြစ်က ဝါနီရောင်ဖယောင်းတိုင်တစ်တိုင် ထွန်းညှိပူဇော်၍ သူရဿတီဂါထာမြတ်ကို သုံးခေါက် ရွတ်ဆိုပူဇော်ပြီး "စာမေးပွဲအင်တာဗျူး ဖြေဆိုအောင်မြင်နိုင်ပါစေ"ဟူ၍ ဆုတောင်းပြီး သွားရောက် ဖြေဆိုကြရမည်။

အညွန့်ပန်းများမှာ တနင်္ဂနွေသားသမီးများအတွက် အညွန့်ပန်းသည် ကံ့ကော်ပန်း၊ ဂန္ဓမာပန်း၊ တနင်္လာ သားသမီးများအတွက် စံပယ်ပန်း၊ စိန်ခြယ်ပန်း၊ အင်္ဂါသားသမီးများအတွက် ရွှက်လှပန်း၊ ရွှေပန်း၊ ဗုဒ္ဓဟူးသားသမီးများအတွက် မေမြို့ပန်း၊ ပိန်းပန်း၊ ပေါက်ပန်း၊ ကြာသပတေးသားသမီးများအတွက် သဇင်ပန်း၊ သစ္စာပန်း၊ သောကြာသားသမီးများအတွက် နှင်းဆီပန်း၊ နှင်းပန်း၊ စနေသားသမီးများအတွက် အုန်းပန်း၊ အုန်းညွန့်၊ ရာဟုသားသမီးများအတွက် ဗုဒ္ဓဟူးအတိုင်း ဖြစ်ပါသည်။

ရွတ်ဆိုပူဇော်ရမည့် ဂါထာမြတ်

**ပိဋကတ္တယံ သမ္ဗုဏ္ဏံ သဗ္ဗသိဒ္ဓိ**

**သုခါဝဟံ၊ ဇိဝှဂ္ဂေ မေ နိသီဒိတွာ မံ**

**ဓာရေတု သူရဿတီ။**

အထက်ဖော်ပြပါ သူရဿတီဂါထာမြတ်ကို သုံးကြိမ် ရွတ်ဆိုပူဇော်ပြီးမှ စာမေးပွဲဖြေဆိုကြရမည့် ကျောင်း၊ ရုံး၊ နေရာဌာနများသို့ သွားရောက်ဖြေဆိုကြရပါမည်။ ဂါထာမြတ်ကို ယုံယုံကြည်ကြည် ရွတ်ဖတ်ပူဇော်၍ ကြိုးစားဖြေဆိုကြမည်ဆိုလျှင် ပညာရေး၊ ရာထူး၊ သင်တန်း၊ အလုပ်အင်တာဗျူး၊ အမေးအဖြေကိစ္စများတွင် အလွယ်တကူကျော်ဖြတ်ဖြေဆို အောင်မြင်နိုင်ပါလိမ့်မည်။

မှတ်ဉာဏ်အား နည်းသူများစာတော်ပြီး မေ့လွယ်သူများနှင့် ကျတ်စာ မှတ်စာ ဖတ်စာများထဲ အာရုံစိုက်နိုင်မှု အားနည်းသူများဖြစ်လျှင် သူရဿတီဂါထာမြတ်ကို သုံးကြိမ်ရွတ်ဆိုပူဇော်ပြီးမှ စာကျက်၊ စာမှတ်၊ စာရေးစာဖတ်ပြုလျှင် မှတ်ဉာဏ်ကောင်းစေ၍ အောင်မြင်မှု တိုးတက်စေနိုင်ပါလိမ့်မည်။

☐ အောင်ဘုန်းမြင့်(ကချင်မြေ)






www.burmeseclassic.com

www.burmeseclassic.com




# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ၁၃၇၆ ခုနှစ် အခြေအနေ


**အောင်ကြည်သန်း(ဗောင်ပေါက်သိ)**




သင်္ကြန်ကျဇာတာ




သင်္ကြန်တက်ဇာတာ




မြန်မာနိုင်ငံ လွတ်လပ်ရေးရချိန် ဇာတာ





သင်္ကြန်ကျ - ၁၄. ၄. ၂၀၁၄ တနင်္လာနေ့ ၁၀း၁၈း၃၉ နာရီ

သင်္ကြန်တက် - ၁၆. ၄. ၂၀၁၄ ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၂း၂၃း၂၀ နာရီ

လွတ်လပ်ရေး - ၄. ၁. ၁၉၄၈ တနင်္ဂနွေနေ့ နံနက် ၄း၂၀ နာရီ။

ကောဇာ ဇာတာ (၁. ၁၁. ၂၀၁၃)နေ့




သင်္ကြန်တက်သည့် ၁၆. ၄. ၂၀၁၄ ခု၊ ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၂ နာရီ ၂၃ မိနစ် ၂၀ စက္ကန့်တွင် ၁၃၇၅ ခုနှစ်ပြည့်ပြီး ၁၃၇၆ ခုနှစ်သစ်သို့ ကူးပြောင်းသည်။

နှစ်သစ် စတင်သည့် သင်္ကြန်အတက်ဇာတာတွင် သိဟ်လဂ် တူစန်းဖြစ်သည်။ လဂ် ၄ ရာသီ၊ ၆ ဝံသာ၊ ၁၆ လိတ္တာ၊ ၂၁ ဝိလိတ္တာထက်တွင် တည်ရှိနေသည်။ လဂ်စီးနက္ခတ် ကိတ်ဂြိုဟ်ပိုင် မာခပနက္ခတ် ၉ လုံး ၁ ပါဒ် ၁၃ ဃဋီ၊ ၁၄ ဝိဃဋီထက်တွင် လဂ်စီးလျက်ရှိနေသည်။

စန်း ၆ ရာသီ၊ ၁၄ အံသာ၊ ၃၄ လိတ္တာ၊ ၃၃ ဝိလိတ္တာထက်တွင် တည်ရှိနေသည်။ စန်းယှဉ်နက္ခတ် ရာဟုဂြိုဟ်တိုင်သည် သွာတိနက္ခတ် ၁၄ လုံး၊ ၂ ပါဒ်၊ ၅ ဃဋီ၊ ၃၆ ဝိဃဋီနှင့် စန်းယှဉ်လျက်ရှိနေသည်။

လဂ်သခင် တနင်္ဂနွေဂြိုဟ် ၉ တန့်ဘာဝနှင့် ရပ်တည်နေသည်။ တနင်္ဂနွေဂြိုဟ် မိဿရာသီရှိ ကိတ်ဂြိုဟ်ပိုင် အသဝနီ နက္ခတ်ကိုစီးထားသည်။ ကိတ်ဂြိုဟ်နှင့်ပါ ပူးကပ်နေသည်။ ကောင်းမွန်သော နိုင်ငံရေးအပြောင်းအလဲဘက်ဆီ ဦးတည်နေသည်။

တနင်္ဂနွေဂြိုဟ်၊ ကိတ်ဂြိုဟ်တို့ကို တူရာသီတွင် ရပ်တည်နေသော တနင်္လာဂြိုဟ်၊ ရာဟုဂြိုဟ်နှင့် စနေဂြိုဟ်တို့က အပြန်အလှန် မြင်နေကြသည်။

စနေဂြိုဟ်သည် ၆ တန့်၊ ၇ တန့် ဘာဝသခင်ဖြစ်သည်။ စနေဂြိုဟ်သည် အလုပ်သမားအပေါင်းကို ကိုယ်စားပြုသည်။ ၆ တန့်သခင်အနေဖြင့် ဆန့်ကျင်ဘက်အဖွဲ့အစည်းများကိုလည်း ကိုယ်စားပြုသည်။

ထို့ကြောင့် တောင်သူလယ်သမား၊ အလုပ်သမား၊ ဆင်းရဲသား၊ လူအဖွဲ့များ၏ တိုးတက်မှုတို့ကို ဆောင်ရွက်လာနိုင်မည်။ လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ တဖြည်းဖြည်း တက်လှမ်းလာလိမ့်မည်။



www.burmeseclassic.com

www.burmeseclassic.com

တူရာသီသည် မြန်မာနိုင်ငံနှင့် သက်ဆိုင်သော ရာသီဖြစ်သည်။ တူရာသီတွင် စနေနှင့်တနင်္လာ ပူးယှဉ်နေခြင်းက သဘောထားကွဲပြားသော၊ ရန်လိုသောအဖွဲ့များနှင့် ညှိနှိုင်းမှုများ၊ ဆွေးနွေးမှုများ ပြုလုပ်ပြီး ငြိမ်းချမ်းရေးကို အဆင့်မြင့်တက်လှမ်းလာနိုင်လိမ့်မည်။ ရာဟုဂြိုဟ်ပါ လဂ်၏ ၃ တန့်တွင် အတူပူးယှဉ်နေခြင်းက သတ္တိရှိရှိ ဆွေးနွေးမှုများ အပြန်အလှန် နားလည်မှုများ ရရှိနိုင်ပြီး တရားဥပဒေ စိုးမိုးမှုကို အထောက်အကူ ဖြစ်နေပါမည်။ နိုင်ငံရေးပါတီ အဖွဲ့အစည်းများလည်း ဦးရေတိုးတက်လာပေမည်။

ဘာဝစက်တွင် သိဟ်လဂ်အတွက် ယောဂကာရကဂြိုဟ် အင်္ဂါပါ၊ တနင်္လာ၊ ရာဟုဂြိုဟ်တို့နှင့်အတူ ၃ တန့်ဘာဝတွင် ရပ်တည်လာသည်။ နယ်စပ်ဒေသများ၊ တိုင်းရင်းသားလူမျိုးပေါင်းစုံနှင့် ပိုမိုရင်းနှီး ချစ်ကြည်မှု ရလာပြီး နိုင်ငံ၏ စစ်ရေးစစ်ရာ အုပ်ချုပ်ရေးဆိုင်ရာများ ပိုမိုခိုင်မြဲ တည်တံ့လာပေလိမ့်မည်။

ဘာဝစက်တွင် ၂ တန့်၊ ၁၁ တန့် ဘာဝသခင်၊ လာဘသခင် ဗုဒ္ဓဟူးဂြိုဟ်၊ ၉ တန့်ဘာဝတွင် လဂ်သခင် တနင်္ဂနွေဂြိုဟ်၊ ကိတ်ဂြိုဟ်တို့နှင့် ဆတူရပ်တည်နေသည်။ ထိုဂြိုဟ်တို့ (တူရာသီရှိ) ၇ တန့်ဘာဝရှိ တနင်္လာ၊ အင်္ဂါ၊ ရာဟုဂြိုဟ်တို့နှင့် အပြန်အလှန်ဖြစ်နေသည်။ မြန်မာနိုင်ငံ တောရောမြို့ပါ နယ်စပ်ဒေသတွေပါ စီးပွားလုပ်ငန်း တိုးတက်လာပေလိမ့်မည်။

၃ တန့်၊ ၁၀ တန့် ကမ္မဘာဝသခင် သောကြာဂြိုဟ် ၇ တန့်ဘာဝတွင် ရပ်တည်နေသည်။ လဂ်ကို မြင်နေသည်။ မိတ်ဆွေသစ်များ ရရှိပြီး စီးပွားလုပ်ငန်း၊ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ အမြန်တိုးတက်ပေလိမ့်မည်။ ဘာဝစက်တွင် ၇ တန့်သခင် စနေဂြိုဟ် ၄ တန့်ဘာဝတွင် ရပ်တည်နေသဖြင့် နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုများ အမှန်ပင် တိုးတက်များပြားလာလိမ့်မည်။

၅ တန့်၊ ၈ တန့် ဘာဝသခင် ကြာသပတေးဂြိုဟ် ၁၁ တန့်ဘာဝတွင် ရပ်တည်နေသည်။ ၅ တန့်ဘာဝ မိမိအိမ်ကို ပြန်မြင်နေသည်။ တနင်္လာ၊ အင်္ဂါ၊ ရာဟုဂြိုဟ်တို့ကို မြင်နေသည်။ ၄ တန့်ဘာဝသခင် အင်္ဂါဂြိုဟ်ကို မြင်နေသဖြင့် ပညာရေးကိစ္စရပ်များ ပြုပြင်ပြောင်းလဲမှုတွေ ရှိလာပြီး တိုးတက်မှုအရိပ်အယောင် ရှိလာမည်။ တနင်္လာ၊ အင်္ဂါ၊ ရာဟုဂြိုဟ်တို့ တနင်္ဂနွေ၊ ဗုဒ္ဓဟူး၊ ကိတ်ဂြိုဟ်တို့နှင့် သမ္ဗန္ဓပြုနေကြသဖြင့် အထူးသဖြင့် စိုက်ပျိုးရေး၊ စက်မှု၊ ရေကြောင်း၊ ဆက်သွယ်ရေး၊ အိုင်တီပိုင်းဆိုင်ရာ ပညာရပ်တွေ ပိုမိုတိုးတက်လာလိမ့်မည်။

၄ တန့်၊ ၅ တန့်ဘာဝသည် တက္ကသိုလ်ပညာရေးနှင့် ဆိုင်ပြီး ၄ တန့်သခင် အင်္ဂါ၊ ၅ တန့်သခင် ကြာသပတေးဂြိုဟ်တို့သည် ပညာရေးနှင့် သက်ဆိုင်သည်။ တနင်္ဂနွေ၊ အင်္ဂါ၊ ဗုဒ္ဓဟူးဂြိုဟ်တို့က စက်မှုအိုင်တီနည်းပညာ၊ ဆေးပညာနှင့် သက်ဆိုင်သည်။ တနင်္လာဂြိုဟ်၊ ရာဟုဂြိုဟ်တို့က ရေကြောင်း နိုင်ငံခြားခရီးများနှင့် သက်ဆိုင်သည်။ ထို့ကြောင့် နိုင်ငံရပ်ခြားမှ ဆေးပညာ၊ စက်မှု စသည့် နည်းပညာကောင်းများကို မြန်မာနိုင်ငံတွင် ရရှိတိုးတက်လာနိုင်သည်။

ကြာသပတေးဂြိုဟ် ၁၁ တန့်ဘာဝတွင် ရပ်တည်ပြီး စည်းကမ်းဂြိုဟ် သောကြာလဂ်ကို မြင်နေသဖြင့် ပညာရေးဆိုင်ရာများ တိုးတက်လာသည်သာမက ဥပဒေ၊ နည်းဥပဒေသစ်များလည်း ပြောင်းလဲတိုးတက်လာပေလိမ့်မည်။ ငွေကြေးဆိုင်ရာ ဘဏ်လုပ်ငန်းများလည်း ကမ္ဘာ့ဘဏ်များနှင့် ချိတ်ဆက်ပြီး ပိုမိုတိုးတက် အောင်မြင်လာမည်။

ကြာသပတေးဂြိုဟ် ၈ တန့်ဘာဝသခင်ဖြစ်ပြီး ၆ တန့်သခင် စနေ၊ ၁၂ တန့်သခင် တနင်္လာဂြိုဟ်၊ ဆေးကာရကဂြိုဟ် ရာဟုတို့ ရာသီစက်တွင် အတူပူးယှဉ်နေကြသည်ကို သမ္ဗန္ဓပြုထားသဖြင့် ဆေးရုံများ တိုးချဲ့လာပြီး ဆေးပညာရပ်များ တိုးတက်လာကာ ကျန်းမာရေးဝန်ဆောင်မှုများ တိုးတက်လာမည့် အခြေအနေရှိသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သည် ၁၃၇၆ ခုနှစ် အခြေအနေကို လွှတ်လပ်ရေးရချိန် ဇာတာမှ ခန့်မှန်းလေ့လာကြည့်လျှင် . . .

၁၂. ၃. ၂၀၀၇ မှ ၁၂. ၃. ၂၀၂၄ ခုနှစ်အထိ ဗုဒ္ဓဟူးထူလဒသာ စားနေသည်။ ဗုဒ္ဓဟူးဂြိုဟ်သည် ၈ တန့်၊ ၁၁ တန့် ဘာဝသခင်ဂြိုဟ်ဖြစ်သည်။ ၂ တန့်ဘာဝတွင် ၁၀ တန့်ဘာဝသခင် တနင်္ဂနွေဂြိုဟ်နှင့် ပူးယှဉ်ရပ်တည်နေသည်။

၂ တန့်ဘာဝသည် စကားပြောခြင်းနှင့်ဆိုင်သည်။ ဗုဒ္ဓဟူးဂြိုဟ်သည် စကားကာရကဂြိုဟ်ဖြစ်သည်။ ထို့ကြောင့် တစ်နိုင်ငံလုံး ငြိမ်းချမ်းရေးရရန် ဆန့်ကျင်အဖွဲ့များနှင့် ဆွေးနွေးကြရလိမ့်မည်။ ဆွေးနွေးမှုရလဒ်ကောင်းက ဗုဒ္ဓဟူး ၁၁ တန့် ဘာဝသခင်ဖြစ်သဖြင့် တိုင်းပြည်စီးပွား အထူးတိုးတက်လာမည်။ ဗုဒ္ဓဟူး ၈ တန့် မရဏဘာဝသခင်ဖြစ်သဖြင့် အသေအပျောက်နှုန်းနည်းပြီး ကျန်းမာရေးဆိုင်ရာ ကိစ္စရပ်များ တိုးတက်လာသည်။

၈ တန့်သခင် ဗုဒ္ဓဟူး၊ ၂ တန့် ဓနဘာဝတွင် ၁၀ တန့်သခင် တနင်္ဂနွေဂြိုဟ်နှင့် အတူရပ်တည်သဖြင့် လာဘ်စားကိစ္စများ၊ အခွန်နှင့်ပတ်သက်သော ပြဿနာအထွေထွေ ဆက်လက်ရှိနေပေဦးမည်။

၁၁ တန့်သခင် ဗုဒ္ဓဟူး၊ ၁၀ တန့်သခင် တနင်္ဂနွေ ဓနဘာဝ ၂ တန့်တွင်ရပ်တည်ခြင်းက တိုင်းပြည်အတွက် ဓနယုဂ်ရနေသည်။ ကျောက်မျက်၊ ရေနံ၊ သဘာဝဓာတ်ငွေ့ အစရှိသည့် မြေပေါ်မြေအောက် သယံဇာတပစ္စည်းများ၊ နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများမှ အကျိုးအမြတ်များ ရရှိလာမည်။ တိုင်းပြည်၏ စီးပွားရေးအခြေအနေ ဒီရေအလား တစ်နေ့တခြား တိုးတက်လာပေလိမ့်မည်။





www.burmeseclassic.com

www.burmeseclassic.com

၂၀၁၄ ခု ဧပြီလ ၂ ရက်မှ ၂၀၁၅ ခု စက်တင်ဘာလ ၁၂ ရက်အထိ တနင်္လာ အန္တရဒသာကာလ ဖြစ်သည်။ လွတ်လပ်ရေးရချိန်ဇာတာ ပြဿဒါးလဂ်မှ ၉ တန့်သခင်ဂြိုဟ် တနင်္လာလဂ် ကာလဖြစ်သဖြင့် မြန်မာနိုင်ငံ၏ အတိတ်ကံကောင်းကျိုးများ ခံစားလာကြရပေမည်။ ပြည်သူလူထု၏ စိတ်ကျေနပ်မှု၊ စိတ်ချမ်းသာမှုတို့ကို ရရှိလာစေနိုင်ပါသည်။ တရားဥပဒေကိစ္စများ၊ နိုင်ငံရပ်ခြားဆက်သွယ်ရေးကိစ္စများ၊ ဘာသာရေးဆိုင်ရာ လုပ်ငန်းများလည်း ပိုမိုကောင်းမွန် တိုးတက်လာမည်။ တနင်္လာဂြိုဟ် ပါပကတ္တရိယောဂ သင့်နေသဖြင့် အခက်အခဲများ ကြုံတွေ့ပြီးမှ ဖြတ်ကျော်အောင်မြင်လာမှာဖြစ်သည်။

၂. ၁၁. ၂၀၁၃ မှ ၂၀. ၁၂. ၂၀၁၃ အထိ စနေ ပြကျန္တရဒသာ ကာလဖြစ်သည်။ ပြဿဒါးလဂ်အတွက် စနေဂြိုဟ်သည် ၃ တန့်၊ ၄ တန့်၊ ဘာဝသခင် ဥဒသိန်ဂြိုဟ်ဖြစ်သည်။ ဆိုးကျိုးအပြည့် မပေးပါ။ သို့သော်လည်း ကောဇာတွင် စနေဂြိုဟ်သည် ၂ တန့် နိုဝင်ဘာလကုန်အထိ ၁၂ တန့်ဘာဝတွင် ကောဇာသွားနေသဖြင့် မြေနှင့်ပတ်သက်သော၊ အဆောက်အအုံနှင့်ပတ်သက်သော၊ ယာဉ်ကားနှင့်ပတ်သက်သော၊ မပြောင်းရွှေ့နိုင်သောပစ္စည်း၊ သယံဇာတများနှင့် ပတ်သက်သော ပြဿနာများကို ရင်ဆိုင်ဖြေရှင်းနေရပေဦးမည်။

၂၁. ၁၂. ၂၀၁၃ မှ ၃. ၂. ၂၀၁၄ အထိ ဗုဒ္ဓဟူး ပြကျန္တရဒသာကာလဖြစ်သည်။ တိုင်းပြည်စီးပွား တိုးတက်ပြီး ဝင်ငွေအမြတ်အစွန်းများ ပိုမိုလာမည်။ ကျန်းမာရေးကိစ္စများ ဖြေရှင်းပေးနိုင်လိမ့်မည်။

၄. ၂. ၂၀၁၄ မှ ၂၁. ၂. ၂၀၁၄ အထိ ကိတ်ပြကျန္တရဒသာ ကာလဖြစ်သည်။ မူလဇာတာတွင် ကိတ်ဂြိုဟ် ၁၂ တန့်ဘာဝတွင် ရပ်တည်နေသည်။ ကောဇာတွင် မိဿရာသီ ၆ တန့်ဘာဝတွင် ရပ်တည်ပြီး မူလကိတ်ကို မြင်နေသည်။ အတိုက်အခိုက် ဘေးရန်များခြင်း၊ သဘောထားကွဲလွဲခြင်း၊ လက်နက်ဘေးများ ဖြစ်ပွားခြင်း၊ လူအသေအပျောက်များခြင်းတို့ ဖြစ်တတ်ပါသည်။ လုံခြုံရေးသတိ အထူးရှိရန် လိုအပ်သောကာလ ဖြစ်ပါသည်။ ၁၂ တန့်ဘာဝသည် နယ်စပ်ဖြစ်သဖြင့် မြို့ကြီးများနှင့် နယ်စပ်တို့တွင်ပါ အထူးသတိထားရမည့် ကာလဖြစ်ပါသည်။ ၁၈ ရက်တာ ကာလလေးဖြစ်သဖြင့် စိုးရိမ်စရာတော့ မလိုပါ။ သတိထားရန်သာ လိုအပ်ပါသည်။

၂၂. ၂. ၂၀၁၄ မှ ၁၂. ၄. ၂၀၁၄ အထိ သောကြာ ပြကျန္တရဒသာကာလဖြစ်သည်။ သောကြာဂြိုဟ်သည် ၇ တန့်၊ ၁၂ တန့် ဘာဝသခင်ဂြိုဟ်ဖြစ်သည်။ နိုင်ငံခြား အဆက်အသွယ်များ၊ နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုများ အထူးကောင်းမွန်တိုးတက်မည့်ကာလ ဖြစ်သည်။ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းများ၊ နိုင်ငံခြားခရီးသွားလုပ်ငန်းများ အထူးအောင်မြင်မည်။ အနုပညာလုပ်ငန်းများ၊ ရတနာလုပ်ငန်းများ၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ၊ ရာဘာစသည့် စိုက်ပျိုးရေးလုပ်ငန်းများ၊ ပရိဘောဂလုပ်ငန်းများ၊ အဆောက်အအုံငှားရမ်းခြင်းလုပ်ငန်းများ၊ အထူးအောင်မြင် တိုးတက်ပါမည်။ ပြည်သူပြည်သားများ ပျော်ရွှင်ချမ်းမြေ့နိုင်စေမည့်ကာလ ဖြစ်ပါသည်။

ကောဇာကြာသပတေးဂြိုဟ်ကြီး မေထုန်ရာသီတွင် ကောဇာသွားနေသည်။ ၁၃၇၅ ခု နှောင်းတန်ခူးလဆန်း ၁ ရက်မှ လဆုတ် ၅ ရက်အထိ ရာဟုဂြိုဟ်ပိုင် အဒြနက္ခတ်ကို စီးနေမည်။ ၁၃၇၆ ခု တန်ခူးလဆုတ် ၆ ရက်မှ နယုန်လဆုတ် ၂ ရက် (၁၄. ၆. ၂၀၁၄) အထိ ကြာသပတေးပိုင် ပုဏ္ဏဖုသျှနက္ခတ်ကို စီးနင်းမည်။ ၁၅. ၆. ၂၀၁၄ မှ ၂၈. ၉. ၂၀၁၄ အထိ စနေပိုင် ဖုသျှနက္ခတ်ကို စီးနင်းမည်။ ၂၉. ၉. ၂၀၁၄ မှ ၂၄. ၁၁. ၂၀၁၄ အထိ ဗုဒ္ဓဟူးဂြိုဟ်ပိုင် အသလိဿနက္ခတ်ကို စီးနင်းမည်။

ကြာသပတေးဂြိုဟ်သည် ၁၁. ၁၂. ၂၀၁၄ မှ ၁၉. ၃. ၂၀၁၅ အထိ (၁၃၇၆ တပေါင်းလကွယ်အထိ) နောက်ဆုတ်သွား (ဝက္ကသွား)နေမည်။ ဝက္ကသွားစဉ် သိဟ်ရာသီရှိ ကိတ်ဂြိုဟ်ပိုင် မာဃနက္ခတ်ကို ၂၅. ၁၁. ၂၀၁၄ မှ ၂၂. ၁၂. ၂၀၁၄ အတွင်း စီးနင်းမည်။ ထို့နောက် အသလိဿနက္ခတ်ကို ပြန်လည်စီးနင်းမည်။

ကြာသပတေးဂြိုဟ်သည် ၂ တန့်၊ ၅ တန့် ဘာဝသခင်ဂြိုဟ်ဖြစ်သည်။ ဇာတာတွင် လဂ်နှင့်ပူးယှဉ်နေသည်။ ကြာသပတေးဂြိုဟ်သည် သောမဂြိုဟ်ဖြစ်သဖြင့် ဝက္ကသွားသဖြင့် ကောင်းကျိုးများကိုသာ ပိုမိုတိုးပွားလာစေပါသည်။ ၅ တန့်နှင့် ၂ တန့် မနသခင်ဖြစ်သဖြင့် တိုင်းပြည်စီးပွားလုပ်ငန်း ပိုမိုတိုးတက်လာပြီး ဝင်ငွေပိုကောင်းလာမည်။ အထူးသဖြင့် ပညာရေး၊ ဥပဒေရေးများ၊ ဘဏ်လုပ်ငန်းများ၊ စတော့ရှယ်ယာများ ပိုမိုတိုးတက်လာမည်။ ဂုဏ်သိက္ခာရှိသော လုပ်ငန်းကြီးများ၊ ရုပ်ရှင်၊ ပြဇာတ်၊ ဂီတ စသော ဖျော်ဖြေရေးလုပ်ငန်းများ၊ ထင်ကြေးနှင့်မျှော်မှန်းတွက်ချက် လုပ်ကိုင်ရသော လုပ်ငန်းများ၊ နိုင်ငံရေးဝန်ကြီးများ၊ စစ်ဘက်ဆိုင်ရာများ၊ သံအရာရှိ သံအမတ်များအတွက် အထူးကောင်းမွန်စေပါသည်။

၁၃၇၆ ခုနှစ်သည် ဘက်ပေါင်းစုံခြုံကြည့်လျှင် ပြုပြင်ပြောင်းလဲ တိုးတက်အောင်မြင်လာမည့်နှစ် ဖြစ်ပါသည်။ အခက်အခဲများ ကြားမှပင် စီးပွားရေး ဆက်လက်တိုးတက်နေပါဦးမည်။ ပြဿနာများနှင့် ကြုံတွေ့ရမည်ဖြစ်သော်လည်း ဖြေရှင်းနိုင်ပါလိမ့်မည်။

တိုင်းပြည်၏ ဆိုးပြစ်များ လျော့နည်းပပျောက်သွားစေရန်နှင့် ကောင်းကျိုးများ ဆတက်ထမ်းပိုး တိုးပွားလာစေရန် ပြည်သူလူထု တစ်ရပ်လုံးက အားကြိုးမာန်တက် ဝိုင်းဝန်းကြိုးပမ်းကြဖို့ လိုအပ်ပါသည်။

❒ အောင်ကြည်သန်း(မောင်မိတော်သီ)



www.burmeseclassic.com

www.burmeseclassic.com



နှုတ်မျက်စိဆရာအောင်စိုး

# အခုတော့ အိမ်ငှားရသွားပြီ မဟုတ်လား

ဝါဝင်တော့မည်ဆိုလျှင် လှုပ်လှုပ်ရှားရှား အဖြစ်ရဆုံးတွေကတော့ အိမ်ကိုငှားမယ့်အိမ်ရှင်နှင့် ဝါတွင်းမှာ ကြွေရရ ခိုနားခွင့်ရဖို့ ရင်တုန်ရတဲ့ အိမ်ငှားတွေပေါ့။ အခုဇာတ်လမ်းမှာ ထုံးစံအတိုင်း အိမ်ရှင်တွေက အိမ်ငှားရဖို့ ရင်တမမခေါင်းတကြွကြွနှင့်။

အိမ်ငှားတွေကို မျှော်နေတာကတော့ အဖိုးကြီးတစ်ဦးဖြစ်တဲ့ မသီတာပါ။ အိမ်ငှားဆင်းသွားရင် တစ်ရက်တောင်အိမ်ကိုအအားမထားနိုင်။ တစ်ပတ်လောက်ပဲ အိမ်ငှားတွေမရောက်ရင်ဖြင့် သေချာပေါက် ပေါက်ချလာမယ့် စာရေးသူရဲ့ ဗေဒင်ဟောခန်းကိုပါပဲ။

တိုကင်နံပါတ် တစ်ရမယ့်နေ့မှာမှ ဗေဒင်ကြည့်လေ့ရှိတဲ့ မသီတာတစ်ယောက် ဒီနေ့တော့ ည ၉နာရီထိတောင် စိတ်ရှည်စွာ စောင့်ဆိုင်းနေတော့သည်။ ဩော်. . . ဘက်ဂျက်ထိခိုက်မှာ စိုးရိမ်လို့ကိုး။

မသီတာရဲ့ ပူပင်မှုလွှမ်းမိုးသော မျက်နှာ၊ တုန်ရီသောလက်တို့ဖြင့် သူမ၏ ကန်တော့သောမုန့်ပုံးနှင့် ပန်းသီးများကို လက်ခံရင်း သူမကာပဲ . . .

"ဆရာ့ကို ဘာမှမမေးဘူး၊ တစ်ခွန်းပဲမေးမယ် ဆရာ"

"ဟို. . . သိပြီ၊ အကြွေးတွေမရလို့လား၊ စတိုးဆိုင်လူမဝင်လို့လား၊ ဒါမှမဟုတ်ရင် အိမ်ငှားကိစ္စ. . ."

www.burmeseclassic.com

"ဟုတ်တယ် ဆရာ၊ ဟုတ် ဟုတ်"

မသီတာ အားရွှင်လန်း အားကိုးသောမျက်လုံးတို့ဖြင့် စာရေးသူဆီမှ ယတြာမာတ်ရိုက်မာ့တ်ဆင်တို့ကို မျှော်လင့်စောင့်စားနေတော့သည်။

"ကဲ. . . မသီတာ လိုက်ရေး"

နံပါတ်တစ်အနေနဲ့ ညောင်ပင်မှာ ကြွေကျတဲ့အခါ မှောက်တဲ့ညောင်ရွက်ကိုရှာပါ။ ညောင်ရွက်ကို ကောက်ယူတဲ့ အခါ "ဤညောင်ပင်ကို စောင့်ရှောက်နေသောပုဂ္ဂိုလ် ရုက္ခစိုးမင်း ကျွန်ုပ်ကို / ကျွန်မကို ယတြာဆောင်ရွက်ရန်အလို့ငှာ ဤညောင်ရွက်ကို အသုံးပြုခွင့်ပေးပါ" ဟူ၍ပြောဆိုခွင့်တောင်းပြီး ကောက်ယူရမည်။

နံပါတ်နှစ်အနေဖြင့် လမ်းဆုံက မြေတစ်ဆုပ်၊ အများသုံး တယ်လီဖုန်းရုံဘေးက ခဲ လေးလုံး။

နံပါတ်သုံးအနေဖြင့် အများသုံးရေကန် ဒါမှမဟုတ် အများအပန်းဖြေတဲ့ ရေကန်ထဲက ရေတစ်ပုလင်း။

အဲဒီပစ္စည်းတွေထဲက ညောင်ရွက်ကို အိမ်လျောက်တန်းမှာထောင်ရက် ကောက်နဲ့ကပ်ထား။

ပုလင်းထဲကရေရယ်၊ ခဲရယ်၊ လမ်းဆုံကမြေကို ဖလားတစ်လုံးမှာ ထည့်ပြီး အိမ်ရှေ့မှာရပ်ပြီးနောက် ရှင်အရဟံဂါထာတော်ကို ကိုးခေါက်ရွတ်ဆိုပြီး အိမ်ရှေ့မှာ ဖျန်းပေးပါ။ ဖျန်းနေရင်း နှုတ်မှ "လူကောင်း၊ အိမ်ငှားကောင်းတွေ ရပါစေ" ဟု သုံးခါရွတ်ဆိုရမည်။

စောစောက ညောင်ရွက်ကို အိမ်လျောက်တန်းမှာ ကပ်ပြီးရင် နှုတ်မှ "အိမ်မှာရှိတဲ့ ပုဂ္ဂိုလ်တွေ ချမ်းသာပါစေ၊ ဒီလမ်းမှာရှိတဲ့ လူတွေ၊ ပုဂ္ဂိုလ်တွေ၊ နတ်တွေ ချမ်းသာပါစေ၊ ဒီရပ်ကွက်၊ ဒီမြို့မှာရှိတဲ့ လူတွေ၊ နတ်တွေ၊ ပုဂ္ဂိုလ်တွေ ချမ်းသာပါစေ" လို့ ရွတ်ဆိုပါ။

အပြုံးဝေဝေဆာစွာဖြင့် မသီတာတစ်ယောက် အမြန်ဆုံးနှုန်းဖြင့် ထွက်သွားတော့သတည်း။

ဤအစီအရင်တွင် တိုက်ခန်းကို ငှားရမ်းလိုပါက အိမ်လျောက်တန်း မရှိပါသဖြင့် မိမိပိုင်တိုက်ခန်းရဲ့ ခြေရင်းနံရံ အပေါ်ဆုံးတွင် ကပ်ထားပါရန်၊ ဘုရားကျောင်းဆောင်တွင် ပျားရည်တစ်ပုလင်း ပူဇော်၍ မည်သည့်လင်ပန်းမဆို လှူဝံ ပုံကိုကပ်ပြီး အိမ်ရှေ့မှ အိမ်တွင်းသို့ ယပ်ခတ်ရင်း "လူငှားကောင်းကောင်းရပါစေ" လို့ ဆုတောင်းရင်း အိမ်ခန်းကို သုံးပတ်ပတ်ပြီး ဆောင်ရွက်ပေးပါရန်၊ ရှင်အရဟံ ဂါထာတော်ကို နေ့စဉ် သက်စေ့ရွတ်ပါ။

ဂိုဒေါင်များကို ငှားရမ်းလိုပါက ရွက်လှ လေးရွက် မှောက်လျက်ကပ်ပြီး၊ ဂိုဒေါင်ခေါင်းရင်းဘက်တွင်တပ်ပြီး ပဋ္ဌာန်းယပ်တောင်နှင့်ခတ်ရင်း ၂၄ ပစ္စည်းပဋ္ဌာန်းကို ရှစ်ခေါက် ရွတ်ဆို ပူဇော်ပေးပါ။ ရှင်အရဟံဂါထာတော်ကို ၂၇ ခေါက် ပူဇော်ပါ။

မင်္ဂလာခန်းမများကို ငှားရမ်းစေလိုပါက ဘုရားကျောင်းဆောင်တွင် နေ့နံ့ ခုနစ်နံ့ (ခုနစ်နံ့ပြည့်) ပန်းကို ငွေဖလားတွင်ထည့်၍ လှူဒါန်းပါ။ ရေသန့်ရေဘူးမှ ရေကို မင်္ဂလသုတ် သုံးခေါက်၊ မေတ္တာသုတ် သုံးခေါက် ရွတ်ဆို၍ ခန်းမရှေ့ကို ဖျန်းပေးပါ။ ပြီးနောက် မင်္ဂလာပွဲမှ မင်္ဂလာဖိတ်စာကို မြန်မာလို "၃၈" ဂဏန်းကိုရေး၍ "မင်္ဂလသုတ်တံ မံ ရက္ခတု" မင်္ဂလာ့ဓာဂါထာကို ၃၈ ခေါက် ရွတ်ဆိုပါလေ။ နေ့စဉ် လုပ်ပေးစေလိုပါသည်။ ရှင်အရဟံဂါထာတော်ကို နေ့စဉ် ၃၈ ခေါက် ရွတ်ဆိုပူဇော်ပါ။

ရှင်အရဟံဂါထာကို ပူးတွဲဖော်ပြပေးလိုက်ပါသည်။

## ရှင်အရဟံဂါထာတော်

၁။ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ နာမရူပံ အနိစ္စံ ဒုက္ခံ အနတ္တံ

၂။ ဓမ္မံ သရဏံ ဂစ္ဆာမိ နာမရူပံ အနိစ္စံ ဒုက္ခံ အနတ္တံ

၃။ သံဃံ သရဏံ ဂစ္ဆာမိ နာမရူပံ အနိစ္စံ ဒုက္ခံ အနတ္တံ

၄။ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိ၊ နာမရူပံ အနိစ္စံ ဒုက္ခံ အနတ္တံ

၅။ စက္ကဝါဠေသု အနန္တေသု အာကာသေ အနန္တေသတ္တာ သတ္တာနိကာ အနန္တာစ သမ္ဗုဒ္ဓေဉာဏအနန္တံ

၆။ အနန္တံ ဗလဝံ ဗုဒ္ဓံ၊ အနန္တံ ဂေါစရံ ဓမ္မံ၊ အနန္တံ အရိယံ သံဃံ၊ အနန္တံ ဗောဓိမုတ္တမံ

၇။ အာဂစ္ဆေယျ သဗ္ဗေဒေဝါ အာယုဝဏ္ဏော သုခံ ဗလံ သဗ္ဗသိဒ္ဓိ မဟိဒ္ဓိကာ ဇေယျတေဇ ဒဿနိကာ ဘဝတု မမ သဗ္ဗဒါ။

ဤဂါထာအား နေ့စဉ် (၄၅)ခေါက် စိပ်ပေးပါ။

## ရှင်အရဟံဂါထာတော် အကျိုးအနန္တ

၁။ လာဘ်လာဘပွင့်ခြင်း

၂။ ရရှိသော လာဘ်လာဘများ မလျော့၊ တိုးပွားခြင်း

၃။ စီးပွားဉစ္စာ တိုးတက်ခြင်း

၄။ လုပ်ငန်းဆိုင်ရာကိစ္စအဝဝ အောင်မြင်ခြင်း

၅။ သူတစ်ပါးအတိုက်အခိုက်ကို သိမြင်နိုင်ခြင်း

၆။ တစ်ပါးသူတို့ မပြုစားနိုင်ခြင်း

၇။ မကောင်းသောရောဂါဝေဒနာ အမျိုးမျိုး မစွဲကပ်နိုင်ခြင်း

၈။ လက်နက်ဘေး၊ ခလုတ်ကန်သင်းဘေးအမျိုးမျိုးမှ လွတ်မြောက်ခြင်း

၉။ သူတော်ကောင်းတရား အားထုတ်နိုင်ခြင်း၊ စိတ်သန့်ရှင်း ဖြူစင်လာခြင်း။

စသောကောင်းကျိုးများကို ခံစားရပါမည်။


မင်္ဂလာအပေါင်း ခညောင်းပါစေ။

နတ်မျှတ်စီ ဆရာအောင်ပြုံ



www.burmeseclassic.com

www.burmeseclassic.com




## F

**Faculty of Investigation**

**စုံစမ်းထောက်လှမ်းနိုင်စွမ်းရှိမှု**

လက်ချောင်းများ၏ တတိယ အဆစ်များသည် အလယ်မှသိမ်နေလျှင် စုံစမ်းမေးမြန်းတတ်သည့် စိတ်ရှိခြင်းကို ပြဆို၏။ ၎င်းလက္ခဏာရှင်သည် အစားနည်းသူ ဖြစ်သည်။ သူ၏ဦးနှောက်သည် ပိတ်ဆို့လေးလံနေမည့်အစား တွန်းကန်အား ဖွံ့ဖြိုးလာပြီး စုံစမ်းထောက်လှမ်းနိုင်စွမ်းဖြင့် လုပ်ဆောင်တတ်မည် ဖြစ်သည်။

တစ်ဖန် လက်ချောင်းများ၏ တတိယလက်ဆစ် အလယ်သေးသိမ်နေခြင်း၏ အခြားသောဆိုလိုရင်းအဓိပ္ပာယ်မှာ ထိုသူသည် လုပ်ငန်းရပ်တိုင်း၌ အဖြေထုတ်ရာတွင် တိကျမှန်ကန်မှု ရှိသည်။ ငွေကို အနည်းငယ်သာ မက်မောသည်။ အစားကြူးမှုမရှိ၊ အမေးအမြန်းထူမည်၊ စပ်စုတတ်မည်ဟု (William G . Benham)က သူ၏ THE LAW OF SCIENTIFIC HAND-READING တွင် ရေးသားထားသည်။

**Failure Due to Women**

**မိန်းမများအတွက်နှင့်ကျဆုံးခြင်း (မိန်းမအကျိုးပေးနည်းသူ)**

လက်ဝါးပြင်တွင် သောကြာခါးပတ် ထင်ရှားစွာပါရှိနေသော်လည်း တနင်္ဂနွေဂြိုဟ်ခုံအောက်တွင် ဇောက်ထိုး...



www.burmeseclassic.com

www.burmeseclassic.com

သည့် အဖြတ်လမ်းကြောင်းတစ်ခု ဖြတ်ထားပါက မိန်းမကံ မကောင်းသူ ဖြစ်မည်။

**Failure in Art**

**အနုပညာလုပ်ငန်းတွင် မအောင်မြင်ခြင်း**

(၁) တနင်္ဂနွေဂြိုဟ်ခုံ မပေါ်လွင်ခြင်း၊
(၂) သောကြာဂြိုဟ်ခုံ ကျဥ်းမြောင်းခြင်း၊
(၃) အောင်မြင်ရေးလမ်းကြောင်း ကျိုးပျက်နေခြင်း၊
(၄) ဉာဏ်စွမ်းလမ်းကြောင်း မှေးမှိန်ခြင်း၊
(၅) လက်မ၏ပထမလက်ဆစ် သေးငယ်ခြင်း၊
(၆) ကြာသပတေးဂြိုဟ်ခုံ ကျယ်ပြန့်ခြင်း။

**Fainting Fits** **အင်အားတုန်ခမ်းနေခြင်း**

(၁) ဉာဏ်စွမ်းလမ်းကြောင်းသည် နှလုံးလမ်းကြောင်း (မေတ္တာလမ်းကြောင်း)ဘက်သို့ ယိုင်၍နေခြင်း၊
(၂) ကျန်းမာရေးလမ်းကြောင်းသည် အသက်လမ်းကြောင်းမှ ထွက်ပေါ်နေခြင်း၊
(၃) နှလုံးလမ်းကြောင်းသည် ဉာဏ်စွမ်းလမ်းကြောင်းဆီသို့ ကွေးကောက်နေခြင်း၊
(၄) နှလုံးလမ်းကြောင်းတွင် သံကွင်းဆက်ရှိခြင်း၊
(၅) ကျန်းမာရေးလမ်းကြောင်းသည် အသက်လမ်းကြောင်း၏ အစပိုင်းတွင် ထိနေခြင်း။

**Faithfulness** **ယုံကြည်ရခြင်း**

လက်သည်းများ နှင်းဆီသွေးရောင်ရှိခြင်းသည် စွဲမြဲခြင်း၊ သစ္စာရှိခြင်းနှင့် ရည်ရွယ်ချက်ကို အစဉ်တစိုက်ပြုလုပ်တတ်ခြင်းတို့ကိုပြ၏။

**Fame.** **ကျော်ကြားခြင်း**

(၁) အောင်မြင်ရေးလမ်းကြောင်း ထင်ထင်ရှားရှားရှိခြင်း၊
(၂) ကြာသပတေးဂြိုဟ်ခုံပေါ်တွင် ကြယ်သဏ္ဌာန်တစ်ခု ရှိခြင်း။

**Fame and Name** **ထင်ရှား၍လူသိများခြင်း**

ထင်ရှား၍ လူသိများသောသူ၏လက်တွင် အောက်ပါ အမှတ်လက္ခဏာများကို တွေ့ရမည်။

(၁) တနင်္ဂနွေဂြိုဟ်ခုံကောင်းမွန်ခြင်း (အနုပညာနှင့် အသိဉာဏ်ပညာတို့တွင် ထင်ရှား၍ လူသိများခြင်း)၊
(၂) တနင်္ဂနွေဂြိုဟ်ခုံနှင့် စနေဂြိုဟ်ခုံတို့ပြားနေခြင်း (နိုင်ငံရေးနှင့် စီးပွားရေးလုပ်ငန်းတို့တွင် ထင်ရှား၍ လူသိများခြင်း)၊
(၃) ဉာဏ်စွမ်းလမ်းကြောင်းနှင့် နှလုံးလမ်းကြောင်းတို့သည် သာမန်အနေအထားဖြစ်ပြီး ရှည်ခြင်း၊
(၄) တနင်္ဂနွေဂြိုဟ်ခုံပေါ်တွင် အရှန့်အောင်မြင်ရေးလမ်းကြောင်းများ ရှိခြင်း၊
(၅) ကျန်းမာရေးလမ်းကြောင်း ကောင်းခြင်း၊
(၆) ကြာသပတေးဂြိုဟ်ခုံပေါ်တွင် ကြယ်သဏ္ဌာန်ရှိခြင်း၊
(၇) တနင်္ဂနွေလမ်းကြောင်းပေါ်တွင် ကြယ်သဏ္ဌာန်ရှိခြင်း၊
(၈) လက်ကောက်ဝတ်မှ ကံလမ်းကြောင်းသည် ကြာသပတေးဂြိုဟ်ခုံ (သို့) တနင်္ဂနွေဂြိုဟ်ခုံ (သို့) စနေဂြိုဟ်ခုံသို့ ရောက်ရှိနေခြင်း။

**Fame, Ladder of**

**ကျော်ကြားမှုလှေကား**

လှေလာမှုနှင့် ကြီးပွားတိုးတက်မှုတို့သည် ကျော်ကြားမှု၏ လှေကားတစ်ဝက်ဖြစ်သည်။ ပါရမီရှင်များသည် စိတ်ကူးအိပ်မက် မက်ရန် လှေကားထစ်ပေါ်တွင် စောင့်စားနေ၏။ စာပေများကိုလေ့လာ၍ လှေကားထစ်များကို တစ်ထစ်ပြီး တစ်ထစ် တက်၏။ ဤသို့ အဆင့်ဆင့်လေ့လာပြီး အောင်မြင်မှု ရလာသူကို ပါရမီရှင်ဟုခေါ်၏။

ကိုင်ရို (Cheiro)

**Family Affection**

**မိသားစုအပေါ် သံယောဇဉ်ရှိခြင်း**

(၁) လက်ချောင်းများနှင့် လက်ဖဝါးပြင်တို့၏ အရှည်အရွယ် တူညီခြင်း၊
(၂) ကြာသပတေးဂြိုဟ်ခုံ အနေအထားကောင်းခြင်း။

**Family Responsibility**

**မိသားစုတာဝန်ကို ထမ်းရွက်ရခြင်း**

ဉာဏ်စွမ်းလမ်းကြောင်းပေါ်တွင် ပုတီးစေ့သဏ္ဌာန် အနက်စက်ကလေး အထက်သို့တက်နေသည့် အနေအထားမျိုးရှိခြင်း။ ဤအမှတ်အသားမျိုးသည် မိသားစုတာဝန်ကိုယူရခြင်း၊ လူမမာ၊ မသန်မစွမ်းစသည်တို့ကို တာဝန်ယူ စောင့်ရှောက်ရခြင်း၊ မုဆိုးမ စသည်တို့ကို တာဝန်ယူထားရခြင်းတို့ကို ညွှန်ပြသည်။

**Famous People, Hands of** **ပုဂ္ဂိုလ်ကျော်များ၏လက်**

ရိတာဗင်အလန် (Rita Van Alen)၏ အဆိုအရ အမေရိကန်သမ္မတကြီး အိုက်စင်ဟောင်ဝါ (Eisenhower) သည် မှီခိုအားထားလောက်သူဖြစ်ပြီး ရှေးရိုးအယူအဆကို စွဲမြဲစွာ လက်ခံသည့်လက်မျိုးရှိသည်။ စစ်ဗိုလ်ချုပ်ကြီး မက်အာသာ(Mac Arthur)တွင် ဖြောင့်မတ်မှန်ကန်သည့် ထင်ရှား



www.burmeseclassic.com

www.burmeseclassic.com

ရှိသည်။ စတာလင်(Stalin)တွင် လျှို့ဝှက်သိပ်သည်းတတ်သည့် လက်မျိုးရှိသည်။ ဝင်စတန်ချာချီ (Winston Churchill) ၏ လက်မများသည် သဘောကောင်းပြီး ရက်ရောသည့်အသွင်ကိုဆောင်သည်။ သူ၏ လက်မထောင်ပြလေ့ရှိသည့်ပုံစံမှာ ကမ္ဘာကျော်ဖြစ်၍ စစ်ပွဲကြောင့် အထိနာနေသည့်နိုင်ငံများအား အင်အားဖြစ်စေခဲ့သည်။

**Fanaticism တစ်ယူသန်ဝါဒ**

(၁) ချောမွတ်၍ ရှည်လျားသေးသွယ်သော လက်ချောင်းများ ရှိခြင်း၊
(၂) ဉာဏ်စွမ်းလမ်းကြောင်းမှ လမ်းကြောင်းခွဲတစ်ခုသည် ကြာသပတေးဖြိုတ်ခုံရှိရာသို့ တက်နေခြင်း၊
(၃) လက်ခလယ်၏ ပထမအဆစ် ဖြတ်ကျယ်၍ ရှည်လျားခြင်း။

လက်ချောင်းများ ချောမွေ့နေမည့် ဘာသာရေးဘက်သို့ စိတ်အားထက်သန်နေသူတစ်ဦးသည် ထိုကိစ္စကို အထူးဦးစားပေးသဖြင့် တစ်ယူသန်သမားတစ်ယောက် ဖြစ်လာနိုင်စရာရှိသည်။ **အီး . ရင်း (E. Rene)**

**Fatal Influence of Women**
**မိန်းမများ၏ သေကျေပျက်စီးစေနိုင်သည့် ဩဇာလွှမ်းမိုးမှု အမှတ်လက္ခဏာ**

တနင်္လာဖြိုဟ်ခုံပေါ်တွင် လခြမ်းသဏ္ဌာန် အမှတ်အသားရှိပါက မိန်းမတို့ကြောင့် ပျက်စီးခြင်းကြုံရတတ်သည်ကို ဖော်ပြသည်။

**Fatalism ကံကိုသာပုံချမှု (ဝါ) ကံသည်သာ အဓိကဟူသော ယုံကြည်မှု**

လက္ခဏာပညာ အကြောင်းတွင် ကံသာအဓိကကျသည်ဟူသော ယုံကြည်မှုအခန်းကဏ္ဍမရှိ။ လက်ဝါးပြင်ပေါ်ရှိ အမှတ်လက္ခဏာများနှင့် ပတ်သက်ပြီး မလွဲမသွေဖြစ်မည် ဆိုသည်များ မရှိ။ အရေးအကြောင်းများနှင့် ဘဝဖြစ်ရပ်များပါ ပြောင်းလဲနိုင်လေသည်။ ကိုင်ရို Cheiro က ၎င်းကို ဤသို့ အကျဉ်းချုပ်၍ ဆိုထားလေသည်။

"ကာယကံရှင်က စိတ်ပါ၍ ပြုလုပ်သမျှတွေသည် အမှားကို သုံးသပ်ခြင်းမျိုးမရှိဟုဆိုလျှင် အကျိုးသက်ရောက်မှုတစ်ခုခုဖြစ်လာမည် ဖြစ်သည်။"

**Fatal Love Affair**
**အသက်အန္တရာယ်ကို ထိပါးလာသည်အထိ ပြဿနာရှိတတ်သော အချစ်ရေးကိစ္စမျိုး**

သောကြာဖြိုဟ်ခုံမှ အစပြုသည့် အရေးအကြောင်းတစ်ခုနှင့် တနင်္လာဖြိုဟ်ခုံမှ အရေးအကြောင်းတစ်ခုတို့သည် ကံလမ်းကြောင်းနှင့် ဆက်နေတတ်ကြသည်။

**Fatalistic, Palmistry is not**
**လက္ခဏာပညာသည် ကံကိုသာပုံချသည့်ပညာ မဟုတ်ချေ**

ဘဝအတွက် ကံက အားလုံးကို စီမံထားပြီးသားဆိုသည့်အချက်ထက် ပိုပြီးကြီးမားသည့် အမှားမျိုးမရှိတော့ချေ။ အကယ်၍ တစ်ခုခုအတွက် စိတ်ကပြဋ္ဌာန်းထားနိုင်သည်ဟုဆိုလျှင် ကံအကြောင်းတရားကို ပြောင်းလဲနိုင်စွမ်းရှိသည်။

အမှန်အားဖြင့် ကံကောင်းသည်ဟုဆိုပြီး ဆူးပုံကိုနင်း၍ ဆူးမစူးတဲ့ ကံကောင်းခြင်းမျိုး လုံးဝ မရှိနိုင်ပါချေ။

**(-Willim G-Benham)**

**Fate and Fatality**
**ကံကြမ္မာနှင့် ကံကြမ္မာအတိုင်းဖြစ်ပျက်ခြင်း**

ကံလမ်းကြောင်းသည် လက်ဝါး၏ အောက်ခြေမှ ပေါ်ထွက်လာပြီး လက်ချောင်းများဘက်ဆီသို့ ဦးတည်သွားလေသည်။ ၎င်းသည် ပုဂ္ဂိုလ်ရေးဆွဲဆောင်မှုအားကို ရရှိထား၏။ ၎င်းကို စနေလမ်းကြောင်းဟုလည်း ခေါ်၏။ ကံလမ်းကြောင်းက ပြသည့်အတိုင်း ရှေးကပါလာသော ကံအဆိုး၊ အကောင်းအပေါ် ဦးစားပေးစဉ်းစားဖို့ မဟုတ်ပေ။ နည်းလမ်းအသွယ်သွယ်နှင့် မှန်၊ မမှန် စစ်ဆေးကြည့်ဖို့သာ ဖြစ်၏။

**(-Willim G-Benham)**

**Fate Line, Absence of ကံလမ်းကြောင်းမပါခြင်း**

ကံလမ်းကြောင်း အမှတ်အသားမျိုး တစ်စုံတစ်ရာ မပါဘဲ အောင်မြင်နေသူများကို တွေ့ရတတ်သော်လည်း သူတို့သည် အနည်းနှင့်အများဆိုသလို မခိုင်မြဲတတ်ကြပေ။

**(Cheiro)**

**Fate Line, Readings from**
**ကံလမ်းကြောင်းကိုကြည့်၍ ဟောပြောခြင်း**

ကံလမ်းကြောင်းသည် လက်ကောက်ဝတ်အနီးမှ အစပြု၍ စနေဖြိုဟ်ခုံဆီသို့ ဖြောင့်တန်းစွာသွား၏။

(၁) ကံလမ်းကြောင်းမပါလျှင် အကျိုးမရှိသည့်ဘဝ ဖြစ်ခြင်း၊ အလုပ်အကိုင် အတည်တကျ မရှိတတ်ခြင်း၊
(၂) ကံလမ်းကြောင်းသည် နှလုံးလမ်းကြောင်းမှ ပေါ်ထွက်လျှင် အသက်ကြီးပိုင်းတွင် အောင်မြင်မှုရတတ်ခြင်း၊
(၃) ကံလမ်းကြောင်းသည် သာမန်ထက် ဇောက်နက်လျှင် ကြီးမားသည့်အခက်အခဲများကို ဖွဲ့လုံ့လနှင့် ရင်ဆိုင်ရခြင်း။
(၄) ကံလမ်းကြောင်းသည် သံကွင်းဆက်ရှိလျှင် အခက်အခဲများတွေ့ရခြင်း၊

www.burmeseclassic.com

(၅) ကံလမ်းကြောင်းသည် လှိုင်းတွန့်ကဲ့သို့ဖြစ်နေလျှင် ဘဝတွင် အတက်အကျများခြင်း၊

(၆) ကံလမ်းကြောင်းသည် တည်ရှိပုံထူးခြားနေလျှင် စိတ်ဆိုးလွယ်ခြင်း၊ စိတ်တိုလွယ်ခြင်း၊

(၇) ကံလမ်းကြောင်းသည် ဉာဏ်စွမ်းလမ်းကြောင်းတွင် အဆုံးသတ်လျှင် မှားယွင်းစွာ ဆုံးဖြတ်မှုကြောင့် ဆုံးရှုံးမှုနှင့် ကြုံရတတ်ခြင်း၊

(၈) ကံလမ်းကြောင်းသည် ကြာသပတေးဂြိုဟ်ခုံတွင် အဆုံးသတ်လျှင် အရာရာတွင် အောင်မြင်ခြင်း၊

(၉) ကံလမ်းကြောင်းသည် လက်သူကြွယ်အောက်ခြေ တနင်္ဂနွေဂြိုဟ်ခုံတွင် အဆုံးသတ်လျှင် စာပေတွင် အောင်မြင်ခြင်း၊

(၁၀) ကံလမ်းကြောင်းကျိုးပျက်နေလျှင် ကံမကောင်းခြင်း၊

(၁၁) ကံလမ်းကြောင်းပေါ်တွင် အဖြတ်အရေးအကြောင်းများရှိလျှင် အတားအဆီး အနှောင့်အယှက် အခက်အခဲများ တွေ့ရခြင်း၊

(၁၂) ကံလမ်းကြောင်းပေါ်တွင် ကြက်ခြေရှိလျှင် အသေဆိုးနှင့် ရုတ်တရက်သေဆုံးခြင်း၊

(၁၃) ကံလမ်းကြောင်းပေါ်တွင် ကျွန်းရှိလျှင် မမြင်နိုင်စွမ်းသော ကံကြမ္မာလက်ဆောင်မျိုး ရရှိတတ်ခြင်း၊

(၁၄) ကံလမ်းကြောင်းပေါ်တွင် လေးထောင့်ကွက်ပါရှိလျှင် ငွေကြေးဆုံးရှုံးမှုမှ အကာအကွယ်ရခြင်း။

**Fault-Finding**

**တစ်ဖက်သားကို အပြစ်ရှာတတ်သည့်အကျင့်**

တစ်ဖက်သားကို အပြစ်ရှာတတ်သည့် အကျင့်ရှိသူတို့၏လက်တွင် အောက်ပါအမှတ်လက္ခဏာများကို တွေ့ရမည်။

(၁) နှလုံး(မေတ္တာ)လမ်းကြောင်း မကောင်းခြင်း၊

(၂) သောကြာဂြိုဟ်ခုံ ကျဉ်းမြောင်းခြင်း၊

(၃) အင်္ဂါဂြိုဟ်ခုံ ကျယ်ပြန့်နေခြင်း၊

(၄) ကျန်းမာရေးလမ်းကြောင်း ညံ့ခြင်း၊

(၅) လေးထောင့်လွင်ပြင် ကျဉ်းမြောင်းခြင်း၊

(၆) လက်မလက်သည်းများအနီးတွင် ကြယ်သဏ္ဌာန်(၂)ခု ပါရှိခြင်း၊

(၇) လက်သည်းများ တိုခြင်း၊

(၈) လက်ချောင်းများရှည်၍ အဆစ်ကြီးခြင်း၊

(၉) လက်ချောင်းများ လေးထောင့်သဏ္ဌာန်ဖြစ်ခြင်း။

**Female Troubles မိန်းမကြောင့် ဒုက္ခတွေ့ခြင်း (မိန်းမကြောင့် သောကရောက်ရသူ)**

(၁) အသက်လမ်းကြောင်းသည် တနင်္လာဂြိုဟ်ခုံတွင် အဆုံးသတ်ခြင်း၊

(၂) အင်္ဂါလွင်ပြင်သည် တနင်္လာဂြိုဟ်ခုံဘက်၌ ချိုင့်ခွက်နေခြင်း၊

(၃) တနင်္လာဂြိုဟ်ခုံ ကျယ်ပြန့်ခြင်း သို့မဟုတ် အရေးအကြောင်းများစွာ ရှုပ်ထွေးနေခြင်း၊

(၄) တနင်္လာဂြိုဟ်ခုံပေါ်တွင် **ကြက်ခြေအမှတ်အသား**ရှိခြင်း။

**Fickle Fancy စိတ်ပြောင်းလွယ်သည့်စိတ်ထား**

ဉာဏ်စွမ်းလမ်းကြောင်းသည် အကယ်၍ အင်္ဂါ (အဖို) ဂြိုဟ်ခုံမှ အစပြုနေပါက ထိုလက္ခဏာရှင်သည် မိမိကိုယ်မိမိယုံကြည်စိတ်ချမှုမရှိတတ်ဘဲ အမြဲတမ်း သောကမီးတောက်လောင်ပြီး စိတ်မတည်ငြိမ်သည့်ဘဝမျိုး ရှိမည်။ အထူးသဖြင့် စိတ်ဆိုးလွယ်သူ၊ ပူပန်တတ်သူ၊ တွေးခေါ်ကြံဆ၍ လုပ်ကိုင်မှုတို့တွင် မိမိကိုယ်ကိုယုံကြည်စိတ်ချမှု မရှိ၊ မရောင့်ရဲနိုင်ဘဲ အမြဲတမ်း သောကရောက်နေတတ်သည့် သဘာဝမျိုးရှိသူဖြစ်မည်။ "ယင်းသို့သောလူစားမျိုး၏စိတ်၌ အကြံဉာဏ်သည် ပင်လယ်ထဲမှသဲပွင့်ကလေးများလောက်ပင် မတည်ငြိမ်ချေ"

**Financial Failure ငွေကြေးဆုံးပါးခြင်း**

(၁) လက်ဝါးပြင် အလွန် ချိုင့်ခွက်နေခြင်း၊

(၂) ဗုဒ္ဓဟူးဂြိုဟ်ခုံပေါ်တွင် ကြက်ခြေသဏ္ဌာန်တစ်ခုရှိခြင်း။

**Financial Instability ငွေကြေးမတည်မြဲခြင်း**

(၁) ကံလမ်းကြောင်းပေါ်တွင် ကျွန်းရှိခြင်း၊

(၂) ကျန်းမာရေးလမ်းကြောင်းပေါ်တွင် ကျွန်းရှိခြင်း၊

(၃) အောင်မြင်ရေးလမ်းကြောင်းပေါ်တွင် ကြယ်သဏ္ဌာန် သို့မဟုတ် ကျွန်းရှိခြင်း၊

(၄) အောင်မြင်ရေးလမ်းကြောင်းတွင် ကျိုးပြတ်ခြင်းများ သို့မဟုတ် အဖြတ်လမ်းကြောင်းများရှိခြင်း။

**Financial Trouble and Losses**

**ငွေကြေးအတွက် ဒုက္ခတွေ့ခြင်းနှင့် ဆုံးရှုံးခြင်း**

(၁) ကျန်းမာရေးလမ်းကြောင်းပေါ်တွင် ကျွန်းရှိခြင်း၊

(၂) ဗုဒ္ဓဟူးဂြိုဟ်ခုံပေါ်တွင် ကြက်ခြေရှိခြင်း၊

(၃) ဗုဒ္ဓဟူးဂြိုဟ်ခုံပေါ်မှ အရေးအကြောင်းတစ်ခုသည် နှလုံးလမ်းကြောင်းကို ဖြတ်သွားခြင်း၊

(၄) သောကြာဂြိုဟ်ခုံမှ ပယောဂလမ်းကြောင်းတစ်ခုသည် အောင်မြင်ရေးလမ်းကြောင်းကို ဖြတ်သွားခြင်း၊

(၅) ကံလမ်းကြောင်းပေါ်မှ ခွဲထွက်သောလမ်းကြောင်းများ အောက်သို့ စိုက်ဆင်းနေကြခြင်း၊

(၆) အောင်မြင်ရေးလမ်းကြောင်းပေါ်မှ ခွဲထွက်သောလမ်း



www.burmeseclassic.com

www.burmeseclassic.com

ကြောင်းများ အောက်သို့ စိုက်ဆင်းနေခြင်း၊

(၇) ကံလမ်းကြောင်းနှင့် အောင်မြင်ရေးလမ်းကြောင်းတို့ပေါ်တွင် ကျိုးပျက်ခြင်းများ၊ ကြက်ခြေများနှင့် ကြယ်များရှိနေခြင်း။

## Finger-joints, Well-formed

## လက်ချောင်းအဆစ်များ ပြေပြစ်စွာရှိကြခြင်း

ပြည့်ဖြိုးသည့်အဆစ်များရှိကြသည့် ယောကျ်ားများသည် အမျိုးသမီးများကဲ့သို့ ဝတ်စားဆင်ယင်မှုကိစ္စများတွင် ဉာဏ်သွားကြသည်။ အရောင်အသွေးစပ်ဟပ်မှုတွင်ကျွမ်းကျင်ကြသည်။ သူတို့တွင် အဝတ်အစား အဆင်အသွေး စပ်ဟပ်ပုံမဆီလျော်သော မိန်းမတစ်ယောက်နှင့် အပေါင်းအဖော် လုပ်ရသည့်အလုပ်ထက် စိတ်မရှိုးမရွှဖြစ်စေသောအရာ မရှိပါချေ။

**(Cheiro)**

## Fingers, General Qualities of

## လက်ချောင်းများ၏ အထွေထွေအရည်အချင်းများ

(၁) လက်ချောင်းများ အချိုးကျ၊ ညီညာစွာ တည်ရှိပါက အောင်မြင်မှုရရှိမည်၊

(၂) လက်ချောင်းများ တစ်ခုနှင့်တစ်ခု ပူးကပ်စွာ တည်ရှိနေပါက စပ်စုတတ်မည်၊

(၃) လက်ချောင်းများ အလွန်နီးကပ်စွာ တည်ရှိပါက ညှံ့ဖျင်းခြင်း ဖြစ်မည်၊

(၄) လက်ချောင်းများ အကွာအဝေးအချိုးကျစွာ တည်ရှိနေပါက ထုံးတမ်းစဉ်လာအတိုင်း မလိုက်နာဘဲ ခေတ်နှင့်လျော်ညီစွာ ဝတ်စားနေထိုင်တတ်ခြင်း၊

(၅) လက်ချောင်းများစေ့နေပါက အများနှင့်ဝင်ဆံ့မှုမရှိခြင်း၊

(၆) လက်ချောင်းများ ရှေ့ဘက်သို့ ကွေးညွတ်နေပါက သဘောထားသေးသိမ်ညံ့ဖျင်းခြင်း၊

(၇) လက်ချောင်းများ ပျော့ပျော့ပျောင်းပျောင်းရှိနေပါက ငွေကြေးကိစ္စတွင် တာဝန်မရှိခြင်း၊ အားမကိုးရလောက်ခြင်း၊

(၈) လက်ချောင်းများ ခိုင်မာတောင့်တင်းနေပါက လက်တွေ့ကျသော သဘာဝရှိသည်၊

(၉) လက်ချောင်းများ နောက်သို့လန်နေပါက စေတနာထက်သန်ခြင်း၊ ရွှင်ရွှင်လန်းလန်း နေတတ်ခြင်း။

## Finger Lines, Indications from

## လက်ချောင်းပေါ်မှ အရေးအကြောင်းများက ညွှန်ပြသည့် အမှတ်လက္ခဏာများ

လက်ချောင်းများပေါ်တွင် . . .

(၁) ကြိုဂံအမှတ်အသားရှိပါက ဖျားနာတတ်သည်၊

(၂) လှိုင်းထနေသည့် အဖြတ်လမ်းကြောင်းများရှိပါက ဦးခေါင်းတွင် ဒဏ်ရာရတတ်သည်၊

(၃) ဒေါင်လိုက်အရေးအကြောင်းများရှိပါက ရုတ်တရက်သေဆုံးတတ်သည်၊

(၄) သေးငယ်သည့် စက်ဝိုင်း(Balls)များရှိပါက အလွန်အမင်း အာရုံခံစားလွယ်ခြင်း၊ စိတ်ထိခိုက်လွယ်ခြင်း ဖြစ်မည်။

## Fingers, Names of လက်ချောင်းအမည်များ

လက္ခဏာပညာတွင် လက်ချောင်းများ၏အမည်ကို ၎င်းလက်ချောင်းရင်းရှိ ဂြိုဟ်ခုံများ၏အမည်အတိုင်း ခေါ်တွင်ပေသည်။ ‘လက်ညှိုး’ကို ‘ကြာသပတေး’ လက်ချောင်းဟူ၍လည်းကောင်း၊ ‘လက်ခလယ်’ကို ‘စနေ’ လက်ချောင်းဟူ၍လည်းကောင်း၊ ‘လက်သူကြွယ်’ကို ‘တနင်္ဂနွေ’လက်ချောင်းဟူ၍လည်းကောင်း၊ ‘လက်သန်း’ကို ‘ဗုဒ္ဓဟူး’လက်ချောင်းဟူ၍လည်းကောင်း ခေါ်ဆိုထားပါသည်။

## Fingers, Pronounced Spacing of

## လက်ချောင်းများ၏ အကွာအဝေးကို ပြဆိုသည့် အခြေအနေ

(၁) လက်ညှိုးနှင့် လက်မကြား ကွာဟမှုများနေပါက သဘောထားကြီးပြီး ရက်ရောတတ်ခြင်း၊

(၂) လက်ညှိုးနှင့်လက်ခလယ်ကြား ကွာဟမှုများပါက လွတ်လပ်စွာတွေးခေါ်ခြင်း၊

(၃) လက်ခလယ်နှင့်လက်သူကြွယ်ကြား ကွာဟမှုများပါက စဉ်းစားဉာဏ်နုံနဲ့ခြင်း၊ အတွေးအခေါ် မရှိခြင်း၊

(၄) လက်သူကြွယ်နှင့် လက်သန်းလက်ချောင်းတို့ကြား ကွာဟမှုများပါက ထုံးတမ်းစဉ်လာမှခွဲထွက်၍ ကလေကချေ လွင့်နေတတ်ခြင်း။

## Finger Tips, Qualities of

## လက်ချောင်းများ၏ အရည်အချင်းများ

(၁) လက်ချောင်းထိပ်များ လေးထောင့်ဖြစ်ခြင်းသည် လက်တွေ့ဆင်ခြင်သုံးသပ်နိုင်မှုရှိခြင်းကို ပြဆို၏၊

(၂) လက်ချောင်းထိပ်များ ငရုတ်ကျည်ပွေ့ပုံရှိခြင်းသည် အလုပ်တွင် စီမံကိန်းမရှိခြင်းကို ပြဆို၏။ အစီအစဉ်မရှိဘဲ လုပ်ကိုင်တတ်၏၊

(၃) သွယ်သည့်လက်ချောင်းထိပ်များရှိခြင်းသည် စိတ်ကူးနှင့်လက်တွေ့ရောနှော၍လုပ်ကိုင်တတ်ခြင်းကိုပြဆို၏၊

(၄) လက်ချောင်းထိပ်များ ချွန်နေခြင်းသည် စိတ်ကူးယဉ်တတ်ခြင်းကို ပြဆို၏။



www.burmeseclassic.com

www.burmeseclassic.com

**အထက်ပါ ဖော်ပြချက်များထက်**
**အသေးစိတ်ပြဆိုခြင်းများ**

(၁) လေးထောင့်စပ်စပ် လက်ချောင်းထိပ်များရှိသူသည် အမိန့်နှင့်စည်းကမ်းတို့ကို လေးစားမှုရှိခြင်း၊ အချိန်မှန်ခြင်း၊ အားကိုးရခြင်း၊ ယဉ်ကျေးခြင်း၊ အတွက်အဆ ကောင်းခြင်း ရှိမည်။

(၂) ခပ်ပြားပြားလေးထောင့်သဏ္ဌာန်ရှိသည့် လက်ချောင်းထိပ်များရှိသူသည် လက်တွေ့ကျခြင်း၊ လက်တွေ့ စမ်းသပ်လုပ်ကိုင်တတ်ခြင်း၊ အလုပ်/အားကစားများနှင့် တိရစ္ဆာန်များကို ချစ်တတ်ခြင်းရှိမည်။

(၃) သွယ်လျလျ လက်ချောင်းထိပ်များရှိသူသည် အနုပညာဆန်ခြင်း၊ မှတ်မှတ်သားသား မရှိတတ်ခြင်း၊ ပင်ကိုစိတ်ကူးရှိခြင်း၊ အလှအပကို မြတ်နိုးခြင်း၊ လက်တွေ့လုပ်ကိုင်ရ၍ စဉ်းစားလွန်ခြင်းရှိမည်။

(၄) လက်ချောင်းထိပ်များ ချွန်နေခြင်းသည် လက်တွေ့မဆန်သည့် စိတ်ကူးယဉ်သမားနှင့် စိတ်ကူးရာ မျှောပါလုပ်ကိုင်နေသူများ၊ စိတ်ကူးနှင့်သာ ပြီးနေသူများဖြစ်သည်။

**First Finger, Abnormal ထူးခြားသောလက်ညှိုး**

လက်ညှိုးသည် လက်ခလယ်နီးပါးလောက် ရှည်နေပါက မာနကြီးခြင်း၊ အာဏာကိုမက်မောခြင်း၊ ကမ္ဘာ့ရေမြေသနင်း ဖြစ်လိုခြင်းကို ညွှန်ပြ၏။ နပိုလီယံသည် ဤဥပဒေနှင့် အကိုက်ညီဆုံးဥပမာ ဖြစ်၏။ သူ့လက်တွင် လက်ညှိုးသည် သာမန်ထက်ရှည်ကာ လက်ခလယ်နှင့် အရှည်တူနေ၏။

**(Cheiro)**

**First Finger, Qualities of**
**လက်ညှိုး၏အရည်အချင်းများ**

(၁) လက်ညှိုးကောက်နေပါက ဂုဏ်ဒြပ်ကို မက်မောလိုလားခြင်း၊

(၂) လက်ညှိုးအလွန်ရှည်ပါက ရက်စက်စွာ နိုင်ထက်စီးနင်း ပြုတတ်ခြင်း၊

(၃) လက်ညှိုးတိုလွန်းပါက လွတ်လပ်မှုကို အလွန်လိုလားခြင်း၊

(၄) လက်ညှိုးအနေအထားလှပပါက ရှင်လန်းတက်ကြွသည့် သဘောထားရှိခြင်း၊

(၅) လက်ညှိုးရင်းသည် အောက်သို့နိမ့်စွာတည်ရှိနေပါက လူမှုရေးကိစ္စများတွင် အံဝင်ခွင်ကျမရှိ ခွကျတတ်ခြင်း၊

(၆) လက်ညှိုးသည် လက်မဘက်သို့ယိုင်နေပါက လွတ်လပ်မှုကို အထူးလိုလားခြင်း၊ လွတ်လွတ်လပ်လပ် နေတတ်ခြင်း၊

(၇) လက်ညှိုးသည် လက်ခလယ်ဘက်သို့ ယိုင်နေပါက အလွန်မာနကြီးခြင်း၊

(၈) လက်ညှိုးသည် လက်ခလယ်ထက်ရှည်နေပါက လုပ်ချင်ရာလုပ်တတ်သည့် ဉာဏ်ရှိခြင်း၊ နိုင်ထက်စီးနင်း ပြုတတ်ခြင်း၊

(၉) လက်ညှိုးသည် လက်ခလယ်နှင့်ညီမျှနေပါက တန်ခိုးအာဏာကို မက်မောခြင်း၊

(၁၀) လက်ညှိုးသည် လက်ခလယ်ထက်တိုနေပါက နှုတ်နည်းတတ်ခြင်း၊ အရာရာကို မျှသိပ်သည်းခံတတ်ခြင်း၊

(၁၁) လက်ညှိုးသည် လက်သူကြွယ်ထက် ရှည်နေပါက ရည်မှန်းချက် မသန့်ရှင်းခြင်း၊ (တရားသော ရည်မှန်းချက် မဟုတ်ခြင်း)၊

(၁၂) လက်ညှိုးနှင့် လက်သူကြွယ် အရှည်တူနေပါက ငွေကြေးမခန် မက်မောခြင်း၊

(၁၃) လက်ညှိုးသည် လက်သူကြွယ်ထက် တိုတောင်းလွန်းပါက ငြီးငွေ့ဖွယ်ဘဝမျိုးဖြစ်ခြင်း၊ ရှေးရိုးအတိုင်း နေထိုင်တတ်ခြင်း။

**Flexibility ပျော့ပျော့ပျောင်းပျောင်းရှိခြင်း**

ပျော့ပျော့ပျောင်းပျောင်း ရှိသည့်လက်သည် စိတ်ဓာတ်ပျော့ပျော့ပျောင်းပျောင်းရှိခြင်းကို ပြ၏။ လက်ပျော့ပျောင်းလျှင် စိတ်သည် တစ်ခုခုကိုသုံးသပ်ရာတွင် ထောင့်စေ့အောင်မြင်နိုင်၏။ လက်သည်တောင့်တင်းနေလျှင် စိတ်သည် သတိ ရှိသည်၊ တည်တံ့သည်၊ စေ့စပ်သေချာသည်၊ ကပ်စေးနှဲသည်။ ၎င်းတွင်အခြေအနေတိုင်းနှင့် လျော်ကန်အောင် ပြုပြင်နိုင်စွမ်း မရှိတတ်ချေ။ ထိုသို့သော လူမျိုးသည် စိတ်ကူးအသစ်အဆန်းများနှင့် အသစ်အဆန်း စွန့်စားလုပ်ကိုင်ရခြင်းများကို ပြုလုပ်ရန် တွန့်ဆုတ်နေတတ်ကြလေသည်။

**Flirtation ပျိုတိတ်နန့်တန်တန်ဖြစ်ခြင်း**

(၁) နှလုံး(မေတ္တာ)လမ်းကြောင်းပေါ်တွင် ကျွန်းရှိခြင်း၊

(၂) အိမ်ထောင်ရေးလမ်းကြောင်းတွင် ခက်ရင်းခွရှိခြင်း၊

(၃) သောကြာဂြိုဟ်ခုံ ကျယ်ပြန့်ခြင်း၊

(၄) ဗုဒ္ဓဟူးဂြိုဟ်ခုံပေါ်တွင် ကြယ်သဏ္ဌာန်ရှိခြင်း၊

(၅) လက်ချောင်းများရှည်၍ သေးသွယ်ကာ ကုန်းကော့နေခြင်း၊

(၆) ဗုဒ္ဓဟူးဂြိုဟ်ခုံ ကျယ်ပြန့်ခြင်း၊

(၇) သောကြာဂြိုဟ်ခုံနှင့် တနင်္ဂနွေဂြိုဟ်ခုံတို့ အနေအထား ကောင်းမွန်၍ ပြည့်ဖြိုးနေခြင်း။

**Forger အတုအပပြုလုပ်သူ**

(၁) ကြာသပတေးဂြိုဟ်ခုံ မရှိခြင်း။

(၂) ဉာဏ်စွမ်းလမ်းကြောင်းသည် ဖြောင့်တန်း၍ ကျယ်ပြန့်သောခက်ရင်းခွ ရှိနေခြင်း။



www.burmeseclassic.com

www.burmeseclassic.com

(၃) တနလ်ာဂြိုဟ်ခုံ မြင့်မောက်ခြင်း။
(၄) ဗုဒ္ဓဟူးဂြိုဟ်ခုံတွင် ကြယ်သင်္ကေတန်ရှိခြင်း။
(၅) လက်ချောင်းများသေးသွယ်၍ ကွေးကောက်နေခြင်း။
(၆) ဗုဒ္ဓဟူးဂြိုဟ်ခုံ ကျယ်ပြန့်နေခြင်း။
(၇) သောကြာဂြိုဟ်ခုံနှင့် တနင်္ဂနွေဂြိုဟ်ခုံများ အားကောင်းနေခြင်း။

**Fork ခက်ရင်းခွ**

အရေးအကြောင်းတစ်ခု၏အဆုံးတွင် ခက်ရင်းခွရှိလျှင် ၎င်းသည် ထိုအရေးအကြောင်းကို ကြီးမားသည့်စွမ်းအားကို ရရှိစေ၏။ သို့ရာတွင် ဤစည်းကမ်းချက်သည် အသက်လမ်းကြောင်း၊ အိမ်ထောင်ရေးလမ်းကြောင်းနှင့် ပတ်သက်၍ကား ခက်ရင်းခွပါနေခြင်းသည် မကောင်းချေ။

**Forked Fate ခက်ရင်းခွပါသည့် ကံလမ်းကြောင်း**

ကံလမ်းကြောင်းတစ်ခုသည် သောကြာဂြိုဟ်ခုံမှလာ၍ အခြားတစ်ခုသည် တနလ်ာဂြိုဟ်ခုံမှ အစပြုနေလျှင် ဆန့်ကျင်ဘက်လိင်တစ်ဦးဦး၏ အစီအမံဖြင့် ခရီးတစ်ခု သို့မဟုတ် ရေကြောင်းခရီးကို သွားရဖို့ရှိ၏။

**Formation, Chained**
**သံကြိုးကွင်းဆက်သင်္ကေတန်ရှိခြင်း**

မည်သည့် အရေးအကြောင်းတွင်မဆို သံကြိုးကွင်းဆက်သည် အားနည်းသည့် အမှတ်လက္ခဏာတစ်ခုပင်ဖြစ်၏။
(၁) အသက်လမ်းကြောင်းပေါ်တွင် သံကြိုးကွင်းဆက် အမှတ်အသား ရှိပါက ကျန်းမာရေး မကောင်းခြင်း၊ ညှိုးဖျင်းခြင်းကို ပြဆို၏၊
(၂) ဉာဏ်စွမ်းလမ်းကြောင်းပေါ်တွင် ရှိပါက စိတ်ကူးကြံဆမှု မတည်ငြိမ်ခြင်းကို ပြဆို၏၊
(၃) နှလုံး(မေတ္တာ)လမ်းကြောင်းပေါ်တွင် ရှိပါက စိတ်မတည်ငြိမ်မှုကို ပြဆို၏။

**Fourth Finger, Qualities of**
**လက်သန်း၏အရည်အချင်းများ**

(၁) အလွန်ရှည်လျားပါက မာယာများ၍ မရိုးမသားပြုတတ်ခြင်း၊
(၂) အလွန်တိုပါက စဉ်းစားတွေးခေါ်မှု မရှိတတ်ခြင်း၊
(၃) အချိုးကျနစွာ အနေတော်အရွယ်ရှိပါက ဉာဏ်ကောင်း၍ အကြံအစည်များခြင်း၊
(၄) တွေးကောက်နေပါက မရိုးသားခြင်း၊
(၅) လက်သူကြွယ်ဘက်သို့ ယိမ်းယိုင်နေပါက အနုပညာအလုပ်လုပ်ရခြင်း၊ ၎င်းအလုပ်ဖြင့် အသက်မွေးဝမ်းကျောင်းပြုရတတ်ခြင်း၊

(၆) လက်ညှိုးနှင့် အတူတူဖြစ်နေပါက သံတမန်အရည်အချင်းမျိုးရှိခြင်း၊
(၇) လက်ခလယ်နှင့် အရှည်တူနေပါက သိပ္ပံပညာဆိုင်ရာတို့၌ ကျွမ်းကျင်ခြင်း၊
(၈) လက်သူကြွယ်နှင့် အရှည်တူနေပါက နိုင်ငံရေးဩဇာအရှိန်အဝါရှိခြင်း။

**Friendship of the Powerful People**
**ထိပ်တန်းပုဂ္ဂိုလ်ကြီးများနှင့် အသိအကျွမ်းဖြစ်ရခြင်း**

(၁) လက်ညှိုး၏ဒုတိယအဆစ်တွင် ကြက်ခြေရှိခြင်း၊
(၂) လေးထောင့်လွင်ပြင်မှ အရေးအကြောင်းတစ်ခုသည် ဗုဒ္ဓဟူးဂြိုဟ်ခုံသို့ ရောက်ရှိနေခြင်း၊
(၃) ကံလမ်းကြောင်းသည် ကြာသပတေးဂြိုဟ်ခုံ သို့မဟုတ် တနင်္ဂနွေဂြိုဟ်ခုံပေါ်တွင် အဆုံးသတ်ခြင်း၊
(၄) ကြာသပတေးဂြိုဟ်ခုံနှင့်တနင်္ဂနွေဂြိုဟ်ခုံ ပေါ်လွင်ခြင်း။

**Frivolity သိမ်ဖျင်း၊ သေးနုပ်မှုကိုပြတတ်မှု**

(၁) အင်္ဂါဂြိုဟ်ခုံ(အမ) မပေါ်လွင်ခြင်း သို့မဟုတ် ထူးခြားမှု မရှိခြင်း၊
(၂) အောင်မြင်ရေးလမ်းကြောင်း တိုခြင်း၊
(၃) ဉာဏ်စွမ်းလမ်းကြောင်း မကောင်းခြင်း၊
(၄) လက်ခလယ်တို၍ ချွန်နေခြင်း။

**Frustration ဖျက်လိုဖျက်ဆီးပြုခြင်း**

(၁) ကံလမ်းကြောင်း မကောင်းခြင်း၊
(၂) လက်နှစ်ဖက်စလုံးရှိ ကျန်းမာရေးလမ်းကြောင်းများ၏ အဆုံးသတ်ရာနေရာတွင် ကြက်ခြေအမှတ်များ များစွာရှိခြင်း။

BURMESE CLASSIC .com

**Future of Palmistry လက္ခဏာပညာ၏အနာဂတ်ခရီး**

ဤအရေးပါသည့်ပညာရပ်နှင့်ပတ်သက်၍ နောက်ဆုံးစကားကို မှတ်ချက်မချရသေးချေ။ ဤပညာရပ်၏ ဝင်ဆံ့စွမ်းဆောင်နိုင်မှုသည် အကန့်အသတ်မရှိနိုင်သည်မှာ အသစ်အသစ်သော မွေ့ဖွားမှုများရှိနေသရွေ့ဖြစ်သည်။ လက်အသစ်များရှိတိုင်း အတွေ့အကြုံသစ်များ တွေ့နေရမည်သာဖြစ်၏။ လက္ခဏာပညာရပ်တစ်ခုလုံးကို ခြုံလိုက်လျှင် ဤစကားလုံးလေးလုံးကိုရရှိ၏။"New hands, new discoveries" ဟူ၍ဖြစ်၏။ အဓိပ္ပာယ်မှာ "လက်အသစ်ကို တွေ့သည်နှင့်အရှာဖွေစူးစမ်းမှုအသစ်များ ရရှိမည်" ဟူ၍ ဖြစ်၏။

စိန့်_ဂျာမိန်း၊ (Saint Germain)

(ဆက်ရန်)

❐ ဆရာဦးခန့်ထွေး



www.burmeseclassic.com


www.burmeseclassic.com

# အလှမွေးငါးကို အဆောင်ယကြာအဖြစ် မွေးမြူနည်း

ဆရာကြီး ဦးအောင်မြင့်



ဖိုက်တာငါး၊ စုပ်ခွက်ငါးနှင့် ရွှေငါးများ ရောနှောမွေးမြူထားပုံ



ဖိုက်တာငါး၊ စုပ်ခွက်ငါးနှင့် ရွှေငါးများ ရောမွေးထားသော မှန်ငါးကန်ငယ်

"ရွှေငါးကိုးကောင် လာဘ်ကိုဆောင်"ဟူသော ဆောင်ပုဒ်တစ်ခုကို လူအတော်များများ ကြားဖူးကြပါလိမ့်မည်။ ရေထဲမှာ ကူးခပ်မြူးထူးနေကြသော ရွှေငါးကိုးကောင်ပုံကို ဓာတ်ပုံကြီးများရိုက်၍ စက္ကူချောကြီးများဖြင့်ကူးကာ ရန်ကုန်မြို့လယ် လမ်းဘေးပလက်ဖောင်းတွေမှာ ဧည့်ခန်းအလှကပ်ရန် ရောင်းချနေခြင်းများလည်း ရှိသည်။

ရွှေငါး = ဗုဒ္ဓဟူး + တနင်္လာ

လာဘ်ခေါ် = ဗုဒ္ဓဟူး + တနင်္လာ

ကိုးကောင် = တနင်္လာ + တနင်္လာ

ငွေခေါ် = တနင်္လာ + တနင်္လာ

"ဓာတ်တူနံတူ ဆေးဖက်ယူ" ဆိုသော အင်္ဂဝိဇ္ဇာလင်္ကာတစ်ပိုဒ်ကို သွယ်ဝိုက်အသုံးချထားခြင်းဟု ကျွန်ုပ် ယူဆပါသည်။ အချို့သော စားသောက်ဆိုင်များတွင်လည်းကောင်း၊ အချို့သော နေအိမ်များတွင်လည်းကောင်း ဆိုင်ရှေ့၊ အိမ်ရှေ့၊ ဧည့်ခန်း စသည်တို့မှာ မှန်ငါးအလှမွေးကန်၊ ကြွေပြားကပ်အုတ်အင်္ဂတေကန် စသည်တို့ဖြင့် အလှငါးကြင်း၊ ရွှေငါး အပါအဝင် အလှမွေးအမျိုးမျိုး မွေးမြူထားလေ့ရှိပါသည်။ လပ်ကီးဖရှ်စ်လို အလွန်ဈေးကြီးသော ငါးမျိုးကိုလည်း လာဘ်ခေါ်အဖြစ် မွေးမြူကြပါသည်။

အချို့က ဖိုက်တာဆိုသော အလှမွေးငါးတို့ကို ဖန်ခွက်ငယ် သို့မဟုတ် ပုလင်းငယ်အတွင်းထည့်၍ အထီးတစ်ကောင် သို့မဟုတ် အထီးအမစုံတွဲ စသဖြင့် မွေးမြူကြသည်။ ဖိုက်တာဟု ခေါ်ရခြင်းမှာ အထီးအချင်းချင်း အတူထားပါက တစ်ကောင်နှင့်တစ်ကောင် အသေကိုက်တတ်ကြခြင်းကြောင့် ဖြစ်သည်။ ကြက်ဖတွေလို တစ်ကောင်နှင့်တစ်ကောင် ရန်စောင်လေ့ရှိသည်။

"အယှဉ်အပြိုင်၊ အတိုက်အခံ၊ အနှောင့်အယှက်၊ အမှုအခင်းတွေကို ကျော်လွှားအနိုင်ရရှိစေဖို့ နိမိတ်ကောင်း



www.burmeseclassic.com

www.burmeseclassic.com

အဆောင်အဖြစ် မွေးမြူထားတာပါ”ဟု စီးပွားရေးလုပ်ငန်းရှင် တရုတ်အမျိုးသားတစ်ဦးက ကျွန်ုပ်ကို ရှင်းပြဖူးပါသည်။

ငါးကန်အတွင်း အရိုအရွဲ အညစ်အကြေး တို့ကို လိုက်လံစုပ်ယူ စားသောက်တတ်သော စုပ်ခွက်ခေါ်သည့် ငါးတစ်မျိုးကိုလည်း အလှမွေးငါးအဖြစ် မွေးမြူလေ့ရှိကြပါသည်။ ငါးကန်များအတွင်း အခြားအလှမွေး ငါးများနှင့်အတူ ရောချ၍ မွေးတတ်သည်။ သို့သော် အချို့မှာ စုပ်ခွက်ငါးကို သီးသန့်အလှမွေးခြင်းလည်း ရှိသည်။

“အိမ်တွင်းရေး ပူပင်သောကတွေ၊ ကံကြမ္မာ အညံ့အပျက်တွေ၊ ပယောဂအနှောင့်အယှက်တွေ၊ ကျန်းမာရေး အညံ့တွေဟာ အညစ်အကြေးနဲ့တူပါတယ်၊ အဲဒါတွေကို ပပျောက်သွားဖို့ စုပ်ခွက်ငါးကို အဆောင်အဖြစ် မွေးထားတာပါ” ဟူ၍ အိမ်ထောင်ရှင် အမျိုးသမီးတစ်ဦးက ကျွန်ုပ်ကို ရှင်းပြခဲ့ပါသည်။

သို့ဖြစ်၍ ကျွန်ုပ်လည်း အိမ်ရှေ့တွင် မှန်အလှမွေးငါးကန်ထား၍ ရွှေငါး ကိုးကောင်၊ ဖိုက်တာငါးအထီး တစ်ကောင်နှင့် စုပ်ခွက်ငါး တစ်ကောင်တို့ကို ရောချ၍မွေးထားလိုက်သည်။

ရွှေငါး ကိုးကောင်က ငွေဝင်လာဘ်ရွှင် စီးပွားတိုးတက်ဖို့၊ ဖိုက်တာ တစ်ကောင်က အယှဉ်အပြိုင် အတိုက်အခံတွေကို အနိုင်ရဖို့၊ စုပ်ခွက် တစ်ကောင်က ပယောဂ အနှောင့်အယှက်၊ ကျန်းမာရေးအညံ့နှင့် ကံကြမ္မာဆိုးတွေကို ဖယ်ရှားဖို့။

မှန်ငါးအလှမွေးကန်ထဲက ရေကို နှစ်ရက်၊ သုံးရက်တစ်ကြိမ် လဲလှယ်ပေးသည်။ မနက်တစ်ကြိမ်၊ နေ့လယ်တစ်ကြိမ်၊ ညနေတစ်ကြိမ် ငါးကလေးများကို အစာကျွေးပေးသည်။

ငါးစုစုပေါင်း ၁၁ ကောင်ဖြစ်၍ “ဆယ့်တစ်မီးငြိမ်း” ဟု နိမိတ်ယူခြင်းဖြစ်သည်။ ငါးကန်ကို ရေလှယ်ခြင်း၊ နေ့စဉ် အစာကျွေးခြင်းပြုသည့်အခါတိုင်း အောက်ပါ ဂါထာတော်ကို သုံးခေါက်စီ ရွတ်ပွားပူဇော်ပါသည်။

“လာဘံ လာဘတု သဗ္ဗဒါ
တဠယာ ဘဝတု မေ သဒါ
သောကရောဂါ ဝိနာသန္တု”

မသိသူကျော်သွား သိသူဖော်စား ဆိုသော သိသူများ ဖြစ်ကြ၍ ဖော်စားနိုင်ကြစေရန် ကိုယ်တွေ့ ငါးအလှအဆောင် အဖြစ် မွေးနည်းကို ဖော်ထုတ်တင်ပြပေးလိုက်ပါသည်။

အကျိုးထူး ရရှိနိုင်ကြပါစေ။

❒ ဆရာကြီးဦးအောင်မြိုင်


# ဒါမျိုးပြဿနာ ကြုံနေလား၊ ကိုယ်စားလုပ်ပေးလို့ ရတယ်

- မိမိချစ်သူ (သို့) မိမိအိမ်ထောင်ဖက်က မိမိကို ရှောင်ဖယ်ဖယ်မလုပ်တော့ဘဲ အမြန်ဆုံး ချစ်ခင်စွဲလမ်း သံယောဇဉ်ရှိပြီး အချစ်ရေး (သို့) အိမ်ထောင်ရေး သာယာပျော်ရွှင် ခိုင်မြဲနေစေဖို့။
- မိမိချစ်သူ (သို့) မိမိအိမ်ထောင်ဖက်နဲ့ အချစ်ရေး (သို့) အိမ်ထောင်ရေး ရှုပ်ထွေးဖောက်ပြန်သူတို့ မကြည့်ချင်လောက်အောင် အမြန်ဆုံး မုန်းတီးပြတ်စဲသွားစေဖို့။

**(ဂမ္ဘီရနည်းလမ်းကောင်းများဖြင့် ပံ့ပိုးကူညီ ဆောင်ရွက်ပေးပါသည်။)**

## ဆရာဦးပိုင်ဇေအောင် ( ဝိဇ္ဇာဘွဲ့ )

ဝိတ်ရက် မရှိပါ။

### လက္ခဏာဗေဒင်ယတြာအစီအရင်

အခန်း (B-1)၊ မြေညီထပ်၊ တိုက် (၄၀)၊ မဟာမြိုင်အိမ်ရာထိပ် (မဟာရန်ကုန်ဆိုင်အနီး)၊ ဦးဝိစာရလမ်း၊
(၄၁) ရပ်ကွက်၊ ဒဂုံမြို့သစ်မြောက်ပိုင်း၊ ရန်ကုန်။ ☎ ၀၉-၇၃၁၄၇၀၂၄၊ ၀၉-၅၀၉၃၇၉၁

www.burmeseclassic.com

ခု နှစ် ရက် သား သ မီး များ အ တွက်

# ၂၀၁၄ ခုနှစ်၊ မတ်လ

# ဟောစာတမ်းနှင့်ယတြာ

ဦးညွန့်လှိုင်(ကြို့ပင်ကောက်)



## တနင်္ဂနွေသားသမီးများ

(က) **စီးပွား/လူမှု** - ယခုလအဖို့ မူလနှင့် ပဝတ္တိဌာန နှစ်ပါးစလုံးတွင် ဆိုးအားများ စိုးမိုးနေသဖြင့် ဇာတာရှင်အဖို့ ရေစီးတစ်ခါ ရေသာတစ်လှည့် ဆိုရိုးအရ လုပ်ငန်းအကြံအစည်များတွင် အဖုအထစ် အနည်းငယ် တွေ့နိုင်၏။ စနေနံကိစ္စနှင့်ပတ်သက်၍ ကံကောင်းမည်။ အကြီးအကဲများ၏ အကူအညီရမည်။ မဆိုသလောက် ထိပေါက်တတ်၏။ ၂ နှင့် ၅ ပါသော ဂဏန်းကို ကံစမ်းပါ။ ငယ်သူများအတွက် သောကရှိသလို ဗုဒ္ဓဟူးနံရွှေနှင့်ပတ်သက်လျှင် ဆုံးရှုံးတတ်၏။ ခရီးသွားလုပ်ငန်း၊ အနုပညာလုပ်ငန်းနှင့် ပတ်သက်၍ အကျိုးခံစားခွင့်ရမည်။ ဝန်ထမ်းများ စိတ်သောကရှိမည်။ ပညာရေးနှင့် ပတ်သက်၍ အလိုမကျဖြစ်တတ်၏။

ယတြာ - အုန်းဆွမ်း မွေးနေ့တွင် ပုံမှန်ကပ်လှူပါ။

(ခ) **အိမ်ထောင်ရေး/လူငယ်အရေး** - သင့်၏။

(ဂ) **ကျန်းမာရေး** - သင့်၏။ သို့သော် ယာဉ်တိုက်မှုဖြစ်တတ်၏။

ယတြာ - စနေထောင့်တွင် ငါးအစာကျွေးပါ။

(ဃ) **အကျိုးပြုလုပ်ငန်း** - သောကြာနံသင့်လုပ်ငန်းများ။

(င) **အကျိုးပေးဂဏန်း** - (၆)ဂဏန်းနှင့် သောကြာနေ့ကောင်းပြီး (၄) ဂဏန်းနှင့် ဗုဒ္ဓဟူးနေ့သည် ညံ့၏။

*မှတ်ချက်။* ရည်မှန်းချက် မပျောက်ပါစေနှင့်။



## တနင်္လာသားသမီးများ

(က) **စီးပွား/လူမှု** - မူလနှင့် ပဝတ္တိဌာန နှစ်ပါးစလုံးတွင် ကောင်းအားများ စိုးမိုးနေသဖြင့် ကံကောင်းမည့်လဖြစ်မည်။ ငွေကြေးအမြောက်အမြား ဝင်မည်။ မိတ်သစ်ဆွေသစ်များ တိုးပွားမည်။ လုပ်ငန်းချဲ့ထွင်ရတတ်၏။ တနင်္ဂနွေနံ ကောင်းကျိုးအထူးပေးလျက် သောကြာနံ အနည်းငယ်ညံ့၏။ ဆွေမျိုးသောကရှိသလို ကြီးသူများ၏ ငြိုငြင်မှု ခံရတတ်၏။ ပြည်တွင်း ပြည်ပ ခရီးသွားလာရေးလုပ်ငန်းများ ညံ့လျက် ပွဲစား(ဝန်ဆောင်မှု) လုပ်ငန်းများ သင့်၏။ ဝန်ထမ်းများ ပူးတွဲအပိုတာဝန်များ ထမ်းဆောင်ရတတ်၏။ ပညာရေးတွင် အားမလိုအားမရ ဖြစ်နေတတ်၏။

ယတြာ - တနင်္လာနံပစ္စည်း စွန့်ပါ၊ လှူပါ။

(ခ) **အိမ်ထောင်ရေး/လူငယ်အရေး** - ကတောက်ကဆတ်ဖြစ်တတ်၏။

(ဂ) **ကျန်းမာရေး** - ဝမ်းဗိုက်ခွဲစိတ်ခံရကိန်း ရှိ၏။

ယတြာ - တနင်္လာနံသတ္တဝါ အစာကျွေးပါ။

(ဃ) **အကျိုးပြုလုပ်ငန်း** - တနင်္ဂနွေနံသင့်လုပ်ငန်းများ။

(င) **အကျိုးပေးဂဏန်း** - (၁) ဂဏန်းနှင့် တနင်္ဂနွေနေ့ကောင်းပြီး (၆) ဂဏန်းနှင့် သောကြာနေ့ ညံ့၏။

*မှတ်ချက်။* ဝင်ပြီးပစ္စည်းဥစ္စာ ပြန်မထွက်ဖို့ ကြိုးစားပါလေ။



www.burmeseclassic.com

www.burmeseclassic.com



## အင်္ဂါသားသမီးများ

(က) **စီးပွား/လူမှု** - မူလနှင့် ပဝတ္တိ ဌာနနှစ်ပါးစလုံးတွင် အညှိုများရှိသဖြင့် ဇာတာရှင်သည် ဤလအဖို့ ဆုံးဖြတ်ချက် ဇဝေဇဝါဖြစ်တတ်ခြင်း၊ အကြံအစည် မအောင်မြင်တတ်ခြင်း၊ စိတ်ဓာတ်ကျခြင်းများ ဖြစ်တတ်၏။ ရပ်ဝေးနယ်ခြားမှ အကြံကောင်းရမည်။ ခရီးသွားလာရေးလုပ်ငန်း သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ အမှတ်မထင် အကျိုးပြုတတ်၏။ အကြီးအကဲ၊ မိဘဆွေမျိုးများအတွက် သောကရှိ၏။ လုပ်ငန်းများ ပြန့်ကြဲနေခြင်းဖြစ်တတ်၏။ ငွေလိမ်ခံရတတ်၏။ ဝန်ထမ်းများ မှားယွင်းမှုကြောင့် ငွေကြေး ပေးလျော်ရတတ်၏။ ကျောင်းသားများ စိတ်ဂနာမငြိမ် ဖြစ်တတ်၏။

ယတြာ - တနင်္လာနေ့တွင် ငွေပုံသကူစွန့်ပါ။

(ခ) **အိမ်ထောင်ရေး/လူငယ်အရေး** - သင့်၏။


(ဂ) **ကျန်းမာရေး** - ဦးနှောက်နှင့် အာရုံကြောတွင် ဥပဒ်ရှိ၏။

ယတြာ - လူသွားလမ်း တံမြက်လှည်းပါ။

(ဃ) **အကျိုးပြုလုပ်ငန်း** - သောကြာနံသင့်လုပ်ငန်းများ။

(င) **အကျိုးပေးဂဏန်း** - (၆) ဂဏန်းနှင့် သောကြာနေ့ကောင်းပြီး (၇) ဂဏန်းနှင့် စနေနေ့ ညံ့၏။

**မှတ်ချက်။** အမှားအယွင်းများအပေါ် သင်ခန်းစာယူပါ။



## ဗုဒ္ဓဟူးသားသမီးများ

(က) **စီးပွား/လူမှု** - မူလဌာန၏ ဆိုးအားကို ပဝတ္တိဌာနကောင်းအားက ဖေးမသဖြင့် ယခင်လနည်းတူ ကံဇာတာ ပုံမှန်ရှိ၏။ အမှတ်မထင် လုပ်ငန်းချဲ့ထွင်မှုနှင့် ကြုံမည်။ လုပ်ငန်းသစ်များ အကျိုးပြုမည်။ အိုးအိမ်တိုက်တာ အသစ်ဝင်ကိန်းရှိသဖြင့် အခြေပစ္စည်း၊ အတွင်းပစ္စည်းအချို့ ထုခွဲရောင်းချကိန်းရှိ၏။ မြေနှင့်ပတ်သက်၍ အချင်းများတတ်၏။ ကြာသပတေးနံ ဒုက္ခပေးမည်။ သူတစ်ပါးအတွက် အာမခံမှုမပြုရ။ ဝန်ထမ်းများ ရာထူးတက်လျက် ဝေးလံခေါင်သီသောအရပ်သို့ ပြောင်းရွှေ့ရတတ်၏။ ကျောင်းသားများ ကျောင်းပြေးတတ်၏။

ယတြာ - မျက်နှာကြက် လှူပါ။

(ခ) **အိမ်ထောင်ရေး/လူငယ်အရေး** - တာဝန်အရ မိသားစုနှင့် ခွဲနေရကိန်းရှိ၏။


(ဂ) **ကျန်းမာရေး** - လေဖြတ်တတ်၏။

ယတြာ - ဂိလာနများကို ဆေးလှူပါ။

(ဃ) **အကျိုးပြုလုပ်ငန်း** - တနင်္ဂနွေနံသင့်လုပ်ငန်းများ။

(င) **အကျိုးပေးဂဏန်း** - (၁) ဂဏန်းနှင့် တနင်္ဂနွေနေ့ကောင်းပြီး (၅) ဂဏန်းနှင့် ကြာသပတေးနေ့ ညံ့၏။

**မှတ်ချက်။** မုဒိတာပွားပါ။



## ကြာသပတေးသားသမီးများ

(က) **စီးပွား/လူမှု** - ယခုလတွင် မူလနှင့် ပဝတ္တိဌာန နှစ်ပါးစလုံးတွင်ကောင်းတာများရှိသဖြင့် ပန်းပန်လျက် အခြေအနေဖြစ်နေရာ လက်ဆုပ်လက်ကိုင်ရပြီးသော ခနဥစ္စာကို ခိုင်မာတည်တံ့စေရန် ကြပ်မတ်ပါ။ ပြည်တွင်းပြည်ပ ခရီးသွားလုပ်ငန်နှင့် ပြည်ပဆိုင်ရာ ကိုယ်စားလှယ်လုပ်ငန်းများ တွေ့ကြုံရတတ်၏။ မြေပိုမြေလျှံများ အဝင်မခံသင့်ပါ။ ယာဉ်ရထား ဝင်ကိန်းရှိ၏။ သို့သော် စက်ပစ္စည်းများအတွက် သောကရှိ၏။ ဝန်ထမ်းများ ပြည်ပခရီးစဉ်ရှိ၏။ ပညာရေးတွင် အနှောင့်အယှက်ရှိ၏။

ယတြာ - ဘိုးဘွားရိပ်သာတွင် ဒါနပြုပါ။

(ခ) **အိမ်ထောင်ရေး/လူငယ်အရေး** - အမှတ်မထင် အထင်လွဲမှုများတတ်၏။

(ဂ) **ကျန်းမာရေး** - ခြေလက်ကျိုးတတ်၏။ ကားယာဉ် မတော်တဆ ရှိ၏။

ယတြာ - နေအိမ်တွင် ပရိတ်တရားနာပါ။

(ဃ) **အကျိုးပြုလုပ်ငန်း** - သောကြာနံသင့်လုပ်ငန်း။

(င) **အကျိုးပေးဂဏန်း** - (၆) ဂဏန်းနှင့် သောကြာနေ့ကောင်းပြီး (၃) ဂဏန်းနှင့် အင်္ဂါနေ့ ညံ့၏။


**မှတ်ချက်။** ပရဟိတလုပ်ငန်းများတွင် အားတက်သရော ပါဝင်လှုပ်ရှားပါ။



www.burmeseclassic.com

www.burmeseclassic.com

## သောကြာသားသမီးများ



(က) **စီးပွား/လူမှု** - ယခုလအဖို့ မူလဌာန၏ ဆိုးအားကို ပဝတ္တိဌာန ကောင်းအားက ဖေးမလျက်ရှိရာ ဇာတာရှင်အဖို့ အကွေ့အကောက် အကျပ်အတည်း အနည်းငယ်ရှိ၏။ မိဘဆွေမျိုး မင်းစိုးရာဇာတို့၏ ဘုန်းကံရိပ်ကြောင့် အခက်အခဲမှာ လျော့နည်းလာရန်အကြောင်းရှိ၏။ အလုပ်တွင် ရန်ပေါ်နေသကဲ့သို့ မိတ်ဆွေများ၊ စီးပွားဖက်များ သစ္စာဖောက်ကိန်းရှိ၏။ စနေနံ အကျိုးပြုမည်မှန်သော်လည်း မိမိကိုယ်မိမိ မကောင်းတာစီရင်တတ်၏။ ဥပဒေမကင်းသော ရောင်းဝယ်ဖောက်ကားလုပ်ငန်းများ ရှောင်ပါ။ အမှုအခင်း ဖြစ်တတ်၏။ ဝန်ထမ်းများ ဌာနတွင်း စုံစမ်းစစ်ဆေးမှု ခံရတတ်၏။ ကျောင်းသားများ ကျောင်းပြေးတတ်၏။

ယတြာ - ဘုန်းကြီးကျောင်းကုဋီတွင် သန့်ရှင်းရေးလုပ်ပါ။

(ခ) **အိမ်ထောင်ရေး / လူငယ်အရေး** - ပေါက်ကွဲတတ်၏။

(ဂ) **ကျန်းမာရေး** - ဆေးများတတ်၏။ အစာအဆိပ်သင့်တတ်၏။

ယတြာ - ရေသန့် အလှူလှူပါ။

(ဃ) **အကျိုးပြုလုပ်ငန်း** - စနေနံသင့်လုပ်ငန်း။

(င) **အကျိုးပေးဂဏန်း** - (၇) ဂဏန်းနှင့် စနေနေ့ကောင်းပြီး (၁) ဂဏန်းနှင့် တနင်္ဂနွေနေ့ ညံ့၏။

***မှတ်ချက်။*** ကနက္ကဒဏ်ထီး လှူပါ။

## စနေသားသမီးများ



(က) **စီးပွား/လူမှု** - မူလနှင့် ပဝတ္တိ နှစ်ဌာနတို့တွင် အကောင်းအဆိုး မျှတမှုရှိ၏။ လုပ်ငန်းအကြံအစည်များ တုံ့ဆိုင်းနှေးကွေးနေ၏။ သူတစ်ပါး အားနာမှုကြောင့် အိမ်တွင်းအကျိုးစီးပွား ထိခိုက်တတ်၏။ စာချုပ်စာတမ်း ကတိကဝတ် မခိုင်မာသဖြင့် အငြင်းပွားရတတ်၏။ လုပ်ငန်းဟောင်းကိုစွန့်လျက် လုပ်ငန်းသစ်ကိုတည်ထောင်ကိန်းရှိ၏။ခေတ်ကာလအလျောက် လက်ရှိလုပ်ငန်းများ မတွင်ကျယ်သော အခါသမယဖြစ်၏။ ဥပဒေနှင့်မကင်းသော လုပ်ငန်းများကို ရှောင်သင့်၏။ ဝန်ထမ်းများ အလုပ်ထွက်ချင်စိတ် ဖြစ်ပေါ်တတ်၏။ သို့သော် လုပ်ငန်းအသစ်များ တွေ့မည်။

ယတြာ - နေအိမ်ဘုရားနှင့် ကျောင်းဆောင်ကို သန့်ရှင်းရေးလုပ်ပါ။

(ခ) **အိမ်ထောင်ရေး / လူငယ်အရေး** - မသင့်မတင့်ရှိမည်။

(ဂ) **ကျန်းမာရေး** - အရိုးတွင် ဥပဒ်ရှိ၏။

ယတြာ - လမ်းပြုပြင်ပါ။

(ဃ) **အကျိုးပြုလုပ်ငန်း** - တနင်္ဂနွေနံသင့်လုပ်ငန်း။

(င) **အကျိုးပေးဂဏန်း** - (၁) ဂဏန်းနှင့် တနင်္ဂနွေနေ့တို့ အကျိုးပြု၍ (၆) ဂဏန်းနှင့် သောကြာနေ့တို့ ညံ့၏။

***မှတ်ချက်။*** မိဘမဲ့ ကလေးဂေဟာတွင် ဒါနပြုပါ။

BURMESE CLASSIC .com


မေတ္တာပန်းနှင့်ရွှင်လန်းချမ်းမြေ့ကြပါစေ။

**ဦးညွှန့်လှိုင် (တြို့ပင်ကောက်)**

တိုက်-အမှတ် (၄၁)၊ (၅)လွှာ ဘီ၊ ၁၆၇ လမ်း၊

တာမွေမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း – ၄၁၀၉၃၃

နေ့စဉ် - နံနက် (၉း၀၀)နာရီမှ မွန်းလွဲ(၃း၀၀)နာရီအထိ

[တယ်လီဖုန်းဖြင့် မေးမြန်းခြင်း သည်းခံပါ။

ဟောစာတမ်းများအတွက် VPP ဖြင့် ငွေကြိုတင်ပို့ပေးမှသာ လက်ခံဆောင်ရွက်ပါသည်။]

*စီးပွားရေး၊ ကျန်းမာရေး၊ အိမ်ထောင်ရေး၊ နာမည်ပေး၊ ကုမ္ပဏီနာမည်ပေး၊ အထူးအရေးကြီးကိစ္စရပ်များအတွက် ထိထိမိမိ ဆောင်ရွက်ပေးလျက် ရှိပါကြောင်း။*




www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၄ ခုနှစ်၊ ရာသီခွင်နှင့် မတ်လ ဟောကိန်းများ

## ဆရာဦးခန့်ကျော် (အထိအမှန်ကျမ်းပြုပညာရှင်)



### CAPRICORN
### မကာရရာသီ

(ဒီဇင်ဘာ - ၂၁ ရက် မှ ဇန်နဝါရီ - ၁၉ ရက် အတွင်းမွေး)
(မြန်မာလို ပြာသိုလမွေး)

ဤကာလအတွင်း မကာရရာသီဖွားများသည် မိမိကြံစည်ထားမှုများကို လျင်မြန်စွာအကောင်အထည်ဖော်နိုင်မည်။ တွေ့ကြုံရင်ဆိုင်နေရသော အခက်အခဲများကိုလည်း ကျော်လွှားသွားနိုင်မည်။ လုပ်ငန်းတူပြိုင်ဘက်များ၏ အတိုက်အခံပြုတတ်မှုများတော့ ရှိနေသေးသည်။ မထင်မှတ်ဘဲ ရှယ်ယာထည့်ဝင်လုပ်ကိုင်ထားမှုများမှ အကျိုးအမြတ်များ ရရှိနိုင်မည်။ ဝန်ထမ်းဖြစ်ပါက အစစအရာရာ သတိထားဆင်ခြင်သင့်သည်၊ အထက်လူကြီးများ၏ ပြဿနာရှာခြင်းကို ခံရတတ်သည်။ အိမ်ထောင်ရှင်ဖြစ်ပါက မိသားစုအတွင်း အိမ်ထောင်ရေး ဖောက်ပြားမှု၊ လူမှုရေး ဖောက်ဖျက်မှုပြဿနာများနှင့် ရှုပ်ထွေးတတ်မည်။ စိတ်ညစ်ရမှုများလည်း ရှိမည်။ ပြည်ပခရီးသွားရန် စီစဉ်ထားမှုများရှိပါက အဆင်ပြေလိမ့်မည်။ မိမိအတွက် ကောင်းကျိုးများရရှိနိုင်မည့် ခရီးဖြစ်မည်။ ပညာရေးလိုက်စားသူဖြစ်ပါက ပညာရေးကံကောင်းမည်။ ပညာရှင်များနှင့် တွေ့ဆုံရခြင်း၊ လျှို့ဝှက်နက်နဲသော ပညာရပ်များကို လေ့လာဆည်းပူးခွင့် ရရှိခြင်းများရှိမည်။ ကျန်းမာရေးနှင့်ပတ်သက်၍ ဦးခေါင်းပိုင်းဆိုင်ရာ၊ နား၊ နှာခေါင်းဆိုင်ရာ ဝေဒနာများ ဖြစ်ပေါ်ခံစားရတတ်သည်။ ဤကာလအတွင်း မကာရရာသီဖွားများ ထီထိုးမည်ဆိုပါက (၉၊ ၀၊ ၃၊ ၂)ဂဏန်းများပါသော ထီကိုထိုးပါ။



### AQUARIUS
### ကုံရာသီ

(ဇန်နဝါရီ - ၂၀ မှ ဖေဖော်ဝါရီ - ၁၉ ရက် အတွင်းမွေး)
(မြန်မာလို တပို့တွဲလမွေး)

ယခုကာလအတွင်း ကုံရာသီဖွားများအနေဖြင့် ငွေကြေးနှင့် ရတနာပစ္စည်းအချို့ စုဆောင်းနိုင်လိမ့်မည်။ စီးပွားရေးလုပ်ငန်းအနေဖြင့် လုပ်ကိုင်နေသော ရှေ့နေလုပ်ငန်းများ၊ ပွဲစားလုပ်ငန်းတို့ဖြင့် အကျိုးပေးမည်။ အထူးသဖြင့် အိုးအိမ်၊ ခြံမြေ၊ ကားတို့နှင့်ပတ်သက်၍ အကျိုးအမြတ်များ ရရှိနိုင်မည်။ ဝန်ထမ်းဖြစ်ပါက ဤကာလအတွင်း လျှပ်စစ်ပစ္စည်းများ လက်ဆောင်ရခြင်း၊ ဌာနဆိုင်ရာခရီးသွားရခြင်း များရှိမည်။ သင့်အနေဖြင့် ပြည်ပခရီးသွားရန် အဆင်မပြေနိုင်သေးပါ။ အကြောင်းတစ်ခုခုကြောင့် ကြန့်ကြာခြင်းများ ရှိနိုင်မည်။ ငယ်ရွယ်သူများအနေဖြင့် အချစ်ရေးတွင် စိတ်ပျက်စရာအဖြစ်များနှင့် တွေ့ကြုံရတတ်မည်။ လူကြီးမိဘများ၏ ချုပ်ချယ်မှုများ လွှမ်းမိုးနေမည်။ အတတ်နိုင်ဆုံး စိတ်ရှည်ရှည်ထားပြီး သည်းခံစိတ်မွေးခြင်းဖြင့် အချိန်အခါကောင်းကို စောင့်ဆိုင်းသင့်သည်။ ကျန်းမာရေးနှင့်ပတ်သက်၍ အသည်းဆိုင်ရာ ဝေဒနာများ ဖြစ်ပေါ်ခံစားရတတ်သည်။ ထို့အပြင် အစားမှားဆေးမှားတတ်ခြင်းများလည်း ဖြစ်တတ်သည်။ ကုံရာသီဖွားများ ထီထိုးမည်ဆိုပါက (၇၊ ၅၊ ၀၊ ၃) ဂဏန်းများပါသော ထီကိုထိုးပါ။



### PISCES
### မိန်ရာသီ

(ဖေဖော်ဝါရီ - ၂၀ မှ မတ် - ၂၀ ရက် အတွင်းမွေး)
(မြန်မာလို တပေါင်းလမွေး)

မိန်ရာသီဖွားများအနေဖြင့် ယခုကာလအတွင်း အဖိုးတန်ပစ္စည်းများ ဝယ်ယူခြင်း၊ အိုးအိမ်၊ ခြံမြေ၊ ကားဝယ်ခြင်းများကို မလုပ်သင့်သေးပါ။ သူများအမှု ကိုယ့်ကိုပတ်တတ်ခြင်း၊ အရှုပ်အရှင်းပြဿနာ ပေါ်တတ်ခြင်းများရှိမည်။ စီးပွားရေးလုပ်ငန်းနှင့်ပတ်သက်၍ ယခင် လုပ်ကိုင်ဖူးခြင်းမရှိသော လုပ်ငန်းများကို အကောင်အထည်ဖော် လုပ်ကိုင်ဖြစ်လိမ့်မည်။ ဘာသာမတူသူ၊ လူမျိုးခြားမိတ်ဆွေများ၏ အကူအညီပေးခြင်းကို ရရှိနိုင်မည်။ မထင်မှတ်ဘဲ အမွေအနှစ်များလည်းရရှိတတ်မည်။ အိမ်ထောင်ရှင်ဖြစ်ပါက အိမ်တွင်းရေး အေးချမ်းသာယာမည်။ ဆွေမျိုးအသိုင်းအဝန်းများဖြင့် စည်စည်ကားကားဖြစ်နေမည်။ ပညာသင်ကျောင်းသားဖြစ်ပါက ပညာရေးကံကောင်းမည်။ ပြည်တွင်းသာမက ပြည်ပသို့လည်း သွားရောက်သင်ကြားလေ့လာနိုင်ရန် အခွင့်အရေးများ ပေါ်ပေါက်



www.burmeseclassic.com

www.burmeseclassic.com

လာမည်။ ငယ်ရွယ်သူများ အချစ်ရေးကို ဦးစားမပေးသင့်ပါ။ မိမိရရှိနိုင်မည့် အခွင့်အရေးများ ဆုံးရှုံးသွားနိုင်မည်။ မိန်ရာသီဖွားများအနေဖြင့် တစ်နည်းနည်းဖြင့် ငွေကြေးများ ရရှိတတ်သဖြင့် ထီထိုးခြင်း၊ ကံစမ်းခြင်းများကို ပြုပေးပါ။ ထီထိုးမည်ဆိုပါက (၆၊ ၄၊ ၉၊ ၀) ဂဏန်းများဖြင့် ထိုးပါ။ ကျန်းမာရေးမှာ အပူရှပ်ခြင်း၊ အပူအအေးမညီမျှခြင်း၊ အအေးခံလွန်းခြင်းကြောင့် နောက်ဆက်တွဲရောဂါများ ဖြစ်တတ်မည်။



## ARIES
## မိဿရာသီ

(မတ် - ၂၁ မှ ဧပြီ - ၂၀ ရက် အတွင်းမွေး)
(မြန်မာလို တန်ခူးလမွေး)

မိဿရာသီဖွားများအနေဖြင့် ဤကာလအတွင်း ပြည်တွင်း/ပြည်ပခရီးများ အကြိမ်ကြိမ်သွားရတတ်မည်။ ပြည်ပနှင့် ဆက်သွယ်လုပ်ကိုင်ထားသော စီးပွားရေးလုပ်ငန်းများလည်း အဆင်ပြေမည်။ ဝန်ထမ်းဖြစ်ပါက အထက်လူကြီးများ၏ ဂုဏ်ပြုချီးမြှင့်ခြင်းကို ခံရတတ်မည်။ အိမ်ထောင်ရှင်ဖြစ်ပါက သားသမီးများအတွက် စိုးရိမ်သောက ရောက်ရမှုများ ရှိနေသော်လည်း အိုးအိမ်, နေရာထိုင်ခင်းနှင့်ပတ်သက်၍ အပြောင်းအလဲရှိမည် (သို့) လက်ရှိနေအိမ်ကို အကောင်းဆုံးဖြစ်အောင် ပြန်လည်ပြုပြင်မွမ်းမံနိုင်ခြင်းရှိမည်။ ငယ်ရွယ်သူများအနေဖြင့် ပညာရေးတွင် အချစ်ရေးကိစ္စများ ဝင်ရောက်ရောထွေးခြင်းမျိုးကို လက်မခံပါနှင့်။ မိမိအတွက် နောင်တရစရာ ဆုံးရှုံးမှုများနှင့်တွေ့ကြုံရနိုင်မည်။ မိဿရာသီဖွားများအနေဖြင့် အရာရာကို စိတ်အေးအေးထား၍ လုပ်ကိုင်သင့်သည်။ ဤသို့မဟုတ်ပါက ကျန်းမာရေးနှင့်ပတ်သက်၍ စိတ်ပိုင်းဆိုင်ရာ ဝေဒနာများ ဖြစ်ပေါ်ခံစားရတတ်သည်။ အာရုံကြော အားနည်းမှုကြောင့်လည်း မကြာခဏ ဆေးရုံဆေးခန်းသို့ ရောက်ရတတ်သည်။ ထီထိုးမည်ဆိုပါ က (၄၊ ၃၊ ၀၊ ၉) ဂဏန်းများပါသောထီကို မိမိမွေးနေ့တွင် ထိုးပါ။



## TAURUS
## ပြိဿရာသီ

(ဧပြီ - ၂၁ မှ မေ - ၂၀ ရက်အတွင်းမွေး)
(မြန်မာလို ကဆုန်လမွေး)

ပြိဿရာသီဖွားများအနေဖြင့် မိသားစု စီးပွားရေးလုပ်ငန်းကို ဦးဆောင်လုပ်ကိုင်ရတတ်သည်။ ဆွေမျိုးသားချင်းများ၏ အားပေးကူညီမှုကို ရရှိလိမ့်မည်။ အထူးသဖြင့် အနုပညာဆိုင်ရာလုပ်ငန်း၊ စာပေဆိုင်ရာလုပ်ငန်းများဖြင့် ပိုမိုအကျိုးဖြစ်ထွန်းနိုင်မည်။ အိမ်ထောင်ရှင်ဖြစ်ပါက သားသမီးရတနာ တိုးပွားမည်။ သို့သော် မိမိအိမ်ထောင်ဖက်နှင့် ခေတ္တခွဲနေရတတ်ခြင်းများ ရှိမည်။ ဝန်ထမ်းဖြစ်ပါက အပြောင်းအလဲ တစ်စုံတစ်ရာမပြုသင့်ဘဲ လက်ရှိအနေအထားအတိုင်းသာ နေနိုင်လျှင် အကောင်းဆုံးဖြစ်မည်။ သင့်အိမ်တွင် ဟောင်းနွမ်းပျက်စီး ကျိုးပဲ့နေသော ပစ္စည်းများရှိပါက အမြန်ဆုံး စွန့်ပစ်လိုက်ပါ။ ငယ်ရွယ်သူများ အချစ်ရေး ကံကောင်းနေမည်။ သွားလေရာ မျက်နှာပွင့်လန်းနေမည်။ ကျန်းမာရေးမှာ တစ်ကိုယ်လုံး ကိုက်ခဲခြင်း၊ လေးဖက်နာရောဂါ၊ အရိုးဆိုင်ရာ ရောဂါများ ဖြစ်ပေါ်ခံစားရတတ်သည်။ ပြိဿရာသီဖွားများအနေဖြင့် ဤကာလအတွင်း မရဖူးသေးသော အခွင့်အရေးများ (သို့) မရဖူးသေးသော ငွေကြေးမျိုးများ ရရှိတတ်မည်။ ထို့ကြောင့် ဝါသနာပါသည်ဖြစ်စေ၊ မပါသည်ဖြစ်စေ ထီထိုးခြင်း၊ ကံစမ်းခြင်းများကို ပြုသင့်သည်။ ထီထိုးမည်ဆိုပါက (၆၊ ၂၊ ၀၊ ၅)ဂဏန်းများ ပါသော ထီကိုထိုးပါ။



## GEMINI
## မေထုန်ရာသီ

(မေ - ၂၁ မှ ဇွန် - ၂၀ ရက်အတွင်းမွေး)
(မြန်မာလို နယုန်လမွေး)

ယခုကာလအတွင်း စီးပွားရေးလုပ်ငန်းတွင် ငွေကြေးဆိုင်ရာပြဿနာများ ပေါ်ပေါက်တတ်မည်။ မိမိယုံကြည်အားထားသူ၏ သစ္စာမဲ့ ယုတ်မာမှုများ ခံရတတ်မည်ကို အထူးသတိထားပါ။ အံပြိုင်အဆိုင် အတိုက်အခံများလည်း ယခင်ကထက် ပိုမိုများပြားနေမည်။ မည်သည့်အရေးကြီးကိစ္စအတွက်ကိုမဆို စနေသား လူကြီးမိဘ (သို့) စနေသား ဆရာသမား (သို့) စနေသား အကြီးအကဲပုဂ္ဂိုလ်နှင့် တိုင်ပင်ဆွေးနွေးအကြံဉာဏ်များ တောင်းခံသင့်သည်။ အိမ်ထောင်ရှင်ဖြစ်ပါက မိမိအိမ်ထောင်ဖက်နှင့် မကြာမကြာ ပူညံပူညံတော့ရှိမည်။ ကြီးကြီးမားမား ပြဿနာတော့ မရှိနိုင်ပါ။ ဝန်ထမ်းဖြစ်ပါက ခရီးများများ သွားရမည်။ အနောက်အရပ်၊ အနောက်တောင်အရပ်ဘက်သို့ ရေလမ်းခရီးသွားလာရာတွင် သတိထားပါ။ ဤကာလအတွင်း ထူးထူးခြားခြား ပျော်ရွှင်ရမှုများ ရှိမည်။ လျှပ်စစ်ဆိုင်ရာပစ္စည်း၊ ဇိမ်ခံပစ္စည်း တစ်ခုခုလည်းလက်ဆောင်ရတတ်မည်။ ပညာရေးလိုက်စားသူဖြစ်ပါက မိမိရည်ရွယ်ချက်များ ပြည့်မြောက်ရလိမ့်မည်။ ကျန်းမာရေးတွင် ခေါင်းတစ်ခြမ်းကိုက်ခြင်း၊ ကျီးပေါင်းရောဂါဖြစ်တတ်ခြင်း၊ ခွဲစိတ်ကုသမှု ခံယူရခြင်းများရှိမည်။ ထီထိုးမည်ဆိုပါက (၉၊ ၁၊ ၀၊ ၅) ဂဏန်းများပါသော ထီကို ထိုးပါ။



www.burmeseclassic.com


www.burmeseclassic.com



## CANCER
## ကရကဋ်ရာသီ

(ဇွန် - ၂၁ မှ ဇူလိုင် - ၂၀ ရက်အတွင်းမွေး)
(မြန်မာလို ဝါဆိုလမွေး)

ယခုကာလသည် သင့်အတွက် ကံကုသိုလ်ကောင်းသော အချိန်အခါဖြစ်၍ ကြိုးစားကြံစည်လုပ်ကိုင်ထားသော လုပ်ငန်းကိစ္စများ အဆင်ပြေအောင်မြင်မှု ရရှိနိုင်မည်။ လက်ရှိစီးပွားရေးလုပ်ငန်းအပြင် လုပ်ငန်းသစ်များလည်း ထပ်မံတိုးချဲ့လုပ်ကိုင်နိုင်ရန် အခွင့်အလမ်းများ ရရှိလိမ့်မည်။ အနှောင့်အယှက်အမျိုးမျိုးကိုလည်း ကျော်လွှားသွားနိုင်မည်။ သို့သော် ကျန်းမာရေးနှင့်ပတ်သက်၍ အထူးဂရုစိုက်ရန်လိုမည်။ တစ်ပါးသူပေးသော၊ ကျွေးသောအစားအစာများကို သံသယဖြစ်လျှင် မစားပါနှင့်။ အစာအဆိပ်ဖြစ်တတ်ခြင်းများ ရှိမည်။ ထို့အပြင် ယာဉ်ကားအန္တရာယ်နှင့် ကြုံတွေ့ရခြင်း၊ အမြင့်မှ ပြုတ်ကျတတ်ခြင်း၊ တားပေါ်အတက်အဆင်း၊ လှေကားအတက်အဆင်းများကို အထူးသတိထားပါ။ ဝန်ထမ်းဖြစ်ပါက ရာထူးတိုးခြင်း၊ လစာတိုးခြင်းများ၊ ရာထူးတိုး ပြောင်းရွှေ့ရခြင်းများ ရှိမည်။ လက်ရှိအနေအထားနှင့် လုံးဝမတူသော အနေအထားသို့ ပြောင်းလဲရောက်ရှိတတ်ခြင်းများလည်း ရှိမည်။ အိမ်ထောင်ရှင်ဖြစ်ပါက မိမိ မိဘဘက်မှသော်လည်းကောင်း၊ မိမိအိမ်ထောင်ဖက်မှသော်လည်းကောင်း အမွေအနှစ်များ ရရှိတတ်မည်။ ငယ်ရွယ်သူများ အချစ်ရေးမှာ ချစ်သူ၏ အပြောကောင်းမှုကို သဘောကျမိသဖြင့် လိမ်လည်လှည့်ဖြားသစ္စာမဲ့မှုကို ခံရတတ်သည်။ ဤလအတွင်း ထီထိုးမည်ဆိုပါက (၃၊ ဝ၊ ၇၊ ၉) ဂဏန်းများဖြင့် ထိုးပါ။



## LEO
## သိဟ်ရာသီ

(ဇူလိုင် - ၂၁ မှ ဩဂုတ် - ၂၁ ရက်အတွင်းမွေး)
(မြန်မာလို ဝါခေါင်လမွေး)

ဤကာလအတွင်း သိဟ်ရာသီဖွားများ အနေဖြင့် အလောင်းအစားဆန်သော စီးပွားရေးလုပ်ငန်းမှ စီးပွားဝင်ငွေကောင်းနေမည်။ မိမိအပေါ် မနာလိုသူများ တစ်စထက်တစ်စ တိုးပွားနေတတ်မည်ကို သတိထားပါ။ ဖြစ်နိုင်လျှင် ဥဿဖရားကျောက်ကလေးကို မိမိနှင့်အတူဆောင်ထားခြင်း ပြုသင့်သည်။ မိမိအတွက် ရန်အန္တရာယ်များမှ အတိုင်းအတာတစ်ခုအထိ အကာအကွယ်ဖြစ်စေနိုင်မည်။ အိမ်ထောင်ရှင်ဖြစ်ပါက မယ်တစ်ရွာ မောင်တစ်မြို့နေရခြင်းမှ ကင်းလွတ်ပြီး မိမိအိမ်ထောင်ဖက်နှင့်အတူ အေးချမ်းစွာ နေရတတ်မည်။ သို့သော် သင့်အိမ်တွင် အင်္ကျီနံပစ္စည်း အပျောက်အရှ များတတ်မည်။ ငယ်ရွယ်သူများ၏ အချစ်ရေးမှာ ကံကောင်းမှုများ ကျရောက်နေမည်။ စေ့စပ်ကြောင်းလမ်းရန်ကိစ္စ၊ လက်ထပ်ရန်ကိစ္စများ အောင်မြင်စွာ အကောင်အထည်ဖော်နိုင်လိမ့်မည်။ ပညာရေးလိုက်စားသူဖြစ်ပါက ကျောင်းပြောင်းရွှေ့ရခြင်းများ၊ အဆင်မပြေမှုများနှင့် ရင်ဆိုင်ရတတ်သည်။ ကျန်းမာရေးနှင့် ပတ်သက်၍ ဒူးနာခြင်း၊ ခါးနာခြင်း၊ ရင်ကျပ်ခြင်း၊ ချောင်းဆိုးခြင်းဝေဒနာများ ပြင်းပြင်းထန်ထန် ခံစားရတတ်သည်။ ဤကာလအတွင်း သင့်အနေဖြင့် ထီထိုးမည်ဆိုပါက (ဝ၊ ၉၊ ၄၊ ၆) ဂဏန်းများပါသော ထီကိုထိုးပါ။



## VIRGO
## ကန်ရာသီ

(ဩဂုတ် - ၂၂ မှ စက်တင်ဘာ - ၂၂ ရက်အတွင်းမွေး)
(မြန်မာလို တော်သလင်းလမွေး)

BURMESE CLASSIC .com

ကန်ရာသီဖွားများအနေဖြင့် ဤကာလအတွင်း အများနှင့်စပ်တူ ရှယ်ယာထည့်ဝင်လုပ်ကိုင်ထားသော စီးပွားရေးလုပ်ငန်းမှ ငွေကြေးဆုံးရှုံးရမှုများ ဖြစ်တတ်သည်။ နှုတ်မှုလုပ်ငန်းလုပ်ကိုင်နေသော ရှေ့နေ၊ ပွဲစား၊ ကျောင်းဆရာ၊ ကျူရှင်ဆရာ၊ အဆိုပညာရှင်များဖြစ်ပါက ဝင်ငွေကောင်းလိမ့်မည်။ သင့်အနေဖြင့် မည်သို့ပင်ဖြစ်စေ ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းဖြင့်သာ ပို၍ အကျိုးပေးဖြစ်ထွန်းနိုင်မည်။ ကန်ရာသီဖွားများအနေဖြင့် လိင်မတူသူတို့၏ စိတ်ဝင်စားမှုကို အထူးခံရတတ်မည်။ ဝန်ထမ်းဖြစ်ပါက ဌာနဆိုင်ရာမှ ဂုဏ်ပြုချီးမြှင့်ခံရခြင်း၊ သင်တန်းတက်ရခြင်းများရှိမည်။ အိမ်ထောင်ရှင်ဖြစ်ပါက အိမ်ထောင်ဖက်၏ စိတ်မချခြင်း၊ ဝန်တိုခြင်းတို့ကြောင့် စိတ်ညစ်ရခြင်းများ ရှိတတ်မည်။ ငယ်ရွယ်သူများ၏ အချစ်ရေးမှာ ချစ်သူ၏အေးစက်စက်နိုင်မှုကြောင့် အားမလိုအားမရဖြစ်ရတတ်ခြင်း၊ ဆွေမျိုးအသိုင်းအဝိုင်းအကြားတွင် မျက်နှာငယ်ရခြင်းများ ဖြစ်တတ်မည်။ ကျန်းမာရေးနှင့် ပတ်သက်၍ သွေးအားနည်းခြင်း၊ မကြာခဏ မူးလဲခြင်းများ ဖြစ်တတ်သည်။ သင့်အနေဖြင့် ဤကာလအတွင်း ထီထိုးမည်ဆိုပါက (၂၊ ဝ၊ ၁၊ ၆) ဂဏန်းများပါသော ထီကို ထိုးဖြစ်အောင် ထိုးပါ။

www.burmeseclassic.com

www.burmeseclassic.com



## LIBRA
## တူရာသီ

(စက်တင်ဘာ - ၂၃ မှ အောက်တိုဘာ - ၂၂ ရက်အတွင်းမွေး)
(မြန်မာလို သီတင်းကျွတ်လမွေး)

ဤကာလအတွင်း စီးပွားရေးလုပ်ငန်းနှင့်ပတ်သက်၍ အဆင်မပြေမှုများ ဖြစ်တတ်သည်။ တစ်နေရာတည်းတွင် အခြေချလုပ်ကိုင်ရသော စီးပွားရေးလုပ်ငန်းမျိုးထက် တစ်နေရာမှ တစ်နေရာသို့ သယ်ယူပို့ဆောင် သွားလာလုပ်ကိုင်ရသော လုပ်ငန်းမျိုးများဖြင့် အထူးအကျိုးပေးနိုင်မည်။ သို့သော် မည်သည့်လုပ်ငန်းမျိုးကို လုပ်ကိုင်သည်ဖြစ်စေ ကြိုးစားသလောက် အကျိုးမခံစားရခြင်းများ ဖြစ်တတ်မည်။ အချိန်အခါကောင်းကို စောင့်ဆိုင်းပြီး လုပ်ကိုင်သင့်သည်။ အိမ်ထောင်ရှင်ဖြစ်ပါက အိမ်တွင်းရေးတွင် ကြားလူပယောဂဝင်တတ်ခြင်းများကို သတိထားပါ။ သူစိမ်းဖြစ်စေ၊ ဆွေမျိုးသားချင်းဖြစ်စေ ညဥ့်အိပ်တည်းခို နေထိုင်ခြင်းများကိုလည်း အထူးသတိထားပါ။ ၎င်းတို့နှင့်အတူ ပြဿနာများ ပါလာတတ်သည်။ အချစ်ရေးတွင် လူပျိုကြီး၊ အပျိုကြီးများဖြစ်ပါက အမြန်ဆုံး စွံလိမ့်မည်။ အိမ်ထောင်ကျတတ်မည်။ ငယ်ရွယ်သူ ချစ်သူမရှိသေးသူများလည်း ချစ်သူရည်းစားတွေ့တတ်မည်။ ကျန်းမာရေးနှင့် ပတ်သက်၍ မျက်စိရောဂါ၊ သွားရောဂါတို့ကြောင့် ဆေးရုံ ဆေးခန်းရောက်ရတတ်မည်။ တူရာသီဖွားများ ထီထိုးမည်ဆိုပါက (၁၊ ၄၊ ၅၊ ၉)ဂဏန်းများပါသော ထီကို ထိုးပါ။



## SCORPIO
## ဗြိစ္ဆာရာသီ

(အောက်တိုဘာ - ၂၃ မှ နိုဝင်ဘာ - ၂၂ ရက်အတွင်းမွေး)
(မြန်မာလို တန်ဆောင်မုန်းလမွေး)

ဗြိစ္ဆာရာသီဖွားများအနေဖြင့် ယခုကာလအတွင်း စီးပွားရေးလုပ်ငန်းနှင့်ပတ်သက်၍ မကြာခဏ ခရီးထွက်ရခြင်းများရှိမည်။ အထူးသဖြင့် သိုလှောင်လုပ်ကိုင်ရသော လုပ်ငန်းများမှ စီးပွားဝင်ငွေကောင်းနေမည်။ သို့သော် ရန်ပြဿနာဖြစ်တတ်ခြင်း၊ အမှုအခင်းနှင့် ရင်ဆိုင်ရခြင်းများအတွက် သတိထားပါ။ သင့်အနေဖြင့် ဘာသာရေးအလုပ်များကို အချိန်ပေးလုပ်ကိုင်ခြင်းဖြင့် အကူအညီကောင်းများပေးမည့် ပုဂ္ဂိုလ်များ ပေါ်ပေါက်လာလိမ့်မည်။ အိမ်ထောင်ရှင်ဖြစ်ပါက သားသမီးများအတွက်နှင့် လင်မယားချင်း စကားများ၊ စိတ်ဆိုးရခြင်းများ ရှိမည်။ မိသားစုအတွင်း သောကြာသားသမီးရှိပါက သူ့အတွက် စိုးရိမ်ပူပန်ရခြင်း၊ ငွေကုန်ကြေးကျများရခြင်းများ ရှိမည်။ ဝန်ထမ်းဖြစ်ပါက လုပ်ငန်းအပြောင်းအလဲ၊ ဌာနဆိုင်ရာ အပြောင်းအလဲများ ပေါ်ပေါက်တတ်မည်။ မိမိအတွက် မှန်ကန်သော ဆုံးဖြတ်ချက်ချနိုင်ရန် အရေးကြီးသည်။ ငယ်ရွယ်သူများ၏ အချစ်ရေးမှာ မိမိနှင့် အသက်အရွယ်ကွာဟသူနှင့် မေတ္တာသက်ဝင်နေတတ်မည်။ ပျော်ရွှင်ရမှုများလည်း ရှိမည်။ ကျန်းမာရေးနှင့်ပတ်သက်၍ ဝမ်းပျက်ခြင်း၊ ဗိုက်အောင့်ခြင်း၊ လေနာရောဂါဝေဒနာများ ဖြစ်ပေါ်ခံစားရတတ်သည်။ ဤကာလအတွင်း ထီထိုးမည်ဆိုပါက (၁၊ ၂၊ ၀၊ ၇) ဂဏန်းများဖြင့် ထီထိုး ကံစမ်းနိုင်ပါသည်။



## SAGITTARIUS
## ဓနုရာသီ

(နိုဝင်ဘာ - ၂၃ မှ ဒီဇင်ဘာ - ၂၀ ရက်အတွင်းမွေး)
(မြန်မာလို နတ်တော်လမွေး)

ဓနုရာသီဖွားများအနေဖြင့် ဤကာလအတွင်း လက်ရှိလုပ်ကိုင်နေသောလုပ်ငန်းနှင့်မတူသော အခြားလုပ်ငန်းတစ်ခု လုပ်ကိုင်ရန် တိုက်တွန်းအားပေးမည့်သူများ ပေါ်ပေါက်တတ်မည်။ တကယ်လက်တွေ့လည်း လုပ်ငန်းသစ်ကို စတင်အကောင်အထည်ဖော် လုပ်ကိုင်နိုင်လိမ့်မည်။ သင့်အနေဖြင့် ကံကုသိုလ် အနည်းငယ်ကောင်းလာမှုကြောင့် စီးပွားဝင်ငွေ ကောင်းခြင်း၊ ပြန်မရနိုင်ဘဲ ဆုံးပြီဟုထင်ထားသော ငွေကြေးများ ပြန်လည်ရရှိတတ်ခြင်းများ ရှိမည်။ အိမ်ထောင်ရှင်ဖြစ်ပါက အိမ်တွင်းရေး အေးချမ်းသာယာမှုရှိမည်။ မိသားတစ်စုလုံး ဘုရားဖူးခရီးထွက်ရခြင်း၊ ထူးထူးခြားခြား အလှူအတန်း ကုသိုလ်ပြုရတတ်ခြင်းများလည်း ရှိမည်။ ငယ်ရွယ်သူများ၏ အချစ်ရေးမှာ အကောင်းနှင့်အဆိုး ဒွန်တွဲနေမည်။ လူကြီးမိဘ သဘောတူသူနှင့် လက်ထပ်ရတတ်သည်။ ပညာရေး လိုက်စားသူဖြစ်ပါက မိမိဆန္ဒနှင့် မကိုက်ညီခြင်းများ ဖြစ်နေတတ်မည်။ ကျန်းမာရေးမှာ မကြာခဏ အဖျားကြီးခြင်း၊ ခေါင်းကိုက်ခြင်း၊ ညဘက် အိပ်မပျော်ခြင်းများ ဖြစ်တတ်သည်။ မိမိနှင့်အတူ ပုလဲအလွတ်ကလေးတစ်လုံးကို ဆောင်ထားပေးပါ။ ဓနုရာသီဖွားများ ထီထိုးမည်ဆိုပါ (၄၊ ၁၊ ၀၊ ၈)ဂဏန်းများဖြင့် ထီကံစမ်းနိုင်သည်။

**ဆရာဦးခန့်ကျော်**
(အဘိဓာန်ကျမ်းပြုပညာရှင်)

အမှတ်(၂၇)၊ ရွှေဘုန်းပွင့်ဘုရားဈေးတန်း၊ (၉)ရပ်ကွက်၊
ရွှေကျော်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
၀၉-၅၁၉၉၂၄၀၊ ၀၉-၄၂၁၀၈၅၈၅၆၅



www.burmeseclassic.com